www.burmeseclassic.com

လဝန်းရိပ်စာပေ

# မြသန်းတင့်

## ချစ်သောယွန်းခင်ခင်

# THE LACQUER LADY

F. Tennyson Jesse



တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

၁

# ချစ်သော ယွန်းခင်ခင်

အက်စ်အက်စ် - ဘင်္ဂလားသင်္ဘောကြီးပေါ်သို့ ရောက်သည့်အခါတွင် သူမျှော်လင့်ထားသည်တို့ကို တစ်ခုမျှမတွေ့ရဟု ဖဲင်နီတွေးမိသည်။ စစ္စလီကျွန်းမရောက်ခင် ရာသီဥတုတော်တော်ဆိုး၏။

ဖဲင်နီကိုကြည့်ရသည်မှာ နာမကျန်းဖြစ်နေသော မျောက်တစ်ကောင်နှင့် တူသည်။ သူ့စိတ်ထဲတွင်လည်း ထိုအတိုင်းပင် ခံစားရ၏။ စစ္စလီကျွန်းမှ လွန်သည့်အခါတွင်မူ ဖဲင်နီသည် နေခြည်ထဲသို့ထွက်လာခဲ့ကာ ချစ်စရာမိန်းမပျိုလေးတစ်ယောက် ဖြစ်နေ၏။ သို့ရာတွင် အတွန့်အတွန့်တွေလှိုင်းထနေသည့် ဂါဝန်၊ လည်ကုပ်လေးပေါ်တွင် ဆံခွေကလေးနှစ်ခွချကာ ဆံပင်ကို လူကြီးဆန်ဆန်ထုံးဖွဲ့၍ လူကြီးတစ်ယောက်ဟန်ပန် ပြောဆိုနေသည့်တိုင် အများကမူ သူ့ကို ကျောင်းသူလေးတစ်ယောက်နှယ်ပင် ဆက်ဆံတတ်ကြသည်။

ဤသည်မှာလည်း အခြားကြောင့်မဟုတ်။ အက်ဂါသာကြောင့် ဖြစ်သည်။ အက်ဂါသာသည် သူ့ထက် နှစ်နှစ်ကြီးသည့်တိုင် လူကြီးလိုမနေတတ်။ စိတ်ပျက်စရာကောင်းအောင် ကလေးဆန်သည်။ သူနှင့်အတူ အက်ဂါသာလည်း ပါမည်ဆိုကတည်းက ဖဲင်နီစိတ်ပျက်လှပြီ။

ကျောင်းတုန်းကမူ အက်ဂါသာသည် သူ့အတွက်အသုံးဝင်သည် မှန်ပါ၏။ သို့ရာတွင် အိန္ဒိယတောင်ပိုင်းတွင် သာသနာပြုဆရာလုပ်နေသည့် သူ့ဖခင်မှာ မန္တလေးသို့ ပြောင်းရသည့်အတွက် သူလည်း မန္တလေးသို့လိုက်မည်ဟု ပြောသည့်အခါတွင် ဖဲင်နီအကြီး

www.burmeseclassic.com



အကျယ် စိတ်ပျက်သွားသည်။ သာသနာပြုကျောင်းရှိသည့်အတွက် သွားရုံသက်သက်ဆို လျှင် အကြောင်းမဟုတ်သေး။ ယခုမှ သူ့ဖခင်က မန္တလေးရွှေနန်းတော်ကြီး၏ လက်စွဲတော် ဖြစ်သည်ဟု သိရသည့်အခါတွင် ကိုယ်ပါရောစ၍ မကြာခဏ ဆင့်ခေါ်ခံရပြီးလျှင် ဒုက္ခဟု ဖင်နီ တွေးမိနေသည်။

မည်သို့ပင်ဖြစ်စေ မိမိနှင့်အတူ အက်ဂါသာ ပါလာပြီ။ လွန်လေပြီးသော ကျောင်းသူ ဘဝကအကြောင်းတွေ၊ ကျောင်းနေဖက်တွေအကြောင်းကို အက်ဂါသာ စိတ်ဝင်စားဆဲ။ ဗရိုက်တန်ကျောင်းမှာနေတုန်းက အတိတ်တွေကို ရင်ခုန်စရာပစ္စုပ္ပန်ထဲသို့ ပြန်၍ အသက် သွင်းနေဆဲ။

သည်အရာတွေအားလုံးကို ဖင်နီ ငြီးငွေ့လှပြီ။ မုန်းလှပြီ။

သူတို့နှစ်ယောက်ကို ကြီးကြပ်ခေါ်ဆောင်လာသည့် သာသနာပြုဆရာမ (သာ သနာပြုဆရာ၏ ဇနီးလည်းမဟုတ်။ သာသနာပြုဆရာမတဲ့။)ကိုမူ သဘောကောင်းသည့် အက်ဂါသာကိုယ်တိုင်ကပင် မကြိုက်။ ဖင်နီအဖို့သော်မူ ဆိုဖွယ်မရှိတော့ပြီ။ သူ့အမည်က မစ္စစ်မာဂါထရိုက်။ အမည်က ခပ်ထောင့်ထောင့်။ စိတ်လှုပ်ရှားသည့်အခါများတွင် ဖြူရော် ရော် နှာခေါင်းရှည်က ယုန်နှာခေါင်းလို ပွစိပွစိဖြစ်လျက်။ စကားကိုလည်း ရင့်ရင့်သီးသီး ပြော တတ်သည်။ ရင့်သီးလွန်းသဖြင့် သူ့ကို သတ်ချင်စိတ်ပင် ပေါက်လာသည်။

“ဖင်နီ . . . ဆောင့်ကြွားကြွား မလုပ်နဲ့နော်။ ညည်းဟာ ဘာမှနားမလည်သေးတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ သတိလည်းထားဦး။ ဗရိုက်တန်တုန်းက ဆိုင်တစ်ဆိုင်သွား ပြီး ဝယ်ခဲ့တဲ့ပစ္စည်းကို အင်းဝဘုရင်ရဲ့မိဖုရားခေါင်ဆီကရတဲ့ ပစ္စည်းလေး၊ ဘာလေးနဲ့ ညည်း လျှောက်ကြွားနေတာကို ငါမသိဘူးများ မှတ်နေသလား။

ဟင်း . . . ဆိုင်က အကြွေးယူလာတဲ့ပစ္စည်းကို ညည်းမို့လို့ မတန်အရာလျှောက် ကြွားနေတယ်အေး။ ဟိုရောက်ရင် အစစအရာရာ သတိထားနေပါနော်။ ကိုယ်က လက်ဆော့ ချင်တဲ့ အစအနလေးရှိတာကို သတိထားပြီးထိန်းပါ။ အင်္ဂလိပ်သွေးဖြစ်ပါလျက်နဲ့ ဒီလို လိမ်တာညာတာ၊ ကြွားတာဝါတာတွေ လုပ်ရတယ်ဆိုတာ ရှက်စရာကောင်းလှတယ်။

အေးလေ . . . တကယ်ကျတော့လည်း ညည်းအပြစ်မဟုတ်ပါဘူး။ ညည်းက အင်္ဂလိပ်သွေးမှ မစစ်ပဲကိုး။ ဘယ်တတ်နိုင်ပါ့မလဲ။ ဒါကြောင့်မို့ ညည်းကို ဘုရားသခင်က အင်္ဂလိပ်သွေး ရောပေးလိုက်တာပေါ့။ နိုင်ငံခြားသားတွေအကြောင်းကို ညည်းလည်းသိသား ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဟိုရောက်ရင် အနေအထိုင်ဆင်ခြင်ရမယ်နော်”

သင်္ဘောပေါ်တွင် စိတ်ပြေစရာဆို၍ သူ့ကို အမျိုးကောင်းသမီးပျိုကလေးတစ်ဦးလို အရေးပေးဆက်ဆံသည့် လူငယ်ကလေးတွေ ပါလာသဖြင့်သာ တော်တော့သည်။ ယင်းတို့ မှာ အရာရှိကလေးတစ်ဦး၊ ရန်ကုန်မှ ခပ်ဖိုင့်ဖိုင့်ကုန်သည်တစ်ဦး။ သူ့ကို ခရီးသည်အချို့က ငါးမူးစေ့ဟု လှောင်ပြောင်ခေါ်ကြသော်လည်း ဖင်နီနှင့်မူ အလွမ်းသင့်သည်။ သီဟိုသို့ လက် ဖက်ခြံသွားစိုက်မည့် လူငယ်နှစ်ဦးတို့ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အက်စ်အက်စ် - ဘဂ်လားသင်္ဘောကြီး စူးအက်တူးမြောင်းထဲသို့ ဖြတ်သည့်အခါတွင် သူတို့သည် စူးအက်တူးမြောင်း၏အကြောင်းကို ဖဲင်နီအား အပြိုင်အဆိုင် ရှင်းပြကြ၏။ သူတို့ကို စောင့်ရှောက်ခေါ်လာသည့် မစ္စစ်မာဂါထရျိုက်က ပြောချင်သလို ပြောစေ၊ သူ ဂရုမစိုက်။ သူတို့တစ်တွေအားလုံးကမူ ဖဲင်နီအား ကျောင်းသူကလေးတစ်ယောက်လို သဘောမထားကြ။

သူတို့အားလုံးကပင် ဖဲင်နီကို လှသည်၊ လိမ္မာယဉ်ကျေးသည်ဟု ဆိုသည့်အခါတွင် ဖဲင်နီဝမ်းသာလိုက်သည်မှာ ဆိုဖွယ်မရှိတော့။ အက်ဂါသာကမူ သူတို့ကိုမကြိုက်။ နှာခေါင်းတွေနီရဲအောင် စိတ်မဆိုးသည့်အခါ၌ အက်ဂါသာသည် ကြည့်ရှုပျော်ရှိသည့်တိုင် သူသည် ဖဲင်နီလို မိန်းကလေးမျိုးမဟုတ်။ ညဉ့်နက်သည့်အခါတွင်မှ ဖဲင်နီသည် သူတို့နှင့် အက်ဂါသာတို့အတူစီးသည့် အခန်းထဲသို့ ဝင်လာတတ်သည်။ ထိုအခါမျိုး၌ ဆင်စွယ်နှစ်လို ဖြူဖွေးသည့် ပါးပြင်သည် နီမြန်းလျက်၊ မျက်လုံးက တဖျပ်ဖျပ်တောက်လျက်။

ဖဲင်နီသည် ရှင်လန်းတက်ကြွနေသည်။ လှမ်းမိုးနိုင်ခြင်း၊ လည်လည်ပတ်ပတ်ရှိခြင်း စသည့်ချစ်စရာကောင်းသော အရည်အသွေးများဖြင့် ရွှန်းစိုလျက်။ ထိုအရာသည် ဘဝမဟုတ်လော။ အက်ဂါသာသည် သူ့ကိုကြည့်၍ မနာလိုဝန်တိုခြင်း ဖြစ်ရသည်။ တစ်ပြိုင်နက်တည်း၌ သူ့ကို အထင်သေးခြင်းလည်း ဖြစ်မိသည်။

မှန်သည်။ သူသည် ဖဲင်နီလောက် ရုပ်မချော။ နှာခေါင်းကလေး အနည်းငယ်ပြားသည်ကို ကြည့်ပျော်ရှုပျော်ရှိသည်ဟု သူ့ကိုယ်သူထင်သည်။ သို့ရာတွင် ဖဲင်နီကမူ အကျင့်ကောင်းသည့် မိန်းကလေးမဟုတ်ဟု သူထင်သည်။ လောကတွင် ရုပ်အဆင်းသည် အရေးမကြီး။ အချင်းသာလျှင် အရေးကြီးသည် မဟုတ်လော။ သို့ရာတွင် ဖဲင်နီတစ်ယောက် ဒီလောက်ချစ်စရာကောင်းနေခြင်းကမူ တရားသည်ဟုမထင်။

စင်စစ်ဖဲင်နီသည် ဘာမျှလှသည်မဟုတ်။ သူ့ကိုတစ်စစီ ဆွဲဖြုတ်လိုက်လျှင် ဘယ်နေရာကမျှ မလှတော့။ မျက်နှာက ခပ်ပြားပြား။ နှာခေါင်းက ခပ်ပြားပြား။ ထို့ပြင် ကပြားရုပ်လည်း ပေါက်နေသေးသည်။ သို့တိုင် မိန်းမပီသခြင်းဟူသော ဓာတ်တစ်မျိုးသည် ဖဲင်နီ့ကိုယ်မှ လှိုင်းဖြာထွက်သလို ဖြာထွက်လာကာ အက်ဂါသာ၏ ရှုံ့တွနေသောကိုယ်ခန္ဓာကို လှမ်းမိုးဖုံးအုပ်သွားသည်ဟု ထင်လိုက်ရ၏။ သူ့ပါးစပ်သည် တင်းကျပ်စွာ စေ့သွားသည်ဟု အက်ဂါသာ ထင်လိုက်သည်။ ဖဲင်နီကိုကြည့်ရသည်မှာ မသတီစရာ။ ထို့ကြောင့် အက်ဂါသာသည် ဖဲင်နီ့ကို စက်ဆုပ်ရွံမုန်းနေသည်။

သူတို့အခန်းလေးထဲသို့ ဖဲင်နီပြန်လာသည့်အခါတွင် ဖဲင်နီကိုယ်မှ မွှေးကြိုင်သင်းပျံ့နေသဖြင့် အက်ဂါသာသည် စိတ်တိုသွားသည်။

အက်ဂါသာက လေသံခပ်ပြတ်ပြတ်နှင့် . . .

"ဘာဖြစ်လို့ ဒီလောက် နောက်ကျနေရတာလဲ။ မစ္စစ်မာဂါထရျိုက် မကြိုက်ဘူးဆိုတာ သိလျက်သားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖဲင်နီက သီချင်းကလေး တအေးအေးညည်းနေရာမှ ရပ်လိုက်ကာ မစွစ်မာ ဂါထရှိုက်မကြိုက်လျှင်လည်း ဂရုမစိုက်ကြောင်းဖြင့် ပြောလိုက်သည်။ အလကား ကြောင်အိုမကြီး။ သည်လိုမိန်းမကြီးကို ဘယ်လိုလူမျိုးကများ လက်ထပ်ယူပါလိမ့်ဟု တွေးမိသည်။

"မင်းလုပ်တာတွေ တစ်ခုမှမဟုတ်ဘူး ဖဲင်နီ၊ နည်းနည်းတော့ လွန်လွန်းပြီ။ ဒီအချိန်ထိအောင် ကုန်းပတ်ပေါ်မှ ဘာလုပ်နေရတာလဲ"

"အိုး . . . ဘာလုပ်ရမှာလဲ။ စကားပြောနေကြတာပေါ့။ သူတို့ကလည်း ပြောတယ်။ ကိုယ်ကလည်းပြောတယ်။ ဒီနေ့ညမှာ မစွတာဂျက်ကော့က ကိုယ့်ကို တံငါကွန်တိုင်ကိုပြတယ်"

"ပြချင်ရင် နေ့လယ်နေ့ခင်း အချိန်ရှိတုန်းပြပါလား"

ဖဲင်နီ မအောင့်နိုင်တော့ဘဲ ရယ်လိုက်၏။

"ဟဲ့ . . . တံငါကွန်တိုင်ဆိုတာ ကြယ်ကိုပြောတာဟဲ့။ နေ့လယ်ကြီးမှာ ဘယ့်နှယ်မြင်ရမှာလဲ"

"အေးလေ . . . ကိုယ်ပြောတာ မင်းနားလည်ပါတယ်။ ဂျက်ကော့လည်း နားလည်မှာပါ။ လူကိုက ပုံမကျ ပန်းမကျနဲ့၊ ဝကလည်း ဝသေးတယ်"

ဖဲင်နီက သူ့ကို နားမလည်သလို မျက်လုံးအဝိုင်းသားဖြင့် ကြည့်ကာ . . .

"အဲဒါ ကိုယ်နဲ့ဘာဆိုင်လို့လဲ"

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ်၊ မဆိုင်ပါဘူး။ ဒီလူက . . ."

"အက်ဂါသာ . . . ဘာဖြစ်နေတာလဲဟင်။ ဘာလဲ ကိုယ်က သူနဲ့ပရောပရည်လုပ်တယ်လို့ ထင်လို့လား"

အက်ဂါသာ၏ ပါးပြင်ဖြူဖြူသည် နီမြန်းသွား၏။ ဒဲ့တိုးကြီး အမေးခံလိုက်ရသဖြင့် ရှက်သွားသည်။

ဖဲင်နီသည် အတန်ကြာမျှ စဉ်းစားနေ၏။ ဂျက်ကော့သည် သူ့ကိုနမ်းသွားကြောင်း အက်ဂါသာသိလျှင် သူ့ကို မုန်းတော့မည်။ သူ့ကို အက်ဂါသာ မမုန်းစေချင်။ မနာလိုဝန်တိုရုံသာ ဖြစ်စေချင်သည်။ ခပ်ဝဝ ဂျက်ကော့၏အနမ်းက တစ်မျိုး၊ ငယ်ငယ်ရွယ်ရွယ် သင်္ဘောအရာရှိကလေး၏ အနမ်းပုံစံနှင့်မတူ။ သည်အကြောင်းကို အက်ဂါသာကို ဖွင့်ပြော၍မဖြစ်။ ဂျက်ကော့၏ အနမ်းသည် သူ့တစ်ကိုယ်လုံးကို ပျော့ပျောင်းသွားစေသည်။ သင်္ဘောအရာရှိလူငယ်၏အနမ်းတွင် ထိုသို့သော စွမ်းအားမရှိ။ အတွေ့အကြုံသစ်ကို တွေ့နေရသော ဖဲင်နီအတွက် အရာရာသည် စိတ်ဝင်စားစရာဖြစ်နေသည်။ သို့ရာတွင် ထိုအကြောင်းကို အက်ဂါသာကို ပြန်ပြောဖို့မဆိုထားနှင့်၊ သူ့ကိုသူပင် ပြော၍မဖြစ်။

"ကိုယ့်ကို မင်း ဘယ်လိုထင်လဲ"

ဟု ဖဲင်နီက ဒေါသဖြင့်မေးသည်။ အက်ဂါသာသည် သူ့ကိုစိုက်ကြည့်ရင်း ရင်တွေခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . မင်း သူနဲ့ ဘာမှမဖြစ်ပါဘူးနော်။ မင်း . . . သူနဲ့ . . . သူနဲ့ . . . "

ဖဲင်နီက ပါးချိုင့်ကလေးတွေ ပေါ်အောင်ပြုံး၍ ခေါင်းကို ညိတ်ပြလိုက်သည်။

"ဟင် . . .ဖဲင်နီ၊ တကယ်လားဟင်။ တကယ်လား"

"ဟုတ်တယ် . . . တကယ်ပဲ။ သူတင် မဟုတ်ဘူး။ ယောက်ျားလေးတွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ကို တွဲပြလိုက်ဦးမယ်၊ ကိုယ်က ကိုယ်လုပ်ချင်ပြီဆိုရင် ဘာမဆိုရအောင် လုပ်တတ်တယ်"

ဟု ဖဲင်နီတွေးနေသည်။ သို့တွေးရင်း ဖဲင်နီ၏တစ်ကိုယ်လုံးသည်နွေးလာ၏။ သူ့ပါးပြင်သည် နီမြန်းလာကာ မျက်လုံးများသည် တဖျပ်ဖျပ်တောက်လာသည်ကို သူသိလိုက်သည်။ သူသည် လောကကြီးတစ်ခုလုံးတွင် ရှင်သန်မှုအရှိဆုံးသောအရာ။

အက်ဂါသာသည် ဖဲင်နီခေါင်းညိတ်ပြသည့်အခါတွင် တုန်လှုပ်သွားသော်လည်း ထိုတုန်လှုပ်မှု လွန်မြောက်သွားသည့်အခါတွင် သူကိုယ်တိုင်လည်း စိတ်ဝင်စားလာသည်။ လောကကြီးတွင် သူတစ်ခါမျှ မတွေ့ဖူးသောအရာကို တွေ့လိုက်မြင်လိုက်သကဲ့သို့ လှုပ်ရှားလာသည်။ ပရော်ပရည်ဆိုသည့် စကားသည်ပင်လျှင် သူ့စိတ်ထဲတွင် နားဝင်ချိုသလို။ ဟုတ်သည်။ သူတို့အားလုံးသည် တစ်နေ့တွင် ထိုအဖြစ်မျိုးနှင့် ကြုံကြရမည်သာ။ သို့မဟုတ်လျှင် လောကကြီးဟူ၍ မည်သို့ဖြစ်လာမည်နည်း။

ဆန်းတော့ ဆန်းသည်။ အက်ဂါသာသည် "အဒို" ဘဝကို ရေးတေးတေး သဘောပေါက်သည်။ တစ်နေ့တွင်မှု ထိုဘဝကို တွေ့ရမည်သာ။ မိန်းကလေးချောချောများသည် ထိုအကြောင်းကို သိပ်မတွေးကြသော်လည်း တစ်နေ့တွင်မှု သူတို့သည် ထိုဘဝကို ရှောင်လွှဲ၍ မလွတ်။ တစ်ခုပဲရှိသည်။ ကိုယ်ယူမည့်ယောက်ျားသည် လူကောင်းတစ်ယောက်ဖြစ်ဖို့လိုသည်။ သို့ဖြင့်လျှင် ကလေးတွေရလာကာ သူတို့ကို ပြုစုပျိုးထောင်ပေးနိုင်မည်။ သူတို့တစ်တွေကို ဗရင်ဂျီပီသသည့် အင်္ဂလိပ်လေးတွေဖြစ်လာအောင် မွေးမြူရမည်။

ဖဲင်နီက မည်းနက်တောက်ပြောင်သည့် သူ့ဆံပင်များကို ဖြေချလိုက်သဖြင့် အက်ဂါသာ၏အတွေးသည် အမျှင်ပြတ်သွားသည်။ ဆံပင်များသည် ဖဲင်နီ၏ ပခုံးသေးသေးလေးပေါ်သို့ ရေတံခွန်တစ်ခုလို သွယ်ဖြာဆင်းလာပြီး ထိုမှတစ်ဆင့် ခါးပေါ်သို့ ဝဲကျနေ၏။

"မင်းဆံပင်တွေ သိပ်ကောင်းတာပဲနော်"

အက်ဂါသာက မအောင့်နိုင်မအည်းနိုင် ပြောလိုက်၏။ သူမပြောဘဲ မနေနိုင်။ ဖဲင်နီ၏ ဆံပင်တွေက အံ့သြစရာ။ မြန်မာပြည်က ရေလာခပ်သူ အမျိုးသမီးတိုင်းတွင် သူ့လို အံ့သြစရာကောင်းသည့် ဆံပင်တွေရှိကြောင်း ဖဲင်နီကို မပြောမိပါ။ သူ့ဆံပင်ကောင်းသည်ကို ကြည့်ရင်း ထိုအကြောင်းကို မေ့နေလေပြီ။

သို့ရာတွင် နောက်တစ်နေ့ညရောက်၍ ဆံပင် ကပိုကရိုနှင့် အခန်းထဲသို့ ရောက်လာသည့် ဖဲင်နီကို မြင်ရသည့်အခါတွင် အက်ဂါသာသည် ထုံးစံအတိုင်း မနာလိုဝန်တိုဖြစ်မိ



www.burmeseclassic.com

www.burmeseclassic.com


ပြန်သည်။ ဖဲင်နီသည် စက်ဆုပ်စရာ၊ ကြောက်စရာဟု သူထင်သည်။ ဘယ်အမျိုးကောင်းသမီးမျှ သူ့လို ဆံပင်ကပိုကရိုဖြင့် နေလေ့မရှိ။

ယောက်ျားလေးတစ်ယောက်သည် သူ၏ ပိုးမျှင်လိုနုသော ဆံပင်နွယ်ကလေးများကို ဖွနေလိမ့်မည်။ သူ့ဆံပင်က ဖဲင်နီဆံပင်လိုမဟုတ်။ ခပ်ပါးပါး၊ အမွေး ကျိုးတိုးကျဲတဲနှင့်။ အက်ဂါသာသည် စိတ်ပေါက်ပေါက်ဖြင့် သူ့ကို အထင်သေးသည့်စကားမျိုးတွေကို ပြောနေမိသည်။ ဖဲင်နီကလည်း သူ့ကို ဖြေရှင်းချက်ထုတ်မနေတော့။ အမှန်အားဖြင့် သူ့ခေါင်းတွင် တွယ်ထားသည့် ဆံထိုးကျွတ်ကျသွားသဖြင့် ဆံပင်တွေ ဖရိုဖရဲဖြစ်နေခြင်းသာ ဖြစ်သည်။ သူ့ဆံပင်က တစ်ထွေးကြီး။ ဆံညှပ်မပါဘဲ သိမ်း၍မရ။ ဤတွင် ဖဲင်နီသည် ဆံပင်ကို ပြန်မထုံးတော့ဘဲ သည်အတိုင်း ထားလိုက်ရ၏။

"ကိုယ့်ကို သက်သက်လိမ်နေတာပါ။ ဟုတ်ပါတယ် . . . မင်း တစ်ယောက်ယောက်နဲ့ ချိန်းတွေ့ခဲ့တာပါ"

"ဩော် . . . ခက်ပါဘိတော့ အက်ဂါသာရယ်။ တွေ့ခဲ့တော့ကော ဘာဖြစ်သလဲ။ မင်းဟာ တော်တော်ခက်ပါလား။ တကယ်တော့ မင်းလည်း ဟန်ဆောင်နေတာပါ။ မင်းကြည့်လိုက်ရင်တော့ ဗိုင်းကောင်းကျောက်ဖိကလေးပေ့ါ၊ ဒါပေမဲ့ မင်းဘုရားရှိခိုးစာအုပ်ကိုလည်း မင်းပြန်ကြည့်ပါဦး။ ဘာတွေဆွဲထားသလဲဆိုတာ မင်းတွေ့မှာပေ့ါ"

"ဘာ . . . ကိုယ့် ဘုရားရှိခိုးစာအုပ်ထဲမှာ . . . ဟုတ်လား"

အက်ဂါသာ စကားကိုဆက်မပြောနိုင်။ ထစ်နေသည်။ သူ့ဘုရားရှိခိုးစာအုပ်သည် လက်အိတ်ထည့်သည့် သေတ္တာကလေးထဲတွင် သော့ခတ်သိမ်းနေကျ။ သေတ္တာအဖုံးပေါ်တွင် နန်းတော်ပုံ ဖန်စီအတုံးကလေးပင် တင်ထားသေးသည်။ သူ့လက်ကိုင်အိတ်ထဲမှ သော့ကိုယူပြီး ထိုသေတ္တာလေးကို တမင်ဖွင့်ကြည့်ခြင်း ဖြစ်ရမည်။

"မင်း . . . အင်္ဂလိပ် မဟုတ်ဘူး။ ဒါကြောင့်မို့ ကိုယ့်ပစ္စည်းတွေကို ကိုယ်မသိအောင်ယူကြည့်တာပေ့ါ။ မင်းမို့လို့ မရှက်တယ်"

ဖဲင်နီက ပုခုံးကို တွန့်ပြလိုက်ကာ . . .

"မင်းလည်း ဣန္ဒြေရှင်ကြီး ဟန်ဆောင်နေတာပါ"

အက်ဂါသာသည် လက်ကိုင်ပဝါထည့်သည့် လက်ကိုင်အိတ်ကလေးကို ဖွင့်ကာ သော့ကို မွှေနှောက်ရှာပြီးနောက် လက်အိတ်သေတ္တာကို ဖွင့်သည်။ လက်ကိုင်အိတ်များအောက်တွင် ကြေးညှပ်ကလေးဖြင့် ညှပ်ထားသည့် ဘုရားရှိခိုးစာအုပ်ကို တွေ့ရ၏။ ထိုဘုရားရှိခိုးစာအုပ်ကို ယူ၍ ဖွင့်ကြည့်သည်။ သူအမြတ်တနိုးထားသည့် ပုံကလေးရှိသေး၏။

သူကိုယ်တိုင် မဆွဲတတ်၊ ဆွဲတတ်ဖြင့် ဆွဲထားသည့် ပုံကလေးဖြစ်သည်။ ဗရင်ဂျီဘုန်းကြီးများ ဝတ်ဆင်လေ့ရှိသည့် လည်စည်းနှင့် လူရွယ်တစ်ယောက်။ လှပသည့် မုတ်ဆိတ်မွေးက အောက်သို့ဝဲကျလျက်။ ပုံအောက်တွင် "သီလဆေးပေးသူ" ဟု ရေးထားသည်။ အဝတ်အစားလဲရင်း ဖဲင်နီ ခပ်လှောင်လှောင်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . မင်းဆွဲထားတဲ့ပုံကို ကိုယ်ယူတယ် ထင်လို့လား။ စိတ်ချပါ။ မင်းဟာကို ကိုယ်မလုပါဘူး။ ကိုယ်က ဗရင်ဂျီဘုန်းကြီးကိုလည်း စိတ်ပျက်တယ်"

"ဘာကိုယ့်ဟာလဲ။ မင်းစကားတွေ သိပ်ရိုင်းတာပဲ။ ဒီထဲကပုံကလည်း ဘယ်သူ့ပုံမှ မဟုတ်ဘူး၊ ကိုယ့်စိတ်ကူးတည့်ရာ ဆွဲထားတဲ့ပုံ"

အက်ဂါသည် လိမ်ပြောလေ့မရှိကြောင်း ဖဲင်နီ သိသည်။ ထို့ကြောင့် စိတ်ကူးတည့်ရာဆွဲသည့်အခါတွင် ဖဲင်နီသည် ပို၍ လှောင်ချင်လာသည်။

အက်ဂါသာက ဆက်၍ . . .

"ဒီလောက်မှ မင်းမသိတော့ဘူးလား။ တကယ့်ဘုန်းကြီးဆိုရင် ဘယ်မှာ မုတ်ဆိတ်မွေးတွေ ထားပါ့မလဲ။ ဗရင်ဂျီဘုန်းကြီးဆိုတာ မုတ်ဆိတ်မွေးထားလို့ ရလို့လား။ ကိုယ်က မုတ်ဆိတ်မွေးထားတာကို မြင်ဖူးလို့ ဆွဲထားတာ"

"ဆာဂါကာဟတ်ဆိုသူက ဘယ်သူလဲ။ မင်းအသိတွေထဲမှာ ဒီလို ဆာဘွဲ့ရတဲ့လူတွေရှိတယ်လို့ ကိုယ်မကြားဖူးပါဘူး"

အက်ဂါသာသည် ပုံဆွဲထားသည့်စက္ကူကို ထောင့်တန်းဆုတ်ဖြဲကာ သဘော်ဝမ်းပေါက်နားသို့သွားပြီး စက္ကူစလေးများကို လွှင့်ပစ်လိုက်သည်။ စိတ်အနှောင့်အယှက် မဖြစ်ချင်သည့်ဖဲင်နီက သူ့အနားတိုးသွားကာ . . .

"ဆောရီးကွယ် . . . မင်းမကြည့်စေချင်တဲ့ ဘုရားရှိခိုးစာအုပ်ကို ကိုယ်ယူကြည့်မိတယ်။ ကိုယ့်ကိုတောင် လျှို့ဝှက်ထားသလားဆိုပြီး စိတ်ပေါက်ပေါက်နဲ့ ယူကြည့်မိတာပါ။ ဒီအထဲမှာ ပုံကိုတွေ့တော့ မင်းအဆက်ပဲလို့ အောက်မေ့လိုက်တာပေါ့။ ကိုယ်ကတော့ မင်းအပေါ်မှာ ဘာမှ လျှို့ဝှက်မထားပါဘူး"

အက်ဂါသာသည် သူ့စကားကိုယုံသွားကာ မျက်နှာလေးမဲ့မဲ့ဖြစ်သွားပြီးမှ ပြန်၍ ကျွေဆည်လိုက်သည်။ သူ့ကို မနာလိုဝန်တိုနေမည့်အစား ကလေးငယ်တစ်ယောက်လို သဘောထားသည်ကမှ စိတ်သက်သာရာရဦးမည်ဟု တွေးမိသဖြင့် အက်ဂါသာက . . .

"ဖဲင်နီ . . . မင်းဟာ ကလေးဆန်တုန်းပဲနော်။ ဘာမှ ရှေ့နောက်မစဉ်းစားဘူး"

"ဘာရယ် . . . ကိုယ်က ကလေးဆန်တုန်းပဲ ဟုတ်လား။ ဒါပေမဲ့ ယောက်ျားလေးတွေက ကိုယ့်ကို အဲဒီလိုမထင်ဘူး။ သူတို့က ကိုယ့်ကို . . ."

"အမယ်လေး . . . ကိုယ့်ကိုကိုယ် ဒီလောက်လည်း အထင်မကြီးမနေစမ်းပါနဲ့။ မင်းကို ကောင်းကောင်းမွန်မွန် ယောက်ျားလေးတွေက အလေးအနက်ထားကြတာ မဟုတ်ပါဘူး။ ဂျက်ကော့ဆိုတဲ့ ကုန်သည်ရယ်၊ သဘော်က အရာရှိပေါက်စကလေးတွေရယ်လောက်ကသာ မင်းကို အထင်ကြီးနေကြတာ။ မစ္စတာဒန်းဟားစ်တို့လို လူတွေနဲ့ စကားပြောကြည့်ပါလား။ မင်းကို ဘယ်လိုသဘောထားတယ်ဆိုတာ သိလာလိမ့်မယ်"

ဖဲင်နီက ခပ်ကျယ်ကျယ် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ . . . ဒီလူကြီးအကြောင်း မပြောစမ်းပါနဲ့။ ကြည့်ရတာကိုက ထုံတုံတုံနဲ့။ ဒီလိုလူမျိုးကြီးနဲ့လည်း စကားမပြောချင်ပါဘူး"

ပြောမည့်သာ ပြောရသည်။ အက်ဂါသာမြင်အောင် ဒန်းတားစ်နှင့် စကားပြောပြလိုက်ဦးမည်ဟု စိတ်ထဲမှာ တေးထားလိုက်၏။

ဒန်းတားစ်က အိုင်စီအက်စ်ခေါ် အိန္ဒိယပင်မညာဉ်ခံ အရာရှိတစ်ဦး။ အရေးကြီးပုဂ္ဂိုလ်တစ်ယောက်။ အက်ဂါသာမြင်သာလာအောင် သူနှင့် တွဲပြလိုက်ဦးမည်။ သို့ရာတွင် ဒန်းတားစ်သည် သူ့ကို နစ်ပြားဖိုးလောက်မျှ ဂရုစိုက်မည်မဟုတ်ကြောင်း ဖဲင်နီသိသည်။ အက်ဂါသာ ဂဇ ဟုတ်တိုင်းမှန်ရာကို ပြောသွားသဖြင့် သူ့ကိုလည်း ဖဲင်နီ မုန်းသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၂

## လှေကလေး

ဒေင်က ခြစ်ခြစ်တောက်ပူနေသည့် ကျောက်ဆောင်ကြီးများသည် နောက်တွင် ကျန်ရစ်ခဲ့ကြပြီ။ အက်စ်အက်စ်ဘင်္ဂလားသင်္ဘောကြီးသည် အိန္ဒိယသမုဒ္ဒရာထဲသို့ ထွက်လာခဲ့၏။ ဘေးတွင် မရမ်းပြာရောင်လဲ့လဲ့သမ်းနေသည့် ချောက်သွေ့သော အာရေဗျတောင်တန်းကြီးများကို မြင်ရသည်။ သူတို့မရောက်ခင် မုန်တိုင်းတိုက်ထားသဖြင့် ပင်လယ်သည် ယခုတိုင် လှိုင်းကြီးနေဆဲ။ နေဝင်လုဆဲဖြစ်၍ ကုန်းပတ်ပေါ်တွင် အရိပ်များသည် ရှည်လာကြ လေပြီ။ သင်္ဘောကုန်းပတ်ပေါ်တွင် နေခြည်ကြောင့် ရွှေရောင်သမ်းလျက်ရှိ၏။

ထိုစဉ် သင်္ဘောပေါ်တွင် ဖြစ်မြဲထုံးစံဖြစ်သော သင်္ဘောလမ်းကြောင်း ပြောင်းသွားပြီဟူသော စကားသည် တစ်ယောက်ပါးစပ်မှ တစ်ယောက်နားသို့ ရောက်သွားကြ၏။ ပင်လယ်ထဲတွင် တစ်စုံတစ်ရာတွေ့၍ ထိုအရာဆီသို့ သင်္ဘောခုတ်မောင်းနေခြင်းဖြစ်ကြောင်း သိရသည်။ အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်သူက ကြည့်သည်။ မိန်းကလေးများက တွေ့သမျှကို အကျိုးအကြောင်း မေးကြသည်။

ဖဲင်နီသည် ကုန်းပတ်လက်ရန်းဆီသို့ ပြေးလာခဲ့ကာ အများနည်းတူ ပင်လယ်ပြင်ကို မျှော်ကြည့်သည်။ နေရောင်ဟပ်နေသော ရေပြင်ကျယ်ကြီးပေါ်တွင် မည်းမည်းအစက်အပြောက်ကလေးတစ်ခုကို မြင်ရ၏။ ခရီးသည်တွေက အဝေးကြည့်မှန်ပြောင်းဖြင့် တစ်ယောက်ပြီးတစ်ယောက် ကြည့်ကြသည်။ ရေကြောင်းပြတံတားပေါ်တွင်မူ မာလိန်မှူးသည် တစ်စုံတစ်ရာကို အမိန့်ပေးလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com


"ဘာပါလိမ့်"

"ဟိုမှာလေ . . . မမြင်ဘူးလား။ လှေကလေးတစ်စင်း မဟုတ်လား။ ဟင် . . . လှေပေါ်ကလူတွေတော့ သေကုန်ကြပြီထင်တယ်"

သင်္ဘောကြီးသည် စက်ရှိန်ကို နှေးလိုက်၏။ သူတို့မြင်ရသည့်အရာမှာ သူတို့ထင်သလို သင်္ဘောပျက်မှ လှေကလေးတစ်စင်းမဟုတ်။ ရွက်ချကာ သူတို့ဆီသို့ လှော်ခတ်လာနေသော တိုင်းရင်းသား လက်ထွင်းလှေကလေးတစ်စင်း ဖြစ်နေသည်။ လှေကလေးမှာ လှိုင်းလုံးကြီးပေါ်တွင် တလူးလူးတလိမ့်လိမ့်ဖြင့်။ သို့ရာတွင် လှေပေါ်တွင် ပါလာသူများသည် အစာငတ်၊ ရေငတ်ဖြစ်ကာ သေလုမြောပါး ဖြစ်နေသူများဖြစ်နိုင်သည်။ သင်္ဘောကြီးကို စက်ရပ်လိုက်သည့်အခါ ခရီးသည်များက သူ့ထက်ငါ တိုးဝှေ့ကြည့်ကြသည်။ ဖဲင်နီမှာ သေးသေးသွယ်သွယ်၊ ပါးပါးလှပ်လှပ်ကလေးဖြစ်သဖြင့် ရှေ့သို့မတိုးနိုင်။

ထိုစဉ် နူးညံ့သည့် အသံတစ်သံကို ကြားလိုက်ရ၏။

"လာ . . . လာ . . . ကလေးမ၊ ကိုယ်မြှောက်ပြမယ်"

ဂျက်ကော့၏ ထွက်သက်လေသည် သူ့လည်ကုပ်ပေါ်သို့ ရောက်လာ၏။ ဂျက်ကော့သည် လက်နှစ်ဖက်ဖြင့် သူ့ခါးကျဉ်ကျဉ်လေးကို ကိုင်ကာ လက်ရန်း ဒုတိယတန်းပေါ်သို့ တင်ပေးလိုက်သည်။

"ကဲ . . . ငုံ့ကြည့်။ ကိစ္စမရှိပါဘူး၊ ကိုယ် ကိုင်ထားပါ့မယ်"

ဖဲင်နီသည် သူ့ခါးနှစ်ဖက်ကို ကိုင်ထားသည့် ဂျက်ကော့၏လက်ကို ဖြုတ်မပစ်ဘဲ တခစ်ခစ်ရယ်ရင်း ငုံ့ကြည့်လိုက်သည်။ တိုင်းရင်းဖြစ် လက်ထွင်းလှေကလေးမှာ ကိုက်တစ်ရာခန့်အဝေးရှိ လှိုင်းလုံးကြီးများပေါ်တွင် နိမ့်လိုက်မြင့်လိုက်ဖြစ်နေသည်။ လှေမှာ ဆယ့်ငါးတန်လောက်ရှိသည့် အမိုးပက်လက်လှေကလေးဖြစ်ပြီး လှေပေါ်တွင် လူတွေပြည့်ကျပ်လျက်ရှိ၏။

အက်စ်အက်စ် ဘင်္ဂလားသင်္ဘောကြီးသည် သူတို့ကို အချက်ပြ၍ ခေါ်သည့်အခါတွင် ခါးတောင်အောက်ပိုးကျိုက်လျက် ကိုယ်အထက်ပိုင်းဗလာဖြင့် လူမည်းနှစ်ဦးသည် လက်ထွင်းလှေကလေးတစ်စင်းကို ရေချပြီး သူတို့ဆီသို့ လှော်ခတ်လာကြသည်။

မှန်မှန်ဖြင့် လှော်လာကြသည့် လူမည်းနှစ်ဦးက . . .

"ရေပေးပါ . . .။ ကျွန်တော်တို့ ရေပြတ်နေလို့"

ဟု အင်္ဂလိပ်လို လှမ်းအော်ကြ၏။

ရေ . . . ရေ . . .။

ညနေခင်းလေထဲတွင် ထိုအသံသည် ပဲ့တင်ထပ်လျက်ရှိသည်။

"ပင်လယ်ထဲမှာ ရေပြတ်သွားလို့ ထင်ပါရဲ့။ သနားပါတယ်"

ဟု သင်္ဘောပေါ်က ခရီးသည်များက ခရီးများက တစ်ယောက်တစ်ပေါက် ပြောကြသည်။ အချို့ခရီးသည်များက လှေတွင်လွှင့်ထူထားသည့် မရမ်းရောင်အလံမှာ ဖန်ဇီဘား


www.burmeseclassic.com

www.burmeseclassic.com



အလံဖြစ်သည်ဟု ဆိုကြသည်။ အချို့ကမူ ဒုက္ခရောက်ကြောင်း အချက်ပေးသည့်အလံဟု ငြင်းကြ၏။

လှေဦးတွင် ခပ်ငယ်ငယ်လူငယ်လေးတစ်ယောက် ထိုင်လျက်ရှိပြီး ခပ်လှမ်းလှမ်းတွင်မူ မုတ်ဆိတ်မွေးနှင့် ဝတ်ရုံဖြူဝတ်ထားသည့် အရပ်မြင့်မြင့် လူတစ်ယောက် ထိုင်လျက်ရှိကာ သူ့ဘေးပတ်လည်တွင်လည်း အမျိုးသမီးတစ်ယောက် အပါအဝင် လူတစ်ကျိပ်ကျော်ကျော်ခန့် ဝိုင်းဖွဲ့ထိုင်လျက်ရှိကြ၏။

ဝတ်ရုံဖြူလူကို ကြည့်ရသည်မှာ အကြီးအကဲတစ်ယောက် ဖြစ်ပုံရသည်။ အက်စ်အက်စ်ဘဂ်လားသင်္ဘောကြီးပေါ်မှ ကြိုးလှေကားကို ချပေးလိုက်၏။ အသားမည်းသင်္ဘောသားများနှင့် တတိယတန်းခရီးသည်များလည်း အောက်သို့ငုံ့ကြည့်နေကြသည်။ လက်ထွင်းလှေကလေးမှာ ကြိုးလှေကားခြေရင်းသို့ ရောက်လာလေပြီ။ သို့ရာတွင် လှိုင်းကြီးသဖြင့် ကြိုးလှေကားမှာ လာလိုက်၊ လှိုင်းဖြင့်ပြန်ပါသွားလိုက် ဖြစ်နေသည်။ လှေဝမ်းထဲတွင်လည်း ရေတွေဝင်ကုန်ပြီ။ သည်လောက်ရေဝင်လျှင် ရေစည်ကြီးတစ်လုံးကို တင်၍ လှေကြီးဆီသို့ ချောချောမောမော ပြန်သွားနိုင်ဖွယ်မရှိ။

သင်္ဘောပေါ်မှနေ၍ သံမဏိကြိုးကြီးတစ်ချောင်းကို ချပေးလိုက်၏။ လူမည်းနှစ်ယောက်သည် သံမဏိကြိုးကြီးကိုဆွဲကာ လှေကြီးဆီသို့ လှော်ခတ်သွားကြ၏။ ထိုကြိုးဖြင့် လှေကိုဆွဲရန် ဖြစ်သည်။ သို့ရာတွင် သံမဏိကြိုးကြီးမှာ လေးလံလှသဖြင့် သူတို့နှစ်ယောက် ခရီးပေါက်အောင် မလှော်နိုင်။

ထိုစဉ် လှော်ပေါ်မှ လူတစ်ယောက်သည် အဝတ်အစားကိုပင် မချွတ်နိုင်တော့ဘဲ ပင်လယ်ထဲသို့ ခုန်ချကာ ကြိုးကိုကူဆွဲပေးရန် သူတို့နှစ်ယောက်ဆီသို့ ကူးလာသည်။ ခဏကြာလျှင် သံမဏိကြိုးဖြင့် လှေကိုချည်ပြီး လှေကြီးဆီသို့ လှမ်းဆွဲ၏။ ကြိုးချည်ပြီး ဆွဲနေရသည်မှာ နာရီဝက်လောက်ကြာသွားသည်။

အနီးသို့ရောက်၍ လှေပေါ်ကို ကြည့်လိုက်သည့်အခါတွင် လှေပေါ်မှလူများမှာ ပင်လယ်ထဲတွင် ဒုက္ခရောက်လာသည့် လက္ခဏာကို မတွေ့ရ။ အနီးသို့ရောက်သည့်အခါတွင် ရေတစ်စည်၊ ပေါင်မုန့်နှင့် ဆန်အိတ်နှစ်လုံးကို ချပေးသည်။ လှေပေါ်မှလူများသည် သူတို့ကို ကျေးဇူးတင်စကားဆို၍ ရွက်ကိုတင်ပြီး ထွက်သွားကြ၏။ အက်စ်အက်စ် ဘဂ်လားသည်လည်း စက်နှိုးကာ ဆက်၍ခုတ်လာခဲ့သည်။

ဖဲင်နီသည် ထိုအဖြစ်အပျက်ကလေးကို တွေး၍ ပျော်သည်။ ဂျက်ကော့သည် သူ့ခါးကလေးကို လက်နှစ်ဘက်ဖြင့်ကိုင်၍ မြှောက်ပေးပုံ၊ လှေထဲကလူတွေ ဒုက္ခရောက်၊ မရောက် ငုံ့ကြည့်ရသည့်အဖြစ်။ သို့ရာတွင် သူကြည်နူး ကျေနပ်လိုက်ရသည်မှာ ဘာမှမကြာလိုက်။ သူ့ဘေးလက်ရန်းတွင် ရပ်နေသူကို ကြည့်လိုက်တော့ ဒန်းတားစ်။

"ဟင် ... လှေပေါ်မှာ ဘာမှလည်းဖြစ်တာမဟုတ်ဘဲနဲ့ သက်သက်မဲ့လာတောင်းတာထင်တယ်"

---



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖဲင်နီက ဂျက်ကော့ကို လှည့်ပြောလိုက်၏။

ဂျက်ကော့က သူ့ခါးကျဉ်ကျဉ်ကလေးကို ကိုင်ထားရာမှ မလွှတ်သေးဘဲ . . .

"မင်းကိုလာကြည့်တာ ဖြစ်မှာပေါ့။ ဒါမှမဟုတ်ရင်လည်း ရေကြောင်းမှားလာလို့ ဖြစ်ချင်ဖြစ်မှာပေါ့။ ဒီကမိတ်ဆွေကကော ဘယ်လိုထင်ပါသလဲခင်ဗျာ"

ဒန်းဗားစ်ကို သည်လောက် တရိုတသေလုပ်နေရသည့်အတွက် ဖဲင်နီမုန်းသည်၊ သို့ရာတွင် ဒန်းဗားစ်က သူတို့ဘက်သို့လှည့်၍ စကားပြောသည့်အခါတွင်မူ ဖဲင်နီ ရင်တဒိတ်ဒိတ် ခုန်နေသည်။

"ဒီနားတစ်ဝိုက်မှာ ဒီလိုပဲ သင်္ဘောတွေဆီလာပြီး တောင်းတတ်တယ်။ အမှန်က တော့ ဒီစက်လှေဟာ အာဖရိကအရှေ့ကမ်းခြေနဲ့ အာရေဗျကကုန်သည်တွေ၊ ခရီးသည်တွေ ပို့နေတဲ့ လှေတွေပဲ။ ဒီနားတစ်ဝိုက်မှာ သင်္ဘောတွေ့လိုက်ရင် ဒီကောင်တွေ ဒီလိုပဲ ဒုက္ခ ရောက်သလိုလို ဘာလိုလိုလုပ်ပြီး အကူအညီတောင်းလေ့ရှိတယ်။ အမှန်ကတော့ သူတို့ ရေထဲမှာ စားနပ်ရိက္ခာအပြည့်၊ ရေအပြည့်ပါပြီးသား။ ဒါပေမဲ့ ခက်တာက . . ."

ဒန်းဗားစ်သည် ပခုံးကို တွန့်လိုက်၏။ ဖဲင်နီ၏ ဇဝေဇဝါအမူအရာကို မြင်လိုက်သည့် အခါတွင် ဒန်းဗားစ် ပြုံးသည်။

"ဟော့ . . . ဘာတွေကို တွေးနေတာလဲ"

သူက ကလေးလေးတစ်ယောက်ကို မေးသလို မေးလိုက်သည်။ သူ့လိုအတန်းအစားကကြည့်လျှင် မိမိသည် ကလေးမလေးသာသာပင် မဟုတ်လော။ မိမိသည် သူ့ကို တခြားလူများနှင့်အတူ ကိုင်ထားဆဲ။ သည်လိုကြည့်လျှင် သူသည် အတင့်ရဲသည့် ချစ်စရာကောင်းမလေးတစ်ယောက်မျှသာ။

"ဟုတ်တယ်နော် . . .၊ ဒီလောက်ကြီးတဲ့ ပင်လယ်ကူးသင်္ဘောကြီးက လှေကလေးတစ်စင်းက အရပ်ခိုင်းတာနဲ့ ရပ်ပေးရတယ်ဆိုတော့၊ ပြီးတော့ လှေပေါ်မှာလည်း လူမည်းတွေချည်းပဲ၊ ဒီသင်္ဘောက ပင်လယ်ကူးစာပို့သင်္ဘောကြီး။ သင်္ဘောပေါ်မှာ အရေးကြီးတဲ့ ခရီးသည်တွေနဲ့"

ဒန်းဗားစ်က သူနားလည်အောင် မည်သို့ပြောရမည်ကို စဉ်းစားသည့်ဟန်ဖြင့် အတန်ကြာ တွေနေပြီးမှ . . .

"ဒါက အကြောင်းမဟုတ်ဘူးလေ။ ပင်လယ်မှာ သင်္ဘောတစ်စင်းက အကူအညီ တောင်းလို့ရှိရင် မငြင်းရဘူး။ ဒါဟာ ပင်လယ်မှာလိုက်နာရတဲ့ ဥပဒေပဲ။ အကူအညီတစ်ခုခု လိုချင်ရင် လှမည်းကလည်း ပင်လယ်ကူးသင်္ဘောကြီးကို အရပ်ခိုင်းနိုင်တယ်။ သင်္ဘောကြီး ကလည်း ရပ်ပေးရတယ်။ သင်္ဘောပေါ်မှာ ဘယ်လောက်အရေးကြီးတဲ့လူတွေ ပါပေ့စေ။ သူ တို့က ရပ်ပေးပါလို့ပြောရင် ရပ်ပေးရတာပဲ။ လောကဆိုတာ ဒီလိုပေါ့။ ခုဆိုရင် တို့မှာ နာရီဝက် လောက် အချိန်ကုန်သွားပြီပဲ။ ဒါပေမဲ့ တို့အနေနဲ့ ငြင်းပယ်လို့မကောင်းဘူး။ ဘယ်နေရာကိုပဲ ရောက်ရောက် ဥပဒေကို လေးစားလိုက်နာရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဥပဒေက ပါလီမန်လွှတ်တော်မှာလုပ်တဲ့ ဥပဒေမျိုးလားဟင်"

ဒန်းတားစ်သည် သူ့ကိုစိုက်ကြည့်ပြီးနောက် ရယ်လိုက်၏။

သူတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက် နားမလည်နိုင်သော ဘာသာစကားမျိုးဖြင့် စကားပြောဆိုနေကြလေပြီဆိုသည်ကို သိလိုက်သဖြင့် ဖဲင်နီ ရှက်အမ်းအမ်းဖြစ်သွားသည်။ သို့ရာတွင် သူ့စိတ်ထဲတွင် အတွေးသစ်တို့သည် ခေါင်းပြူလာကြသည်။ လောကကြီးတွင် မိမိနားလည်ခြင်းမရှိသေးသော အတွေးအခေါ်မျိုးတွေ အများကြီး ရှိပါသေးကလားဟု သူ သတိရလာသည်။ ဖဲင်နီသည် အကူအညီပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ဂျက်ကော့ကိုပြောပြီးနောက် သူ့လက်ထဲမှ အသာရုန်းထွက်လိုက်၏။

သည်လောကတွင် ဒန်းတားစ်တို့လို အထက်တန်းကျသူတွေ အများကြီးရှိဦးမည်။ သူတို့လိုလူတွေနှင့် ပေါင်းသင်းရသည်မှာ ဟန်ကျသည်ဟု ဝိုးတိုးဝါးတား တွေးနေသည်။ သူ့လိုလူမျိုးက မှောင်ရိပ်တွင် သူ့ဆံပင်တွေကို ဖြေချနိုင်းကာ လက်ချောင်းများနှင့် တဖွဖွ စမ်းနေမည့် လူစားမျိုးမဟုတ်။

ထိုစဉ် ကြောက်စရာကောင်းသည့် အောက်တန်းကျသောခံစားမှုသည် သူ့ရင်ထဲတွင် ပေါ်ပေါက်လာ၏။ သို့ရာတွင် ဒန်းတားစ်ကမူ သူ့ကို အပေါစားဆန်သည်၊ အောက်တန်းကျသည်ဟု ထင်ပုံမရ။ သင်္ဘောပေါ်တွင် သူကြုံတွေ့ခဲ့ရသည်များကို ဒန်းတားစ် သိပုံမရ။ သူ့အမြင်တွင် မိမိသည် ကျောင်းသူကလေးသာသာမျှသာ။ သူ့ကို လှသည်၊ ချစ်စရာကောင်းသည်ဟုသာ ထင်လိမ့်မည်။ သို့ရာတွင် ဒန်းတားစ်က အိန္ဒိယပဋိညာဉ်ခံ အရာရှိကြီး တစ်ဦး။ သူ့ကို ကပြား၊ လူမျိုးခြားဟု ထင်နေလေသလောမသိ။ ဖဲင်နီသည် ထိုအတွေးကို မောင်းထုတ်ပစ်လိုက်သည်။ ယခုလို သူက သူများတွေနှင့်မတူ ကွဲပြားခြားနားနေသည်ကပင် သူသည် ထူးခြားနေခြင်းမဟုတ်လော။

ထိုနေ့ညတွင် ဖဲင်နီသည် အက်ဂါသာနှင့်အတူ အိပ်ရာသို့ ဝင်ခဲ့သည်။ အဝတ်အစားလဲရင်း ဒန်းတားစ်နှင့် စကားလက်ဆုံကျခဲ့ကြောင်းကို အမှတ်မထင် ပြောမိ၏။

"တကယ်တော့ ဒန်းတားစ်နဲ့ စကားပြောရတာ စိတ်ဝင်စားစရာ ကောင်းသားပဲ။ ကိုယ်တို့ သင်္ဘောကြီး ဘာကြောင့် ရပ်ရတယ်ဆိုတဲ့ အကြောင်းကို ပြောပြတယ်လေ"

"ရေတောင်းလို့ ရပ်တာဖြစ်မှာပေါ့"

"မဟုတ်ဘူးဆရာ။ ပင်လယ်ထဲမှာ ဒီလိုပဲတဲ့။ သင်္ဘောတစ်စင်းစင်းက အရပ်ခိုင်းရင် ရပ်ရတယ်တဲ့။ ရပ်မပေးလို့ မရဘူးတဲ့။ ကိုယ့်ကို ရှင်းပြတယ်"

ဖဲင်နီသည် အက်ဂါသာကို ကြွားလိုက်ရသည့်အတွက် ထိုနေ့ညတွင် စိတ်ကျေနပ်သွား၏။ ထိုအတိုင်းဆိုလျှင် ဘယ်လောက် ကောင်းလေမည်နည်း။ သို့ရာတွင် နောက်တစ်နေ့တွင် ကြုံတွေ့ရသည့် အရှက်ကွဲစရာ၊ ဒေါသထွက်စရာကိစ္စကိုမူ သူ ဘယ်လို ဖျောက်ဖျက်သော်လည်း မမေ့နိုင်။ မစ္စပက်တာဆန်ကို ပေးဖို့လက်ဆောင်နားတွင် သူ့ကို တွေ့သွားသည့်အတွက် သူ ရှက်၍ မဆုံး။

---



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မနက်က ဒန်းဗားစ်သည် သူ့အနီးတွင် ပက်လက်ကုလားထိုင်တစ်လုံးဖြင့် ထိုင်ရင်း နှုတ်ခမ်းမွေးဖြူဖြူ တရားသူကြီးတစ်ယောက်နှင့် နိုင်ငံရေးကိစ္စများ၊ ပျင်းစရာကောင်းသော အုပ်ချုပ်ရေးကိစ္စများကို ပြောနေကြသည်။ ဖဲင်နီမှာ ဒန်းဗားစ်၏ လေသံအေးအေးဖြင့် ပြောနေသံကို ကြားချင်၍သာ နားထောင်နေရသော်လည်း ပျင်းလှပြီ။

"ဒီလူဟာ အိန္ဒိယပြည်မှာ အုပ်ချုပ်ရေးအရာရှိလုပ်ဖို့ မကောင်းပါဘူးဗျာ။ ပြီးတော့ ဆော်ဗာရီဆိုတဲ့လူကိုလည်း အတွင်းဝန်ခန့်ဖို့ မကောင်းဘူး။ သူတို့နှစ်ယောက်စလုံး လူတော်တွေတော့ လူတော်တွေချည်းပါပဲ။ ဒါပေမဲ့ အဲဒီလိုတော်နေလို့ကို ခက်နေတာ"

တရားသူကြီးက . . .

"လေတန်ကတော့ လူကောင်းပါ၊ တော်တော်လေးကို ပေါင်းလို့သင်းလို့ကောင်းပါတယ်။ မနှစ်က ကျွန်တော်ဟုမ်းကိုပြန်တော့ သူနဲ့တွေ့ခဲ့ရတယ်။ တော်တော်ကိုခင်ဖို့ကောင်းတဲ့လူ။ ပြီးတော့ သူရေးတဲ့ဆောင်းပါးလေးတွေကလည်း တော်တော်ကောင်းသားပဲ။ ကျွန်တော်ကိုယ်တိုင်လည်း အိန္ဒိယမှာ အုပ်ချုပ်ရေးအရာရှိ လုပ်ခဲ့ဖူးတော့ သိတာပေါ့။ အိန္ဒိယမှာတော့ သူ့ကို တော်တော်လေး သဘောကျကြတယ်ဗျ"

"အေးလေ . . . စောင့်ကြည့်ရဦးမှာပေါ့။ ကျွန်တော်ကတော့ ဗရွတ်ကို ကြည်ညိုတဲ့လူကိုး။ ပြောစရာရှိရင် ဝေ့လည်ကြောင်ပတ်တွေ ပြောမနေဘူး။ အချက်အလက်နဲ့ တိတိကျကျပြောတယ်။ ပြောတဲ့အတိုင်းလည်း လုပ်ရဲတဲ့ သတ္တိရှိတယ်။ သူ့ကြောင့် ကျွန်တော်တို့တစ်တွေ နောက်ထပ် အာဖဂန်စစ်ပွဲတစ်ပွဲကို ရှောင်နိုင်ခဲ့တယ်မဟုတ်လား။ လေတန်နဲ့ ဆောလ်ဘာရီတို့ကတော့ ဖွတ်တိုးလုပ်မယ့်လူတွေ"

"ဒီအာဖဂန်လူမျိုးတွေကို ကိုယ့်နေရာကိုယ်နေအောင် လုပ်ရမှာပေါ့ဗျ"

ဟု တရားသူကြီးက စိတ်ဆိုးဆိုးဖြင့် ပြော၏။ ဒန်းဗားစ်က . . .

"ကျွန်တော်တို့နေရာကကော ဘယ်မှာလဲခင်ဗျာ။ ကျွန်တော်တို့နေရာဟာ ကဗူးလ်မှာရှိတယ်လို့ ပြောလို့ရမှာတဲ့လား။ ဒီလိုပြောတာကို ဘယ်သူမှ လက်ခံနိုင်မှာ မဟုတ်ဘူး"

ဖဲင်နီသည် သူတို့စကားကို နားမထောင်တော့ဘဲ တွေးမိတွေးရာကို တွေးနေသည်။ သို့ရာတွင် သူတို့နှစ်ယောက် မင်းတုန်းမင်းအကြောင်းကို ပြောဆိုနေသည့်အခါတွင် ဖဲင်နီသည် နားကိုစွင့်ထားမိပြန်သည်။ အမှန်အားဖြင့် သူတို့စကားတွေက ပျင်းစရာ။ မင်းတုန်းမင်းနှင့် ပြင်သစ်တို့အကြောင်းကို ပြောဆိုနေခြင်းဖြစ်၏။

ဖဲင်နီသည် နှင်းဆီနွယ်လေးတွေ ဖော်ထားသည့် ခပ်ပါးပါး ချည်အင်္ကျီကလေးကို ဝတ်ထားရင်း ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်လျက်။ သူ့အနားတွင်မူ ခါတိုင်းရှိနေကျ လူငယ်ကလေးများ ဝိုင်းနေကြသည်။ ခပ်လှမ်းလှမ်းတွင်ထိုင်နေသည့် အက်ဂါသာကမူ သူတို့နှင့် ရောနှောခြင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



မိမိသည် ထိုစဉ်က ဘယ်သို့များ ဖြစ်သွားလေသနည်း။ နောင်တွင် ဖဲင်နီပြန်၍ စဉ်းစားကြည့်သည်။ ထိုသို့ ယောကျ်ားလေးများနှင့် တပူးတွဲတွဲလုပ်နေခြင်းသည် မိုက်မဲရာ ရောက်သည်ဟု သူ့စိတ်က ပြောနေသည့်တိုင် ဖဲင်နီသည် ကိုယ့်ရှိန်မသတ်နိုင်။ ဒန်းတားစ် အာရုံစိုက်လာအောင်လုပ်ရမည်ဟု သူ့ရင်ထဲက အသံများသည် ငှက်တစ်အုပ် တောင်ပံရိုက်ခတ်လာသလို မြည်ဟီးနေကြသည်။ ထို့ကြောင့်ပင်လျှင် ထိုနေ့က သူသည် အပျိုကြီးဂိုက်ဖမ်းနေသလောမဆိုနိုင်။ မိမိသည် ယောကျ်ားလေးတွေနှင့် ပရောပရည်လုပ်နေသည်ဟု အက်ဂါသာကိုပြောခဲ့စဉ် ညတုန်းကလို ယခုလည်း ဖဲင်နီသည် ကိုယ့်ကိုကိုယ် ပဲ့ကြည့်မှု အပြည့်၊ ရွှင်လန်းမှုအပြည့်နှင့် ဖြစ်နေသည်။

ထိုနေ့က သူ့ပုံပန်းသဏ္ဌာန် မည်သို့ရှိနေမည်ကို ဖဲင်နီ ကောင်းကောင်းသိသည်။ မရမ်းရောင်ကူရှင်နောက်ခံတွင် ချောမွေ့ပြောင်လက်သည့် ခေါင်းကလေးကို မှီလျက်၊ သူ့ဆင်စွယ်နှစ်ရောင်လက်များကို ဝှေ့ယမ်း၍ စကားပြောသည့်အခါတွင် လက်ကောက်များသည် သွေးသွယ်လှပသည့် လက်ကောက်ဝတ်ပေါ်တွင် ချွင်ချွင်မြည်လျက်။

ထူထဲကော့ထောင်သည့် မျက်တောင်ကော့ကြီးများအောက်မှ နက်မှောင်သော မျက်လုံးများက ရွှန်းလဲ့လျက်။ သူနှင့်ယှဉ်လိုက်လျှင် ဆံပင်လှလှ၊ ပန်းနုရောင်နှင့် အဖြူရောင်သမ်းနေသည့် အင်္ဂလိပ်မ ချောချောကလေးများသည်လည်း ခပ်ထုံထုံ၊ ခပ်ထိုင်းထိုင်းတွေ ဖြစ်သွားကြသည်ကို ဖဲင်နီသိသည်။ ထိုသို့တွေးမိသည့်အခါတွင် ဖဲင်နီသည် ကျေနပ်သွား၏။

သည်နေ့မနက်တွင်မူ သူသည် ခါတိုင်းထက် ပိုလှနေကာ ခါတိုင်းထက် ပို၍ ရွှင်လန်းနေသည်ဟု သူထင်သည်။ သူ့လက်သည်းတွေကလည်း တောက်ပဝင်းလက်လျက်။ အိန္ဒိယသမုဒ္ဒရာမှ ရောင်ပြန်ဟပ်နေသော အလင်းရောင်ထဲတွင် သူ့အဆင်းအရောင်သည် ပြစ်မျိုးမဲ့မထင် ကြည်စင်ဝင်းပလျက်။ သူ့ဂါဝန်ကလည်း ခါးကျဉ်ကျဉ်၊ ရင်ဖြိုးဖြိုးနှင့် အတော်ဖြစ်နေပြီး အောက်သို့ ဝဲပျံ့ကျနေသည်။ သူတို့လာခဲ့သည့် ခရီးတစ်လျှောက်သည် ပျင်းစရာ၊ ငြီးငွေ့စရာကောင်းသလောက် ယနေ့တွင်မူ မြင်မြင်သမျှ ကြားကြားသမျှသည် ပျော်စရာ၊ စိတ်ဝင်စားစရာ၊ ရွှင်မြူးစရာတွေချည်း။ မျက်လုံးများဟာ တောက်ပနေသည်။ အသံက လွင်နေသည်။ သူ့ရယ်သံက သူ့နားထဲမှာပင် ချိုမြနေသည်။

သို့ဖြင့် သူ့အနီးတွင် ဝိုင်းအုံနေကြသော လူငယ်များသည် သူ့အလှကွန်ရက်တွင် မိနေကြသည်။ ကျောင်းကထွက်ပြီးနောက် ဘယ်သူမျှ နားထောင်မည့်သူမရှိသော အဖြစ်အပျက်များသည် သူ့နှုတ်ခမ်းဖျားပေါ်သို့ ပြန်ရောက်လာကြ၏။ သူမှတ်မိလောက်သည့် အငယ်လောက်ကတည်းက ခွဲခွာခဲ့ရသည့် ရွှေနန်းတော်ကြီးအကြောင်းကို တဖွဲ့တနွဲ့ပြောပြသည်။

---


www.burmeseclassic.com

www.burmeseclassic.com


ဖင်နီက အသံလွင်လွင်ကလေးဖြင့် . . .

"အို . . . ရွှေနန်းတော်ကြီးအကြောင်းကို ဖင်နီ ကောင်းကောင်းမှတ်မိတာပေါ့၊ ဖင်နီရဲ့အဖေက ဆွေတော်မျိုးတော်တွေနဲ့ သိပ်ရင်းနီးတာကလား။ တစ်လောကတင် ဘုရင်က အဖေ့ကို ဆုတော်လာဘ်တော်တွေ ချလိုက်သေးတယ်။ အဖေက ရွှေနန်းတော်ကြီးထဲကို နေ့စဉ် အခစားဝင်ရတယ်။ ဖင်နီကိုလည်း အပျိုတော်များ အလုပ်ခိုင်းမလားမသိဘူး။ ဒါပေမဲ့ ဖင်နီကတော့ မလုပ်ချင်ပါဘူး။ အပျိုတော်လုပ်ရတယ်ဆိုရင် ဘယ်မှာလွတ်လပ်ပါတော့မလဲ။ ကျောင်းကထွက်လာပြီးနောက် တစ်ကျောင်းကို ဆက်နေရသလို ဖြစ်နေမှာပေါ့။ မဟုတ်ဘူးလား"

ဖင်နီက မျက်နှာကို မဲ့ပြလိုက်ပြီး နှုတ်ခမ်းကလေးကို ချစ်စရာကောင်းအောင် ရှုံ့လိုက်သည်။ သူဖတ်ဖူးသည့် ဝတ္ထုတွေထဲက ဇာတ်လိုက်မင်းသမီးကလေးများ နှုတ်ခမ်းစူပြလိုက်လျှင် မြင်မြင်သမျှယောကျ်ားတွေ အရူးအမူးဖြစ်သွားကြသည်ဟု ဖတ်ဖူးသဖြင့် တမင်စူပြလိုက်ခြင်းဖြစ်၏။ သို့ရာတွင် သူ့အနားတွင်ရှိသည့် ယောကျ်ားလေးများကမူ သဘောကျ၍ ရယ်လိုက်ကြသည်။ ရူးမူးခြင်းကား ဖြစ်ပုံမရ။ ရန်ကုန်မှ ကုန်သည်ကမူ ဖင်နီသာ တပည့်ကလေးဆိုလျှင် သူကျောင်းဆရာလုပ်မည်ဟု ပြော၏။ ဖင်နီက နောက်တစ်ကြိမ် နှုတ်ခမ်းစူလိုက်ပြီး စကားကို ဆက်သည်။

"တကယ်လို့သာ မိဖုရားခေါင်ကြီးကခိုင်းရင်တော့ ဖင်နီလည်း ရွှေနန်းတော်ကြီးထဲမှာပဲ နေရမယ်ထင်တယ်။ ဒါပေမဲ့ ဖေဖေနဲ့ပဲ နေဖြစ်မှာပါ။ အပြင်မှာနေရအောင်လည်း ဖေဖေလုပ်မှာပေါ့။ ဖေဖေက ဝန်ကြီးတစ်ပါးလောက် ဩဇာရှိနေတာပဲ။ နန်းရင်ဝန်ကြီးလောက်တော့ မဟုတ်ဘူးပေါ့လေ။ ဒါပေမဲ့ သူ့လောက်နီးနီးတော့ ဩဇာရှိပါတယ်"

အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်ဆိုသလို မစွစ်မာဂါထရှိုက်သည် ထောင့်တစ်ထောင့်မှပေါ်လာကာ . . .

"ဖင်နီ . . . ဘာအဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောနေတာလဲ။ ကောင်မလေးနော် တော်တော်လည်း အကြွားသန်ပါပေ့။ ညည်းအဖေက ဘယ်မှာများ ရွှေနန်းတော်ကြီးကို နေ့တိုင်း အခစားဝင်ရလို့လဲ။ တစ်နေ့လုံး ရက်ကန်းထိုင်ရက်နေတဲ့ ရက်ကန်းဆရာ။ မဟုတ်တယုတ်တွေ လျှောက်ပြောနေတာ။ အခန်းထဲကျမှ ညည်းကို ဆုံးမရမယ်"

ကမ္ဘာလောကကြီး၊ နီလာရောင်နှင့် ရွှေရောင်တောက်နေသော ကောင်းကင်ကြီးနှင့် ပင်လယ်ကြီး၊ နှင်းပွင့်လိုဖြူဖွေး၍ ပုလဲလို အရိပ်ပြေးနေသော ကုန်းပတ်တစ်ခွင်နှင့် ယင်းလိပ်များ၊ ယောကျ်ားတို့၏ ဖွေးဖြူသော ဝတ်စုံများနှင့် သူတို့၏ ရွှင်ပြုံးသော မျက်လုံးများ စသည့် သူ့ဘေးတွင် ရှိရှိသမျှ အရာအားလုံးတို့သည် ရုတ်တရက် ချက်ချင်း မည်းမှောင်သွားသည် ထင်လိုက်ရ၏။

သူ့နှလုံးသည် လည်မြိုသို့ တက်ဆောင့်ကာ အသက်ရှူကျပ်သွားသည်ဟု ထင်လိုက်ရ၏။ နီမြန်းသွားသောပါးပြင်သည် သူ့တစ်ကိုယ်လုံးကို စောင်ထူထူကြီးတစ်ခု အောက်


www.burmeseclassic.com

www.burmeseclassic.com



တွင် ဖိထားသကဲ့သို့ မွန်းကျပ်သွားစေသည်။ သူ့စိတ်ထဲတွင် မစ္စစ်မာဂါထရွိုက်ဆိုသည့် မိန်းမကြီးကို ကုန်းပတ်ပေါ်တွင် ဗုန်းဗုန်းလဲ သေသွားစေချင်၏။ လိမ်ပြောဖို့ မဆိုထားနှင့်။ စကားကို ချဲ့ကား၍မပြောတတ်သည့် အင်္ဂလိပ်သာပင်လျှင် ဖဲင်နီကို သနားသွားကာ မစ္စစ် မာဂါ ထရွိုက်ဆိုသည့်အဘွားကြီးကို မုန်းသွားသည်။

အခန်းသို့ ပြန်အရောက်တွင် အင်္ဂလိပ်သာသည် သူ့ကိုနှိမ်လေ့ရှိသည့် ဖဲင်နီကို ခွင့်လွှတ်လိုက်ကာ ရှက်ရှက်ဖြင့် ငိုနေသော ဖဲင်နီကို ပွေ့ဖက်၍ ချော့မော့နှစ်သိမ့်သည်။ သို့ရာတွင် ရက်များမကြာမီမှာပင် ဖဲင်နီသည် ခါတိုင်းကဲ့သို့ ရယ်မောလျက်။ နောက်ပြောင်လျက်။ သင်္ဘောကုန်းပတ်ပေါ်တွင် ဂျက်ကော့၏ရင်ခွင်ထဲတွင် ပျော်ခဲ့သော်လည်း သူတို့နှစ်ဦး၏ အခြေအနေကို မစ္စစ်မာဂါထရွိုက် ရိပ်မိသွားသဖြင့် ထိုပျော်ရွှင်မှုကလေးသည် ဘာမှမကြာလိုက်။ ကျန်ခရီးတွင်မူ ဖဲင်နီသည် မစ္စတာဒန်းဗားစ်ကို မတွေ့အောင် ရှောင်နေလိုက်သည်။

ရွံ့နှစ်ရေတွေထကာ နောက်ကျိနေသည့် ဧရာဝတီမြစ်သို့ သင်္ဘောကြီးဝင်လာပြီး ညီညာပြန့်ပြူး၍ အရုပ်ဆိုးသော ကမ်းပါးနှစ်ဘက်ကြားက နောက်ကျိသော ချောင်းကလေးများအတိုင်း ရန်ကုန် ဆိပ်ကမ်းသို့ ဆန်တက်လာသည့်အခါတွင် ဖဲင်နီ စိတ်သက်သာရာရ သွား၏။

ရွှေရောင်ဖျော့ဖျော့ ကောင်းကင်နောက်ခံတွင် ရွှေတောင်ကြီးလို ထင်းထင်းကြီး ပေါ်နေသော ရွှေတိဂုံစေတီတော်ကြီးကို မြင်ရသည့်အခါတွင်ကား ဖဲင်နီသည် ဝမ်းသာ၍ မဆုံးတော့။ ဖဲင်နီသည် ခရစ်ယာန်တစ်ယောက်ဖြစ်သည့်တိုင် ရွှေတိဂုံစေတီတော်ကြီးကို မြင်ရသည့်အခါတွင်ကား ဇာတိစိတ် စကားပြောသည့်အလျှောက် မွေးရပ်ဌာနေသို့ ပြန်ရောက်လေပြီဟူသော အသိသည် သူ့ရင်ထဲတွင် ပေါ်လာခဲ့လေပြီ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

၃

## မြစ်ကြီးရောဝတီ

ရန်ကုန်သည် အရောင်းအဝယ်စည်ကား အချက်အချာကျသော မြို့ကြီးတစ်မြို့ဖြစ်၏။ ကုန်လှောင်ရုံကြီးတွေ၊ တိုက်၊ ဆိုင်ကနားကြီးတွေ၊ အိမ်ကြီးရခိုင်တွေအပြည့်။ လမ်းမကြီးများပေါ်တွင်လည်း သစ်စေးသုတ်ထားသည့် လန်ချားတွေ ဥဒဟို ပြေးနေလျက်။ ဖဲင်နီသည် လန်ချားစီးရသည်ကို ပျော်သည်။ ကြောက်ကြောက်ဖြင့် သူ့လက်မောင်းကို ကိုင်ထားစဉ် ဖဲင်နီက ခပ်မြန်မြန်ဆွဲဖို့ လန်ချားသမားကို မြန်မာလိုပြောသည်။ ကိုယ်နှင့်ပါလာသူ နားမလည်သော ဘာသာစကားတစ်မျိုးကို ပြောရခြင်းလောက် အရသာရှိသည့်အရာဆို၍ လောကတွင် များများစားစားမရှိ။ အကောက်ရုံးကြီးတွင် မျက်နှာထားဆိုးဆိုး၊ ခပ်ဝဝနှင့် သူဇနီးက မစ္စတာဂျက်ကော့ကို လာ၍ ရွေးထုတ်သွားသည်။

မစ္စစ်မာဂါထရှိုက်ကမူ ဖဲင်နီနှင့် အက်ဂါသာတို့ကို ချာ့ချ်အော့ဖ်အင်္ဂလန် မိန်းကလေးကျောင်းတစ်ကျောင်းမှ ဆရာမတစ်ယောက်လက်သို့ အပ်လိုက်သည်။ ပျင်းစရာကောင်းသည့် ထိုကျောင်းမှာ သူတို့ တစ်ညအိပ်ကြသည်။ ဖဲင်နီသည် ရွှေတိဂုံစေတီတော်ကြီးကို သွား၍ဖူးချင်သည်။ သူ့အမေ မစ္စစ်မိုရှိနီသည် ခရစ်ယာန်တစ်ဦးဖြစ်သော်လည်း သူငယ်ငယ်တုန်းက ဘုရားဖူးခေါ်သွားသဖြင့် ပျော်စရာကောင်းသော ဘုရားပွဲတော်ရက်များကို သူသတိရနေသည်။ သို့ရာတွင် နောက်တစ်နေ့မနက် လန်ချားဖြင့် ဝိတိုရိယကန်တော်ကြီးကိုပတ်စဉ် ရေထဲတွင် အရိပ်လာထင်နေသော ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ရလျှင်ပင် လုံလောက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com


ထို့နောက်တွင် သူတို့နှစ်ယောက်ကို ဂါတ်ဗိုလ်လက်သို့အပ်ကာ မီးရထားဖြင့် ပြည်သို့ပို့လိုက်၏။ ပြည်မှလွန်လျှင်မူ မီးသင်္ဘောတစ်စင်းပေါ်သို့ တင်ပေးလိုက်ကြပြန်သည်။ ထိုသင်္ဘောဖြင့် မန္တလေးသို့ခရီးဆက်ရမည်ဖြစ်လေသည်။ ဖဲင်နီသည်အညာဆန်သင်္ဘောကြီးဖြင့် ခရီးသွားရသည်ကို ပျော်သည်။ သာသနာပြုဆရာတွေ၊ ဆရာမတွေ မပါတော့။ သင်္ဘောမာလိန်က သူတို့ကို စောင့်ရှောက်ခေါ်သွားခြင်းဖြစ်သည်။

သင်္ဘောမာလိန် ဆိုင်းလတ်စ်ဘက်ရှောမှာ ကိုယ်လုံးကိုယ်ပေါက်ထွားထွား၊ မျက်နှာနီနီနှင့် ဇရာမလူကြီးဖြစ်သည်။ သူ့အသံကလည်း သူများကို အမိန့်ဩဇာတွေ ပေးနေကျဖြစ်၍လောမသိ၊ခပ်ဩဩကြီး ဖြစ်နေသည်။ သူမောင်းသည့် "နီမီးဆစ်" သင်္ဘောမှာ ဘေးစက်တပ်ထားသည့် ဝမ်းပြားပြားသင်္ဘောကြီး ဖြစ်ပါသည်။ သူ့ဘေးတွင် ရွက်ဖျင်တွေမိုးထားသည့် သမ္ဗန်ကြီးတွေကို တွဲထားသည်။ အင်္ဂလိပ် စိတ်ကူးထဲတွင် သမ္မာကျမ်းစာတွင်ပါရှိသည့် နိုအာ၏သင်္ဘောဆိုသည်မှာ ထိုသို့ဖြစ်လိမ့်မည်ဟုပင် တွေးမိသေးသည်။

သမ္ဗန်ကြီးပေါ်တွင် ငါးပိတွေ၊ ငါးခြောက်တွေနှင့် မြန်မာတို့ကြိုက်တတ်သော ကုန်တွေ အပြည့်တင်ထားသည်။ ရာသီဥတုအေးလွန်းသဖြင့် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သော်လည်း ငါးပိနံ့မှာ သင်္ဘောတစ်စင်းလုံး ဟောင်နေတော့သည်။ သင်္ဘောပေါ်တွင်လည်းကောင်း၊ ဘေးတွဲသမ္ဗန်ကြီးပေါ်တွင်လည်းကောင်း၊ ငါးပိခြင်းတွေ လပ်နေရာတွင် ကုန်စိမ်းများ၊ ကြက်အရှင်များနှင့် သင်္ဘောလိုက်သည့် ဈေးသည်မိသားစုများဖြင့် ပြည့်နေသည်။ သင်္ဘောကြီးသည် မြစ်ကြောင်းမှ မြို့ရွာများအတွက် နယ်လှည့်ကုန်စုံဆိုင်ကြီး တစ်ခုနှင့် တူနေသည်။

မကြာခဏဆိုသလိုပင် သင်္ဘောကြီးသည် ကမ်းတွင် ထိုးဆိုက်ကျောက်ချပြီး ကုန်းပေါင်ထိုးတတ်သည်။ ထိုအခါတွင် ရွာသူရွာသားတို့သည် သင်္ဘောပေါ်သို့ တက်လိုက်လာကြသည်။ ရယ်မောလျက်၊ ကျီစယ်လျက်၊ ပေါ်ကြွယ်လျက်၊ စိတ်ရင်းစေတနာကောင်းလျက်၊ ရယ်စရာပြောတတ်ပြီး ဈေးဆစ်ဝါသနာပါကြသည်။

မာလိန်မစ္စတာ ဘက်ရှောက . . .

"ဗမာဘုရင့်နယ်မှာတော့ ဒီလိုမဟုတ်ဘူး။ လူတွေက ပျော်ပျော်တော့နေတတ်ကြပါရဲ့၊ ဒါပေမဲ့ တို့နယ်တွေကလူတွေလို ပိုက်ဆံဖောဖောသီသီ မသုံးနိုင်ကြဘူး။ အရာရှိတစ်ယောက်ကို တစ်ခရိုင်ဆီ အုပ်ချုပ်ရတယ်။ ဒါပေမဲ့ သူတို့ပြောတဲ့အတိုင်း ပြောရရင် အဲဒီအရာရှိတွေက "စား" သတဲ့။ နင်တို့ကောင်မလေးတွေ နိုင်ငံရေးကို စိတ်ဝင်စားမှာ မဟုတ်ပါဘူးလေ"

ဖဲင်နီက ခေါင်းကလေးကို ခါယမ်းလိုက်လျက် . . .

"စိတ်ဝင်စားပါတယ် ကပ္ပတိန်။ ကပ္ပတိန်က မိန်းကလေးဆိုရင် ဝတ်ဖို့စားဖို့လောက်ပဲသိတယ်လို့ ထင်ဟန်တူတယ်။ ဖဲင်နီ့အဖေက မန္တလေးရွှေနန်းတော်မှာ ဝင်ထွက်ခစားနေသူပါ။ ဒီတော့ ဖဲင်နီလည်း အစိုးရကိစ္စတွေ ဘာတွေကို စိတ်ဝင်စားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘက်ရှောက . . .

"နင့်အဖေက အီတလီရက်ကန်းဆရာကြီး မဟုတ်လား။ ငါ့မိတ်ဆွေဟောင်းကြီး ပေါ့။ မန္တလေးလာတုန်းက ငါ့သင်္ဘောနဲ့ လိုက်လာခဲ့တာပဲ"

မာလိန်ဘက်ရှောသည် အက်ဂါသာကို လှမ်း၍ ခေါင်းညိတ်ပြလိုက်ပြီးနောက် . . .

"လွန်ခဲ့တဲ့ တစ်လလောက်ဟုန်းကပဲ ငါ့သူ့ကို ခေါ်လာခဲ့တာပဲ။ ဒီသာသနာပြုတွေကို သိပ်အထင်မကြီးစမ်းပါနဲ့ကွယ်။ ဒါပေမဲ့ သူ့အဖေကတော့ လူကောင်းတစ်ယောက်ပါ"

အက်ဂါသာမှာ သူလေးစားသော ဖဲင်နီ၏ဖခင်အကြောင်းကို နားထောင်ရသဖြင့် ကျေနပ်နေသည်။ ဖဲင်နီကမူ သူတို့အကြောင်းကို မပြောစေလိုသည့်အတွက် သင်္ဘောလက်ရန်းပေါ်တွင် လက်နှစ်ဖက်ဖြင့် ထောက်ထားရင်း ကိုယ်လုံးကိုယ်ထည်ကြီးကြီး၊ မျက်နှာနီနီနှင့် မာလိန်မှူးကြီးကို ငေးကြည့်နေသည်။

"ဖဲင်နီတို့ကို မန္တလေးအကြောင်း ပြောပြစမ်းပါ . . ကပ္ပတိန်"

မာလိန်ဘက်ရှောသည် သူ၏ နီရဲကြောင်တင်းနေသောလည်ကုပ်ကို ကုတ်၍ စဉ်းစားနေသည်။

"မန္တလေးအကြောင်းလား။ နင်တို့ကတော့ မန္တလေးဟာ သိပ်လှပြီး သိမ်မွေ့သာယာတယ်လို့ ထင်ကြမှာပါ။ ဒါပေမဲ့ တော်တော်စိတ်ပျက်စရာကောင်းတဲ့မြို့ အရှေ့တိုင်းသား တစ်ယောက်အနေနဲ့ ဘုရင်ကတော့ ကောင်းပါတယ်။ ဒါပေမဲ့ သည့်ပြင်တိုင်းပြည်တွေက ဘုရင်တွေလောက် မဆိုးသည့်တိုင် လူတွေပြောနေသလောက်တော့ မကောင်းပါဘူး။

တို့ကတော့ ရွှေနန်းတော်ကြီးနဲ့ အဆက်တွေ့၊ ဘာတွေသိပ်မရှိဘူး။ ရိုးရိုးသင်္ဘောသားပဲမဟုတ်လား။ နင်ဘို့ စောင့်ကြည့်ပါ။ မကြာခင်ပြမယ်။ ဘယ်နေရာမှာ ကမ်းရှိတယ်။ ဘယ်နေရာ သောင်ရှိကယ်ဆိုတာကို အိပ်လျက်က ငါပြောပြနိုင်တယ်။ ဒါပေမဲ့ နန်းတော်ထဲကိုတော့ ဝင်လိုက်ထွက်လိုက်တော့ မလုပ်ချင်ဘူး။ အခြေအနေက ရှုပ်ထွေးနေတယ်မဟုတ်လား။ ဘာဖြစ်မလဲ၊ ဘာဖြစ်မလဲနဲ့ တထိတ်ထိတ်ဖြစ်နေရတာ။ ပျော်စရာတော့ ကောင်းပါသေးတယ်လေ။ ဒါပေမဲ့ ဘုရင်ကိုယ်တိုင်က ခုတစ်မျိုး တော်ကြာတစ်မျိုး ဖြစ်နေတော့ သူ့အပါးခစားနေသူတွေဆိုရင် . . ."

"ဖဲင်နီ့အဖေကလည်း ရာဇမာန်ရှိလို့ တော်တော်ကြာတယ်"

"ဟုတ်ပါတယ် . . . ငါသိပါတယ်။ အမှန်ကတော့ ဘာမှ ကြီးကြီးကျယ်ကျယ် အကြောင်းရှိတာ မဟုတ်ဘူး။ မလိုတဲ့သူက ကုန်းချောလို့ ဖြစ်ရတာ။ နင့်အဖေဟာ နိုင်ငံခြားသားဆိုရင် အကြောင်းမဟုတ်ဘူး။ သူ နယ်နှင်ဒဏ်ခံရတုန်းက ရန်ကုန်မှာ ငါနဲ့ ခဏခဏတွေ့သားပဲ။ သူမို့လို့ မန္တလေးကို ပြန်သွားတာ။ ငါသာဆိုရင် ပြန်တော့မှာမဟုတ်ဘူး။ အေးလေ . . ရွှေနန်း တော်ထဲမှာ သူ့အတွက် မျှော်ကိုးစရာတစ်ခုခုရှိလို့ ဖြစ်ချင်ဖြစ်မှာပေါ့"

"မန္တလေးက ပျော်စရာကောင်းရဲ့လားဟင်၊ ညွှဲခံပွဲတွေ၊ ဘာတွေကော ရှိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖဲင်နီက မေးသည်။

မာလိန်မှူးက မျက်မှောင်ကုပ်လိုက်လျက် . . .

"မင်းတို့လို လူငယ်တွေအတွက် ပျော်ပါးစရာတော့ သိပ်မရှိတော့ဘူးပေါ့။ လူမျိုးကတော့ စုံနေတာပဲ။ ပြင်သစ်တွေရှိတယ်။ အီတလျံ၊ ဂရိတွေ၊ အာမေးနီးယန်းတွေလည်း ရှိတယ်။ အင်္ဂလိပ်လူမျိုး နည်းနည်းပါးပါးလည်းရှိတယ်။ ဒါပေမဲ့ သူတို့ကလည်း သာသနာပြုတွေဆိုတော့ သိပ်ပြီး အဆက်အဆံမရှိဘူး။ သူတို့ဘာသာပဲ နေကြတာပဲ"

ဖဲင်နီက စိတ်ပျက်သည့်ဟန် နှာခေါင်းရှုံ့လိုက်သည်။ အက်ဂါသာကမူ လေးနက်သည့်ဟန်ဖြင့် . . .

"ကျွန်မကတော့ ပျော်ပွဲရွှင်ပွဲတွေကို သိပ်ဝါသနာမပါဘူး။ ဖေဖေ့ရဲ့သာသနာပြုလုပ်ငန်းတွေမှာ ကူညီလုပ်ကိုင်မယ်လို့ စိတ်ကူးထားတာပဲ"

ဘက်ရှောက စဉ်းစားတွေးတော နေရာမှ . . .

"အင်း . . . အစကတော့ ဒီလိုပဲပြောကြတာပဲလေ။ ဟော . . . ဟော . . . မိကျောင်းကို မြင်ဖူးကြသလား။ ဟော . . . ဟိုအစပ်မှာ . . . ကြည့်စမ်း"

စိတ်ဝင်စားစရာတော့ ကောင်းသည်။ ရုတ်တရက်ကြည့်လျှင် သစ်တုံးကြီးတစ်လုံးဟု ထင်ရသည်။ သို့ရာတွင် အနီးမှ သင်္ဘောကပ်ခုတ်သွားသည့်အခါတွင်မူ ထိုသတ္တဝါသည် ရုပ်ဆိုးလှသော အာခေါင်ကြီးကိုဖြဲကာ အကြေးခွံတွေပြောင်လက်နေသော အမြီးကြီးကို ယမ်းလျက် နောက်ကျိနေသောရေထဲ ငုပ်လျှိုးသွား၏။

အက်ဂါသာသည် မိကျောင်းကြီးကိုကြည့်၍ အော်ဂလီဆန်လာသည်။ ဖဲင်နီကမူ ကြောက်စရာကောင်းသည့် မိကျောင်းကိုကြည့်၍ပင် ပျော်နေလိုက်သေးသည်။ ဧရာဝတီမြစ်ကို ဆန်တက်သွားရသည်က ပျော်စရာ။ အတန်ကြာသောအခါတွင် ငါးပိ၊ ငါးခြောက်နံ့တို့လည်း ယဉ်သွားလေပြီ။ ဖဲင်နီသည် ထိုအရာများအားလုံးကို သဘောကျနေသည်။

ညနေချမ်းတွင် ရွာကလေးဆီမှ လွင့်မျောလာသော သင်းပျံ့ပျံ့ရနံ့၊ ကောင်းကင်နှင့်မြစ်ယံတွင်ပြေးနေသော ကြည်လဲ့လဲ့အရောင်၊ ပျော်ရွှင်နေကြသော လူများ၏ စကားပြောသံများ၊ လုံချည်တောက်တောက်ကိုဝတ်၍ ပန်းနုရောင်၊ အစိမ်းရောင်၊ အပြာရောင်ခေါင်းပေါင်းတို့ကို ပေါင်းထားသည့် အမျိုးသားခေါင်းပေါ်တွင် ပြောင်လက်ချောမွေ့နေသည့် ဆံပင်ကို ထုံးဖွဲ့ထားကြသည့် လှပသေးသွယ်သော မြန်မာအမျိုးသမီးများကို သဘောကျနေလေပြီ။

အဖြူနှင့်အနက် တစ်ရစ်စီခြယ်ထားသည့် ဝါးနှစ်လုံးကိုကိုင်ကာ သင်္ဘောဦးမှနေ၍ ရေနက်ကို တိုင်းလိုက်လာသည့် ခေါ်တောကုလားနှစ်ယောက်၏ အော်သံတို့ကိုလည်း သူသဘောကျသည်။ သူတို့နှစ်ယောက်သည် ရေအနက်တိုင်းပြီးတိုင်း သံရှည်ဆွဲ၍ အတိုင်းအတာကို အော်ပြောတတ်ကြရာ သူ အတန်ကြာ ကြားရသော ဗရင်ဂျီတို့၏ ဓမ္မတေးသံကို နားထောင်ရသည်နှင့် တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ နေ့ဦးပေါက်ဖြစ်၏။ တောတောင်များတွင် ပန်းပွင့်တွေဝေနေကြလေပြီ။ အချို့က မရမ်းရောင်။ တောအုပ်များကြားထဲတွင် မြရောင်တောက်နေသော လယ်ကွင်းများကို ကြိုကြားကြိုကြား မြင်ရသည်။ ကမ်းဘေးတောင်ကမူ ထိပ်များပေါ်တွင် ထုံးဖွေးဖွေးစေတီကလေးများက သူတို့ကိုငုံ့ကြည့်လျက်။ ဆည်းလည်းသံကလေးများသည် မြစ်ယံကိုဖြတ်ကာ သူတို့ဆီရောက်လာသည်။

သင်္ဘောကြီး ကမ်းဆိုက်တော့မည်ဆိုလျှင် သင်္ဘောပေါ်မှ အသားမည်းမည်း၊ ခါးတွင် လုံကွက်တီကလေးတွေသာဝတ်ထားသည့် ခေါ်တောကုလား ခလာသီခြောက်ယောက်တို့က ကြိုးကို ပါးစပ်ဖြင့်ကိုက်ကာ ကမ်းသို့ လက်ပစ်ကူးသွားပြီး သင်္ဘောဦးကို ကမ်းစပ်သို့ရောက်အောင် ဆွဲယူကြရသည်။ ထိုအခါတွင် ကမ်းပေါ်က ရွာသူရွာသားတို့ကလည်း တစ်ဖက်ရပ် တဲကလေးများထဲတွင်ရပ်ကာ သင်္ဘောကြီးကိုကြည့်ရင်း စကားတွေ ဆူညံနေအောင် ပြောတတ်ကြသည်။

ဖဲင်နီနှင့် အက်ဂါသာတို့သည် ထိုရှုခင်းကို ရပ်ကြည့်တတ်ကြသည်။ တစ်ခါတစ်ရံတွင်လည်း မာလိန်မှူးအားလျှင် သူနှင့်အတူ ရွာထဲသို့ လမ်းလျှောက် ကြည့်တတ်ကြသေးသည်။ ကလေးတွေက ဖုန်ထဲတွင် လူးလိမ့်ကစားလျက်။ ကာလသားများက ခြင်းလုံးခတ်လျက်။ သူတို့၏ရယ်သံများသည် ထင်းမီးနံ့သင်းနေသည့် ညနေခင်းလေပြည်ထဲတွင် မျောပါလာတတ်ကြသည်။ လမ်းလျှောက်ပြီး သင်္ဘောပေါ်သို့ ပြန်ရောက်ကြသည့်အခါ ရေနံဆီမှန်အိမ်ကိုချ၍ ညစာစားကြသည်။ ပိုးဖလံကောင်များက မီးအိမ်အနီးတွင် ငွေစကလေးများကို ကြဲပက်ထားသည့်နှယ်။

ထို့နောက် တရှိမ်းရှိမ်းနှင့် ကျောက်ဆူးနှုတ်သံပေါ်လာပြီးလျှင် ရေယက်ကြီးများက စတင်လည်ပတ်စပြုလေပြီ။ သင်္ဘောမှ ရေပန်းရေမွှာတွေထွက်လာကာ သင်္ဘောသားများကလည်း ညာသံပေး၍ ရေတိုင်းကြသည်။ ထို့နောက်တွင်မူ သင်္ဘောကြီးသည် ရေလယ်သို့ထွက်လာကာ ကျောက်ချပြီးလျှင် ရေလယ်တွင် ညအိပ်ကြလေသည်။ ညညတွင် သူခိုးဓားပြပူတတ်သဖြင့် လုံခြုံရာရေလယ်တွင် ကျောက်ချထားခြင်းဖြစ်သည်။

နောက်ဆုံးတွင် သူတို့သင်္ဘောသည် မန္တလေးဆိပ်ကမ်းသို့ ဆိုက်၏။ သင်္ဘောကုလားခြောက်ယောက်တို့ကလည်း ကြိုးကို ပါးစပ်ဖြင့် ကိုက်၍ ကမ်းသို့ကူးသွားကြပြီးနောက် သင်္ဘောဦးကို ကမ်းနဖူးသို့ရောက်အောင် ဆွဲယူရသည်။ သင်္ဘောကြီးပေါ်မှ ကုန်းပေါင်ထိုးလိုက်သည်နှင့် ဖဲင်နီ၏ခရီးလည်း ဆုံးလေပြီ။

ပါပါသည် ကမ်းပါးထိပ်တွင်ရပ်၍ သူ့ကို လာကြိုနေသည်။ (အမှန်အားဖြင့်မူ အီတလီလို ခေါ်ချင်သော်လည်း ယဉ်ကျေးမှုအနေဖြင့် သူ့အဖေကို ဖဲင်နီက ပါပါဟုခေါ်တတ်သည်။) မည်းနက်သည့် မုတ်ဆိတ်ချွန်ချွန်နှင့် ပါပါကို ဖဲင်နီ ချက်ချင်းမှတ်မိလိုက်သဖြင့် အက်ဂါသာကိုခေါ်၍ ပြရသေးသည်။ သူနှင့်အတူ မျက်မှန်အနက်တပ်ထားသည့် သွားခေါ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်၊ မျက်နှာရှည်ရှည်၊ ဥရောပတိုက်သားတစ်ယောက်ကိုလည်း မြင်ရသည်။ အက်ဂါသာသည် သူမေ့ပျောက်ထားသည့် သွားခေါ်ခေါ်နှင့် သူ့အဖေကို မြင်လိုက်ရသည့်အတွက် စိတ်ပျက်သွားသည်။

ဂိုဏ်းအုပ်အာသာလန်စဒင်နှင့် သူ့သမီးအက်ဂါသာ ဆက်ဆံပုံသည် ခပ်စိမ်းစိမ်းဖြစ်နေကာ မစ္စတာမိုရိုနီနှင့် သူ့သမီးဖဲင်နီတို့ကို ဆက်ဆံသကဲ့သို့ ရင်းရင်းနှီးနှီးမရှိဘဲ နေကြသည်။ အက်ဂါသာသည် သူတို့သားအဖနှစ်ယောက်ကိုကြည့်၍ အားကျနေသည်။ သူတို့သားအဖနှစ်ယောက် ပွေ့ဖက်နမ်းရှုံ့နှုတ်ဆက်နေကြပုံသည် အင်္ဂလိပ်အမြင်တွင် တစ်မျိုးဖြစ်နေသည်။

ပစ္စည်းများကို တင်ပြီးသည့်အခါတွင် သူတို့နှစ်ယောက်သည် လာကြိုသည့်လှည်းယာဉ်ပေါ်သို့ အသီးသီးတက်ကြသည်။ အက်ဂါသာသည် သူ့စိတ်ထဲတွင် မှန်းလာသည့် သူ့အဖေ၏ရုပ်ပုံနှင့် တကယ်တွေ့ရသည့် သူ့အဖေ၏ရုပ်ပုံတို့ တစ်ခြားစီဖြစ်နေသည့်အတွက် စိတ်ပျက်သွားကာ ဖဲင်နီနှင့် ခွဲခွာလာခဲ့ရသည်ကို စိတ်မကောင်းဖြစ်နေသည်။ သို့ရာတွင် ဖဲင်နီကမူ မန္တလေးတွင်တွေ့ရမည့် သူ့ဘဝသစ်ကိုတွေးကြည့်၍ ဝမ်းသာလျက်ရှိရာမှ ပျော့ပျောင်းသည့် သူ့ကိုယ်ကလေးကို တစ်ချက်တွန့်ကာ ဆေးရောင်စုံခြယ်သည့် လှည်းနောက်မြီးပေါ်သို့ ခုန်တက်လိုက်သည်။ အက်ဂါသာမှာမူ သူတစ်ပါးအကူအညီဖြင့် လှည်းပေါ်သို့ မနည်းတက်ယူရ၏။

မစ္စတာမိုရိုနီ၏လှည်းသည် ရေ့မှထွက်ကာ ကြမ်းတမ်းဆိုးရွားသည့် လမ်းမကြီးပေါ်တွင် ခပ်သွက်သွက်ကလေးပြေးနေသည်။ ဆိပ်ကမ်းမှမြို့ထဲအထိ လမ်းကလည်း ချိုင့်တွေ၊ ကျင်းတွေ၊ တစ်ပေလောက်နက်သည့် လှည်းဘီးရာကြီးတွေနှင့်။ လှည်းနောက်တွင်မူ ဖုန်လုံးကြီးတွေ အလိပ်လိုက်ထနေသည်။ မန္တလေးတွင် နွေရာသီဆိုလျှင် ထိုသို့ပင် ဖုန်တွေထတတ်သည်။ ဖဲင်နီသည် သူ့အဖေ၏ လက်မောင်းကိုကိုင်ကာ မြင်မြင်သမျှကို တအံ့တဩဖြင့်ကြည့်နေသည်။ ယခုမူ သူစိတ်ပျက်ရမည့်အလှည့်သို့ ရောက်ပေပြီ။ မည်မျှ ညစ်ပတ်စုတ်ပြတ်လိုက်ပါသနည်း။ သစ်သားအိမ်ကုပ်ကုပ်ကလေးတွေ၊ ပေါင်းမြက်တွေဖုံးနေသည့် ကွင်းပြင်ကြီးတွေ၊ တဲကုပ်ကလေးတွေ။

မစ္စတာမိုရိုနီသည် သူ့သမီး ဖဲင်နီ၏ အခြေအနေကို အကဲခတ်လိုက်မိ၏။

"ဒါတွေကိုကြည့်ပြီး စိတ်ပျက်မနေနဲ့ဦး သမီးရဲ့၊ ပါပါတို့ဖြတ်လာတဲ့ ရပ်ကွက်ကကုလားမြို့လို့ခေါ်တယ်။ ဗမာတွေကတော့ နိုင်ငံခြားသားမှန်ရင် ကုလားလို့ခေါ်လိုက်ကြတာပဲ၊ အင်္ဂလိပ်တွေ၊ အီတာလျံတွေ၊ ပြင်သစ်တွေအားလုံးကိုလည်း ကုလားလို့ခေါ်ကြတာ ပဲ။ အဲ . . . တရုတ်နဲ့ရှမ်းကိုတော့ ကုလားလို့မခေါ်ဘူး။ တို့က နန်းမြို့ရိုးရဲ့အပြင်ဘက်ကအိမ်မှာနေရမှာ"

မစ္စတာမိုရိုနီက ထုံးစံအတိုင်း ခပ်ပြုံးပြုံးဖြင့် ပြောသည်။ ပါပါသည် အင်္ဂလိပ်စကားကို ကောင်းစွာပြောနိုင်သော်လည်း တိကျအောင် ဂရုစိုက်၍ ပြောလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့သူငယ်ချင်းက သဘောကောင်းပုံရတယ်နော်။ ပြီးတော့ သည့်ပြင် အင်္ဂတွေလို ခပ်အေးအေးပဲထင်တယ်"

"ဟုတ်တယ် ပါပါ။ အက်ဂါသာက သဘောကောင်းပါတယ်။ ဟော . . . ပါပါ . . . ဟို မှာကြည့်စမ်းပါဦး၊ ဘုန်းကြီးတွေနော်။ သမီးကောင်းကောင်း မှတ်မိတာပေါ့။ မျက်နှာကို ယပ် တောင်တွေနဲ့ ကွယ်ထားတယ်နော်"

"ဗုဒ္ဓဘာသာဝင်တွေက ဗရင်ဂျီဘာသာဝင်တွေနဲ့ တော်တော်ဆင်တယ်"

ဟု ပါပါက မှတ်ချက်ချသည်။

ဖိုင်နီသည် သင်္ကန်းဝါဝါများကို ဝတ်ဆင်ထားသည့် ဘုန်းတော်ကြီးများကိုကြည့် လိုက်ရင်း . . .

"ဗရင်ဂျီဘာသာမှာ ဘုန်းကြီးတွေက လက်ထပ်ခွင့်ရတယ်လေ ပါပါ။ အက်ဂါသာ ကတော့ သူတို့ဘုန်းကြီးတွေ ဒီလိုအိမ်ထောင်ပြုတာ မကြိုက်ဘူးတဲ့။ အက်ဂါသာဟာ တစ် နေ့မှာ ဘုန်းကြီးနဲ့ပဲ ရမှာထင်ပါရဲ့နော် ပါပါ။ သူ့အဖေကကော ဘယ့်နယ်နေလဲ ပါပါ"

"သူက ဆရာမှတ်(ဒေါက်တာမတ်)နေရာကို ရောက်လာတဲ့သူလေ။ ဆရာမှတ်လို လူတော်တော့မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီလို မတော်တဲ့အတွက်လည်း သူ့အဖို့ ဟန်ကျတာ ပေါ့လေ"

"ပါပါ . . . ဗမာဘုရင်က ပါပါတို့အပေါ်မှာ ကောင်းကောင်းဆက်ဆံရဲ့လားဟင်။ ပြီးတော့ မေမေက သမီးကို မိဖုရားတွေဆီကို ခေါ်သွားမှာလားဟင်"

မစ္စတာမိုရှိနီက ပုခုံးကို တွန့်လိုက်သည်။

"ပါပါ့မှာ အပြစ်မရှိတဲ့အတွက် ဗမာဘုရင်က ခွင့်လွှတ်လိုက်ပြီလေ။ မွန်စီယာဒီ လန်ဖေးနဲ့ သူ့သမီးဟာ သူလိုချင်တဲ့ ကတ္တီပါတွေနဲ့ ပိုးအုပ်တွေကို ရက်မပေးနိုင်ဘူးဆိုတာ သိသွားပြီပေါ့။ ဒါပေမဲ့ ပါပါက ဘာမှမပြောပါဘူး။ ဘုရင်တွေထုံးစံအတိုင်း ဗမာဘုရင်ဟာ လည်း ကောင်းပါတယ်။ တို့အီတလီက စစ်သူကြီး ဂါရီဗော်လဒီတို့လိုပေါ့"

ဘုရင်အုပ်စိုးသည့် စနစ်ကိုကြိုက်သည့် ဖိုင်နီကလည်း ဘာမှမပြောတော့ဘဲ သူ့ ပတ်ဝန်းကျင်ကို ငေးမောကြည့်ရှုလိုက်ပါခဲ့သည်။ အချိန်မှာ နေ့ခင်းနားချိန်ဖြစ်၍ ကုလားမြို့ တစ်မြို့လုံးသည် တိတ်ဆိတ်လျက်ရှိ၏။ ဇရပ်တစ်ဆောင်ဘေးတွင်မူ သင်္ကန်းဝါဝါကို ဆီး ထားကြသည့် ဘုန်းတော်ကြီးများသည် တရားထိုင်လျက်ရှိကြသည်။ အိန္ဒိယကုန်စုံဆိုင် ပိုင်ရှင်များမှာ မြက်ဖြာပေါ်တွင် အိပ်သူကအိပ်လျက်ရှိကြပြီး အချို့ကလည်း တမာအိုးကြီးကို ရှူလျက်ရှိကြသည်။

လမ်းကြားကလေးတစ်ခုဆီမှ ချူသံတချွင်ချွင် မြည်နေသဖြင့် တရုတ်ပြည်ဘက် မှလာသော လားဝန်တင်တန်းတစ်ခုရောက်နေကြောင်း သိရသည်။ လားဝန်တင်မှာ လား ကောင်ရေ နှစ်ဆယ်ပါပြီး ကျောပေါ်တွင် ဝန်ထုပ်ကြီးများတင်ထားသည်။ လားဝန်တင်တန်း ကြီးသည် ခွာသံတဖြောင်းဖြောင်းပေးကာ နွားလှည်းများအနီးမှ ဖြတ်သန်းသွားကြ၏။ ကြေး



www.burmeseclassic.com

www.burmeseclassic.com



နီရောင်သမ်းနေသော မျက်နှာများပေါ်တွင် မြက်ခမောက်ကြီးတွေကို ဆောင်းထားသည့် တရုတ်ကုန်သည်များကိုကြည့်ရသည်မှာ ဘယ်သူ့ကိုမှ ထီမထင်သည့် အမူအရာမျိုးဖြစ်သည်။

တရုတ်ကုန်သည်များသည် လှည်းပေါ်တွင် ထိုင်လိုက်လာသည့် ဖဲင်နီကို မျက်လုံးကျဉ်းကျဉ်းလေးများဖြင့် လှမ်းကြည့်ကြသည်။ သူတို့နှုတ်ခမ်းများမှာ သွေးများပေကျံနေသည့်နယ်၊ ကွမ်းသွေးများကြောင့် မည်းနက်ပြာနမ်းလျက်။ သူတို့ဘေးတွင်မူ အမွေးဖွားဖွားနှင့် တရုတ်ခွေးကလေးများ ပြေးလိုက်လာကြသည်။ လားဝန်တင်တန်းကြီးသည် ကွက်လပ်တစ်ခုတည်းတွင် စခန်းချကာ လားများပေါ်တွင် တင်ထားသည့် အထုပ်အပိုးများကို ချနေသည်။

"ဟော . . . ရောက်လာပြီ"

ဟု ဖဲင်နီက အလန့်တကြား အော်လိုက်သည်။

မစ္စတာမိုရိနီသည် ကြာဖြူတွေပေါက်နေသည့် ကျုံးကြီးနှင့် နီကြန်ကြန်မြို့ရိုးကြီးကို လှမ်းကြည့်လိုက်ပြီးနောက် . . .

"ဟုတ်တယ် . . . သမီး၊ ရောက်ပြီ။ မန္တလေးရွှေမြို့တော်ဆိုတာ အဲဒါကိုခေါ်တာ။ ကုလားတွေနေတဲ့နေရာကို ခေါ်တာမဟုတ်ဘူး။ အဲဒီနန်းမြို့ရဲ့အလယ်ကောင်မှာ ရွှေနန်းတော်ကြီးရှိတယ်။ ပါပါတို့ကတော့ အဲဒီရွှေနန်းတော်ကြီးနဲ့ မနီးမဝေးမှာ နေခွင့်ရကြတာပေါ့"

ဖဲင်နီသည် သူ့ပါပါပြောသည့် စကားများကို တစ်လုံးမျှ မကြားတော့။ မန္တလေးရွှေမြို့တော်ကြီးကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။ သူ့စိတ်ထဲတွင် မန္တလေးရွှေမြို့တော်ကြီးလောက် လှသည့်မြို့၊ မန္တလေးရွှေမြို့တော်ကြီးလောက် ထူးဆန်းသည့်မြို့ဟူ၍ ကမ္ဘာတွင် ရှိမည်ကိုမထင်တော့။

နှင်းဆီရောင်သမ်းနေသည့် မြို့ရိုးတစ်လျှောက်တွင် ပြာသာဒ်ကလေးတွေက အကွာအဝေးညီညီဖြင့် အစီအရီ။ ထိုပြအိုးကလေးများသည် ကြာနီပွင့်များ လန်းလန်းစွင့်စွင့် ပွင့်နေကြသည့် ကျုံးရေထဲတွင် အရိပ်ထင်နေကြသည်။

ကျုံးရေထဲတွင်လည်း ကရဝိက်ဖောင်ကြီးတွေ တန်းစီလျက်။ နေခြည်ထဲတွင် အရောင်တလှပ်လှပ်နှင့်။ အဝေးမှ လှမ်းကြည့်လိုက်သည့်အခါ မှိုင်းပြာသည့် ရှမ်းရိုးမတောင်တန်းကြီးများနောက်ခံတွင် မီးပွင့်ကလေးတွေလို တဲလက်လက်ဖြစ်နေကြသည်။ ကျုံးဘေးက မြက်ခင်းမှာ စိမ်းလန်းလျက်။ အချို့နေရာများတွင် သရက်ပင်တို့ ဝေဝေဆာဆာ။ တံတားဖြူဖြူကလေးသည် ကြာပွင့်တွေဝေနေသော ကျုံးကို ဖြတ်ကူးထားသည်။

ဖဲင်နီသည် မြင်ရသည့်ရှုခင်းကို ငေးကြည့်လိုက်ပါလာစဉ် နန်းမြို့ရိုး အထက်ဆီမှ ခေါ်လာသော နာရီမောင်းသံကို ကြားရသည်။

"ရွှေနန်းတော်ကြီးနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ဗဟိုရ်စည်စင်က တီးလိုက်တဲ့ နာရီမောင်းသံလေ"



www.burmeseclassic.com

www.burmeseclassic.com


ဟု ပါပါပြောသည်။

"ပါပါကော ရွှေနန်းတော်ကြီးထဲကို နေ့စဉ် အစားဝင်ရသလား"

"သွားရတာပေါ့။ သမီးလည်း နောက်တော့ အစားဝင်ရမှာပါ။ ဟိုရောက်ရင် သမီးလည်း အဖော်တွေတွေ့သွားမှာပါ။ ဗရင်ဂျီဘာသာဝင်တွေ၊ ပရိုတက်စတင့် ဘာသာဝင်တွေ၊ ဘုန်းကြီးတွေ၊ သီလရှင်တွေလည်း အများကြီးပဲ။ ရွှေနန်းတော်ကြီးမှာ အစားဝင်ဖို့ စောင့်နေကြတာတွေကို တွေ့ရလိမ့်မယ်။ ကဲ . . . ခုတော့ ပါပါတို့အိမ်ကို တန်းသွားကြဦးစို့"

သူတို့စီးလာသည့် လှည်းယာဉ်ကလေးသည် လမ်းတစ်ခုထဲသို့ ချိုးဝင်လာခဲ့ကာ မန်ကျည်းပင်၊ သရက်ပင်များဖြင့် ဝေဆာနေသည့် ဝင်းတစ်ခုရှေ့တွင် ရပ်လိုက်သည်။ အသားညိုညို၊ ခပ်ဝဝ၊ အရပ်ထောင်ထောင်မောင်းမောင်းနှင့် မစ္စစ်မိုရှိနီသည် ခါးတွင် ညစ်ပတ်သည့် အဝတ်တစ်ထည်ကို စည်းထားရင်း သူတို့ကို လှေကားဝမှာ ကြိုနေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# ၄

## ဂျူလီ

ထို့နောက်ရက်များကား ဖင်နီအဖို့ စိတ်ပျက်စရာကောင်းလှသည်။ ဖင်နီသည် ဇိမ်ရှိရှိ နေတတ်သူမဟုတ်။ တစ်ခါမျှလည်း မနေဖူးခဲ့။ သူနေခဲ့သည့် ဗရိုက်တန်ကျောင်းသည် မိဘများလာလျှင် တွေ့ဆုံဖို့ အကျအနပြင်ဆင်ထားသည့် ဧည့်ခန်းဆောင် ကောင်းကောင်းရှိသည့်တိုင် ခပ်ရိုးရိုးရှင်းရှင်းဖြစ်၏။ သို့တိုင်အောင် ဗရိုက်တန်ကျောင်းက အဆင့်အတန်းသည် သူ့အဖေနေရသည့်အိမ်ထက် အများကြီးသာသည်။

မန္တလေးတွင် ကုလားများနေရသည့်အိမ်သည် ရိုးရိုးသစ်သားအိမ်ဖြစ်သည်။ သူ၏ခြံဝင်းမှာ ဖို့မြေဝင်းကြီးဖြစ်လျက် ဝင်းထဲတွင် မန်ကျည်းပင်၊ သရက်ပင်များ အုပ်ဆိုင်းနေတတ်သည်။ သို့ရာတွင် ဝင်းဟုသာဆိုသော်လည်း ခြံစည်းရိုးကောင်းကောင်းမွန်မွန်မရှိ။ ဖြစ်ကတတ်ဆန်းကာထားသည့် ခြံစည်းရိုးမျှသာ ဖြစ်သည်။ ဘုရင်၏အမိန့်မရဘဲ မည်သည့်အိမ်မှ အုတ်တံတိုင်းမခတ်ရ။

လမ်းများမှာ ဖြောင့်တန်းနေအောင် အကွက်ကျကျဖောက်ထားကာ လမ်းဘေးတွင် သစ်ပင်များစိုက်ထားသည့်တိုင် ချိုင့်တွေ၊ ကျင်းတွေပြည့်နေသော လမ်းများဖြစ်၏။ မန္တလေးမြို့၏ အဓိက ပို့ဆောင်ရေးယာဉ်ဖြစ်သော လှည်းများမှာ အဆိုးဆုံးပင်။ လှည်းဘီးကြီးများမှာ သစ်သားဂျပ်ဘီးကြီးများဖြစ်ပြီး ဝင်ရိုးများကလည်း ဆီမထည့်သဖြင့် နားမခံသာအောင်မြည်သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်မှမိုးချုပ်ထိ လှည်းဝင်ရိုးသံများမှာ တကျွိကျွိ မြည်လျက်ရှိ၏။ ညဆိုလျှင် ခွေးလေခွေးလွင့်များ၏ ဟောင်သံများမှာ ဟင်းလင်းပြင်ထဲမှ မြည်သံများလို ပို၍ ကျယ်လောင်သည်ဟု ထင်ရ၏။ ဖဲင်နီသည် ကျန်းမာသန်စွမ်းသည့် အရွယ်ဖြစ်၏။ သို့ရာတွင် ညစ်ပတ်သောကြောင့် စိတ်ညစ်လာခဲ့လေပြီ။ အမေမှာ အမြဲတမ်း ခါးစည်းအဝတ်ကြီးကိုဝတ်ကာ လှုပ်ကုလားထိုင်ကြီးတစ်လုံးပေါ်တွင် ထိုင်နေတတ်သည်။ အစားအသောက်ကလည်း ထမင်းနှင့်ဟင်းကိုသာ စားရနေရ၏။ ယင်တွေကလည်း ပေါပါဘိခြင်း။

သူတို့အိမ်တွင်နိုင်းသည့် မဒရာစီအစေခံကလည်း အသားမည်းနက်နေရသည့်အထဲတွင် မျက်နှာက အမြဲတမ်းမှုန်နေသည်။ ရွှင်လန်းသွက်လက်သည့် မြန်မာလုည်းသမားများနှင့် တခြားစီ။ သို့ရာတွင် ပါပါကမူ အိမ်မှာ မဒရာစီအစေခံထားရသည်က ကောင်းကြောင်း၊ မြန်မာဆိုလျှင် ရွှေနန်းတော်ကြီးမှ သူလျှိုအထောက်တော်များ ဖြစ်နိုင်ကြောင်းဖြင့် သူ့ထုံးစံအတိုင်း အေးတိအေးစက်နှင့် ပြောတတ်သည်။

မြန်မာအိမ်များကလည်း နိုင်ငံခြားသူလျှိုဖြစ်မည်ကို စိုးရိမ်သဖြင့် ကုလားကိုမထားချင်။ အနောက်တိုင်းအသိပညာများ၊ အနုပညာများကို ယူဆောင်လာသောကြောင့် ကုလားများ၊ အထူးသဖြင့် အင်္ဂလိပ်လူမျိုးများအား အင်းဝရွှေနန်းတော်ကြီးက ဆီးကြိုလက်ခံခြင်းပြုသည့်တိုင် ဆန်ရေစပါးပေါသော ပဲခူးနယ်ကို မင်းတုန်းမင်းကြီး၏နောင်တော် (နန်းကျဘုရင်ပုဂံမင်း) ထံမှ လုယူခဲ့သဖြင့် နိုင်ငံခြားသားများကို သင်္ကာမကင်း ဖြစ်နေတတ်သည်။

ထိုအချိန်၌ မင်းတုန်းမင်းကလည်း ပြင်သစ်တို့ကို ခပ်ဖယ်ဖယ်လုပ်ကာ အီတလီနှင့် အဆက်အဆံများသည့် အချိန်ဖြစ်သည့်အလျောက် အီတာလျံလူမျိုးဖြစ်သည့် မိုရိနီမှာ မြှောက်စားခံနေရသည့် အချိန်ဖြစ်သည်။ သို့ရာတွင် ဇနီးလုပ်သူမှာ အင်္ဂလိပ်ကပြားဖြစ်ပြီး သမီးဖြစ်သူကိုလည်း အင်္ဂလန်ရှိ ကျောင်းတစ်ကျောင်းသို့ ပို့ထားသည်။ ရွှေနန်းတော်ကြီးမှ ချီးမြှင့်၍ မြှောက်စားခံရသည်မှာ ဘာမှ မသေချာ။ ယနေ့တွင် မြှောက်စားခံနေရသော်လည်း မနက်ဖြန်တွင် အရာကျချင် ကျနေတတ်သည်။ မင်းတုန်းမင်းသည် သူ့နောင်တော်ပုဂံမင်းနှင့် ခမည်းတော်သာယာဝတီမင်းလို သွေးထွက်သံယိုမှုကို လိုလားခြင်းမရှိသည့်တိုင်၊ ကြင်နာသနားတတ်၍ ဘာသာတရားကိုင်းရှိုင်းသည့်တိုင် အလောင်းဘုရားသွေးပီပီ စိတ်မြန်သူဖြစ်သည်။

မန္တလေးရွှေမြို့တော်သို့လာသည့် နိုင်ငံခြားသားများသည် စွန့်၍လာကြရခြင်းဖြစ်သည်။ မင်းတုန်းမင်းကိုယ်တိုင်ကဖိတ်ကြား၍ ရောက်လာသည့် မတ်မွိုင်ဖယ်လီဒန်ဖေးတို့ပင် စွန့် ၍လာကြရခြင်းဖြစ်သည်။ လျှို့ဝှက်ကြံစည်မှုတွေကလည်း ဒုနှင့်ဒေး ရှိနေတတ်သည်။ ထိုပတ်ဝန်းကျင်မျိုးသည် သူ့ပင်ကိုယ်သဘာဝနှင့် ကိုက်သည်ဟု ဖဲင်နီထင်မိသော်လည်း ထိုလျှို့ဝှက်ကြံစည်မှုများသည် နန်းတော်အပြင်ဘက်တွင်မရှိဘဲ နန်းတွင်းမှာသာ ရှိခြင်းဖြစ်သည်။ ဖဲင်နီရောက်လာပြီး တတိယမြောက်နေ့တွင် သူ့ဖခင်မိုရိနီသည် နန်းတော်ကြီးမှပြန်



www.burmeseclassic.com

www.burmeseclassic.com


အလာတွင် စာတစ်စောင်ကို ယူလာခဲ့သဖြင့် ဖိုင်နီ အမောတကောဖတ်မိသည်။ သူ့အဖေက မှ သူ့ထုံးစံအတိုင်း ဖိုင်နီကို ပြုံးစနွဲ့နဲ့ဖြင့် ကြည့်နေသည်။ ဖိုင်နီသည် ထိုအပြုံးကို မြင်လိုက် လျှင် စိတ်မသက်မသာ ဖြစ်ရ၏။

"မတ်မွိုင်ဇယ်ဆီကစာလေ၊ ဂျူလီဒီလန်ဖေးဆီက"

ဟု ပါပါက အေးစက်စက်ဖြင့် ပြော၏။

ဖိုင်နီသည် စိတ်ပျက်သွား၏။ သို့ရာတွင် မျက်နှာပေါ်တွင်ပေါ်နေသည့် စိတ်အား ထက်သန်မှုကို မပျက်စေဘဲ ဝမ်းမြောက်ဝမ်းသာဖြင့် . . .

"မတ်မွိုင်ဇယ်ဒီလန်ဖေးဆီက . . . ဟုတ်လား ပါပါ။ ဝမ်းသာလိုက်တာ ပါပါရယ်။ သူက သိပ်ကြီးပြီလား၊ခပ်ငယ်ငယ်လား ပါပါ"

"သိပ်ကြီးပြီ။ သုံးဆယ်လောက်ရှိရောပေါ့"

"ဟင် . . . ပါပါကလည်း"

ဟုဆိုကာ စာအိတ်ကို ဖွင့်ဖတ်ပြီးနောက် . . .

"ဒီနွေညနေ ရွှေနန်းတော်ကြီးထဲကိုလာပြီး သူနဲ့ ကော်ဖီသောက်လှည့်ပါလို့ ဖိတ် တာ"

"သမီးက သွားချင်လို့လား။ သူတို့သားအဖနှစ်ယောက်က ခပ်ကုပ်ကုပ်ပဲ နေကြ တာ။ ပြင်သစ်ကုန်သည် ဆိုပါတော့ကွယ်"

"သွားရမှာပေါ့ ပါပါရဲ့ အက်ဂါသာကိုပါ ခေါ်သွားရင်ကော"

"မခေါ်သွားရင် ကောင်းမယ်ထင်တယ်။ ပြင်သစ်တွေဟာ သည့်ပြင်လူတွေနဲ့ သိပ် အပေါင်းအသင်းလုပ်ကြတာ မဟုတ်ဘူး။ သူတို့အချင်းချင်းလောက်ပဲ ပေါင်းကြတာ။ ဒီလန် ဖေးတို့က ဗရင်ဂျီဘာသာဝင်တွေ၊ စိန့်ဂျိုးဇက်ကျောင်းက ဘုန်းကြီးတွေ၊ သီလရှင်တွေနဲ့ လည်း သိတယ်။ နာမည်ကျော် ဘီရှော့ဘီဂန်ဒတ်လည်း သူတို့နဲ့အတူနေနေတယ်။ ပြီးတော့ သူတို့မှာ မြန်မာမိတ်ဆွေလည်း အများကြီးပဲ။ နန်းမြို့အပြင်မှာ နေတယ်ဆိုပေမဲ့ ရွှေနန်းတော် ကြီးက သူတို့ကိုတော်တော် မြှောက်စားထားတယ်လေ"

"ဒီလိုဆိုရင်လည်း သူ့ကို ခေါ်မသွားတော့ဘူးလေ။ သူ့သမီးကို ဒီနွေ လက်ဖက်ရည် သောက် ဖိတ်ထားလို့။ ဒီတော့ သမီးသွားစရာတစ်ခုရှိလို့ဆိုပြီး ဖျက်လိုက်မယ်"

ဖိုင်နီသည် မန္တလေးသို့ရောက်သည်နောက် ပထမဆုံးအကြိမ်အဖြစ် ပျော်သွား တာ ကဲ့ထွက်သွား၏။ သူတို့အိမ်နှင့်စာလျှင် ဒီလန်ဖေးတို့အိမ်ကို သူ သဘောမကျဘဲ မနေ နိုင်။ ဒီလန်ဖေးတို့အိမ်မှာ ဝင်းခြံနှင့် အဝါရောင်ခြယ်ထားသည့် တိုက်အိမ်ကလေးတစ်လုံးဖြစ် ပြီး ပြင်သစ်ပြည်တောင်ပိုင်းမှ တိုက်ရိုက်တင်သွင်းဟန်တူသည့် တရုတ်ကတ်အစိမ်းရောင် လေးများတပ်ထားသည်။ နွယ်ပင်က နံရံပေါ်သို့ တက်လျက်။ နွယ်ပင်တွေကြားထဲတွင် ပန်း ပွင့်ပြာကလေးတွေ ပွင့်နေကြသည်။ ကြက်ဖများနှင့် ကြက်မများသည် ရှည်မျောမျော ခြေ ခန်း နိမ့်နိမ့်လေးထဲတွင် ဝင်လိုက်ထွက်လိုက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်နှင့် ဆေဗရီကြွေကော်ဖီပန်းကန်စုံများ၊ မုန့်ပန်းကန်ပြားများကို အဖြူရောင်ပေါ်တွင် အဝါခြောက်ကလေးတွေ ဖောက်ထားသည့် အဝတ်တစ်ခုဖြင့် အုပ်ထားသည်။ ပင့်ကူမြားတို့ယက်နေသည့် ပိုင်ပုလင်းနစ်လုံးကို လိမ္မော်သီးပန်းကန်နားတွင် ချထား၏။ ညနေခင်း နေခြည်ဖျော့ဖျော့သည် ထိုချစ်စရာပစ္စည်းလေးများပေါ်သို့ ထိုးကျနေရာ ပန်းကန်စွန်း၊ ပန်းကန်နှုတ်ခမ်းများပေါ်တွင် တလက်လက် ဖြစ်နေကြသည်။

ဆေးဖြူသုတ်ထားသည့် နံရံတွင် ခရစ်တော်၏ ရောင်စုံပုံတော်၊ ဖကရီဘုရင်မကြီး ယူဂျင်နီ၏ပုံနှင့် ရင်အုံတွင် ဓားလွယ်ယှက်ထားသည့် စတားဗက်မေတာ၏ပုံတို့ကို ချိတ်ဆွဲထားသည်။ အနီးရှိ စားပွဲလေးတစ်လုံးပေါ်တွင်မူ ဗရင်ဂျီသာသနာပြုနှင့် ဗုဒ္ဓစာပေသုတေသီတစ်ဦးဖြစ်သူ ဘုန်းတော်ကြီးဘီဂန်ဒတ်တို့၏ပုံတို့ကို တင်ထားသည်။

ဂျူလီဒီယန်ဖေးသည် ဧည့်သည်တော်ကြီးများကို ကြိုဆိုရန် အခန်းအလယ်တွင် ရပ်လျက်။ ရုတ်တရက်ကြည့်လိုက်လျှင် ဒီလန်ဖေးသည် မလှပဟု ဖင်နီထင်လိုက်မိသည်။ သို့ရာတွင် အဆင်အပြင်မှာ အလွန်ကျက်သရေရှိသည်။ ကျောက်ပေါက်မာသက်သက်ရှိပြီး အသွေးအရောင်မဲ့သော အသားမှာ ခပ်ကြမ်းကြမ်းပင်။ လုပသော မျက်နှာပေါက်မှာလည်း ခပ်ပိန်းပိန်းဖြစ်သွား၏။

ညိုလဲ့နူးညံ့သည့် မျက်လုံးများသည် အားနည်းသည့်နှယ် အဝေးသို့ကြည့်လျှင် မျက်မှောင်ကုပ်ကာ မျက်လုံးကို မှေးကြည့်တတ်သည်။ ပြုံးလိုက်လျှင် ညီညာဖြူဖွေးသည့် သွားကလေးတွေ ပေါ်လာပြီးလျှင် ခပ်မတ်မတ်ထိုင်လိုက်တတ်သည်။ စကားပြောသည်ကို နားထောင်လျှင် ခေါင်းကလေးက တညိတ်ညိတ်လုပ်နေတတ်သဖြင့် သူ အထက်တန်းစားဟန်သည် ပို၍ ထင်ရှားနေသယောင်ရှိ၏။ အင်္ကျီမှာ အပြာနုရောင် ပိုးအင်္ကျီဖြစ်ပြီး ကိုယ်တိုင်ချုပ်ထားခြင်းဖြစ်၏။ အင်္ကျီသည် သူ့ကိုယ်တွင် ချပ်ချပ်ရပ်ရပ်ကပ်လျက်ရှိသည်။

ဂျူလီဒီလန်ဖေးသည် နန်းမြို့တွင်းမြို့ပြင် နှစ်ရပ်စလုံးဝင်ဆံ့သော အမျိုးသမီးတစ်ယောက်ဖြစ်သည်။ စိတ်မြန်၍ ဟောဟောဒိုင်းဒိုင်း ပြောတတ်ပါသည်။ တစ်ခါတစ်ရံ လိုအပ်လျှင် နူးညံ့ပျော့ပျောင်း၍ လျှို့ဝှက်တတ်သူလည်းဖြစ်သည်။ ထို့ကြောင့် ဂျူလီဒီလန်ဖေးကို အကဲခတ်ရခက်သည်ဟု အချို့က ပြောကြခြင်းဖြစ်ပုံရသည်။

တစ်ခါတစ်ရံတွင်လည်း သူတစ်ပါးပြောသမျှကို တစ်လုံးမျှ ဝင်ရောက်ပြောဆိုခြင်း မရှိဘဲ တိတ်ဆိတ်စွာ နားထောင်နိုင်သူ ဖြစ်သည်။ သတ္တိကောင်းသော်လည်း ဘုရင်နှင့်တကွ ဆွေတော်မျိုးတော်များနှင့် ဆက်ဆံရာတွင် ရိုသေကိုင်းရှိုင်းတတ်သည်။ သူ့မျက်စိကွယ်တော့မည်ဟု ထင်လျက်ရှိကာ ထိုမျက်စိရောဂါကြောင့် လက်ထပ်ခြင်းမပြုတော့ဟုလည်း ဂျူလီက ပြောသည်။

မစ္စတာမိုရိုနီမှာမူ သူ့အတွေးများကို သူ့သမီးဖြစ်သူ ဖင်နီ နားလည်မည်မထင်သဖြင့် အရာခပ်သိမ်း ဖွင့်ဟပြောဆိုခြင်း မပြုတော့။ သူ့ပါပါ မစ္စတာမိုရိုနီသည် လင်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com


မယားသာနေရသောဘဝတွင် ကျင့်သားရနေလေပြီ။ ဖင်နီကလည်း သူ့အဖေ၏သဘောကို ရိပ်စားမိလိုက်သည်။

ဂျူလီသည် ဖင်နီကို ကောင်းစွာ ဆီးကြိုဧည့်ခံသည်။ ဖင်နီကို သူ့အဖေဖြစ်သူ ခပ်ပုပု၊ ခပ်တောင့်တောင့် မစ္စတာလီဒန်ဖေးနှင့် မိတ်ဆက်ပေးသည့်အခါတွင် ဂျူလီသည် ဖင်နီ၏လက်ကို သူ၏ပျော့ပျောင်းနူးညံ့သော လက်နစ်ဖက်ဖြင့် ဆုပ်ထားသည်။

စိန့်ဂျိုးဇက်သီလရှင်ကျောင်းမှ သီလရှင်နစ်ဦးလည်း ရောက်နေသည်ကို တွေ့ရ၏။ ယင်းတို့မှာ သီလရှင်ဆရာကြီး ထရီဇာနှင့် သီလရှင် ဆိုဖီယာတို့ဖြစ်ကြသည်။ သီလရှင်နစ်ဦးသည် ဖင်နီကို သိပ်အဖက်မလုပ်ကြဘဲ သူတို့အချင်းချင်းသာ စကားပြောနေကြ၏။ ဖင်နီသည် သူတို့ပြောသည့် ပြင်သစ်စကားများကို အကုန်အစင် နားမလည်သည့်တိုင် တိတ်ဆိတ်စွာသာ နားထောင်နေသည်။ သီလရှင်နစ်ဦးမှာ ရွှေနန်းတော်ကြီးအကြောင်းနှင့် မိဖုရားခေါင်ကြီး နာမကျန်းသည့်အကြောင်း၊ အလယ်နန်းမတော်အကြောင်း၊ ဆင်ဖြူမရှင်အကြောင်း၊ (ဆင်ဖြူမရှင်မှာ မိမိအမေ ဝင်ရောက်ခစားသည့် မိဖုရားဖြစ်ကြောင်းကို ဖင်နီသိလိုက်ရသည်။) ဆင်ဖြူမရှင်၏သမီးတော် သုံးယောက်အကြောင်းတို့ကို ပြောဆိုလျက်ရှိကြသည်။

"အခုထိတော့ ဆင်ဖြူမရှင်ပဲ မိဖုရားခေါင်ကြီးဖြစ်မှာ သေချာတယ်"

ဟု ဂျူလီက ပြော၏။ သီလရှင်ဆရာမကြီး ထရီဇာက . . .

"ဆင်ဖြူရှင် မိဖုရားခေါင်ကြီးဖြစ်ရင်တော့ သမီးတော်တွေကို တစ်ယောက်ပြီးတစ်ယောက် ပေးစားပစ်တော့မှာ။ ဆရာကြီးကတော့ ဆင်ဖြူမရှင်ဟာ ဒီနေ့စိတ်ကောင်းဝင်ပြီး ဆရာကြီးတို့သာသနာတော်အတွက် စိန်လက်စွပ်တစ်ကွင်း လှူချင်ပေမဲ့ နောက်တစ်နေ့ကျတော့ တစ်နေကုန်ထိုင်စောင့်ပြီးကာမှ ဒီနေ့ ဆင်ဖြူမရှင်က ဘယ်သူ့ကိုမှ အတွေ့မခံတော့ဘူးလို့ ပြောချင်ပြောတာ။ ဆင်ဖြူမရှင်ဟာ တော်တော်လည်း ရက်စက်တဲ့အမျိုးသမီး။ တစ်ခါတုန်းက အပျိုတော်တစ်ယောက်ကို ဆံပင်ဆွဲပြီး ဖိနပ်နဲ့ပါးရိုက်လိုက်တာကို ဆရာကြီးကိုယ်တိုင် မြင်ခဲ့ဖူးတယ်"

မစ္စတာဒီလန်ဖေးက သူ့သမီးငှဲ့ပေးသော ကော်ဖီခွက်ကလေးများကို လိုက်ကမ်းရင်း . . .

"အမယ် . . . ဒါ ဘာဟုတ်သေးလဲ။ စိတ်မထင်ရင် သည့်ထက်တောင် ဆိုးသေးတယ်။ မင်းတုန်းမင်းကြီး သက်တော်ရှည်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ။ မင်းတုန်းမင်းကြီးသာမရှိရင် . . ."

မစ္စတာဒီလန်ဖေးက လက်ထဲတွင် ကော်ဖီဇွန်းကိုကိုင်ရင်း အမူအရာလုပ်ပြသဖြင့် သမီးဖြစ်သူ ဂျူလီက ဟန့်လိုက်သည်။

"မင်းတုန်းမင်းကြီးမရှိရင် ဘယ်သူက ထီးနန်းကို ဆက်ခံမလဲ မသိဘူးနော်"

ဟု ဖင်နီက ရိုးရိုးသားသားမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပါပါတို့ မန္တလေးရွှေမြို့တော်မှာတော့ ဒီမေးခွန်းကို မမေးကြဘူးသမီးရဲ့။ အနည်းဆုံး ကျယ်ကျယ်မမေးဝံ့ကြပါဘူး။ အချင်းချင်းတော့ ပြောမိကြတာပေါ့လေ။ ဘယ်သူဆက်ခံမလဲလို့ ပြောရတာကတော့ ခပ်ခက်ခက်ပဲ။ ဥရောပမှာဆိုရင်တော့ သားတော်ကြီးဆက်ခံရမှာပဲ။ ဒီမှာတော့ ဘုရင်က သူကြိုက်တာကို ရွေးလိုက်တာပဲ။ ဒါပေမဲ့ ခက်တာက ဘုရင်မှာလည်း သားတွေအများကြီးလေ။ ပြီးတော့ ဘုရင်ဟာ ကိုယ့်နှမကို စုလျားရစ်ပတ်ထိမ်းမြားရတဲ့ ထုံးစံကလည်း ဒီမှာတော့ တော်တော်အရေးကြီးတယ်"

ငယ်ငယ်လေးကတည်းက မြန်မာပြည်မှ ထွက်ခွာသွားခဲ့သော ဖဲင်နီအဖို့သော်မူ ထိုစကားကြောင့် များစွာ ထိတ်လန့်တုန်လှုပ်သွားသည်။ မိုရှိနီက ပြုံးလိုက်၏။

"ဒီမှာက ကမ္ဘာမှာ ရှေးအကျဆုံး ထုံးတမ်းအစဉ်အလာအတိုင်း လုပ်ကြတယ်လေ။ အီဂျစ်ဘုရင်တွေလည်း ဒီထုံးစံအတိုင်း လုပ်တယ်မဟုတ်လား။ အလောင်းဘုရားမင်းဆက်မှာ ဒီအတိုင်းလုပ်တာကတော့"

သီလရှင်မကြီး ထရီဇာက . . .

"ခမည်းတော် မင်းတုန်းမင်းကတော့ သမီးတော် စလင်းမင်းသမီးကို အချစ်ဆုံးပဲ။ စလင်းမင်းသမီးဟာ သူ့မယ်တော်ကြီး ဝင်စားလို့ထင်သတဲ့။ တစ်ခါတော့ စလင်းမင်းသမီးလေးကို မယ်တော်ကြီးရဲ့ စက်ခန်းဆောင်ထဲက ခေါ်သတဲ့။ မယ်တော်ကြီးရဲ့ခန်းဆောင်က မယ်တော်ကြီးကံတော်ကုန်ကတည်းက ချိပ်ပိတ်ပြီး ထားခဲ့တာမဟုတ်လား။ အဲဒီခန်းဆောင်ထဲရောက်တော့ စလင်းမင်းသမီးလေးက ဘယ်နေရာမှာ ဘာပစ္စည်းရှိတယ်ဆိုတာ အပ်ကျမပ်ကျ ပြောနိုင်တယ်ဆိုပဲ။ ဘယ်နေရာမှာ ဘယ်ဝတ်လဲတော်တွေ ထားတယ်၊ ဘယ်ရတနာသေတ္တာထဲမှာ ဘယ်လက်ဝတ်ရတနာတွေ ရှိတယ်ဆိုတာ သေသေချာချာ ပြောနိုင်သတဲ့။ အဲဒါကိုလည်းမြင်ရော စလင်းမင်းသမီးလေးဟာဖြင့် သူ့မယ်တော်ကြီးဝင်စားတယ်လို့ မင်းတုန်းမင်းကြီးက တစ်ထစ်ချ ယူဆလိုက်တော့တာပဲတဲ့"

ဂျူလီက . . .

"စလင်းမင်းသမီးလေးကြည့်ရတာ တော်တော်တော့ ထူးဆန်းတယ်နော်။ စကားလည်း သိပ်မပြောလှဘူး။ ခပ်အေးအေးပဲ။ ထီးနန်းအရိုက်အရာကို ဘယ်သူပဲဆက်ခံဆက်ခံ၊ သူကတော့ မိဖုရားခေါင်ကြီးဖြစ်မှာ သေချာတယ်"

စကားဝိုင်းတွင် အမြဲတမ်းတိတ်ဆိတ်နေပြီး ကိတ်မုန့်လေးများကို ပန်းကန်ထဲသို့ လိုက်ထည့်ပေးနေသည့် မစ္စစ်မိုရှိနီက မြန်မာလိုပြောလိုက်၏။

"ဆင်ဖြူမရှင်သာ မိဖုရားခေါင်ကြီးဖြစ်ရင်တော့ စလင်းမင်းသမီးကလေးဟာ ဘယ်တော့မှ မိဖုရားဖြစ်မှာမဟုတ်ဘူး။ ဆင်ဖြူမရှင်က သူ့သမီးတွေကိုပဲ မိဖုရားအမြှောက်ခိုင်းမှာပေါ့။ အလယ်နန်းမတော်အကြောင်းကို ကျွန်မကောင်းကောင်းသိတယ်လေ။ မင်းတုန်းမင်းကြီးသာ အလျင်နတ်ရွာစံပြီး သူကျန်နေခဲ့ရင် သူပဲ ချယ်လှယ်နေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ မြန်မာလိုပြောလိုက်သဖြင့် မစ္စတာဒီလန်ဖေးသည် မနေတတ်မထိုင်တတ် ဖြစ်သွားကာ

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ။ သမီးရေ... ဟောဒီက မင့်အန်တီမိုရှိနီက သမီး ချုပ်ထားတဲ့ပိုးထည်ကို ကြည့်ချင်လို့တဲ့ကွာ။ ပြလိုက်ပါဦး"

ဖဲင်နီက ဂျူလီပြသည့် ပိုးထည်အုပ်များ ကြည့်နေစဉ်တွင် သီလရှင်များလည်း နှုတ်ဆက်ပြန်သွားကြ၏။

မကြာမီ ဧည့်သည်တစ်ယောက် ရောက်လာ၏။ ထိုသူမှာ မစ္စတာဒါဗီရာဆိုသူဖြစ်ပြီး အသက်အနည်းငယ်ကြီးသည့်တိုင် မွန်ဆီယာဒီလန်ဖေးထက် ကြည့်၍ကောင်းသည်ဟု ဖဲင်နီ ထင်လိုက်မိသည်။ မွန်ဆီယာဒါဗီရာမှာ အညာတရ ကုန်သည်လေးတစ်ယောက်မဟုတ်ဘဲ မှူးမျိုးမတ်နွယ်ထဲက ဖြစ်ဟန်တူသည်။ အရပ်ပု၍ ဝဖိုင့်ဖိုင့်ဖြစ်သည့်တိုင် ခန့်ခန့် ညားညားဖြင့် ကြည့်၍ကောင်းနေသည်။ ဖြူဖွေးစပြုသော နှုတ်ခမ်းမွေးကိုလည်း သေသပ်စွာ ရိတ်ထားကာ ကြယ်သီးပေါက်ထဲတွင် ဖဲကြိုးနီတစ်ခုတပ်ထား၏။ မွန်ဆီယာဒါဗီရာက သူ့ခေါင်းကိုငုံ့ကာ သူ့လက်ကို နမ်းလိုက်သည့်အခါတွင် ဖဲင်နီသည် နန်းတော်ထဲရောက်နေသည်ဟု ပင် ထင်လိုက်မိသေးသည်။

လောကရေးရာများကို နှံ့စပ်သူတို့အဖို့မူ ဒါဗီရာကို လူသူမရှိသည့် သဲကန္တာရကြီး အလယ်ကောင်တွင် တွေ့လိုက်ရသည့်တိုင် အထက်တန်းစား ပြင်သစ် လူကြီးလူကောင်း တစ်ယောက်ဖြစ်ကြောင်းကို ချက်ချင်းသိနိုင်မည်ဖြစ်သည်။ ယခုလောလောဆယ်တွင် သူ့လက်ထဲ၌ သတင်းစာစက္ကူအဟောင်းဖြင့် ထုပ်ထားသည့် ဝိုင်ပုလင်းသုံးလေးလုံးကို ကိုင်ထားသည့်တိုင် သူ့ဟန်ပန်သည် လူကြီးလူကောင်းတစ်ယောက်၏ ဟန်ပန်မပျောက်။ သူ့ကို မြင်လိုက်သည်နှင့် ဂျူလီနှင့် မွန်ဆီရာဒီလန်ဖေးတို့ သားအဖနှစ်ယောက် မျက်နှာအနည်းငယ်ပျက်သွားသည်ဟု ဖဲင်နီထင်လိုက်မိသည်။ ဟုတ်၊မဟုတ်ကိုမူ သေချာစွာမပြောနိုင်။

ဒါဗီရာသည် ပုလင်းများကို စားပွဲပေါ်သို့ လှမ်းတင်လိုက်ရင်း ပြုံးလျက် ...

မတ်မွိုင်ဇယ်ဂျူလီအတွက် ကျွန်တော့်ခြံကထွက်တဲ့ လက်ဆောင်ပါ"

ဒီလန်ဖေးတို့သားအဖ၏ မျက်နှာထားသည် ခပ်တည်တည် ဖြစ်နေကြ၏။ သို့ရာတွင် ထိုအမူအရာသည် ချက်ချင်းပျောက်သွားသည်။ သားအဖနှစ်ယောက်စလုံးကပင် လိုက်လိုက်လှဲလှဲဖြစ်ဟန်ဖြင့် ကျေးဇူးစကားဆိုကြသည်။

ထို့နောက်တွင် အမျိုးသားသုံးယောက်သည် စကားလက်ဆုံကျနေကြသည်။ ဒါဗီရာမှာ မကြာသေးခင်က ပြင်သစ်ပြည်များမှစာများနှင့် သတင်းစာများကို ရရှိခဲ့၏။ ဒါဗီရာသည် ဝိုင်အရက်တစ်ပုလင်းမှ ဖော့ဆို့ကို ဖွင့်လိုက်ပြီးနောက် ဂျူလီယူလာသည့် ဖန်ခွက်များထဲသို့ လောင်းထည့်ရင်း...

"ပြင်သစ်ပြည်မှာတော့ လွှတ်တော်အစည်းအဝေး ပြီးတော့မယ်ထင်တယ်ခင်ဗျ။ မကြာခင် ဖေဖော်ဝါရီလထဲကို ရောက်တော့မယ် မဟုတ်လား။ လွှတ်တော်အစည်းအဝေး ပြီး



www.burmeseclassic.com

www.burmeseclassic.com


သွားတယ်ဆိုရင် ဆူဆူပူပူသတင်းတွေ ကြားရဦးတော့မယ်လေ။ ဥပဒေဝါဒီတွေနဲ့ အော်လီယွန်းစ် ဂိုဏ်းသားတွေအချင်းချင်း ကွဲပြားမှုတွေကို ဖြေရှင်းနိုင်ပါမှ ကျွန်တော်တို့ပြင်သစ်ပြည်မှာ ဘုရင်တစ်ပါးကို နန်းတင်လို့ရမှာ"

မိုရိုနီက ခပ်လှောင်လှောင်ဖြင့် . . .

"ဘယ်ကလာ ဖြေရှင်းလို့ရမှာလဲဗျာ။ တစ်ဖက်ဂိုဏ်းခေါင်းဆောင် ဒီရှန်ဗိုးဟာ သူ့နှာခေါင်းပေါက်လို အင်မတန် စိတ်သဘောထားကျဉ်းမြောင်းတဲ့လူမျိုး။ ကျွန်တော့်အထင် ပြောရမယ်ဆိုရင်တော့ ခင်ဗျားတို့ခေါင်းဆောင် မက်မဟွန်ဟာ သူ့ကို ဘယ်နည်းနဲ့မှ ထောက်ခံမှာ မဟုတ်ဘူးထင်တယ်"

ဒါဗီရာက လေသံခပ်တည်တည်ဖြင့် . . .

"မက်မဟွန်ဟာ ပြင်သစ်သမ္မတနိုင်ငံတော်အတွက် တိုက်ခဲ့ပေမဲ့ ဘုရင်ကို သစ္စာရှိတဲ့လူဆိုတာ မေ့သွားပြီထင်တယ်။ သူ့ကိုသာ သမ္မတအဖြစ် တင်မြှောက်လိုက်ရင် မက်မဟွန်ဟာ ပြင်သစ်နိုင်ငံကြီးကို စည်းလုံးညီညွတ်အောင်လုပ်ပြီး ဘုရင်တစ်ပါးကိုတော့ နန်းတင်မှာ အမှန်ပဲဗျ။ မက်မဟွန်ဟာ ဂုဏ်သိက္ခာကို စောင့်ထိန်းတဲ့သူဆိုတော့ သူ့ကို အပ်နှင်းလိုက်တဲ့ တာဝန်ကို ကျေပွန်အောင် အတတ်နိုင်ဆုံး ကြိုးစားရမှာပဲ"

ဒီလန်ဇေးက . . .

"ဟုတ်ပါတယ်၊ အတတ်နိုင်ဆုံး ကြိုးစားမှာပါပဲ။ လွန်ခဲ့တဲ့နှစ်ရက်ကမှ ရေးဆွဲပြီးခဲ့တဲ့ ပြင်သစ်နိုင်ငံရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ဟာလည်း သမ္မနိုင်ငံနဲ့ ကေရာဇ်ဘုရင်စနစ်ကို ပေါင်းစပ်ထားတဲ့ အုပ်ချုပ်ရေးစနစ်မဟုတ်လား။ ဒီတော့ အဲဒီအခြေခံဥပဒေအရ တိုင်းပြည်ကို အုပ်ချုပ်မယ်ဆိုရင် အဲဒီအထဲမှာ နပိုလီယန်ရဲ့အုပ်ချုပ်ရေးစနစ်လည်းပါမယ်။ သမ္မတနိုင်ငံတစ်ခုရဲ့အခြေခံမှုတွေလည်း ပါမယ်။ လွှတ်တော်ရဲ့လက်အောက်ခံဖြစ်တဲ့ ဥပဒေအရအုပ်စိုးတဲ့ မင်းတစ်ပါးလည်းရှိမယ်။ အဲဒီပုဂ္ဂိုလ်ကို ဘုရင်လို့ပဲ ခေါ်ခေါ်၊ ကေရာဇ်လို့ပဲ ခေါ်ခေါ်၊ သမ္မတလို့ပဲ ခေါ်ခေါ်၊ အကြောင်းမဟုတ်ပါဘူးဗျာ။ အနှစ်အရသာကတော့ အတူတူပါပဲ။ အရေးကြီးတာက ကျွန်တော်တို့တိုင်းပြည်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်ဖို့ပဲ လိုတယ်မဟုတ်လား"

ဒါဗီရာက သူ့ရင်ဘတ်ကို လက်ဖြင့် ပုတ်ပြလိုက်ကာ . . .

"ခင်ဗျားပြောသလောက် မလွယ်ဘူးဗျ။ ကျွန်တော်တို့ပြင်သစ်တွေ လိုချင်တာက အင်္ဂလိပ်တို့၊ ဘယ်လ်ဂျီယန်တို့မှာလို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေလည်းရှိတယ်၊ ဘုရင်လည်းရှိတယ်ဆိုတဲ့ အခြေခံဥပဒေနဲ့အုပ်ချုပ်တဲ့ ဘုရင်စနစ်ကို လိုချင်တာ"

မိုရိုနီက စိတ်ပျက်လက်ပျက်ဖြင့် . . .

"ဒါဖြင့် ခင်ဗျားတို့က ဩစတြီးယားနဲ့ တူနေပြီပေါ့။ အာဏာက လူတွေရဲ့လက်ထဲမှာ။ အုပ်စိုးမှာက ဘုရင်။ နောက်က ကြိုးကိုင်မှာက သာသနာက ကြိုးကိုင်မှာ။ ဒီအထဲ လွှတ်


www.burmeseclassic.com

www.burmeseclassic.com



တော်ထဲမှာ ဂိုဏ်းတွေတစ်စုတစ်စု တိုက်နေကြတော့ ခင်ဗျားတို့ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး။ ကျွန်တော်တို့ အီတလီမှာတော့ အီတလီပြည်ကြီးကို တစ်စည်းတစ်လုံးတည်း တည်ထောင်ချင်တယ်ဆိုရင် ဘုရင့်ဂိုဏ်းသားရော၊ သမ္မတနိုင်ငံ ဂိုဏ်းသားရော၊ ဒီမွန့် နောက်လိုက်တွေကိုရော၊ အားလုံးကို ဖျက်သိမ်းပြီး တစ်စုတည်းက စုလိုက်တာပဲ"

ဒါပီရာက . . .

"ဟုတ်ပါတယ်လေ၊ ခင်ဗျားတို့အီတလီ ဒီလိုဖြစ်သွားဟာလည်း ကျွန်တော်တို့ ပြင်သစ်တွေ ကူညီလိုက်လို့ ဖြစ်သွားတာပါပဲ။ ဒါကိုလည်း ထည့်ပြောဦးမှပေါ့။ ကျွန်တော်ကတော့ ဟောဒီက ဒီလန်ဖေးနဲ့ သဘောတူတယ်။ ကျွန်တော်တို့နိုင်ငံရဲ့အခြေခံဥပဒေသစ်ဟာ ပြဿနာအားလုံးကို ဖြေရှင်းပေးလိုက်မှာပဲ။ ကျွန်တော်တို့ ဘိုးဘေးများနဲ့တကွ ကျွန်တော်တို့တစ်တွေကို အသက်ပေးပြီး တည်ထောင်ထားကြရတဲ့ ဘုရင်စနစ် ပျက်သွားတာကိုတော့ စိတ်မကောင်းဘူးပေါ့ဗျာ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မက်မဟွန်တို့မှာ မှန်ကန်မှုရှိတယ်။ သူတို့က ဂမ်ဗတ်တာတို့လို လူတွေမဟုတ်ဘူး"

"ရေရှည်အမြင်နဲ့ ပြောရရင်တော့ ခင်ဗျားတို့ ပြင်သစ်ပြည်မှာ မျှော်လင့်စရာဆိုလို့ ဂမ်ဗတ်တာတစ်ယောက်ပဲ ရှိတယ်ဗျ"

မိုရိုနီက ပြောသည်။

"ဒါတော့ ခင်ဗျားနဲ့ သဘောမတူဘူးဗျာ။ ဂမ်ဗတ်တာဟာ ဘုရင်မဟုတ်ဘဲ ဘုရင်ဂိုက်ဖမ်းနေတဲ့သူ။ ကျွန်တော်တို့မှာ ဘုရင်စနစ်ကြောင့် မကောင်းတာရှိရင် ကောင်းတာတွေလည်းရှိအောင် လုပ်ရမယ်။ ခုတော့ ကိုယ်ထီးကိုယ့်နန်းနဲ့ နေရတာတွေ၊ ဂုဏ်သိက္ခာတွေလည်းရှိတော့မှာ မဟုတ်ဘူး။ ပြင်သစ်ပြည်မှာ ဧကရာဇ်ဘုရင်စနစ်မရှိတော့ရင် အဲဒါတွေ အားလုံးပျောက်ပြီး ထီးကျိုးစည်ပေါက် ဖြစ်တော့မှာပဲ"

ဒီလန်ဖေးက . . .

"အဲဒါ ကောင်းတာပေါ့ဗျ။ ဘုရင်စနစ်ရှိတော့ကော ဘာလုပ်မှာလဲ။ သမီးကညာ မဆက်လို့ စစ်တိုက်တာနဲ့ပဲ အချိန်ကုန်နေတာပဲ"

ဒါပီရာက အေးစက်တင်းမာစွာဖြင့် . . .

"အိုး . . . ဒါကတော့ သမ္မတနိုင်ငံမှာလည်း စစ်ဖြစ်ချင် ဖြစ်ကြတာပဲဗျ။ ပါရီကွန်မြူန်းဖြစ်လို့ လူတွေ ဘယ်လောက်သေခဲ့ရပြီလဲ။ ဒီမှာ . . . မိတ်ဆွေ၊ ခင်ဗျားလည်း ကုန်သည်ပဲ။ ဒီတော့ ရိုးသားတဲ့ ကုန်သည်တစ်ယောက်အနေနဲ့ ဝန်ခံပါ။ ဒုတိယဧကရာဇ် နိုင်ငံတော်ကြီးကြောင့် ကျွန်တော်တို့ ပြင်သစ်ပြည်ကြီးမှာ စီးပွားဥစ္စာ ဘယ်လောက်တိုးတက်ခဲ့သလဲ။ ဘယ်လောက် စည်ပင်ဝပြောခဲ့သလဲ။

ဒီလန်ဖေးက လက်ဖျောက်တစ်ချက်တီးလိုက်ကာ . . .

"တော်စမ်းပါဗျာ . . .။ ဘယ်လောက်များ ဖြစ်ထွန်းလိုက်လို့လဲ။ နိုင်ငံခြားမှာ နယ်ချဲ့ချင်တာနဲ့ ပြည်တွင်းမှာ ဂိုဏ်းဂဏတွေဖွဲ့ပြီး တစ်ယောက်နဲ့တစ်ယောက်က ခွက်စောင်းခုတ်



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ နောက်ဆုံးတော့ ပြိုကွဲပျက်စီးသွားရတာပဲမဟုတ်လား။ ခင်ဗျားတို့ ဒုတိယကေရာဇ် နိုင်ငံတော်ကြီး ဘာများကျန်ခဲ့သေးလို့လဲ။ စီးပွားရေးလည်း ချွတ်ခြုံကျဘဝ ရောက်သွားတာပဲ"

ဒါဗီရာက...

"ဟောဒီက မြန်မာနိုင်ငံလောက်တော့ ကျန်ပါသေးတယ်ဗျ။ ကျွန်တော်က ဒါကြောင့် မြန်မာပြည်မှာပျော်တာ။ ဒီမှာနေရတာကို ပြင်သစ်ပြည်မှာ နေရတာထက်တောင် ပျော်သေးတယ်။ ခု ကိုယ့်ထီးကိုယ့်နန်းနဲ့ရှိတဲ့ နေရာဆိုလို့ အရှေ့တိုင်းမှာပဲ ရှိတော့တယ်။ ဒါကြောင့် ထီးနန်းတွေကို မြင်ချင်တွေ့ချင်လို့ ကျွန်တော်တို့တစ်တွေ အရှေ့တိုင်းကို လာနေကြတာပေါ့။ အလို... ဆရာတွေ၊ ကျွန်တော့်ဝိုင်လေးလည်း မြည်းကြည့်စမ်းပါဦး"

ဒါဗီရာသည်သူ့ဝိုင်အရက်ခွက်ကို မြှောက်ပြီးနောက် အမျိုးသမီးများဘက်သို့ လှည့်ကာ ဦးညွှတ်ပြလိုက်ပြီး ဝိုင်ကို တစ်ကျိုက်တည်းဖြင့် မော့ချလိုက်သည်။ ကျန်နစ်ယောက်မှာမူ ဝိုင်ကို တစ်ကျိုက်လောက်သာ သောက်ကြသည်။

ဖဲင်နီမှာ သူတို့စကားတွေကို နားထောင်နေရသဖြင့် ပျင်းလှလေပြီ။ ထို့ကြောင့် သူ့အဖေက အိမ်ရှင်များကို နှုတ်ဆက်ပြီး သူနှင့်အတူ အိမ်သို့ပြန်ခေါ်လာသည့်အခါ ဝမ်းသာသွားသည်။ မိုရှိနီသည် သူ့ဘာသာသူ သဘောကျ၍ရယ်ကာ ကြမ်းတမ်းသော လမ်းမတစ်လျှောက်တွင် ဟိုရှောင်ဒီရှောင်ဖြင့် လျှောက်လာခဲ့သည်။ အချိန်မှာ မိုးချုပ်စအချိန်ဖြစ်၍ ညီအစ်ကိုမသိတသိ အချိန်မရောက်မီ အိမ်ပြန်ရောက်ဖို့ အရေးကြီးသည်။ မှောင်လာလျှင် ကုလားမြို့ထဲတွင်သွားလာရသည်မှာ အန္တရာယ်များသည်။ ဖဲင်နီသည် သူ့အဖေကိုမီအောင် ခပ်သုတ်သုတ်လိုက်လာရင်း လက်နှစ်ဖက်ဖြင့် ဖခင်ဖြစ်သူ၏လက်မောင်းကို လှမ်းဆွဲလိုက်ကာ...

"ပါပါ ဘာဖြစ်လို့ရယ်တာလဲ ဟင်"

"ဒါဗီရာအကြောင်းကို တွေးမိလို့ပါ။ ဒီလန်ဖေးပြီးရင် ဒါဗီရာဟာ မန္တလေးမှာရှိတဲ့ ပြင်သစ်တွေထဲမှာ အရိုးသားဆုံး၊ စိတ်ရင်းအကောင်းဆုံး ပြင်သစ်တစ်ယောက်ပါပဲ။ ပါပါတို့ မတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့တစ်ပြိုင်နက် တစ်ယောက်နဲ့တစ်ယောက် ငြင်းခုန်နေကြတာချည်းပဲ။ ပါပါရယ်မိတာက သူစိမ်လာတဲ့ ဝိုင်ကြောင့်ပါ"

"သူစိမ်လာတဲ့ဝိုင်က ဘာဖြစ်လို့လဲ ပါပါ"

"သူကိုယ်တိုင်စိုက်ထားတဲ့ စပျစ်ခြံကရှုးပြီး သူကိုယ်တိုင်စိမ်တာတဲ့လေ။ သူ အလျင်တစ်ခါပေးတုန်းကလည်း သူ့ဝိုင်ကို သောက်လို့မရလို့ ဟင်းရွက်သုပ်တို့ ဘာတို့မှာ ချဉ်ရေအဖြစ် အသုံးပြုလိုက်ရတယ်"

"သူတို့တစ်တွေက နိုင်ငံရေးအကြောင်းတွေ သိပ်ပြောကြတာပဲနော် ပါပါ။ အမှန်ကတော့ ပြင်သစ်ပြည်မှာ ဖြစ်ပျက်နေတဲ့ နိုင်ငံရေးတွေကို ဒီမှာလာပြောလို့ ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မှောင်စပျိုးနေပြီဖြစ်သဖြင့် သူ့ပါပါ၏အပြုံးကိုမူ သူမမြင်ရ။ ပါပါ၏အပြုံးကိုမူ သူမ မြင်နေကျဖြစ်သည့်တိုင် ထိုအပြုံးကိုမြင်လျှင် ဖဲင်နီ စိတ်မသက်မသာဖြစ်စမြဲ။

"ပြင်သစ်ပြည်မှာဖြစ်တာတွေ၊ ဂျာမဏီမှာဖြစ်တာတွေ၊ အီတလီမှာဖြစ်တာတွေ ဟာ မန္တလေးမှာဖြစ်ပျက်နေတာတွေကို အဆုံးအဖြတ်ပေးလို့ ဖြစ်မှာပေါ့ သမီးရယ်"

ဖဲင်နီသည် စိတ်ပျက်ဖွယ်ကောင်းလှသော သူ့ဖခင်၏ နိမိတ်ဖတ်ချက်များကို ခေါင်းထဲမှ မောင်းထုတ်သည်။ သူစိတ်ဝင်စားသည်က ဥရောပတိုင်းပြည်များရှိ ဝန်ကြီးများ အဖွဲ့တွင် ဖြစ်ပျက်နေသည့် ကိစ္စများမဟုတ်။ မွန်စီယာဒါဗီရာစိမ်သည့် ပိုင်အရက်အကြောင်း ဖြစ်သည်။

သူသည် လူတော်တော်များများကို တွေ့ဖူးခဲ့လေပြီ။ ယခု ဒါဗီရာမျက်လုံးထဲမှ သူ့ အား အမြတ်တနိုးကြည့်နေသည့် အကြည့်ကို သူမြင်ခဲ့လေပြီ။ ဖဲင်နီသည် ခါတိုင်းထက်စိတ် ကြည်လင်ချမ်းမြေ့စွာဖြင့် အိပ်ရာဝင်ခဲ့လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# ၅

## ဆီလာ

နောက်တစ်နေ့တွင် ဖဲင်နီသည် အက်ဂါသာနှင့်အတူ အင်္ဂလိပ်သာသနာပြု ကျောင်းနှင့်တွဲထားသည့် ရိပ်သာသို့ လက်ဖက်ရည်သောက် ထွက်ခဲ့သည်။ တစ်နေ့က ဂျူလီ ဧည့်ခံပွဲသို့ တက်ခဲ့ဖူးပြီးဖြစ်သည့်အလျောက် ဖဲင်နီသည် မန္တလေးတွင်ရှိသည့် နောက်ထပ် ဧည့်ခံပွဲများသို့ တက်ချင်နေသည်။ ဖဲင်နီသည် သာသနာပြုကျောင်းရိပ်သာသို့ အစေခံတစ်ယောက်ကိုခေါ်လာခဲ့ရင်း စိတ်လှုပ်ရှားနေသည်။

ဖဲင်နီ၏အရွယ်သည် အလှကိုဇန်းပြကာ ဂုဏ်ယူတတ်သည့်အရွယ်ဖြစ်၏။ ထို့ကြောင့် သာသနာပြုကျောင်းတွင်ရှိသည့် အမျိုးသားကဖြစ်စေ၊ အမျိုးသမီးများကဖြစ်စေ သူ့ကိုကြည့်၍ အမြတ်တနိုးဖြစ်နေဖို့အရေးကြီးသည်ဟု သူထင်သည်။ သာသနာပြုဆရာများ မျက်စိတွင်မူ ဖဲင်နီသည် ကျောင်းတုန်းကလည်း မိန်းကလေးအချင်းချင်းကြားထဲတွင် သူများ ထက်ထူး၍ လှချင်၊ သူများထက် သာချင်သည်။

အပြင်ရောက်၍ သူငယ်ချင်းတွေအိမ် အလည်တို့ ဘာတို့ လိုက်သွားသည့်အခါမျိုးတွင် သူတို့အိမ်တွင်ရှိသည့် လူများမျက်စိတွင် အားကျစရာ ဖြစ်စေချင်သည်။ ထိုသို့ဖြစ်လျှင် အကျေနပ်ကြီးကျေနပ်ကာ အပျော်ကြီးပျော်လျက်ရှိလေပြီ။ ဖဲင်နီသည် ပြင်သစ်သားရေဖြင့် ချုပ်ထားသည့် ဖိနပ်ကလေးကိုစီးရင်း သူ့ခြေထောက်ကလေးများကို သူငုံ့ကြည့်ကာ သွက်လက်စွာဖြင့် လျှောက်လာခဲ့၏။ အပေါ်တွင်မိုးထားသည့် ခရမ်းရောင်ပုသိမ်ထီးကလေးကြောင့် သူ့ခေါင်းနှင့်ပခုံးတွင် နှင်းဆီရိပ် လဲ့ရှန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အက်ဂါသာသည် ဝရံတာသို့ ပြေးထွက်လာကာ သူ့ကို နှုတ်ဆက်၏။ ဖဲင်နီသည် အက်ဂါသာ၏အလှကြောင့် သူ့ကိုငေးကြည့်နေမိသည်။ ပါးလုပ်သော အက်ဂါသာ၏အသား သည် ပူပြင်းသည့်ရာသီဥတုနှင့် အတော်ဖြစ်နေသည်။

ဇရိုက်တန်ကျောင်းမှာတုန်းကဆိုလျှင် သူ့အသားသည် လေအေးကြီးကြောင့် အမြဲလိုလို နီကြင်ကြင်ဖြစ်နေတတ်သည်။ ယခုမူ ပူနွေးသည့်ရာသီကြောင့် သူ့မျက်နှာသည် နီမြန်းမြန်းဖြစ်မနေတော့။ မေးရိုးလေးထောင့်ပေါ်မှ သူ့အသားအရောင်သည် နီလည်းမနီ လွန်း ဖြူလည်းမဖြူလွန်း။ သူဒီလောက်လှမှန်း အစက ငါမသိခဲ့ဘူးဟု ဖဲင်နီတွေးသည်။ နှင်းဆီသွေးနှင့် ပျားရည်ရောင်ရောနေသည့် သူ့အသားကိုကြည့်၍လည်း မနာလိုဝန်တိုဖြစ် နေမိသည်။

မြန်မာပြည်တွင် လူတိုင်း အသားညိုသွားနိုင်သည်။ သို့ရာတွင် ဖဲင်နီသည် ကျောင်း တုန်းက သူမျိုးတကာထက် ထင်းနေတတ်သော်လည်း မန္တလေးတွင်မူ အသားဖြူဖြူ အက် ဂါသာကိုသာလျှင် လူတွေက သတိပြုမိကြသည်။ အပြာရောင်ပန်းပွင့်ကလေး ရိုက်ထား သည့် အက်ဂါသာ၏ချည်ဝတ်စုံသည် တောက်ပစူးရဲသော မျက်လုံးပြာပြာများကို ဖျော့တော့ သွားအောင် လုပ်ပေးနေသကဲ့သို့ ရှိ၏။ ဖဲင်နီသည် သူ့ကိုမကျေနပ်သည့် အကြည့်ဖြင့် ကြည့် နေသည်။

"မင်းကိုကြည့်ရတာ သာသနာပြုအမျိုးသမီးနဲ့တောင် မတူဘူး"

"ဖဲင်နီကလည်း ပြောရော့မယ်။ ကိုယ်ဝတ်တာ သိပ်အလွန်အကျွံကြီး မဟုတ်ပါ ဘူး"

ဖဲင်နီသည် ထိုသို့ပြောလိုက်ရသဖြင့် ကျေနပ်သွားကာ ရယ်လိုက်သည်။ ခပ်စော စောက မနာလိုဝန်တိုဖြစ်ခဲ့သည်တို့လည်း ပျောက်သွားကြလေပြီ။

"မင်းဟာ တော်တော်ရယ်စရာကောင်းတယ်။ မင်းကို သာသနာပြု အမျိုးသမီးတစ် ယောက်လို့လည်း မမြင်စေချင်ဘူးမဟုတ်လား။ ကိုယ်ဆိုလိုတာက မင်းလည်း လှလှကလေး ဝတ်ချင်တယ်မဟုတ်လား။ ကိုယ့်ကို မှန်မှန်ပြောစမ်း။ ဒီနေ့ လက်ဖက်ရည်ပွဲကို ဘယ်သူတွေ လာမှာလဲ။ ဘယ်သူတွေကို မင်းသိသလဲ"

"ဆရာမှုတ် (ဒေါက်တာမတ်) ဒီမှာရောက်နေတယ်လေ။ မနက်ဖြန်ဆိုရင် သင်္ဘော နဲ့ ရန်ကုန်ပြန်တော့မှာ။ နှုတ်ဆက်ဖို့ လက်ဖက်ရည်ပွဲကို လာမှာတဲ့။ ပြီးတော့ နိုင်ငံခြားသား တွေကို အုပ်ချုပ်ရတဲ့ ကုလားဝန်နဲ့ သူ့သမီးလည်းလာမယ်။ အခက်အခဲရှိရင် ပါပါ့ကိုကူညီ နိုင်တဲ့။ ပြီးတော့ ဟိုခပ်ငယ်ငယ် မစ္စတာပရိုသီရိုးလည်း လာမယ်။ သူက ဒီမှာလက်ထောက် သာသနာပြုလေ။ ဖေဖေ့လက်အောက်မှာ လုပ်ရမယ်ပေါ့"

သူတို့အိမ်မှာ မိုရှိနီတို့အိမ်ထက် လှသည်။ အိမ်က ခန့်ခန့်ညားညား။ ဘုရင်၏ခွင့်ပြု ချက်အရ အမိုးသုံးထပ်ဖြင့် ဆောက်ထားသည်။ အမှန်အားဖြင့် ထိုအိမ်မျိုးမှာ မင်းညီမင်းသား



www.burmeseclassic.com

www.burmeseclassic.com



တို့၏အိမ်နှင့် ဘုန်းကြီးကျောင်းများကိုသာ ဆောက်ခွင့်ပြုသည်။ ဤသည်မှာ သံတဲကျောင်းကိုတည်ထောင်သည့် ဒေါက်တာမတ်ခေါ် ဆရာမှတ်ကို မင်းတုန်းမင်းကြီးက အထူးအခွင့်အရေးပေးခြင်းဖြစ်သည်ဟု သာသနာပြုအဖွဲ့များအကြောင်းကို ကျွမ်းကျင်နားလည်သည့် အက်ဂါသာက ပြောပြသည်။

"ရှင်းပြလို့ ကျေးဇူးတင်ပါသတဲ့ရှင်။ တကယ်တော့ ကိုယ်က ဗမာအကြောင်းကို မင်းထက် ပိုနားလည်ပါတယ်"

ဟု ဖဲင်နီက ငေါ့တော့တော့ဖြင့် ပြောသည်။

အက်ဂါသာတို့အိမ်မှာ လည်ပေါ်ဆောင်တွေ တပ်ထားသည့်အတွက် အပြင်ပန်းအားဖြင့်ကြည့်လျှင် ခမ်းနားသည့်တိုင် အတွင်းသို့ရောက်သည့်အခါတွင် သူတို့အိမ်လောက် ပြောင်ပြောင်လက်လက်၊ တောက်တောက်ပပ မရှိသည့်အတွက် ဖဲင်နီကျေနပ်သွားသည်။

သူတို့အိမ်တွင်ဆိုလျှင် သူ့အမေ မစ္စစ်မိုရိုနီစုထားသည့် အလှအပပစ္စည်းတွေက အပြည့်။ စင်များ၊ စားပွဲလေးများပေါ်တွင် ထား၍မလောက်တော့။ ခါးပတ်နှင့် ဆံညှပ်ကလေးတွေ၊ စက္ကူပန်းတွေ၊ ရှေးဟောင်းဖိနပ်ပုံလောင်းထားသည့် ကြွေထည်ဖြင့် ပြုလုပ်ထားသည့် တယောထိုးနေသည့် ကြောင်ရုပ်ကလေးတွေ၊ နောက်ကျောတွင် ပိုက်ဆံထည့်စရာ အပေါက်ကလေးပါသည့် စဉ့်ဝက်ရုပ်စုဘူးကလေးတွေ၊ သိုးမွေးဖျာကလေးတွေ၊ မြက်ခြောက်ဖြင့် ရက်ထားသည့် ဦးထုပ်ကလေးတွေ၊ ဖင်စီပန်းကလေးတွေထိုးထားသည့် ဖဲစအစွပ်ကလေးတွေ၊ ရှေးခေတ်က နာတာလူးနှုတ်ခွန်းဆက်ကတ်ပြားကလေးတွေ စသည့် တိုလီမိုလီပစ္စည်းကလေးတွေကို မြင်ရသည်။ တစ်ခါတစ်ရံတွင်လည်း အကျီလက်ကို မသိမ်းမိလျှင် မကြာခဏ တိုက်မိတတ်သည်။ အက်ဂါသာတို့၏ဧည့်ခန်းတွင်မူ ဘာမျှမရှိ။ အာရှန်ဒယ်ပန်းရိုက်ထည်ဟုခေါ်သော ပုံဆိုးဆိုးနှင့် သူတော်စင်သုံးဦးတို့၏ ပန်းချီကားသုံးချပ်သာရှိ၏။

ဖဲင်နီရောက်သွားသည့်အခါတွင် ဒေါက်တာမတ်ခေါ် ဆရာမှတ်သည် သူ့ထုံးစံအတိုင်း လေအေးအေးကလေးဖြင့် စကားပြောနေသည်။ ဆရာမှတ်မှာ အရပ်ပုပု၊ ခပ်ဝဝဖြစ်ပြီး ရေဝတီတစ်ယောက်နှင့်တူသည်။ ခေါင်းမှာ လုံးဝပြောင်နေလေပြီ။ ဖြူဖွေးစပြုနေသော မုတ်ဆိတ်မွေးများကမူ ထူထူထဲထဲပင်။ ဆရာမှတ်၏မျက်လုံးများသည် ရွှေကိုင်းမျက်မှန်အောက်တွင် တောက်ပဝင်းလက်နေကြသည်။ သာသနာဘက်မှ ပုဂ္ဂိုလ်များဝတ်လေ့ရှိသည့် ဝတ်ရုံနက်ကြီးကို ဝတ်ထားပြီး ရင်ဘတ်ပေါ်တွင်မူ ဆေးလိပ်ပြာတွေတင်နေသည်။

စကားပြောရင်းလည်း ခပ်တုတ်တုတ် ဆေးပေါ့လိပ်ကြီးတစ်လိပ်ကို ထောင်းထောင်းထအောင် ဖွာနေသည်။ ဆရာမှတ်သည် အရပ်အမောင်းပုသည့်တိုင် ဧည့်ခန်းသည် သူ့အရောင်အဝါဖြင့် လင်းနေသည်ဟု ထင်ရ၏။ စကားပြောရင်းလည်း သူ့စကားကို လေးနက်အောင် လုပ်သည့်ဟန်ဖြင့် ညာဘက်လက်ကို မကြာခဏမြှောက်၍ ပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ပျော့ပျောင်းနူးညံ့သော်လည်း စိတ်အားထက်သန်၍ သူတစ်ပါးအပေါ်တွင် ဩဇာလွှမ်းမိုးနိုင်သူ ဖြစ်ဟန်ရှိသည်။ သူ့သွေးထဲတွင် အရှေ့တိုင်းသွေး နှောနေသလောဟုပင် ထင်ရတော့သည်။ ဆရာမှတ်ရှိနေသည့်အခါတွင် မစ္စတာလန်စဒင်မှာ မှေးမှိန်နေသယောင်ရှိ၏။

မစ္စတာပရိုသီရိုးမှာ အသက်သိပ်မကြီးလှသေး။ မုတ်ဆိတ်ကို သေသပ်စွာရိတ်ထား၏။ သူ့မျက်နှာမှာ ခပ်ဖောင်းဖောင်းဖြစ်ပြီး နှုတ်ခမ်းပါးပါး၊ မေးရိုးကြီးကြီးနှင့် ဖြစ်သည်။ အက်ဂါသာကမူ သူ့မျက်နှာသည် "ဘန်နီဂျန်ဆီ" ဟုခေါ်ကြသော မျက်နှာမျိုးဖြစ်သည်ဟု ထင်လိုက်၏။ သူ့အမြင်ဖြင့်ပြောရလျှင် ယောက်ျားပီသသူဆို၍ ထိုပွဲတွင် သူတစ်ယောက်သာရှိသည်ဟုထင်သည်။

ပရိုသီရိုးသည် သူ့အား စိတ်ဝင်စားမည်မဟုတ်ကြောင်းကို ဖဲင်နီသည် ပကတိစိတ်ဖြင့် အလိုလိုသိလိုက်၏။ ပရိုသီရိုးသည် ဒန်းတားစ်လိုလူမျိုးဖြစ်သည်။ မိန်းကလေးများကို ဆွဲဆောင်ချင်ပါလျက် ဆွဲဆောင်ခြင်းမပြုတတ်သည့် လူမျိုး၊ အဖော်ဆိုလျှင်လည်း ပညာတတ်အဖော်မျိုးနှင့် (ဖဲင်နီအခေါ်တိုင်းခေါ်ရလျှင်) စာအုပ်ကြီးစကားတွေ ပြောတတ်သည့် အဖော်မျိုးကိုမှ ရှာလိုသူမျိုးဖြစ်သည်ဟု သူထင်သည်။

အမျိုးသားသုံးယောက်စလုံးကပင် အက်ဂါသာ၏သူငယ်ချင်း ဖဲင်နီကို ဂရုစိုက်ကြသည်။ သို့ရာတွင် သူ့ကို ကလေးမလေးတစ်ယောက်လို သဘောထားပြီး အက်ဂါသာကိုသာလျှင် လူကြီးလိုသဘောထားသည်ကို တွေ့ရသည်။

အက်ဂါသာသည် လက်ဖက်ရည်ကရားအနီးတွင် ထိုင်လျက် ကျောင်းတုန်းက ကိုယ့်ထက်ငယ်သည့် ကျောင်းသူကလေးတွေကို ကြီးကြပ်အုပ်ထိန်းသည့် ကျောင်းသူကြီးဟန်မျိုးဖမ်းနေသည်ဟု ဖဲင်နီထင်မိလိုက်သည်။

သူတို့ဝိုင်းထဲတွင် မည်သည့်စကားမျိုးကို ပြောမည်မသိသည့်အတွက် ဖဲင်နီသည် စကားတစ်လုံးမျှမပြောဘဲ အသာငြိမ်နေလိုက်သည်။ စကားအများဆုံးပြောသည်မှာ ဒေါက်တာမတ်ခေါ် ဆရာမှတ်တစ်ဦးတည်းသာ ဖြစ်သည့်အလျောက် ဖဲင်နီမှာ သူပြောသည့်စကားများကို နားထောင်ရင်း ဆရာမှတ်ကို အထင်ကြီးသည်ထက် ကြီးလာခဲ့လေပြီ။ ဖဲင်နီသည် လူတစ်ယောက်ကို မြင်လိုက်သည်နှင့် အရှိန်ဩဇာရှိမရှိကို ချက်ချင်းခွဲခြားသိတတ်သူဖြစ်သည်။ ဆရာမှတ်ပြောသည့် စကားများကလည်း စိတ်ဝင်စားစရာ။ မြန်မာသွေးပါသော ဖဲင်နီသည် သူတို့ပြောသည့် ရွှေနန်းတော်ထဲမှ အရှုပ်အထွေးများကို စိတ်ဝင်စားနေသည်။

ဆရာမှတ်က . . .

"လန်စဒင်ကို ငါ အကုန်ပြောထားမယ်နော်။ ရွှေနန်းတော်ထဲက အရှုပ်အထွေးထဲမှာ ဘာမှမပါပါနဲ့။ ဘုန်းတော်ကြီးသော မင်းဘုရားဟာ တို့ခရစ်ယာန် သာသနာကျမ်းတွေကို စိတ်မဝင်စားဟန် ပြကောင်းပြမယ်။ သမ္မာကျမ်းစာအကြောင်းကို မင်းနဲ့ ဆွေးနွေးလိမ့်မယ်။ ငါနဲ့ရော ဘုန်းတော်ကြီး ဘီဂန်ဒတ်နဲ့ရော ဆွေးနွေးခဲ့ဖူးတယ်။ အမေရိကန် ဘုန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့လည်း ဆွေးနွေးခဲ့ဖူးတာပဲ။ တို့ကို အကူအညီတို့ ဘာတို့လည်း ပေးလိမ့်မယ်။ ဒါပေမဲ့ သူ့ဘက်ကလည်း တို့အစိုးရနဲ့ ပတ်သတ်လို့ ငါ့ကို အကူအညီတောင်းရလိမ့်မယ်လို့ မျှော်လင့်ထားတယ်။

သာသနာဘက်က ပုဂ္ဂိုလ်တစ်ဦးဟာ နိုင်ငံရေးတို့ဘာတို့မှာ တစ်ဖက်က အသုံးချတာကို ဘယ်တော့မှမခံဘူးဆိုတာ ဘုန်းတော်ကြီးသောဘုရား နားမလည်ခဲ့ဘူး။ နားလည်းမလည်နိုင်ဘူး။ ဗုဒ္ဓဘာသာ ရဟန်းတော်များကတော့ တိုင်းရေးပြည်ရေးကိစ္စမှာလည်း ဩဇာကြီးလွန်းတယ်။ တိုင်းရေးပြည်ရေးကိစ္စတွေမှာ ပြောခွင့်ရှိတယ်။ သည့်ပြင် မကြည့်နဲ့လေ၊ ဘုန်းတော်ကြီးသော ဘုရားကိုယ်တိုင်တောင် ရဟန်းသံဃာတော်တွေရဲ့ဩဇာကို ဘယ်မှာ ပယ်လှန်ရဲလို့လဲ။ ဘုန်းတော်ကြီးသောဘုရားဟာ ခရစ်ယာန်ဘာသာတရားအကြောင်းကို ဘာမှသိတာ မဟုတ်ဘူး"

"ရှင်းရှင်းပဲပြောမယ်ကွာ။ ခု ဘုန်းတော်ကြီးသောဘုရားက ငါ့ကို မန္တလေးလာနေဖို့ ခေါ်လိုက်တယ်။ဘာကြောင့်ခေါ်တယ် ထင်သလဲ။ ခရစ်ယာန်ဘာသာတရားအကြောင်းကို ဆွေးနွေးချင်လို့ ခေါ်လာတာ မဟုတ်ဘူးကွ။ သူ့တိုင်းပြည်နဲ့ပတ်သက်လို့ အင်္ဂလိပ်တွေရဲ့အာမခံချက်ကို လိုချင်လို့ ငါ့ကိုခေါ်လာတာ။ ခု ငါ့ကိုခေါ်ပြီး ဘာပြောလိုက်တယ်ထင်သလဲ။ မန္တလေးမှာ ဘုရားရှိခိုးကျောင်းတစ်ကျောင်းနဲ့ သာသာနာပြုစာသင်ကျောင်းတစ်ကျောင်း ဆောက်ပေးမယ်တဲ့။ ပြီးတော့ သူ့ဘက်တော်သားတွေကိုလည်း ဒီကျောင်းမှာပဲ စာသင်နိုင်းမယ်တဲ့။ ငါ့ကို ကတိပေးလိုက်တယ်။ ကတိအတိုင်းလည်း လုပ်ပေးမှာပါပဲ"

"ဒါပေမဲ့ ကျောင်းသာဆောက်ပေးမှာ၊ ဒီသာသနာပြုကျောင်းကို ထိန်းသိမ်းဖို့ ဘာတို့ကျတော့ တစ်ပြားမှပေးမှာ မဟုတ်ဘူး။ ငါ့ခေါင်းသာမပြောင်ရင် ဆံပင်တွေ ဖြူဖွေးနေအောင် သူ့ဆီက အလှူခံရမှာ။ ပြီးတော့ ငါ့ကိုလည်း ဆုတော်ငွေတွေ ချီးမြှင့်တယ်။ ငါက လည်း တစ်ခါမှ လက်မခံဘူး။ ငါလက်မခံတော့ တော်တော်လေးစိတ်ဆိုးပုံရတယ်။ တကယ်ကျတော့ သူ့သားတွေ ငါ့ကျောင်းကိုပို့ရင် ကျောင်းလခတောင် မှန်မှန်ပေးမှာ မဟုတ်ဘူးထင်တယ်။ ငါကလည်း ငွေရေးကြေးရေးကို ကောင်းကောင်းကျွမ်းကျင်တာမဟုတ်ဘူး။ ထမင်းတစ်လုပ်မှန်မှန်စားရဖို့ အနိုင်နိုင်ရယ်။ မင်းကိုတော့ မင်းသမီးကကြည့်မယ်လို့တော့ ထင်ပါတယ်"

"သမီးရေ . . . ဆရာကြီးဖို့ ကိတ်မုန့်နည်းနည်း ထည့်ပေးဦးဟေ့။ စားလို့ကောင်းလိုက်တဲ့ ကိတ်မုန့်ကလေး။ ငါ့တူမကြီးကတော့ အိမ်ရှင်မကောင်းတစ်ယောက် ပီသပါပေတယ်ဗျာ။ အတိုချုပ်ရရင်တော့ မင်းတုန်းမင်းကလည်း သူ့အကြောင်းနဲ့ တို့ကို မန္တလေးခေါ်ပြီး ကျောင်းဖွင့်ခိုင်းတာပဲ။ တို့ကလည်း တို့ရည်ရွယ်ချက်နဲ့ တို့လုပ်ရမှာပဲ။ အရင်တုန်းကတော့ တို့ကို နိုင်ငံရေးအရ အသုံးချမယ်လို့ မင်းတုန်းမင်းစိတ်ကူးခဲ့တဲ့အတွက် တို့အဖို့ တော်တော်အနေရကျပ်တယ်။ ခုတော့ ဟန်ကျသွားပြီလေ။ ဒီတော့ မင်းလည်း သူ့သားတော်တွေ



www.burmeseclassic.com

www.burmeseclassic.com


ကျောင်းမှန်မှန် တက်၊မတက် စောင့်ကြည့်ပါ။ ကျောင်းဖွင့်လို့ သူ့သားတွေတွေ ကျောင်းတက်ပုံကိုလည်း ကြည့်ဦး။ တော်တော်ရယ်စရာကောင်းတယ်"

"ဘာဖြစ်လို့လဲ ဆရာကြီး"

ဟု လန်စဒင်က သူ့ထုံးစံအတိုင်း အတိအကျမေးသည်။

"သူ့သားတော်တွေ ကျောင်းတက်ရင် ဆင်နဲ့တက်တယ်။ သားတော်ကလည်း ကိုးပါးတောင်ရှိတယ်။ သားတော်တစ်ယောက်စီကို ရွှေထီးနှစ်လက်မိုးပြီး နောက်ကအခြွေအရံလေးဆယ်စီလိုက်ရတယ်။ ဒီတော့ ဆင်တွေနောက်မှာ လူပေါင်းသုံးရာ့ခြောက်ဆယ်လောက်နဲ့ဆိုတော့ နည်းတဲ့လူတန်းကြီးမဟုတ်ဘူး။ နောက်လိုက်နောက်ပါချည်းပဲက သုံးရာ့ခြောက်ဆယ်လောက်ရှိတယ်။ အဲဒီမှာ ဆင်တွေမပါသေးဘူး။

"ပြီးတော့ သူတို့အပြင် လက်ဖက်ရည်တော်သားတွေလည်း ပါလိုက်သေးတယ်။ လက်ဖက်ရည်တော်သားက ရွှေထီးဆောင်းခွင့်ရတယ်။ သူတို့ လက်ဖက်ရည်တော်သားတစ်ယောက်စီမှာ နောက်လိုက်တစ်ဒါဇင်ဆီလောက် ပါလိုက်သေးတယ်။ သားတော်တွေကတော့ အင်မတန်တော်တဲ့ စာသင်သားတပည့်ကောင်းတွေပါပဲ။ မြန်မာတွေဟာ ကျောင်းမှာအင်မတန်စာတော်ကြတယ်။ ပညာကိုလည်း လိုလားကြတယ်။ ဆရာသမားကိုလည်း ရိုသေကိုင်းရှိုင်းကြတယ်။ ဒီတော့ စာသင်ရတာကတော့ လွယ်ပါတယ်။ အဲ . . . ခက်တာက နိုင်ငံရေးဗျ"

"ကျွန်တော်က သူတို့နိုင်ငံရေးတွေ တိုင်းပြည်ရေးတွေမှာ ဘာမှပတ်သက်စရာအကြောင်းမရှိပါဘူး ဆရာကြီး"

ငါ့အနေနဲ့လည်း ပတ်သက်စရာ ဘာအကြောင်းမှ မရှိပါဘူးလေ။ ငါလုပ်စရာရှိတဲ့သာသနာပြုလုပ်ငန်းကိုပဲ ဇောက်ချလုပ်နေတာပါ။ ဒါပေမဲ့ ရန်ကုန်မှာရှိတဲ့ အစိုးရအဖွဲ့ဝင်တွေက ငါပြောတာကို သိပ်မယုံချင်ကြဘူး၊ တော်တော်တော့ ခက်တယ်ကွာ။ ခုလည်း မင်းလုပ်ရှားမှုတွေကို သူတို့က တစ်မျိုးနားလည်နေကြတယ်။ ခုဆိုရင် ဒီမှာပို့ထားတဲ့ နိုင်ငံရေးဝန်ထောက်နဲ့ ငါနဲ့ဆိုတာ တကျက်ကျက်ရန်ဖြစ်နေကြတာပဲ။ ခု နိုင်ငံရေးဝန်ထောက်ကကာနယ်စလေဒင် မဟုတ်တော့ဘူး။ မက်ဒတ်ဆိုတဲ့လူ။ ငါဟာ ရွှေနန်းတော်ကြီးထဲကို မကြာခဏ သွားလာဝင်ထွက်နေတယ်လို့ သူက ဂျင်နရယ်ဖိုက်ဆီကို အစီရင်ခံစာတင်တယ်ကွာ။

"အမှန်ကတော့ ငါလည်း နန်းတော်ထဲကို ဒီလောက်သွားတာ မဟုတ်ပါဘူး။ ဆယ်လအတွင်းမှာ ကိုးကြိမ်ပဲ ရှိသေးတယ်။ ငါ့ကို လက်ခံတွေ့ဆုံခြင်းမပြုဖို့လည်း မြန်မာလွှတ်တော်ဝန်ကြီးတွေဆီကို အကြောင်းကြားထားတယ်။ ငါလည်း ဒီအတိုင်းတော့ ဘယ်ငုံ့ခံပါ့မလဲ။ ဒီတော့ ဘုရင်ခံချုပ်နဲ့ သာသနာပိုင်ဆီကို တိုင်စာပို့တာပေါ့။

မက်ဒတ်ဆိုတဲ့လူဟာ တော်တော်ခက်တဲ့လူကွာ။ ရွှေနန်းတော်ကြီးကို အဝင်အထွက်လုပ်တိုင်း သူ့ဆီမှာ ခွင့်ပြုချက်တောင်းနေရင် ငါ ဘယ်အခြေအနေရောက်သွား



www.burmeseclassic.com

www.burmeseclassic.com


မလဲ။ သာသနာပြုဆရာတစ်ယောက် မဟုတ်တော့ဘဲ ဗြိတိသျှအစိုးရရဲ့ သူလျှိုအထောက်တော် ဖြစ်သွားတော့မှာပေါ့။ နောက်ဆုံးတော့ ငါအနိုင်ရတာပေါ့လေ။ ငါဟာနိုင်ငံရေးနဲ့ ဘာမှ ပတ်သက်တဲ့သူ မဟုတ်တဲ့အတွက်ကြောင့် မက်ဒတ်ဆီကို အကြောင်းစရာ မလိုတော့ဘူးလို့ ဆုံးဖြတ်လိုက်တာပေါ့။

"အဲဒါသာကြည့်လိုက်ပေတော့ . . . လန်စဒင်ရေ။ နောက်မကြာခင်ဘဲ ဘုန်းတော်ကြီး ဘီဂန်ဒင်ဒတ် ငါ့ဆီကိုရောက်လာတယ်။ တို့က ကာလကတ္တားမှာရှိနေတဲ့ သာသနာပိုင်တစ်ဦးထားစေချင်တာ။ ခုတော့ ကာလကတ္တားလက်အောက်မှာနေရတော့ ခက်တာပေါ့။ သာသနာပိုင်ရောက်လာတော့ မင်းတုန်းမင်းကြီးက သူ့ကိုတွေ့တယ်လို့ပြောတယ်။ အမှန်ကတော့ သူက သာသနာပိုင်ကိုရှင်းပြ၊ ဘုန်းတော်ကြီးက အိန္ဒိယဘုရင်ခံချုပ်ကို တစ်ဆင့်ရှင်းပြ၊ ဒီနည်းအားဖြင့် ပဲခူးနယ်ကို ပြန်တောင်းချင်ပုံရတယ်။

မင်းတုန်းမင်းက ဒီလိုတွေ့တဲ့အခါမှာလည်း သာသနာပိုင်ကို သာသနာဘက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးအဖြစ်နဲ့ပဲ တွေ့ချင်တယ်။ နိုင်ငံရေး ကိုယ်စားလှယ်မပါစေချင်ဘူး။ နိုင်ငံရေး ကိုယ်စားလှယ်မပါဘဲ သာသနာဘက်က ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ဆိုရင် ထိုက်သင့်တဲ့ ဂုဏ်ပြုကြိုဆိုမှုနဲ့ ဧည့်ခံမယ်ပေါ့။ ဒါပေမဲ့ မက်ဒတ် တွေ့ခွင့်မပေးနိုင်ဘူး။ သူပါလိုက်ရမှ တွေ့ခွင့်ပေးမယ်လို့ အကျပ်ကိုင်နေတယ်"

"ဒီတင် ပြဿနာတက်လာပြီး ဘုန်းတော်ကြီးသော ဘုရားဟာ သူ့သားတော်တွေအားလုံးကို တို့ကျောင်းက နုတ်ပစ်လိုက်တယ်ကွာ။ ဒီနောက်မှာ ဘယ်သားတော်မှ ကျောင်းမတက်တော့ဘူး။ အမှန်ကတော့ တို့ကျောင်းမှာ ကျောင်းလခပေးနေတဲ့ ကျောင်းသားတွေရှိနေတဲ့အတွက် ဘုရင့်သားတော်တွေ ကျောင်းမတက်ရင်လည်း အကြောင်းမဟုတ်လှဘူး။ ကိုယ်စရိတ်နဲ့ကိုယ် လုံလောက်တယ်။ သူတို့ရှိတာကမှ တို့မှာ စရိတ်စကတွေ ပိုကုန်သေးတယ်။ ဒါပေမဲ့ သူတို့ကိစ္စဖြစ်တာနဲ့ မင်းတုန်းမင်းက ဒီလိုလုပ်လိုက်တဲ့အခါကျတော့ တို့မှာ တော်တော်လေး ခွကျသွားတာပေါ့။ တို့သာသနာဘက်မှာလည်း ဒီလိုပဲ အမြဲတမ်း နိုင်ငံရေးပြဿနာတွေ၊ ဘာတွေ ဝင်ရှုပ်နေတော့မှာပဲ ထင်ပါရဲ့ကွာ"

"ခက်တာက ဘုန်းတော်ကြီးသော ဘုရားကလည်း ကာလကတ္တားက သာသနာပိုင်နဲ့မှ ဆက်သွယ်ချင်တယ်။ အေးလေ . . . တို့ဗမာပြည်မှာလည်း သာသနာပိုင်သတ်သတ်မရှိပဲကိုး။ ဒီတော့ ငါ့အနေနဲ့ ဗမာပြည်မှာ သာသနာပိုင်တစ်ယောက်ခန့်အောင် ကြိုးစားရလိမ့်မယ်။ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်တုန်းကတော့ ဘုန်းတော်ကြီးသော ဘုရားကိုယ်တိုင်က ငါ့ကိုခေါ်ပြီး ဗမာပြည်ဆိုင်ရာ သာသနာပိုင်ဖြစ်အောင် ကြိုးစားပါလို့ တိုက်တွန်းဖူးတယ်။ ပြီးတော့လည်း သူ့ကိစ္စကို ဆောက်ရွက်ပေးဖို့ တိုက်တွန်းတယ်။ သူ့ကိုယ်ပိုင် သင်္ဘောကိုယူပြီး အင်္ဂလန်ကိုသွားပါတဲ့။ ဟိုကျရင် ဝိတိုရိယဘုရင်မကြီးရဲ့ ရှေ့တော်ကိုဝင်ပြီး ပုသိမ်ဖြစ်ဖြစ်၊ ရန်ကုန်ကိုပဲဖြစ်ဖြစ်၊ သင်္ဘောဆိပ်မြို့တစ်မြို့ကို သူတို့ပြန်ပေးဖို့ ပြောပေးပါတဲ့။


www.burmeseclassic.com

www.burmeseclassic.com


"မင်းပဲစဉ်းစားကြည့်လေ။ ဗမာဘုရင်ဟာ အပြင်ဘက်ကမ္ဘာကြီး ဘာဖြစ်နေမှန်း မသိ၊ သည့်ပြင်တိုင်းပြည်တွေမှာ ဘယ်လိုအုပ်ချုပ်နေမှန်းလည်း မသိဘဲနဲ့ သူတို့လိုချင်တာကိုပဲ သူတို့တောင်းတယ်ဗျ။ ငါက ဒီလိုကိစ္စမျိုးကို လုပ်လို့ အကြောင်းမထူးတဲ့အကြောင်း၊ လုပ်လည်း မလုပ်နိုင်တဲ့အကြောင်း လျှောက်ပြောတော့ မင်းတုန်းမင်း တော်တော်ရာဇမာန်ရှသွားတယ်။ ဒီလိုဆိုရင် ဆရာမှတ်လည်း ကျုပ်တို့ဗမာတွေအဖို့ ဘာအသုံးကျသေးလို့လဲလို့ ပြောတယ်။ ဒီနောက်မှ ရာဇက္ကန်ပြေပြန်ဆယ်ပြီး ငါနဲ့ ရယ်ရယ်မောမော စကားပြောနိုင်တယ်။ ဒါပေမဲ့ အဲဒီနောက်တော့ မင်းတုန်းမင်းကြီးဆီကို ဒီနေ့အထိ ငါတစ်ခါမှ အခစားဝင်ခွင့်မရတော့ဘူး။ ရွှေနန်းတော်ကြီးကို နေ့တိုင်းသွားပြီး ငါ့အတွက်ရစရာရှိတဲ့ ထောက်ပံ့ငွေလေးတွေကို သွားလျှောက်တာပဲ။ တစ်ပြားမှလည်း မရပါဘူး။

နောက်ဆုံးတော့ ဘုန်းတော်ကြီးသော ဘုရားဆီက ငါ့ဆီကို အမှာတော်ရောက်လာတယ်။ ငါဟာ မန္တလေးနေပြည်တော်ကနေပြီး ချက်ချင်းထွက်ခွာသွားရမယ်တဲ့။ ဆက်နေရင် ငါ့အတွက် အန္တရာယ်ရှိနိုင်တယ်တဲ့။ ဒါပေမဲ့ ငါဂရုမစိုက်ပါဘူး။ မန္တလေးမှာ ငါလုပ်စရာတွေ ရှိနေသေးတော့ ငါ ဘယ်ပြန်နိုင်ဦးမလဲ။ နောက်ထပ်ခြောက်လလောက်တော့ နေဦးမှာပဲ။ မင်းတုန်းမင်းကြီး ဘယ်လိုပဲပြောပြော၊ ငါ့အလုပ် မပြီးမချင်းတော့ မသွားနိုင်သေးဘူး။

"ဒီတော့ မင်း မန္တလေးမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်လုပ်ပါစေလို့ ဆုတောင်းပါတယ်ကွာ။ မန္တလေးမှာ စိတ်ဝင်စားစရာတွေလည်း တွေ့လိမ့်မယ်။ အဲ . . . တစ်ခုတော့ရှိတယ်၊ မင်းတုန်းမင်းဆီက ဘယ်တော့မှ ငွေရေးကြေးရေးအလှူမခံပါနဲ့။ တကယ်လို့ သူက အတင်းလှူလာရင် အဲဒီအလှူတော်ငွေကို ကာလကတ္တားမှာရှိတဲ့ အက်စ်ပီဂျီအသင်းတော်ကို ပို့ပေးလိုက်ပါ။ နိုင်ငံရေးနဲ့ ကင်းကင်းရှင်းရှင်းနေရင် မင်းကို ချီးမြှင့်မြှောက်စားတော်မူမှာ အမှန်ပဲ။ အဲ . . . နိုင်ငံရေးမှာ ဝင်ပါလို့ကတော့ မင်းဒုက္ခရောက်မှာပဲ။ ဒီလိုဆိုရင် ငါတို့ သာသနာတော်အတွက်ရော၊ အသင်းတော်အတွက်ရော မကောင်းဘူး။ နိုင်ငံအတွက်လည်း မကောင်းဘူး"

"ဟုတ်ကဲ့ . . . ကျွန်တော် သဘောပေါက်ပါတယ် ဆရာကြီး။ ကျွန်တော့် ပင်ကိုသဘောကလည်း နိုင်ငံရေးတို့ ဘာတို့ကို စိတ်မဝင်စားပါဘူး။ ကျွန်တော်တို့ဝါသနာနဲ့လည်း မတိုက်လှပါဘူး"

"အင်း...ကောင်းပါပေ့ဗျာ။ တို့အသင်းတော်က သာသနာပြုပုဂ္ဂိုလ်တွေထဲမှာ နိုင်ငံရေး စိတ်ဝင်စားတဲ့လူများကော ရှိသလား။ စိတ်ဝင်စားရင်တော့ သာသနာအရေးခြုံထားပြီး ကလှဲ့လိုက်နေတာပေ့ါ။ ဘုရားအရေးတော်နဲ့ မထိုက်တန်ဘူးလို့ပဲ ဆိုရမှာပေ့ါ။ ဒီလိုလေ . . . ငါပြောချင်တာက ကိုယ်တိုင်က စိတ်ဝင်စားခြင်းမရှိသည့်တိုင် မသိမသာ စိတ်ပါသွားနိုင်တယ်၊ ကိုယ်တိုင်တောင် ဒီလိုစိတ်မပါသွားဘူးဆိုတာ ပြောနိုင်တာမဟုတ်ဘူး။ တို့နိုင်ငံသားများ ဒီမှာနေရတာ သက်စွန့်ဆံဖျား နေရတာနော်။ တချို့နိုင်ငံခြားသားတွေ ဒီကိုလာနေကြ


www.burmeseclassic.com

www.burmeseclassic.com


တာက သူတစ်ပါးဆီကယူဖို့၊ ကျုပ်တို့ သာသနာပြုတွေကတော့ ယူဖို့မဟုတ်ဘူး။ သူတစ်ပါးကိုပေးဖို့ လာနေကြတာ။ ဒီတော့ တို့အဖို့ နေရတာ ပိုပြီးခက်တာပေါ့"

ဖင်နီသည် ထိုင်၍ နားထောင်နေရင်းမှ သူတို့နှစ်ယောက်ကို မျက်တောင်ကော့ကြီးများအောက်မှ မျက်လုံးများဖြင့် ငေးကြည့်နေသည်။ ဖင်နီသည် ဒစ်ကင်း၏စာအုပ်တစ်အုပ်ကို ဆုံးအောင်ဖတ်နိုင်မှ ဖတ်နိုင်မည်၊ ပုလိပ်ရုံးသတင်းများဖြင့် ပြည့်နေသည့် သတင်းစာတစ်စောင်ကို ကုန်အောင်ဖတ်ချင်မှ ဖတ်နိုင်မည်၊ ကိုယ်နှင့်မဆိုင်သော စကားဝိုင်းတစ်ခုတွင် သည်းခံနားထောင်ချင်မှ နားထောင်နိုင်မည်၊ သို့ရာတွင် ဖင်နီသည် လူတွေနှင့်ပတ်သက်၍ အကင်းပါးသူဖြစ်သည်။ အရိပ်အခြည်ကို အကဲခတ်တတ်သူဖြစ်သည်။

အက်ဂါသာသည် ထိုလူသုံးယောက်ပြောနေသည်ကို တွေ့ဖူးမြင်ဖူးနေသည်မှာ ကြာပြီဖြစ်သော်လည်း သူတို့သုံးယောက် ဘာတွေအရေးတကြီး ပြောဆိုနေသည်ကို နားမလည်နိုင်။ ဖင်နီကမူ သူတို့သုံးယောက်သား ပြောဆိုနေကြသည်ကို ချက်ခနဲ ရိပ်မိလိုက်သည်။ တမင်အားထုတ်၍ တွေးနေသောကြောင့် သိခြင်းမဟုတ်။ အမှန်အားဖြင့် ဖင်နီသည် ကိုယ်နှင့်ဆိုင်သည့် လူများလောက်ကိုသာ စိတ်ဝင်စားတတ်သည်။ ပရိုသီရိုးသည် လူကောင်းတစ်ယောက်ဖြစ်သည်။ အက်ဂါသာ နားလည်သဘောကျမည့် လူမျိုးဖြစ်သည်။ ငါ့ကိုသာကြိုက်ရင် ငါလည်း ပြန်ကြိုက်မိမှာပဲဟု ဖင်နီတွေးနေသည်။ သို့ရာတွင် ပရိုသီရိုးသည် သူ့ကိုကြိုက်မည့်လူမျိုးမဟုတ်။ သူလည်း ဒန်းတားစ်လိုလူမျိုးပင်။

ဖင်နီ၏မျက်လုံးများသည် သာသနာပြုဆရာ မစ္စတာလန်စဒင်ဆီသို့ ရောက်သွားကြပြန်သည်။ လန်စဒင်သည်လည်း ရုပ်ကထုံထိုင်းသလောက် ဉာဏ်ထုံထိုင်းသည့်လူမျိုးဟုတ်ဟန်မတူ။ သူ့ရှေ့ရေးကို ကြိုတင်တွေးနေပုံရသည်။ ဆရာမှတ်မရှိတော့လျှင် မန္တလေးတွင် ဆရာမှတ်လို အရှိန်ဩဇာရှိမှ ရှိပါမည်လောဟု သူစိုးရိမ်ပုံရသည်။ ဆရာမှတ်လောက် ဥပမိရုပ်ကောင်းသူမဟုတ်သဖြင့် ဆရာမှတ်လို ဩဇာမရှိနိုင်။ သို့ရာတွင် လန်စဒင်သည် အကင်းပါးသူဖြစ်၏။ ဆရာမှတ်ထက်ပင်လျှင် အကင်းပါးပေလိမ့်ဦးမည်ဟု သူထင်သည်။

သူတို့သုံးယောက်သည် အဘယ်ကြောင့်များ သာသနာပြုဆရာများ ဖြစ်နေကြရသနည်း။ ဘာသာတရားကို အဘယ်ကြောင့် ထိုမျှလောက် ယုံကြည်စွဲလမ်းနေရသနည်း။ ဖင်နီ နားမလည်နိုင်။ သူ့ဆိုလျှင် သူယုံကြည်သည့်အရာကို ဘယ်တော့မျှမလုပ်။ သူ့အတွက် အကျိုးရှိမည့်အရာကိုမှ လုပ်တတ်သူဖြစ်သည်။ ယခု ထိုလူသုံးယောက်တို့သည် သူတို့ ယုံကြည်သည့်အရာတစ်ခုအတွက် အားကြိုးမာန်တက် လုပ်နေကြသည်ကို တွေ့ရသည့်အခါတွင် ဖင်နီ အံ့ဩနေသည်။

ဖင်နီသည် ငြင်းလိုက်ပြီးမှ အားနာပါးနာဟန်ဖြင့် နောက်ထပ်ကိတ်မုန့်တစ်လုံးကို လှမ်းယူပြီး အိမ်သည်များကို ငေးကြည့်နေသည်။ အက်ဂါသာကလည်း လက်ဖက်ရည်ငှဲ့နေရာမှ ဖင်နီ့ကိုကြည့်၍ တွေးနေသည်။ ဖင်နီသည် လှတော့လှသည်။ သို့ရာတွင် လှတော့သူ


www.burmeseclassic.com

www.burmeseclassic.com



တောဝင်အောင် စကားမပြောတတ်။ ယောကျ်ားသားဆိုသည်မှာ သူတို့ အလုပ်အကိုင်အကြောင်းကိုသာ ပြောတတ်ကြစမြဲ။

ဒေါက်တာမတ်ခေါ် ဆရာမှတ်မှာ တော်တော်အရေးကြီးသည့် ပုဂ္ဂိုလ်ဖြစ်ဟန်တူသည်။ မန္တလေးရှိ သာသနာပြုအဖွဲ့ကို ခေါင်းဆောင်နေသူမှာလည်း ဆရာမှတ်ပင် ဖြစ်သည်။ မည်သို့သော အခက်အခဲမျိုးနည်း။ ပါပဲ့ကိုကြည့်ရသည်မှာ အေးအေးဆေးဆေးပင်။ ထို့ကြောင့် ပါပါသည် သူတို့ထက် အရည်အချင်းရှိပုံရသည်။ ပါပဲ့တွင် ပြုစုစောင့်ရှောက်သူရှိဖို့ လိုနေသည်။ ယခု သူရောက်လာသည့်အတွက် ပါပါကံကောင်းသည်ဟု ဆိုရမည်။

မစ္စတာပရိုသီရိုးမှာလည်း ပြုစုစောင့်ရှောက်မည့်သူ လိုဟန်တူသည်။ ယောကျ်ားဆိုသည်မှာ သည်လိုချည်းပင်။ ပရိုသီရိုးကိုကြည့်ရသည်မှာ သာသနာအဝတ်အစားကိုဝတ်၍ သာသနာဘက်က ပုဂ္ဂိုလ်ဟု ပြော၍ရသည်။ လူကမူ ကဗျာဆရာ၊ လက်ာဆရာနှင့် တူသည်။ ပရိုသီရိုးမှာလည်း သာသနာပြု ဆရာတော်ကောင်းတစ်ယောက်ဖြစ်သည်။

ဒေါက်တာမတ်ခေါ် ဆရာမှတ်ကလည်း စကားတွေ တွင်တွင်ပြောနေသည်။ သူပြောမှတဲ့လား။ ဒီလောက်တော့ ပါပါလည်း နားလည်တာပေါ့။ အလို . . . အိမ်ရှေ့ဝရံတာက ဘယ်သူပါလိမ့်။ ကုလားဝန်ထင်တယ်။ နိုင်ငံခြားသားများသည် စကားပြောလျှင် အချိန်ကို ဘယ်တော့မှ သတိမပြုကြ။ ပြောမိလျှင် ဘယ်တော့မျှ အမျှင်မပြတ်တော့။ အက်ဂါသာက လက်ဖက်ရည်စားပွဲပေါ်တွင် တင်ထားသည့် ခေါင်းလောင်းကလေးကို ကောက်၍တီးသည်။ သူလည်း အပန်းဖြေ၍ ရေမိုးချိုးချင်လှပြီ။

အိမ်ရှေ့ဝရံတာမှ ဝင်လာသူမှာ ကုလားဝန်နှင့် သူ့သမီးဖြစ်သည်။ ကုလားဝန်၏ သမီးမှာ ဖဲင်နီနှင့် မတိမ်းတယိမ်းဖြစ်ပြီး မျက်နှာဝိုင်းဝိုင်း၊ မေးချွန်ချွန်နှင့် ညိုမှောင်သော သူ့မျက်လုံးများထဲမှ စူးစူးရဲရဲအကြည့်က သူ့စိတ်နေစိတ်ထားကို ဖော်ပြနေသည်။ သွားများက ဖြူဖွေးကာ ပါးမို့မို့လေးပေါ်တွင် နှင်းဆီရောင်သမ်းလျက်။ ကုလားဝန်သမီးသည် အနက်ရောင် ကတ္တီပါအနားကွပ်ထားသည့် အဝါရောင်ချည်ဝတ်စုံကို ဝတ်ထားပြီး လည်တွင် ဖဲကြိုးကလေးများရစ်သိုင်းကာ ခေါင်းပေါ်တွင် ပိုက်ကွန်အုပ်ထားသည့် ထီးကလေးတစ်ချောင်းကို ခပ်ကြွားကြွားလေး ကိုင်ထားသည်။

သူ့အဖေမှာ အာမေးနီးယန်းလူမျိုး ဘုန်းကြီးတစ်ပါးဖြစ်ပြီး မင်းတုန်းမင်းကြီးလက်ထက် မန္တလေးရှိ နိုင်ငံခြားသားများကို အုပ်ချုပ်သူဖြစ်သည်။ ကုလားဝန်သည် မျက်နှာချိုချိုနှင့်ဖြစ်၍ သူ့မျက်မှန်အောက်မှ နက်မှောင်သော မျက်လုံးများသည် တောက်ပနေကြသည်။ ကုလားဝန်သည် စကားများများပြောဆိုခြင်းမပြုဘဲ အခြားသူများပြောဆိုသည့် စကားများကို ဝင်ထောက်ပေးရုံသာလုပ်သည်ကို ဖဲင်နီတွေ့ရ၏။ လူစိမ်းသူစိမ်းများနှင့် နေရသော ပတ်ဝန်းကျင်တွင် မွေးလာသည့်အတွက် စကားနည်းခြင်းဖြစ်ပေလိမ့်မည်။

ကုလားဝန်သည် တစ်လုံးနှစ်လုံးမျှသာပြောပြီး တစ်ခါတစ်ရံတွင်မှ ပခုံးကိုတွန့်ပြခြင်း၊ လက်ဝါးနှစ်ဖက်ကို ဖြန့်ပြခြင်း စသည့်အမူအရာများဖြင့်သာ သူတို့စကားဝိုင်းထဲသို့ ဝင်



www.burmeseclassic.com

www.burmeseclassic.com


တတ်သည်။ ဆရာမှတ်က ရွှေနန်းတော်ကြီးနှင့် သာသနာပြုအဖွဲ့အကြောင်းကို ရှည်လျားစွာ ပြောဆိုလျက်ရှိသည့်အခါတွင်လည်း ကုလားဝန်မှာ များများစားစား ဝင်ရောက်ပြောဆိုခြင်း မပြုဘဲ လက်နှစ်ဖက်ကို ဖြန့်ပြခြင်း၊ ခေါင်းခါပြခြင်း၊ လက်ကာပြခြင်း စသည့်တို့လောက်ကို သာ လုပ်ပြသည်။

မစ္စတာလန်စဒင်မှာ မျက်မှောင်ကြီးကုပ်၍ နားထောင်လျက်ရှိ၏။ ထိုအတိုင်းသာ ဒေါက်တာမတ်ပြောနေလျှင် ခက်ရချည့်။ ဒေါက်တာမတ်ပြောသည့် စကားများထဲတွင် အဘယ်မှာ သာသနာရေးကိစ္စပါသနည်း။ ပရိသီရိုးမှာလည်း ဝင်ပြောချင်လွန်းသဖြင့် ချက် ကောင်းကိုစောင့်နေရာမှ အခွင့်ရ၍ ပြောရန်ပြင်လိုက်သည်တွင် ဒေါက်တာမတ်ခေါ် ဆရာ မှတ်က အပြောမခံဘဲ ဆက်တိုက်ပြောနေသဖြင့် အသာပင်နေလိုက်ရသည်။

မိန်းကလေးသုံးယောက်တို့ကား ဘာစကားမျှလည်း မပြောနိုင်ဘဲ တိတ်ဆိတ်စွာ ထိုင်နေကြလေ၏။ ဤတွင် ဖဲင်နီကစတင်ကာ တစ်နေ့က ဂျူလီ၏အိမ်တွင် ရောက်ခဲ့သည့် ညေ့ခံပွဲအကြောင်းကို ပြောသည်။ ကုလားဝန်သမီးဆီလာက ဘာမျှမပြောဘဲ ခေါင်းညိတ် ၍ ခပ်ပြုံးပြုံးဖြင့် နားထောင်သည်။ နောက်ထပ် ဆယ့်ငါးမိနစ်လောက် ပြောမိသည့်အခါတွင် မှ ဆီလာနှင့်ဂျူလီတို့မှာ ခင်မင်သော မိတ်ဆွေများဖြစ်ကြောင်းကို ဖဲင်နီသိလာခဲ့ရသည်။ ရုတ်တရက်သော် ဖဲင်နီသည် ရှက်ကိုးရှက်ကန်းဖြစ်သွား၏။ သို့ရာတွင် ဆီလာ၏ အမြဲတမ်း ချိုသာသော အပြုံးကြောင့်လည်းကောင်း၊ မန္တလေးမြို့အကြောင်းမှအစ ရောက်တတ်ရာရာ စကားများ ပြောဆိုလိုက်ရသည့်အတွက်ကြောင့်လည်းကောင်း အနည်းငယ် နေသာထိုင် သာရှိသွားသည်။

ထိုစဉ် လူကြီးတွေရော သူတို့တစ်သိုက်ပါ ရွှေရောင်တောက်နေသည့် အေးမြ သော ညနေခင်းတွင် လမ်းလျှောက်ထွက်ခဲ့ကြသည်။ ဖဲင်နီတို့တစ်တွေကို အိမ်သို့ပြန်ပို့ရင်း လမ်းလျှောက်ထွက်လာခဲ့ခြင်းဖြစ်၏။ မိန်းကလေးသုံးယောက်မှာ ရှေ့မှ လျှောက်လာခဲ့ကြ သည်။ ခပ်စောစောက တစ်ယောက်နှင့်တစ်ယောက် ခပ်အမ်းအမ်းဖြစ်နေကြသော်လည်း ယခုမူ စကားတွေဖောင်လောက်အောင် ပြောနေကြလေပြီ။

နန်းမြို့ရိုးကြီးကို ဖြတ်လာခဲ့၍ ညနေခင်းနေခြည်တွင် နင်းဆီရောင်တောက်နေ သော မြို့ရိုးကြီးများ၊ ငြိမ်သက်လျက်ရှိသော ကျုံးရေပြင်စသည်တို့ကို ကျော်လာခဲ့ကြသည်။ မြို့ရိုးပေါ်တွင် စုလစ်မွန်းချွန်တို့ တပ်ဆင်ထားသည့် ပြအိုးများ၊ ပြာသာဒ်များသည် ဆည်းဆာ ကောင်းကင်၏ နီပြေပြေအောက်ခံတွင် ရေးရေးရိပ်ရိပ် ပေါ်နေကြ၏။ ကျုံးကို ဖြတ်ကူးထား သည့် တံတားဖြူဖြူလေးကလေးများနှင့် တစ်ဖက်ကမ်းရှိ သရက်ပင်ရိပ်မည်းမည်းတို့မှာ ရေ ထဲတွင် ပျော်ကျစီးဆင်းသွားသည်ဟု ထင်မှတ်ရသည်။ ကြည်လင်သော ကျုံးရေပြင်ပေါ် တွင် ငွေရောင်ကရဝိက်ကြီးနှစ်ကောင် က.ထားသည့် ကရဝိက်ဖောင်ကြီးသည် မျောပါနေ သည်ဟု ထင်ရသည်။ ညနေဆည်းဆာဖြစ်သဖြင့် လေသည် သင်းပျံ့နေကာ အရာအားလုံး သည်တောက်ပပြိုးပျက်၍ အိပ်မက်တစ်ခုနှင့် တူနေသည်။


www.burmeseclassic.com

www.burmeseclassic.com



လူကြီးများနှင့်အတူ နောက်မှလိုက်လာသည့် ပရိုသီရိုး၏မျက်လုံးများသည် ရှေ့မှသွားနှင့်ကြသော မိန်းကလေးများဆီသို့ ရောက်နေ၏။ အရောင်လွင်လွင် ထီးကလေးများ ကိုယ်စီကိုင်ထားသဖြင့် သူတို့သုံးယောက်စလုံးသည် ကျုံးဘေးတွင် ရွက်လွှင့်လာကြသည့်နယ်ရှိ၏။

ပရိုသီရိုးသည် မရည်ရွယ်ဘဲနှင့် စကားတစ်ခွန်း ပြောလိုက်မိသည်။

"အမျိုးသမီးတွေကကော ဘယ့်နယ်လဲ ဆရာကြီး"

ဒေါက်တာမတ်ခေါ် ဆရာမှတ်ကို လှမ်းမေး၏။ ဆရာမှတ်သည် သူ့ကို တအံ့တဩဖြင့် ကြည့်နေသည်။

"ကျွန်တော်ဆိုလိုတာက မြန်မာအမျိုးသမီးတွေကို ပြောတာပါ ဆရာကြီး။ ဟောဒီက မစ္စတာလန်စဒင်ကတော့ အိန္ဒိယပြည်က လာခဲ့တဲ့အတွက် သူ့အမြင်မှာ မြန်မာအမျိုးသမီးတွေဟာ အမြင်ဆန်းနေမှာပဲထင်တယ်။ မြန်မာပြည်မှာ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားတဲ့စနစ်မရှိတဲ့အပြင် အမျိုးသမီးတွေ နေရာတကာမှာ တွင်ကျယ်တယ်လို့ ကျွန်တော်ထင်မိတယ်။ ကျွန်တော့်အမြင် ပြောရရင်တော့ . . ."

ပရိုသီရိုးသည် ပြောစရာစကားလုံး ရှာမရတော့သဖြင့် အတန်ကြာ စဉ်းစားနေသည်။

"ကျွန်တော်ဆိုလိုတာက ဒီလိုပါလေ။ ကျွန်တော့်အထင်ပြောရရင်တော့ ဗမာပြည်ကြီးတစ်ပြည်လုံးဟာ မိန်းမတွေ ကြီးစိုးနေတယ်လို့ ထင်တာပဲ။ ဟောဟိုမှာလည်း မိန်းမတွေ ကြီးစိုးနေတယ်လို့ ထင်တာပဲ။ အတော်တော့ စိတ်ပျက်စရာကောင်းတယ်ဗျာ"

ဟုဆိုကာ ရွှေနန်းတော်ကြီးရှိရာသို့ မေးငေါ့ပြသည်။

"ကျုပ်တော့ စိတ်မဝင်စားပေါင်ဗျာ။ မိန်းမအကြောင်းကို နည်းနည်းလေးမှ မစဉ်းစားမိဘူး။ ကျုပ်တို့လို သာသနာပြုတွေအတွက် မစဉ်းစားတာပဲ ကောင်းပါတယ်လေ"

ပရိုသီရိုးမှာ သူပြောသည့်စကားကို လိပ်ပတ်လည်အောင် မပြောနိုင်သဖြင့် အနည်းငယ်စိတ်တိုသွားရာမှ . . .

"ကျွန်တော်ဆိုလိုတာက အိမ်ထောင်သားမွေးကိစ္စကို ပြောတာမဟုတ်ပါဘူး ဆရာကြီး။ ကျွန်တော်ဆိုလိုတာက ဗမာပြည်လိုနေရာမျိုးမှာ အမျိုးသမီးတွေရဲ့ပြဿနာကိုလည်း ထည့်ပြီးစဉ်းစားရမယ်လို့ပြောတာပါ"

ဒေါက်တာမတ်ခေါ် ဆရာမှတ်သည် သူ့ကို မကျေမနပ်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

"မင်းပြောတဲ့ အဓိပ္ပာယ်အတိုင်းဆိုရင် အမျိုးသမီးတွေရဲ့ကိစ္စကို တို့အနေနဲ့ လျစ်လျူရှုထားလို့ ဘယ်ဖြစ်တော့မှာလဲ။ ခပ်ငယ်ငယ်အင်္ဂလိပ်တွေက ဗမာမယားတွေကို ယူထားကြတော့ ခက်တာပေါ့။ ရာသက်ပန်ရိုးမြေကျ ယူထားကြတာတော့ မဟုတ်ဘူးပေါ့။ အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ အိမ်ပြန်သွားတော့ ဗမာမလေးတွေက သူနဲ့ရတဲ့ကလေးကိုခေါ်ပြီး မိဘအိမ်ကို ပြန်ကြရတာပေါ့။ တော်တော်တော့ ရက်စရာကောင်းတယ်ကွာ"

"ကျွန်တော်ပြောတာက ဒီအဓိပ္ပာယ်မဟုတ်သေးဘူး ခင်ဗျ"

ပရိုသီရိုးက ပြောသည်။ သို့ရာတွင် ပရိုသီရိုးသည် သူပြောလိုသည့်အဓိပ္ပာယ်ကို ဒေါက်တာမတ်ခေါ် ဆရာမှတ်နားလည်အောင် မပြောနိုင်တော့ပြီ။ တစ်တိုင်းပြည်လုံးတွင် မိန်းမတွေ တွင်ကျယ်စိုးမိုးမည့် အရိပ်အယောင်ကို ပရိုသီရိုးမြင်နေရသည်။ ထိုအခြေအနေကိုပါ သူမကြိုက်နိုင်။ ပရိုသီရိုးသည် မိန်းမနှင့်ပတ်သက်၍ ကင်းရှင်းစွာ နေထိုင်သူဖြစ်သည့်အလျောက် မိန်းမတို့ကြီးစိုးမည့်နိမိတ်ကို အလိုလို ကြိုတင်သိမြင်ကာ စိတ်ထဲတွင် မခံမရပ်နိုင်အောင် ဖြစ်နေသည်။ တိုင်းပြည်နှင့်အဝှမ်းတွင် မိန်းမတို့ကြီးစိုးသလို အင်းဝရွှေနန်းတော်တွင်လည်း မိန်းမကြီးစိုးရလေသလောဟု သူမခံမရပ်နိုင်ဖြစ်နေသည်။ ပရိုသီရိုးသည် တိတ်ဆိတ်သွားသည်။ အခြားသူများမှာလည်း သူ မခံမရပ်နိုင်ဖြစ်နေသည်ကို ကြည့်၍ စကားမပြောနိုင်ဘဲ တိတ်ဆိတ်သွားကြသည်။

သူတို့သည် ကြာပွင့်တွေဝေနေသည့် ကျုံးဘေးတွင် ရပ်လိုက်ကြ၏။ အရပ်ပုပု၊ ခေါင်းပြောင်ပြောင်၊ မုတ်ဆိတ်ထူထူနှင့် ဒေါက်တာမတ်ခေါ် ဆရာမှတ်သည် ကြာပွင့်တွေဝေနေသည့် ကျုံးရေပြင်ကို ငေးကြည့်နေသည်။ သူ့အဖို့မှ မန္တလေးရွှေမြို့တော်ကြီးသို့ ယခုရောက်ရခြင်းသည် နောက်ဆုံးအကြိမ်နှင့် ပထမဆုံးဖြစ်လိမ့်မည်ထင်သည်။ လှပသော ကျုံးရေရှုခင်းသည် သူ့အဖို့ ကြောက်စရာကောင်းနေသည်။ အရုပ်ဆိုးနေသည်။ အကျည်းတန်နေသည်။ ဖြစ်နိုင်လျှင် ယပ်တောင်တစ်ချောင်းကို ပိတ်ပစ်လိုက်သလို သည်ရှုခင်းကိုလည်း ခေါက်သိမ်းထားချင်လိုက်သည်။

ရွှေရောင်တဝင်းဝင်း စေတီများနှင့် မြို့ရိုးကြီးကိုလည်းကောင်း၊ တံတားဖြူကလေးများကိုလည်းကောင်း၊ သရက်ပင်များနှင့် မန်ကျည်းပင်များကို လည်းကောင်း၊ ပန်းပွင့်များ၏ ရနံ့များနှင့် လိမ္မော်ပွင့်နံ့များကိုလည်းကောင်း၊ မြင်မြင်သမျှ အရာအားလုံးကို ကောက်၍သိမ်းကာ ယွန်းသေတ္တာကလေးတစ်လုံးထဲတွင် ထည့်သိမ်းထားလိုက်ချင်သည်။

မိမိနေထိုင်ခဲ့သည့် ခြောက်နှစ်အတွင်းတွင်မူ ထိုအရာများသည် ကြည်မောစရာ၊ တွယ်တာစရာ၊ နှစ်လိုစရာများ ဖြစ်ခဲ့ကြ၏။ ယခုမူ မိမိသည် မြန်မာဘုရင်၏ အမိန့်ဖြင့် မန္တလေးနေပြည်တော်မှ ဆုတ်ခွာသွားရတော့မည်။ ရှုံးသူတစ်ဦးအနေဖြင့် ပြန်သွားရတော့မည်။ ထိုသို့တွေးမိတိုင်း သူရင်နာသည်။ မန္တလေးမြို့တော်ကြီးသည် မိမိမရှိသည့်နောက်တွင်လည်း သူ့ထုံးစံအတိုင်း လှုပ်ရှားမြဲ၊ သွားလာမြဲရှိဦးမည်ဟု တွေးမိတိုင်း သူရင်နင့်သည်။

ဒေါက်တာမတ်ခေါ် ဆရာမှတ်သည် ဥရောပသားတို့စီးသည့် ဘွတ်ဖိနပ်ကြီးထဲမှ ခြေထောက်များကို မြှောက်ကြည့်လိုက်၏။ ထို့နောက် မန္တလေးဟူသော ဆေးရောင်စုံပျက်နေသည့် မြို့ကြီးကို မမြင်လိုသည့်နယ်ထီးဖြင့် မျက်နှာကို ကွယ်ထားလိုက်သည်။ ထိုအတိုင်း ပင်ဖြစ်ရမည်။ ထီးကိုမြှောက်၍ မျက်နှာကွယ်လိုက်သည်နှင့် ရက်ရက်စက်စက်လှသော



www.burmeseclassic.com

www.burmeseclassic.com



မန္တလေး၏အလှသည် သူ့မျက်စိထဲတွင် မှုန်ဝါးပျောက်ကွယ်သွားခဲ့လေပြီ။ သူ့ရင်ထဲတွင်လည်း မှုန်ဝါးပျောက်ကွယ်သွားခဲ့လေပြီ။

လေညင်းသည် ကျုံးရေပြင်ကို ဖြတ်သန်း၍ တိုက်ခတ်လာသည်။ လေပြည်အသုတ်တွင် သစ်ရွက်ကလေးများသည် ညင်သာစွာ လှုပ်နေကြသည်။ စုလစ်မွန်းချွန်းများ၊ အမောက်ထောင်နေသည့် နဂါးကြီးများတပ်ဆင်ထားသည့် ပြဿဒ်များသည် ကြာပွင့်ကြာရွက်တွေမိုးနေသည့် ကျုံးရေပြင်တွင် မသိမသာ တွန့်နေကြသည်။

ဘီလူးကြီးတစ်ကောင်သည် ပိတ်ထားသည့်ယပ်တောင်ကို ဆွဲဖြန့်လိုက်သည့်နှယ် လေညင်းရပ်သွားသည်နှင့် ပိုးသားကြက်ထားသည့် ပိတ်ကားပေါ်တွင် ရေးထားသည့် ပန်းချီကားချပ်သဖွယ် တောက်ပပြိုးပြက်လျက် ပြန်၍ပေါ်သည်။

ရှေ့ခပ်လှမ်းလှမ်း ကျုံးစပ်တွင်မူ မိန်းကလေးသုံးယောက်ရပ်လျက် တစ်ယောက်က ဆံပင်ဝါဝါ၊ နှစ်ယောက်က ဆံပင်နက်နက်။ ခေါင်းချင်းဆိုင်၍ စကားပြောနေသည်။ ကျုံးဘေးတွင် သူတို့မိန်းကလေးသုံးယောက်ကို ကြည့်ရသည်မှာ လှပသည့်ရှုခင်းတစ်ခု။ သို့ရာတွင် ထိုရှုခင်းအလှ၊ ထိုမိန်းမပျိုတို့သည် ဘာမျှအရေးမကြီး။ ငွေရောင်ဆည်းဆာ ကောင်းကင်နောက်ခံတွင် ဘုံခုနစ်ဆင့်ရှိသည့် မန္တလေးရွှေနန်းတော်ကြီးကို သူ နောက်ဆုံးကြည့်သည်။

ထိုအချိန်၌ကား လွန်ခဲ့သည့်နှစ်များက သူကြုံတွေ့ခဲ့ရသည့် ရှုခင်းများသည် မှတ်ဉာဏ်တွင် ပြန်ပေါ်လာကြလေပြီ။ တောက်ပပြိုးပြက်သော ပတ်ဝန်းကျင်တွင် သူတစ်ယောက်တည်း ရပ်နေသည့်နှယ်။ အနီးရှိ သရက်ပင်ပေါ်မှ ပန်းထိမ်ဖိုငှက်၏ တူထုသံက အဆက်မပြတ်။ ထိုအသံသည် အသုဘအခေါင်းကို ပိတ်နေသော တူထုသံနှင့်တူသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၆

## ရတနာပုံနေပြည်တော်

ရွှေနန်းတော်ကြီးမှ အခစားဝင်ရန် ဆင့်ခေါ်သည့်အခါတွင် ဖဲင်နီ စိတ်ပျက်နေသည့်အတွက် ပါပါ စိတ်မကောင်း။

တစ်နေ့တွင် ပါပါသည် ဖဲင်နီနှင့်အက်ဂါသာကို မန္တလေးတောင်သို့ ခေါ်သွားသည်။ ပျင်းတတ်သည့် ဖဲင်နီအဖို့မူ တောင်ခါးပန်းကိုဖြတ်၍ ဖောက်ထားသည့် ကျောက်တုံးလှေကားထစ်ကို တမျှော်တခေါ်ကြီးတက်ရသဖြင့် တော်တော်မောသွားသည်။ သို့ရာတွင် တောင်ထိပ်သို့ရောက်သည့်အခါတွင် ပင်ပန်းရကျိုးနပ်သည်ဟု ဖဲင်နီယူဆသည်။

တောင်ပေါ်မှမျှော်ကြည့်လိုက်လျှင် တစ်ဝန်းတစ်လျားကြီးရှိနေသော ရတနာပုံနေပြည်တော်ကြီးကို မြင်ရသည်။ စတုရန်းကျကျ ဖောက်လုပ်ထားသည့် ကျုံးပတ်ပတ်လည်သည် ငွေရောင်တောက်နေသည်။ နှင်းဆီနီရောင်မြို့ရိုးများအတွင်းတွင်မူ မြက်ခင်းများ၊ သစ်ပင်အုပ်အုပ်များကို ကြိုကြားတွေ့ရပြီး ထိုအထဲမှ အိမ်များ၊ ရွှေနန်းတော်အဆောင်များကို တစ်စိတ်တစ်ဒေသမြင်ရသည်။ ထို့နောက် ဟင်္သပဒါးရောင် နန်းဆောင်များ၊ ရွှေရောင်တဝင်းဝင်း၊ ထုံးရောင်ဖွေးဖွေးနှင့် စေတီများအပြင် နန်းမဆောင်ကြီးကိုလည်း မြင်ရသည်။ ထိုနေရာကား နေထွက်ဘုရားဆင်ဖြူသခင်၊ ဘဝရှင်မင်းတရားကြီးဖြစ်သော မင်းတုန်းမင်းကြီး၏ သီဟာသနပလ္လင်ရှိရာ နန်းဆောင်တည်း။

---



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း၏ ရွှေရောင်နေခြည်ထဲတွင် မင်းတုန်းမင်းကြီး၏ ဘုံခုနစ်ဆင့်ရှိ နန်းတော်ကြီးသည် တင့်တယ်ပါပေ၏။ ခန့်ညားပါပေ၏။ ဖဲင်နီသည် ရွှေနန်းတော်ကြီးကိုသာ စိုက်ကြည့်နေမိသည်။ မဟာမြတ်မုနိဘုရားကြီးကိုလည်းကောင်း၊ ရစ်ခွေစီးဆင်းလျက်ရှိသော ဧရာဝတီမြစ်ကိုလည်းကောင်း၊ တစ်ဖက်ကမ်းတွင် မှိုင်းပြာလျက်ရှိသော စစ်ကိုင်းတောင်ရိုးကြီးကိုလည်းကောင်း သတိမထားမိ။ အက်ဂါသာမှာလည်း ရှုခင်းအလှကိုကြည့်၍ အံ့အားသင့်ကာ မျက်တောင်ပင်မခတ်မိဘဲ ငေးကြည့်နေသည်။ သို့ရာတွင် ဖဲင်နီက သူ့ကို လှမ်းကြည့်လိုက်သည့်အခါ အက်ဂါသာသည် ဖဲင်နီ၏အကြည့်ကြောင့် အရသာပျက်သွား၏။

"ကြည့်စမ်းပါဦး . . . ဖဲင်နီရယ်၊ ဘယ်လောက်လှသလဲ။ နတ်ဆိုးက အဘဘုရားသခင်ကို တောင်ပေါ်ခေါ်ပြီးတော့ လောကတစ်ခွင်မှာရှိတဲ့ ဘုံဗိမာန်တွေကို ပြတယ်ဆိုတာ ဒီလိုပဲနေမှာနော်"

ဟု အက်ဂါသာက ပြောလိုက်သည်။ ဖဲင်နီက ခေါင်းညိတ်ပြလိုက်ပြီး ရယ်၏။

နောက်တစ်နေ့တွင် သူ့ဖခင် မစ္စတာမိုရိုနီသည် ထုံးစံအတိုင်း ရွှေနန်းတော်ကြီးသို့ အခစားဝင်ရန် မြို့ရိုးတံခါးကြီးနောက်သို့ ပျောက်သွားသည့်အခါတွင် ဖဲင်နီသည် အားကျသောအကြည့်ဖြင့် ကြည့်၍ ကျန်ရစ်ခဲ့သည်။

"သမီးတို့ကိုလည်း မကြာခင် ခေါ်မှာပါနော်"

ဟု ဖဲင်နီက လှုပ်ကုလားထိုင်ကိုလှုပ်၍ ထိုင်နေသော သူ့အမေကို လှမ်းမေးသည်။

"ဖြည်းဖြည်းပေါ့ . . . သမီးရယ်၊ သမီးက သိပ်လောတာကိုး"

ဖဲင်နီသည် အရပ်မြင့်မြင့်၊ တည်ကြည်ငြိမ်သက်စွာဖြင့် ရွှေနန်းတော်မြို့တံခါးကြီးများနောက်ကွယ်တွင် နေ့တိုင်းပျောက်ကွယ်သွားသော ဂျူလီဒီလန်ဖေးကို မနာလိုဝန်တိုဖြစ်နေသည်။ ဂျူလီသည် လက်တွင် ခြင်းတောင်းကလေးတစ်တောင်းဆွဲလျက် ရွှေနန်းတော်ကြီးသို့ သယ်ဆောင်သွားတတ်သည်။ ထိုအချိန်က ဂျူလီသည် အသက်သုံးဆယ်ခန့်ရှိလေပြီ။ မန္တလေးသို့ရောက်သည်မှာလည်း ကြာခဲ့လေပြီ။ ဂျူလီသည် ရွှေနန်းတော်ကြီးထဲတွင် လူသိများသူဖြစ်ပြီး လူချစ်လူခင်များသူ ဖြစ်သည်။ ဂျူလီသည် စိတ်ဓာတ်ကြံ့ခိုင်၍ မကြောက်တတ်သူလည်းဖြစ်၏။

ဖဲင်နီသည်လည်း သူ့လိုပင် မကြောက်တတ်ရန် ဟန်ဆောင်ပါ၏။ သို့ရာတွင် ပင်ကိုယ်စိတ်မြန်သူဖြစ်ပြီး ပြောစရာရှိလျှင် ဟောဟောဒိုင်းဒိုင်းပြောတတ်သူဖြစ်ကြောင်း ကိုယ့်ဘာသာကိုယ် သိပြီးဖြစ်သည်။

မကြာမီတွင် ဆိုင်းမဆင့်ပုံမဆင့်ဘဲ သူမျှော်လင့်စောင့်စားနေသည့် နေ့ရက်သို့ ရောက်လာခဲ့သည်။ တစ်ညနေတွင် သူ့အဖေ မစ္စတာမိုရိုနီက မိမိတို့မိသားစုသည် နောက်တစ်နေ့မနက်တွင် အလယ်နန်းမတော်ခေါ် ဆင်ဖြူမရှင်ထံသို့ အခစားဝင်ရမည်ဖြစ်ကြောင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညနေက ဖဲင်နီ ကောင်းကောင်း အိပ်မပျော်နိုင်။ ဖဲင်နီသည် အပျင်းထူသူ တစ်ယောက်ဖြစ်သည့်တိုင် မနက်အစောကြီးထ၍ ရေမိုးချိုးကာ အဖြူရောင် ဝတ်စုံအသစ်ကို ထုတ်၍ဝတ်သည်။ ဖဲကြိုးဝါကလေးတွေပါသည့် ဝတ်စုံကိုဝတ်သည်။ သူ့မှိခင် ရေမိုးချိုး၍ မပြီးခင်မှာပင် ဖဲင်နီ အဆင်သင့်ဖြစ်နေလေပြီ။ သူရေချိုးပြီး၍ ဥရောပဝတ်စုံကို ဝတ်ပြီးသည့်အခါတွင် ဖဲင်နီသည် ဂနာမငြိမ်ဖြစ်လျက်ရှိလေသည်။

မစ္စစ်မိုရိနီသည် တိုင်းရင်းသားဝတ်စုံဖြစ်သည့် အီတလီဝတ်စုံကိုသာ ဝတ်ချင်သည်။ တိုင်းရင်းသားဝတ်စုံနှင့်ဆိုလျှင် ကြည့်၍ကောင်းသည်။ ယခုမူ ဖဲင်နီကျေနပ်အောင် အစိမ်းရောင်ဖဲဝတ်စုံနှင့် ဘော်အင်္ကျီတို့ကို ဝတ်ရသဖြင့် မသက်မသာဖြစ်နေသည်။

မည်းနက်၍ ဆီတို့ရွှဲနေသည့် ခေါင်းပေါ်တွင် ဇာဦးထုပ်ကလေးကို ဆောင်းပြီးမေးသိုင်းကြိုးကို မေးအစ်အစ်တွင် သွား၍ချည်ရသေးသည်။ ဖဲင်နီ ဘိလပ်မှယူလာသည့် အစိမ်းရစ်ထားသည့် ပိုးထီးကလေးကိုလည်း လက်အိတ်စွပ်ထားသည့် လက်တုတ်တုတ်တိုတိုထဲတွင် ဆုပ်ကိုင်ထားရသည်။ လက်အိတ်ပေါ်မှ လက်ချောင်းတစ်ချောင်းတွင်မူ ရွှေနန်းတော်ကြီးမှပေးသနားသည့် လက်စွပ်များကို ဆင့်၍ ဝတ်ထားသည်။

ဖဲင်နီသည် ကိုးရိုးကားရားဝတ်စားထားသည့် သူ့အမေကိုကြည့်၍ တော်တော်စိတ်ပျက်သွားသည်။ သူ့အမေသည် သူ့ထုံးစံအတိုင်း မြန်မာထဘီ၊ လက်ကျပ်အင်္ကျီပခုံးတွင် ပဝါတစ်ပိုင်းလောက်လွှမ်းလျှင် ပိုကောင်းမည်ဟုထင်သည်။ မြန်မာအမျိုးသမီးများသည် ထိုအဝတ်အစားများဖြင့် ဆိုလျှင် အလွန်ကျက်သရေရှိသည်။ ယခုမူ ထိုအဝတ်အစားများကို ပြန်ဝတ်ရန်လည်း အချိန်မရတော့ပြီ။ ထို့ပြင် နန်းတော်ကြီးသို့ အခစားဝင်သည်ဆိုလျှင် မိမိတို့မိသားစုသည် ဥရောပတိုက်သားမိသားစုနှင့် တူရမည်မဟုတ်လော။ အကယ်၍ သူ့အမေသည် ဥရောပအဝတ်အစားနှင့် ကိုးရိုးကားရားဖြစ်နေသည်ဆိုလျှင်လည်း မတတ်နိုင်တော့ပြီ။ မျက်စိကို တစ်ခြားဖက်သို့ လွှဲထားရုံသာရှိတော့သည်။

ဖဲင်နီသည် ခပ်သေးသေး မှန်ကလေးရှေ့တွင်ရပ်ကာ သူ့ကိုယ်သူ ကြည့်သည်။ တစ်နေ့တွင်မူ ရွှေဘောင်ခတ်ထားသည့် ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ထပ်မံကြည့်ချင်သေးသည်။ နောက်တစ်ခေါက် ရန်ကုန်ဆင်းလျှင် ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ် ဝယ်ခဲ့မည်ဟု ပါပါက ပြောဖူးသည်။ ယခုမူ မတတ်နိုင်ပြီ။ တံဆိပ်ခေါင်းလောက်သာရှိသည့် မှန်ပေါက်စနလေးထဲတွင်သာ ကြည့်ရတော့မည်။

ဖဲင်နီသည် ဆိတ်ကလေးရေ လက်အိတ်တစ်စုံကို ကောက်စွပ်လိုက်ပြီး ကြယ်သီးများကို တပ်လိုက်သည်။ ရွှေလော့ကက်သီးကလေး ဆွဲထားသည့် ကတ္တီပါကြိုးကို လည်မှာဆွဲသည်။ ထိပ်တွင် အနီရောင်ပန်းမွှားကလေးတွေ ဆွဲထားသည့် မြက်ဦးထုပ်ကို ခေါင်းပေါ်တင်ရုံကလေး ခပ်စောင်းစောင်းဆောင်းသည်။ မရမ်းနရောင်ထီးကလေးကို လက်တွင်ကိုင်သည်။ ဟုတ်သည်။ ထိုနေ့မနက်က မန္တလေးရွှေမြို့တော်တွင် ဘယ်သူတွေ ဘယ်လောက်ပင်လိုက်၍ အပြစ်ရှာနေစေကာမူ ဖဲင်နီကိုမြင်လိုက်လျှင် အပြစ်ရှာ၍ ရနိုင်မည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com


အစေခံနှစ်ယောက်က မစ္စစ်မိုရိုနီ၏ ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးကို လှည်းပေါ်သို့ မနိုင့်တနိုင် တင်ပေးနေစဉ် ဖင်နီသည် အချိန်ကြာကြာစောင့်ရသည်ကို စိတ်တိုနေလေပြီ။ မစ္စစ်မိုရိုနီ လှည်းပေါ်ရောက်သောအခါတွင် ဖင်နီသည် ပေါ့ပါးသွက်လက်၍ ပျော့ပျောင်းသော သူ့ကိုယ်ခန္ဓာကလေးဖြင့် လှည်းပေါ်သို့ ခုန်တက်ကာ လှည်းပေါ်တွင်ခင်းထားသော ကော်ဇောပေါ်တွင် ထိုင်သည်။ လက်ဆောင်ခြင်းကိုကိုင်ထားသည့် အစေခံက နောက်မှလိုက်လာစဉ် လှည်းကလေးသည် ကြမ်းတမ်းသော လမ်းများပေါ် ခပ်သွက်သွက် မောင်းလာခဲ့သည်။

လှည်းစီး၍ အတန်ကြာလျှင် ဖင်နီသည် လှည်းပေါ်တွင် စီးလိုက်လာရသည်ကို နောင်တရနေသည်။ သူစီးထားသည့် ပြင်သစ်လုပ် ဒေါက်မြင့်ဖိနပ်နှင့် လျှောက်ရသည်က မှ ပိုသက်သောင့်သက်သာရှိဦးမည်။ ယခုမူ ဆင်းလျှောက်၍လည်း မရတော့။ လမ်းတွင် ချိုင့်တွေ၊ ကျင်းတွေများသဖြင့် လှည်းဆောင့်လိုက်သည်မှာလည်း ဆိုဖွယ်မရှိတော့။ ဖင်နီသည် လက်တစ်ဖက်တွင် မြက်ဦးထုပ်ကလေးကို ကိုင်ထားရင်း အခြားလက်တစ်ဖက်ဖြင့် လှည်းရံတိုင်ကို ကိုင်လိုက်လာခဲ့ရသည်။ ရွှေနန်းတော်ကြီးဆီသို့မရောက်ခင် သူ့ဆံပင်တွေ မပျက်ပါစေနဲ့ဟုသာ ဆုတောင်းရတော့သည်။

သို့ရာတွင် နီကြန်သော မြို့ရိုးကြီးကို မြင်လိုက်ရသည်နှင့် စိတ်ပျက်သမျှတို့သည် ပျောက်ကွယ်သွားကြကာ ဖင်နီ့စိတ်ထဲတွင် ရွှေနန်းတော်ကြီးသို့သာ မြန်မြန်ရောက်ချင်စိတ်တွေပေါ်လာသည်။ နောက်ဆုံးတွင် ကျုံးကိုဖြတ်ဆောက်ထားသည့် တံတားဖြူဖြူကလေးကို ကျော်လာခဲ့ပြီးနောက် မြို့ရိုးတံခါးကြီးနားသို့ ရောက်ခဲ့ကြသည်။ မြို့တံခါးတွင် ဖိနပ်စီးထားခြင်းမရှိသည့် အစောင့်တစ်ယောက်က သူတို့ကို စစ်ဆေးသည်။ လှည်းသည်မြို့ရိုးထဲသို့ ဝင်လာခဲ့သည်နှင့် ဖင်နီလည်း အလွန်ရောက်ဖူးချင်နေသော ရွှေမြို့တော်ထဲသို့ ရောက်သွားလေပြီ။

ဘာကြောင့်မှန်းမသိ။ ကျောင်းတုန်းက သူမကြားခဲဖူး ရွတ်ဆိုခဲ့ရသော ကဗျာလေးတစ်ပုဒ်ကို ဖင်နီသွား၍ အမှတ်ရသည်။ ထိုကဗျာလေးမှာ "တစ်ခါကလျှင်၊ ဒါဝိမင်း၏၊ နန်းတွင်းမြို့ပြ၊ ရောက်ခဲ့ရစဉ်" ဟူသော ကဗျာလေးဖြစ်သည်။

ဖင်နီသည် လှည်းပေါင်းမိုးအောက်မှနေ၍ ရွှေနန်းတော်ကြီးကို မျှော်ကြည့်၏။ နေရောင်တွင် ပြောင်လက်နေကြသော မောက်လှူများ၊ အနားကွပ်ထားသည့် အနီရောင် ဝတ်လုံရှည်များနှင့် အဖြူရောင်ခြေပတ်များကို စည်းတားကြကာ မတ်တပ်ရပ်နေသည့် စစ်သားတစ်သိုက်သည် လှည်းကလေးနှင့်တကွ လှည်းပေါ်တွင် ပါလာသူတို့ကို စူးစိုက်ကြည့်နေကြသည်။ မောက်လှူအောက်တွင် အနီရောင်နှင့် ငွေရောင်အနားကွပ်ထားသည့် တောင်ပံပုံ ပါးကာ၊ နားကာများ ချထားသည်ကိုလည်း တွေ့ရ၏။

ခဏကြာလျှင် ရွှေနန်းတော်အရာရှိတစ်ဦး ရောက်လာကာ သူမိခင်နှင့် မြန်မာလို ပြောဆိုနေကြသည်။ ထိုအရာရှိ၏ မောက်လှူပေါ်တွင် ရွှေပြားကြီးခတ်ထားပြီးလျှင် ဖနောင့်


www.burmeseclassic.com

www.burmeseclassic.com


များသို့တိုင် ဝဲကျနေသည့် အနီရောင် ကတ္တီပါဝတ်လုံကြီးတွင်လည်း ရွှေနားကွပ်ထားသည်ကို တွေ့ရသည်။ ပခုံးပေါ်တွင်မူ တောင်ပံသဖွယ်ဖြစ်နေသော ရွှေပြားတံဆိပ်နှစ်ခုကို တစ်ဖက်တစ်ချက်စီတွင် တပ်ဆင်ထားသည်။ စစ်ဗိုလ်ကလေး၏ စူးရှသော မျက်လုံးများသည် ဖင်နီဆီသို့ ရောက်သည့်အခါတွင် ရပ်တန့်သွားကြ၏။ ဖင်နီသည် မြန်မာစစ်ဗိုလ်ကလေးက သူ့ကို စူးစိုက်ကြည့်နေသည့်အတွက် စိတ်ထဲတွင် ကျေနပ်သွားသည်။

ထောင်ပေါင်းများစွာသော ရွှေနန်းတော်သူ နန်းတော်သားများ မှီတင်းနေထိုင်ရာ နန်းတော်ကြီးသည် နန်းမြို့အပြင်ဘက်မှ ဖုန်ထူလှသော သူတို့ရပ်ကွက်နှင့် လားလားမျှမတူ။ သစ်သားအိမ်များရှိသည့်တိုင် အိမ်ပတ်ပတ်လည်တွင် မြက်ပင်သစ်ပင်တို့ စိမ်းစိုကာ လှုပ်လှုပ်ရှရှ သွားလာနေကြသော နန်းမြို့သူ၊ နန်းမြို့သားများကို မြင်ရသည်။

သူ့အမေသည် ရွှေနန်းတော်ကြီးကိုမြင်သည်နှင့် မြန်မာ့စိတ်၊ မြန်မာ့သွေး ပြန်ဝင်သွားပုံရသည်။ ထိုနေရာမှာ အသည်များ၊ နန်းတွင်းအမှုထမ်းများ၊ မြို့ဝန်များနေထိုင်သည့် ရပ်ကွက်ဖြစ်ပြီး နောက်တံခါးကိုကျော်လျှင် ထိုထက်အရေးကြီးသော ပုဂ္ဂိုလ်များဖြစ်သည့် လွှတ်တော်ဝန်ကြီးများ၊ စစ်ဗိုလ်ချုပ်ကြီးများနေထိုင်သည့် ရပ်ကွက်ဖြစ်ကြောင်းဖြင့် ပြောသည်၊

"ဟော ... ဟော ... ဟိုမှာ ... ဝေါစီးပြီးလာနေတာ လွှတ်ရုံးတော်ဝန်ကြီးတစ်ပါးပဲ"

ဟု မစ္စစ်မိုရှိနီက ပြောသည်။

"ဘယ်မှာလဲ ဟင်"

ဟုဆိုကာ ဖင်နီက သူ့မိခင်လက်ညှိုးညွှန်ပြရာသို့ လိုက်ကြည့်သည်။ ကြည့်လိုက်သည့်အခါတွင်မူကား ဟင်္သာပြဒါးရောင် သစ်စေးသုတ်ထားသည့် ထမ်းပိုးကြီးနှစ်ချောင်းပေါ်တွင် နောက်မှီရွှေပိန်းချ အနီရောင်ဝေါကြီးတစ်စင်း။ ဝေါထမ်းဆယ့်ခြောက်ယောက်တို့က ထမ်းလာကြပြီး ဝေါပေါ်တွင် ထိုင်လိုက်လာသည့် ဝန်ကြီးတစ်ပါးကို မြင်ရသည်။ ထိုဝေါပေါ်တွင်မူ အိမ်တော်ရာထီးမိုးထားလျက် ထီးအောက်တွင် မောင်းဂွတ်နှယ်တို့၏ ဝါဖျော့ဖျော့မျက်နှာပေါ်တွင် နှုတ်ခမ်းမွေးကျင်စွယ်ကြီးတွေ တစ်ဖက်တစ်ချက်တွင် ဖားဖားကြီး ဝဲကျနေသည့် အသက်ခပ်ကြီးကြီး လူကြီးတစ်ယောက်ကို မြင်ရသည်။

ထိုဝန်ကြီးမှာ ရွှေပြားကွပ် သပြေသီးမှည့်ရောင် ဝတ်လုံရှည်ကြီးဝတ်ထားလျက် ခေါင်းဆောင်းရွှေပြားကပ်ထားသည့် ဖောင်းကြီးမှာလည်း နေရောင်ထဲတွင် တလှပ်လှပ်တောက်ပလျက် ရှိလေသည်။ လှပ၍ ဖြူဖွေးသောလက်နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်တွင်တင်ကာ တည်ငြိမ်၍ အသိရခက်သောမျက်လုံးများဖြင့် ရှေ့တူရှုကိုစိုက်ကြည့်လျက် ပါလာသည်ကို တွေ့ရသည်။ မင်းတုန်းမင်းကြီး၏ နန်းရင်းဝန်ချုပ်ဖြစ်သော ကင်းဝန်မင်းကြီး၏ဝေါ သူတို့အနီးမှ ဖြတ်သန်းသွားစဉ် လှည်းကို ဘေးသို့ဆင်းကာ ရပ်ပေးလိုက်သည်။ ဝေါထမ်းများ၏ ခြေသံများနှင့် အသက်ပြင်းပြင်းရှူသံများကို ကြားလိုက်ရသည်နှင့်အတူ ဝေါကြီးသည် သူတို့အနီးမှဖြတ်ကာ ဖြူးဖြောင့်နေသော မင်းလမ်းကြီးအတိုင်း ဆက်လက်ထွက်ခွာသွားသည်။

လဝန်းရိပ်စာပေ
www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကင်းဝန်မင်းကြီးပေါ့

ဟု မစ္စစ်မိုရိုနီက ဖိင်နီနားသို့ကပ်၍ တိုးတိုးပြောလိုက်သည်။

နောက်မြို့တံခါးတစ်ခုသို့ အရောက်တွင် သူတို့သားအမိနှစ်ယောက်သည် လှည်းပေါ်မှ ဆင်းကြရသည်။ မစ္စစ်မိုရိုနီမှာ တစ်လမ်းလုံး ထိုင်လာရသည့်အတွက် ခြေထောက်တွေ ကျဉ်ကာ အောက်သို့ မနည်းဆင်းယူရ၏။ သို့ရာတွင် ဖိင်နီကမူ ငှက်ကလေးတစ်ကောင်လို ပေါ့ပါးစွာဖြင့် လှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး တွန့်ကြေနေသည့် အဝတ်အစားများကို သပ်ချနေသည်။

ထို့နောက် အစောင့်တစ်ယောက်က သူတို့ကို မြို့တံခါးအတွင်းသို့ ခေါ်သွားပြီး ဝင်းတစ်ခုထဲသို့ ခေါ်သွားသည်။ ထိုဝင်းထဲတွင်လည်း လမ်းများသည် လေးထောင့်ကျကျ အကွက်ရိုက်ဖော်ထားသည်ကို တွေ့ရသည်။ သူတို့ရပ်နေရာလက်ဝဲဘက်တွင် စွယ်တော်စင်ရှိသည်။ စွယ်တော်စင်လက်ယာဘက်တွင်မူ နာရီမောင်းများတီးခတ်နေသည့် ဗဟိုရ်စည်စင်ကြီးရှိသည်။ ဖိင်နီသည် ထိုရှုခင်းကို ငေးမောကာ တအံ့တသြကြည့်လျက်ရှိသည်။ အကယ်၍သာ မစ္စစ်မိုရိုနီက သူ့ကိုလှမ်း၍မဆွဲလိုက်လျှင် ပန်းဖူးတွေ၊ ကကြိုးတန်ဆာတွေ တပ်ဆင်ထားသည့် မြင်းကြီးများကို ခေါက်တုံ့ခေါက်ပြန်စီးနေသည့် မြင်းသည်တော်များ၏ မြင်းခွာများအောက်သို့ ရောက်သွားဖွယ်ရှိသည်။

"ကံကောင်းလို့ပါလားအေ . . .၊ ဒီလောက်ပဲ ငေးရသလား။ မြင်းခွာအောက်ရောက်သွားမှဖြင့်"

ဟု သူ့အမေက မြည်တွန်တောက်တီးသည်။ သူတို့နှစ်ယောက်သည် လွှတ်တော်အနီးမှ ဖြတ်သန်းလာခဲ့ကြ၏။ ရွှေနန်းတော်ကြီးကဲ့သို့ပင် လွှတ်တော်ရုံးကြီးမှာလည်း ကျွန်းလုံးတိုင်ကြီးတွေနှင့် ဆောက်ထားခြင်းဖြစ်ပြီး တိုင်ကြီးများကို အောက်တွင် ဟင်္သပြဒါးသုတ်ကာ အပေါ်တွင် ရွှေပိန်းချထားသည်။ အမိုးပန်းဆွဲများတွင်လည်း ပန်းပုရုပ်ကြွအမျိုးမျိုးကို ထုလုပ်ထားရာ အချို့နေရာများတွင် တိရစ္ဆာန်ပုံများ၊ အချို့နေရာများတွင် ပန်းပွင့်များဖြင့် အဆန်းဆန်းဖြစ်လျက် နန်းမြို့ရိုးအပြင်ဘက်မှ အဆောက်အဦးများနှင့် အကွာကြီးကွာနေသည်။

သူတို့ရှေ့တွင် တံခါးနီကို တွေ့လိုက်ရပြီ။ ထိုတံခါးမှာ ဘုရင်မင်းမြတ်နှင့် မိဖုရားများ၊ သနံ့ကြီးများနှင့် မင်းညီမင်းသားများ၊ ဆွေတော်မျိုးတော်များနှင့် မှူးကြီးမတ်ရာများ၊ သံတမန်များသာ ဝင်ရထွက်ရသော တံခါးဖြစ်သည်။ မစ္စစ်မိုရိုနီသည် တံခါးနီဝဲဘက်ရှိ မလွယ်ပေါက်တလေးသို့ ရှေ့ရှုသွားသဖြင့် သူ့နောက်မှ လိုက်လာခဲ့ရသည်။ ထိုမလွယ်ပေါက်မှာ နိမ့်နိမ့်တလေးဖြစ်ပြီး မစ္စစ်မိုရိုနီလို အရပ်သိပ်မမြင့်သူများပင်လျှင် ခေါင်းငုံ့၍ဝင်ရ၏။ ရွှေနန်းတော်ဝင်းကြီးထဲသို့ ဝင်သူတိုင်းသည် ထိုတံခါးသို့ရောက်လျှင် ခေါင်းငုံ့ဝင်ရသည်။ သို့ရာတွင် ဖိင်နီအား ကလေးသာသာမျှသာ ရှိသေးသည့်အတွက် ခေါင်းကိုငုံ့လျှိုးခြင်းမပြုဘဲ ခပ်မတ်မတ်သား၍ ဝင်လာခဲ့လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# ၇

## ရွှေနန်းတော်ကြီး

ထိုရှေ့တည့်တည့် မင်းလမ်းမကြီးပေါ်တွင် မြင်းသည်တော်များ၊ ခြေမြန်တော်များနှင့် ကကြိုးတန်ဆာတွေဆင်ထားသည့် ဆင်ကြီးတွေ ဥဒဟိုသွားလာလျက်ရှိပြီး ထိုရှေ့တွင်မူ ကျောက်ဖြူလှေကားကြီးများနှင့် ညီလာခံရာ ခန်းမဆောင်ကြီးများကို လှမ်းမြင်လိုက်ရသည်။ ထိုအထက်တွင် ဟင်္သပဒါးရောင်သုတ်ထားသော တိုင်ကြီးများနှင့် ရွှေပိန်းချထားသည့် တိုင်လုံးကြီးများရှိသော ညီလာခံခန်းမဆောင်ကြီးကို မြင်ရသည်။

ထို့အထက်တွင်မူ အဆောင်ခုနစ်ဆင့်ရှိသော ရွှေပြာသာဒ်၊ စုလစ်မွမ်းချွန်များသည် ပြာလဲ့သောကောင်းကင်ထဲသို့ ထိုးထွက်နေကြသည်။ ရွှေနန်းတော်ကြီး၏အမိုးများမှာ သွပ်မိုးများဖြစ်သည့်တိုင် ဖဲင်နီအဖို့ ထိုစဉ်ကရော နောင်တွင်ပါ အံ့သြစရာမဟုတ်။ ထိုသွပ်မိုးများသည် သူ့စိတ်ထဲတွင် အပြားခတ်ထားသော ငွေပြားကြီးများနှယ်ထင်မိ၏။ သူသာမဟုတ်၊ မင်းတုန်းမင်းကြီးသည်လည်း ထိုအတိုင်းပင်ထင်မိ၏။ အရှေ့တိုင်းထုံးစံမှာ နန်းတော်များကို ငွေပြားဖြစ်စေ၊ခတ်ပြားဖြစ်စေ အပြားခတ်၍ မိုးလေ့ရှိရာ ရှေးထုံးစံကိုမပစ်ပယ်သော မြန်မာတို့သည်လည်း ဈေးလည်းပေါ၊ ဥရောပတိုက်သားများထံမှလည်း အလွယ်တကူ ဝယ်ယူရနိုင်သော သွပ်ပြားများကို မျက်စိကျခဲ့ကြဟန်တူသည်။

အမှန်အားဖြင့်လည်း ဘုံဆောင်ဘုံထွတ်တို့မှ စုလစ်မွမ်းချွန်များ၊ ပန်းဆွဲတို့တွင် ထုလုပ်ထားသော ပန်းပုရုပ်ကြွများ၊ ဟင်္သာပြဒါးနှင့် ရွှေပိန်းချထားသည့် တိုင်လုံးကြီးများစသည်တို့သည် ကြည့်၍မဝ၊ ရှု၍မဝအောင် ဖြစ်လျက်ရှိလေရာ ဖဲင်နီတစ်ယောက် သွပ်ပြားများကို သတိမထားမိသည်မှာလည်း ဘာမျှအဆန်းမဟုတ်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညီလာခံခန်းဆောင်ကြီးမှာ မိန်းမများ ဝင်ခွင့်မရှိသည့်အတွက် မစ္စစ်မိုရှိနီသည် လက်ဝဲဘက်သို့ ချိုးသွားသည်တွင် ဖဲင်နီမှာလည်း ခန့်ညားလှသော လှတ်တော်ကြီးကို သမင်လည်ပြန်ကြည့်ရင်း နောက်မှလိုက်ပါသွားသည်။ သူတို့နှစ်ယောက်သည် တပ်တော်သားများ၏ တန်းလျားအနီးမှ ဖြတ်ခဲ့ကြ၍ မင်းတရားကြီး၏ ဆင်ဖြူတော်ထားရာ ဆင်ရုံတော်အနီးမှ ဖြတ်လာခဲ့သည်တွင် ဆင်ရုံတော်ရှေ့တွင်လူတွေ အုတ်အုတ်ကျက်ကျက်ဖြင့် ဝိုင်းကြည့်နေသည်ကို တွေ့ရသည်။

"အမေတို့ . . . ကံကောင်းတာပဲသမီးရေ၊ ဆင်ဖြူတော်ကြီးကို အစာကျွေးတဲ့အချိန်နဲ့ ကြုံနေတယ်"

ဟု မစ္စစ်မိုရှိနီက ဖဲင်နီကို လှမ်းပြော၏။ ဖဲင်နီသည် အင်္ဂလိပ်သွေးပါ၍ ဗရင်ဂျီဘာသာဝင်အဖြစ် ကြီးပြင်းလာခဲ့သူပီပီ ဆင်ဖြူတော်ကိုမြင်၍ ဘာမျှထူးဆန်းခြင်းမရှိသော်လည်း သူ့မိခင် မစ္စစ်မိုရှိနီမှာမူ ယခုတိုင် မြန်မာစိတ်မပျောက်သေးသည်ကို တွေ့ရသဖြင့် အံ့အားသင့်နေသည်။

ဆင်ဖြူတော်မှာ ဆင်ပေါက်ကလေးမျှသာဖြစ်ပြီး ကကြိုးတန်ဆာတို့ အပြည့်အစုံဆင်လျက် ဆင်ရုံတော်ထဲမှ ထွက်လာပြီးလျှင် ဆုလာဘ်ကိုမျှော်ကိုးကာ ဆင်ရုံတော်သို့လာ၍ နို့တိုက်ကြသော မြန်မာအမျိုးသမီးများ၏ ရင်အုံမှ နို့ကို နှာမောင်းဖြင့် စုပ်ယူသောက်သုံးလျက်ရှိ၏။ ဆင်ဖြူတော်ကလေးကို နို့တိုက်လိုသဖြင့် တန်းစီစောင့်နေကြသည့် အမျိုးသမီးများမှာ အချို့က သေးသေးသွယ်သွယ်၊ ငယ်ငယ်ရွယ်ရွယ်၊ လှလှပပများဖြစ်ပြီး အချို့မှာမူ ငယ်ရွယ်သည့်တိုင် သေးသွယ်လှပခြင်းမရှိတော့ဘဲ အဆီအစ်ကာ ဝဖြိုးစပြုနေကြလေပြီ။ သို့ရာတွင် သူတို့မျက်လုံးများမှာမူ ထက်သန်မှုဖြင့် တောက်ပနေကြသည်။

ဆင်ဖြူတော်ကလေးမှာ နို့ချိုတိုက်ကျွေးကာ ကောင်းစွာ ကျွေးမွေးစောင့်ရှောက်ထားသည့်တိုင် နံနစ်ဖက်တို့ချိုင့်ဝင်နေသည့် ဆင်ပိန်ကလေးမျှသာဖြစ်၏။ ဆင်ဖြူတော်ဟု သာဆိုရသော်လည်း ဆွတ်ဆွတ်ဖြူနေသော ဆင်မဟုတ်ဘဲ အမည်းရောင်မဟုတ်သော ခပ်နီနီအရောင်မျှသာဖြစ်လျက် တစ်ကိုယ်လုံးကို အမွေးနုံ့သာတို့ဖြင့် ပက်ဖျန်းသန့်စင်ထားသည်။ ခြေချောင်းများမှာ ထုံးစံအတိုင်း ဆယ့်ခြောက်ချောင်းမဟုတ်ဘဲ နှစ်ဆယ့်နှစ်ချောင်းရှိပြီး သေးငယ်သောမျက်လုံးကို ဖုံးနေသည့် မျက်ခုံးများမှာ နီရဲနေသည်ကို တွေ့ရသည်။ ဆင်ရုံတော်ကို အနီရောင်နှင့် အဖြူရောင်ဝတ်ထားသည့် တပ်မတော်သားတစ်ရာတို့က စောင့်ကြပ်လျက်ရှိ၍ ပိုးထဘီ၊ ထိုင်မသိမ်းအင်္ကျီဖြူတို့ကို ဝတ်ဆင်ထားသည့် ကချေသည်တို့က အစာစားပြီး ဆင်ဖြူတော်ကို ဖျော်ဖြေရန် အသင့်စောင့်နေကြသည်။

ဆင်ထိန်းနှစ်ဦးသည် ဆင်ဖြူတော်ကလေးကို နို့တိုက်ရန်အတွက် အသင့်စောင့်ဆိုင်းနေသော အမျိုးသမီးများရှိရာသို့ ဆွဲလာကြသည်။ အနားသို့ရောက်သည်နှင့် လှန်၍ပေးသော ရင်အုံမှနို့ကို နှာမောင်းဖြင့် ဆွဲစို့လျက်ရှိစဉ် ကိုယ့်အလှည့်ကို မျှော်လင့်တကြီးဖြင့် စောင့်ဆိုင်းလျက်ရှိကြသည်။

---

သဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


မိမိတို့အလှည့်ကို စောင့်နေကြသော အမျိုးသမီးများမှာ စိတ်အားထက်သန်မှုကြောင့် တုန်တုန်ယင်ယင် ဖြစ်နေကြသည်။ အမျိုးသမီးတစ်ယောက်မှာမူ ဝမ်းသာလွန်းသဖြင့် သူ့အနီးသို့ ဆင်ဖြူတော်ကလေး မရောက်လာခင်မှာပင် ပါးစပ်မှ အမြှုပ်တွေတစီစီ၊ ရင်အုံမှ နို့တွေပန်းထွက်ရင်း လဲကျသွားပြီး တက်နေသည်။ ဝမ်းသာလုံးဆို့ခြင်းကြောင့် ဖြစ်ဟန်တူ၏။

ဆင်ဖြူတော်ကို နို့တိုက်ရသည်မှာ များစွာနာကျင်ခြင်းဖြစ်လိမ့်မည်ဟု ပြောရင်း မစ္စစ်မိုရှိနီသည် ဆင်ရုံတော်အနီးမှ အစောင့်များကို ခေါင်းညိတ်ပြကာ အထဲသို့ဝင်ခွင့်တောင်းသည်တွင် အစောင့်များကလည်း သူတို့နှစ်ယောက်ကို အထဲသို့ ဝင်ခွင့်ပြုလိုက်ကြ၏။

ဖဲင်နီနှင့် မစ္စစ်မိုရှိနီတို့သည် ရွှေနန်းတော်ဗဟိုဝင်းကြီးထဲသို့ ဝင်ခဲ့ကြပြီးလျှင် မိမိတို့ဝင်ရောက်ခစားမည့် မိဖုရားများအဆောင်ဆီသို့ လာခဲ့ကြ၏။ အလယ်နန်းမတော်သည် သမီးတော်များသာ မွေးသည့်တိုင် ရွှေနန်းတော်ကြီးထဲတွင် အရှိန်အဝါအကြီးဆုံး မိဖုရားဖြစ်ကြောင်းဖြင့် မစ္စစ်မိုရှိနီက ပြောပြသည်။ နန်းမတော်ဖုရားဟုခေါ်သော မိဖုရားခေါင်ကြီးမှာ အသက်ကလည်းကြီး၊ ကောင်းစွာလည်း ကျန်းမာခြင်းမရှိသည့်အတွက် တိုင်းရေးပြည်ရေးကိစ္စများကို များစွာစိတ်ဝင်စားခြင်း မရှိတော့ပြီ။ မင်းတရားကြီးသည် မိဖုရားခေါင်ကြီးကို ချစ်ခင်မြတ်နိုးတော်မူသည့်အလျောက် မိဖုရားခေါင်ကြီးမှာလည်း တိုင်းရေးပြည်ရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ ထားသည့်နေရာမှာနေသည်ဟု မိခင်ဖြစ်သူ မစ္စစ်မိုရှိနီက ပြောပြသည်။

မိဖုရားများနေသည့် ပုတ်တလုတ်ကန်စပ်တွင် လည်းကောင်း၊ ရေပန်းကလေးများအနီးတွင်လည်းကောင်း၊ နန်းဆောင်ရိပ်များတွင်လည်းကောင်း၊ လိပ်ပြာကလေးများသဖွယ် လူးလာပျော်မြူးလျက်ရှိကြသည်။ ဘုန်းတော်ကြီးသောဘုရား၏ စက်ခန်းဆောင်မှာ ပြာသာဒ်ခုနစ်ဆင့်မိုးထားသည့် အဆောင်တစ်ခုဖြစ်ကြောင်းကို မစ္စစ်မိုရှိနီပြသဖြင့် သိရ၏။ စက်ခန်းဆောင်ရှိ စကြံများတွင် အဖြူဝတ်အပျိုတော်များသည် ပုဆစ်တုပ်ထိုင်ကာ အိပ်ဖန်စောင့်လျက်ရှိကြသည်။

ဖဲင်နီသည် မှန်နန်းတော်ကြီးကို လှမ်းကြည့်လိုက်ရာ တိုင်လုံးကြီးများကို စိန့်ပွင့်များသဖွယ် မှန်စီရွှေချထားပြီး အချို့နေရာတွင်လည်း ပတ္တမြားနှင့် မြလုံးများ စီခြယ်ထားသည့်နယ်ရှိအောင် အစိမ်းရောင်နှင့် အနီရောင်မှန်စများကို စီထားသည်ကို မြင်ရ၏။

"အတာကူးတဲ့နေ့တို့ ဘာတို့မှာ ဒီမှန်နန်းတော်ကြီးကို သမီးမြင်စေချင်တယ်။ အို .. လှလိုက်ပုံများ မပြောပါနဲ့တော့။ အမေငယ်ငယ်တုန်းက သမီးတော်တွေ နားထွင်းမင်္ဂလာပွဲကျင်းပလို့ ရောက်ဖူးတယ်။ အဲဒီတုန်းက သမီးတို့ပါပါကလည်း ဘုန်းတော်ကြီးသော ဘုရား


www.burmeseclassic.com

www.burmeseclassic.com



က ချီးမြှင့်မြှောက်စား ခံနေရတုန်းပေါ့။ အဲဒီစက်ခန်းဆောင်နောက် အဆောင်ကတော့ နန်းမတော်ဖုရားရဲ့အဆောင်။ နောက်မင်းတစ်ပါးလက်ထက်ကျရင် ငါ့သမီးလည်း မှန်နန်းအပျိုတော်မဖြစ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ"

ထို့နောက် သူတို့နှစ်ယောက်သည် ဝဲဘက်သို့ ချိုးလာရာ နန်းမတော်ဖုရား၏အဆောင်ကို လွန်သည်နှင့် သူတို့ဝင်ရောက်ခစားရမည့် ဆင်ဖြူမရှင်၏အဆောင်သို့ ရောက်လာကြသည်။ ဖဲင်နီ၏ရင်ထဲမှာ တဆတ်ဆတ်တုန်နေလေပြီ။ ဖဲင်နီသည် သူ့မိခင်လုပ်သည့်အတိုင်း ဖိနပ်ကို အပြင်တွင်ချွတ်ပစ်ခဲ့ပြီး အတွင်းဆောင်ကို ဖြတ်လာ၏။ ထိုနေရာမှာ မိဖုရားများ အချီအချော့ခံသည့် နေရာဖြစ်သည်။ အခါကြီးရက်ကြီးများတွင်ဆိုလျှင် နန်းမတော်မိဖုရားသည် ရွှေနန်းတော်ကြီးထဲတွင် အလှဆုံး၊ အခမ်းနားဆုံးအဆောင်ဖြစ်သော သီဟာသနပလ္လင်ဆောင်တွင် အဖူးမြော်ခံလေ့ရှိသည်။

အခြားသော ခန်းဆောင်များကဲ့သို့ပင် သီဟာသနပလ္လင်ဆောင်ကြီးမှာလည်း အတွင်းဆောင်ကလေးတစ်ခုမှအပ အခြားဘာမှ အကာအရံမရှိသော ဟင်းလင်းဆောင်ကြီးဖြစ်သည်။ သို့ရာတွင် မှောင်ရီသန်းကာ အေးမြတိတ်ဆိတ်လျက်ရှိသဖြင့် ခန်းဆောင်ထဲသို့ ဝင်လာသူများမှာ အမောပြေသွားသည် ထင်ရ၏။ နန်းတော်စင်္ကြံမှ ပြန်တက်လာသော အရောင်ကြောင့် အထဲတွင် ဟသ်ာပြဒါးသုတ်၊ ရွှေပိန်းချတိုင်လုံးကြီးမှာလည်း မှုန်ရီလျက်ရှိ၍ ရွှေပြားတို့ခတ်ထားသော အမိုးဆီတွင် ဝင်ရောက်ပျောက်ကွယ်သွားသည်။ ကြမ်းပြင်တွင်မူ နူးညံ့အိစက်သည့် မွိုင်းလုံးကော်ဇောကြီးများ ခင်းထား၏။ ကော်ဇောကြီးများမှာ ရှေးပါးသွန်းကော်ဇောကြီးများနှင့် နောက်ဆုံးပေါ်ကော်ဇောကြီးများဖြစ်၏။

အပျိုတော်ကလေးများမှာ ကျုံ့ကျုံ့ထိုင်နေရာကြမှ မစ္စစ်မိုရီနီကို မြင်သည့်အခါ ခေါင်းညိတ်ကာ ပြုံး၍နှုတ်ဆက်ကြသည်။ သို့ရာတွင် အလယ်နန်းမတော် ထွက်တော်မမူသေးသဖြင့် စကားတစ်လုံးမျှမပြောဘဲ ဆိတ်ဆိတ်သာထိုင်နေကြသည်။ မစ္စစ်မိုရီနီသည် အိနေသော ကော်ဇောပေါ်တွင် ကျုံ့ကျုံ့ဝင်ထိုင်လိုက်သဖြင့် ဖဲင်နီကလည်း တစ်သက်လုံး ထိုထိုင်နည်းအတိုင်း ထိုင်လာခဲ့သည့်နှယ် မပင်မပန်း သက်သောင့်သက်သာဖြင့် အနီးတွင် ဝင်ထိုင်လိုက်သည်။ ဖဲင်နီ၏ ပျော့ပျောင်းသော အရိုးများသည် မြန်မာဇာတိပြပြန်တူသည်။ ထိုင်ချလိုက်သည့်အခါတွင်မူ နန်းတော်ဆောင်ထဲမှ မှုန်ရီသော အလင်းရောင်ကြောင့်လည်းကောင်း၊ တိတ်ဆိတ်ငြိမ်သက်မှုကြောင့်လည်းကောင်း၊ ဟသ်ာပြဒါးသုတ် ရွှေပိန်းချတိုင်ကြီးများကြောင့်လည်းကောင်း၊ ဖဲင်နီ၏စိတ်သည် အနည်းငယ် တည်ငြိမ်သွား၏။

ထိုစဉ် ခန်းဆောင်ထိပ်ရှိ ရွှေပိန်းချတံခါးကြီးသည် ပွင့်လာကာ အမျိုးသမီးတစ်ယောက်ထွက်လာ၍ စကားတစ်ခွန်းမျှ မပြောဘဲ အခန်းဝတွင် ရပ်နေသည်။ ဖဲင်နီသည် သူ့မိခင် မစ္စစ်မိုရီနီလုပ်သည့်အတိုင်း ကျုံ့ကျုံ့ထိုင်ကာ ခေါင်းငုံ့ပြီး လက်အုပ်ချီထားလိုက်သည်။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


လက်အုပ်ချီထားသောလက်ကို ကွယ်၍ ဆင်ဖြူမရှင်ခေါ် အလယ်နန်းမတော်ကို အသာ ချောင်းကြည့်လိုက်၏။ ဆင်ဖြူမရှင်မှာ စိတ္တဇနာဖြင့် နတ်ရွာစံခဲ့သော ဘကြီးတော်မင်း၏ သမီးတော်ဖြစ်၍ ကြင်ရာတော် မင်းတုန်းမင်းကြီး၏ နမတော်ဝမ်းကွဲလည်း ဖြစ်သည်။

မျက်နှာတည်ထားသည့်အခါများတွင် အလယ်နန်းမတော်ခေါ် ဆင်ဖြူရှင်မ၏ မျက်နှာသည် တင်းမာ၍ ပိုင်းဖြတ်မှုရှိဟန်ပေါက်သော်လည်း ယခု မစ္စစ်မိုရှိနီကို ပြုံးပြသကဲ့သို့ ပြုံးပြုံးရယ်ရယ် ရှိသည့်အခါများတွင်မူ ဖြူဖွေးလှပသော သွားများပေါ်လာကာ တစ်မျိုး ချစ်စရာကောင်းနေသည်ကို တွေ့ရသည်။

မစ္စစ်မိုရှိနီသည် ဖင်နီ အင်္ဂလန်ပြည်မှယူလာခဲ့သော လက်ဆောင်များကို ဆက်သ၏။ ဆင်ဖြူမရှင်သည် ရွှေပိန်းချ ခြေလေးချောင်းတပ်သလွန်ပေါ်တွင် ထိုင်ရင်း လက်ဆောင်များကို သေချာစွာ စူးစိုက်ကြည့်နေသည်။ ဆင်ဖြူမရှင်သည် ပန်းထိုးရောင်စုံဖြင့် ထိုးထားသော ဘော်ကြယ်ဖောက်ထားသည့် ပဝါကလေးခင်းထားသော လက်ဆောင်ဗန်းကလေး ကို သေချာစွာကြည့်သည်။ ထိုဗန်းထဲတွင်မူ ရွှေဖြင့်လုပ်ထားသည့် အပ်ချုပ်လက်စွပ်မှအစ ဝရိုင်ယန်နှင့် မေကုမ္ပဏီမှလုပ်သည့် မီးခြစ်လှလှကလေးများအထိ ပစ္စည်းမျိုးစုံပါသည်။

ဆင်ဖြူမရှင်သည် ဖင်နီ့ကို မေးခွန်းများမေးလျက်ရှိရာ ဖင်နီမှာလည်း မိခင် မစ္စစ်မိုရှိနီသင်ပေးထားသည့် ရွှေနန်းသုံးမြန်မာစကား မတတ်တတတ်ဖြင့် မေးသမျှကို ဖြေဆိုနေရသည်။ ရိုးသားစွာပြောဆိုနေသော ဖင်နီ၏ မြန်မာစကားပြောပုံကို သဘောကျသွား သည့်နယ် ဆင်ဖြူမရှင်သည် သူ့ကို ပြုံး၍ကြည့်လိုက်ပြီးလျှင် လက်သန်းတွင် ဝတ်ဆင်ထားသော ပတ္တမြားလက်စွပ်ကို ချွတ်၍ပေးလိုက်သဖြင့် ဖင်နီမှာ ဝမ်းသာကာ မျက်နှာကလေးနီရဲလာသည်။ သူကြားဖူးသည့် နတ်သမီးပုံပြင်ထဲက ဘုရင်မမျိုးနှင့် တွေ့နေပြီဟုလည်း စိတ်တွင် အောက်မေ့လိုက်မိသည်။

ထိုစဉ် ခန်းမဆောင်အပြင်ဘက်မှ ခပ်သုတ်သုတ်လှမ်းလာသော ခြေသံများကို ကြားလိုက်ရ၏။ မရှေးမနှောင်းဆိုသလိုပင် တစ်နှစ်၊ နှစ်နှစ်လောက်သာသာလောက် ငယ် မည့် မိန်းမပျိုကလေးတစ်ယောက် ခန်းဆောင်ဝတွင် ပေါ်လာသည်။ ထိုမိန်းမပျိုသည် ဖင်နီ ကို စူးစိုက်ကြည့်နေသဖြင့် ဖင်နီကလည်း သူ့ကို ပြန်၍ စူးစိုက်ကြည့်လိုက်၏။ သို့ရာတွင် တစ် ယောက်ကိုတစ်ယောက် သဲသဲကွဲကွဲ မမြင်ကြရ။

အပြင်ဘက်မှလာသည့် မိန်းမပျိုမှာလည်း အဆောင်ထဲတွင် မှောင်ရီရီဖြစ်လျက်ရှိ သဖြင့် ဖင်နီ၏ ဥရောပဝတ်စုံကိုသာ သတိထားမိသည်။ ဖင်နီကလည်း အပြင်ဘက်အလင်း ရောင်ကို တည့်တည့်ကြည့်နေရသဖြင့် သူ့ရုပ်သွင်ကို ကောင်းစွာမမြင်ရ။ သို့ရာတွင် အလင်း ရောင်ကိုနောက်ခံတွင် ရပ်နေသဖြင့် ပြေပြစ်တင့်တယ်သော ကိုယ်လုံးကိုယ်ပေါက်ကို သတိ ပြုလိုက်မိ၏။

---

သဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမပျို့မှာ ဖင်နီကဲ့သို့ပင် သွယ်သွယ်နွဲ့နွဲ့ဖြစ်ပြီး မည်းနက်တောက်ပြောင်သောဆံပင်တွင် ပန်းတွေဝေနေအောင် ပန်ထားသည့်ခေါင်းကို အနည်းငယ်မော့ထား၏။ အလင်းရောင်ကို ကျောပေးထားသည့်တိုင် ထိုမိန်းမပျို၏ နက်မှောင်သော မျက်လုံးများမှာ ဖင်နီ၏မျက်လုံးများထက် အနည်းငယ်ပို၍ ဝိုင်းစက်ပြူးကျယ်ပြီး တဖျပ်ဖျပ်တောက်နေ၏။ ထိုမိန်းမပျို့သည် ကတ္တီပါဖိနပ်လေးကို အပြင်တွင် ကပျာကယာချွတ်ကာ လှပညိုမောင်းသည့် ခြေကလေးတစ်ဖက်ကို တံခါးခုံပေါ်တွင် တင်လိုက်လျက် တံခါးခုံကိုကျော်လိုက်၍ ဝင်လာသည်။

"သူက ဘယ်သူလဲ ဟင်"

ဟု ဖင်နီ့ကို လက်ညှိုးထိုး၍မေးသည်။ မစ္စစ်မိုရှိနီက ဦးညွှတ်၍ လက်အုပ်ချီကာ မိမိသမီးဖြစ်ကြောင်းဖြင့် ဖြေသည်။ မိန်းမပျို့သည် လက်တွင်ကိုင်ထားသည့် ခုန်ကြိုးကို ရှေ့တိုးနောက်ငင် လှုပ်ယမ်းလျက်ရှိရာမှ . . .

"စုဖုရား သူ့ကို သဘောကျတယ်။ စုဖုရားနဲ့ကစားဖို့ ပြောပေးပါလား"

မစ္စစ်မိုရှိနီက သူ့နားသို့ကပ်ကာ လေသံကလေးဖြင့် . . .

"သမီး . . . သွားကစားချည်လေ။ အဲဒါ စုဖုရားလတ်ပဲ"

ဆင်ဖြူမရှင်က ရယ်လျက် ဖင်နီ့ကို အထခိုင်းသည်။ စုဖုရားလတ်သည် သူ့လက်ကိုဆွဲခေါ်လိုက်ကာ . . .

"လာ . . . စုဖုရားနဲ့လိုက်ခဲ့။ ဟိုကျရင် စုဖုရားစီးတဲ့ဒန်းရှိတယ်။ ဒန်းစီးရင်လည်း စီးပေါ့။ ဒီဒန်းပေါ်ကို ဘယ်သူမှ မထိုင်ရဘူး။ ဒါပေမဲ့ ဖင်နီ့ကိုတော့ စီးခွင့်ပြုမယ်"

စုဖုရားလတ်သည် ဖင်နီလက်ကိုဆွဲကာ ခန်းဆောင်ကြီးအစွန်သို့ ခေါ်သွား၏။ ထိုနေရာတွင်မူ ငွေကွင်းကလေးများ တပ်ဆင်ထားသည့် မရမ်းရောင်ကြိုးကြီးများဖြင့် ဆိုင်းအားပြီး အနီရောင်ကတ္တီပါဖုံးကြီးတင်ထားသည့် ဒန်းတစ်ခုရှိသည်။ ဖင်နီမှာ အနည်းငယ်နှုတ်ကြောက်လျက်ရှိကာ ထိုသို့ တရင်းတနှီးနေသည်ကို ဆင်ဖြူမရှင် မည်သို့သော သဘောထားမည်နည်းဟု လှမ်း၍ အကဲခတ်နေသည်။

သို့ရာတွင် ထိုနေ့၌ ဆင်ဖြူမရှင်မှာ စိတ်လက်ကြည်သာရွှင်လန်းလျက်ရှိသည့်အလျောက် သမီးတော်အလတ် စုဖုရားလတ်အား ဒန်းစီးခွင့်ပေးသည်။ စုဖုရားလတ်သည် ပေါ့ပါးသွက်လက်စွာဖြင့် ဒန်းပေါ်မှ ကတ္တီပါဖုံးကြီးပေါ်သို့ ခုန်တက်လိုက်သည်တွင် ဖင်နီသည်လည်း အလားတူ သွက်လက်စွာဖြင့်ခုန်တက်ပြီး သူ့ဘေးတွင် ယှဉ်ထိုင်လိုက်၏။ သူတို့နှစ်ယောက်သည် ဒန်းအတူစီးရင်း တစ်ယောက်ကိုတစ်ယောက် အကဲခတ်နေကြသည်။

ဖင်နီသည် ဥရောပဝတ်စုံကို ဝတ်ထားသည့်တိုင် စုဖုရားလတ်နှင့် နေရာတော်တော်များများတူနေသည်။ စုဖုရားလတ်၏ မျက်လုံးများမှာ ဖင်နီ၏မျက်လုံးများထက် ပိုဝိုင်း



www.burmeseclassic.com

www.burmeseclassic.com


ပြီး ပိုတောက်၏။ သို့ရာတွင် အလောင်းဘုရား၏အနွယ်ဝင်ပီပီ နဖူးမှာ ကျယ်ပြီး မဆို စလောက်မောက်နေသည့်အတွက် အနည်းငယ်အကြည်းတန်သည်။

ဖဲင်နီ၏နှုတ်ခမ်းများမှာ ဖူးစာရေးနတ်၏ လေးကိုင်းသဏ္ဌာန်ရှိပြီး စုဖုရားလတ်၏ နှုတ်ခမ်းများမှာ အနည်းငယ်ပါးနေသည်။ သို့ရာတွင် သေချာစွာ စူးစိုက်ကြည့်သူအဖို့မူ စုဖုရားကိုသာ ကြာကြာကြည့်မည်ဖြစ်၏။ စုဖုရားလတ်၏ ဖျတ်လက်သွက်လက်မှု၊ သူ၏ တောက်ပသော မျက်လုံးများ၊ ပါးလွှာသောနှုတ်ခမ်းကို ပွင့်အောင်ပြုံးလိုက်လျှင် ပုလဲသွယ် ကဲ့သို့ လက်ခနဲဖြစ်သွားသောသွားများ သေးသွယ်သော လက်ချောင်းကလေးများရှိသည့် ရှည်လျားညိုမောင်းသော လက်တံများ။ ထိုအရာများအားလုံးသည် စုဖုရားလတ်ကို မီး တောက်မီးလျှံတစ်ခုနှင့် တူအောင် လုပ်ပေးသကဲ့သို့ရှိသည်။ ထိုတောက်ပမှုနှင့်စာလျှင် ဖဲင်နီသည် ယွန်းထည်တစ်ခုပေါ်တွင် ခြယ်ထားသည့် အရုပ်ကလေးတစ်ရုပ်မျှသာ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၈

## ဖင်နီနှင့် စုဖုရားလတ်

ထိုနောက်မှစ၍ ဖင်နီသည် ရွှေနန်းတော်တွင်းတွင် နေရထိုင်ရသည်ကို ပျော်နေလေပြီ။ ဖင်နီသည် မီးလျှံနှင့် ရွှေချိုင့်ထဲတွင် ပျော်ပိုက်တတ်သူ တစ်ယောက်မဟုတ်။ သို့တိုင်အောင် ပျားသည် ဝတ်ရည်တို့ဖြင့်ပြည့်နေသော ပန်းပွင့်ဆီသို့ နေ့တိုင်းရောက်နေသကဲ့သို့ ဖင်နီသည်လည်း ရွှေနန်းတော်ကြီးသို့ နေ့တိုင်းရောက်တတ်သည်။

စုဖုရားလတ်သည် ဖင်နီကို သဘောအကျကြီး ကျနေလေပြီ။ ဖင်နီကို မြင်မြင်ချင်း ချစ်ခင်မိသည်ဟုဆိုကာ မိမိ၏အကြောင်းကို နေ့တိုင်း ပြောပြတတ်သည်။ မိမိအတွင်းရေးကိုသာ ပြောပြတတ်ပြီး သူတစ်ပါး၏အတွင်းရေးကို နားမထောင်တတ်သည့် ဖင်နီ့အဖို့ ထိုအတွေ့အကြုံမှာ အတွေ့အကြုံသစ်ဖြစ်နေသည်။

သို့တိုင်အောင် ဖင်နီသည် ကိုယ်ခန္ဓာ ပျော့ပျောင်းသူဖြစ်သည့်နည်းတူ သူတစ်ပါးအကြိုက်လိုက်ကာ လိုက်လျောညီထွေဖြစ်အောင် နေတတ်သူဖြစ်သည့်အလျောက် ဘဝသစ်တွင်နေသားကျနေလေပြီ။ နေသားမကျဘဲ အဘယ်မှာရှိမည်နည်း။ မိမိအား ဤသို့ ဘဝသစ်တစ်ခုသို့ ပြောင်းသွားအောင် လုပ်လိုက်သူမှာ မင်းသမီးတစ်ပါး မဟုတ်လော။

သို့ရာတွင် အတွင်းရေးများကို ဖွင့်ဟတိုင်ပင်ခံရသူတစ်ဦး ဖြစ်သည့်အလျောက် ဖင်နီသည် သူ့ကိုယ်သူ အထင်ကြီးနေသည်။ စကားပြောသူသည် စိတ်ဓာတ်အားနည်းသူဖြစ်ပြီး နားထောင်သူသည် စိတ်ဓာတ်အားကောင်းသူဖြစ်ကြောင်း ဖင်နီသည် ပကတိဉာဏ်ဖြစ်မျိုးဖြင့် သိသူဖြစ်၏။ မိမိနှင့် နှိုင်းယှဉ်စဉ်းစားခြင်းမရှိဘဲ သူ့အကြောင်းသက်သက်ကို နားထောင်နိုင်သူဖြစ်ဘိလျှင်မူကား ထိုသူ၏ စိတ်တန်ခိုးသတ္တိကောင်းပုံမှာ ဆိုဖွယ်မရှိတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com


အမှန်ကိုပြောရလျှင် ဖဲင်နီသည် ဘယ်တော့မှ ကိုယ့်အတွင်းရေးကို မချွင်းမချန် ပြောသူမဟုတ်။ ဖဲင်နီသည် ကိုယ့်အကြောင်းကို ပြောခဲ့ဖူးပေါင်းများလှလေပြီ။ စကားဝိုင်း အလယ်တွင် ပရိသတ်တို့ နားထောင်ကောင်းအောင်လည်း ပြောခဲ့ဖူးလှလေပြီ။ သို့ရာတွင် သူပြောသည့်အကြောင်းများသည် အကုန်အစင် အမှန်တွေချည်းမဟုတ်။ သူ့အကြောင်းကို ပြောလျှင် သူ့စိတ်ထဲတွင်ရှိသည်တို့ကို ဖြည့်စွက်၍သော်လည်းကောင်း၊ ချန်လုပ်၍သော် လည်းကောင်း ပြောစမြဲ။

ဤနေရာတွင် စုဖုရားလတ်သည် သူ့ထက်သာသည်ဟု ဆိုရမည်လော၊ ညံ့သည် ဟု ဆိုရမည်လော မသိ။ စုဖုရားလတ်သည် ရှိနေသောဇာတ်ခုံပေါ်တွင် သူ့ကိုယ်သူ ပရိသတ် စွဲမက်ဖွယ်ဖြစ်အောင်၊ ငေးကြည့်လောက်အောင် မလုပ်တတ်။ အရိုးခံ ခံစားကာ ဟုတ်တိုင်း မှန်ရာကို အရိုးခံပြောတတ်သူမျိုးဖြစ်သည်။ ဖဲင်နီသည် ထိုအချက်ကို နားမလည်နိုင်။

လောကတွင် အတွေးအမြင်အမျိုးမျိုးရှိ၍ အမူအကျင့် အထွေထွေရှိကြောင်းကို ဗရိုက်တန်ကျောင်းမှ ဖဲင်နီကို သင်ကြားပေးလိုက်ပြီ။ သို့ရာတွင် အလောင်းဘုရားအနွယ်ဝင် စုဖုရားလတ်၏ ကျယ်ပြန့်သော မဟာနဖူးထဲတွင်မူ အတွေးအမြင်တစ်ခုတည်းသာရှိ၏။ ယင်းမှာ အခြားမဟုတ်။ လောက၌ ရတနာပူရ အင်းဝနိုင်ငံတော်ကြီးလောက် ကြီးကျယ်ခမ်း နားသည့် နိုင်ငံတော်ဟူ၍မရှိ။ ထိုနိုင်ငံတော်မှလွဲလျှင် လောကတွင် အခြားဘာမျှမရှိဟူ သော အတွေးအမြင်ပင်ဖြစ်သည်။ မြေတွင်းအောင်းသော ယုန်သူငယ်သည် သူ့မြေတွင်းကို ကမ္ဘာကြီးလောက် ထင်သကဲ့သို့ စုဖုရားလတ်သည် အခြားသောနိုင်ငံ၊ အခြားသောယဉ် ကျေးမှုတို့ကို မပြောနှင့် အခြားသောမျိုးခြားတို့ ရှိသည်ဟူ၍ပင် ကောင်းစွာနားမလည်။

စုဖုရားလတ်သည် သူတို့ရွှေနန်းတော်ထဲတွင် အလွန်အရေးပါ အရာရောက်သည့် ပုဂ္ဂိုလ်ဖြစ်ပြီး ထိုသို့ အရေးပါအရာရောက်ကြောင်းကိုလည်း သူကိုယ်တိုင် ကောင်းစွာသိ သည်။ သူနှင့်ညီအစ်မနစ်ဖော်သည် သွေးမနှောသော ဘုရင့်သွေးစစ်ဖြစ်သည့် အားလျော် စွာ နောင်ထီးနန်းအမွေကို ဆက်ခံယူမည့် မည်သူနှင့်မဆို စုလျားရစ်ပတ် လက်ထပ်နိုင်သော အခြေတွင်ရှိသည်ဟု ယူဆ၏။

ထီးမွေနန်းမွေကို မည်သူဆက်ခံမည်နည်းဆိုသည့် ပြဿနာမှာမူ ဘုရား၏ အလို အတိုင်းသော်လည်းကောင်း၊ မင်းတုန်းမင်းကြီး၏ ဆုံးဖြတ်ချက်အတိုင်းသော်လည်းကောင်း၊ သို့မဟုတ်သေးလျှင် ရွှေနန်းတွင်း လုပ်ကြံရေးသမားများ၏ လုပ်ရပ်များပေါ်တွင်လည်း ကောင်း တည်ရှိကောင်း တည်ရှိနိုင်သည်။ သို့ရာတွင် မည်သူထီးနန်းတက်သူဖြစ်စေ စုဖုရား ကြီး၊ စုဖုရားလတ်နှင့် စုဖုရားငယ်ဟူသော ညီအစ်မသုံးဖော်တို့သည် ထိုထီးနန်းအရိုက် အရာခံသူ၏ ကြင်ရာမိဖုရားများအဖြစ် ထီးနန်းကို သိမ်းမြန်းစိုးပိုင်နိုင်ခွင့် ရှိကြသည်သာဟု ယူဆထားကြသည်။

ထိုအကြံ၊ ထိုအယူသည် စုဖုရားလတ်၏ရင်ထဲတွင် ကိန်းအောင်းနေစပြုပြီဖြစ် သည့်တိုင် စုဖုရားလတ်သည် ထိုအကြောင်းကို ထုတ်ဖော်ပြောဆိုခြင်း မပြုသေး။ စုဖုရား



www.burmeseclassic.com

www.burmeseclassic.com



လတ်သည် တစ်နေ့တွင် မိဖုရားကြီးအဖြစ်သို့ ရောက်ရမည်ဟု ရည်မှန်းထားပြီး သူ့အစ်မ စုဖုရားကြီးကိုမူ သီလရှင်ဝတ်ဖို့သာကောင်းသည်ဟု အထင်သေးနေသူဖြစ်သည်။ သဘော ကောင်း၍ ချိုသာဖော်ရွေသော စုဖုရားငယ်ကိုမူ ထို့ထက်ပင် အထင်သေးခြင်းဖြစ်သေး သည်။

အရုပ်ဆိုးအကျည်းတန်သည့် သူ့အဖေတူအမေကွဲ ညီမတော်သူ စလင်းမင်းသမီး ကိုမူ ခမည်းတော်မင်းတုန်းမင်းကြီး၏ အချစ်ဆုံးသမီးတော်ဖြစ်သည့်တိုင် စာရင်းထဲတွင်ပင် ထည့်သွင်းခြင်းမပြု။ အကယ်၍ ခမည်းတော်ကြီး၏ ဦးစားပေးခြင်းမခံရသည့်အတွက် မိဖုရား ခေါင်ကြီးမဖြစ်ခဲ့လျှင်လည်း ဖြစ်အောင်ကြိုးစားမည်သာဖြစ်သည်။ ထို့မျှမက မိမိ၏ မယ် ခတော် အလယ်နန်းမတော်ခေါ် ဆင်ဖြူမရှင်မှာလည်း ရွှေနန်းတော်ထဲတွင် မိဖုရားခေါင်ကြီး ထက် အရေးပါအရာရောက်သူ မဟုတ်လော။

ဖိင်နီအဖို့သော်မူ လောလောဆယ်တွင် ထိုကိစ္စများကို စိတ်မဝင်စားနိုင်။ မိမိ အတွက် ရွှေနန်းတော်ကြီးသို့ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ခစားနိုင်လျှင်ပင် လုံလောက်လေပြီ။ နောင်သောအခါတွင် မိမိသည် မှန်နန်းအပျိုတော်ကြီး ဖြစ်ကောင်းဖြစ်လာလိမ့်မည်။ ယခု အချိန်တွင်မူ ဒိမိသည် မိဘ၏ အလိုလိုက်ခံရသူ၊ သမီးတော်များနှင့် ကစားဖော်၊ ကစားဖက်၊ သမီးဝေ များနှင့် ဆက်ဆံခွင့်ရသည့် တစ်ဦးတည်းသော လူမျိုးခြားဖြစ်၍ တစ်ပတ်လျှင် အတွင်းဆောင်သို့ သုံးကြိမ် အခစားဝင်ခွင့်ရသူဖြစ်လျှင် တော်လောက်ပြီ။

နွေရာသီရောက်ဟသာဖြင့် မန္တလေးရာသီဥတုသည် ပူပြင်းသည်။ ဖိင်နီမှာ သံတွေ ခဲကဲ့သို့ပူသော မန္တလေးရာသီဥတုကို အရယ်အမောမပျက်ခံနိုင်သလောက် အက်ဂါသာမှာ မူ သူ့ပါးပြင်ပေါ်တွင် ရှိမြဲဖြစ်သည့် နှင်းဆီသွေးသည် ပျောက်ကွယ်သွားခဲ့လေပြီ။ အက်ဂါသာ သည် စကြာသုံးထပ်မိုးထားသည့် အမိုးအောက်တွင် နွေရာသီ၏အပူဒဏ်ကို လူးလိမ့်ခံနေ ရသည်။ ဖိင်နီမှာကား နန်းတွင်းရှိ တောင်ဥယျာဉ်တော်ရှိ နွေရာသီယာယီစံနန်းဆောင်သို့ သွားကာ မိဖုရားများ၊ သမီးတော်များနှင့် တွေ့ဆုံပျော်ပါး ကစားလျက်ရှိ၏။

တစ်ခါတစ်ရံတွင် မင်းတုန်းမင်းကြီးကိုယ်တော်တိုင်လည်း တောင်ဥယျာဉ်တော် သို့ ထွက်တော်မူတတ်သေးသည်။ မင်းတုန်းမင်းကြီးမှာ အရပ်ထောင်ထောင်မောင်းမောင်း၊ ဘည်ကြည်သော မျက်နှာထားရှိပြီး သနားကြင်နာတတ်သူဖြစ်၏။ မျက်လုံးများမှာ အနည်း ငယ်စွေနေပြီး ကျိုးတိုးကျဲတဲ နှုတ်ခမ်းမွေးကျင်စွယ်ကြီးသည် ဖြူဖျော့သော မျက်နှာပေါ်တွင် ဘဲနေကာ လေးကိုင်းသဖွယ် ဘေးတစ်ဖက်တစ်ချက်သို့ ဝဲကျနေကြသည်။

မင်းတုန်းမင်းကြီးသည် တောင်ဥယျာဉ်တော်သို့ကြွလာ၍ မိဖုရားများ၊ သမီးတော် များ၊ အပျိုတော်များနှင့် သူ့ဂယ်တော်များကြားသို့ ရောက်လျှင် ညီလာခံသဘင်များတွင် တွေ့ မြင်ရသော တည်ကြည်လေးနက်သော မျက်နှာမရှိတော့ဘဲ ယောက်ျားများ၊ အထူးသဖြင့် အရှေ့တိုင်းသားများတွင် တွေ့ရတတ်သော ကလေးငယ်ကဲ့သို့ ချိုသာပြုံးရွှင်သောမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် အလိုအလျောက် ပေါ်လာတတ်သည်။ မင်းတုန်းမင်းကြီး၏ ရယ်စရာမောစရာ စကားများလည်း ရွှေနန်းတော်ကြီးမှ အတွေးအခေါ်များကဲ့သို့ ရိုးရိုးစင်းစင်းသာ။

တစ်နေ့တွင်မူ ဥယျာဉ်တော်ထဲရှိ ကန်တော်တွင်းသို့ လိပ်များတက်လာသည်ကို တွေ့သဖြင့် ပျော်စရာကြုံရသေး၏။ လိပ်များကိုတွေ့သည်နှင့် နန်းတွင်းအပျိုတော်များသည် ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ကာ လိပ်ဥလိုက်ရှာကြရာ ကန်တော်သဲသောင်ထဲတွင် ဥထားသော လိပ်ဥတော်တော်များများကို တွေ့ရ၏။ လိပ်များက ဥယျာဉ်တော်ထဲသို့ မည်သို့မည်ပုံ ရောက်လာသည်ကို တစ်ယောက်တစ်ပေါက် ထင်မြင်ချက်ပေးကာ လိပ်ဥများကို ပြုတ်စားကြ၏။

ဤတွင် မင်းတုန်းမင်းကြီးက ဥယျာဉ်တော်ထဲရှိ ပုတ်တလုတ်ကန်တော်ထဲသို့ သူ၏အလိုတော်အရ လိပ်များရောက်လာပြီး လိပ်ဥများဥပေးခြင်းဖြစ်ကြောင်း၊ ထို့နောက် မိမိအလိုတော်အရ အပျိုတော်များက လိပ်ဥများကို ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း မိန့်တော်မူသည်တွင် အပျိုတော်များသည် သဘောကျကာ တသောသောရယ်မောကြ၏။

ရွှေနန်းတော်ကြီးထဲသို့ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ရသည့် နိုင်ငံခြားသားမှာ ဖဲင်နီနှင့် ဂျူလီဒီလန်ဖေးတို့ နှစ်ယောက်တည်းသာမဟုတ်ပေ။ သူတို့နည်းတူ ဝင်ထွက်ခွင့်ရသည့် နိုင်ငံခြားသား ကုလားနှစ်ယောက်လည်း ရှိသေးသည်။ ယင်းတို့မှာ မင်းတုန်းမင်းကြီး၏ သစ်တောရေးဝန်ဖြစ်သော ဂျာမန်လူမျိုး ဒေါက်တာတာဖဲလ်ဆိုသူနှင့် ရွှေနန်းတော်တွင်း အခါတော်ပေး ကသည်းလူမျိုး ရာဂျစ်ဆင်းဆိုသူတို့ ဖြစ်ကြသည်။

ဂျာမန်လူမျိုး တာဖဲလ်မှာ ဝဝဖိုင့်ဖိုင့်ဖြစ်ပြီး ရန်ကုန်တွင် ဆရာဝန်အဖြစ် ဆေးကုနေရာမှ မဟန်သဖြင့် ရွှေနန်းတော်ကြီးတွင် ဆေးကုစားရလျှင် မြိုးမြိုးမြက်မြက်ရနိုင်သည်ဟု အောက်မေ့သောကြောင့် မန္တလေးရွှေမြို့တော်သို့ ရောက်လာခြင်းဖြစ်သည်။

ဖဲင်နီသည် ထိုဂျာမန်ကို စိတ်ဝင်စားခြင်းမရှိ။ သို့ရာတွင် မိမိအား ဇာတာဖွဲ့ပေးသော ကသည်းလူမျိုး ပုဏ္ဏားရာဂျစ်ဆင်းကိုမူ ဖဲင်နီသဘောကျသည်။ မိမိ၏နောင်ရေးနှင့် ပတ်သက်၍ တိတိကျကျ ဟောလိုက်သောကြောင့်မဟုတ်။ ဖဲင်နီသည် အသက်ရှည်မည်၊ မကြာမီတွင် ကောင်းစားမည်ဟု ဟောလိုက်သောကြောင့် ဖြစ်၏။

ရာဂျစ်ဆင်းသည် ဖဲင်နီ၏ ရှည်ဝေးသောအနာဂတ်နှင့် ပတ်သက်၍မူ ဟောပြောရန် ငြင်းဆို၏။ သို့ရာတွင် ကိစ္စမရှိပြီ။ ယခုလောလောဆယ် ကောင်းစားမည်ဆိုလျှင်ပင် ဖဲင်နီ ကျေနပ်နေလေပြီ။ ရာဂျစ်ဆင်းသည် ရွှေနန်းတော်သူများကို ဟောသကဲ့သို့ တောရမ်းမယ် ဘွဲ့များကို ဟောခြင်းမဟုတ်ဘဲ ဟုတ်တိုင်းမှန်ရာကို ဟောလိုက်ခြင်းဖြစ်သည်ဟု ဖဲင်နီယုံကြည်သည်။

ရွှေနန်းတော်ကြီးအတွင်းရှိ မိန်းမဆောင်များတွင် နေ့စဉ်နှင့်အမျှ ဘာမျှထူးခြားဆန်းကြယ်သော အဖြစ်အပျက်ဟူ၍မရှိဘဲ အပေါ်ယံကိစ္စလေးများဖြင့် အချိန်ကုန်လျက်သာ ရှိပေ၏။

---

သဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အကြောင်းတစ်ယောက် အတင်းပြော၍ ရယ်ပွဲဖွဲ့ခြင်း၊ အသေးအဖွဲ ကိစ္စကလေးများတွင် ရယ်မောကြခြင်း၊ အသေးအဖွဲကိစ္စလေးများတွင် မနာလိုဝန်တိုဖြစ်ခြင်း၊ အသေးအဖွဲကိစ္စလေးများကြောင့် စိတ်ထိခိုက်ရခြင်း စသည်တို့ဖြင့်သာ အချိန်ကုန်နေကြ၏။

ဖဲင်နီသည် ထိုသို့ အပူအပင်၊ အကြောင်းအကြမရှိ နေရသောဘဝကို နှစ်ခြိုက်သည်။ ထိုဘဝမျိုးတွင် နေရခြင်းသည် အပေါ်ယံတွင်ရပ်၍ ဝဲပျံနေသော လိပ်ပြာကလေးများ၏ဘဝကဲ့သို့ ပျော်စရာကောင်းသည်။ ဖဲင်နီ၏ဆန္ဒများ၊ ရည်မှန်းချက်များသည် မြင့်မားကြီးကျယ်သည့်တိုင် ဖဲင်နီ၏စိတ်ထဲတွင်မူ ပေါ့ပါးလန်းဆန်းနေသည်။

မန္တလေးရွှေနန်းတော်ကြီးထဲတွင် မိမိလိုချင်သောအရာ၊ မိမိတောင့်တသောအရာ ရှိပြီး ထိုဝက်ပါကြီးထဲတွင် မိမိသည် လျှောက်လှမ်းနေရသည်ကို သိသည့်တိုင် ဖဲင်နီသည် ငယ်ရွယ်နုပျိုသူဖြစ်သည့်အလျောက် နေ့စဉ်ကြုံတွေ့ရသည့် ပျော်စရာများနှင့်သာ ကျေနပ်နေသည်။ ဖဲင်နီသည် ခမ်းနားကြီးကျယ်သော ရွှေနန်းတော်ကြီးမှ မိမိတို့နေထိုင်ရာ ခပ်ကုတ်ကုတ်အိမ်ကလေးသို့ ပြန်ရောက်၍ အက်ဂါသာအား ထိုအကြောင်းများကို ပြန်ပြောင်းပြောဆိုသည့် အခါတွင်လည်း ရွှန်းရွှန်းဝေလျက်။

အိပ်ငိုက်နေသော ကုလားများက တလှုပ်လှုပ်ဖြင့် ပန်ကာကြိုးကို ဆွဲနေကြသည့် ဘိုင် မည်းမှောင်၍ ပူလောင်အိုက်စပ်နေသော သာသနာပြု အဆောက်အအုံထဲတွင် အက်ဂါသာသည် သူ့စကားများကို မျက်နှာအပျက်ပျက်ဖြင့် ထိုင်၍နားထောင်ရင်း စိတ်မကောင်းဖြစ်နေသည်။ အက်ဂါသာသည် သာသနာပြုဆရာမအဖြစ် ပျော်စရာကောင်းမည်ဟု ထင်ခဲ့သော်လည်း သူထင်ခဲ့သလို ပျော်စရာမကောင်း။

သူ့ဖခင်ကမူ အတွေးကြွယ်သလောက် စကားကြွယ်၍ သာသနာပြုဆရာဘဝကို ပျော်ပိုက်သည့်အလျောက် ထိုသို့ အသေးအဖွဲများကို နားမထောင်ချင်။ တစ်ခါတစ်ရံတွင် ဘလေးများကို တွေ့ရဖန်များသဖြင့် စိတ်ရှုပ်ရသည်မှာလည်း မကြာခဏပင်။ အက်ဂါသာသည် မြန်မာစကားကို ကြိုးစား၍သင်သည့်တိုင် ကလေးများကို ဇာထိုးပန်းထိုး သင်ပေးရုံမှအပ သာသနာပြုရေးနှင့် ပတ်သက်၍ ဘာမျှ ဟုတ္တိပတ္တိ မလုပ်နိုင်သေး။ အက်ဂါသာသည် ဘထိုးပန်းထိုးကို သင်ပေးရသည့်တိုင် သူကိုယ်တိုင်ကလည်း ကောင်းစွာတတ်ကျွမ်းသည် ဟုတ်။

ခပ်စောစောပိုင်းကမူ ဇရိုက်တန်ဟွင် အတူနေခဲ့ရသည့် ကျောင်းနေဖက် သူငယ်ချင်းများထံ စာတွေအဆက်မပြတ် ရေးခဲ့သော်လည်း နောက်ပိုင်းတွင်မူ မရေးဖြစ်တော့ပြီ။ ဖဲင်နီတစ်ယောက် ရွှေနန်းတော်ကြီးသို့ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်နိုင်သည်ဟူသော အကြောင်းမှအပ အကြောင်းဆို၍ ရေးစရာလည်း ဘာမျှပြောပလောက်အောင်မရှိ။ ယခု အချိန်တွင် ပရိုသီရီးမှာလည်း အက်စ်ပီဂျီ သာသနာပြုအဖွဲ့၏တာဝန်ဖြင့် ရန်ကုန်သို့ ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့သွားခဲ့ပြီဖြစ်ရာ သူနှင့်ပတ်သက်သော အက်ဂါသာ၏ အပျိုစင်စိတ်ကူးတို့သည် လွင့်ပြယ် ပျောက်ကွယ်စပြုလေပြီ။

ရွှေမြို့တော်တွင် ပြင်သစ်များမှာ သူတို့အုပ်စုနှင့် သူတို့သာ နေကြသည်။ ဂရိတို့မှာမူ မည်သူ့ကိုမှ အသိအကျွမ်းမလုပ်ကြ။ အင်္ဂလိပ်များမှာ အနည်းငယ်သာရှိပြီး ထိုသူများမှာလည်း အောက်ဗမာပြည်တွင်နေလျှင် ကြွေးဖြင့် ဝရမ်းကပ်ခံရမည်စိုး၍ မန္တလေးသို့ ထွက်ပြေးလာကြသူများသာ ဖြစ်၏။

စိန့်ဂျိုးဇက် မယ်သီလရှင်ကျောင်းမှ သီလရှင်များမှာ ဖော်ရွေပျူငှာကြသည် မှန်ပါ၏။ သို့ရာတွင် ထိုသီလရှင်များသည် သူ့ကို ဗရင်ဂျီတစ်ယောက်အဖြစ် အသိအမှတ်မပြုကြဘဲ ခပ်နိမ့်နိမ့် ဆက်ဆံလေ့ရှိကြသည့်အတွက် အက်ဂါသာ ဒေါသထွက်ရသည်။

ဖဲင်နီ နေပုံထိုင်ပုံကို သူမကြိုက်သည့်တိုင် အက်ဂါသာမှာ ဝတ်စုံကလေးတလွှားလွှား၊ ရယ်မောသံ တလွင်လွင်၊ လက်ဟန်ခြေဟန်တပြပြဖြင့် သူ့နောက်ဆုံး စွန့်စားခန်းများကို ပြောပြတတ်သော ဖဲင်နီကိုသာ အဖော်လုပ်၍ ပျော်ရတော့သည်။

အက်ဂါသာက . . .

"မင်း ဒီလိုနဲ့ပဲ ပျော်နေတော့မှာလား ဖဲင်နီ။ အောက်တန်းစားသူငယ်တန်းကျောင်းသားကလေးတွေလို ဘာမဟုတ်တာတွေနဲ့ ပျော်လိုက်ပါးလိုက်နဲ့ပဲ အချိန်ကုန်တော့မှာလား။ စာလေးဘာလေးကော မဖတ်ချင်ဘူးလား။ လေးနက်တဲ့ စာကောင်းပေကောင်းဆိုပါတော့။

"ဟင့်အင်း . . . ကျေးဇူးတင်လှပါပြီရှင်။ ကျုပ်မှာ ဗရိုက်တန်ကျောင်းမှာနေတုန်းက ဒါတွေကို ဖတ်ခဲ့ရပါပြီနော်။ ဒါတွေကို နောက်ထပ်မဖတ်ရစေနဲ့တော့။ မနေ့က ရွှေနန်းတော်ကြီးထဲမှာ ကစားရတာ သိပ်ပျော်စရာကောင်းတာပဲကွယ်။ ကိုယ်ရယ် စုဖုရားရယ်လေ။ စုဖုရားက ကိုယ့်ကိုတောင် ဥယျာဉ်တော်ထဲက ပုတ်တလုတ်ကန်ထဲကို လှေနဲ့ခေါ်သွားတယ်။ ကိုယ်ဆော့လိုက်တာ ကံကောင်းလို့ လှေမမှောက်တာပါလား။ မှောက်များမှောက်လိုက်ရင် အမယ်လေး . . . အသည်းယားစရာကြီး။

ကန်ထဲမှာ ကြာနီကြီးတွေကလည်း ပွင့်လိုက်တာကွယ်၊ တစ်ကန်လုံး ကော်ဇောနီကြီး ခင်းထားသလိုပဲ။ ဒီတော့ ကိုယ်လည်း ဝမ်းသာအားရနဲ့ လှမ်းခူးလိုက်တာပေါ့။ ဒီတင် လှေကစောင်းသွားပြီး မှောက်မယ်လိုလုပ်ပါရော။ စုဖုရားက သစ်မြစ်ကြီးတစ်ခုကို လှမ်းဆွဲလိုက်လို့ တော်သေးတာပေါ့။ စုဖုရားက ခဏတော့ စိတ်ဆိုးသွားသေးတယ်။ ကိုယ်လည်း လန့်နေတာပေါ့။ ကိုယ့်ကို မျက်လုံးကြီးပြူးကြည့်ပြီး ငါသေသွားရင် နင့်ကို ခမည်းတော်က သတ်မှာတဲ့။ နင့်ကို လည်မျိုကို တုတ်တိုနဲ့ရိုက်သတ်ပြီး ဧရာဝတီမြစ်ထဲကို မျှောချမှာတဲ့"

"ဟင် . . . နင့်စုဖုရားကြီးကလည်း ကြောက်စရာကြီးပါလား"

ဖဲင်နီက ခေါင်းကလေးကို ယမ်းလိုက်ကာ . . .

"အမယ်လေး . . . ဒီကလည်း ဒီလောက်တော့ အပျော့ပေါ့။ သူက ဒီလိုပြောတော့ ကိုယ်ကလည်း . . . အို . . . ထိပ်စုဖုရားကလည်း ကျွန်မက ဘုန်းတော်ကြီးသော ဘုရားသတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာပြုလို့ကြောက်နေတော့မှာလဲ။ လေ့မှောက်တယ်ဆိုရင် ထိပ်စုဖုရားရော ကျွန်မရော နှစ်ယောက်စလုံး သေမှာပဲဟာ။ ဘယ်လိုလုပ်သတ်လို့ရတော့မှာလဲလို့ ပြောလိုက်တာပေါ့။ ဒီတော့ ထိပ်စုဖုရားက ဘာပြောတယ်ထင်လဲ။ ဖဲင်နီ . . . နင်ဟာ တော်တော်ထက်တဲ့ မိန်းကလေးတဲ့။ ဒါကြောင့် နင့်ကို ငါချစ်တာတဲ့။ ငါနဲ့လာပြီး နေ့တိုင်းလာကစားလှည့်တဲ့။ ညနေကျတော့ စုဖုရားက ပယင်းနားတောင်းတစ်ရံပေးတယ်လေ။ ဒါပေမဲ့ သူ့နားတောင်းကြီးက ဆေးပြင်းလိပ်လောက်ရှိတော့ ကိုယ်လည်း ဝတ်လို့မရပါဘူးဟယ်။ ဒါနဲ့ ကိုယ်လည်း သိမ်းထားလိုက်တယ်။ သူ့မှာ ပယင်းနားတောင်းအစစ်ဆိုလို့ ဒါပဲကျန်တော့တယ်။ သူ့လက်ဝတ်ရတနာတွေကို ပေါင်သုံးတာ မယ်တော်ကြီးသိသွားလို့ သူ့ကို အစစ်တွေဆင်မပေးတော့ဘဲ အတုတွေကိုပဲ ဆင်ပေးတော့တယ်တဲ့။ သူ့လက်ထဲမှာ ဒီတစ်ရံပဲ အစစ်ကျန်တယ်တဲ့"

"ဒီတော့ သူ စိတ်မညစ်ဘူးလား။ အတုကြီးတွေ ဝတ်ရတယ်ဆိုတော့ ရှက်စရာပေါ့"

ဟု အက်ဂါသာက မေးသည်။

"အမယ်လေး . . . ထိပ်စုဖုရားက လက်ဝတ်လက်စားတွေကို သိပ်မက်မောတာ မဟုတ်ဘူးတဲ့။ ဝတ်လည်း မဝတ်ဘူး။ ဒါတွေကို သူလိုချင်တာက ပိုက်ဆံလိုရင် ရောင်းစားရအောင်လိုချင်တာ။ ပိုက်ဆံရှိတယ်ဆိုရင် သူလိုချင်တာ အကုန်ရတယ်မဟုတ်လား။ ခုလည်း သူဘာလုပ်သလဲ သိရဲ့လား။ အပျိုတော်တစ်ယောက်ကို လာဘ်ထိုးပြီး သူ့မောင်တော်တွေ ဝတ်တဲ့ မင်းညီမင်းသားအဝတ်အစားတစ်စုံကို အရှာခိုင်းတယ်။ ယောက်ျားလေးလို ဝတ်ကြည့်မလို့တဲ့"

"ဘာလုပ်ဖို့ ဝတ်မှာတဲ့လဲ"

"ဘာကြောင့်မှန်းတော့ မသိဘူးလေ၊ ကိုယ့်ကိုလည်း မပြောဘူး။ ဒါပေမဲ့ ကိုယ်ထင်တာကတော့ . . ."

ဖဲင်နီက အသံကိုနှိမ့်ကာ ခပ်တိုးတိုးလေးဖြင့် . . .

"ကိုယ်ထင်တာကတော့ မြောက်ဥယျာဉ်တော်ထဲကို သွားပြီး မင်းသားတစ်ပါးပါးနဲ့ ချိန်းတွေ့မယ်လို့ ထင်တာပဲ။ ဒါပေမဲ့ နင်ဘယ်သူ့ကိုမှ လေသံမဟနဲ့နော်။ သူလုပ်ပုံက ကြောက်စရာကြီးဟယ်။ မိလိုက်ရင်တော့ သက်သာမှာမဟုတ်ဘူး"

အက်ဂါသာမှာ ဖဲင်နီ၏စကားများကို ကြားရသည့်အခါတွင် တအံ့တသြဖြစ်နေလေပြီ။ အမှန်အားဖြင့် စုဖုရားလတ်သည် ဂေါ်ရီအရွယ်သာသာ ကလေးမျှသာရှိသည့်အတွက် ကလေးစိတ်ဖြင့် ဆော့နေခြင်းသာဖြစ်သည်။ အက်ဂါသာသည် ဇရိုက်တန်ကျောင်းတုန်းက သူတို့တစ်တွေ ဒေါ်(ဒ်)ဘာဂရေ့၏ကျောင်းမှ ကျောင်းသားများနှင့် တိတ်တိတ်ပုန်းစာအဆက်အသွယ်လုပ်ကြပုံများကို အမှတ်ရနေသည်။

ထိုနေ့ညနေ သာသနာ့ပြုကျောင်းမှ အိမ်သို့ပြန်ရောက်သောအခါတွင်မူ အလယ်နန်းမတော်ခေါ် ဆင်ဖြူမရှင်ထံသို့ အခစားဝင်ရာမှ ပြန်လာသောသူ့အမေ မစ္စစ်မိုရိုနီကို တွေ့ရပြီး ရွှေနန်းတော်ကြီးမှ အရေးကြီးသည့်သတင်းတစ်ခုကိုလည်း ကြားရသည်။ စုဖုရားလတ်



www.burmeseclassic.com

www.burmeseclassic.com



သည် ယောက်ျားလေးအသွင်ဝတ်ဆင်ကာ မြောက်ဥယျာဉ်တော်သို့သွားပြီး ဖအေတူ အမေကွဲအစ်ကိုဖြစ်သော သာဂရမင်းသားကို သွားရှာကြောင်း၊ စုဖုရားလတ်နှင့် သာဂရမင်းသားတို့မှာ ချစ်ကြိုက်နေကြကြောင်းဖြင့် သိခဲ့ရပုံတို့ကို ကြားရသည်။

မစ္စမိုရိုနီသည် အစေခံများသိမည်စိုးသည့်အတွက် မြန်မာလိုမပြောဘဲ အင်္ဂလိပ်ဘာသာဖြင့် ...

"ကြည့်စမ်းပါဦး ... သမီးရယ်၊ မြောက်ဥယျာဉ်တော်ထဲမှာ သာဂရမင်းသားကို သွားရှာတော့ သာဂရမင်းသားလေးနဲ့မတွေ့ဘဲ သီပေါကိုယ်တော်လေးနဲ့ တွေ့လာသတဲ့။ သီပေါမင်းသားဆိုတာ ဘုန်းကြီးသားလို့ ခေါ်ခေါ်နေကြတဲ့ ကိုယ်တော်လေးလေ။ သီပေါကိုယ်တော်လေးရဲ့မယ်တော်က မိဖုရားတစ်ပါးလေ၊ ခု အရာကျနေတယ်။ ဥယျာဉ်တော်ထဲရောက်လို့ သီပေါမင်းသားနဲ့တွေ့တော့ သာဂရမင်းသားဘယ်မှာလဲလို့ မေးသတဲ့။ သီပေါကိုယ်တော်လေးကလည်း ရုတ်တရက်မဖြေသေးဘဲ သူ့ကို ကြောင်ကြည့်နေမိသတဲ့။ သူက ယောက်ျားလေးလိုဝတ်ထားတော့ ရုတ်တရက် မမှတ်မိဘူးပေါ့။ ဘာမှမဖြေနိုင်ဘူးပေါ့။ ဒီတင် ထိပ်စုဖုရားက လက်သီးနဲ့ထိုးသတဲ့"

"ဟင် ... သီပေါကိုယ်တော်လေးက ဘယ်လိုမှ ပြန်မလုပ်ဘူးတဲ့လား"

"ဘယ်လုပ်ရဲမလဲ။ သီပေါကိုယ်တော်လေးက မြောက်နန်းမိဖုရားတစ်ပါးက မွေးတဲ့သားဆိုတော့ အဆင့်နိမ့်တာကိုး။ ဒါနဲ့ သီပေါကိုယ်တော်လေးက ဟိုမှာရှိတယ်ဆိုပြီး လက်ညှိုးညွှန်ပြလိုက်တာနဲ့ သွားကြည့်လိုက်တော့ သူပြတဲ့နေရာမှာလည်း မရှိဘူးတဲ့။ ဒီတင် ထိပ်စုဖုရားဟာ တောင်ဥယျာဉ်တော်ထဲသို့ ပြန်လာခဲ့ရတာပေါ့"

"တော်သေးတာပေါ့။ နို့ ... နေစမ်းပါဦး။ ဒီအကြောင်းကို ဘယ့်နယ်လုပ်ပြီး သိကြတာလဲတဲ့။ သီပေါကိုယ်တော်လေးက ပြောလို့လား"

"ကြုံကြီးစည်ရာကွယ်။ သီပေါကိုယ်တော်လေးက ဘယ်ပြောရဲပါ့မလဲ။ ခုသိလာတဲ့အကြောင်းက ဒီလိုလေ ...။ အလယ်နန်းမတော် ဆင်ဖြူမရှင်ရဲ့အထောက်တော်တစ်ယောက်က ချောင်းကြည့်လို့ တွေ့သွားတယ်။ နန်းတော်တစ်ခုလုံးမှာလည်း ဆင်ဖြူရှင်မရဲ့အထောက်တော်တွေချည်းပဲ။ ဒီတင် ဆင်ဖြူမရှင်က ထိပ်စုဖုရားကို ခန်းဆောင်ထဲ လှောင်ပိတ်ထားလိုက်ပြီး အကျိုးအကြောင်းကို ဘုန်းတော်ကြီးသော ဘုရားဆီကို သွားလျှောက်တယ်။ မင်းသမီး လေးငယ်ငယ်ရွယ်ရွယ် ဒီလိုလုပ်တာကတော့ မတော်ဘူးပေါ့အေ။ အမေပြောလိုက်မယ်၊ သေသေချာချာမှတ်ထား။ စုဖုရားကြောင့် တစ်နေ့နေ့တော့ ဒုက္ခလှလှကြီးတွေ့ကြမှာပဲ။ အလယ်နန်းမတော်လည်း သမီးတော်အတွက်ကြောင့် တော်တော်ရတက်မအေးဖြစ်နေတယ်"

နောက်တစ်နေ့တွင် ဖဲင်နီသည် ရွှေနန်းတော်သို့ အခစားဝင်ရန်သွားရာ စုဖုရားလတ်မှာ အခန်းထဲတွင် လှောင်ပိတ်ခံရဆဲဖြစ်သည်ကို တွေ့ရ၏။ ဖဲင်နီသည် လန့်ဖျပ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သော အပျိုတော်များထံမှ သတင်းစုံကိုကြားရသည်။ စုဖုရားလတ်သည် တော်တော်ဒုက္ခပေးသူဖြစ်သည့်အတွက် သူ့ကို အမြန်ဆုံး စုလျားရစ်ပတ် သိမ်းမြားပေးသင့်ကြောင်းဖြင့် အလယ်နန်းမတော်က ဘုန်းတော်ကြီးသော ဘုရားအား လျှောက်ထားသည်ဟုလည်း ကြားရသည်။

"သာဂရကိုယ်တော်လေးနဲ့များ စုလျားရစ်ပတ်ပေးမလားမသိဘူး"

ဟု ဖဲင်နီက ပြောသည့်အခါတွင် အပျိုတော်များသည် အလန့်တကြားဖြင့် . . .

"အို . . . ဘယ်ဖြစ်မလဲ။ သာဂရကိုယ်တော်လေးဆိုတာက ဘုရင့်သွေးစစ်စစ်။ ခုထိပ်စုဖုရားက ပေါ့ပေါ့တန်တန်နေလို့ အပြစ်ကျနေတဲ့လူ။ ကျွန်မတို့ကြားရတဲ့ သတင်းအတိုင်းဆိုရင်တော့ ထိပ်စုဖုရားကို သူ့ လက်သီးနဲ့ထိုးခဲ့တဲ့ သီပေါကိုယ်တော်လေးနဲ့ပဲ စုလျားရစ်ပတ်ပေးမယ်လို့ ပြောကြတာပဲ"

ထိုအကြောင်းကို အိမ်ပြန်ရောက်၍ ဖဲင်နီက ပြောသည့်အခါတွင် မစွစ်မိုရှိနီသည် ခေါင်းကို သွက်သွက်ခါအောင်ယမ်းရင်း . . .

"မဖြစ်နိုင်ဘူးအေ . . .။ အလယ်နန်းမတော်ဟာ သူ့သမီးတော်တွေကို သီပေါကိုယ်တော်လေးနဲ့ ဘယ်တော့မှ ပေးစားမှာမဟုတ်ဘူး။ သီပေါကိုယ်တော်လေးဆိုတာ ဘုန်းတော်ကြီးသော ဘုရားရဲ့ သားတော်တွေထဲမှာ အနိမ့်ဆုံးသားတော်။ ပြီးတော့ သူ့အမေကလည်း အရောကျနေတဲ့ ရှမ်းမိဖုရား။ မယုံရင် စောင့်ကြည့်ပါ။ ဒီသတင်းဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဒါတော့ အလယ်နန်းမတော်မှာလည်း အကြောင်းရှိလို့ပေးစားတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဘာအကြောင်းရှိရမှာလဲ။ ထိပ်စုဖုရားဟာ တစ်ပင်တိုင်မင်းသမီးပဲ။ တစ်ပင်တိုင်မင်းသမီးဆိုတာ ထီးနန်းအရိုက်အရာ ဆက်ခံတဲ့သူနဲ့မှ စုလျားရစ်ပတ်ရိုး ထုံးစံပဲ"

ဖဲင်နီသည် ရိုးအလှသော သူ့အမေကိုကြည့်ကာ ပုခုံးတွန့်ပြလိုက်၏။

"ဒါဖြင့် ထီးမွေနန်းမွေဆက်ခံမဲ့သူက ဘယ်သူတဲ့လဲ"

"ဒါတော့ ဘယ်သူမှ မပြောနိုင်သေးဘူးလေ"

"ဖဲင်နီကြားသလောက် ပြောရရင်တော့ သီပေါကိုယ်တော်လေးဟာ စာပေပရိယတ္တိမှာ သိပ်ကြိုးစားသတဲ့။ ပရိယတ္တိစာပြန်ပွဲတွေမှာ အောင်ခဲ့ရင် ဘုန်းတော်ကြီးမြတ်သောဘုရားက သဘောတော်ကျပြီး ချီးမြှောက်တော်မူမယ်လို့ ကြားတာပဲ"

"ဘယ်လိုပဲ ချီးမြှောက်ချီးမြှောက်၊ သီပေါကိုယ်တော်လေးကတော့ ဘုရင်မဖြစ်နိုင်ဘူးအေ။ အလယ်နန်းမတော်ကလည်း သူ့သမီးတွေကို စုလျားရစ်ပတ်ပေးမှာ အမှန်ပဲ။ အလယ်နန်းမတော်အကြောင်းကို အမေ ကောင်းကောင်းသိတာပေါ့။ အမေ သူ့အပါးမှာ ခစားလာတာ ကြာလှပြီ"

"ကြည့်ရဦးမှာပေါ့လေ။ ဖဲင်နီကတော့ ထိပ်စုဖုရားကို မိဖုရားခေါင်ကြီး ဖြစ်စေချင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်၌ စုဖုရားလတ်ကို အချုပ်အနှောင်မှ လွှတ်လိုက်ပြီဖြစ်သော်လည်း အစောင့်အကြပ်တို့ဖြင့် တူထပ်စွာချထား၏။ စုဖုရားလတ်သည် ရှမ်းမိဖုရား၏သားတော်ကို လက်ထပ်ခြင်းမပြုဟု အကျောက်အကန် ငြင်းဆိုလျက်ရှိသဖြင့် ဆင်ဖြူမရှင်ခေါ် အလယ်နန်းမတော်ကလည်း အတင်းအကျပ် တိုက်တွန်းခြင်းမပြုတော့ဘဲ လက်လျှော့လိုက်သည်။ စုဖုရားလတ်မှာ စလင်းမင်းသမီးပြီးလျှင် မင်းတုန်းမင်းကြီး၏ အချစ်ဆုံးသမီးတော်ဖြစ်သည့်အတွက် မင်းတုန်းမင်းကြီးမှာ သမီးတော်အပေါ်တွင် တင်းမာစွာဆက်ဆံခြင်း မပြုရက်အောင်ဖြစ်နေသည်။သီပေါကိုယ်တော်လေးမှာမူကား ရွှေကျောင်းတော်ကြီးသို့ သွားရောက်ကာ စာပြန်ပွဲအတွက် စာပေပရိယတ္တိတို့ကို ကြိုးစားလျက်ရှိသည်။

စုဖုရားလတ်တစ်ယောက် ယောကျ်ားလေးအသွင်ဝတ်ဆင်ကာ မြောက်ဥယျာဉ်တော်ထဲသို့ သွားသည့်ကိစ္စနှင့် ပတ်သက်၍ ဘုမသိဘမသိဖြင့် ဒဏ်ခံလိုက်ရသူမှာ ဖဲင်နီပင်ဖြစ်သည်။ စုဖုရားလတ် ဤသို့ပြုခြင်းသည် ဖဲင်နီတို့ အနောက်တိုင်းသူများထံမှရသော အတုဖြစ်သည်ဟု မင်းတုန်းမင်းကြီးယူဆသည်။ ထို့ကြောင့် မင်းတုန်းမင်းကြီးသည် အလယ်နန်းမတော် ဆင်ဖြူမရှင်ကိုဆင့်ခေါ်ကာ မိုးရာသီကို အကြောင်းပြု၍ ဖဲင်နီအား ရွှေနန်းတော်ကြီးထဲသို့ ယခင်ကနည်းတူ ဝင်စေထွက်စေခစားခွင့်မပြုရန် အမိန့်ချလိုက်၏။ သမီးတော် စုဖုရားလတ်ကဲ့သို့ ဖဲင်နီကို ခင်မင်ရင်းစွဲရှိနေသည့် အလယ်နန်းမတော်သည် အမိန့်တော်ကို မကျေနပ်သော်လည်း မည်သို့မျှမလျှောက်ရဲဘဲ ယခုလောလောဆယ်တွင် ထိုအတိုင်း သဘောတူလိုက်ခြင်းက ကောင်းမည်ဟု တွက်သည်။ သို့ဖြင့် ဖဲင်နီမှာ ရွှေနန်းတော်ကြီးသို့ ဝင်စေထွက်စေခစားခွင့် မရှိတော့ပြီ။

ဤတွင် ပျော်ရွှင်ဖွယ်အချိန်များ၊ ချိုမြိန်သောနေ့ရက်များ ရွှေနန်းတော်မြို့ရိုး နီကြန်ကြန်ထဲတွင် ကတ္တီပါအုံးနှင့် အိပ်စက်ရသောကာလများ၊ ဥယျာဉ်တော်များထဲတွင် ပျော်မြူးကြရသော ကာလများ၊ ဥယျာဉ်တော်များထဲတွင် ပျော်မြူးကြရသော နာရီများသည် အတောင်ကျိုးသော ငှက်ကဲ့သို့ အတိတ်ထဲတွင် ကျဆင်းပျောက်ကွယ်ခဲ့ရလေပြီ။ ဖဲင်နီသည် သူ့ဖခင်နေထိုင်သည့် သာသနာပြုဆရာအိမ်တွင်ထိုင်ကာ သွပ်မိုးပေါ်တွင် တဖျောက်ဖျောက်ကျနေသော မိုးစက်များအသံနှင့် ကောင်းကင်ယံမှ ထစ်ချုန်းသော မိုးချုန်းသံများကို နားထောင်ရင်း စုဖုရားလတ်ထံမှ တိတ်တဆိတ်ရောက်လာသော စာများကိုဖတ်၍ အချိန်ကုန်ရတော့သည်။

ထိုနစ် အောက်တိုဘာလလောက်တွင်မူ နန်းမတော်ကြီးဖုရား အသည်းအသန်မကျန်းမမာဖြစ်နေကြောင်း သတင်းများသည် ကုလားမြို့သို့ ပျံ့လွင့်လာ၏။ မိဖုရားခေါင်ကြီးဖြစ်သည့် နန်းမတော်ကြီးဖုရားမှာ သားသမီးရတနာ ထွန်းကားခြင်းမရှိသည့်တိုင် ဘုန်းတော်ကြီးသောဘုရားသည် နန်းမတော်ကြီးဘုရားကို မြတ်နိုးတော်မူသည့်အလျောက် နန်းမတော်ဖုရားကြီး၏ ကျန်းမာရေးအတွက် ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ လွန်စွာ စိုးရိမ်လျက်ရှိလေပြီ။

---



www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးများနှင့်တကွ ပြိတ်သျှသံတဲတွင်ရှိသည့် ဆရာဝန်ကြီးကိုယ်တိုင် နန်းမတော်ဖုရားကြီး၏ အဖျားရောဂါကို ပျောက်ကင်းအောင် မတတ်နိုင်သည့်အခါ၌ကား ဘုန်းတော်ကြီးသော ဘုရားသည် ရောဂါသက်သာစေခြင်းအလို့ငှာ နန်းမတော်ဖုရားကြီး၏ သက်စေ့ ခြောက်ဆယ့်ကိုးနှစ်မြောက်ကို ရည်စူးလျက် အကျဉ်းသား ခြောက်ဆယ့်ကိုးဦး တို့ကို ဘေးမဲ့လွှတ်တော်မူသည်။ ထိုအထဲတွင် သေမိန့်ချထားသည့် လူဆိုးဓားပြငါးဦးလည်း ပါကြသည်။ အကျဉ်းသားများကို သက်စေ့လွှတ်လိုက်သော်လည်း နန်းမတော်ဖုရားကြီး၏ ရောဂါမှာ သက်သာသည်ဟူ၍ မရှိတော့ဘဲ ထိုနှစ်နိဝင်ဘာလတွင် ကံကုန်သည်။

နန်းမတော်ဖုရား၏ အကြံဉာဏ်ကို ရယူသူဖြစ်သဖြင့် ဘုန်းတော်ကြီးသော ဘုရား သည် များစွာ ကြေကွဲဝမ်းနည်းခြင်း ဖြစ်တော်မူသည်။ ဘုန်းတော်ကြီးသောဘုရားက ရွှေနန်း တော်ကြီးထဲတွင် စိတ်နှလုံး ညှိုးငယ်ပူဆွေးလျက်ရှိစဉ် အလယ်နန်းမတော်ဆင်ဖြူမရှင်သည် မိဖုရားခေါင်ကြီးအဖြစ်ဆက်ခံရန် ကြိုးပမ်းနေသော သတင်းများကို ဖဲင်နီကြားရ၏။ ထို သတင်းကိုကြားရသည့်အခါ၌ကား ဖဲင်နီ ဝမ်းသာ၍မဆုံးပြီ။ ဆင်ဖြူမရှင်ဆက်ခံလျှင် မိမိ သည်လည်း ရွှေနန်းတော်သို့ ပြန်၍ ဝင်ထွက်ခစားမည်မဟုတ်လော။

သို့ရာတွင် အခြားသော အဆောင်ရမိဖုရားများက စိတ်နှလုံးကြမ်းတမ်း၍ မာနကြီး သော ဆင်ဖြူမရှင်သာ မိဖုရားခေါင်ကြီးဖြစ်လျှင် မိမိတို့မှာ ဒုက္ခရောက်ရတော့မည်ဖြစ် ကြောင်း မျက်ရည်စက်လက်နှင့် တောင်းပန်သည့်အခါ၌ ဘုန်းတော်ကြီးသောဘုရားက လည်း နန်းမတော်ဖုရားကြီး၏နေရာတွင် မည်သူ့ကိုမျှ ချီးမြှင့်မည်မဟုတ်ကြောင်း ကတိပေး သည်ဟု ကြားရသည်။ ဤတွင် ဖဲင်နီမှာလည်း နန်းမြို့အပြင်ဘက် ကုလားမြို့တွင်သာ အချိန် ကုန်ရတော့သည်။

တစ်ညနေတွင် ကိုယ်လုံးဖိုင့်ဖိုင့်၊ အသားနီနီ၊ လေးလေးကန်ကန်ဖြင့် မာလိန်မှူး ဘက်ရှော သည် သူ့အိမ်သို့ အလည်ရောက်လာသည်။ ဖဲင်နီသည် သူ့ကို မေ့နေလေပြီ။ ယခု အလည်လာသည့်အခါတွင် ဖဲင်နီသည်ဝမ်းသာအားရ ဆီးကြိုခြင်းပြု၏။ လှုပ်ကုလားထိုင် ပေါ်တွင်ထိုင်ကာ အသံသြသြဖြင့်ပြောနေသော မာလိန်မှူးဘက်ရှော၏ စကားများကို နား ထောင်ရသည့်အခါ၌ သွပ်မိုးများပေါ်သို့ မိုးစက်များကျသံကို နားထောင်နေရသည့် ဘဝမှ လွတ်မြောက်သဖြင့် ဖဲင်နီပျော်နေမိသည်။

မာလိန်မှူးဘက်ရှောက ရန်ကုန်တွင်ရှိသည့် ခရစ်ယာန်သီလရှင်များ ထိုးပေး လိုက်သည့် ပန်းထိုးလက်ကိုင်ပဝါကလေး တစ်ဒါဇင်ကိုလည်း လက်ဆောင်အဖြစ် ယူလာခဲ့ သည်။ ဖဲင်နီမှာ ဝမ်းသာ၍မဆုံးပြီ။ လက်ကိုင်ပဝါ တစ်ဒါဇင်အနက် ခြောက်ထည်ကို မိဖုရား အား ဆက်သမည်။ ကျန်ခြောက်ထည်ကို မိမိအတွက် ချန်ထားမည်။ ထိုအထဲမှ အက်ဂါသာ အား တစ်ထည်လက်ဆောင်ပေးမည်ဟု စိတ်ကူးထားလိုက်သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# ၉

## အက်ဂါသာ

"ကြည့်စမ်း . . . ဖင်နီရယ်၊ ဒီလက်ကိုင်ပဝါကလေးတွေက လှလိုက်တာ။ ဇာပန်းထိုးတာလေးတွေကလည်း လက်ရာသိပ်ကောင်းတာပဲ။ ဘယ်ကရလဲဟင်။ မင်းဟာ တော်တော်ကံကောင်းတယ်"

"ဘာလဲ . . . ဩော် . . . ဒီလက်ကိုင်ပဝါကလေးလား။ မင်းကြိုက်လို့လား။ ဒီလောက်လည်း မကောင်းပါဘူးကွာ။ ဒီတစ်ခေါက် မာလိန်မှူးဘက်ရှောလာတော့ ရန်ကုန်ကပါလာတဲ့ လက်ဆောင်ပေါ့။ ကိုယ်တို့စီးလာတဲ့သင်္ဘောက မာလိန်မှူးလေ။ မင်းသတိရသေးရဲ့လား။ လက်ကိုင်ပဝါကလေးက ကောင်းပါတယ်။ မယ်သီလရှင်တွေက ဇာထိုးပန်းထိုးတော်တယ်နော်။ ဈေးကြီးတာ တစ်ခုပဲ"

အက်ဂါသာက ထိုသို့ပြောလျှင် သူက ဤသို့ပြန်ပြောလိုက်မည်ဟု ဖင်နီစိတ်ကူးထားသည်။ သို့ရာတွင် ဖင်နီတစ်ယောက် အရေးပါအရာရောက်နေပုံကို ကြည့်၍ အားကျနေသော အက်ဂါသာသည် ထိုသို့မပြောရုံမျှမက ဖင်နီက လက်ထဲတွင်ကိုင်ကာ တလှုပ်လှုပ်တယမ်းယမ်းလုပ်နေသည့် လက်ကိုင်ပဝါကလေးကို သတိပင်မပြုမိ။ ဤတွင် ဖင်နီမနေသာတော့။

"ကိုယ့်လက်ကိုင်ပဝါကလေး ဘယ့်နှယ်နေသလဲဟင် . . . အက်ဂါသာ"

ဟု မေးယူရသည်။ ထိုအခါတွင်မှ အက်ဂါသာသည် သူ့လက်ကိုင်ပဝါကလေးကို သတိပြုမိကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . မဆိုးပါဘူး၊ လှသားပဲ၊ ဒီမှာ . . . ဖဲင်နီ၊ လောကုတ္တရာအကျိုးအတွက် လောကီကို စွန့်လွှတ်တာဟာ မှားတယ်လို့ထင်သလား။ ဘယ်လိုသဘောရလဲဟင်။ ဒီအတိုင်းသာ လောကီကိုမစွန့်နိုင်ရင် တို့သာသနာမှာ အရိယာသူတော်စင်တွေရယ်လို့ ဘယ်မှာရှိတော့မှာလဲ။ အမိနှင့်အဖထက် ကိုယ့်ကိုကိုယ် ချစ်ခင်သောသူသည် မိမိကိုယ်နှင့်ထိုက်တန်ခြင်းမရှိဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား"

နားမှကြား၍သာနေသော်လည်း ထိုစကားများသည် ဖဲင်နီနှင့် ဘာမျှမသက်ဆိုင်။ အက်ဂါသာသည် စကြာသုံးထပ်မိုးထားသည့်အမိုးအောက် မှောင်ရီသော အဆောင်ထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း မိုးတဖြိုက်လောက်အရှာတွင် စိမ်းစိုနေသည့် သစ်ပင်များကို ကြည့်နေသည်။ တစ်ခါတစ်ရံတွင်လည်း မြေသင်းပျံ့ပျံ့ကို ရှူနေရသည်။ သူ့အသားသည် ပွန္နေးစွတ်စိုလျက်ရှိပြီး သူ့ခန္ဓာကိုယ်မှာလည်း ပိန်းချုံးစပြုနေလေပြီ။

သို့တိုင်အောင် အက်ဂါသာသည် "ငါ...ငါ...ငါ..." ဟူသော အတ္တကောင်၊ ပွန္နေးစိုစွတ်သော အရေးပြားအောက်ရှိ ငါဟူသော အတ္တကောင်ကြီးအကြောင်းကိုသာ တွေးနေမိသည်။ သူ့အဖို့မူ လောကကြီးတွင် အရေးအကြီးဆုံးအရာသည် ဘာသာတရားဖြစ်သည်။ မိမိတို့သည် အဘယ့်ကြောင့် ဤလောကလူ့ဘုံကြီးသို့ ရောက်လာကြသနည်း။ မိမိတို့သည် သမာကမ္မန္တဟူသည့် မှန်ကန်သောအလုပ်ကို လုပ်နိုင်လျှင်၊ လုပ်လျှင် တော်သေးသည်ဟု ပရိုသီရိုးက ပြောဖူးသည်။ အို . . . သူပြောသည်က အရေးမကြီး။ လူငယ်ပီပီ ထင်ရာတွေပြောတတ်သည် မဟုတ်ပါလော။ သူ လူကောင်းတစ်ယောက်ဖြစ်ချင်သည်၊ ကောင်းရာမှန်ရာကို လုပ်ချင်သည်။

စာတစ်ပုဒ်ဖတ်ဖူးသည်။ ဘယ်မှာ ဖတ်ဖူးပါလိမ့်။ သတ္တဝါတို့ကို ကယ်နိုင်သူသည်သာ အရိယာမည်၏တဲ့။ ဟုတ်သည်၊ မိမိတို့သည် အရိယာသူတော်မြတ်တွေဖြစ်ဖို့ အားထုတ်သင့်သည်။ ပရိုသီရိုးဆိုသည့်လူငယ်သည် လူကောင်းတစ်ယောက်တော့ လူကောင်းတစ်ယောက်။ အို . . . နေစမ်းပါဦး။ ဘာတွေ တွေးနေမိပါလိမ့်။ အရိယာသူတော်စင်ဆိုတာ ရှင်ထရီဇာလိုပုဂ္ဂိုလ်မျိုး။ မိမိသည် ဗရင်ဂျီဘာသာဝင်တစ်ယောက်။ သူကကော သူရော ရှင်သာသိ၊ သျှင်ဖရန်စစ်တို့လိုဖြစ်လျှင် မည်မျှကောင်းမည်နည်း။ သူတို့ဘာသာတရားနှင့် ကိုယ့်ဘာသာတရားသည် မတူ။ သို့ရာတွင် နောက်ဂိုဏ်းတွေ ကွဲသွားခြင်းမဟုတ်လော။ မူလတန်းတုန်းကမူ သူတို့အရိယာသူတော်စင်များနှင့် မိမိတို့သူတော်စင်များသည် အတူတူသာ မဟုတ်လော။ သတ္တဝါများ၏အသက်ကို ကယ်ဆယ်နိုင်သူသည် အရိယာသူတော်မြတ်တွေချည်း မဟုတ်လော။

သို့ရာတွင် သူတို့ဘာသာတရားသည်ကော မိမိတို့ဘာသာတရားနှင့် တူပါ၏လော။ သူတို့ဘာသာတရားသည် မိမိတို့နှင့် အတူတူပင်လော။ ကျင့်ဝတ်များသည် မိမိတို့ကျင့်ဝတ်များနှင့် အတူတူလော။ အဝတ်အစားတို့ကို နေ့စဉ် လျှော်ဖွပ်ပါ၏လော။ နေ့စဉ် နိစ္စဓူဝ ပြုဖွယ်ရှိသည့်ကိစ္စများကို လုပ်ဆောင်ပါ၏လော။ သွားတို့ကို စင်ကြယ်စွာ ထိန်းသိမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



၏လော။ အို . . .သည် အတွေးတွေကို တွေး၍မဖြစ်။ ဤသို့တွေးခြင်းသည် ဘုရားကိုယ်တော် မြတ်ကြီးကို ပြစ်မှားသည်နှင့် အတူတူ။ သို့ရာတွင် သူ့စိတ်ထဲ အားလုံး ရှုပ်ထွေးကုန်ကြပြီ။ ပရိုသီရိုးသည် သူ့ကိုချစ်သလော၊ မချစ်သလော။ မိမိသည် အဘယ်မျှ စက်ဆုပ်ဖွယ်ကောင်း သနည်း။ အဘယ်မျှ ရွံရှာဖွယ်ကောင်းလိုက်သနည်း။ အဘဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရား၊ တပည့်တော်ကို ကယ်မတော်မူပါဘုရား။

အက်ဂါသာ၏ နှလုံးသွေးသည် ကိုယ်ထဲတွင် လျင်မြန်စွာ လှည့်ပတ်နေသည်။ အရှက်အကြောက်ကြီး၍ ရိုးသားသော အက်ဂါသာသည် ထိုအတွေးများကို တွေးလိုက်သည် နှင့် ဖြူဖွေးသော သူ့မျက်နှာသည် သွေးရောင်လျှမ်းလာသည်။ အက်ဂါသာသည် ထိုသို့တွေး ကာ ဂနာမငြိမ်ဖြစ်လျက်ရှိတိုင်း သူ့ဝတ်စုံကို စွန်တောင်ဆွဲ၍ သူ့ကိုယ်သူ သတိပေးသည်။

ဩော် . . . ဖဲင်နီကမူ လှသော်လည်း ကိုးကွယ်ရာမဲ့၊ ဆည်းကပ်ရာမဲ့ ဖြစ်နေရှာသည်။ (ကိုးကွယ်ရာမဲ့ဆိုသည့်စကားသည် ဖဲင်နီနှင့် အကိုက်ဆုံးဖြစ်သည်။ အက်ဂါသာသည် ကိုယ့် မိတ်ဆွေသူငယ်ချင်းတစ်ယောက် ကိုးကွယ်ဆည်းကပ်ရာမဲ့ ဖြစ်နေသည်ကို မြင်ရသည့် အခါ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိသည်။) ဖဲင်နီမှာမူ ကုလားမြို့ပေါ်သို့ စွေစွေစောင်းစောင်း ထိုးကျနေသည့် နေခြည်တွင် မြူးပျော်လျက်၊ ချစ်စရာကောင်းလျက်၊ တောက်ပလျက်၊ လျှပ် ပေါ်လျက်။

သို့ရာတွင် သူ့ဘဝ၏ အနှစ်သာရသည် သူ့ဘဝတွင်မတည်။ သူ့ကိုယ်တွင်သာ တည်ကြောင်းကို အက်ဂါသာသိသည်။ ထိုအထဲတွင် ဂျပန်တို့လက်ထဲ အသက်စွန့်သွား တော်မူသော ရှင်ဖရန်စစ်ဇေးဗီးယား။ သူ့အကြောင်းကို တွေးမိသည်နှင့် အက်ဂါသာသည် ဂွမ်းဆီထိသည့်နှယ် ဖရာဏာပီတိတွေ ဖြာရသည်။ သူကမူ သူ့ရဲဘောကြောင်သူ။ သို့ရာတွင် သူ့ကိုယ်သူ အရိယာသူတော်စင်အဖြစ်သို့ မှန်းနေသူ။ အသက်စွန့်ဖို့မပြောနှင့်၊ မီးအိမ်တွင် မီးညှိစဉ် လက်ချောင်းလေးများကိုပင် အပူလောင်မှာ ကြောက်တတ်သူ။

ဖဲင်နီကမူ အက်ဂါသာ့စိတ်ထဲတွင် ရိုကျိုးနိမ့်ချနေရသည်ကို သတိမပြုမိ။ အက်ဂါ သာသည် တစ်ကိုယ်ကောင်းဆန်သူ။ သို့တိုင် သူ့ကိုယ်သူ သူတော်ကောင်းထင်နေသူဟု တွေးကာ ဒေါပွနေသည်။ "သူတော်ကောင်းဆိုတာ သူများကိစ္စတွေကို စိတ်ဝင်တစားရှိရ တယ်တဲ့ အက်ဂါသာရဲ့။ ခုတော့ နင်က သူများအကြောင်းကို စိတ်ဝင်စားဖို့မပြောနဲ့၊ ငါ့လက် ကိုင်ပဝါလေးကိုတောင် စိတ်မဝင်စားဘူး" ဟု ဖဲင်နီ့စိတ်ထဲမှ ပြောနေသည်။

ဖဲင်နီပြန်သွား သည့်အခါတွင် အက်ဂါသာသည် သူ့ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။ တင်၊ ခါးကျပုံက သွယ်လျလျ။ တံခါးဘောင်နောက်ခံတွင် တင်ခါးအကျနှင့် လည်တံအဝင် တို့က ကောက်ကြောင်းရေးရေးပေါ်လျက်။ သူ့အလှသည် တကယ့်အလှ။ ဘယ်လောက်ချစ် စရာကောင်းလိုက်ပါ သနည်း။ ဖဲင်နီလိုအလှမျိုးကိုတွေ့လျှင် ယောကျ်ားတစ်ယောက်သည် မည်မျှစွဲလမ်းမည်နည်း။ မိမိသည် ထိုအလှကို ပန်းချီရေးချင်သည်။ တကယ့်ပန်းချီမျိုးကို ရေး ကြည့်ချင်သည်။

---


www.burmeseclassic.com

www.burmeseclassic.com



အက်ဂါသာသည် ဗရင်ဂျီသာသနာအယူလွှမ်းသော ပျူရီတန်ဂိုဏ်း (သာသနာသန့်ရှင်းဂိုဏ်း၏)အဆုံးအမအောက်တွင် ကြီးပြင်းလူလားမြောက်ခဲ့သူဖြစ်၏။ ဣဋ္ဌာရုံတို့ကို စက်ဆုပ်ရွံရှာရာတွင် ပရိတက်စတင့်ဘာသာဝင်များထက် လျော့နည်းခြင်းမရှိဘဲ ရိုးစွဲလိုက်သူဖြစ်၏။ ထို့ကြောင့် အလှကိုဖွဲ့သည့် ကိစ်ကဗျာများသည် လောကီဆန်လွန်းနေသည်ဟု ထင်သည်။ ရှယ်လီ၏ ကဗျာများကမူ ဓမ္မန္တရာယ်သဘောတွေ ပါနေသည်။ သူတို့နှစ်ဦး၏ ကဗျာများသည် တင်နီဆန်တို့၊ ဗရောင်းနင်းတို့ ကဗျာများနှင့်မတူ။ ထို့ကြောင့် "သစ္စာဟူသည် အလှမည်၏၊ အလှတစ်လီ သစ္စာမည်ရှင့်" ဆိုသော ရှယ်လီ၏ကဗျာကိုမူ ငယ်စဉ်က ကြိုက်သော်လည်း ယခုမူ ထိုဒဿနကို မကြိုက်ချင်တော့ပြီ။

အက်ဂါသာ၏အမြင်တွင် ကောင်းမြတ်ခြင်းသာလျှင် သစ္စာတရားဖြစ်၍ အလှမှာမူ (ဘုရားသခင်က ပေးသနားတော်မူသော ပါရမီတို့ကို မာရ်နတ်က ယုတ်ညံ့သည့်နေရာများတွင် အသုံးပြုသည့်အလျောက်) ညွှတ်ကွင်းနှင့် တူသည်ဟု ထင်ပါသည်။ သို့ဖြစ်ရာ ညွှတ်ကွင်းတစ်ကွင်းသည် သစ္စာတရားမဖြစ်နိုင်ပြီ။ ထို့ကြောင့် ခပ်စောစောက ဖင်နီ၏ခါးအကျနှင့် မေးသွယ်သွယ်တို့ကို အားကျခဲ့သော်လည်း တရားသဘောနှင့် ယှဉ်လိုက်လျှင် ထိုအရာတို့သည် ဘာမှုမဟုတ်တော့ပြီ။ လောကတွင် အဆင်းသည် အရေးမကြီး၊ အချင်းသည်သာလျှင် အရေးကြီးသည်မဟုတ်လား။ အရိယာသူတော်စင်တစ်ဦးဖြစ်ရန်အတွက် လူသတ္တဝါအများကို ကယ်တင်ဖို့သာ အရေးကြီးသည်မဟုတ်လော။

နေကလည်း ပူလိုက်သည့်ဖြစ်ခြင်း။ သူ့ပါပါ သာသနာပြုကျောင်းကပြန်လာလျှင် ငတ်ပန်းလှူပန်း ဖြစ်ရာတော့မည်။ ထိုညနေ၌ အက်ဂါသာသည် မှန်ရှေ့တွင်ရပ်ရင်း သူ့ရုပ်သွင်ကို ပြန်ကြည့်၏။ နီရဲနေသော သူ့ပါးမို့မို့ကို ဖြူသွားအောင် ပွတ်သည်။ ထိုအသား၊ ထိုရုပ်ဘို့ကို ထိကြည့်ပြီး ဤသည်မှာ တကယ့်အစစ်အမှန်ဖြစ်သည်ဟု သူတွေးသည်။ မိမိသည် ဟယ်လင်မင်းသမီးလောက် မချောသည့်တိုင် လှသေးသည်။

ငယ်ရွယ်သူဖြစ်သည့် မိမိသည် အက်ဂါသာလန်စခင်ဆိုသော မိန်းမပျိုလေးဖြစ်သည်ဆိုသော အသိသည် သူ့ခေါင်း ထဲတွင် ရေးရေးပေါ်နေသည်။ မိမိလက်သည်းများ၊ လက်ချောင်းများ၊ နီမြန်းသော ပါးပြင်နှစ်ဖက်၊ မည်းမှောင်တောက်ပသည့် ဆံပင်များစသည့် ဒုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးအားလုံးတို့သည် မိမိပါတကားဟု နှလုံးသွင်းကြည့်သည်။ ဤသို့နှလုံးသွင်းကြည့်လိုက်တိုင်း သူ့စိတ်သည် ဆောက်တည်ရာမရ။

အက်ဂါသာသည် ဖင်နီက သူ့ကို တစ်ဆင့်လက်ဆောင်ပေးခဲ့သည့် လက်ကိုင်ပဝါလေးကို ကောက်ကိုင်ကာ (ထိုသို့ဆွဲကိုင်လိုက်ခြင်းမှာ သူ့စိတ်ထဲတွင် ထိုအချိန်က ဖြစ်ပေါ်နေသောစိတ်ကြောင့် ကောက်ကိုင်လိုက်ခြင်းဖြစ်သည်။) ခေါင်းကို ပဝါဖြင့် စည်းလိုက်သည်။ မယ်သီလရှင်ဝတ်တော့ ဒီလိုနေမှာပဲ။ အရိယာသူတော်စင်ဆိုတာ . . . အရိယာသူတော်စင်ဆိုတာဟူသော စကားလုံးသည် သူ့စိတ်ထဲတွင် ခေါင်းလောင်းသံကဲ့သို့ ပဲ့တင်ထပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


ဗရင်ဂျီသီလရှင်များအုပ်ချုပ်သော ကိုယ်ရေရောဂါသည် ဆေးရုံမှ ညနေဘုရား ဝတ်တက်ရန် ခေါင်းလောင်းထိုးသံများကို ကြားရ၏။ ထိုစဉ် ခပ်လှမ်းလှမ်းရှိ ဘုန်းကြီးကျောင်းမှထိုးလိုက်သော ခေါင်းလောင်းသံသည် သစ်ပင်များပေါ်မှ မျောပါလာကာ ဗရင်ဂျီဝတ်တက် ခေါင်းလောင်းသံကို ပွဲတင်ရိုက်နေသကဲ့သို့ရှိ၏။

အလိုမကျဖြစ်နေသော အက်ဂါသာအိမ်မှ ပြန်ရောက်လာပြီး မကြာမီတွင် ဖဲင်နီတို့ အိမ်သို့ လှည်းတစ်စီးဆိုက်ကာ အသားနီနီ၊ ဝဖိုင့်ဖိုင့်၊ ချွေးသံအရွဲသားဖြစ်နေသော မာလိန် ဘက်ရော ဆင်းလာသည်ကို တွေ့ရ၏။ ဖဲင်နီသည် သူ့ကို သတိမထားမိဘဲ သူတို့အိမ်ထဲသို့ ဝင်လာမိသည်။ မည်းမှောင်နေသော သူတို့အိမ်ထဲသို့ ဝတ်စုံဖြူဝတ်ထားသည့် သေးသေး သွယ်သွယ်၊ နနနယ်နယ် မိန်းမပျိုကလေးတစ်ယောက် ဝင်လာသည့်သဏ္ဍာန်သည် ဘေးမှ ကြည့်သူအဖို့ မည်သို့ရှိမည်ကို ဖဲင်နီ ကောင်းကောင်းသတိပြုမိသည်။ ဟုတ်သည်။ သူ အနအလှ တွင် သမုဒယစိတ်တွေဝင်နေသလောက် အက်ဂါသာက ထိုသမုဒယတို့ကို ဖြတ် တောက်ကာ လောကီကို စွန့်ချင်စိတ်တွေ ပေါ်နေသည်။ သို့ဖြင့် သူတို့ငယ်ရွယ်သူနှစ် ယောက်သည် ကိုယ့်ရည်မှန်းချက်နှင့်ကိုယ် ဝန်ပိနေကြသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

## မာလိန်ဘက်ရှောနှင့် ပတ်သက်၍

နူးညံ့ကြင်နာသော လက်တစ်ဖက်ကို ပခုံးတွင်တင်၍ ကောင်းချီးပေးသည့်နယ် အေးမြသော ရာသီဥတုသည် မန္တလေးမြို့ကို လွှမ်းခြုံရစ်ပတ်နေသည်။ အပူဒဏ်ကို နောက်တစ်ပတ်လောက်မှပင် မခံနိုင်တော့ဟုဆိုသူများသည် (ယင်းတို့မှာ အပူဒဏ်ပြင်းသည့်တိုင် ရာဇဝတ်ဘေးကြောင့်လည်းကောင်း၊ ကြွေးပူကြောင့်လည်းကောင်း၊ လာရောက်တိမ်းရှောင်နေသည့် လူမျိုးခြားကုလားများဖြစ်သည်။) ယခုမှ သက်ပြင်းချလိုက်ကာ သူတို့၏ မသက်သာ ဖွယ်ရာလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကြသည်။

သို့ရာတွင် မစ္စတာမိုရှိနီမှာ တစ်နေ့တခြား ပိန်ချုံးလိုက်လာကာ အသားအရေမှာလည်း ဖျော့တော့သည်ထက် ဖျော့တော့လာခဲ့လေပြီ။ မစ္စတာမိုရှိနီမှာ အဖျားရောဂါတစ်မျိုး စွဲကပ်လျက်ရှိရာ ဆေးပေါင်းစုံဖြင့် ကုသသည့်တိုင် မပျောက်နိုင်ဘဲ ဖြစ်လျက်ရှိ၏။ လင်းထိန်သောနေရောင်နှင့် အေးမြသောညချိန်တို့တွင် မေးချင်းရိုက်မျှတုန်ကာ ခန္ဓာကိုယ်တစ်ခုလုံးသည် ခြစ်ခြစ်တောက်ပူလျက်ရှိ၏။

မစ္စစ်မိုရှိနီသည် ဈေးထဲရှိ ပရဆေးဆိုင်များမှ စွမ်းပေ့ဆိုသော အဝင်ဆိုးသော ဆေးအမျိုးမျိုးကို တိုက်ကျွေး၏။ ထိုဆေးများကို တိုင်းရင်းပရဆေးများဖြင့်ဖော်စပ်သည့် ဆေးများဖြစ်ပြီး အချို့ရောဂါများတွင် ဥရောပဆေးများထက် အစွမ်းထက်သည့်တိုင် မစ္စတာမိုရှိနီ၏ ရောဂါကို ပျောက်ကင်းအောင် မတတ်နိုင်ကြတော့ပြီ။ အနီရောင်နှင့်ရွှေရောင်တို့ ရေးခြယ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ဝါးဘူးကလေးများထဲမှ မွှေးကြိုင်သော ဆေးအမျိုးမျိုးတို့သည် အရာမရောက်တော့ပြီ။ ဗိန္ဒောဆရာများကုသသော သောက်ဆေး၊ စားဆေးအမျိုးမျိုးတို့နှင့် ရင်းနှီးပြီးသားဖြစ်သော မစ္စတာမိုရှိနီမှာ ထိုဆေးများကို မည်သည်းမည်သူ့သောက်ပါ၏။

မစ္စတာမိုရှိနီသည် အနောက်တိုင်းဆေးများကိုလည်း အထင်မကြီး။ တိုင်းရင်းဆေးများကိုလည်း အထင်သေးသူဖြစ်၏။ ထိုမျှမက နာမ်လောကကို သံသယရှိသည့်နည်းတူ အချို့သော ရုပ်လောကဆိုင်ရာတို့ကိုလည်း အယုံအကြည်နည်းလာခဲ့သည်။ သို့ဖြင့် သူ့အား ပရောဂဆရာတို့ဖြင့် ကြပ်မတ်ကုမည်ဟု ဆိုသည့်အခါတွင် မစ္စစ်မိုရှိနီသည် သူ့ယောက်ျား မသိအောင် များစွာ သတိထားနေရသည်။

မိုရှိနီမှာ အိပ်ရာပေါ်တွင် အဖျားကြောင့် လူးလိမ့်လျက်ရှိကာ ကွဲထွက်လုမတတ် ကိုက်ခဲလှသဖြင့် ခေါင်းကို ရေစိုအဝတ်ကြီးဖြင့် ပတ်ထားရသည်။ ခန္ဓာကိုယ်ထဲမှသည် ခြေဖျားလက်ဖျားသို့တိုင် မခံမရပ်နိုင်ကိုက်ခဲကာ တစ်ခါတစ်ရံတွင် ပူလွန်းသဖြင့် စောင်ခြုံထဲမှ အတင်းရုန်းထွက်ပြီး တစ်ကြိမ်တစ်ကြိမ်တွင်လည်း ချမ်းလွန်းသဖြင့် စောင်တွေပိန်းနေအောင် ခြုံရပြန်သည်။ အပြင်ဘက်ဝရံတာတွင်မူ ဗေဒင်ဆရာများသည် ဇာတာတို့ကိုထုတ်ကာ သူမွေးသည့် ဂြိုလ်သွားဂြိုလ်လာကို တွက်ချက်လျက်ရှိကြ၏။

သမားတော်များအဆိုအရ မစ္စတာမိုရှိနီသည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ဓာတ်လေးပါးအနက် တစ်ပါးပါးဖောက်ပြန်သဖြင့် ယခုကဲ့သို့ နာမကျန်းဖြစ်ရကြောင်း၊ သူ့ကိုယ်ထဲတွင် မည်သည့်ဓာတ် အလွန်ကဲဆုံးဖြစ်သည်ကို ရှာဖွေဖို့လိုကြောင်း၊ ထိုသို့ရှာဖွေရန်မှာလည်း သူမွေးသည့်အချိန်က မည်သည့်ဂြိုလ်တွင် မွေးလာကြောင်းကို သိရန်လိုပါကြောင်း၊ ထိုဓာတ်ကြီးလေးပါးအပြင် ကံ၊ စိတ်၊ ဥတု၊ အဟာရဟူသော အကြောင်းတရားလေးပါးကိုလည်း ကြည့်ရမည်ဖြစ်ကြောင်း၊ ယင်းတို့အနက် ကံကုန်ပြီဆိုလျှင် ပါပဂြိုဟ်ဝင်ပူးနေပြီဖြစ်သည့်အတွက် မည်သို့မျှမတတ်နိုင်ကြောင်းဖြင့် အချင်းချင်းဆွေးနွေးနေကြသည်။

မစ္စစ်မိုရှိနီထံမှ ဇာတာကိုတောင်းယူ၍ စစ်ဆေးကြည့်သည့်အခါတွင် မစ္စတာမိုရှိနီမှာ တနင်္ဂနွေဖွားဖြစ်သဖြင့် သူနှင့်နေ့တူနံတူ အစာအာဟာရများကို ရှောင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် သရနှင့်အစပြုသော အစားအသောက်များကို လုံးဝရှောင်ကြဉ်ရမည်ဖြစ်ကြောင်းဖြင့် ပြောသဖြင့် မစ္စတာမိုရှိနီကလည်း ကြိုက်တတ်သည့်အခါတွင် အခက်ကြုံနေသည်။

ဗိန္ဒောဆရာတို့သည် ဆေးအမျိုးမျိုးအဖုံဖုံကို ပြုပြင်ဖော်စပ်သော်လည်း တိုင်းရင်းဆေးတို့ကို အထင်သေးသည့် မိုရှိနီသည်ရှုံ့မဲ့မဲ့ဖြင့် အနံ့ခံကြည့်ရုံသာကြည့်ပြီး သောက်ရန်ငြင်းနေသည်။ ဝဝဖိုင့်ဖိုင့် မစ္စစ်မိုရှိနီသည် သူ့အသက်သခင်ကျေးဇူးရှင်ဖြစ်သော လူဖြူခင်ပွန်းသည် မိုရှိနီအတွက် အကြီးအကျယ်သောကရောက်ကာ မအိပ်နိုင်မစားနိုင်၊ မဖြီးနိုင်မလိမ်းနိုင်ဘဲ ဖြစ်နေသည်။

---



www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် သူ့တွင် အမှောင့်ပယောဂ ပူးဝင်နေပြီဟူ၍လည်း ဒေါသကြီး၍ အော်ကြီးဟစ်ကျယ်လုပ်တတ်သော သူ့ယောကျ်ားကို မပြောရက်။ ထိုပရောဂကိုနှင်ရန် သူ့ကို ကြိမ်နှင့်ရိုက်ပြီး မျက်လုံးထဲသို့ ငရုတ်သီးမှုန့်ပက်ရမည်ဟု ပြောရန်ကားဝေးစွ။ သို့နှင့် ဖဲင်နီနှင့် သူ့လုပ်ဖော်ကိုင်ဖက် ဒီလန်ဖေးတို့သည် အိပ်ရာဘေးတွင်ထိုင်ကာ မစ္စတာမိုရှိနီကို စောင့်ကြည့်ရုံသာတတ်နိုင်တော့သည်။ မစ္စတာမိုရှိနီမှာလည်း သူ့ထုံးစံအတိုင်း မဲ့ ပြုံးပြုံးလျက် . . .

"ကျုပ်အဖို့တော့ ကံကုန်ပြီထင်တယ်။ ကျုပ်မှာ အကုသိုလ်စရိုက်တွေက သိပ်များနေတာကိုး။ ကျုပ်ဟာ အီတလီပြည်ကြီး စည်းလုံးညီညွတ်ဖို့ တိုက်ခဲ့တာပဲ။ (ဤစကားမှာမူ သူ့ကိုယ်သူ စစ်သူကြီး ဂယ်ရီကေဒီအောက်မေ့ကာ ကယောင်ကတမ်းပြောခြင်းဖြစ်သည်)

"ဖဲင်နီ . . . သမီး၊ နင့်အမေကို အထူးစောင့်ရှောက်ဖို့ ငါ့ဘာမှမမှာချင်ဘူး။ညည်းအမေမှာ စားစရာသောက်စရာ လုံလုံလောက်လောက်ရှိပြီ။ လှုပ်ကုလားထိုင်ကြီးရှိပြီ။ အဝတ်အစားတွေကတော့ တစ်မျိုးပေါ့။ ဒါပေမဲ့ ညည်းအတွက်လည်း ငါဒီလောက်မပူပါဘူး။ မိတ်ဆွေအပေါင်းအသင်းကို ရွေးပေါင်း။ ပြီးတော့ မာလိန်ဘက်ရှောကို သမီးလက်ထပ်ပါ။ သူက ချမ်းလည်းချမ်းသာတယ်၊ အသက်လည်း ရှည်ရှည်နေရမှာမဟုတ်ဘူး။ သူ့ကံလည်းကုန်နေပြီ။ သူတို့ကတော့ ဒါဟာ ဝက်ရူးပြန်တယ်လို့ ပြောကြမှာပဲ။ ဒါပေမဲ့ အဖေကတော့ ကံကုန်တယ်လို့တောင် ပြောချင်တယ်။

ဒီလန်ဖေးရေ . . . ရှေနန်းတော်ကြီးက လူတွေလိမ်တာကို မခံနဲ့နော်။ ဘုန်းတော်ကြီးသောဘုရားဟာ ကျုပ်ကို ပြစ်ဒဏ်ပေးခဲ့ပေမဲ့ ကျုပ်ဘယ်လိုမှ မအောက်ပါဘူးဗျာ။ သမီးဖဲင်နီရေ . . ဘက်ရှောကို လက်မထပ်ဖြစ်ရင် ငါ့သမီး ရက်ကန်းပညာတတ်အောင်သင်။ သမီးကို ဂျူလီသင်ပေးလိမ့်မယ်"

မိုရှိနီ၏မျက်လုံးများသည် သူ့ဘေးတွင် မျက်ရည်လည်ရွဲဖြင့် ဒူးထောက်ထိုင်နေသည့် ဖဲင်နီကို စိုက်ကြည့်နေသည်။ ဝိုင်းစက်သော မျက်နှာပေါ်တွင် တည်ငြိမ်သောအကြည့်ကို တွေ့ရ၏။ ဝါကျင်သော၊ အလုပ်ကြမ်းမလုပ်ဖူးသဖြင့် နူးညံ့သော လက်နှစ်ဖက်သည် သူ့မျက်လုံးကို ပွတ်သပ်နေသည်။

"အင်း . . . ပြောလို့သာပြောရတယ်။ ငါ့သမီးကတော့ ရက်ကန်းပညာကို သင်မယ်မထင်ပါဘူး။ အမှန်ကတော့ ပါပဲ့အပြစ်ပါလေ . . . ပါပဲ့အပြစ်ပါ။ ပါပါက သမီးအတွက် ဒီလောက်မစိုးရိမ်ခဲ့ဘဲကိုး။ အေးလေ . . . ပါပါက ယောကျ်ားသားဆိုတော့ သမီးကို နေရာတကာ ဘယ်လိုက်ကြည့်နိုင်မလဲ"

မိုရှိနီ၏မျက်နှာမှာ တဖြည်းဖြည်း ပြာနမ်း၍လာလေပြီ။ မိုရှိနီသည် အိပ်ရာမှ လူးလဲထရန် ကြိုးစား၏။ ဒီလန်ဖေးက အလန့်တကြား အော်ကာ သူ့ဇက်ပိုးကို သိုင်း၍ထူပေးသည်။ မိုရှိနီ၏မျက်လုံးများသည် ရုတ်တရက် တောက်ပလာကြရာ ဤသို့တောက်ပပုံမျိုးကို ဖဲင်နီသည် ဤအကြိမ်သာ မြင်ဖူးသေးသည်။ မိုရှိနီသည် အီတလီဘာသာဖြင့် ညည်းတွားလိုက်ပြီးနောက် အသက်ထွက်သွားသည်။ ဖဲင်နီသည် ရှိုက်ကြီးတငင်ငိုကြွေးကာ ဖခင်၏အသုဘ



www.burmeseclassic.com

www.burmeseclassic.com


ကို မြေချရန် စီစဉ်ရသည်။ ထိုသို့စီစဉ်ရာတွင် ဖဲင်နီသည် ထိုစဉ်က မန္တလေးရွှေမြို့တော် ရောက်နေသော မာလိန်ဘက်ရှောအပေါ်တွင် မှီခိုအားထားရ၏။

(မှီခိုအားထားရခြင်းဆိုသည်မှာ ဥပမာအားဖြင့်ရော၊ လက်တွေ့ပါ မှီခိုအားထားရခြင်းကို ဆိုလိုသည်။)

မွန်စီယာဒီလန်ဇေးသည် ဖဲင်နီ၏ မိတ်ဆွေရင်းချာတစ်ယောက် ဖြစ်သည်မှန်ပါ၏။ သို့ရာတွင် ဖဲင်နီအား မည်သို့မည်ပုံ စောင့်ရှောက်ရမည်ကို နားမလည်။ ဒီလန်ဇေး၏ သမီးဖြစ်သူ ဂျူလီထံမှတစ်ဆင့်သာ အခြေအနေကိုသိရသည်။ သို့ရာတွင် ဘက်ရှောကမူ ဖဲင်နီတို့ကို ထိုသို့ပစ်မထားနိုင်။ အက်ဂါသာသည် ဖဲင်နီအား သူနှင့်အတူ သာသနာပြုကျောင်းတွင် နေဖို့ပြောသည်။ ပြောမည့်သာပြောရသည် အောင်မြင်မည်ဟုမထင်။

ဖဲင်နီက ကိုယ်ကလေးသိမ့်သိမ့်ခါအောင် ငိုရှိုက်ရင်းက ခေါင်းကို ယမ်းလိုက်လျက်...

"ကိုယ်လည်း နေချင်ပါတယ် အက်ဂါသာ။ ဒါပေမဲ့ ပါပါက ကိုယ့်အတွက် စီစဉ်ခဲ့ပြီးပြီ အက်ဂါသာ။ ကိုယ်ကတော့ ဆုံးဖြတ်ချက် မချရသေးဘူး။ ဒါပေမဲ့ ပါပါရဲ့အစီအစဉ်ဆိုတော့..."

ဖဲင်နီသည် နောက်တစ်ကြိမ် ငိုရှိုက်လိုက်ရင်း နာမည်ကြီးလှသော ဘက်ရှောလက်ကိုင်ပဝါတစ်ထည်ဖြင့် မျက်ရည်များကို သုတ်လိုက်လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

## မင်္ဂလာဆောင်

သို့ဖြင့် ဖဲင်နီသည် ကြီးမားတုတ်ခိုင်သော ကိုယ်ခန္ဓာရှိ၍ အသားနီစပ်စပ်ရှိသော မီးသဘော်အပေါင်းတို့၏ မာလိန်ကြီး ဘက်ရှောကို လက်ထပ်ခဲ့ရ၏။ အက်ဂါသာမှာ ထိုသို့သော လောကီကိစ္စများကို စက်ဆုပ်သည့်တိုင် စိတ်လှုပ်ရှားလျက်ရှိရာမှပင် အပျိုရံအဖြစ် လုပ်ပေးခဲ့၏။ ရန်ကုန်မှ မကြာမီက ပြန်ရောက်လာသည့် မစ္စတာပရိုသီရိုးက လက်ထပ်ပွဲအခမ်းအနား ကျင်းပပေးသည်။

ဖဲင်နီသည် ဘာသာတရားကို ထိုမျှ အလေးထားသူမဟုတ်သည့်အတွက် မိမိတို့ဘာသာဝင်မဟုတ်သော ဘုန်းကြီးတစ်ပါးက လက်ထပ်ပေးသည်ကို ထွေထွေထူးထူး ပြောမနေတော့။ ထိုအထဲတွင် မိမိတို့နေထိုင်ရာအိမ်ကိုလည်း ရောင်းတော့မည်ဖြစ်သဖြင့် လက်ထပ်မင်္ဂလာကိစ္စကို အမြန်ဆုံးကျင်းပဖို့လိုသည်မဟုတ်လော။ ဘာသာခြားတစ်ယောက်ကို လက်ထပ်ဖို့အတွက် သာသနာသို့ အခွင့်တောင်းနေရလျှင် အချိန်တွေနှောင်းတော့မည်။

ဧရာဝတီ ဖလိုတီလာကုမ္ပဏီမှ မာလိန်မှူးဗွိုင်းလ်ဆိုသူတစ်ဦးက လူပျိုရံအဖြစ် ဆောင်ရွက်ပေးသည်။ အီတလီကောင်စစ်ဝန်ဖြစ်သည့် မစ္စတာဆန်ဒရေနီက ဖဲင်နီ၏အုပ်ထိန်းသူအဖြစ် ဆောင်ရွက်သည်။ ဆန်ဒရေနီသည် ကောင်စစ်ဝန်ဖြစ်သည့်အလျောက် အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အပြင် ဘုံဘေဘားမားသစ်ကုမ္ပဏီ၏ ကိုယ်စားလှယ်လည်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အကြပ်အတည်းတွေ့လျှင် တစ်ခါတစ်ရံတွင် အီတလီဘက်သို့လိုက်ပြီး၊ တစ်ချို့တစ်ချို့တွင်လည်း ပြင်သစ်ဘက်သို့လိုက်ကာ၊ တစ်ခါတစ်ရံ အင်္ဂလိပ်ဘက်သို့လိုက်သည်ဟု ပြောကြသဖြင့် အသိရခက်သူတစ်ယောက်ဖြစ်သည်။ သူကိုင်သည့်ပဝါဆို၍ တစ်ထည်သာရှိပြီး ထိုလက်ကိုင်ပဝါတွင် မြို့စားတစ်ယောက်၏ မကိုဋ်တစ်ခုကို ရွှေချည်ထိုးထားသည်ဟုလည်း ပြော၏။ သူသည် အီတလီပြည်တွင် မြေတွေအများကြီးပိုင်ပြီး သူပိုင်သည့်မြေများကို လက်သည်းကြားတွင်ဝှက်ကာ တစ်ပြားကို နှစ်ပြားမှတ်၍ ခွာနေသူတစ်ဦးဖြစ်သည်ဟုလည်း အပြောပက်စက်သူတို့က ဆိုကြသည်။

အမှန်အားဖြင့် ဆန်ဒရေနိသည် မိုရှိနီနှင့် ရင်းနှီးသူမဟုတ်သည့်တိုင် အီတလီကောင်စစ်ဝန်ဖြစ်နေသဖြင့် အုပ်ထိန်းသူ၏နေရာကို ယူရခြင်းဖြစ်သည်။ ဖဲင်နီအဖို့သော်မူ ထိုအရာများသည် အရေးမကြီး။ သူ့အဖို့အရေးကြီးသည်မှာ ဘက်ရှောသာဖြစ်၏။ သို့ရာတွင် ဆန်ဒရေနို၏ မှတ်ဆိတ်မွေးများမှာ ကြည့်၍ကောင်းမည်ထင်သည်။ ဆန်ဒရေနိသည် ကောင်စစ်ဝန်ဝတ်စုံကို ဝတ်ထားရာ သူ့လက်မောင်းကိုချိတ်၍ ပလ္လင်သို့သွားရသည့်အခါတွင် ဖဲင်နီရင်တွေ ခုန်နေသည်။

ဖဲင်နီသည် အဖြူရောင်ဝတ်စုံရှည်ကြီးကို ဝတ်ထားပြီး အဖြူရောင်ဇာမျက်နှာဖုံးကို တပ်ထားရာ ဘက်ရှောနှင့်တွဲလာသော သူ့ကိုကြည့်ရသည်မှာ မီးပုံကြီးဖိုထားသည့် ကျောက်ဆောင်တစ်ဆောင်ဘေးတွင် စီးကျနေသော နှင်းပွင့်စီးကြောင်းလေးတစ်ခုနှင့် တူနေသည်။ မကြာမီတွင် ကျောက်ဆောင်ကြီးသည် နှင်းပွင့်စီးကြောင်းကို ဝါးမျိုစုပ်ယူတော့မည်ဟု မြင်ရသူအပေါင်း၏စိတ်တွင် ထင်စရာဖြစ်နေသည်။

သာသနာပြုကျောင်း ကျဉ်းကျဉ်းကလေးတွင် ဖဲင်နီ၏ဘေးတွင်ရပ်နေသည့် အက်ဂါသာမှာ အရေးကြီးဆုံးဧည့်သည် ဖြစ်နေသည်။ ဂျူလီထက်လည်းကောင်း၊ ဆီလာထက်လည်းကောင်း အရေးကြီးသည်မဟုတ်လော။

ဖဲင်နီက အသစ်ကျပ်ချွတ် ဆိတ်ကလေးရေလက်အိတ်ကို ချွတ်လိုက်သည့်အခါတွင် အက်ဂါသာသည် နောက်မှနေ၍ သူ့လက်ထဲမှ လက်အိတ်ကို လှမ်းယူလိုက်သည်။ အက်ဂါသာသည် နောက်မှရပ်ရင်း ခေါင်းငုံ့ထားသော ဖဲင်နီ၏ကုပ်ပိုးပေါ်မှ မွေးညင်းနုနုစိမ်းစိမ်းကလေးများကို ဇာဝတ်ရုံကြားမှ ဖောက်ထွင်း၍ကြည့်နေသည်။ "ကြောက်ဖွယ်ကမ္ဘာပျက်နေ့ကြီးသို့ ရောက်သောအခါတွင် နှလုံးသားအားလုံးတို့သည် မိမိတို့လျှို့ဝှက်ချက်များကို ထုတ်ဖော်ကြပေအံ့။ ထိုအခါ သင်တို့နှစ်ဦးသည်" ဘုန်းကြီးက သစ္စာဓိဋ္ဌာန်ကို ရွတ်နေသည်။ ဖဲင်နီ၏နှလုံးသားထဲက လျှို့ဝှက်ချက်သည် မည်သို့ရှိမည်နည်း၊ သည်လူကြီးကိုမှ သူတကယ်ချစ်မည်မထင်။ လူကြီးက ခပ်ဝဝ၊ အသားနီနီ၊ ခေါင်းပြောင်ပြောင်နှင့်။

အက်ဂါသာသည် ရင်ထဲမှ တစ်မျိုးဖြစ်လာသဖြင့် သူ့ကိုယ်သူပင် အံ့ဩနေမိသည်။ ဖဲင်နီသည် မသိသောခရီးတစ်ခုကို သွားနေပါပကော။ ထိုခရီးသည် မည်သို့သောခရီး



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်ကို စိတ်ထဲကသိကြသည့်တိုင် ထိုခရီး၏ အနက်အရှိုင်းကို စိတ်ကူးဖြင့်ပင် မလိုက်ရဲကြ။ ဖဲင်နီသည် မာလိန်ဘက်ရှောကို ချစ်နိုင်မည်မထင်။ ထိုအချိန်မျိုးတွင် ယောက်ျားသားတို့သည် မည်သို့ခံစားကြမည်နည်း။ မိန်းမသားတို့သည်လည်း မည်သို့ရှိလိမ့်မည်နည်း။ အပျိုစင်ဘဝဖြင့် တစ်ပျော့ပျောက်လုံး ထိန်းသိမ်းလာခဲ့သည့် ခရီးသည်အဆုံးသို့ရောက်ပြီ။ အထွတ်အထိပ်သို့ရောက်လေပြီ။ ဖြူဖွေးနေသည့် ဝတ်စုံနှင့် နောက်မှတွဲလောင်းကျနေသော ဇာပုဝါ။ မျက်လုံးများအားလုံးနှင့် ခံစားသူများအားလုံးတို့၏ ဗဟိုချက်မ၊ ညစ်ညမ်းသောအမှုကြီးကို ဖုံးကွယ်နေသည့် အပေါ်ယံအဆောင်အယောင်များ။

အက်ဂါသာအမြင်ဖြင့်ကြည့်လျှင် ဘက်ရှောလိုလူမျိုးသည် စိတ်ကူးယဉ်ဖို့မကောင်း။ သို့ရာတွင် မာလိန်ဘက်ရှောနှင့် ဖဲင်နီတည်းဟူသော လူနှစ်ယောက်၏ကိစ္စထက်ပို၍ လေးနက်ခွန်အားကောင်းသော အရာတစ်ခုသည် ခိုအောင်းနေသည်ဟု သူ့စိတ်ထဲတွင်ထင်သည်။ သူတို့နှစ်ဦးသည် မမြင်နိုင်သော လျှို့ဝှက်ဆန်းကြယ်မှုကြီးတစ်ခုထဲသို့ တိုးဝင်နေကြသည်။

ဤအဆောင်အယောင်တို့ထက် အရေးကြီး၍ ခွန်အားကောင်းသော အရာတစ်ခုသည် နောက်တွင် ကိန်းအောင်းနေသည်။ ထိုကိစ္စကြီးသည် သူတို့နှစ်ဦးနှင့်သာ သက်ဆိုင်သော ကိစ္စမဟုတ်။ အနာဂတ်နှင့်လည်း ဆိုင်သည်။ ဘဝနှင့်လည်း ဆိုင်သည်။ အက်ဂါသာသည် ထိုအကြောင်းကိုတွေးမိကာ ရင်တွေပန်းတွေ ခုန်လာ၏။ သို့ရာတွင် ဖဲင်နီမှာမူ တည်ငြိမ်အေးဆေးလျက်။ မျက်နှာတွင်ဖုံးထားသည့် ဇာပဝါကို ဆွဲခွာလိုက်ကာ ပခုံးပေါ်တွင် တင်လိုက်သည်။

ထိုနေ့မနက်တွင် လန်စဒင်တို့မိသားစုက သူတို့၏ စကြောသုံးထပ်မိုး အိမ်ကလေးတွင် လက်ထပ်ပြီး စမောင်နံကို မင်္ဂလာနံနက်စာကျွေးသည်။ ဘုရင်မ၏ ရေတပ်တော်အရံတပ်တွင်ပါသည့် ဝဝဖိုင့်ဖိုင့် အသားနီနီ ဘက်ရှောက ဓားရှည်ကြီးဖြင့် ကိတ်မုန့်ကို လှီး၏။ အရောင်တလက်လက်တောက်နေသော ဓားကြီးကိုကိုင်၍ ဝှေ့ယမ်းလိုက်သည်။ ဘက်ရှောတို့ကြည့်ရသည်က ကြောက်စရာ။ လူကောင်ကလည်း အကြီးကြီး။ သို့ရာတွင် ဖဲင်နီကမူ ဓားသွားကိုမြင်လိုက်သည်နှင့် ဝမ်းသာအားရအော်ကာ ထက်နေသည့် ဓားသွားကြီးကို လက်ချောင်းကလေးများဖြင့် စမ်းကြည့်နေလိုက်သေးသည်။

"ဖဲင်နီ . . . လက်ပြတ်သွားမယ်နော်၊ သတိထား"

ဟု အက်ဂါသာက အော်သည်။

"အမယ် . . . ကိုက ဓားတို့ဘာတို့ကို မကြောက်ဘူး။ ဓားရှည်ကြီးတွေဆိုရင် သိပ်သဘောကျတာ"

ဟုဖဲင်နီက ရယ်၍ ပြောသည်။ မစ္စစ်မိုရီနီက ကိတ်မုန့်တစ်ဖဲ့ကို ကောက်ဝါးလိုက်ရင်း . . .

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သမီး...တော်တော်အရှုံးထ။ ခု ညည်း ကလေးလေးမဟုတ်တော့ဘူး။ လင်နဲ့သားနဲ့ ဖြစ်နေပြီ။ စားတွေဘာတွေ ကိုင်ရမှာက သူ့အလုပ်။ အင်း...မောင်မင်းကြီးသားကျေးဇူးကြောင့် ကျုပ်မှာ တာဝန်ပေါ့သွားပြီပေါ့"

အားလုံးက ဝိုင်းရယ်ကြသည်။ ဖဲင်နီက ပါးချိုင့်ကလေးတွေပေါ်အောင် ပြုံးကာ သတို့သားကို လှမ်းကြည့်သည်။ အက်ဂါသာသည် ကက်ရှမီးယားခရီးသွားဝတ်စုံနှင့် အိမ်ထောင်သည် အမျိုးသမီးများဆောင်းရသည့် ဦးထုပ်ကလေးကို ဖဲင်နီအား ဆောင်းပေးသည်။ ထိုစဉ် စိတ်ထဲတွင် ခံစားချက်ပြင်းလာပြန်သဖြင့် ဖဲင်နီ့ကိုပွေ့ဖက်ရင်း ဟားလိုက်မိသည်။

"အက်ဂါသာ...ကိုယ့်ဖဲကြိုးတွေတော့ ကြေကုန်တော့မှာပဲ"

ဖဲင်နီက အလန့်တကြားအော်ကာ ဖဲကြိုးကို လက်ဖြင့်သပ်နေသည်။

ထို့နောက်တွင်မူ ဘက်ရှောသည် သူ့လက်ကြီးများဖြင့် ဖဲင်နီကို လှည်းပေါ်သို့ တင်ပေးကာ သူကိုယ်တိုင်မှာလည်း လှည်းပေါ်သို့ ခက်ခက်ခဲခဲဖြင့် တက်လိုက်သည်။ လှည်းထမ်းပိုးတွင်တပ်လိုက်သည်နှင့် နွားများသည် အပေါ်တွင်ရောက်နေသည့် အလေးချိန်ကို မျှတအောင် လုပ်သည့်အနေဖြင့် ခေါင်းကို စွေ့စွေ့ပါအောင် မော့လိုက်ကြသည်။

မကြာမီပင် သူတို့လှည်းယာဉ်ကလေးသည် စတင်ထွက်ခွာစပြုလေပြီ။ လှည်းပေါ်မှ လက်ကလေးတစ်ဖက်ဖြင့် လှုပ်ယမ်းပြသွားသော ရွှေချည်ထိုး လက်ကိုင်ပဝါကလေးကို အက်ဂါသာ မြင်လိုက်ရသည်။ ထိုမြင်ကွင်းသည် သီတင်းပေါင်းများစွာအတွင်း ဖဲင်နီ့ကို နောက်ဆုံးမြင်လိုက်ရခြင်း ဖြစ်သည်။ လှည်းယာဉ်ကလေးသည် မြစ်ဆိပ်တွင်ရပ်နေသည့် ဘက်ရှော၏ သင်္ဘောဆီသို့ သယ်ဆောင်သွားကြ၏။ သူတို့ဇနီးမောင်နှံသည် မီးသင်္ဘောဖြင့် ရန်ကုန်သို့ မင်္ဂလာဦးခရီးထွက်မည်ဖြစ်သည်။

အခြားသော ဧည့်သည်များလည်း တဖြည်းဖြည်း စဲစပြုလေပြီ။ နောက်ဆုံးကျန်ရစ်သူမှာ ဖဲင်နီ့အမေ မစ္စစ်မိုရိုနီဖြစ်သည်။ မစ္စစ်မိုရိုနီသည် တရှုပ်ရှုပ်ငိုလျက်ရှိသဖြင့် အက်ဂါသာက နောက်ဆုံးကျန်သည့် မင်္ဂလာကိတ်မုန့်ကြီးကို ပေးလိုက်သည်။ မစ္စစ်မိုရိုနီ၏လှည်း သူတို့ဝိုင်းထဲမှ တကျွီကျွီမြည်၍ ထွက်သွားသည်ကို အက်ဂါသာသည် ဝရံတာလှေကားထစ်များပေါ်မှ ရပ်ကြည့်နေသည်။ ဤတွင် သူ့ရင်သည် လှုပ်ရှားစပြုလာပြန်ကာ ပြန်အလှည့်လိုက်တွင် သူ့ကိုစိုက်ကြည့်နေသည့် ပရိုသီရီး၏ မျက်လုံးပြာလဲ့လဲ့များနှင့် သွားရှိဆုံကြသည်။

ပရိုသီရီး၏အကြည့်က သူ့ကို စိတ်ဝင်စားသည့် အကြည့်မျိုး။ ယောက်ျားတွေကို စိတ်ဝင်စားသည့် ဖဲင်နီ၏စိတ်မျိုးသည် အက်ဂါသာ၏ရင်ထဲတွင် ပေါ်လာသည်။ ခါတိုင်း သူ့ကိုဖုံးကွယ်နေတာတွေကို သင်္ကာမကင်းဖြစ်သည့် စိတ်တို့သည် ပျောက်ကွယ်သွားကြလေပြီ။ အက်ဂါသာသည် ထိုခံစားချက်သစ်ဖြင့် ရင်တွေခုန်နေသည်။ မိမိကိုယ်တိုင် ရင်ခုန်သည့်အခါတွင်မူ ဖဲင်နီ့ကိုကြည့်၍ အံ့သြခြင်းဖြစ်ရသလိုသူ့ကိုယ်သူ အံ့သြခြင်းမဖြစ်တော့။

သူ့ကိုယ်တွင် အတွန့်ကလေးတွေသီထားသည့် ဝတ်စုံပြာပြာကလေးကို ဝတ်ထားပြီး ခေါင်းတွင် မြက်ဦးထုပ်ကလေးကို ဆောင်းထားသဖြင့် ပါးကလေးနီနီ၊ မျက်လုံးကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကြည်ကြည်ဖြင့် သူဘယ်လောက်လှနေမည်ကို အက်ဂါသာသိသည်။သူ့ရုပ်သွင်သည် ခါတိုင်းထက် လှနေမည်ဟုလည်း သူ့ဘာသာသူထင်သည်။ ထိုသို့တွေးလိုက်မိသည်နှင့် သူ့စိတ်သည် ပေါ့ပါးလန်းဆန်းလာသည်ဟု ထင်ရသည်။

"ဟိုနားဒီနား လျှောက်ကြရအောင်လေ။ နေလည်း သိပ်မပူတော့ပါဘူး။ လေးနာရီ တောင်ကျော်နေပြီ။ ဧည့်သည်တွေပြန်သွားတော့ အိမ်ထဲမှာခြောက်ကပ်ပြီး ပျင်းစရာ ကောင်းပါဘိသနဲ့"

အက်ဂါသာသည် စားပွဲပေါ်တွင် ကိတ်မုန့်တွေ ပိုးလိုးပက်လက်ဖြင့် ကျန်ရစ်ခဲ့သည့် ဧည့်ခန်းကို လှမ်းကြည့်လိုက်ပြီး ပရိုသီရိုးမြင်တတ်ပုံကို အံ့အားသင့်သွားသည်။

အိမ်ထဲပြန်ဝင်သွားလျှင် သူ့တွင်ပြုံးပြက်နေသည့် အလှကလေး ပျက်သွားတော့ မည်ကို အက်ဂါသာ သိနေသယောင်ရှိသည်။ ဧည့်ခန်းကြီးကိုကြည့်ကာ လုပ်ရမည့် အိမ်မှုကိစ္စတွေကို တွေးမိ၍ ရင်မောသွားသည်။ ပန်းကန်ခွက်ယောက်တွေကို ဆေးကြောသိမ်းဆည်းရဦးမည်။ အိမ်ခန်းကို သန့်ရှင်းလှည်းကျင်းရဦးမည်။ အက်ဂါသာက ခပ်ဆိုင်းဆိုင်း ဖြင့်...

"ဖေဖေ့ကိုတော့ ပြောဦးမှထင်တယ်"

"အဘိုးကြီး... ဒီလောက်ဆိုရင် လှဲနေရောပေါ့။ နည်းနည်းပင်ပန်းလို့ ခေါင်းကိုက် ပြန်ပြီထင်တယ်"

"ဟုတ်ပါတယ်လေ... ဒီနားလေးတင် လမ်းလျှောက်သွားတာပဲ မဟုတ်လား"

ဟုဆိုကာ အက်ဂါသာသည် ဝရံတာမှဆင်းလာကာ သူ့လက်တွင်ကိုင်ထားသည့် ထီးကိုယူ၍ မိုးပေး၏။ ကြည်လင်ပါးလွှာသော သူ့အရေပြားပေါ်သို့ ထီးရိပ်ပြေပြေလေး ဖြာကျ နေသည်။ သူတို့ခြေလှမ်းများသည် ကျုံးဆီသို့ အလိုလိုဦးတည်ပြီးသား ဖြစ်နေကြ၏။ လွန်ခဲ့ သည့် တစ်နစ်ညနေခင်းတစ်ခုတွင် အက်ဂါသာ၏ ပထမဆုံးလက်ဖက်ရည်ပွဲမှအပြန် ဆရာ ဒုတ်တို့တစ်တွေနှင့်အတူ သည်နားတစ်ဝိုက်သို့ လျှောက်ခဲ့ဖူးသည်။ လူကြီးလူကောင်းများ သည် သူတို့အကြောင်းကို ပြောတတ်ကြသည်ဟူသော စကားကို လက်ခံပြီးဖြစ်သည့် အက် ဂါသာက...

"ရန်ကုန်မှာ ပျော်ခဲ့ရဲ့လား"

"အင်း... စိတ်ဝင်စားစရာတော့ ကောင်းပါရဲ့။ ဒါပေမဲ့ ဒီမှာလောက်တော့ ပျော်စရာ မကောင်းဘူး။ ရန်ကုန်ကိုရောက်တော့ ကိုယ့်ကိုကိုယ် သာသနာပြုဆရာတစ်ယောက်ဆို သော မေ့သွားတယ်။ မန္တလေးတို့၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့ကို ရောက်မှပဲ ကိုယ့်ကို ကိုယ် သာသနာပြုဆရာတစ်ယောက်လို့ ထင်လာတယ်"

ပြောရင်းဖြင့် ပရိုသီရိုးမျက်လုံးများသည် မှုန်မှိုင်းသွားကြသည်။ အက်ဂါသာမှာ သူ့ စကားကြောင့် လန့်သွား၏။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှမ်းပြည်နယ်တို့ ကချင်ပြည်နယ်တို့ကိုသွားရင် အားလုံးနဲ့ အဆက်ပြတ်နေတော့မှာပဲ"

"ဘယ်လောက်ပဲပြတ်ပြတ် ကိစ္စမရှိပါဘူး။ ကိုယ်သွားနိုင်ပါတယ်။ သွားလေရာမှာ ကိုယ့်ရင်ထဲမှာ . . . ကိုယ့်ရင်ထဲမှာ အမြဲပါတာပဲ"

"ဘာလဲဆရာ . . . ဆရာက သာသနာတော်ကို ပြန့်ပွားအောင်လုပ်ဖို့ပဲ စိတ်ရောက်နေတယ်ပေါ့"

"ဟုတ်တယ်"

"ဟုတ်တယ် . . .၊ အက်ဂါသာလည်း ဒီလိုပဲနားလည်တယ်။ ဘာသာတရားဟာ လောကမှာ အရေးအကြီးဆုံးပဲနော်"

သူတို့နှစ်ယောက်သည် ကျုံးဘေးတွင် ရပ်နေကြသည်။ သို့ရာတွင် နီကြန်ကြန် မြို့ရိုးကြီးသည်လည်းကောင်း၊ ကြာပန်းများကြားတွင် ဆိုက်ထားသော ကရဝိက်ဖောင်ကြီးများသည်လည်းကောင်း သူတို့အဖို့ အရေးမကြီး။ သူတို့ စိတ်မဝင်စား။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေမိကြသည်။ အက်ဂါသာသည် နေကိုကျောပေး၍ ရပ်နေခြင်းဖြစ်သဖြင့် ထီးမှဖြာကျသော အရောင်သည် သူ့ကိုယ်ပေါ်သို့ ဖြာဆင်းနေသည်။

"တော်တော်တော့ အံ့ဩစရာကောင်းတယ်နော်။ ကိုယ်ဟာ နှစ်ပေါင်းများစွာ သာသနာမှာ မြှုပ်နှံထားခဲ့တယ်။ မင်းလို ငယ်ငယ်ရွယ်ရွယ်လှလှပပ မိန်းကလေးတစ်ယောက်က ဘာသာတရားကို ဒီလောက်ယုံကြည်သက်ဝင်တာကတော့ အံ့ဩစရာပဲ။ မင်းဟာ တခြား မိန်းကလေးတွေနဲ့ လုံးလုံးမတူဘူး"

သူပြောသည့်အတိုင်း မှန်သည့်တိုင် အက်ဂါသာက ကိုယ့်ကိုကိုယ်နှိမ့်ချစွာဖြင့် . .

"ဒီလောက်လည်း မဟုတ်သေးပါဘူး ဆရာ။ အက်ဂါသာ ယုံကြည်တယ်ဆိုတာက သာမန်လောက်ပါ။ ဒါပေမဲ့ ယုံကြည်ခြင်းတရားဟာ အက်ဂါသာတို့ထက် အများကြီးအားကောင်းတဲ့အရာပါ။ ဒီယုံကြည်တရားဟာ အပြင်က လာတာပါ"

"ဟုတ်တယ် . . .၊ ကောင်းကင်ဘုံကလာတာ"

သူတို့နှစ်ယောက်သည် ကျုံးဘေးအတိုင်း လျှောက်လာခဲ့ကြသည်။ ပရိုသီရိုးသည် လမ်းတစ်လျှောက်လုံး သူ့မျှော်မှန်းချက် သူ့စီမံကိန်းများကို ပြောပြ၏။ အက်ဂါသာသည် သူ့စကားများကို သဘောကျစွာ နားထောင်ရင်း ထိုအရာသည် လူ့ဘဝ၏ အနှစ်သာရဟုထင်နေသည်။ သူတို့နှစ်ယောက်သည် သာသနာပြန့်ပွားရေးအကြောင်း၊ ချုပ်အော့ အင်္ဂလန်ဂိုဏ်းတွင် အပြစ်ကို ဝန်ခံသောအလေ့ ပြန်လည်ခေတ်စားလာသည့် အကြောင်း၊ မြန်မာနိုင်ငံတွင် သာသနာတော် ပြန့်ပွားတော့မည့်အကြောင်းတို့ကို စိတ်အားထက်သန်စွာ ပြောဆိုလာကြသည်။

---

သဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ထိုသို့ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးလာကြခြင်း၊ သူတို့၏ နှလုံးသားများ ပြင်းထန်စွာ ခုန်လာကြခြင်း၊ တစ်ယောက်နှင့်တစ်ယောက် စိတ်တူသဘောတူ ဖြစ်ကြောင်း သိလာရခြင်းမှာ ဖဲင်နီ၏ မင်္ဂလာလက်ထပ်ပွဲကြောင့် ဖြစ်သည်ကိုမူ နှစ်ယောက်စလုံး သတိမထားကြချေ။ ထိုနေ့ညနေက သဘော်ခန်းထဲတွင် မိမိလင်ယောက်ျား၏ အပွေ့အဖက်အယုအယကို ခံနေရသည့် ဖဲင်နီ့အဖို့သော်မူ ထိုနေ့ညနေက အင်္ဂါသာစိတ်လှုပ်ရှားခြင်းဖြစ်သလောက်ပင် မဖြစ်မိ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

၁၂

## အိမ်ထောင်ရှင်မ ပြန်လာခြင်း

အိမ်ထောင်ရှင်မိန်းမတို့သည် အပျိုစင်တို့ထက် ပို၍အရေးကြီးသည်။ ဤအချက်ကို လူတိုင်းသိပြီးသားဖြစ်သည်။ မသိသေးလျှင်လည်း သိသင့်၏။ ဖင်နီသည် မန္တလေးရွှေမြို့တော်သို့ ပြန်ရောက်လာခဲ့ပြီးနောက် သူ့လင်တော်မောင်အတွက် အိမ်ထောင်ကို ထိန်းသိမ်းခြင်းပြု၏။ လင်တော်မောင် ခရီးထွက်သည့်အခါများတွင်လည်း အက်ဂါသာရှေ့တွင် အလုပြင်ကာ...

"ကိုယ်က အိမ်ထောင်ရှင်မဖြစ်နေပြီလေ။ ဒီတော့ အိမ်ထောင်ရှင်မတစ်ယောက်အနေနဲ့ ပြောရရင်..."

ဟု အပေါ်စီးဖြင့် ဆရာကြီးလုပ်သည့်စကားမျိုး ပြောတတ်သည်။ ထိုအခါတွင် အက်ဂါသာသည် ဖင်နီမကြိုက်သည့် ခပ်မဲ့မဲ့မျက်နှာထားမျိုးဖြင့်...

"အမယ်လေး... လုပ်မနေစမ်းပါနဲ့။ လောကကြီးမှာ မင့်အရင် လက်ထပ်ဖူးတဲ့ မိန်းမတွေ မရှိတော့တာကျနေတာပဲ"

ဟု ပြောတတ်သည်။ သူ့စိတ်ထဲတွင်မူ သူကသာ လူပျိုကြီးသွေးအစစ်ဖြစ်ပြီး ဖင်နီကို ကပြားဟု အထင်သေးနေသည်။ သို့တိုင်အောင် အက်ဂါသာသည် သူတစ်ပါးအပေါ်တွင် မစွေရစိတ်ထားတတ်သူမဟုတ်။ ထို့ကြောင့် ဖင်နီတစ်ယောက် နာနာကြည်းကြည်းဖြစ်စေမည့်စကားမျိုးကို မည်သည့်အခါမှ ထုတ်ဖော်ပြောဆိုခြင်းမပြုတတ်။ ဖင်နီကမူ ထိုသို့သော အမူအရာများကို ဂရုမစိုက်။ ဖင်နီသည် ဆီလာနှင့်တွေ့သည်။ ဆီလာ၏အမေဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ကုလားဝန်ကတော်မှာ သီပေါကိုယ်တော်လေးအတွက် မဏ္ဍပ်ဆောက်ခွင့်ရသဖြင့် ဆီလာသည် ဝမ်းအသာကြီး သာနေသည်။ သီပေါမင်းသားလေးသည် မန္တလေးတောင်ခြေရင်းတွင် ကျင်းပမည့် စာပြန်ပွဲသို့ ဝင်ရမည်ဖြစ်ရာ ထုံးစံအတိုင်း သီပေါမင်းသားကို ဖျော်ဖြေရန် မဏ္ဍပ်တစ်ဆောင် ဆောက်လုပ်ရမည်ဖြစ်သည်။

သီပေါမင်းသား၏မယ်တော် လောင်းရှည်မိဖုရားမှာ ထိုအချိန်က မင်းတုန်းမင်း၏ အငြိုးအငြင်ခံနေရချိန်ဖြစ်၍ သူ့ညီမတစ်ဝမ်းကွဲဖြစ်သည့် ကုလားဝန်ကတော်က မဏ္ဍပ်ဒါယိကာမအဖြစ် ခံယူမည်ဖြစ်သည်။ ထိုမဏ္ဍပ်ဒါယိကာမ ခံခွင့်ရခြင်းမှာ အလွန်ထူးခြားသည့် အခွင့်အရေးကြီးနှင့် ဂုဏ်ဒြပ်ကြီးတစ်ခုဖြစ်သည်။ ဆီလာမှာ သူ့မိခင်ကုလားဝန်ကတော်နှင့်အတူ နေ့စဉ်နှင့်အမျှ မဏ္ဍပ်တွင်ရှိသည့် ပျော်ပွဲရွှင်ပွဲများကို ကြီးကြပ်စန့်ခွဲခြင်းဖြင့် အလုပ်များလျက်ရှိ၏။

သို့ရာတွင် ဖဲင်နီသည် ဆီလာ၏ပီတိကို ချေဖျက်လိုက်လေသည်။ သူ့ခင်ပွန်းဖြစ်သည့် မာလိန်ဘက်ရှောသည် မင်းတုန်းမင်းကြီး၏ ချစ်ခင်ယုံကြည်ခြင်း ခံရသူဖြစ်ပြီး အောက်မြန်မာပြည်နှင့် ကုန်စည်ရောင်းဝယ် ကူးသန်းရေးကိစ္စများကို ဘက်ရှောနှင့် ဆက်သွယ်လုပ်ကိုင်နေသည့်တိုင် ထိုစဉ်က ဖဲင်နီသည် ရွှေနန်းတော်ကြီးထဲသို့ အမြဲခစားဝင်ရောက်ခြင်းမရှိ။ ထို့ပြင် ဖဲင်နီသည် ရွှေနန်းတော်ကြီးမှ ချီးမြှင့်မြှောက်စားမှုကိုလည်း အထင်မကြီးတော့ပြီ။

"ဖဲင်နီ . . . နေကောင်းတယ်နော်။ တွေ့ရတာ ဝမ်းသာတယ်ကွယ်။ ခု မင်းတို့ အရင်အိမ်ကလေးမှာပဲလား။ ကိုယ်အချိန်ရရင် လာခဲ့မယ်လေ"

ဆီလာသည် လှပသေးငယ်သည့် သူ့ခေါင်းလေးပေါ်တွင် ထီးဝါဝါလေးကို လှည့်ရင်းပြောသည်။ ဆီလာသည် အဖြူရောင်အင်္ကျီနှင့် ပိုးထဘီတို့ဖြင့် မြန်မာလိုဝတ်ထားသည်။ ဆီလာသည် ပါရီပုံစံဆိုသည့် ရန်ကုန်ချုပ်ဝတ်စုံများနှင့် ကိုးရိုးကားရားဖြစ်နေသည့် ဖဲင်နီကို ပြုံးကြည့်နေသည်။

"လာခဲ့လေ . . . အိမ်မှာ ကိုယ်တစ်ယောက်တည်းပဲရှိတယ်"

ဖဲင်နီသည် အတင်းပြောဖော်ပြောဖက်မရှိသဖြင့် ပျင်းနေသည့်အတွက် ဟန်ပင်မဆောင်နိုင်တော့ဘဲ ဆီလာ့ကို ဖိတ်ခေါ်သည်။ ဆီလာက ခပ်ကြွားကြွားပြုံးရင်း . . .

"ဟုတ်တယ် . . . လာနိုင်ရင် သိပ်လာချင်တာပဲ။ ဒါပေမဲ့ ကိုယ်က သုဓမ္မာဇရပ်ကို နေ့တိုင်းသွားရတော့ အားတယ်လို့မရှိဘူး။ သီပေါကိုယ်တော်လေးက ပထမပြန်စာမေးပွဲဝင်မလို့လေ၊ ကိုယ့်မေမေက သီပေါကိုယ်တော်လေးရဲ့ မဏ္ဍပ်ဒကာမခံရတယ်။ မဏ္ဍပ်မှာ ကိုယ်တို့ တစ်နေ့လုံးရှိတယ်။ သီပေါကိုယ်တော်လေးကတော့ ပထမပြန်စာမေးပွဲမှာ အဖြေနိုင်ဆုံးပဲတဲ့"

ဖဲင်နီသည် ခဏမျှ တွေသွားကာ သီပေါမင်းသားဆိုသည်မှာ မည်သူဖြစ်ကြောင်းကို မနည်းစဉ်းစားယူရသည်။ ရွှေနန်းတော်ကြီးထဲသို့ မရောက်သည်မှာ ကြာပြီ။ မိမိဘဝတွင်



www.burmeseclassic.com

www.burmeseclassic.com



လည်း အပြောင်းလဲကြီး ပြောင်းလဲတွေ့ကြုံရသည့်အတွက် သီပေါမင်းသား၏အမည်ကို ခပ်မေ့မေ့ဖြစ်နေလေသည်။

"ဩော် . . . ဟုတ်ပြီ။ ထိပ်စုဖျားက လက်သီးနဲ့ထိုးတယ်ဆိုတဲ့ မင်းသားလေးလား"

ဆီလာက မျက်နှာရှုံ့လိုက်ပြီး . . .

"အဲ . . . အခု သူက အရေးကြီးပုဂ္ဂိုလ်ဖြစ်နေပြီ။ မင်းက ရန်ကုန်သွားနေတော့ ဒီက အခြေအနေတွေကို ဘာမှကောင်းကောင်းမသိဘူး။ အလယ်နန်းမတော်ဟာ အရေးကြီးတဲ့ မိဖုရားဖြစ်နေပြီ။ တခြားမိဖုရားတွေအပေါ်မှာ အရှိန်ဩဇာလွှမ်းမိုးနေတယ်ဆိုတာ မင်းမသိဘူးလား"

"ဟုတ်ပါဘူးဟယ် . . . ၊ ဘုန်းတော်ကြီးသောဘုရားက သူ့ကို မဟေသီမြှောက်ဖို့ သဘောမတူဘူး မဟုတ်လား"

"ဟုတ်ပါတယ် . . . ၊ မိဖုရားခေါင်ကြီးတော့ မမြှောက်သေးပါဘူး။ ဒါပေမဲ့ မကြာခင် မိဖုရားခေါင်ကြီးဖြစ်တော့မှာနော်။ ဘုရင်က သူ့ကို ထီးဖြူတစ်စင်းပေးသနားပြီး ဆင်ဖြူမက လေးတစ်စီးချီးမြှင့်လို့ ခု သူ့ကို ဆင်ဖြူမရှင်လို့ ခေါ်နေပြီ"

ဖင်နီသည် အထင်ကြီးသွား၏။ ဟုတ်သည်။ ဆင်ဖြူမရှင်သည် တော်တော်တန်တန် အတားအဆီးကိုကျော်လွှားကာ မိဖုရားခေါင်ကြီးဖြစ်အောင် လုပ်မည်မှချ။ သို့ဆိုလျှင် မိမိအတွက်လည်း အကျိုးရှိမည်။ မာလိန်မှူးဘက်ရော၏ မယားဖြစ်ရခြင်းသည် ကုလားမြို့တွင် သခင်မဟု ခေါ်ခံရရုံမှအပ အခြားဘာမှမထူး။

ဆီလာက . . .

"ဘုန်းတော်ကြီးသောဘုရားလည်း ကောင်းကောင်းမကျန်းမာဘူးလို့ ပြောသံကြားရတယ်။ သားတော်တွေ စာပြန်ပွဲကျင်းပတဲ့ သုဓမ္မာဇရပ်ကိုတောင် ထွက်တော်မမူတော့ဘူး။ မေလထဲတုန်းက မင်းက ဒီမှာမှမရှိဘဲကိုး။ အတုမရှိဘုရား ထီးတော်တင်လို့ ကုလားမြို့က ကုလားတွေကို အကုန်ဖိတ်တယ်လေ။ အဲဒီတုန်းက ဘုန်းတော်ကြီးသော ဘုရားကျောင်းပေါ် ဟအဆင်း မလှကားပေါ်မှာလဲကျတာ ကံကောင်းလို့ပေါ့။ စလင်းမင်းသမီးရဲ့ပုခုံးကို ဖမ်းကိုင်လိုက်လို့ ပေါ့။ အဲဒါ နိမိတ်မကောင်းဘူး။ အဲဒီနောက် ဘာကြာသလဲ။ ဘုန်းတော်ကြီးသော ဘုရား နာမကျန်းဖြစ်တာပဲ"

ဘုန်းတော်ကြီးသောဘုရား တစ်ခုခုဖြစ်လျှင် မည်သို့သော အပြောင်းအလဲတွေ ပေါ်ပေါက်မည်နည်းဟု ဖင်နီ ကွက်စနဲတွေးလိုက်သည်။ ဖင်နီသည် သူများထက် ဝါကြီးသော အိမ်ထောင်ရှင်မိန်းမတစ်ယောက် မဟုတ်တော့။ သတင်းပလင်းကို နားထောင်သူအဖြစ် ရှိရုံကျိုးကျိုး။

ဆီလာက လေသံခပ်ရှင်ရှင်ဖြင့် . . .

"ပထမပြန်စာမေးပွဲဖြေတဲ့ မင်းသားတိုင်းအတွက် ဘုရင်ရဲ့ဘဏ္ဍာတော်နဲ့ မဏ္ဍပ်တစ်ဆောင်ဆီ ဆောက်ပေးပြီး ဇာတ်သဘင်တွေ ကျင်းပပေးတယ်လေ။ ကိုယ့်မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းအသင်းတွေကို မဏ္ဍပ်မှာဖိတ်ပြီး ဧည့်ခံခွင့်ပေးထားတယ်။ သီပေါကိုယ်တော်လေးရဲ့မဏ္ဍပ်ကြီးမှာ ကြီးကြပ်ဧည့်ခံပေးမယ့်သူ မရှိဘူး။ ကိုယ့်မေမေက ကိုယ်တို့စရိတ်နဲ့ကိုယ် ဧည့်ခံတာပါ။ မေမေက ခုနစ်ရက်ခုနစ်လီ အဲဒီမှာ ကြီးကြပ်နေရတော့ ကိုယ်လည်း တစ်ချိန်လုံး အဲဒီမှာရောက်နေတာပေါ့။ သိပ်ပျော်စရာကောင်းတာပဲကွာ။ တစ်နေ့လုံး စတုဒိသာပွဲကြီး ကျင်းပတယ်။ ညကျတော့လည်း ဇာတ်သဘင်တွေ တခြိမ့်ခြိမ့်နဲ့။ ခု မင်း ဒီလိုအချိန်မျိုးမှာ အငြိုအငြင်ခံရတာ သိပ်နာတာပေါ့။ ပွဲကြီးလမ်းကြီးကို မတွေ့ရတော့ဘူးပေါ့။ ကိစ္စမရှိဘူးလေ။ ကိုယ်အားတော့မှ လာပြီးအစုံပြောပြမယ်"

ဖင်နီသည် သူ့လို ပွဲလမ်းသဘင်များကို တက်ခွင့်မရသဖြင့် မနာလိုဝန်တိုခြင်းဖြစ်သည်။ သို့ရာတွင် မိမိကိုလာပြောနေသူမှာ အကြွားသန်လှသော ဆီလာဖြစ်ကြောင်းကို သတိရသဖြင့် . . .

"အမယ်လေး . . . မရောက်တာဘဲကောင်းပါတယ်။ အဲဒီရောက်ရင် မြန်မာတွေ အရောရော အနှောနှောနဲ့။ ကျီးကန်းတွေကျနေတာပဲ။ မင်းသာ ကျီးကန်းကိုလက်ထပ်"

မာလိန်မှူးဘက်ရှောပတ်သော ဥရောပသားတစ်ယောက်ကို လင်တော်ရသဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်ပြီးနောက် ဖင်နီသည် ဆီလာကို ခပ်တည်တည်သာ စိုက်ကြည့်နေသည်။ သို့ရာတွင် ဆီလာမှာ သူ့ကို စိတ်မဆိုးနိုင်သေးဘဲ ဖင်နီ့ကိုကြည့်၍ ရယ်လိုက်လျက် . . .

"ဘာ . . . ကျီးကန်းတွေ . . . ဟုတ်လား။ အေး . . . မင်းလည်း တစ်နေ့ ကျီးကန်းအုပ်ထဲ ပြန်ရောက်ရင် ဝမ်းသာမှာပါ။ မင်းက ကျီးကန်းကိုမရဘဲ ကြက်ဆင်ကို ရထားတာကိုးကွ။ ဒီလိုပဲ ပြောမှာပေါ့"

ဖင်နီနှင့် ဆီလာတို့သည် ကတောက်ကဆဖြစ်၍ ခွဲခွာလာခဲ့ရသည်။ အက်ဂါသာနှင့် တွေ့သည့်အခါတွင် အနည်းငယ်စိတ်ပြေသွားသည့်တိုင် သူ့စိတ်ထဲတွင်မူ တနုံ့နုံ့။ ထိုနေ့ညက သူ့ကိုဖိတ်၍ လက်ဖက်ရည်တိုက်သည့်အခါ၌ အက်ဂါသာသည် ခါဘုင်းထက်အထက်စီးယူနေသည်ဟု စိတ်တွင်ထင်မိသည်။

အက်ဂါသာမှာ မြန်မာစကားကို ကောင်းစွာပြောတတ်နေပြီ ဖြစ်သည့်အလျောက် ယခင်ကကဲ့သို့ မပီကလာပီကလာ မဟုတ်တော့ဘဲ လောကကြီးတွင် အလွယ်ကူဆုံး အလုပ်တစ်ခုကို လုပ်နေသကဲ့သို့ သွက်လက်ဖျတ်လတ်စွာပြောနေလေပြီ။ သူတို့နေထိုင်ရာ အိမ်ကလေးတွင် လက်ဖက်ရည်စပ်ရင်း အက်ဂါသာသည် အဘယ်ကြောင့် လက်ဖက်ရည်ဖျော်စပ်သည်ဟု ထင်မှန်းမသိပါ။ ဆေးစပ်ဆရာမဟုတ်ပါဘဲလျက် ထိုစကားလုံးနှင့် အဘယ်ကြောင့် အောင်ပွဲခံနေသည့် မျက်နှာထားမျိုးကို ဆောင်ထားရလေသနည်း ဖင်နီ မတွေးတတ်အောင်ပင် ဖြစ်နေသည်။

အက်ဂါသာ၏ မှန်တင်ခုံပေါ်တွင် ပရိုသီရိုး၏ဓာတ်ပုံတစ်ပုံက ယောင်ကားသည် ကြည်မြင်သဖြင့် သည်မျှ အရှက်နည်းရလေသလောဟု ဖင်နီတွေးမိသည်။ သို့ရာတွင် ပရိုသီရိုး



www.burmeseclassic.com

www.burmeseclassic.com



မှာ သာသနာတော်အတွက် မိမိနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သည်ဟု အက်ဂါသာ ပြောသည့် အခါတွင် သူ စိတ်ကူးယဉ်နေခြင်းဖြစ်ကြောင်း ဖဲင်နီ သတိပြုမိသည်။ တော်တော်တော့ ခက်ဦးမယ့်မိန်းမဟု ဖဲင်နီ့စိတ်ထဲမှ ကဲ့ရဲ့မိသည်။

ထိုနေ့ညနေ မိမိအိမ်သို့ပြန်ရောက်သည့် အခါတွင် ဖဲင်နီသည် သူ့သေတ္တာထဲမှ ဝတ်စုံများကိုထုတ်၍ ရေတွက်ကာ ပြန်သိမ်းနေသည်။ စိတ်ပြေလက်ပြေ လုပ်နေခြင်းဖြစ်၏။ ဘာကြောင့်မှန်းမသိ။ အဝတ်တွေခေါက်နေရင်း သူ့ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးကျလာသည်ကို ဖဲင်နီသတိပြုမိသည်။ နောက်နှစ်ရက်လောက်အကြာတွင်မူ ပထမပြန်စာမေးပွဲတွင် သီပေါကိုယ်တော်လေးသည် ပထမအဆင့်ဖြင့် အောင်သည်ဟူသော သတင်းသည် ကုလားမြို့တစ်မြို့လုံးတွင် ပျံ့လွင့်သွားသည်။ သီပေါမင်းသားသည် ဝိဋကတ်သုံးပုံ စာပြန်ပွဲတွင်လည်း အောင်မြင်သဖြင့် မင်းတုန်းမင်းကြီးသည် ပထမအကြိမ်အဖြစ် သီပေါမင်းသားလေးကို အားရကျေနပ်ခြင်းဖြစ်ကာ ထီးဖြူမိုးခွင့်ပြုပြီးလျှင် အမြင့်ဆုံးဖြစ်သော ရွှေထီးလေးစင်းနှင့် အဆောင်ရမင်းသားကြီးများကိုသာ အပ်နှင်းလေ့ရှိသော အဆောင်အယောင်များကိုလည်း အပ်နှင်းတော်မူသည်။

ထိုသတင်းကြောင့် ဖဲင်နီသည် ဆီလာထံသို့လာခဲ့ရာ အက်ဂါသာနှင့် လက်ဖက်ရည်သောက်နေကြသည်ကို တွေ့ရသည်။ ဆီလာမှာ အင်္ဂလိကန် သာသနာ့ဂိုဏ်းနှင့် တွဲနေသော အာမေးနီးယန်း သာသနာ့ဂိုဏ်းဝင်တစ်ယောက် ဖြစ်သည့်တိုင် အက်ဂါသာမှာ ဗရင်ဂျီသာသနာမှလူများနှင့် ဆက်ဆံရန် အခွင့်အရေးပေးထားခြင်းခံရသဖြင့် လာရောက်လည်ပတ်နေခြင်းဖြစ်သည်။

ဖဲင်နီသည် မိမိကသာ ကြွားစရာမရှိဘဲလာခဲ့လျှင် သူတို့နှစ်ယောက်ဖြစ်ပုံကို ကြည့်၍ အကြီးအကျယ် အံ့အားသင့်မိပေလိမ့်မည်။ ယခုမူ ကြွားစရာသတင်းတွေ တစ်ပုံတစ်ခေါင်းကြီးပါလာသဖြင့် ထိုကိစ္စကို ခေါင်းထဲတွင် ထည့်၍မစဉ်းစားအား။ မိမိထံ ရွှေနန်းတော်ကြီးမှ အခေါ်တော်ရောက်လာကြောင်း၊ စုဖုရားလတ်ထံ ဝင်ရောက်ခစားရမည်ဖြစ်ကြောင်း၊ ဘုန်းတော်ကြီးသော ဘုရားနာမကျန်းဖြစ်တော်မူသည့် သတင်းမှာ အမှန်ပင်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ဆင်ဖြူမရှင်သည်ပင် ဝင်ရောက်ခစားနေရမည့် အရေးကိုတွေး၍ ပျော်နေသည်။ ဆီလာက သူ့ကိုကြည့်၍ ရပ်လိုက်ရင်း . . .

"စုဖုရားလတ်ဟာ သီပေါကိုယ်တော်လေးကို နာခေါင်းရှုံ့တော့မှာ မဟုတ်ဘူးပေါ့။ နန်းတော်ကြီးထဲမှာ အားလုံးပြောင်းလဲနေပြီလေ"

အက်ဂါသာက . . .

"ဖြစ်မှဖြစ်ရလေကွယ်။ သီပေါကိုယ်တော်လေးဟာ ဆရာမှတ်ရဲ့ကျောင်းထွက်ဖြစ်ပါလျက် ဒိတ္ထိဖြစ်ရှာရတယ်"

ဆီလာသည် သူ့ကိုစိုက်ကြည့်လိုက်သည်။ ဆီလာသည် အာမေးနီးယန်းသာသနာဂိုဏ်းကို ကိုးကွယ်သူဖြစ်ပြီး ဘာသာတရားကိုင်းရှိုင်းသည့် ခရစ်ယာန်တစ်ယောက်ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com


မှန်သည်။ သို့တွင် သူသည် တစ်လျှောက်လုံး ရွှေနန်းတော်ကြီးထဲတွင် ကြီးပြင်းခဲ့လာသည့် အလျောက် ဗုဒ္ဓဘာသာဝင်များကို ဤသို့ ပစ်ပစ်ခါခါမပြောရက်။ သို့ရာတွင် အခြားဘာသာ ဝင်တို့မှာမူ ဤသို့မဟုတ်။ အင်္ဂလိပ်သာအဖို့သော်မူ ခရစ်ယာန်မှလွဲလျှင် ကျန်ဘာသာဝင် အားလုံးတို့သည် ဒိဋ္ဌိများသာဖြစ်သည်ဟု ယူဆသည်။ ဖဲင်နီအဖို့သော် ထိုသို့ဘာသာတရား ဖြင့် အဆင့်အတန်းခွဲခြားခြင်းသည် ဘာမျှအဓိပ္ပာယ်ရှိသည်ဟုမထင်။

ထိုကြောင့် ဖဲင်နီက . . .

"တော်စမ်းပါကွယ် . . . အင်္ဂလိပ်သာကလည်း"

ဟု ပြောလိုက်သည်။ ဖဲင်နီအဖို့သော်မူ သီပေါမင်းသားလေး၏ ဘာသာကိုးကွယ်မှု သည် အကြောင်းမဟုတ်။ ရွှေနန်းတော်တွင် ဘာတွေဖြစ်နေသည်ဆိုသည့် အချက်သာလျှင် အရေးကြီးသည် မဟုတ်လော။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

၁၃

## ရွှေနန်းတော်ကြီးထဲမှ အချစ်ရေး

ဩော် . . . ဘယ်လောက်သာယာလိုက်တဲ့ နေ့ပါလိမ့်။ နေမင်းကြီးသည် ဆီးနှင်းမြူတိမ်တို့ကင်းစင်သော ကောင်းကင်တွင် ခရီးသွားလျက်။ ရွှေနန်းတော်ဥယျာဉ်ထဲတွင် ရေတံခွန်တို့က စီးသွန်ဖြာကျလျက်။ ပိုးဖဲကတ္တီပါတို့ကို ဝတ်ဆင်ထားသည့် မိန်းမငယ်တို့က ပြေးသွားကစားလျက်။ ဖဲင်နီသည် ထိုရှုခင်းကို မည်သည့်အခါမျှ မမေ့နိုင်တော့။

သူ့မျက်လုံးများသည် တောက်ပလျက်ရှိကာ သူ့စိတ်သည် သီတင်းပတ်များစွာအတွင်း ပထမဆုံးအကြိမ် အပူအပင် အကြောင့်အကြတို့ဖြင့် ကင်းဝေးကာ ပေါ့ပါးလန်းဆန်းနေသည်။ ဖဲင်နီသည် ဥရောပတိုက်သူ အမျိုးသမီးတစ်ယောက်အနေဖြင့် ရွှေနန်းတော်ကြီးထဲသို့ သွားခြင်းဖြစ်သော်လည်း ထိုမျှသာယာသည့် ပတ်ဝန်းကျင်သို့ရောက်လျှင် မြန်မာစိတ်တွေ အလိုလို ဝင်လာတတ်သည်။

ဖဲင်နီက ဦးညွှတ်၍ လက်အုပ်ချီကာ ခစားသည်နှင့် စုဖုရားလတ်သည် သူ့ဆီသို့ ပြေးလာကာ လက်ကိုဆွဲ၍ . . .

"တွေ့ရတာ ဝမ်းသာလိုက်တာ . . . ဖဲင်နီရယ်။ ဖဲင်နီမရှိတော့ ထိပ်စုဖျားဖြင့် ပျင်းလိုက်တာ မပြောပါနဲ့တော့"

စမ်းရေတသွင်သွင်စီးသကဲ့သို့ သာယာနာပျော်ဖွယ်ကောင်းသော မြန်မာစကားကို ကြားလိုက်ရသည့်အခါတွင် ဖဲင်နီ ကြည်နူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းညီမင်းသားတို့ကသာ အရပ်သုံးစကားကို ပြောချင်ပြောသော်လည်း အရပ်သားတို့မှာမူ ထီးသုံးနန်းသုံးစကားဖြင့် လျှောက်တင်ရမည်ဖြစ်သည့်အတွက် ဖဲင်နီက ထီးသုံးနန်းသုံးစကားဖြင့် ကြိုးစား၍ လျှောက်တင်ရသည်။ စုဖုရားလတ်က ရယ်လိုက်လျက် . . .

"ထီးသုံးနန်းသုံးစကားတွေ ပြောမနေပါနဲ့ကွယ်။ ဒီအသုံးအနှုန်းတွေကိုလည်း ဖဲင်နီ ဘယ်တော့မှ ပြောတတ်မှာမဟုတ်ဘူး။ ထိပ်စုဖျားမှာ ဖဲင်နီနဲ့ စကားတွေအများကြီး ပြောစရာရှိတယ်။ သီပေါကိုယ်တော်လေးက ထိပ်စုဖျားကို မေတ္တာစာတွေ ပေး.ပေးနေတယ်။ အစတုန်းကတော့ ထိပ်စုဖျား ဒီလောက် အလေးအနက်မထားပါဘူး။ ဒါပေမဲ့ မယ်တော်က ထိပ်စုဖျားကို ဆူတယ်လေ။ ဒီတော့ ထိပ်စုဖျားအနေနဲ့ အထိုက်အလျောက် စဉ်းစားလာရတာပေါ့။ သီပေါကိုယ်တော်လေးက ဘယ်ဆိုးလို့လဲ။ မေတ္တာစာ အရေးကောင်းပေတာပဲ။ ဖဲင်နီ့ကို ပြရဦးမယ်"

သူတို့နှစ်ဦးသည် နေပြောက်ကျားထိုးနေသော သရက်ပင်များအောက်မှနေ၍ ဥယျာဉ်တော်ထဲတွင် လျှောက်လာခဲ့ကြပြီး ရွှေနန်းတော်လှေကားထစ်များကို တက်လာခဲ့ကြသည်။ စုဖုရားလတ်သည် ဖဲင်နီ့ကို သူ့အဆောင်တွင်းသို့ ခေါ်သွား၏။

စက်ခန်းဆောင်နံရံများမှာ နီနှစ်ရောင်နောက်ခံတွင် အီတလီ ပန်းချီကျော်တစ်ဦး၏ လက်ရာပန်းပွင့်များ ရေးခြယ်ထားသည့် နံရံဖြစ်သည်။ စုဖုရားလတ်သည် စက်ခန်းဆောင်ထဲသို့ရောက်လျှင် ဟသ်ာပြဒါးတစ်ဝက်သုတ်ထားသည့် ရွှေသေတ္တာကလေးကို ပြေးယူ၍ ခွင့်ကာ ပိုးစများကို မွှေနှောက်၍ စာအိတ်ခြောက်အိတ်ခန့်ကို ဆွဲထုတ်လိုက်သည်။ ထိုစာအိတ်များမှာ ရွှေစစ်စစ်ကို အပြားခတ်၍ ချိုးထားသည့် စာအိတ်များဖြစ်သည်ကို တွေ့ရသည့်အခါတွင် ဖဲင်နီသည် ယောင်၍ အလန့်တကြား အော်လိုက်မိသေးသည်။ ဖဲင်နီမှာ မြန်မာစာကို ခက်ခက်ခဲခဲ ဖတ်နေရသည့်အတွက် စုဖုရားလတ်ကပင် သူ့ကိုဖတ်ပြသည်။ စာမှာပန်းရောင်စက္ကူ လှလှကလေးပေါ်တွင် ရွှေမင်ဖြင့်ရေးထားသည့် စာများဖြစ်၏။ ဖဲင်နီသည် စာရွက်ကိုကြည့်၍ တအံ့တသြဖြစ်နေပြန်သည်။

"သီပေါကိုယ်တော်လေးက ထိပ်စုဖျားကို မမြှောက်လွန်းဘူးလား။ ကြည့်စမ်းပါဦး။ ထိပ်ဖျားကို ဘယ်လောက် ချစ်ခင်မြတ်နိုးတော်မူတဲ့အကြောင်း ရေးထားလိုက်တာ။ ပြီးတော့ ထိပ်စုဖျားကိုမြှောက်ပြီး သူ့ကိုယ်သူ နှိမ့်ချထားလိုက်သေးတယ်"

"သာဂရကိုယ်တော်လေးကိုကော ထိပ်စုဖျား မစဉ်းစားတော့ဘူးလား"

ဟု ဖဲင်နီက လွှတ်ခနဲမေးလိုက်မိသည်။ သို့ရာတွင် သူ့အမေးသည် မှားယွင်းသွားပြီကို ချက်ချင်းပင် သိလိုက်သည်။ စုဖုရားလတ်သည် မျက်မှောင်ကိုတွန့်လိုက်၏။ သူ့မယ်တော် ဆင်ဖြူမရှင်၏မျက်နှာပေါ်တွင် တွေ့ရသော တိမ်ညိုတို့သည် သူ့မျက်နှာပေါ်တွင်လည်း အုံ့ဆိုင်းလာခဲ့လေပြီ။

"သာဂရကိုယ်တော်လေးကို ဘာစဉ်းစားစရာရှိသလဲ။ သူက ကလေးတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ကလေးဘာဝ ချစ်ခဲ့ကြတာပဲဟာ။ သီပေါကိုယ်တော်လေးဟာ ထီးနန်းအရိုက်အရာကို ခံရမဲ့သူတဲ့။ မယ်တော်ကပြောတယ်"

"ပထမပြန်စာမေးပွဲမှာတော့ ကိုယ်တော်လေးက ပထမရတာပဲနော်"

"ဟုတ်တယ် . . .၊ သီပေါကိုယ်တော်လေးက ပထမပဲ။ ကြည့်စမ်းပါဦး . . .၊ သီပေါကိုယ်တော်လေးဟာ ထိပ်စုဖျားရဲ့ရှေ့မှာ ဘယ်လောက်သူ့ကိုယ်သူ နှိမ့်ချထားသလဲ။ သူ့ကို ဘယ်လိုစာပြန်ရမလဲတောင် မသိတော့ပါဘူးကွယ်။ ပြီးတော့ ထိပ်စုဖျားမှာလည်း ရွှေပြား ခတ်စာအုပ်ထက်ကောင်းတဲ့ စာအိတ်တို့စာရွက်တို့ မရှိတော့ သိပ်စိတ်ညစ်တာပဲ"

"ဒါအတွက်တော့ ဒီလောက် စိုးရိမ်ကြောင့်ကြ ဖြစ်မနေပါနဲ့။ ကျွန်မရဲ့ခင်ပွန်း ရန်ကုန်မှာရှိပါတယ်။ သူ့ဆီကို အကောင်းဆုံး အင်္ဂလိပ်စာရေးစက္ကူနဲ့ စာအိတ်တွေ မှာပေးပါ့မယ်။ ပြီးတော့ စာအိတ်ပေါ်မှာကပ်တဲ့ စက္ကူပန်းကလေးတွေရှိတယ်။ ကျောဘက်မှာ ကော်ကပ်ပြီးသား ဘုရား။ ကတ်လိုက်ဝယ်လို့ရပါတယ်။ အဲဒီ ပန်းပွင့်လေးတွေကို ဖြတ်ပြီး စက္ကူထောင့်စွန်းမှာ ကပ်လိုက်ရုံပဲ"

စုဖုရားလတ်က စိတ်အားထက်သန်စွာဖြင့် . . .

"အို . . . ထိပ်စုဖျားကတော့ ထောင့်လေးထောင့်စလုံးမှာ ကပ်လိုက်မယ်။ ဒီလိုဆိုရင် ဖဲင်နီရန်ကုန်ကို ကြေးနန်းရိုက်မှာပေးစမ်းပါ။ စာထည့်ရင် သိပ်ကြာတတ်လွန်းလို့"

ထိုနေ့တစ်နေ့လုံး ဖဲင်နီမှာ ရွှေနန်းတော်ကြီးတွင် မျက်နှာသာရလျက်ရှိသည်။ ညနေပိုင်းတွင် ဖဲင်နီသည် ကုလားမြို့သို့ပြန်လာခဲ့ကာ ကြေးနန်းတစ်စောင်ရိုက်သည်။ ဖဲင်နီသည် သူလုပ်ခဲ့သမျှကို တွေး၍ ပီတိဖြစ်လျက်ရှိ၏။

မာလိန်ဘက်ရှောသည် နောက်တစ်ပတ် သင်္ဘောနှင့် ဆန်တက်လာသည့် အခါတွင် စာရေးစက္ကူကို ဝယ်လာခဲ့သည်။ စာရေးစက္ကူများမှာ အပြာညိုရောင်ဖြစ်ပြီး ပိုင်အိုလက်ပန်းနုကလေး သင်းလျက်ရှိသည်။ ထို့ပြင် အပြာနုရောင်နှင့် အနီရောင်နှင်းဆီပွင့်ပုံ စက္ကူပန်းများကိုလည်း ဝယ်လာခဲ့သည်။ အချို့မှာ လိပ်ပြာရုပ်ကလေးများဖြစ်သည်။ ဖဲင်နီသည် ထိုစက္ကူပန်းများကို ဖြတ်တောက်ပြီးလျှင် သီပေါမင်းသားကလေးထံသို့ ပေးမည့် စုဖုရားလတ်၏စာများ၏ ပတ်ပတ်လည်တွင် လိုက်ကပ်ပေးသည်။

သီပေါမင်းသားနှင့် စုဖုရားလတ်တို့ စုလျားထိမ်းမြားခြင်း ပြုတော့မည်ဖြစ်ကြောင်း ကြေညာရန်ဖြစ်သော်လည်း ထိုနှစ်ဇွလိုင်လတွင် ဘုန်းတော်ကြီးသောဘုရားသည် အကြီးအကျယ် နာမကျန်းဖြစ်တော်မူသည်။ မိမိ၏ဘဝသက်တမ်းတွင် ထိုကာလများသည် အရေးကြီးသော အချိန်ဖြစ်သည်ကို ဆင်ဖြူမရှင် ကောင်းကောင်းသိသည်။ ယခုအချိန်သည် မင်းတုန်းမင်းတရားကြီးမှာ လူမမာကြီးလုံးလုံးဖြစ်လျက်ရှိရာ ခမည်းတော်နတ်ရွာစံလျှင် သီပေါမင်းသားကလေးအား ထီးနန်းအရိုက်အရာ ဆက်ခံစေရေးအတွက် စီစဉ်စရာရှိသည်တို့ကို စီစဉ်ထားရန် အချိန်ရောက်လေပြီ။

---

ဌာဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်နတ်ရွာစံလျှင် ထီးနန်းကို ဆက်ခံခွင့်ရှိသည့် နေရာတော်ရ မင်းသားကြီးများစွာရှိသည်။ ထိုသူများသည် ဆင်ဖြူမရှင်၏အကြံအစည်ကို အနှောင့်အယှက်ပေးနိုင်သည်။ သီပေါမင်းသားကလေးမှုကား စုဖုရားလတ်မှတစ်ဆင့် သူကြိုက်သလို ကြိုးဆွဲနိုင်ကြောင်း ဆင်ဖြူမရှင် နားလည်သည်။

ဖင်နီထံမှတစ်ဆင့် ရွှေနန်းတော်ကြီး၏ အတွင်းရေးများကို သိထားရသည့် အင်္ဂလိပ်သာ၏အမြင်တွင်မူ ထိုနန်းတွင်းရေးကိစ္စများသည် သူတို့ကျောင်းတုန်းက ကလေးတွေကစားခဲ့ကြသည့် ဂီတကုလားထိုင်လုတမ်းကစားနည်းနှင့် တူသည်ဟု အောက်မေ့မိ၏။ ရွှေနန်းတော်ကြီးထဲတွင် တူရိယာဂီတတို့သည် တီးမှုတ်နေကြလေပြီ။ ရွှေကုလားထိုင်တစ်လုံးဘေးတွင်မူ ကစားသူများသည် စိတ်အားထက်သန်စွာ လှည့်ပတ်ပြေးလွှားနေကြလေပြီ။ အတီးအမှုတ်ရပ်သွားသည့်အခါတွင် မည်သူသည် ထိုရွှေကုလားထိုင်ကိုရအောင် ထိုင်နိုင်မည်နည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

၁၄

# ကုလားမြို့တွင်

ရွှေနန်းတော်ကြီးထဲမှ ရှုပ်ထွေးသော နန်းတွင်းအခြေအနေ အရပ်ရပ်တို့သည် ကုလားမြို့တွင်းလည်း ဂယက်ရိုက်လျက်ရှိသည်။ ယခုအချိန်၌ ဆဒ္ဒန်သခင် ဘဝရှင်မင်းတရားကြီးသည် သည်းထန်စွာ နာမကျန်းဖြစ်သည်တွင် ဆင်ဖြူမရှင်သည် မောက်မာ၍ ကြီးမြင့်လိုသော သူ့စရိုက်အတိုင်း ထင်တိုင်းကြဲနေလေပြီ။

တစ်ညနေ၌ မန္တလေးသို့ရောက်ရှိလာသည့် အင်္ဂလိပ်သံအရာရှိအသစ် မစ္စတာရှော ရောက်လာကာ တိုင်းရေးပြည်ရေးကိစ္စများကို ပြောဆိုလျက်ရှိသည့်အခါ၌ ဖင်နီနှင့် အက်ဂါသာတို့သည် အသက်မျှပင်မရှူနိုင်ကြဘဲ နားထောင်နေမိကြသည်။ ထိုနေ့က သူတို့အိမ်တွင် သာသနာပြုအဖွဲ့များရှိရာသို့ လိုက်၍တရားဟောပြီး ပြန်လာသော ပရိုသီရိုးနှင့် လန်စဒင်တို့သည်လည်း မစ္စတာရှောပြောပြသော နန်းတွင်းရေးကိစ္စများကို နားထောင်လျက်ရှိကြ၏။ အက်ဂါသာမှာမူ သူတို့အတွက် ကော်ဖီဖျော်နေသည်။

မစ္စတာရှောသည် သူတို့အိမ်သို့ အလည်လာခဲဘိခြင်း။ လူမှုရေးအရပြောရလျှင်လည်း မန္တလေးရှိဗြိတိသျှသံအရာရှိသည် မန္တလေးရှိ အင်္ဂလိပ်များအဖို့ ဘာမျှအားမကိုးရချေ။ မစ္စတာရှောကိုယ်တိုင်မှာလည်း သံအရာရှိလုပ်နေသည့်တိုင် မြို့ပြအုပ်ချုပ်ရေးဘက်မှ လာသူလည်းမဟုတ်၊ စစ်ဘက်မှလာသူလည်းမဟုတ်ဘဲ အရာရှိအရာခံလုပ်ရခြင်းကို မနှစ်မြို့သူတစ်ယောက်ဖြစ်၏။ မစ္စတာရှောသည် ခရီးသွားဝါသနာပါသူဖြစ်ပြီး စာပေလိုက်စားသည့် ပညာရှင်ဖြစ်၏။ အထူးသဖြင့် တူရကီ စာပေယဉ်ကျေးမှုတွင် ဝါသနာထုံသူဖြစ်သည်။ မစ္စတာရှောသည် စကားနည်းပြီး ခပ်အေးအေး ခပ်ကင်းကင်း နေတတ်သူတစ်ယောက်လည်းဖြစ်၏။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်သံအရာရှိမှာ အရပ်မြင့်မြင့်၊ ဥပမိရုပ်ကောင်းကောင်းနှင့် မစ္စတာပီယာပွန့်ဆိုသူဖြစ်ပြီး သူ့ကိုယ်သူ အထက်တန်းစားမှ မွေးလာသည့် မိုးကျရွှေကိုယ်ဟု ထင်နေသူဖြစ်သည်။ မစ္စတာပီယာပွန့်သည် ကုလားမြို့က သာမန်လက်ဖက်ရည်ပွဲကလေးများ၊ ဒည့်ခံပွဲကလေးများကို အထင်သေးသူဖြစ်သည်။ သူ့အမြင်တွင် အင်္ဂလိသာသည် လှလည်းမလှ၊ မက်စရာလည်း ဘာမျှမရှိဟု ယူဆ၏။ ဖဲင်နီကိုမူကား ရှိသည်ဟုပင် မအောက်မေ့ချေ။ အခြားလက်ထောက် သံအရာရှိတစ်ဦးမှာ နာမည်ကျော် ဆာအာသာဖယ်ယာ၏ တူဖြစ်သူ ဖယ်ယာဖြစ်၏။ ဖယ်ယာမှာ အရပ်မောင်းသင့်သင့်၊ အသားခပ်လတ်လတ်၊ ယဉ်ကျေးဖော်ရွေသည့် အမူအရာရှိသည့် လူငယ်တစ်ယောက်ဖြစ်သည်။ ပီယာပွန့်က စခန်းကြီးသလောက် ဖယ်ယာက ဖော်ရွေသည်။

သံအဖွဲ့မှ ဆရာဝန်မှာ အိုင်းရစ်လူမျိုးလူငယ်တစ်ယောက်ဖြစ်၍ သဘောကောင်းသော်လည်း စိတ်တိုသည်။ သူသည် မြင်းသားကို အလွန်ကြိုက်သူဖြစ်၏။ နောက်တစ်ယောက်မှာ ချောစာပို့တိုက်အရာရှိ ရော်လင်ဆန်သူဖြစ်လျက် အသားညိုပြီး ပီယာပွန့်ကဲ့သို့ပင် သခင်ဆပ်ဖြစ်ရခြင်းကို ကျေနပ်ကာ စခန်းကြီးသူတစ်ယောက်ဖြစ်သည်။

သာသနာပြု အဖွဲ့နှင့် သံအဖွဲ့သည် တစ်ခုနှင့်တစ်ခု အဆက်အသွယ်ရှိနေဖို့ လိုအပ်သည့်တိုင် များစွာ ရင်းနှီးခြင်းမရှိလှ။ ကိစ္စရှိလျှင် မစ္စတာရှောနှင့် မစ္စတာလန်စဒင်တို့နှစ်ဦးသာလျှင် ဆက်ဆံကြသည်။ သူတို့နှစ်ဦးစလုံးမှာ ခပ်အေးအေးနေကြသူများဖြစ်သည့်အလျောက် အတော်ကြာကြီးမှ မိတ်ဆွေများဖြစ်လာခဲ့ကြသည်။ မစ္စတာရှောသည် မိန်းမပျိုကလေးတစ်ယောက်အဖို့ ဘာမျှစိတ်ဝင်စားဖွယ် မကောင်းသည့်တိုင် သူလာရောက်လည်ပတ်သည့်အခါတွင် မိမိတို့ ကုလားမြို့တွင် အပျင်းပြေသဖြင့် ဖဲင်နီဝမ်းသာသည်။

ထိုနေ့ညတွင် ကြားရသည့်သတင်းများမှာ စိတ်လှုပ်ရှားစရာ။ လွန်ခဲ့သည့် နှစ်ရက်လောက်တုန်းက အင်္ဂလိပ်အစိုးရ၏ လက်အောက်ခံဖြစ်သည့် ဒိုဘီကုလားနှစ်ယောက်ကို မြန်မာအာဏာပိုင်တို့က နိပ်စက်ညှဉ်းပန်းကြသည်ဟုဆို၏။ အကြောင်းမှာ ဒိုဘီကုလားနှစ်ယောက် ညထွက်ရာတွင် မှန်အိမ်မပါလာသောကြောင့် ဖြစ်သည်။

ဒိုဘီကုလားနှစ်ယောက်သည် ကုလားမြို့မှောင်ကြီးမည်းကြီးထဲတွင် မျက်စိလည်နေကြစဉ် မြန်မာရဲသားတို့က သူခိုးဟုဖမ်းဆီးကာ ရဲကင်းသို့ ခေါ်သွားကြသည်။ ကင်းတဲသို့ရောက်လျှင် ဒိုဘီကုလားနှစ်ယောက်အား ဒေါက်ထောက်ထားသည့် ထိပ်တုံးအမြင့်ကြီးခွဖြတ်ရအောင် တစ်ချိန်လုံး လက်နှစ်ဖက်ကိုနောက်ပစ်၍ ကိုယ်ကိုထောက်ရသည်ဟုဆို၏။ ထိုသတင်းကိုကြားလျှင် သံအဖွဲ့ခေါင်းဆောင် မစ္စတာရှောသည် ကင်းဝန်မင်းကြီးထံသို့ ချက်ချင်းသွားရောက်၍ ကန့်ကွက်ခဲ့သည်။ အိန္ဒိယဘုရင်ခံချုပ်ထံသို့လည်း ကြေးနန်းရိုက်၍ အစီရင်ခံသည်။

နောက်အဖြစ်အပျက်တစ်ခုလည်း ရှိသေး၏။ ယခုတစ်ကြိမ်တွင် ညှဉ်းပန်းခံရသူမှာ အင်္ဂလိပ်လူမျိုးဖြစ်သည့်အတွက် မန္တလေးရှိ အင်္ဂလိပ်များကြားထဲတွင် လှုပ်လှုပ်ရွရွဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။ ဘက်ရှော၏ မင်္ဂလာပွဲတုန်းက လူပျိုရံလုပ်ခဲ့သည့် ရောဝတီဖလိုတီလာကုမ္ပဏီမှ မာလိန်မှူးဒွိုင်းလ်သည် မြို့ပေါ်မှ ဆိပ်ကမ်းတွင်ဆိုက်ထားသော မိမိသင်္ဘောဆီသို့ ပြန်လာခဲ့သည်။ အပြန်တွင် သွားနေကျလမ်းမှာ ဗွက်ထူလှသဖြင့် ဒွိုင်းလ်သည် အထွတ်အမြတ်ထားသည့်တစ်နေရာမှ ဖြတ်သန်းပြန်လာသည်။

အမှန်အားဖြင့် ဒွိုင်းလ်သည် ထိုနေရာကို အထွတ်အမြတ်ထားသည့် နေရာမှန်းလည်းမသိ၊ ကြော်ညာစသည်တို့ ကပ်ထားခြင်းလည်း မရှိချေ။ မြန်မာရဲကင်းတို့က အော်ဟစ်သတိပေးသည့်အတွက် ဒွိုင်းလ်သည် တာရိုးမှဆင်းလာကာ သူသွားနေကျလမ်းအတိုင်း လျှောက်လာခဲ့သည်၊ မြန်မာရဲတို့သည် ဒွိုင်းလ်ကို ဖမ်းဆီးခေါ်ဆောင်သွားကြကာ မတ်တပ်ရပ်၍ ထိတ်တုံးခတ်ပြီးလျှင် ကုလားမြို့မိုးရေထဲတွင် နှစ်နာရီမျှ မတ်တပ်ရပ်ခိုင်းထားသည်ဆို၏။

ကုမ္ပဏီရုံးတွင်ရှိသည့် စာရေးတစ်ယောက်က ရောဝတီဖလိုတီလာ မီးသင်္ဘောကုမ္ပဏီ ကိုယ်စားဖြစ်သူ (ထိုသူမှာ အီတလီကောင်စစ်ဝန် ဆန်ဒရေနီဖြစ်သည်။)ကို တိုင်ကြားရာ ဆန်ဒရေနီက အင်္ဂလိပ်သံအဖွဲ့ခေါင်းဆောင် မစ္စတာရှောကလည်း ကင်းဝန်မင်းကြီးထံသွား၍ ကန့်ကွက်စာပို့သည်။ ဒွိုင်းလ်ကိုမူ ချက်ချင်းပြန်လွှတ်လိုက်၏။ သို့ရာတွင် မဟာလူမျိုးကြီးစစ်စစ် အင်္ဂလိပ်ဖြစ်ပါလျက် ဤသို့ လူပုံအလယ်တွင် အရှက်တကွဲအကျိုးနည်းနှိပ်စက်ခံရခြင်းမှာ လားလားမျှမသင့်၊ နောင်တွင် အင်္ဂလိပ်လူမျိုးတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာတို့ကို ထိပါးဖွယ်ရှိသဖြင့် အင်းဝရွှေနန်းမှ တောင်းပန်ချက်သဝဏ်လွှာတစ်စောင်ကိုမူ မရအရတောင်းခံသင့်သည်ဟု ယူဆသည်။

မစ္စတာရှောက . . .

"မင်းတုန်းမင်းကြီးလည်း တော်တော်နာမကျန်းဖြစ်နေတယ်။ မင်းတုန်းမင်းဟာ နန်းတော်ထဲမှာ ဖိနပ်စီးတာတို့ ဘာတို့ကို မကြိုက်ပေမဲ့ ဗြိတိသျှဆန့်ကျင်တဲ့စိတ်မျိုးတော့ မရှိပါဘူး။ ခုကိစ္စက တစ်ယောက်ယောက်ရဲ့လက်ချက်ဖြစ်လိမ့်မယ်ထင်တယ်"

"ကျွန်တော့်သမီးရဲ့သူငယ်ချင်း ဖဲင်နီပြောတော့ မင်းတုန်းမင်းကြီးဟာ နာမကျန်းဖြစ်လို့ စက်ခန်းဆောင်ထဲက ထွက်တော်မမူတာ တော်တော်ကြာပြီတဲ့။ နန်းတော်ထဲမှာ ဆင်ဖြူမရှင်ပဲ ချယ်လှယ်နေတာပဲတဲ့"

"နောက်ထပ်ကော ဘာထပ်ဖြစ်သေးသလဲ ဟင်"

ဟု မစ္စတာရှောက လှမ်းမေးလိုက်သဖြင့် အက်ဂါသာမှာ မျက်နှာတွေ နီမြန်းသွားကာ ကော်ဖီပန်းကန်ကို အောက်သို့ချလိုက်မိသည်။

တစ်နေ့က သူ ရွှေနန်းတော်ကြီးထဲက ဥယျာဉ်တော်ထဲမှာ ထိပ်စုဖုရားနဲ့ အတူရှိနေတုန်းမှာ ဆင်ဖြူမရှင်က လေသာဆောင်ထဲမှာ ကင်းဝန်မင်းကြီးတို့ တိုင်တားမင်းကြီးတို့နဲ့ စကားပြောနေကြတယ်တဲ့။ သူတို့သုံးဦး ခေါင်းချင်းရိုက်နေကြပုံထောက်တော့ တော်တော်အရေးကြီးတဲ့စကား ဖြစ်ပုံရတယ်၊ ဆင်ဖြူမရှင်ကဆိုရင် လက်သီးဆုပ်နဲ့ သူ့လက်ဖဝါးကို



www.burmeseclassic.com

www.burmeseclassic.com


ထုပြီး စကားပြောနေသတဲ့။ ဆင်ဖြူမရှင်ကိုကြည့်ရတာ အကြောင်းတစ်ခုခုကြောင့် တော်တော် စိတ်ဆိုးနေပုံရတယ်တဲ့"

မစ္စတာရောက . . .

"ဪ . . . တိုင်တားမင်းကြီးလည်း ပါသတဲ့လား။ ကျုပ်ကတော့ တိုင်းတာမင်းကြီးကို သိပ်မကြိုက်ဘူးဗျာ။ တော်တော်ဆိုးတဲ့လူကြီး။ ဒီလောက်သွေးဆာပြီး၊ ဒီလောက် အကြံပက်စက်တဲ့လူမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး။ ကင်းဝန်မင်းကြီးကလည်း ပရိယာယ်အများသား။ ဒါပေမဲ့ လူကတော့ လူဆိုးမဟုတ်ပါဘူး။ ဘာတွေများအရေးကြီးလို့ ဒီလောက် ခေါင်းချင်းရိုက်သလဲ မဆိုနိုင်ဘူး။ ထီးနန်းအရိုက်အရာကိစ္စပဲ ဖြစ်မယ်ထင်တာပဲ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဆင်ဖြူမရှင်ဆိုရင်တော့ ကျုပ်တို့အပေါ်မှာ ဒီလောက်တင်းတင်းမာမာ လုပ်မယ် မထင်ပါဘူး"

"မာလိန်ဗွိုင်းလ်နဲ့ ဒိုဘီနှစ်ယောက်ကိစ္စကို ကင်းဝန်မင်းကြီးကိုတိုင်တော့ သူက ဘာပြောသလဲ"

"အို . . . ဝမ်းနည်းတဲ့အကြောင်း၊ ရဲကမသိလို့ မှားယွင်းမိတဲ့အကြောင်း ပြောတာပေါ့။ ဒီလောက်နဲ့တော့ ကျုပ်တို့ဘက်က မပြီးနိုင်ဘူးလေ။ စာတိုစာရှည်တွေ ရေးရဦးမှာပဲ။ ဘယ်နည်းနဲ့ဖြစ်ဖြစ် သိပ်ပုံမရပါဘူး။ မြန်မာအစိုးရဟာ ဗြိတိသျှအစိုးရကို တောင်းပန်ရမယ်။ ဒိုဘီနှစ်ယောက်ကိုညှဉ်းပန်းတဲ့ ရဲမှူးအနေနဲ့ ဒိုဘီနှစ်ယောက်ကို တစ်ယောက်လျှင် ငွေငါးကျပ်စီ လျော်ကြေးပေးရမယ်။ မာလိန်မှူးဗွိုင်းလ်ကို ညှဉ်းပန်းတဲ့ရမှူးကိုတော့ သူကိုယ်တိုင် အဲဒီနေရာမှာပဲ နှစ်နာရီ ထိတ်တုံးခတ်ခံစေရမယ်လို့ ကျုပ်ကတော့ ပြတ်ပြတ်သားသားတောင်းဆိုထားတာပဲ။

"မြန်မာတို့ဘက်က လိုက်လျောတော့ လိုက်လျောမှာပါ။ ဒါပေမဲ့ ကင်းဝန်မင်းကြီးနဲ့တော့ တော်တော်စကားပြောရလိမ့်ဦးမယ်ထင်တယ်။ ကင်းဝန်မင်းကြီးအမိန့်နဲ့ ဒိုဘီနှစ်ယောက်ကို ချက်ချင်းလွှတ်ခိုင်းတာတော့ မှန်ပါရဲ့။ ဒါပေမဲ့ ကျုပ်တောင်းထားတဲ့ စုံစမ်းစစ်ဆေးရေးလုပ်ဖို့နဲ့ သက်ဆိုင်သူများကို ပြစ်ဒဏ်ပေးဖို့နဲ့ ပတ်သက်လို့တော့ ကင်းဝန်မင်းကြီးက မသိယောင်လုပ်နေတယ်ဗျ။ ပြင်သစ်ဆိုရင် ဘယ်ဒီလိုဆိုင်းနေမလဲဗျာ။ ချက်ချင်းလိုက်လျောပေးလိုက်မှာပေါ့။ သူတို့က ပြင်သစ်နဲ့ ပလဲနံပသင့်ချင်နေတာကိုး။

အင်းဝရွှေနန်းတော်ကြီးဟာ ပါရီနဲ့ ပလူးပလဲလုပ်နေတာ တော်တော်ကြာပြီဗျ။ ဘာကြောင့် ဒီလောက်ပလူးနေရသလဲဆိုတာလဲ ရှင်းပါတယ်။ တုံကင်းပင်လယ်ကွေ့ကနေပြီး အမြောက်နဲ့ လှမ်းပစ်မှာကိုးဗျ။ ဒီတော့ သူတို့လန့်တာပေါ့။ ပြင်သစ်ကသာ အထက်မြန်မာပြည်ကိုသိမ်းရင် ကျုပ်တို့တစ်တွေနဲ့ နယ်စပ်မှာ ရင်ဆိုင်ရတော့မှာပဲ။ အလို . . . သွားဦးမှာပဲဗျို့။ သံတဲကို အပြန်နောက်ကျရင် လမ်းမှာ ဆီးပြီးအဖမ်းခံရမှာ စိုးရသေးတယ်"

"ကျွန်တော်လိုက်ခဲ့ရမလား"

ဟု ပရိုသီရိုးက မေးသည်။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မလိုက်နဲ့လေ။ မိုးရွာတော့မယ်"

ပရိုသီရိုးသည် ပြတင်းပေါက်နားသို့သွားကာ အပြင်သို့ လှမ်းကြည့်လိုက်လျက် ...

"မိုးတိတ်သွားပြီ ခင်ဗျ။ ခုအသံက သစ်ရွက်တွေပေါ်က ကျတဲ့အသံ"

အက်ဂါသာက မှန်အိမ်ထွန်းပေးသည့်အခါတွင် သူတို့နှစ်ယောက်သည် အစေခံများလိုက်ပါလျက် ပြန်သွားကြသည်။

"သမီး . . . အိပ်ချင်အိပ်တော့လေ။ အဖေကတော့ ပရိုသီရိုးပြန်လာအောင် စောင့်လိုက်ဦးမယ်"

သို့ရာတွင် အက်ဂါသာသည် စာအုပ်ရှင်းသလိုလို ဘာလိုလိုဖြင့် အခန်းထဲတွင် ယောင်လည်လည်လုပ်နေသည်။ အက်ဂါသာသည် မျက်နှာအပျက်ပျက်နှင့် လမ်းတစ်ဝက်မှ လှည့်ပြန်လာဟန်တူသော ပရိုသီရိုး ရောက်လာသည့်အခါတွင်လည်း အခန်းထဲတွင်ရှိနေသည်။

"ဆရာကြီးရေ . . . တော်တော်တော့ ထူးတယ်ခင်ဗျ။ ကျွန်တော်နဲ့ မစ္စတာရှော့တို့ ဒီဝင်းထဲကလည်းထွက်ရော ဝင်းနံဘေး ဘေးချုံတွေကြားထဲက အလုပ်ကြမ်းသမားလိုလို ဘာလိုလို လူတစ်ယောက်ထွက်လာတယ်။ ဘယ်သူများလဲလို့ ကြည့်လိုက်တော့ . . . လား လား . . . ညောင်ရမ်းကိုယ်တော်လေးရယ်ခင်ဗျ"

"ဘာ . . ."

ဟု မစ္စတာလန့်စဒင်နှင့် အက်ဂါသာတို့က ပြိုင်တူအော်လိုက်ကြသည်။

"ဟုတ်တယ်ခင်ဗျ . . .။ ညောင်ရမ်းမင်းသားနဲ့ သူ့ညီတော် ညောင်အုပ်မင်းသားရယ်။ နှစ်ယောက်စလုံး အလုပ်ကြမ်းသမားတွေလို ဝတ်ထားကြတယ်။ သူတို့မှာ အသက်အန္တရာယ်နဲ့ နီးနေပါပြီတဲ့။ ဒါကြောင့် ဗြိတိသျှတို့ထံလာပြီး ခိုလှုံခွင့်ပေးပါလို့ ပြောနေကြတယ်။ ခု မစ္စတာရှော့ရော သူတို့ညီနောင်နှစ်ပါးရော အပြင်ဘက်ဝရန်တာမှာ ရပ်ပြီး စကားပြောနေကြတယ်"

လန့်စဒင်သည် အက်ဂါသာကို ထိုနေရာတွင်နေရစ်ရန် ပြောပြီးနောက် ပရိုသီရိုးနှင့်အတူ ဝရန်တာသို့ ထွက်လာခဲ့သည်။ နာရီဝက်လောက်ကြာမှ လန့်စဒင်သည် ပရိုသီရိုးနှင့်အတူ အိမ်ထဲသို့ဝင်လာ၏။

"ဘာများ အရေးပေါ်လို့လဲ ဖေဖေ။ ဘုန်းတော်ကြီးသောဘုရား နတ်ရွာစံပြီတဲ့လား"

"နတ်ရွာတော့ မစံသေးဘူး။ ဒါပေမဲ့ ဒီနေ့ညနေမှာ ဘုန်းတော်ကြီးသော ဘုရားရဲ့ အမိန့်နဲ့ မင်းညီမင်းသားတွေအားလုံး သူ့စက်ခန်းဆောင်ကိုလာဖို့ ဆင့်ခေါ်ထားတယ်တဲ့။ ဒို့ပြင် မင်းညီမင်းသားတွေအားလုံးကတော့ သွားကုန်ကြပြီ။ ညောင်ရမ်းမင်းသားနဲ့ ညောင်အုပ်မင်းသားနှစ်ပါးတို့ပဲ ကျန်ရစ်ခဲ့တယ်။ ဘုန်းတော်ကြီးသောဘုရားက ဆင့်ခေါ်တယ်ဆိုတဲ့အမိန့်စာဟာ လိမ်ပြီးခေါ်တဲ့အမိန့်လို့ ယူဆသတဲ့။ ဟိုရောက်ရင် အားလုံးကိုဖမ်းဖို့ခေါ်တာလို့ အပျိုတော်တစ်ယောက်က ညောင်ရမ်းကိုယ်တော်လေးကို သတင်းပေးတာနဲ့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ညီနောင်နှစ်ပါး မသွားဘဲ နေရစ်ခဲ့ကြတာတဲ့။ အခု သူတို့ညီနောင်ကို ရှောက သံတဲကိုခေါ် သွားတယ်။ သံတဲဝင်းထဲကိုရောက်အောင် အစေခံလို အလုပ်ခိုင်းပြီး ခေါ်သွားရတာ။ ခုထိ တော့ ဘယ်သူမှ မရိပ်မိသေးဘူးထင်တာပဲ"

"ဒါပေမဲ့ ခုထိ ဘာသံမှ မကြားရသေးဘူး မဟုတ်လား။ ရွှေနန်းတော်ကြီးထဲရောက် နေတဲ့ အခြား မင်းညီမင်းသားတွေအကြောင်း ဘာကြားရလို့လဲ"

"မပြောတတ်သေးဘူး။ မနက်ကျမှ မစ္စတာရှော စုံစမ်းကြည့်လိမ့်မယ်။ သမီးရဲ့ သူငယ်ချင်း ဖဲင်နီကတော့ တခြားလူတွေထက် ပိုပြီးသိမှာ။ တစ်ခုခုဖြစ်ရင်တော့ ရွှေနန်းတော် ကြီးထဲမှာ ထူးခြားလောက်ပြီ"

"ဟုတ်တယ် ဖေဖေ။ မနက်ဖြန် ဖဲင်နီလာရင် သိမှာပဲ"

ဟု အက်ဂါသာက စိတ်အားထက်သန်စွာ ပြောသည်။ စိတ်ရှုပ်သည့်ဟန်ဖြင့် မစ္စတာလန်စဒင်၏နဖူးသည် တွန့်သွားသည်။ နဖူးတွန့်လိုက်သည့်အတွက် သူ့နှာခေါင်းပေါ် တွင် တင်ထားသည့် တစ်ဖက်တပ်မျက်မှန်သည် အထက်သို့ မြင့်တက်သွားပြီးနောက် အောက်သို့ လျှောကျလာသည်။

"သမီးရေ . . . သမီး ဒီမှာဆက်နေလို့တော့ မဖြစ်တော့ဘူးထင်တယ်။ သမီးကို ရန်ကုန်ကို ပို့ရမယ်ထင်တယ်"

"သမီး မသွားချင်ဘူးဖေဖေ"

"မသွားချင်လို့ ဖြစ်မလားကွယ်။ ဒီမှာနေရင် အန္တရာယ်များပါဘိသနဲ့။ ဒီမှာထားလို့ ဘယ်ဖြစ်မလဲ"

"ဒါပေမဲ့ ဖေဖေရယ်"

"ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနဲ့။ သွားဆို . . . သွား"

လန်စဒင်သည် ခါတိုင်းနှင့်မတူ။ ပြတ်ပြတ်သားသား ပြောလိုက်၏။

အက်ဂါသာသည် စိတ်ထဲက မကျေနပ်သော်လည်း နာခံသည့်ဟန်ဖြင့် အိပ်ရာသို့ ဝင်ခဲ့၏။

ဖေဖေ့လုပ်ပုံသည် အဓိပ္ပာယ်မရှိ။ မိမိသည် သာသနာပြုပုဂ္ဂိုလ်တစ်ဦး မဟုတ်ပြီ လော။ သာသနာပြုပုဂ္ဂိုလ်တို့မည်သည် အန္တရာယ်ကို ရှောင်ပြေးရိုးထုံးစံမရှိ။ ထို့ပြင် ယခု အဖြစ်အပျက်သည် သူ့ဘဝတွင် ထူးခြားသည့် အဖြစ်အပျက်ကြီးတစ်ခု မဟုတ်လော။ ပရိ သိရိုး၏မျက်လုံးများမှ အရောင်သည် ဖဲင်နီတို့ မင်္ဂလာပွဲပြီးသည့်နေ့က သူတို့နှစ်ယောက် ကျုံး အောတွင် လမ်းလျှောက်ခဲ့ကြစဉ် မြင်ရသော အရောင်မျိုးဖြစ်သည်။ သူတို့၏ အတွင်းမီးလျှံကို ငြှိမ်းညှိပေးမည့် အပြင်ပမှ လှုံ့ဆော်မှုမရှိလျှင် သူတို့နှစ်ယောက်၏ဘဝသည် ငြိုးငွေ့ဖွယ် ကောင်းနေပေလိမ့်မည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

၁၅

# ဘုန်းတော်ကြီးသောဘုရား ရောဂါသည်းတော်မူခြင်း

ရတနာပူရ အင်းဝမြို့ကို စိုးမိုးအုပ်ချုပ်ခဲ့သည့် မင်းတကာတို့တွင် အကြီးမြတ်ဆုံးနှင့် အကောင်းမြတ်ဆုံးသော မင်းတုန်းမင်းသည် ရွှေနန်းတော်ကြီးထဲတွင် သည်းထန်သော ရောဂါဝေဒနာကို ခံစားနေရသည်။ ဘုန်းတော်ကြီးသောဘုရားသည် မှန်နန်းဆောင်အတွင်း ဆောင်တော်ထဲရှိ သလွန်ထက်တွင် လဲလျောင်းလျက်ရှိကာ မိဖုရား ကြီး၊ လတ်၊ ငယ် တို့ သည်လည်း သလွန်အနီးတွင် ဝိုင်း၍ ခစားလျက်ရှိကြ၏။ ယင်းတို့အနက် အသက်အကြီးဆုံး ဖြစ်သောမိဖုရားက ပဋ္ဌာန်းစသည့် ကျမ်းစာတို့ကို ရွတ်ဖတ်ပေးလျက်ရှိသည်။

အပြင်ဆောင်တွင်မူ မိဖုရားငယ်များသည် စိတ်နှလုံး ညှိုးချုံးပူပန်စွာဖြင့် ခစားနေကြ၏။ ဘဝရှင်သခင်မင်းတရားကြီး နာမကျန်းခြင်းကြောင့်မျှသာမက ဘဝရှင်မင်းတရားကြီး မရှိတော့သည်နှင့် မိမိတို့အပေါ်တွင် ကျရောက်မည့် ဘေးအန္တရာယ်အပေါင်းတို့ကြောင့် လည်း ယင်းသို့ စိတ်နှလုံး ညှိုးချုံးပူပန်နေကြခြင်းဖြစ်သည်။

ဘုန်းတော်ကြီးသော ဘုရားသည် ယခင်က စက်တော်ခေါ်လျှင် စာတော်ဖတ် အမျိုးသမီးတို့ကိုခေါ်၍ တစ်ညလုံး ကျမ်းစာတို့ကို ဖတ်စေ၏။ အိပ်ပျော်သည်ဖြစ်စေ၊ နိုးနေသည်ဖြစ်စေ၊ ထိုသို့ သက်ရွယ်ကြီးသူ စာတော်ဖတ်တို့ကိုခေါ်၍ ရွတ်ဖတ်စေခြင်းမှာ တရားဓမ္မတို့ကို နှလုံးသွင်းနိုင်စေရန်နှင့် တိတ်ဆိတ်သော ရွှေနန်းတော်ထဲတွင် ကမ္မဋ္ဌာန်းဘာဝနာ တို့ကို ကောင်းစွာပွားများနိုင်ရန်ဖြစ်၏။ နန်းမတော်ကြီးဖုရား နတ်ရွာလားပြီးသည့် နောက်မှ



www.burmeseclassic.com

www.burmeseclassic.com


စ၍ ဘုန်းတော်ကြီးသော ဘုရားသည် လောကီအာရုံကာမဂုဏ်တို့ကို စိတ်ဝင်စားခြင်း မရှိတော့ပြီ။ ဆန်းတော့ဆန်းသည်။ မင်းတုန်းမင်းကြီးနှင့် နန်းမတော်ကြီးဖုရားတို့၏ ဆက်ဆံရေးသည် နောက်ပိုင်းတွင် တဏှာရာဂမထင် ကြည်လင်သောဆက်ဆံရေးမျိုး ဖြစ်ခဲ့၏။

ထိုအချိန်မှစ၍ မင်းတုန်းမင်းကြီး၌ မိန်းမငယ်များနှင့် မြူးထူးလိုသောဆန္ဒတို့သည်လည်း ပျောက်ကွယ်ကုန်ခန်းသွားခဲ့လေပြီ။ ထို့နောက်ပိုင်းမှစ၍ ဘုန်းတော်ကြီးသော ဘုရား၏စိတ်သည် လောကုတ္တရာဘက်သို့ တိမ်းညွတ်ခဲ့ကာ လောကီအာရုံကာမဂုဏ်တို့သည် ငယ်ရွယ်မိုက်မှားစဉ် ဣန္ဒြာရုံက မနောအာရုံ လိမ်လည်လှည့်ဖြားရာတွင် အသုံးပြုခဲ့သည့် လက်နက်တန်ဆာတို့သာ တကားဟု ဘာသာတရားကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင်တစ်ဦး ပီပီ သဘောပေါက်ခဲ့လေသည်။

ဘုန်းတော်ကြီးသောဘုရားသည် အတွင်းဆောင်ထဲရှိ သလွန်တော်ပေါ်တွင် လဲလျောင်းနေရာမှ တရုတ်ကတ်ပြတင်းပေါက်ကြားမှ ထိုးကျနေသော နေရောင်ခြည် အစင်းအစင်းများကို ငေးကြည့်နေသည်။ ဆုတောင်းခြင်းလည်း မပြုလို။ ဆုတောင်းခြင်းသည် ဘာကိုမျှ ပြီးမြောက်စေခြင်းငှာ မတတ်နိုင်သော လူပြိန်းတို့၏အလုပ်သာဖြစ်သည်ဟု ဘုန်းတော်ကြီးသောဘုရား ယုံကြည်ရင်းစွဲရှိသည်။

သမ္မာသမ္ဗောဓိအဖြစ်ကို ရတော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရားသည် ဒုက္ခအပေါင်းတို့ ငြိမ်းရာချုပ်ရာဖြစ်သော နိဗ္ဗာန်မင်္ဂဖိုသို့ ဆိုက်တော်မူခဲ့၏။ သို့တိုင်အောင် လူသတ္တဝါဟူသည် ဘေးဒုက္ခကြုံလာသည့်အခါတွင် မိမိထက် တန်ခိုးစွမ်းပကားကြီးသောအရာကို တောင့်တရှာဖွေမြဲဖြစ်သည့်အတိုင်း မိမိတတ်နိုင်စွမ်းမရှိသော အရာတို့သာ စိတ်ရောက်လျက်ရှိရာ အကယ်၍သာ နှုတ်မှ အသံထွက်ရွတ်ခဲ့လျှင် ထိုအသံများသည် ရွှေနန်းတော်ကြီး စကြံတစ်လျှောက်တွင် ပဲ့တင်သံမြည်ဟည်းလျက်ရှိမည်ဟု ထင်ရ၏။

မင်းတုန်းမင်းကြီးသည် မိမိအတွက် စိတ်သောကရောက်ခြင်းမဟုတ်ဘဲ သားငယ်သမီးငယ်များအတွက် စိတ်သောကရောက်နေခြင်းသာ ဖြစ်သည်။ မြန်မာတို့တွင် ထီးမွေနန်းမွေကို ဆက်ခံရေးနှင့်ပတ်သက်၍ သတ်မှတ်ထားသော ထုံးတမ်းမရှိ။ အရိုက်အရာခံမည့်သူကို ဘုရင်လုပ်သူကိုယ်တိုင်က ရွေးချယ်လိုက်လျှင် ကိစ္စပြီးလေပြီ။ ဘုန်းတော်ကြီးသောဘုရားသည် သလွန်ပေါ်တွင် လဲလျောင်းလျက်ရှိ၏။

လေးလံသော မျက်ခွံများသည် ခပ်စွေစွေရှိသော သူ့မျက်လုံးများပေါ်သို့ တစ်ဝက်ခန့်ကာ တွဲကျလျက်။ သေးသွယ်၍ ဝါထိန်ဖျော့တော့သော သူ့လက်ချောင်းများက သူ့ထိတွေ့နေကျ နူးညံ့သော ပိုးခေါင်းအုံးစွပ်ပေါ်တွင် ကွေးကျလျက်။ အပြင်မှ စွေစောင်းသော နေခြည်များသည်သူ့ခါတိုင်းနေရာများတွင် ထိုးကျမြဲ ထိုးကျနေသည်ကို သိနေလျက်။ သို့ရာတွင် ဘုန်းတော်ကြီးသောဘုရား၏ မနောအာရုံမှာကား ရုပ်ဓာတ်တို့ဖြင့် ဖွဲ့စည်းထားသော အနှောင်အဖွဲ့မှ လွတ်မြောက်ကာ ရှေ့သို့ အတင်းတိုးလျက်။ ကျွတ်တမ်းမဝင်သေးသော ဘထွေး၍ဖခင်တစ်ယောက်ပီပီ မိမိ၏သားသမီးများ နောင်ရေးဆီသို့ ရောက်နေ၏။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com



တိုင်းပြည်တွင် နန်းလုသူတို့ ဆူပူသောင်းကျန်းကြမည့်ဘေးမှ ကာကွယ်ရန်အတွက် အင်းဝရွှေနန်းတွင် အရိုက်အရာကို ဆက်ခံမည့်သူမှအပ ကျန်မင်းညီမင်းသားများအား ကွပ်မျက်ပစ်သည့်ဓလေ့ကို ကျင့်သုံးလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။ ဘုန်းတော်ကြီးသောဘုရားသည် ထိုထုံးအစဉ်ကို ဖောက်ဖျက်ကာ ကျန် မင်းညီမင်းသားတို့ကို သက်ညှာခွင့်ပေးရာတွင် ပထမဆုံးသောမင်းဖြစ်၏။ ဘုန်းတော်ကြီးသောဘုရားသည် ရက်စက်ကြမ်းကြုတ်သော နောင်တော်ပုဂံမင်းကိုပင် အသက်ချမ်းသာခွင့်ပေးကာ နောင်တော်အား ရွှေနန်းတော်ဝင်းတစ်နေရာတွင် ကချေသည်များ၊ တိုက်ကြက်များဖြင့် စိတ်တိုင်းကျ နေခွင့်ပေးတော်မူခဲ့သည်။

ဘုန်းတော်ကြီးသော ဘုရားသည် ယိမ်းလှုပ်နေသယောင် ထင်ရသော မြစ်တစ်စင်းလို ဝေ့ယမ်းလှုပ်ခါနေသည်ဟုထင်ရသော နေခြည်တန်းဆီမှ ပင်ပန်းနွမ်းနယ်စွာဖြင့် မျက်လုံးကိုလွှဲလိုက်သည်။ မိမိ၏ မိတ်ဆွေတစ်ဦးဖြစ်သော အင်္ဂလိပ်စစ်ဗိုလ် ကာနယ်စလေဒင်ပြောခဲ့သည့်အတိုင်း အိမ်ရှေ့မင်းတစ်ပါးကို စောစီးစွာခန့်အပ်ခဲ့မိလျှင် ကောင်းလေစွဟု တောင့်တမိ၏။

ဘုန်းတော်ကြီးသော ဘဝရှင် မင်းတုန်းမင်းသည် နေ့ရွှေ့ညဆိုင်းလုပ်တတ်သော အရှေ့တိုင်းသားတို့ ထုံးစံအတိုင်း စလေဒင်ပေးသောအကြံကို အကောင်အထည်ဖော်ရန် နှောင့်နှေးခဲ့သည်။ ထီးနန်းအပ်နှင်းမည့် အိမ်ရှေ့ဥပရာဇာတစ်ပါးကို ရွေးချယ်ခြင်းသည် ထိုမင်းသား၏သေမိန့်ကို လက်မှတ်ထိုးသည့်နှယ်ရှိကြောင်း၊ ထိုသို့လုပ်ခြင်းဖြင့် အခြားသောသားတော်များ ဆူပူကြမည်ဖြစ်ကြောင်းဖြင့် အကြောင်းပြကာ ဘာမျှမလုပ်ဘဲနေခဲ့သည်။

အရှေ့တိုင်းသား အနောက်တိုင်းသားမဟူ လူအားလုံး၏ထုံးစံ၊ သေခြင်းတရားဆိုသောအရာသည် မိမိထံသို့ ဘယ်ခါမှရောက်နိုင်သောအရာမဟုတ်ဟု အောက်မေ့မိခဲ့သည်။ ယခုမူ ထိုအရာသည် မိမိအပါးသို့ ရောက်လာခဲ့လေပြီ။ မိမိအလှည့်သို့ ရောက်လေပြီဆိုသည့်အချက်ကို ဘုန်းတော်ကြီးသောဘုရား ပြက်ပြက်ထင်ထင် သိမြင်ခဲ့လေပြီ။ မှောင်ရီသော မှန်နန်းဆောင်၏အလယ်ဗဟိုတွင် သေခြင်းတရားသည် မိမိအနီးသို့ တဖြည်းဖြည်းလာနေပြီကို ကိုယ်တော်သိလေပြီ။

ဘုန်းတော်ကြီးသောဘုရားသည် မြန်မာလူမျိုးတို့၏ တည်ငြိမ်မှု၊ ဗုဒ္ဓဘာသာဝင်တို့၏ တည်ငြိမ်မှုမျိုးဖြင့် သေခြင်းတရားကို ငံ့လင့်၏။ သူ့ကို တရိရိညှည်းဆဲနေသောအရာမှာ အခြားမဟုတ်။ သေခြင်းတရားသည် မိမိသားတော်များအနီးသို့လည်း ရောက်နေပြီဆိုသည့်အချက်ဖြစ်သည်။ ပင်ပန်းနွမ်းနယ်စိတ်ဖြင့် ဘုန်းတော်ကြီးသော ဘုရားသည် သားတော်များ၏အမည်များကို အမှတ်ရမိသလောက် စာရင်းထိုးကြည့်၏။

သားတော်ကြီးဖြစ်သော သုံးဆယ်မင်းသား။ အချစ်ဆုံးဖြစ်၍ ဘာသာတရားကို ကိုင်းရှိုင်းကာ ကျမ်းဂန်စာပေတို့ကို ကျွမ်းကျင်သော ညောင်ရမ်းမင်းသား။ ပထမပြန်စာမေးပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ထူးချွန်စွာအောင်မြင်သော သီပေါမင်းသား စသည်တို့ကို သတိရသည်။ သို့ရာတွင် သီပေါမင်းသားမှာ မင်းဖြစ်နိုင်မည့်လက္ခဏာမရှိ။ သီပေါမင်းသားသည် နုံလွန်း၊ နလွန်းသည်ဟုဆိုရမလောက် စိတ်ဓာတ်ပျော့ညံ့သူဖြစ်သည်။ ထို့ပြင် မင်းသားငယ်များဖြစ်သော သာဂရမင်းသားနှင့် မိုင်းတုံမင်းသားတို့လည်း ရှိသေးသည်။

ဘုန်းတော်ကြီးသော ဘုရားသည် သက်တမ်းတစ်လျှောက်တွင် မိမိအိမ်တွင်းရေးနှင့် တိုင်းရေးပြည်ရေးကိစ္စများကို တစ်ဦးတည်းသဘောဖြင့်သာ စီမံခန့်ခွဲခဲ့သည်။ ယခုမူ မိမိကိုယ်တိုင် မိဖုရားများလက်တွင် ရောက်နေပြီကို သိခဲ့လေပြီ။ မိမိသည် မည်သည့်အခါမျှ ဒေါသတကြီး ဆူပူကြိမ်းမောင်းခြင်း မပြုခဲ့စဖူး။ မိမိက အောင်ကြီးဟစ်ကျယ် ဆူပူကြိမ်းမောင်းခြင်းပြုလျှင်လည်း ထိုအသံများကို မိဖုရားများက ဖုံးအုပ်ပစ်ကြလိမ့်မည်။ ဘုန်းတော်ကြီးသောဘုရားသည် သတိကင်းလွတ်၍ပြောသည်ဟု ပြောစမှတ်ဆိုစမှတ် ပြုကြတော့မည်။ ပရိယာယ်ကို ပရိယာယ်ဖြင့်သာ အောင်နိုင်အောင် လုပ်ရတော့မည်။ ထိုနည်းဖြင့်သာ သားတော်များ၏အသက်ကို ကယ်ဆယ်ရတော့မည်။

ညောင်ရမ်းမင်းသားသည် နေ့တိုင်း ခမည်းတော်ထံ အခစားဝင်ကာ သလွန်အောက်တွင်ထိုင်ရင်း တရားစာများကို ဖတ်ပြတတ်သည်။ ဘုန်းတော်ကြီးသောဘုရားသည် ညောင်ရမ်းမင်းသားကို တွေ့ချင်မြင်ချင်သည်။ မိမိကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ညောင်ရမ်းမင်းသားသည်သာ ထီးနန်းအရိုက်အရာနှင့် အထိုက်တန်ဆုံးဖြစ်ကြောင်း ဘုန်းတော်ကြီးသော ဘုရားသိသည်။ ညောင်ရမ်းမင်းသား၏သတင်းသည် နေရာတကာတွင် မွှေးသည်။

ဗုဒ္ဓဘာသာအမြင်ဖြင့်ကြည့်ကြည့်၊ ခရစ်ယာန်အမြင်ဖြင့်ကြည့်ကြည့်၊ ညောင်ရမ်းမင်းသားသည် သတ္တဝါဝေနေယျကို သနားကြင်နာကာ မုဒိတာနှင့် ပြည့်စုံသူဖြစ်သည်။ ထိုအရည်အချင်းမျိုးသည် အခြားသူများတွင်မရှိ။ လောကုတ္တရာနှင့် ပတ်သက်၍လည်း နိဗ္ဗာန်ဓာတ်ဖိုလ်၏အဓိပ္ပာယ်ကို ခမည်းတော်ထက်သာအောင် သရုပ်ခွဲပြနိုင်သော ပဋိဘာန်ဉာဏ်နှင့် ပြည့်စုံသူလည်းဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်တရားကို ထင်လင်းစွာ ဟောနိုင်ပြောနိုင်သူလည်း ဖြစ်သည်။

ညောင်ရမ်းမင်းသားသည် နေ့တိုင်း ခမည်းတော်ကြီးအပါးတွင် ခစားကာ ပဋိစ္စသမုပ္ပါဒ်တရား၊ ကုသိုလ်အကုသိုလ်တရား၊ ကံ၏အကျိုးတရား စသည်တို့ကို လာရောက်ဆွေးနွေးလေ့ရှိရာ ခမည်းတော်ကြီးကိုယ်တိုင် သံသရာမှလွတ်မြောက်သည့်နယ် နာကျင်ကိုက်ခဲသော ဝေဒနာတို့ကို မေ့ပျောက်ကာ ပီတိကို ခံစားရသည်။

ဗုဒ္ဓဘာသာဝင်တို့သည် အလှူရေစက်ကို လက်နှင့်မကွာ ပြုလုပ်ကာ သံသရာမှလွတ်မြောက်ကြောင်းကို ရှာဖွေလေ့ရှိရာ ညောင်ရမ်းမင်းသားသည်လည်း အလှူရေစက်လက်နှင့်မကွာသူ ဖြစ်သည်။ ဘုန်းတော်ကြီးသောဘုရား၏ စိတ်အစဉ်သည် ညောင်ရမ်းမင်းသားဆီသို့ ရောက်နေသည်။ ဘုန်းတော်ကြီးသော ဘုရားသည် နှစ်ရက်သုံးရက်မျှ သတိမေ့မြောနေတော်မူသည်။

---



www.burmeseclassic.com

www.burmeseclassic.com



သတိပြန်ရလာသည့်အခါတွင် ညောင်ရမ်းမင်းသားကို မိမိမမြင်ရသည်မှာ ရက်အတန်ကြာမျှရှိနေပြီကို သဘောပေါက်လာသည်။ လွန်ခဲ့သည့်ရက်များက ညောင်ရမ်းမင်းသားကိုမေးတိုင်း ဆင်ဖြူမရှင်သည် ဘုန်းတော်ကြီးသော ဘုရားအား ကြည့်ကောင်းအောင် လျှောက်တင်ခဲ့၏။ ရွှေနန်းတော်ကြီးသို့ အခစားမဝင်ခြင်းသည် ထူးခြားသောအကြောင်းတစ်စုံတစ်ရာ ရှိရမည်ဟု တွေးမိသဖြင့် ဘုန်းတော်ကြီးသော ဘုရားသည် သားတော်များအတွက် စိုးရိမ်စပြုလာသည်။

ဘုန်းတော်ကြီးသောဘုရားသည် မိမိအနီးတွင် တရားစာများကို ရွတ်ဖတ်လျက်ရှိသော ဆင်ဖြူမရှင်ဘက်သို့ စောင်းငဲ့ကာ တစ်စုံတစ်ရာကို ပြောမည်အပြုတွင် အပြင်ဘက်စကြံမှ လှုပ်လှုပ်ရွရွအသံများသည် တိတ်ဆိတ်နေသော စက်ခန်းဆောင်ထဲသို့ ရောက်လာကြ၏။ ဘုန်းတော်ကြီးသောဘုရားသည် သတိလွင့်ပြယ်စပြုရာမှ အာရုံကိုပြန်၍ စုစည်းကာ အသံဗလံများကို နားစွင့်ကြည့်သည်။

မှန်နန်းဆောင်ကြီးထဲတွင် သည်မျှ လှုပ်လှုပ်ရှားရှား၊ ဆူဆူညံညံဖြစ်အောင် လုပ်ရဲကြသည်ဆိုလျှင် အကြောင်းထူးတစ်ခုတော့ ရှိရလိမ့်မည်။ မိန်းမများ၏ စူးစူးရှရှအော်ဟစ်သံ၊ ငိုယိုသံ၊ မြည်တမ်းသံတို့သည် အပြင်တွင် ဆူညံလျက်ရှိ၏။ ခဏကြာလျှင် မိဖုရားများသည် ဦးဆံဖားလျားဖြင့် စက်ခန်းဆောင်ထဲသို့ ပြေးဝင်လာသည်ကို မြင်ရသည်။ မှောင်ရီ၍ ကျဉ်းမြောင်းသည့် စက်ခန်းဆောင်ထဲတွင် သူတို့တစ်သိုက်သည် ရောမလူအုပ်ကြီးနှင့် တူနေသည်။

ပါးရေတို့ ရှုံ့တွနေပြီဖြစ်သည့် မိန်းမစိုးဦးခကြီးသည် မိဖုရားများအား စက်ခန်းဆောင်အပြင်သို့ထွက်ရန် ပြော၍မရသည့်အဆုံးတွင် လက်လျှော့လိုက်ကာ ခပ်လှမ်းလှမ်းတွင် ရပ်နေသည်။ မိဖုရားများအားလုံးမှာ အသက်ခပ်ကြီးကြီး မိဖုရားများဖြစ်ကြ၏။ မိဖုရားများသည် ငိုကြွေးကာ သလွန်အနီးတွင် ဒူးတုပ်ခစားကြပြီးနောက် ဘဝရှင် မင်းတရားကြီးအား အသက်ကိုချမ်းသာပေးရန် လျှောက်ထားကြသည်။

ဘုန်းတော်ကြီးသောဘုရားသည် သူကိုယ်တော်တိုင် ရောဂါဝေဒနာကို မချိတင်ကဲ ခံစားနေရသည့်ကြားထဲမှ မိဖုရားများအား နှစ်သိမ့်ဖျောင်းဖျခြင်း ပြုတော်မူသည်။ နောက်ဆုံးတွင် ဘုန်းတော်ကြီးသောဘုရားသည် အဆောင်ရ မိဖုရားကြီးတစ်ပါးဖြစ်သော သုံးဆယ်မင်းသား၏မယ်တော်အား မိဖုရားများကိုယ်စား လျှောက်တင်ခွင့်ပြုတော်မူသည်။ သုံးဆယ်မင်းသားမယ်တော်သည် ငိုရှိုက်လျက်ရှိရာမှ ဖြစ်ကြောင်းကုန်စင်ကို သံတော်ဦးတင်လျက်ရှိစဉ် အခြားသော မိဖုရားများသည် ခေါင်းငုံ့ကာ တိတ်တဆိတ် ငိုကြွေးလျက်ရှိကြသည်။ သုံးဆယ်မင်းသားမယ်တော်၏ လျှောက်တင်ချက်အရလည်းကောင်း၊ အခြားသောမိဖုရားများ၊ အပျိုတော်များ၏ အလန့်တကြား အော်သံများကြောင့်လည်းကောင်း အဖြစ်သနစ်အလုံးစုံကို ဘုန်းတော်ကြီးသောဘုရား သိတော်မူလိုက်လေပြီ။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းသားများအားလုံးကို ရွှေနန်းတော်ကြီးသို့ ဆင့်ခေါ်လိုက်ကြောင်း၊ မင်းသားအားလုံးအား ခမည်းတော်၏စက်ခန်းသို့ လာရောက်ရမည်ဟု ခမည်းတော်က အခေါ်တော်ရှိကြောင်းဖြင့် တစ်စုံတစ်ယောက် (ထိုတစ်စုံတစ်ယောက်မှာ ဆင်ဖြူမရှင်ပင် ဖြစ်ရမည်ဖြစ်ကြောင်းဖြင့် လျှောက်တင်သွားသည်။) က အမိန့်ထုတ်ခဲ့ကြောင်း၊ သို့ရာတွင် မှန်နန်းဆောင်အနီးသို့ မရောက်မီပင်တွင် မင်းညီမင်းသားများအားလုံးကို ဖမ်းဆီးကာ ထောင်သွင်းအကျဉ်းချထားကြောင်းဖြင့် သိရသည်။

ဘုန်းတော်ကြီးသော ဘုရားသည် ခေါင်းထောင်၍ ထလိုက်ကာ . . .

"သားတော် ညောင်ရမ်းမင်းသားကော . . ."

"ညောင်ရမ်းမင်းသားကတော့ ရောက်မလာပါဘူး ဘုရား။ ညောင်ရမ်းမင်းသားကအနပ်သူဖြစ်လေတော့ ခုလိုဆင့်ခေါ်တာဟာ ဥပါယ်တံမျဉ်နဲ့ ဆင့်ခေါ်ကြောင်းရိပ်မိလို့ ရှောင်တိမ်းပြီး အင်္ဂလိပ်တွေဆီမှာ သွားပြီး ခိုလှုံနေပါတယ်။ ကျွန်တော်မတို့ သားတော်များကတော့ အကျဉ်းတိုက်ထဲမှာ ရောက်နေကြပါပြီ"

ဘုန်းတော်ကြီးသောဘုရားသည် ပိုးခေါင်းအုံးစွပ်ကို ဆုပ်ချေရင်း သားတော်များအခစားဝင်မည့်အချိန်ကို စောင့်လျက်ရှိ၏။ နာရီတစ်မောင်းခန့် ကြာသည့်အခါတွင်မှ စက်န်းဆောင်အပြင်ဘက်စကြံတွင် သားတော်မင်းညီမင်းသားများ စုရုံးရောက်ရှိနေကြလေပြီ။ အခြားသောမင်းသားများထက် အရည်အချင်းပြည့်စုံသည့် မက္ခရာမင်းသားကို သူတို့ကိုယ်စားလျှောက်တင်ရန် မင်းညီမင်းသားများအားလုံးက ခမည်းတော်ကြီး၏ စက်ခန်းဆောင်ထဲသို့ လွှတ်လိုက်ကြသည်။

ဘုန်းတော်ကြီးသောဘုရားသည် ရှိသမျှခွန်အားကို စုစည်းကာ ညင်သာတိုးတိတ်သောအသံဖြင့် မိန့်ဆိုခြင်းပြု၏။ သားတော်များကို စောင့်ဆိုင်း နေချိန်အတွင်း၌ကား ဘုန်းတော်ကြီးသောဘုရားသည် ပရိယာယ်ကြွယ်သူပီပီ ရွှေနန်းတော်ကြီးထဲမှ လုပ်ကြံရေးသမားများ၏အကြံအစည်ကို ချေဖျက်ရန် စီမံကိန်းချခဲ့ပြီးလေပြီ။ ထိုစီမံကိန်းသည် အောင်မြင်မည်ဟုလည်း ဘုန်းတော်ကြီးသောဘုရား မျှော်လင့်၏။ မိမိသည် သားတော်များအားလုံး၏ အသက်ကို ကာယ်ဆယ်ရမည်သာ ဖြစ်၏။

အထူးသဖြင့် ဆွေမျိုးအသိုက်အအုံတောင့်သဖြင့် မိမိနတ်ရွာလားပြီးနောက်တွင် အသက်အန္တရာယ်ကြုံတွေ့နိုင်သော သားတော်သုံးပါးအတွက် ပို၍ စိုးရိမ်မကင်းဖြစ်တော်မူသည်။ သုံးဆယ်မင်းသား၊ ညောင်ရမ်းမင်းသားနှင့် မက္ခရာမင်းသားတို့ကို ရင်ခွင်ပိုက်မင်းသားများအဖြစ် အပ်နှံသည်။ ထို့နောက် ယင်းတို့အား မြို့ဝန်များအဖြစ် ခန့်အပ်မည်။ သို့ခန့်အပ်လျှင် မြစ်ထဲတွင်အသင့်ရှိနေသည့် မိမိ၏ မီးသင်္ဘောနှစ်စင်းဖြင့် ထွက်ပြေးတိမ်းရှောင်နိုင်သော အချိန်ရနိုင်မည်။ ထိုအတွင်း မက္ခရာမင်းသားက အင်္ဂလိပ်သံ မစ္စတာရှောသို့ လူလွှတ်ကာ အစီအစဉ်တို့ကို ညောင်ရမ်းမင်းသားအား အကြောင်းကြားစေမည်။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စက်ခန်းဆောင်ထဲတွင်ရှိသည့် မှောင်ရီရီအလင်းရောင်သည် တဖြည်းဖြည်း မှေးမှိန်စပြုလေပြီ။ မကွေ့ရာမင်းသားသည် သလွန်တော်ဘေးတွင် ဒူးထောက်ထိုင်ကာ ခမည်းတော်၏လက်ကို နဖူးဖြင့်ထိလျက် မိမိသည် ခမည်းတော်၏အလိုအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုသည်။ သတ္တိဗျတ္တိကောင်းသည့်တိုင် မကွေ့ရာမင်းသားသည်လည်း ရွှေနန်းတော်ကြီးထဲတွင် ဆက်လက်နေထိုင်ရခြင်းသည် အသက်အန္တရာယ်နှင့် နီးလှကြောင်းကို ကောင်းစွာ သဘောပေါက်ခဲ့လေပြီ။ ဘုန်းတော်ကြီးသောဘုရားသည် ညွှန်ကြားစရာရှိသည်တို့ကို ညွှန်ကြားမိန့်တော်မူပြီးနောက် လက်ကို သားတော်မကွေ့ရာမင်းသား ခေါင်းပေါ်သို့ အတန်ကြာ တင်ထားသည်။

မကွေ့ရာမင်းသားသည် မျက်လုံးတွင် မျက်ရည်တို့ဖုံးလျက်ရှိရာ ရင်နင့်နင့်ဖြင့် ခမည်းတော်၏ ဖုံးထားသည့်စောင်ကိုလှပ်ကာ ခမည်းတော်၏ခြေအစုံကို ဦးခိုက်၍ ဆံပင်ဖြင့် ပွတ်သပ်သည်။ ကတ္တီပါဖုံးပေါ်တွင် တင်ထားသည့် ခမည်းတော်၏ခြေအစုံသည် ရောင်အန်းဖောသွပ်ကာ ဝါထိန်နေသည်ကို မှုန်ရီရီအလင်းရောင်ထဲတွင် မြင်ရသည်။ ခမည်းတော်ကြီး၏ ခြေထောက်များသည် အေးစိမ့်သွားကာ တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းခနဲ ထလာ၏။

မကွေ့ရာမင်းသားသည် ဝါထိန်၍ အားကိုးရာမဲ့ဖြစ်နေသော ခြေအစုံကို စောင်ဖြင့် ပြန်ဖုံးပေးကာ ခန်းဆောင်ထဲမှ ထွက်လာခဲ့သည်။ ထိုည၌ ဘုန်းတော်ကြီးသောဘုရားသည် ဝေဒနာသည်းသဖြင့် သတိလစ်ကာ ကယောင်ကတမ်း ဖြစ်နေလေပြီ။ ဗဟိုစည်စင်ကြီးမှ နာရီမောင်းများက အချိန်မှန်အတိုင်း ရိုက်ခတ်မြည်ဟည်းလျက်ရှိစဉ် ခမည်း တော်ကြီးသည် ကယောင်ကတမ်း မြည်တမ်းလျက်ရှိ၏။

"ငါ့သားတော်တွေ . . . ခုအချိန်ဆို မြစ်ထဲရောက်လောက်ပြီ။ သူတို့ခေါင်းမှာ ပေါင်းထုပ်ဖြူကြီးတွေနဲ့။ ငါ့သားတော်တွေ ဘေးကင်းပြီ၊ ဘေးကင်းကြပြီ"

သို့ရာတွင် ထိုညက ရွှေနန်းတော်ကြီးအတွက်၌ မကွေ့ရာမင်းသားနှင့်တကွ မင်းညီမင်းသားအားလုံးသည် ဆင်ဖြူမရှင်၏အမိန့်အရ အဖမ်းခံကြရပြီး ခြေလက်တို့ တုပ်နှောင်လျက်ဖြင့် အကျဉ်းတိုက်သို့ ရောက်နေကြလေပြီ။ တစ်ချိန်တည်းမှာပင် မင်းညီမင်းသားများ၏မယ်တော်များ၊ ကြင်ယာတော်များသားသမီးများနှင့် သက်ဆိုင်သူအားလုံးတို့ကိုလည်း မိမိတို့ ခန်းမဆောင်များထဲတွင် အကျယ်ချုပ် ချုပ်ထားခံရပြီးလျှင် မိမိတို့၏ဒုက္ခကို ဘုန်းတော်ကြီးသောဘုရားအား သွားရောက်လျှောက်ထားခြင်း မပြုနိုင်ရန်အတွက်စစ်သားအစောင့်များက စောင့်ကြပ်လျက်ရှိပေသတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

၁၆

# နတ်ရွာစံတော်မူပြီ

နောက်တစ်နေ့မနက်၌ ဘုန်းတော်ကြီးသော ဘုရားစံမြန်းရာ စက်ခန်းဆောင်ဝမှ ခြံသံများကြားရပြီးနောက် စက်ခန်းဆောင်ထဲသို့ ဆင်ဖြူမရှင်သည် ခပ်သုတ်သုတ်ဝင်လာခဲ့သည်။ အသက်အရွယ် အနည်းငယ်ထောက်လာပြီဖြစ်သည့်တိုင် ဖျတ်လတ်သွက်လက်ဆဲဖြစ်နေသော ဆင်ဖြူမရှင်သည် သလွန်တော်အနီး ကြမ်းပြင်တွင် ထိုင်ချလိုက်ကာ အနီးတွင် တရားစာရွတ်ဖတ်နေသည့် မိဖုရားငယ်တစ်ဦးကို လက်ပြ၍ မောင်းထုတ်လိုက်သည်။

ဆင်ဖြူမရှင်သည် သတ္တိကောင်းသည့် မိန်းမတစ်ဦးဖြစ်သည့်အလျောက် မည်သူ့ကိုမျှ ကြောက်ရွံ့ခြင်းမရှိ။ မာန်ဗီလျက်ရှိသော ကေသရာဇာခြသေ့ကဲ့သို့ ဘုန်းတော်ကြီးသောဘုရား အမျက်ဒေါသ ထွက်နေစဉ်မှာပင် ကြောက်ရွံ့ထိတ်လန့်ခြင်းမဖြစ်။ ထို့ကြောင့် ဆင်ဖြူမရှင်သည် ဘုန်းတော်ကြီးသော ဘုရားအနီးမှ ရှောင်ခွာနေခြင်းမပြုဘဲ ရှေ့တော်မှောက်သို့ တိုက်ရိုက်ဝင်သွားကာ အဖမ်းအဆီးကိစ္စများနှင့် မိမိဘာမျှမသိရပါကြောင်း ဝန်ကြီးတစ်ပါးပါး၏ လက်ချက်ဖြစ်ကြောင်း၊ ထိုဝန်ကြီးကို အရေးယူပြီးဖြစ်ကြောင်း ကိုယ်ကဦးအောင် လျှောက်တင်သည်။

ဆင်ဖြူမရှင်သည် လက်တွင်ကိုင်လာသည့် ပုရပိုက်ကိုဖြန့်ကာ ဘုန်းတော်ကြီးသော ဘုရားဆီသို့ ဆက်သည်။ စကားတစ်လုံးမျှ ပြောဆိုခြင်းမပြု။ ဘုန်းတော်ကြီးသောဘုရားသည်လည်း ဦးခေါင်းကို အားယူ၍လှည့်ကာ ပုရပိုက်ကို ဖြန့်ကြည့်သည်။ တစ်ခွန်းမျှမိန့်တော်မူခြင်းမရှိ။ ခန်းဆောင်ထဲရှိ မှောင်ရီသော အလင်းရောင်ထဲတွင် တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com


မှုန်ပျစပြုသော မျက်လုံးများဖြင့် ဆင်ဖြူမရှင်၏ ပါးရေတွန့်စပြုသော ဝါဝင်းသည့် မျက်နှာနှင့် တကွ တောက်ပမာကျောသော မျက်လုံးများကို ခပ်ရေးရေးမြင်ရသည်။ ရက်စက်ကြမ်းကြုတ်၍ မိမိ၏ရည်ရွယ်ချက် အောင်မြင်မည်ဆိုလျှင် ဘာမဆိုလုပ်ရန် အသင့်ရှိနေသော သဘောကို သူ့တစ်ကိုယ်လုံးရှိ အာရုံများဖြင့် ခံစားသိမြင်လိုက်ရသည်။

ဘုန်းတော်ကြီးသောဘုရားသည် သစ်ရွက်ခြောက်များကဲ့သို့ မိမိလက်ထဲရှိ ပုရပိုက်များကို သေးကွေးကျုံ့လှီနေသော လက်များဖြင့် ဖြည်းညင်းစွာဖြန့်၏။ ပုရပိုက်ပေါ်တွင် မူကား သုံးဆယ်မင်းသား၊ မက္ခရာမင်းသား၊ ညောင်ရမ်းမင်းသား၊ သီပေါမင်းသား စသည့် အမည်များကိုလည်း တွေ့ရ၏။ ဆင်ဖြူမရှင်သည် ရှေ့အနည်းငယ်ကိုင်းညွှတ်ကာ ကလေး တစ်ယောက်ကိုပြောသည့် ချိုသာတိုးတိတ်သောအသံဖြင့် . . .

"သီပေါမင်းသားလေးရဲ့အမည်အောက်မှာ ခြစ်ထားတဲ့ အမှတ်နှစ်ခုကတော့ တိုင်တားနဲ့ ကင်းဝန်တို့ရေးခြစ်ထားတဲ့ အမှတ်တွေပါဘုရား။ သီပေါကိုယ်တော်လေးကို အိမ်ရှေ့အရာအပ်နှင်းဖို့အတွက် ဘုန်းတော်ကြီးသောဘုရားကိုယ်တိုင် အသိအမှတ်ပြုအမှတ်အသား ရေးခြစ်ဖို့ပဲ ကျန်တော့တယ်ဘုရား။ အခု သုံးဆယ်မင်းသား၊ မက္ခရာမင်းသားနဲ့ ညောင်ရမ်းမင်းသားတို့ကို ဘုန်းတော်ကြီးသောဘုရားက ရင်ခွင်ပိုက်မင်းသားအဖြစ် ကြေညာတော်မူပြီးဖြစ်တဲ့အတွက် သူတို့တစ်တွေ ဘေးကင်းလုံခြုံစွာ ရှိကြတော့မှာပါဘုရား။ သူတို့မရှိစဉ်မှာ သီပေါကိုယ်တော်လေးကို အိမ်ရှေ့ဥပရာဇာအဖြစ် ကြေညာဖို့သာ လိုပါတော့တယ်ဘုရား"

ဘုန်းတော်ကြီးသော ဘုရားသည် မည်သို့မျှ မိန့်တော်မူခြင်းမပြုဘဲ ပုရပိုက်ကို ဘေးချလိုက်၏။ မင်းတရားကြီး၏နှလုံးသည် ပို၍ပြင်းထန်စွာ ခုန်စပြုလာသည်။ ထီးနန်းအရိုက်အရာအပ်နှင်းရေးနှင့် ပတ်သက်၍ မည်သို့မျှ စီမံခြင်းမပြုရသေးမီ မိမိသည် နတ်ရွာလားတော့မည်ကို စိုးရိမ်စပြုလာသည်။ ထူးဆန်းသည့် လှိုင်းလုံးကြီးများ တစ်လုံးပြီးတစ်လုံး တက်လာသကဲ့သို့ သူ့ရင်ထဲသို့ လှိုင်းလုံးကြီး ပေါ်လာခဲ့သည်။ ထိုအခြင်းအရာမှာ သတိလစ်တော့မည့် လက္ခဏာဖြစ်၏။ ပုရပိုက်ကိုင်ထားသည့် လက်များသည် အားအင်ကုန်ခမ်းသကဲ့သို့ ပျော့ခွေစပြုလာသည်။ မိမိသည် ထိုကိစ္စများကို ပြင်းခုံပြောဆိုနိုင်သော အားမရှိတော့သည်ကို မင်းတုန်းမင်းကြီး သိတော်မူလေသည်။

မိမိ၏ အချစ်ဆုံးသောသား သုံးပါးတို့ကို ဘေးကင်းလုံခြုံရာသို့ ရောက်ပြီဟူသော အထင်ဖြင့် ထိုကိစ္စများကို အမှုမထားလိုတော့ပြီ။ ဘုန်းတော်ကြီးသောဘုရား၏ လေးလံသော မျက်ခွံများသည် မျက်လုံးများပေါ်သို့ ဖုံးလုနီးပါး တွဲကျလာသည်ကို သလွန်ဘေးတွင် ဒူးထောက်ထိုင်နေသည့် ဆင်ဖြူမရှင် သတိပြုမိလိုက်သဖြင့် ရှေ့သို့ အနည်းငယ်ကိုင်းကာ အသက်ရှူသံကို နားထောင်ကြည့်သည်။ ဘုန်းတော်ကြီးသောဘုရားသည် အသက်ကို ခပ်မျှင်းမျှင်းရှူလျက်ရှိသည်။

---



www.burmeseclassic.com

www.burmeseclassic.com


ဆင်ဖြူမရှင်သည် ကုံကူဆံကို ဘုန်းတော်ကြီးသောဘုရား လက်ထဲသို့ထည့်ကာ လက်ကိုကိုင်ပြီး အခြားသောအမှတ်အသားနှစ်ခုထက် ကြီးမားသော ကြက်ခြေခတ်ကြီး တစ်ခုကို ပုရပိုက်ပေါ်ရှိ သီပေါမင်းသား၏အမည်အောက်တွင် ရေးထိုးလိုက်၏။

ဖျော့တော့၍ အဝတ်စုတ်ကြီးသဖွယ်ဖြစ်နေသော ဘုန်းတော်ကြီးသော ဘုရား၏ လက်သည် ကန့်ကွက်ငြင်းဆန်နေသည့်နှယ် အနည်းငယ် တုံ့ခနဲဖြစ်သွား၏။ သို့ရာတွင် ကိစ္စအားလုံး ပြီးမြောက်ခဲ့လေပြီ။ ဆင်ဖြူမရှင်သည် ထိုင်ရာမှ ထလိုက်ပြီးနောက် စက်ခန်းဆောင် အပြင်သို့ ထွက်လာခဲ့သည်။ ထိုနေ့ ညတွင် သီပေါမင်းအား အိမ်ရှေ့ ဥပရာဇာအဖြစ် အပ်နှင်းကြောင်းကို ရွှေနန်းတော်ကြီးမှ ကြေညာထုတ်ပြန်လိုက်သည်။

နောက် သီတင်းတစ်ပတ်လုံးလုံး ဘုန်းတော်ကြီးသောဘုရားသည် သတိလစ်လျက်ရှိ၏။ ထို့နောက်တွင်မူ ဘုန်းတော်ကြီးသောဘုရားသည် ခွန်အားအနည်းငယ် ပြည့်ဝလာကာ သတိပြန်လည်လာသကဲ့သို့ရှိစဉ် ဆင်ဖြူမရှင်နှင့် ဝန်ကြီးများသည် စိုးရိမ်ထိတ်လန့်လျက်ရှိကြ၏။ ရွှေနန်းတော်ကြီးထဲရှိ သူတို့အသိုက်ကို ဆန့်ကျင်သူများက ဘုန်းတော်ကြီးသောဘုရားထံသို့ ဝင်ရောက်ကာ သားတော်များအား ထောင်သွင်းအကျဉ်းထားကြောင်း လျှောက်တင်လျှင် မခက်လော။ သို့ရာတွင် အပိတ်အဆို့ အတားအဆီးတွေ များလှသဖြင့် ထိုစကားသည် ရွှေနန်းတော်ကြီး၏ အတွင်းဆောင်ထဲသို့ ဘယ်တော့မှ ရောက်မလာတော့။ နောက်ဆုံးတောက်လိုက်သည့် မီးလျှံသည် ဘာမျှမကြာလိုက်။ သို့ဖြင့် ဘုန်းတော်ကြီးသောဘုရားသည် လျင်မြန်စွာ အားအင်ဆုတ်ယုတ်လျက်ရှိ၏။

သေကာနီးလူတို့ထုံးစံ မိမိ၏ အတိတ်ဘဝ ရုပ်ပုံကားချပ်များကို ပြန်ပြောင်းမှန်းဆသည်။ သို့ရာတွင် ထိုရုပ်ပုံကားချပ်များသည် ချက်ချင်းပေါ်လာကာ ချက်ချင်းပင် မှေးမှိန်ပျောက်ကွယ်သွားကြ၏။ သူ့စိတ်သည် နောင်တော်ပုဂံမင်းထံမှ ထီးနန်းအရိုက်အရာကို ယူခဲ့စဉ်ကာလ အမရပူရရွှေနန်းသို့လည်း ရောက်၏။ မယ်ဇင်ပင်တန်းတို့ ဝေဆိုင်းလျက်ရှိသော တောင်သမန်အင်းကြီးကိုလည်း မြင်ယောင်၏။ ရွာထိပ်တလင်းပြင်တွင် အမွေးအတောင်လက်လက်၊ နေရောင်တွင် အတက်တွေတဖွားဖွားဖြင့် ခွပ်လက်ချနေသော ကြက်ပွဲနှင့် တကွ အောက်တွင် အဝတ်အစားရောင်စုံဝတ်ထားသော ကြက်ပွဲလာလူအုပ်ကိုလည်း မြင်ယောင်၏။ လွန်လေပြီးသော နှစ်ပေါင်းများစွာက သူချစ်ခဲ့ဖူးသော နီရဲသောပါးပြင်နှင့် ကြင်နာကြောက်ရွံ့သော မျက်လုံးများရှိသည့် မိန်းမငယ်တစ်ယောက်ကိုလည်း မြင်ယောင်၏။

လည်ပင်းနီနီ စစ်ဝတ်စုံတို့ဝတ်ဆင်လျက် သူတို့နိုင်ငံအောက်ပိုင်းကို သိမ်းပိုက်ခဲ့သော စစ်သားများ၏အရှင်သခင် အနောက်တိုင်းမှ ဧကရီဘုရင်မကြီး၏ အမည်နာမကိုလည်း သတိရ၏။ ထိုသူများသည် သူ့နန်းတော်တံခါးဝကို အချိန်မရွေးလာခေါက်ကာ သူ့ထီးနန်းကိုသိမ်းမည့် ရန်သူစင်စစ် ဧကန်ဖြစ်သည်ဆိုသည့်အချက်ကိုလည်း ဘုန်းတော်ကြီးသောဘုရားသည် ယခင်တစ်ခါကမျှ မရှိခဲ့ဖူးသော သတိသမ္ပဇဉ်မျိုးဖြင့် ချက်ချင်းသတိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ရေမြွေအရှင် ဆဒ္ဒန်ဆင်းမင်းသခင်၊ ဆင်ဖြူများရှင်၊ လက်နက်စကြာသခင်၊ ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင် ဖြစ်တော်မူ၍ မိမိ၏ ရေစက်တော်အောက်သို့ ခိုလှုံရောက်ရှိလာသူအပေါင်းတို့အား ရေတွင်ရှင်သော ကြာပန်းကဲ့သို့ ပွင့်လန်းစေနိုင်သူ ဖြစ်တော်မူသော မိမိကိုယ်တော်တိုင်သည် သေအံ့မူးမူဖြစ်ပြီဟု သိရသည့်အခါ၌ ဇောကပ်ကာ ပြင်းထန်စွာတုန်လှုပ်ချောက်ချားခြင်း ဖြစ်ရသေး၏။ မိမိသည် လက်နက်စကြာတို့၏ သခင်ဖြစ်လိုသောကြောင့် မျိုးခြားတို့၏အတတ်ဖြစ်သော စက်ရုံတည်ဆောက်ခြင်း၊ အမြောက်သွန်းလုပ်ခြင်းစသည်တို့ကို ပြုလုပ်ခဲ့ခြင်းမရှိလျှင် မည်မျှကောင်းလိမ့်မည်နည်း။

ထိုအရာများထက် မိမိငယ်စဉ်တောင်ကျေး ကလေးဘဝက တောလက်ကျေးရွာများတွင် မြင်တွေ့ခဲ့ရသော ခြင်းလုံးခတ်နေသည့် ကာလသားများအား ခေါင်းတွင် ပန်းတွေဝေနေအောင်ပန်ကာ ဝဲလင်းဆောင်ထက်မှ ငုံ၍ ချစ်ရေးဆိုသံကို နားထောင်နေသည့် မိန်းမငယ်များ၊ ဖုန်တောထဲတွင် ကိုယ်တုံးလုံးဖြင့် မြူးထူးပျော်ပါး ကစားနေကြသည့် ကလေးငယ်များ၊ အခါကြီးရက်ကြီးများတွင် ကျောင်းကန်ဘုရားသို့ သွားနေကြသည့် အမယ်အိုများနှင့် မိခင်ပျိုများ စသည်တို့ကို သူမြင်ယောင်သည်။ ထိုအရာများသည် ရွှေနန်းတော်စည်းစိမ်ထက် သာကောင်းသာပေလိမ့်မည်။

သို့ရာတိုင် ယခုအချိန်လောက်ဆိုလျှင် သားတော်များဖြစ်သည့် သုံးဆယ်မင်းသား၊ မက္ခရာမင်းသားနှင့် ညောင်ရမ်းမင်းသားတို့သည် လုံခြုံဘေးကင်းရာသို့ ရောက်လောက်ပြီ။ သို့ဖြင့် ဘုန်းတော်ကြီးသောဘုရားသည် ထိုအရာများကို မြင်ယောင်လျက်ရှိရာမှ မျက်လုံးများသည် တဖြည်းဖြည်းမိတ်သွားကာ အေးငြိမ်းငြိမ်းသက်စွာ နတ်ရွာစံတော်မူခဲ့လေရာ မည်သည့်အချိန်က ကံကုန်တော်ကြောင်းကို မည်သူမျှပင် မသိလိုက်ကြတော့ချေ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

၁

## ဘုရင်းမင်းမြတ် နတ်ရွာစံပြီ၊ ဘုရင်မင်းမြတ် သက်တော်ရှည်ပါစေ

ဘုန်းတော်ကြီးသောဘုရား၏ အလောင်းတော်ကို ကနုတ်နွယ်သဏ္ဌာန် ခြေခြောက်ချောင်းရှိသည့် ရွှေသလွန်ပေါ်တွင် ပြင်ဆင်ထားပြီး ထိုသလွန်ကို ဘမရာသနရာဇ ပလ္လင်တော်ရှေ့တွင် ချကာ ဝတ်လဲတော်၊ ဖောင်းတော်များ ဆင်ယင်သည်။ မျက်နှာတော်နှင့် လက်တော်ကို ရွှေအစစ်ဖြင့် ရက်လုပ်ထားသည့် ရွှေဖျင်များ အုပ်သည်။ ထိုသလွန်တော်မှ ခြောက်ပေခန့်အကွာ ရွှေရာဇမတ်ကတ် ကာထားသည့်နေရာတွင် ဘုန်းတော်ကြီးသော ဘုရား ဆင်းမြန်းတော်မူသော လက်ဝတ်ရတနာနှင့်တကွ ဝတ်လဲတော်မျိုးစုံကို ပြသထားသည်။

နှင်းဆီနုရောင်နှင့် ရွှေရောင်တို့ ရက်ဖောက်ထားသည့် သဘင်ခံဖဲဝတ်လဲတော်ကို တိုင်တစ်လုံးတွင် ချိတ်ပြထားသည်။ ဝတ်လဲတော်မှ အချွန်အတက်များက ပြာသာဒ်များ၊ အမိုးများသဖွယ် အထက်သို့ ကော့ပျံတက်လျက်။ မြန်မာမင်းဝတ်မင်းစားများနှင့် မြန်မာ ဗိသုကာမှုတို့တွင် တွေ့ရတတ်သော ထိပ်ချွန်ဦးကော့နေသည့် ရွှေဖိနပ်ကို သလွန်ခြေရင်းတွင်ထားသည်။

ရာဇမတ်ကာဝင်းအတွင်း ထောင့်လေးထောင့်၌ သဏ္ဍာလတ်ခင်း ဥရောပသုံးစားပွဲငယ်များပေါ်တွင်မူ ဘုန်းတော်ကြီးသောဘုရား၏ ပစ္စည်းအသေးအဖွဲ့ကလေးများကို ပြသထားသည်။ ဘုန်းတော်ကြီးသောဘုရား၏ ဝါသနာဘာဂီတော်သည် များပြားမျိုးစုံလှရာ ထိုအထဲတွင် ယိုထိုးသည့်အတတ်ကိုလည်း စိတ်ဝင်စားတော်မူရင်းရှိသဖြင့် စက်ရုံတော်



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်ခတ်နှိပ်ထားသည့် ယိုဘူးများ၊ ယိုအိုးများကိုလည်း ရွှေအင်များ၊ ရွှေကွမ်းအစ်များ အနီးတွင် ယှဉ်၍ ပြသထားသည်။ ရွှေကြိုးနှစ်ဆယ့်လေးသွယ်ဖြင့် ရက်ထားသည့် ရွှေစလွယ်၊ မြန်မာပန်းချီကျော်တစ်ဦးဆွဲထားသည့် ပုံတော်နှင့် လစ်သိုဓာတ်ပုံကူးထားသည့် ဓာတ်ပုံတစ်ပုံကိုလည်း ချိတ်ဆွဲပြသထားသည်။

နေရာအနှံ့အပြားတွင် လှပကောင်းမွန်သော မြန်မာပစ္စည်း အသုံးအဆောင်၊ လှပသေသပ်ခြင်းရှိသော မြန်မာပစ္စည်း အသုံးအဆောင်တို့အပြင် အလားတူ လှပသေသပ်ခြင်း မရှိသော ဥရောပပစ္စည်းအသုံးအဆောင်တို့ကိုလည်း ပြသထားသည်။ အလောင်းတော်ပြင်ဆင်ထားရာ သလွန်တော်ခေါင်းရင်းနှင့် ဘေးပတ်လည်တစ်ဝိုက်တွင်လည်း ထွက်သက်ခတ်ရုံမျှဖြင့် လှုပ်သောရွှေကို အပြားခတ်ထားသည့် ညောင်ရွှေရွက်တို့ ချိတ်ဆွဲထားသည်။ ခေါင်းရင်းတွင်မူ အလောင်းတော် မြေကျသည့်နေ့ထိ လိပ်ပြာနားရန်အတွက် ရွှေပြားကို သရက်ရွက်ပုံခတ်၍ ချိတ်ဆွဲထားသည်။ နေ့ညမပြတ် မင်းသမီးလေးပါးတို့က သလွန်တော်တစ်ဖက်စီတွင် ရွှေချယင်းရိုးရှည်၊ အရိုးဖဲကွပ် ဒေါင်းမြီးယပ်တောင်များဖြင့် မပြတ်လွဲခတ်ရသည်။ ဗဟိုရ်စည်စင်ကြီးမှနေ၍ နေ့စဉ် စည်တော်ကြီးကို ခုနစ်ချက် ရိုက်ခတ်ရသည်။

သုံးရက်မြောက်နေ့တွင် အလောင်းတော်ကို ကျောက်မျက်တို့ စီခြယ်ထားသော ရွှေတလားအတွင်းသို့ သွင်းမည်ပြုသည့်အခါတွင် အရေးကြီးသော နိုင်ငံခြားသားများ၊ မှူးငယ်မတ်ငယ်များနှင့် ယင်းတို့၏ကတော်များက အလောင်းတော်ကို ခစားခွင့်ပြုသည်။ ထိုနေ့ ညတစ်ညလုံး၌ ဘမရာသနရာဇ ပလ္လင်နန်းဆောင်သို့ အခစားဝင်လာသည့် လူတန်းကြီးများမှာ ရွှေနန်းတော်ကြီးပတ်ပတ်လည် ဥယျာဉ်တော်များထဲတွင် ပြည့်နှက်နေသည်။ နောက်သုံးရက်အကြာ နေမွန်းတည့်ချိန်တွင် မသာတော်အခမ်းအနားကို စတင်သည်။

ဗြိတိသျှသံအဖွဲ့ဝင်များအတွက် သီးခြားမဏ္ဍပ်တစ်ဆောင်နှင့် အရေးကြီးသော အခြားဥရောပ တိုက်သားများအတွက် မဏ္ဍပ်တစ်ဆောင် ဆောက်လုပ်ပေးသည့်အတွက် ဆီးနန်းအရိုက်အရာကို ဆက်ခံမည့်ဘုရင်သစ်သည် ဗြိတိသျှတို့နှင့် ချစ်ကြည်စွာ ဆက်ဆံလိုသည်ဟု ယူဆဖွယ်ဖြစ်သည်။ အဖွဲ့ခေါင်းဆောင် မစ္စတာရှောနှင့် မစ္စတာပီယာပွန့်တို့အား ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်လျက် ခစားခွင့်ပြုရာတွင် ဓားလွယ်ချပ်ခွင်ကိုသာမက ဖိနပ်စီးခွင့်ပါရကြသည်။ မသာတော်အခမ်းအနားသို့ တက်ရောက်ရာတွင် စိတ်အနှောင့်အယှက်ဖြစ်စရာများကို တွေ့ကြုံသည့်တိုင် အင်္ဂလိပ်သံအဖွဲ့ခေါင်းဆောင် မစ္စတာရှော စိတ်ပျက်ခြင်းမရှိ။

ယခု ဖိနပ်စီးခွင့်ရလျှင် အင်္ဂလိပ်နှင့် မြန်မာတို့ကြားတွင် ပေါ်ပေါက်ခဲ့သော ဖိနပ်စီးခွင့်ပြဿနာကြီးသည် အလိုလိုဖြေရှင်းပြီးသား ဖြစ်သွားပြီမဟုတ်လော။ ယခင်အခါများတမူ ရွှေနန်းတော်ကြီးထဲသို့ သံကိုယ်စားလှယ်များ အခစားဝင်လျှင် ဖိနပ်ချွတ်ရသည်။ ဤသို့ ဖိနပ်မချွတ်ခြင်းမရှိလျှင် အင်္ဂလိပ်နှင့် မြန်မာဆက်ဆံရေး ရပ်စဲရလိမ့်မည်ဟု အမိန့်တစ်ရပ်ထုတ်ခဲ့ဖူးသည်။ သို့ရာတွင် ယခုအချိန်၌မူ ဥရောပကိုယ်စားလှယ်များအား ဖိနပ်စီးခွင့်နှင့် ဓား



www.burmeseclassic.com

www.burmeseclassic.com



လွယ်ခွင့်ကို ပေးလိုက်လေပြီ။ သို့တိုင်အောင် အင်္ဂလိပ်ကိုယ်စားလှယ်တို့မှာ အသုဘများကို ထုတ်ရာဖြစ်သည့် အနောက်တံခါးမှ ဝင်ရမည်ဆိုသည့်စည်းကမ်းချက် ကျန်သေးသည်။ မြန်မာတို့ကမူ ထိုတံခါးမှ ဝင်ထွက်ခြင်းသည် နိမိတ်မရှိဟုဆိုကာ အဝင်အထွက်မလုပ်ကြ။

ကျဉ်းကျပ်သောဝတ်စုံကို ဝတ်ထားသဖြင့် ချွေးသံတရွှဲရွှဲဖြစ်နေသော မာလိန်မှူးဘက်ရှောသည် ဇနီးဖဲင်နီနှင့်အတူ မသာတော်အခမ်းအနားသို့ ရောက်လာသည်။ သာသနာပြုအဖွဲ့ဝင်များလည်း သံကိုယ်စားလှယ် မစ္စတာရှောဓ၏ကြိုးကြပ်မှုဖြင့် မဏ္ဍပ်ထဲ ဝင်ခွင့်ရကြသည်။ အင်္ဂလိသာအဖို့သော် ယခုအကြိမ်သည် ရွှေနန်းတော်ကြီးထဲသို့ ပထမဆုံးအကြိမ်ရောက်ဖူးခြင်းဖြစ်လေသည်။ လွန်ခဲ့သောနှစ်နှစ်ခန့် ရွှေနန်းတော်ကြီးထဲသို့ ဖင်နီပထမဆုံးအကြိမ် ရောက်ခဲ့စဉ်ကလို အင်္ဂလိသာသည်လည်း ရင်တွေခုန်နေသည်။

အပြင်ဘက်သို့ မော့ကြည့်လိုက်သည်တွင် တောက်ပသည့်နေရောင်ထဲတွင် တည်ငြိမ်ခန့်ညားစွာ ရပ်နေသည့် ဟင်္သပဒါးရောင်နှင့် ရွှေရောင်တို့ဝင်းလက်သော ရွှေနန်းတော်ရှေ့ကျောက်ဖြူလှေကားကြီးတစ်လျှောက်တွင်မူ သွေးနီရောင် မြစ်ကြီးတစ်စင်းပမာ ကော်ဇောနီကြီးသည် လှေကားအတိုင်း စီးဆင်းလာကာ ဥရောပတိုက်သားများ မဏ္ဍပ်ရှေ့မှနေ၍ ဉယျာဉ်တော်ထဲရှိအလောင်းတော်ဂူသွင်းမြှုပ်နှံရန်အတွက် သီးသန့်တည်ထားသည့် အဦးပိုင်း စေတီငယ်တစ်ဆူအရောက်၌ ဆုံးသွားသည်။

မင်းတုန်းမင်းကြီးက မိမိနတ်ရွာစံလျှင် ယခင် ဘိုးဘေးမင်းအဆက်ဆက်တို့ ထုံးစံအတိုင်း မိမိ၏အလောင်းတော်ကို မီးသဂြိုဟ်ခြင်းမပြုရန်နှင့် ဂူသွင်းရန် အမှာတော်ထားခဲ့တာကြောင့် ဖြစ်သည်။ အခြားသောမှုဆိုးမများနည်းတူ ယခုအချိန်တွင် ထီးနန်းအာဏာကို ချုပ်ကိုင်ထားနိုင်ပြီဖြစ်သော ဆင်ဖြူမရှင်သည် နတ်ရွာစံမင်းတရားကြီး၏ အလိုဆန္ဒအတိုင်း ဆောင်ရွက်၏။ ယခုအချိန်တွင် ဘုန်းတော်ကြီးသောဘုရားသည် နတ်ရွာသို့ လားခဲ့ပြီဖြစ်ရာ သက်တော်ထင်ရှားရှိစဉ်ကထက်ပင် သူ့ဆန္ဒကိုလိုက်နာဖို့ လိုသည်မဟုတ်ပါလော။

အင်္ဂလိသာသည် မြန်မာတို့ထုံးစံအတိုင်း ဝတ်စုံအဖြူကို ဝတ်ဆင်ထားပြီး အနောက်တိုင်းထုံးစံလည်း မပျက်ရလေအောင် ဖဲကြိုးအနက်ကိုရစ်ထားကာ မဏ္ဍပ်ထဲတွင် ပရိသီရိုးနှင့် အတူထိုင်ရင်း မသာတော်အခမ်းအနားကို မျက်တောင်မခတ်ကြည့်နေသည်။ မိမိတို့သာသနာအမြင်နှင့်ကြည့်လျှင် မင်းတုန်းမင်းတရားကြီးသည် သာသနာပြုပုဂ္ဂိုလ်ဖြစ်သည့်တိုင် ယခုအချိန်၌ နတ်ရွာစံမင်းတရားကြီး၏ဝိညာဉ်သည် ဘယ်ဆီဘယ်စခန်းသို့ ရောက်နေမည်ကို သူမတွေးရက်။

မိမိတို့သာသနာ၏ အဆုံးအမအရ သေလွန်ခြင်းနှင့် ကောင်းကင်ဘုံအကြားတွင် အပါယ်ငရဲသို့လည်းမရောက်သော ကြားအဆင့်တစ်ခုရှိသေးသည်ဟူသော အတွေးကြောင့် စိတ်သာရာရသွား၏။ မည်သို့ဖြစ်စေ ဘာသာတရားရှုထောင့်ကို ဘေးဖယ်ပြီးကြည့်လျှင် ယခု မသာတော်အခမ်းအနားသည် ကြီးကျယ်ခမ်းနားသော အခမ်းအနားကြီးတစ်ခုဖြစ်သည်သာမဟုတ်လော။ ပရိသီရိုးကမူ ပြာသာဒ်တော်ရှိ စုလစ်မွန်းချွန်များနှင့် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



မှူးမတ်များ၊ စစ်မှူးစစ်ကဲများ၏ အချွန်အတက်များလှသော ဝတ်စုံများကိုကြည့်ကာ စိတ်ကူးအားဖြင့် အထက်သို့ရောက်၍ လူနေအားဖြင့် အောက်ရောက်သော အခြားယဉ်ကျေးမှုမျိုးမရှိဟု တွေးနေသည်။

အဝတ်တန်ဆာများ၊ ပြာသာဒ်အမိုးများ၊ ရာဇပလ္လင်များအစ ကုန်ကုန်ပြောရလျှင် ကွမ်းအစ်အထိ မြန်မာတို့သည် အတောင်အလက်တွေ၊ စုလစ်မွန်းချွန်တွေတပ်ခြင်းကို နှစ်ခြိုက်ကြသည့်တိုင် လူနေမှုအားဖြင့် မည်သည့်မျှော်မှန်းချက်မှ ရှိဟန်မတူဘဲ ပျော်ရွှင်ရောင့်ရဲစွာ နေထိုင်ကြသည်။ မြန်မာတို့သည် ပစ္စုပ္ပန်ကိုသာ တွေးကြသည်။ သူတို့သည် ပစ္စုပ္ပန်ကိုသာတွေး၍ အနာဂတ်ကို ထည့်မတွေးသည့် သတ္တဝါများဟုသာ ပရိုသီရိုးတွေးမိသည်။

ပရိုသီရိုးသည် မြန်မာတို့ကို မကြိုက်သည့်ဘက်မှ တွေးနေသည့်တိုင် မသာတော်အခမ်းအနား၏ ကြီးကျယ်ခမ်းနားပုံကိုမူ မအံ့သြဘဲမနေနိုင်။ သူတစ်ခါက တရားဟောဆရာလုပ်ခဲ့ရာ ကီးလ်ပန်းမှ သင်းအုပ်ဆရာအား မသာတော်ကြီးကျယ်ခမ်းနားခြင်း၊ အဆောင်အယောင်များခြင်း၊ ကလေးဆန်သော်လည်း သိမ်မွေ့သော စိတ်ကူးကြွယ်ဝခြင်းတို့ကို မည်သည့်အနောက်နိုင်ငံသားမျှ နားလည်နိုင်မည်မဟုတ်။

ပရိုသီရိုးသည် သာသနာဘက်ဆိုင်ရာ ပုဂ္ဂိုလ်ဖြစ်သည့်တိုင် မြန်မာတို့နှင့်ပတ်သက်၍ မလျော်သော အတွေးအခေါ် ထင်မြင်ချက်များ သူ့ရင်ထဲတွင် ပေါ်ပေါက်နေသည့်အတွက် သူ့ကိုယ်သူအပြစ်တင်ကာ ထိုအတွေးတို့ကို ဖျောက်ဖျက်ပစ်လိုက်ပြီးနောက် ခမ်းနားသော မသာတော်အခမ်းအနားကို ကြည့်နေသည်။

ယခု သူမြင်နေရသည့်ရှုခင်းသည် နတ်သမီးပုံပြင်ထဲတွင် တွေ့ရသော ရှုခင်းမျိုးဖြစ်သည်။ ယခုကမ္ဘာသည် ခေတ်သစ်ကမ္ဘာဖြစ်၏။ တာမိုင်နှင့် ရေနွေးငွေ့မီးရထားတို့ ပေါ်ပေါက်နေသည့် ၁၉ ရာစုနှစ်ကြီးဖြစ်၏။ ထိုခေတ်မျိုးတွင် နတ်သမီးပုံပြင်ထဲက ရှုခင်းမျိုးလည်း ရှိနိုင်သည်သာ။ ရှိ၍သာ မိမိကိုယ်တိုင် မြင်တွေ့နေရသည် မဟုတ်လော။ မကြာမီတွင် ထိုရှုခင်းမျိုး ထိုအရာမျိုးကို နောက်ကြာကြာမြင်ရတော့မည်မဟုတ်။ အသုံးဝင်မှ တန်ဖိုးရှိသည်ဆိုသောခေတ်သည် မကြာမီ ရောက်တော့မည်မဟုတ်လော။

မွန်းတည့်၍ အရှေ့တံခါးအနီးရှိ ဗဟိုရ်စည်ကြီးမှ စည်တော်ယွန်းသည်နှင့် မသာတော်အခမ်းအနား စတင်ထွက်ခွာလေသည်။ ပရိုသီရိုးသည် ရင်တထိတ်ထိတ်ဖြင့် အခမ်းအနားကို လှမ်းကြည့်နေသည်။ ရှေ့ဆုံးတွင် ဘုန်းတော်ကြီးသော ဘုရားစီးနင်းတော်မူလေ့ရှိသည့် ဝေါတော်က ဦးဆောင်လာသည်။ ဝေါတော်သည် ရောမဘုရင်တစ်ပါး၏ စီးသူမဲ့စစ်မြင်းကြီးနှင့် တူနေသည်။ ဝေါတော်ကြီးမှာ ဟင်္သပဒါးသုတ် ရွှေပိန်းချဝေါကြီးဖြစ်ပြီး ထိုဝေါကြီးကို ရဲမက်များက ညီလာခံသဘင်ခန်းမမှ ထမ်းချလာ၏။

ထိုစဉ် ဆင်ခြောက်စီးတို့သည် ရွှေနန်းတော်ကြီးအကွေ့မှ ထွက်ကြလာကာ ဝေါတော်ဆီသို့ သွက်လက်စွာ လှမ်းလာကြသည်။ ကျောကုန်းတွင် အနီရောင်ခင်းနီးလွှမ်းလျက်။ ထို့အပေါ်တွင် တံခွန်တိုင်လွှင့်ထူထားသည့် ဟင်္သပဒါးသုတ် ရွှေပိန်းချပြန်တိုက်ဆင်ကတင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အလံများသည် လေပြေထဲတွင် မီးတောက်မီးလျှံများနှယ် တောက်ပလျက်ရှိပြီး ဆင်စွယ်ကြီးများတွင်လည်း အနီရောင်ကွင်းထား၍ ထိုကွင်းများတွင် ပန်းဖွားတို့ကို ဆွဲထားသည်။ ဦးကင်းများတွင် ဇာအုပ်ထားသဖြင့် ရွှေရောင်သည် နေရောင်ထဲတွင် ပြိုးပြိုးပြက်ပြက် တောက်ပလျက်ရှိ၏။ ဆင်များနောက်တွင် ရွှေကုန်းနီးတွင် ကတ္တီပါအနီ ခြေနင်းကွင်းကြိုးတပ်လျက်ရွှေနှင့် ကျောက်မျက်ရတနာတို့ စီထားသည့် ဇက်ကြိုးတပ်မြင်းများပါသည်။

ထို့နောက်တွင်မှ ဝန်ကြီးနှစ်ဦးတို့ ခြေလျင်လိုက်လာခဲ့ကြသည်။ ထိုဝန်ကြီးနှစ်ဦးမှာ ဆင်ဖြူမရှင်၏ အထိန်းအကွပ်အောက်တွင် မကြာမီ ရွှေနန်းတော်ကြီးထဲတွင် ပေါ်ပေါက်ခဲ့သော အရေးအခင်းများအတွက် တာဝန်ရှိသူများဖြစ်ရာ နိုင်ငံတော်၏နောင်ရေးသည် သူတို့လက်အတွင်းရှိသည်။ ရင်ပေါင်တန်း၍ လိုက်လာသော ဝန်ကြီးနှစ်ပါးတို့မှာ မေးရိုးကားကား၊ လူပုံကခပ်ကျစ်ကျစ်၊ သေးငယ်သော မျက်လုံးများရှိ၍ ရက်စက်ကြမ်းကြုတ်ကာ မောက်မာဟန်ရှိသည့် သေနတ်ဝန်တိုင်တားမင်းကြီးနှင့် ချူးကျနေသော မျက်နှာ၊ သိမ်မွေ့သော အမူအရာတို့ဖြင့် ဘုန်းတော်ကြီးတစ်ပါးနှင့်တူသော ရွှေနားတပ်သပြေသီးမှည့်ရောင် ကတ္တီပါဝတ်စုံကြီးများကိုဝတ်ထားပြီး ခေါင်းတွင် ရွှေပြားခတ်ဓောင်းရှည်ကြီးများကို ဆောင်းထားကြ၏။ နောက်လိုက်နောက်ပါတို့က ဝန်ကြီးများသာ ဆောင်းလေ့ရှိသည့် ရိုးတံရှည်ထီးနီကြီးများကို မိုးထားပေးသည်။

ထို့နောက်တွင် စည်တော်စုံအဖွဲ့ လိုက်ပါလာသည်။ စည်တော်စုံအဖွဲ့တွင် စည်တော်ကြီးများ၊ ခရုသင်းများနှင့် မောင်းကြီးများ ပါ၏။ သစ်စေးနီသုတ်ဆိုင်းထမ်းကြီးကို လူနှစ်ယောက်ထမ်းပြီး အခါရောက်တိုင်း တစ်ယောက်က မောင်းကိုတီးရသည်။ ထို့နောက်တွင် အတွင်းဝန်၊ ဝန်ထောက်၊ မှူးမတ်တို့က အဝတ်ဖြူကိုဝတ်လျက် ယင်းတို့နောက်တွင်မှ ထီးတော်မိုးများက အဆောင်အယောင်အရ ကိုင်ရသော ထီးများကို မိုးပေး၍ လိုက်လာသည်။ ရွှေပြားခတ်တလားမှာ နောက်မှပါလာ၏။ လောင်တိုက်သို့ရောက်မှ အလောင်းတော်ကို ထိုရွှေပြားခတ်တလားအတွင်းသို့ ထည့်မည်ဖြစ်သည်။ အလောင်းတော်တင်မည့် အလောင်းစင်ကို ပိတာန်ကျင်းလျက်၊ ထိုပိတာန်ကို စန္ဒား၊ ယမြားတို့ဖြင့် ရေ့မှ မိဖုရား၊ သမီးတော်များနှင့် သားတော်များက ဆွဲရသည်။

မိဖုရားများအားလုံးမှာ အဖြူကို ဝတ်ထားကြရပြီး ခြေထောက်တွင် ဗလာကျင်းထားရသည်။ ပိတာန်ပေါ်တွင် မင်းနှင့် မိဖုရားခေါင်ကြီးတို့သာ မိုးခွင့်ရှိသည့် ထီးဖြူကြီးရှစ်စင်းကို မိုးထားပြီးလျှင် ပိတာန်နောက်မှ ထီးဖြူမိုးခံလျက် ဆင်ဖြူမရှင်နှင့် သမီးတော်သုံးဦးတို့ လိုက်ပါလာကြ၏။ သူတို့နောက်တွင် အဝါရောင် ထီးမိုးခံ တစ်ပင်တိုင်မင်းသမီးများ လိုက်ပါလာကြသည်။ အက်ဂါသာသည် မသာတော်အခမ်းအနားကို လည်တဆန့်ဆန့်ဖြင့် မျှော်ကြည့်နေသည်။ စုဖုရားလတ်ကို လှမ်းမြင်လိုက်ရ၏။

အက်ဂါသာသည် စုဖုရားလတ်ကိုကြည့်၍ စိတ်ပျက်သွား၏။ စုဖုရားလတ်သည် အစ်မကြီးထက်လှသည့်တိုင် အခြားသောမင်းသမီးများနှင့် ဘာမျှထူးခြားခြင်းမရှိလှ။ စုဖုရား



www.burmeseclassic.com

www.burmeseclassic.com



လတ်မှာ ပိန်ပိန်ပါးပါး၊ မျက်နှာချောင်ကျလျက်ရှိပြီး အရွယ်နှင့်မလိုက်အောင် အိုစာရင့်ရော် နေသည်။ စုဖုရားကြီးသည် လောကီကိစ္စများထက် လောကုတ္တရာကိစ္စများကို စိတ်ဝင်စား ကာ ဝတ်ကြောင်ကိုစွန့်၍ သီလရှင်ဝတ်လိုသည်ဟု ဖင်နီပြောဖူးသောစကားကို အင်္ဂါသာ အမှတ်ရနေသည်။ စုဖုရားကလေးမှာလှသည့်တိုင် ထုံထိုင်းဟန်ပေါက်နေသည်ဟု ထင်မိ ၏။ သမီးတော်သုံးဦးစလုံးမှာ အသားညိုညိုနှင့် သူလိုကိုယ်လို မိန်းမများပင်ဖြစ်သည်ဟု အင်္ဂါသာတွေးလိုက်မိ၏။

လယ်ကွင်းထဲရှိ ကောက်ပင်တို့ကို လေသိမ်းလိုက်သည့်အခါတွင် ယိမ်းထိုးသွား ကြသကဲ့သို့ မသာတော်အခမ်းအနားကို လာရောက်ကြည့်ရှုသူများထဲတွင်လည်း လှုပ်လှုပ် ရွရွဖြစ်သွားသည်။ ထိုအခါမျိုး၌ လူအုပ်များထဲတွင် ဆဋ္ဌမအာရုံမျိုး ရှိတတ်သည့်အတိုင်း မသာတော်အခမ်းအနားသည် သူတို့အနီးသို့ ရောက်လာပြီကို သိလိုက်ကြသဖြင့် လှုပ်လှုပ် ရှားရှား ဖြစ်သွားကြခြင်းဖြစ်သည်။

ဘုရင်မင်းမြတ်သည် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေပြီ။ သူ့နေရာတွင် နောက် ထပ်ဘုရင်တစ်ပါး ပေါ်လာလိမ့်မည်။ ထီးနန်းကို ဆက်ခံရန်အတွက် ဦးပဉ္စင်းဘဝမှ လော လောလတ်လတ် လူထွက်လာခဲ့သည့် သီပေါမင်းသားသည် ရှေ့တော်ပြေးများခြံရံလျက် ကြွ ချီတော်မူလာလေပြီ။ သီပေါမင်းသားသည် ဝေါထမ်းလေးဆယ်တို့ ချွေးဒီးဒီးကျအောင်ထမ်း ရသည့် ရွှေသံလျင်းကြီးထက်တွင် လိုက်ပါတော်မူလာပြီး သံလျင်းအစွန်းလေးဘက်တွင် အပျိုတော်လေးဦးတို့သည် ပုဆစ်တုပ်လက်အုပ်ချီ၍ ခစားလိုက်ပါလာကြသည်။

အင်္ဂလိပ်သံကိုယ်စားလှယ် မစ္စတာရှောသည် မိမိတို့အနီးမှ ဖြတ်သန်းသွားသည့် သံလျင်းကြီးပေါ်တွင် လိုက်ပါသွားသည့် သီပေါမင်းသားကို လှမ်းမျှော်ကြည့်လိုက်၏။ သီပေါ မင်းသည် မင်းမြောက်တန်ဆာငါးပါးကို ဝတ်ဆင်ထားသော်လည်း သူ့မျက်နှာသည် ခမည်း တော်ကဲ့သို့ တည်ကြည်ခန့်ညားသော မျက်နှာထားမျိုးမရှိ။ သီပေါမင်းမှာ ပိန်ပိန်ပါးပါး၊ မျက်နှာဖျော့တော့ကာ ကြောက်လန့်သည်ဟု မဆိုနိုင်သည့် သူ့မျက်လုံးများသည် ဏ္ဍာန်မြဲမရ ဖြစ်နေသည်။

သို့ရာတွင် သီပေါမင်းကိုကြည့်ရသည်မှာ စိတ်ရင်းကောင်းဟန်ရှိပြီး အမြော်အမြင် နှင့်ပြည့်စုံသော ဘုရင်တစ်ပါးဖြစ်နိုင်သည်ဟု မစ္စတာရှောထင်လိုက်၏။ သီပေါမင်းသည် ဆရာမှတ်ခေါ် ဒေါက်တာမတ်၏ စာသင်ကျောင်းတွင်ရော၊ ဘုန်းကြီးကျောင်းမှာပါ စာပေ ဆုံးချွန်သည့် ပုဂ္ဂိုလ်မဟုတ်လော။ သီပေါမင်းသည် ချွေးသံစိုရွှဲကာ အသက်ရှူသံပြင်းပြင်း၊ ခြေကျသံပြင်းပြင်းနှင့် ထမ်းသွားသော အထမ်းသမားတို့၏ ပခုံးထက်မှ သံလျင်းပေါ်တွင် ပါသွားလေပြီ။ ထို့နောက်တွင်မူ နတ်ရွာစံမင်းတုန်းမင်းတရားကြီး၏ သက်တော်စေ့ သံဃာတော် ၆၅ ပါးတို့သည် စကျွက်ကန္တေကိုချ၍ ကြွတော်မူလာ၏။

သီပေါမင်း၏ သံလျင်းတော်လောင်တိုက်တော်သို့ ရောက်သည့်အခါတွင် မင်းချင်း တစ်ယောက်က ...

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တိတ်စေ"

ဟုအော်လိုက်ပြီး အခြားမင်းချင်းတစ်ဦးက အလောင်းတော်ကို သဂြိုဟ်ရန်အတွက် အားလုံးအဆင်သင့် စီစဉ်ပြီးဖြစ်ကြောင်း ရှေ့တော်သို့တိုး၍ လျှောက်တင်ခြင်းပြုသည်။ သီပေါမင်းက သဂြိုဟ်ရန် အမိန့်တော်ပြန်မည်ဖြစ်သည့်အတွက် လူအုပ်ကြီးသည် တိတ်ဆိတ်လျက်ရှိသည်။ သီပေါမင်းသည် တစ်စုံတစ်ရာကို အမိန့်တော်ပြန်လျက်ရှိသော်လည်း လူအုပ်ကြီးမှာ များပြားလွန်းလှသဖြင့် ဘာမျှသဲကွဲစွာ မကြားရသေးဘဲ နှုတ်ခမ်းလှုပ်နေသည်ကို မြင်ရသည်။နောက်ဆုံး၌ . . .

"သဂြိုဟ်စေ"

ဟူသောအသံကိုသာ အဖျားဆွတ်၍ ကြားလိုက်ရသည်။ အမိန့်တော်ကို နာခံတော်က ဘုန်းတော်ကြီးမြတ်တော်မူသော ဘုရား၏အမိန့်တော်အရ ခမည်းတော်အလောင်းကို ဘိုးတော်ဘေးတော်များသဂြိုဟ်သည့် ထုံးစံနှင့်အညီ သဂြိုဟ်စေ၊ အမိန့်တော် . . . ဟု အမိန့်တော်ပြန်သည်။ ထိုအချိန်မှစ၍ ထိုနေ့အဖို့ သီပေါမင်းတရား၏တာဝန်သည် ပြီးဆုံးလေပြီ၊ ဘုန်းတော်ကြီးသော ဘုရားနန်းတော်သို့ ပြန်ကြွသွားသည့်အခါတွင် သဂြိုဟ်သည့်အခမ်းအနားကို ဆိုင်ရာတို့က ဆက်လက်ဆောင်ရွက်ကျန်ရှိခဲ့ကြသည်။ ထို့နောက်တွင် အမြောက်များပစ်ဖောက်ပြီးနောက် မသာတော်အခမ်းအနား ပြီးဆုံးခြင်းသို့ ရောက်လေပြီ။ ပဥ္စမသံဃာယနာတင် ဘဝရှင်မင်းတရားကြီးသည် စန္ဒာဝန်ကိုချပြီးနောက် မလိုသူတို့က "ဘုန်းကြီးသား" ဟုခေါ်ကြသော သီပေါမင်းတရားကြီးသည် ထီးနန်းအရိုက်အရာကို ဆက်ခံစိုးစံတော်မူသတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၂

## စုဖုရားလတ်ထံမှ အခေါ်တော်ရောက်ခြင်း

မင်းတုန်းမင်းတရားကြီးကို သင်္ဂြိုဟ်တော်မူပြီးသည့် နောက်တစ်နေ့၌ ဖဲင်နီသည် နှင်လန်းကျေနပ်သော မျက်နှာဖြင့် မိမိတို့အိမ်နှင့်အနီးဆုံး အနောက်တံခါးမှနေ၍ စုဖုရားလတ်ထံသို့ အခစားဝင်ရန် ရွှေနန်းတော်ကြီးထဲသို့ လာခဲ့သည်။ သူ့ခင်ပွန်းဖြစ်သူ မာလိန်ဘက်ရှောမှာ တရုတ်ကုန်သည်များနှင့် ကိစ္စရှိသဖြင့် ဗန်းမော်သို့ ဆန်တက်သွားရာ တော်တော်နှင့် ပြန်ရောက်ဦးမည်မထင်။ ယခုအချိန်၌ နယ်စပ်တွင်လည်း မငြိမ်မသက်ဖြစ်လျက် နတ်ရွာစံမင်းတရားကြီး၏ ဘုန်းတော်ရိပ်သည်လည်း ကွယ်ပခဲ့လေပြီ။ နောင်တွင် မည်သို့ဖြစ်မည်ကို မည်သူမှမပြောနိုင်တော့ပြီ။

တားရိုးနားက မိမိတို့အိမ်တွင် တစ်ယောက်တည်းထိုင်ရင်း တောက်တဲ့သံကို နားခံနေရသည်နှင့်စာလျှင် မိမိချစ်သော ရွှေနန်းတော်ကြီးထဲတွင် အချိန်ကုန်ရသည်က ပို၍ပျော်စရာကောင်းသည်ဟု ဖဲင်နီထင်မိသည်။ ထိုသို့မဟုတ်လျှင်လည်း သာသနာပြုကျောင်းသို့သွား၍ လည်နေသည်က အပျင်းပြေသည်။ ယခုအချိန်၌ မင်းတုန်းမင်းတရားကြီးကို သင်္ဂြိုဟ်ပြီးသည့်နောက်တွင် မည်သို့ဖြစ်မည်နည်းဟူသော စိတ်ဖြင့် မြို့တော်သူ၊ မြို့တော်သားများလည်း ရင်တမမဖြစ်နေကြလေရာ ထိုအခြေအနေမျိုးနှင့် ပတ်သက်လာလျှင် ဂနာမငြိမ်ဖြစ်တတ်သော ဖဲင်နီသည်လည်း အခြေအနေအရပ်ရပ်ကို လျစ်လျူပြု၍ မရတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူ့အမျိုးမျိုးတို့ မိုတင်းနေထိုင်ရာ အထက်မြန်မာပြည်ကို အုပ်စိုးခဲ့၍ တစ်ခါတစ်ရံတွင် မှောက်ချီလှန်ချီလုပ်သည့်တိုင် ဉာဏ်အမြော်အမြင်ရှိရှိ၊ နိုင်နိုင်မြဲမြဲ အုပ်စိုးနိုင်ခဲ့သော လက်သည် တစ်ခါက တိုင်းပြည်ကို အုပ်ချုပ်နိုင်ခဲ့သော်လည်း(သီပေါမင်း၏ လက်ထက်တော်တွင်မူ) ပျားရည်အလိမ်းလိမ်းကပ်၍ ရွှေပြားများခတ်ထားသော လက်ချောင်းများကဲ့သို့ တန်ခိုးအာဏာမရှိတော့ပြီ။

ယခုအချိန်၌ ဘုံခုနစ်ဆင့် ပြာသာဒ်မှလာသော တန်ခိုးအာဏာသည် မည်သူ့လက်တွင်ရှိသနည်း။ ထိုအာဏာသည် ဘုန်းကြီးဆန်၍ လောကုတ္တရာကိုသာ အားသန်သော ဘုန်းကြီးလူထွက်ကလေး၏ လက်တွင်ရှိသလော။ သို့တည်းမဟုတ် စောင်မာန်အမျက်ကြီး၍ လက်သီးဆုပ်မဖြေတတ်သော ဆင်ဖြူမရှင်၏လက်တွင်ပင် ရှိသလော။ ဦးပဋ္ဋင်းပျို့ကလေးကို ဘုန်းကြီးကျောင်းမှဆွဲထုတ်၍ ရာဇပလ္လင်ပေါ်သို့ စွေ့ခနဲရောက်အောင် တင်ပေးခဲ့သူမှာ ဆင်ဖြူမရှင်ဖြစ်၏။ ရက်စက်ကြမ်းကြုတ်သည့် တိုင်တားမင်းကြီးကိုသာမက နူးညံ့သိမ်မွေ့သည့် ကင်းဝန်မင်းကြီးကိုပါ မိမိအလိုကျ သိမ်းသွင်းခဲ့သူမှာလည်း ဆင်ဖြူမရှင်ဖြစ်၏။

ကင်းဝန်မင်းကြီးသည် ဉရောပအပြည်ပြည်မှ ရွှေနန်းများသို့ သံတမန်အဖြစ်ရောက်ခဲ့ဖူးသည့်အလျောက် အနောက်တိုင်းပြည်များမှ အာဏာစက်သည် အကာအကွယ်မဲ့သော မိမိတို့ နန်းမြို့ရိုးအတွင်းမှ ဆေးရောင်ခြယ်ထားသည့် အာဏာစက်နှင့် မည်မျှကွာခြားကြောင်းကို အသိဆုံး၊ ကမ္ဘာ့မြို့တော်များနှင့် တိုင်းတစ်ပါးသားများအကြောင်းကို အသိဆုံးသူမဟုတ်လော။ ဖဲင်နီသည် မိဖုရားများနှင့် ရွှေနန်းတော်ကြီး၏ အတွင်းရေးများထဲတွင် နှံ့စပ်သိသူဟု သူ့ကိုယ်သူ အထင်ရောက်ခဲ့၏။

ရွှေနန်းတော်ကြီးထဲသို့ ဝင်ဖန်ထွက်ဖန်များလာသည့်အခါ၌ အင်းဝရွှေနန်းရှင်သည် ကြီးစွာသော ရာဇဣန္ဒြေကို ဆောင်နေရသော်လည်း စင်စစ်တွင် နိုင်းရာကိုလုပ်နေရသော ကလေးငယ်တစ်ယောက်သာတကားဟု သိမြင်လာခဲ့ကာ စိတ်မသက်မသာဖြစ်ခဲ့၏။ ယခုမူ ထိုအမြင်သဲ့ည် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်စပြုခဲ့လေပြီ။ ဖဲင်နီသည် အဆောင်အယောင်အခမ်းအနားတို့ကို အစိုးရသော အာဏာစက်တစ်ရပ် ပေါ်ပေါက်ခဲ့လေပြီဟု ထင်မှတ်လာခဲ့လေပြီ။

ထိုသည်နှင့် တစ်ပြိုင်တည်းမှာပင် ခေတ်သစ်ယဉ်ကျေးမှု၏ အဆောက်အအုံကြီးဟုခေါ်ကြသော ရေတပ်နှင့် ကြည်းတပ်အင်အား၊ စက်မှုအင်အားတို့ တောင့်တင်းသည့် အသက်ကင်းမဲ့လျက်ရှိနေသော အာဏာစက်တစ်ရပ်ရှိ၍ ဤအာဏာစက်သည် အင်းဝရွှေနန်းတော်အား ခြိမ်းခြောက်နေသည်ကို မေ့လျော့စပြုလာခဲ့ပြီ။

ထိုခြိမ်းခြောက်မှုသည် ပြင်းထန်မာကျောသော အကောင်အထည်တစ်ရပ်အဖြစ် အချိန်မရွေး ပြောင်းလဲသွားနိုင်သည်ဆိုသည်ကိုလည်း ဖဲင်နီ မေ့လျော့စပြုလာခဲ့ပေပြီ။ အမှန်အားဖြင့် မန္တလေးနေပြည်တော်တွင် သူတွေ့နေရသည့် မျက်နှာဖြူတို့သည် မည်သို့



www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာဖြူလူမျိုးများနည်း။ ဗြိတိသျှအုပ်စိုးသော အောက်မြန်မာပြည်သို့ မပြန်နိုင်ကြသော အရက်သမား၊ ကစားသမား၊ လူလိမ်အင်္ဂလိပ်များကိုသာ ဖဲင်နီတွေ့နေရသည်။ ရွှေနန်းတော်ကြီးမှ မျက်နှာသာရအောင် ခယဝယလုပ်နေကြသည့် ပြင်သစ်နှင့် အီတလီသာသနာပြုအဖွဲ့ဝင်များကိုသာ သူတွေ့နေရသည်။

ကုန်သွယ်မှုကို အကြောင်းပြကာ မိမိတို့နိုင်ငံအတွက် ခြေပုန်းခုတ်နေကြသော ပြင်သစ်၊ အီတာလျံ၊ ဂရိနှင့် ဂျာမနီစသည့် ကုန်သည်လူရှုပ်များကိုသာ သူမြင်နေရသည်။ ခပ်ပေါ့ပေါ့နေတတ်၍ လေ့ကျင့်မှုနည်းနည်းငယ်မျှမရှိသော မြန်မာတပ်ထဲတွင် အီတာလျံနှင့် ပြင်သစ်စစ်သင်တန်းဆရာများ ရှိနေသည်။ တစ်ခါတစ်ရံတွင် သူတို့သည်လခမရသည့်အတွက် ယင်းတို့နှင့် ပတ်သက်ရာပတ်သက်ကြောင်း ကောင်စစ်ဝန်များကို အတင်းအကျပ်တိုင်ကြသည်။

အီတာလျံကောင်စစ်ဝန် ဆန်ဒရေနိုသည် တစ်ဘက်တွင် ဗြိတိသျှဘားမားသစ်ကုမ္ပဏီ၏ သူလျှိုဖြစ်နေပြီး အင်္ဂလိပ်အရာရှိများကို များစွာ အနှောင့်အယှက်အတားအဆီးလုပ်တတ်သည်။ ထိုစဉ်က ဆန်ဒရေနိုသည် ရွှေနန်းတော်ထဲတွင် တာဝန်ကျသူဖြစ်သဖြင့် အနှောင့်အယှက်ပေးနိုင်သည့် အခွင့်အရေးများလည်း ရှိနေတတ်သည်။ ဖဲင်နီသည် အီတာလျံ ကောင်စစ်ဝန်ဆန်ဒရေနို၏ မြင်းတပ် ဗိုလ်ဟန်ပန်နှင့် သူ့မုတ်ဆိတ်မွေးများကိုလည်း သဘောကျနေသည်။ မည်းနက်နေသည့် သူ့လက်သည်းများကိုပင် သတိမထားမိ။ ဆန်ဒရေနိုသည် သူ့ကိုသဘောကျနေကြောင်းကိုလည်း ဖဲင်နီသိသည်။ ဆန်ဒရေနိုကိုယ်တိုင်ကမူ ဖဲင်နီ့အပေါ်တွင် ဖော်ဖော်ရွေရွေရှိသည့်တိုင် သူ့ဇနီးနှင့် သားသမီးများကမူ သူ့ကို သိပ်အဖက်လုပ်ချင်ဟန်မတူ။ သူ့ကိုများမနာလို တိုရှည်ဖြစ်နေကြသလော မသိ။

ဖဲင်နီသည် သူ့ဘာသာသူ သဘောကျ၍ တခစ်ခစ်ရယ်လိုက်သည်။ ဆန်ဒရေနိုမှာ ရွှေနန်းတော်ကြီးထဲသို့ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ခွင့်ရသည့် တစ်ဦးတည်းသော နိုင်ငံခြားသားဖြစ်နေသဖြင့် ယခုတစ်လောတွင် ဖဲင်နီသည် သူနှင့်မကြာခဏ ဆုံဖြစ်နေသည်။သူ့ခင်ပွန်းဖြစ်သည့် မာလီန်ဘက်ရှောကမူ ဆန်ဒရေနိုကို သဘောမတွေ့လှ။ သို့ရာတွင် ဖဲင်နီစိတ်မပူ။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည့် ကုလားမြို့နှင့်ဝေးရာ ဟသ်ာပြဒါးနှင့် ရွှေရောင်တောက်နေသော နတ်သမီးပုံပြင်ထဲသို့ ရောက်သည်ဆိုလျှင် ဖဲင်နီတစ်ယောက် ဘာကိုမျှနောက်ဆံမတင်းတော့ပြီ။

နန်းမြို့ခံ့တပ်ဝသို့ ရောက်သည့်အခါတွင် ဖဲင်နီစီးလာသည့်လှည်းမှ လှည်းသမားသည် လှည်းကိုရပ်လိုက်၏။ ဖဲင်နီသည် သူ့ခန္ဓာကိုယ်လေးကိုဖော့ကာ လှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး စုဖုရားလတ်အတွက် ပါလာသောလက်ဆောင်ကို ယူသည်။ လက်ဆောင်မှာ မန်ချက်စတာမှလုပ်သည့် ပွင့်ရိုက်လည်စည်းလေးဖြစ်၏။ ဖဲင်နီသည် လည်စည်းကို ချိုင်းကြားတွင်ညှပ်ကာ အနောက်ဆောင်ထဲသို့ ဝင်လာခဲ့၏။ သဘော်ဆေးခြယ်ထားသည့် အီတာလျံခန်းဆောင်ထဲသို့ အရောက်တွင် ဆင်ဖြူမရှင်နှင့် စုဖုရားလတ်တို့ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com


စုဖုရားလတ်နှင့် ဆင်ဖြူမရှင်တို့သည် ဇရက်ဆဲကော်ဇောကြီးပေါ်တွင် ထိုင်ကာ နန်းဆီပွင့်ကြီးပေါ်တွင် နိုင်ငံခြားနှင့် ပြည်တွင်းထွက် ကျောက်မျက်ရတနာများကို ရွေးချယ်နေကြသည်။ ဖိနပ်ချွတ်၍ဝင်လာသော ဖဲင်နီသည် ခန်းဆောင်ဝသို့ရောက်လျှင် တောက်ပပြိုးပြက်နေသော ရတနာပုံကြီးကို မြင်လိုက်ရသဖြင့် အာမေဋိတ်သံပြုလိုက်မိ၏။

သည်လောက်များပြားလှသော ရတနာတို့ကို ဖဲင်နီတစ်ခါမျှ မမြင်ဖူးသေး။ ဆင်ဖြူမရှင်မှာ ဖဲင်နီ့ကို ချစ်ခင်အရေးပေးသည့်အလျောက် ဖဲင်နီ့ကိုမြင်လျှင် ပြုံးလိုက်သည်။ စုဖုရားလတ်ကလည်း သူ့ကိုမြင်သည်တွင် အပူအပင်ကင်းမဲ့သည့် ကျောင်းသူတစ်ယောက်လို အားရပါးရပြုံး၏။ စုဖုရားလတ်က ကော်ဇောပေါ်တွင် တစ်ပုံစီပုံထားသည့် ရတနာပုံများထဲသို့ သေးသွယ်ညိုမောင်းသည့် လက်ချောင်းလေးများဖြင့် ကျုံးယူရင်း . . .

"ကြည့်စမ်း . . . ဖဲင်နီရယ်၊ မလှဘူးလားဟင်။ ထိပ်စုဖျားမှာ ရတနာဆိုလို့ ဘာမမှ ရှိတော့ဘူး။ ဒါလေးပဲရှိတော့တယ်"

ဖဲင်နီက နန်းတွင်းသူများခစားလေ့ရှိသည့် ထုံးစံအတိုင်း ပုဆစ်တုပ်၍ခစားရင်း . . .

"လှလိုက်တာ . . . ထိပ်စုဖျားရယ်၊ ဒါတွေအားလုံး ရွှေတိုက်တော်ထဲက ထုတ်လာတာလား"

"မဟုတ်ပါဘူး။ တခြားမိဖုရားတွေနဲ့ သူတို့သမီးတွေရဲ့ လက်ဝတ်လက်စားတွေပါ"

"ဟင် . . . ဟုတ်လား"

စုဖုရားလတ်သည် ဖဲင်နီ တအံ့တသြဖြစ်နေသည်ကို သတိမပြုနိုင်ဘဲ စိန်ဘယက်တစ်ကုံးကိုယူ၍ လက်ဝါးပေါ်သို့ တင်ပြလိုက်ရင်း ကြော့ရှင်းသည့် လည်တိုင်ကိုဟိုမှသည်မှ လှည့်ပြလိုက်ပြီးနောက် . . .

"စိန်ဘယက်ဆင်ရင် မိဖုရားခေါင်ဖြစ်ပြီပေါ့ ဟုတ်လား"

ဟုဆိုကာ လည်တွင်ဆွဲကြည့်သည်။ ဆင်ဖြူမရှင်သည် သူ့စရိုက်အတိုင်း ထောင်းခနဲဖြစ်သွားကာ စိန်ဘယက်ကို လှမ်းဆွဲလိုက်၏။ စိန်ဘယက်သည် စုဖုရားလတ်၏ ဆံထုံးနှင့်ငြိနေသဖြင့် စုဖုရားလတ်က ခေါင်းကိုလက်ဖြင့်ဖိထားရင်း အော်နေသည်။ အမေနှင့်သမီးသည် တစ်ယောက်ကိုတစ်ယောက် စိမ်းစိမ်းကြီးကြည့်နေကြသည်။ တောက်ပပြိုးပြက်နေသော စိန်ဘယက်ကို တစ်ဖက်စီ ဆွဲထားကြသည်။

သူတို့မျက်လုံးအစုံသည် ဒေါသကြောင့် တဖျတ်ဖျတ်တောက်နေကြသည်။ နောက်ဆုံးတွင် စုဖုရားလတ်သည် အလျှော့ပေးကာ ဆံပင်တွင်ငြိနေသည့် စိန်ဘယက်ကို ဖြုတ်၍ ဆင်ဖြူမရှင်လက်သို့ ကမ်းပေးလိုက်သည်။ ဆင်ဖြူမရှင်သည် ရတနာပုံများကို သူ့အနားသို့ ရွှေ့ယူလိုက်လျက် . . .

"ခုလောလောဆယ်မှာတော့ တောင်ညာစံမဟေသီတစ်ပါးပဲ ရှိသေးတယ်ဟဲ့"

စုဖုရားလတ်သည် မည်သို့မျှမပြောတော့ဘဲ မျက်လွှာကိုချကာ လက်နှစ်ဖက်ကို ပေါင်ပေါ်တွင်ယှက်တင်၍ ငြိမ်သက်စွာ ထိုင်နေသည်။

---

လဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဖင်နီ . . . ဒီရတနာပုံတွေကိုစုပြီး သေတ္တာထဲထည့်လိုက်စမ်း။ ဒီလောက်ကြည့်ရရင် တော်ပြီ"

ဖင်နီကလည်း ထိုရတနာများကို ကိုင်ကြည့်ချင်နေသဖြင့် အတော်ဖြစ်သွားကာ နိုင်းသည့်အတိုင်း သေတ္တာထဲသို့ ထည့်နေသည်။ ဆင်ဖြူမရှင်သည် ရွှေသားဖြင့် ပြုလုပ်ထားသည့် ရတနာသေတ္တာအဖုံးကို အသံမြည်အောင် ခပ်ပြင်းပြင်းပိတ်လိုက်ပြီးနောက် မှီအုံးများခံထားသည့် သလွန်ထက်တွင် ပစ်ထိုင်ချလိုက်သည်။ ထိုစဉ် ရွှေနန်းတော်အမှုထမ်းတစ်ဦးရောက်လာကာ အဆောင်ထဲတွင် တိုင်တားမင်းကြီး ရောက်နေကြောင်း၊ နန်းမတော်ဖုရားထံ အခစားဝင်လိုသည်ဟု ပြောနေကြောင်းဖြင့် ရှိသေစွာလျှောက်ထားသည်။ ဆင်ဖြူမရှင်သည် စိတ်ဆိုးဆိုးဖြင့် ငြင်းလိုက်၏။ သို့ရာတွင် ချက်ချင်း စိတ်ပြောင်းသွားကာ ဣန္ဒြေဆယ်လိုက်ရင်း ဝင်စေအမိန့်ချလိုက်သည်။ ငြိမ်သက်စွာထိုင်နေသည့် စုဖုရားလတ်သည် ထိုင်ရာမှထကာ ဖင်နီလက်ကိုဆွဲလျက် . . .

"လာ . . . ဖင်နီ။ ပန်းတော်ထဲ တို့သွားချည်ရအောင်။ ဖင်နီကို စကားပြောစရာရှိတယ်"

ဟု ခေါ်သည်။ ဖင်နီသည် ဆင်ဖြူမရှင်ကို ဂါရဝပြုကာ ခပ်ယို့ယို့ထလိုက်လာခဲ့၏။ ဆင်ဖြူမရှင်ကား သူ့ဂါရဝပြုသည်ကို ဂရုပင်မစိုက်ချေ။ ဖင်နီသည် စုဖုရားလတ်နောက်ပါးမှ ကျောက်ဖြူခင်းထားသည့် ရွှေနန်းတော်စင်္ကြံဘက်သို့ ထွက်လာခဲ့သည်။ သူတို့နှစ်ဦးသည် ကျောက်ဖြူလှေကားအတိုင်းဆင်းလာကာ အနောက်ပန်းခုံတော်ထဲသို့ လာခဲ့ကြသည်။ ထိုနေ့မနက်၌ ပန်းခုံတော်ထဲတွင် ထူးထူးဆန်းဆန်း လူသူရှင်းလျက်ရှိ၏။ ပေါ့တလင်အင်္ဂတေဖြင့် ပြုလုပ်ထားသည့် လိုက်ဂူများနှင့် ကျောက်စမ်းရေအိုင်အနီးတွင် အပျိုတော်အချို့ကိုသာ တွေ့ရပြီး ယင်းတို့မှာလည်း အခါတိုင်းကဲ့သို့ ပျော်ရွှင်မြူးထူး ရယ်မောခြင်းမရှိကြ။

သို့ရာတွင် အနောက်ဆောင်ပန်းခုံတော်ထဲတွင် ထူးထူးဆန်းဆန်း တိတ်ဆိတ်နေသည့်အတွက်မှု သူ့စိတ်ထဲတွင် လေးနေသည်။ ရွှေနန်းတော်ကြီးနှင့် ခပ်လှမ်းလှမ်းသစ်ပင်အကွယ်သို့ရောက်လျှင် စုဖုရားလတ်သည် မြွေပေါက်လိုက်သကဲ့သို့ သူ့ထုံးစံအတိုင်း လျင်မြန်သောအရှိန်ဖြင့် ဖင်နီဘက်သို့ ဆတ်ခနဲလှည့်လိုက်လျက် . . .

"ဖင်နီ . . . ထိပ်စုဖျားအတွက် မင်းချင်းတစ်ယောက် မြန်မြန်ခေါ်ပေးစမ်းပါ။ ဆီလာအာရတွန်ကို ခုချက်ချင်းလာတွေ့ဖို့ အခေါ်လွှတ်ချင်တယ်။ ဘာရပ်ကြည့်နေတာလဲ ဖင်နီရဲ့၊ မြန်မြန်သွားခေါ်ပေးစမ်းပါ"

ဖင်နီသည် ခပ်လှမ်းလှမ်းသို့ လှမ်းကြည့်လိုက်ရာ စမ်းချောင်းထဲတွင် ဆော့ကစားနေသည့် အသက်ခုနစ်နှစ်အရွယ် သူငယ်လေးတစ်ယောက်ကို မြင်လိုက်ရသည်။ ထိုသူငယ်ကလေးမှာ သီပေါစော်ဘွား၏သားငယ်မှန်း ချက်ချင်းသိလိုက်သည်။ ထိုအချိန်က အင်းဝရွှေနန်းနှင့် မြောက်ပိုင်းရှမ်းစော်ဘွားတို့ မသင့်မမြတ်ဖြစ်နေသဖြင့် သီပေါစော်ဘွား၏သားငယ်ကိုဖမ်းပြီး အကျယ်ချုပ်ထားကြခြင်း ဖြစ်သည်။

---



www.burmeseclassic.com

www.burmeseclassic.com


ဖင်နီသည် ဒူးတုပ်သဖြင့် ဂါဝန်ကိုစွန်တောင်ဆွဲကာ ထိုကလေးဆီသို့ ပြေးလာခဲ့သည်။ သူငယ်ကလေးသည် ခေါ်သံကြားသဖြင့် ရေထဲတွင် လက်နှိုက်ဆော့ကစားခြင်းကို ရပ်ကာ နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ သူငယ်လေးသည် ရွှေငါးကလေးများကို ဖမ်းနေရာမှ အရေးတကြီးဖြစ်နေသည့် ဖင်နီ့မျက်နှာကို သေးငယ်စူးရှသော မျက်လုံးကလေးများဖြင့် စိုက်ကြည့်နေသည်။

"မောင်လေး . . . သွား။ နန်းမြို့ပြင်ဘက်ကိုသွားပြီး ဆီလာအာရတွန်ကို သွားခေါ်ချည်စမ်း။ ထိပ်စုဖျားက အခေါ်လွှတ်တယ်လို့ပြော"

သူငယ်ကလေးသည် အသက်နှင့်မလိုက်အောင် တည်ငြိမ်သောမျက်နှာထားဖြင့် ဖင်နီကို ကြည့်နေသည်။

လူမည်ကလေးမျှသာ ရှိသေးသဖြင့် ဘဝအန္တရာယ်တို့ကိုလည်းကောင်း၊ ရွှေနန်းတော်တွင် အတင်းအဖျင်းများကိုလည်းကောင်း သူနားမလည်။

သူငယ်ကလေးသည် ခြေထောက်တွင် ရေတွေစိုနေလျက် ဖင်နီခိုင်းသည့်အတိုင်း ခြေကုန်သုတ်၍ ပြေးသည်။ ဖင်နီသည် သူ့အတွက်အန္တရာယ်ရှိမှန်းသိသည့်တိုင် မကြောက်မရွံ့ ပေါ့ပါးသွက်လက်စွာပြေးသွားသော သူငယ်ကလေးကို မျှော်ငေးကြည့်ရင်း ရယ်လိုက်မိသည်။ ခဏကြာလျှင် စုဖုရားလတ်ကိုယ်တိုင်မှာလည်း မျက်နှာသုန်မှုန်နေသည့်တိုင် သူငယ်ကလေးကိုကြည့်၍ မရယ်ဘဲမနေနိုင်တော့ဘဲ သွားများပေါ်အောင် အားရပါးရ ရယ်မောလျက်ရှိသည်။ ဖင်နီသည် စုဖုရားလတ်ထံသို့ ပြန်ပြေးလာခဲ့ကာ အနားသို့ရောက်သည့်အခါတွင် ကိုယ်ရှိန်သတ်ခစားရင်း . . .

"နေစမ်းပါဦး . . . ထိပ်စုဖျားရဲ့ ဆီလာကို ဘာကြောင့် အခေါ်ခိုင်းရတာလဲ။ ဖင်နီမသိနိုင်တဲ့ ကိစ္စမို့လား"

ဖင်နီ၏စိတ်ထဲတွင် သူ့ကိုကျော်၍ ဆီလာကိုခေါ်သည့်အတွက် မနာလိုဝန်တိုဖြစ်လျက်ရှိသည်။

စုဖုရားလတ်က မျက်နှာထားခပ်တည်တည်ဖြင့် . . .

"နောက်တစ်ခါတော့ ဖင်နီ အလှည့်ပေါ့။ ခုတော့ နေဦး"

ဟုဆိုကာ ဖင်နီကိုကြည့်၍ သဘောကျသွားဖြင့် ရယ်လိုက်လျက် . . .

"ထိပ်စုဖျား . . . ဘာပြောမလဲဆိုတာကို နားထောင်ကြည့်ဦးပေါ့။ အဲဒီတော့မှ ဖင်နီကိုမခေါ်ဘဲ ဘာကြောင့် ဆီလာကိုခေါ်ရတယ်ဆိုတာ သိလာလိမ့်မယ်"

ပန်းခုံတော်ထဲရှိ မြက်ခင်းအစွန်တွင် ပြာသာဒ်ဆောင်ကလေး တစ်ခုမိုးထားသည့် အဆောင်တစ်ခုရှိရာ စုဖုရားလတ်သည် ထိုအဆောင်ဆီသို့လှမ်းလာခဲ့ပြီး အဆောင်ထဲတွင် ခင်းထားသည့် ကော်ဇောပေါ်သို့ ထိုင်ချလိုက်သဖြင့် ဖင်နီမှာလည်း အပါးမှလိုက်လာကာ အနီးတွင် ဝင်ထိုင်လိုက်ရင်း သူတို့နှစ်ယောက်သည် ဆီလာကို စောင့်မျှော်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆီလာမှာ ရွှေနန်းတော်ကြီးမှ အရေးပေးခံရမည့်အချိန်ကို စောင့်မျှော်နေသည့် ဥရောပသားများနှင့် ကပြားများထုံးစံအတိုင်း မကြာမီအတွင်းမှာပင် ဥပုသ်ဆောင်အတွင်းသို့ ရောက်လာခဲ့သည်။ နောက်ငါးမိနစ်အကြာတွင် ဆီလာသည် နေရောင်ခြည်ဝင်းပသော ပန်းခုံတော်မြက်ခင်းပေါ်သို့ ရောက်လာကာ ဒူးတုပ်ခစားလျက်ရှိ၏။ စုဖုရားလတ်သည် တမင် လုပ်ထားသည့် ချိုသာသောအသံဖြင့် သူ့ကို ရေနွေးသို့တိုး၍ ခစားရန်ခေါ်သည်တွင် အဆောင်တွင်းသို့ဝင်လာကာ ကော်ဇောတွင် ပုဆစ်တုပ်ထိုင်၍ ခစားလျက်ရှိလေ၏။ စုဖုရားလတ်က ရေသို့ကိုင်းညွတ်ကာ ပို၍ချိုသာသော အသံဖြင့် . . .

"ဆီလာ . . . ဆီလာရဲ့မေမေ့ဆီကို ထိပ်စုဖျား စကားတစ်ခွန်းပါးချင်တယ်။ သွားပြော ပေးပါ"

ဆီလာက လက်အုပ်ချီ၍ မြှောက်ပြကာ ခေါင်းကိုငုံ့လိုက်သည်။

"ဆီလာ့မေမေ့ကို ပြောပေးပါ။ သူ့အစ်မဝမ်းကွဲ လောင်းရှည်မိဖုရားဆီသို့ သွားပေး ပါလို့။ ဟိုရောက်တော့ ခုထီးနန်းဆက်ခံတဲ့ သီပေါကိုယ်တော်လေးကို ထိပ်စုဖျားက အမှာ စကားတစ်ခုရှိတယ်လို့ ပြောပေးပါ"

ဖဲင်နီသည် ထိုစကားကို ကြားရအောင် စိတ်အားထက်သန်စွာဖြင့် နားထောင်နေ သည်။ မိမိကိုယ်တိုင်လည်း သီပေါကိုယ်တော်လေးကို မကြာသေးမီက ဖူးတွေ့ခဲ့သေးရာ စုဖုရားလတ်ခေါ်သည်ဆိုလျှင် သီပေါကိုယ်တော်လေးသည် ချက်ချင်းလိုက်လာမည်ဟု သိ လိုက်သည်။ သီပေါကိုယ်တော်လေးသည် နာခံရန် အမိန့်ပေးမည့်သူတစ်ယောက်ကိုတွေ့ ၍ ဝမ်းသာမည်အမှန်။ စုဖုရားလတ်က ပြတ်သားစွာဖြင့် တစ်လုံးချင်းပြောနေသည်။

"ထိပ်စုဖျားကို လာခိုးလှည့်ပါလို့။ မယ်တော်ဆင်ဖြူမရှင်ရဲ့လောင်းရိပ်အောက်က လွတ်အောင် အမြန်ခေါ်လှည့်ပါလို့။ ထိပ်စုဖျား အတူနေချင်လှပြီလို့ပြော။ ဒီကိုလာရင်လည်း သူ့ဆံပင်ကို ထုံးပေးဖို့ ထိပ်စုဖျားကို အခေါ်လွှတ်ပါလို့"

"မှန်ပါ . . . ထိပ်စုဖျား။ ကျွန်တော်မ နားလည်ပါတယ်ဖျား။ ထိပ်စုဖျားကိုလာခေါ် တော်မူပါ။ မယ်တော်ဆင်ဖြူမရှင်ရဲ့စကားကို နားမထောင်နဲ့လို့ လျှောက်ရမှာမဟုတ်လား ဖျာ့။ ထိပ်စုဖျားကိုလည်း သိမ်းပိုက်တော်မူပါလို့"

စုဖုရားလတ်က ရယ်မောရ၍ ခေါင်းတညိတ်ညိတ်လုပ်ရင်း . . .

"ဟုတ်တယ် . . . ၊ ဆီလာက ဘယ်ဆိုးလို့လဲ။ တယ်အကင်းပါးပေတာပဲ။ ဒီတော့ ဆီလာ့မေမေဆီကို ခုအမြန်သွား။ ဟိုရောက်တော့ လောင်းရှည်မိဖုရားဆီကို သွားပြော။ အကျိုးအကြောင်းကို မိုးမချုပ်ခင် အကြောင်းပြန်ပါလို့လည်း ပြောခဲ့"

ဆီလာထွက်သွားသည့်အခါတွင် ဖဲင်နီသည် နှစ်သက်ခြင်း၊ အံ့ဩခြင်းတို့ကြောင့် ပါးစပ်အဟောင်းသားဖြင့် မလှုပ်မယှက် ထိုင်နေမိသည်။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


စုဖုရားလတ်မှာ အထူးစိတ်လက် ရွှင်လန်းလျက်ရှိသဖြင့် ဖြူဖွေးပါးလွှာသော ပါးပြင်ပေါ်တွင် နှင်းဆီရောင်စို့စို့သမ်းလျက်ရှိကာ ကိုယ်ကို ရှေ့တိုးနောက်ငင် ကစားလိုက်ပါသည်။

"ဖင်နီကတော့ ရွှေနန်းတော်ကြီးထဲမှာ အမြဲနေတာမဟုတ်ဘူး။ ဒါပေမဲ့ ဖင်နီဟာ အလွန်အကင်းပါးထက်မြတ်တဲ့ မိန်းမတစ်ယောက်ပေါ့။ ရွှေနန်းတော်ကြီးထဲမှာ လူတိုင်းသိနေကြသလို တချို့အကြောင်းတွေကိုလည်း ဖင်နီကြားပြီးရောပေါ့။ ဒါပေမဲ့ သူတို့ကတစ်ဆင့်စကားအဖြစ်ကြားရတာ။ ဖင်နီကတော့ ထိပ်စုဖုရားရဲ့ကိုယ်တိုင်ပြောတာကို နားနဲ့ဆက်ဆက်ကြားရတာ။သီပေါကိုယ်တော်လေးကို ဘုရင်ဖြစ်အောင်မြှောက်ခဲ့တဲ့သူဟာ မယ်တော်ဆင်ဖြူမရှင်ကိုယ်တိုင်ပဲ။ မယ်တော်ရဲ့နောက်မှာ အဘိုးကြီးနှစ်ယောက်က ထောက်ခံနေတယ်။ တိုင်တားမင်းကြီးဟာ မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးပဲ။ မင်းကြီးဟာ သူတို့တိုင်းပြည်ကိုချစ်တယ်။ တခြားတစ်ယောက်လို စိတ်မပျော့ဘူး။ စိတ်မာတယ်။ ကင်းဝန်မင်းကြီးကတော့ ကုလားပြည်အနှံ့ကို ရောက်ခဲ့ဖူးတယ်။ ဒီတော့ ထိပ်စုဖုရားအနေနဲ့ ကင်းဝန်မင်းကြီးကိုတော့ အရာကဖယ်ရလိမ့်မယ်"

ဖင်နီသည် မယုံကြည်နိုင်သောအကြည့်ဖြင့် စုဖုရားလတ်ကို ငေးကြည့်နေသည်။ ကင်းဝန်မင်းကြီးသည် (လန်စဒင်ကမူ ကင်းဝန်မင်းကြီးကို ကွင်းပြင်ထဲတွင်ရှိသည့် အသိမ်မွေ့ဆုံးသော သတ္တဝါဟုခေါ်သည်။) အင်းဝရွှေနန်းတွင် လူလေးစားကြည်ညိုမှုကို အခံရဆုံးပုဂ္ဂိုလ်ကြီးဖြစ်၍ ကျော်ကြားသည့် စစ်သူကြီးတစ်ဦးဖြစ်သည်။ တိုင်တားမင်းကြီးသည်လည်း ကြီးကျယ်သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်၍ ကျော်ကြားသည့် စစ်သူကြီးတစ်ဦးဖြစ်သည်။ တိုင်တားမင်းကြီး၏ဝိညာဉ်သည် လူများစွာတို့၏အသက်သွေးဖြင့် ထုပိန့်စွာ လိမ်းပြီးဖြစ်လျက် ကင်းဝန်မင်းကြီးမှာမူ အစစအရာရာတွင် နှိုင်းနှိုင်းချိန်ချိန်၊ စဉ်းစဉ်းစားစားဖြင့် လုပ်ဆောင်တတ်သူဖြစ်သည်။ ကင်းဝန်မင်းကြီးသည် ကမ္ဘာအနှံ့သို့ ခရီးသွားခဲ့ဖူးပြီး၊ ပြင်သစ်ဘာသာစကားကိုလည်း ကောင်းစွာတတ်ကျွမ်း၍ မင်းတုန်းမင်းကြီးကိုယ်တိုင်က ဉာဏ်ကြီးပါပေသည်ဟု ထုတ်ဖော်မိန့်မြွက်ခြင်းခံရသူ ဖြစ်သည်။

တိုင်တားမင်းကြီးနှင့် အယူအဆချင်းတူ၊ အကြံချင်းတူကြသည့် ဆင်ဖြူမရှင်ကိုယ်တိုင်ကပင်လျှင် သီပေါမင်းသားကိုနန်းတင်ရန် မိမိ၏အကြံအစည် အထမမြောက်မီတွင် ကင်းဝန်မင်းကြီးကို မိမိဘက်သို့ပါအောင် သိမ်းသွင်းရမည်ဖြစ်ကြောင်း သဘောပေါက်ခဲ့သည်။

ယခုမူ နေရောင်ခြည် စွေစောင်းဖြာကျနေသည့် ကော်ဇောပေါ်တွင်ထိုင်နေသည့် ပိန်ပိန်ပါးပါး၊ အသားညိုညို၊ အရုပ်ဆိုးဆိုးနှင့် ငယ်ရွယ်၍ အတွေ့အကြုံမရှိသည့် မိန်းကလေးသည် တိုင်းပြည်တွင် အကြီးကျယ်ဆုံးသော ပုဂ္ဂိုလ်ကြီးဖြစ်သည့် ကင်းဝန်မင်းကြီးကို အရာမှ ဖယ်ရှားပစ်မည်ဟု တည်ငြိမ်အေးဆေးစွာ ပြောဆိုနေပါပကော။

---



www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်ကို စိုက်ကြည့်နေသော ဖဲင်နီသည် အမေ၏ဦးခေါင်းကဲ့သို့ မော့ထောင်လျက်ရှိသည့် စုဖုရားလတ်၏ခေါင်းသည် ခမည်းတော် မင်းတုန်းမင်းကြီး၏ခေါင်းနှင့် ခပ်ဆင်ဆင်တူသည်ဟုလည်းကောင်း၊ တင်းကျပ်စွာစေ့နေသော နှုတ်ခမ်းပါးများသည် စိတ်ကြီးသော မယ်တော်ဆင်ဖြူမရှင်၏နှုတ်ခမ်းများနှင့် ခပ်ဆင်ဆင်တူသည်ဟုလည်းကောင်း၊ လှပတောက်ပြောင်သော မျက်လုံးများမှာ စုဖုရားလတ်၏ကိုယ်ပိုင်ဖြစ်သည်ဟုလည်းကောင်း ရုတ်တရက် သဘောပေါက်လာခဲ့သည်။

သံမဏိကဲ့သို့ မာကျော၍ မီးတောက်မီးလျှံကဲ့သို့လှုပ်ရှားနေကာ ဆုတ်နစ်ခြင်းမရှိသော မျက်လုံးအကြည့်ကိုထောက်၍ စုဖုရားလတ်သည် အဓိပ္ပာယ်မရှိသောစကားကို ပြောနေခြင်းမဟုတ်ကြောင်း ဖဲင်နီသိလိုက်သည်။ သေးငယ်ပါးလျားသော ခန္ဓာကိုယ်အတွင်းနှင့် အရုပ်ဆိုး၍ ပြတ်သားသောမျက်နှာပေါ်တွင် ဆင်ဖြူမရှင်၏ မျှော်မှန်းချက်ကို ချေဖျက်ဝါးမျိုပစ်နိုင်သော မီးလျှံတစ်ခု ညီးညီးတောက်နေသည်ကို မြင်ရသည်။ ဖဲင်နီက ခပ်တိုးတိုးဖြင့် . .

"ထိပ်စုဖျားက ဟိုတုန်းက သီပေါကိုယ်တော်ကလေးကို တကယ်ချစ်တာပေါ့ နော်"

အမှန်အားဖြင့် ယခုအချိန်တွင် သီပေါမင်းကို ဘုန်းတော်ကြီးသောဘုရားဟု ထီးနန်းသုံးအားဖြင့် ခေါ်ရမည်ဖြစ်သော်လည်း ဖဲင်နီသည် သူနားလည်သည့် စကားဖြင့်ပင် ပြောလိုက်သည်။ စုဖရားလတ်၏မျက်လုံးများသည် မှေးသွားကြ၏။ ထိုသို့ မျက်လုံးကို မှေးလိုက်ခြင်းသည် သူ့အာရုံတွေ အတွင်းသက္ကာန်ထဲသို့ ပြန်ကြည့်သော အကြည့်တစ်မျိုးဟု ဖဲင်နီနားလည်လိုက်သည်။ ထိုအကြည့်သည် ပျော့ပျောင်းချိုသာသော အကြည့်မဟုတ်။ ထက်သန်ပိုင်စိုးသော အကြည့်မျိုးဖြစ်ရာ သူ့အကြည့်သည် ဖဲင်နီ၏သွေးထဲသို့ စိမ့်ဝင်ပျံ့နှံ့သွားသည်ဟုပင် ထင်လိုက်ရသည်။

"ဘုန်းတော်ကြီးဘုရားကို ထိပ်စုဖျားပိုင်တယ်"

စုဖုရားလတ်သည် တိုးညင်းစွာပြောကာ လက်နှစ်ဖက်ကို ပေါင်ပေါ်တွင်ယှက်ထားရင်း နေခြည်ထဲတွင် မြစိမ်းရောင်မှ ရွှေရောင်သို့ ပြောင်းနေကြသော ပန်းခုံတော်ထဲမှ သစ်ပင်များကို လှမ်းကြည့်နေသည်။ ဖဲင်နီသည် ခေါင်းငုံ့လိုက်၏။ ခါတိုင်းဆိုလျှင် မိဖုရားများသည် မိမိတို့၏ကြင်ရာကို မောင်တော်ဟု ခေါ်လေ့ရှိသော်လည်း စုဖုရားလတ်မှာမူ သီပေါကိုယ်တော်လေးကို ဘုန်းတော်ကြီးသောဘုရားဟု ထူးထူးဆန်းဆန်း ခေါ်လိုက်သဖြင့် ရတနာပုံရွှေနန်းတော်ကြီးထဲတွင် တစ်စုံတစ်ရာ ထူးထူးခြားခြားဖြစ်နေလေပြီဟု အကဲခတ်လိုက်မိသည်။ ဖဲင်နီသည် ထိုအခေါ်ဝေါ်ကြောင့် တစ်ကိုယ်လုံးတုန်သွားကာ အပျိုစစ်စစ်ဖြစ်နေသော စုဖုရားလတ်ကို သနားသွားသည်။

စုဖုရားလတ်သည် ဖဲင်နီကိုကျော်ကာ နေရောင်ခြည်ဝင်းပနေသော ပန်းခုံတော်ထဲသို့ လှမ်းကြည့်လျက်ရှိသည်။ လှပသော သူ့မျက်လုံးများတွင် ရုတ်တရက် မျက်ရည်တွေဝေ့လာသည်။ (စုဖုရားလတ်တွင် အလှဆုံးအရာများမှာ ရှည်လျားသော ဆံပင်၊ သွယ်ပျောင်း



www.burmeseclassic.com

www.burmeseclassic.com


သောကိုယ်နှင့် မျက်လုံးများဖြစ်သည်။) စုဖုရားလတ်သည် ဝဲနေသော မျက်ရည်များကို ချက်ချင်း လက်ဖြင့်သုတ်ပစ်လိုက်၏။ ဖဲင်နီသည် ထ၍ ခါးညွတ်ကာ နောက်ပြန်ဆုတ်၍ထွက်လာခဲ့သည်။ ဖဲင်နီ၏အသိဉာဏ် တိမ်တိမ်ကလေးထဲတွင် အံ့ဩစိတ်နှင့်အတူ ဝိုးတဝါးသနားစိတ်ကလေးသည် အလိုလိုပေါ်လာသည်။ စုဖုရားလတ်သည် သူ့စိတ်ထဲတွင် လိုချင်သည့်အရာကို အမိန့်ပေးရုံသာ ပေးတတ်သူဖြစ်သည်။ လိုချင်ပြီဆိုလျှင်လည်း ငမ်းငမ်းတက်ပင်။

ဖဲင်နီအဖို့သော်မူ လူ့ဘဝကြီးနှင့်တွေ့ရသည်မှာ သိပ်မကြာလှသေးသည့်တိုင် ဘဝဟူသည် ကိုယ်လိုချင်တိုင်း ဘယ်တော့မှ ဖြည့်စွမ်းပေးသည်မဟုတ်ကြောင်းကို သိခဲ့လေပြီ။ သို့ရာတွင် စုဖုရားလတ်မှာမူကား လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် ပြန်၍ယှက်တင်ထားရင်း လိုက်ဂူများနှင့် ကျောက်စက်အိုင်များကို ကြည်နူးစွာ လှမ်းကြည့်လျက်။ တန်ခိုးအာဏာနှင့် အောင်မြင်မှုကိုလည်းကောင်း၊ မျှော်မှန်းချက်ကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သော်လည်း ချိုမြိန်သော ငယ်ရွယ်သူတို့၏ အချစ်သဘာဝကိုလည်းကောင်း တွေးတော အိပ်မက်မက်လျက်ရှိနေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# ၉

## မိန်းမတို့အကြောင်း

ဖင်နီသည် ကုလားမြို့တွင်သာ အချိန်ကုန်နေရလေပြီ။ ယခုအချိန်တွင် ခင်ပွန်း ဖြစ်သူ မာလိန်ဘက်ရှောမှာ ဗန်းမော်သို့ တစ်ဖန် ခရီးထွက်လျက်ရှိပြီး စုဖုရားလတ်မှာလည်း ရွှေနန်းတော်ကြီးထဲတွင် သီပေါမင်းနှင့်အတူ နေထိုင်လျက်ရှိသဖြင့် ဖနီအဖို့ ရွှေနန်းတော် ကြီးထဲသို့ အလည်အပတ် သိပ်မရောက်တော့ပြီ။ ထို့ကြောင့် ဖင်နီသည် သာသနာပြု ကျောင်း၊ အာရတွန်တို့အိမ်၊ တစ်ခါတစ်ရံတွင် တိတ်တိတ်ဆိတ်ဆိတ်ရှိလှသော ဒီလန်ဖေး တို့အိမ်နှင့် ပိုတိတ်ဆိတ်သော မစ္စတာဒါဗီရာတို့အိမ်များသို့ သွားရောက်လည်ပတ်စရာ ရှိတော့ရာ၊ ထိုအိမ်များမှာ ဖင်နီ၏ စိတ်အားထက်သန်၍ ကလေးဆန်သောမျက်နှာကို မမြင် ချင်အဆုံး၊ ဖင်နီ၏ ပျင်းပင်းရိရိညည်းညူသံကို မကြားချင်အဆုံး ဖြစ်နေကြသည်။

အက်ဂါသာမှာမူ ဒါဗီရာတို့အိမ်သို့ လည်ပတ်ခွင့်မရ။ သူတို့အိမ်တွင် မြန်မာလို ဝတ်သည့် သမီးပျိုများရှိသည့်ပြင် သူတို့သမီးများ မင်္ဂလာဆောင်ရာတွင်လည်း ဇရင်ကျီထုံးစံ အရ မင်္ဂလာဆောင်နှင်းခြင်းမပြုဘဲ မြန်မာတို့ကဲ့သို့ အိမ်မိုးတစ်မိုးအောက်တွင် အတူနေကာ ဒုံးတန်းတင် အကြင်လင်မယားအဖြစ် ဆောင်နှင်းပေးကြသဖြင့် အက်ဂါသာ၏ ဖခင်ဖြစ် သူ လန်စဒင်က နာခေါင်းရှုံ့သည်။

သို့ရာတွင် ဒါဗီရာသည် ကုလားမြို့ရှိ အင်္ဂလိပ်လူမျိုးမဟုတ်ဘဲ ပြင်သစ်လူမျိုးဖြစ် ကြောင်း၊ သူ၏အမည်မှာ ဂျက်စ်ဗီယာဖြစ်ကြောင်း စသဖြင့် ပြောပြသည်။ အင်္ဂလိပ်အသိုင်း အဝိုင်းသည် သူတိုက်သော ပြင်သစ်အရက်မှ အပဒါဗီရာကို နှစ်သက်ကြသည်။ ဖင်နီသည်



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်သွားရသည်ကို ပျော်၏။ သူတို့အိမ်ရောက်လျှင် ပြင်သစ်မိသားစုများတွင် တွေ့ရတတ်သော ဖော်ရွေပျူငှာမှုမျိုးကို တွေ့နိုင်သည်။ စကားစမြည်ပြောကြ၊ စားသောက်ကြဖြင့် မြန်မာလိုဝတ်သော မိန်းကလေးတစ်သိုက်နှင့်လည်း တွေ့နိုင်သည်။ ဖဲင်နီသည် ထိုသို့နေရသည်ကို ပျော်၏။

တစ်ခါတွင်မူ ပြင်သစ်အင်ဂျီနီယာတစ်ယောက်ဖြစ်သည့် ဗွန်ဗွိုင်ဆင်ဆိုသူသည့် လူငယ်တစ်ယောက်နှင့် တွေ့ရသည်။ ဖဲင်နီသည် သူ့အတွက် ပါးချိုင့်ကလေးတွေပေါ်အောင် ပြုံးပြကာ မျက်လုံးကလေးတွေရီလာအောင် ဝင့်ပြသည်။ ဗွန်ဗွိုင်ဆင်သည် ဆန်ဒရေနီထက် လုပသောမုတ်ဆိတ်ရှိပြီး လက်သည်းများကို ကောင်းစွာ ပွတ်တိုက်ထားသည်။ သီပေါမင်းတရားကြီးသည် ဗွန်ဗွိုင်ဆင်ကို စီမံကိန်းများအတွက် ငှားမည်ဟုလည်း သတင်းဖြစ်နေသည်။ သူ့ကို လှည်းကလေးပေါ်သို့ လိုက်ပို့သည့်အခါတွင် ဒါဗီရာက . . .

"ကိုယ်တို့အင်ဂျီနီယာလေးက မနိပ်ဘူးလား"

ဟု ဖဲင်နီကို မေးသည်။ ဖဲင်နီသည် ပါးချိုင့်လေးပေါ်အောင် ပြုံးပြကာ ခေါင်းညိတ်ပြလိုက်သည်။ သူ့သဘောကိုသိရန်လည်း ဒါဗီရာကို လှမ်းကြည့်လိုက်သည်။ သို့ရာတွင် ဒါဗီရာမှာ သူနှင့် သဘောတူပုံမရ။ ဘာကြောင့်မှန်းမသိ။ ဒါဗီရာသည် သင်္ဘောပေါ်တွင် သူတွေ့ခဲ့ရသည့် ဒန်းတားစ်နှင့် တူသလိုလိုရှိသည်။ ဒါဗီရာသည် အလုပ်အကိုင်ကသာ ပျံကျဖြစ်သော်လည်း အင်္ဂလိပ်တစ်ယောက်လို တိကျပြလိုက်ရင်း . . .

"ကိုယ့်လူမျိုးဆိုတော့ တတ်နိုင်သလောက် ရိုင်းပင်းရမှာပဲလေ။ မတတ်နိုင်ဘူး"

ဖဲင်နီသည် သူစက်ဆုပ်သည့် အောက်တန်းစားစိတ်မျိုး ရုတ်တရက်ဝင်လာသည်။ မိမိနှင့် ဗွန်ဗွိုင်ဆင်တို့သည် ဒါဗီရာတို့အမြင်တွင် အတူတူဖြစ်နေမည်လောမပြောတတ်။ ဖဲင်နီသည် စုဖုရားလတ်အကြောင်းကိုသိရန်းဖြင့် ဂျူလီတို့အိမ်သို့ မကြာခဏသွား၏။ အကယ်၍သာ မိမိသည် ရွှေနန်းတော်ကြီးထဲသို့ ဝင်ခစားနိုင်သည့်အခွင့်အရေးမျိုး ပျောက်သွားလိမ့်မည်ဟု ဖဲင်နီထင်နေမိသည်။ သို့ရာတွင် ဂျူလီ့ထံမှလည်း မန္တလေးရွှေနန်းတော်ကြီးနှင့်ပတ်သက်၍ မည်သည့်သတင်းပလင်းကိုမျှမရ။ ဂျူလီသည် အခွင့်အရေးရပါလျက်နှင့် ရွှေနန်းတော်ကြီးမှ မြှောက်စားအရေးပေးသည်ကို မယူတတ်ဟု ဖဲင်နီ မနာလိုဖြစ်နေသည်။

တစ်ခါတွင် ရွှေနန်းတော်ကြီးသို့ ဂျူလီကိုယ်တိုင်လုပ်၍ သွားသော ကိတ်မုန့်များကို သွားပို့စဉ် ပြဿနာတစ်ခုဖြစ်သည်။ အဆိပ်ခတ်မည်စိုးသည့်အတွက် ရွှေနန်းတော်ကြီးသို့ မည်သည့်အစားအသောက်မျှ ယူမလာရဟု စည်းကမ်းထုတ်ထားပါလျက် ဂျူလီက ကိတ်မုန့်တွေယူလာသည့်အခါတွင် ရွှေနန်းတော်တစ်ခုလုံး အုတ်အော်သောင်းတင်းဖြစ်ကုန်ကြသည်။ အစောင့်များသည် ဂျူလီ့လက်ထဲမှ ကိတ်မုန့်များကို သိမ်းယူရန်လုပ်သော်လည်း ဂျူလီကမပေး။ တောင်ပိုင်းပြင်သစ်သူပီပီ အစောင့်များနှင့် စကားများကြသည်။

ထိုအကြောင်းကို ဆင်ဖြူမရှင်သိသွား၍ စုံစမ်းကြည့်သည့်အခါ ဂျူလီသည် ပုတ်ရဟန်းမင်းကအစ မည်သူ့ကိုမျှ ကြောက်ခဲ့သူမဟုတ်သည့်အတိုင်း ဆင်ဖြူမရှင်အား လက်



www.burmeseclassic.com

www.burmeseclassic.com


အုပ်ချို၍ အကျိုးအကြောင်းကို လျှောက်တင်သည်။ သူကိုင်လာသည့် မုန့်ခြင်းကို လက်မှမချ။ ထိုနေ့မနက်၌ ဆင်ဖြူမရှင်သည် စိတ်မအီမသာ ဖြစ်နေသော်လည်း သူလျှောက်တင်ချက်ကို ကြားရသည့်အခါတွင် အားပါးတရ ရယ်မောကာ ခြင်းထဲမှမုန့်ကို ယူ၍ သုံးဆောင်သည်။ ဤသည်မှာ ဂျူလီအတွက် အောင်ပွဲကြီးဖြစ်ရာ ထိုအောင်ပွဲသည် ဂျူလီ၏ သတ္တိကြောင့်ရသော အောင်ပွဲကြီးဖြစ်ကြောင်းကို မနာလိုဝန်တိုဖြစ်လျက်ပင် ဖဲင်နီရှိးသားစွာ အသိအမှတ်ပြုသည်။

ဆံပင်ထုံးသည့်ကိစ္စနှင့်ပတ်သက်၍ ဂျူလီထံမှမဟုတ်ဘဲ ဆီလာ့ထံမှ ဖဲင်နီကြားရခြင်းဖြစ်သည်။

ဖဲင်နီသည် သာသနာပြုကျောင်းသို့ လက်ဖက်ရည်သောက် လာခဲ့သည်။ ထိုအချိန်က မစ္စတာလန်စဒင်မှာ သံတဲသို့သွားနေသဖြင့် အိမ်တွင်အက်ဂါသာတစ်ယောက်တည်း ဝတ်စုံတစ်စုံကိုချုပ်ကာ အလုပ်များနေသည်။ ဖဲင်နီသည် အက်ဂါသာလက်ထဲတွင် တွဲကျနေသော အစိမ်းရောင်ခပ်ပြောင်ပြောင်အစကို ကြည့်နေသည်။

အက်ဂါသာက စိတ်ညစ်သည့်ဟန်ဖြင့် မျက်မှောင်တွန့်၍ ဖဲင်နီကို မော့ကြည့်လိုက်၏။

"ဖဲင်နီရေ…ဒီဝတ်စုံကကြာရှည်ခံပါ့မလား မသိဘူး။ တော်ကြာပုံရိုးသွားမှဖြင့် ဒုက္ခ။ ကိုယ်ကလည်းဝတ်စုံများများစားစား ချုပ်နိုင်တာမဟုတ်ဘူး။ တစ်ထည်တစ်လေလောက်ပဲ ချုပ်နိုင်တာ။ ချုပ်တာရိုးသွားရင်တော့ ဒုက္ခပါပဲ။ ချက်ချင်းရိုးသွားတန်မယ် မထင်ပါဘူးနော်။ ဝတ်စုံခါးတွန့်တွေဘာတွေ မထည့်ဘူးကွယ်။ လက်မှာတော့ နည်းနည်းဖောင်းမယ်။ ပြီးတော့ လည်ပင်းအပိုင်းမှာ ဇာတွန့်လိုက်မယ်။ ဘယ့်နှယ်လဲ။ ဝတ်လိုက်ရင်တော့ ချပ်ချပ်ရပ်ရပ်လေးဖြစ်နေရမယ်။ ကိုယ့်ဘာသာကိုယ် ပုံကိုက်ကြည့်မလို့။ ကိုယ့်ကိုယ်ပေါ်မှာ မင်းကပ်ပေးထားပါလား"

စိတ်သဘောကောင်းသော ဖဲင်နီက…

"ကိုယ် ကပ်ထားပေးမယ်လေ။ ကပ်ပေးထားတာကတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ မင်းအစကြီးကို ကြည့်ရတာ ကိုယ်တော့ စိတ်ပျက်တယ်ကွယ်။ အလျင်တစ်ခေါက် ဆီလာ ရန်ကုန်သွားတုန်းက ကိုယ့်ဖို့ဝယ်လာတဲ့ ဝတ်စုံမျိုးချုပ်ပါလား။ ဝတ်စုံတစ်စုံလုံးမှာ အတွန့်တွေ၊ အဖောင်းတွေ၊ အနားတွေထည့်ထားတယ်။ ဇာပွင့်ကို နောက်ကျောမှာ ရွှေကြိုးသေးသေးနဲ့ ဆိုင်းထားတယ်။ ပြီးတော့ ရွှေရောင်ဖဲပွင့်ကို နောက်ကျောမှာ တပ်ထားတယ်။ ကုလားထိုင်တို့ဘာတို့မှာ နောက်မှီထိုင်လိုက်ရင်တော့ နောက်ကျောက ခိုးလိုးခုလုနဲ့။ ဖဲပွင့်က ကြေလည်း ကြေသေးတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ ရှေ့ကတော့ အားလုံးဇာချည်းပေါ့။ ရှေ့မှာဇာလေးထည့်တော့ ပိုလှတာပေါ့"

"ဒီလိုရာသီဥတုမျိုးမှာ ပိုးဇာကြီးဝတ်ရတာ စိတ်ပျက်တာပဲ။ ဟောဒီအစကလေးက ဒိုပြီးကောင်းတယ်။ ပြီးတော့ တစ်ခါလာလည်း ပန်းရောင်၊ တစ်ခါလာလည်း အပြာရောင်ဆို


www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ်လည်းစိတ်ပျက်လာတယ်။ ဒါကြောင့် အစိမ်းရောင်ကို ရွေးတာ။ ကိုယ့်အဖို့တော့ ဒီလို အနုပညာဆန်ဆန်ကလေးချုပ်ရင် ပိုကောင်းတယ် ထင်တာပဲလေ"

အက်ဂါသာ၏အသံမှာ ခပ်ကြွားကြွားလေးဖြစ်သဖြင့် ဖဲင်နီအနည်းငယ် စိတ်တို သွားကာ မည်သို့ပြန်ပြောရမည် မသိဘဲဖြစ်နေသည်။ သူ့အသံက အနုပညာဆန်ဆန်ဝတ် လျှင် အထက်တန်းကျသည့်ပုံလိုလို။

"အို ... ဒါကတော့ မင်းကိုယ်မင်း ရေချိုးခန်းကန်ထဲက တက်လာပြီး အဝတ်တန်းမှာ လှန်းထားတဲ့ပုံမျိုး အမြင်ခံနိုင်ရင်၊ ဇာနားမတပ်နိုင်လို့ ဒီလိုဝတ်တာလို့ သူများအထင်ခံနိုင်ရင် ပြီးတာပါပဲ။ မင်းမှာ နောက်ဆုံးရောက်တဲ့ ဖက်ရှင်မဂ္ဂဇင်းတို့ ဘာတို့ကော မရှိဘူးလား"

အက်ဂါသာက ပါးစပ်တွင် တွယ်အပ်များကို ကိုက်ထားရင်းမေးငေ့ပြသည်။ "အမျိုး သမီး" ဂျာနယ်တစ်စောင်၊ "မဟေသီ" ဂျာနယ်တစ်စောင်၊ "တိုင်းရင်းမေ" သတင်းစာတို့ ဖြစ်၏။ ဖဲင်နီသည်အားရဝမ်းသာဖြင့် ကောက်ယူလိုက်သည်။ ထိုစဉ်ဝရံတာမှ ခုံဖိနပ်သံတ ဒေါက်ဒေါက်ကြားရပြီးနောက် တံခါးဝတွင် ဆီလာပေါ်လာသည်။ ဝိုင်းစက်ပြုံးရွှင်သော ဆီလာ၏မျက်နှာသည်ခြင်သံဆန်ခါတပ် တံခါးတွင်ပေါ်လာသည်။ ဆီလာဝတ်ထားသည့် အဝတ်အစားတွင် ဘာမျှအနုပညာဆန်သည့် ပုံစံတွေမရှိ။ ဖဲင်နီကဲ့သို့ပင် အဖောင်းတွေ၊အ တွန့်တွေတပ်ထားသည့် ဥရောပဝတ်စုံကို ဝတ်ထားသည်။ ဖဲင်နီ၏ အပေါ်တွင် ကြိုးတပ် ဘော်ဒီဝတ်ထားပြီး အတွန့်အခေါက်ကလေးတွေကို နေရာတကျ ချထားသဖြင့် သူ့ခန္ဓာ ကိုယ်အလှသည် ထင်းထင်းပေါ်နေသည်။ ဆီလာကမူ ပါရီဖက်ရှင်အတိုင်း အတွန့်တွေအပေါ် တွင် ကန့်လန့်ဖြတ်၍ချုပ်ရိုးသီထားသည့်အတွက် ဂရိသူတွေဝတ်သည့် ဝတ်စုံကြီးလိုဖြစ် နေသည်။

အနုပညာဆန်မှုသည် အရေးကြီး၊ မကြီးဆိုသည့် ကိစ္စကို ဆီလာစိတ်မဝင်စား။ ဆီ လာသည် သတင်းထူးတွေကို ယူဆောင်လာခဲ့သည် ဖြစ်သည့်အတွက် သူကြားခဲ့ရသည်တို့ ကို ဖဲင်နီနှင့် အက်ဂါသာတို့ကို ပြောပြသည်။

"သီပေါမင်းတရားရဲ့ ဆံပင်ကို ထုံးတဲ့ ကိစ္စကတော့ ချောချောမောမော အောင်မြင် သွားပြီကွ။ ဖဲင်နီ မှတ်မိသေးတယ် မဟုတ်လား။ ထိပ်စုဖျားက ကိုယ့်အမေကိုခေါ်ပြီး လောင်း ရှည်မိဖုရားဆီ အသွားခိုင်းတဲ့ကိစ္စလေ"

"လောင်းရှည်မိဖုရားဆိုတာ ဘယ်မိဖုရားလဲကွ။ နေစမ်းပါဦး"

ဟု အက်ဂါသာက မျက်မှောင်ကိုတွန့်၍ စဉ်းစားဟန်ဖြင့် မေးသည်။

"သီပေါကိုယ်တော်ရဲ့မယ်တော်ကွာ။ မင်းကလည်း ဒီလောက်မှ မသိတော့ဘူး လား"

ဟုဖဲင်နီက စိတ်တိုတိုဖြင့် ပြော၏။ ဆီလာကမူ ခပ်တည်တည်ဖြင့်

"ကိုယ့်မေမေနဲ့ အစ်မဝမ်းကွဲလေကွာ။ မင်းလည်း သိသားပဲ။ သီပေါကိုယ်တော် လေးဘဝတုန်းက စာပြန်ဝင်တော့ကိုယ့်တို့ မေမေမဏ္ဍပ်ကို ကြီးကြပ်ပေးခဲ့ရတယ်လေ၊ အဲ



www.burmeseclassic.com

www.burmeseclassic.com


ဒီတုန်းက လောင်းရှည်မိဖုရားက အဆောင်အယောင်တွေ ရုပ်သိမ်းခံထားရတယ်။ ဘုန်းတော်ကြီးသောဘုရား နတ်ရွာစံတော့ လောင်းရှည်မိဖုရားကလည်း သီလရှင်ဝတ်နေတယ်။ လောင်းရှည်မိဖုရားထံသွားပြီး ထိပ်စုဖျားကိုတောင်းပေးရမယ်လို့ သီပေါကိုယ်တော်လေးကပြောနေတယ်"

"ဘာလဲ သွားတောင်းမယ်ဆိုတာ လက်ထပ်ပေးဖို့ ပြောတာလား"

ဟု အက်ဂါသာက မေးလိုက်သဖြင့် ဖဲင်နီနှင့်ဆီလာတို့ကရယ်လိုက်သည်။ ဆီလာက...

"ဒါပေါ့၊ ရွှေနန်းတော်ကြီးထဲမှာ ဒီလိုအဖြစ်မျိုး တစ်ခါမှမဖြစ်ခဲ့ဘူးလေ။မင်းသမီးတွေ၊အပျိုတော်တွေနေတဲ့ အနောက်ဆောင်ထဲကို ဝင်ရင် ယောက်ျားတစ်ယောက်အဖို့ ရက်စရာကောင်းတယ်။ မင်းသမီးတစ်ယောက်က မင်းသားတစ်ပါးဆီကို သွားတယ်ဆိုရင်လည်း ရှက်စရာကောင်းတာပဲ။ ထိပ်စုဖျားကတော့ ဒီလိုလုပ်တာ နှစ်ကြိမ်တောင်ရှိပြီ။ မင်းမှတ်မိသေးတယ်မဟုတ်လား အက်ဂါသာ။ ထိပ်စုဖျားဟာ ယောက်ျားလေးလိုဝတ်ပြီး သာဂရကိုယ်တော်လေးဆီကိုသွားတာလေ။ ဒီတုန်းက သီပေါကိုယ်တော်လေးကို တော်တော်လေးအထင်သေးခဲ့တယ်။ ခုတော့ သီပေါကိုယ်တော်လေးဆီသွားပြီ။

"ဒါပေမဲ့ ဒီတစ်ခါတော့ ရုပ်တွေဘာတွေ ဖျက်မနေတော့ဘူး။ ပြောင်ပြောင်တင်းတင်းသွားတော့တာပဲ။ ခုတော့ သီပေါကိုယ်တော်လေးနဲ့ အတူတောင်နေနေကြပြီ။ အကြောင်းပြတာကတော့ သီပေါကိုယ်တော်လေးရဲ့သျှောင်ကို ထုံးပေးဖို့ကို အကြောင်းပြတာပေါ့ကွယ်။ ဒါက သက်သက်အကြောင်းပြတာပါ။ ဒါပေမဲ့ ထိပ်စုဖျားရဲ့အကွက်ထဲကို ဝင်မှာပဲ။ ခုတောင်သီပေါကိုယ်တော်လေးဟာ ထိပ်စုဖျားကို စုလျားရစ်ပတ်လိုတယ်ဆိုတာ မယ်ဘော်ဆင်ဖြူမရှင်ကို ပြောလွှတ်နေပြီ။ ထိပ်စုဖျားကလွဲရင် ဘယ်သူ့ကိုမှ မလိုချင်ဘူးတဲ့"

အက်ဂါသာက အလန့်တကြားဖြင့် ...

"လက်မထပ်ရသေးဘဲနဲ့ ခု အတူတူနေကြပြီ ဆိုပါတော့"

အက်ဂါသာ၏ မျက်နှာမှာ နီရဲနေလေပြီ။ကြီးမားသော သူ့နှာရွက်ကြီးများသည်ပင် နီမြန်းလျက်ရှိသည်။

ဖဲင်နီသည် အက်ဂါသာကို စူးစိုက်ကြည့်နေသည်။

"အက်ဂါသာရယ် ဒါများ အဆန်းလုပ်လို့။ သီပေါကိုယ်တော်လေးက ထိပ်စုဖျားကို စုလျားရစ်ပတ်တော့ကော ဘာဖြစ်သလဲ"

ဟု ဖဲင်နီကပြောသည်။ သို့ရာတွင် ရွှေနန်းတော်ကြီးထဲတွင် မြန်ဆန်သောပြောင်းလဲမှုများကို သူကိုယ်တိုင်အံ့ဩနေသည်။ မင်းတုန်းမင်းတရား ရှိစဉ်တုန်းကဆိုလျှင် ယခုလိုလုပ်ပုံမျိုး ရွှေနန်းတော်ကြီးထဲတွင် မရှိခဲ့စဖူး။ ထိုသို့လုပ်လျှင်ရွှေနန်းတော်အစဉ်အလာများကို ဖောက်ဖျက်သည်ဆိုကာ အသတ်ခံရမည်မုချ။ ယခုမူ စုဖုရားလတ်သည် ထိုထုံးစံတို့ကို ခဏလေးအတွင်းမှာပင် ဖောက်ဖျက်ကာ သူ့အကြံကို အကောင်အထည်ဖော်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ဖြင့် သာသနာပြုကျောင်း အဆောက်အအုံဆင်ဝင်ထဲတွင် ထိုင်နေကြသော မိန်းကလေးသုံးယောက်တို့၏ စိတ်ထဲ၌ မိန်းကလေးတစ်ယောက်သဏ္ဌာန်ပေါ်လာသည်။ ထိုမိန်းကလေးသည် သူတို့အထဲတွင်မရှိသည့်တိုင် တကယ်ရှိသည်ထက်ပင် ထင်ရှားပီပြင် နေသည်။ ထိုမိန်းကလေးမှာ အခြားသူမဟုတ်။ အလယ်မင်းသမီးဟုခေါ်သော စုဖုရားလတ်ပင်ဖြစ်သည်။ ရတနာပုံ ရွှေနန်းရှင် ကေရီမိဖုရားကြီး၊ ထိပ်ခေါင်တင်မဟေသီဖြစ်မည်ကို မည်သူမျှ သံသယဖြစ်စရာမရှိ။

စကြောသုံးထပ်မိုး သာသနာပြုကျောင်းအဆောင်အအုံထဲတွင် ထိုင်နေသည့် သူတို့သုံးယောက်စိတ်ထဲတွင် စုဖုရားလတ်ကို ရေးရေးမြင်နေကြခြင်းမှာလည်း စုဖုရားလတ်သည် ကေရီမိဖုရားကြီးဖြစ်သောကြောင့် မြင်ခြင်းမဟုတ်။ သူလုပ်ချင်ပြီဆိုလျှင် ဖွတ်တရွတ်လုပ်တတ်သော စုဖုရားလတ်၏ စိတ်ဓာတ်ပြင်းထန်ပုံကြောင့် မြင်နေကြခြင်းဖြစ်သည်။ အက်ဂ်ါသာ့အမြင်တွင်မူ စုဖုရားလတ်သည် အရှေ့တိုင်းရင်းသူ တစ်ယောက်သာဖြစ်သည်။ သို့ရာတွင် စုဖုရားလတ်သည် မင်းသမီးတစ်ပါး မဟုတ်လော။ မြန်မာမင်းမျိုးနွယ်တို့မှာ အစောင့်အရှောက်၊ အကွပ်အညှပ်တွေ များပါဘိခြင်း။ ယခုစုဖုရားလတ်သည် အရှေ့တိုင်းယောကျ်ားသားတို့၏ ရှေ့တွင်ရောက်နေသည့် မိန်းမသားတို့၏ အန္တရာယ်တွေ။

စုဖုရားလတ်လုပ်လိုက်ပုံမှာ အသည်းယားစရာ ကောင်းလိုက်ပါဘိ။ မိန်းမသားဆိုသည်မှာ အန္တရာယ်တောထဲသို့ မတိုးစကောင်း။ လုံခြုံဘေးကင်းရာမှာ နေဖို့ကောင်းသည်ဟု အက်ဂ်ါသာထင်သည်။ ဆီလာ့အမြင်တွင်မူ စုဖုရားလတ်သည် တခြားသောမိန်းမများနှင့်မတူ။ တစ်မူထူးခြားသော မိန်းမတစ်ယောက်ဖြစ်သည်ဟု ထင်သည်။ စုဖုရားလတ်သည် ဘဝတွင် စွန့်စားရမည့် သာမန်အလုပ်တစ်ခုကို လုပ်နေခြင်းမျှသာ။ အောင်မြင်ကောင်း အောင်မြင်မည်။ သို့မဟုတ်လျှင်လည်း အရေးနိမ့်ကောင်းနိမ့်မည်။ အပြောင်းအလဲမြန်၍ ဘေးရန်ထူပြောသော အရှေ့တိုင်းသားဘဝတွင် အန္တရာယ်သည် ရှောင်၍မလွတ်။ ဘဝ၏အစိတ်အပိုင်းတစ်ခု။ ထိုအန္တရာယ်ကို ရင်ဆိုင်လိုက်ရုံမျှသာ။

ဖဲင်နီကမူ သူတို့နှင့်မတူ။ တစ်မျိုးမြင်သည်။ သူ့အမြင်၌ စုဖုရားလတ်သည် မင်းသမီးတစ်ပါး၊ ကေရီတစ်ပါးမျှသာမက စုဖုရားလတ်ကိုယ်တိုင်သည် တန်ခိုးအာဏာဖြစ်သည်။ အချစ်ဇာတ်လမ်းဖြစ်သည်။ ဘဝဖြစ်သည်။ စုဖုရားလတ်မရှိလျှင် ပေါ်ပေါ်လွင်လွင်ပျော်ပါးနေတတ်သော ဖဲင်နီသည် မည်သို့ရှိမည်နည်း။ အသားအရောင်ကွဲသောကပြားမလေးတစ်ဦးသာ။ ထိုအခါတွင် သူသည် သခင်ဆပ်များကို အလှမ်းမီနိုင်မည်မဟုတ်။ ဘက်စာရေးများ ပိုးပန်းစရာသာ ဖြစ်နေပေလိမ့်မည်။ မန္တလေးရွှေမြို့တော်တည်းဟူသော ယဉ်ကျေးမှုပေါင်းစုံ၊ မျှော်မှန်းချက်ပေါင်းစုံတို့ ဆုံဆည်းရာဌာနကြီးတွင် အညတရတစ်ယောက်မျှသာ ဖြစ်နေပေလိမ့်မည်။ ဖဲင်နီသည် ထိုအရာများကို စုံမင်သည်။ ထိုအကြောင်းကို သူ့ဘာသာသူသိ၏။

---

လဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


မြန်မာပြည်သို့အလာ သင်္ဘောပေါ်တုန်းက ရှိခဲ့သည့် တန်ခိုးအာဏာကို မက်မောမှု၊ ဘဝကို ခုံမင်တွယ်တာမှုတို့သည် အကြောင်းမဲ့ရှိလာသည်မဟုတ်။ ဖဲင်နီသည် အခြားသူများအပေါ်ပြင် ဩဇာလွှမ်းမိုးချင်သူဖြစ်သည်။ လွှမ်းမိုးထားချင်သည်ဟု သူထင်သည်။ အိမ်ထောင်ကျပြီးသည့်နောက်မှာပင် ထိုစိတ်ဓာတ်သည် ပျောက်ကွယ်သွားခြင်းမရှိ။ အသားညိုညိုနှင့် စုဖုရားလတ်၏ ရုပ်ပုံလွှာသည် သူတို့မျက်စိထဲမှ မှေးမှိန်ပျောက်ကယ်သွား၏။

အက်ဂါသာ၏ အထည်စ စိမ်းစိမ်းလေးနှင့် လုံမလေး၊ မဟေသီစသည့် စာနယ်ဇင်းများသည် သူတို့မျက်စိရှေ့မှောက်သို့ ပြန်ရောက်လာကြသည်။ သူတို့သုံးယောက် ထိုင်စကားပြောနေကြစဉ် မစ္စတာလန်စဒင်သည် ကုလားဝန်နှင့်အတူ ပြန်ရောက်လာသည်။ ကုလားဝန်မစ္စတာအာရတွန်၏ပြည့်ဝိုင်းသည့် မျက်လုံးများကမူ ခါတိုင်းထက်လေးနက်သယောင်ဆင်ရ၏။ ရွှေကိုင်းမျက်မှန်အောက်မှ ချိုသာသောမျက်လုံးများကမူ ခါတိုင်းကဲ့သို့ပင် မည်သို့မျှ အဓိပ္ပာယ်ကောက်၍မရ။ အာရတွန်တွင် ပြောစရာသတင်းထူးတွေ ပါလာကြောင်းကို ဖဲင်နီ ပကတိစိတ်မှသိလိုက်၏။ အာရတွန်သည် သူတို့မိန်းကလေးသုံးယောက်ကိုနှုတ်ဆက်ပြီးနောက် ချောင်ကလေးတစ်ချောင်ထဲတွင် မစ္စတာလန်စဒင်ကို တိုးတိုးပြောနေသည်။ ဖဲင်နီသည် နားစွင့်လိုက်၏။ သို့ရာတွင်ဘာမျှမကြားရ။

သူတို့နှစ်ယောက်သည် မိနစ်အတန်ကြာမျှ ပြောဆိုနေကြပြီးနောက် သူတို့ကြားသာသော သတင်းကိုပြောရန် ဆုံးဖြတ်ပြီးသွားဟန်တူသည်။ မစ္စတာလန်စဒင်က လေးနက်သည့် အသံဖြင့် ပြောသည်။

"ဆင်ဖြူမရှင်နဲ့ သူ့သမီးတွေတော်ကလွဲလို့ ကျန်တဲ့မိဖုရားတွေနဲ့ မင်းသမီးတွေအားလုံးကို ဖမ်းလိုက်ပြီတဲ့။ အခု သူတို့ကို အကျဉ်းတိုက်ထဲမှာ ထည့်ထားတယ်"

သူတို့အားလုံး တိတ်ဆိတ်သွားကြသည်။ ထိုသတင်းသည် ကြားရသည်ထက် အရေးကြီးသည်ဟု အက်ဂါသာထင်လိုက်သည်။ ဖဲင်နီကမူ လွန်ခဲ့သည့်ရက်အနည်းငယ်ခန့်က ဆေးရောင်ခြယ်ထားသည့် အိတာလျံ ခန်းဆောင်ထဲတွင် မြင်ခဲ့ရသည့် ကျောက်မျက်ရတနာပုံများကို သွား၍ အမှတ်ရသည်။ ထိုနေ့မနက်က ပန်းခုံတော်ထဲတွင် လူသူကင်းရှင်းခြောက်ကပ်နေပုံကိုလည်း သွား၍သတိရ၏။ ထိုစဉ်ကတည်းကပင် မိဖုရားများနှင့် သားငယ်သမီးငယ်တို့သည် အကျဉ်းတိုက်ထဲသို့ရောက်နေလေပြီ။ ဟုတ်သည်။

ရွှေနန်းတော်ကြီးထဲတွင် ကြီးမားသော အပြောင်းအလဲကြီးတွေ ဖြစ်နေပြီ။ ဖဲင်နီသည် တစ်လမ်းလုံးလှည်းယာဉ်ပေါ်တွင် တိတ်ဆိတ်စွာထိုင်လိုက်လာခဲ့သည်။ မန္တလေးရွှေမြို့တော်တွင် ပစ္စည်းဥစ္စာကိုပိုင်ဆိုင်ရခြင်းသည် မမြဲပါတကားဟု သူတွေးစပြုလာသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# ၄

## ယောက်ျားတို့အကြောင်း

ထို့နောက်တွင်မူ ကုလားမြို့တွင် နေ့စဉ်နှင့်အမျှ ကောလာဟလတွေ ပျံ့လွင့်နေသည်။ မစ္စတာလန်စဒင်သည် ဥရောပတိုက်သားတစ်ဦးအနေဖြင့်လည်းကောင်း၊ သာသနာ၀န်ထမ်းတစ်ဦးအနေဖြင့်လည်းကောင်း တာ၀န်သိသိဖြင့် ရွှေနန်းတော်ကြီးမှ သတင်းများကို ရအောင် စုံစမ်းထောက်လှမ်းသည်။ လူမမည်မျှသာရှိသေးသဖြင့် ဖမ်းဆီးခြင်းမပြုဘဲထားသော မိဖုရားတစ်ပါး၏ သမီးကလေးတစ်ယောက်သည် သာသနာပြုကျောင်းသို့ နေ့တိုင်းရောက်လာကာ ရွှေနန်းတော်ကြီးထဲမှ အခြေအနေကို ပြောပြလေ့ရှိ၏။

မြန်မာမိန်းကလေးတို့ ထုံးစံအတိုင်း ထိုကလေးမလေးမှာ အကင်းပါးရုံမျှမက သတ္တိလည်းကောင်းသည်။ ထို့ထက် လန်စဒင်အဖို့ ပို၍အဖိုးတန်သည်မှာ ထိုကလေးမသည် ကလေးပီပီ လျှို့ဝှက်ဆန်းကြယ်မှု၊ ကပြောင်းကပြန်ဖြစ်မှုတို့ကို စိတ်ဝင်စားခြင်းဖြစ်သည်။ သူ့အဖို့သော်မူ ထိုသို့သတင်းများကို လာရောက်ပြောပြရခြင်းသည် ပျော်စရာကောင်းသည့် ကစားနည်းတစ်ခုနယ် ဖြစ်နေသည်။

ထို့ထက် အရွယ်ရောက်သည့် မိန်းကလေးသာဆိုလျှင် ထိုသို့လျှို့ဝှက်ချက်များကို ပြောမိသဖြင့် အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်ကောင်း စိုးရိမ်မည်ဖြစ်သော်လည်း ထိုကလေးမမှာမူ ထိုသို့ ထူးထူးဆန်းဆန်းသတင်းကို ပြောရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်သည့်အပြင် သူ့စကားကို အရေးတယူနားထောင်ကြသည့်အတွက် အကြီးအကျယ်ပင် ပီတိဖြစ်နေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာယစ်ဆင်းဆိုသည့် ပုဏ္ဏားကြီးမှာ ပြဟ္မာမျိုးဖြစ်သည့်အလျောက် ရွှေနန်းတော်ကြီးနှင့် ပလဲနံပသင့်သကဲ့သို့ လွတ်လပ်စွာ ကူးသန်းသွားခွင့်ရရှိနေရာ သူ့စကားများနှင့် ကလေးမလေး၏စကားများကို တိုက်ကြည့်ခြင်းဖြင့် မန္တလေးရွှေနန်းတော်ရှိ အင်္ဂလိပ်အသိုင်းအဝိုင်းသည် နန်းမြို့ရိုးအတွင်းရှိ အဖြစ်အပျက်များကို သိနေကြသည်။

သံတဲတွင်လည်း ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသားတို့အပြင် နောက်ထပ်ပြေးဝင်ခိုလှုံလာသည့် သူတို့ကြင်ရာတော်များ၊ သားသမီးများ၊ ရောက်လာပြန်သဖြင့် အခြေအနေရှုပ်လျက်ရှိ၏။ ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားတို့အား သံတဲတွင် ခိုလှုံခွင့်ပေးရသည့်ကိစ္စမှာ ဘာမျှအပန်းမကြီးလှ။

သို့ရာတွင် မန္တလေးရွှေမြို့တော်တွင်ရှိနေသည့် ညောင်ရမ်းမင်းသား၏ နောက်လိုက်များက သူ့ကိုနန်းတင်ရန် ကြိုးပမ်းနေသည့်အခါတွင် မြို့ထဲရှိ အင်္ဂလိပ်များ၏လုံခြုံရေးကို အန္တရာယ်ဖြစ်လာနိုင်သည်ဟု အင်္ဂလိပ်ကိုယ်စားလှယ် မစ္စတာရှော ယူဆသည်။ အင်္ဂလိပ်သံတဲမှာ အဆောက်အအုံက ညံ့ဖျင်းအိုမင်းရသည့်အထဲတွင် သံတဲဝင်းမှာလည်း ဝါးကပ်များသာ ကာရံထားလေရာ သံတဲအမှုထမ်းများ၏ အိမ်များကို မီးတုတ်ပစ်တင်၍ မီးရှို့လိုက်လျှင် နှစ်မိနစ်လောက်အတွင်းမှာပင် အားလုံးပြာကျသွားနိုင်သော အခြေအနေရှိနေသည်။ သံတဲဝတွင် မြန်မာစစ်သားအစောင့်အရှောက်များ ရှိသည့်တိုင် ယင်းတို့မှာ သံတဲကို ကာကွယ်ရန်ထက် သံတဲဝင်းထဲမှ လှုပ်ရှားမှုများကို စောင့်ကြည့်ရန်ဖြစ်နေသည်။

ထိုစဉ် အင်္ဂလိပ်သံကိုယ်စားလှယ်အဖွဲ့ ရင်ဆိုင်ဖြေရှင်းမည့် ပြဿနာတစ်ခုပေါ်လာခဲ့ပြန်သည်။ အင်္ဂလိပ်ပိုင်နီမီးဆစ်သင်္ဘောသည် ဗန်းမော်မှ စုန်ဆင်းလာခဲ့ရာ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ထိုသင်္ဘောကို သီပေါ၏လူများက အတင်းအဓမ္မသိမ်းယူလိုက်ပြီးနောက် ပါလာသည့် မြန်မာခရီးသည်တို့ကို မောင်းနှင်ချလိုက်သည်။ မာလိန်မှူးဘက်ရှောတိုလည်း ရိုင်းပျစွာ ကြိမ်းမောင်းကာကြမ်းတမ်းစွာ ဆက်ဆံကြသည်။

မာလိန်ဘက်ရှောသည် ဆိပ်ကမ်းရှိ ရွာတစ်ရွာမှ သင်္ဘောပေါ်ပြန်အဆင်းလာတွင် ဓားများကိုင်ဆောင်ထားသည့် မြန်မာလူမျိုးသုံးဆယ်ခန့်က သူ့ကို ဖမ်းဆီးချုပ်နှောင်၍ သင်္ဘောကုန်းပတ်ပေါ်သို့ တရွတ်တိုက် ဆွဲခေါ်လာခဲ့ကြသည်။ အဆစ်အမြစ်ရောင်ရောဂါကြောင့် တုတ်တိုနေသော လက်သန်းတွင်ဝတ်ထားသည့် ရွှေလက်စွပ်ဂျင်ဒိုလည်း ချွတ်ယူလိုက်ကြသည်။ ဖမ်းဆီးချုပ်နှောင်ထားသူများက သူ့ကို ရုတ်တရက်တွန်းလွှတ်လိုက်သည့်အခါတွင် မာလိန်ဘက်ရှောမှာ ခန္ဓာကိုယ်ဝဖိုင့်သူပီပီ ကိုယ်ကိုမထိန်းနိုင်ဘဲ လဲကျသွားသည့်အတွက် ခြေထောက်မြောက်သွားသည်။

သို့ဖြင့် မာလိန်ဘက်ရှောသည် သူတို့လက်မှလွတ်လာသော သင်္ဘောပေါ်သို့ ချောမောစွာ ပြန်ရောက်လာခဲ့သည်။ သို့ရာတွင် မနက်သုံးချက်တီးလောက်တွင် လရောင်တွင်ပြောင်လက်နေသည့် ဓားကိုယ်စီကိုင်ထားသည့် လူနှစ်ရာခန့်တို့သည် သင်္ဘောပေါ်သို့ အတင်းတက်လာကြပြီး သူ့သင်္ဘောပေါ်တွင် လိုက်ပါလာသည့် ယောက်ျားဆယ့်တစ်



www.burmeseclassic.com

www.burmeseclassic.com


ယောက်၊ မိန်းမနှင့် ကလေးရှစ်ယောက်တို့ကို သူတို့လက်သို့အပ်ရမည်ဟု တောင်းဆိုကြလေသည်။

မာလိန်မှူးဘက်ရှောသည် သူ့သင်္ဘောဦးခန်းထဲတွင် ထိုင်ကာ ဗြိတိသျှအလံကို လွှင့်ထူလျက် ဓကရီဘုရင်မကြီး၏စာများကို ပို့ဆောင်ပေးနေသည့် စာပို့သင်္ဘောတစ်စင်းပေါ်သို့တက်လာကာ ဤသို့ အနိုင်အထက်ပြုကျင့်သည့်ကိစ္စနှင့် ပတ်သက်၍ ထိုက်သင့်သည့်လျော်ကြေး တောင်းဆိုသင့်ကြောင်းဖြင့် သက်ဆိုင်ရာသို့ တိုင်တန်းစာရေးလိုက်သည်။

"ဗြိတိသျှသင်္ဘောများပေါ်တွင် လိုက်ပါလာသော ခရီးသည်များကို အခွင့်အာဏာတစ်စုံတစ်ရာမရှိဘဲ အနိုင်အထက်ပြု၍ ခြိမ်းခြောက်ခေါ်ယူသည့် ကိစ္စမျိုးကို ဆက်လက်ခွင့်ပြုထားပါက ကျွန်တော်တို့၏ကုန်သွယ်မှုကို များစွာ ထိခိုက်နိုင်စေပါလိမ့်မည်။ ထို့ကြောင့် သင်ကိုယ်စားပြုနေသော အစိုးရသည် ကုမ္ပဏီအတွက် လျော်ကြေးဆောင်ရွက်ပေးရုံမျှမက အနာဂတ်ကူးသန်းရောင်းဝယ်ရေးတွင် အကာအကွယ်ရအောင်လည်း ဆောင်ရွက်ပေးလိမ့်မည်ဟု ယုံကြည်ကြောင်း ကျွန်ုပ်အထူးဖော်ပြရန် လိုမည်မဟုတ်ပါ"

ဟု မာလိန်ဘက်ရှော၏စာတွင် ပါရှိသည်။ စိတ်ဆိုးလျက်ရှိသော မာလိန်ဘက်ရှောသည် ထိုသို့စာရေးကာ မြန်မာပြည်ဆိုင်ရာ ဝန်ရှင်တော်မင်းကြီးချုပ် အက်ချီဆန်ထံတိုင်ကြားလိုက်သည်။ ဝန်ရှင်တော်မင်းကြီးချုပ် အက်ချီဆန်က နစ်နာကြေးရအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အကြောင်းပြန်ကြားသည့်အခါတွင်မှ မာလိန်ဘက်ရှောသည် ကျေးဇူးမများလှသော သူ့လုပ်ငန်းကို ဆက်၍ လုပ်ကိုင်ခြင်းပြုသည်။

မာလိန်ဒွိုင်းနှင့် ဒိုဘီကုလားနှစ်ယောက်တို့အပေါ် ကျူးလွန်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများကို အပြစ်ပေးသည့်အခါတွင်မှ မာလိန်ဘက်ရှောသည် အနည်းငယ်ကျေနပ်သွား၏။ ဒိုဘီကုလားနှစ်ယောက်အပေါ်တွင် ကျူးလွန်သူတို့ကို ကြိမ်ဒဏ်ဆယ်ချက်ပေးလိုက်ပြီး ဒိုဘီကုလားများထံမှ ညှစ်ထုတ်ယူသွားသောငွေကိုလည်း နှစ်ဆပြန်လျော်စေ၏။ မာလိန်မှူးဒွိုင်းလ်ကို ကျူးလွန်မှုနှင့်ပတ်သက်၍ တံခါးစောင့်တပ်ဗိုလ်အား ရာထူးမှ လျှော့ချကာ ထောင်သွင်းအကျဉ်းထားလိုက်သည်။

ဥရောပတိုက်သားများသည် မဟာမိတ်အစိုးရ၏ လက်အောက်ခံတိုင်းပြည်များမှဖြစ်သည့်အလျောက် မြန်မာရဲများက ဥရောပသားများအား ညှဉ်းပန်းနှိပ်စက်မှု မပြုရဟူသောအမိန့်ကို ရွှေနန်းတော်အတွင်းရှိ ရာဇဝတ်ရုံးတော်မှ ကြေညာချက်ထုတ်ပြန်သည်။ ထိုအတောအတွင်း၌ကား အထက်မြန်မာပြည်ကို အုပ်စိုးသောအာဏာပိုင်တို့သည် ဗြိတိသျှသင်္ဘောပေါ်မှလည်းကောင်း၊ ဗြိတိသျှအလံ၏ အကာအကွယ်ကိုယူထားသော နေရာများမှလည်းကောင်း မိမိတို့သဘောအရ လူများကို ဖမ်းဆီးခေါ်မြဲ ဖမ်းဆီးလျက်ရှိနေကြသည်။

"ဖမ်းတော့ကော ကျွန်တော်တို့က ဘာမှအကာအကွယ်ပေးနိုင်တာမှမဟုတ်တာ။ သူတို့ကလည်း လုပ်ချင်သလို လုပ်နေကြတော့တာပေါ့ဗျာ"

---



www.burmeseclassic.com

www.burmeseclassic.com



ဟု ဗြိတိသျှကိုယ်စားလှယ် မစ္စတာရှောက လန်စဒင်ကိုပြောသည်။ မစ္စတာရှော မှာ လစာမြောက်မြားစွာရသည့်တိုင် အမိပွာယ်ကင်းမဲ့လှသော သံကိုယ်စားလှယ်ဘဝကို လည်းကောင်း၊ ကြမ်းပြင်က တကျိုကျို၊ ခေါင်မိုးက မိုးရေတစက်စက်ဖြစ်နေသော သံတဲကို လည်းကောင်း၊ ရွှေနန်းတော်ကြီးမှ အထောက်တော်တွေ ခြေရှုပ်နေကြသည်ကိုလည်း ကောင်း စိတ်ပျက်လာခဲ့လေပြီ။ အဆစ်အမြစ်ရောင်ရောဂါကလည်း ဆိုးသည်ထက်ဆိုး လာခဲ့လေပြီ။ မည်းမှောင်သောသံတဲတွင် လာရောက်နေထိုင်သည့် အခြားသူများကလည်း အချင်းချင်း ရန်ဆောင်တတ်ကြသေးသည်။ သံတဲတွင် ထိုသို့ဖြစ်ပျက်နေစဉ် စိတ်သက်သာ ရာတစ်ခု ရသွား၏။

ယင်းမှာ အခြားမဟုတ်။ ညောင်ရမ်းမင်းသားအား သံတဲတွင် ဆက်လက်ခိုလှုံခွင့် ပေးထားခြင်းမှာ သက်ဆိုင်သူတို့အတွက် အန္တရာယ်ကြီးသည်ဟု ယူဆသည့်အလျောက် လက်နက်ကိုင် အစောင့်အရှောက်အပြည့်အစုံပါသော သင်္ဘောတစ်စင်းမန္တလေးရောက် လာကာ ညောင်ရမ်းမင်းသားနှင့် သားမယားဆွေမျိုးတို့ကို ညအချိန်တွင် လုံခြုံစွာ ပြောင်းရွှေ့ လိုက်နိုင်ခြင်းဖြစ်သည်။

အဘယ်ကြောင့်မသိ။ မစ္စတာရှောသည် ညောင်ရမ်းမင်းသား ထွက်ခွာသွားသည် ကို စိတ်မကောင်းဖြစ်နေသည်။ ညောင်ရမ်းမင်းသားကား ဉာဏ်ပညာထက်မြက်သူတစ် ယောက်ဖြစ်ပြီး အပြုအမူ၊ အပြောအဆို ယဉ်ကျေးသိမ်မွေ့သူဖြစ်သည်။ ကမ္ဘာကြီး အကြောင်း နားလည်သူဖြစ်သည်။ ထိုအရည်အချင်းမှာ မန္တလေးရွှေမြို့တော်၏အပြင်သို့ မရောက်ဖူးသူများထဲတွင် ရှိတောင့်ရှိခဲသော အရည်အချင်းဖြစ်သည်။ သံတဲတွင် အင်္ဂလိပ် စာသင်နေကြသည့် ညောင်ရမ်းမင်းသား၏ သားမယားများကြောင့်လည်း ပျင်းစရာကောင်း သည့်သံတဲတွင် စိုပြည်လျက်ရှိကြ၏။

ယခုအချိန်တွင်ဆိုလျှင် ညောင်ရမ်းမင်းသား၏ သားမယားများသည် ရေခဲမုန့်ကို လက်ဖြင့်မစားတော့ဘဲ ဇွန်းဖြင့် ကိုင်တွယ်တတ်နေလေပြီ။ တစ်ခါတွင် ရန်ကုန်မှ သင်္ဘော တစ်စင်းဖြင့် ရေခဲမုန့်များပါလာရာ သူတို့၏ သေးသွယ်ညှိမောင်းသော လက်ချောင်းများဖြင့် ရေခဲမုန့်ကို ကိုင်စားရင်းအေး၍ အော်ဟစ်ပျော်ရွှင်နေကြသည်ကို ပြန်တွေးကာ မစ္စတာရှော ပြုံးမိသေးသည်။ သူတို့မရှိတော့သည့်တိုင် မန္တလေးသံတဲတွင်ရှိသည့် အင်္ဂလိပ်လူမျိုးတို့၏ အခြေအနေမှာ စိတ်မချရသေး။

ညောင်ရမ်းမင်းသားနှင့်တကွ မိသားစုများ၊ ဆွေတော်မျိုးတော်များကို ရန်ကုန်မြို့ ရှိ ဝိုလ်မှူးကြီးကာနယ်ဗရောင်းထံတွင် အပ်နှံထားရာ သူတို့အကြောင်းစုံကို ဗရောင်းထံမှ မစ္စတာရှော သိရသည်။ သို့ရာတွင် ညောင်ရမ်းမင်းသားနှင့် သားတော်သမီးတော်များ၏ ပညာသင်ကြားရေးထက် ပို၍အရေးကြီးသော သတင်းများလည်း ရန်ကုန်မှရောက်ရှိလာခဲ့ သည်။

ထိုသတင်းမှာ အခြားမဟုတ်။

---

လဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှအိန္ဒိယအစိုးရသည် မိမိတို့ကို အကာအကွယ်မပေးနိုင်သည့်နည်းတူ အိန္ဒိယပြည်တွင်ရှိသည့် အင်္ဂလိပ်တို့ကိုလည်း အကာအကွယ်မပေးနိုင်ဘဲဖြစ်နေကြောင်း၊ အင်္ဂလိပ်ဘုရင်ခံချုပ် လော့ဒ်လေတန်နှင့် အာဖဂန်စော်ဘွားတို့ တစ်ဦးနှင့်တစ်ဦး မကျေမလည်ဖြစ်ကာ နားလည်မှုကွဲလွဲနေကြကြောင်း၊ နောက်ဆုံး၌ အင်္ဂလိပ်နှင့် အာဖဂန်နစ္စတန်တို့ ဒုတိယအကြိမ် စစ်ဖြစ်ပွားလျက်ရှိကြောင်း ဆိုသည့် သတင်းများဖြစ်သည်။

ထိုအတောအတွင်း၌ အထက်မြန်မာပြည်တွင်လည်း မြန်မာတို့က အင်္ဂလိပ်လက်အောက်ခံလူမျိုးများအား နှိပ်စက်ညှဉ်းပန်းနေပြန်သည်။ ညောင်ရမ်းမင်းသားနှင့် သားမယားများကိုသတ်ဖြတ်ရန် မန္တလေးမှလူများ လိုက်သွားကြသဖြင့် ယင်းတို့ကို ကလကတ္တားသို့ ပို့ရန် စီစဉ်နေသည်။ မစ္စတာရှောမှာ ဘုရင်သစ်နန်းတက်လျှင် ထုံးစံအတိုင်း နှုတ်ခွန်းဆက်သရန်အတွက် ရွှေနန်းတော်ကြီးသို့ အခစားဝင်ခွင့်တောင်းသည်တွင် ထိုတောင်းဆိုချက်ကိုလည်း ပယ်ချလိုက်သည်။ နီမီးဆစ်သင်္ဘောနှင့် ယင်း၏မာလိန်မှူးအပေါ်တွင် ကျူးလွန်သည့်ကိစ္စနှင့် ရှော်ကြေးတောင်းသည့်ကိစ္စကိုလည်း ကင်းဝန်မင်းကြီးက စကားလုံးဝေဝေဆာဆာဖြင့် ပယ်ချလိုက်သည်။

သင်္ဘောပေါ်မှ အဆွဲချခံရသည့် ခရီးသည်များမှာ ဘုန်းတော်ကြီးဘုရား၏ ငွေဝယ်ကျွန်များဖြစ်သည့်အတွက် ယင်းတို့ကို မည်သည့်နည်းနှင့်မျှ ခရီးသည်ဟု သတ်မှတ်ခြင်းမပြုနိုင်ကြောင်း၊ သင်္ဘောမာလိန်မှူးကို လွှတ်ရုံးတော်တင်၍ စစ်ဆေးကာ အပြစ်ပေးရမည်ဖြစ်ကြောင်းဖြင့် အကြောင်းပြန်လိုက်သည်။ ဘုန်းကြီး(သီပေါမင်း)သည် ဤသို့ ဝင့်ဝင့်စားစားပြောရလေအောင် သူ့ကိုယ်သူ အလွန်အင်အားကြီးသည်ဟု ထင်နေသလော။ သို့မဟုတ်လျှင်လည်း ဗြိတိသျှသည် အလွန်အင်အားနည်းနေသည်ဟု ထင်နေလေသလော။

ထိုသို့လုပ်ရဲအောင် အသံစာစာလေးဖြင့် အားပေးအားမြှောက်ပြုနေသည်မှာ မည်သူဖြစ်ကြောင်းကို ဖဲင်နီကောင်းကောင်းသိသည်။ ယခုလောလောဆယ်တွင် ရွှေနန်းတော်ကြီး၌ အရေးပေးခံရသူများမှာ ပြင်သစ်များနှင့် အီတာလျံလူမျိုး ဆန်ဒရေနီတို့ဖြစ်ကြသည်။ သူတို့နှစ်ယောက်ကလည်း အင်္ဂလိပ်များကို ခပ်ရှောင်ရှောင် လုပ်နေကြလေပြီ။

"အာဖဂန်နစ္စတန်ကိစ္စကြောင့် ကျုပ်တို့ကို အိန္ဒိယရုံးက ဂရုမစိုက်နိုင်ဘဲ ဖြစ်နေကြတာဗျ။ သူတို့လုပ်နေပုံမျိုးနဲ့ဆိုရင် ကျုပ်တို့အားလုံး ခေါင်းဖြတ်ခံရတော့မှာ သေချာတယ်။ အိန္ဒိယပြည်ဆိုင်ရာဌာနဟာ ရုရှားဝက်ဝံအော်သံကလွဲလို့ တခြားဘာကိုမှ မကြားတော့ဘူး။ သူတို့အားလုံးက ကဗူးလ်ကိုရောက်ဖို့ပဲ စိတ်ကူးနေကြတော့ ကျုပ်တို့မန္တလေးမှာဖြစ်တာတွေကို ဘာဂရုစိုက်တော့မှာလဲ"

ဟု အင်္ဂလိပ်အချင်းချင်းတွေ့လျှင် ပြောမိကြသည်။ သို့ဖြင့် သူတို့ဘဝသည် မန္တလေးတွင် မသေမချာ၊ မရေမရာဖြင့် အချိန်ကုန်နေသည်။ ပရိုသီရီးက အာဖဂန်နစ္စတန်တွင် သူကိုယ်တိုင်သွား၍ တိုက်ချင်လှသည်ဟုဆိုသည်။ အက်ဂါသာကမူ ထိုသို့ပြောသံကို ကြားရုံမျှပင် ကြောက်လှပြီ။ လွန်ခဲ့သည့်တစ်နှစ်လောက်က ထိုသို့ အာဇာနည်ပီပီ အသက်



www.burmeseclassic.com

www.burmeseclassic.com



စွန့်ရခြင်းကို သဘောကျသော်လည်း ယခု သဘောမကျတော့ပြီ။ အက်ဂါသာမှာ ဝတ်စုံစိမ်းစိမ်းဖြင့် ဒေစီပန်းပွင့်ကလေးလို လှနေလေပြီ။ တစ်ခါတစ်ရံတွင် သူ့နှာခေါင်းနီရဲနေတတ်သဖြင့် အရုပ်ဆိုးသည်မှအပ လီလီပန်းကလေးလို လှနေလေပြီ။ ပေါင်ဒါသွား၍ လိမ်းမိသည်မှာ မှားလေခြင်းဟု နောင်တရသည်။ သို့ရာတွင် ဆံပင်ကလေးတွေကောက်သည်ကိုမူ ကောင်းသည်ဟု ထင်နေလေပြီ။

ထို့ကြောင့် အက်ဂါသာသည် နူးညံ့ပျော့ပျောင်းသည့် သူ့ဆံပင်များကိုဖြတ်၍ အတွန့်ကလေးတွေ ကောက်သည်။ ဆံပင်ကောက်သည့်အခါတွင် မျက်နှာရှည်ရှည်သည် ပျောက်သွားကာ ဝိုင်းသွားသည်။ ဖဲင်နီလည်း သူ့ကိုအားကျ၍ ဆံပင်ကောက်၏။ သို့ရာတွင် သူ့မျက်နှာသည် ပို၍ဝိုင်းသွားကာ တရုတ်မနှင့်တူနေသဖြင့် စိတ်ပျက်သွားသည်။ ဒီလန်ဇေးတို့၏ရက်ကန်းရုံသို့ ရွှေနန်းတော်ကြီးမှ ဟာသ်ပဒါးရောင် ကတ္တီပါအုပ်ကြီးတွေ လာ၍အယက်နိုင်း၏။ အေးမြလှပသည့် ဒီဇင်ဘာရာသီဥတုသည် မန္တလေးမြို့ကို လွှမ်းခြုံလျက်ရှိသဖြင့် ကုလားမြို့တစ်ပိုက်မှာပင် လှပနေသည်။ ထိုအချိန်၌ကား စုဖုရားလတ်သည် ရွှေနန်းတော်ကြီးအတွင်းမှ အဖြစ်သနစ်တို့ကိုမေ့လျော့ကာ သီပေါကိုယ်တော်လေးနှင့် ရွှေလည်တွဲ၍ ချစ်ပွဲဝင်နေလေသည်တကား။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

၅

## မာလိန်ဘက်ရှော ကျောက်ဆူးကြိုးကိုလွှတ်ပြီ

ဖင်နီသည် စုဖုရားလတ်ထံမှ အခေါ်တော်ရောက်မည်ကိုသာ စောင့်နေသည်။ သို့ရာတွင် အကျဉ်းခံနေရသည့် မိဖုရားများနှင့် မင်းသမီးများထံမှ သနားစဖွယ် အကူအညီတောင်းခံစာများမှအပ ရွှေနန်းတော်ကြီးထဲမှ ဘာသံမျှ မကြားရချေ။ ထိုသို့ အခေါ်အဆင့်ရောက်လျှင်လည်း ဖင်နီသွားနေနိုင်မည် မဟုတ်တော့ပေ။ မာလိန်ဘက်ရှောမှာ မြန်မာလူဆိုး ဓားပြများနှင့် အချင်းဖြစ်ပွားပြီးသည့် နောက်မှစ၍ ကောင်းကောင်း မကျန်းမာတော့ပြီ။ နောက်တစ်ခေါက် အညာသို့ဆန်တက်၍ ပြန်လာသည့်အခါတွင်မူကား ဘက်ရှောကို သင်္ဘောမှထမ်းစင်ဖြင့် သယ်လာခဲ့ရသည်။

ဘက်ရှောမှာ ထူးဆန်းသည့် အဖျားတစ်မျိုး စွဲလာသည့်အတွက် ဖင်နီမှာ ဘယ်ကိုမှမသွားနိုင်တော့ဘဲ အနားတွင်ထိုင်၍ ပြုစုခြင်း၊ မိတ်ဆွေများထံ လိုအပ်သည့်အကူအညီများ တောင်းခံခြင်းဖြင့် အလုပ်များနေသည်။ သံတဲမှ ဆရာဝန်လာရောက်၍ ဘက်ရှော၏ရောဂါကို ကုသခြင်းပြု၏။ သူကိုယ်တိုင် ကျန်းမာခြင်းမရှိသည့် ဒေါက်တာကာဖဲသည် ဆင်တစ်စီးဖြင့် ရွှေနန်းတော်ကြီးမှရောက်လာ၏။

သူ့တိုင်းရင်းအဝတ်အစားကို ဝတ်ထားသဖြင့် ဒေါက်တာကာဖဲသည် အဖြူရောင်ခရုတစ်ကောင်နှင့် တူနေသည်။ ဒေါက်တာကာဖဲသည် မာလိန်ဘက်ရှောကို အတတ်နိုင်ဆုံးကြပ်မတ်ကုသခြင်းပြုပါ၏။ သို့ရာတွင် ကြက်ဆင်ထီးကြီးလို နီရဲနေသည့် မာလိန်ဘက်ရှော၏ရောဂါကို မည်သည့်ဆေးစွမ်းကောင်းမျှ သက်သာအောင် မတတ်နိုင်တော့ပြီ။ အေးချမ်းသည့် ဆောင်းရာသီဖြစ်သည့်တိုင် မာလိန်ဘက်ရှော၏ ကြီးမားတုတ်ခိုင်သော ခန္ဓာကိုယ်သည် သူ့ခွန်အားမှန်သမျှကို စုပ်ယူနေသကဲ့သို့ရှိ၏။

ဖင်နီသည် သူ့စိတ်တိုင်းကျဖြစ်စေရန် အနားမှမခွာ ပြုစု၏။ သို့ရာတွင် အပူအပင်မဲ့သော ဖင်နီကိုယ်တိုင်ကပင်လျှင် သူ့ခင်ပွန်း ဘက်ရှောသည် သူသွားရမည့်လမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သွားနေပြီကို သတိမပြုဘဲ မနေနိုင်တော့။ မာလိန်ဘက်ရှော၏ နီရဲတွဲကျနေသော ပါးကြီးများသည် နှင်းဆီရောင်ပျောက်ကာ မွဲညစ်ညှိုပုပ်သောအရောင်သို့ ပြောင်းနေလေပြီ။ ပါးပြင်ပေါ်တွင် ပိုက်ကွက်ရက်သည့်နှယ်ရှိသော သွေးကြောကြီးများ အထင်းသားပေါ်နေပြီ။ ဖျော့တော့၍ သနားစရာကောင်းသည့် သူ့မျက်လုံးများသည် မျက်လုံးအိမ်တွင်းမှ ထွက်နေသကဲ့သို့ရှိလျက် မည်းမှောင်သည့် အမွေးအမှင်များအောက်မှ နီရဲတုတ်ခိုင်သော လက်ကြီးများမှာလည်း နဂိုအဆင်းပျောက်ကာ ဖြူရော်တုန်ယင်နေကြလေပြီ။

ဖင်နီသည် ခါတိုင်းကဲ့သို့ပင် မယားကောင်းတစ်ယောက်ပီသစွာ ပြုစု၏။ သူ့စိတ်တို၍ အော်ဟစ်ငေါက်ငမ်းသည်ကို သည်းခံ၏။ မတတ်သာလွန်း၍ အနားမှခွာသည့်အခါတွင်ပင် ဖင်နီသည် လုပ်စရာရှိသည်တို့ကို ပြည့်စုံအောင်လုပ်ပေးပြီးမှ ရှောင်ခွာနေတတ်သည်။ မကျန်းမမာဖြစ်နေသော လူအိုကြီးတစ်ယောက် အတောင့်တဆုံးသောအရာမှာ ကျန်းမာခြင်းနှင့် နုပျိုခြင်းဖြစ်ရာ ဖင်နီသည် သူတောင့်တသောအရာတို့ကို ပေးခဲ့ပြီးဖြစ်သဖြင့် ထို့ထက်လည်း ဘာမျှမတတ်နိုင်တော့ပြီ။ ဖင်နီသည် သူ့ကို နောက်ထပ် ဘာမျှအကူအညီ မပေးနိုင်တော့ဘဲ သူ့ ကြက်ဆင်အိုကြီးအတွက် သနားခြင်းဖြစ်ရုံသာ တတ်နိုင်တော့သည်။

နိုဝင်ဘာလကုန်ကာနီး တစ်ရက်တွင်မူ မာလိန်ဘက်ရှောသည် ရောဂါဖောက်သဖြင့် တိုင်းရင်းသမားတော်တစ်ဦးကိုပင့်ကာ သွေးကိုဖောက်စေ၏။ ခါတိုင်းကမူ ထိုသို့သွေးဖောက်လိုက်လျှင် နေထိုင်ကောင်းသွားတတ်၏။ သွေးဖောက်ထုတ်လိုက်သဖြင့် အနည်းငယ်သက်သာရာရသလိုလို ဖြစ်သွား၏။ သို့ရာတွင် ခဏမျှသာ။ ရက်အတန်ကြာသည့်အခါတွင်မူ ဖင်နီသည် မန္တလေးတွင် သေငယ်ဇောဖြင့်မြောနေသည့် လူမမာခုတင်အနီးသို့ ဒုတိယအကြိမ် ရောက်ရပြန်လေပြီ။

ဖင်နီသည် ကံကြမ္မာကိုလည်း ယိုးမယ်မဖွဲ့ချင်တော့။ လက်တွေ့ကျသူပီပီ သူ့အဘိုးကြီးကို လင်မှတ်မှတ်၊ သားမှတ်မှတ် ချစ်ခင်ခဲ့ပြီးပြီ။ သူနှင့်ပေါင်းဖော်ရသည်ကိုလည်း နောင်တရခြင်းမဖြစ်မိ။ သို့ရာတွင်အတန်ကြာသည့်အခါတွင်မူ သူ့အိမ်ထောင်ရေးသည် အတိတ်ထဲတွင် ပျောက်ကွယ်သွားသော တိုတောင်းသည့် အတွေ့အကြုံတစ်ရပ်မျှသာဖြစ်သည်ဟု အလွယ်တကူ သဘောထားနိုင်လာခဲ့သည်။ ဖင်နီသည် ကိုယ့်အကြောင်းပြန်တွေးနေတတ်သူမဟုတ်။ သို့ရာတွင် မာလိန်ဘက်ရှောနှင့် လက်ထပ်ခဲ့ခြင်းသည် လမ်းကြုံ၍ တုန်ဝင်ဆစ်သလို အဆင်ပြေသဖြင့် လက်ထပ်ခဲ့ခြင်းမျှသာဖြစ်ပြီး အချိန်တန်လျှင် သူနှင့်လမ်းခွဲကြရမည်ကို သူ့စိတ်ထဲက သိနေခဲ့သည်။

မာလိန်ဘက်ရှော ကွယ်လွန်သည့်ကိစ္စသည် သူ့ခေါင်းထဲတွင် ခဏမျှသာသတိရပြီး နောက်တွင်မူ ဥရောပအမျိုးသမီးတစ်ယောက်၏ မုဆိုးမဘဝကို သဘောကျသလိုလိုပင် ရှိလာသည်။ (နှလုံးသားကင်းသောကြောင့်ကား မဟုတ်ပါ။) ရက်လည်ပြီး မကြာမီပင် ဖင်နီ၏စိတ်သည် အလုပ်ကိစ္စတွေနှင့် နပန်းလုံးနေလေပြီ။ မကြာမီကဝယ်ထားသည့် ဘန်ဂလိုအသစ်တစ်လုံးကို ရောင်းရဦးမည်။ လုပ်ငန်းအမျိုးမျိုးတွင် ပါဝင်မြှုပ်နှံထားသည့် အစု



www.burmeseclassic.com

www.burmeseclassic.com


ရှယ်ယာများကို ခွဲရဦးမည်။ (ထိုလုပ်ငန်းများမှာ ကုန်သွယ်မှုတွင် စိတ်ဝင်စားသော မင်းတုန်းမင်းတရားကြီး လက်ထက်တော်ကတည်းက လုပ်ခဲ့သော လုပ်ငန်းများဖြစ်သည့်အတွက် မင်းတုန်းမင်းကြီး နတ်ရွာမစံသေးလျှင် ယခုထက်ပင် အကျိုးပေးလိမ့်ဦးမည်။)

မစ္စတာလန်စဒင်နှင့် မစ္စတာရှောတို့သည် ဖဲင်နီ၏ကိစ္စအဝဝကို ဖြေရှင်းရာတွင် အားတက်သရော ကူညီကြ၏။ ဖဲင်နီကလည်း သူတို့ကို အထိုက်အလျောက် ကျေးဇူးတင်သည်။ ထိုသို့ လုပစွာ ကျေးဇူးဆိုပြီးသည့်နောက်တွင်မှ ဖဲင်နီသည် စုဖုရားလတ်ထံမှ အခေါ်တော်ရောက်လာသည့်အတွက် အထုပ်အပိုးတို့ကိုပြင်ကာ လှည်းယာဉ်ပေါ်သို့ တက်ပြီးနောက် ရွှေနန်းတော်ကြီးဆီသို့ အသော့လာခဲ့သည်။ ယခုတစ်ကြိမ် ရွှေနန်းတော်ကြီးထဲသို့ လာခြင်းမှာ ရွှေနန်းတော်ကြီးထဲတွင် အမြဲနေထိုင်ရန် ဖြစ်ပေသတည်း။

ဖဲင်နီသည် အရှယ်နှင့်မလိုက်အောင် ကိုယ်ခန္ဓာဖွံ့ထွား၍ (အမှန်အားဖြင့်မူ ကပြားသွေးပါသည့်အတွက် အရွယ်နှင့်မလိုက်အောင် ဖွံ့ဖြိုးသည်ဟု မဆိုသာပါ။) အိမ်ထောင်ရေးအတွေ့အကြုံကို ရပြီးသည့်တိုင်အောင် သူ့အဖို့မူ ပျော်စရာမကောင်းလှချေ။ သို့ရာတွင် အိမ်ထောင်ကျပြီးသည့်အတွက် တည်ငြိမ်သွားကာ သူ့မျှော်မှန်းချက်များကို လွတ်လပ်စွာ အကောင်အထည်ဖော်နိုင်ခွင့် ရလာလေပြီ။

ယခင်ကမူ သွေးသားတောင့်တမှုသည် သူ့အောင်မြင်မှု ရည်မှန်းချက်များလောက် အရေးမကြီးခဲ့။ ရွှေနန်းတော်ထဲတွင် နေရခြင်း၊ လက်ဆောင်ပဏ္ဏာများရခြင်း၊ စုဖုရားလတ်နှင့် ရင်းနှီးကျွမ်းဝင်ရခြင်းတို့သည် သူ့အတွက် လွန်စွာအရေးကြီးခဲ့၏။ ယခုမူ သူမျှော်မှန်းခဲ့သောနေရာသို့ ရောက်ခဲ့လေပြီ။ သူ၏ စူးစမ်းသိလိုစိတ်တို့သည် ပြေပျောက်သွားခဲ့ပြီ။ သူ၏ ရမ္မက်တို့ကိုလည်း ရောင့်ရဲစွာ ထိန်းသိမ်းနိုင်သောအခြေအနေသို့ ရောက်ခဲ့ပြီ။ သဘောၤပေါ်တွင် ယောကျ်ားလေးတွေနှင့် ပရောပရည်လုပ်ရသည်တို့ကို တစ်ခါက ပျော်မွေ့ခဲ့သော်လည်း ယခုမူ ထိုသို့သော အသေးအဖွဲများကို စိတ်ဝင်စားခြင်း မရှိတော့ပြီ။

နန်းမြို့ထဲသို့ ဝင်လာသောအခါတွင် ဖဲင်နီသည် အားသစ်မွေးလာကာ အပျိုစင်အသစ် ပြန်ဖြစ်လာသည့်နယ်ရှိသည်။ သူနေချင်သည်မှာ သည်လို ရွှေနန်းတော်ကြီးမဟုတ်လော။ သည်လိုစည်းစိမ်မျိုးမဟုတ်လော။ ယခု ထိုစည်းစိမ်သည် သူ့လက်ထဲတွင် ရောက်နေပြီမဟုတ်လား။

ဖဲင်နီသည် ရွှေနန်းတော်ကြီးသို့ တစ်ခါတစ်ရံမှသာ အလည်လာရောက်သည့် သူစိမ်းတစ်ရံဆံမဟုတ်တော့ဘဲ ဝဲအပျိုတော်ကြီးအဖြစ် (ဝဲအပျိုတော်မှာ ဥရောပသူ ဝဲအပျိုတော်ကြီးအဖြစ်) ခန့်အပ်ခြင်းခံရသည့်အတွက် ဖဲင်နီသည် ရွှေနန်းတော်ကြီးထဲသို့ ပြောင်းရွှေ့နေထိုင်ခွင့်ရလေရာ ထို့အတွက် ဖဲင်နီသည် မိမိဖခင်နှင့် ခင်ပွန်းသည်တို့ကို များစွာ ကျေးဇူးတင်ရမည် ဖြစ်ပေသတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

၆

## ဥသျှောင်ပေါ်က သရဖူ

စုဖုရားလတ်၏စမ်းသပ်မှုသည် အောင်မြင်စွာ အဆုံးသတ်ခဲ့လေပြီ။ ဆင်ဖြူမရှင်သည် အနောက်ဆောင်ထဲတွင် ဒေါသအမျက် ခြောင်းခြောင်းထွက်လျက်ရှိသည့်တိုင် သူနှင့် ဝန်ကြီးများလည်း ဘာမျှမတတ်နိုင်တော့ပြီ။ သီပေါမင်းသည် စုဖုရားလတ်ကို မခွဲနိုင်အောင် ဖြစ်နေလေပြီ။ ရွှေနန်းတော်ကြီး၏ ဇေတဝန်ဆောင်တွင် အမျိုးသမီးတစ်ဦး သွားရောက်နေထိုင်သည်ဆိုသည့် ကောလာဟလများ ထွက်ပေါ်လာခဲ့သည်မှာ နှစ်လမျှကြာခဲ့လေပြီ။ သီပေါမင်းသည် မိမိဘိုးဘေးများထုံးစံအတိုင်း မိဖုရားရှစ်ပါးအထိ ယူသင့်ကြောင်းဖြင့် တိုင်တားမင်းကြီးက လျှောက်ထားသည့်တိုင် တန်ခိုးဩဇာကြီးသော တိုင်တားမင်းကြီး၏ စကားတို့သည်လည်း ဘာမျှ အရာမရောက်တော့ပြီ။

မိဖုရားတစ်ပါးတည်း မြှောက်ခြင်းသည် မိဖုရားငါးဆယ်ယူသည်ထက် ဘုရင့်အပေါ်တွင် ဩဇာညောင်းမည်ကိုသိသဖြင့် မိဖုရားများများမြှောက်ရန် ကင်းဝန်မင်းကြီး၏ စကားသည်လည်း အရာမထင်တော့ပြီ။ ယခုအချိန်၌ ကင်းဝန်မင်းကြီးသည် စုဖုရားလတ်အပေါ်တွင်လည်း များစွာ မယုံသင်္ကာဖြစ်လျက်ရှိ၏။

မိမိနှင့် ဆင်ဖြူမရှင်တို့သည် ဘုန်းကြီးလူထွက်ကလေး သီပေါမင်းနှင့် ခပ်ရွယ်ရွယ် မိဖုရားတစ်ဦးကို အလွယ်တကူကိုင်တွယ်နိုင်မည်ဟု ထင်ခဲ့၏။ သို့ရာတွင် စုဖုရားလတ်ကိုမူ သူတို့ကိုင်တွယ်နိုင်မည်မဟုတ်။ ထိုနှစ်ကာလအတွင်း၌ကား စုဖုရားလတ်သည် အစဉ်အလာမှန်သမျှတို့ကို ချိုးဖောက်ခဲ့သည်။ အစဉ်အလာကို အလွန်ထိန်းသိမ်းသည့် ထိုနိုင်ငံမျိုးတွင် အစဉ်အလာကို ချိုးဖောက်ခြင်းမှာ တော်တော်တန်တန် သတ္တိကောင်းရုံဖြင့်မရ။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် စုဖုရားလတ်သည် ယခုအချိန်တွင် သီပေါမင်း၏ နှလုံးသားနှင့် စိတ်ဓာတ်ကို လွှမ်းမိုးလျက်ရှိလေပြီ။ စုဖုရားလတ်သည် သီပေါကိုယ်တော်လေး ပထမဆုံးတွေ့ဖူးသော မိန်းမဖြစ်သဖြင့် အကြီးအကျယ် မူးရူးစွဲလမ်းလျက်ရှိကာ စုဖုရားလတ်ကို မျက်စိအောက်မှ အပျောက်မခံနိုင်ရုံမျှသာမက သူ့သွေးထဲတွင် စုဖုရားလတ်၏ အကျင့်စရိုက်တို့ပါ ကူးစက်လျက်ရှိလေပြီ။ အားလုံး ဝိုင်းဝန်းကန့်ကွက်လျက်ရှိကြသည့်တိုင် စုဖုရားလတ်တစ်ဦးတည်းကိုသာ မိဖုရားမြှောက်မည်ဟု ပြောနေလေပြီ။

နောက်ဆုံးတွင် တိုင်းပြည် ဆူဆူပူပူဖြစ်လာမည် စိုးသည့်အတွက် သီပေါမင်းသည် အချက်တစ်ချက်ကို လိုက်လျောလိုက်သည်။ ယင်းမှာ အခြားမဟုတ်။ အစ်မကြီးဖြစ်သော စုဖုရားကြီးကိုလည်း တစ်ပြိုင်နက် မိဖုရားမြှောက်မည်ဆိုသည့် အချက်ဖြစ်သည်။ ဤအတွက် စုဖုရားလတ် အရေးမစိုက်။ သီပေါမင်းနှင့် အရုပ်ဆိုးဆိုး သီလရှင်စိတ်ဝင်နေသော သူ့အစ်မ စုဖုရားကြီးတို့ကြားတွင် ဘာမျှသံယောဇဉ်တွယ်စရာမရှိ။

စုဖုရားလတ်သည် ငယ်ရွယ်ထက်မြက်တုန်းတွင် တန်ခိုးအာဏာကို ရရှိထားသည့်တိုင် လွှတ်တော်ဝန်ကြီးများအားလုံး၏ အလိုကို ဆန့်ကျင်အတိုက်အခံလုပ်ရမည်ကိုမူ အနည်းငယ်စိုးရိမ်သည်။ သီပေါမင်းနှင့် စုဖုရားလတ်တို့၏ လက်ထပ်အခမ်းအနားကို ကျင်းပခြင်းမပြု။ သို့ရာတွင် စုဖုရားကြီးနှင့် စုဖုရားငယ်တို့ကို မိဖုရားအရာမြှောက်သည့် အထိမ်းအမှတ်ပွဲများကိုမူ ကျင်းပသည်။

ထိုနေ့တစ်နေ့လုံး မနက်အရုဏ်တက်မှစ၍ ရွှေနန်းတော်ကြီးတစ်ခုလုံးသည် ပျားအုံကြီးကဲ့သို့ လှုပ်လှုပ်ရွရွဖြစ်နေသည်။ ယာယီစံနန်းဆောင်သုံးဆောင်ကို ဆောက်လုပ်စေ၍ ရွှေပြားခတ်သည်။ ပထမအဆောင်မှာ မိဖုရားများ ခေါင်းလျှော်မင်္ဂလာပြုလုပ်ရန်ဖြစ်သည်။ ဒုတိယစံနန်းဆောင်မှာ မိဖုရားများ ဝတ်လဲတော်ဆောင်ဖြစ်ပြီး တတိယစံနန်းမှာ ဗေဒင်ဟူးရားများက သတ်မှတ်ထားသည့် မင်္ဂလာအချိန်တွင် မဟာသနပလ္လင်ခန်းဆောင်သို့ မဝင်မီ အဆင်သင့်စောင့်နေရန်ဖြစ်သည်။

ခေါင်းလျှော်မင်္ဂလာ ကျင်းပသည့်နေရာနှင့် ဝတ်လဲတော်ဆင်မည့် နေရာတို့တွင် မန်းမှုတ်စီရင်ထားသည့် ရေ၊ ခေါင်းလျှော်ရေ၊ တွင်းရေ၊ ချောင်းရေ၊ မြောင်းရေနှင့် မြစ်ရေတို့ကို ရွှေအိုးတွင်ထည့်၍ အဝတ်နီဝတ်ကာ အနီရောင်ယွန်းရေအိုးစင်များပေါ်တွင် အဆင်သင့်ပြင်ထားသည်။ နံ့သာမှုန့်၊ သစ်ခေါက်များနှင့် သစ်ရွက်တို့ကို ပြုတ်ထားသည့်ရေ၊ ပန်းပေါင်းခဲ စသည်တို့ကိုလည်း ခေါင်းလျှော်မင်္ဂလာအတွက် အသင့်ပြင်ထားလေပြီ။

ချိုးရေသုံးပြီးလျှင် အသင့်သုတ်ရန်အတွက် မျက်နှာသုတ်ပဝါ စသည်ကိုလည်း အသင့်ပြင်ပြီးလေပြီ။ မုန့်ခဲဖွယ်၊ သစ်သီးချိုချဉ်တို့ကိုလည်း အပေါ်တွင် အနက်ရောင်၊ အနီရောင်နှင့် အဖြူရောင် ပိုးရစ်လုံးများတင်ကာ ငွေဖန်းကြီးများထဲတွင် အဆင်သင့် ပြင်ထားပြီးလေပြီ။ ဆင်စွယ်ဘီး၊ နံ့သာဖြူဘီး စသည်တို့ကိုလည်း ယွန်းသေတ္တာကြီးများဖြင့် အဆင်သင့် ချထားပြီးလေပြီ။ လက်ဝဲတံတောင်ထောက်ရန်အတွက် ရွှေလယုန်ရုပ်ထိုး ရွှေ



www.burmeseclassic.com

www.burmeseclassic.com


ချည်ထိုးမှီအုံး၊ လက်ယာတံတောင်ထောက်ရန်အတွက် နေရုပ်ထိုးရွှေချည်ထိုး မှီအုံးကိုလည်း အဆင်သင့်ဖြစ်နေလေပြီ။

မဏ္ဍပ်များအပြင်ဘက်တွင် လက်နက်ကိုင်စစ်သည်တို့ တန်းစီလျက်ရှိစဉ် မင်္ဂလာဘိသိက်ဆရာက မင်္ဂလာဩဘာစာကို ဖတ်ကြားလျက်ရှိကာ ဆိုင်းတော်မှ စည်မောင်းများ တီးမှုတ်ခြင်းကို ရပ်ပေးကြရသည်။ ဘမယာသန ပလ္လင်ခန်းဆောင်ထဲတွင်မူ ရွှေတိုက်တော်တွင်ရှိသည့် ကျောက်မျက်ရတနာမျိုးစုံတို့ကို ခင်းကျင်းပြသထားကာ ကတ္တီပါစ၊ တရုတ်ဖဲစသည်တို့ဖြင့် ဖုံးအုပ်ထားသည်။ ညနေပိုင်းတွင် မိဖုရားနှစ်ပါးတို့သည် မကိုဋ်ဥကင်ကို ဆင်မြန်းကာ တစ်ယောက်လက်ကို တစ်ယောက်ဆွဲပြီး ရွှေအပြောက်အမွမ်းဆင်ထားသော တံခါးမှနေ၍ ဘမယာသနပလ္လင်ခန်းဆောင်သို့ ဝင်ကြရသည်။

စုဖုရားလတ်ကား ဘဝတစ်လျှောက်လုံး သူများထက်အသာရအောင် ကြိုးစားခဲ့သည့်အတိုင်း ထိုအခမ်းအနားတွင်လည်း အလှနတ်မယ်တစ်ပါး ဖြစ်နေသည်။ လှပသောမျက်လုံးများသည် လေးနက်သည့် သူ့ခံစားချက်နှင့်အညီ ပို၍ တောက်ပနက်မှောင်နေကြသည်။ သူတို့သုံးဦးသည် သစ်စေ့အနီ သုတ်နန်းတော်တိုင်ကြီးများကြားတွင် ရပ်လျက်ရှိရာ သူတို့ကြည့်ရသည်မှာ နတ်သမီးသုံးပါးနှင့်တူသည်ဟု ဖဲင်နီစိတ်တွင် အောက်မေ့မိသေးသည်။ အရုပ်ဆိုး၍ အသက်အတန်ငယ်ထောက်နေပြီဖြစ်သော စုဖုရားကြီးပင်လျှင် နန်းဝတ်နန်းစားကိုဝတ်၍ စိန်စီသည့်မကိုဋ်ကို ဆောင်းထားလိုက်သည့်အခါတွင် အသွင်ပြောင်းလျက် မဟာသေွးမဟာဆီကြွကာ တင့်တယ်သောအသရေကို ဆောင်နေသည်ဟု ထင်ရ၏။

ရွှေအအပြောက်အမွှမ်းတို့ ဆင်ယင်ထားသည့် နန်းတော်တံခါးကြီးများ နောက်ခံလျက် ငွေချည်ထိုးဖဲပေါ်တွင် နှင်းဆီရောင်နှင့် အဝါရောင်သမ်းနေသည့် ဝတ်ရုံကြီးများကို ဝတ်ကာ ထိုင်မသိမ်းအကျီကို ဝတ်ထားကြလေရာ သူတို့ကို ကြည့်ရသည်မှာ တကယ်ပင်နတ်ဒေဝီများနှင့် တူနေသည်။ ဘုန်းကြီးကျောင်းပန်းဆွဲများတွင် တွေ့ရတတ်သော ကိန္နရာများနှင့် တူနေသည်။ သူတို့အားလုံး၏ အဝတ်အစားများမှာ အတောင်တွေ၊ အချွန်အတက်တွေ တပ်ထားကြသဖြင့် လူနှင့်ပင်မတူတော့။ သီပေါမင်းစီးတော်မူသည့် ခြေနင်းပင်လျှင် ငှက်လည်သဏ္ဌာန် အဖျားကော့လျက် ဘေးတွင် တောင်တပ်ထားလေရာ ထိုခြေနင်းကို စီးသူသည် ပလ္လင်ပေါ်တွင် ထိုင်မိကြသည့်အခါ၌ ပြကွဒိန်တော်ဆက်အဖွဲ့မှ ဗေဒင်ဟူးရားများက အခါတော်ပေးကြ၏။

ပလ္လင်တော်လက်ဝဲလက်ယာတွင် ရပ်နေသည့် ပုဏ္ဏားတော်က အခါတော်ရောက်ပြီဖြစ်ကြောင်း ကြေညာသည့်အခါတွင် စာတော်ဖတ်တို့က စာဆိုအကျော်တို့ ဆက်သွင်းသော မင်္ဂလာဩဘာရတုပိုဒ်စုံကို ဖတ်ကြားဆက်သွင်းကြသည်။

မှန်နန်းအပျိုတော်တို့သည် ခါတိုင်းဝတ်နေကျ အဝတ်အစားများမဟုတ်ဘဲ အဖြူနှင့် ငွေချည်ထိုးအနီ့တပ်အကျီနှင့် ငွေရောင်ဖဲထဘီများကို ဝတ်ဆင်ကာ ရာဇပလ္လင်အနီး



www.burmeseclassic.com

www.burmeseclassic.com



တွင် စုဝေးစားကြရသည်။ အရှင်များကို ဝတ်တွား၍ စားကြသည့်အခါတွင် သူတို့၏ ခါးတောင်အင်္ကျီများသည် အထက်သို့ကော့၍ တက်နေလေရာ ရေကန်တွင် ငန်းတစ်အုပ်နားနေသည်နှင့် တူတော့သည်။ တိုင်တားမင်းကြီးမှာ သပြေသီးမှည့်ရောင်ဝတ်ရုံကြီးနှင့် အနက်ပိန်းရွှေပြားခတ်ဖောင်းကို ဆောင်းထားသည်။ ဖောင်း၏အောက်မှ သူ့မျက်နှာမှာ တင်းမာကာ ရက်စက်သည့်အသွင်ကို ဆောင်နေသည်။

ကင်းဝန်မင်းကြီးမှာ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခြင်းမရှိချေ။ ကင်းဝန်မင်းကြီးသည် ညောင်ရမ်းမင်းသားကို နန်းမတင်မိဘဲ သီပေါမင်းသားကို နန်းတင်ရာတွင်ကြံရာပါခဲ့မိသည့်အတွက် နောင်တရနေသည်ဟု သတင်းဖြစ်လျက်ရှိသည်။ တိုင်တားမင်းကြီးသည် ကင်းဝန်မင်းကြီးထက် အရာနိမ့်သည့်တိုင် နေရာတကာတွင် ကင်းဝန်ကို ဘေးဖယ်လျက်ရှိလေပြီ။ မင်္ဂလာပွဲသို့ အခြားဝန်ကြီးများနှင့် ကတော်မယားများလည်း အဆောင်အယောင်အပြည့်ဖြင့် တက်ရောက်ကြသည်။

ရွှေနန်းတော်စင်္ကြံများတစ်လျှောက်တွင် စောင့်ကြပ်နေကြသည့် အင်္ကျီစိမ်း၊ ခေါင်းပေါင်းနှင့်ပန်းရောင် ရွှေချည်ထိုးပုဆိုးတို့ကို ဝတ်ဆင်ထားသည့် အစောင့်များပင်လျှင် ခါတိုင်းနှင့်မတူဘဲ တောက်ပသစ်လွင်လျက်ရှိကာ ခမ်းနားကြီးကျယ်မှုကို ထပ်လောင်းဖြည့်စွက်သကဲ့သို့ ဖြစ်နေသည်။

ထိုည၌ စုဖုရားကြီးအား ခမည်းတော်မင်းတုန်းမင်းကြီး၏ မိဖုရားခေါင်းကြီး စံမြန်းခဲ့သောအဆောင်တော်ကို အခမ်းအနားဖြင့် အပ်နှင်းသည်။ သို့ရာတွင် စုဖုရားကြီးသည် ခန်းမဆောင်ထဲတွင် တစ်ယောက်တည်းကျန်ရစ်ခဲ့ပြီး စုဖုရားလတ်မှာမူ အနောက်ဆောင်တွင် စက်တော်ခေါ်ခြင်းမပြုဘဲ ဘုန်းတော်ကြီးသော ဘုရား၏အဆောင်တွင် လိုက်၍ စက်တော်ခေါ်သည်။ ဤသို့ အစဉ်အလာဖောက်ဖျက်သူမှာ အင်းဝရွှေနန်းမှ မိဖုရားများထဲတွင် စုဖုရားလတ်တစ်ဦးတည်းသာရှိသည်။ ဟုတ်သည်။ ဘုန်းတော်ကြီးသော ဘဝရှင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူပြီးသည့်နောက်၌ အရာရာသည် ပြောင်းလဲခဲ့လေပြီ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# ၇

## နွေဦးပေါက်သော်

မန္တလေးရွှေမြို့တော်ကြီးနှင့် ကုလားမြို့သည် အေးချမ်းငြိမ်သက်လျက်ရှိ၏။ သို့ရာတွင် တိတ်ဆိတ်ငြိမ်သက်မှုသည် ပင့်သက်ကို အောင့်ထားရသော တိတ်ဆိတ်မှုမျိုးဖြစ်သည်။ အထိတ်ထိတ်အလန့်လန့်ဖြစ်နေသော တိတ်ဆိတ်မှုမျိုးဖြစ်သည်။ ရွှေနန်းတော်ထဲ၌ ဖဲင်နီသည် စုဖုရားလတ်၏ လက်စွဲတော်ဖြစ်နေသည်။ အချစ်တော်လည်း ဖြစ်နေသည်။ စုဖုရားလတ်သည် စိတ်ဆိုးသည့်အခါများတွင် ဒေါသအမျက်ကို အခြားသူများဘက်သို့ လှည့်ကောင်းလှည့်မည်ဖြစ်သော်လည်း ဖဲင်နီအပေါ်တွင်မူ ဘယ်တော့မှ စိတ်ဆိုးဟန်မပြ။

ဖဲင်နီသည် စုဖုရားလတ်ထံ အခစားဝင်ရာ၌ မိန်းမရိုင်း စုဖုရားလတ်အလိုကျအောင် လုပ်နိုင်သည့် အရည်အချင်းတစ်ခုရှိသည်။ ဖဲင်နီသည် စုဖုရားလတ်ကို မြှောက်ပင့်ခြင်းပြု၏။ သို့ရာတွင် အခြားသူများလည်း စုဖုရားလတ်ကို မြှောက်ပင့်ကြသည်သာ၊ မြှောက်ပင့်ခြင်းမရှိသူဟူ၍ တစ်ယောက်မျှပင်မရှိ။ တစ်ခါတစ်ရံတွင် ဖဲင်နီသည် စုဖုရားလတ်နှင့် အခြေအတင်ပြောဆို၏။ သို့ရာတွင် ဒီလန်ဖေးသည်လည်း သူ့နည်းတူ အခြေအတင် ပြောတတ်သည်သာ။ ဖဲင်နီသည် စုဖုရားလတ်ကိုချစ်၏။ (အနည်းဆုံး ချစ်ဟန်ပြသည်။) သို့ရာတွင် သီပေါမင်းနှင့် ဆင်ဖြူမရှင်တို့သည်လည်း စုဖုရားလတ်ကို ချစ်ကြသည်သာ။

ဖဲင်နီသည် သူတို့အားလုံးနှင့်မတူ။ သီပေါမင်းသည် စုဖုရားလတ် အနိုင်ကျင့်သရွေ့ ခေါင်းငုံ့ခံ၏။ ဆင်ဖြူမရှင်သည် အောင်မြင်ခြင်းမရှိသည့်တိုင် စုဖုရားလတ်ကို အနိုင်ရဖို့ကြိုးစား၏။ ဖဲင်နီကား ထိုသို့မဟုတ်။ ဖဲင်နီသည် မိမိ၏စိတ်တွင်ရှိသည့် တကယ်ခံစားချက်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



အခါအားလျော်စွာ လိမ္မာပါးနပ်စွာ ဖော်ပြတတ်သည်။ ထိုအတတ်ပညာကို မည်သို့ မည်ပုံ အသုံးချသနည်းဟုမေးလျှင် သူကိုယ်တိုင်လည်း မဖြေတတ်။ ထိုသို့ ခံစားချက်ကို ဖော်ထုတ်ခြင်းမှာ လိုအပ်၍လော၊ တကယ်စိတ်ထဲတွင်ရှိ၍လော ဆိုသည်ကိုလည်း သူကိုယ်တိုင်ပင် ကောင်းကောင်းမသိ။ သို့ဖြင့် ဖဲင်နီသည် ရွှေနန်းတော်ထဲတွင် ပျော်ရွှင်စွာကြောက်ရွံ့စွာဖြင့် အချိန်ကုန်လာခဲ့သည်။ သူ့အတွက် ကြောက်ရွံ့ခြင်းမဟုတ်ဘဲ အခြားသူများအတွက် ကြောက်ရွံ့ခြင်းဖြစ်၏။

အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော ရွှေနန်းတော်ကြီး၏ ဟင်္သာပြဒါးနှင့် ရွှေပိန်းချ စကြံများတစ်လျှောက်တွင် အကြောက်သည် ခိုအောင်းလျက်ရှိ၏။ ဆေးရောင်ခြယ်ထားသည့် ခန်းမဆောင်ထဲတွင် ခိုအောင်းလျက်ရှိ၏။ ထိုအကြောက်ကြောင့် စကားပြောသံများသည် ရုတ်ချင်းတိတ်သွားကြသည်။ ထိုအကြောက်ကြောင့် နောက်သို့သမင်လည်ပြန် လှည့်ကြည့်မိကြသည်။ စူးစူးဝါးဝါးအော်သံများကြောင့် ကြောက်လန့်တကြား တိတ်ဆိတ်သွားပုံသည် သံကန့်လန့်ကကြီးကျလာသကဲ့သို့ ရုတ်ခြည်းရောက်လာတတ်ပါသည်။ မင်းညီမင်းသားများနှင့် သူတို့ကတော်မယား ရစ်ဆယ်ကျော်တို့မှာ ယခုတိုင် အချုပ်ခံနေရဆဲဖြစ်သည်။ သီပေါမင်းတရားသည် သူတို့ကို ချုပ်နှောင်ထားသည့်နေရာတွင် ခံတပ်အခိုင်အမာ ဆောက်လုပ်စေသည်။

ထိုသို့ ခံတပ်ဆောင်ပေးလိုက်ခြင်းသည်ပင်လျှင် မိမိတို့တစ်တွေ အသက်နှင့်ကိုယ် အိုးစားမကွဲသေးဘဲ ဆက်လက်အသက်ရှင်နေရဦးမည်ဟူသော အချက်ကိုပြသည့် မျှော်လင့်ချက်ရောင်ခြည်ဖြစ်နေသေးသည်။ အမည်ခံအားဖြင့် ထိပ်ခေါင်တင်မဟေသီဖြစ်သည့် စုဖုရားကြီးသည် အနောက်ဆောင်တွင် သုန်မှုန်စွာ စံလျက်ရှိပြီး စုဖုရားလတ်မှာမူ တောင်စမုတ်နန်းတွင် မောင်တော် သီပေါမင်းနှင့်အတူ အမြဲစံနေသည်။ မယ်တော်ဆင်ဖြူမရှင်ကား မိမိ ယခင်ကနေခဲ့သည့် နန်းမတော်ဖုရား၏အဆောင်တွင် တိုင်တားမင်းကြီးနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

သို့ရာတွင် တိုင်တားမင်းကြီးသည်လည်း မိမိ၏တောင်းဆိုချက်များကို လိုက်လျောခြင်းမရှိတော့ဘဲ သူငယ်မလေးတစ်ယောက်သာဖြစ်သည့် စုဖုရားလတ်၏သစ္စာကို ခံနေလေပြီဟု ဆင်ဖြူမရှင်ထင်မိ၏။

လွန်ခဲ့သည့် သုံးလလောက်က မိမိ၏လက်ထဲတွင် နယ်ရုပ်ကလေးတစ်ရုပ်လို ရွှေချင်ရာကို ရွှေ့၍ရခဲ့သည့် စုဖုရားလတ်သည် ယခုအချိန်တွင် မောက်မာဝင့်ဝါလျက်ရှိသည်။

ဖဲင်နီသည် နဂိုမူလကတည်းကပင် လျှို့ဝှက်သည့်ကိစ္စမျိုးကို နှစ်သက်သည့်အတွက်ကြောင့်တစ်ကြောင်း၊ သနားတတ်သည့်အတွက်ကြောင့်တစ်ကြောင်း အကျဉ်းကျခံနေရသူများကို တတ်အားသမျှကူညီ၏။ ထောင်ထဲတွင် အချုပ်ခံနေရသည့် မင်းညီမင်းသားများနှင့် ဆွေတော်မျိုးတော်တို့မှာ အငတ်ငတ်အပြတ်ပြတ် ဖြစ်လျက်ရှိသည့်အတွက် ဖဲင်နီသည် ပေါင်မုန့်၊ ထမင်း စသည်တို့ကို ခိုးဝှက်၍ ပေးပို့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့မှာ သူ့ကိုယ်ပိုင်စရိတ်ဖြင့် ဝယ်ခြမ်းထောက်ပံ့ခြင်းဖြစ်ပြီး အချို့မှာ သံကိုယ်စားလှယ် မစ္စတာရှော၊ သာသနာပြုဆရာ လန်စဒင်နှင့် ဒါဗီရာတို့၏ အထောက်အပံ့ဖြင့် ပေးပို့ခြင်းဖြစ်သည်။ သူတို့၏ သနားကရုဏာကို လွယ်လွတ်ဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမဟုတ်။ အဆင့်ဆင့်သော အမှုထမ်းအရာထမ်းများကို တံစိုးလက်ဆောင်ပေးခြင်း၊ လာဘ်ပေးခြင်းဖြင့် အကောင်အထည်ဖော်ခဲ့ရခြင်းဖြစ်သည်။

ငွေနှင့် လက်ဆောင်အမျိုးမျိုးတို့သည် ဖဲင်နီ၏ လက်ဖဝါးသေးသေးကလေးထဲမှ ထောင်မှူးထောင်ကြပ် စသူတို့၏ လက်ဖဝါးကြီးများထဲသို့ ရောက်သွားကြသည်။ အပေါ်ယံအားဖြင့်ကြည့်လျှင် အကျဉ်းသားများရော လွတ်လပ်သူများပါ ရွှေနန်းတော်ကြီးထဲတွင် အစစအရာရာ အဆင်ပြေနေသည်ထင်ရသည်။ သို့ဖြင့် အကျဉ်းသားများရော လွတ်လပ်သူများပါ နွေဥတုနှင့် မိုးဥတုများကို ကုန်လွန်ခဲ့ကြသည်။

မိမိအတွက်မပူသော်လည်း သမီးဖြစ်သူ အက်ဂါသာ၏ လုံခြုံရေးအတွက် စိုးရိမ်သောကဖြစ်ခဲ့သည့် သာသနာပြုဆရာ လန်စဒင်သည် ထိုမျှလောက် ပူပင်သောကမရောက်တော့။ အက်ဂါသာမှာလည်း ခရစ်ယာန်သာသနာပြုတစ်ယောက်ပီသစွာ တတ်သမျှမှတ်သမျှ မြန်မာစကားဖြင့် တိုင်းရင်းသားတို့အား ခရစ်ယာန်တရားကို ဟောလျက်ရှိသည်။ သို့ဖြင့် မန္တလေးရွှေမြို့တော်ကြီးနှင့်တကွ ကုလားမြို့သည် မုန်တိုင်းမကျမီ ငြိမ်သက်နေသကဲ့သို့ အငြိမ်သက်ကြီး ငြိမ်သက်လျက်ရှိသည်။

ပရိသီရိုးမှာ ခရစ်ယာန်သာသနာပြုကိစ္စဖြင့် နယ်များသို့ သွားရောက်လျက်ရှိပြီး ဘစ်ခါတစ်ရံတွင်လည်း နယ်များတွင် သာသနာပြုလုပ်ငန်း မည်သို့မည်ပုံရှိသည်ကိုလည်းကောင်း၊ သာသနာပြုလုပ်ငန်း မည်သို့ တိုးချဲ့လုပ်ကိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း အက်ဂါသာထံ မကြာခဏ စာရေးတတ်သည်။

သို့ဖြင့် ဇန်နဝါရီလသို့ ရောက်လာခဲ့၏။ ဇန်နဝါရီလမှာ ရာသီဥတုကြည်လင်၍ နေရောင်သည် ကနုကမာခွံထဲတွင် ထွန်းလင်းနေသည့်နှယ်သာယာသည့်လဖြစ်သည်။ အထူးသဖြင့် ထိုရာသီသည် မန္တလေးတွင် အလွန် နေ၍ထိုင်၍ကောင်းသည့် ရာသီဖြစ်၏။ ကျေးရွာများမှ အမွှေးရနံ့များသည် ရွှေရောင်လေထဲသို့ ဝဲပျံ့လျက်ရှိကြသည်။ ကာလသားများနှင့် ငယ်ကလေးများသည် ခြင်းလုံးကစားကြ၏။ ပိုးကြပန်းကြ၏။ မြူးထူးခုန်ပေါက်နေကြသော ကလေးငယ်များသည် ဈေးကွက်ဖုန်တောထဲတွင် လူးလိမ့်ကစားနေကြ၏။ အမိရင်ခွင်တွင် နို့စို့ကြ၏။ မိန်းမပျိုတို့သည် မျက်နှာတွင် သနပ်ခါးအဖွေးသားလိမ်းကာ ကျောင်းကန်ဘုရားများ၊ ဇာတ်ပွဲများ၊ ကစားပွဲများသို့ သွားကြ၏။ ဈေးရောင်းဈေးဝယ်ပြုကြ၏။ ချစ်တင်းနှီးနှောကြ၏။

အခွန်အတုတ် ကြီးလေးလှသဖြင့် မွဲပြာကျသည့်တိုင်၊ ကပ်ရောဂါ၊ လူးဆိုးဓားပြ၊ ခိုးသားမ်းတို့၏ ရန်ဘေးရှိသည့်တိုင်၊ အစိုးရက ထိုက်သင့်သည့်ကာကွယ်မှုကို မပေးနိုင်သည့်

www.burmeseclassic.com



တိုင်၊ ပျော်ပျော်ပါးပါးနေတတ်၍ မျိုးဇာတ်မခွဲသော၊ အပူအပင်ကင်းမဲ့သူ မြန်မာလူမျိုးတို့သည် ထိုသို့ဖြင့် အချိန်ကုန်လျက်ရှိကြသည်။ အရှည်ကိုမြင်သူတို့က ခေါင်းယမ်းကြသည်။

အချုပ်အနှောင်ခံနေရသည့် မင်းညီမင်းသားများ၏ ဆွေမျိုးများက စိုးရိမ်ကြောင့်ကြ ရင်တမမဖြစ်ကြသည်။ သို့ရာတွင် ယေဘုယျပြောရလျှင် စုဖုရားလတ်၏ ဥသျှောင်ထုံးအခမ်းအနား အောင်မြင်မှုသရဖူဆောင်းပြီးသည့်နောက် တစ်လခွဲခန့် ကာလအတွင်း၌ကား မန္တလေးရွှေမြို့တော်ကြီးသည် စိတ်ရင်းစေတနာကောင်းသော ဘဝရှင်မင်းတုန်းမင်းတရားကြီး လက်ထက်တော်ကဲ့သို့ပင် စည်ကားလျက်ရှိ၏။ ရွှေနန်းတော်ကြီးထဲသို့ ရောက်နေသည့် ဖဲင်နီသည် ယခင်ရေးနှင့်ယခု မည်သို့ကွာခြားကြောင်းကို ကောင်းစွာသိသည်။ သို့ရာတွင် သာသနာပြုကျောင်းဝင်းအတွင်းရှိ အက်ဂါသာမှာမူ ဘာမျှမသိ။

ထိုစဉ် ပရိသီရိုးသည် နယ်လှည့်ရာမှ ပြန်ရောက်လာသည်တွင် အက်ဂါသာကလည်း အနုပညာဆန်ဆန်ချုပ်ထားသည့် ဝတ်စုံအဖြူ (ဤတစ်ကြိမ်တွင် အစိမ်းမဟုတ်တော့။) ကို ဝတ်၍ ကြိုဆိုခြင်းပြုသည်။ ပရိသီရိုးက အက်ဂါသာသည် ပုံပြင်ထဲမှ ကြာနတ်မယ်နှင့်တူကြောင်း ပြော၏။ ထိုအချိန်က အက်ဂါသာ၏မျက်နှာမှာ မြန်မာပြည်ရောက်စတုန်းကလို နီရဲခြင်းလည်းမရှိတော့။ ပရိသီရိုးကိုယ်တိုင်မှာလည်း ကိုယ်လုံးကိုယ်ပေါက်တောင့်တင်းသည့် ခရစ်ယာန်စစ်သည်တစ်ဦးနှင့် တူနေသည်။

ပရိသီရိုးသည် နယ်သို့ရောက်သည့်အခါတွင် အပြေးလေ့ကျင့်၏။ ကလေးငယ်များကို ဘောလုံးကစားသင်ပေး၏။ သူ့ကိုယ်ခန္ဓာသည် ချပ်ရပ်တောင့်တင်းနေသည်။ အက်ဂါသာသည် ယောက်ျားပီသသည့် ပရိသီရိုးကိုကြည့်၍ သဘောကျနေသည်။ ပရိသီရိုးပြန်လာလျှင် အက်ဂါသာသည် သူတို့ သာသနာပြုကျောင်းထဲရှိ အိမ်ဝရန်တာမှနေ၍ (ရေးကဗျာထဲမှ အပျိုစင်ချစ်သူကဲ့သို့) လက်ကမ်း၍ ကြိုဆိုတတ်သည်။ ပရိသီရိုးကလည်း အက်ဂါသာနှင့်တွေ့လျှင် အမောပြေသည်။ အက်ဂါသာသည် သူ့လို နှောင်တမလွန်ဘဝအကြောင်းကို မတွေး။ အက်ဂါသာက လက်တွေ့ကျသည်။

အက်ဂါသာသည် နာမကျန်းဖြစ်နေသည့် တိရစ္ဆာန်ကို ဂရုစိုက်သည်။ တိရစ္ဆာန်များ နာမကျန်းဖြစ်သည့်အတွက် ဘုရားသခင်ထံလည်း ဆုတောင်းခြင်းမပြု။ ဤသို့ အနေအထိုင်၊ အတွေးအယူရှိးသားသည့် အက်ဂါသာကို သဘောကျသော်လည်း အက်ဂါသာသည် မိန်းမပီပီ အသိရခက်သည်ဟုကား စိတ်ထဲတွင် အောက်မေ့မိသည်။

မိန်းမတို့၏အကြောင်းကို မည်သည့်ယောက်ျားမျှ နားမလည်နိုင်ဟု ပရိသီရိုးယူဆသည်။ မိန်းမတို့စိတ်ထဲတွင် ယောက်ျားတို့နားမလည်နိုင်သော အရာတစ်ခုရှိသည်ဟုလည်း သူယူဆသည်။

အက်ဂါသာ့အနေအထိုင်ကလည်း ထိုသို့ နားမလည်နိုင်စရာပင်။ အက်ဂါသာသည် သူကိုယ်တိုင်ကလည်း ထိုအချက်ကို လက်ခံပုံရသည်။ ဖဲင်နီကမူ ထိုသို့ယူဆဟန်မရှိ။ မည်သို့ယူဆကြောင်းကိုလည်း မည်သူကမျှ မမေးမိကြ။

---

သဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ဖင်နီသည် ဒြပ်မဲ့တွေးခေါ်မှုကို ပစ်ပယ်သူတစ်ယောက် မဟုတ်လော။ ထို့ကြောင့် ပရိုသီရီးသည် သူ့စိတ်ထဲတွင်ရှိနေသည့် သံသယတို့ကို ထုတ်ဖော်ခြင်းမပြုဘဲ ဘာသာရေးကိစ္စနှင့် ပတ်သက်၍သာ စကားစမြည်ပြောကြသည်။ သူတို့သည် သီလရှင်လက်စွဲကျမ်းကို အတူဖတ်ကြသည်။ သူတို့နှစ်ယောက်သည် သန့်ရှင်းသောစိတ်ဖြင့် နွေဦးပေါက်ညနေခင်းတွင် ကျုံးဘေးမှာ လမ်းလျှောက်ထွက်ကြသည်။

အက်ဂါသာသည် ပရိုသီရီးအတွက် (ခရစ်ယာန်ဘုန်းကြီးများဝတ်သည့်) လည်ခည်းကလေးတစ်ထည်ကို ထိုးနေရာမှ သူ့လည်တွင် ဆင်မြန်းပေးရင်း ကျမ်းစာထဲမှ သီလရှင်က ဆာဂါလာဟတ်အား ဆင်မြန်းပေးစဉ် ပြောသည့်နည်းတူ ပရိုသီရီအား ပြောရဲသောသတ္တိရှိလျှင် မည်မျှကောင်းမည်နည်းဟု စိတ်ထဲမှ တောင့်တနေမိသည်။ သို့ရာတွင် သူမပြောရဲ။

ထိုစဉ် ပရိုသီရီးသည် သူ့ကို ရှောင်ထွက်သွားသည်။ ပရိုသီရီးသည် ထုံထိုင်းကောင်း ထုံထိုင်းမည်ဖြစ်သည့်တိုင် ရိုးသားသည်။ အက်ဂါသာမှာမူ သူ့လောက်လည်း ထုံထိုင်းမှုမရှိ။ သူ့လောက်လည်း ရိုးသားမှုမရှိ။ သို့ရာတွင် ပြောင်ကျကျ ဆန်းပြားရဲလောက်အောင်လည်း သတ္တိမကောင်းချေ။

သူတို့နှစ်ယောက်သည် သဘာဝကြီးကို လိမ်လည်လှည့်စားလျက်ရှိရာ သူတို့၏အဖြစ်ကိုကြည့်လျှင် ရွှေနန်းတော်ကြီးထဲမှ လူပျိုပေါက် နန်းတော်သားကလေးတွေကပင် ရယ်သွမ်းသွေးကြလိမ့်မည်ထင်သည်။

သို့တိုင်အောင် ဖူးလူမျိုးတို့က ဣစ္စန္ဒဗ္ဗာဏအမည်ရှိသော အရပ်တွင် အင်္ဂလိပ်လူမျိုး မိန်းမရှာ ရှစ်ရာကျော်တို့ကို သတ်ဖြတ်ပစ်လိုက်သောအခါ၌ အာဖရိကတိုက်မှ သူတို့ သာသနာပြုအာဇာနည် ဆာဂါလာဟတ်နှင့် သီလရှင်ဆရာလေးတို့သည် အသက်ဆုံးရှုံးခါနီးတွင် လက်ထပ်ထိမ်းမြားသွားခဲ့သည်။

ဣစ္စန္ဒဗ္ဗာဏ အဖြစ်အပျက်ပြီး၍ တိုက်တိုက်ဆိုင်ဆိုင် မန္တလေးမြို့တော်ရှိ ယောက်ျား၊ မိန်းမ၊ ကလေးရှစ်ဆယ်ကျော်တို့သည် အသတ်ခံလိုက်ရသည်။ ဣစ္စန္ဒဗ္ဗာဏမှ အင်္ဂလိပ်တို့သည် ဆာဂါလာဟတ်နှင့် သီလရှင်ဆရာလေးတို့၏ ပေါင်းဖက်မှုကို မြင်မသွားကြရသော်လည်း မန္တလေးမြို့တော်မှ အသတ်ခံလိုက်ရသည့် မင်းညီမင်းသားတို့ကား ပရိုသီရီးနှင့် အက်ဂါသာတို့၏ စုံဖက်ပေါင်းဖော်မှုကို မြင်သွားကြရသေးသည်။ ထိုအဆက်အစပ်မရှိသော အဖြစ်အပျက်များကို ဖြစ်ပေါ်စေသူမှာ ဘာမှ အရေးပါအရာရောက်ခြင်းမရှိသည့် အညတရ ဖင်နီပင်ဖြစ်သည်။ ဖင်နီသည် အက်ဂါသာတို့၏ ဒိဘီကုလားမတိုက်ထားသည့် အဝတ်အချို့ကို လိုချင်ရုံမှအပ အခြား မည်သည့်အကြံအစည်မျှ သူ့ခေါင်းထဲတွင် ရှိသူမဟုတ်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

၈

## ကုန္တဂ္ဃာ

ဖဲင်နီသည်သူ၏ ဟာသ်ာပြဒါးနှင့် ရွှေပိန်းချသေတ္တာလေးကို မွှေနှောက်ကာ အဝတ်အစားများကို ရှာနေသည်။ သူ့အဝတ်အစားများမှာ အားလုံး တွန့်ကြေလျက်။ ဥရောပသူပီသအောင် အဝတ်အစားကောင်းကောင်း ဝတ်ရမည်ဆိုလျှင် အဝတ်အစားတွေ မီးပူတိုက်နေရဦးမည်။ သို့ရာတွင် မီးပူတိုက်ရသည်မှာ အချိန်ကုန်သည်။ ဖဲင်နီသည် မီးပူတိုက်သည့်အလုပ်၊ အပ်ချုပ်ရသည့်အလုပ်တို့ကို အလွန်မုန်းသည်။ သူ့အဝတ်အစားတွေက မီးပူတိုက်ပြီးသည့်တိုင် ဖာနားအသစ်တို့၊ ဖဲကြိုးအသစ်တို့ တပ်ဖို့လိုသေးသည်။

အက်ဂါသာကမူ သူ့ပစ္စည်းဆိုလျှင် နမြောခြင်းမရှိ။ ရက်ရောသည်။ ထို့ကြောင့် သာသနာပြုကျောင်းသို့ အလည်သွားရန် စိတ်ကူးသည်။ ကျောင်းသို့ရောက်လျှင် ဒိုဘီကုလားမကို မီးပူတိုက်ခိုင်းထားစဉ် သူတို့က လက်ဖက်ရည်သောက်ရင်း စကားစမြည်ပြောကြမည်။ ထို့ကြောင့် ဖဲင်နီသည် တိုင်တားမင်းကြီး၏ သမီးတော်တစ်ဦးဖြစ်သော အရုပ်ဆိုးဆိုးနှင့် မှန်နန်းအပျိုတော်ချုပ်ထံမှ ခွင့်ပန်ကာ လှည်းယာဉ်တစ်စီးကိုခေါ်၍ အနောက်တံခါးမှ ထွက်လာခဲ့ပြီး စကြောသုံးထပ်မိုး သာသနာပြုကျောင်းသို့ လာခဲ့သည်။

အက်ဂါသာက ဖဲကြိုးအသစ်တွေလည်း တပ်ပေးမည်။ ဒိုဘီကုလားမကိုလည်း မီးပူတိုက်ခိုင်းပေးမည်ဟု လိုလိုချင်ချင်ပင်ပြော၏။ သို့ရာတွင် အလေးအနက်မရှိလှ။ ဧည့်ခန်းထဲတွင် သံကိုယ်စားလှယ်မစ္စတာရှော၊ သာသနာပြုဆရာလေး ပရိုသီရိုး၊ အက်ဂါသာနှင့်



www.burmeseclassic.com

www.burmeseclassic.com



လန်စဒင်တို့ စကားပြောနေကြသည်။ ဖဲင်နီသည် သူတို့ပြောနေသည့်စကားများကို များစွာ စိတ်ဝင်စားခြင်းမရှိသည့်အလျောက် သူယူလာသည့် အထုပ်ကလေးကိုကိုင်ကာ အက်ဂါ သာ၏ အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

အခန်းထဲမှ ပြန်ထွက်လာသည့် အခါ၌လည်း သူတို့တစ်သိုက်မှာ စကားကောင်း နေဆဲ။

ပရိုသီရိုး၏မျက်နှာမှာ ခွေးတွေပြန်ကာ ဖြူဖတ်ဖြူရော်တွေ ဖြစ်နေသော်လည်း လူ ကြီးနှစ်ယောက်၏မျက်နှာများမှာ လေးနက်တင်းမာနေကြသည်။

ပရိုသီရိုးက . . .

"ဒီလိုအရေးနိမ့်တာမျိုးကတော့ တစ်ခါမှမကြုံဖူးဘူး။ ကြည့်စမ်းပါဦး . . . ။ အင်္ဂလိပ် တပ်ကြီးတစ်တပ်လုံးကို အရိုင်းအစိုင်းတွေက အနိုင်တိုက်လိုက်တယ်ဆိုတာကတော့ ရာဇဝင်ရိုင်းလုတယ်။ ပြီးတော့ အသတ်ခံရတဲ့ အင်္ဂလိပ်တွေကလည်း ရှစ်ရာကျော်တောင် ဆိုတော့ . . ."

ပရိုသီရိုးကိုကြည့်ရသည်မှာ ခရစ်ယာန်တရားဟောဆရာဆိုသည့် အလုပ်ကိုမေ့ သွားပြီး စစ်သားတစ်ယောက်ဟု သူ့ကိုယ်သူ အောက်မေ့နေပုံရသည်။ သူတို့ စိုးရိမ်သောက သည်။ ရန်သူများ၊ သို့မဟုတ် ရန်သူဖြစ်လာမည့်သူများအလယ်တွင် ရောက်နေသည့် လူနည်းစုတို့တွင် ဖြစ်နေကျ စိုးရိမ်သောကဖြစ်သည်။ သူတို့အားလုံး၏ မျက်နှာများမှာ ပူဆွေး သောကရောက်နေရုံမက စိုးရိမ်ထိတ်လန့်သည့်အသွင် ပေါ်နေကြသည်။ သူတို့အထဲတွင် ဣန္ဒြေအဆယ်နိုင်ဆုံးဖြစ်သော မစ္စတာရောက ပခုံးကို တွန့်ပြလျက် . . .

"အရေးနိမ့်တာကတော့ အကြီးအကျယ်အရေးနိမ့်တာပဲ။ ဒါပေမဲ့ ကျွန်တော်တို့ တွေ ဂုဏ်သိက္ခာပြန်ဆယ်နိုင်မယ်လို့တော့ မျှော်လင့်ရတာပဲ။ ဣသန္ဒွလာမှာဖြစ်ခဲ့တဲ့ အရေးအခင်းအတွက်တော့ ပြန်ပြီး ကလဲ့စားချေရမှာပဲ။ ဇူးလူးတွေကလည်း သူတို့သင်ခန်း စာကို သူတို့ ပြန်ယူပေ့စေပေါ့ဗျာ။ ဒါပေမဲ့ ခက်တာက ဒီသင်ခန်းစာတွေဟာ ပိုက်ဆံနဲ့ပေး ဝယ်ရတာထက် ဈေးကြီးတယ်ဗျာ။ ကျွန်တော်လည်း အိုဟာရာဆီက ကြေးနန်းကိုရ ကတည်းက တော်တော်စိတ်ညစ်ရတယ်။

ခုလိုဖြစ်ရတာဟာ ဘာတယ်ဖရာရေကြောင့် ဖြစ်ရတာတဲ့။ ဇူးလူးခေါင်းဆောင် စီတီဝါယိုဟာ ထက်မြက်တဲ့ခေါင်းဆောင်တဲ့။ သူကတော့ အင်္ဂလန်ဟာ လူမျိုးငယ်လေးတွေ ကို ထင်တိုင်း အနိုင်ကျင့်နေတယ်လို့ စွပ်စွဲနေတယ်။ အိုင်းရစ်သွေးပြတာပေါ့လေ။ ဒါတောင် မှ ကျွန်တော်တို့အစိုးရကလည်း အိုဟာရာလိုလူမျိုးကို အမှုထမ်းခန့်ထားသေးတယ်။ ကျွန် တော်တို့လူမျိုးကတော့ ရှားပါတယ်"

ရှည်လျားသေးသွယ်သော မစ္စတာလန်စဒင်၏ မျက်နှာပေါ်တွင် ခံပြင်းသည့် အရိပ် အယောင်ပေါ်လာသည်။

---



www.burmeseclassic.com

www.burmeseclassic.com



"စီတီဝါယိုဘက်ကို ထောက်ခံတဲ့လူဆိုလို့ ဂိုက်းချုပ်ကိုလင်ဆိုတစ်ယောက်ပဲ ရှိတယ်လို့ ကြားရတယ်။ ကိုလင်ဆိုဟာ ဒီတ္တိတက္ကတွန်း ဖြစ်သွားဟန်တူပါရဲ့"

မစ္စတာရောက ခပ်ပြုံးပြုံးဖြင့် . . .

"သူလည်း အတွက်အချက်ညံ့တဲ့လူတော့ မဟုတ်ဘူး။ ဒီတစ်ချီမှာတော့ အတွက်မှားသွားပြီထင်တယ်။ နှစ်နဲ့နှစ်ပေါင်းရင် ဘာရမယ်ဆိုတာကို မတွက်တတ်တော့ဘူးဖြစ်သွားတယ်။ စီတီဝါယိုဟာ အရိုင်းအစိုင်းတွေထဲမှာတော့ လူကောင်းတစ်ယောက်ပါပဲ။ ဒါပေမဲ့ လူက ရက်စက်ကြမ်းကြုတ်လှသဗျာ။ သူပညတ်ထားတဲ့အတိုင်း ကိုယ့်ထက်အသက်ကြီးသူကိုမယူဘဲ ကိုယ်နဲ့ရွယ်တူကို ယူရမလားဆိုပြီး မိန်းကလေးတွေ တစ်ပြုံကြီး သတ်ပစ်လိုက်တာကို ကြည့်ပါလား"

အစုလိုက်အပြုံလိုက် သတ်ခြင်းဆိုသည့်စကားလုံးသည် ဧည့်ခန်းဆောင်ထဲတွင် နားခါးစရာကောင်းနေသည်။ ဧည့်ခန်းတစ်ခုလုံးမှာ ငြိမ်သက်တိတ်ဆိတ်လျက်ရှိကာ သစ်ပင်ပေါ်တွင်တေးဆိုနေသည့် ပန်းထိမ်ဖိုငှက်၏ မြည်သံမှအပ တိတ်ဆိတ်လျက်ရှိသော ဧည့်ခန်းထဲတွင် ထိုစကားလုံးသည် အမင်္ဂလာဖြစ်နေသည်။

"တစ်ခုတော့ ရှိတယ်ဗျို့။ ဒီသတင်းကို ဒီမှာမပေါက်ကြားဖို့ အရေးကြီးတယ်။ ရန်ကုန်က သတင်းစာမရောက်မချင်းတော့ ဒီမှာ တော်တော်နဲ့ သိကြဦးမှာမဟုတ်ပါဘူး။ ကျွန်တော်သာ မနက်က ကြေးနန်းရလို့သိတာ။ တိုင်းပြည်တစ်ခုခုက ဒီမှာရှိတဲ့ သူတို့သံကိုယ်စားလှယ်ကို ကြေးနန်းရိုက်အကြောင်းမကြားရင် ဒီသတင်းဟာ မန္တလေးရွှေမြို့တော်ကို ရောက်မှာမဟုတ်သေးဘူး"

"ဒါပေါ့။ ဒီသတင်းကို ဘယ်သူ့ကိုမှ ပြောလို့မဖြစ်သေးဘူး"

"အခန်းဝမှာ ဖဲင်နီရှိတယ်"

ဟု အင်္ဂလိပ်သံကပြောသဖြင့် အမျိုးသားများသည် တံခါးဝဆီသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။ သံကိုယ်စားလှယ် မစ္စတာရောသည် မျက်မှောင်ကုပ်လိုက်၏။ သို့ရာတွင် သူ့မျက်နှာသည် ချက်ချင်းကြည်လင်သွား၏။ ဖဲင်နီဆိုသည့် မိန်းကလေးသည် ဘာမျှအန္တရာယ်ဖြစ်စရာအကြောင်းမရှိ။ ဆတ်ဆိုင်းဆိုင်းလုပ်နေပုံကို ကြည့်ရသည်မှာ သနားစရာပင်ကောင်းနေသေးသည်။

"ဖဲင်နီရေ . . . ဒီမှာကြားတဲ့သတင်းတွေကို ဘယ်သူ့ကိုမှမပြောဖို့ ကတိပေးပါနော်"

"စိတ်ချပါရှင် . . . စိတ်ချပါ"

ဟု ဖဲင်နီက အသည်းလိုက်အူလိုက် ပြောသည်။ အမှန်အားဖြင့်လည်း ရှုးလှူးအမျိုးသားတို့၏အရေးသည် သူနှင့်ဘာဆိုင်သနည်း။ သူတို့သည် အင်္ဂလိပ်တို့ကို အမြဲဒုက္ခပေးနေသော ဘိုးဝါးလူမျိုးများလို တောင်အာဖရိကတွင်နေသည်ဆိုသည့် အချက်လောက်ကိုသာ ဖဲင်နီသိသည်။ အင်္ဂလိပ်ဆိုသောလူမျိုးသည် အမြဲတမ်း တစ်ခုခုအတွက်တော့ တွေးပူနေရမှ စားဝင်အိပ်ပျော်သော လူမျိုးဖြစ်ဟန်တူသည်။ တော်တော်ကြာ အာဖဂန်နစ္စတန်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ၊ တော်တော်ကြာ ရုရှားခြိမ်းခြောက်မှု၊ တူရကီပြဿနာ။ ယခုလည်း ဂူးလူးပြဿနာတဲ့။ အင်္ဂလိပ်စစ်သားရှစ်ရာကျော် အသတ်ခံရသတဲ့။ အရေးနိမ့်သွားပြန်ပြီတဲ့။

ပြဿနာများကို မပြောလျှင်လည်း သူတို့သည် နန်းရင်းဝန် ဂလက်စတုန်းနှင့် ဒစ္စရေးလီတို့ ကျေးဇူးကြီးမားပုံကို ပြောနေကြပေလိမ့်မည်။

ဖဲင်နီအဖို့သော်မူ ထိုအရာများသည် ပျင်းစရာ၊ ငြီးငွေ့စရာ။

သူ့အတွက်မူ ရွှေနန်းတော်မြို့ရိုးကြီးအတွင်းမှ အဖြစ်အပျက်များသာလျှင် လောကတွင် အရေးအကြီးဆုံးဖြစ်သည် မဟုတ်လော။

အက်ဂါသာအဖို့သော်မူ ရွှေနန်းတော်ကြီးထဲမှ အဖြစ်အပျက်များသည် အိပ်မက်ထဲမှ အဓိပ္ပာယ်မရှိသောအရာများဟုသာ ထင်သည်။ ဖဲင်နီသည် ဗရိုက်တန်ကျောင်းတုန်းက ဘဝကို မေ့နေသဖြင့် အက်ဂါသာ အံ့ဩထိတ်လန့်နေသည်။ အကယ်၍ ဗြိတိသျှလက်နက်နိုင်ငံတော်ကြီးအကြောင်း စိတ်မဝင်စားဘူးထား၊ အလွန်စိတ်ဝင်စားစရာကောင်းသည့် သာသနာပြုလုပ်ငန်းကြီး ရှိသည်။ သို့ရာတွင် ဖဲင်နီသည် ထိုအရာများကိုလည်း စိတ်ဝင်စားဟန်မရှိ။ ယနေ့တွင်မူ ဖဲင်နီသည် စိတ်မကောင်းစရာ သတင်းများကို ကြားရသည့်အတွက် ဝမ်းနည်းသည်။

အထူးသဖြင့် ကိုယ်နှင့်သက်တူရွယ်တူ လူငယ်များကို ယူမိသဖြင့် အစုလိုက် အပြုံလိုက် အသတ်ခံရသည်ဆိုသော မိန်းမပျိုလေးများအတွက် စိတ်မကောင်းဖြစ်သည်။ ဖဲင်နီသည် သူ့ကို ချစ်စဖွယ်ဖြစ်အောင်လုပ်ပေးသည့် သနားဂရုဏာသက်ဟန်ကလေးဖြင့် အဝတ်များ၊ ဖဲကြိုးများနှင့် ဖနားများကို မီးပူတိုက်ပြီးသည်အထိ ထိုင်၍ စကားပြောနေသည်။ စိတ်ညစ်နေကြသော မိတ်ဆွေများနှင့် ခွဲရသည့်အတွက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် နှုတ်ဆက်၍ ထွက်လာခဲ့သည်။

သာသနာပြုကျောင်းနှင့် နန်းမြို့ရိုးတံခါးကြား လမ်းပေါ်တွင် ခန့်ညားသည့်ပြင်သစ်အင်ဂျီနီယာ ဗွန်ဗွိုင်ဆင်နှင့် တွေ့သည်။ သူက မြက်ဦးထုပ်ချွတ်၍ နှုတ်ဆက်သဖြင့် ဖဲင်နီကလည်းသမားကို အရပ်ခိုင်း၏။ ဗွန်ဗွိုင်ဆင်သည် လှည်းနားသို့လျှောက်လာကာ လှည်းရုံတိုင်ကိုကိုင်၍ (သူ့လက်များမှာ သေးသွယ်လှပသော လက်များဖြစ်ကြောင်းကို ဖဲင်နီ သတိပြုလိုက်မိ၏။) ရွှေနန်းတော်ထဲရောက်သဖြင့် အပြင်က ပြင်သစ်မိတ်ဆွေတွေကို မေ့ကာ အလည်အပတ်ကလေးပင် မလာရကောင်းလားဟု ငေါ့၏။

ဖဲင်နီက မျက်တောင်တဖျပ်ဖျပ် ခတ်၍ ပြုံးတီတီကြည့်သည်။ ဘာကြောင့်မှန်းမသိ ခေါင်းကို သူစောင်းငဲ့ပုံ၊ လက်ချောင်းများ သေးသွယ်လှပပုံကိုကြည့်ကာ ဖဲင်နီသည် စိတ်လှုပ်ရှားနေသည်။ ထိုသို့သော ခံစားချက်မျိုးကို ယခင်တစ်ခါမှ မကြုံဖူးသေး။ ထူးဆန်းသော စိတ်လှုပ်ရှားမှုတစ်မျိုး သူ့ရင်ထဲတွင် ပေါ်လာသည်။ ဖဲင်နီသည် မျက်တောင်အခတ်ရပ်သွားကာ မျက်နှာထားသည် တည်သွား၏။

"ဒီလန်ဖေးတို့အိမ်က ပြန်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး . . .၊ အက်ဂါသာတို့ အိမ်ကပါ"

"ဩော် . . . ဖင်နီတို့က အင်္ဂလိပ်မိတ်ဆွေတွေလောက်ပဲ လူရာသွင်းတာကိုး။ ပြီးတော့ မြန်မာမိတ်ဆွေတွေ ဆိုပါတော့လေ။ မြန်မာတွေကတော့ ချစ်စရာကောင်းပါတယ်၊ ဒါပေမဲ့ အင်္ဂလိပ်တွေကတော့ တစ်မျိုးပဲနော်။ မျက်နှာရှည်ရှည်နဲ့ သာသနာပြုဆရာရယ်၊ ငြီးငွေ့စရာကောင်းတဲ့ မစ္စတာရှောရယ်၊ ပြီးတော့ ဟိုအင်္ဂလိပ်မလေးရယ်"

အက်ဂါသာကို နှိမ်ပြောခြင်းသည် မိမိအား မြှောက်ပင့်ရာရောက်ကြောင်းကို သိသဖြင့် ကျေနပ်သွားရာမှ ဖင်နီက . . .

"အက်ဂါသာဟာ ကျွန်မသူငယ်ချင်းပါ။ ဒါပေမဲ့ ဟုတ်တော့ဟုတ်တယ်နော်။ သူတို့ တစ်တွေကြည့်ရတာ ဣန္ဒြေကြီးတွေနဲ့။ ဒီနေ့ဆိုရင် အို . . . ခါတိုင်းထက်တောင် ဆိုးသေးတယ်"

ဖင်နီ၏အသံမှာ စိတ်ပျက်လက်ပျက်သံပေါက်နေသဖြင့် ဗွန်ဗိုုင်ဆင်က အကျိုးအကြောင်းကို မေး၏။

ဖင်နီသည် ပါးစပ်ဟလိုက်ပြီးမှ ချက်ချင်းပြန်စေ့လိုက်သည်။ တောင်အာဖရိကတိုက်မှ အကြောင်းများကို မည်သူ့ကိုမျှမပြောပါဟု ကတိပေးခဲ့သည် မဟုတ်လော။ ဗွန်ဗိုုင်ဆင်သည် သူ့ကို အကဲခတ်နေသည်။

"ဘာတွေများ ဒီလောက် အလေးအနက်ဖြစ်နေရတာလဲ။ အာဖဂန်နစ္စတန်က အကြောင်း သတင်းထူးများကြားလို့လား။ အဲဒီမှာလည်း ဘာမှမထူးပါဘူး၊ ထူးရင် ကျွန်တော်ကြားမှာပေါ့"

"အာဖဂန်နစ္စတန် မဟုတ်ဘူးရှင့်။ တောင်အာဖရိကသတင်း"

အမှန်အားဖြင့် ထိုစကား၊ ထိုအကြောင်းများကို မပြောပါနှင့်ဟု သူတို့က မှာလိုက်ခြင်းမှာ နန်းတော်ကြီးထဲတွင် မပြောရန်သာဖြစ်သည်။ ဗွန်ဗိုုင်ဆင်ကို သတင်းထူးသတင်းဦးပြောရသဖြင့်လည်း သူကျေနပ်သည်။

သတင်းထူးသတင်းဦးကို ပြောနိုင်ခြင်းသည် လူရာဝင်ခြင်းကို ပြသည်မဟုတ်လော။ ဩဇာရှိခြင်းကို ပြသည်မဟုတ်လော။

"ဗိုလ်လူးတွေက အင်္ဂလိပ်တွေကို တစ်တပ်လုံးပြုတ်အောင် တိုက်လိုက်ကြတယ်ဆိုပဲ။ ဘယ်နေရာမှာဆိုလား . . . ။ နာမည်က ခပ်ဆန်းဆန်းရယ်။ တစ်မျိုးပဲ။ မေ့နေလိုက်တာ။ ဩော် . . . သတိရပြီ။ ဣသန္ဒွာဏာမှာတဲ့။ ဟုတ်တယ် . . . အဲဒီနာမည်ပဲ။ အဲဒီမှာ စီတီဝါယိုဆိုတဲ့လူက သူတို့ကို အပြုတ်ချလွှတ်လိုက်တယ်ဆိုပဲ"

ဖင်နီ လှည်းရံတိုင်ကို မှီလိုက်သည်။ အသေးစိတ်များကို သူမှတ်မိသည်။

"အိုး . . . ဟုတ်လား၊ ဖြစ်မှဖြစ်ရလေ။ နို့ . . . နေစမ်းပါဦး။ တော်တော်အထိနာသတဲ့လား။ လူဘယ်လောက်ကျသတဲ့လဲ"

"ရှစ်ရာလောက်လို့ ပြောတာပဲ။ ရှစ်ရာဆိုတော့ အဲဒီမှာရှိတဲ့အင်္ဂလိပ်တပ် ကုန်ရော



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဘာကျန်ဦးမှာလဲ။ စိတီဝါယိုဆိုတဲ့လူကလည်း တော်တော်ဆိုးတယ်။ ဘာတယ်ဖရေရီ ထက်တောင် ဆိုးသတဲ့။ တစ်ခါတုန်းကလည်း သူလက်ထပ်နိုင်းတဲ့ အဘိုးကြီးတွေကို လက်မထပ်ဘဲ လူငယ်လေးတွေကို လက်ထပ်လို့ဆိုပြီး မိန်းကလေးတွေကို အစုလိုက်အပြုံလိုက် သတ်ပစ်ခဲ့တယ်ဆိုပဲ"

"တော်တော်ဆိုးပါကလား။ အချစ်ကိစ္စမှာတောင် ဝင်ရှုပ်တယ်နော်"

ပွန်ပွိုင်ဆင်သည် လှည်းရုံတိုင်တွင် ကိုင်ထားသည့် လက်နစ်ဖက်ကို မြှောက်ပြကာ စက်ဆုပ်ကြောက်လန့်သည့်ဟန် လုပ်ပြသည်။ လှပသောလက်ကို စိုက်ကြည့်ရာမှ သူ့လက်ရုပ်သွားသဖြင့် ဖဲင်နီမှာ အရသာပျက်သွား၏။ ပွန်ပွိုင်ဆင်သည် ဦးထုပ်ကို မြှောက်ပြကာ သူ့မှုတ်ဆိတ်နှင့်ထိအောင် ဖဲင်နီ၏လက်ကို ကုန်းနမ်း၍ နှုတ်ဆက်ပြီးနောက် ထွက်သွားသည်။ ဖဲင်နီသည်လည်း နန်းမြို့တော်အတွင်းရှိ ရွှေနန်းတော်ကြီးသို့ ပြန်လာခဲ့လေသတည်း။

❋ ❋ ❋

www.burmeseclassic.com

၉

## ပြင်ဆင်မှုများ

ရွှေနန်းတော်ထဲတွင် သတင်းများသည် ပျံ့နှံ့လွယ်သည်။ ပျံ့နှံ့လာသည့်အခါတွင် သတင်းသည် မူလအတိုင်းမဟုတ်တော့။ ချဲ့ကားလာခဲ့လေပြီ။ ဗွန်ဗိုဂ်ဆင်သည် ဘုန်းတော်ကြီးသောဘုရား မနက်ခင်းညီလာခံသဘင်ကျင်းပရာ ဇေတဝန်ဆောင်တွင် အရေးတကြီး အခစားဝင်ကြောင်းဖြင့် နောက်တစ်နေ့မနက်တွင် ဖဲင်နီကြားရသည့်အခါ အံ့အားသင့်နေသည်။ သူ့စိတ်ထဲတွင်လည်း အနည်းငယ် လှုပ်ရှားလျက်ရှိ၏။

ဗွန်ဗိုဂ်ဆင်သည် အဘယ်ကြောင့်များ အရေးတကြီး အခစားဝင်ရလေသနည်း။ တောင်အာဖရိကတွင် ဗြိတိသျှတို့ အရေးနိမ့်သည့်အကြောင်းကို လျှောက်တင်ရန် အခစားဝင်ခြင်း မဟုတ်တန်ရာ။ ထိုကိစ္စမဟုတ်လျှင်လည်း မည်သည့်ကိစ္စ ရှိသေးသနည်း။ မည်သို့ဖြစ်စေ ထိုသတင်းကို ဖွင့်ပြောမိသည့်အတွက် ဖဲင်နီစိတ်ထဲတွင် မလုံမလဲဖြစ်နေသည်။ သူကတစ်ဆင့် ဖောက်သည်ချလိုက်ကြောင်းကို အင်္ဂလိပ်အသိုင်းအဝိုင်းမှ သိသွားခဲ့လျှင် မည်သို့ရှိလေမည်မသိ။

ဖဲင်နီသည် တိုင်းမဲ့ပြည်မဲ့ လူမျိုးမဲ့ မွေးလာသူဖြစ်သည်။ ရွှေစငွေစတို့ကို ကိုယ့်စိတ်တိုင်းကျ ကောက်ယူနိုင်သော နေရာဖြစ်သည်ဟု အထင်ရှိကြသော ဒက္ခာရီပုံပြင်ထဲက တွန်တီးဒလား၏မြေကြီးပေါ်တွင် ပေါက်ဖွားလာသူဖြစ်သည်။ ကိုယ်နှင့် တိုက်ရိုက်ပတ်သက်မှုမရှိလျှင် မင်း၏သစ္စာ၊ တိုင်းပြည်၏သစ္စာကို စောင့်ရမည့်ဆိုသည့်အချက်ကို နားမလည်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အမှန်အားဖြင့်လည်း ဖင်နီသည် မည်သူ၏သစ္စာကို စောင့်ထိန်းရဦးမည်နည်း။ ဖင်နီသည် အင်္ဂလိပ်သွေး တစ်မတ်လောက်ပါသူဖြစ်သည် မှန်၏။ သို့ရာတွင် သူ့ကျောင်းအုပ်ဆရာမကြီး မစ္စစ်ပက်တာဆန်က (အမေရိကန်လူမျိုးများ လုပ်လေ့ရှိသကဲ့သို့) ကိုယ့်အသိုင်းအဝိုင်းထဲရောက်လာသော လူသစ်များကို မျိုးချစ်စိတ် သွတ်သွင်းပေးနိုင်ခြင်းမရှိခဲ့။

ဖင်နီသည် အီတာလျံသွေး ငါးမူးပါသူဖြစ်သည်။ သို့ရာတွင် အီတလီသည် သူ့အဖို့ တိုင်းပြည်တစ်ပြည်၏ နာမည်ပညတ်တစ်ခုထက် ဘာမျှအပိုမရှိ။ အီတာလျံစကားသည် သူ့အဖေအဖို့ ဂုဏ်ယူစရာဖြစ်သော်လည်း ဖင်နီ့အဖို့သော်မူ စကားပိုဒ်တွေထက် ဘာမျှမပို။ ဥရောပသူဖြစ်ချင်သည့်တိုင် ထိုဆန္ဒမှာ ဂုဏ်ရှိသည်ထင်၍ ပေါ်လာသော ဆန္ဒမျိုးသာဖြစ်သည်။ ပြင်သစ်အင်ဂျီနီယာ ဗွန်ဗိုုင်ဆင်က ဘုန်းတော်ကြီးသောဘုရားကို အရေးတကြီး အခစားဝင်ခြင်းသည် မိမိပြောလိုက်သော စကားများနှင့် ဘာမျှမသက်ဆိုင်ဟု ဖင်နီ အလွယ်တကူ မေ့ပျောက်ပစ်လိုက်သည်။

ယခုကဲ့သို့ အရေးတကြီး အခစားဝင်ကြသည်ကို သူမြင်ဖူးပြီ၊ ဘုန်းတော်ကြီးသောဘုရား နန်းတက်ပြီးနောက် မကြာမီမှာပင် နိုင်ငံခြားသားများ ယခုကဲ့သို့ မကြာခဏ အခစားဝင်လေ့ရှိကြောင်းကို သူကြားလည်း ကြားခဲ့ဖူးပြီ။ သူကိုယ်တိုင်လည်း ချောင်းမြောင်းကြည့်ရှုခဲ့ဖူးပြီ။ အခစားဝင်သူအား စကြံ်တွင် ဖိနပ်ချွတ်စေခဲ့ကာ မနက်ခင်း ညီလာခံကျင်းပရာ ဇေတဝန်ဆောင်ထဲသို့ ရွှေနန်းတော်အရာရှိများက ခေါ်လာကြသည်။

ဘုန်းတော်ကြီးသောဘုရား ခန်းဆောင်ထဲသို့ ကြွမလာခင် ပဝေသဏီကတည်းက ကော်ဇောပေါ်တွင် ခြေတွေတောင့်အောင် ပုဆစ်တုပ်ထိုင်နေရသည်။ ထို့နောက် ဘုန်းတော်ကြီးသောဘုရားသည် တုန်လှုပ်ထိတ်လန့်နေသော ယုန်တစ်ကောင်လို ရွှေပိန်းချခန်းမဆောင်တံခါးမှ ထွက်လာကာ သလွန်ပေါ်တွင် နေရာယူသည်။ ဘုန်းတော်ကြီးသောဘုရားသည် အခစားဝင်သူနှင့် အာလာပသလ္လာပပြောဆိုပြီးနောက် အနီးတွင်ရှိသော ရွှေထွေးအင်ထဲသို့ တံတွေးမထွေးဘဲ ကော်ဇောပေါ်သို့ ထွေးချတတ်သည်။ ထို့နောက် ထိုင်ရာမှ ရုတ်တရက်ထကာ ရွှေပိန်းချတံခါးကြီးနောက်မှ ခန်းမဆောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတတ်သည်။

ထိုအခါတွင် ရွှေနန်းတော်အရာရှိများသည် အခစားဝင်သူကို တစ်နေရာသို့ ခေါ်သွားကာ ဘရန်ဒီနှင့်ရေတို့ကို လက်ဖက်ရည်ကရားတစ်ခုထဲသို့ ငှဲ့၍ ဧည့်ခံသည်။ (ရွှေနန်းတော်ကြီးထဲတွင် အရက်သေစာကို ပိတ်ပင်ထားသည်။) ဖင်နီသည် ထိုသို့ နိုင်ငံခြားသားများ အခစားဝင်ပုံကို မကြာခဏ ကြုံဖူးခဲ့ရာ ဗွန်ဗိုုင်ဆင် အခစားဝင်သည်ကို အလေးအနက်ထားရောမလိုဟု ယူဆထား၏။

ဗွန်ဗိုုင်ဆင်မှာ ရွှေနန်းတော်ကြီးထဲတွင် အရေးပေး၍ မြှောက်စားခံရသူဖြစ်သည့်အလျောက် အရေးကြီးသောတာဝန်များကို ပေးအပ်ယုံမှတ်ခြင်းခံရသူဖြစ်ရာ ဘုန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သောဘုရားထံ ယခုကဲ့သို့ အရေးတကြီး အခစားဝင်ခြင်းသည် ဘာမျှမဆန်းဟုလည်း ဖဲင်နီ ယူဆသည်။ သို့တိုင်အောင် ထူးခြားသော အဖြစ်အပျက်ကြီးတစ်ခု ဖြစ်သည်ဟူသော ခံစားချက်သည် ရွှေနန်းတော်ကြီးထဲတွင် ပေါ်ပေါက်လျက်ရှိ၏။

သို့ဖြစ်ရခြင်းမှာလည်း ဆင်ဖြူမရှင်သည် တိုင်တားမင်းကြီးနှင့်လည်းကောင်း၊ ဘုန်းတော်ကြီးသော ဘုရားနှင့်တကွ စုဖုရားလတ်နှင့်လည်းကောင်း အတွင်းဆောင်ထဲတွင် ကျိတ်၍ မကြာခဏ တွေ့ဆုံနေကြသောကြောင့်ဖြစ်သည်။

သို့ရာတွင် ယင်းမှာ အခြားအကြောင်းမဟုတ်ဘဲ ဇာတ်ပွဲကြည့်နေခြင်းသာ ဖြစ်ကြောင်းကို တွေ့ရ၏။ ဘုန်းတော်ကြီးသောဘုရားသည် ရွှေနန်းတက်ပြီးသည့်နောက်မှစ၍ ထူးဆန်းစွာ ပျောက်ကွယ်လျက်ရှိရာ တိုင်းသူပြည်သားများမှာ ဘုန်းတော်ကြီးသော ဘုရားအကြောင်းကို ကောင်းစွာမသိကြရဘဲ ဖြစ်နေသည်။ နိဝင်ဘာလတွင် ကျင်းပလေ့ရှိသည့် တာဝတီသာပွဲတော်တွင်မူ ဘုန်းတော်ကြီးသော ဘုရားနှင့် စုဖုရားလတ်တို့ နန်းဦးဇေတဝန်ဆောင်သို့ ထွက်၍ အဖူးမြော်ခံကြ၏။

ထိုအချိန်၌ကား ဦးပဏ္ဍင်းဘဝမှ ထွက်လာခဲ့သော ဘုန်းတော်ကြီးသောဘုရား၏ ဦးပြည်းမှ ဆံပင်တို့မှာ အနည်းငယ်ရှည်လာခဲ့လေပြီ။ တာဝတီသာပွဲတော်နှင့် ဆက်စပ်လျက်ရှိသည့် ဆွမ်းတော်ကြီးလောင်းပွဲတွင် အရှင်နှစ်ပါး ထွက်တော်မူကြသည်။ အမှန်အားဖြင့် ဘုန်းတော်ကြီးသော သီပေါမင်းတရားသည် ဘိုးတော်ဘေးတော် မင်းများထုံးစံအတိုင်း မြို့တွင်းသို့ ထွက်ကြွတော်မူခြင်းမရှိဘဲ ရွှေနန်းတော်အတွင်းတွင်သာ အချိန်ကုန်လေ့ရှိသည်။

မြန်မာတို့၏ ရွှေနန်းတွင်းထုံးစံအရဆိုလျှင် သီဟာသနပလ္လင်ပေါ်တွင် ခဏမျှဖြစ်စေ နေခွင့်ရသူသည် ရွှေနန်းရှင်ဖြစ်ရာ သီပေါမင်းသည် ဆွေတော်မျိုးတော်တို့ကို ထောင်သွင်းအကျဉ်ထားပြီးဖြစ်သည့်တိုင် ရွှေနန်းတော်ပြင်သို့ထွက်တော်မူရန် လုံခြုံစိတ်ချရသည်ဟု ထင်ပုံမရချေ။ ရွှေနန်းတော်တွင်းတွင် လှုပ်လှုပ်ရွရွဖြစ်နေခြင်းသည် နောက်ဆုံး၌ ဇာတ်ပွဲကြောင့်သာဖြစ်သည်ဆိုလျှင် ဘာကိုစိုးရိမ်စရာလိုသေးသနည်း။

မြန်မာပြည်တစ်ဝန်း တွင် ကျော်ကြားသော ရုပ်သေးဆရာ မောင်သာဗျော၏ ဆင်တော်ကြီးကို ရွှေနန်းတော်တွင် ခင်းကျင်းပြသမည်ဖြစ်ပြီး အခြားသောပွဲများကိုလည်း နန်းမြို့တွင်းမျှသာမက မန္တလေးနေပြည်တော် လေးပြင်လေးရပ်စလုံးတွင် ကပြရန် ဘုန်းတော်ကြီးသောဘုရားက အမိန့်တော်ထုတ်ပြန်လိုက်သည်။ ထိုညတစ်ညလုံး အကအခုန်အတီးအမှုတ်များ၊ အကျွေးအမွေးများဖြင့် မြိမ့်မြိမ့်သဲသဲဖြစ်နေသည်။ ပြည်သူများအား ဖျော်ဖြေသည့်အတွက် ကုန်ကျစရိတ်အဝဝတို့ကို လည်း ဘုရင့်ရွှေတိုက်တော်မှ ကျခံသုံးစွဲစေသည်။

သို့ဖြင့် ရွှေမြို့တော်နန်းတွင်၊ နန်းပြင်နှစ်ရပ်စလုံးတွင် ပျော်ပွဲကြီးများ မြိမ့်မြိမ့်သဲသဲ ကျင်းပလျက်ရှိရာ နိုင်ငံခြားသားကုလားများ၊ အထူးသဖြင့် အင်္ဂလိပ်များမှာ အံ့အားသင့်ကာ

---

သဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်မသက်မသာဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ မစ္စတာရှေးမှာ ထိုသို့ ပြည့်သူ့ငွေများ အကုန်အကျခံ၍ ပွဲတွေခင်းနေသည်ကိုကြည့်ကာ ညည်းညူလျက်ရှိ၏။ နောက်တစ်နေ့ကား တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်သည့်အတွက် ရွှေနန်းတော် ဥယျာဉ်တော်အသီးသီးတွင် ထောင်ပေါင်းများစွာသော မီးအိမ်များကို ချိတ်ဆွဲပြင်ဆင်ပြီးလေပြီ။ ဆီမီးခွက်များကို ပြင်ဆင်ပြီးလေပြီ။

ဆီမီးတော်ထွန်းတို့က ဆီကုန်သွားသော ဆီမီးခွက်များကို လိုက်၍ ဆီဖြည့်ကြသည်။ အပျိုတော်များမှာလည်း မည်သည့်အဝတ်အစားများကို ဝတ်ရမည်နည်းဟု အချင်းချင်း တီးတိုးတိုင်ပင်လျက်ရှိကာ ထိုနေ့ညတွင် စုဖုရားလတ် မည်သည့်အဝတ်အစားကို ဝတ်ဆင်မည်နည်းဟု သိလိုစိတ်စောလျက် ရှိကြသည်။ ကံမကောင်းအကြောင်းမလှ၍ ထိုနေ့တွင် စုဖုရားလတ်ဝတ်ဆင်သည့် ထဘီနှင့် အရောင်တူဝတ်မိသည့် မိန်းကလေးအပျိုတော်ဆိုလျှင် အရာမကျရုံသာမက ထိုထက်ပင်ဆိုးသည့် ကံကြမ္မာမျိုးနှင့် တွေ့ရမည်စိုးသောကြောင့် ဖြစ်သည်။ မနက်လင်းလာလျှင် ထိပ်စုဖျား မည်သည့်အရောင်ကို ဝတ်သနည်းဟု ချောင်းမြောင်းကြည့်ကာ ဆင်တူနေလျှင် ပြေး၍လဲရသည်မှာလည်း အမောပင်။

ရွှေနန်းတော်ကြီးထဲတွင် ဖဲင်နီကို လူချစ်လူခင် များရခြင်းအကြောင်းများတွင် ဥရောပအဝတ်အစားများဖြင့် စုဖုရားလတ်ထံသို့ အခစားဝင်ရသော ဖဲင်နီသည် ထိုနေ့ ၌ စုဖုရားလတ် မည်သည့်အဝတ်အစားကို ဝတ်ဆင်သည်ဟု အပျိုတော်အား သတင်းပေးတတ်ခြင်းသည်လည်းတစ်ကြောင်း အပါအဝင်ဖြစ်သည်။

ထိုနေ့ညနေတွင် ဖဲင်နီသည် သူ့မိတ်ဆွေ အပျိုတော်တစ်ယောက်နှင့်အတူ မိမိအခန်းတွင် ညစာစားပြီးနောက် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ကာ အက်ဂါသာတပ်ပေးထားသည့် ခါးစည်းကြိုးနှင့် ဖဲပွင့်ကိုဆင်၍ စုဖုရားလတ်အပါးသို့ အခစားဝင်ခဲ့သည်။ စုဖုရားလတ်မှာ ပန်းနုရောင်၊ အစိမ်းနှင့် ငွေရောင်ဖောက်ထားသည့် ကြိုးကြိုးချိတ်ထဘီကို ဝတ်ဆင်ထားရာ ဖဲင်နီသည် ထိုသတင်းကိုယူ၍ ပြန်လာ၏။

ဘဝရှင်မင်းတုန်းမင်းကြီး နတ်ရွာစံပြီးနောက် မန္တလေးရွှေနန်းတော်ကြီးထဲတွင် ပြင်သစ်ဝိုင်အရက်ကို သောက်သုံးခွင့်ပြုလာခဲ့ရာ ဘုန်းတော်ကြီးသောဘုရားနှင့် စုဖုရားလတ်တို့သည် ညနေလေးချက်တီးချိန်လောက်တွင် အတူတကွ ပွဲတော်တည်ကြသည်။ စုဖုရားလတ်မှာ ထုံးစံအတိုင်း ရေကိုသောက်သုံးသော်လည်း ဘုန်းတော်ကြီးသော ဘုရားမှာ ပွဲတော်တည်ရင်း ရှန်ပိန်အရက်ကို မကြာခဏ သောက်သုံးတော်မူသည်မှာ ညနေမိုးချုပ်သည်အထိဖြစ်သည်။

ထိုအချိန်၌ ဘုန်းတော်ကြီးသောဘုရား ပွဲတော်ဆောင်အပြင်ဘက်ခန်းတွင် ပန်းသည်တို့ရောက်ရှိကာ ပတ်မသံ၊ မောင်းဆိုင်းသံ၊ နဲသံ၊ ပုလွေသံ၊ လင်းကွင်းသံ၊ စောင်း



www.burmeseclassic.com

www.burmeseclassic.com


သံတို့ကြားထဲမှာ ဝါးလက်ခုပ်သံကလည်း ထိုးဖောက်ထွက်ပေါ်လာလျက်ရှိ၏။ ညီအစ်ကို မသိတသိအချိန်သို့ရောက်လာကာ အမှောင်သည် ဖုံးစပြုလာခဲ့လေပြီ။ ထောင်ပေါင်းများစွာသော ဆီမီးခွက်များမှ မီးရောင်များသည် တလက်လက်တောက်ပနေလေရာ အမှောင်ထုကြီးထဲတွင် ပန်းတွေဝေနေသည့်နှယ် ထင်ရသည်။ ဘုန်းတော်ကြီးသောဘုရားသည် ပန်တျာသည်များ ခဏနားနေချိန်တွင်လည်း ရွှေမြို့တော်လေးရပ်တို့မှ ဆိုင်းသံများကို ကုလားမြို့မှ အဆက်မပြတ်ကြားနေရသည်။

တစ်ကျော့တီးပြီးတိုင်းလည်း ဘုန်းတော်ကြီးသော ဘုရားသည် ပို၍ ကျယ်လောင်စွာတီးရန် ဆိုင်းတော်ကို အမိန့်ပေးပြန်သည်။ ညဉ့်ကိုးချက်တီး၍ ညစာပွဲတည်ပြီးချိန်တွင် ဘုန်းတော်ကြီးသောဘုရားသည် ရှမ်ပိန်ထဲသို့ ဘရန်ဒီအနည်းငယ်စွက်၍ သောက်သုံးတော်မူပြီးသည်နှင့် ဇာတ်ပွဲစထွက်သည်။ ဘုန်းတော်ကြီးသောဘုရား၊ စုဖုရားလတ်နှင့် ဆင်ဖြူမရှင်တို့သည် ပွဲကြည့်ဆောင်ထဲရှိ စင်ပေါ်တွင် မီအုံးကိုယ်စီဖြင့် ထိုင်၍ မျက်စိတည့်တည့်လောက်အနိမ့်တွင် ဆောက်ထားသည့် ဇာတ်စင်ပေါ်မှ အကသဘင်ကို ရှုစားတော်မူသည်။ အရှင်နှစ်ပါးတို့၏ နောက်နားတွင်မူ လှပစွာဝတ်ဆင်ထားသည့် နန်းအပျိုတော်၊ နန်းတွင်းသမီးများနှင့် လူပျိုတော်များလည်း ပွဲကြည့်နေကြသည်။

ဇာတ်စင်များပေါ်မှ ဆီမီးရောင်များသည် မှန်စီရွှေချ တိုင်လုံးကြီးပေါ်သို့လည်းကောင်း၊ အရှင်နှစ်ပါးအနီးရှိ ရွှေကွမ်းအစ်၊ ရွှေထွေးအင် စသည်တို့အပေါ်သို့လည်းကောင်း ဖြာကျလျက်ရှိသည်။ ဘုန်းတော်ကြီးသောဘုရားသည် အနည်းငယ် ယစ်လျက်ရှိရာမှ စူးစမ်းထိတ်လန့်သောအကြည့်ဖြင့် မီအုံးပေါ်တွင် စောင်းလဲလျက်ရှိ၏။

အဝေးခန်းမဆောင်မှ မှန်စီရွှေချတိုင်လုံးကြီးများသည် ဆီမီးရောင်အောက်တွင် ပြောင်လက်နေကြပြီး မိမိရှေ့တော်ရှိ ဇာတ်စင်မှ မီးရောင်များသည်လည်း တလက်လက်ဖြစ်လျက်ရှိကာ ဆိုင်းသံဗုံသံတို့သည် ဆူညံစွာ ပေါ်ထွက်လာ၏။ ဇာတ်ပွဲနှင့်ဝေးရာ ဥယျာဉ်တော်အပြင်ဘက်တွင်မူ မည်းမှောင်တိတ်ဆိတ်လျက်ရှိသည်။ မှောင်မိုက်လှသဖြင့် သစ်ပင်များသည် ပီပီသသမပေါ်ကြတော့ဘဲ ကြယ်ရောင်မှိုးတဝါးတွင် ရေးရေးမျှသာ ပေါ်နေကြသည်။ စုဖုရားလတ်သည် မီအုံးပေါ်တွင် တစောင်းမှီလိုက်ရင်း ဘုန်းတော်ကြီးသောဘုရား၏ မျက်နှာတော်ကို အကဲခတ်နေသည်။

"မောင်မောင် . . . ဇာတ်ပွဲကို ရှုစားချင်တယ်ဆို။ ဘုရင်က အောင်ပွဲခံပြီး ရွှေဘုံပေါ်မှာ ချစ်သူနဲ့ သေတစ်ပန်သက်တစ်ဆုံး မြတ်နိုးစွာစံစားကြရတဲ့ ဇာတ်လမ်းလေ"

စုဖုရားလတ်၏ ဘဝတကျာကို စွဲလမ်းခင်မင်မှုသည် သူ့ကို ကူးသွားသကဲ့သို့ ဘုန်းတော်ကြီးသောဘုရား၏ မျက်နှာသည် ထက်သန်စပြုလာသည်။

"ဟုတ်တယ် . . .။ ဒီနေ့ည ထိပ်ထားတို့ ဇာတ်ကြီးဆယ်ဘွဲ့နဲ့ ငါးရာ့ငါးဆယ်နိပါတ်တော်ထဲက ဇာတ်တွေကို မကြည့်ကြတော့ဘူး . . . မောင်မောင်။ ဒီနေ့မှာ တက္ကသိုလ်ပြည်က



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတဲ့ မင်းညီမင်းသားက ရန်အပေါင်းကို ဘယ်လိုနှိမ်နင်းပြီး သူ့ခြေတော်ရင်းမှာ လူအပေါင်းတို့ ခယောင်းဝပ်တွားစေလို့ သူတို့တစ်တွေ သမ္မာရှိန်ကြီးမြတ်တော်မူတဲ့အကြောင်းတွေကိုပဲ ရှုစားတော်မူပါ"

ဘုန်းတော်ကြီးသော ဘုရားသည် လေးနက်ထက်သန်သော စုဖုရားလတ်၏ မျက်နှာကို ကြည့်တော်မူသည်။ ယုံကြည်ချက် စွဲမြဲပြင်းထန်သော စုဖုရားလတ်ကိုကြည့်၍ အားခွန်တွေတိုးလာသည်။ ထို့အတွက်ကြောင့်လည်း စုဖုရားလတ်ကို ချစ်မြတ်နိုးရပြန်သည်။

စုဖုရားလတ်သည် အရာရာကို သူ့နေရာနှင့်သူ လိုက်လျောအောင် အသုံးချတတ်သူပေတကား။ ထိုအရာများသည် ထိုအသိများသည် ဘုန်းကြီးကျောင်းမှ သင်ပေးလိုက်သည့်အရာများနှင့် လားလားမျှမဆိုင်ချေတကား။ လူ့အကြိုက်ကို လိုက်လျောသိတတ်သူပါတကား။ ယခုအကြိမ်တွင် ခါတိုင်းကဲ့သို့ပင် စုဖုရားလတ်၏အထင်သည် မှန်၏။

အထူးသဖြင့် ယနေ့ညတွင် ဘုန်းတော်ကြီးသောဘုရားသည် ဒါနပါရမီအကြောင်းကိုပြသော ဇာတ်လမ်းမျိုး၊ သီလပါရမီကိုဟောသော ဇာတ်မျိုးကို မကြည့်လို၊ မရှုစားလို။ ဒုစရိုက်အဖုံဖုံတို့ကြောင့် အပါယ်ငရဲကျရောက်သော ဇာတ်လမ်းမျိုးကို မကြည့်လို၊ မရှုလို။ ရေအောက်ရှိ ဘောဂဝတီနဂါးပြည်သို့ရောက်သော ဇာတ်လမ်းမျိုးကို မကြည့်လို။ မရှုစားလို။ ကုန်ကုန်ပြောရလျှင် အကုသိုလ်ဒုစရိုက်တို့ကို နှိမ်နင်းအောင်မြင်နိုင်ကြောင်းဟောသည့် ဇာတ်လမ်းမျိုးကိုပင် မကြည့်လို။ မရှုစားလို။ စုဖုရားလတ်၏အတွေးသည် မှန်၏။

ယနေ့ည၌ ဘုန်းတော်ကြီးသောဘုရားသည် ရန်သူအပေါင်းတို့ကို နှိမ်နင်းအောင်မြင်၍ ရွှေနန်းကို သိမ်းပိုက်စိုးစံသော ဇာတ်လမ်းမျိုးကိုသာ ရှုစားလိုသည်။ ကြာရှည်စွာ ခွဲခွာနေရသော ချစ်သူမောင်မယ်တို့ နောက်ဆုံးတွင် ပြန်လည်ဆုံတွေ့ကာ ပျော်ရွှင်စွာ ဇာတ်ပေါင်းကြသော ဇာတ်လမ်းမျိုးကို ကြည့်လို၊ ရှုစားလိုသည်။

ဘုန်းရှင်၊ ကံရှင်၊ သမ္မာရှင်တို့မည်သည် သူ့ဘုန်း၊သူ့ကံ၊ သူ့သမ္မာအရ အထွတ်အထိပ်သို့ ရောက်ကြရကြောင်းကိုပြသည့် ဇာတ်လမ်းမျိုးကိုသာ ကြည့်လို၊ ရှုစားလိုသည်။ ထိုအကြောင်းကိုဖွဲ့သည့် တေးသီချင်း၊ ထိုအကြောင်းကိုဖော်ကျူးသည့် အကမျိုးကိုသာ နာလို၊ ကြားလိုသည်။ မှုးယစ်ဆေးကို အသွေးအသားထဲသို့ စိမ့်ဝင်သွားအောင် မကြာခဏသုံးရသကဲ့သို့ ထိုအကြောင်းများကိုလည်း သူ့ကိုယ်ထဲသို့ စိမ့်ဝင်သွားအောင် မကြာခဏနားဆင်လို၊ ရှုစားလိုသည်။

ပျော့ပျောင်းသောခန္ဓာကိုယ်ကို ကွေးညွှတ်၍ကနေသော ကချေသည်တို့ကို ကြည့်လိုသည်။ လေအသုတ်တွင် တံခွန်တို့ လှုပ်ယမ်းသကဲ့သို့ လက်မောင်းကွေးညွှတ်ကျပုံတို ရှုစားလိုသည်။ ဥရောပနားတွင် ဆူညံသော်လည်း မြန်မာတို့နားတွင် သုတိသာယာဖွယ်



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သော ဆိုင်းဝိုင်းမှ တီးလုံးသံနှင့်အတူ သူတို့တွေ နာဖျားမှလာသောအသံဖြင့် တေးဆိုကြသည်ကို နားဆင်လိုသည်။ ဘုန်းတော်ကြီးသောဘုရားသည် လူပျိုတော်သားတို့ငှဲပေးသော ဝိုင်အရက်ကို သောက်သုံးလိုသကဲ့သို့ ထိုအရာများကို နာကြားလိုသည်။

ထိုညဌ် ဘုန်းတော်ကြီးသောဘုရားသည် မိုးယံသို့ထိ ပဲ့တင်ထပ်သော အခြားသောအသံများကို ကြားလိုက်တော်မမူ။ ဇာတ်ပွဲမှ ဆိုင်းသံ၊ ဗုံသံ၊ တေးဆိုသံတို့ကိုသာ ကြားလိုတော်မူသည်။ ထိုညဌ် ဘုန်းတော်ကြီးသောဘုရားသည် တောက်ပပြိုးပြက်သော မီးရောင်နှင့်ဝေးရာ အမှောင်ရိပ်ထဲဌ် ဆိုင်းသံဗုံသံတို့ကို အကာအကွယ်ယူ၍ ဖြစ်ပေါ်နေသော အရာတို့ကို ကြည့်တော်မူလိုခြင်းမရှိ။ ဖန်တီးထားသည့် အတုယောင်ရှုခင်း၊ မြင်ကွင်းများကို ကြည့်လို ရှုစားတော်မူလိုသည်။ သို့ဖြင့် ဇာတ်ပွဲစလေပြီ။ ထိုဇာတ်ပွဲသည် မိုးလင်းမည့်ဇာတ်ပွဲ ဖြစ်သကည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

## ဇာတ်ပွဲ

ဇာတ်စင်ဘေး၌ ဘုရင်ထွက်မည့် မင်းသားကြီးသည် သောက်လက်စ ဆေးပေါ့လိပ်ကြီးကိုချကာ ဇာတ်စင်ပေါ်သို့ တက်လာ၏။ မိဖုရားရုပ်ထွက်မည့် မင်းသမီးကြီးကား ပရိသတ်ရှေ့ ဇာတ်စင်ဘေးတွင် မျက်နှာလိမ်းခြယ်နေဆဲ။ ဝန်ကြီးရုပ်ထွက်မည့်လူများမှာလည်း မိမိတို့ ဆေးပေါ့လိပ်များကိုချခဲ့ကာ ဘုရင်ရှေ့မှောက်တော်သို့ ဝင်ရောက်ခစားကြသည်။

"ဉာဏ်ရည်ကဲရှိန် မတ်ကဝိန်တို့ . . . ငါ့တိုင်းသူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းခန့်သာလို့ ဥစ္စာစည်းစိမ် ကြဲရှိန်ဖြိုးမောက် ထွန်းတောက်ပါစ . . . မင်းကြီးများ"

"မှန်လှပါ . . . ရွှေနန်းတော်ကြောင့် အရှင်မင်းမြတ် နန်းရပ်ထီးဖြူ သိမ်းယူစိုးစံသည့်အချိန်မှစ၍ သာသနာတော် ကြီးပွားစီးစည်ပင် ကောင်းကင်မိုးမြေ မျှတလေ၍ ဆန်ရေစပါး၊ ပေါ်များဖြိုးဝေ၊ တိုင်းနေပြည်သူ၊ လူသူခပ်သိမ်း၊ အေးငြိမ်းချမ်းသာ၊ ဥစ္စာတိုးပွား၊ မခြားရေနှင့် ကြာနယ်ပါ ဘုရား"

ဝန်တို့လျှောက်တင်သံကို ကြားနိုင်ရန်အတွက် ဆိုင်းချက်နားထားချိန်ဖြစ်၏။ သို့ရာတွင် ထိုသို့ ဆိုင်းချက်နားနေခြင်းသည် ရှည်လျား၍ ကြောက်ဖွယ်ရှိသော အော်သံကြီးကို ကြားနိုင်ရန် ဖန်တီးပေးသကဲ့သို့ ရှိ၏။ ထိုကြောက်ဖွယ် အော်သံကြီးသည် ညအမှောင်ကို ဖောက်ထွင်းကာ ပွဲတင်ရိုက်ခတ်သွားရာ ကျက်ထားသောပိုးသားကို ပြန်းခနဲ ဆွဲဆုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်နယ် တိတ်ဆိတ်နေသော ကောင်းကင်ကြီးသည် နှစ်ခြမ်းကွဲသွားသည်ဟုပင် မှတ်ထင်လိုက်ရသည်။

တိုင်တားမင်းကြီးသည် ဒေါသကြောင့် မျက်နှာကြီးညိုမည်းသွားရာမှ ထိုအော်သံကြီးကြောင့် မှင်တက်နေမိသော ဇာတ်အုပ်နှင့် ဇာတ်သမားများကို ဆက်လက်ကပြရန် အချက်ပြလိုက်၏။ ထိုစဉ် မိဖုရားလုပ်မည့် မင်းသမီးကြီးသည် စင်ပေါ်သို့ ပြေးတက်လာသဖြင့် ဂျိမ့်ခနဲ ဆိုင်းသံပေါ်လာသည်။

"နမတော် . . . မိမိငဲ့၊ ငွေဗိမာန်ယုန်စမ်းနဲ့ ကြွတ္တကာစန်း ဂုဏ်ထွန်းတဲ့ သရေဒချိန်ခါမီမှာ ရာသီအေးချမ်း တရထည် ကမ္ဗလာနီထွေးပြီး နေခြည်နွေးနွေးမှာ မေ့ငိုက်နေတုန်း ပေါဒီကမောင်ဖုန်းရဲ့ကြော့ဆုံးနရဏီ စိန်စီတဲ့လက်စွပ်ကို နဖပ်သေးသွယ် နမတော်ရဲ့ လက်သူကြွယ်မှာ ဝတ်ဆင်ပြီး . . . "

ဆိုင်းချက်ဆူညံနေသဖြင့် ထိုစကားလုံးများသည် ပရိသတ်နားထဲသို့မရောက်။ ဆိုင်းချက်က ဆူညံစွာတီးနေစဉ် ငှက်ကြီးတစ်ကောင်သည် ကောင်းကင်မှ ဝဲကျလာကာ ကမ္ဗလာနီခြုံထားသည့် မိဖုရားကြီးကို သားတစ်အမှတ်ဖြင့် ကိုက်ချီသွားကာ တောမြိုင်ထဲရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ယူဆောင်သွားသည်။ မိဖုရားက ငှက်ကြီးကို လက် ခုပ်လက်ဝါးတီး၍ ခြောက်လှန့်သဖြင့် ဆိုင်းချက်တီးပေးနေစဉ် နောက်အော်သံကြီးတစ်ခု ပေါ်ထွက်လာသဖြင့် ဆိုင်းကလည်း ပို၍ ဆူညံစွာ တီးပေးပြန်သည်။

မိဖုရားမှာ သစ်ပင်ပေါ်တွင် တစ်ယောက်တည်း ငိုကြွေးလျက်ရှိ၏။ ထိုအချိန်တွင် မိုးကြီးလေကြီး ကျလာပြီးနောက် ရာသီဥတု ကြည်လင်သွားသည့်အခါ၌ မိဖုရားမှာ သားငယ်ကလေးတစ်ယောက် ဖွားမြင်ခဲ့လေပြီ။ သူယောင်မယ်များ ကခုန်မြူးထူးနေသည့် အခန်းဆုံးသည့်အခါ ရသေ့တစ်ပါး၏ လိုက်ဂူကြီးတစ်ခု ပေါ် လာသည်။

ယခုအချိန်၌ မိဖုရား၏သားငယ်မှာ လူလားမြောက်ခဲ့လေပြီ။ သားငယ်မှာလည်း ချောမောသော မင်းသားလေးတစ်ပါးဖြစ်ပြီး စောင်းတီးလျက်ရှိ၏။ ထိုစဉ် ဆိုင်းသံတွေကြားမှ သားငယ်၏လက်စွပ်နှင့် ကမ္ဗလာနီကိုယူ၍ ခမည်းတော်၏တိုင်းပြည်သို့ ပြန်ရန်၊ တိုင်းပြည်သို့ရောက်လျှင် ထိုပစ္စည်းကို သက်သေပြကာ သားတော်ဖြစ်ကြောင်း လျှောက်တင်ရန် ပြောဆိုနေသည့် မယ်တော်၏အသံ ပေါ်လာသည်။

မင်းသားငယ်ကို ရသေ့ကမွေးစားပြီး အဋ္ဌာရသသတို့ကို သင်ကြားပေးကာ နောက်ဆုံးတွင် မင်းသမီးတစ်ပါးနှင့် စုလျားရစ်ပတ်ပြီး တိုင်းပြည်အုပ်ချုပ်မင်းလုပ်သည်။ ပြုံးပြက်တောက်ပနေသော မှန်နန်းဆောင်ထဲမှ ပွဲကြည့်ပရိသတ်သည် မသက်မသာဖြင့် ထိုဇာတ်လမ်းကို ကြည့်နေကြသည်။ ပတ်ဝိုင်း၊ ပတ်မ၊ လင်းကွင်းစသည့် အသံတို့ အဆက်မပြတ် ဆူညံစွာ တီးနေစေ၊

---

လဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤအတုယောင် လောကပြကွက်ထက် လေးနက်သော ပြင်ပလောကမှ မည်သည့်အသံ၊ မည်သည့်အရာကမျှ ရွှေပွဲလာ၏အာရုံကို နှောင့်ယှက်ခြင်းမရှိစေရ။ သို့ဖြင့် လက်စွဲများထွက်၊ ခွန်းထောက်ဆို၊ နှစ်ပါးသွားထွက် စသည်ဖြင့် တစ်ခန်းပြီးတစ်ခန်း ကပြလာရာ အရှေ့ဘက်မှ ရောင်နီသမ်းလာခဲ့လေပြီ။

ဘုန်းတော်ကြီးသောဘုရားမှာ ပိုင်အရက်ကို မပြတ်သောက်သုံးလျက်ရှိပြီး အခြားသော ရွှေပွဲလာတို့မှာ လက်ဖက်သုပ်များကို စားရင်း ကြည့်နေကြ၏။ ပန်တျာသည်များက လည်း တစ်ဆိုင်းပြီးတစ်ဆိုင်း ဝင်၍တီးလျက်၊ ဇာတ်ပွဲကြီးက ဆက်လက်ကလျက်၊ မနက် အလင်းရောင်ထဲတွင် ဆီမီးခွက်များမှ မီးတောက်များက ကျက်သရေကင်းမဲ့စွာ တောက်လျက်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

## ထိုသုံးရက်

ဖင်နီသည် ကြောက်လွန်းသဖြင့် ရင်တွေပန်းတွေတုန်ကာ မြန်မာ့သွေးစစ်စစ် တစ်ယောက်ထက်ပင် ကြက်သေ ပျက်လျက်ရှိ၏။ ဖင်နီသည် ခန်းဆောင်သို့ပြန်ရန် ခွင့်တောင်းပြီးနောက် ဖြူရော်ချုံးကျသော မျက်နှာဖြင့် ပြန်လာခဲ့သည်။ ပြန်ရောက်သည့်အခါ စင်တွင်ရှိသည့် တွေ့ရာဦးထုပ်ကလေးတစ်လုံးကို ကောက်ဆောင်းပြီး ပန်းဥယျာဉ်တော်ထဲသို့ ဆင်းလာခဲ့သည်။ သူ့နားသည် အူနေကာ ဆိုင်းသံဗုံသံများကို ကြားယောင်နေဆဲဖြစ်၏။ ပန်းခုံတော်ထဲသို့ရောက်သည့် တစ်ခဏလေး၌ မြက်ပင်များ၊ သစ်ပင်များသည် စိမ်းလန်းစိုပြည်နေကြသည်ဟု ထင်လိုက်မိသည်။ သို့ရာတွင် ထိုအထင်သည် တစ်ခဏမျှသာ။

ဥယျာဉ်တော်ထဲရှိ မြက်ခင်းတစ်ခုကို ဖြတ်၍အလာ မြက်စပ်အရောက်တွင် ခါးတောင်းကို မြှောင်အောက်ကျိုက်ထား၍ တစ်ကိုယ်လုံး ဗလာကျင်းလျက်ရှိသည့် တုတ်ခိုင်ကြမ်းတမ်းသော မင်းချင်းတစ်ယောက်ကို မြင်လိုက်ရ၏။ မင်းချင်းတစ်ယောက်သည် ခပ်သုတ်သုတ်လာခဲ့သဖြင့် ပန်းချုံတစ်ချုံအကွေ့တွင် ဖင်နီနှင့် ပက်ပင်းသွားတိုးမိကြသည်။

ထိုမင်းချင်းယောက်ျားမှာ တစ်ကိုယ်လုံး ချွေးတွေသံတွေ စိုရွှဲလျက်ရှိ၍ ပခုံးပေါ်တွင် အနီရောင်ကတ္တီပါအိတ်ကြီးတစ်အိတ်ကို ထမ်းလာခဲ့သည်။ ကတ္တီပါအိတ်ကြီးမှာ ပုံမကျပန်းမကျ။ ဖုထစ်ဖောင်းကြွလျက်ရှိပြီး အိတ်ကြီးထဲမှ ကြောက်မက်ဖွယ် ပူနွေးသော အရာဝတ္ထုတစ်ခု ပါသွားသည်ကို ဖင်နီ သတိပြုလိုက်မိ၏။ ဖင်နီသည် ကြောက်ကြောက်နှင့် ပြန်လှည့်ပြေးလာခဲ့သည်။ လမ်းမှားလာခဲ့ပြီဟု သိသည့်အခါကား နောက်ကျခဲ့လေပြီ။

www.burmeseclassic.com



ပြေးမိပြေးရာသို့ ပြေးလာခဲ့ရာ ဖဲင်နီသည် ကုလားမြို့ဘက်သို့ထွက်သည့် နန်းမြို့အနောက်တံခါးအနီးသို့ ရောက်နေသည်ကို တွေ့ရ၏။ အနောက်တံခါးမှာ ရွှေနန်းတော်တွင်းမှ လူသေအလောင်းများကို ထုတ်ယူသည့် တံခါးဖြစ်၏။ အလောင်းများကို ထိုတံခါးမှထုတ်ကာ ဧရာဝတီမြစ်ကမ်းသို့ သယ်လေ့ရှိသည် မဟုတ်ပါလော။

ဖဲင်နီသည် ပြန်လှည့်ကာ မိမိခန်းဆောင်ရှိရာသို့ ပြေးလာခဲ့သည်။ ခန်းဆောင်ထဲတွင် တစ်နေ့လုံးနေကာ ညနေပိုင်းတွင် နန်းမြို့ပြင်ဘက်သို့ ထွက်ရန် ကြိုးစားကြည့်ပြန်သည်။ သို့ရာတွင် ဈေးတွင်ပြန်လာသည့် ကုန်စိမ်းတန်းလှည်းများလို ဆီမထည့်သဖြင့် တကျွိကျွိမြည်သော လှည်းဝင်ရိုးသံများကိုပေးကာ နန်းမြို့အရှေ့တံခါးဆီသို့ မောင်းနှင်နေသော လှည်းတန်းကြီးတစ်စုနှင့် ပက်ပင်းတိုးနေပြန်သည်။

ဖဲင်နီသည် လှည်းတန်းကြီးပေါ်မှ ပစ္စည်းများကိုကြည့်ပြီး ကြောက်ကြောက်နှင့် ပြန်လှည့်ပြေးလာခဲ့ပြန်သည်။ သူ့အာရုံကြောများသည် မနေ့ နေ့လယ်ကတည်းက အဆက်မပြတ်ကြားခဲ့ရသော ဆိုင်းသံပုံသံများကြောင့် ပင်ပန်းနွမ်းနယ်ကြလေပြီ။ သူ့ကိုယ်ထဲတွင်ရှိသည့် ဥရောပသွေးသည် ဆူပွက်ပုန်ကန်နေလေပြီ။ ဆိုင်းသံ၊ ပုံသံများသည် သူ့အာရုံကြောများသည် မငြိမ်သက်ရုံမျှမက ဖိစီးနိုပ်စက်လျက်ရှိသဖြင့် ဖဲင်နီသည် အသံကုန်အော်ပစ်ချင်စိတ်ပင် ပေါက်လာသည်။

ထိုဒုတိယနေ့တွင်လည်း ဖဲင်နီသည် ခေါင်းအုံးတွင် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုမိပြန်သည်။ ထိုလှည်းများသည် ဖဲင်နီကို ဗုန်းဗုန်းလဲကျသွားအောင် လုပ်လိုက်သကဲ့သို့ ရှိသည်။ ဒီလက်ဖေးတို့ယက်ကန်းရုံမှ ရက်ပေးသော အနီရောင် ကတ္တီပါအိတ်များဖြင့် မလောက်တော့သဖြင့် လှည်းများတွင် မမြင်ဝံ့စရာများကို အတိုင်းသားမြင်နေရသည်။ မင်းညီမင်းသားတို့၏ အလောင်းများကို ဟင်းလင်းမထားဘဲ အနီရောင်ကတ္တီပါအိတ်များဖြင့် ထုပ်ရမည်မဟုတ်ပါလော။ ယခုတစ်ကြိမ်တွင်လည်း ဖဲင်နီသည် ကြောက်ကြောက်ဖြင့် မိမိခန်းဆောင်သို့ ပြန်ပြေးလာခဲ့ပြန်သည်။

တတိယနေ့တွင် ဖဲင်နီသည် နန်းမြို့အပြင်သို့ထွက်ရန် ကြိုးစားပြန်၏။ ဆိုင်းသံပုံသံဇာတ်ပွဲမှအသံများနှင့် အော်ဟစ်သံများသည် ပေါ်ထွက်မြဲ ပေါ်ထွက်လျက်ရှိ၏။ ယခုတစ်ကြိမ်တွင်မူ ဖဲင်နီသည် မှန်နန်းအပျိုတော်မှူးဖြစ်သော တိုင်တားမင်းကြီး၏ သမီးထံ ခွင့်တောင်းခြင်းပင် မပြုတော့ဘဲ ထွက်လာခဲ့သည်။ ရွှေနန်းတော်မြို့အတွင်းမှ လူများမှာ ထိုအသေးအဖွဲ့ကို ဂရုမစိုက်အားကြ။ နန်းမြို့အတွင်းမှ ဆိုင်းသံသည် ကျုံးကိုကျော်ဖြတ်ကာ ကုလားမြို့အတွင်းမှ အတိုင်းသား ကြားနေရသည်။ လောကကြီးတစ်ခုလုံးသည် ရုပ်ဆိုးအကျည်းတန်မှုတို့ဖြင့် ပွဲတင်မြည်ဟည်းလျက်ရှိ၏။ မည်သူမျှ မမေးကြ။ မအိပ်ကြ။ ရွှေနန်းမြို့မှလူများသည် မိမိတို့လုပ်ရပ်များကို အသံကန့်လန့်ကာကြီးများဖြင့် ကာကွယ်ဖုံးအုပ်ထားကြသည်။ ဆိုင်းသံ၊ ပုံသံ၊ လင်းကွင်းသံ၊ တေးဆိုသံ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကမူ ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် တိတ်ဆိတ်သော ညချမ်းများတွင် မိဖုရားများက ကျမ်းစာဖတ်ပြသည်ကို နားထောင်ခဲ့ဖူး၏။ ယခု ထိုနေရာတွင် ကျွမ်းကျင်စွာရက်သော ကြိုးကြီးချိတ်ထဘီမှ အဆင်များကဲ့သို့ အသံဝလံမျိုးစုံဖြင့် ရက်ဖောက်ထားသည်။

ထိုအသံဝလံများသည် မည်သည့်အခါမျှ ငြိမ်သက်သွားတော့မည် မဟုတ်ချေ။ ရွှေနန်းတော်ကြီးထဲတွင် ရှိနေသေးသမျှ ဘုန်းတော်ကြီးသော သီပေါမင်းတရားသည် ထိုဆိုင်းသံများကို နေ့ရောညပါ နားဆင်နေပေလိမ့်မည်။ ထိုအသံများ ရပ်စဲသွားသည်နှင့် သီပေါမင်းတရားသည် ယောင်ယမ်း၍ အော်မိ၏။ တိတ်ဆိတ်ငြိမ်သက်နေခြင်းကြောင့် လန့်ဖျတ်ကာ ဂနာမငြိမ်ဖြစ်နေ၏။

ဖင်နီသည် ဥယျာဉ်တော်သို့ ဆင်းလာခဲ့သည်။ သို့မှသာ အစစ်အဆေး၊ အမေးအမြန်းမရှိ ထွက်နိုင်မည်ဖြစ်သည်။ ဥယျာဉ်တော်တစ်ခုလုံးသည် တိတ်ဆိတ်လျက်။ ဖင်နီသည် ဥယျာဉ်တော်ကိုဖြတ်ကာ ခပ်သုတ်သုတ်လာခဲ့သည်။ အရက်လော၊ ဆည်းဆာလောပင် သူကောင်းကောင်းမသိ။ တိတ်ဆိတ်နေသည်ကို သူကျေးဇူးတင်သည်။ ဆိုင်းသံဗုံသံများကိုမူ ကြားနေရဆဲ။ သို့ရာတွင် ဆီမီးရောင်များမှာမူ မှေးမှိန်စပြုလေပြီ။ ထိုစဉ် တိတ်ဆိတ်ခြင်းကိုဖောက်ထွင်းကာ စူးစူးဝါးဝါး အော်သံများကို ကြားလိုက်ရသည်။ လေထဲတွင် စူးစူးဝါးဝါးအော်သံများသည် ဆူညံလျက်ရှိ၏။ အော်သံများထဲတွင် သူ့အမည်ကိုပင် ကြားလိုက်ရသေးသည်ဟု သူထင်သည်။

ဖင်နီသည် လှည့်ကြည့်လိုက်သသည့်အခါတွင် ခပ်နက်နက်တူးထားသော ကပျာကယာဖို့ထားသော မြေကျင်းကြီးတစ်ခုကို တွေ့ရ၏။ မြေကျင်းသည် သက်ဝင်လှုပ်ရှားကာ ကြွလိုက်ကျုံ့လိုက်ဖြစ်နေသည်ဟု စိတ်ထဲတွင် ထင်မိသည်။ ထိုကျင်းကြီးအထက်တွင် မြူတွေဆိုင်းနေသည်။ ကျင်းနှုတ်ခမ်းတွင် ပိုးဖဲတို့ကိုဝတ်ထားသည့် ခန္ဓာကိုယ်များ လူးလွန့်လှုပ်ရှားနေသယောင်ယောင်။ ထိုကျင်းကြီးသည် ပွင့်ထွက်လာသယောင်ယောင်။ ဖင်နီသည် လှည့်ပြေးတော့မည်အပြုတွင် သူ့နာမည်ကိုခေါ်သံ ကြားလိုက်ရပြန်သည်။ ဖင်နီလည်း ကြောက်လန့်သဖြင့် ပြန်ပြေးလာခဲ့သည်။ ကျင်းကြီးတစ်ဖက် မိန်းမဆောင်ဘက်ဆီမှ မိန်းကလေးတစ်ယောက် ပြေးထွက်လာသည်ကို မြင်လိုက်ရ၏။

ထိုမိန်းကလေးမှာ ငြိမ်းချမ်းသာယာသော ဘဝရှင်မင်းတရားကြီး၏ လက်ထက်တော်ကတည်းက မိမိ၏ ကစားဖော်ကစားဖက်ဖြစ်သည့် သာဂရမင်းသား၏ နမတော်လေးဖြစ်သည်။ မိန်းကလေးသည်သူ့ကိုမြင်သွားကာ သူ့နာမည်ကို အော်ခေါ်နေသည်။ ခဏအကြာတွင် ခါးတောင်းမြှောင်အောင်ကျိုက်ထားသည့် ကိုယ်တုံးလုံးဖြင့် မင်းချင်းနှစ်ယောက်သည် မိန်းကလေးကိုဆွဲခေါ်ကာ လက်နှစ်ဖက်ကို ကြိုးဖြင့်တုပ်သည်။

ဖင်နီသည် မကြည့်ဘဲမနေနိုင်သဖြင့် ကြည့်မိရာ ယောက်ျားကြီးနှစ်ယောက်က မိန်းကလေး၏ခေါင်းကို နောက်သို့ဆွဲလှန်ကာ လှပသေးသွယ်သည့် လည်မျိုကို တင်းပုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြင့် ရိုက်ချလိုက်သည်။ ဖင်နီသည် မကြည့်ရက်တော့သဖြင့် မျက်နှာကို လက်ဝါးဖြင့်အုပ်လိုက်မိသည်။ မိန်းကလေးမှာ ငယ်ရွယ်သန်မာဆဲဖြစ်သည့်အတွက် အချက်ပေါင်းများစွာ ခံနိုင်ယူရသည်။ ဖင်နီသည် ခန်းဆောင်ထဲသို့ပြေးလာကာ ချောင်ထဲတွင် ကုပ်နေသည်။ အတ်ပွဲကား ကပြလျက်။ ယခုအချိန်လောက်ဆိုရင် မင်းသားမင်းသမီးတို့သည် ရန်အပေါင်းကို နိမ်နင်းပြီးလောက်ပြီ။ လူဆိုးတို့ရန်ကို ချိုးနှိမ်ပြီးလောက်ပြီ။ သူနားထဲတွင် ဆိုင်းသံပုံသံတို့ ဆူညံနေဆဲ။

ဖင်နီသည် အထိတ်တလန့်ဖြစ်နေသော အစေတော်တစ်ယောက်လာပို့သည့် ထမင်းနှင့်ဟင်းကို ခပ်သုတ်သုတ်စားကာ ထွက်လာခဲ့ပြန်သည်။ ဆိုင်းသံပုံသံတို့ဖြင့် ဖုံးအုပ်သည့်ကြားမှ စူးစူးဝါးဝါးအော်သံ၊ ငိုကြွေးသံတို့ကို ကြားနေရသည့်တိုင် ရွှေနန်းတော်ထဲတွင်မူ အသွားအလာမပျက်။ တတိယနေ့မနက်တွင်မူ အော်သံဟစ်သံများလည်း စဲခဲ့လေပြီ။ ဆိုင်းသံပုံသံတို့ကိုလည်း မကြားရတော့။

ဖင်နီသည် သူ့ပစ္စည်းကလေးများကိုစုကာ ရွှေနန်းတော်ကြီးထဲမှ ခွာခဲ့သည်။ အလောင်းများမြှုပ်သည့် နေရာသို့ရောက်လျှင် ဖင်နီသည် မျက်နှာလွှဲ၍ လျှောက်လာခဲ့လေသည်။ သို့ရာတွင် မျက်နှာထောင့်စွန်းတွင် ထင်လာသော ထူးထူးဆန်းဆန်းမြင်ကွင်းကြောင့် ဖင်နီ တုန့်ခနဲရပ်သွား၏။ အလောင်းများကိုမြှုပ်နှံရာ မြေကွက်ပေါ်တွင် ဆင်ဦးစီးများလိုက်ပါလာသော ဆင်ကြီးတစ်ကျိပ်ကျော်ခန့်သည် ခေါက်တုံ့ခေါက်ပြန် နင်းလျက်ရှိ၏။ ဆင်ကြီးများသည် ထိုမြေကွက်ပေါ်တွင်နင်းရန် ငြင်းဆိုသကဲ့သို့ နှာမောင်းကြီးများကို ဝှေ့ယမ်းကာ အရှုံးရှုံးဖြစ်လျက်ရှိကြသည်။

မြေကြီးသည် အသတ်ခံရသူ မင်းညီမင်းသားတို့၏အသားကို ဝါးမျိုရန် ငြင်းဆန်သည့်နှယ် ခြေပြတ်လက်ပြတ်များ၊ အပိုင်းပိုင်းဖြစ်လျက်ရှိသော ကိုယ်ခန္ဓာများ၊ ခေါင်းများသည် မြေပေါ်သို့ ပေါ်လျက်ရှိသဖြင့် ထိုနေရာကို ဆင်များဖြင့်နင်း၍ ဖို့ပစ်နေခြင်း ဖြစ်သည်။ ဆင်သည် အကင်းပါးသော သတ္တဝါတစ်မျိုးဖြစ်ရာ မြေကြီးထဲမှပေါ်ထွက်လာသော အပုပ်နံ့များကြောင့်လည်းကောင်း၊ မိမိတို့သည် ကိုယ်ခန္ဓာအပိုင်းအစများကို နင်းခြေခြင်းဖြင့် အစဉ်အလာစည်းကမ်းကို ဖောက်ဖျက်ခြင်းဖြစ်သည်ဟူသော အသိကြောင့်လည်းကောင်း တွန့်ဆုတ်ငြင်းဆန်လျက်ရှိသည်တွင် သခင်အားရအောင် မျက်နှာလုပ်ရန်မှအပ အခြားဘာကိုမျှ မသိသော ဆင်ဦးစီးများသည် ထိုဆင်များကို အော်ဟစ်ငေါက်ငမ်းခြင်း၊ ချွန်းများဖြင့်ထိုးခြင်း စသည့် နည်းလမ်းအသွယ်သွယ်တို့ဖြင့် မြေကြီးကို ဖို့လျက်ရှိကြလေသတည်း။

❈ ❈ ❈

www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

## အရေးတော်ပြီးသည့်နောက်

မျက်နှာဖြူဖပ်ဖြူရော်၊ အဝတ်အစားဖရိုဖရဲဖြင့် စကားကို ကောင်းစွာမပြောနိုင်ဘဲ အကြီးအကျယ် ထိတ်လန့်လျက်ရှိသော ဖဲင်နီကို မြင်ရသည့်အခါတွင် သာသနာပြုကျောင်းမှလူများသည် တအံ့တသြဖြစ်နေကြသည်။ ကုလားမြို့တွင်းရှိလူများမှာ နိုင်လုံသော မည်သည့်သတင်းမျိုးကိုမျှလည်း ရွှေနန်းတော်ကြီးထဲမှ မကြားရ။

သို့ရာတွင် ကုလားတစ်မြို့လုံးမှာမူ နန်းတွင်းတွင် လူသတ်ပွဲကြီးဖြစ်နေသည်ကို သိနေကြလေပြီ။ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းဖြစ်မည်ဟု အားလုံးက တွက်ထားကြသည်။ အသတ်ခံရသော မင်းညီမင်းသားများ၏ အလောင်းများကို လှည်းကြီးများဖြင့် မြစ်ဆိပ်သို့ သယ်သွားနေသည်ကို မည်သို့မျှ ဖုံးကွယ်၍ မရတော့ပြီ။

တစ်မြို့လုံးမှာလည်း ပျားအုံတွင် ပျားတို့မြည်သကဲ့သို့ ကောလဟာလများဖြင့် ပြည့်လျက်ရှိ၏။ အုံပျက်သွားသော ပိုးပုရွက်တို့သည် ထိုမှဤမှ ပြေးလွှားနေကြသကဲ့သို့ ကောလဟာလများသည် ထိုမှဤမှ လှည့်လည်သွားလာနေကြ၏။ သာသနာပြုကျောင်းရှိ အင်္ဂလိပ်အသိုင်းအဝိုင်းထဲသို့ ရောက်၍လာသော မျက်နှာဖြူများက သူ့ကို စိုးရိမ်ထက်သန်သော မျက်နှာများဖြင့် စောင့်မျှော်နေကြသည်ကို တွေ့ရသည်။ ထိုအခါမှပင် ဖဲင်နီသည် သူမည်မျှ အရေးပါအရာရောက်သူတစ်ဦး ဖြစ်နေကြောင်းကို သတိပြု အရသာခံနိုင်တော့သည်။ ဖဲင်နီမှာ အကြီးအကျယ် ကြောက်ရွံ့နေလေပြီ။ ကြောက်ရွံ့ရုံမျှမက ထိတ်လန့်ချောက်ချား၍ပင် နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် ဖင်နီသည် သူ အရေးတကြီးပုဂ္ဂိုလ်ဖြစ်နေပုံကို သတိမပြုဘဲ မနေနိုင်၊ ဖင်နီသည် မြင်ခဲ့ရသည့် မြင်ကွင်းများကို စက်ဆုပ်လွန်းလှသည့်အတွက် မျက်ရည်ကို မထိန်းနိုင်တော့ဘဲ အားရပါးရ ငိုချလိုက်မိသည်။

သဘော်ာပေါ်တွင် မစ္စစ်မာဂါထရှိုက်၏ ဆူပူကြိမ်းမောင်းခြင်းကို ခံရစဉ်ကတစ်ကြိမ် သူ့ဇခင် ကွယ်လွန်စဉ်ကတစ်ကြိမ်။ နှစ်ကြိမ်မျှသာ ဖင်နီငိုခဲ့သည်ကို မြင်ခဲ့ဖူးသည့် အက်ဂါသာသည် စိုးရိမ်တကြီးဖြင့် ဖင်နီ့အပါးကို ပြေးလာခဲ့သည်။ ယခု သူတွေ့ရသော ဖင်နီသည် ရွှေနန်းတော်တွင်းက မြောက်စားအရေးပေးခံရသောသူအဖြစ် အပေါ်စီးဖြင့် ဆက်ဆံခဲ့သော ဖင်နီမဟုတ်တော့။

"ကဲ . . . ကဲ . . . သူ့ဆီကတော့ ဘာမှ ရေရေရာရာ မေးလို့ရတော့မှာမဟုတ်ဘူး။ ရာဂျစ်ဆင်းတော့ ဒီနေ့ရောက်လာမလားမသိဘူး။ သူလာတော့မှပဲ မေးကြည့်ရတော့မှာပဲ"

မစ္စတာရှောက ခပ်လျောင်လျောင် ပြောလိုက်သည့်အခါတွင်မှ ဖင်နီ အငိုရပ်လိုက်သည်။ ဖင်နီသည် ကိုယ်ကိုမတ်လိုက်ပြီးနောက် မျက်ရည်များကိုသုတ်ကာ ကော်ဖီတစ်ကျိုက်ကိုသောက်ရင်း နေသာထိုင်သာရှိသွားပြီဖြစ်ကြောင်း ပြော၏။ ထိုအကြောင်းကို ပြန်ပြောသည့်အခါတွင် ဖင်နီတစ်ကိုယ်လုံးသည် ကြက်သီးတွေထကာ လက်ဟန်ခြေဟန်ဖြင့် ငိုကာပတ်ကုံး ပြောနေမိသည်။ အက်ဂါသာမှာလည်း ထိတ်လန့်ချောက်ချားလျက်ရှိရာ ဖင်နီကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေ၏။

"ဖြစ်မှဖြစ်ရလေကွယ်။ ကလေးတွေကော ပါသတဲ့လား"

ဖင်နီက ခေါင်းညိတ်ပြ၏။ မစ္စတာရှောက . . .

"လူဘယ်လောက်လောက် ရှိသတဲ့လဲ။ သူတို့ပြောတော့ အဲမသင်ကပြောတော့ နှစ်ဆယ်ကျော်ကျော်လောက် ရှိတယ်ဆိုလို့"

ဖင်နီကခေါင်းညိတ်ပြလိုက်ရင်း . . .

"အားလုံးလောက်ပါပဲ မစ္စတာရှောရယ်။ မိဖုရားတွေရော၊ မင်းသမီးတွေရော၊ မင်းသားတွေရော ကုန်သလောက်ပါပဲ"

"အင်း . . . ဒီလိုဆိုရင် ကျုပ်တို့ရထားတဲ့သတင်းနဲ့ ကိုက်သားပဲ"

ဟု လန်စဒင်ကို လှမ်းပြောသည်။ အားလုံး တိတ်ဆိတ်နေကြသည်။ မစ္စတာရှော နှင့် လန်စဒင်မှာ အခြေအနေ မည်မျှအရေးကြီးကြောင်း သဘောပေါက်ကြ၏။ ရွှေနန်းတော်တွင်းတွင် အာဏာရအုပ်စုသည် ဗြိတိသျှသံတဲကိုပင် ဝင်ရောက်တိုက်ခိုက်ရန် စိုင်းပြင်းနေကြောင်းဖြင့် စလင်းမင်းသမီးထံမှ မစ္စတာရှော ကြိုတင်သတင်းရခဲ့သည်။ (စလင်းမင်းသမီး အရးတော်ထဲတွင် ပါမသွားခဲ့ခြင်းမှာ ခမည်းတော် နတ်ရွာစံသည့်နောက်မှစ၍ သီလရှင်ဝတ်သွားသောကြောင့် ဖြစ်နိုင်ပါသည်။) အကယ်၍ မြန်မာတို့က ဝင်ရောက်တိုက်ခိုက်ခဲ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှသံတဲကို ကာကွယ်နိုင်မည်မဟုတ်ချေ။ ဗြိတိသျှသံတဲကို မီးတင်၍ ရှို့ခဲ့သည်ဆိုလျှင် မန္တလေးတွင်ရှိသည့် အင်္ဂလိပ်လူမျိုးများအားလုံး အသတ်ခံရတော့မည်ဆိုသည့် ရှေ့ပြေးနိမိတ်ပင်ဖြစ်သည်။ မစ္စတာလန်စဒင်မှာမူ သမီးဖြစ်သူ အက်ဂါသာ၏ လုံခြုံရေးအတွက်သာ စိတ်ပူလျက်ရှိပြီး သူ့အတွက်မူ ဘာမျှစိုးရိမ်ခြင်းမရှိလှ။

သာသနာပြုပုဂ္ဂိုလ်တို့မည်သည် အသက်ကို ပေးလှူထားပြီးဖြစ်ရာ ထိုသို့ အသတ်ခံလိုက်ရသည်ဆိုလျှင် ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသော ဘဝခရီးတွင် ကောင်းသော နိဂုံးချုပ်ခြင်းဟုပင် အောက်မေ့ရဦးမည်။ သာသနာ့အာဇာနည်အဖြစ်သာ သေခဲ့ရလျှင် တစ်မျိုးဖြစ်နေသော သူ၏အလုတရားနှင့် ပတ်သက်သော အမြင်များ၊ ဆုံးရှုံးမှုများအတွက် နာနာကျည်းကျည်းဖြစ်ခဲ့ရသည့် ခံစားချက်များသည် ပပျောက်သွားကာ ကျေနပ်နှစ်သက်မှုကိုပင် ရပေဦးမည်။ ရွှေနန်းတော်ကြီးမှ အာဏာရအုပ်စုက အင်္ဂလိပ်တို့ကိုသတ်ဖြတ်ဖို့ ဆုံးဖြတ်ပြီဆိုလျှင်လည်း မိမိတို့သည် အာဇာနည်များအဖြစ် အသိအမှတ်ပြုခံရမည်မှာ သေချာသည်။ ထိုသို့တွေးမိသဖြင့် မေးရိုးကြီးတွေ ငေါနေသော သူ့မျက်နှာသည် ထူးထူးခြားခြား သွေးရောင်လွှမ်းလာသည်။

သံကိုယ်စားလှယ်မစ္စတာရှောကား ရှုံရှာစက်ဆုပ်သည့် ခံစားချက်မှအပ အခြားဘာမျှမရှိ။ မိမိသည် စက်ဘက်တွင်လည်းကောင်း၊ မြို့ပြအုပ်ချုပ်ရေးဘက်တွင်လည်းကောင်း တစ်ခါမျှ အမှုမထမ်းဖူးခဲ့။ သူသည် ခရီးသွားတစ်ဦးသာဖြစ်၏။ သုတေသီတစ်ဦးသာဖြစ်၏။ သူ့စိတ်နှင့် ယခုအလုပ်သည် လားလားမျှ အပ်စပ်ခြင်းမရှိ။ ထို့မျှမက ယခုတလောတွင်လည်း သူကောင်းကောင်းနေမကောင်းချင်။ သံတဲအမိုးမှာ နေရာတကာတွင် မိုးယိုနေသည့်အတွက် သူ့တွင် အဆစ်အမြစ်ကိုက်သည့်ရောဂါ ဖြစ်လာခဲ့သည်။

မစ္စတာရှောသည် ထိုသတင်းများကို ကြားရသည့်အခါ ယောက်ျားပီပီ ကြောက်ရွံ့ခြင်းမရှိ။ သို့ရာတွင် ဒေါသထွက်သည်တော့ အမှန်ပင်။ မစ္စတာရှောသည် ဖဲင်နီကို လန်စဒင်တို့အိမ်တွင် အပ်ပစ်ခဲ့ကာ သံကိုယ်စားလှယ်၏ အဆောင်အယောင်ဖြစ်သော ထီးတော်မိုးတို့ လိုက်ပါလျက် ဟောင်းနွမ်းအိုမင်းသော သံတဲသို့ ပြန်ခဲ့၏။

ဗြိတိသျှနိုင်ငံတော်ကြီးသည် မိမိ၏ကျေးတော်မျိုး ကျွန်တော်မျိုးတို့ မည်သို့ နေထိုင်ရသည်ကို နည်းနည်းမျှ ဂရုမစိုက်ယောင်တကားဟု မစ္စတာရှော သူ့ဘာသာသူ တွေးမိသည်။ အမှန်ကမူ ထိုသို့မဟုတ်။ နန်းရင်းဝန်ကြီးသည် ဗြိတိသျှအင်ပါယာကြီး၏ တန်ခိုးသြဇာကြီးမားပုံကို တဖွဲ့ဖွဲ့ပြောကာ ကမ္ဘာပေါ်တွင် မည်သည့်နေရာတွင်မဆို နိုင်မာသည့် ပြစ်ဒဏ်မရှိဘဲ မည်သည့်အင်္ဂလိပ်လူမျိုးတစ်ယောက်ကိုမျှ အသတ်ခံရသောအဖြစ် မရှိစေရဟု ဆိုနေသည့်တိုင် အင်္ဂလန်ပြည်ကြီး၏ ဘုန်းမီးနေလတောက်ပချိန်သည် ကုန်ဆုံးခဲ့လေပြီ။ ဂွန်ကုမ္ပဏီခေါ် အရှေ့အိန္ဒိယကုမ္ပဏီ ကောင်းစားစဉ် ခေတ်မျိုးကသာ ဗြိတိသျှ



www.burmeseclassic.com

www.burmeseclassic.com



သံကိုယ်စားလှယ်တစ်ဦးကို ယခု မိမိအားထားသကဲ့သို့ အိမ်စုတ်ဖြင့်ထားခဲ့လျှင် မည်သို့ရှိလေမည်နည်း။

သီပေါမင်း၏အမြင်၌ ဗြိတိန်၏လက်တံသည် ထိုမျှလောက် မရှည်တန်ရာ။ လက်တံမရှည်လျှင် ဘာမျှကြားဝင်နိုင်မည်မဟုတ်ဟု ထင်ပုံရသည်။ သို့မဟုတ်လျှင် သီပေါမင်းသည် ဗြိတိသျှသံကိုယ်စားလှယ်၏ရှေ့မှောက်တွင် ဤသို့ ကြောက်မက်ဖွယ်ကောင်းသောအမှုကြီးများကို မည်သို့ လုပ်ရဲမည်နည်း။ သို့ရာတွင် သီပေါမင်းသည် အဘယ်ကြောင့် ထိုသို့ ချက်ချင်း အမြင်ပြောင်းသွားရလေသနည်း။

သီပေါမင်းသည် ဣန္ဒြနဒ္ဓဂါမာတွင် အင်္ဂလိပ်တို့ ခွက်ခွက်လန်အောင် အရေးနိမ့်ခဲ့ပုံကို ကြားပြီဖြစ်ဟန်တူသည်။ သူ့အထောက်တော်များ၊ အုပ်စုများဖြင့် ပြည့်နေသော မြို့ကြီးတစ်မြို့တွင် ထိုသတင်းကို လျှို့ဝှက်ထားနိုင်မည်မဟုတ်။ မစ္စတာရှောသည် ရွှေနန်းတော်ကြီးသို့ ကန့်ကွက်လွှာကို သူကိုယ်တိုင်ရေးပြီးနောက် ကာလကတ္တားရှိ နိုင်ငံခြားရေးအတွင်းဝန်ထံသို့လည်း ကြေးနန်းတစ်စောင်ကို ကိုယ်တိုင်ရေးသည်။

စားပွဲတွင်ထိုင်၍ ကလောင်တံကိုင်ကာ စာရေးနေစဉ် သူ့ရင်သည် တင်းကျပ်လာ၏။ မစ္စရှောသည် ထိုင်ရာမှထကာ အခန်းထဲတွင် လမ်းလျှောက်သည်။ မစ္စတာရှောသည် တစ်နစ်လျှင် ပေါင်လေးထောင်နီးပါးရသည့်တိုင် သူ့အလုပ်ကို စုံမက်ခြင်းမရှိတော့။ ယခုအချိန်တွင် မြန်မာပြည်ကိုလည်း နှစ်သက်ခြင်းမရှိတော့။

သူသည် သုတေသီတစ်ဦးဖြစ်သည့်တိုင် ကမ္ဘာပေါ်တွင် မိန်းမအပီသဆုံး၊ နှစ်သက်စရာအကောင်းဆုံးသော မြန်မာအမျိုးသမီးတို့ကို သတိမရဘဲမနေနိုင်။ အရေးတော်ထဲတွင် ပါသွားသည့် မင်းသမီးတော်များများကို သူတွေ့ခဲ့ဖူးသည်။ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော သံတဲရှည် မညီမညာကြမ်းပြင်ပေါ်တွင် လျှောက်ရင်း သူတို့တစ်တွေ၏ သွယ်လျသော မျက်နှာများနှင့် ပျော့ပျောင်းသောလက်ချောင်းများကို သူမြင်ယောင်သည်။ သူတို့တစ်တွေ၏ ချိုလွင်သော ရယ်သံများကို သူကြားယောင်သည်။ သူတို့တစ်တွေ၏ တည်ကြည်သော ဣန္ဒြေနှင့် နူးညံ့သိမ်မွေ့မှု၊ သူတို့တစ်တွေ၏ ရိုကျိုးနိမ့်ချမှုတို့ကို သူမြင်ယောင်သည်။ ယခုမူ ထိုသို့သော နူးညံ့ပျော့ပျောင်းသည့် မင်းသမီးများသည် မကြုံဖူးသော ရက်စက်ကြမ်းကြုတ်မှုဖြင့် အသေဆိုး သေခဲ့ကြရလေပြီ။

သူတို့၏ ချစ်စဖွယ်ကလေးငယ်များသည်လည်း မိဘများနှင့်အတူ သေခဲ့ကြရလေပြီ၊ သူတို့တစ်တွေ၏ ရယ်မောသံ၊ မိခင်များ၏ ချိုသာသော စကားသံတို့ကို မကြားရသည်မှာ သီတင်းပတ်ပေါင်းများစွာ ကြာခဲ့လေပြီဟုတွေးကာ ယူကျုံးမရ ဖြစ်မိသည်။ ယခင်က ရယ်ရယ်မောမော၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် ချစ်စဖွယ်ရှိသော သူတို့တစ်တွေသည် အစာရေစာ ငတ်ပြတ်လျက် ညစ်ပတ်ပေရေသော အမှောင်ထုကြီးထဲတွင် သံခြေကျင်းကြီးတွေ ခတ်



www.burmeseclassic.com

www.burmeseclassic.com



လျက်ဖြင့် မည်သို့ နေရာနေမည်နည်းဟု သူတွေးမိသည်။ အင်္ဂလိပ်သံကိုယ်စားလှယ် မစ္စတာရှောသည် စာတစ်စောင်ကိုရေး၍ ကင်းဝန်မင်းကြီးထံ ပို့လိုက်သည်။

"ဆွေတော်မျိုးတော်၊ မင်းညီမင်းသားများနှင့် မင်းသမီးများအား သတ်ဖြတ်လိုက်သည့်ကိစ္စကို ကြားရသဖြင့် အင်္ဂလိပ်သံကိုယ်စားလှယ်များသည် များစွာ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ရပါသည်။ ဥရောပတိုက်နိုင်ငံအသီးသီးတို့ကို ချောက်ချားစေမည့် ဤအစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီးသည် မည်သူမည်ဝါ၏လက်ချက်ဖြစ်ကြောင်းကို သံကိုယ်စားလှယ်များအနေဖြင့် စုံစမ်းအတည်ပြုရန် အချိန်မရသေးပါ။ သို့တိုင်အောင် ကျန်ပဲ့ဖြိုးများတို့၏အသက်ကို ကယ်ဆယ်နိုင်ရန်အတွက် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ရန် ဝန်ကြီးအား မေတ္တာရပ်ခံအပ်ပါသည်။ နောက်ထပ်သတ်ဖြတ်မှုများ ဖြစ်ပွားပေါ်ပေါက်လာပါက ဤမြေပေါ်တွင် ဗြိတိသျှအလံကို ဆက်လက်လွှင့်ထူထားရန် သံကိုယ်စားလှယ်အဖို့ အကြောင်းရှိတော့မည် မဟုတ်တော့ပါကြောင်း"

ထို့နောက် မစ္စတာရှောသည် ကလောင်တံကိုကောက်ကိုင်ကာ စာတစ်စောင်ရေးပြီးနောက် ရော်လင်ဆန်ကို အခေါ်လွှတ်လိုက်သည်။

ရော်လင်ဆန်သည် မျက်နှာဖြူဖပ်ဖြူရော်၊ အကြောက်ကြောက် အလန့်လန့်ဖြင့် ရောက်လာ၏။

မစ္စတာရှောက သံကြိုးစာကိုပေးသည်တွင် ရော်လင်ဆန်ကကြွက်မိသည့် ကြောင်ကဲ့သို့ နှုတ်ခမ်းကို တပျတ်ပျတ်လျက်ရင်း စာကိုဖတ်နေသည်။

"နတ်ရွာစံ မင်းတုန်းဘုရင်၏ မိဖုရားများ၊ သားတော်များ၊ ၎င်းတို့၏ ကြင်ယာတော်များနှင့် သမီးတော်များ စုစုပေါင်း လူရှစ်ဆယ်ခန့်ကို သီပေါမင်း၏အမိန့်ဖြင့် ညစဉ်ဆက်၍ သတ်ဖြတ်ပစ်လိုက်ကြသည်။ ပွန်ကန်ရန်ကြံစည်မှု၊ လှုံ့ဆော်မှုစသည်တို့ကို တစ်စုံတစ်ရာ မတွေ့ရ။ ဝန်ကြီးများက ကန့်ကွက်သည်ဟု ယူဆရသည်။ လူအများ ထိတ်လန့်တုန်လှုပ်နေကြသည်။ သတ်ဖြတ်မှုများ ထပ်မံပေါ်ပေါက်လာလျှင် ဗြိတိသျှအလံက ရုပ်သိမ်းမည်ဟု အကြောင်းကြားထားသည်"

ရော်လင်ဆန် ထွက်သွားသည့်အခါ၌ မစ္စတာရှောသည် သူ့လုပ်ရပ်ကို ပြန်စဉ်းစားကြည့်၏။ အကယ်၍ သတ်ဖြတ်မှုများ နောက်ထပ်ပေါ်ပေါက်လာခဲ့ဦးမည်ဆိုလျှင် ဆွေတော်မျိုးတော်ဆို၍ တစ်ယောက်မျှ ကျန်ရစ်ခဲ့မည်မဟုတ်တော့။

ယခုကြားသိရသည့်သတင်းများမှာ အမှန်တွေချည်းဖြစ်သည်။ မိမိကဲ့သို့ပင် ကြံရာမရဖြစ်နေသော အဘိုးကြီးတစ်ဦးဖြစ်သည့် ကင်းဝန်မင်းကြီးကို မိမိသည် အပြစ်တင်ကန့်ကွက်ခဲ့ပြီးပြီ။ သူတို့နှစ်ဦး တွေ့ကြသည်ဆိုလျှင် သူတို့၏ မှုန်မှိုင်းသောမျက်လုံးများဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ရုံမှအပ ဘာမျှတတ်နိုင်ကြသည်မဟုတ်။ မစ္စတာရှောသည် စာရေးစက္ကူကတ်ကို လှမ်းယူပြီးနောက် စာတစ်စောင်ကို ကောက်ရေးပြန်သည်။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာတို့ထံသို့ ပြင်းထန်သော ကန့်ကွက်စာတစ်စောင် ပို့သင့်သည်၊ ဤမျှ ရိုင်းစိုင်းကြမ်းကြုတ်သော ဘုရင်တစ်ပါးနှင့် သဟာယမဟာမိတ်အဖြစ် ဆက်လက်ဆက်ဆံရန် သင့်မသင့်သံအဖွဲ့ကို ချက်ချင်းရုပ်သိမ်းရန် သင့်မသင့် သိလိုသည်"

မစ္စတာရှောသည် ရော်လင်ဆန်ကို အခေါ်တော်လွှတ်ပြန်သည်။ ထိုဒုတိယကြေးနန်းကိုမူ ကာလကတ္တားရှိ နိုင်ငံခြားရေးအတွင်းဝန်ထံသို့ အမြန်ဆုံးပို့လိုက်၏။ မစ္စတာရှောသည် ခွန်အားဆုတ်ယုတ်ကုန်ခမ်းသွားသည့်ပမာ အကြီးအကျယ် ပင်ပန်းသွား၏။ အဝတ်အစားများကိုလဲကာ အိပ်ရာဆီသို့ လျှောက်လာခဲ့၏။ သီပေါဘုရင်ကဲ့သို့ပင် မစ္စတာရှောသည်လည်း ထိုနံရံလေးဘက်မှ မထွက်တော့ပြီ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

## ညနေဆည်းဆာ

ပျော့ခွေနွမ်းလျှင့်နေသော ဖင်နီသည် မိခင်သဖွယ် စေ့စပ်သေချာစွာ ပြုစုတတ်သည့် အက်ဂါသာ၏အကူအညီကြောင့် နောက်ဆုံးတွင် အိပ်ရာထဲသို့ ဝင်လာနိုင်ခဲ့သည်။ စင်စစ် သူတို့နှစ်ယောက်တွင် တူညီချက်ဆို၍ ဘာမျှမရှိ။ သို့ရာတွင် ကျောင်းသွားဖော်သူငယ်ချင်းအဖြစ်ရှိခဲ့ကြသည့် သံယောဇဉ်သည် သူတို့နှစ်ယောက်အား ချည်နှောင်ထားဆဲဖြစ်၏။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မည်မျှ သဘောကွဲလွဲကြသည့်တိုင် ဆွေရင်းမျိုးချာပမာ တပူးတွဲတွဲ ဖြစ်နေကြသည်။ ယခင်က သူတို့နှစ်ယောက်သည် ငယ်သူငယ်ချင်းများအဖြစ် သံယောဇဉ်ကြီးခဲ့ကြ၏။ ယခု ဘေးအန္တရာယ်များကို အတူတူ ရင်ဆိုင်ဖြတ်သန်းခဲ့သောအခါတွင် သူတို့နှစ်ယောက်၏ သံယောဇဉ်ကြိုးသည် ပို၍ခိုင်မာလာခဲ့သည်။ သို့ဖြင့် အက်ဂါသာသည် ဖင်နီအိပ်ပျော်သွားသည်အထိ ချော့မော့ယုယခြင်းပြုသည်။

ဝရန်တာသို့ အက်ဂါသာ ပြန်ထွက်လာသည့်အခါ၌ ရွှေရောင်နေခြည်များသည် ညနေဆည်းဆာ၏ ကြေးနီရောင်သို့ ပြောင်းသွားကြလေပြီ။ သူ့အဖေ မစ္စတာလန်စဒင်သည် ဝရန်တာရှိ ပက်လက်ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ ခါတိုင်းနှင့်မတူ အရက်ခွက်ကို အပြည့်ထည့်၍ သောက်နေသည်။ လန်စဒင်သည် တွဲကျနေသော မျက်ခွံများကို လှန်၍ သူ့ကိုကြည့်သည်။ သူ့အကြည့်သည် ခါတိုင်းနှင့်မတူဟု အက်ဂါသာထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နေရသော သာသနာပြုကျောင်းဆိုသည်မှာ အန္တရာယ်များသည့် ချောက်ကမ်းပါးတွင် ရပ်နေရသည့်အဖြစ်နှင့်တူရာ ထိုချောက်ကမ်းပါးတွင် ခြေမကိုင်မိလက်မကိုင်မိဖြစ်လောက်အောင် အကြောက်ကြီးကြောက်ရသော အဖြစ်မျိုးနှင့်လည်း ကြုံနိုင်သည်။ တစ်ပြိုင်နက်တည်းတွင်လည်း သူများတွေ မသိလိုက်၊ မမြင်လိုက်သော အတွင်းရေးများကို သိနိုင်မြင်နိုင်စွမ်းသော အခွင့်အရေးများကိုလည်း ကြုံရတတ်သည်။

အရှေ့တိုင်းတွင် ခရစ်ယာန်သာသနာမျိုးစေ့ကို ကြဲချလိုက်သည့်အလုပ်သည် ကျယ်ဝန်းကြီးမားပါဘိခြင်း။ သို့ရာတွင် လုပ်ငန်းက ကြီးကျယ်သလောက် သာသနာ့ဝန်ထမ်း ဥရောပတိုက်သားဆို၍ လက်ချိုးရေတွက်ရမလောက် နည်းပါးလှသည်။ မည်သို့ဖြစ်စေ သူတို့ သာသနာပြုကျောင်းရှိ ကလေးများသည် တစ်ချက်တည်းနှင့်ပင် အစတုံးပျောက်ကွယ်သွားနိုင်သည်။ သူ့မှာ သားသမီးဆို၍ အက်ဂါသာတစ်ယောက်တည်းသာ။ ဩော် . . . ချစ်ရသော၊ သဘောကောင်းရှာသော သမီးလေး။ မအေတူ သမီးလေး။

အက်ဂါသာ၏မျက်နှာကို လှမ်းကြည့်လိုက်သည့်ခါတွင် အိပ်ရေးပျက်ခြင်း၊ စိတ်သောကရောက်ခြင်းတို့ကြောင့် မျက်နှာကလေး ချောင်ကျနေသည်ကို တွေ့ရ၏။ သူ့အဖို့မူ အဖိုးမဖြတ်နိုင်သည့် သမီးရတနာကလေးဟုပင် ထင်လိုက်သေးသည်။ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် အက်ဂါသာသည် မိမိတို့ယောကျ်ားသားများ တတ်စွမ်းနိုင်ခြင်းမရှိသည့် မျိုးဆက်ပြန့်ပွားရေးတာဝန်ကို ထမ်းရွက်နေရသူ မိန်းမသားတစ်ဦးမဟုတ်လော။

အမျိုးသမီးများနှင့် ကလေးကို ဦးစားပေးရမည်ဆိုသည့် စိတ်ကူးအယူအဆသည် မှားယွင်းရုံမျှမက မျက်ရည်လွယ်သူများအတွက် အကြောင်းပြချက်တစ်ချက်မျှသာ ဖြစ်သည့်တိုင် သူ့သမီးငယ် အက်ဂါသာအကြောင်းကို စဉ်းစားကြည့်လိုက်သည့်အခါ အက်ဂါသာသည် သွေးမနောသေးသည့် အပျိုစင်စစ်ဖြစ်သည်ကို သိရသည့်အခါ လန်စဒင်သည် သူ့သမီးကို ပို၍ တန်ဖိုးထားမိသည်။

မစ္စတာလန်စဒင်သည် သူ့သမီးအက်ဂါသာကို တစ်ခါတည်း အပြီးပြန်မလွှတ်ဘဲ မြန်မာပြည်သို့ ပြန်ခေါ်မိသည့်အတွက် သူ့ကိုယ်သူ အပြစ်တင်၍မဆုံး။ အက်ဂါသာသည် သူ့အဖေပိုင်နေပုံကို နားမလည်နိုင်ဘဲ အတန်ကြာမျှ ရပ်ကြည့်နေသည်။ ညနေဆည်းဆာရောင်ထဲတွင် အက်ဂါသာ၏ဆံပင်များသည် မီးလျှံလို တောက်နေကြ၏။

"ဖင်နီကော"

ဖင်နီ့အတွက် စိုးရိမ်၍ မေးခြင်းမဟုတ်ဘဲ သူ့စိတ်ထဲတွင်ရှိနေသည့် ခံစားချက်များကို ဖုံးကွယ်ရန်အတွက် မေးမိမေးရာ ကောက်မေးလိုက်ခြင်းဖြစ်သည်။

"အိပ်ပျော်နေပြီ ထင်တယ်"

အက်ဂါသာ၏အသံထဲတွင် တမင်လုပ်၍ ပြောသံမပါပါ။ သူ့အသံထဲတွင် ယခင်က တစ်ခါမျှမရှိခဲ့ဖူးသော မိခင်၏ နူးညံ့ချိုသာသည့်အသံမျိုး ပါနေသည်ဟု လန်စဒင်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က လန်စဒင်သည်သာသနာပြုဆရာမလေး အက်ဂါသာအကြောင်း နည်းနည်းလေးမှ မတွေးမိ။ ဖင်နီနှင့် အရေးတော်ထဲတွင် ပါသွားကြရှာသော သူတွေဖူးခဲ့သည် မင်းသမီးများအကြောင်းသို့သာ စိတ်ရောက်နေသည်။

ယခုတစ်ခေါက် ရန်ကုန်မှာ သဘောရောက်လာခဲ့လျှင် ရန်ကုန်သို့ ပြောင်းနေကြမည့်အကြောင်းကို ပြောမည်ဟု စိတ်ကူးထားခဲ့သည်။ သို့ရာတွင် အရေးတကြီးဖြစ်နေသော အက်ဂါသာကို တွေ့လိုက်သည့်အခါ၌ကား ထိုကိစ္စသည် ဘာမျှအရေးမကြီးသည့်ကိစ္စ ဖြစ်နေသည်။ အက်ဂါသာသည် သူ့အား ဖွင့်မပြောသင့်သည့် အန္တရာယ်မျိုးကို ကြုံတွေ့ရသလော။ ထိုသို့ ကြုံတွေ့နေရသဖြင့် ယခုကဲ့သို့ အရေးတကြီးဖြစ်နေခြင်းလော။

မစ္စတာလန်စဒင်သည် မမေးဘဲနေသည်က ကောင်းသည်ဟု သဘောထားလိုက်သည်။ မစ္စတာလန်စဒင်သည် အက်ဂါသာ၏အ ေရှိစဉ်တုန်းကလည်း သူတို့မိန်းမကိစ္စများကို မေးလေ့မေးထရှိသူတစ်ယောက်မဟုတ်ဘဲ ဘာသိဘာသာပင်နေခဲ့ရာ သမီးသည်လည်း သူ့ကိုမပြောဘဲ နေပိုင်ခွင့်ရှိသည်ဟု ယူဆထားခဲ့သည်။ အက်ဂါသာသည် သူ့အပါးတွင် ခဏမျှရပ်နေပြီးနောက် ဝရံတာလှေကားထစ်ဆီသို့ ဆင်းသွားခဲ့သည်။ အက်ဂါသာကို ပြန်ခေါ်ဖို့ကောင်းသည်ဟု စိတ်ကူးသေးသော်လည်း မခေါ်တော့ဘဲ ထိုအတိုင်း ကြည့်နေလိုက်သည်။ အန္တရာယ်ကို ရင်ဆိုင်ရဲသည်ဆိုလျှင်လည်း သူ့ဘာသာသူ စွန့်၍သွားပါစေတော့။ အနီးအနားတစ်ဝိုက်တွင် ပရိုသီရိုးရှိနေလိမ့်မည်ဟုသာ နားလည်ထားလိုက်သည်။

သူထင်သည့်အတိုင်းပင် ပရိုသီရိုးသည် သာသနာပြုကျောင်းတံခါးဝတွင် စောင့်နေသည်။ သာသနာပြုကျောင်းပေါက်ဝတွင် အထီးတည်းမိုးနေသည့် သရက်ပင်ကြီးတစ်ပင်ရှိသည်။ သို့ရာတွင် အက်ဂါသာတို့နှစ်ယောက်သည် ထိုသရက်ပင်ကြီးအောက်တွင်လည်း ချိန်းတွေ့ခြင်းမရှိ။ သူတို့နှစ်ယောက်သည် ခါတိုင်းလိုပင် ကျုံးဘေးတွင် လမ်းလျှောက်ကြသည်။ သူတို့နှစ်ယောက်၏အပြုအမူမှာ ရဲတင်းလွန်းလှသဖြင့် မြန်မာများကပင် မယုံသင်္ကာဖြင့် လှည့်၍ကြည့်တတ်ကြသည်။ ပရိုသီရိုးက အက်ဂါသာအား အန္တရာယ်များကြားထဲတွင် ခေါ်လာခဲ့ရသဖြင့် ခွင့်လွှတ်ရန် တောင်းပန်ပြီးနောက် မြန်မာများနှင့် ကုလားမြို့တစ်မြို့လုံး ချောက်ချားနေကြောင်းဖြင့် ပြောပြသည်။

သီပေါဘုရင်၏အမိန့်အရ ကပြရသည့်ဇာတ်ပွဲမှ ဆိုင်းသံ၊ ဗုံသံများမှာ ဆူညံနေကြဆဲ။ သို့ရာတွင် အခုအချိန်တွင်မူ ထိုအသံများသည် ငြိမ်သက်သွားကြလေပြီ။ နားထောင်သူတို့လည်း ထိုအသံများကို ကြောက်လန့်စ ပြုလာကြလေပြီ။ တီးသူမှုတ်သူများလည်း ခြေကုန်လက်ပန်းကျလေပြီ။ ပရိုသီရိုးနှင့် အက်ဂါသာတို့သည် နေရောင်ခြည်ဖြာကျလျက်ရှိသည့် ကျုံးဘေးတွင်ရပ်ကာ နှင်းဆီရောင်သမ်းနေသော မြို့ရိုးကြီးကို မျှော်ကြည့်နေကြသည်။

ရွှေကရဝိက်ဖောင်ကြီးများနှင့် ရွှေပြာသာဒ်များကို မျှော်ကြည့်ရာမှ ထိုအလှများသည် ထိုသို့သော ကြောက်မက်ဖွယ်အဖြစ်အပျက်များကို ဖုံးကွယ်ပေးနိုင်ကြသည်တကား



www.burmeseclassic.com

www.burmeseclassic.com


ဟု တွေးရင်း တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်မိကြသည်။ ရွှေရောင်လေသည် နုနယ်ပျိုမျစ်သော သူတို့ကိုယ်ပေါ်သို့ ဖြတ်သန်းတိုက်ခတ်သွား၏။ သူတို့နှစ်ဦး၏ အကြည့်ထဲတွင် အန္တရာယ်၏အရိပ်အယောင်သည် ထင်ဟပ်နေကြ၏။ ခဏကြာလျှင် သူတို့နှစ်ယောက်၏ အချစ်ကင်းမဲ့သောဘဝသည် မကြာခင် ကုန်ဆုံးသွားတော့မည်ဆိုသည်ကို သူတို့နှစ်ယောက်စလုံး သိကြ၏။ အန္တရာယ်နှင့် နီးလာပြီဆိုသည့်အသိသည် သူတို့နှစ်ယောက်၏စိတ်ကို လှုပ်ရှားစေသည်။ သူတို့နှစ်ယောက်ကို နီးစပ်အောင် လုပ်ပေးခဲ့သည်။ ဘယ်လို့က ဘယ်လိုဖြစ်သွားသည်မသိ။ အက်ဂါသာသည် သူ့ရင်ခွင်ထဲတွင် ရောက်နေလေပြီ။ သာသနာပြုကျောင်းထဲတွင် ဖဲင်နီသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

## သုတ်သင်ရှင်းလင်းရေးနှင့် ထိန်းသိမ်းရေးကိစ္စ

နောက်တစ်နေ့မနက် သူတို့နှစ်ယောက်၏သတင်းကို ဖင်နီကြားရသည်တွင် အက်ဂါသာကံကောင်းသည်ဟု တွေးမိသည်။ ဟုတ်သည်။ အက်ဂါသာသည် ကံကောင်းသူ။ သူ့စိတ်ထဲ၌ပရိုသီရိုးသည် သင်္ဘောပေါ်တွင် တွေ့ခဲ့ရသည့် ဒန်းတားစ်လို အထက်တန်းကျသူ။ အက်ဂါသာအဖို့လည်း အထက်တန်းကျသူ။ သာသနာပြုလုပ်ငန်းများတွင် ဝန်ထမ်းများဖြစ်သဖြင့် သူတို့နှစ်ဦးသည် အိမ်ထောင်ရေးကို စွန့်ခဲ့ကြသည်။ ယခု သူတို့နှစ်ဦး စုံဖက်ကြသည်ဆိုလျှင် ပို၍ပင် အမှုမထမ်းနိုင်ပါသလော။

မြန်မာပြည်တွင် ဗရင်ဂျီသာသနာပိုင်သီခြားရှိရာ ယခု အက်ဂါသာ ပါဝင်ရောက်ကူညီဆောင်ရွက်မည်ဆိုလျှင် ပရိုသီရိုးသည် ဂိုဏ်းချုပ်နေရာသို့ မရနိုင်ပါသလော။ပရိုသီရိုးက ဥပမိရုပ်ကောင်းသည်။ စိတ်သဘောထားလည်းပြည့်ဝ၍ အထက်တန်းကျသည်။ ယဉ်ကျေးနှစ်လိုဖွယ်လည်းရှိသည်။ ခြုံ၍ပြောရလျှင် ပရိုသီရိုးသည် သူ့ထက် အဆများစွာသာသည်ဟု အက်ဂါသာယူဆသည်။ သူကိုယ်တိုင်လည်း ပရိုသီရိုးကိုချစ်သည်။ စွဲမြဲစွာယုံကြည်သည်။

ဤတွင် အက်ဂါသာသည် ယခင်ကဲ့သို့ပင် ဖင်နီ့ကို အပေါ်စီးဖြင့် ကြည့်လာသည်။ ဖင်နီသည် ဘက်ရှောကို ချစ်၍ လက်ထပ်ခဲ့ခြင်းမဟုတ်ကြောင်း လူတိုင်းမသိ။ သို့ရာတွင် ဖင်နီမှာ အရေးပေါ်ကိစ္စများကြောင့် စိတ်တုန်လှုပ်ချောက်ချားလျက်ရှိသဖြင့် အက်ဂါသာ ထိုသို့ သဘောထားသည်ကို သတိမပြုမိသေး။ စင်စစ် သည်လိုအချိန်မျိုး၊ သည်လိုနေရာမျိုး၌ ကိုယ့်အပါးတွင် တိုင်ပင်ဖက်ရှိနေသည်ကိုပင် ကျေးဇူးတင်ရသေးသည်။ ဗြိတိသျှ



www.burmeseclassic.com

www.burmeseclassic.com



သံကိုယ်စားလှယ်မစ္စတာရှောသို့ ပြန်ကြားသည့် ကင်းဝန်မင်းကြီး၏ပြန်ကြားချက်မှာ ကုလားဖြူတို့အတွက် အားရကျေနပ်ဖွယ်မရှိလှ။

အရေးတော် ပေါ်ပေါက်ခဲ့ရခြင်းမှာလည်း မြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ပေါ်ပေါက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လုံးဝတရားဝင်ကြောင်းဖြင့် ကင်းဝန်မင်းကြီး၏ ပြန်ကြားချက်တွင် ပါရှိသည်။ နောက်တစ်နေ့ သံတဲကို မစ္စတာလန်စဒင်ရောက်သည့်အခါတွင် မစ္စတာရှောသည် ထိုပြန်ကြားချက် ဘာသာပြန်ကို ခါတိုင်းထက်ပင် ခြောက်ကပ်သောအသံဖြင့် ဖတ်ပြ၏။

"မင်းတို့ ဘယ်လိုထင်ထင် ဂရုမစိုက်ဘူးဆိုတဲ့သဘောပေါ့ဗျာ။ ကြည့်စမ်းပါဦးဗျာ။ ရေးထားလိုက်တာကလည်း ဘယ်လောက်များ စော်ကားလိုက်သလဲ။ (၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့စွဲပါ သံကိုယ်စားလှယ်ကြီးများ၏ စာကိုရ၍ သေချာစွာဖတ်ရှုပြီးနောက် မြန်မာပြည်ဘုရင်မင်းမြတ်၏ နယ်ပယ်များသည် သီးခြားလွတ်လပ်သော သရဖူဆောင်း ဘုရင်တစ်ပါးက အုပ်စိုးလျက်ရှိသော နယ်မြေဖြစ်ကြောင်း သိစေအပ်ပါသည်)တဲ့ဗျ။ ကျုပ်တို့ကို ဒီလိုရေးသဗျ။ (တိုင်းပြည်တွင် ဆူပူထကြွမည်ကို စိုးရိမ်စရာအကြောင်းရှိပါက သရဖူဆောင်းမင်းမြတ်သည် နိုင်ငံတော်၏ ထုံးတမ်းစဉ်လာနှင့်အညီ ဆောင်ရွက်ပိုင်ခွင့်ရှိသည်) လို့လည်း ရေးသားလိုက်သေးသဗျ။ (ယခု ဆောင်ရွက်ချက်များအား အခြားသူတို့က ချီးမြှောက်မည်၊ ကဲ့ရဲ့မည်ကို ကျွန်ုပ်တို့အနေဖြင့် စဉ်းစားရန်အကြောင်းမရှိ။ သာသနာတော်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ထုံးစံနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း။) လို့လည်း ရေးထားသေးတယ်ဗျ။

ပြီးတော့ (ဤကိစ္စသည် ) တဲ့။ ကြည့်စမ်းပါဦးဗျာ . . . ။ တော်တော်လည်း ဟုတ်တဲ့သူတွေ။ သွေးထွက်သံယိုလူတွေကို သတ်ဖြတ်နေတာကို (ဤကိစ္စသည်) လို့များ ရေးရသေးတယ်။ (ဤကိစ္စသည် ထုံးတမ်းစဉ်လာနှင့်အညီ ဆောင်ရွက်သော ကိစ္စတစ်ခုသာဖြစ်၍ သဟာယမဟာမိတ်ဖြစ်သည်နှင့်အညီ အဆွေတော်သံကိုယ်စားလှယ် သိသာရန် အကြောင်းကြားခြင်းဖြစ်ပေသည်။) လို့ အဆုံးသတ်ထားတယ်။ ဘာမဟာမိတ်ရမှာလဲ။ ဒီလူရိုင်းတွေနဲ့ ကျုပ်တို့ မဟာမိတ်ဖွဲ့ရမှာလား။

ကိုယ့်ကိစ္စကိုယ်လုပ်၊ ဝင်မရှုပ်နဲ့လို့ ယဉ်ယဉ်ကျေးကျေးပြောတာပေါ့ဗျာ။ ခပ်ပြတ်ပြတ်ပဲဗျ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဒီကိစ္စထဲမှာ ကင်းဝန်မင်းကြီးထဲတော့ မပါဘူးတဲ့။ မပါတဲ့အတိုင်း ကန့်တောင်ကန့်ကွက်သေးတယ်လို့ ကြားရတာပဲ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ဗျာ။ ဒါပေမဲ့ ဒီအဘိုးကြီးကလည်း လူလည်ကြီးဗျ။ ဒွန်ရာထူးတည်မြဲနေအောင် ကစားနေမှာပါ။ လူသတ်ကွင်းကို သူကိုယ်တိုင် အနီးကပ်မြင်နေရတာပဲ။ အဲ . . . တစ်ခုတော့ရှိတယ်ပေါ့လေ။ အကယ်၍ ညောင်ရမ်းမင်းသားက နန်းလုဘာကို ကျွန်တော်တို့က ထောက်ခံတယ်ဆိုရင်တော့ ကျွန်တော်တို့ဘက်ကို လာမှာပဲဗျ။ ဘာလကတ္တားက ဒီစီမံကိန်းကိုလက်ခံရင်တော့ သိပ်ကောင်းမှာပဲ။ အိန္ဒိယပြည်ဆိုင်ရာရုံးကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ထည့်မပြောပါနဲ့။ မြန်မာပြည်ကိုသိမ်းဖို့ ကျွန်တော်တို့က တိုက်တွန်းမလားလို့ သူတို့မှာ ရင်တထိတ်ထိတ်ဖြစ်နေကြတယ် ထင်ပါရဲ့၊ သိမ်းဖို့ ဘယ်သူတိုက်တွန်းချင်မလဲဗျာ။ ကိုယ့်မှာ ကိုယ့်ကိစ္စနဲ့ကိုယ် ဗျာများနေတဲ့အချိန်မှာ ဘာဖြစ်လို့တိုက်တွန်းရမှာလဲ။ ဒါပေမဲ့ ဘိလပ်မှာရှိတဲ့ ကျွန်တော်တို့လူတွေက လုံးလုံးစိတ်မဝင်စားဘဲဖြစ်နေတယ်။ သူတို့က အာဖဂန်နစ္စတန်နဲ့ ဇူးလူးနယ်လောက်ကိုသာ စိတ်ဝင်စားနေကြတာ"

လန်စဒေါင်က သူ့စကားကို သဘောတူသည်။

"ညောင်ရမ်းမင်းသားကို နန်းတင်လိုက်ရင်တော့ တော်တော်ကောင်းတဲ့ အစီအမံပဲဗျာ။ မင်းတုန်းမင်းကြီးကိုယ်တော်တိုင်က ညောင်ရမ်းကို ထီးနန်းအပ်ချင်တာပဲ မဟုတ်လား။ တခြားနောင်တော်ကြီးတွေလည်း မရှိတော့ သူပဲရှိတော့တာပေါ့။ တခြားနောင်တော်တွေအားလုံး မရှိကြတော့ဘူး မဟုတ်လား"

"တစ်ယောက်မှ မရှိကြတော့ဘူးလေ။ မန္တလေးကတင် အတွင်းတော်မှာရှိတဲ့ ရာဂျစ်ဆင်းဆီက စာတစ်စောင်ရတယ်။ မင်းညီမင်းသားတွေကို သတ်ဖြတ်တဲ့ အာဏာသားတွေက ထောင်ကျနေတဲ့ လူဆိုးတွေတဲ့ဗျ။ သူတို့ကို ထောင်ကလွှတ်ပေးမယ်ပြောပြီး အသတ်ခိုင်းတာ။ ဒီအထဲမှာ သုံးဆယ်မင်းသားကတော့ ရဲရဲရင့်ရင့် အစတေးခံသွားတယ်သတဲ့၊ ရှေးမြန်မာမင်းတို့ထုံးစံအတိုင်း လူသတ်ကွင်းကို ခေါင်းကော့ရင်မော့ပြီး လျှောက်သွားသတဲ့"

မစ္စတာလန်စဒေါင်မှာ အတန်ငယ် ချောက်ချားနေဟန်ရှိသည်။ မစ္စတာရှောက ဆက်၍...

"တခြားမင်းသားတွေက ငိုကြယိုကြတော့ သုံးဆယ်မင်းသားက ရယ်ပြီး တို့မှာ သေတာကလွဲလို့ တခြားလွတ်လမ်းမရှိဘူးလို့ ငါမပြောဘူးလားလို့တောင် မေးလိုက်သေးသတဲ့၊ တခြားမင်းသားတွေကတော့ ကြောက်လွန်းလို့ သွေးရူးသွေးတန်းတွေ အော်နေကြသတဲ့"

မစ္စတာလန်စဒေါင်သည် ကြက်သီးတွေ ဖြန်းခနဲထသွား၏။ သူသည် စိတ်နုသူ မဟုတ်လော။ မစ္စတာရှောက ဆက်ပြောသည်။

"မန္တလေးတုန်းကလည်း ကျွန်တော့်ဆီကို ဆန်ဒရေနီ ရောက်လာတယ်။ ကျွန်တော့်ဆီမလာတာ ကြာလှပြီ။ ခုမှပေါ်လာတာ၊ သူ့အဆိုအရတော့ ကင်းဝန်မင်းကြီးဟာ ဘုရင်ရဲ့ တစ်ချက်လွှတ်အမိန့်အရ ကျွန်တော့်ကို ပြန်စာရေးရတယ် ပြောတာပဲ။သဘောကတော့ စုဖုရားလတ်ကိုယ်တိုင်က ဖြစ်စေ၊ သူ့အမေ မိန်းမကြမ်းကြီးကိုယ်တိုင်ကဖြစ်စေ အရေးခိုင်းတယ်ဆိုတဲ့ သဘောပေါ့ဗျာ"

မစ္စတာလန်စဒေါင်သည် တစ်စုံတစ်ရာကို လေးနက်စွာ တွေးနေသည်။ ယနေ့မနက်သံကိုယ်စားလှယ် မစ္စတာရှောကို ကြည့်ရသည်မှာ ရွှင်ရွှင်လန်းလန်းမရှိဘဲ မျက်နှာဖြူဖပ်ဖြူရော်ဖြစ်ကာ ချုံးကျနေသည်ကို တွေ့ရသည်။ လှုပ်ရှားသည့်အခါတွင်လည်း လေးကန်လျက်ရှိကာ ဝေဒနာတစ်ခုကို ခံစားနေဟန်ရှိ၏။ အကယ်၍ မစ္စတာရှော နာမကျန်းဖြစ်ကာ ကွယ်လွန်သွားခဲ့လျှင် မည်သို့ရှိမည်နည်း။ သူ့လက်အောက်မှ တစ်ယောက်ယောက်လျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ခံလိမ့်မည်။ သို့မဟုတ်လျှင် ရန်ကုန်မှ လူသစ်တစ်ယောက်ကိုသော်လည်းကောင်း လွှတ်ပေးလိမ့်မည်။

မစ္စတာရှောသည် မည်သူ့ကိုမျှ အကာကွယ်မပေးနိုင်ခဲ့။ သို့တိုင်အောင် သူ့နာမည်နှင့် သူ့အရှိန်အဝါသည် မသေးလှ။ သူသည် ရွှေနန်းတော်ကြီးမှ လေးစားခြင်းခံရသူဖြစ်၏။ တစ်ယောက်ယောက် အပြောင်းအလဲရှိလာသည်ဆိုလျှင် တစ်စုံတစ်ရာအန္တရာယ် ကြုံတွေ့လာနိုင်သည်။ ပရိုသီရီးနှင့် အက်ဂါသာတို့ကိစ္စကို အမြန်ဆုံးနေရာချပြီး ရန်ကုန်သို့ပို့လိုက်လျှင် ကောင်းမည်လော။

မန္တလေးတွင် သာသနာနှင့်ပတ်သက်၍ လုပ်ငန်းများများစားစားမရှိတော့။ ရှိသမျှ လုပ်ငန်းကလေးကိုမူ သူတစ်ယောက်တည်းဖြင့် နိုင်နင်းအောင်လုပ်နိုင်သည်။ သူ့အဖို့မူ အနည်းငယ် အံ့အားသင့်သွား၏။ သည်အချိန်မျိုးတွင် သားသမီးကို နေရာချပေးဖို့ စဉ်းစားနေသည်ကိုကြည့်၍ အံ့အားသင့်ခြင်း ဖြစ်ဟန်တူသည်။

သို့ရာတွင် မစ္စတာရှောသည် ထုံးစံအတိုင်း ဝမ်းသာကြောင်းပြော၏။ အက်ဂါသာအားရန်ကုန်သို့ အမြန်ဆုံး ပြန်ပို့သည့်အကြောင်းကိုလည်း အားတက်သရော တိုက်တွန်းသည်။

"နောက်တစ်ခါ သတ်ဖြတ်ပွဲဖြစ်ရင် လူဖြူတွေနဲ့ ကပြားတွေအလှည့်ဆိုတာကို မေ့လို့မဖြစ်ဘူးနော်။ ခုပဲ ကျွန်တော့်ဆီမှာ သတိပေးတဲ့စာတွေ အများကြီးရောက်နေပြီ။ ကျွန်တော့်ကို သတိပေးတာ မနည်းတော့ဘူး။ ကျွန်တော်လည်း ကင်းဝန်မင်းကြီးဆီ စာတစ်စောင်ရေးပြီး ဆန်ဒရေနိုနဲ့ ပေးလိုက်တယ်။သံတဲမှာ မသေမပျောက်ကျန်ရစ်ခဲ့တဲ့ ဆွေတော်မျိုးတော်တွေရဲ့ လုံခြုံရေးကို ကျွန်တော်တို့ကပဲ တာဝန်ယူ စောင့်ရှောက်ထားမယ်ဆိုတဲ့ အကြောင်း ရေးလိုက်တယ်။ မတတ်နိုင်ဘူးဗျာ။ ကိုယ်ခံစားတာကို မျိုသိပ်ပြီး ကင်းဝန်မင်းကြီးကို တောင်းပန်ရတော့မှာပဲ။

ဗြိတိသျှအစိုးရရဲ့မျက်နှာကို ထောက်သောအားဖြင့် နောက်ထပ် ဆွေတော်မျိုးတော်တွေ အထူးသဖြင့် အမျိုးသမီးတွေနဲ့ ကလေးငယ်တွေရဲ့အသက်ကို ကယ်ဆယ်ရမှာပဲ။ မင်းကြီးကိုယ်တိုင်ကလည်း တတ်နိုင်သမျှ ဆောင်ရွက်ပေးပါလို့ အောက်ကျို့ရတော့တာပေါ့။ ကျွန်တော်တောင်းပန်တဲ့အတိုင်း ဆွေတော်မျိုးတော်တွေကို သံတဲပို့လိုက်ရင် ကျွန်တော်တို့ကိုပါ ဝင်တိုက်နိုင်တယ်။ သံတဲကို မီးတုတ်ကလေးတစ်ချက်တင်ရုံနဲ့ ကျွန်တော်တို့အားလုံး ကိစ္စတုံးသွားနိုင်တယ်"

မစ္စတာလန်စဒင်သည် တောင့်တင်းခြင်းမရှိသော သစ်သားတိုင်များနှင့် သက်ငယ်မိုးကိုကြည့်ရင်း စိတ်ပျက်လက်ပျက်ဖြစ်နေသည်။ လန်စဒင်သည် ခေါ်နေသော ရှေ့သွားဖြင့် အောက်နှုတ်ခမ်းကို ကိုက်ထားရင်း ရုတ်တရက်ပေါ်ထွက်လာမည့် အန္တရာယ်ကြီးကို တွေးတောစိုးရိမ်ကာ ခိုကိုးရာမဲ့ဖြစ်နေ၏။ ကြောက်ရွံ့ခြင်းကားမဖြစ်။ သို့ရာတွင် သာသနာ့



www.burmeseclassic.com

www.burmeseclassic.com


အာဇာနည်တို့မည်သည် အသက်ကိုစွန့်မြဲဆိုသည့် အသိကား တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်စပြုကာ အကြီးအကျယ် စိတ်ဓာတ်ကျနေလေပြီ။

မှောင်ရီသော ဟာလာဟင်းလင်းအခန်းထဲတွင် အပြင်ဘက်မှ သစ်ပင်များ၏ စိမ်းဖန့်ဖန့်အရောင် ရိုက်လျက်ရှိသဖြင့် အရာဝတ္ထုများနှင့် သူတို့နှစ်ယောက်၏ ဖြူဖျော့သော မျက်နှာများသည် စိမ်းဖန့်ဖန့်အရောင်သမ်းနေကြသည်။ မစ္စတာရှောနှင့် လန်စဒင်တို့သည် အခန်းထဲတွင် ထိုင်ရင်း အိုမင်းမစွမ်းဖြစ်နေသော လူအိုကြီးများလို ချည့်နဲ့နေကြသည်။

တတုံတုံမြည်နေသော ပန်းထိမ်ဖိုငှက်၏အသံသည် သူတို့နားထဲတွင် စူးနေသည်။ ဝရန်တာထက်ဆီမှ ခြေသံကို ကြားလိုက်ရ၏။ ဆန်ဒရေနီရောက်လာကြောင်း သိရပြီး မရှေးမနှောင်းမှာပင် ညစ်ပတ်၍ သူတို့လူအိုကြီးနှစ်ယောက်ထက် တောင့်တင်းခိုင်မာသော ဆန်ဒရေနီသည် ဧည့်ခန်းထဲသို့ ဝင်လာသည်။ ဆန်ဒရေနီသည် ကင်းဝန်မင်းကြီးထံမှ စာကို ယူလာခြင်းဖြစ်သည်။

"ကင်းဝန်မင်းကြီးကတော့ တော်တော် လိုလိုချင်ချင်ရှိတဲ့ပုံပဲဗျ။ နားထောင် ...။ ကျွန်တော်ဖတ်ပြမယ်"

သူသည် သူတို့နှစ်ယောက်ကို နှုတ်ဆက်လိုက်ပြီးနောက် စာကိုဖတ်ပြ၏။

"မြန်မာပြည်နှင့် ဗြိတိသျှအစိုးရတို့၏ သဟာယမဟာမိတ်စာချုပ် သည် နတ်ရွာစံဘဝရှင်မင်းတုန်းမင်းတရားကြီး၏ ရွှေလက်ထက်တော်တွင် ချုပ်ဆိုခဲ့သောစာချုပ် ဖြစ်သည့်အလျောက် နှစ်ပြည့်တစ်ပြည် မီးမသေရေမနောက် ရှိခဲ့ကြသည်။ ထိုစာချုပ်ပါ အချက်များနှင့်အညီ မြန်မာအစိုးရသည် ဗြိတိသျှပိုင်နယ်များတွင် ဆူပူသောင်းကျန်းမှုတို့မရှိဘဲ ငြိမ်းချမ်းသာယာရေးကို အမြဲလိုလားတောင့်တခဲ့သည်။ မြန်မာအစိုးရ၏ နယ်ပယ်တွင်လည်း အလားတူ ဆူပူသောင်းကျန်းခြင်းမရှိဘဲ ငြိမ်းချမ်းသာယာစေရန် ဗြိတိသျှအစိုးရက လိုလားလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ သုတ်သင်ရှင်းလင်းရေးနှင့် ထိန်းသိမ်းရေးကိစ္စတို့နှင့် ပတ်သက်၍..."

"ဘာဗျ ...။ ဘာနဲ့ပတ်သက်၍"

ဟု မစ္စတာရှောက မေးသည်။

ဆန်ဒရေနီက ထူထဲသော မုတ်ဆိတ်ကြားထဲမှ သွားအဖွေးသားပေါ်လာအောင် ပြုံးကာ...

"ဒါက တိုက်ရိုက်ဘာသာပြန်ထားတာဗျ။ သုတ်သင်ရှင်းလင်းရေးနှင့် ထိန်းသိမ်းရေးဆိုတာ သတ်တာနဲ့ အကျဉ်းချတာကို ပြောတာ။ ဘယ်နားရောက်ပြီလဲ မသိဘူး။ ဩော်ဟုတ်ပြီ။ (သုတ်သင်ရှင်းလင်းရေးနှင့် ထိန်းသိမ်းရေးကိစ္စများနှင့် ပတ်သက်၍ ဆူပူသောင်းကျန်းစရာ အကြောင်းရှိလာသည့်အလျောက် အတိတ်နှင့်အနာဂတ်တို့ကို ထောက်မျှော်ကာ အလားတူ အရေးယူမှုမျိုးကို ပြုလုပ်ခြင်းဖြစ်သည်ဟု ကျွန်ုပ်အနေဖြင့် ပြောကြားလိုပါသည်။ ဆူပူသောင်းကျန်းမည်ဟု စိုးရိမ်စရာ အကြောင်းမရှိသူများကိုမူ သုတ်သင်ခြင်း၊


www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ထိန်းသိမ်းခြင်း ပြုမည်မဟုတ်။ ထိုသူများနှင့်ပတ်သက်၍ ကျေနပ်ရောင့်ရဲစေလိုသော ဆန္ဒသာရှိပေသည်။) တဲ့"

"အမယ်လေးဟဲ့လေး"

ဟု မစ္စတာရှောက အာမေဋိတ်သံပြုသည်။ ဆန်ဒရေနိုက သူပြောသည်ကို ဂရုမထားဘဲ ဆက်၍ဖတ်နေသည်။

"(မြန်မာတို့၏ပိုင်နက်တွင် နေထိုင်ရန်မသင့်ဟု ယူဆသူများကို သံကိုယ်စားလှယ်ထံသို့ လွှဲပြောင်းပေးသင့်ကြောင်းဟူသော ကိုယ်စားလှယ်၏ စာချွန်ပါအပိုဒ်နှင့် ပတ်သက်၍မူ ထိုသို့သော စိတ်စေတနာမျိုးသည် သဟာယမဟာမိတ်ပီသသော စေတနာမျိုးဖြစ်သည့်အလျောက် ကျွန်ုပ်အနေဖြင့် သံကိုယ်စားလှယ်ကြီးအား လှိုက်လှဲစွာ ကျေးဇူးတင်ရပေမည်။) တဲ့"

ဆန်ဒရေနိုသည် စာဖတ်ခြင်းကိုရပ်ကာ စာရွက်ကို သံကိုယ်စားလှယ်စားပွဲပေါ်သို့ တင်လိုက်ပြီးနောက် ဘယ်နယ့်ရှိစဟူသော အကြည့်မျိုးဖြင့် သူတို့နှစ်ယောက်ကို ကြည့်နေသည်။

"ကဲ . . . ကြားရတဲ့အတိုင်းပဲ။ သံကိုယ်စားလှယ်ကြီးတို့က တောင့်ရှောက်တာကို မြန်မာအစိုးရက ခွင့်ပေးချင်ပုံမရဘူး"

"အင်း . . . ဒီသဘောပဲလေ"

မစ္စတာရှောက ပြောသည်။ သူတို့သုံးယောက်သည် တိတ်ဆိတ်စွာ ထိုင်နေကြ၏။ ပန်းထိမ်ဖိုငှက်၏ တတုံတုံမြည်သံသည် တိတ်ဆိတ်ခြင်းကို ပုဒ်မဖြတ်ပေးနေသကဲ့သို့ရှိသည်။ ဆန်ဒရေနို၏အပြုံးသည် မည်းသောမုတ်ဆိတ်များကြားထဲတွင် ဝင်းလက်လာပြန်သည်။

"ကင်းဝန်မင်းကြီးကို လူတွေက ဘယ်လိုနာမည်ပေးထားကြသလဲ သိရဲ့လား။ မြန်မာတွေဟာ နာမည်ပေးတော်တော်ကောင်းတယ်ဗျ။ ခု သူတို့ ထမင်းရည်ပူလာ လျှာလွှဲတဲ့သူလို့ ပြောနေကြပြီ"

"အဓိပ္ပာယ်က . . ."

ဟု မြန်မာလိုမတတ်ကြောင်းကို ဆန်ဒရေနို သိပြီးသားဖြစ်သည့်အလျောက် တိုက်ရိုက်မေးလိုက်သည်။

"အဓိပ္ပာယ်ကတော့ ကိုယ့်ပါးစပ်ထဲကို ထမင်းရည်ပူလောင်းထည့်လိုက်ရင် လျှာကို ပါးစောင်တစ်ဖက်မှာ ကပ်ထားတယ်လို့ အဓိပ္ပာယ်ရတယ်ဗျ။ ကျွန်တော်တို့ ကုလားဖြူတွေကတော့ ကိုယ့်ဘေးကိုယ် ကြည့်ရှောင်ရတော့မှာပေါ့ဗျာ။ အကျဉ်းချခံရတဲ့ ဆွေတော်မျိုးတော်တွေကို ကယ်ဖို့ကိစ္စကတော့ . . ."

ဆန်ဒရေနိုသည် စကားကို ဆုံးအောင်မပြောတော့ဘဲ ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။ ဆန်ဒရေနိုသည် နှုတ်ဆက်၍ ပြန်သွားသည်။ သံကိုယ်စားလှယ်ရှောသည် သွားတွေ



www.burmeseclassic.com

www.burmeseclassic.com



အဖွေးသားပေါ်အောင် ပြုံး၍ ထွက်သွားသော အီတာလျံဆန်ဒရေနီကိုကြည့်၍ ကျန်ရစ်ခဲ့ရာမှ ပင်ပန်းနွမ်းနယ်သောလက်ဖြင့် နဖူးမှချွေးများကို သုတ်နေသည်။

"ဒီလူကတော့ ရေလိုက်ငါးလိုက် နေတတ်တဲ့သူပဲ။ ကြည့်စမ်းပါဦး . . .။ တို့ကိုပြောသွားလိုက်တာ။ ကုလားဖြူတွေတဲ့။ သူပြောတာလည်း ဟုတ်တော့ဟုတ်ပါတယ်လေ။ ဒီအချိန်ဟာ တို့လူမျိုးခြားတွေ စုစုစည်းစည်းနေရမယ့် အချိန်ပဲ။ မနေ့က တို့တစ်တွေ ရှေ့ဘယ်လိုခြေ လှမ်းလှမ်းမယ်ဆိုတာကို လာတိုင်ပင်နေတုန်း သူလည်း ရွှေနန်းတော်ကြီးထဲမှာ သူ့သဘောထားကို သူကန့်ကွက်ပြောဆိုပြီးပြီ။

ဒါပေမဲ့ မစ္စတာလန်စဒင်ရေ . . . ဒီတိုင်းပြည်ဟာ ဒဏ္ဍာရီထဲက တိုင်းပြည်ဗျ။ ကျုပ်တို့အင်္ဂလိပ်တွေကလွဲရင် ကျန်တဲ့လူမှန်သမျှသာ ရွှေတိုရွှေစတွေကို ကောက်ရနေကြပြီ။ ဘာမှအကျိုးမရှိဘူးဆိုရင်တော့ ဆန်ဒရေနီဟာ ကျုပ်တို့ကိုဆန့်ကျင်ပြီး မြန်မာတွေဘက်ပါမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့အီတလီနိုင်ငံအတွက် မြန်မာအစိုးရဆီက အကျိုးအမြတ်ရမယ်ဆိုရင်တော့ ကျွန်တော်တို့တစ်တွေကို ကျောခိုင်းပြီး တစ်ဖက်ပါသွားမှာ"

"အေးလေ . . . ဒါလည်း သူ့ကို အပြစ်တင်လို့ မဖြစ်သေးဘူးပေါ့။ ကူးသန်းရောင်းဝယ်ရေး ကောင်စစ်ဝန်ကိုး။ ဒီတော့ သူ့ဘက်ကအမြတ်ရအောင် အတတ်နိုင်ဆုံး ကြိုးစားပေမှာပေါ့။ အင်္ဂလိပ်တို့၊ ပြင်သစ်တို့နဲ့ပေါင်းလို့ သူ့တိုင်းပြည်အကျိုးရှိရင် ကျွန်တော်တို့နဲ့ပေါင်းမယ်။ အကျိုးမရှိရင် မပေါင်းဘူးပေါ့။ ဒီအထဲမှာ ဟိုစကားများများနဲ့ ဗွန်ဗွိုင်ဆင်ဆိုတဲ့ ပြင်သစ်ကောင်ကလည်း တစ်မျိုး။ သူနဲ့ကော တွေ့သေးသလား။ ဒီနေ့ဟာ သက်သက်မဲ့ဝင်ပြီး ခြေရှုပ်နေတာဗျ။ ကျွန်တော်ကပဲ တစ်ဖက်သားကို သင်္ကာမကင်းဖြစ်တတ်လို့လားတော့ မပြောတတ်ဘူး။ ဒီကောင်ဟာ ခုထိ ရွှေနန်းတော်ကြီးထဲကို ဝင်ထွက်သွားလာနေတုန်းပဲလို့ ကြားရတယ်"

မစ္စတာရှောသည် သူ့စကားကို ကျေနပ်သွားရဟန်ဖြင့် . . .

"ဟုတ်တယ်ဗျ . . .။ ဒီတိုင်းပြည်ဟာ ဒဏ္ဍာရီထဲက တွမ်တီးဒလားရဲ့တိုင်းပြည်။ ဒီကိုရောက်လာတဲ့ လူမျိုးခြားတွေဟာ ရွှေတိုရွှေစတွေကို ကောက်ရနေကြတယ်။ ရန်ကုန်ကိုမသွားခင်ကလေးမှာ ညောင်ရမ်းမင်းသားက ကျွန်တော့်ကို ဘယ်လိုပြောသွားတယ်မှတ်လဲ။ သူ့မယ်တော်ရဲ့မောင်တော်ဖြစ်တဲ့ ရနောင်မောင်မောင်တုတ်ရဲ့အကြောင်းကို ပြောသွားတယ်ဗျ။

မောင်မောင်တုတ်က ကျွန်တော်တို့လက်အောက်သို့ ရောက်နေတဲ့ ပဲခူးမှာ မြို့ဝန်၊ ကြံ့တုန်း ပြောလိုက်ရဦးမယ်။ မနေ့ကပဲ မောင်မောင်တုတ်ကို နန်းတွင်းမှာ သတ်ပစ်လိုက်ပြီတဲ့။ နောက်ရောက်လာတဲ့စာရင်းထဲမှာ သူ့နာမည်ပါလာတယ်။ ရနောင်မောင်မောင်တုတ်ရဲ့နှာခေါင်းထဲကို ယမ်းမှုန့်တွေထိုးသိပ်ပြီး မီးရှို့ဖောက်ခွဲသတ်ပစ်လိုက်ကြသတဲ့။ ပဲခူးမြို့ကိုလည်း ကျွန်တော်တို့သိမ်းလိုက်ရော သူ့ကြောင့် ဒီလိုဖြစ်ရတာပါလို့ မောင်မောင်တုတ်က ဝန်ခံသတဲ့။

---

သဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အေးလေ . . . မင်းတုန်းမင်းကျေနပ်အောင် ဒီလိုပဲ လုပ်ရမှာပေါ့။ သူဟာ မသိလို့ အပြစ်တွေကျူးလွန်ခဲ့မိပါတယ်လို့ လျှောက်သတဲ့။ သူ့တစ်သက်မှာ ကုလားဖြူဆိုလို့ ဂရိလူမျိုးတွေနဲ့ ပေါ်တူဂီကပြားတွေလောက်ပဲ တွေ့ဖူးပါတယ်တဲ့။ အဲဒီကုလားဖြူတွေဟာ သူ့ဆီကို တိုးလျှိုးဝင်လာပြီး လာဘ်ထိုးကြတယ်တဲ့။

ပဲခူးကို အင်္ဂလိပ်တွေလာတော့ သူတို့လိုပဲ ထင်တယ်တဲ့လေ။ ဒါနဲ့ သူတို့နဲ့ရေးညှိဖို့ သူ့နောက်လိုက်တစ်ယောက်ကို ထားပါတယ်တဲ့။ ကုလားဖြူတွေထဲမှာ လူကြီးလူကောင်းရှိတယ်လို့ မထင်မိဘူးတဲ့။ မြန်မာပြည်ကိုပြန်ရောက်လာတဲ့ ကုလားဖြူတိုင်းဟာ သူတို့တိုင်းပြည်မှာ အငတ်ငတ်အပြတ်ပြတ်ဖြစ်လို့ ရောက်လာတာလို့ ထင်မိပါတယ်တဲ့။ ဒါကြောင့် ပဲခူးကို အင်္ဂလိပ်တွေဝင်လာတော့ သူတို့လည်း အဲဒီကုလားဖြူမျိုးလိုပဲ ထင်တဲ့အတွက် ပဲခူးမြို့ကျခဲ့ရတာပါလို့ လျှောက်သတဲ့"

မစ္စတာလန်စဒင်သည် ခပ်ယဲ့ယဲ့ပြုံးကာ ပြန်ရန်ထသည်။ မစ္စတာရှောက သူ့ထုံးစံအတိုင်း တည်ငြိမ်သော်လည်း တမင်လုပ်ယူရသော ယဉ်ကျေးမှုမျိုးဖြင့် လက်ဆွဲနှုတ်ဆက်၏။ အမျိုးသမီးတချို့ကို ကယ်ဆယ်ရန် တာဝန်ရှိနေသော အင်္ဂလိပ်နှစ်ယောက်နှင့် လူဖြူတို့ကိုမြင်ရသည်မှာ စာဖွဲ့၍မကောင်း။ မစ္စတာရှောကို ခေါင်းဆောင်တင်ကာ တစ်စည်းတစ်လုံးတည်း ခုခံကာကွယ်ကြမည်ဆိုသည့် သဘောထားမျိုးလည်းမရှိ။ ထိုသို့ သဘောထားမျိုးရှိလျှင်လည်း မစ္စတာလန်စဒင် နည်းနည်းကလေးမျှ မကျေနပ်။

မစ္စတာရှောက . . .

"ကလေးတွေကို ခပ်မြန်မြန်လက်ထပ်ပေးရင် ကောင်းမယ်။ သင်္ဘောတွေလည်း အစုန်အဆန် လာနေကြဦးမယ်ထင်တယ်။ ခုလောလောဆယ်တော့ သင်္ဘောတွေကို မန္တလေးကို မလွှတ်စေချင်သေးဘူး။ ပြီးတော့ မန္တလေးမှာရှိနေတဲ့ ကျွန်တော်တို့တစ်တွေအတွက်လည်း ဘာလုံခြုံမှုမှ ပေးနိုင်ဦးမှာမဟုတ်ဘူး။ မနက်ဖြန်ကျရင် တစ်ခေါက်လောက် လျှောက်လာခဲ့ဦးမယ်ဗျာ။ ဒီအတောအတွင်း သတင်းထူးရရင်လည်း လူလွှတ်ပြီး အကြောင်းကြားလိုက်မယ်။ တကယ်လို့ တစ်ခုခုဖြစ်လာခဲ့တယ်ဆိုရင်လည်း ကျွန်တော့်ဆီမှာ တစ်စုတစ်ရုံးတည်းနေရင် ကောင်းမယ်။ အခြေအနေကတော့ မကောင်းဘူး"

မစ္စတာလန်စဒင် ပြန်သွားသည့်အခါတွင် မစ္စတာရှောသည် အလုပ်များကျန်ရစ်ခဲ့သည်။

မစ္စတာလန်စဒင်သည် ဘုန်းကြီးဆောင်းထီးကြီးကိုဆောင်းကာ စေတနာကောင်းသော မင်းတုန်းမင်းကြီး ဆောက်လုပ်ပေးသည့် လည်ပေါ်သုံးထပ်နှင့် သာသနာပြုကျောင်းသို့ ပြန်လာခဲ့သည်။

ဖုန်လုံးကြီးများ အလိပ်လိုက်ထနေသော လမ်းတစ်လျှောက်တွင် ပန်းထိမ်ဖိုငှက်၏ တူထုသံသည်နောက်မှ အမြဲတစေလိုက်ပါလျက်၊ အဝေးမှဆိုင်းသံ ဗုံသံတို့လည်း ကြားနေရသည်။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့သာသနာပြုကျောင်းမှာ သူ့သမီးနှင့် သူ့သမက်လောင်းတို့ထင်သလို အမြင့်ကြီးမဟုတ်ဟု ထင်ရသည်။

သို့ရာတွင် လူစိမ်းသူစိမ်းများကြားတွင် ကြာရှည်လေးမြင့်စွာ ရောက်နေသူတစ်ဦးသည် မိမိတို့ပြောနေကျစကားကို ကြားလိုက်ရသည့်အခါတွင် စိတ်သက်သာရာရသွားသကဲ့သို့ အနီးရှိ သီလရှင်ကျောင်းမှ နေ့လယ်ခင်း စိန့်ဂျီလတ်ဝတ်တက် ခေါင်းလောင်းတီးသံကို ကြားလိုက်ရသည့်အခါတွင် မစ္စတာလန်စဒင်သည် များစွာ စိတ်သက်သာရာရသွားသည်။

လန်စဒင်သည် ဦးထုပ်ကိုချွတ်၍ မြှောက်ကာ ဆုတောင်းသည်။

သာသနာပြုကျောင်းမ,နားသို့ ရောက်သည့်အခါတွင် မြန်မာမိန်းကလေးအချို့ကို အုပ်ထိန်းခေါ်လာသည့် အမေရိကန် နှစ်ခြင်းသာသနာပြုအဖွဲ့ဝင် အမျိုးသမီးတစ်ယောက်ကို တွေ့ရ၏။ အမျိုးသမီးမှာ ဝဝဖိုင့်ဖိုင့်ဖြစ်သဖြင့် နေ့လယ်ခင်းအပူရှိန်ထဲတွင် ဟောဟဲလိုက်အောင် မောနေသည်။ သူ့မျက်နှာပြားပြားကြီးပေါ်တွင် အချိန်အခါမဟုတ်ရောက်လာသော နင်းရည်စက်တို့ သီးလျက်ရှိသည့်တိုင် အမျိုးသမီးကြီးသည် မစ္စတာလန်စဒင်ကို ခေါင်းညိတ်နှုတ်ဆက်ကာ သူ့ကို လှမ်း၍စကားပြောရန် ရပ်နေသည်ကို မြင်ရသည့်အခါတွင် အံ့အားသင့်နေသည်။

"မစ္စစ်ဟာကား . . . နေလို့ထိုင်လို့ ကောင်းတယ်နော်"

ဟု လန်စဒင်က နှုတ်ဆက်သည်။

"ကောင်းပါတယ် မစ္စတာလန်စဒင်။ ဟောဒီကလေးတွေကို ဘာသာရေးသင်ခန်းစာ အတက်နိုင်းဖို့ သွားပို့တာလေ"

လန်စဒင် ပြုံးလိုက်သည်။

"သင်ပေးနေဖို့ လိုသေးလားဗျာ။ မနက်ဖြန် ဒီအချိန်လောက်ဆိုရင် ကျွန်တော်တို့ ဘယ်ရောက်လို့ ဘာဖြစ်နေကြမှန်းတောင် မသိတာ။ ဘုရားသခင်မှပဲ သိတော့မှာပဲ"

"ဘုရားသခင်သိရင် ပြီးတာပဲမဟုတ်လား မစ္စတာလန်စဒင်ရယ်။ သည့်ပြင် ဟာတွေက ဘာအရေးကြီးသေးသလဲ။ ခု သူတို့ကို ယောသပ်တို့ညီအစ်ကိုအကြောင်း ရောက်နေပြီလေ၊ မနေ့က ယောသပ်တို့ကို ကျင်းကြီးထဲမှာချတဲ့အခန်းကို ရောက်နေပြီ။ ဒီတော့ ကျင်းပေါ်ရောက်တဲ့အခန်းကို ဆက်သင်ရဦးမယ်။ ကလေးတွေကတော့ တော်တော်စိတ်ဝင်စားကြတာပဲ"

မစ္စစ်ဟာကားသည် ရွှင်လန်းစွာ ခေါင်းညိတ်နှုတ်ဆက်ပြီး ထွက်သွားသည်။ နိမ့်ချတတ်သော မစ္စတာလန်စဒင်သည် သူ့ကိုကြည့်၍ သင်ခန်းစာယူသည်။ မစ္စစ်ဟာကားသည် အယူလွဲသည့် ဒိတ္ထိတစ်ဦးဖြစ်နေသည့်တိုင် ရဲရင့်၍ နှလုံးကောင်းသောအမျိုးသမီးတစ်ဦးဖြစ်ပေသည်ဟု ကျေးရင်း သာသနာပြုကျောင်းထဲသို့ ဝင်ခဲ့လေသည်။ သူတို့ ဗရင်ဂျီသာသနာဝန်ထမ်းတစ်ဦးဖြစ်လျှင် မည်မျှကောင်းလေမည်နည်းဟုလည်း တွေးမိသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၅ ]

## တိုင်းရေးပြည်ရေးနှင့် ဖဲင်နီ

တစ်ညလုံး ဝေဒနာခံစားခဲ့ရသော လူမမာတစ်ယောက်သည် နံနက်မိုးသောက် အလင်းသို့ရောက်သည်နှင့် သက်သာရာရသွားသည်ဟု ထင်မိသကဲ့သို့ ကုလားမြို့အတွင်းရှိ မြို့သူမြို့သားတို့မှာလည်း မိုးလင်းမှပင် စိတ်သက်သာရာရကာ ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်။ နေ့ခင်းတွင် တော်တော်တန်တန်ကို ခံနိုင်ရည်ရှိသည်ဟု လူမမာများထင်တတ်ကြသည့်နည်းတူ ကုလားမြို့တွင်းရှိလူများမှာလည်း ကြုံတွေ့လာသော အရေးအခင်းများကို နေ့ခင်းတွင် ပို၍ခံနိုင်ရည်ရှိသည်ဟု အောက်မေ့ကာ စိတ်သက်သာရာ ရနေကြခြင်းဖြစ်၏။

သူတို့အဖို့ နေ့ခင်းအလင်းရောင်ရှိနေသည့် ၁၂ နာရီကာလသည် ထိတ်လန့်စဖွယ် ဖြစ်ရပ်ကြီးများ ဖြစ်မည်လောဟူသော စိုးရိမ်မှုမှ ကင်းဝေးစွာနေရသော ကာလဖြစ်လေ၏။ သို့တိုင်အောင် ထိုအတောအတွင်း နေထိုင်ရသည်မှာ တိမ်းတိမ်းပွေ့ပွေ့ရှိလှသည်။ ရင်တထိတ်ထိတ်ဖြစ်နေရသောအချိန်သည် ကြာညောင်းလာသည်နှင့်အမျှ စိတ်လှုပ်ရှားမှုတို့သည် တဖြည်းဖြည်းလျော့သွားကာ စိတ်ညစ်ညူးခြင်းနှင့် ကြောက်လန့်ခြင်းတို့သာလျှင် ကျန်ရစ်ခဲ့သည်။

နေရောင်သည် ခါတိုင်းကဲ့သို့ပင် ထွန်းလင်းမြဲ။ ပန်းထိမ်ဖိုငှက်ကလည်း ခါတိုင်းကဲ့သို့ပင် တူထုမြဲ။ ဖုန်မှုန့်များသည် လေထဲတွင် အလိပ်လိပ်ထကာ ကောင်းကင်တွင် ပျံတက်နေမြဲ။ လှည်းဝင်ရိုးသံများသည် တအီအီမြည်နေကြမြဲ။ နေ့စဉ်နှင့်အမျှ ကောလာဟလများသည် ကုလားမြို့တွင်းသို့ ရောက်လာကြကာ တိမ်မြုပ်ပျောက်ကွယ်သွားကြပြီး နောက်ထပ် ကောလာဟလအသစ်များ ပေါ်လာကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာလန်စဒင်နှင့် ပရိုသီရိုးတို့မှာလည်းဘုရားဝတ်တက်မြဲ၊ ဗရင်ဂျီသီလရှင်များသည်လည်း ပုတီးစိပ်မြဲ။ အမေရိကန်နှစ်ခြင်း သာသနာပြုအဖွဲ့များသည်လည်း ကလေးများကို ယောသပ်အကြောင်းကို သင်ကြားမြဲ။ သက်န်းဝါဝါနှင့် သပိတ်ပိုက်ထားသည့် ဘုန်းတော်ကြီးများသည်လည်း ဆွမ်းခံကြမြဲ။ လက္ခဏာရေးတရားသုံးပါးကို ဆင်ခြင်မြဲ။ နိဗ္ဗာန်ရောက်ကြောင်းတရားတို့ကို အားထုတ်မြဲ။ ကြည့်လေရာတိုင်းတွင် လှပလျက်။ ကုလားမြို့ထဲမှာပင် လှပနေသည်။

နန်းမြို့ရိုးကြီးများသည် ကျုံးရေထဲတွင် နှင်းဆီနီရောင်တောက်နေကြသည်။ စီးမည့်သူဝေးနေသော ကရဝိက်ဖောင်များသည် နေခြည်တွင် တလက်လက်။ သီပေါမင်းသည် မည်သည့်အခါမျှ နန်းမြို့အပြင်ဘက်သို့ ထွက်စံလေ့မရှိ။ ရှမ်းရိုးမတောင်တန်းကြီးများနှင့် စစ်ကိုင်းတောင်ရိုးတို့သည် ဆည်းဆာအချိန်များတွင် စိမ်းပြာနုရောင်မှ မဟူရာရောင်သို့ ပြောင်းသွားတတ်သည်။ ပီပီသေးသေးအမှုန့်ကလေးများမှ အလင်းရောင်ဟပ်သောကြောင့် လောမသီ ညနေခင်းလေညင်းသည်ပင်လျှင် အရောင်ပါးပါးကလေးလွှမ်းနေသည်။

တရုတ်ကုန်သည်တို့၏ ဝန်တင်တန်းကြီးများမှာ အလာကျဲသည်ထက် ကျဲသွားခဲ့လေပြီ။ မိမိတို့ဒေသထွက်ကုန်များသို့ လာရောက်ရောင်းချသည့် ကချင်နှင့် ကရင်အမျိုးသားများလည်း သိပ်မတွေ့ရတော့။ အောက်ပိုင်းမှ ကုန်သည်များကိုကား လုံးဝပင်မမြင်ရတော့ချေ။ သို့ရာတွင် အပေါ်ယံအားဖြင့် တိုင်းပြည်ကြီးသည် စည်ပင်ဝပြောလျက်။ သီပေါဘုရင်သည် တိုင်းရင်းသားများအား ပွဲလမ်းသဘင်များဖြင့် ရွှင်မြူးစေလျက်။ အတီးအမှုတ်အကအခုန်တို့မှာ ကြောက်ဖွယ်အဟုန်ဖြင့် စည်ကားမြဲ။ ပန်းပွင့်၊ သစ်ရွက်နှင့် အလင်းရောင်တို့ကလည်း လှပနေကြသည်။ ပိုးဖဲနှင့်ရွှေတို့ကလည်း လှပနေကြသည်။ တောက်ပရှိုင်းစိုင်းသောသူတို့လှုပ်ရှားမှု၊ သူတို့ဘဝတစ်ခုလုံးသည် လှပနေကြသည်။ အမြဲတမ်း ပျော်ပျော်နေတတ်သော မြန်မာလူမျိုးတစ်မျိုးလုံးသည် လှပနေကြသည်။

သို့ရာတွင် ထိုအလှသည် အကြောက်ကိုဖုံးကွယ်ထားသည့် အလှပင်ဖြစ်၏။ မြွေဆိုးတစ်ကောင်ကို ဖုံးကွယ်ထားသော လှပသည့်ပန်းခင်းတစ်ခု၏ အလှတစ်မျိုးသာလျှင်ဖြစ်၏။ လေတစ်ချက်မျှမတိုက်ဘဲ ပန်းပွင့်များနှင့် သစ်ရွက်များသည် လှုပ်ရှားသွားကြသည်။ သစ်ရွက်များသည် တရှဲရှဲမြည်သွားကြသည်။ ထိုလှုပ်ရှားမှုသည် ပန်းပင်အောက်တွင် ပုန်းနေသည့် အန္တရာယ်ဆိုးတစ်ခုခုဆီမှ လာခြင်းဖြစ်သည်ကို မြင်သူတိုင်းသိကြသည်။ ကုလားမြို့ထဲမှာပင်လျှင် ထိုအတိုင်းဖြစ်နေလျှင် ရတနာပုံနေပြည်တော်ကြီးနှင့် မြို့တော်ကြီး၏ ဗဟိုချက်ဖြစ်သော ရွှေနန်းတော်ကြီးအတွင်းတွင် မည်သို့ ရှိလိမ့်မည်နည်း။

သို့ရာတွင် ဖဲင်နီမှာ ထိုရွှေနန်းတော်ထဲကဘဝကို ပြန်၍ လွမ်းလာခဲ့လေပြီ။ မေ့လွယ်ပျောက်လွယ်ဖြစ်တတ်သော သူ့စိတ်ထဲတွင် အကြောက်တွေ လွင့်ပြယ်စပြုလေပြီ။ အစိုးရိမ်ကြီးသော အက်ဂါသာတို့နေရာဖြစ်သည့် သာသနာပြုကျောင်းတည်ရာသည် ပျင်းစရာကောင်းလာခဲ့လေပြီ။ ဂျူလီသည် ရွှေနန်းတော်ကြီးထဲသို့ နေ့တိုင်းသွားရောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရက်ကန်းပညာများကို သင်ကြားပေးလျက်ရှိရာ ဘဝသည် ယခင်အတိုင်း သွားမြဲသွားလျက်ရှိသည်ဟုထင်ရ၏။ သို့ရာတွင် ဖဲင်နီမှာမူ အဝတ်စကိုက်လိုက်၊ ချုပ်လိုက်၊ ဖက်ရှင်မဂ္ဂဇင်းများကို လှန်ကြည့်လိုက်။ အမှန်အားဖြင့် ထိုမဂ္ဂဇင်းများမှာ တစ်လနောက်ကျပြီး ရောက်လာသော မဂ္ဂဇင်းများဖြစ်သည်။

ဖဲင်နီသည် ရွှေနန်းတော်ကြီးကိုသာ လွမ်းလျက်ရှိကာ ဥယျာဉ်တော်ထဲမှာ သူတို့ကစားခဲ့ကြပုံ၊ ပွဲကြည့်ခဲ့ကြပုံ၊ မင်းခွင်စိုးခွင်တွင် အရေးကြီးသည့် လူတစ်ယောက်ဖြစ်ခဲ့ရပုံ၊ မည်သူမှမရှိသည့်အခါများတွင် စုဖုရားလတ်အား သူက ထိန်းသိမ်းကြပ်မတ်ပေးခဲ့ရပုံတို့ကို ပြန်၍ သတိရနေသည်။

အက်ဂါသာကား ဖဲင်နီထက် ကျေနပ်နေသည်။ ဆွေတော်မျိုးတော်များ၏ အရေးတော်ကြောင့် ထိတ်လန့်တုန်လှုပ်ခဲ့ရသည့်ကာလများ ကုန်ဆုံးလွန်မြောက်သွားသည့်အခါတွင် လူ၏ ပင်ကိုသဘာဝအတိုင်း နေသားတကျဖြစ်သွားကြပြီဖြစ်သဖြင့် အက်ဂါသာသည် မန္တလေးရွှေမြို့တော်ကြီးမှ မခွာချင်အောင် ဖြစ်နေသည်။

အက်ဂါသာသည် စေ့စပ်ကြောင်းလမ်းပြီးမှ လက်ထပ်လိုသော အင်္ဂလိပ်သွေးပါသူစစ်စစ်ဖြစ်၏။ ယခုဆိုလျှင် မိမိလုပ်ချင်သည့်အရာများကို လုပ်ခဲ့ပြီး မိမိမလုပ်ချင်သည့်အရာများကို မလုပ်ဘဲနေခဲ့လေပြီ။ မိမိတွင် စိတ်ကူးယဉ်စရာ၊ တွယ်တာစရာရှိသည်ဆိုလျှင် ငယ်ငယ်ရွယ်ရွယ် သတို့သမီးလောင်းတစ်ယောက်အနေဖြင့်သာ စိတ်ကူးယဉ်စရာရှိပေလိမ့်မည်။ သတို့သမီးလောင်းတစ်ယောက်အနေဖြင့် စိတ်ကူးယဉ်ရသည်မှာ ဘာမျှ ငဲ့ကွက်ထောက် ထားနေစရာမလို။ ကိုယ့်စိတ်တိုင်းကျ စိတ်ကူးယဉ်နိုင်သည် မဟုတ်လော။

အက်ဒါနာလိုင်ယယ်၊ မစ္စစ်ဝါးဖို့ ရီဇာနူးရှေး၊ ရားယူဂီ စသူတို့၏ မေတ္တာအဖွဲ့ဝတ္ထုတို့ကို ဖတ်ခဲ့ဖူးပြီဖြစ်သည့်အတွက် အက်ဂါသာ အလွန်အကျူး စိတ်ကူးယဉ်ခြင်းမဖြစ်။ သတို့သမီးလောင်းဘဝဆိုသည်မှာ မောင်နှံတို့ဘဝတွင် ချစ်၍အကောင်းဆုံးအချိန်ကလေးဖြစ်သည်။ ကြင်စဦးတွင် မည်သို့နေထိုင်မည်ဆိုသည့် အတွေးတွေ၊ ရွှေရောင်ညနေခင်းများတွင်ပျော်စရာအကောင်းဆုံးအချိန်ဖြစ်သည်။ ထို့နောက်တွင်မူ သူ့အတွက်မူ ပြဿနာ သိပ်မပေါ်လှ။

သူ့အချစ်သည် အရာရာကို နူးညံ့သန့်စင်သွားအောင် လုပ်နိုင်သည့် အချစ်မျိုးဖြစ်သည်။ သို့ရာတွင် မည်သို့ဖြစ်စေ လင်ရယ်မယားရယ် ဖြစ်လာသည့်နောက်တွင်မူ ထိုအရာများကိုကြည့်၍ စိတ်ကူးယဉ်မနေနိုင်တော့ပြီ။ သားတွေသမီးတွေရလာဦးမည်။ ဆရာဝန်တွေ၊ သူနာပြုတွေဝေးရာ သည်တိုင်းပြည်မျိုးတွင် သားသမီးတွေမွေးရသည်မှာ တွေးကြည့်ရုံနှင့်ပင် ကြောက်စရာကောင်းနေသည်။

ယခုလို စေ့စပ်ထားသည့်အချိန်၌ကား ပျော်စရာအကောင်းဆုံးအချိန်ပင်။ ထို့ကြောင့်ပင်လျှင် အက်ဂါသာသည် သူ့အား ရန်ကုန်သို့ပို့ချင်နေသော မစ္စတာလန်စဒင်၏ အစီအစဉ်ကို အကြောက်အကန် ဆန့်ကျင်နေခြင်းဖြစ်သည်။ ဆွေတော်မျိုးတော်တို့ အရေး



www.burmeseclassic.com

www.burmeseclassic.com



တော်ပေါ်ပြီးနောက် ရောက်လာသည့် ပထမဆုံးသင်္ဘောမှာ နီးကပ်လွန်းနေသဖြင့် သူမလိုက်နိုင်။ လက်ထပ်ဖို့ကိစ္စတွေဘာတွေကို ဘာမှမလုပ်ရသေးဘူး။ နောက်တွင်မူ သင်္ဘောများ အလာနည်းသွားတော့သည်။ မွန်စီယာဒါဗီရာမှာ ဒေါသအမျက်ခြောင်းခြောင်းထွက်လျက်၊ ခြေထောက်တွင်ကပ်နေသည့် မန္တလေးမှုဖုန်များကို စင်အောင်သုတ်ကာ ပထမဆုံးရောက်လာသည့် သင်္ဘောဖြင့်ပင် ကာလကတ္တားတွင်ရောက်နေသည့် ညောင်ရမ်းမင်းသားထံသို့လိုက်သွားခဲ့လေသည်။

သူ့မှာ မန္တလေးရွှေနန်းတော်ကြီးက အထူးအခွင့်အရေးပေးထားသော နိုင်ငံကြီးမှ နိုင်ငံသားဖြစ်နေသည့်အတွက် သူ့ မြန်မာဇနီးနှင့် သားသမီးများမှာ လုံခြုံဘေးကင်းစွာ ရှိနေသေး၏။ သို့ရာတွင် ဒါဗီရာသည် အလွန်ရိုးဖြောင့်၍ စိတ်ဆတ်သူတစ်ယောက်ဖြစ်သည့်အတွက် သီပေါနှင့် ချစ်ကြည်စွာ ဆက်လက်နေထိုင်၍ မဖြစ်တော့ချေ။ ထို့အပြင် ဒါဗီရာသည် ထိုခေတ်ကိုမီလိုက်သောသူများက ဒဏ္ဍာရီသဖွယ် တဖွဖွပြောနေကြရသည့် စိတ်နှလုံးအေးချမ်းဖွယ်ကောင်းသော မင်းတုန်းမင်းကြီး၏လက်ထက်တော်ကိုသာ နေနေကျဖြစ်နေလေပြီ။ ထိုသင်္ဘောတွင် လူတော်တော်များများ လိုက်ပါသွားကြပြီး ရန်ကုန်မှအလာတွင်လည်း ခပ်ရမ်းရမ်းသတင်းထောက်များလိုက်ပါလာ၏။ ထို့နောက်တွင်မူ မန္တလေးမြို့ကြီးသည် အသက်ကိုမျှမရှူနိုင်ဘဲ နောက်ထပ်အဖြစ်အပျက်များကို စောင့်ကြည့်လျက်ရှိ၏။

ထိုစဉ်တွင် တရုတ်နယ်စပ်ဖြစ်သည့် ဗန်းမော်ဘက်တွင် အခြေအနေ မငြိမ်မသက်ဖြစ်နေသည်ဟူသောသတင်းများ ရောက်ရှိလာ၏။ ဤသည်မှာ နယ်စွန်နယ်ဖျားတွင် သီပေါ၏အာဏာစက် သက်ရောက်ခြင်းမရှိကြောင်းကို ပြသသည့် လက္ခဏာတစ်ရပ်ဖြစ်၏။ ဤတွင် ပရိုသီရိုးနှင့် အမေရိကန် နှစ်ခြင်းသာသနာပြုတစ်ဦးတို့ သွားရောက်ကာ ထိုဒေသတွင်းသောင်တင်နေသော အမျိုးသမီးသာသနာပြုများကို သွား၍ခေါ်လာခဲ့ကြသည်။ အက်ဂါသာသည် စိုးရိမ်ကြောင့်ကြခြင်းဖြစ်မိသည့်တိုင် မိမိသည် မိမိ၏သူရဲကောင်းအား အရေးကြီးသည့် တာဝန်ကြီးတစ်ခုကိုဆောင်ရွက်ရန် စေလွှတ်လိုက်ပြီဟု အောက်မေ့မိသည်။

သို့ရာတွင် အနီး၌ ပရိုသီရိုးမရှိသည့်အတွက် သူ လွတ်လွတ်လပ်လပ် စိတ်တိုင်းကျနေနိုင်သည့်အတွက် ဝမ်းသာအားရဖြစ်နေသည်ကိုမူ သူကိုယ်တိုင်မသိချေ။ ပရိုသီရိုးမှာလည်း မန္တလေးတွင်နေရသည်မှာ မီးပုံကြီးပေါ်တွင် ကြိုးနှင့်တွဲလောင်းဆွဲခံထားရသည့်နယ် ရှိနေသဖြင့် ယခုကဲ့သို့ သွားရခြင်းကို ဝမ်းသာနေသည်။

အက်ဂါသာမှာ မိန်းကလေးဖြစ်၍ လက်ထပ်ဖို့ကိစ္စကို ရွှေ့ဆိုင်းထားကာ ဣန္ဒြေဖြင့်စောင့်ဆိုင်းနိုင်သည့်တိုင် ပရိုသီရိုးမှာ ကိစ္စဝိစ္စတွေပေါ်လာသဖြင့် အနည်းငယ်စိတ်တိုလျက်ရှိလေ၏။ ပရိုသီရိုးသည် သူ့လူ့ဘဝအတွက် နောင်တရသလိုလည်း ရှိသည်။ အမှန်အားဖြင့် ပရိုသီရိုးသည် လက်ထပ်ရတော့မည်ဆိုသည့်အတွက် အထူးတလည်ပျော်ရွှင်ခြင်းမဖြစ်မိ။ ပရိုသီရိုးသည် ဆေးမိသူလို ကြောင်ငေးငေးဖြစ်နေသည်။ သူ့စိတ်ထဲတွင် နောင်တရနေသည်ကို သူဝန်မခံချင်သည့်တိုင် သတိထားနေမိသည်။

---

သဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပရိုသီရိုးသည် အလုပ်ကိစ္စဖြင့် ဗန်းမော်သို့ ထွက်လာခဲ့၏။ ယခုလိုသွားရသည့်အတွက် သူပျော်သည်။ တစ်ပြိုင်နက်တည်းတွင် အက်ဂါသာ၏ မျက်လုံးပြာပြာလဲ့လဲ့ကလေးများကို သူ့မှတ်ဉာဏ်ထဲတွင် သယ်ဆောင်လာနိုင်ခဲ့သည့်အတွက်လည်း သူကျေနပ်သည်။ စင်စစ် အက်ဂါသာသည် အံ့ဖွယ်တစ်ပါးဖြစ်သည်။ သူ့ကို ဇနီးမယားအဖြစ် အရာထား၍ တွေးတောစဉ်းစားမိလိုက်လျှင် သူ့သန့်စင်မှုကို ညစ်နွမ်းသွားစေသည်ဟု သူ့စိတ်ထဲတွင် ထင်မိသည်။

သို့ရာတွင် မျက်လုံးပြာပြာများကြောင့်ပင်လျှင် သူသည် အက်ဂါသာနေထိုင်ရာဘုံမြင့်သို့ ရောက်သွားကာ ယခုရာဝါသကိစ္စတို့တွင် နောက်တန်းသို့ရောက်သွားကြသည်ဟု သူထင်သည်။ သို့ဖြင့် ပရိုသီရိုးသည် အမေရိကန် နှစ်ခြင်းသာသနာပြုဆရာနှင့်အတူ ဗန်းမော်သို့ ထွက်လာခဲ့သည်။ (ထိုသာသနာပြုဆရာမှာ သုတေသီတစ်ဦးဖြစ်သည်ကို တွေ့ရသဖြင့် အံ့ဩမိသေးသည်။) ပရိုသီရိုးသည် ငှက်များကို ချစ်တတ်သူတစ်ယောက်ဖြစ်သည့်အတွက် ငှက်များအကြောင်းကို အက်ဂါသာထံ အသေးစိတ်ထည့်ရေးလေ့ရှိရာ ထိုစာများမှာ အရေးမကြီးတော့သည့်အချိန် ပရိုသီရိုးကိုယ်တိုင် ပြန်ရောက်လာသည့်အချိန်ကျမှ ရောက်လာသဖြင့် တော်တော့သည်။ သို့မဟုတ်လျှင် အက်ဂါသာခမျာ ထိုစာများကို ဖတ်ရသဖြင့် လွန်စွာငြီးငွေ့ပေလိမ့်မည်။

ထိုမတ်လ ပထမပတ်အကုန်တွင် အင်္ဂလိပ်သံကိုယ်စားလှယ် မစ္စတာရော့သည် စလင်းမင်းသမီးထံမှ သတိပေးချက်တစ်ခုကိုရရှိခဲ့၏။ စလင်းမင်းသမီးမှာ သီလရှင်ဝတ်ရုံကို ခြုံထားသည့်အတွက် အသက်ချမ်းသာရာ ရခဲ့ခြင်းဖြစ်သည်။ သူ့ထံမှသတင်းအရ မြန်မာဘုရင်သည် ယခုလ ၁၂ ရက်နေ့တွင် သံတဲကို စီးနင်းတိုက်ခိုက်မည်ဟုဆိုသည်။ မစ္စတာရော့သည် ရရှိသည့်သတင်းမှန်သမျှကို ရန်ကုန်ရှိ ဗြိတိသျှအာဏာပိုင်တို့ထံ ကြေးနန်းဖြင့် ပို့ရသည့်အလုပ်ကို လွန်စွာငြီးငွေ့လျက်ရှိလေပြီ။

ပို့လိုက်သည့်အခါတွင်လည်း မြန်မာတို့၏ရက်စက်မှုများကို ကန့်ကွက်သင့်ကြောင်း၊ မြန်မာအစိုးရကို အကျိုးအကြောင်းရှင်းပြကာ ထိုအပြုအမူမျိုးကို ရပ်စဲအောင် ချောင်းဖျသင့်ကြောင်း စသည်တို့မှအပ အခြား ဘာမျှထူးခြားသောအဖြေကို မရခဲ့ချေ။ သို့ဘိုင်အောင် မစ္စတာရော့သည် သူ့ဝတ္တရားအတိုင်း ရသည့်သတင်းကို ရန်ကုန်မြို့မှ မစ္စတာအက်ချီဆန်ထံသို့ ကြေးနန်းရိုက်လိုက်သည်။

"၁၂ ရက်နေ့တွင်ဖြစ်မည်ဟု လျှို့ဝှက်စွာသိရသောကိစ္စနှင့် ပတ်သက်၍ ထိုက်သင့်သလို အရေးယူသင့်သည်" ဟု သူ့ကြေးနန်းတွင် ဖော်ပြထားသည်။ အက်ချီဆန်ကလည်း ၎င်းဘာဝန်အရ ထိုကြေးနန်းကို ကာလကတ္တားရှိ နိုင်ငံခြားရေးအတွင်းဝန်ထံသို့ ပို့လိုက်၏။ ကာလကတ္တားမှပြန်လာသည့် ကြေးနန်းကလည်း စံနမူနာယူလောက်ပါပေ၏။ "လက်ရှိအခြေအနေတွင် မည်သို့လုပ်သင့်သနည်း။ ရော့နှင့်တိုင်ပင်ပါ" ဟု ထိုကြေးနန်းတွင် ပါရှိသည်။ ကာလကတ္တားသို့ အကြံဉာဏ်တွေ လှမ်းမေးနေလျှင် အချိန်ကုန်ရုံသာရှိတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်မြန်မာပြည်တွင် ပိုမိုကောင်းမွန်သော ပေါ်လစီတစ်ရပ်ကို ချမှတ်လိုလျှင် ယခုအချိန်ထက်ကောင်းသည့်အချိန် မရှိတော့ကြောင်း၊ နောက်ထပ် အစုလိုက်အပြုံလိုက် သတ်မှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်ရကြောင်း၊ ဝန်ကြီးများသည် ဘုရင်အသစ်တစ်ပါးကို နန်းတင်လိုကြကြောင်း၊ မန္တလေးရှိ မိမိတို့ သံကိုယ်စားလှယ်အဖွဲ့ကို မန္တလေးမှ ရုပ်သိမ်းပြီးနောက် ဥရောပနှင့် ဒေသခံတပ်ရင်းနှစ်တပ်တို့ကို စေလွှတ်သင့်ကြောင်း၊ ဤသို့ စေလွှတ်ခြင်းမှာ အကာအကွယ်ပေးရုံမျှသာဖြစ်ပြီး စစ်တိုက်ရန်မဟုတ်ကြောင်း၊ သို့ဆိုလျှင် သီပေါအာဏာစက် ပြိုကွဲသွားပြီးနောက် လူထုကလည်း ညောင်ရမ်းမင်းသားအား နန်းတင်သည်ကို ကြိုဆိုကြမည်ဖြစ်ကြောင်းဖြင့် အက်ချီဆန်သည် ဘိလပ်အစိုးရထံ . အမြန်ကြေးနန်း ရိုက်လိုက်သည်။

အိန္ဒိယဘုရင်ခံချုပ်သည် တုန်လှုပ်ခြင်းမဖြစ်သေး။ မန္တလေးမှသံအဖွဲ့ကို ပြန်ရုပ်သိမ်းရန်မသင့်ကြောင်း၊ ရုပ်သိမ်းခြင်းဖြင့် မန္တလေးတွင်ရှိသည့် အင်္ဂလိပ်တို့၏ အကျိုးစီးပွားနှင့် အသက်စည်းစိမ်တို့ကို ထိခိုက်နိုင်ကြောင်း အကြောင်းပြန်သည်။ သို့တိုင်အောင် မန္တလေးတွင် သိက္ခာရှိသည့် ဂုဏ်သရေရှိ ဥရောပတိုက်သား များများစားစားရှိသည်မဟုတ်။ သံကိုယ်စားလှယ်အဖွဲ့နှင့်အတူ လိုက်လိုသည်ဆိုလျှင် ချက်ချင်းစလိုက်ရုံသာရှိသည်။ ဗြိတိသျှတို့၏ အကျိုးစီးပွားဆိုသည်မှာလည်း မန္တလေးတွင် ဘာမျှမကျန်တော့ပြီ။

အကယ်၍ မစ္စတာရှောအနေဖြင့် ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်သည်ထင်လျှင် အက်စ်အက်စ် ရောဝတီသင်္ဘောကို မန္တလေးသို့လွှတ်ပေးမည်ဟု အိန္ဒိယဘုရင်ခံချုပ်၏ အကြောင်းပြန်ချက်တွင် ပါရှိသည်။ သို့ရာတွင် ထိုမျှသာဖြစ်၏။ မစ္စတာရှောသည် ဘုရင်ခံချုပ်၏ကမ်းလှမ်းချက်ကို သံတဲတွင် လာရောက်စုဝေးကြသည့် မစ္စတာလန်စဒင်၊ ပရိုသီရိုးနှင့် သံကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သူတို့စသည့် အနည်းငယ်မျှသော အင်္ဂလိပ်အမျိုးသားတို့ကို ခေါ်ကာ . . .

"မန္တလေးကို သင်္ဘောတစ်စင်းရောက်လာတာဟာ သူ့ကို သက်သက်မဲ့ သွားပြီးရန်စသလိုဖြစ်နေမှာ စိုးရတယ်ဗျ။ တကယ်ကတော့ ဒီလိုသင်္ဘောကလေးတစ်စင်းလောက် လွှတ်လိုက်ရုံနဲ့တော့ သူ့ကိုလည်း အကျပ်ကိုင်နိုင်မှာမဟုတ်ဘူး။ ကျုပ်တို့ကိုလည်း အကာအကွယ်ပေးနိုင်မှာမဟုတ်ဘူး။ ရပ်ကွက်တိုင်းက ကြားရတဲ့ သတင်းများအတိုင်းဆိုရင်တော့ ဘုရင်ဟာ အရက်သေစာကို အလွန်အကျွံသောက်နေပြီး တော်တော်ဒေါသကြီးနေတယ်လို့ ကြားရတယ်။

အင်္ဂလိပ်မဟုတ်တဲ့ ဥရောပတိုက်သားတွေကတော့ မန္တလေးက မသွားချင်ကြဘူး။ ဗွန်ဗိုင်ဆင်တို့လို ဆန်ဒရေနီတို့လို လူတွေကတော့ ဟန်ကျတာပေါ့။ သူတို့အဖို့ကတော့ တောမီးလောင် တောကြောင်လက်ခမောင်းခတ်မှာပေါ့။ ခုဆိုရင် ကျုပ်တို့အလံတော်ကို မထီမဲ့မြင် သရော်မော်ကား လုပ်ပေါင်းများလှပြီ။ ဒီတော့ ခုလောက်ဆိုရင် ကျုပ်တို့အလံ



www.burmeseclassic.com

www.burmeseclassic.com



တော်ကို ရုပ်ပြီးပြန်ခဲ့လို့ အမိန့်ထုတ်ဖို့ကောင်းနေပြီ။ ဒါပေမဲ့ ခက်တာက သူတို့က အမိန့်ကို ပြတ်ပြတ်သားသားထုတ်ပေးမှ ကျွန်တော်က လုပ်လို့ရမှာ"

မစ္စတာရှောသည် ရျုံးကျလျှက်ရှိသော မျက်နှာပေါ်တွင် နာကြည်းခံပြင်းသော အမူအရာကိုဆောင်လျက် ရှေ့မှ ယိုင်နဲ့နေသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။ ကာလကတ္တားသည်သံတဲကို ဝင်ရောက်တိုက်ခိုက်မည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ အပြန်ပြန် အလှန်လှန်စဉ်းစားကာ မိမိလုံခြုံရေးအတွက် လိုအပ်သည်ဟုယူဆလျှင် သံကိုယ်စားလှယ်အဖွဲ့ကို ရုပ်သိမ်းလာခဲ့ရန် အခွင့်အာဏာပြန်ပေးလိုက်၏။ သို့ဖြင့် မစ္စတာရှောသည် မည်သည့်ဆုံးဖြတ်ချက်မျှ ချမှတ်၍မရဘဲဖြစ်နေစဉ် မတ်လ ၁၂ ရက်နေ့သည်လည်း ဆံဖြစ် အပျက်တစ်စုံတစ်ရာ ထူးထူးခြားခြားမရှိဘဲ လွန်မြောက်သွားခဲ့သည်။ အိန္ဒိယဘုရင်ခံချုပ်လည်း နိုင်ငံရေးအကြောင်းများကြောင့် သံကိုယ်စားလှယ်အဖွဲ့ကို ဆက်လက်ထားရှိလိုသောသဘောကို ပြနေသည်။

လောကီကိစ္စများ၊ နိုင်ငံရေးကိစ္စများကို ဘာမျှနားမလည်သည့် မစ္စတာလန်စဒင်ကပင်လျှင် ဤသို့သော သဘောထားကို နားမလည်နိုင်အောင်ဖြစ်နေသည်။ နိုင်ငံရေးအကြောင်းများကြောင့်ဆိုလျှင် ထိုအကြောင်းများသည် အဘယ်တို့နည်း။ အာဖဂန်နစ္စတန်ကိစ္စကြောင့်လော။ သို့တည်းမဟုတ် ပြည်တွင်းနိုင်ငံရေး အခြေအနေကြောင့်လော။ သို့မဟုတ် ထိုကိစ္စနှစ်ခုစလုံးကြောင့်လော။ အကယ်၍ မန္တလေးရှိ လက်တစ်ဆုပ်စာမျှသာရှိသော အင်္ဂလိပ်လူမျိုးတို့ကို သတ်ဖြတ်ခြင်းပြုလာလျှင် မိမိတို့လုံခြုံရေးအတွက် ဘာမျှမတတ်နိုင်ပြီ။ မိမိတို့သည် ဘိလပ်ပါလီမန်လွှတ်တော်ထဲရှိ အမတ်အချို့အာသာပြေရန်အတွက် ရာဇပလ္လင်တွင် ယဇ်ပူဇော်ခံရမည်သာ ဖြစ်တော့သည်။

သို့ဖြင့် သူတို့သည်နေ့စဉ်နှင့်အမျှ တိုးချဲ့နေသော သီပေါမင်း၏ စစ်ပြင်ဆင်မှုများကို စောင့်ကြပ်ကြည့်နေကြသည်။ သီပေါမင်းသည် ခံတပ်များကိုဆောက်နေသည်။ တပ်များကို စစ်ရေးလေ့ကျင့်စေသည်။ ထိုအရာများအားလုံးကို ပြင်သစ်နှင့် အီတာလျံစစ်ဗိုလ်များက ကြီးကြပ်နေသည်။ ထိုစဉ် ဲလာ့ဒ်ကရင်းဗရွတ်သည် လန်ဒန်မှနေ၍ အိန္ဒိယဘုရင်ခံချုပ်ထံ စာတစ်စောင်ရေးလိုက်၏။

ထိုစာ၌ ယခုအချိန်တွင် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်နေသော ဘိလပ်နှင့် မြန်မာဘုရင်တို့အကြားရှိ ဆက်ဆံရေးကို ထို့ထက်သိက္ခာရှိသောအခြေအနေသို့ ရောက်အောင်လုပ်လိုသည့်ဆန္ဒကို မိမိနားလည်ကြောင်း၊ သို့ရာတွင် အထက်မြန်မာပြည်ကို အုပ်စိုးခဲ့သည့် ယခင်မင်းများလက်ထက်ကတည်းက အောင့်အည်းသည်းခံခဲ့သော ဗြိတိသျှတို့၏ နစ်နာချက်များကို ယခု သီပေါဘုရင်လက်ထပ်တွင် ပိုမိုဆိုးရွားအောင် ပြုလုပ်ခဲ့ခြင်းမရှိကြောင်း၊ ဘုရင်မင်းမြတ်၏အစိုးရနှင့် ပတ်သက်၍ သဘောထားပြောင်းသည့်လက္ခဏာကို သည်း မတွေ့ရသေးကြောင်း။

---

လဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိမိအထင်အရပြောရမည်ဆိုလျှင် သီပေါဘုရင်၏အပြုအမူနှင့် စိတ်နေသဘောထားတွင် အကောင်းဘက်သို့ ပြောင်းလဲနိုင်စရာအကြောင်းရှိကြောင်း၊ အကန့်အသတ်အာဏာကို ရလိုက်သဖြင့် ရကာစတွင် အာဏာယစ်မူးနေခြင်းဖြစ်မည်ထင်ကြောင်း၊ ယခင်က နစ်နာချက်များကို အကြောင်းပြုကာ ရာဇသံပေးလိုက်မည်ဆိုလျှင် အိန္ဒိယအစိုးရသည် မိမိနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလိုသည်ထက် ရန်ပြုလိုစိတ်စောနေသည်ဟု သီပေါဘုရင်အနေဖြင့် အထင်အမြင်လွဲမှားသွားနိုင်ကြောင်းဖြင့် ဖော်ပြထားသည်။

မစ္စတာရှောက . . .

"အင်း . . . တော်တော်တော့ ခက်တယ်ဗျာ။ ခုနောက်ရောက်လာတဲ့ ဘုရင်ခံချုပ်က အာဖဂန်နစ္စတန်မှာ သိက္ခာရှိသော တည်ငြိမ်မှုပေါ်လစီကို အဆုံးသတ်ပြီး "ရှေ့သို့" ပေါ်လစီကို အစားထိုးချင်ပုံရတယ်။ အရင်တုန်းက ဘုရင်ခံချုပ်တွေလိုပေါ့ဗျာ။ ဒါပေမဲ့ မြန်မာပြည်မှာတော့ ပေါ်လစီကို သုံးခိုင်းချင်ပုံရတယ်။ အင်း . . . နိုင်ငံရေးဘက်ကို လိုက်ခဲ့မိတာ တော်တော်မှားတာပဲဗျာ"

ကာလကတ္တားတွင်ရောက်နေသည့် မွန်စီယာဒါဗီရာကမူ အိန္ဒိယပြည်တွင် အာဖဂန်နစ္စတန်အကြောင်းကိုပင် ပြောဆိုနေကြကြောင်း၊ အာဖဂန်ပြည်တွင် လေတန်ဒစ္စရေလီပေါ်လစီ အောင်မြင်ခဲ့သည့်အတွက် အိန္ဒိယအစိုးရသည် အထက်မြန်မာပြည်အကြောင်းကို စိတ်မဝင်စားနိုင်ကြောင်းကိုဖြင့် မစ္စတာရှောထံရေးလိုက်သည်။ ဆွေတော်မျိုးတော်များ၏ အရေးပေါ်ပြီး မကြာမီကလေးတွင်ပင် ဘုရင်ရှားမိုးဟာမက်သည် ပြည်နှင်ဒဏ်ခံနေရစဉ် ကွယ်လွန်သွားခဲ့ကြောင်းသတင်းများ မန္တလေးသို့ ရောက်လာခဲ့သည်။ ယခုတစ်ဖန် ကဗူးလ်နှင့် ကန္ဒဟာတို့ကို သိမ်းပိုက်လိုက်သည့်အတွက် လော့ဒ်ဘေကွန်စဖီး ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိသည်ဟူသော သတင်းများရရှိလာခဲ့ပြန်သည်။

မေလဆန်းလောက်တွင် ဗြိတိသျှနှင့် အာဖဂန်အစိုးရတို့ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုပြီးကြောင်း၊ ရှားမိုဟာမက်၏သား ယာကွတ်ကို အာဖဂန်စော်ဘွားအဖြစ် ဆက်လက်ထားရှိကြောင်း စသည့်သတင်းများသည် မန္တလေးရှိ ဗြိတိသျှအသိုင်းအဝိုင်းသို့ ရောက်ရှိလာခဲ့ပြန်သည်။ ထိုသတင်းကြောင့် အိန္ဒိယပြည်အစိုးရနှင့် ဘိလပ်ရှိအစိုးရတို့မှာ လွန်စွာကျေနပ်အားရလျက်ရှိကြသည်။ ထိုသတင်းကို ရရှိသည့်နေ့တွင် မန္တလေးရှိ အင်္ဂလိပ်အသိုင်းအဝိုင်းမှာလည်း လွန်စွာ အားရကျေနပ်နေကြသည်။ အများအားဖြင့် အိပ်ရာထဲတွင် မှိန်းနေသော မစ္စတာရှောတစ်ယောက်သာလျှင် ကဗူးလ်တွင် သံကိုယ်စားလှယ်ထားခွင့်ရှိသည့်အတွက် အစိုးရခေါင်းဆောင်များ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပုံကို မချိတင်ကဲတွေးမိရာမှ . . .

"အင်း . . . ကဗူးလ်ရောက်တဲ့ သံကိုယ်စားလှယ်တော့ ငါ့လိုဒုက္ခမျိုးနဲ့ တွေ့ရတော့မှာပဲ။ သူ့ဒုက္ခက အခုမှ အစပဲရှိသေးတယ်"

ဟု တစ်ယောက်တည်း ပြောနေသည်။ ဗြိတိသျှတပ်များကို ပို့၍မလောက်အောင်ဖြစ်နေသည့် ဇူးလူးပြည်မှသတင်းကား များစွာမကောင်းလှချေ။ စစ်ပွဲသည် တော်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မပြီးနိုင်။ ထိုအထဲတွင် ဗြိတိသျှတပ်များမှာ မကြာခဏ အဝိုင်းခံနေရသည်။ နယ်ပယ်တွင်ရှိသည့် ဗိုလ်ချုပ်ချမ်းဖို့သည် သူ့ထံသို့ပို့သောတပ်များကို မနည်းစည်းရုံးယူနေရသည်။ သူ့ပုန်ဗိုလ်ချုပ် စီတီဝါယိုသည် သူ့တပ်များကိုစုစည်းကာ ရှုးလင်းလင်းတစ်ဝိုက် အောင်ပွဲခံနေကြသည်။ မန္တလေးသို့ စစ်တပ်စေလွှတ်ရေးကို လုံးဝမစဉ်းစားနိုင်ပြီ။

အထက်မြန်မာပြည်တွင် ထိုထက်ကောင်းမွန်သော အုပ်ချုပ်ရေးကို ထူထောင်နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သော ဘုရင်ခံချုပ်၏မျှော်လင့်ချက်များသည်လည်း ပြိုကွဲပျက်စီးခဲ့လေပြီ။

အိန္ဒိယအစိုးရသည် အလွန်ကြီးကျယ်သည့် ကိစ္စတစ်ရပ်ဖြစ်သော အာဖဂန်နစ္စတန်ကိစ္စကို ရင်ဆိုင်လျက်ရှိသည့်အတွက် အက်ချီဆန်၏ အကြံဉာဏ်တို့မှာလည်း ဘာမျှထိရောက်ခြင်းမရှိတော့ပြီ။

အောက်မြန်မာပြည်နယ်စပ်တွင် ဗြိတိသျှတို့စစ်အင်အားကို ပြသလိုက်ကာ မိမိတို့ကြိုက်သည့်အချိန်တွင် အထက်မြန်မာပြည်ကို တိုက်ခိုက်သိမ်းယူနိုင်သည့် သဘောကို သီပေါနှင့် ရွှေနန်းတော်တွင်းမှ အစုတို့အား ပြသလိုက်နိုင်သဖြင့် မန္တလေးအခြေအနေမှာ အနည်းငယ်ငြိမ်သက်သလိုလို ဖြစ်နေသည်။

ဖဲင်နီသည် နိုင်ငံရေးစကားများကို ခါတိုင်းထက် စိတ်ဝင်စားနေသည်။ သူတို့ ကြားနေရသည့် နိုင်ငံရေးစကားများသည် သူသိသည့်အကြောင်းအရာများ၊ သူ့ပတ်ဝန်းကျင်တွင် ဖြစ်နေသည့် အကြောင်းအရာများ ဖြစ်နေသည့်အပြင် ရင်တထိတ်ထိတ်ဖြစ်နေရသည်ကိုလည်း သဘောကျသဖြင့် ထိုစကားများကို နားထောင်လိုစိတ်ရှိနေခြင်းဖြစ်သည်။

ဖဲင်နီသည် တစ်ခါတစ်ရံတွင် မွန်စီယာဒါဗီရာတို့၏အိမ်သို့ အလည်သွားလေ့ရှိသည်။ သို့ရာတွင် မစ္စတာလန်စဒင်ကမူ ထိုသို့အလည်သွားသည်ကို များစွာနှစ်မြို့ခြင်းမရှိ။ ဖဲင်နီမှာမူ ဒါဗီရာ၏မြန်မာဇနီးနှင့် သူ့သားသမီးများကလည်း ပျော်ပျော်နေတတ်သည့်အတွက်ကြောင့်တစ်ကြောင်း၊ ဗွန်ဗိုုင်ဆင်နှင့်လည်း တွေ့နိုင်သည့်အတွက်ကြောင့်တစ်ကြောင်း သူတို့အိမ်သို့ အလည်သွားခြင်းဖြစ်သည်။ မြို့တံခါးဝတွင် သူ့လှည်းယာဉ်နားသို့လာရပ်ပြီး စကားပြောစဉ်က ရင်တထိတ်ထိတ်ဖြစ်နေရသည့်အရသာကို သူမမေ့နိုင်သေး။ ထိုစဉ်က ဖဲင်နီသည် ဗွန်ဗိုုင်ဆင်ကို ပထမဆုံးအကြိမ် မြင်ဖူးသကဲ့သို့ ခံစားနေရသည်။ သို့ရာတွင် ဆွေတော်မျိုးတော်တို့ အရေးတော်ကြီးပေါ်လာသည့်အတွက် ထိုအရာများကို မစဉ်းစားနိုင်အားခဲ့။

ယခုမူ ထိုကိစ္စများလည်း အေးတန်သလောက်အေးသွားကာ အခြေအနေပုံမှန်ဖြစ်ပြုလာလေပြီ။ အက်ဂါသာ၏ လက်ထပ်ရေးကိစ္စကို ကြားနေရသည်ကလည်း နေ့စဉ်နှင့်အမျှဖြစ်နေသောကြောင့် ငြီးစီစီဖြစ်နေလေပြီ။ ထို့ကြောင့် သူ့အတွက် ပျော်ပါးချိန်ကလေးကို ရှာကြည့်ချင်သည်။ ထိုအကြောင်းကို အက်ဂါသာသိလျှင် လက်ခံမည်မဟုတ်။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



မိမိသည် ဗွန်ဗိုင်ဆင်ကို ချစ်နေခြင်းမဟုတ်။ အပျင်းပြေတွေ့ဆုံကာ စကားစမြည်ပြောရုံ လောက်မျှသာဖြစ်သည်ကို သူ့ဘာသာသူသိသည်။ စိတ်ကြိုးလာလျှင် မိမိလုပ်ချင်ရာကို လုပ်ခဲ့သည့် ဖင်နီမဟုတ်လော။ မိမိလိုချင်သည့်အရာကို ရအောင်လုပ်ခဲ့သည့် ဖင်နီမဟုတ် လော။

အင်္ဂလိပ်ယောက်ျားတစ်ယောက်ကို မုန်းခဲ့သည့်အတိုင်း ရခဲ့သည်။ ထို့နောက် သူ နေချင်သလို တစ်ခုလပ်မုဆိုးမလေးတစ်ယောက် ဖြစ်လာခဲ့သည်။ ရွှေနန်းတော်ကြီးထဲတွင် ချီးမြှင့်မြှောက်စားခံလိုသည့်အတွက် ကြိုးစားခဲ့သည့်အတိုင်း မြှောက်စားခံခဲ့ရသည်။ ယခု ဗွန်ဗိုင်ဆင်သည် မိမိလိုမိန်းမတစ်ယောက်ကို မြတ်နိုးယုယချင်သည့် ယောက်ျားမျိုးဖြစ် သည်ကို ပကတိဉာဏ်အရ သူသိနေသည်။ သူက ဒန်းတားစ်လို၊ ပရိုသီရိုးလို လူစားမဟုတ်။ မစ္စတာလန်စဒင်၏တောင်းပန်ချက်အရ ဖင်နီသည် ဒါဇီရာတို့အိမ်သို့ အလည်သွားရတော့ သည့်အခါတွင် ဖင်နီတစ်ယောက် တော်တော်စိတ်ဒုက္ခရောက်ရသည်။

သူတို့အိမ်သို့ရောက်လျှင် မည်သူမျှ နိုင်ငံရေးအကြောင်းတွေကို တွေး၍ပူပန်မနေ ကြ။ ပျော်ကြ၊ ပါးကြ၊ စားကြ၊ သောက်ကြ၊ ရယ်ကြ၊ ဒေါ်ကြ၊ ဇာတ်ပွဲပေ့ာက်ပ မနားမနေသွား ကြနှင့်။ ဖင်နီရောက်လာသည်ဆိုလျှင် လက်ဖက်ရည်၊ မုန့်ဂျုံဖြင့် ဖည့်ခံရသည်မှာလည်း အမောပင်။ တစ်ခါတွင်မူ ဗွန်ဗိုင်ဆင်ရောက်လာကာ သူ့ကို ရွှေနန်းတော်ကြီးထဲသို့ ပြန်သွား အခစားဝင်ရန် ပြောသည်။

ဗွန်ဗိုင်ဆင်က သူ့လက်ကို ကုန်း၍နမ်းလိုက်ပြီးနောက် . . .

"ဆွေတော်မျိုးတော်တွေကိုစွက နန်းမတော်ဖုရားကြောင့်ဖြစ်ရပါတယ်။ ဘုန်းတော် ကြီးသောဘုရားနဲ့ ထိပ်စုဖုရားလတ်တို့ ဒါမျိုးလက်မခံပါဘူး။ ထိပ်စုဖုရားလပ်ဆိုရင် ဘုန်း တော်ကြီးသောဘုရားအကြောင်းကိုပဲ တွေးနေတာပဲ။ မောင်တော်ကို သိပ်ချစ်တယ်မဟုတ် လား။ ဘုန်းတော်ကြီးသောဘုရားကလွဲရင် ထိပ်စုဖုရားလတ်အရေးပေးတာ မင်းတစ် ယောက်ပဲ ရှိတော့တယ်မဟုတ်လား။ ဒီတော့ အခွင့်အခါရှိတုန်း ရွှေနန်းတော်ကြီးထဲကို ပြန် ပြီး အခစားဝင်ပါ။ ထိပ်စုဖုရားလတ်အပါးမှာ မင်းရှိဖို့လိုတယ်ဆိုတာ ကိုယ်သိတယ်"

ပရိုသီရိုးနှင့် အမေရိကန် နှစ်ခြင်းသာသနာပြုတို့မှာ အကျောက်အကန် ကန့်ကွက် ငြင်းဆိုလျက်ရှိသော အမျိုးသမီးသီလရှင်များကိုခေါ်ကာ ဗန်းမော်မှပြန်လာကြလေပြီ။ သူ တို့ပြန်ရောက်သည်တွင် အက်ဂါသာတို့လက်ထပ်မည့်ကိစ္စမှာလည်း အရေးတကြီးဖြစ်လာ ခဲ့ပြန်သည်။

ဖင်နီအဖို့ အခက်အခဲတွေ့လာသည်။ အက်ဂါသာမရှိတော့လျှင် သူသည် သာသနာပြုကျောင်းတွင် နေစရာအကြောင်းမရှိတော့။ ဗရင်ဂျီသီလရှင်ကျောင်းတွင်လည်း သွား၍မနေချင်။ သဘောကောင်းရှာသည့် မစ္စတာလန်စဒင်ကမူ ခပ်ရိုးရိုးသာတွေးတတ် သည်။ မစ္စတာလန်စဒင်မှာ ဖင်နီသည် ပရိုသီရိုးတို့ အက်ဂါသာတို့နှင့်အတူ ရန်ကုန်သို့လိုက် သွားချင်သည်ဟု ထင်မှတ်နေသည်။

---



www.burmeseclassic.com

www.burmeseclassic.com


ဖင်နီသည် ရန်ကုန်အကြောင်းကိုတွေးလိုက်သည်နှင့် ကျောထဲစိမ့်ဝင်သွားသည်။ ယခုလောက်ဆိုလျှင် သူ့အမေမစွစ်မိုရိုနီသည် ရန်ကုန်မှ ဆွေမျိုးများကြားတွင် အိပ်လိုက်၊ အပျင်းထူလိုက်ဖြင့် ခါတိုင်းထက်ပို၍ဝကာ ခါတိုင်းထက် ပို၍ အပျင်းထူနေတော့မည်။ မိမိမှာမူ မန္တလေးမှ အဘယ်မှာလျှင်ခွာနိုင်မည်နည်း။ ထိပ်စုဖုရားနှင့်ဝေးရာ ဗွန်ဗွိုင်ဆင်နှင့်ဝေးရာတွင် အဘယ်မှာလျှင် နေနိုင်မည်နည်း။ နေ၍မဖြစ်။

မိမိသည် ဆွေတော်မျိုးတော်တို့အား အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့်ကိစ္စကို မေ့ပစ်လိုက်ရလိမ့်မည်။ ဆိုးသွမ်းသော ကြောက်ဖွယ်ညများကို မေ့ပျောက်ပစ်ရလိမ့်မည်။ ရွှေနန်းတော်ကြီးသို့ ပြန်သွားရလိမ့်မည်။ သူ့ဆုံးဖြတ်ချက်ကို အင်္ဂလိပ်အသိုင်းအဝိုင်းကလည်း အလွယ်တကူလက်ခံနိုင်အောင် ထုတ်ဖော်ပြောဆိုနိုင်သည့် အခွင့်အရေးမျိုးကို အက်ဂါသာ လက်မထပ်မီကလေးတွင် ရရှိလိုက်သည်။ ဖင်နီကံကောင်းသည်ဟု ဆိုရမည်လော မသိ။ ထိုသို့ ထုတ်ဖော်ပြောဆိုနိုင်အောင်လည်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာခဲ့သည်။

ထိုအချိန်၌ အင်္ဂလိပ်တို့မှာ မြန်မာအစိုးရနှင့် မပြေလည်မှုများ များသည်ထက်များလာခဲ့သည်။ မြန်မာအလုပ်သမားများသည် ဗြိတိသျှမီးသင်္ဘောတစ်စင်းကို တိုက်ခိုက်လိုက်ကြသည်တွင် ခရီးသည်လေးဦး ဒဏ်ရာရသွားခဲ့ကြသည်။ ကူလီများကလည်း ဓားပြအုပ်များအဖြစ် ပြောင်းလဲသွားသဖြင့် အခြားသော မီးသင်္ဘောတစ်စင်းမှာလည်း ကမ်းသို့မကပ်နိုင်။ ကုန်များကို ချ၍မရဘဲဖြစ်နေသည်။ တစ်နေ့သ၌ လက်ထောက်သံကိုယ်စားလှယ်ဖြစ်သည့် မစ္စတာဖာယာသည် မနက်ခင်း မြင်းစီးလေ့ကျင့်၍ ပြန်အလာတွင် မြန်မာတစ်စုတို့က လှောင်ပြောင်စော်ကားခဲ့သည်။

ထိုအချိန်က မစ္စတာဖယ်ယာ၏နောက်တွင် ထီးကိုင်တစ်ယောက်ပါလာသဖြင့် အရာရှိတစ်ယောက်မှန်း သိသာနိုင်သည်။ မင်းတုန်းမင်းကြီးလက်ထပ်က ဗြိတိသျှလက်အောက်ခံများဖြစ်သည့် အိန္ဒိယတိုင်းရင်းသားအချို့မှာ မြေများချပေးသဖြင့် ထိုမြေများပေါ်တွင် အိုးအိမ်များကို ချပေးထားလိုက်သည်။ ယခု ထိုမြေနှင့်အိမ်များကို လျော်ကြေးမပေးဘဲ သိမ်းယူလိုက်ပြီး မြန်မာများကို ချပေးထားလိုက်သည်။ ထိုစဉ် ညောင်ရမ်းမင်းသား၏ မယ်တော်နှင့် နမတော်တို့ကို သံခြေကျင်းခတ်ကာ အကျဉ်းထဲတွင် ချထားလိုက်ပြီဟူသော သတင်းကို ရွှေနန်းတော်ကြီးထဲရှိ အထောက်တော်မိန်းကလေးထံမှ ရရှိခဲ့သည်။ ယခု ထိုအထောက်တော်မိန်းကလေးနှင့် မိခင်တို့မှာ မစ္စတာရှောနှင့် မစ္စတာလန်စဒင်ထောက်ပံ့သောငွေများဖြင့် ညောင်ရမ်းမင်းသား၏ မယ်တော်တို့ကို ကူညီရာယခု သူတို့ကိုယ်တိုင် အသက်အန္တရာယ်ကို စိုးရိမ်ရသည့်အတွက် ရန်ကုန်သို့ ဆင်းသွားကြလေပြီ။ ထို့ကြောင့် ညောင်ရမ်းခင်းသား၏ မယ်တော်နှင့် နမတော်တို့အကြောင်းနှင့် ပတ်သက်၍ ဘာသတင်းမျှ မကြားရတော့။

အခြားသောမိဖုရားနစ်ပါးတို့မှာလည်း အလုံတိုက်ထဲတွင် အချုပ်အနှောင်ခံထားရသည်ဟု မစ္စတာရှောထံမှ သတင်းကြားရသည်။ သူတို့အားသံခြေကျင်းခတ်ထားပြီး အကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲရှိ အပူချိန်မှာ အရိပ်ထဲမှာပင် ဒီဂရီ ၁၀၀ ခန့်ရှိပြီးအချို့သောနေရာများတွင် ၁၀၅ ကျော်ကျော်ရှိနေသည်။ ထိုသတင်းကို မင်းသမီးတစ်ပါးထံမှ ကြားရခြင်းဖြစ်၍သံကိုယ်စား လှယ်အဖွဲ့သို့ လာ၍ သတင်းပေးသည်။ ထိုမင်းသမီးနှင့် ညီမတော်တို့သည် ထိုသတင်းကို ပေးပြီးနောက်ထွက်ပြေးကြရာ ဖမ်းဆီးပြီးအသတ်ခံကြရသည်။

ထို့နောက်တွင်မူ ရွှေနန်းတော်ကြီးမှ မည်သည့်သတင်းကိုမျှ မကြားရတော့ချေ။ ရာဂျစ်ဆင်းမှာလည်း မိန်းမဆောင်ထဲမှ သတင်းများကို ဘာမျှမသိရတော့သည့်အတွက် သံကိုယ်စားလှယ်အဖွဲ့အဖို့ ဘာသတင်းမျှမရတော့ပြီ။ ဤတွင် ဖဲင်နီက ရွှေနန်းတော်ကြီးထဲ သို့ မိမိပြန်သွားပြီး အမျိုးသမီးအထောက်တော်များပေးသည့် သတင်းမျိုးကို ယူပေးမည်ဟု ကမ်းလှမ်းသည်။

မစ္စတာလန်စဒင်မှာ ဖဲင်နီကို တာဝန်ယူထားရသူဖြစ်သည့်အတွက် ဆုတ်ဆိုင်း ဆိုင်းဖြစ်နေသည်။ မစ္စတာရှောမှာလည်း ဖဲင်နီမှာ ဗြိတိသျှလက်အောက်ခံ ဖြစ်နေသည့် အတွက် ခပ်ဆိုင်းဆိုင်းဖြစ်နေသည်။ သို့ရာတွင် ဖဲင်နီက အတင်းအကျပ်တောင်းပန်သည်။ သူ့မျက်လုံးများက သနားစဖွယ်၊ သူ့ယုံကြည်ချက်ကို ထိခိုက်စဖွယ်ဖြစ်နေသဖြင့် နောက်ဆုံး တွင် သူတို့နှစ်ဦးကလည်း သူ့လုံခြုံရေးအတွက် စိတ်ချကာ ခွင့်ပြုလိုက်သည်။ ဖဲင်နီသည် ဝမ်း မြောက်ဝမ်းသာဖြင့် ထိုအကြောင်းကို ဂျူလီမှတစ်ဆင့် ရွှေနန်းတော်ကြီးထဲသို့ အကြောင်း ကြားလိုက်ရာ နောက်တစ်နေ့တွင် ရွှေနန်းတော်ကြီးမှ သူ့ကို ဆင့်ခေါ်လိုက်ပြီဖြစ်ကြောင်းဖြင့် သူတို့ကိုပြောပြသည်။

"အက်ဂါသာရေ . . . မင်းမင်္ဂလာပွဲအထိ ကိုယ်ဒီမှာနေခွင့်မရတာ ဝမ်းနည်းပါတယ် ကွယ်။ ဒါပေမဲ့ အခြေအနေက မင်းလည်းအသိပဲမဟုတ်လား။ ကိုယ်သွားဖို့ လိုနေတယ်လေ။ ဒီအလုပ်မျိုးကို ဒို့ပြင်လူလည်း ဘယ်သူမှ လုပ်လို့မရဘူးမဟုတ်လား"

သို့ဖြင့် အက်ဂါသာ၏ မင်္ဂလာပွဲမတိုင်မီ ရက်အနည်းငယ်ခန့်အလိုတွင် ဖဲင်နီသည် ရွှေနန်းတော်ကြီးသို့ အခစားဝင်ရသည်။ ထိုအခါတွင် အက်စ်အက်စ်ဘင်္ဂလားသင်္ဘောကြီး ပေါ်မှာတုန်းကကဲ့သို့ အက်ဂါသာသည် လူအများ အာရုံစိုက်ခံရသူဖြစ်လာခဲ့သည်။ စိတ် မချမ်းမြေ့ဖွယ်အဖြစ်များကို ပရိုသီရိုးကိုယ်တိုင်ကပင် ထောက်ပြလာရသည်။

ပရိုသီရိုးမှာ ဇန်းမော်မှပြန်လာပြီးကတည်းက မကောင်းတတ်သဖြင့် သတို့သမီး အိမ်သို့ မနေရသေးဘဲ သံတဲတွင် နေထိုင်လျက်ရှိသည်။

သံတဲတွင်နေရသည်မှာ တော်တော်စိတ်ပျက်စရာတော့ကောင်းသည်။ သံတဲ တွင် ပရိုသီရိုးသည် ဆရာဝန်နှင့်လည်း စကားမပြော။ ပီယာပွန့်နှင့်လည်း စကားမပြော။ သံကိုယ်စားလှယ် မစ္စတာရှောကလည်း သူတို့နှစ်ယောက်စလုံးကို စိတ်ပျက်နေသဖြင့် စကားမပြောတော့ချေ။ အမှန်အားဖြင့် ဆရာဝန်နှင့် ပီယာပွန့်တို့သည် သံတဲဝင်းထဲတွင် နှစ် ယောက်တည်းချင်း ချိန်းသတ်ချင်နေကြသည်။ သို့ရာတွင် မစ္စတာရှောက အာဏာဖြင့် တားထားသည့်အတွက် ဘာမျှမဖြစ်ကြသေးချေ။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သံကိုယ်စားလှယ်လက်ထောက်ဖြစ်သည့် ဖယ်ယာမှာ စိတ်ညစ်နေလေပြီ။ ဒေါက်တာအိုတာရာနှင့် ဗိယာပွန့်တို့မှာ တစ်ယောက်နှင့်တစ်ယောက် မတည့်ကြသဖြင့် စကားမပြောကြဘဲ နေကြရာမှ မစ္စတာရောဂကလည်း သူတို့နှစ်ယောက်ကို စိတ်ပျက်သည့်အတွက် ခပ်ရှောင်ရှောင်လုပ်နေသည်။ အကြောင်းကိစ္စရှိလျှင် သူ့ဆီသို့လာ၍ ပုဏ္ဏားတိုင်လုပ်နေသဖြင့် သူတို့ကြားထဲတွင် အနေရခက်နေသည်။

ပရိုးသီရိုးမှာ ရက်တွေ လျင်မြန်စွာ ကုန်သွားသည့်အတွက် ဝမ်းသာနေသည်။ နေ့တိုင်း သာသနာပြုကျောင်းသို့သွားရခြင်း၊ အက်ဂါသာနှင့် စကားပြောရခြင်းကြောင့် သူ့အတွက်မူ ပျော်စရာဖြစ်နေသည်။ သို့ရာတွင် လက်မထပ်မီတစ်နေ့တွင် ပရိုသီရိုးသည် ထူးထူးခြားခြား တိတ်ဆိတ်နေသည်ကို အက်ဂါသာသတိပြုမိသည်။ ပရိုသီရိုးတိတ်ဆိတ်နေခြင်းသည် သူ့အတွက်မဟုတ်ကြောင်းကို အက်ဂါသာ အလိုလိုသိလိုက်သဖြင့် . . .

"ဘာဖြစ်လို့လဲဟင်၊ ငွေရေးကြေးရေးအတွက်လား"

ဟု မေးလိုက်သည်။ ထိုအခါတွင်မှ ပရိုသီရိုးသည် အဝေးသို့ လှမ်းမျှော်ကြည့်နေရာမှ အက်ဂါသာကိုကြည့်ကာ . . .

"ဖဲင်နီ့အတွက် စိုးရိမ်တယ် အက်ဂါသာ။ ဟိုမှာ ဟန်မှကျပ့ါမလားမသိဘူး"

"အမယ်လေး . . . မပူပါနဲ့။ ဖဲင်နီက အမြဲသတိရှိပါတယ်"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

မျက်နှာကျက်ကြားထဲတွင် ကပ်နေသည့်တောက်တဲ့က သူ့စကားကို ထောက်ခံသည့်အနေဖြင့် "တောက်တဲ့ . . . တောက်တဲ့" ဟုမြည်နေသည်။ အက်ဂါသာသည် ရယ်လိုက်သည်။ မှန်သောစကားဆိုလျှင် တောက်တဲ့မြည်တတ်သည်ဟု အရှေ့တိုင်းသားတို့ ယုံကြည်ယူဆကြောင်း အက်ဂါသာသိသောကြောင့် ဖြစ်သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၁၆ ]

## မင်္ဂလာသြဘာစာတမ်း

မင်္ဂလာဆောင်မည့်နေ့မနက်က အက်ဂါသာသည် အိပ်ရာမှ အစောကြီးနိုးလာကာ မိုးစက်ကလေးများ တဖြောက်ဖြောက်ကျသံနှင့် လေတိုက်သဖြင့် သစ်ပင်တို့အပေါ်မှ မိုးစက်များကျသံကို နားထောင်ရင်း အိပ်ရာပေါ်တွင်လှဲနေသည်။ မနက်လေးတွင် မိုးသည်းထန်စွာရွာနေသည်မှာ ရက်အတန်ကြာခဲ့လေပြီ။ ထိုအထဲတွင် လေပြင်းကလည်း တစ်ချက် တစ်ချက် တိုက်လိုက်သေး၏။ အက်ဂါသာသည် ခေါင်းအုံးတွင် ပါးအပ်ထားရင်း သူ့အကြောင်းကို ပြန်စဉ်းစားနေမိသည်။

မိမိသည် ပရိုသီရိုးနှင့် လက်ထပ်တော့မည်။ သို့ရာတွင် မိမိသည် ပရိုသီရိုး အကြောင်းကို ဘာမျှသိသူမဟုတ်ဟု သဘောပေါက်လာခဲ့သည်။ ထိုသို့တွေးလိုက်မိသည်နှင့် မိမိသည် ချောက်ကမ်းပါးကြီးတစ်ခုထဲသို့ ကျသွားသည့်နှယ် ခံစားရကာ ခိုကိုးရာမဲ့ဖြစ်နေသည်။ သူ့ပတ်ဝန်းကျင်တွင် ဘာမျှ စမ်းသပ်ရာဖွေ၍မရနိုင်။ သူ့ခေါင်းပေါ်တွင် ဘာမျှမရှိ။ သူ့ခြေထောက်တွင်လည်း ဘာမျှမရှိ။ ဘေးတွင် စမ်းကြည့်သည့်အခါ၌လည်း ဘာမျှစမ်းသပ်၍ မရပြီ။ သူသည် ယခင်တစ်ခါမျှ မတွေ့ဖူးခဲ့သည့် လမ်းမကြီးတစ်လျှောက်တွင် ပျောက်ပါနေသည်ဟု ခံစားရသည်။

စေ့စပ်ကြောင်းလမ်းခြင်း၊ ထိမ်းမြားခြင်းနှင့် အိမ်ထောင်သည်ဘဝ ချစ်စ၊ ခင်စ၊ ကြင်နာစတို့တွင် တစ်ဦးနှင့်တစ်ဦး ကယုကယင် ချစ်တုံ့တင်ကြခြင်းစသည်တို့သည် မိန်း



www.burmeseclassic.com

www.burmeseclassic.com


ကလေးတစ်ယောက်အဖို့ ဘာမျှဆန်းကြယ်သောကိစ္စမဟုတ်။ ဖြစ်ရိုးဖြစ်စဉ်၊ တွေ့ရိုးတွေ့စဉ်များသာ။ ယခု မိမိနှင့် ပရိုသီရိုးတို့ လက်ထပ်ကြတော့မည်ဆိုသည့်အခါတွင် အက်ဂါသာသည် အလိုလိုကြောက်နေသည်။ ပရိုသီရိုးသည် မိမိမသိနိုင်သောလူတစ်ဦးလို ခံစားနေရသည်။ ယခင်ကမူ မိမိသည် စိတ်ကူးယဉ်ဝတ္ထုထဲမှ ဇာတ်လိုက်မင်းသမီးများကို အားကျခဲ့၏။

ဝတ္ထုထဲမှ ဘုရင့်အချစ်တော်များကဲ့သို့လည်းကောင်း၊ လော်နာဒွန်ကဲ့သို့လည်းကောင်း၊ ရိုဒါဗရာကတန်၏ ဝတ္ထုများထဲမှ ဇာတ်လိုက်များကဲ့သို့လည်းကောင်း သူ့ကိုယ်သူထင်ခဲ့သည်။ ယခု အိပ်ရာထဲတွင် ရင်တထိတ်ထိတ်ဖြင့် လှဲရင်း မိုးစက်မိုးပေါက်များ၏ အသံကို နားထောင်လျက်ရှိသော မိမိသည် ထိုဇာတ်လမ်းများထဲမှ ဇာတ်လိုက်မင်းသမီးများနှင့် တူပါသေး၏လော။ စင်စစ်ဘဝဆိုသည်မှာ စာအုပ်တွေထဲက ဇာတ်လိုက်များ၏ ဘဝလို အစဉ်အမြဲ ချောမောနေသည်မဟုတ်။ တကယ့်ဘဝသည် ကြမ်းတမ်း၍ မာကျောနေတတ်သည်။ အစွန်းတွင် ညီညာပြေပြစ်ခြင်းမရှိ၊ ကြမ်းတမ်းလျက်။ သို့ရာတွင် မိမိသည် ငယ်ငယ်ထဲက ဝတ္ထုထဲတွင် ဖတ်ခဲ့ရသည့်အတိုင်း ပြေပြစ်နေသည့် ဘဝခရီးကို သွားရတော့မည်ဟု ထင်ခဲ့သည်။

မိမိနှင့် ပရိုသီရိုးတို့သည် လက်ထပ်ပြီးနောက် လူတွေအုတ်အုတ်ကျက်ကျက် စည်ကားနေသည့် ရန်ကုန်မြို့ကြီးသို့ သွားကြတော့မည်။ ပရိုသီရိုးကတော့ မည်သို့ခံစားနေရမည်နည်း။ အက်ဂါသာသည် အိပ်ရာတွင်ထထိုင်ကာ နေရောင်ထွက်စပြုလာသည့် ကောင်းကင်ကို လှမ်းကြည့်သည်။ မိုးမှာ ဖွဲဖွဲကလေးမျှသာ ကျန်တော့သည်။ စွေစောင်းသောနေခြည်မြားတန်းများသည် မိုးစက်မိုးဖွဲကလေးတို့ အပေါ်သို့ ကျရောက်လာကြသည်။ ခဏကြာလျှင် မိုးတိတ်သွားကာ တံစက်မြိတ်နှင့် သစ်ပင်ပေါ်မှကျရောက်နေသည့် မိုးပေါက်မိုးစက်များ၏ အသံကိုသာ ကြားရတော့သည်။ အက်ဂါသာသည် အိပ်ရာမှထကာ ခုတင်ဘေးတွင် ဒူးထောက်ထိုင်ပြီး မျက်နှာကို လက်ဝါးဖြင့်အုပ်လိုက်၏။

လက်ဖြင့် အုပ်ထားလိုက်သည့်အတွက် မှောင်သွားသည့်အပြင် အာရုံထဲ၌ သူသည် အောက်သို့တဖြည်းဖြည်းလျှောကျနေသည်ဟု ထင်လိုက်မိသည်။ သူသည် မည်သူနည်း။ "ငါ . . . ငါ" ဟုပြောနေကြသောအရာသည် မည်သို့နည်း။ မိမိသည် ပရိုသီရိုးနှင့် ထိုက်တန်ခြင်းမရှိဟု အက်ဂါသာ ရုတ်တရက်သဘောပေါက်လာသည်။ မိမိသည် ပရိုသီရိုးနှင့် ထိုက်တန်လျှင် မည်မျှကောင်းလေမည်နည်း။ ငယ်ငယ်တုန်းက သူ့ကိုယ်သူ တောက်ပ ပျိုရွယ်သူဖြစ်လျှင် သူတော်ကောင်းမလေးတစ်ယောက်ဟု ထင်ခဲ့ဖူးရာ ယခုအချိန် ထိုအထင်သည်လည်း ပျောက်ကွယ်သွားကာ ပရိုသီရိုးကို သနားလာသည်။ မိမိသည် ပရိုသီရိုးနှင့် ထိုက်တန်သူဖြစ်လျှင် မည်မျှကောင်းလေမည်နည်း။

မိမိသည် ဖခင်နှင့် ဆက်ဆံသည့်အခါတွင် သူက စိတ်တိုသည့်အခါများ၌ ပြန်လှန်၍ စိတ်တိုမိသော်လည်း ပရိုသီရိုးကိုမူ စိတ်မတိုနိုင်ဘဲ သနားနေမိသည်။ အက်ဂါသာသည် အပျိုစင်မာနတွေ လွင့်ပြယ်သွားကာ ပျော့သွားသည်။ ထိုသို့ပျော့ကျသွားသည်နှင့် မိမိနှင့်



www.burmeseclassic.com

www.burmeseclassic.com


ပရိုသီရိုးတို့သည် အကြင်လင်မယားအဖြစ် ပျော်ရွှင်စွာ နေနိုင်မည်မဟုတ်သောအသိသည် ဝင်လာသည်။ ယောက်ျားတစ်ယောက်အဖို့ ရာတတ်လျှင် တစ်သက်လုံး ပျော်သွားရမည့်အချိန်ရှိတတ်စမြဲဖြစ်သည်ဟု ရှေ့ဟားဗတ်က ပြောခဲ့ဖူးသည်။

သို့ရာတွင် ခက်သည်က ထိုတစ်နာရီသည် တွေ့နိုင်ခဲသော တစ်နာရီဖြစ်နေခြင်းပင်ဖြစ်သည်။ အက်ဂါသာသည် စိုစွတ်သော မျက်လုံးများပေါ်မှ လက်ကိုခွာလိုက်သည်။ အလင်းရောင်သည် သူ့ကိုယ်ပေါ်သို့ ထိုးကျလာသည်။ အက်ဂါသာသည် ပင်ပန်းအားကုန်သည့်နယ် နေးကွေးစွာ ထိုင်ရာမှထ၏။ ညဝတ်အင်္ကျီကိုရုံကာ မနက်ခင်းလက်ဖက်ရည်ဖျော်သည်။ အက်ဂါသာသည် သူ့အခန်းထဲသို့အိမ်ဖော်လက်ဖက်ရည်လာပို့သည်ကို မကြိုက်။ ထို့ကြောင့် သူ့အခန်းထဲမှာပင် ရေနွေးဆီမီးဖိုကလေးတစ်ဖိုထားကာ ရေနွေးတည်သည်။

လက်ဖက်ရည်ဖျော်ပြီး၍ ပန်းကန်ထဲသို့ ငှဲ့နေစဉ် တံခါးခေါက်သံကြားရပြီးနောက် သူ့ဖခင်မစ္စတာ လန်စဒင်ဝင်လာသည်။ အက်ဂါသာသည် သူ့မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး လက်ဖက်ရည်ပန်းကန်ကို လှမ်းပေးလိုက်သည်။ လန်စဒင်ကလည်း စကားတစ်ခွန်းမျှမပြောသေးဘဲ လက်ဖက်ရည်ကို တစ်ကျိုက်သောက်သည်။

"မနေ့ညက မစ္စတာရှောအတွက် အဖေသွားခဲ့ရတယ်။ ညကပဲ ဆုံးသွားတယ်၊ နလုံးက မခံနိုင်တော့ဘူးလေ။ အင်း . . . သူ့အဖို့တော့ တစ်ကောင်ကြွက်သေသလို သေရတာပေါ့လေ။ ဒီမှာဖြစ်နေတာတွေကိုတွေ့ရတော့ ဘာမှလည်းမတတ်နိုင်၊ စိတ်ကလည်း မချမ်းသာ . . ."

"ဟင် . . . ဖြစ်မှဖြစ်ရလေ အဖေရယ်"

ပြော၍သာ ပြောရသော်လည်း မိမိမင်္ဂလာဆောင်မည့်နေ့တွင်မှ ထိုအဖြစ်အပျက်မျိုးနှင့် လာတွေ့ရသဖြင့် စိတ်မကောင်းလှ။ မိမိဘဝအတွက် မင်္ဂလာနေ့သည် မစ္စတာရှောအတွက် အမင်္ဂလာနေ့ဖြစ်ခဲ့လေသည်။ မစ္စတာရှောသည် အလွယ်တကူ ထင်ပေါ်အောင်လုပ်တတ်သည့်နည်းများကို သရော်ခဲ့သူဖြစ်ရာ ယခုမူ မိမိ၏မင်္ဂလာနေ့သည် သူ့အ‌မင်္ဂလာဖြစ်ကြောင်းကို အမြဲပြောစမှတ်ဖြစ်တော့မည်။

မစ္စလန်စဒင်သည် ခါတိုင်းထက် စိတ်ပျက်သည့်ဟန် ပေါက်နေသည်။

"အေးလေ . . . ဘာမှမထူးတော့ပါဘူး သမီးရယ်။ ဘယ်တတ်နိုင်မလဲ။ အဖေ့အဖို့ကတော့ သမီးတို့နှစ်ယောက် ရန်ကုန်သွားဖို့ကိစ္စကို ဆိုင်းမထားစေချင်ဘူး။ မြန်မြန်သွားနိုင်လေ ကောင်းလေပဲ"

အမှန်အားဖြင့်လည်း မိမိသည် မစ္စတာရှော၏ အသုဘကိစ္စကို ဆောင်ရွက်ရဦးမည်။ သမီးမင်္ဂလာဆောင်နေ့တွင် ထိုကိစ္စများကို စေဆောင်ရွက်နေသည်ကို သမီးဖြစ်သူမမြင်စေချင်။ အက်ဂါသာသည် အကြာကြီးရေချိုးကာ အကြာကြီးအဝတ်အစားလဲသည်။ စိတ်ထဲတွင် လေးတေးတေးဖြစ်နေသဖြင့် ခါတိုင်းလို သွက်သွက်လက်လက်မရှိလှ။ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားလဲပြီးသည့်အခါတွင် ပန်းခက်၊ ပန်းခွေ ဘောင်ခတ်ထားသော မှန်ထဲတွင် သူ့ကိုယ်သူ အမြင်သစ်ဖြင့် ပြန်ကြည့်၏။

ချည်လျှားသည့် "အနုပညာမြောက်" ဝတ်ရုံရှည်သည် ပိန်ပိန်ပါးပါး သူ့ကိုယ်ပေါ်တွင် အလိုက်သင့်ဝဲကျနေသည်။

ညှပ်ဖိနပ်ရှိုးများမှာ ထင်းလွန်းပေါ်လွန်းနေသည်။ သို့ရာတွင် ကိစ္စမရှိ။ သူ့ဆံပင်နှင့် သူ့မျက်လုံးများက လှပနေသည်။ အသား အရေက ဝင်းပလျက်။ ယခင်ကလို နီစပ်စပ်မဟုတ်တော့။

သို့ရာတွင် နာခေါင်းအဆီပြန်သဖြင့် အနည်းငယ်ပြောင်နေသည်။ သာသနာပြုဆရာမတစ်ဦးဖြစ်နေသည့်အတွက် ပေါင်ဒါကလေး၊ ဘာလေးမဖို့ရသည့်အတွက်မှ သူ စိတ်မကောင်းဖြစ်မိသည်။ အက်ဂါသာသည် မှန်ထဲတွင် သူ့ကိုယ်သူကြည့်လိုက်ပြီးနောက် တံခါးပေါက်ဆီသို့သွားကာ အိမ်ဖော်ကို တစ်စုံတစ်ခုခိုင်းလိုက်ပြီး သူခိုင်းလိုက်သည့်အရာ ရောက်လာသည့်အခါတွင် သူစမ်းကြည့်သည်။ ပထမသော် မျက်နှာတွေ ဖွေးနေသည်။ သို့ရာတွင် ခပ်ကြာကြာပွတ်လိုက်သည့်အခါတွင် သိပ်မဖွေးတော့။ သို့ဖြင့် အက်ဂါသာသည် ပါးပြင်နှင့် နာခေါင်းတို့ကို ဂျုံမှုန့်လိမ်းပြီး မင်္ဂလာအခမ်းအနားတက်ခဲ့သည်။ ပေါင်ဒါမလိမ်းဘဲ ဂျုံမှုန့်လိမ်းသဖြင့် သူ့ကိုယ်သူ အပြစ်မရှိဟုလည်း သူယုံကြည်သည်။

အက်ဂါသာ၏ မင်္ဂလာအခမ်းအနားထဲမှာ ခပ်ကျဲကျဲမျှသာ။ မန္တလေးတွင်ရှိသည့် ပြင်သစ်အသိုင်းအဝိုင်းကလည်း တစ်ယောက်မျှမလာကြ။ ဂျူလီပင်လျှင် ပေါ်မလာ။ အင်္ဂလိပ်လူမျိုးတို့၏ အလွန်ချစ်သော အိမ်ရှေ့မင်းသားမှာ အာဖရိကတိုက်တွင် ဇူးလူးတို့လက်ချက်ဖြင့် ကျဆုံးသွားသည့်အတွက် စိတ်မကောင်းဖြစ်နေကြရသည့်အထဲတွင် ကောလာဟလများကလည်း တောမီးနယ် ပျံ့နှံ့နေသည်။ ထို့ကြောင့် အင်္ဂလိပ်အသိုင်းအဝိုင်းကလည်း သိပ်မလာကြချေ။

သို့ရာတွင် ဖန်းမော်မှပြန်ရောက်လာသည့် အမျိုးသမီးသူနာပြုဆရာမများမှာ လူစေ့တက်စေ့ ရောက်လာကြ၏။ မစ္စစ်ဟာကားမှာလည်း ကူညီလုပ်ကိုင်ပေးစရာရှိသည်တို့ကို လုပ်ကိုင်ပေးရန် အခမ်းအနားမတိုင်မီ အစောကြီးရောက်လာ၏။ သို့ရာတွင် သူတို့ရောက်လာသည့်အတွက် မင်္ဂလာပွဲသည် ပို၍ စိုပြည်လာခြင်းမရှိ။ သူ့မင်္ဂလာဆောင်သည် နှစ်ခြင်းဘာသာဝင်တစ်ဦး၏ မင်္ဂလာဆောင်နှင့် ပိုတူနေသည်။ ထိုအကြောင်းကို အက်ဂါသာက သူ့အဖေ မစ္စတာလန်စဒင်ကို ပြောမိသည့်အခါတွင် လန်စဒင်က သူတို့မင်္ဂလာပွဲတွင် မစ္စစ်ဟာကားလို ခရစ်ယာန်တစ်ယောက်လာလျှင် တော်လောက်ပြီဟု ပြတ်ပြတ်ပြောသည်။

သံကိုယ်စားလှယ်ဝင်အဖွဲ့ဝင်များမှာ မစ္စတာရှောက အသုဘအတွက် အလုပ်များနေ၍ သူတို့မင်္ဂလာဆောင်ကို မစ္စစ်ဟာကားတို့ ဇနီးမောင်နှံကပင် ကြီးကြပ်ပေးရသည်။ အက်ဂါသာသည် ပရိုသီရိုးနှင့်အတူ သူ့ဖခင်ရှေ့တွင်ရပ်ရင်း ပရိုသီရိုးကို မသိမသာလှမ်းကြည့်၏။ သူ့ရင်သည် တဒိတ်ဒိတ်ခုန်လာ၏။ ပရိုသီရိုးသည် သူ့ခင်ပွန်း၊ သူ့ချစ်လင်။ မျက်နှာဖြူဖျော့



www.burmeseclassic.com

www.burmeseclassic.com



ဖျော့တင်းကြပ်နေသည့် ကုတ်အင်္ကျီအောက်မှ ပခုံးများက တောင့်တင်းလျက်။ သူသည် မိမိအနာဂတ်။ အနာဂတ်ကို သူနှင့်အတူတူရင်ဆိုင်ရတော့မည်။ သူနှင့်အတူ အေးအတူပူအမျှ ဆက်လျှောက်ရတော့မည်။ သူကမူ ထိုအကြောင်းကို စဉ်းစားမိချင်မှ စဉ်းစားမိပေလိမ့်မည်။ အက်ဂါသာသည် တောင့်တင်းသော ပခုံးများကိုကြည့်ကာ အားရှိသွားသည်။ ဟုတ်သည်။ သူသည် သူ့ချစ်လင်။ သူ့တွင် အနာဂတ်ကို ရင်ဆိုင်နိုင်သည့် တန်ခိုးတွေရှိသည်။

ထိုသို့ တွေးလိုက်မိသည်နှင့် အက်ဂါသာသည် ပရိုသီရိုးအပေါ်တွင် အချစ်ဝင်သွားသည်။ ဖဲင်နီမှာ အချိန်ကုန်ခါနီးမှ ပျာယီးပျာယာရောက်လာ၏။ ဖဲကြိုးတွေ၊ ရွှေနန်းတော်အဆောင်အယောင်တွေအပြည့်ဖြင့် ဆင်လာကာ ပါရီသူတွေဆောင်းလေ့ရှိသည့် ဦးထုပ်ကလေးကို ဆောင်းလာ၏။ သို့တိုင်အောင် ဖဲင်နီကိုကြည့်ရသည်မှာ သူစိမ်းတစ်ရံဆံတစ်ယောက်နယ်။

ခွဲကာနီးတွင် တစ်ယောက်ကိုတစ်ယောက် ဖက်၍ နှုတ်ဆက်ကြသည်။ ငယ်စဉ်ကတည်းက စိတ်ကောက်ခဲ့ကြပုံ၊ ပျော်ပါးခဲ့ကြပုံတို့သည် သူတို့မှတ်ဉာဏ်ထဲသို့ ပြန်ရောက်လာ၏။ သင်္ဘောမှ ငါးမန်းယက်ကြီးများက နောက်ကျိသောမြစ်ရေကို အမြှုပ်တွေထအောင် လည်ပတ်နေစဉ် ဖဲင်နီသည် တာရိုးပေါ်တွင် လက်ပြနေရာမှ ခပ်ထုံထုံသူ့သူငယ်ချင်း အက်ဂါသာနှင့်အတူ သူ့ဘဝလုံခြုံမှုတို့သည်လည်း ဝေးကွာသွားကြပြီလောဟု တွေးနေသည်။ ဖဲင်နီသည် လှည်းယာဉ်ပေါ်သို့တက်ကာ နန်းတော်ကြီးသို့ပြန်လာခဲ့စဉ် ပရိုသီရိုးနှင့် အက်ဂါသာတို့မှာမူ ရန်ကုန်နှင့် သူတို့အနာဂတ်ရှိရာသို့ စုန်ဆင်းသွားကြလေပြီ။ ထိုကမ္ဘာသည် ငယ်စဉ်ကတည်းက အက်ဂါသာမျှော်လင့်ခဲ့သော ကမ္ဘာဖြစ်သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

## တစ်ယောက်တည်းကျန်ရစ်ခဲ့သော မစ္စတာလန်စဒင်

လူတစ်ယောက်၏ဘ၀တွင် မိမိတောင့်တခဲ့သောအရာကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ရရှိခဲ့ပြီဆိုသည်ဟု ထင်သည့်အချိန်တစ်ချိန်၊ သို့မဟုတ် ထိုအရာကို မရတော့ဘဲ ဆုံးရှုံးသွားပြီဟု သိလာသောအချိန်တစ်ချိန် ရှိတတ်ကြ၏။ တောင့်တမှုကြီးမားသည်နှင့်အမျှ ဆုံးရှုံးမှုပမာဏသည်လည်း ကြီးမားတတ်လေသည်။ သာမန်အညတရသာဖြစ်၍ မည်သူကမျှလည်း အထင်ကြီးခြင်းမရှိ၊ နောင်လာနောင်သားတို့ကလည်း သတိထားမိကြသည်မဟုတ်သော သာသနာပြုဆရာကလေး မစ္စတာလန်စဒင်သည် ယခုထိုအချိန်မျိုးသို့ ဆိုက်ရောက်လာခဲ့လေပြီ။ အလှအပကို ခံမင်မက်မောသော်လည်း ထိုအလှကို မကြည့်တတ်သည့် မစ္စတာလန်စဒင်သည် သမီးတစ်ယောက်ဆုံးရှုံးရသည့် အတိုင်းအတာကိုလည်း ထိထိခိုက်ခိုက် မခံစားလိုက်ရချေ။

မိုးစက်တို့ တဖြောက်ဖြောက်မြည်နေသည့် သာသနာပြုကျောင်းသို့ ပြန်ရောက်လာသည့်အခါတွင် လန်စဒင်သည် တောင်ထိပ်သို့ရောက်ပြီး အဆင်းကိုဆင်းရမည့်သူများ ကြုံတွေ့ရတတ်သည့် အဖြစ်မျိုးနှင့် ရင်ဆိုင်နေရသည်။ ယခင်ကမူ သူ့နေ့စဉ်ကိစ္စတွေကြောင့် ထိုအဖြစ်ကို သူသတိမထားခဲ့။ တောင်ထိပ်တစ်ခုပြီးတစ်ခု တက်လာတိုင်း ထိုတောင်ထိပ်သည် မပြောပလောက်သည့် တောင်ထိပ်ကလေးတစ်ခုသာ ထင်ခဲ့သည်။ သို့ရာတွင် သေသေချာချာ ပြန်ကြည့်လိုက်သည့်အခါတွင်မူ မိမိသည် အမြင့်ဆုံးသော တောင်ထိပ်ကြီးတစ်ခုကို တက်နေကြောင်း တွေ့လာရပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိမိသည် အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့နယ်ခြားကို မည်သည့်အချိန်က မည်သို့မည်ပုံ ကျော်ဖြတ်ခဲ့၊ မျှော်လင့်ချက်ဆုံးရှုံးခြင်းတို့ မည်သည့်အချိန်တွင် ဘီလူးစည်း လူ့စည်းကွဲပြားသွားခဲ့ပုံတို့ကို ခွဲခွဲခြားခြား သိမြင်ရသည့်အချိန်သည် ရောက်လေပြီဟု သဘောပေါက်လာခဲ့သည်။ ထိုကာလကလေးသည် အမွေးလဲပြီးစ ဇီးကွက်တစ်ကောင်၏တောင်ပံ တိတ်ဆိတ်စွာ ပျံသန်းသွားခဲ့ပြီ။ ထိုကာလကလေးကို အမှတ်မထင် ပျံသန်းသွားခဲ့ကြပြီး လွန်သွားသည့်အခါမှ ထိုအချိန်ကလေးသည် နပျိုခြင်းနှင့် ဇရာတို့ကြားက နယ်နိမိတ်မျဉ်းကြောင်းဖြစ်သည်ကို သိလိုက်ကြရသည်။ ထိုအရာကို ဆုံးရှုံးပြီးမှ ဆုံးရှုံးမှုမှန်း သိကြရသည်။ ထိုအခါကျမှပင် ကူးပြောင်းသည့်ကာလကလေးသည် အတိတ်တွင်ကျန်ခဲ့ကြောင်း သိရသည်။

မစ္စလန်စဒင်သည် ထိုအကြောင်းကို သဘောပေါက်လေပြီ။ ယခုလို တစ်ယောက်တည်းနေရသည့်အတွက် သဘောပေါက်လာခြင်းဖြစ်သည်။ သံကိုယ်စားလှယ်အဖွဲ့ဝင်များသည် တစ်ယောက်နှင့်တစ်ယောက် ခရစ်ယာန်မဆန်သော ဆက်ဆံမှုမျိုးဖြင့် ဆက်ဆံနေကြခြင်းအတွက် သာသနာပြုအဖွဲ့ဝင်တစ်ယောက်အနေဖြင့် မိမိဘာမျှမတတ်နိုင်။

ပီယာပွန့်သည် သူ့တာဝန်ဖြစ်သည့်အလျောက် တိုင်းရေးပြည်ရာများကို လာရောက်ဆွေးနွေးခြင်း ပြုပါ၏။ သူ့ထုံးစံအတိုင်း ရင်းနှီးဖော်ရွေခြင်းရှိပါ၏။ သို့ရာတွင် အက်ဂါသာရှိစဉ်ကနှင့်မတူ။ နေ့ရက်များသည် ကုန်ခဲပါဘိခြင်း။ မစ္စတာလန်စဒင်သည် စကားနည်းနည်း၊ ခပ်အေးအေးနေတတ်သည့် မစ္စတာရှောကို သဘောကျသည်။ ယခုသူလည်း မရှိတော့ပြီ။

လွန်ခဲ့သည့်လများအတွင်းက ဖြစ်ပွားခဲ့သော အရေးအခင်းများကြောင့် ယခင်ကဲ့သို့ ပျော်ပျော်ပါးပါးနေခဲ့ရသည့် ကာလတို့လည်း မရှိတော့။ ယခုအချိန်တွင် အဖြစ်အပျက်သည် ငြိမ်သက်ရပ်တန့်နေသည်ဟုထင်ရကာ ပျင်းရိငြီးငွေ့ဖွယ် အခြေအနေသာလျှင် ကြီးစိုးလွှမ်းမိုးနေသည်။ အိမ်ထဲတွင် ဖဲင်နီ သို့မဟုတ် အက်ဂါသာတို့ မရှိတော့သည့်အတွက် မိန်းမနှင့်ပတ်သက်သော အရိပ်အယောင်ဆို၍လည်း ဘာမျှမရှိတော့။

အဝတ်အစားနှင့် ဖက်ရှင်အကြောင်းပြောသံ၊ ပိုးထည်တို့ပွတ်တိုက်သံ၊ အသံအေးအေးချိုချိုဖြင့် အက်ဂါသာသီချင်းဆိုသံတို့ကို မကြားရတော့ပြီ။ သူတစ်ယောက်တည်းနေရခြင်းသည် ဘဝနိဂုံးချုပ်ကာနီးတွင် ကျရောက်သော အသေငယ်ကလေးဆိုက်သည့်အချိန်ပင်ဖြစ်သည်။ လန်စဒင်သည် သူ့တစ်သက်တွင် တောင့်တခဲ့သော်လည်း ဘယ်တော့မှ ဖမ်းဆုပ်ကိုင်မရလိုက်သော၊ ပျံဝဲသွားသော မိန်းမဝတ်စုံ၏အနားကို လှမ်းမြင်လိုက်ရသည်ဟုထင်သည်။ ဇနီးသည်အပေါ်တွင် ချစ်ခဲ့သောအချစ်ဖြင့် အတိုးချ၍ ချစ်ခဲ့ရသော သမီးဖြစ်သူ အက်ဂါသာကို သူလွမ်းသည်။

အိန္ဒိယပြည်တွင် မတွေ့ရသော မြန်မာတို့၏ ပျော်ပျော်ပါးပါးနေတတ်သော သဘာဝကို သူသတိပြုမိလိုက်သည်။ ယခုမူ သူတစ်ယောက်တည်းသာ ကျန်တော့သည်။

---



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က အထိတ်ထိတ်အလန့်လန့်နေခဲ့ရသည့် အရာသည်ပင်လျှင် မရှိတော့။ သာမန်အားဖြင့်ဆိုလျှင် သူ့လုံခြုံမှုအတွက် သူဘာမျှစိုးရိမ်ခြင်းမရှိခဲ့။ အခွင့်အခါသင့်လျှင် အာဇာနည်ပီပီ သေသွားချင်သည့် စိတ်ကူးမျိုးပေါ်ခဲ့ဖူးသော်လည်း ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသော ယခုအချိန်တွင် ထိုစိတ်မျိုးတို့သည်ပင် မကျန်တော့ပြီ။

သားသမီးတစ်ယောက်ယောက် အိမ်ထောင်ကျသွားလျှင် မိဘတို့ ဖြစ်မြဲဓမ္မတာအတိုင်း လန်စဒင်သည် သူ့ကိုယ်သူ အိုမင်းသွားပြီဟု စိတ်တွင်ထင်နေသည်။ သူ့ဘဝတွင် တစ်ယောက်တည်းကျန်ရစ်ခဲ့လေပြီး မိမိသည် ပျို့ရွယ်ရှုချင်ဖွယ်ရှိခြင်းမရှိတော့။ သူ့ကိုယ်သူပင် မှန်ထဲကို ပြန်မကြည့်ချင်တော့သည်အထိ စက်ဆုပ်နေလေပြီ။

တစ်ခါက လှပတင့်တယ်နေချင်စဖွယ်ဖြစ်သော လူ့ဘဝကြီးသည် လက်ဖျားကြားမှ လျှောထွက်သွားသည့်နှယ် ချက်ချင်းပျောက်ကွယ်သွားကြပြီး သူ့တွင် ဆုံးရှုံးမှုနှင့် အကျည်းတန်မှုတို့သာလျှင် ကျန်ရစ်ခဲ့တော့သည်။ ကာလအတန်ကြာအထိ အရာခပ်သိမ်းတို့သည် အမှားတွေချည်းဟု သူထင်ခဲ့သည်။ သာသနာပြုလုပ်ငန်းသည်လည်း အကျိုးမဲ့ အရာမထင်သော လုပ်ငန်းများသာဟုသာ အောက်မေ့ခဲ့သည်။ သူ့ကို ရှေ့ဆောင်လမ်းပြခဲ့သည့် ဘာသာတရားတည်းဟူသော အလင်းရောင်ကိုလည်း သူသံသယဖြစ်ခဲ့လေပြီ။ ထိုသံသယလောက် လူတစ်ယောက်ကို စိတ်ထိခိုက်စေနိုင်သော သံသယဟူ၍လည်း လောကဘွင်မရှိ။

မစ္စတာလန်စဒင်သည် တိတ်ဆိတ်သောညနေခင်း၌ ဝရန်တာတွင် တစ်ယောက်တည်း ထိုင်နေသည်။ မိုးမှာ စဲသွားခဲ့လေပြီ။ လန်စဒင်သည် တစ်ယောက်တည်းထိုင်ရင်း သီလရှင်ကျောင်းမှ ခေါင်းလောင်းသံ၊ မြန်မာဘုန်းကြီးကျောင်းဆီမှ ထွက်ပေါ်လာသော ခေါင်းလောင်းသံတို့ ကို နားထောင်နေသည်။ ထိုခေါင်းလောင်းသံတို့ကို နားထောင်နေရင်း ဓမ္မသီချင်းတို့၏ အနက်အဓိပ္ပာယ်သည် အဘယ်နည်းဟု သူတွေးသည်။ ထို့နောက် သတိကို ပြန်ထိန်းကာ သူတစ်သက်လုံးရှောင်ကြဉ်ခဲ့သည့် တရားတော်အပေါ်တွင်ဖြစ်သော သံသယကို သိမ်းဆည်းခဲ့သည်။

မိမိကဲ့သို့သော သာမန်ပုဂ္ဂိုလ်တစ်ယောက်အား မွန်မြတ်သန့်စင်အောင် လုပ်ပေးနိုင်သော သာသနာ၏အဆုံးအမကို ယုံမှားသံသယဖြစ်လာပြီဆိုလျှင် မိမိတွင် ဘာများကျန်ပါသေးသနည်း။ သို့မကျန်တော့လျှင် ဘာမျှအကြောင်းမဟုတ်တော့ဟု သူစိတ်ပျက်လက်ပျက်ဖြင့် တွေးသည်။ သို့တိုင်အောင် ကိုယ်ကျိုးစွန့်ပြီးဖြစ်ပါသည်ဆိုသော ပုဂ္ဂိုလ်များ၌ပင်လျှင် အငုတ်ကျန်နေသေးသော ငါဆိုသည့်အရာသည် အဘယ်သို့ ရောက်သွားပြီနည်း။

သင်သည် သင်ဖြစ်သောကြောင့် အရေးကြီးနေခြင်းမဟုတ်။ သင့်ကိုယ်သင်မှ အရေးမထားလျှင် အခြားဘယ်သူကမျှ အရေးထားတော့မည်မဟုတ်သောကြောင့် သင့်ကိုယ်သင် အရေးထားခြင်းဖြစ်သည်ဟု ထိုအရာက သတိပေးနှိုးဆော်လျက်ရှိသည်။ သို့ဖြင့် လန်စဒင်သည် အရေးထားခြင်းနှင့် အရေးမထားခြင်းကြားတွင် ဗျာများလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


မန္တလေးနှင့်တကွ မန္တလေးနှင့်ဆက်သွယ်နေသူတိုင်းအတွက် ယခုလောလောဆယ် အရေးကြီးသော ပြဿနာမှာ မန္တလေးတွင် နောက်ထပ်အင်္ဂလိပ်သံကိုယ်စားလှယ်အဖွဲ့ဆက်လက်ထားရှိခြင်း ပြုမပြုဆိုသည့် ပြဿနာဖြစ်သည်။

ယခုအချိန်၌ သီပေါမင်း၏လုပ်ပုံကြောင့် ဗြိတိသျှတို့၏ သံကိုယ်စားလှယ်အဖွဲ့မှာ အကြီးအကျယ် သိက္ခာကျနေကြချိန်ဖြစ်သည်။ သီပေါမင်းသည် မစ္စတာရှောကို သံကိုယ်စားလှယ်အဖြစ် တစ်ခါမျှ လက်ခံတွေ့ဆုံခြင်းမရှိ။ သူ့အား ဆက်ခံမည့်သူကိုလည်း လက်ခံတွေ့ဆုံဖွယ်မမြင်။ ထိုမျှမက ဗြိတိသျှတို့လက်အောက်ခံဖြစ်သော အင်္ဂလိပ်၊ တရုတ်၊ ကုလားစသည့်တို့ကိုလည်း မထီမဲ့မြင်ပြုခဲ့ရုံမျှမက တိုင်တန်းချက်မှန်သမျှကိုလည်း လျစ်လျူရှုခဲ့သည်။

သို့ဖြင့် ဂရိတ်ဗြိတိန်သိက္ခာသည် အများအမြင်တွင် ကျဆင်းလျက်ရှိကာ နောက်ထပ်သံကိုယ်စားလှယ်တစ်ဦး ရောက်လာသည့်အတွက်လည်း အကျိုးထူးလာစရာအကြောင်းမမြင်ရဘဲ ဖြစ်နေသည်။ ထိုအတိုင်းသာဆက်လက်ရှိနေလျှင် အထက်မြန်မာပြည်တွင်ဖြစ်နေသည့် အခြေအနေများကို သဘောတူသည့်နှယ်သို့မဟုတ် လက်ပိုက်ကြည့်နေသည့်နှယ် ဖြစ်နေပေလိမ့်မည်။

ထိုသို့မဟုတ်ဘဲ ထိုအခြေအနေကိုအဆုံးသတ်ရန် သဘောချမှတ်ပြန်လျှင်လည်း ထိုသဘောထားနောက်တွင် လက်တွေ့တစ်ခုခုလုပ်ရမည့်သဘော ဖြစ်နေသည်။ ထိုသို့ တစ်စုံတစ်ခု လက်တွေ့လုပ်ဆောင်ရန်မှာလည်း အောက်မြန်မာပြည်အစိုးရသည် ကြားလမ်းတစ်ခုကို ရွေးသည့်အနေဖြင့် ဝန်ရှင်တော်ချုပ်ကလည်း ယုံကြည်စိတ်ချရ၍ မြန်မာပြည်နှင့် မြန်မာတို့အကြောင်းကိုလည်း သေချာစွာသိသော ဗိုလ်မှူးကြီး ဟိုးရေ့စ်ဘရောင်းကို အထူးတာဝန်ပေးအပ်ခြင်းခံရသော သံကိုယ်စားလှယ်အဖြစ်ခန့်မည်ဆိုသည့် ကိစ္စမှာမူ ဘုရားသခင်အလိုတော်အတိုင်းသာလျှင် ဖြစ်ပေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၈ ]

## မစ္စတာလန်စဒင်နှင့် သံကိုယ်စားလှယ်အဖွဲ့

ဗိုလ်မှူးကြီးဘရောင်းသည် ဇွန်လ၂၂ ရက်နေ့တွင် သင်္ဘောဖြင့် မန္တလေးသို့ ရောက်လာရာ သံကိုယ်စားလှယ်အဖွဲ့ဝင်သုံးဦး၊ ပီယာပွန်၊ ဖယ်ယာနှင့် ဆရာဝန်တို့ သင်္ဘောဆိပ်သို့ဆင်းကြိုပြီး မစ္စတာလန်စဒင်က သူ့အိမ်မှဆီးကြိုသည်။ ဗိုလ်မှူးကြီးဘရောင်းမှာ မစ္စတာရှောနှင့် လားလားမျှမတူ။ ကိုယ်လုံးကိုယ်ပေါက်တုတ်တုတ်ခိုင်ခိုင်၊ ဗလကောင်းကောင်း အပြည့်ရှိသူဖြစ်သည်။ ပြည့်လွန်း၍ပင် နေသေးသည်။

ဗိုလ်မှူးကြီးသည် အိုမင်းဟောင်းနွမ်းနေသော သံတဲနှင့် ဝင်းထရံကာထားသော သံတဲဝင်းကို အထင်သေးစိတ်ပျက်ဟန်ဖြင့် တစ်ချက်မျှကြည့်လိုက်ပြီးနောက် မိမိနှင့်တကွ မန္တလေးတွင်ရှိသည့် ဗြိတိသျှလူမျိုး၏ လုံခြုံရေးအတွက် အစောင့်ချထားသော မဒရပ်စစ်ဗာရီ ၂၀ တို့ကိုလည်း စိတ်ပျက်အထင်သေးသည့်ဟန်ဖြင့် ကြည့်သည်။

သူရောက်လျှင် သံတဲတွင် ပထမဆုံးလုပ်သည့်အပြောင်းအလဲမှာ နေ့စဉ်မြို့ထဲသို့ လျှောက်ကြည့်ခြင်းဖြစ်သည်။ မြို့ထဲထွက်သည့်အခါတွင် ချိုင့်တွေ၊ ကျင်းတွေ၊ ရွှံ့ဗွက်တွေ ထူထပ်သည့်လမ်းများတွင် ခြေကျင်သွားရန်မသင့်သည့်အတွက် သူနှင့်နောက်လိုက်နောက်ပါများက စီးရန် လားဝယ်သည်။ လားများမှာ ခရီးသွားလာရာတွင် အသုံးဝင်သော သတ္တဝါဖြစ်သည်ဟု သူယူဆသည်။

---



www.burmeseclassic.com

www.burmeseclassic.com


ဗိုလ်မှူးကြီးဘရောင်းသည် သူ့ဇာတိဖြစ်သည့် အင်္ဂလန်ပြည်ကုန်းမြင့်များပေါ်မှ တိုက်လာသော လေပြင်းတစ်ချက်လို မန္တလေးသို့ ပြုန်းစားကြီးရောက်လာခြင်းဖြစ်သည်။ သားရေဂျာကင်ကြီးကို အမြဲဝတ်ထားသည့်အတွက်လည်း တောင်ပေါ်သားတစ်ယောက်နှင့် ပို၍တူနေသည်။ ဗိုလ်မှူးကြီးဘရောင်းသည် မစ္စတာလန်စဒင်ကိုလည်း နိုင်ငံရေးတွင် စိတ်ဝင်စားခြင်းမရှိအောင် လုပ်နိုင်သူတစ်ဦးဖြစ်၏။

"လူတွေရဲ့ကသိုလ်နဲ့အကုသိုလ်က အရေးကြီးပါတယ်ဗျာ။ ဒီတော့ အဲဒီဂိုဏ်းအုပ်ကို သူ့အလုပ်သူလုပ်စမ်းပါစေ"

ဟု ဗိုလ်မှူးကြီးဘရောင်းက ပြောသည်။

အရေးတကြီးကိစ္စများတွင် ဘာသာတရားကို ဘေးချိတ်ကာ လက်တွေ့ကျကျ စဉ်းစားသည့်တိုင်လူမျိုးအသီးသီးတို့၏ ဘာသာတရားအသီးသီးတို့ကို ကောင်းစွာ နားလည်လေးစားတတ်သည်။ ဗိုလ်မှူးကြီးဘရောင်းသည် ရန်ကုန်မြို့ကုန်သည်ကြီးများအသင်း၊ ဗြိတိသျှပိုင် မြန်မာပြည်ဆိုင်ရာ ဝန်ရှင်တော်မင်းကြီးချုပ်နှင့် အိန္ဒိယဘုရင်ခံချုပ်တို့ အပြန်အလှန်ပေးစာများကို မစ္စတာလန်စဒင်အားပြသည်။ ကုန်သည်များအသင်းသည် ကုန်သွယ်ရေးကိစ္စမှအပ အခြားမည်သည့်ကိစ္စကိုမျှထည့်သွင်းခြင်းမရှိဘဲ ဝန်ရှင်တော်မင်းကြီးထံသို့ ရှည်လျားသော တိုင်တန်းစာတစ်စောင်ကို ပို့လိုက်သည်။

ထိုစာ၌ အထက်နှင့်အောက်မြန်မာပြည် နယ်စပ်တစ်လျှောက်တွင် ဗြိတိသျှအစိုးရ၏ စစ်တပ်များကို လုံခြုံရေးအတွက် တိုးချဲ့ထားခြင်းကြောင့် မိမိတို့ကုန်များကို မန္တလေးမှ ကောင်းစွာဝယ်ယူခြင်း မပြုတော့ကြောင်း၊ ထို့ကြောင့် နယ်စပ်တစ်လျှောက်ချထားသော စစ်တပ်များကို ပြန်လည်သိမ်းပေးစေလိုကြောင်း စာတွင် ဖော်ပြထားသည်။ ဤတွင် အိန္ဒိယအစိုးရ၏ ပိုနေမြဲ ကျားနေမြဲအယူအဆနှင့် အထက်မြန်မာပြည်နှင့် ပတ်သက်၍ ပိုမိုကောင်းမွန်သော ပေါ်လစီတစ်ရပ်ကို ချမှတ်သင့်သည်ဟူသော မိမိ၏အယူအကြားတွင် ဝေခွဲမရဖြစ်နေသည်။

ဝန်ရှင်တော်မင်းကြီး အက်ရှီဆန်သည် ကုန်သည်ကြီးများအသင်း၏ပေးစာနှင့် ပတ်သက်၍ ကိုယ်တိုင်ကိုယ်ကြပ် ဘာမျှအဆုံးအဖြတ်မပေးသည့်အတွက် လေကောင်းလေသန့်ရှူရှိုက်ရန် ဆင်းမလားသို့ရောက်နေသည့် အိန္ဒိယအစိုးရထံသို့ စာကိုပို့လိုက်သည်။ သူ၏ထင်မြင်ချက်ကိုလည်း ထုတ်ဖော်ရေးသားလိုက်သည်။ မစ္စတာလန်စဒင်သည် ရက်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျေနပ်စွာပြုံးရင်း အက်ရှီဆန်၏စာကို ဖတ်နေသည်။

"ဝန်ရှင်တော်မင်းကြီးချုပ်သည် ကုန်သွယ်မှုလျော့ကျနေသည့် အခြေအနေအတွက် လွန်စွာဝမ်းနည်းခြင်းဖြစ်ရပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိသည့်အလျောက် ထိုပြဿနာကို ဗြိတိသျှအိန္ဒိယအစိုးရသိသာရန် တင်ပြသည်။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com


ဝန်ရှင်တော်မင်းကြီးချုပ်သည် နယ်စပ်ဒေသတွင်စစ်တပ်များ ချထားခြင်းကြောင့် ကုန်သွယ်မှု ကျဆင်းလာရသည်ဆိုသော ကုန်သည်ကြီးများအသင်း၏ အယူအဆကိုမူ သဘောမတူနိုင်ပါ။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ပေါ်ပေါက်လာသော လူမဆန်သည့် သတ်ဖြတ်မှုများဖြစ်ပေါ် ခဲ့ပြီးနောက် မန္တလေးတွင်ဖြစ်ပေါ်နေသော စိုးရိမ်ဖွယ်ရာ အခြေအနေများကြောင့် စစ်တပ်များကို ချထားခဲ့ရခြင်းဖြစ်သည်။

ဤသို့ စစ်တပ်များကို ချထားခဲ့ရခြင်းသည် ကျွန်ုပ်တို့နှင့် မန္တလေးနန်းတော်ကြီးတို့၏ တစ်ဖက်နှင့်တစ်ဖက် သေချာရေရာခြင်းမရှိသော ဆက်ဆံရေး ပေါ်ပေါက်ရခြင်း၏ အကြောင်းအရင်းမဟုတ်ဟူ၍ ရလာဒ်သာဖြစ်ပါသည်။ ကျွန်ုပ်တို့ပိုင်နယ်များ ငြိမ်းချမ်းသာယာရေး၊ မန္တလေးရှိ သံကိုယ်စားလှယ်အဖွဲ့နှင့် ဥရောပတိုက်သားများ၏ အသက်အိုးအိမ်လုံခြုံရေးတို့ကို ထိပါးလာသော မြန်မာဘုရင်၏ ရက်စက်ရိုင်းပျမှုများနှင့် စစ်ပြင်ဆင်မှုများကြောင့် စစ်တပ်များကို ချထားရခြင်းဖြစ်သည်" ဟု ပါရှိသည်။

ထိုစာထဲ၌ အင်းဝဘုရင်သည် စစ်ပြင်ဆင်မှုများကို တိုးတက်လုပ်ဆောင်လျက်ရှိကြောင်း ပြီတိသျှတို့ဘက်မှ အလားတူစစ်ပြင်ဆင်မှုများကို လုပ်ရသည့်အတွက် စရိတ်စကများစွာကုန်ကျကြောင်း။ စစ်ပြင်ဆင်မှုများကို လျှော့ချလျှင် လုံခြုံမှုရှိမရှိကို သံကိုယ်စားလှယ်မစ္စတာရှောထံ မေးမြန်းစုံစမ်းခဲ့ရာ မစ္စတာရှောက လုံခြုံမှုမရှိဟု ဖြေကြားခဲ့ကြောင်း။ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း သဘောတူရကြောင်း ဖော်ပြကာ အောက်ပါအတိုင်း ဆက်လက်ဖော်ပြထားသည်။

"ထို့နောက်မှစ၍ ဝန်ရှင်တော်မင်းကြီးချုပ်၏ ထင်မြင်ချက်ကို မည်သည့်အရာမျှ ပြောင်းလဲစေခြင်းငှာ မတတ်နိုင်တော့ပါ။ ဝန်ရှင်တော်မင်းကြီးချုပ်သည် ကုန်သည်များ၏ စိုးရိမ်မှုများနှင့် နစ်နာမှုများကို စာနာထောက်ထားသည့်တိုင် ယခုလောလောဆယ်တွင် စစ်တပ်များလျှော့ကျခြင်းကို ထောက်ခံခြင်းမပြုတော့ပါ။ အမှန်အားဖြင့် ကုန်သွယ်မှုကျဆင်းခြင်းသည် ထိုအကြောင်းကြောင့်ဖြစ်သည်ဟု ကုန်သည်ကြီးများအသင်းက မှားယွင်းစွာယူဆနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် လူများ၏ အသက်အိုးအိမ်လုံခြုံရေးအတွက် ကျရောက်နိုင်သည့်အန္တရာယ်ကို တားဆီးရန်မှာ မိမိ၏ အဓိကတာဝန်ဖြစ်သည်ဟုယူဆမိပါသည်" ဟု ဖော်ပြထားပါသည်။

ဗိုလ်မှူးကြီးဘရောင်းသည် ရယ်ရယ်မောမောဖြင့် စာကိုပြန်ယူလိုက်ရင်း . . .

"အင်း . . . သူပြောတာလည်း ဟုတ်တော့ဟုတ်ပါတယ်။ ကူးသန်းရောင်းဝယ်ရေးရဲ့ ဗဟိုချက်ဟာ မန္တလေးမဟုတ်လား။ မန္တလေးမှာ အခြေအနေငြိမ်သက်အေးချမ်းတယ်ဆိုရင်တော့ အားလုံးအစစအရာရာ အဆင်ပြေချောမောတာပေါ့။ ဒါပေမဲ့ ဒီမှာ မငြိမ်မသက် ဖြစ်နေခင်တော့ ငွေလက်ငင်းမရရင် ကုန်တွေမပို့ကြနဲ့ပေါ့။ ဒီတော့ အကြွေးမရောင်းတဲ့အခါကျတော့ ကုန်ကူးသန်းရောင်းဝယ်ရေးဟာလည်း ရပ်တန့်သွားတော့တာပေါ့။ ဒီလိုပဲ ချာချာလည် နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းမလားကကော ဘာပြောသေးလဲ"

ဟု မစ္စတာလန်စဒင်က မေးသည်။

"အို . . . ဆင်းမလားကတော့ ကုန်သည်ကြီးတွေကို လေပျော့ကလေးနဲ့ နှစ်သိမ့်လိုက်တာပေါ့။ ဗြိတိသျှမြန်မာနိုင်ငံ၏ အထွေထွေကာကွယ်ရေးအတွက် ကျွန်ုပ်တို့ တပ်များ ချထားမှုနှင့် ပတ်သက်သောကိစ္စကို ကုန်သည်ကြီးများအသင်းနှင့် ဆွေးနွေးရန် မလိုအပ်ဟု ဘုရင်ခံချုပ်က ယူဆပါသည်လို့ စာမှာပါတယ်ဗျ"

ပီယာပွန်က ပြုံးလိုက်လျက် . . .

"ဒီစာကို ဘုရင်ခံချုပ်ကိုယ်တိုင် ရေးတယ်ထင်တယ်ဗျ။ ဘုရင်ခံချုပ်က စကားလုံးပြောင်ပြောင်ရေးတဲ့ နေရာမှာတော့ နမူနာပဲ။ ဝန်ရှင်တော်မင်းကြီးချုပ်ဟာ ဘုရင်ခံချုပ်နဲ့ ပေါ်လစီကိစ္စမှာ သဘောထား ထပ်တူထပ်မျှမဖြစ်သည့်တိုင် ဒီလိုနေရာမျိုးမှာတော့ တော်တော်အထင်ကြီးတယ်။ ဘုရင်ခံချုပ်ကတော့ တကယ့်ခေါင်းဆောင် ပီသပါတယ်ဗျာ"

ပီယာပွန့်သည် ကျေနပ်နေသည်။ အကယ်၍ အကာအကွယ်မဲ့ အသတ်ခံပါဟုဆိုလျှင်ပင် ဘုရင်ခံချုပ်၏ အမိန့်ဖြင့်ဆိုလျှင် အသတ်ခံမည့်ပုံမျိုးဖြစ်သည်။

သူတို့စကားပြောနေကြစဉ် လန်စဒင်သည် သွားလေသူမစ္စတာရောကို အမှတ်နေသည်။

ဗိုလ်မှူးကြီးဘရောင်းက . . .

"အက်ချီဆန်ဟာ အလျင်တုန်းကအိန္ဒိယအစိုးရရဲ့ နိုင်ငံခြားရေးအတွင်းဝန်ပဲဗျ။ နောက်တော့ မြန်မာပြည်ကိုလာချင်တာနဲ့ ဒီရာထူးကိုလက်ခံခဲ့တယ်။ အနောက်မြောက်နယ်စပ်နဲ့ပတ်သက်တဲ့ ပေါ်လစီမှာလေတန်နဲ့ သဘောကွဲနေတော့ ဟိုမှာလည်း မနေချင်တော့ဘူးလေ။ သူနဲ့လေတန်နဲ့မတည့်ပေမဲ့ လေတန်ဟာ ဘုရင်ခံချုပ်တွေထဲမှာတော့ ပါရမီထူးတဲ့လူ။ ပြဿနာရဲ့ဗဟိုချက်မကို အမြန်ဆုံးကောက်ကိုင်တတ်သူအဖြစ် လေးစားတုန်းပါပဲ။

ကျွန်တော်တို့က ခပ်ရိုးရိုးဆိုတော့ ပါရမီထူးချွန်တာတွေ၊ ဘာတွေ နားမလည်ဘူးဗျာ။ ဒါလ်ဟိုဇီတို့၊ ရေမိုတို့မှ ခုပြဿနာတွေကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ယုံကြည်တယ်၊ အာဖဂန်ကိစ္စရော၊ မြန်မာပြည်ကိစ္စရောဆိုရင် လေတန်လည်း ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ အပြစ်မဲ့အမျိုးသမီးတွေနဲ့ ကလေးတွေကို အစုလိုက်အပြုံလိုက် အကြောင်းမဲ့သတ်ပစ်တဲ့ အခါကျတော့ လေတန်စိတ်ထိခိုက်တယ်"

"ပြီးတော့ လူသတ်ပွဲကလည်း ဒီနေ့အထိနည်းနည်းတော့ ဆက်ဖြစ်နေတုန်းပဲ၊ ဒါပေမဲ့ အင်္ဂလိပ်သံကိုယ်စားလှယ်ကို စော်ကားတာ၊ အင်္ဂလိပ်တွေနဲ့ ရင်းရင်းနှီးနှီးဆက်ဆံတယ်လို့ မသင်္ကာတဲ့မြန်မာတွေရှိရင် ရာထူးကဖယ်ရှားပစ်တာတွေကျတော့ လေတန်ဟာ ဥပေက္ခာပြုထားတယ်။ ကုန်သွယ်မှုကျဆင်းတာနဲ့ ပတ်သက်လို့လည်း သူ ဘာမှဂရုမစိုက်ဘူး။ နယ်စပ်မျဉ်းကြောင်းတစ်လျှောက်မှာ မြန်မာတွေက နေ့စဉ်နဲ့အမျှ ကျူးကျော်ဖောက်



www.burmeseclassic.com

www.burmeseclassic.com


ဖျက်နေတဲ့ ကိစ္စတွေကိုလည်း သူအရေးမထားဘူး။ နန်းတွင်းအစုက အင်္ဂလိပ်သံကိုယ်စား လှယ်အဖွဲ့အပေါ် အချိန်မရွေး ရန်ပြုလာနိုင်တဲ့အချက်ကိုလည်း အသာလက်ပိုက်ကြည့်နေ တယ်"

မစ္စတာလန်စဒင်သည် သူပြောသည့်စကားများကို လက်ခံရုံမှအပ အခြားဘာမျှ မပြောတော့ပြီ။ အန္တရာယ်ကင်းဝေးရာမှ ထိုင်၍ စဉ်းစားနေခြင်းမဟုတ်ဘဲ ကျိုးလန့်စာစား ကာလကြီးကို ကိုယ်တွေ့ ကြုံရသူများအဖို့ သူ့စကားများသည် ဘာမျှငြင်းစရာအကြောင်း မရှိ။ သို့ရာတွင် မစ္စတာလန်စဒင်သည် နဂိုကမှ ခပ်အေးအေးနေတတ်သူဖြစ်သည့်အတွက် ဤသို့သောအမြင်များကိုမူ လက်မခံနိုင်။ သူ့အမြင်တွင် သူတို့နှင့်မတူဘဲ ကွဲပြားနေသည်။ သို့ရာတွင် အဖြစ်အပျက်များက သူတို့ပြောသည့်အတိုင်း မှန်နေသည့်အတွက် ပိုင်ပိုင်နိုင်နိုင် လည်း မပြောနိုင်။

မိမိသည် ခရစ်ယာန်လူမျိုးတို့၏ စောင့်ရှောက်သူလောဟု မေးလျှင်ဟုတ်သည်ဟု ချက်ချင်း အဖြေထွက်ပေလိမ့်မည်။ ထို့ကြောင့်ပင် ဆရာအလုပ်ကို ရွေးချယ်ခဲ့ခြင်းမဟုတ် လော။ လန်စဒင်သည် မိမိ၏သာသနာပြုလုပ်ငန်းကို လေးနက်စွာ ယုံကြည်သည့်တိုင် တစ်ခါ တစ်ရံတွင်မူ စဉ်းစားမိသည်။

မိမိသာသနာပြုလုပ်ငန်းတစ်လျှောက်တွင် လန်စဒင်သည် သိမ်းပိုက်အုပ်စိုးသူတို့ ၏ ပြုမူကျင့်ကြံပုံများနှင့်ပတ်သက်၍ များစွာ အနှောင့်အယှက်ဖြစ်ခဲ့ရ၏။ ငယ်ငယ်တုန်းကမူ ဗြိတိသျှလူမျိုးတို့၏ သိမ်းပိုက်အောင်မြင်နိုင်ခြင်းကို ခံရသည့် လူမျိုးတစ်မျိုးသည် ဘုရား သခင်၏ ကောင်းချီးမင်္ဂလာကိုရသည်နှင့် အတူတူပင်ဖြစ်သည်ဟု အောက်မေ့ခဲ့ဖူးသည်။ အထူးသဖြင့် မီးရထားစက်ခေါင်းနှင့် ခရစ်ယာန်သာသနာတို့ သံသယဖြစ်စပြုနေလေပြီ။ အထူးသဖြင့် အာဖဂန်စစ်ပွဲသည် သူ့စိတ်ကို များစွာ အနှောင့်အယှက်ပေးခဲ့သည်။

အာဖဂန်နှင့် စစ်ဖြစ်ရခြင်းအကြောင်းကို သိခဲ့ပြီးဖြစ်သည့်အလျောက် ပြန်၍စဉ်း စားကြည့်လိုက်သည့်အခါတွင် ထိုသို့စစ်ဖြစ်ရခြင်းသည် ဘာမျှဂုဏ်ယူဖွယ်မဟုတ်ကြောင်း ကို တွေ့လာရသည်။ ဗြိတိသျှတို့ဂုဏ်ယူကျေနပ်ခဲ့သည့် မန္တမတ်စာချုပ်သည် (စစ်ပွဲပြီးဆုံး သည့်အတွက် ထိုစာချုပ်ကို မိမိလည်း စိတ်ကျေနပ်မှုဖြစ်မိသည်။) သူ့အမြင်တွင် အဖုံးတန် သော်လည်း ပြန်၍ဆက်စပ်ထားရသည့် ပန်းအိုးတစ်လုံးနှင့်တူနေသည်။

ရုတ်တရက်ကြည့်လျှင် အကောင်းပကတိ လှပချောမွေ့နေသည်ဟု ထင်ရသော် လည်း အထိမခံ၊အကိုင်မခံ။ ထိလိုက်၊ ကိုင်လိုက်လျှင် ကျိုးပဲ့ပျက်စီးသွားမည့်အရာမျိုး ဖြစ် နေသည်။ မစ္စတာလန်စဒင်၏စိတ်ထဲတွင် ထိုသံသယမျိုးပေါ်လာခြင်းမှာ အခြားကြောင့် မဟုတ်။ ဘုရင်ခံချုပ်ကိုယ်တိုင်၏ စကားများကြောင့်ဖြစ်သည်။

အာဖဂန်သည်နောင်တွင် လူမျိုးတစ်မျိုးအနေဖြင့် ရပ်တည်ခြင်းမပြုနိုင်အောင် ဖြို ချရမည်ဟု လေတနက ကြုံးဝါးခဲ့သည်မဟုတ်လား။ အာဖဂန်စော်ဘွားသည် မိမိတို့ကဲ့သို့ သောအခြေခံအားဖြင့် ငြိမ်းချမ်းရေးလိုလားသည့်လူမျိုးထက် ရုရှားကိုအားကိုးနေသည့်


www.burmeseclassic.com

www.burmeseclassic.com


အတွက် ထိုနိုင်ငံကို ဖြိုခွဲပစ်ရမည်ဟု ကြုံးဝါးခဲ့သည် မဟုတ်လား။ ထိုစဉ် အင်္ဂလိပ်တို့က အထင်လွဲမှားကာ အတင်းအကျပ်ကိုင်နေခြင်းကြောင့် စိတ်ပျက်နာကြည်းနေသော အာဖဂန်စော်ဘွား ရှားအလီသည် ရုရှားတို့က သွေးဆောင်ဖြားယောင်းခြင်း ပြုလာသည့်အခါ မည်သို့ရှိမည်နည်း။

ထိုကျောက်ပြားကြီးနစ်ချုပ်ကြားတွင် အကြိတ်ခံရလျှင် မည်သို့ခံစားရမည်နည်း။ ဗြိတိသျှတို့ပေါ်လစီကို မည်သို့ နားလည်ရမည်နည်း။ ဗြိတိသျှတို့သည် အခြေခံအားဖြင့် ငြိမ်းချမ်းရေးလိုလားသည်မှာ မှန်ပါ၏။ သို့ရာတွင် သူ့ကို အောက်ကျို့မှ သဘောကျမည်မဟုတ်လော။ ဗြိတိသျှတို့သည် သိက္ခာရှိသည်မှန်ပါ၏။ သို့ရာတွင် သူတို့စိတ်တိုင်းကျနေပြမှ သိက္ခာရှိခြင်းမဟုတ်လော။ မိမိတို့အစိုးရ၏ ပေါ်လစီသည် မှန်ပါ၏လောဟု တစ်ခါတစ်ရံ သူ သံသယဖြစ်ချင်သည်။

ယခုမူ အင်းဝရွှေနန်းနှင့် ဆက်ဆံရာတွင် ဗြိတိသျှတို့က အထူးသိက္ခာရှိနေခြင်းကို ညည်းတွားသည့်အဖြစ်သို့ ရောက်နေပါပကော။ မြန်မာတို့သည် သူတို့ကိစ္စကို သူတို့ဘာသာ စီမံပိုင်ခွင့်ရှိသည်ဟု တစ်ဖက်က သူယုံကြည်သည်။ သို့ရာတွင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ချစ်ခင်သည့် အင်္ဂလိပ်တစ်ယောက်၏သွေးထဲတွင် ထိုအရာများသည် ဝင်ရောက်နှောင့်ယှက်နေကြသည်။

လန်စဒင်သည် သီဟာသနပလ္လင်ပေါ်တွင် ညောင်ရမ်းမင်းသားကို နန်းတင်လိုသည်ဆိုလျှင် တစ်စုံတစ်ခုသောအင်အားကို အသုံးပြုမှသာ ဖြစ်နိုင်ပေလိမ့်မည်။ မင်းတုန်းမင်းကြီးကိုယ်တိုင်ကလည်း ညောင်ရမ်းမင်းသားကိုပင် နန်းတင်စေလိုသောဆန္ဒ ရှိခဲ့သည် မဟုတ်လော။ မစ္စတာလန်စဒင်သည် မိမိအတွေးကို ဗိုလ်မှူးကြီးဘရောင်းအား ထုတ်ဖော်ပြောလိုက်သည်။

ဘရောင်းက သူ့ကို တောက်ပစူးရှသော မျက်လုံးများဖြင့် လှမ်းကြည့်၏။

"ခင်ဗျားကို ကျွန်တော် လျှို့ဝှက်ချက်ထုတ်ပြောလိုက်မယ်။ ညောင်ရမ်းမင်းသားနဲ့ သူ့ညီတော်ရော၊ သူတို့ရဲ့သားမယားတွေရော အားလုံးကို မစ္စတာရှောက တိတ်တဆိတ် ပို့လိုက်လို့ ရန်ကုန်ကိုရောက်လာတော့ ကျွန်တော်ပဲ ထိန်းသိမ်းစောင့်ရှောက်ထားရတယ်ဆိုတာ ခင်ဗျားသိပြီးလောက်ရောပေါ့။ ဟိုရောက်တော့ မန္တလေးရွှေမြို့တော်ကြီးထဲမှာရှိတဲ့ အလှမယ်များက သူတို့ကိုလုပ်ကြံဖို့ ရန်ကုန်ကို လူနှစ်ယောက်လွှတ်လိုက်တယ်။ ဒါကြောင့် ညောင်ရမ်းညီနောင်နှင့်တကွ သားမယားများကို လုံခြုံဘေးကင်းရာ ကာလကတ္တားကို ပို့ခဲ့တယ်။

လွန်ခဲ့တဲ့ ဧပြီလတစ်မနက်မှာတော့ ကျွန်တော့်ကို မြန်မာခြေမြန်တော်တစ်ယောက်က တွေ့ချင်တယ်လို့ပြောတာနဲ့ ဝရန်တာဘက်ကို ထွက်လာတော့ ဘယ်သူ့ကိုတွေ့ရတယ်ထင်သလဲ။ ခြေမြန်တော်မင်းချင်းတစ်ယောက်အနေနဲ့ ဝတ်စားထားတဲ့ ညောင်ရမ်း


www.burmeseclassic.com

www.burmeseclassic.com


မင်းသားကို တွေ့ရတယ်ဗျ။ ခပ်ပြုံးပြုံးနဲ့ ကျွန်တော့်ကိုစောင့်နေတယ်။ ပြီးတော့ ကျွန်တော့်ကို ဘင်္ဂလားနယ်ဘုရင်ခံဖြစ်နေတဲ့ အီဒင်ကိုယ်တိုင်ရေးပေးလိုက်တဲ့ စာတစ်စောင်ကို ထုတ်ပေးတယ်။ အီဒင်ဆိုတာ တခြားမဟုတ်ဘူး။ ဗြိတိသျှမြန်မာနိုင်ငံမှာ ဝန်ရှင်တော်မင်းကြီးချုပ် လုပ်သွားခဲ့ဖူးတဲ့လူ။ ခင်ဗျားတော့ မှတ်မိကောင်းမှတ်မိမှာပါ။

စာထဲမှာ မြန်မာပြည်အရေးနဲ့ပတ်သက်လို့ ဘုရင်ခံချုပ်နဲ့ဆွေးနွေးထားတဲ့ အချက်တွေပါတယ်။ စာထဲမှာ သူက ညောင်ရမ်းမင်းသား တော်တော်သဘောကျနေတဲ့အကြောင်း၊ အထက်မြန်မာနိုင်ငံက ရာဇပလ္လင်ပေါ်ကို ညောင်ရမ်းမင်းသားကို တင်နိုင်ရင် အကောင်းဆုံးဖြစ်တဲ့အကြောင်း၊ ဒါကြောင့်မို့ ညောင်ရမ်းမင်းသားကို ရုပ်ဖျက်လွှတ်လိုက်တဲ့အကြောင်း ရေးထားတယ်။

ညောင်ရမ်းမင်းသားကလည်း သူဟာ အထက်မြန်မာနိုင်ငံကို သွားမယ့်အကြောင်း၊ သူ့ကို နယ်စပ်ကနေပြီး ခိုးသွင်းပေးဖို့အကြောင်း ကျွန်တော့်ကိုပြောတယ်။ ကျွန်တော်လည်း သူတို့အကြံကိုသိပြီး တော်တော်လေး တုန်လှုပ်သွားတယ်။ အီဒင်ဟာ ဒီစာကို ဘာကြောင့်ရေးရသလဲ။ အမှန်က ဘင်္ဂလားပြည်နယ် လက်ထောက်ဘုရင်ခံချုပ်ဖြစ်တဲ့ အီဒင်ဟာ မြန်မာနိုင်ငံကိစ္စတွေနဲ့ ဘာမှပတ်သက်စရာအကြောင်းမရှိဘူး။ ရေးချင်းရေးရင် ဘုရင်ခံချုပ်ကသော်လည်းကောင်း၊ လက်ထောက်ဘုရင်ခံချုပ်ကသော်လည်းကောင်း ရေးရမယ်။ အီဒင်ကတော့ သူဟာ အမိန့်အတိုင်းလုပ်နေတယ်လို့ ဆိုတယ်"

"ဒီတော့ ခင်ဗျားကဘာလုပ်သလဲ"

ဟု လန်စဒင်ကမေး၏။

အံ့သြမှုကြောင့် သူ့မျက်လုံးများ ပြူးကျယ်နေ၏။

"ရုတ်တရက်တော့ ကျွန်တော်လည်း သူတို့ပြောတဲ့အတိုင်း လုပ်မယ်လို့ စိတ်ကူးမိသေးတယ်။ အထက်မြန်မာနိုင်ငံကလူတွေက ညောင်ရမ်းမင်းသားကို တောင့်တနေကြတယ်။ ညောင်ရမ်းမင်းသားသာတက်ရင် အောင်မြင်ချောမောဖို့ အခွင့်အလမ်းလည်းရှိတယ်။ ဒါပေမဲ့ နောက်ကျတော့ ကျွန်တော် တစ်မျိုးစဉ်းစားမိတယ်လေ။ ကျွန်တော် ဒီလိုလုပ်လိုက်ရင် အထက်မြန်မာနိုင်ငံရဲ့နိုင်ငံရေးကိစ္စတွေအားလုံးကို တာဝန်ခံထားရတဲ့ အက်ချီဆန်အပေါ်မှာ သစ္စာမဲ့ရာရောက်မယ်လို့ တွက်တယ်။ သူမသိဘဲ လုပ်လို့မကောင်းဘူးလေ။

"နောက်အရေးကြီးတဲ့ အချက်တစ်ချက်လည်း ရှိသေးတယ်။ နယ်စပ်မှာ ညောင်ရမ်းမင်းသားက အလံကိုင်ပြီး ဝင်လာတာကို မြင်တာနဲ့တစ်ပြိုင်နက် မန္တလေးရောက်နေတဲ့ ခင်ဗျားတို့ကို တစ်ခါတည်းတန်းပြီး သေတွင်းပို့လိုက်သလိုဖြစ်နေမယ်။ ဒါနဲ့ ကျွန်တော်လည်း အက်ချီဆန်ဆီ ပြေးရတာပေါ့။ အက်ချီဆန်ဟာ သိပ်အံ့သြဟန်မပေါက်ဘူးဗျ။ ဒါကတော့ သက်သက်မဲ့ညစ်ပတ်တဲ့အကြံပဲလို့ပြောတယ်။

ပြီးတော့ ညောင်ရမ်းမင်းသားဟာ နယ်စပ်မှာ လူလုံးပြပြီး အထက်မြန်မာနိုင်ငံတော်ကို သိမ်းဖို့ ကြံစည်နေတဲ့အကြောင်း၊ ဒီလိုလုပ်ရင် မန္တလေးမှာရှိတဲ့ သံကိုယ်စားလှယ်


www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အတွက် အန္တရာယ်များတဲ့အကြောင်း၊ ကာလကတ္တားကိုကြေးနန်းရိုက်လိုက်တယ်။ သူ့အနေနဲ့ ဘာလုပ်ရမလဲဆိုတာ ညွှန်ကြားချက်ပေးပါလို့လည်း တောင်းလိုက်တယ်"

"ဒါပေမဲ့ ခက်တာက ကာလကတ္တားကလူတွေက ဒီလို ပွင့်ပွင့်လင်းလင်းဆက်ဆံလို့ ကောင်းတဲ့လူတွေ မဟုတ်ဘူး။ မြန်မာနိုင်ငံပြဿနာနဲ့ ပတ်သက်လာရင် ဒီလူတွေဟာ နောက်ကွယ်က တရားမဝင် ဆက်ဆံချင်ကြတယ်။ နောက်ကွယ်က တိတ်တိတ်ပုန်း ထောက်ခံချင်ကြတယ်။ နောက်ဆုံးတော့ သူတို့ အကြံပျက်သွားတယ်။ သူတို့အကြံပျက်တော့ ညောင်ရမ်းမင်းသားလည်း ဘာတတ်နိုင်တော့မှာလဲ။ ကာလကတ္တားကိုပဲ ပြန်သွားရတော့တာပေါ့။ ဗြိတိသျှအစိုးရရဲ့ ပရိယာယ်ကစားရာမှာ ကျားကောင်းလေးဖြစ်နေတာပေါ့ ဗျာ"

သူတို့လုပ်ရပ်သည် အခြေခံအားဖြင့် ငြိမ်းချမ်းသောသဘောကိုဆောင်ကြောင်း၊ အထူးသိထား၍ လုပ်ကိုင်နေခြင်းဖြစ်ကြောင်းကို လန်စဒင်သတိပြုမိ၏။ ဗိုလ်မှူးကြီး ဘရောင်းက စိတ်အားထက်သန်စွာ ဆက်ပြော၏။

"အိန္ဒိယအနောက်မြောက်နယ်စပ်မှာ ကျင့်သုံးနေတဲ့ ရှေ့သို့ပေါ်လစီကို မြန်မာနိုင်ငံမှာ လာမသုံးတဲ့အတွက် တော်သေးတာပေါ့ဗျာ။ ဒီမှာသာ အဲဒီပေါ်လစီမျိုးကို ကျင့်သုံးရင် အခြေအနေ အတော်ဆိုးသွားနိုင်တယ်။ ခု ကာလကတ္တားကလူတွေရဲ့အကြံပျက်သွားတော့ ကျွန်တော်တို့နဲ့ ရွှေနန်းတော်ထဲက အစုကြားက ဆက်ဆံရေးလည်း ထင်သလောက် ဆိုးမသွားဘူး။

ညောင်ရမ်းမင်းသားဟာ ကာလကတ္တားကနေ ရောက်လာတယ်။ ရန်ကုန်ရောက်တော့ ဗြိတိသျှအာဏာပိုင်တွေရဲ့ကြိပ်မတ်မှုကြောင့် ပြန်လှည့်သွားရတယ်ဆိုတာ သူတို့အထောက်တော်တွေကတစ်ဆင့် သတင်းရမှာပဲ။ ညောင်ရမ်းမင်းသားကို နန်းတင်ဖို့ အကြံပျက်သွားရတာတော့ စိတ်မကောင်းစရာပေါ့။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ ကျွန်တော်တို့ရဲ့ အဓိကတာဝန်က မန္တလေးမှာရောက်နေတဲ့ သံအဖွဲ့ရဲ့လုံခြုံရေးဖြစ်နေတာကိုး"

ဖပြီလတုန်းက ဆိုပါကလား။ ထိုစဉ်ကသာ ထိုအရေးအခင်း ပေါ်ပေါက်လာခဲ့လျှင် သမီးဖြစ်သူ အက်ဂါသာ၏ မင်္ဂလာပွဲသည် ကျင်းပဖြစ်မည်မဟုတ်။ မိမိအသတ်ခံရမည့် အရေးထက် သမီးဖြစ်သူ အက်ဂါသာတစ်ယောက် သွေးအလိမ်းလိမ်း၊ ဖုန်အလိမ်းလိမ်းဖြင့် လဲကျနေမည်ကို လန်စဒင် မြင်ယောင်လာသည်။ မိမိတို့သည် ကံသီ၍ လွတ်လာခဲ့ခြင်း မဟုတ်လော။

"အိန္ဒိယလက်ရှိအုပ်စိုးသူတွေကို ကျွန်တော်တို့ အယုံအကြည်မရှိတာဟာ အဲဒီလုပ်ရပ်တွေကြောင့်ပေါ့ဗျာ။ ဒီလူတွေပြောင်းသွားပြီး နောက်လူတွေ မြန်မြန်ရောက်လေ ကောင်းလေပဲ"

ဟု ဗိုလ်မှူးကြီးဘရောင်းက နိဂုံးချုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာလန်စဒင်သည် အိမ်သို့ပြန်ရန်ထသည်။ ထိုစဉ် ဗိုလ်မှူးကြီးဘရောင်းက လောကွတ်ပျူငှာစွာဖြင့် . . .

"နေဦးဗျာ . . . မပြန်ခင် တစ်ခွက်လောက် သောက်သွားပါဦး။ နည်းနည်းပါးပါးပေါ့။ ဒီနေ့ ကျွန်တော်တို့တစ်တွေ ပျော်ပျော်ပါးပါး သောက်ကြစားကြတာပေါ့။ မနက်ဖြန်ဆိုရင် သေချင်သေနေမှာ"

ဗိုလ်မှူးကြီးဘရောင်းသည် အစေခံကိုလှမ်းခေါ်ကာ စားစရာများယူလာရန် အမိန့်ပေးလိုက်၏။

မစ္စတာလန်စဒင်သည် ပြန်၍ထိုင်သည်။ အိန္ဒိယအစေခံသည် စားသောက်ဖွယ်ရာများယူလာ၏။ ကွေဟဲဝါလား။ မစ္စတာလန်စဒင်သည် ကွေဟဲဝါလားဆိုသည့် ဘန်းစကားလုံးကို စဉ်းစားနေသည်။ မိမိတို့ သာသနာအမြင်ဖြင့်ကြည့်လျှင် ဗိုလ်မှူးကြီးဘရောင်းသည် တကယ့် ကွေဟဲဝါလားဖြစ်၏။ သို့တိုင်အောင် မစ္စတာလန်စဒင်သည်လည်း ထိုသို့သောလူမျိုးကို သဘောကျမိတတ်သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၁၉ ]

## ဘုန်းမယ့်တစ်ကိုယ်

ယာယီသံကိုယ်စားလှယ်ကြီး ဗိုလ်မှူးကြီးဘရောင်းသည် မြန်မာပြည်နှင့် မြန်မာလူမျိုးတို့အကြောင်းကို ကောင်းကောင်းသိသည်မှာ ဘာမှ သံသယဖြစ်ဖွယ်မရှိချေ။ အလုပ်လုပ်စရာ ကောင်းကောင်းမွန်မွန်ရှိမည်ဆိုလျှင်လည်း ကောင်းအောင်လုပ်နိုင်မည်သာဖြစ်၏။ ဗိုလ်မှူးကြီးဘရောင်းသည် လှုပ်လှုပ်ရှားရှားလုပ်နေရသည်ကို သဘောကျသူပီပီ ဘာမျှအလုပ်မရှိဘဲ ထိုင်နေရခြင်းကို ငြီးငွေ့သည်။ အမှန်အားဖြင့်လည်း မန္တလေးတွင် အင်္ဂလိပ်သံကိုယ်စားလှယ်အဖွဲ့အဖို့ ဘာမျှလုပ်စရာမရှိတော့ပြီ။ မစ္စတာရှောကဲ့သို့ပင် တစ်နှစ်လျှင် ပေါင်လေးထောင်မျှသော လစာကိုရသည့်တိုင် ကျေနပ်ပျော်ပိုက်ခြင်းမရှိလှ။

ဗိုလ်မှူးကြီးဘရောင်းသည် ရသမျှသော သတင်းအချက်အလက်များကို စုဆောင်း၏။ အများသဖြင့် ထိုသတင်းများမှာ ဖင်နီနှင့် (ဗိုလ်မှူးကြီးဘရောင်းမှာ ချောမောခန့်ညားသူတစ်ယောက်ဖြစ်သည်ဟု ဖင်နီယူဆသည်။) ရာဂျစ်ဆင်းထံမှ ရသောသတင်းများသာဖြစ်၏။ ဖင်နီသည် သာသနာပြုအသင်းသို့လာရောက်ကာ ဗိုလ်မှူးကြီးဘရောင်းနှင့် လာရောက်တွေ့ဆုံလေ့ရှိသည်။

ဖင်နီသည် စုဖုရားလတ်၏ အချစ်တော်ဖြစ်သည့်တိုင် သံတဲသို့သွားလျှင်မူ သူ့အတွက် များစွာအန္တရာယ်ရှိသည်။ ဖင်နီသည် ထူးဆန်းသည့် သတင်းအတိုအထွာများကို ယူလာခဲ့၏။ အချို့မှာ သူကိုယ်တိုင်ချဲ့ထွင်ပြောသည့် သတင်းများဖြစ်ပြီး အချို့မှာလည်း သူ့ဆီလာပို့သည့် ပထမလူ၏ ချဲ့ကားထားသော သတင်းများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးဘရောင်းနှင့် မစ္စတာလန်စဒင်တို့သည် သူတို့ယူလာသော သတင်းမှ ကောလာဟလများမဖြစ်နိုင်သော သတင်းများ၊ ထင်ကြေးများ၊ ခြိမ်းခြောက်မှုများကို ရွေးထုတ်ကြရသည်။ ဖဲင်နီသည် အင်္ဂလိပ်အသိုင်းအဝိုင်းထဲတွင် နေရသည်ထက် ဤသို့အပြင်မှ ဆက်ဆံရသည်ကို နှစ်ခြိုက်၏။ ဖဲင်နီသည် ယခုသူလုပ်နေရသော အလုပ်မျိုးကို သဘောကျသည်။

ဗိုလ်မှူးကြီးဘရောင်းသည် သူက မျက်လုံးကလေး စောင်းငဲ့၍ကြည့်လိုက်ခြင်း၊ မျက်လွှာကလေးများ ချလိုက်ခြင်း စသည့်အပြုအမူများကို မည်သို့မျှ တုံ့ ပြန်ခြင်းမပြုသည့်တိုင် သူ့မှာယာကျော့ကွင်းတွင် မည်သူသည် အစင်းသားမိတတ်ပြီး၊ မည်သူသည် လွတ်ထွက်သွားကြောင်းကို သိပြီးသားဖြစ်သည့်အလျောက် ဖဲင်နီ စိတ်ပျက်အားလျော့ခြင်းမဖြစ်မိ။ ဗိုလ်မှူးကြီးဘရောင်းလို ယောက်ျားမျိုးကို သူ့တစ်သက်တွင် တစ်ကြိမ်မျှသာ တွေ့ဖူးသည်ဟုထင်သည်။

မျက်လုံးကို စောင်း၍ကြည့်တတ်ခြင်း၊ မျက်လွှာကို ဖျတ်ခနဲချလိုက်တတ်ခြင်းတို့မှာ ယခုတစ်လောတွင် ဖဲင်နီအဖို့ ထိန်းချုပ်ခြင်းငှာ မစွမ်းနိုင်သော အာရုံကြောလှုပ်ရှားမှုတစ်မျိုးဖြစ်နေ၏။ သို့ဖြင့် ဖဲင်နီသည် သာသနာပြုအသင်းသို့ရောက်လာကာ ဆင်ဖြူမရှင်သည် အသစ်ရောက်ရှိလာသော အင်္ဂလိပ်သံကိုယ်စားလှယ်အကြောင်းကို မည်သို့မည်ပုံ စုံစမ်းလေ့ရှိကြောင်း၊ သံကိုယ်စားလှယ်သည် စိတ်ဓာတ်ကြမ်းတမ်း၍ စိတ်တိုသူတစ်ဦးဖြစ်သည်ဟု ကြားသည့်အတိုင်း ဟုတ်မဟုတ်မေးမြန်းလေ့ရှိကြောင်း စသည်တို့ကို ပြောပြတတ်သည်။

ဗိုလ်မှူးကြီးဘရောင်းသည် ထိုသို့သော စိတ်ကြမ်းလူကြမ်းဖြစ်သည့်အတွက် ယခင်က သူ့ကို ခန့်အပ်ခြင်းမပြုခဲ့ကြောင်းဖြင့် ဆင်ဖြူမရှင်ကို တစ်ယောက်ယောက်က နားသွင်းထားလေရာ ယခု ဗိုလ်မှူးကြီးဘရောင်း ရောက်ရှိလာခြင်းသည် ကောင်းသောလက္ခဏာတစ်ရပ်ဖြစ်သည်ဟု ဆင်ဖြူမရှင် အမှန်ပင်ယူဆနေသည်။

ဗြိတိသျှတို့သည် ရွှေနန်းတော်တွင်းက အစုတို့ လုပ်ကိုင်နေကြပုံကို ငြီးငွေ့လာလေပြီလောမဆိုနိုင်။ သည်းမခံနိုင်တော့ပြီဆိုသည့် အဓိပ္ပာယ်လော။ ထိုသတင်းများကို ကြားရသည့်အခါတွင် ဗိုလ်မှူးကြီးဘရောင်း၏ သဘောကောင်းသောမျက်နှာသည် တွန့်သွားကာ တဟားဟားရယ်လိုက်ရင်း . . .

"ကောင်းတယ် မစ္စတာဘက်ရှော၊ သိပ်ကောင်းတယ်။ ကျွန်တော်သိပ်စိတ်ဆိုးရင် ကျွန်တော့်ရုံးက စာရေးတွေကို အစိမ်းလိုက်ဝါးစားပစ်တယ်လို့ ပြောလိုက်ပါ။ ကျွန်တော်က စိတ်ကြမ်းလူကြမ်းလို့ထင်ရင် ကျွန်တော့်ကို သူတို့ ပိုပြီးလန့်နေကြမှာပေါ့။ အမှန်ကတော့ ဒီလောက်မဟုတ်ပါဘူးဗျာ။ ဆင်ဖြူမရှင်ဟာ ကျွန်တော်နဲ့ပတ်သက်လို့ မမှန်သတင်းတွေကို ကြားနေတာပါ"

နောက်တစ်ခေါက် ဖဲင်နီယူလာသည့် သတင်းများမှာ ပို၍အရေးကြီးသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ယင်းမှာ အခြားမဟုတ်။ နန်းတော်ထဲတွင် နောက်ထပ်သတ်ဖြတ်မှုများ ပြုလုပ်နေသည်ဆိုသည့် သတင်းဖြစ်သည်။ မည်သူ့ကို သတ်ဖြတ်သည်ဟူ၍ကား ဖင်နီလည်း သေချာမပြောနိုင်။ ညောင်ရမ်းမင်းသား၏ မယ်တော်နှင့် နမတော်များ ခြေချင်းသုံးဆင့်ခတ်ထားသည့်အတိုင်း အသက်ရှင်လျက်ရှိကြသေးသည်။

စလင်းမင်းသမီးကလည်း ဒိမိနှင့် မစ္စတာရှောတို့ မကြာခဏ တွေ့ဆုံလေ့ရှိကြောင်းကို လျှို့ဝှက်ထားရန် မိမိအမည်ကို မည်သည့်ဝန်ကြီးရှေ့တွင်မှ ထုတ်ဖော်ပြောဆိုခြင်းမပြုမိရန် အထိတ်တလန့်ဖြင့် သံကိုယ်စားလှယ်ကြီးဘရောင်းထံသို့ အကြောင်းကြားသည်။ ဗိုလ်မှူးကြီးဘရောင်းသည် လိုအပ်ပါက အစောင့်များကို လာဘ်ထိုးရန်ငွေများကို စလင်းမင်းသမီးထံသို့ ဖင်နီမှတစ်ဆင့် ပေးလိုက်၏။

နောက်တစ်ကြိမ် ဖင်နီယူလာသည့် သတင်းများမှာ ငိုအားထက် ရယ်အားသန်ရသည့် သတင်းမျိုးဖြစ်နေသည်။ သတင်းအဆိုအရ မန္တလေးမြို့ရှိ အသားဘူးများ၊ ဝက်အူချောင်းဘူးများနှင့် အင်္ဂလိပ်တို့စားသောက်သည့် စည်သွတ်ဘူးများရောင်းချသည့် ဆိုင်များကို လုယက်ရန် အမိန့်ပေးထားကြောင်း၊ ထိုစည်သွတ်ဘူးများကို လုယက်ရန် အမိန့်ပေးရခြင်းမှာ အခြားကြောင့်မဟုတ်ဘဲ သီပေါမင်းသည် အရက်များသောက်၍ မနက်ခင်း ခေါင်းကိုက်ခဲသည့်အခါမျိုးတွင် ထိုအစာများကို စားသောက်သည့်အတွက် အမူးပြေတတ်သဖြင့် ထိုသို့အမိန့်ပေးထားခြင်းဖြစ်ကြောင်း သိရပြန်သည်။

တစ်ခါတွင်လည်း ဖင်နီသည် အင်္ဂလိပ်သံတဲကို ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်နေသည်ဆိုသည့် သတင်းတစ်ခုကို ယူလာခဲ့သည်။ သို့ရာတွင် ဂျစ်ဆင်းက ဗေဒင်ကိန်းခန်းကို တွက်ကြည့်လိုက်သည့်အခါတွင် အချိန်အခါမရသေးဟုဆိုသဖြင့် ထိုကိစ္စအကောင်အထည် မပေါ်ခဲ့ခြင်းဖြစ်သည်ဟု သိရ၏။ ထို့နောက်သီပေါမင်းသည် တစ်ကျပ်ကို ၁၆ ပဲအစား ၁၄ ပဲမျှသာ တန်ဖိုးရှိကြောင်းကို အမိန့်ပြန်တမ်းထုတ်ရန်စီစဉ်လျက်ရှိကြောင်း၊ သို့ဖြင့် ပိုငွေ ၂ ပဲကို ထီထိုးခြင်းလုပ်ငန်းတွင် အရင်းအနှီးမြှုပ်နှံရန်ဖြစ်ကြောင်းဆိုသည့် သတင်းတစ်ခုကို ယူလာပြန်သည်။ ထိုသို့သတင်းကိုပြောနေစဉ် ဗိုလ်မှူးကြီးဘရောင်းက ဝါးလုံးကွဲရယ်လိုက်သဖြင့် ဖင်နီသည် တော်တော်စိတ်တိုသွား၏။ မစ္စတာလန်စဒင်ကလည်း ထိုသတင်းကို ကြားရသည့်အခါတွင် ရယ်သည်။ ဗိုလ်မှူးကြီးဘရောင်းက . . .

"တော်တော်အံ့သြဖို့ကောင်းတဲ့ ဘဏ္ဍာတော် စီမံခန့်ခွဲမှုပျာ။ ကျွန်တော်ဖြင့် ဒီတစ်သက်မှာ ဒီတစ်ခါဖြင့် ကြားဖူးသေးတယ်။ ကျွန်တော့်ဦးနှောက်တော့ ချာချာလည်နေပြီ။ အစီအမံကိုရှင်းပြတာ နားထောင်ရရင် သိပ်ကောင်းမှာပဲ"

ဟုဆိုကာ ရယ်လက်စမသိမ်းနိုင်ဘဲ ဖြစ်နေသည်။ နောက်သတင်းတစ်ခုမှာ ညောင်ရမ်းမင်းသားမယ်တော်၏ တူတစ်ယောက်နှင့် မိဖုရားငယ်တစ်ဦးမှမွေးသော သုံးနှစ်အရွယ်သားငယ်ကို စနေသားဟုဆိုကာ သတ်ပစ်လိုက်သည်ဆိုသည့် သတင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စနေသားက မိမိ၏နန်းရပ်ထီးဖြူကို လုယူမည်ဟု သီပေါအား အိပ်မက်ပေးသောကြောင့် ထိုသို့ ကွပ်မျက်လိုက်ခြင်းဖြစ်သည်ဟု သတင်းများကဆို၏။

အကျဉ်းကျနေသော မင်းညီမင်းသားများနှင့် မိဖုရားများ၊ မင်းသမီးများနှင့် ညောင်ရမ်းမင်းသား၏ နမတော်တို့သည် သူတို့အား ဗြိတိသျှသံအဖွဲ့က ကယ်ဆယ်လိမ့်မည်ဟူသော မျှော်လင့်ချက်မကုန်ရသေးကား သူတို့တစ်တွေ အကျဉ်းချထားသည့်နေရာတစ်စိတ်တစ်ပိုင်းကို သေသပ်စွာ ပုံကြမ်းဆွဲ၍ သံအဖွဲ့သို့ ပေးပို့လိုက်ကြသည်။ ထိုပုံကြမ်းကို လက်ခံရရှိသော ဗိုလ်မှူးကြီးဘရောင်းနှင့် မစ္စတာလန်စဒင်တို့မှာ သူတို့ကိုယ်တိုင်ပင် အကျဉ်းသားများနှင့်မခြား ဖြစ်နေသည့်အတွက် မည်သည့်အကူအညီမှ မပေးနိုင်တော့ဘဲ အစားအသောက်နှင့် ငွေကြေးတို့ကိုသာ ထောက်ပံ့နိုင်တော့သည်။

ထိုသို့သော အခြေအနေမျိုးတွင် အိန္ဒိယဘုရင်ခံချုပ်သည် သီပေါမင်းထံ လက်ဆောင်ပဏ္ဏာများပေးလိုက်လေသည်။ သို့ရာတွင် ဤအချိန်၌ အိန္ဒိယအစိုးရသည် လက်ဆောင်ပဏ္ဏာများဖြင့် မြန်မာဘုရင်ကို အားပေးအားမြှောက်ပြုသင့်သည့် အချိန်မဟုတ်ဟု ယူဆသည့်အတွက် ဗိုလ်မှူးကြီးဘရောင်းသည် ထိုလက်ဆောင်ပဏ္ဏာများကို ပေးပို့ခြင်းမပြုဘဲ ထိန်းသိမ်းထားလိုက်သည်။ ထိုအချိန်၌ ဆန်ဒရေနီမှာ မန္တလေးရှိ အင်္ဂလိပ်အသိုင်းအဝိုင်းနှင့် ကင်းကွာနေသည်။ သို့ရာတွင် တစ်နေ့သ၌ ဆန်ဒရေနီသည် ဗိုလ်မှူးကြီးဘရောင်းထံသို့ ရောက်လာကာ သီပေါမင်းသည် ရုရှားဘုရင်နှင့် စာသဝဏ်အဆက်အဆံရှိနေပြီဆိုသည့် သတင်းမှာ အမှန်ဖြစ်ကြောင်းပြော၏။

ဗိုလ်မှူးကြီးဘရောင်းက ဝမ်းသာရွှင်လန်းစွာဖြင့် . . .

"ရုရှားနဲ့ချစ်ကြည်တာက အရေးမကြီးဘူးခင်ဗျ။ ကျွန်တော်တို့အတွက် အန္တရာယ်ပေးနိုင်တာက ပြင်သစ်ရယ်။ ဒီမှာမစ္စတာလန်စဒင် ကျွန်တော်ပြောတာကို သေသေချာချာမှတ်ထားပါ။ မြန်မာမြေပေါ်မှာ ပြင်သစ်ကိုသာ ခြေချခွင့်ပေးလိုက်ရင် ကျွန်တော်တို့အတွက် အင်မတန်ကြီးမားတဲ့ အမှားတော်ပုံကြီးပဲခင်ဗျ။ ဒီအမှားဟာ ကျွန်တော်တို့ သေရေးရှင်ရေးဘမျှ အရေးကြီးလာနိုင်တယ်။ ကျွန်တော်တို့ဟာ မြန်မာပြည်အထက်ပိုင်းကို ချောင်ထဲမှာပို့ထားပြီး ကျွန်တော်တို့က အိမ်ရှေ့ကနေပြီး တစ်ခုတည်းသောတံခါးပေါက်က သော့ကိုင်ထားတဲ့အတွက် ဥရောပတိုင်းပြည်တွေနဲ့ ပရော်ပရည်လုပ်တာကို ကျွန်တော်တို့ အသာတကြည်ခွင့်ပြုနိုင်တယ်။ ဒါပေမဲ့ နောက်ဖေးတံခါးပေါက်ကိုဖွင့်ပြီး ပြင်သစ်တွေနဲ့ ပလူးပလဲလုပ်တာကိုတော့ ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး"

ဖဲင်နီသည် သူတို့ပြောသည့်စကားများကို မလှုပ်မယှက်နားထောင်နေ၏။ သူ့အဖို့ ပြင်သစ်ဆိုသည်နှင့် ဗွန်ဗိုုင်ဆင်ကို မြင်လာသည်။ ဗွန်ဗိုုင်ဆင် ရွှေနန်းတော်ကြီးထဲသို့ မကြာခဏအလည်ရောက်လာလေ သူ့အဖို့ ဝမ်းသာကြည်နူးလေဖြစ်ရသည်မဟုတ်လော။ သူ့အဖို့လောကတွင် အရေးကြီးဆုံးမှာ ဗွန်ဗိုုင်ဆင်တစ်ယောက် ရွှေနန်းတော်ထဲသို့ မကြာခဏလာရောက်လည်ပတ်ရေးနှင့် စုဖုရားလတ်တစ်ယောက် မဟေသီမိဖုရားကြီးအဖြစ် ဆက်



www.burmeseclassic.com

www.burmeseclassic.com



လက်တည်ရှိရေးသည် အရေးအကြီးဆုံးဖြစ်သည်။ ထိုအရာနှစ်ခုလောက် အရေးကြီးသည့် အရာသည် သူ့အဖို့မရှိ။ ထိုအရာနှစ်ခုရှိနေလျှင် ရွှေနန်းတော်ထဲကဘဝသည် ပျော်စရာ ကောင်းမြဲ ကောင်းနေမည်သာ။

ဖင်နီသည် အကျဉ်းကျနေသော မိဖုရားများနှင့် မင်းသမီးများအား အကူအညီပေး ရခြင်းကို ပျော်သည်။ သံမှူးဗိုလ်မှူးကြီးဘရောင်းအား သတင်းများပေးရခြင်းကိုလည်း ပျော် သည်။

သို့ရာတွင် မကြာမီ ရွှေနန်းတော်ထဲတွင် အရေးတော်များ ပြီးစီးသွားကာ ခါတိုင်း ထက် အဆင်ပြေသည်ဆိုလျှင် အပျော်ဆုံးပင်။ သူပျော်ရွှင်ကူးခတ်နေချင်သော ရွှေနန်း တော်ကြီးထဲမှ ပျော်စရာဘဝမျိုးသည် သူထင်သည်ထက် ပို၍ မြန်ဆန်စွာ ရောက်လာလိမ့် မည်ဟုလည်း ဖင်နီမျှော်လင့်သည်။ ထိုအခါမျိုးတွင် ရွှေနန်းတော်ကြီးထဲမှ ဘဝသည် မှန်သား ပြင်ကဲ့သို့ ငြိမ်သက်လျက်ရှိကာ ထိုမှန်ပြင်ကို မည်သည့်ကျောက်ခဲတုံးကလေးများမှလည်း လာရောက်နှောင့်ယှက် ဖျက်ဆီးခြင်းပြုနိုင်တော့မည်မဟုတ်။ နောက်ဆုံး၌ ထိုအခြေအနေ သည် ဆိုက်ရောက်လာခဲ့လေပြီ။

မြန်မာတို့သည် ဗြိတိသျှလက်အောက်ခံ လူမျိုးများအပေါ် ရမ်းကားမှုများ ပြုလုပ် လာခဲ့သည်။

မဒရပ်မှရောက်လာသည့် ကုန်သည်တစ်ယောက်ကို အကြောင်းပြချက်တစ်ခုဖြင့် ထောင်သွင်းအကျဉ်းချကာ အကျဉ်းထောင်ထဲတွင် ကွပ်မျက်လိုက်ကြသည်။ ပီယာပွန့်မှာ လမ်းလျှောက်ထွက်စဉ် ခွေးလေတစ်ကောင် လိုက်ဆွဲသဖြင့် ထိုခွေးကို လက်ကိုင်တုတ်ဖြင့် ရိုက်လိုက်မိသည်တွင် လူအုပ်ကြီး ဝိုင်း၍ရိုက်မည်ပြုသဖြင့် သံတဲသို့အရောက် အမော တကော ပြေးလာခဲ့ရသည်။ ပြေးနိုင်၍ လွတ်ခြင်းဖြစ်သည်။ သို့မဟုတ်လျှင် မည်သည့်အခြေ အနေသို့ရောက်မည်ကို တွေးရဲစရာပင်မရှိ။

ပီယာပွန့်သည် သတ္တိကောင်းသူတစ်ဦးဖြစ်သည့်တိုင် မပြေး၍ မရတော့။ ရှက်ရှက် ဖြင့် ပြေးလာခဲ့ရသည်။ ထို့ပြင် မြန်မာတို့သည် အင်္ဂလိပ်ဆရာဝန်ကိုလည်း ရိုက်နှက်လွှတ် လိုက်သည်။ ဤတွင် အထက်မြန်မာပြည်မှ အင်္ဂလိပ်သံအဖွဲ့ကို ရုပ်သိမ်းခြင်းပြုရေး မပြုရေး ပြဿနာ ပေါ်လာပြန်သည်။ ထိုအချိန်၌ကား သံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူး ကြီးဘရောင်းမှာ မပြတ်သားနိုင်လှသော ဗြိတိသျှအိန္ဒိယအစိုးရထံသို့ အစီရင်ခံစာတစ် စောင်ရေးလိုက်သည်။

"ကျွန်ုပ်တို့အား မြန်မာအစိုးရက သရော်မော်ကားပြုမူနေသည့် ကိစ္စများနှင့် ပတ် သက်၍ ဗြိတိသျှအိန္ဒိယအစိုးရသည် မြန်မာအစိုးရနှင့် အချင်းပွားရန် လုံလောက်သော အကြောင်းမရှိဟု ထင်နေပါသည်။ ယခုအခါတွင် ကျွန်ုပ်တို့မှာ မြန်မာတို့၏ သရော်မော်ကား ပြုသမှုကို ကာလကြာရှည်စွာ ခံခဲ့ရပြီဖြစ်သည့်အလျောက် ယခုမှ ထိုကိစ္စကို အလေးအနက်



www.burmeseclassic.com

www.burmeseclassic.com



ထားမနေလျှင် ကျွန်ုပ်တို့ဘက်မှ ကလေးကလားဆန်ကာ ရှေ့နောက်မညီမညွတ် ဖြစ်နေလိမ့်မည်ထင်ပါသည်"

ဟု အရွဲ့တိုက်၍ ရေးလိုက်သည်။ မိမိအား လက်ခံတွေ့ဆုံရန် ငြင်းပယ်သည့် နိုင်ငံတစ်နိုင်ငံသို့ မိမိတို့သံကိုယ်စားလှယ်အား သတ်ဖြတ်ရန် မကြာခဏ ခြိမ်းခြောက်နေသည့် နိုင်ငံတစ်နိုင်ငံသို့ သံကိုယ်စားလှယ်အဖွဲ့ထားရှိခြင်းသည် သိက္ခာကျရုံမျှမက လုံခြုံမှုလည်း ကင်းမဲ့လှသည်ဟု မြန်မာပြည်ဆိုင်ရာ ဝန်ရှင်တော်မင်းကြီးအက်ချီဆန်က ဘုရင်ခံချုပ်ကို မကြာခဏ ပြောဆိုခြင်းပြုသည်။

ထိုမှတစ်ဖန် မိမိသည် မြန်မာပြည်နှင့်ပတ်သက်သော အိန္ဒိယအစိုးရ၏ သဘောထားကို ဘာမျှမသိလိုက်ရကြောင်း၊ သိရန် ကြိုးစားချဉ်းကပ်မိသည့်အခါတွင်လည်း မိမိအား မထီမဲ့မြင် ပြုလိုက်ကြကြောင်းဖြင့် အက်ချီဆန်သည် ဗိုလ်မှူးကြီးဘရောင်းထံသို့ စိတ်ပျက်လက်ပျက်ဖြင့် ရေးလိုက်သည်။

ဗိုလ်မှူးကြီးဘရောင်းက မစ္စတာလန်စဒင်အား . . .

"ခက်တာက ကျွန်တော်တို့အိန္ဒိယအစိုးရဟာ ဘာမှ ကောင်းကောင်းမသိဘူး။ မြန်မာအစိုးရနဲ့ အဆက်ဖြတ်ဖို့ကိစ္စကို အချိန်ဆွဲပြီး ရှောင်နေတယ်။ ကြည့်ရတာတော့ ကျွန်တော်တို့ ဗြိတိသျှအင်ပါယာကြီးထိပ်မှာ နိုင်ငံရေးသုခမိန်တို့ဘာတို့မရှိဘဲ ပါတီနိုင်ငံရေးခေါင်းဆောင်တစ်ယောက်က ချယ်လှယ်နေတယ်ထင်တယ်။ ပြည်တွင်းက နိုင်ငံရေးမိုးလေဝသကိုကြည့်ပြီး ဆုံးဖြတ်ချက်တွေချနေတယ်။

အတိုက်အခိုက်နိုင်ငံရေးပါတီက ဒီကိစ္စနဲ့ပတ်သက်လို့ ဘာပြောမလဲဆိုတာကို စောင့်ကြည့်ပြီး သူတို့အကြိုက် လိုက်လုပ်ပေးနေတယ်။ အာဖဂန်နစ္စတန်မှာ ရုရှားဝင်မယ်ဆိုတဲ့အထင်နဲ့ တစ္ဆေခြောက်နေပြီး ဗြိတိသျှပိုင် မြန်မာနိုင်ငံဟာအင်ပါယာထဲမှာ အရေးကြီးတဲ့ ပြည်နယ်တစ်နယ်ဖြစ်နေတယ်ဆိုတာကို လျစ်လျူပြုနေတယ်။ ကဗူးလ်မှာ ရုရှားတွေ မဝင်နိုင်အောင်ထားထားဖို့ အရေးကြီးတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ နောက်ကျောဖြစ်တဲ့ မြန်မာပြည်မှာလည်း တခြားဥရောပတိုက်သားတွေ ခြေကုပ်မရအောင် လုပ်ဖို့ဟာလည်း အရေးကြီးတာပဲဗျ"

နောက်ဆုံး၌ ဗြိတိသျှသံကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံး အသတ်ခံရခြင်းသည် မြန်မာပြည်မှ ဗြိတိသျှသံကိုယ်စားလှယ်အဖွဲ့ရုပ်သိမ်းလိုက်ရခြင်းထက် အခြေအနေပိုဆိုးမည်ကို ဘုရင်ခံချုပ် သဘောပေါက်လာခဲ့သည့်အတွက် ဒုတိယလမ်းကို ရွေးချယ်ဆုံးဖြတ်လိုက်သည်။ သို့ရာတွင် ထိုသို့ အဖွဲ့ရုပ်သိမ်းလိုက်ရာတွင် မသိမသာတစ်စတစ်စဖြင့် ရုပ်သိမ်းသွားရန်ဖြစ်၏။

ပထမအားဖြင့် သံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးဘရောင်းက နေပြည်တော်မှနေ၍ အတိအလင်းထွက်လာခဲ့ရန်၊ ထို့နောက် အရာရှိငယ်တစ်ဦးဖြစ်သော ဝီယာပွန့်က မန္တလေးမှ ထွက်ခွာလာလိုသူများအားလုံးကို စုဆောင်း၍ ယင်းတို့ကို ခေါ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လာကာ သဘောဖြင့် စုန်ဆင်းလာခဲ့ရန်ဖြစ်သည်။ ထိုသို့လုပ်လျှင် မြန်မာအစိုးရနှင့် ပြောင်ပြောင်တင်းတင်း အဆက်ဖြတ်လိုက်သည်ထက် ပို၍အဆင်ပြေမည်။ ဤသို့လုပ်လျှင် တရားဝင် ရုပ်သိမ်းသွားခြင်းဖြစ်ကြောင်းကို မြန်မာတို့ဘက်ကထင်စေမည့် မည်သည့် အကြောင်းပြချက်မျိုးမျှ မပြရဟု၍လည်း ညွှန်ကြားလိုက်သည်။

သံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်သည် မိမိပြန်တော့မည်ဖြစ်ကြောင်းကို သုံးရက်ကြိုတင်၍ တရားဝင်အကြောင်းကြားခဲ့သည့်တိုင် မြန်မာအစိုးရသည် သူ့အားအက်ချီဆန်စေလွှတ်လိုက်သည့်သဘောဖြင့် သွားခွင့်ပြုသည့်တိုင် မြန်မာအစိုးရက သူ့အား တရားဝင်နှုတ်ဆက်ခြင်းမရှိချေ။ သံကိုယ်စားလှယ် ဗိုလ်ချုပ်ကြီးဘရောင်းသည် သဘောဆိပ်သို့ဆင်းသွားသည့်အခါတွင် သူ့ကို သံကိုယ်စားလှယ်အဖွဲ့မှ အမှုထမ်းများနှင့် မစ္စတာလန်စဒင်တို့သာလျှင် လိုက်ပို့ကြသည်။ အမှုထမ်းများက မိမိတို့အားလည်း အမြန်ဆုံးခေါ်ဖို့ ဆိုင်ရာတို့တိုက်တွန်းပေးရန် တဖွဖွမှာလိုက်ကြသည်။ များမကြာမီပင် ထိုအမှုထမ်းများသည် သူတို့အလိုပြည့်သွားကြ၏။

ဗိုလ်မှူးကြီးဘရောင်းနှင့် အက်ချီဆန်တို့ကြောင့် မဟုတ်၊ အာဖဂန်တွင် ဖြစ်နေသော အရေးအခင်းကြောင့် သူတို့ကို ပြန်ခေါ်လိုက်ခြင်းဖြစ်သည်။ ကွန်ဆာဗေးတစ်ပါတီဝင်များ ဂုဏ်ယူခဲ့ကြသည့် အင်္ဂလိပ်အာဖဂန်မဟာမိတ်စာချုပ်သည် မကြာမီအတောအတွင်းတွင် စက္ကူစုတ်တစ်ခု ဖြစ်သွားခဲ့သည်။ အာဖဂန်တွင် အားလုံး၏အဆင်သည် ပြေပြစ်ချောမောနေသည်ဟု အိန္ဒိယဘုရင်ခံချုပ်ထံ ကြေးနန်းရိုက်ပြီးသည့် နောက်တစ်နေ့မှာပင် ကဘူးလ်တွင်ရောက်နေသည့် အင်္ဂလိပ်သံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကာဘတ်နရီသည် သံအဖွဲ့ဝင်များနှင့်အတူ ကဘူးလ်တွင် အသတ်ခံလိုက်ကြရသည်။ အက်ချီဆန်ပေးပို့လိုက်သည် ထိုသတင်းနှင့်တကွ သံအဖွဲ့ဝင်များအားလုံး မန္တလေးမှ ပြန်၍ရုပ်သိမ်းရမည်ဆိုသော ကြေးနန်းအမိန့်သည် ဆက်သွယ်ရေးအခက်အခဲကြောင့် နောက်ကျမှ ရောက်လာခဲ့သည်။

ထိုအတောအတွင်း၌ကား ရန်ကုန်တွင်ရောက်နေသည့် အက်ဂါသာသည် ရင်တထိတ်ထိတ်နှင့် ဖြစ်နေလေပြီ။ အကယ်၍ ထိုကြေးနန်းစာသည် မြန်မာရွှေနန်းတော်အစုများထံသို့ ရောက်သွားခဲ့လျှင် သို့မဟုတ် အထောက်တော်များမှတစ်ဆင့် ထိုကြေးနန်းစာသည် မြန်မာတို့လက်သို့ ရောက်သွားခဲ့လျှင် ဣန္ဒြဗာဏကဲ့သို့ မကြားဝံ့မနာသာ အဖြစ်အပျက်တွေ ပေါ်ပေါက်လာနိုင်သည်။

ဗြိတိသျှမြန်မာနိုင်ငံအစိုးရသည် အထက်မြန်မာနိုင်ငံသို့ ခြေမြန်တော်များ၊ အထောက်တော်များကို လွှတ်လိုက်သော်လည်း လက်နက်ကိုင်အသင်းများကို မလွှတ်ရဲ၊ ထိုသို့လွှတ်လိုက်ခြင်းသည် မိမိတို့ကို ရန်စစ်ပြုသည်ဟု မြန်မာတို့က ထင်သွားနိုင်သည်။ ထိုသို့ထင်သွားလျှင် လုံလောက်သော အစောင့်အကြပ်အမရှိသည့် မန္တလေးမှ ဗြိတိသျှလက်အောက်ခံလူမျိုးများအဖို့ အန္တရာယ်ဖြစ်နိုင်သည်။

---

လဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


မန္တလေးရွှေနန်းအတွင်းသို့ ရောက်နေသည့် ဖဲင်နီကား ရန်ကုန်တွင်ရောက်နေသည့် အင်္ဂလိပ်သာလောက်မှပင် ထိုအကြောင်းများမသိ။ ထိုသို့ ရုပ်သိမ်းပြောင်းရွှေ့သွားရန်လည်း အကြောင်းမရှိသေးဟု သူယူဆသည်။ သို့ဖြင့် နောက်တစ်နေ့မနက်တွင် မနက်စာစားရန် ကုလားဝန်အိမ်သို့ လာစေလိုကြောင်း ဆီလာ့ထံမှ စာတိုလေးတစ်စောင်ရသည့်အခါတွင် ဖဲင်နီသည် သာမန်ကာလကဲ့သို့ပင် အောက်မေ့ကာ ရှင်လန်းမြူးထူးစွာဖြင့် ထွက်လာခဲ့သည်။ ကုလားဝန်မှာ စိတ်ရှုပ်လျက်ရှိပြီး ဆီလာမှလည်း သေတ္တာကြီးတစ်လုံးထဲတွင် အထုပ်အပိုးများထည့်နေသည်ကို မြင်ရ၏။

သူရောက်လာလာချင်းဆီလာက အခြေအနေကို အကျဉ်းချုပ်ပြောပြ၏။ ဗန်းမော်မှစုန်ဆင်းလာသည့် ပန်းသေးမီးသင်္ဘောသည် မြစ်ဆိပ်တွင် အဆင်သင့်ဆိုက်နေလေပြီ။ သင်္ဘောပေါ်တွင် မန္တလေးရှိ ဗြိတိသျှလူမျိုးများ၊ တရုတ်နှင့် အိန္ဒိယလူမျိုးများလည်း ရောက်နေကြလေပြီ။ ပီယာပွန့်သည် ထိုသင်္ဘောကိုရသည်နှင့် စီစဉ်စရာရှိသည်တို့ကို လျှို့ဝှက်စွာစီစဉ်၍ပြီးလေပြီ။ အစိုးရစာရွက်စာတမ်းများနှင့် အဖိုးတန်ပစ္စည်းများကို မနေ့ညကတည်းကပင်လျှင် သင်္ဘောပေါ် ပို့ပြီးဖြစ်၏။ ထိုနေ့မနက်ကလည်း မန္တလေးရှိ ဗြိတိသျှလက်အောက်ခံလူမျိုးများအား မန္တလေးမှထွက်ခွာလိုလျှင် မိမိတို့ပစ္စည်းများကို ပန်းသေးသင်္ဘောသို့ ပို့ထားရန် အကြောင်းကြားထားပြီးဖြစ်သည်။

ဆီလာ၏လုံခြုံရေး၊ သူ့ညီမငယ်တစ်ဦးနှင့် အိမ်ထောင်ကျပြီးဖြစ်သော အခြားညီမငယ်တစ်ဦး၏ လုံခြုံရေးအတွက် စိတ်ပူလျက်ရှိသော ကုလားဝန်နှင့် ကုလားဝန်ကတော်တို့သည် သူတို့တစ်သိုက်ကို ရန်ကုန်သို့ပြန်ပို့ရန် စီစဉ်လျက်ရှိကြသည်။ ထို့ကြောင့်ပင်လျှင် အမွေးတို့ကျွတ်နေသော သားရေအိတ်ကြီးတစ်လုံးဖြင့် အလုပ်များနေကြခြင်းဖြစ်၏။ သူတို့တစ်သိုက် ထိုသို့ပြောနေကြစဉ် လန်စဒင်သည် သူတို့နှင့်ဖဲင်နီထံသို့ ရောက်လာကာ အခြေအနေကိုပြောပြသည်။

"ဟင် . . . ဒါဖြင့် ဖဲင်နီရဲ့အဝတ်အစားတွေ ဘာတွေကို ဘယ်လိုလုပ်ကြမလဲ"

ဟု ဖဲင်နီက အထိတ်တလန့်ဖြင့်မေးသည်။

"မတတ်နိုင်ဘူး ဖဲင်နီ၊ မင်းကို စောစောစီးစီး ကြိုပြီးအကြောင်းကြားလို့လည်း မဖြစ်ဘူး။ မတော်လို့ သတင်းပေါက်ကြားသွားရင် ပြဿနာဖြစ်နိုင်တယ်။ မင်းကလည်း ရွှေနန်းဘော်ထဲမှာနေကော့ . . ."

မစ္စတာလန်စဒင်သည် သူ့စကားကို ဆုံးအောင်မပြော။ သို့ရာတွင် သူဆိုလိုသည့် အဓိပ္ပာယ်ကမူ ရှင်းသည်။

"အဝတ်အစားဆိုတာ ရန်ကုန်မှာ ပေါပါတယ်ကွယ်။ ဟိုရောက်တော့ အင်္ဂလိပ်သာနဲ့တွေ့ရင် မင်းလည်း ပျော်သွားမှာပါ"

ဟု ဆီလာပြောသည်။ သို့ရာတွင် ဖဲင်နီသည် ဘာကိုမျှမပြောနိုင်။ ငိုင်၍ စဉ်းစားနေသည်။ ရန်ကုန်သို့လိုက်သွားခဲ့လျှင် သူ့ဘဝသည် နိဂုံးချုပ်ရတော့မည်။ သူချစ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com


အရာ၊ သူစုံမက်မြတ်နိုးခဲ့သောအရာတို့ကို သူစွန့်လွှတ်ခဲ့ရတော့မည်။ ဖင်နီသည် ခေါင်းကို မော့ကြည့်လိုက်ပြီး ခေါင်းယမ်းပြလိုက်သည်။

"ဖင်နီမလိုက်တော့ဘူး"

"ဘယ့်နှယ် . . . မလိုက်လို့ ဘယ်ဖြစ်မလဲ။ လိုက်မှပေါ့။ မင်းဟာ ဗြိတိသျှအစိုးရရဲ့ လက်အောက်ခံတစ်ဦး။ ဒီမှာနေရင် ဘယ်မှာ လုံခြုံမှုရှိပါမလဲ"

ဖင်နီရယ်သည်။ သူ့အကြောင်း သူဗိုသိသည်။

"လုံခြုံပါတယ်"

ဟုဆိုကာ ဖင်နီသည် အကြောင်းပြရန် အချက်ကိုရှာသည်။

မစ္စတာလန်စဒင် ကျေနပ်မည့် အကြောင်းအရင်းကို ချက်ချင်းပင် ရှာတွေ့၏။

"အကျဉ်းကျနေတဲ့ မိဖုရားတွေရှိတယ်လေ။ သူတို့ကို ဖင်နီ ဘယ့်နှယ်လုပ်ထားခဲ့မလဲ။ သူတို့ကိုကူညီမယ့်သူဆိုလို့ ဖင်နီတစ်ယောက်တည်းရှိတာ"

ထိုအကြောင်းပြချက်ကို မစ္စတာလန်စဒင်မငြင်း။ မိမိသာ ကူညီနိုင်စွမ်းရှိသည်ဆိုလျှင် သူလည်း နေရစ်ခဲ့မည်သာ။ သူကိုယ်တိုင်လည်း ဗီယာပွန့် အတင်းကျပ်တိုက်တွန်း၍ လိုက်ရန်ဆုံးဖြတ်ခဲ့ရသည်မဟုတ်လော။ သူ့အား အဆွေတော်များအား ကူညီထောက်ပံ့သူဟု သိထားသည့်အတွက် ဗြိတိသျှသံကိုယ်စားလှယ်အဖွဲ့ ရုပ်သိမ်းသွားခဲ့လျှင် သူ့အတွက် အန္တရာယ်ရှိသည်ကို သိသည့်တိုင် သူနေရစ်ခဲ့ချင်သည်။

သူ့ကို မစ္စတာပွန့်က အတင်းအကျပ်တိုက်တွန်းသဖြင့် သူလည်း ရန်ကုန်လိုက်ရန် ဆုံးဖြတ်ခဲ့ရသည်မဟုတ်လော။ သို့ရာတွင် ဖင်နီကမူ စုဖုရားလတ်ကိုယ်တိုင်က မျက်နှာ သာ ပေးခံရသူဖြစ်သည်။ မိမိတို့ ဗြိတိသျှသွေးအစစ်မဟုတ်ဘဲ အီတလီနှင့် မြန်မာသွေးစပ်ထား သူဖြစ်သည်။ သူသာကျန်ရစ်ခဲ့လျှင် လုံခြုံမှုလည်းရှိ၍ အဆွေတော်အမျိုးတော်များကိုလည်း အကူအညီပေးနိုင်လိမ့်မည်။

ရွှေနန်းတော်ထဲရှိ အကျဉ်းကျနေသော ဆွေတော်မျိုးတော်များထံမှ ယခုပင်လျှင် သူတို့အား ကယ်ဆယ်စောင့်ရှောက်ရန် သနားစဖွယ် အကူအညီတောင်းနေသေးသည် ဖြစ်ရာ ဖင်နီကထိုသို့ အကြောင်းပြလိုက်သည့်အခါတွင် သံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မစ္စတာလန်စဒင်တို့သည် ဖင်နီ၏အကြောင်းပြချက်ကို လက်ခံသွားကြသည်။ မစ္စတာလန် စဒင်သည် ဖင်နီ့ကို ရန်ကုန်သို့လိုက်ရန် နောက်ထပ်ခေါ်ခြင်းမပြုတော့။ သည်တစ်ပွဲတွင် မိမိအနိုင်ရလိုက်သည်ကို ဖင်နီသိလိုက်ရလေသည်။ ဖင်နီသည် သူတို့ကို မြစ်ဆိပ်တာရိုး အထိ လိုက်ပို့၏။ သို့ရာတွင် သင်္ဘောပေါ်သို့ မတက်တော့ဘဲ မြစ်ဆိပ်မှ ရွှေနန်းတော်ကြီးသို့ တိုက်ရိုက်ပြန်တော့မည်ဟု ပြောခဲ့ပြီဖြစ်သည်။

"ကိုယ့်နေရာက ဟိုမှာရှိတယ်လေ"

ဟုဖင်နီက ပြော၏။ အမှန်လည်း အမှန်ပင်။ ဖင်နီသည် တိုင်းမဲ့ပြည်မဲ့ဖြစ်လေရာ သူ့နေရာသည် ထိုသို့သော တိုင်းမဲ့ပြည်မဲ့တစ်ယောက်အဖို့ ထူးဆန်းသော ရွှေနန်းတော်


www.burmeseclassic.com

www.burmeseclassic.com


ကြီးသာလျှင် ဖြစ်ပေလိမ့်မည်။ ဖင်နီသည် ဆီလာနှင့်အတူ ဒုတိယလှည်းယာဉ်ပေါ်သို့တက်လိုက်၏။ မြစ်ဆိပ်သို့သွားရာ သုံးမိုင်ခန့်ဝေးသည့်၊ ချိုင့်ကျင်းတို့ထူထပ်လှသည့် လမ်းတစ်လျှောက်တွင် သူတို့အား ရန်ပြုလေမည်လောဟု တထိတ်ထိတ်ဖြစ်လာခဲ့ရသည်။

သို့ရာတွင် ဗီယာပွန့်သည် သူ့တာဝန်ကိုစနစ်တကျ စီစဉ်ထားလေရာ ရွှေနန်းတော်ကြီးမှလူစုသည် ဗြိတိသျှတို့ မန္တလေးမှဆုတ်ခွာသွားသည်ကို နည်းနည်းကလေးမျှ မရိပ်မိလိုက်ကြ။ ဖင်နီသည် သင်္ဘောပေါ်တွင် ငါးမိနစ်လောက်လိုက်ပါသွားပြီး ခရီးသည်များ တစ်ယောက်တစ်ပေါက် ပြောနေကြသည်ကို နားစွင့်မိသည်။ နောက်ဆုံးတွင် သင်္ဘောကပ္ပတိန်က ခရီးသည်များ ရန်ကုန်သို့လိုက်ပါလိုခြင်း ရှိမရှိ ဆုံးဖြတ်ရန်သတိပေးသည်။

အင်္ဂလိပ်နှင့် အမေရိကန်များမှာ လိုက်သွားရန် ဆုံးဖြတ်ကြပြီး ပြင်သစ်များနှင့် အီတာလျံများမှာမူ နေရစ်ခဲ့ရန် ဆုံးဖြတ်ကြ၏။ အမှန်အားဖြင့်လည်း သူတို့အတွက် အန္တရာယ်မရှိနိုင်ကြောင်းကို သူတို့သိထားပြီးသားဖြစ်၏။ ဗြိတိသျှသံကိုယ်စားလှယ်အဖွဲ့ဝင်များက သူ့ကို ဗိုင်းဝန်းနှုတ်ဆက်ကြသည့်အခါတွင် ဖင်နီသည် လူအထင်ကြီးစရာတစ်ဦးဖြစ်နေသည်။

စာတိုက်မှူးဖြစ်သည့် အသားညိုညိုနှင့် ရော်လင်ဆန်က . . .

"မစ္စတာဘက်ရှောကို မကြာခင် ပြန်တွေ့ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်ဗျာ။ ကျွန်တော်ကတော့ သင်္ဘောပေါ်မှာပဲ စာတိုက်ပိုလ်လုပ်သွားရတော့မှာပဲ။ ဒီသင်္ဘောပေါ်က ဆင်းရင်လည်း စာပို့သင်္ဘောပေါ် တက်လိုက်သွားပြီး စာတွေကိုရွေးနေရမှာပါ။ အဲဒီတော့မှပဲ ခင်ဗျားအဖို့ပါလာတဲ့ စာတွေကိုလာယူတော့ တွေ့ကြမှာပေါ့"

ဖင်နီသည် ရုတ်တရက်ချက်ချင်းပင် အထီးကျန်ဖြစ်ကာ အားငယ်သလိုလိုဖြစ်လာသည်။ ဤမြင်ကွင်းကလေးသည် မိမိစွန့်ခွာခဲ့သော ဘဝနှင့် နောက်ဆုံးကွင်းဆက်ကလေး မဟုတ်လော။ ဖင်နီသည် ရော်လင်ဆန်ကို ပြုံး၍နှုတ်ဆက်၏။ ဆီလာကို နမ်း၍နှုတ်ဆက်၏။ ထို့နောက် ကုလားဝန်နှင့်အတူ ကမ်းသို့ပြန်ဆင်းလာခဲ့သည်။

ယခုအချိန်၌ ကမ်းပေါ်တွင် မြန်မာများဖြင့်ပြည့်နှက်နေလေပြီ။ ဗြိတိသျှလူမျိုးများ သင်္ဘောပေါ်လိုက်ပါသွားခြင်းသည် သာမန်သွားရိုးသွားစဉ်ခရီးဟုတ်ဘဲ မန္တလေးမှလိုက်ပါသွားခြင်းဖြစ်ကြောင်း၊ ယခုမှ သဘောပေါက်လာကြဟန်တူသည်။ ဖင်နီသည် ညိုမှောင်သော သူတို့မျက်နှာများကို ကြည့်၍ လန့်သွား၏။ သူတို့တစ်တွေက ကျိုးကန်းတွေနှင့် တူနေသည်။ ယခုမိမိသည် သူ့ဘဝကို ကျီးကန်းအုပ်တွေထဲသို့ ရောလိုက်လေပြီ။ ဖင်နီသည် ဘဖြည်းဖြည်းဝေး၍သွားသော ပန်းသေးသင်္ဘောပဲ့ပိုင်းကိုကြည့်ကာ ညှိုးငယ်စွာဖြင့် လက်ကိုင်ပဝါကိုဝှေ့ယမ်း၍ ပြနေမိသည်။ မစ္စတာလန်စဒင်သည် သင်္ဘောလက်တန်းကို ဒိုက်ကာ စက်ရုပ်ကြီးလို လက်ကိုဝှေ့ယမ်းပြ၏။ လန်စဒင်သည် ဖင်နီ့အကြောင်းကို မတွေးမိ။ သူနှင့်အက်ဂါသာတို့အကြောင်းကိုသာ တွေးနေမိသည်။

လွန်ခဲ့သည့် သုံးနှစ်လောက်က သည်တာရိုးပေါ်မှာ သူသည် အက်ဂါသာကို လာ



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့သည်။ ထိုစဉ်က သူသည် အရွယ်ရောက်သည့်သမီးပျိုကို တွေ့ရတော့မည်ဖြစ်သည့်အတွက် စိတ်ထဲတွင် ရှက်ကိုးရှက်ကန်းဖြစ်နေသလိုလို၊ ကိုယ့်ကိုယ်ကိုယ် မယုံမရဲဖြစ်နေသလိုလို။ ထို့နောက် မင်းတုန်းမင်းကြီး နတ်ရွာစံခဲ့သည်။ နတ်ရွာစံပြီးနောက် တစ်နှစ်အတောအတွင်း၌ သူတို့ ကုလားမြို့တွင် အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့သည်။ အထိတ်ထိတ်အလန့်လန့်နေရခြင်း၊ သရော်မော်ကားအပြုခံရခြင်း၊ ကူညီရန်ခက်ခဲသည့်အခြေအနေတွေကြားထဲမှ ကူညီရခြင်းစသည်တို့ကို တွေ့ခဲ့ဖြတ်သန်းခဲ့ရသည်။

ယခုမူ သူ့သာသနာပြုလုပ်ငန်းသည်လည်း ဆုံးခန်းတိုင်ရောက်ခဲ့လေပြီ။ ဆရာမှတ် (ဒေါက်တာမတ်)ကဲ့သို့ မိမိဘဝကို ပုံ၍အပ်ခဲ့သည့် သာသနာပြုလုပ်ငန်းသည်လည်း ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ လျှောကျခဲ့ရလေပြီ။

လှမ်းကြည့်လိုက်သည့်အခါတွင် လက်ကိုင်ပဝါကလေး လှုပ်ယမ်းပြနေသော ဖဲင်နီကို ခပ်ရေးရေးမြင်ရ၏။ ယခုတစ်ကြိမ်တွင် လန်စဒင်သည် ဖဲင်နီဆီသို့ စိတ်ရောက်သွား၏။ တာရိုးတွင်ရပ်နေသည့် ဖဲင်နီ၏ပုံသဏ္ဍာန်သည် သေးသွယ်ကာ ထီးထီးကြီးဖြစ်နေသည်ဟု ထင်ရ၏။

မိမိ၏စိတ်တွင် အသိဉာဏ်နည်းသည်ဟုထင်သော ဤသေးသွယ်သည့်ခန္ဓာကိုယ်လေးသည် အစစအရာရာကိုစွန့်လွှတ်၍ ဦးလည်မသုန်တာဝန်ကို ထမ်းဆောင်မိမည်ဟု မည်သူက ထင်မည်နည်း။ ဖဲင်နီသည် ပြန်လှည့်ကာ လှည်းယာဉ်ပေါ်သို့တက်သည်။ ပန်းသေးသင်္ဘောသည်လည်း မြစ်ကြောင်းအတိုင်း စုန်ဆင်းလာခဲ့သည်။

သစ်ပင်စိမ်းညိုညို၊ ပုထိုးစေတီ ဖြူဖြူဖွေးဖွေးဖြင့်ရှိနေသော စစ်ကိုင်းတောင်သည် နံနက်ခင်းနေခြည်ထဲတွင် အံ့ဖွယ်အလှတစ်မျိုးဆောင်လျက်ရှိ၏။ နေခြည်ထဲတွင် တလက်လက်တောက်နေသည့် မြစ်ပြင်ကျယ်ကြီးထဲမှ လှိုင်းကြက်ခွပ်များသည် ပုလဲလုံးမှ အရောင်များလို လက်နေကြသည်။ သင်္ဘောကုလားများ၏ညာသံသည် သူ့နားထဲတွင် အသုဘသီချင်းဆိုင်းသံကို ကြားရသည့်နှယ်။

တိတ်ဆိတ်နေလျှင် သာသနာပြုကျောင်းနှင့် အစောင့်အကြပ်မရှိတော့သည့် သံတဲကို ဖြတ်လာသည့်အခါတွင် ဖဲင်နီ၏ရင်ထဲတွင် ဆို့သလိုလို တင်းကျပ်သွားသည်။ မိမိသည် ဆုံးဖြတ်ချက်ချမှားခဲ့လေပြီလောဟု ရုတ်တရက် ထင်လိုက်မိသည်။ ထို့နောက်တွင်မူ ထိုတင်းကျပ်မှုသည် ချက်ချင်းပျောက်သွားကာ ကရဝိက်ဖောင်ကြီးများ၊ ရွှေပြာသာဒ်ကြီးနှင့် နီကြင်ကြင်မြို့ရိုးကြီးသည် သူ့ရှေ့တွင် ပေါ်လာသည်။

လွန်ခဲ့သည့် လေးနှစ်ကျော်ခန့်က ရွှေတိဂုံစေတီတော်ကြီးကို မြင်လိုက်ရစဉ် ခံစားရသည်ထက်ပင် ထိုအရာကိုမြင်လိုက်သည်နှင့် သူ့စိတ်ထဲတွင် မိမိသည် အိမ်သို့ပြန်ရောက်လာလေပြီဟု ခံစားလိုက်ရသည်။ အိမ်ဆိုသည်မှာ ကိုယ်ပျော်မွေ့ရာနေရာနှင့် ပတ်ဝန်းကျင်ဖြစ်သည်ဆိုလျှင် ဖဲင်နီ၏ခံစားချက်သည်လည်း မှန်သောခံစားချက်သာ ဖြစ်ပါသတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၂၀ ]

## ထဘီ

တိုင်ထူသက်ငယ်မိုးတဲများထဲတွင် ဂျူလီနှင့် သူဖခင်တို့၏ကြီးကြပ်မှုဖြင့် မိန်းကလေးများသည် ရက်ကန်းရက်နေကြသည်။ လှပနုနယ်သည့် ပိုးချည်မျှင်များသည် အလင်းရောင်ထဲမှ အရိပ်ထဲသို့ ရောက်သွားလိုက်၊ အလင်းရောင်ထဲသို့ ပြန်ထွက်လာလိုက်ဖြင့် ကူးလူးနေကြပြီးလွန်းများသည် ပိုးမျှင်များကြားတွင် စုန်ချည်ဆန်ချည်သွားလာလျက်ရှိ၏။

မိန်းကလေးများသည် မိဖုရားများ မှန်နန်းအပျိုတော်များနှင့်တကွ အရပ်သူအရပ်သားများပါ ဝတ်ဆင်လေ့ရှိသော ချိတ်ထဘီများကို ရက်နေကြခြင်းဖြစ်သည်။ ဖက်ဖူးရောင်၊ ပန်းရောင်၊ ရွှေဖလားရောင်၊ ပုလဲရောင်၊ ခရမ်းရောင် စသည်တို့ဖြင့် ရက်ဖောက်ထားသည့် ထဘီများသည် သေးသွယ်ညိုမှောင်သော လက်ချောင်းကလေးများအောက်တွင် တဖြည်းဖြည်း ပုံပေါ်လာကြ၏။

မြင်နေကျမဟုတ်သူများအဖို့သော်မူ ထိုမျှရှုပ်ထွေးသော ချည်ထွေးထဲမှ ထိုသို့လှပသောအဆင်များ ထွက်လာကြလိမ့်မည်ဟု အနည်းငယ်မျှ ထင်စရာမရှိ။ တောက်ပပြိုးပြက်သောပိုးမျှင်များ၊ ယဉ်သွားကို တက်ချည်ဆင်းချည်ဖြစ်နေသည့် ခြေနင်းတံများနှင့် ပိုးမျှင်များကြားထဲတွင် သွားလာကူးသန်းနေသော လွန်းကလေးများအား ကြည့်ရသည်ကို ဖဲင်နီသဘောကျသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးမျှင်တန်းများအဆုံးတွင် အဆင်အသွေးတွေပေါ်လာသော ပိုးသားထည်ကြီးကို ကြည့်လိုက်ရသည်ကိုလည်း ဖင်နီသဘောကျသည်။ ပျော်ပျော်နေတတ်သည့် ရက်ကန်းသည်လေးများအဖို့ အချိန်သည် အရေးမကြီး။ ထဘီတစ်ထည်ရက်ရသည်မှာ အချိန်ကြာကောင်းကြာမည်။ သို့ရာတွင် အထည်ဖြစ်လာသည်နှင့် သူတို့ကုန်ခဲ့ရသော အချိန်တို့သည် အတိတ်တွင်ကျန်ရစ်ခဲ့ကြတာ သူတို့အဖို့ အရေးမကြီးတော့ပြီ။

ရွှေနန်းတော်ကြီးထဲက အချိန်နာရီတို့သည်လည်း အနောက်တိုင်းမှ အချိန်နာရီနှင့် မတူ ကွဲပြားခြားနားကြသည်။ ရွှေနန်းတော်ကြီးထဲတွင် အချိန်သည် မရွေ့မလျားငြိမ်သက်နေသည်ထင်ရသည့်တိုင် အနောက်တိုင်းမှာထက် အချိန်ကုန်မြန်သည်။ ရွှေနန်းတော်ကြီးထဲတွင် အတိတ်ဆိုသည်မှာလည်း ချက်ချင်းပျောက်ကွယ်သွားကာ အနာဂတ်သည်လည်း အရိပ်မထင်။ ရွှေနန်းတော်ထဲတွင် ပစ္စုပ္ပန်နှင့် လုံးထွေးနေကြသဖြင့် ပစ္စုပ္ပန်ဟူသည်လည်း တကယ်မရှိ။ ချက်ချင်း အတိတ်ဖြစ်သွားသည်ဆိုသည့် နိယာမတရားကိုပင် သတိမထားကြ။

အချိန်သည် လျင်မြန်စွာ ရွေ့လျားနေသည့်တိုင် ငြိမ်သက်နေသည်ဟု ထင်ရသဖြင့် ရွှေနန်းတော်ကြီးထဲတွင် ဘာမျှသိသိသာသာပြောင်းလဲခြင်းမရှိ။ အဆောက်အအုံများသည်ပင် အသစ်တွေဖြစ်သော်လည်း ယင်းတို့သည် လူ့မှတ်ဉာဏ်ပေါ်စ သမိုင်းပေါ်စကကဲ့သို့ပင် ရှိနေသဖြင့် အချိန်လျင်မြန်စွာ ရွေ့လျားနေသည်ကို မည်သူမျှသတိမပြုမိကြ။

ဖင်နီ၏ရွှေနန်းတော်ထဲက ဘဝသည် အခြားသော အင်ဒိုချိုင်းနားကျွန်းဆွယ်က ရွှေနန်းတော်ကြီးများထဲမှ ဘဝကဲ့သို့လည်းကောင်း၊ ယခုမန္တလေးရွှေမြို့တော်ကြီးနှင့် သဏ္ဍာန်တူသည့် ခံမင်းကြီးလက်ထက်တော်က ရွှေနန်းတော်ဘဝကဲ့သို့လည်းကောင်း၊ ဘာမျှပြောင်းလဲခြင်းမရှိသော ဇယားအတိုင်း ဖြစ်နေသည်။

စုဖုရားလတ်နှင့် သီပေါမင်းတို့သည် နေ့တိုင်းပင် သူ့အလိုအလျောက် နိုးလာသည်အထိ အိပ်စက်ကြ၏။ အိပ်ပျော်နေစဉ် သွား၍နိုးလျှင် အိပ်နေသူ၏လိပ်ပြာသည် အိပ်မက်ထဲက မိမိ၏နေရာသို့ ပြန်သွားချိန်မရဟု မြန်မာတို့ ယူဆကြသည်။ စုဖုရားလတ်သည် တစ်ခါတစ်ရံတွင် မနက်ကိုးချက်တီးသည်အထိ အိပ်စက်လေ့ရှိသည့်တိုင် ထုံးစံအားဖြင့် မနက်ကြက်ဦးတွန်သည်နှင့် စက်ရာမှနိုးလာကာ အစေတော်တို့ကို ခေါ်မြဲဖြစ်သည်။

ဖင်နီအပါအဝင် စုဖုရားလတ်၏အပျိုတော်များသည် လိုက်ကာကာထားသည့် ခန်းဆောင်အပြင်ဘက်တွင် အသင့်ရှိနေကြရသည်။ စက်ရာမှနိုးလာလျှင် စားတော်ဆက်တို့က ချိုတာဟာဇရီဟူသည့် မနက်စာပွဲတော်ကို သွင်းလာကြရသည်။ (ချိုတာဟာဇရီမှာ အိန္ဒိယအမျိုးသားတို့၏ အခေါ်အဝေါ်ဖြစ်၍ မန္တလေးသို့ အိန္ဒိယလူမျိုးတို့ ရောက်လာသည့်နောက်တွင် ရွှေနန်းတော်ထဲတွင်လည်း ထိုသို့ခေါ်ဝေါ်လေ့ရှိသည်ဟု သိရ၏။)



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မူ တစ်နေ့လျှင် ဝတ်လဲတော် လေးကြိမ်လဲရသည့်ထုံးစံအရ ပထမအကြိမ် ဝတ်လဲတော်လဲရသည်။ ဖဲင်နီမှာ မည်သည့်နေ့ရက်တွင်ဖြစ်စေ ထိုအတိုင်း စုဖုရားလတ်အား ဝတ်လဲတော်များ ဆက်သရ၏။ အထက်ဆင်အရောင်သည် မည်သို့မျှပြောင်းလဲခြင်းမရှိသကဲ့သို့ ရွှေနန်းတော်တွင် အခစားရသော ဖဲင်နီ၏ဖယားမှာလည်း ပြောင်းလဲခြင်းမရှိတော့ပြီ။

ကတ္တဝါငှက်သည် လှောင်အိမ်ထဲသို့ ရောက်နေသည့်တိုင် အရယ်အမောမပျက်။ လှောင်အိမ်အထက် ကောင်းကင်ပြင်တွင်မူ တောင်ပိုင်းအင်္ဂလန်တွင် ဖဲင်နီကြားနေကျအသံဖြစ်သည့် မိုးစွေငှက်၏မြည်သံက လှိုင်းကြက်ခွပ်ကလေးများကသည့်နယ် ကောင်းကင်ယံတွင် ဆူညံနေတတ်သည်။ ပန်းရည်စုပ်ငှက်တို့က ဟိုမှ သည်မှ ပျံဝဲနေကြသည်။

မျက်လုံးပြာပြာ၊ ကိုယ်လုံးနက်နက်နှင့် ကျီးကန်းများ၊ လန်ဒန်လမ်းမများတွင် တွေ့နေကျဖြစ်သည့် စာကလေးများက ဆူညံစွာမြည်ကျူးလျက်။ ဥယျာဉ်တော်ထဲတွင် ငှက်ပျောရွက်များကိုခင်းပြီး စားရသည့် ထမင်းမြိန်စားရသည့် စားပွဲများ၊ သစ်ပင်များနှင့် အပန်းဖြေဆောင်များကြားထဲတွင် တူတူပုန်းတမ်းကစားပွဲများမှာလည်း နေ့တိုင်းလိုလိုပင်ရှိသည်။

တူတူပုန်းတမ်း ကစားကြပြီဆိုလျှင် ထိပ်စုဖုရားကိုမြင်သည့်တိုင် မဖမ်းရဲကြ။ ဝါးရုံကြီးတစ်ရုံထဲမှ တောက်ပပြိုးပြက်သော အဝတ်အစားများကို ဆင်ယင်ထားသည့် စုဖုရားလတ်ကို မြင်နေရသည့်တိုင် မဖမ်းရဲကြ။ အသစ်ရောက်လာသည့် ဘုမသိဘမသိ အပျိုတော်တို့သာလျှင် ထိပ်စုဖုရားကို ဖမ်းရဲကြသည်။ ထိပ်စုဖုရား တူတူပုန်းတမ်းကစားပြီဆိုလျှင် သီပေါမင်းမှအပ အခြားမည်သူမျှ သူ့ကို ဖမ်းရန်ခွင့်မပြု။

တစ်ခါတစ်ရံတွင်လည်း စမ်းချောင်းကလေးထဲမှငါးများကို အစာကျွေးသည်။ ငါးကလေးများမှာ ယဉ်၍နေလေပြီ။ တစ်ခါတစ်ရံတွင်လည်း ကံစမ်းမဲနှိုက်ကြသည်။ အချို့မှာ အဖိုးတန်ရတနာများရပြီး အချို့မှာ ရေမွှေး၊ ဆေးရွက်ကြီးစသည့်တို့ရတတ်သည်။ နေ့လယ်စာ စားသောက်၍ တရေးတမော အိပ်ပြီးသည့်အခါတွင် ဒုတိယအကြိမ်ရွှေကြချိန်ဖြစ်သည်။ ဘုရင်၊ မိဖုရားနှင့် အပျိုတော်များသည် စမ်းချောင်းဘေးတွင် နားနေကြသည်။ ပိန်ညင်းငှက်များက ခေါင်းစိုက်ကျွမ်းထိုးလာကာ ရေပြင်နားသို့ရောက်သည်နှင့် အပေါ်သို့ ပျံတက်သွားကြ၏။ အဆိပ်ပြင်းသော ပိုးမွှားကောင်လေးများနှင့် တူသည်။ ဆီးတော်ပင်ပေါ်နှင့်ငှက်များက တေးဆိုလျက်။ လိပ်ပြာကလေးများသည် နေခြည်နှင့်အရိပ်ထဲတွင် ကွေ့ကောက်ဖျံသန်းကာ ဝဲပါလှည့်နေကြ၏။

လိပ်ပြာကလေးများနှင့် ငှက်ကလေးများသဖွယ် အပျိုတော်များသည်လည်း တောက်ပသောထဘီများကို ဝတ်ဆင်ကာ စိမ်းလန်းသည့် မြက်ခင်းပြင်ပေါ်တွင် လူးလာ



www.burmeseclassic.com

www.burmeseclassic.com



ကူးသန်းနေကြရာ နေရောင်ထဲသို့ရောက်လျှင် ရွှေရောင်ဖြူဝင်းလျက်ရှိပြီး အရိပ်ထဲသို့ ရောက်သည်နှင့် ပုလဲရောင်ပြောင်းသွားကြသည်။ ပျားရည်လိုချိုမြိန်သော ပန်းဝတ်မှုန်တော ထဲတွင် လူးထားသလို သူတို့မျက်နှာပေါ်တွင် သနပ်ခါးရွှေမှုန့်တို့ဖြင့် လိမ်းကျံထားကြ သည်။ အဝေးတွင်မူ ရွှေရောင်နှင့် ဟင်္သပဒါးရောင်တောက်နေသော ရွှေနန်းတော်အဆောင် ဆောင်တို့သည် မိုးတိမ်ကင်းစင်သော ကောင်းကင်နောက်ခံတွင် မားမားကြီးရပ်နေကြ သည်။

မြို့ရိုးတံတိုင်းပေါ်တွင် သူရဲခိုများတွင်မူ အစောင့်တို့သည် လေးကိုကိုင်ကာ ပြာ သာဒ်ခေါင်မိုးသို့ ငှက်ဆိုးတို့လာနားလျှင် ပစ်ခတ်နိုင်ရန် အသင့်စောင့်နေကြသည်။ ထို အချိန်၌ နန်းမြို့တွင်းမှလူများသည် စနည်းတဘောင်တို့ကို ပြောဆိုနေကြလိမ့်မည်။ မျက် လှည့်ဆရာတို့၏ မျက်လှည့်ပွဲကို ကြည့်နေကြပေလိမ့်မည်။ သို့မဟုတ်လျှင်လည်း ပါရီ ရောက်လာသည့် ကုန်ပစ္စည်းသစ်တို့ကို တအံ့တသြဖြင့် ကြည့်နေကြပေလိမ့်မည်။ ညနေ လေးချက်တီး၍ မြက်ခင်းပေါ်တွင် အရိပ်များ စိပ်စပြုလာသည့်အခါတွင်မူ အားလုံး ညစာ စားရန်အဆောင်သို့ ဝင်ကြလေပြီ။ အရှင်နစ်ပါးတို့သည်လည်း အပျိုတော်များ ခြံရံကာ နန်းတော်ထဲသို့ ပြန်ကြွသွားကြလေပြီ။

ထို့နောက်တွင် ရေမိုးချိုးသန့်စင်ကာ အဝတ်အစားသစ်၊ ကျောက်မျက်ရတနာ အဆင်အယင်သစ်တို့ကို ဝတ်လဲကြပြန်သည်။ ထို့နောက်တွင်မူ ညအချိန် ရွှေစကြံချိန်သို့ ရောက်လာကြပြန်၏။ ပွဲများ၊ အငြိမ့်များ၊ ယိမ်းများ၊ ရုပ်သေးပွဲများ၊ မျက်လှည့်ပွဲများနှင့် ကျွမ်းဘားပြပွဲများဖြင့် ရွှေနန်းတော်ထဲတွင် စည်ကားနေသည်။ သီချင်းသံ၊ ဂီတသံ၊ ဆိုင်းသံ၊ ဗုံသံတို့သည် အသံမစဲတော့။

ရွှေနန်းတော်ကြီးမှ ဂီတသံတို့သည် နန်းမြို့ရိုး၏အပြင်ဘက်ရှိ မြို့သူမြို့သားများထံ သို့လည်းကောင်း၊ အကျဉ်းတိုက်ထဲတွင်ရောက်နေသည့် ဆွေတော်များထံသို့လည်း ကောင်း ပျံ့လွင့်နေသည်။ ထိုဂီတသံများသည် ဒီးဒုတ်တို့၏မြည်သံ၊ ဖီးကွက်တို့၏ မြည်သံ ကဲ့သို့ လူတို့၏ နောက်ကျိသောအတွေးများကို ဖုံးလွှမ်းသွားလေသတည်း။

ပထမတွင် မဟေသီထိပ်ဖုရားသည် ရေမိုးချိုး ကိုယ်လက်သန့်စင်သည်။ ရေပန်း ရေမြွှာတို့ကို ထိပ်စုဖုရား၏ နူးညံ့ညိုမောင်းသည့်ကိုယ်ပေါ်သို့ ကျနေစဉ်တွင် တစ်နေရာမှ ဂါထာမန္တာန်တို့ကို ရွတ်ပေးရသည်။ ထို့နောက် ခေါင်းလျှော်ကာ နူးညံ့သည့်ပဝါပါးဖြင့် သုတ် ပေးရသည်။ ထို့နောက် ပါရီမှလာသော ရေမွှေးတို့ကို ဆွတ်ဖျန်းကာ ခေါင်းလျှော်သည့်ဆံပင် တို့ကို ဖြီးသင်ပေးရသည်။ ဆံထုံးအလယ်တွင် စိန်ဆံထိုးတစ်ခုကို စိုက်ထားပြီး ဘေးတွင် ပန်း တစ်ပွင့် ပန်ထားတတ်သည်။ ထို့နောက် မျက်နှာပေါ်တွင် သနပ်ခါးပါးပါးလိမ်းသည်။

မျက်လုံး၊ မျက်တောင်နှင့် နှုတ်ခမ်းတို့တွင် စွန်းပေနေသောသနပ်ခါးများကို နူးညံ့ သည့်ပိုးစကလေးဖြင့် ပွတ်သည်။ နောက်ဆုံးတွင် ပါရီမှလာသည့်ဆိုးဆေးကို ပါးနှစ်ဖက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတို့အပေါ်သို့ ခပ်ပြေပြေတင်သည်။ ထိပ်စုဖုရားသည် သာမန်နေ့များတွင် အကောင်း စားပိုးဖြင့်ရက်လုပ်ထားသည့် ကွမ်းရိုးစင် သို့မဟုတ် ပွင့်ရိုက်ထဘီကို ဝတ်ဆင်တတ်သည်။

ခါကြီးရက်ကြီးများတွင်မူ ချိတ်ထဘီကို ဝတ်ဆင်တတ်သည်။ အောက်ခံထဘီမှာ အဖြူရောင်ချည်လုံချည်ဖြစ်ပြီး ထဘီတစ်ထည်လဲတိုင်း အောက်ခံချည်လုံချည် အသစ်စက် စက်တစ်ထည်ကို ခံ၍ ဝတ်လေ့ရှိသည်။ ခြေတွင် ခရမ်းရောင်ကတ္တီပါပုံတော်ဖိနပ်ကို စီးထား ပြီး ကိုယ်တွင် ပန်းပွင့်ပန်းခက်တို့ ရေးခြယ်ထားသော ရင်စည်းကို စည်းလေ့ရှိသည်။ ထို အပေါ်တွင်မှ အဖြူရောင်ထိုင်မသိမ်းအင်္ကျီကို ဝတ်ပြီးလျှင် ရာသီဥတုနှင့် အချိန်အခါကို လိုက်၍ ပဝါကို အမျိုးမျိုးခြုံသည်။ လည်တွင်မူ စိန်ဘယက်သုံးကုံးကို ဆင့်ဝတ်ထားပြီး နား တွင် စိန်နားတောင်းပန်သည်။ ထိုမျှဆိုလျှင်ပင် ထိပ်စုဖုရား၏ ဝတ်စားဆင်ယင်မှုသည် ပြီး ဆုံးလေပြီ။

ထိပ်စုဖုရားသည် ငြိမ်သက်စွာထိုင်နေသည့်တိုင် တဖျတ်ဖျတ်တောက်နေသော မီးလျှံတစ်ခုနှင့် တူနေသည်။ အလှကြီးမဟုတ်သည့်တိုင် သာမန်အချိန်တွင်ဖြစ်စေ၊ စိတ်ဆိုး နေသည့်အချိန်တွင်ဖြစ်စေ ထိပ်စုဖုရားသည် ခန့်ညား၍ ရာဇဣန္ဒြေနှင့်နေသည်။ ထိပ်စုဖုရား နှင့် အပျိုတော်များသည်  တစ်နေ့လျှင် သုံးကြိမ် အဝတ်လဲကြရသည်။ အပျိုတော်များမှာ အမြဲတမ်း ထဘီအသစ်တို့ကို ဝတ်ဆင်ရသည့်အတွက် ရွှေနန်းတော်ကြီးအတွက် ထဘီ များစွာ လိုတတ်သည်။ အပျိုတော်များမှာ တူတူပုန်းတမ်းကစားခြင်း၊ လှေလှော်ခြင်း၊ ထမင်းချက်တမ်းကစားခြင်း၊ သင်္ကြန်အခါသို့ရောက်လျှင် ရေပက်ရခြင်း စသည်တို့ကြောင့် သူတို့အဝတ်အစားများလည်း ကြာကြာမခံလှ။ ထိုအခါတွင် ဂျူလီတို့၏ ရက်ကန်းရုံသည် အလုပ်အားရသည်ဟူ၍ပင် မရှိတော့ပါ။

ရွှေနန်းတော်ကြီးထဲတွင်ရှိသည့် ဖင်နီ၏ဘဝသည် ဤသို့ အချိန်ကုန်ရှိသည်။ ပုံစံ တကျနေသော စိတ်ကူးအိပ်မက်များသည် တစ်ခုပြီးတစ်ခု လွန်မြောက်သွားကြ၏။ ရက်ထည် ကြီးသည် ရက်ကန်းချယ်ထားသည့် ပိုးကြိုးများအတိုင်း တစ်စထက်တစ်စ ပြီးမှန်းမသိ ရက်၍ ပြီးသွား၏။

နောက်ဆုံးလွန်းသွားကို ထိုးလိုက်ပြီးသည့်နောက် ရပ်၍ အဝေးသို့ ကြည့်လိုက် သည့်အခါတွင်မှ ပြီးသွားသောရက်ထည်ကို ရွှေနန်းတော်ကြီးထဲတွင်ရှိသည့် ဖင်နီ၏ဘဝ



www.burmeseclassic.com

www.burmeseclassic.com



သည် ဤသို့ အချိန်ကုန်လျက်ရှိသည်။ ပုံစံကျနေသော စိတ်ကူးအိပ်မက်များသည် တစ်ခုပြီး တစ်ခု လွန်မြောက်သွားကြ၏။ ရက်ထည်ကြီးသည် ရက်ကန်းရှယ်ထားသည့် ပိုးကြိုးများ အတိုင်း တစ်စထက်တစ်စ ပြီးမှန်းမသိ ပြီးသွားခဲ့သည်။

သို့ရာတွင် ဖဲင်နီသည် ထိုပိုးထည်ကြီး ပြီးသွားသည့်ကိုမသိလိုက်။ နောက်ဆုံးလွန်း သွားကို ထိုးလိုက်ပြီးသည့်နောက် ရပ်၍ အဝေးသို့ကြည့်လိုက်သည့်အခါတွင်မှ ပြီးသွားသော ရက်ထည်ကို စိတ်ပျက်အံ့ဩသောအကြည့်ဖြင့် ငေး၍ကြည့်နေမိသည်။ ယခင်က ထိုနေရာ တွင် ထိုရက်ထည်ကြီး မရှိခဲ့။ ယခုမူ ရက်ထည်ကြီး ရောက်နေလေပြီ။

ထိုအခါကျမှပင် မစ္စတာလန်စဒင်ကဲ့သို့ပင် ဖဲင်နီသည်လည်း မျှော်လင့်ချက်နှင့် တကယ့်အဖြစ်တို့ကြားက ဘယ်ပုံဘယ်နည်း ကျော်ဖြတ်လာခဲ့သည်ကို နားမလည်နိုင် အောင်ဖြစ်နေသည်။ မစ္စတာလန်စဒင်ကဲ့သို့ပင် တညီးညီးတောက်လောင်နေသည့် ဘဝဟူ သည့်အရာသည် မိမိခြေရင်းတွင် ပြန့်ပြူးနေခြင်းမရှိတော့ဘဲ မိမိနောက်တွင် မည်သို့မည်ပုံ ကျန်ရစ်ခဲ့သည်ကို စဉ်းစားမရနိုင်အောင် ဖြစ်နေသည်။

ရက်ထည်ကို စတင်ရက်လုပ်စဉ်ကမူ ထိုရက်ထည်သည် လှပသော ရောင်စုံ ရက်ထည်ကြီးဖြစ်လိမ့်မည်ဟု တွေးကာ ရောင်စုံတောက်ပနေသည့် ပိုးမျှင်ကလေးများကို သာ ကြည့်ခဲ့သည်။ ဘာကိုမျှ မစဉ်းစားခဲ့။ ရွှေနန်းတော်ကြီး၏ ဘဝတည်းဟူသော ရက်ထည် တွင် သူ့ကိုအဆွဲဆောင်ဆုံးသော ပိုးကြိုးမျှင်မှာ ချောမောလှပသော ပြင်သစ်အင်ဂျီနီယာ လေးဖြစ်သည်။

ယခုအချိန်တွင် မဟေသီကြီးဖြစ်လာသဖြင့် အရှင်နန်းမတော်ဖုရားဟုခေါ်ရသော စုဖုရားလတ်သည်လည်း ယခင်အတိုင်းပင် ဘာမျှပြောင်းလဲခြင်းမရှိ။ ဖဲင်နီသည် နိုင်ငံခြား တွင် ခပ်ကြာကြာနေခဲ့ဖူးပြီး ဖြစ်သည့်အလျောက် အမြှောက်အပင့်နှင့် စိတ်ရင်းစေတနာ အမှန်တို့ကို မည်သို့ ရောမွှေသုံးနှုန်းရမည်ကိုလည်း သိခဲ့လေပြီ။ မိမိနှင့် စုဖုရားလတ်တို့သည် တစ်ဦးကိုတစ်ဦး နားလည်၍ တစ်ယောက်အကြောင်းတစ်ယောက် သိကြသည်။ သိရုံမျှမက ခံစားမိကြသည်။

အမှန်အားဖြင့် စုဖုရားလတ်သည် စိတ်နေစိတ်ထားအရာတွင် သူ့ထက်သာသည် ဟု ဆိုရလိမ့်မည်။ စုဖုရားလတ်သည် ရက်စက်ကြမ်းကြုတ်၍ သတိလည်းကောင်းသည်။ ဤသည်မှာ ဖဲင်နီတွင်မရှိသည့် အရည်အချင်းဖြစ်သည်။ စုဖုရားလတ်သည် သူ့လမ်းတွင်ရှိ သည့် အတားအဆီးမှန်သမျှကို ဖယ်ရှားသွားမည့် မိန်းမမျိုးဖြစ်သည်။ သူ့ကြင်ရာတော်ဖြစ် သော သီပေါမင်းနှင့် သူတို့ကို ထီးနန်းတွင်မြဲဖို့ဆိုလျှင် ဘယ်သူ့ကိုမျှ မှုမည်မဟုတ်။

ရွှေနန်းတော်ကြီးအပြင်ဘက်တွင် ဖြစ်နေသည့် အကြောင်းအရာတို့နှင့် ပတ်သက် ၍ ဗဟုသုတနည်းခြင်း၊ ဆွေမျိုးသားချင်းတို့အပေါ်၌ ထောက်ထားညှာတာမှုကင်းခြင်း စသည်



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့်သာလျှင် စုဖုရားလတ်သည် ကြီးမြတ်သော မဟေသီတစ်ပါး မဖြစ်ခဲ့ခြင်းဖြစ်သည်။ ထိုအဖြစ်မျိုးကို မကြုံခဲ့ဘူးသေးသည့်တိုင် ဖဲင်နီ၏ ပင်ကိုသဘာဝသည် စုဖုရားလတ်ကဲ့သို့ပင် အလိုကြီး၍ မနာလိုဝန်တိုတတ်သူဖြစ်သည်။ ထိုမှလွဲလျှင်မူ ဖဲင်နီသည် စုဖုရားလတ်လောက် စိတ်ဓာတ်ပြတ်သားကြံ့ခိုင်ခြင်းမရှိ။ စုဖုရားလတ်လို မင်းမျိုးမင်းနွယ်လည်းမဟုတ်။

❋ ❋ ❋

တစ်နေ့၌ ဆီလာသည် ရွှေနန်းတော်ကြီးထဲသို့ အခစားဝင်သည်တွင် စုဖုရားလတ်သည် ဖဲင်နီ မနာလိုဝန်တိုခြင်းရှိမရှိ လှမ်း၍ အကဲခတ်နေသည်။ ဖဲင်နီသည် မည်သူ့ကိုမျှ အကြောက်အရွံ့မရှိ။ ဖဲင်နီသည် အစတွင် ဆီလာကို စိုက်ကြည့်နေပြီးနောက် ပြုံးပြလိုက်သည်။ ဖဲင်နီသည် မည်သူ့ကိုမျှ အကြောက်အရွံ့မရှိ။ ကုလားဝန်အာရတွန်သည် မိမိအိမ်နီမ့်စံဘဝတွင်ရှိခဲ့စဉ် မိမိအပေါ်တွင် ကောင်းခဲ့၏။ သူတို့ကို ချီးမြှောက်စားလို၏။

ထို့ကြောင့် ဆီလာကို မန္တလေးသို့ပြန်ခေါ်ရန် စုဖုရားလတ်က ကုလားဝန်အာရတွန်ကို မိန့်ခဲ့သည်။ ကုလားဝန်သည် စုဖုရားလတ်၏အမိန့်ကို မငြင်းဆန်ရဲ။ ပြန်ရောက်လာသည့်အခါတွင် ကုလားဝန် မစ္စစ်အာရတွန်ကို ဝန်ကြီးကတော်များနှင့် မှူးကြီးများ၏ကတော်များက ညှိကြိုတော်အဖြစ် ခန့်အပ်ပြီး သမီးဖြစ်သူဆီလာကို ကောင်းစွာချီးမြှင့်ကာ ပိုးအုပ်များ ပတ္တမြားလက်စွပ်များ၊ ရွှေခွက်များ သနားတော်မူခဲ့သည်။

ဆီလာမှာ အမူတော်ထမ်းဘဝကို နစ်သက်သူဖြစ်သည့်အလျောက် ရွှေနန်းတော်ကြီးသို့ ပြန်ရောက်ခြင်းကို ကျေနပ်နေသည်။ ရန်ကုန်တွင်ရှိသည့် ဂွတ်ရှက်ပဟ်သာသနာပြုကျောင်းမှ ပျင်းရိညည်းငွေ့ဖွယ်ဘဝနှင့်စာလျှင် ရွှေနန်းတော်ကြီးတွင် ခစားရခြင်းသည် မနှိုင်းယှဉ်သာအောင် ပျော်စရာကောင်းနေသည်။ မန္တလေးသို့ ရောက်သည့်အချိန်မှစ၍ ဆီလာတို့သားအမိသည် ရွှေနန်းတော်ကြီးထဲ၌ တစ်ပတ်လျှင် ငါးရက် ဝင်ရောက်ခစားရသည်။ သီတင်းပတ်ကုန်ရက်များတွင်မှ ကုလားမြို့ရှိ ကုလားဝန်ထဲသို့ ပြန်ကြရသည်။

ဖဲင်နီမှာမူ ရွှေနန်းတော်ကြီးထဲတွင် အနေကြာလာသည့်အလျောက် ရွှေနန်းတော်ကြီးအကြောင်းကို ယခင်ကထက် ပို၍သိလာခဲ့လေသည်။ လျှို့ဝှက်၍ အသိရခက်သော ရာဂျစ်ဆင်းသည်လည်း သူ့အား ယခင်က ဗေဒင်မကြာခဏဟောခဲ့သည့်တိုင် ယခုမူ ဖဲင်နီနှင့်ရွှေနန်းတော်ကြီးတို့ တစ်သားတည်းဖြစ်သည့်အလျောက် ယခင်ကကဲ့သို့ ရင်းနှီးစွာ ဆက်ဆံခြင်းမပြုတော့ဘဲ ခပ်ရှောင်ရှောင်နေသည်ကို တွေ့ရ၏။ သို့ဖြင့် ရာဂျစ်ဆင်းနှင့် ဖဲင်နီတို့ကြားတွင်ရှိနေသော တံတားသည် ပိတ်သွားခဲ့လေပြီ။

ဖဲင်နီသည် ရွှေနန်းတော်ကြီးအကြောင်းကို အမွေးထူမ မဖုန်းထက်ပင် သိနေလေပြီ။ မဖုန်းသည် ရတနာပုံနေပြည်တော်သို့ပြောင်း၍ ထီးနန်းစိုက်သည့်အခါတွင် အမရပူရမှ

www.burmeseclassic.com



ပါလာခဲ့သူဖြစ်သည်။ မဖုန်းကို မင်းတုန်းမင်းကြီးလက်ထက်တော်ကတည်းက မြင်ခဲ့ဖူးသည့်တိုင် မဖုန်းသည် ရွှေနန်းတော်ကြီး၏ အစိတ်အပိုင်းဖြစ်ကြောင်းကို ယခုမှသာလျှင် ဖင်နီလက်ခံခြင်းဖြစ်သည်။ အမွေးထူမဖုန်းသည် အပြောအဆိုအနေအထိုင် နူးညံ့သိမ်မွေ့၏။

အကယ်၍ ဖင်နီသာ စိတ်ကူးဉာဏ်ကွန့်မြူးတတ်သည်ဆိုလျှင် မဖုန်းကို ရွှေနန်းတော်ကြီးကို စောင့်ကြပ်နေသည့် ထီးချက်စောင့်နတ်သမီးအဖြစ် မြင်ပေလိမ့်မည်။ ယခုမူ အလယ်ခေတ်တုန်း က လူပြက်လက်စွဲတော်များကို သဘောထားကြသကဲ့သို့ မဖုန်းကိုလည်း စိတ်သဘောထားကောင်းသည့် အံ့သြစရာလူတစ်ယောက်အဖြစ်သာ မြင်နေသည်။

ယခုအချိန်၌ အမွေးထူမ မဖုန်းမှာ အိုမင်းလှလေပြီ။ အမွေးတွေ ထူထပ်လျက်ရှိသော သူ့ရင်ကိုမှီ၍ မည်သည့်ကလေးမျှလည်း နို့ချိုစို့ခြင်းကို မပြုကြတော့ပြီ။ တောက်ပသေးငယ်သည့် မျက်လုံးကလေးများပေါ်ရုံမျှ မျက်နှာတစ်ပြင်လုံးတွင် ဖုံးအုပ်၍နေသော အမွေးအမှင်တို့သည်လည်း ငယ်တုန်းကကဲ့သို့ ညိုမောင်နူးညံ့ခြင်း မရှိကြတော့။ ပြာရောင်သမ်းကာ တချို့နေရာများတွင် ဖွေးဖြူလျက်ရှိလေပြီ။

ဆန်းကြယ်သော နန်းအဆောင်ဆောင် အခန်းခန်းထဲရှိ မှီတင်းနေထိုင်သည့် နန်းတော်သူ နန်းတော်သားများအဖို့အသော်မူ အမွေးထူမ မဖုန်းသည် အထူးခြားဆုံး အတော်ဆုံး အမျိုးသမီးတစ်ယောက်ဖြစ်သည်။ အမွေးထူမ မဖုန်း၏အသံသည် နာခေါင်းသံအနည်းငယ်ပါသည့်တိုင် အံ့သြဖွယ်ကောင်းလောက်အောင် ချိုသာနူးညံ့သည်။

အကျဉ်းချခံနေရသည့် မိဖုရားများ၊ မင်းသမီးများကို သွား၍ ရှိစုမဲ့စုကလေးများကို ပေးကမ်းလျှင် အမွေးထူသည့် မဖုန်းသည် သေသပ်စွာဖြီးထားသည့် သူ့ခေါင်းကို လက်ဖြင့်ထောက်ကာ ကျိတ်၍ငိုကြွေးတတ်သည်။ ရှည်လျားသောလျှာရှိသည့် ခွေးအနွယ်သကဲ့သို့ အမွေးထူမ မဖုန်းသည်လည်း အကျဉ်းတိုက်သို့သွားကာ လူတို့၏ အကြင်နာကင်းမဲ့ပုံကို ညည်းညူငိုကြွေးခြင်း ပြုတတ်သည်။

အမွေးထူမ သည်မဖုန်းငယ်စဉ်က သူ့အား အကြင်လင်မယားအဖြစ် လက်ထပ်ယူမည့်သူရှိလျှင် ဆုလာဘ်များစွာပေးမည်ဟု မင်းတုန်းမင်းကြီး မိန့်တော်မူခဲ့သည်။ တစ်ခါကမူ သူ့ခင်ပွန်းသည် အမွေးထူသောမယားကို ရခဲ့သည့်အတွက် ကံကောင်းသည်ဟု ယူဆခဲ့သည်။ သူ့ကလေးငယ်များကလည်း သူတို့၏ နတွေးသောပါးကလေးများကို ပိုးမျှင်လို နူးညံ့သော သူ့ရင်ဘတ်မွေးထဲတွင် မြှုပ်နှံရင်း သူတို့အမေ၏ရင်ခွင်သည် အခြားသောအမေများ၏ ရင်ခွင်ထက် မွေ့လျော်ဖွယ်ကောင်းသည်ဟု ထင်ခဲ့ကြဖူးသည်။

ဖင်နီသည် အမွေးထူမ မဖုန်းကိုကြည့်၍ ရယ်မိ၏။ သို့ရာတွင် အခြားသူများ ဒုက္ခရောက်သည့်အခါတွင် ကိုယ်တိုင်ခံစားရသကဲ့သို့ ဒုက္ခရောက်သူတို့ကို ကူညီခဲ့သူမှာ ရွှေနန်းတော်ကြီးတစ်ခုလုံးတွင် အမွေးထူမ မဖုန်းတစ်ယောက်သာရှိသည်ကို တွေ့လာခဲ့ရသည်။ အမွေးထူထူဖြင့် အရုပ်ဆိုးအကျည်းတန်သည့်အတွက် လျော်ကြေးပေးသည့်အနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မဖုန်းအား ခွေးတစ်ကောင်ကဲ့သို့ သစ္စာရှိသော သဘာဝမျိုးကို နိယာမကြီးက ပေးခဲ့သလော မဆို နိုင်။

ရွှေနန်းတော်ကြီးထဲတွင် ဇာတိခြားနေသော လူသုံးဦးရှိရာ၌ ဂျာမန်လူမျိုးသမားတော် ဒေါက်တာကာဖဲမှာ ကွယ်လွန်ခဲ့လေပြီ။ ယခုမူ ဟူးရားရာဂျစ်ဆင်းနှင့် အမွေးထူမ မဖုန်းတို့သာလျှင်ကျန်ခဲ့သည်။ အမွေးထူမ မဖုန်းသည် မြန်မာလူမျိုးစစ်စစ်ဖြစ်၏။ သို့ရာတွင် လောဘကြီး၍ အပျော်အပါးမက်သော၊ အပေါ့အလွင့်တို့ဖြင့်သာ အချိန်ကုန်သော ရွှေနန်းတော်သူ နန်းတော်သားတို့ထဲတွင်မူ မဖုန်းသည် တကယ်ပင် ဇာတိခြားနေသူတစ်ဦး ဖြစ်ချေသည်တစ်မုံ့။

❋ ❋ ❋

စုဖုရားလတ်သည် သားဦးကို ပဋိသန္ဓေဆောင်နေချိန်ဖြစ်သည့်အလျောက် ငြိမ်သက်စွာနေတတ်သည်။ သူ့မျက်လုံးများသာလျှင် အိမ်မြှောင်၏မျက်လုံးများကဲ့သို့ ဟိုမှသည်မှ ရွေ့လျားနေကြသည်။ အကယ်၍ သီပေါမင်းကိုမမြင်လျှင် ဘုန်းတော်ကြီးသောဘုရားကောဟု တဖွဖွမေးတတ်သည်။ ကာလကြာသည့်အခါတွင် စုဖုရားလတ်သည် မိဖုရားခေါင်ကြီးအဖြစ် အမည်ခံမျှသာရှိသော အရုပ်ဆိုးသီလရှင်လို ခပ်အေးအေးနေတတ်သည့် အစ်မတော်ကိုပင် မနာလိုဝန်တိုဖြစ်လာခဲ့သည်။ တစ်ခါတစ်ရံတွင် စုဖုရားလတ်သည် အစ်မတော်အကြောင်းကို ဖဲင်နီအား တစ်ခွန်းစနှစ်ခွန်းစပြောပြီး ဖဲင်နီက မည်သို့တုံ့ပြန်သနည်းဟု အခြေအနေကို အကဲခတ်တတ်သည်။

သီပေါမင်းအား ခွဲဝေ၍ ကြင်ရာအဖြစ်တော်ရသည်ကို မကျေနပ်ဟန်ဖြင့် တစ်ခါတစ်ရံတွင်လည်း သေးသွယ်သောလက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ မျက်နှာနီရဲနေတတ်သည်။ စုဖုရားလတ်၏ အလိုဆန္ဒအားကြီးမှုသည် လေပြင်းတစ်ချက်တိုက်လိုက်သကဲ့သို့ရှိကာ သူတို့ပင် တုန်လှုပ်ချောက်ချားစေသည့်အခါတွင် ဖဲင်နီ အံ့အားသင့်နေသည်။ မီးဖွားတော့မည်ပြုသည့်အခါတွင် စုဖုရားလတ်သည် အစ်မတော်ကိုပထုတ်ရန် အခွင့်အရေးရလိုက်သည်။

မီးဖွားတော့မည်ဖြစ်သဖြင့် အစ်မတော်အား အဆောင်ပြောင်းပေးရန် တောင်းဆိုခြင်းပြုသည်။ ရွှေနန်းတော်တွင်းထုံးစံမှာ မိဖုရားကြီးကိုယ်ဝန်ရှိ၍ ခုနစ်လကျော်ကျော်တွင် ဒန်ကြီးနှင့် မှူးမတ်ကတော်များက မိမိတို့အတွက် ထီးနန်းအရိုက်အရာကို ဆက်ခံသူမွေးဖွားတော့မည့် မိဖုရားကို နေ့ရောညပါ စောင့်ရှောက်ခစားကြရသည်။ ထို့ကြောင့် ထိုကတော်မယားများ နေထိုင်ရန်အတွက် စုဖုရားကြီး၏အဆောင်ကို တောင်းခြင်းဖြစ်သည်။

ကုလားဝန်ကတော် မစ္စစ်အာရတွန်က အစောင့်ကျနေသော ကတော်မယားတို့ကို နှက်ပြုတ်ကျွေးမွေးရန် စီမံရပြီး ဆီလာကမူ ယနေ့ စောင့်ရှောက်ခစားဝင်ရမည့် ကတော်

www.burmeseclassic.com



မယားများစာရင်းကို နေ့တိုင်း စုဖုရားလတ်ထံ ဆက်သွင်းရသည်။ မိဖုရားခေါင်ကြီးဖြစ်သည့် ထိပ်စုဖုရားကြီးမှာ မယ်တော်ဆင်ဖြူမရှင်၏အဆောင်တော်သို့ ပြောင်းရွှေ့ကာ သီလရှင်တစ်ဦးကဲ့သို့ အထီးကျန်နေထိုင်ရင်း ကွယ်လွန်သွားသည့် မိမိ၏နို့ထိန်းကြီးကို လွမ်းဆွတ်ကာ နေ့စဉ်နှင့်အမျှ ငိုကြွေးလျက်ရှိ၏။

စုဖုရားလတ်သည် အစ်မတော်စုဖုရားကြီး၏စိတ်ကို ထိခိုက်စေလိုသော သို့တည်းမဟုတ် သူကိုယ်တိုင်ကပင်လျှင် သူများပြောကြသည့်စကားများကို တကယ်ယုံကြည်သွားသောကြောင့်လော မပြောတတ်။ (သို့ရာတွင် ထိုစကားများကို မယုံဖို့က များပါသည်။) စုဖုရားကြီး၏ နို့ထိန်းအဘွားကြီးအား လုပ်ကြံမှုတွင် ပါဝင်သည်ဟုလည်းကောင်း၊ စုန်းအတတ်ကို တတ်သည်ဟုလည်းကောင်း စွပ်စွဲကာ အထိန်းတော်ကြီး၏ ဆံပင်ဖြူကျိုးတိုးကျဲတဲကလေးကိုဆွဲခေါ်၍ နန်းတော်မှထုတ်သွားစေကာ စစ်ကိုင်းဘက်တွင် တဲကလေးတစ်လုံးတွင် ပိတ်လှောင်ထားပြီး သေသည်အထိ အစာမကျွေးဘဲ ထားခဲ့သည်။

ထို့နောက်မှစ၍ စုဖုရားကြီးနှင့် သီပေါမင်းတို့သည် အင်္ဂလိပ်တို့ ရွှေနန်းတော်တံခါးသို့ ရောက်ချိန်အထိ တွေ့လည်းမတွေ့ရ၊ စကားလည်းမပြောရ၊ သို့ဖြင့် စုဖုရားလတ်သည် အစ်မတော်စုဖုရားကြီးနှင့် သူ့အထိန်းတော်ကြီးတို့ကို လမ်းရှင်းပြီးနောက် ရှင်လန်းစွာဖြင့် သနွေသားကိုဆောင်ကာ သားငယ်တစ်ယောက်ကို အောင်မြင်စွာ မွေးဖွားသန့်စင်ပေးခဲ့သည်။

ထိုသို့ သုခနှင့်ဒုက္ခတို့ကို ယှက်လိမ်ရစ်ဖွဲ့လျက် ရှိစဉ်မှာလည်း သူ့ရွှေကြိုးမျှင်ကို အထည်ဖြစ်အောင် ရက်လုပ်လျက်ရှိ၏။ ဖဲင်နီအဖို့ ထိုရွှေမျှင်ကလေးသည် အရေးအကြီးဆုံးဖြစ်၏။ သူနှင့် ရွှေမျှင်ကလေးသည် သူသိခဲ့သော ဥရောပတိုက်သားတို့၏ဘဝနှင့် သူ့ကိုဆက်စပ်ပေးသောအရာဖြစ်၏။ ထိုရွှေမျှင်ကလေးရှိသောကြောင့် ဖဲင်နီသည် ထူးခြားဆန်းကြယ်သည့် မန္တလေးရွှေနန်းတော်ကြီးထဲတွင် နေရစ်ခဲ့ခြင်းဖြစ်သည်။ ထိုရွှေမျှင်ကလေးသည် ရွှေနန်းတော်ထဲက သူ့ဘဝတွင် အိပ်မက်သဖွယ်ဖြစ်နေ၏။

❋ ❋ ❋

သူနှင့်ဗွန်ဗိုုင်ဆင်တို့ နှစ်ယောက်ချင်းတွေ့ကြသည့်အခါ ဖဲင်နီသည် မည်သို့မျှ အံ့သြခြင်းမဖြစ်မိ။ ဖဲင်နီသည် မိမိလည်း လက်ဖက်ရည်သောက်လာမည်ဖြစ်ကြောင်းဖြင့် ဒါဗီရာတို့အိမ်သို့ အကြောင်းကြားလိုက်သည်။ ဒါဗီရာတို့အိမ်သို့ရောက်လျှင် ပြင်သစ်အင်ဂျီနီယာကလေးကို တွေ့လိုက်ရလိမ့်မည်ဟုလည်း သူ့ပကတိဉာဏ်က ပြောနေသည်။ ဒါဗီရာ၏ သားသမီးများ၏ အဓိကအလုပ်မှာ အောင်သွယ်လုပ်ခြင်းဖြစ်သည်။ သူတို့တွင်



www.burmeseclassic.com

www.burmeseclassic.com


အခြား တွေးတာစဉ်းစားစရာလည်းမရှိ။ ဗွန်ဗိုုင်ဆင်သည် ဒါဗီရာတို့အိမ်တွင် ရောက်နေသည်။ သူရောက်လာသည့်အခါတွင် ဒါဗီရာ၏သားသမီးများသည် အကြောင်းပြချက်ရှာကာ အပြင်သို့ ရှောင်ထွက်ပေးနေကြ၏။

ညနေမိုးချုပ်အပူရှိန်သည် နေရောင်ထဲတွင် မကျန်တော့။ သူတို့အားလုံး ဝင်းထဲက ညောင်ပင်ကြီးအောက်တွင် လက်ဖက်ရည်သောက်ပြီးကြလေပြီ။ သူတို့နှစ်ယောက်သည် ကျန်ခဲ့သည့်အခါတွင် ဖဲင်နီနှင့် ဗွန်ဗိုုင်ဆင်တို့သည် အတန်ကြာ စကားမပြောမိဘဲ တိတ်ဆိတ်စွာ ထိုင်နေကြသည်။ ဗွန်ဗိုုင်ဆင်သည်သူ့ကိုမကြည့်။ အဝေးရှိ ထန်းပင်အုပ်ကို လှမ်းကြည့်နေသည်။ ထိုထန်းပင်အုပ်များကိုလွန်လျှင် ကြည်လင်သောကောင်းကင်သို့ ထိုးထွက်နေသော ဘုံခုနစ်ဆင့်ရှိသည့် တင့်တယ်၍ ခန့်ညားသော ပြာသာဒ်များကိုမြင်ရသည်။ ဖဲင်နီသည် သူ့ကို ရွှန်းရွှန်းစားစားစိုက်ကြည့်နေရာမှ ရင်ခုန်စပြုလာ၏။ သူနှင့် ပထမဆုံးတွေ့စဉ်က မြင်ကွင်းကို အမှတ်ရလာသည်။

ထိုစဉ်က ဗွန်ဗိုုင်ဆင်သည် သူ့လက်ညှိုညှိုများဖြင့် လှည်းတိုင်ကိုကိုင်၍ စကားပြောနေသည်။ ဘာကြောင့်မှန်းမသိ။ သူ့နှလုံးသားကို ဆွဲကိုင်လှုပ်ခဲ့သော ဗွန်ဗိုုင်ဆင်၏ မေးရိုးနှင့်ပါးအကျကို သွား၍ သတိရနေသည်။ လုပသော မန္တလေးနေရောင်သည် ပြင်ညီနှင့် ထောင့်ချိုးများ ထင်းထင်းကြီးပေါ်လွင်စေကာ ဘာကြောင့်များ သူ့နှလုံးသားကို သိမ်းကျုံးဆွဲငင်နိုင်စေပါသနည်း။ သူ့နှလုံးသားကို သိမ်းကျုံးဆွဲငင်ယူနေသည်ဆိုသည့် စကားကိုပင် သုံးရတော့မည်။

သူ့စိတ်နေသဘောထားကို သိ၍မဟုတ်။ ထိုစိတ်နေသဘောထားကို လွှမ်းခြုံဖုံးအုပ်ထားသည့် သူ့သွေး၊ သူ့အသား၊ သူ့အရိုးတို့သည် သူ့နှလုံးသားကို ဆွဲငင်ထားသည့်နှယ် ထင်ရသည်။ ဗွန်ဗိုုင်ဆင်သည် အဝေးသို့ လှမ်းကြည့်နေဆဲ။ ဖဲင်နီသည် တစ်သက်တွင် တစ်ခါမျှမကြုံဖူးသော စိတ်ထိခိုက်ခြင်းမျိုးဖြင့်မျက်နှာကို လက်ဖြင့်အုပ်၍ ငိုမိသည်။ သည်ခံစားချက်ကမှ ထူးခြားသည်။ ယခင်က တစ်ခါမျှမခံစားခဲ့ဖူးသော ထူးဆန်းသည့် နူးညံ့သိမ်မွေ့သည့် ခံစားချက်ဖြစ်သည်။

အချစ်ဆိုသည်မှာ ထိုခံစားချက်မျိုးကို ဆိုလိုသလော။ ဗွန်ဗိုုင်ဆင်သည် သူ့ကို စွဲစွဲလမ်းလမ်းပိုးပန်းနေခြင်း မဟုတ်နေသည့်အတွက် အချစ်ဆိုသည်မှာ ထိုသို့သော ခံစားချက်မျိုးဖြစ်လိမ့်မည်ဟု သူထင်ခဲ့သည်။ ယခုကစားပွဲတွင် ဖဲင်နီသည် လက်သင်တစ်ဦးဖြစ်နေပြီး ဗွန်ဗိုုင်ဆင်က သူကြိုက်သလို ကစားသွားနိုင်သော ပွဲဖြစ်နေသည်။ မကစားချင်ဟုဆိုလျှင်လည်း ဣန္ဒြေမပျက်ထသွားနိုင်သည့် အခြေအနေတွင် ရှိနေသည်။

ထိုနေ့ညက ညောင်ပင်ကြီးအောက်တွင် လက်ဖက်ရည်သောက်ကြရင်း ဗွန်ဗိုုင်ဆင် ပါရီမြို့အနီးက သူ့မိဘ၏အိမ်အကြောင်း၊ (အရှေ့တိုင်းပါရီဟု ခေါ်ကြသော)ကို ချင်ချိုင်းနားပြည်မှ ဆိုင်ဂုံမြို့အကြောင်း၊ သူ့ငယ်နာမည်မှာ ပီယာဟုခေါ်ကြောင်း စသည်တို့ကို ပြော


www.burmeseclassic.com

www.burmeseclassic.com



သွားပြီး သူ့အလုပ်အကြောင်းကို စကားစပ်၍ ပြောသွားသည်။ စုဖုရားလတ်၏ မျက်နှာသာပေးခြင်းကို ခံရသည့်အတွက် သူ မန္တလေးမြို့တော်တွင် နေရစ်ခဲ့ကြောင်းကိုမူ ဖဲင်နီမပြောမိ။ ဖဲင်နီသည် သူ့ပြန်ကာနီးတွင် သူ့လက်ကလေးကို သူ့နမ်းနိုင်ရန် ထိုးပေးသည်ကိုသာ သတိရလိုက်တော့သည်။

❋ ❋ ❋

တစ်ခါတစ်ရံတွင် ဖဲင်နီသည် မန္တလေးရွှေမြို့တော်ကြီး၏ ပြင်ပကမ္ဘာကြီးတွင် အခြေအနေ မည်သို့ရှိနေသည်ကိုသိရန် ဒီလန်ဖေးတို့အိမ်ဘက်သို့ အလည်လာတတ်သည်။ တစ်ခါတစ်ရံတွင်လည်း အင်္ဂလိပ်သင်္ဘောများဆိုက်၍ ရောင်လင်ဆန်ဆီသို့ အလည်သွားလျှင် အင်္ဂလိပ်တို့အမြင်ဖြင့် ပြောနေကြသော အတင်းအဖျင်းများကို ကြားရတတ်သည်။

ယခင်ကဆိုလျှင် သင်္ဘောတွင် ပါလာသည့်စာများကို သက်ဆိုင်ရာတို့က လာရောက်ရွေးယူခြင်းမရှိလျှင် ဆန်ဒရေနိုက လာရောက်ယူသွားပြီး သက်ဆိုင်ရာကို ပို့ပေးတတ်သည်။ ယခုမူ ဝန်ကြီးများ၊ မှူးမတ်များ၏စာများကို သူကိုယ်တိုင်ရွေးကာ သူကိုယ်တိုင် ရွှေနန်းတော်ကြီးသို့ သွားရောက်ပို့နိုင်သည့်တိုင် အခွင့်အရေးကို ရနေလေပြီ။

အခြားသောစာများကိုမူ သူကိုယ်တိုင် သွားရောက်ပို့လေ့မရှိဘဲ မူဆလင်အမျိုးသားတစ်ယောက်ကို အခကြေးငွေပေး၍ အပို့ခိုင်းလေ့ရှိသည်။ ထိုအမျိုးသားမှာ စာတစ်စောင်လျှင် ငွေတစ်ပဲရှိသည့်အတွက် စာများများပို့၍ ပိုက်ဆံများများရလိုသည့်အလျောက် သင်္ဘောဆိပ်သို့ မကြာခဏဆင်းလာကာ လာရောက်ရွေးယူခြင်းမရှိသော စာများအားလုံးကို သိမ်းယူပြီး သက်ဆိုင်ရာများသို့ သွားရောက်ပေးပို့လေ့ရှိ၏။

ဆန်ဒရေနိသည် ထိုအခွင့်အရေးကို ဆုံးရှုံးသဖြင့် မျက်နှာပုပ်နေသည့်တိုင် ရော်လင်ဆန်မှာ တပြုံးပြုံးနှင့်ဖြစ်နေသည်။ စာလာယူသူများသည် မိမိတို့စာ ပါမပါကို သင်္ဘောပေါ်သို့ ကိုယ်တိုင်တက်ရောက်လာပြီး စာထုပ်များမှာ ရွေးယူပိုင်ခွင့်ရှိသဖြင့် စာဝေသည့်နေ့တွင် ဖဲင်နီပျော်နေတတ်သည်။

သို့ရာတွင် ဖဲင်နီသည် ပြင်ပလောကကြီးကို စိတ်ဝင်စားခြင်းမရှိ။ ထိုအရာများသည် သူ့အဖို့ အစစ်အမှန်လောကကြီးမဟုတ်။ ထိုအရာများကို စဉ်းစားတွေးတောနေရခြင်းသည် အရိပ်ကို လိုက်ဖမ်းနေရသည်နှင့်တူသည်ဟု ဖဲင်နီထင်သည်။ ဗိုလ်မှူးကာဘတ်နရီ အသတ်ခံလိုက်ရသဖြင့် ရောဗတ်ဆိုသည့် အင်္ဂလိပ်ဗိုလ်ချုပ်တစ်ယောက်က ဗူးလ်မြို့ကို သိမ်းလိုက်ပြီဆိုသည့်သတင်းကို ကြားလိုက်ရသည့်အခါတွင် သီပေါမင်းသည် အထိတ်တလန့်ဖြစ်သည့်တိုင် ဖဲင်နီအဖို့သော်မူ ထိုသတင်းသည် ဘာမျှအရေးကြီးသည်ဟုမထင်။ မာဂူလာဆိုသည့် တိုက်ပွဲတစ်ပွဲတွင် ဗြိတိသျှတို့အရေးနိမ့်သည်ဟု ကြားလိုက်ရသည့်အခါတွင်မှ သီပေါမင်းသည် အနည်းငယ် စိတ်သက်သာရာရသွား၏။

---

လဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖင်နီအဖို့သော်မူ ထိုအဖြစ်အပျက်သည်လည်း အကြောင်းမဟုတ်။ အင်္ဂလန်ပြည်မှ ဝေးကွာသော ဘုရင်ခံချုပ် လော့လေတန်၏နေရာတွင် လော့ဒ်ကေလွန်းစဖီးကို ခန့်အပ်လိုက်သည်ဆိုသည့် သတင်းကမူ သူ့အဖို့သာ၍ပင် အရေးမကြီး။ မစ္စတာအက်ရှီဆန်သည် အောက်မြန်မာပြည် ဝန်ရှင်တော်မင်းကြီးချုပ်အဖြစ်မှ ဖယ်ရှားခံရကာ သူ့နေရာတွင် မစ္စတာဘားနဒ်ရောက်လာသည်ဆိုသည့် သတင်းကလည်း အရေးမဟုတ်။

အင်္ဂလိပ်ပိုင်သင်္ဘောများနှင့်တကွ သင်္ဘောသားများ၊ ခရီးသည်များကို မြန်မာတို့က မကြာခဏ လုယူနှိပ်စက်ကြသည်ဆိုသည့် သတင်းများကိုလည်းကောင်း၊ တရုတ်တို့က ဗန်းမော်ကို ဝင်ရောက်သိမ်းပိုက်ကြပြီး ရှမ်းနှင့်ကချင်တို့က ထောင်ထားခြားနားကြသည်ဆိုသည့် သတင်းများသည်လည်းကောင်း သူ့အဖို့ စဉ်းစားစရာမဟုတ်။

သို့ရာတွင် ပွန်ဗိုုင်ဆင်နှင့် နှစ်ယောက်ချင်းတွေ့သည့်အခါမျိုးတွင် ဖင်နီသည် ထိုသတင်းများကို ပွန်ဗိုုင်ဆင်ထံမှ ကြားချင်သည်။ ပါရီမြို့အကြောင်း၊ ပြင်သစ်လူကြီးလူကောင်းတို့က မြင်းဖြင့်၊ အမျိုးသမီးတို့က ရထားဖြင့် ဘိုလုံးပန်းခြံဖိတွင် လျှောက်လည်ကြသည့်အကြောင်း၊ ပါရီမှ ဇာတ်ပွဲများအကြောင်းကို ကြားချင်သည်။ ပြင်သစ်အင်ပါယာကြီး ကြီးကျယ်ပုံ၊ အာနန်နှင့် ကိုချင်ကမ်းနားဒေသတို့တွင် ပြင်သစ်တို့ မည်သို့ မျှော်လင့်ချက်ထားပုံတို့ကို ကြားလိုသည်။

"မကြာခင်မှာ ကိုယ်တို့ပြင်သစ်တွေဟာ မြန်မာပြည်အရှေ့နယ်နိမိတ်တစ်လျှောက်နားမှာ ရောက်လာတော့မှာပဲ။ အဲဒီအချိန်လောက်ရောက်လာရင် မန္တလေးမြို့ဟာလည်း ပျော်စရာကောင်းမှာပဲ။ ပြင်သစ်က အကာအကွယ်ပေးထားတာဆိုတော့ သီပေါမင်းနဲ့ မိဖုရားတို့လည်း ခြေသံ့ကြီးဝင်ကုတ်မှာကို မကြောက်ရတော့ဘူးပေါ့။ အဲဒီအချိန်ကျရင် ဖင်နီနေချင်တဲ့ဘဝမျိုးကို ကောင်းကောင်းနေရတော့မှာပေါ့"

သူ့ကိုယ်သူ ပွန်ဗိုုင်ဆင်နှင့် စုဖုရားလတ်တို့၏အချစ်တော်ဟု ထင်နေသော ဖင်နီသည် ထိုစကားများကိုကြားယောင်ကာ ကြည်နူးလျက်ရှိရာမှ မကြာမီဆိုလျှင် စုဖုရားလတ်သည် စိတ်ကူးယဉ်စရာကောင်း၍ ကျနစွာဝတ်ဆင်ထားသည့် ပြင်သစ်အမျိုးသားကို ရွှေနန်းတော်ကြီးထဲတွင် ဆက်ခံတွေ့ဆုံနေတော့မည်ဟု မြင်ယောင်နေသည်။ ပါရီရွှေမြို့တော်တို့ကို ပေါင်းစည်းပေးလိုက်ရလျှင် မည်မျှ ပျော်စရာကောင်းလေမည်နည်း။

ထိုအတောအတွင်း၌ကား ဂျာမန်လူမျိုးများ၊ အီတာလျံလူမျိုးများသည် စစ်တပ်ကန်ထရိုက်တာများ၊ ဘဏ္ဍာရေးအကြံပေးအရာရှိများ၊ အင်ဂျင်နီယာများ၊ ကုန်သည်များ၊ ရဲသင်တန်းဆရာများ၊ ရက်ကန်းဆရာများ၊ လက်နက်ရုံအင်ဂျီနီယာများအဖြစ် တဖွဲဖွဲရောက်နေကြလေပြီ။ ရတနာပုံရွှေမြို့တော်ကြီးသည် ခါတိုင်းထက် ပျော်စရာကောင်းနေသည်။ ရွှေနန်းတော်ကြီးထဲတွင်လည်း ခါတိုင်းထက် ပျော်စရာကောင်းနေသည်။

ဖင်နီမှာ ရွှေနန်းတော်ကြီးထဲတွင် တစ်ဦးတည်းသော ဥရောပတိုက်သူအပျိုတော်ဖြစ်သည့်အလျောက် အခြားအပျိုတော်များထက် ဦးစားပေးခြင်းခံရကာ ပြင်သစ်၊ အီတာလျံ



www.burmeseclassic.com

www.burmeseclassic.com


စသည့် နိုင်ငံခြားသားများ လာရောက်ခစားတိုင်း စုဖုရားလတ်နှင့်အတူ ရှိနေရသည်။ စုဖုရားလတ်နှင့် နိုင်ငံခြားသားများကြားတွင် စကားပြန်အဖြစ် လုပ်ရသည်။ နန်းတော်ကြီးနှင့် သစ်တပ်တို့ကြားတွင်လည်း လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

မြင်းကျား၊ တိုက်ဆင်ကြီးများနှင့် တပ်သားများက စစ်ဆင်ရေးလေ့ကျင့်လျက်။ မြန်မာတပ်သားတို့ကလည်း နိုင်ငံခြားသားများကြားတွင် ဆေးလိပ်ဖွာလျက်။ တံတွေးထွေးလျက်။ အချင်းချင်း ဆူညံစွာစကားပြောလျက်။ သို့ရာတွင် တောက်ပရွှင်မြူးဖွယ်ကောင်းသည်ကမူ အမှန်။

သီပေါမင်းနှင့် စုဖုရားလတ်တို့သည် သူတို့အတွက် အထူးဆောက်ထားသော မဏ္ဍပ်တွင်းမှနေ၍ ထိုအခြင်းအရာများကို ကြည့်နေကြသည်။ သူတို့အနီးတွင် ပြတ်သားကြံ့ခိုင်သော မေးရိုးထင်းထင်းရှိသည့်တိုင် တိုင်တားမင်းကြီးသည် ရှေ့သို့ မျှော်ကြည့်နေသည်။ သို့ရာတွင် ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးတို့ကို မမြင်ရ။ ဆွေတော်မျိုးတော်များအား သတ်ဖြတ်ခဲ့သည့်ကိစ္စကို ကြီးကြပ်ခဲ့သည့် ဆင်ဖြူမရှင်သည် ရွှေနန်းတော်ကြီး၏ ဝါဒအပြောင်းအလဲကို အလန့်တကြားဖြစ်လာကာ ဗြိတိသျှသံကိုယ်စားလှယ်တို့၏ ကာကွယ်စောင့်ရှောက်မှုကို တမ်းတနေသည်။

ကင်းဝန်မင်းကြီးမှာမူ မျက်နှာသာပေးခြင်းမခံရတော့ပြီ။ ကင်းဝန်မင်းကြီး၏ နှိုင်းနှိုင်းချိန်ချိန် ဆောင်ရွက်ရန် အကြံပေးချက်၊ ဗြိတိသျှတို့နှင့် သဟာယမဟာမိတ်အဖြစ် ချစ်ကြည်လိုမှု၊ ဥရောပသို့ နှစ်ခေါက်ရောက်ခဲ့ဖူးသည့်အလျောက် အမြင်ကျယ်ကျယ် စဉ်းစားတွေးခေါ်မှုတို့သည် စုဖုရားလတ်၏ရှေ့သို့ ဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်လာကာ သက်ာမကင်းအဖြစ်ခံနေရသည်။

တိုင်တားမင်းကြီး၏အိမ်မှာ ရွှေနန်းတော်ဝင်းထဲတွင်ရှိပြီး ကင်းဝန်မင်းကြီး၏အိမ်မှာ နန်းမြို့ထဲတွင်ရှိ၏။ သို့ရာတွင် ကင်းဝန်မင်းကြီးသည် လွှတ်ရုံးကို တက်ခွင့်ရသေးသည့်တိုင် ရွှေနန်းတော်ထဲသို့ကား ဝင်ခွင့်မရတော့ပြီ။ ကင်းဝန်မင်းကြီးအား မည်သည့်သေဒဏ်စီရင်ချက်မျိုးကိုမှ ချမှတ်ခြင်းမပြုရဘဲ ကင်းလွှတ်ခွင့်ပေးရမည်ဟု မင်းတုန်းမင်းကြီးကိုယ်တော်တိုင်က အမိန့်ချမှတ်ထားသည့်တိုင် စုဖုရားလတ်က ကင်းဝန်မင်းကြီးကို ကွပ်မျက်လိုသည်ဆိုလျှင်မူ ရှောင်ရန် တော်တော်ခက်ပေလိမ့်မည်။

ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးသည် ယခုအချိန်တွင် တစ်ယောက်ကိုတစ်ယောက် အမှီတကဲပြုနေရသည့်တိုင် ကိုယ့်ခေါင်းအဖြတ်မခံရအောင် မနည်းဆင်ခြင်နေရသည့် အခြေအနေဖြစ်သည်။ မောက်မာသော မယ်တော်ဆင်ဖြူမရှင်သည် ယခုမူ ပို၍မောက်မာသော သူ့သမီးနှင့် အားပြိုင်နေရလေပြီ။

ယခုအချိန်၌ အပယ်ခံနေရသော စုဖုရားကြီးသည် ဆင်ဖြူမရှင်၏အချစ်တော်ဖြစ်နေလေပြီ။ ဖဲင်နီသည် ယခုတိုင် ဆင်ဖြူမရှင်နှင့် အခင်မင်မပျက် ဆက်ဆံမြဲဆက်ဆံကာ အကျဉ်းကျသည့် ဆွေတော်မျိုးတော်များကိုလည်း ကူညီထောက်ပံ့နေဆဲဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်သည်သူ့ကို မည်သည့်အခါမျှ သံသယမရှိခဲ့သဖြင့် သူ့တန်ခိုးဩဇာသည်လည်း အတိုင်းအဆကြီးလာခဲ့သည်။ ယခုအချိန်၌ ဖဲင်နီသည် ခါတိုင်းထက် တန်ခိုးဩဇာကို လိုချင်သည်။

သူ့တစ်သက်တွင် ပထမဆုံးအကြိမ် ချစ်ခဲ့ဖူးသည့်အလျောက် သူ့ရုပ်ရည်နှင့် သူ့ကိုယ်သူ့ကိုလည်း သူစိတ်မချနိုင်၊ မယုံကြည်နိုင်။ သူ့အချစ်နှင့် သူချစ်နေသောလူကိုလည်း သူစိတ်မချနိုင်။ ယခင်က လူတစ်ယောက်ကို သူဆွဲဆောင်ချင်ပြီဆိုလျှင် သူ့ကိုယ်သူ စိတ်ချသည်။ သူ့ရုပ်ရည်နှင့် သူ့ဆွဲဆောင်မှုကိုလည်း သူယုံကြည်သည်။ ယခုမူ ဘာကိုမျှ စိတ်ချယုံကြည်ခြင်းမရှိတော့။

ဗွန်ဗွိုင်ဆင်သည် သူနှင့်နှစ်ယောက်ချင်းထိုင်ကာ သူ့ကို မျက်လုံးပြာပြာဖြင့် ကြည့်၏။ ငေးမောတမ်းတ၏။ တိုးတိတ်သောအသံဖြင့် စကားတွေ တသွင်သွင်ပြော၏။ သို့ရာတွင် သူကြားလိုသောစကားမျိုးကိုမူ တစ်ခွန်းမျှမပြော။ သို့တိုင်အောင် နောက်တစ်ခါတွေ့ရန် ပြောနေပြန်သည်။ သူသည်လည်း မိမိနှင့်နည်းတူ ဆွဲဆောင်ခြင်းခံနေရသည်ဟု ဖဲင်နီ၏အသွေးအသားက ပြောနေသည်။ တစ်ခါတစ်ရံတွင် ဗွန်ဗွိုင်ဆင်က လက်ဖမိုးကို ဆွဲယူနမ်းရှုပ်ပြီးနောက် စူးစိုက်ကြည့်နေစဉ် ဖဲင်နီသည် မူးမေ့လဲကျသွားတော့မလောက် စိတ်ထဲတွင် ထင်မိလိုက်သည်။ တစ်ခါတစ်ရံတွင် သူ့ကိုတမ်းတကာ သူ့ကိုယ်သူ ဆောက်တည်ရာမရ။ သို့တိုင် ဖဲင်နီသည် စိတ်ပျက်ခြင်း၊ စိတ်မရှည်ခြင်းမဖြစ်မိ။

အရှေ့တိုင်းတွင် နေသားကျနေသော ဖဲင်နီအဖို့ အချိန်သည် အရေးမကြီး။ ဗွန်ဗွိုင်ဆင်သည် သူ မသိသောအရာတစ်ခုအတွက် စောင့်စားနေမှန်းကိုမူ ဖဲင်နီသိသည်။ အချိန်၏ ရွှေရောင်ဒီရောင်များသည် တစ်နေ့တွင် သူတို့ကို ပေါင်းစည်းအောင်လုပ်အမှန်ဟုလည်း ဖဲင်နီယုံသည်။ အချိန်တန်လျှင် အစစအရာရာသည် ချောမောပြေပြစ်သွားလိမ့်မည်ဟု အရှေ့တိုင်းနှင့် လက်တင်သွေးစပ်သော သူ့ကိုယ်ကပြောနေသည်။ သို့ဖြင့် ဖဲင်နီသည် အချစ်ဝင်သူတို့ထုံးစံအတိုင်း ပြင်ပကမ္ဘာလောကကြီးအကြောင်းကို စိတ်မဝင်စားနိုင်ဘဲ ကျေနပ်မိန်းမောနေသည်။ အမှန်အားဖြင့် အချစ်ကို နဖူးတွေ့ဒူးတွေ့တွေ့ဖို့ဆိုသည်မှာ သူ့ဘဝတွင် ဖြစ်နိုင်ခဲဘိခြင်း။

ရွှေနန်းတော်ကြီးထဲတွင် လူသတ်ခြင်းကိစ္စသည် အတော်အတန်လွယ်ကူသည့်ကိစ္စဖြစ်သည့်တိုင် သူတစ်ပါးသားမယားကို ပြစ်မှားခြင်းမှာ သေဒဏ်စီရင်ချမှတ်နိုင်သော ပြစ်မှုမျိုးဖြစ်သည်။ သူတစ်ပါးသားမယားကို ပြစ်မှားမိခဲ့သည့် ရွှေနန်းတော်အစောင့်အချို့သည် ကွပ်မျက်ခြင်းခံရသည်။ ဖဲင်နီရေးခဲ့သော ဝိတိုရိယဘုရင်မကြီးခေတ်မျိုးကို စုဖုရားလတ်သဘောကျသည်။ စုဖုရားလတ်သည် သူ့ရွှေနန်းတော်ကို ထိုသို့ စင်ကြယ်သန့်ရှင်းစေလိုသည်။ စုဖုရားလတ်သည် ထိုကိစ္စမျိုးတွင် အလွန်စည်းကမ်းသိက္ခာကြီးသလောက် ဖဲင်နီကိုလည်း အထင်ကြီးသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်၏ဘဝကို လုံခြုံမှုပေးခဲ့သည့် သားတော်လေးသည် အသက်ခြောက်လအရွယ်တွင် ကျောက်ရောဂါဖြင့် ကွယ်လွန်သွားခဲ့၏။ ဤသည်မှာ စုန်းပြုစား၍ဖြစ်သည်ဟု ဆိုကြသည်။ စုဖုရားကြီးသည် အောက်လမ်းဆရာတစ်ယောက်ကိုငှားကာ စုဖုရားလတ်၏ သားတော်လေးကိုနို့တိုက်သည့် နို့ထိန်းသည်ကို (မိဖုရားများမှာ သားတော်သမီးတော်များကို ကိုယ်တိုင်နို့တိုက်သော ထုံးစံမရှိ။) အပင်းသွင်းသည်တွင် နို့ထိန်းသည်၏နို့များသည် ခဲသွားကာ နောက်ဆုံးတွင် အပ်သေးသေးမွှားမွှားကလေးတွေ ဖြစ်သွားကြသည်ဆို၏။ ဤတွင် စုဖုရားကြီးနှင့် ဆင်ဖြူမရှင်၏အဆောင်မှ ထိုကိစ္စတွင် ကြံရာပါဟုယူဆရသော အပျိုတော်များကို ညနေချိန်တွင် တိတ်တဆိတ် ကွပ်မျက်လိုက်သည်။

ယခုမူ စုဖုရားလတ်တွင် နောက်ထပ်ပဋိသန္ဓေ စွဲနေပြန်လေပြီ။ နန်းတွင်းရေးရှုပ်ထွေးနေသည့်တိုင် ဘဝကြီးသည် သွားမြဲသွားနေသည် မဟုတ်လော။ စုဖုရားလတ်သည် မိမိနှင့်သီပေါမင်းတို့ ရာဇပလ္လင်ထက်တွင် ယှဉ်တွဲနေသည့်ပုံကို လိုချင်သဖြင့် ဆီလာအား သူ့အဒေါ်နှင့်အတူ ကာလကတ္တားသို့လွှတ်၍ ဓာတ်ပုံပညာသင်စေသည်။

ဆီလာသည် ကျသင့်ငွေခြောက်ထောင်ဖြင့် ဝမ်းသာအားရ ထွက်လာခဲ့သည်။ အင်္ဂလိပ်စကားပြောသည့် အခြားအပျိုတော်တစ်ဦး ရွှေနန်းတော်မှ ထွက်ခွာသွားသည့်အတွက် ဖဲင်နီသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သူ့ကို သဘော်ဆိပ်သို့ လိုက်ပို့သည်။ ပင်လယ်ကမ်းစပ်တွင် ကျောက်စရစ်ခဲဖြစ်သည့်တိုင် ထိုကမ်းစပ်တွင် တစ်လုံးတည်းသော ကျောက်စရစ်ခဲကလေးဖြစ်ချင်သည်ဆိုသည်မှာ ဖဲင်နီ၏ ပင်ကိုစရိုက်ဖြစ်သည်။

ယခုလောဆယ်ဆယ်တွင်မူ ရွှေနန်းတော်ကြီးထဲ၌ အားလုံးအဆင်ပြေနေသည်ဟု ထင်ရသည်။ စုဖုရားလတ်တွင် သားတော်လေးမွေးဖွားလာသည့်အခါတွင် ကလေးငယ်ကို နို့ထိန်းသည်တစ်ယောက်က နို့တိုက်ကျွေးမွေးရရုံမျှမက ကျနစွာရွေးချယ်ထားသော ဆွေကောင်းမျိုးကောင်းထဲမှ အမျိုးသမီးငယ်နှစ်ဆယ်တို့ကလည်း သီးသန့်ရွေးချယ်ပေးထားသည့်အဆောင်ထဲတွင် ကလေးငယ်ကို အချီအယပြုကြ၏။ မယ်တော်ဆင်ဖြူမရှင်နှင့်အတူ သီးခြားနေရသော စုဖုရားကြီးအကြောင်းကိုမူ ဘာမျှမကြားရ။ ထိုအတောအတွင်း၌ ဆီလာမှာ ကာလကတ္တားတွင် ဓာတ်ပုံပညာကိုသင်ကြားပြီးနောက် ကင်မရာတစ်လုံးဖြင့် ပြန်ရောက်လာခဲ့လေပြီ။

သို့ရာတွင် သူဝယ်လာစဉ်က စုဖုရားလတ်မှာ မီးရှူးသန့်စင်ကာနီးအချိန်ဖြစ်၍ ဓာတ်ပုံရိုက်ခွင့် မရသေးပေ။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော်တွင်း၌ နေ့တိုင်းမြင်နေရသည့် မြင်ကွင်းတစ်ခုမှာ သီပေါမင်းသည် သူ့ငယ်ပေါင်းရောင်းရင်းတစ်ဦးဖြစ်သူ လက်ဖက်ရည်တော်အုပ်သား၏ မောင်တုတ်နှင့် အမြဲတမ်းလိုလို လမ်းလျှောက်နေတတ်သည့် မြင်ကွင်းဖြစ်သည်။ အမှန်အားဖြင့် မောင်တုတ်သည် မထင်မရှားအညာတရပ်မှ မွေးဖွားလာသူတစ်ယောက်ဖြစ်သည်။ သို့ရာတွင် မြန်မာနန်းတွင်းထုံးစံ ဆွေတော်မျိုးများသာလျှင် ဘွဲ့ထူးဂုဏ်ထူးများကို ဆက်ခံရပြီး အခြားသူများမှာ ဘုရင်ကချီးမြှောက်စားလျှင် လက်ခံပိုင်ခွင့်ရှိသည့်အတွက် ထိုသို့ ရနောင်မြို့စားအဖြစ်သို့ ချီးမြှောက်ခြင်းဖြစ်သည်။

သို့ရာတွင် ရနောင်မောင်မောင်တုတ်မှာ အပျော်အပါးလိုက်စားသည့် လူရမ်းကားတစ်ဦးအဖြစ် နာမည်ထွက်နေသည့်အတွက် စုဖုရားလတ်သည် ကြင်ရာတော်အတွက် များစွာ စိုးရိမ်ပူပန်ခြင်းဖြစ်ရသည်။ ရနောင်မောင်မောင်တုတ်သည် ရတနာပုံနေပြည်တော် လမ်းမကြီးများတွင် မြင်းကို ဒုန်းစိုင်းစီးလေ့ရှိပြီး မိမိအားမြင်သည်နှင့် ပဆစ်တုပ်ခစားခြင်း မပြုသူများကို ကျာပွတ်ဖြင့် ရိုက်လေ့ရှိသည်။ ပြတင်းဝတွင်ရပ်နေသော မိန်းကလေးချောချောတို့ကိုမြင်လိုက်လျှင် မိဘများထံတောင်းရမ်းကာ သူ့အိမ်သို့ခေါ်သွားပြီး ကချေသည်အဖြစ် ကောက်ယူသိမ်းပိုက်လေ့ရှိသည်။

စုဖုရားလတ်က မုန်းတီး၍ ယုံကြည်ခြင်းမရှိသောကြောင့်လည်းကောင်း၊ မောင်မောင်တုတ်သည် သစ္စာမဲ့သည်ဟု ထင်သည့်အတွက်ကြောင့်လည်းကောင်း ဖဲင်နီသည်လည်း မောင်မောင်တုတ်ကို နှစ်မြို့ခြင်းမရှိ။ သီပေါမင်း စိတ်ညစ်သည့်အခါ၊ သို့မဟုတ် သူ့အပြစ်များကြောင့် စိတ်ရှုပ်ထွေးသည့်အခါများတွင် ပြင်သစ်ဝိုင်အရက်ကို သောက်တတ်အောင် စကော့အရက်ကို သောက်တတ်အောင် သင်ပေးခဲ့သူမှာ ရနောင်မောင်မောင်တုတ်ပင်ဖြစ်သည်။ ပဋိသန္ဓေကြောင့် စုဖုရားလတ် နေထိုင်မကောင်းဖြစ်နေစဉ် မောင်မောင်တုတ်သည် သီပေါမင်းအား အခြားသောကိစ္စများကိုလည်း သင်ကြားပေးကြောင်း ဖဲင်နီသိထားသည်။

စုဖုရားလတ်တွင် သမီးကလေးမွေးပြီးနောက်၌ သီပေါမင်းသည် စုဖုရားလတ်ထံသို့ တစ်ခါတစ်ရံမျှသာ ကြွလာတော့လျက် အများအားဖြင့်မူ နို့ထိန်းသည်နှင့် မိန်းကလေးနှစ်ဆယ်တို့ကသာ သမီးတော်ကလေးကို အချီအယပြုရာ ခန်းဆောင်တွင်သာ အချိန်ကုန်နေတတ်၏။ စုဖုရားလတ်၏ ဩဇာရိပ်အောက်မှလွတ်အောင် သီပေါမင်းအား ထိုမိန်းကလေးနှစ်ဆယ်တို့အနက်မှ တစ်ယောက်ကိုကောက်ရန် အားပေးအားမြှောက်ပြုခဲ့သည်မှာလည်း ရနောင်မောင်မောင်တုတ်ပင်ဖြစ်သည်။ မောင်မောင်တုတ်သည် အရက်ပုလင်းကို လက်တွင်ကိုင်ကာ သီပေါမင်းနောက်မှ အမြဲလိုလို လိုက်ပါခစားတတ်သည်။

စုဖုရားလတ်၏အပျိုတော်များသည် သီပေါမင်းအခြေအနေကို သူတို့သခင်မ မသိအောင် ဖုံးဖိထားခဲ့ကြ၏။ ထိုအကြောင်းကိုသိလျှင် သူတို့သခင်မ၏ အမျက်ဒေါသကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဒုက္ခရောက်ကုန်ကြမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ ထိုအကြောင်းများကို စုဖုရားလတ်၏နားသို့ ရောက်အောင်ပို့ခဲ့သူမှာ ဖဲင်နီပင်ဖြစ်သည်။ ဖဲင်နီသည် ပြင်သစ်အင်ဂျီနီယာ ဗွန်ဗိုုင်ဆင်အားကိုးဖြင့် အရဲစွန့်၍ လျှောက်တင်ခဲ့ခြင်းဖြစ်သည်။

အချိန်မှာ မိုးရာသီသို့ ရောက်လာခဲ့လေပြီ။ မိုးတွင်းနေသာသည့် တစ်နေ့၌ စုဖုရားလတ်သည် မွေးရက်ထက် ဆယ့်ငါးရက်စော၍ မီးဖွားခဲ့ပြီးနောက် မီးတွင်းအောင်းစဉ် မီးအုံးကို မီကာ ခန်းဆောင်ထဲတွင် လဲလျောင်းလျက်ရှိသည်။ ဖဲင်နီမှာလည်း အပါးတွင် ခစားလျက်ရှိ၏။ စုဖုရားလတ်သည် ရေပန်းဆောင်ဟုခေါ်ကြသော အီတာလျံဆောင်တွင် စံနေချိန်ဖြစ်သည်။

နန်းတော်ဝင်းထဲတွင် ကျွန်းတိုင်ကြီးများဖြင့်ဆောက်ထားသည့် တဲနန်းဖြစ်ပြီး တိုင်များအလယ်တွင်စိုက်ထားသည့် ရေပန်းတိုင်မှ ရေမွှားများသည် လေညင်းထဲတွင် လွင့်လျက်ရှိ၏။ ပွဲကြည့်ဆောင်တွင် ပွဲလမ်းသဘင်များမရှိသည့်အခါမျိုးတွင် သီပေါမင်းနှင့် မိဖုရား စုဖုရားလတ်တို့သည် ထိုအဆောင်တွင် ညနေလေညင်းခံလေ့ရှိကြသည်။

အဖြူအောက်ခံတွင် ပန်းပွင့်များရေးခြယ်ထားသည့် ထိုခန်းမဆောင်တွင် စံနေရသည်မှာ ကြည်နူးဖွယ်ကောင်းသည်။ အပြင်ဘက်တွင် လေပြင်းတစ်ချက်သုတ်လိုက်သည့်အခါများတွင် သစ်ပင်များယိမ်းထိုးသွားကြ၏။ မိုးစက်မိုးပေါက်များ တင်နေသည့် သစ်ရွက်များပေါ်သို့ နေရောင်ထိုးလိုက်သည့်အခါတွင် ထောင်ပေါင်းများစွာသော စိန်ပွင့်များနယ်လက်နေကြသည်။

ထိုစဉ် ရွှေနန်းတော်အပြင်ဘက်တွင် စကြံဘက်ဆီမှ ဆူဆူညံညံအသံများ ကြားနေရပြီး ခါတိုင်း တည်ကြည်ဣန္ဒြေရသော ဂျူလီသည် တုန်လှုပ်သောအမူအရာဖြင့် ခန်းဆောင်အတွင်းသို့ဝင်သည်ကို တွေ့ရသည်။ သို့ရာတွင် စုဖုရားလတ်က တစ်ချက်မျှ စူးစူးရဲရဲ လှမ်းကြည့်လိုက်သည်နှင့် စောစောက တုန်လှုပ်ချောက်ချားနေသော ဂျူလီသည် ငြိမ်သက်သွားခဲ့လေပြီ။ ဂျူလီသည် လက်အုပ်ချီ၍ ဦးညွှတ်လိုက်ပြီးလျှင် ရိုသေသော်လည်း တည်ကြည်ရဲဝံ့သည့်အသံဖြင့် အကျိုးအကြောင်းကို လျှောက်တင်ခြင်းပြုသည်။

ဖဲင်နီသည် မျက်နှာဖြူဖပ်ဖြူရော်ဖြင့် ဂျူလီ၏စကားများကို နားထောင်နေသည်။

သူ့စကားအရ ဂျူလီ၏အဖေ ဒီလန်ဖေးကို ဖမ်းဆီးသွားခဲ့ကြောင်း၊ ယခင်က သီပေါမင်းကြီး၏ အရေးပေးခြင်းကို ခံရသည့် ပြင်သစ်အင်ဂျီနီယာ ဗွန်ဗိုုင်ဆင်လည်း သူနှင့်အတူ အဖမ်းခံရကြောင်းဖြင့် သိရသည်။ မိမိ၏ဖခင်အား မည်သည့်အတွက်ကြောင့် ဖမ်းဆီးခြင်းဖြစ်ကြောင်းကိုမူ ထိတ်လန့်ကြောက်ရွံ့နေသည့် ဂျူလီလည်း သိပုံမရချေ။ မိမိသိသမျှ ယမန်နေ့ညက မိမိဖခင်ပြန်လာသဖြင့် ကုလားဝန်ထံ သွားရောက်စုံစမ်းသည်တွင် အကျိုးအကြောင်းကိုသိခဲ့ရကြောင်း၊ ထိုသို့ဖမ်းဆီးရခြင်းမှာ ရနောင်မင်းသား၏အမိန့်အရ ဖမ်းဆီးသည်ဟု သိရကြောင်းဖြင့် လျှောက်တင်သည်။

---

သဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိမိမနှစ်သက်သောအမည်ကို ကြားလိုက်ရသည်နှင့် စုဖုရားလတ်ထိုင်ရာမှ ရုတ်ခြည်းထလိုက်သည်။ သူ့တစ်ကိုယ်လုံးသည် နတ်ကျသည့်နှယ် တုန်ယင်လျက်။ ဥရောပတိုက်သားနှစ်ယောက်ကို ဖမ်းဆီးခြင်း၊ ထိုအထဲတွင် တစ်ယောက်မှာ မိမိ၏အချစ်တော် ဂျူလီ၏ဖခင်ဖြစ်နေခြင်းသည် မိမိကိုစော်ကားခြင်းဖြစ်သည်ဟု စုဖုရားလတ် ချက်ချင်းသဘောပေါက်လိုက်သည်။

စုဖုရားလတ်သည် ခါတိုင်းကဲ့သို့ သီပေါမင်းထံ စာဖြင့်အကြောင်းမကြားတော့ဘဲ ထီးကိုဆောင်းကာ သီပေါမင်းနှင့် ရနောင်မင်းသားတို့ရှိရာ အဆောင်ဆီသို့ ထွက်သွားသည်။ ဖဲင်နီမှာ ရင်တထိတ်ထိတ်နှင့် ကျန်ရစ်ခဲ့၏။ အဖေအဖမ်းခံရသဖြင့် ဗျာများနေသည့် ဂျူလီမှာ ရလိုရငြား အကူအညီတောင်းရန် ဆန်ဒရေနိဆီသို့ ထွက်လာခဲ့သည်။

ပြန်ရောက်သည့်အခါတွင် စုဖုရားလတ်မျက်နှာသည် ညိုမှောင်လျက်ရှိပြီး ဒေါသအမျက်ခြောင်းခြောင်း ထွက်နေဟန်ရှိ၏။ စုဖုရားလတ်သည် ကြောက်ရွံ့ထိတ်လန့်လျက်ရှိသည့် ဖဲင်နီအား အကျိုးအကြောင်း မေးမြန်းလျက်ရှိ၏။ ဖဲင်နီမှာလည်း စုဖုရားလတ်၏ဒေါသအမျက်သည် မိမိဘက်သို့လှည့်လာလေမည်လောဟု စိုးရိမ်ကာ စကားလုံးရွေးချယ်ကာ မရဲတရဲဖြင့် လျှောက်တင်နေသည်။

ဖဲင်နီသိသလောက်ဆိုလျှင် ထိုကိစ္စမှာ ဘုရင်နှင့် မင်းညီမင်းသားများသာ ကိုင်စွဲခွင့်ရသော ရွှေဓားနှစ်လက်ကြောင့် ပေါ်ပေါက်လာခြင်းဖြစ်၏။ ပါရီမှ မန္တလေးသို့ အလည်ရောက်လာသော ဂျူလီ၏အစ်ကိုနှစ်ယောက်ထံတွင် ဂျူလီ၏အစ်ကိုပိုင်ပစ္စည်းမဟုတ်ဘဲ အင်ဂျင်နီယာဗွန်ဗိုုင်ဆင်က ပြင်သစ်ရှိ သူ့ဆွေမျိုးများထံ လက်ဆောင်ပါးလိုက်သဖြင့် ယူသွားရခြင်းဖြစ်သည်။ မန္တလေးမှ စုန်ဆင်းလာသည့် စာပို့သင်္ဘောကို မင်းလှဆိပ်ကမ်းတွင် မြန်မာအာဏာပိုင်တို့က ရှာဖွေသောအခါ ထိုရွှေဓားနှစ်လက်ကို တွေ့ရှိသွားခြင်းဖြစ်သည်။ ဂျူလီ၏အစ်ကိုကို ဆက်လက်၍ ခရီးသွားခွင့်ပြုလိုက်ပြီး ရွှေဓားနှစ်လက်သိမ်းယူလိုက်သည်။

ဂျူလီ၏အစ်ကိုက ထိုရွှေဓားနှစ်လက် အသိမ်းခံရကြောင်းကို မန္တလေးရှိ ဗွန်ဗိုုင်ဆင်ထံသို့စာရေးလိုက်၏။ ထိုစာကိုရပြီး မကြာခင်မှာပင် ဗွန်ဗိုုင်ဆင်နှင့် ဒီလန်ဖေးတို့ကို ရွှေနန်းတော်မှ လာရောက်ခေါ်ငင်သွားခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ယောက်သည် မိမိတို့ရရှိသည့် လစာဟောင်းများကို ရရှိတော့မည်အထင်ဖြင့် လိုက်ပါသွားခဲ့ကြသည်။ သို့ရာတွင် ရွှေနန်းတော်ကြီးသို့ ရောက်သည့်အခါ၌ကား သူတို့ကို စောင့်ကြိုလျက်ရှိသော ရနောင်မင်းသားကို တွေ့ရသည်။

သူတို့နှစ်ယောက်သားအား ခြေထိတ်လက်ထိတ်ခတ်ထားကာ ထောင်သွင်းအကျဉ်းချထားလိုက်သည်။ အကျိုးအကြောင်းကို မသိသေးသည့် ဒီလန်ဖေးသည် မိမိအား ဖမ်းဆီးသည့် အာဏာပိုင်များကို ခုခံရန်ကြိုးစားသဖြင့် ခေါင်းနှင့်ကျောကို သံတုတ်ဖြင့် အရိုက်ခံရကာ လက်ထိတ်ခြေထိတ်ခတ်၍ အကျဉ်းတိုက်ထဲသို့ အပို့ခံလိုက်ရသည်။ ရွှေဓားများ



www.burmeseclassic.com

www.burmeseclassic.com


သည် ညောင်ရမ်းမင်းသားကိုင်စွဲရန်အတွက် ကာလကတ္တားသို့ ခိုးထုတ်သော ရွှေဓား နစ်လက်ဖြစ်ရမည်ဟု ရနောင်မောင်မောင်တုတ်က သီပေါကို လျှောက်တင်ပုံရသည်။

ထိုရွှေဓားနစ်လက်သည် မင်းညီမင်းသားတို့သုံးသည့် အဆောင်ပစ္စည်းဖြစ်သည့်တိုင် ထိုမျှလောက်သောလက်နက်ဖြင့် ညောင်ရမ်းသည် ထီးနန်းကို မည်သို့မည်ပုံပြန်၍ သိမ်းပိုက်နိုင်ကြောင်းကို ဖင်နီစဉ်းစား၍မရ။ သို့ရာတွင် သီပေါမင်း၏အမြင်တွင်မူ ညောင်ရမ်းမင်းသားသည် အဆောင်အယောင်အဖြစ် ရွှေဓားကိုဝင့်ကာ သီဟာသနပလ္လင်ပေါ်တွင် ဘိသိက်ခံမည့်အရေးကို တွေး၍ စိုးရိမ်ခြင်းဖြစ်တန်ရာဟု ဖင်နီစဉ်းစားမိသည်။ သီပေါမင်း ပင်လျှင် ထိုသို့ထင်လျှင် စုဖုရားလတ်သည်လည်း ထိုသို့မြင်မည်မှာ ဘာမျှပြောဖွယ်မရှိတော့ပြီ။

စုဖုရားလတ်သည် စိတ်ဓာတ်နန့်နဲ့သူမဟုတ်သည့်တိုင် ရာဇပလ္လင်ကိုမူ ဆုံးရှုံးမည်ကိုမူ အမြဲစိုးရိမ်နေသူဖြစ်သည်။ ထို့ကြောင့် ယခု ရနောင်မောင်မောင်တုတ်မှန်သည်ဟု ပထမဆုံးအကြိမ် ယုံကြည်မိသည်။ ယခုတစ်ကြိမ်တွင် ဖင်နီသည်လည်း စုဖုရားလတ်၏ သံသယကိုဖြေဖျောက်ရန် မတတ်နိုင်တော့ပြီ။ ခေါင်းမာ၍ အသိဉာဏ်နည်းသည့်သူများသည် (အသိဉာဏ်နည်းရာတွင် စုဖုရားလတ်သည် ဖင်နီထက်ပင် ပိုသေးသည်။) ထိတ်လန့်တုန်လှုပ်သည့်အခါမျိုးတွင် မည်သို့မျှ မစဉ်းစားနိုင်တော့ဘဲ ထင်မိထင်ရာလုပ်တတ်သည်ကို ဖင်နီတွေ့ရတတ်သည်။ စုဖုရားလတ် ဤသို့ဖြစ်သည်ကို ဖင်နီနားလည်သည့်တိုင် သီပေါမင်းအတွက် စုဖုရားလတ်နှင့်ပြိုင်၍ ဩဇာလွှမ်းမိုးရန် ကြိုးစားနေသည့် ရနောင်မောင်မောင်တုတ်က ဤသို့ဖြစ်နေခြင်းကို ဖင်နီနားမလည်နိုင်။

ယခုကိစ္စသည် သူမျက်နှာသာပေးထားရသူတစ်ဦး၏ ဖခင်ကို အကျဉ်းချပြလိုက်ခြင်းဖြင့် စုဖုရားလတ်ကို သရော်မော်ကားပြုသည့် ကိစ္စသက်သက်မျှ ဟုတ်ဟန်မတူချေ။ ရနောင်မင်းသားသည် ပြင်သစ်များနှင့် အီတာလျံများအပါအဝင် ကုလားအားလုံးကို မယုံသင်္ကာဖြစ်နေသူဖြစ်သည်။ စုဖုရားလတ်ကိုယ်တိုင်လည်း နိုင်ငံခြားသားများကို နှစ်သက်လှသည်မဟုတ်။ သို့ရာတွင် စုဖုရားလတ်သည် ရွှေနန်းတော်ကြီးထဲသို့ ပြင်သစ်ကုန်သည်များ တသောသော ဝင်ရောက်လာသည်ကို သဘောကျသည်။

သံစုံနာရီများ၊ ရွှေဘောင်မှန်တပ်များ၊ အော်ဝူဗျူဆန်ကော်ဇောများ၊ ရေမွှေးနံ့သာများ၊ သံစုံဂီတသေတ္တာလေးများ၊ ကြွေထည်များနှင့် ထူးဆန်းသော ကုန်ပစ္စည်းအမျိုးမျိုးတို့ ရောက်လာခြင်းကို သဘောကျသည်။ ရနောင်မောင်မောင်တုတ်နှင့် မြင်ပုံချင်းမတူကြသည့်တိုင် စုဖုရားလတ်သည်လည်း အာဏာကိုမက်မောသည်။ ထိုနိုင်ငံခြားသားများအား နိုင်းစေနေရသည်ကို နှစ်ခြိုက်သည်။ သူတို့အပေါ်တွင် မိုလ်ကျရသည်ကို ကျေနပ်သည်။

ထိုနိုင်ငံခြားသားများတွင် ငြိမ်းချမ်းရေးအတွက် ခေတ်သစ်အတတ်ပညာများ အထူးသဖြင့် စစ်အတွက် ခေတ်သစ်အတတ်ပညာများရှိသည့်အလျောက် သူတို့ကို အသုံးချလျှင် အင်းဝရွှေနန်းတော်သည် မည်သည့်ရန်သူမျိုးမဆို ခုခံနိုင်လိမ့်မည်ဟု စုဖုရားလတ်



www.burmeseclassic.com

www.burmeseclassic.com


ယုံကြည်သည်။ ရနောင်မင်းသားသည် သူနည်းနှင့်သူအဘိညာဏ်နည်းသကဲ့သို့ စုဖုရားလတ်သည်လည်း အဘိညာဏ်နည်းသည်။ ကမ္ဘာကြီးအကြောင်းကို ဘာမျှမသိဘဲ ဘဝင်မြင့်နေသောကြောင့်လော၊ သို့တည်းမဟုတ် အနောက်တိုင်းမှ မိမိတို့နှင့် ခေတ်ပြိုင်ဘုရင်များကို အတုခိုး၍လော။ ဘာကြောင့်မှန်းမသိ။ အင်းဝရွှေနန်းသည် နိုင်ငံခြားသားများအဖို့ ရောင်းဝယ်ဖောက်ကား၍ အမြတ်ထုတ်ရာ ဈေးကွက်တစ်ကွက်လောက်သာ သဘောထားကြကြောင်းကို သူတို့နှစ်ယောက်စလုံး နားမလည်ကြပြီ။

မိမိတို့ထံသို့ လာရောက်ခစားသူ နိုင်ငံခြားသားအားလုံးမှာ ကျိုးနွံပျပ်ဝပ်သူချည်းများသာ ဖြစ်နေသည့်အတွက် စုဖုရားလတ်အဖို့လည်း အခြားနည်းထင်စရာမရှိ။ ရတနာပုံရွှေမြို့တော်သို့ လာရောက်နေထိုင်သူ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်စသည့် နိုင်ငံခြားသားအားလုံးလောက်မှာ လူလိမ်များ၊ လူရှုပ်များဖြစ်ကြသည့်အတွက် မြန်မာတို့အနေဖြင့်လည်း ဥရောပတိုက်သားများကို အထင်ကြီးစရာမရှိလှ။

သို့ဖြစ်ရကား ကုလားဖြူတစ်ယောက်နှင့် သီပေါမင်းထက် ထီးနန်းအရိုက်အရာကို ဆက်ခံပိုင်ခွင့်ရှိသည့် ပြည်ပရောက် မင်းသားတစ်ဦးတို့ ပူးပေါင်း၍ ထီးနန်းကိုလုယူရန် ကြံစည်နေသည်ဆိုသည့်အခါတွင် စုဖုရားလတ်သည် ခြေမကိုင်မိလက်မကိုင်မိ အထိတ်တလန့်ဖြစ်ကာ သီပေါမင်းဘက်မှရပ်ပေးသော သူစိတ်ချယုံကြည်ခြင်းမရှိသည့် ရနောင်မောင်မောင်တုတ်မင်းသားသည်ပင်လျှင် သူ့အမြင်တွင် နစ်လိုဖွယ်အသွင်ကို ဆောင်လာခဲ့သည်။

ဖဲင်နီသည် စုဖုရားလတ်ရှေ့တွင် ကျုံ့ကျုံ့ကျဲကျဲထိုင်ရင်း ထိုပြဿနာကို စဉ်းစားနေရင်းမှ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ဖဲင်နီသည် ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချမှတ်လိုက်သည်။ ရနောင်မင်းသားအပေါ်တွင် သဘောထားပြောင်းလဲရန်၊ အကျဉ်းကျသူနှစ်ဦး ကို လွှတ်ပစ်ရန်မှာ ရနောင်မင်းသားအပေါ် အထင်လွဲအောင်လုပ်ရန်၊ ရနောင်မင်းသားသည် ရာဇပလ္လင်ကို လုပ်ကြံလုယူသည်ထက် ဆိုးရွားသောလုပ်ရပ်တစ်ခုကို လုပ်နေသည်ဟု စုဖုရားလတ်အထင်ရောက်စေရန်ဖြစ်သည်။ မာနကြီးသော စုဖုရားလတ်၏နှလုံးသား၌ ကြင်ရာတော်သီပေါမင်းကို ပိုင်ဆိုင်ရေးသည် ရာဇပလ္လင်ကို ပိုင်ဆိုင်ရေးထက် အရေးကြီးကြောင်းကို ဖဲင်နီကောင်းစွာသိသည်။

ဖဲင်နီသည် ခါတိုင်းထက် လေးနက်ခက်ထန်သောအသံမျိုးဖြင့် ...

"အရှင်နန်းမတော်ဖုရားကို လျှောက်ထားဝံ့ပါတယ်ဘုရား။ ရနောင်မင်းသားတင်လျှောက်သမျှကို ယုံကြည်မယ်ဆိုရင် အမှားတွေနိုင်ပါတယ်ဘုရား။ ရနောင်မင်းသားဟာ အရှင်နန်းမတော်ဖုရားရဲ့နောက်ကွယ်မှာ အရှင်နန်းမတော်ဖုရားကို မကောင်းကြံစည်နေသူဖြစ်ပါတယ်ဘုရား။ အရှင်နန်းမတော်ဖုရားဟာ ဘုန်းတော်ကြီးသော ဘုရားနဲ့ခွဲပြီး မီးနေဆောင်ဝင်နေချိန်မှာ အရှင်နန်းမတော်ဖုရားကို မကောင်းကြံစည်ခဲ့သူဖြစ်တယ်ဆိုတာကို သတိရတော်မူသင့်ပါတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်သည် ဝင်းဝင်းတောက်သောမျက်လုံးများဖြင့် လှည့်ကြည့်လိုက်သည်။

"ရှင်းရှင်းလျှောက်တင်စမ်း ဖဲင်နီ"

"မှန်လှပါ . . . နန်းမတော် အရှင်ဖုရား။ နန်းမတော်ဖုရား မီးနေဆောင်မှာစံနေစဉ် အတွင်းသမီးတော်ကို ပြုစုစောင့်ရှောက်ဖို့ခေါ်ထားတဲ့ အချီအယများထဲက တစ်ယောက်ကို မောင်းမအဖြစ် ကောက်ယူသိမ်းပိုက်ဖို့ ဘုန်းတော်ကြီးသောဘုရားကို ရနောင် အားပေးအား မြှောက်ပြုခဲ့ကြောင်းပါဘုရား"

စုဖုရားလတ်၏ခန္ဓာကိုယ်သည် လေးညို့ကိုဆွဲတင်ထားသော လေးတစ်စင်းလို တောင့်တင်းသွား၏။ ပေါင်ပေါ်တွင်တင်ထားသည့် လက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ စကားပြောသည့်အခါတွင် စုဖုရားလတ်၏အသံသည် ထူးထူးခြားခြား တည်ငြိမ်လျက်ရှိသည်။

"ဘယ်သူ့ကိုကောက်သလဲ ဖဲင်နီ၊ နာမည်ကိုလျှောက်တင်စမ်း"

" ကန္တီအတွင်းဝန်ရဲ့သမီး ခင်ခင်ကြီးပါဘုရား"

စုဖုရားလတ်သည် သက်ပြင်းတစ်ချက်ကို ရှိုက်ရှူလိုက်ပြီးနောက် ခေါင်းကို ဖြည်းညင်းစွာ ညိတ်နေသည်။

"အင်း . . . ဒါကြောင့်မို့ ဘုန်းတော်ကြီးသောဘုရားဟာ ခင်ခင်ကြီးကို မကြာခဏ ရှုစားတော်မူနေတာကိုး။ ငါလည်း အကဲခတ်မိပါတယ်"

ဖဲင်နီသည် စုဖုရားလတ်၏ အခြေအနေကို မသိမသာအကဲခတ်နေရာမှ . . .

"ဘုန်းတော်ကြီးသောဘုရားဟာ ခင်ခင်ကြီးကို မြင်မြင်ချင်း စုံမက်မြတ်နိုးတော်မူ ပုံရပါတယ်။ ဘုန်းတော်ကြီးသောဘုရားဟာ ရနောင်မင်းသားကိုလွှတ်ပြီး ခင်ခင်ကြီးရဲ့မိဘ များထံ အတောင်းရမ်းခိုင်းပါတယ်။ အတွင်းဝန်က နန်းမတော်ဖုရားရဲ့ဓားဟာ ထက်လှပါတယ် လို့ပြောပြီး ငြင်းပါတယ်ဘုရား။ ဒီတင် ရနောင်မင်းသားဟာ ဘာမှအန္တရာယ်မရှိစေရဘူးဆိုပြီး ခင်ခင်ကြီးကို ခိုးယူလာပြီး ဘုန်းတော်ကြီးသောဘုရားကို ဆက်သပါတယ်ဘုရား"

"ဘုန်းတော်ကြီးသောဘုရားကလည်း ဒီအတွက် ဘာမှမစိုးရိမ်နဲ့၊ သူကာကွယ်ပေး မယ်လို့ မိန့်ပါသတဲ့ဘုရား။ အကယ်၍ ကာကွယ်မပေးနိုင်ဘူးဆိုရင် နန်းကျပြီး ငယ်ငယ်ရွယ် ရွယ်နဲ့ ကံကုန်ပါစေသားလို့ သစ္စာဆိုပြသတဲ့ဘုရား။ အဲဒီသစ္စာရေကို သောက်တုန်းမှာ ရနောင် မင်းသားက သက်သေပါဘုရား"

"ဩော် . . . သူတို့က ဆက်သကြသကိုး"

စုဖုရားလတ်၏အသံသည် ခါတိုင်းကဲ့သို့ပင် နူးညံ့ချိုသာနေသည်။

"ဘုန်းတော်ကြီးသောဘုရားက သူတို့ကို ချီးမြှင့်မြှောက်စားမယ်လို့ မိန့်လေတော့ သူတို့လည်း မဆက်သဘဲ မနေရဲကြတော့ဘူးဘုရား။ ခင်ခင်ကြီးကိုလည်း အဆောင်ရမိဖုရား ငယ်အဖြစ်မြှောက်စားမယ်လို့ ဘုန်းတော်ကြီးသောဘုရားက ကတိပေးတော်မူပါသတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘုရား။ ခုဆိုရင် ဘုန်းတော်ကြီးသောဘုရားဟာ အစောင့်အကြပ်နေတဲ့အဆောင်မှာ ခင်ခင်ကြီးနဲ့ မကြာခဏ တွေ့ဆုံတော်မူပါသတဲ့ ဘုရား။

အရှင်နန်းမတော်ဖုရားရဲ့ အပျိုတော်များကိုလည်း ဒီအကြောင်းကို လေသံမှမဟဖို့နဲ့၊ ဟတဲ့သူကို ခေါင်းနဲ့ကိုယ် တခြားစီဖြစ်စေမယ်လို့ ကြိမ်းတော်မူတဲ့အတွက် ဘယ်သူမှ မဟရဲပါဘူးဘုရား။ ဖျာ့ကျွန်မသာ အရဲစွန့်ပြီး လျှောက်တင်ရခြင်းဖြစ်ပါတယ် ဘုရား။ အရှင်နန်းမတော်ဖုရား ကိုယ်ဝန်ယူစဉ်ကာလမှာ ဘုန်းတော်ကြီးသောဘုရားဟာ ခင်ခင်ကြီးနဲ့သာ ရွှင်မြူးကျီစယ် ချစ်တုံ့လှယ်လျက်ရှိပါတယ်ဘုရား"

ဖဲင်နီ့အဖို့ ကံကောင်းသည်ဟု ဆိုရမည်လောမသိ။ ထိုသို့ပြောနေစဉ်တွင် သီပေါမင်းသည် ရေပန်းအနီးမှ ဖြတ်ကာ စကြံအတိုင်း အီတာလျံဆောင်ဆီသို့ ကြွလာသည်ကို မြင်ရ၏။ ဘုန်းတော်ကြီးသောဘုရားမှာ အနည်းငယ်ဝဖြိုးလျက်ရှိရာ ဦးသျှောင်မှာလည်း ကပိုကရိုရစ်ပတ်ထားသည့်အလျှောက် ဘုန်းတော်ကြီးသောဘုရား၏မျက်နှာတော်သည် ရွှင်လန်းကာ ကျေနပ်ရောင့်ရဲသည့်အသွင်ကို ဆောင်လျက်ရှိ၏။

စုဖုရားလတ်သည် ဝုန်းခနဲ ထိုင်ရာမှထလိုက်ကာ သူ့မျက်နှာကို လက်ဖြင့်ကုတ်လိုက်သည်တွင် ဘုန်းတော်ကြီးသောဘုရား၏ မျက်နှာပေါ်တွင် လက်သည်းရာကြီးနှစ်ခုကန့်လန့်ကြီး ထင်ကျန်ရစ်ခဲ့သည်။ စုဖုရားလတ်သည် ဘုန်းတော်ကြီးသောဘုရားကို ခန်းဆောင်ထဲမှ တွန်းထုတ်လိုက်ကာ မျက်နှာသုတ်ပဝါဖြင့် အုပ်လိုက်လျက် . . .

"သွား . . . သွား . . . စုဖုရားအနားကို မလာနဲ့။ ကျွန်တော်နံတယ်၊ ကျွန်တော်နံလှတယ်"

ဟုအော်ဟစ်ကာ ပိုးရင်စည်းကို ဆုတ်ဖြဲပြီးနောက် ရင်ကိုလက်ဖြင့်ထုကာ ရှိုက်ကြီးတငင် ငိုကြွေးလျက်ရှိသည်။ ဘုန်းတော်ကြီးသောဘုရားသည် အီတာလျံခန်းဆောင်ထဲမှ ထွက်ကာ စကြံအတိုင်း ခပ်သုတ်သုတ်သွားနေသည်ကို ထောင့်တစ်ထောင့်ထဲတွင် ပုန်းကွယ်နေသည့် ဖဲင်နီမြင်လိုက်ရသည်။ ဘုန်းတော်ကြီးသောဘုရားသည် ဆင်ဖြူမရှင်ကိုသွားခေါ်ရန် အမှုထမ်းတစ်ယောက်ကို အော်ဟစ်စေခိုင်းနေသံကို ကြားရသည်။ ဖဲင်နီသည်လည်း အီတာလျံဆောင်ထဲမှ အသာထွက်လာကာ သူ့အဆောင်သို့ ပြန်လာခဲ့သည်။

ထိုနေ့ညတစ်ညလုံး ဖဲင်နီသည် အိပ်မပျော်ဘဲ ဗွန်ဗိုင်ဆင်အတွက် စိုးရိမ်သောကရောက်လျက်ရှိ၏။ သူ့ဝတစ်သက်တွင် လူတစ်ယောက်အတွက် ထိုမျှလောက်တစ်ခါမျှ စိုးရိမ်သောက ရောက်ဖူးခြင်းမရှိသေး။ ထိုအပူသည် မည်သည့်အပူနှင့်မျှမတူအောင် ဆိုးရွားပြင်းထန်သည့်အပူဖြစ်လျက် ပထမဆုံး၊ အပြစ်ဒဏ်ပေးခြင်းခံရသည့် ကလေးငယ်တစ်ယောက်လို နေမထိထိုင်မသာ ဖြစ်လျက်ရှိသည်။

တစ်ညလုံး သူ့နှလုံးခုန်သံတိုင်းသည် သူ့အမည်ကို ရွတ်ဆိုနေသည့်နှယ် ဖြစ်နေသည်။ နောက်တစ်နေ့မနက်တွင် စုဖုရားလတ်သည် မယ်တော်ဆင်ဖြူမရှင်တစ်ဦးမှအပ မည်သူ့ကိုမှ အတွေ့ခံခြင်းမရှိဘဲ သားအမိနှစ်ယောက်ကြားတွင်ရှိခဲ့သည့် မနာလိုဝန်တိုမှုတို့သည် ယာယီပြေပျောက်သွားသည့်နှယ် ဖြစ်နေသည်။ ဖဲင်နီသည် ခွင့်တောင်းကာ အခွင့်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဒီလန်ဖေးတို့အိမ်ဘက် ထွက်လာခဲ့သည်။ ဂျူလီက ပြုံးရွှင်စွာ ကြိုဆိုခြင်းပြု၏။ အခြေအနေ အားလုံးကောင်းသည်ဆိုသည့် သဘောပင်ဖြစ်သည်။ ထိုနေ့မနက် ကျီးနီးချိန်တွင် ချုပ်ထားသူများကို စုဖုရားလတ်၏အမိန့်အရ ပြန်လွှတ်လိုက်သည်ဟု သိရ၏။

ဝင်းထဲတွင်ဒီလန်ဖေးသည် ကုလားထိုင်တစ်လုံးတွင် ထိုင်၍ နေစာလှုံနေသည်။ လက်အနည်းငယ်တုန်၍ မျက်နှာတွင် ခြစ်ရာအနည်းငယ်ရှိရုံမှအပ အားလုံးကောင်းကောင်း မွန်မွန်ရှိသည်။

ဖဲင်နီက ဒီလန်ဖေးကို နှုတ်ဆက်ပြီးသည့်အခါတွင် ဂျူလီက သူ့ကို ဧည့်ခန်းထဲသို့ ခေါ်သွားသည်။

"ဖဲင်နီ . . . နန်းမတော်ဖုရားကို မင်းလျှောက်တင်ခဲ့တယ် မဟုတ်လားဟင်။ မင်းတောင်းပန်လို့ လွှတ်လာတာမဟုတ်လား။ ဒီနေ့မနက်ပဲ ဆန်ဒရေနိုနဲ့ ကုလားဝန်တို့လည်း ဘုန်းတော်ကြီးသောဘုရားကို ဝင်လျှောက်မလို့ စီစဉ်ထားကြတာ။ ဘုန်းတော်ကြီးသောဘုရားကို ဝင်လျှောက်တယ်လို့ နန်းမတော်ဘုရားများကြားရင် စိတ်များဆိုးမလားမသိဘူး"

ဖဲင်နီက ခေါင်းကိုညိတ်ပြလိုက်ရင်း . . .

"ဟုတ်တယ်။ ကိုယ် ခင်ခင်ကြီးကို ကောက်တဲ့အကြောင်းကို လျှောက်လိုက်တယ်။ ရနောင်မင်းသားက အားပေးအာမြှောက်ပြုနေတာကိုလည်း လျှောက်လိုက်တယ်"

ဂျူလီသည် သူ့ကို အလန့်တကြားဖြင့် လှမ်းကြည့်လိုက်သည်။

"သူတို့ကိုကွပ်မျက်ပစ်ရင် ဘယ့်နယ်လုပ်မလဲ ဖဲင်နီ။ နန်းမတော်ဖုရားအကြောင်းကို သိသားနဲ့။ အေးအေးဆေးဆေးကျမှ လျှောက်တာမဟုတ်ဘဲကိုး"

"အေး အေးဆေးဆေးလုပ်လို့ မရဘူး ဂျူလီ"

ဂျူလီသည် ဖဲင်နီကို လှမ်းကြည့်လိုက်သည်။ ဖဲင်နီ၏စိတ်ထဲတွင်မည်မျှခံစားနေရမည်ကြောင်းကို ဂျူလီသိလိုက်လေပြီ။

"ဗွန်ဗွိုင်ဆင် အပေါ်ထပ်မှာရှိတယ်။ သူနဲ့ပါပါနဲ့ အတူတူပြန်ရောက်လာကြတာပဲ။ အခု ရေမိုးချိုးပြီး အဝတ်အစားလဲနေတယ်။ ကိုယ်လွှတ်လိုက်မယ်လေ"

ဣန္ဒြေကြီးလှသော ဂျူလီသည် ထိုမျှလောက် အကင်းပါးအလိုက်သိတတ်သည်ကို ဖဲင်နီတစ်ခါမျှ မတွေ့ဖူးသေး။ အပေါ်ထပ်မှ ဂျူလီနှင့်လူတစ်ယောက် တီးတိုးပြောနေသံကို ကြားရပြီး မရေးမနှောင်းမှာပင် မုတ်ဆိတ်ကို စင်ကြယ်စွာရိတ်ထားသည့်တိုင် မျက်နှာချောင်ကျကာ မျက်တွင်းဟောက်ပက်ဖြစ်နေသည့် ဗွန်ဗွိုင်ဆင်သည် အောက်ထပ်သို့ဆင်းလာ၏။

ဗွန်ဗွိုင်ဆင်သည် တံခါးကို နောက်ပြန်ပိတ်လိုက်ပြီးနောက် ရပ်၍ ဖဲင်နီကို ကြည့်နေသည်။ ဖဲင်နီကလည်း စိုက်ကြည့်လိုက်ပြီး လက်ကလေးကို သနားစဖွယ်ဆန့်တန်းကာ သူ့အမည်ကိုခေါ်နေသည်။ ခဏအကြာတွင်မူ ဗွန်ဗွိုင်ဆင်သည် ဖဲင်နီလက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ မျက်နှာကို ငုံ့ကြည့်နေသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ပေါ့တန်သောအကြည့်သည် သူ့မျက်လုံးထဲမှ ပျောက်ကွယ်သွားကာ နူးညံ့တောက်ပသောအကြည့်သည် ရောက်လာသည်။

"ဖင်နီ . . . ကိုယ့်အတွက် လျှောက်တင်ပေးခဲ့တယ်နော်။ ကိုယ့်ကို အကျဉ်းတိုက်ထဲကလွတ်အောင် လုပ်ပေးခဲ့တယ်နော်"

သူတို့နှစ်ယောက် နမ်းနေစဉ်တွင် ဖင်နီသည် သူတို့နှစ်ယောက်မှအပ ကမ္ဘာလောကကြီးတစ်ခုလုံးကို သတိမရတော့။ အချစ်အတွက်ဆိုလျှင် ရွှေနန်းတော်ကြီးကို မီးတင်ရှို့ဆိုလည်း ရှို့မည်သာ။

❋ ❋ ❋

ထိုနေ့ညနေ၌ နန်းမတော်ဖုရား၏ မျက်နှာတော်သည် ချိုသာရွှင်ပြုံးလျက်ရှိ၏။ ဖင်နီနှင့် ခင်ခင်ကြီးတို့ကိုလည်း ချိုသာစွာ စကားပြော၏။ မိမိသည် ခင်ခင်ကြီးအား ကြည်ဖြူကြင်နာစွာ ဆက်ဆံမည်ဖြစ်ကြောင်း၊ နန်းတော်သူနန်းတော်သားများ ချစ်ခင်လေးစားအောင် အဆောင်ရမိဖုရားငယ်အဖြစ်လည်း မြှောက်စားချီးမြှင့်မည်ဖြစ်ကြောင်းဖြင့် ခင်ခင်ကြီးကို ပြောပြသည်။

ငယ်ရွယ်နုနယ်၍ ချစ်စရာကောင်းသည့် ခင်ခင်ကြီး အဆောင်သို့ ဝင်ရောက်ခစားသည့်အခါတွင် ဖင်နီမှာ ကြောက်လန့်လျက်ရှိလေပြီ။ စုဖုရားလတ်သည် မျက်လုံးကို မှေး၍ကြည့်ကာ ခင်ခင်ကြီးကို အပါးသို့ခေါ်ပြီးလျှင် ဝတ်ဆင်ထားသော လက်ဝတ်ရတနာတို့ကို ကြည့်နေသည်။ ထို့နောက် ခင်ခင်ကြီးလည်ပင်းတွင် ဝတ်ဆင်ထားသည့်ဘယက်ကို ကိုယ်တိုင်ချွတ်ယူကာ စက်ဆုပ်ရွံရှာစွာဖြင့် ကြမ်းပေါ်သို့ ပစ်ချလိုက်ပြီးနောက် . . .

"ဘုရင်လုပ်နေပြီး ဘာမဟုတ်တဲ့ဘယက်စုတ်ကို ဆင်ပေးရသတဲ့လား။ ဖင်နီ . . . သွားစမ်း . . . ဟောဟို ပန်းရေးသေတ္တာကြီးထဲက ရတနာသေတ္တာကလေးကို သွားယူချည်စမ်း"

ဖင်နီသည် တအံ့တသြဖြင့် ရတနာသေတ္တာကလေးကို ယူလာကာ စုဖုရားလတ်လက်သို့ ဆက်သသည်။ စုဖုရားလတ်သည် ညိုမောင်းသေးသွယ်သော လက်ချောင်းများဖြင့် ရတနာသေတ္တာထဲရှိ တောက်ပပြိုးပြက်သော ရတနာများကို မွှေနှောက်နေသည်။ ထို့နောက် စောစောကလွှင့်ပစ်ခဲ့သည့် ဘယက်ထက် အရည်အသွေးကောင်းသည့် စိန်လည်တံ့ကြီးတစ်ကုံး၊ စိန်နားတောင်းတစ်ရံနှင့် စိန်လက်ကောက်များကို ထုတ်ယူ၍ ခင်ခင်ကြီးကိုပေးသည်။ ရွှေလက်ကောက်တစ်ရံ၊ ပိုးထဘီနှင့် ဖဲထဘီတစ်ထည်တို့ကိုလည်း ပေးသည်။

---

လဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သွား . . . နင့်အဆောင် နင်ပြန်တော့၊ မနက်ဖြန်မနက်ကျရင် ဒီအဝတ်အစားတွေနဲ့ ရတနာတွေဝတ်ပြီး ဘုန်းတော်ကြီးသောဘုရားနဲ့ ငါ့ဆီမှာ အခစားဝင်လှည့်"

ပိုင်းစက်၍ နင်းဆီသွေးတောက်နေသော ခင်ခင်ကြီး၏မျက်နှာလေးသည် ပို၍ နင်းဆီသွေးရဲလာ၏။ မျက်လုံးများသည် တောက်ပလာကြကာ ရှက်ရွံ့သောအပြုံးသည် ကျေးဇူးတင်ကြောင်းကို ဖော်ပြနေသည်။

ခင်ခင်ကြီးသည် ခစားနေရာမှ နောက်သို့ တဖြည်းဖြည်းဆုတ်ပြီး ထွက်လာခဲ့ကာ အပြင်ရောက်သည်နှင့် မိမိအား နန်းမတော်မိဖုရားက မည်သည့်လက်ဆောင်များကိုပေးကြောင်း အပျိုတော်များကိုပြရန် အဆောင်ဆီသို့ ပြေးလာခဲ့သည်။ နန်းမတော်ဖုရား၏ ချီးမြှင့်မြှောက်စားမှုသည် ကြာကြာခံမည်မဟုတ်ဟု ဖဲင်နီစိတ်ထဲ တွေးနေသည်။ သို့ရာတွင် နောက်တစ်နေ့ ၌ စုဖုရားလတ်သည် ခင်ခင်ကြီးအား အခြားသောမင်းသမီးများထက် အဆင့်တိုးပေးလိုက်ပြီး အဆောင်ရ မိဖုရားငယ်တစ်ဦးအဖြစ် ချီးမြှောက်တော်မူသည်တွင် အခြားသောမင်းသမီးများ၊ အပျိုတော်များမှာ မနာလိုဝန်တို ဖြစ်နေကြသည်။

"ခင်ခင်ကြီးဟာ သူများထက်ထူးခြားလို့ ဘုန်းတော်ကြီးသောဘုရားက ချီးမြှင့်မြှောက်စားတော်မူလိုက်ပြီ။ ဒီတော့ ငါ့ကို အရိုအသေပေးသလို သူ့ကိုလည်း အရိုအသေပေးကြ"

ဟု စုဖုရားလတ်က ချိုသာစွာပြောသည်။

ခင်ခင်ကြီးအား အထိန်းတော်များ၏အဆောင်မှ မိမိအဆောင်အနီးတွင် ခေါ်ယူလိုက်ခြင်းကြောင့် သီပေါမင်းမှာ ခင်ခင်ကြီးနှင့် နစ်ကိုယ်တည်း တွေ့ခွင့်မရတော့ပြီ။ တစ်ခါတစ်ရံတွင် စုဖုရားလတ်သည် ဥယျာဉ်တော်သို့ဆင်းကာ မနီးမဝေးတွင် ထိုင်ရင်း ခင်ခင်ကြီးအား သီပေါမင်းကို ပြုစုခစားခွင့်ပေးတတ်၏။ သို့ရာတွင် သီပေါမင်းအဖို့သော်မူ အခွင့်မသာတော့ပြီ။ ကြာသော် သီပေါမင်း၏မျက်နှာသည် သုန်မှုန်စပြုလာခဲ့ပြီ။

ဖဲင်နီသည် ထိုအဖြစ်ကိုကြည့်၍ တစ်ယောက်တည်း ရယ်မိ၏။ ထိုသို့သော အခြေအနေကို သီပေါမင်း ကြာရှည်စွာ မနေနိုင်တော့ပြီ။ ဤတွင် ရနောင်မင်းသားက အားပေးအားမြှောက်ပြုသည့်အတွက် သီပေါမင်းသည် အရက်ကို အလွန်အကြူးသောက်ကာ စုဖုရားလတ်ကို အာခံစပြုလာသည်။ တစ်ခါတွင်မူ လှံကိုကိုင်၍ စုဖုရားလတ်ဆီသို့ ပြေးလာသည်ကို ပင် မြင်လိုက်ရ၏။

စုဖုရားလတ်မှာ ကြောက်လန့်၍ ထွက်ပြေးသွား၏။ ယောက်ျားတစ်ယောက်၏ ခွန်အားဗလကြောင့် စုဖုရားလတ် ထိတ်လန့်ကြောက်ရွံ့သွားပုံကို သည်တစ်ကြိမ်သာ ဖဲင်နီမြင်ဖူးသေးသည်။ ဖဲင်နီသည် ရေပန်းဆောင်တွင်ထိုင်ကာ သူ့အကြံအစည်ကို အကောင်အထည်ဖော်ရန် စဉ်းစားလျက်ရှိ၏။ ဗွန်ဗို့ဂ်ဆင်နှင့် မည်သည့်နေရာတွင် မည်သို့မည်ပုံ တွေ့ရမည်နည်းဟု ကိုယ့်စီမံကိန်းနှင့် အလုပ်များနေသည့်တိုင် ဖဲင်နီသည် စုဖုရားလတ်၏ အခြေအနေကို အကဲခတ်လျက်ရှိ၏။

---

လဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နန်းမတော်ဖုရားသည် တစ်စုံတစ်ရာ ကြံစည်နေကြောင်းကို ရွှေနန်းတော်ကြီး တစ်ခုလုံးကလည်း သတိပြုမိကြသည်။ တစ်ယောက်ကိုကွပ်မျက်ခဲ့လျှင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ပါ ပါနိုင်သည်။ သီပေါမင်းမှာမူ အရက်ကို အလွန်အကျွံသောက်လျက်ရှိသဖြင့် ကြောက်ရွံ့စိုးရိမ်ခြင်းမရှိသည့်တိုင် အခြားသူများမှာမူ နေမထိထိုင်မသာဖြစ်လောက်အောင် ကြောက်လန့်လျက် ရှိကြလေပြီ။

❀ ❀ ❀

စုဖုရားလတ်သည် ကိစ္စတစ်ခုကိုကြည့်လျှင် အသေးအဖွဲ၊ အကိုင်းအခက်တို့ကို အချိန်ကုန်ခံသူမဟုတ်။ အရင်းအမြစ်ကို လိုက်ကြည့်သူဖြစ်သည်။ ဤသည်မှာ စုဖုရားလတ်၏ စရိုက်ဖြစ်သည်။ ယခုကိစ္စ၌ ရနောင်မင်းသားသည် အခရာဖြစ်၏။ ပင်စည်ဖြစ်၏။ ထိုနေ့မနက်၌ စုဖုရားလတ်သည် တိုင်တားမင်းကြီးကို ဆင့်ခေါ်ကာ အတန်ကြာမျှ တိုင်ပင်နှီးနှောခြင်းပြုသည်။ ထို့နောက် တိုင်တားမင်းကြီးသည် ရွှေရေးသုတ်သေတ္တာကြီးလေးလုံးကို ပြုလုပ်စေကာ နန်းမြို့လေးထောင့်အသီးသီးတွင် ချထားစေသည်။ မင်းတုန်းမင်းတရား၏ လက်ယက်တော်က ထုံးစံအတိုင်း ဘုရင်ထံလိပ်တပ်စေကာ မိမိတို့၏ နစ်နာချက်အသီးသီးကို တိုင်ကြားရန်ဖြစ်သည်။

ထူးထူးဆန်းဆန်းပင် နေ့တိုင်း ထိုတိုင်စာများကို ဖောက်ဖတ်သည့်အခါ၌ ရနောင်မင်းသားမောင်မောင်တုတ်နှင့် ကန္တီအတွင်းဝန်တို့သည် ဘုန်းတော်ကြီးသောဘုရား၏ ထီးနန်းကို လုယူရန် ကြံစည်နေကြောင်း တိုင်ကြားသည့် စာအမြောက်အမြားကို တွေ့နေရသည်။ တိုင်စာများထဲတွင် အသေးစိတ်အချက်အလက်များကို ဖော်ပြထားပြီး တစ်စောင်နှင့်တစ်စောင် တိုက်ကြည့်သည့်အခါတွင်လည်း အထောက်အထားများကို လုံလောက်စွာ တွေ့ရသည်။

တိုင်စာများအရ ရနောင်မင်းသားက ရာဇပလ္လင်ကိုသိမ်းပိုက်ရန်ဖြစ်ပြီး ကန္တီအတွင်းဝန်များမှာမူ သေနတ်များ၊ ခဲယမ်းမီးကျောက်များကို ကန္တီအတွင်းဝန်၏အိမ်အောက်တွင် မြှုပ်နှံထားကြောင်းဖြင့် အတိအကျပါရှိ၏။ တူးဖော်ကြည့်သည့်အခါတွင်လည်း တကယ်ပင် သေနတ်များ၊ လက်နက်များကို တွေ့ရှိရသည်။ သို့ရာတွင် ထိုနေရာတစ်ဝိုက်က မြေကြီးမှာ လောလောလတ်လတ်တူးဖို့ထားသည်ကို မသင်္ကာဖွယ်ရာ တွေ့ရှိရသည်။

မည်သို့ဖြစ်စေ ခင်ခင်ကြီး၏ဖခင် ကန္တီအတွင်းဝန်မှာ စုဖုရားလတ်နှင့် တိုင်တားမင်းကြီး၏အမိန့်ဖြင့် ဖမ်းဆီးခံရကာ နစ်ဆယ့်လေးနာရီ ထောင်သွင်းအကျဉ်းချထားခြင်းဖြစ်သည်။ စင်စစ် ရနောင်မင်းသားသည် မိမိထက် ကြံရည်ဖန်ရည်ကောင်းသူ၊ လူသူအစည်းအရုံးကောင်းသူဖြစ်ကြောင်းကို ဘုန်းတော်ကြီးသောဘုရား သိတော်မူ၏။ ဝန်ကြီးများ၊



www.burmeseclassic.com

www.burmeseclassic.com


တပ်ဗိုလ်များသည်လည်း ရနောင်မင်းသား၏အိမ်သို့ အမြဲတမ်း အရောက်အပေါက် အဝင်အထွက်ရှိကြ၏။

ဘုန်းတော်ကြီးသောဘုရားသည် မည်သို့လုပ်ကိုင်ရမည်ကို မသိဘဲ စိတ်တုန်လှုပ်ချောက်ချားသွားသဖြင့် လက်သည်းများကိုကိုက်ရင်း မိမိအား သင့်လျော်သောအကြံပေးရန် စုဖုရားလတ်ထံ အကြံတောင်းရသည်။ စုဖုရားလတ်သည် ဘုန်းတော်ကြီးသောဘုရားကို ဖျောင်းဖျနှစ်သိမ့်ကာ အရက်ရှစ်ကျပ်သားကို မိမိနှင့် တိုင်တားမင်းကြီးတို့ ကြည့်၍ ဖြေရှင်းမည်ဖြစ်ကြောင်း၊ ဘုန်းတော်ကြီးသောဘုရားအနေဖြင့် မည်သို့မျှ စိုးရိမ်ကြောင့်ကြမဖြစ်စေလိုကြောင်းဖြင့် လျှောက်တင်သည်။ တိုင်းပြည်တွင် အရေးကိစ္စကြီးငယ်ကြုံလာလျှင် ဘုန်းတော်ကြီးသောဘုရားသည် ပစ်ပယ်ခြင်းခံနေရသော ပညာရှိ ကင်းဝန်မင်းကြီးအား တိုင်ပင်ရမည်ဖြစ်သော်လည်း ယခုမူ စုဖုရားလတ်၏အကြံကို လိုက်နာခဲ့မိလေပြီ။

ထိုသုံးရက်အတွင်း၌ကား မိမိ၏လူယုံတော် ရနောင်မင်းသားသည် ထောင်သွင်းအကျဉ်းချခံထားရသည့်အတွက် ဘုန်းတော်ကြီးသောဘုရားသည် အကြီးအကျယ်စိတ်ထိခိုက်လျက်ရှိကာ၊ ရနောင်မင်းသားသည် အပြစ်မရှိနိုင်ဟု တွေးလျက်ရှိသည်။ တတိယမြောက်နေ့တွင်မူ ရနောင်မင်းသားသည် ထောင်ထဲတွင် သူ့ကိုယ်သူ အဆုံးစီရင်သွားပြီဟူသော သတင်းများသည် မန္တလေးရွှေမြို့တော်နှင့် ရွှေနန်းတော်ကြီးထဲတွင် ပျံ့လွင့်လျက်ရှိ၏။

သို့မတိုင်မီက သီပေါမင်းသည် . . .

"ငါ့ကို သစ္စာဖောက်ရိုးမှန်ရင် သင်းကိုလည်း ကွပ်မျက်သာပစ်လိုက်"

ဟု ကယောင်ကတမ်း ပြောခဲ့မိသည်။

ထိုစဉ်က စုဖုရားလတ်သည် ခန်းဆောင်ထဲမှ ချက်ချင်းထွက်သွားကာ တိုင်တားမင်းကြီးထံ စာတစ်စောင်ရေးပို့လိုက်သည်ကို ဘုန်းတော်ကြီးသောဘုရား အမှတ်ရနေသည်။ ယခု ထိုသတင်းကို ကြားသည့်အခါတွင်မူ ဘုန်းတော်ကြီးသောဘုရားသည် အကြီးအကျယ်နောင်တရလျက်ရှိလေပြီ။ သို့ရာတွင် နောင်းမှနောင်တရ၍ မည်သို့အကျိုးထူးဦးမည်နည်း။

စုဖုရားလတ်၏ရန်သူတော်ဖြစ်၍ မိမိ၏ရောင်းရင်း လူယုံတော်ဖြစ်သော ရနောင်မင်းသားသည် သူ့စနက်ဖြင့်ဖြစ်စေ၊ ပါးကွက်အာဏာသားတို့၏ ဓားချက်ဖြင့်ဖြစ်စေ အသက်ပျောက်ခဲ့ရလေပြီ။ နောက်တစ်နေ့တွင်မူ ခင်ခင်ကြီး၏ဖခင်သည်လည်း ရနောင်မင်းသား၏နောက်သို့ လိုက်ခဲ့ရလေပြီ။ စုဖုရားလတ်မှာ အတူးရွှင်လန်းလျက်ရှိချိန်တွင် ဘုန်းတော်ကြီးသောဘုရားမှာ မိမိ၏အဆောင်အတွင်းတွင် မှိုင်တွေလျက်ရှိ၏။ စုဖုရားလတ်သည် မိမိ၏အပျိုတော်တစ်ဦးကိုဆင့်ခေါ်ကာ ခင်ခင်ကြီးကို အခေါ်ခိုင်းလိုက်၏။ ခင်ခင်ကြီးရောက်လာသည့်အခါတွင် စုဖုရားလတ်သည် လက်ခုပ်လက်ဝါးတီးကာ . . .

"ကဲ . . . ကဲ စိတ်ညစ်စရာတွေ တွေးမနေကြနဲ့။ ပျော်ပျော်ပါးပါး ကစားကြရအောင်၊ အတာသင်္ကြန်တော်ခေါ်တဲ့ပွဲအဖြစ် အောက်မေ့ပြီး ခင်ခင်ကြီးကို ရေပက်တမ်းကစားကြ"

ဟုပြောသည်တွင် အပျိုတော်များသည် စုဖုရားလတ်စေခိုင်းသည့်အတိုင်း သင်္ကြန်


www.burmeseclassic.com

www.burmeseclassic.com



တော်ခေါ်ပွဲအဖြစ် ရေပက်တမ်းကစားကြသည်။ အပျိုတော်များသည် ငွေဖလားထဲမှ ရေများဖြင့် ခင်ခင်ကြီးကို ရွှဲရွှဲစိုအောင် လောင်းရုံမျှမက ငြိုးသူရန်ဘက်ပမာ ခင်ခင်ကြီးကို ငွေဖလားများ၊ ခွက်များဖြင့် မျက်နှာ၊ ခေါင်း၊ ကိုယ်လက်စသည်တို့ကို ထုနက်ကြသည်။ ခင်ခင်ကြီးသည် ကြောက်လန့်တကြားအော်ဟစ်ကာ အခန်းထဲတွင် ဟိုပြေးသည်ပြေး တိမ်းရှောင်သည့်တိုင် သူ့ထက်သန်မာထွားကျိုင်းသည့် အပျိုတော်များက ခင်ခင်ကြီးကို ခန်းဆောင်လယ်သို့ တွန်းလွှတ်လိုက်ကြသည်။

စုဖုရားလတ်က ရယ်မောလျက် . . .

"ဟော့ကောင်မတွေ . . . နင်တို့ကစားတာ တယ်လည်းကြမ်းတာကိုး။ တော်ကြတော့ တော်ကြတော့။ ခင်ခင်ကြီးခမျာ နာကျင်ရှာမှာပေါ့"

သို့တိုင် အပျိုတော်များသည် ထွက်၍မသွားဘဲ ပို၍ ကြမ်းတမ်းစွာ ပြုမူကြလေရာ နောက်ဆုံး၌ စုဖုရားလတ်က လက်ဖြင့် အချက်ပြလိုက်သည့်အခါတွင် ခန်းဆောင်ထဲမှ ထွက်သွားကြသည်။ ထိုအခါ၌ကား ခင်ခင်ကြီးမှာ ရေ့သွားအချို့ကျိုးကာ မျက်နှာနှင့် ကိုယ်ခန္ဓာအနှံ့ အပြားတွင်လည်း ညိုမည်းပေါက်ပြဲကာ ဖူးဖူးရောင်လျက်ရှိလေပြီ။

ထိုနေ့ညဉ့်၌ ရွှေနန်းတော်ကြီး ဇေတဝန်ဆောင်တွင် ဇာတ်ပွဲခင်းကျင်းပြသရာ ခင်ခင်ကြီးမှာလည်း ညိုမည်းရောင်ယမ်းနေသောမျက်နှာကို မျက်နှာချေလိမ်းကာ ဝတ်ကောင်းစားလှများနှင့် လက်ဝတ်ရတနာများတို့ သီးနေအောင် ဝတ်ဆင်လျက် အရှင်နှစ်ပါးအနီးတွင် ခစားနေသည်။ ဘုန်းတော်ကြီးသောဘုရားသည် မကြာခဏ ခင်ခင်ကြီးကို လှမ်းမျှော်ရှုစားခြင်းပြုသော်လည်း အကာအကွယ်ပေးမည်ဟူကား စကားမဆိုတော့ပြီ။ နောက်များ မကြာမီတွင် ခင်ခင်ကြီးတို့သားအမိသည်လည်း ရွှေနန်းတော်ကြီးမှ ပျောက်ကွယ်သွားခဲ့လေပြီ။

❋ ❋ ❋

ဒို့တိုင်အောင် စုဖုရားလတ်၏စိတ်သည် ငြိမ်းချမ်းခြင်းကို မရသေးချေ။ သူ့စိတ်သည် ယခုတိုင် ဒေါက်ယက်ခတ်လျက် ရှိနေသေး၏။ ရွှေရေးသေတ္တာများကို နန်းမြို့လေးထောင့်အသီးသီးတွင် ချထားရန် စီစဉ်ခဲ့သူ၊ တိုင်ကြားစာများကို ရေးခဲ့သူ၊ ရနောင်မင်းသားအား ပွဲမပြီးမီ ဇာတ်သိမ်းခန်းဝင်စေခဲ့သူမှာ သူနှင့် တိုင်တားမင်းကြီးတို့ ကိုယ်တိုင်ဖြစ်သည့်တိုင် ကောလာဟာလအချို့သည် အခြေအမြစ် မရှိတန်သလောက် ရှိနိုင်သည်ဟု စိုးရိမ်ကြောင့်ကြလျက်ရှိသည်။

သီဟာသနပလ္လင်ဆောင်အတက် လှေကားထစ်များပေါ်တွင် ရွှေဓားတဝင်းဝင်းဖြင့် ရပ်၍နေသော ညောင်ရမ်းမင်းသား၏ပုံသည် သူ့မျက်လုံးထဲမှ မထွက်တော့။ သို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်သည် ဖဲင်နီတစ်ယောက်မျှအပ မြင်မြင်သမျှ လူအပေါင်းတို့ကို မသက်ာသော မျက်လုံးများဖြင့်သာ ကြည့်နေတတ်သည်။ ယခုအချိန်၌ ဆီလာ၏ ဓာတ်ပုံပညာကိုလည်း စုဖုရားလတ် စိတ်မဝင်စားကြတော့ပြီ။ ထိုစဉ် ရွှေနန်းတော်ကြီးထဲတွင် စိုးရိမ်ပူပန်မှုတစ်မျိုး နောက်ထပ်တိုးလာပြန်သည်။

ဆီလာနှင့် သူ့အဒေါ်တို့၏ ဓာတ်ပုံပညာ သွားရောက်သင်ကြားရာ ကာလကတ္တား မြို့သည် ညောင်ရမ်းမင်းသားခိုလှုံနေသည့် နေရာဖြစ်ကြောင်းကို စုဖုရားလတ် အမှတ်ရ သလော မပြောတတ်။ ထိုအထဲတွင် ခင်ခင်ကြီး၏အမေမှာ ဆီလာ၏အမေနှင့် ညီအစ်မဝမ်း ကွဲ တော်စပ်နေပြန်သည်။

ခင်ခင်ကြီးတို့သားအမိ ရွှေနန်းတော်ထဲမှ ပျောက်ကွယ်မသွားမီကလေးတွင် အာဏာသားများသည် အရှင်နန်းမတော်ဖုရား၏ အမိန့်ဟုဆိုကာ ခင်ခင်ကြီး၏အမေကို မစ္စစ် အာရတွန်နှင့် ဆီလာတို့ရှေ့မှာပင် ရက်ရက်စက်စက် ရိုက်နက်ကြသည်တွင် သားအမိနှစ် ယောက်မှာ မကြည့်ရဲသဖြင့် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားခဲ့ကြရသည်။

"နင့်အလှည့်လည်း ဘယ်တော့ရောက်မလဲ မသိဘူး။ ငါ့ကို သစ္စာဖောက်မယ်တော့ မကြံလေနဲ့။ သစ္စာဖောက်တယ်ဆိုရင် ကာလကတ္တားဘုရင်ခံချုပ်ဆီကို စာရေးခွင့်တောင်းပြီး နင့်ခေါင်းကိုလည်း ဖြတ်ပစ်မယ်"

ဟု စုဖုရားလတ်က ဆီလာကို ကြိမ်းခဲ့သည်။ မစ္စစ်အာရတွန်မှာ ရွှေနန်းတော်ကြီးမှ အပြန်တွင် တစ်လမ်းလုံးငိုလာခဲ့ရာ အမေ့ထက် စိတ်ဓာတ်ကြံ့ခိုင်သည့်ဆီလာက ချော့မော့ လာခဲ့ရသည်။

"မာမာရယ် . . . ဒီလောက်လည်း မစိုးရိမ်ပါနဲ့။ ဆီလာတို့မှာလည်း ဗြိတိသျှလက် အောက်ခံ ဆွေမျိုးသားချင်းတွေ ရှိပါသေးတယ်။ ခု နန်းမတော်ဟာ ဆီလာတို့ကို သတ်ချင် ရင်တောင် ကာလကတ္တားဘုရင်ခံချုပ် ခွင့်ပြုချက်မရဘဲ မသတ်နိုင်ပါဘူး။ ပြီးတော့ ပါပါဆို လည်း အမှုတော်ကို ကျေပွန်အောင် ထမ်းဆောင်တာပဲ။ ဘာဖြစ်လို့ ဒီလောက် စိုးရိမ်နေရ မှာလဲ"

ပြောမည့်သာ ပြောရသည်။ ဆီလာကိုယ်တိုင်လည်း စိုးရိမ်မိသည်အမှန်။ ဆီလာ သည် ရွှေနန်းတော်ကြီးထဲတွင် နန်းမတော်ဖုရား၏ရှေ့တော်သို့ မဝင်မိအောင် တတ်နိုင်သမျှ ရှောင်ကွင်း၍နေလေ့ရှိသည်။ သူ့ကိုဆင့်ခေါ်မှသာလျှင် ရှေ့တော်သို့ ဝင်တတ်သည်။

ရွှေနန်းတော်ကြီးထဲတွင် နောက်ထပ်ပေါ်ပေါက်လာသည့် ရာဇပနမှာ ဘုန်းတော် ကြီးသောဘုရား၏ မယ်တော်၊ သီလရှင်အဖြစ် ဘာဝနာအားထုတ်နေသည့် လောင်းရှည် မိဖုရား၏ ရာဇပနဖြစ်သည်။ ခင်ခင်ကြီးတို့ကိစ္စကို သိပြီးသည့်နောက်မှစ၍ စုဖုရားလတ်သည် နန်းတော်တွင်းတွင် ကာမေသုမိစ္ဆာကံ ကျူးလွန်ခြင်းနှင့်ပတ်သက်၍ တင်းကျပ်စွာ ကိုင်တွယ် လေ့ရှိသည်။ လောင်းရှည်မိဖုရား၏ အတိတ်ဘဝနှင့် ပတ်သက်၍လည်း ပြောစရာဆိုစရာ



www.burmeseclassic.com

www.burmeseclassic.com



များကို သန့်သန့်ကြားခဲ့ဖူးပေရာ သီပေါမင်း၏ ပြားချပ်သေ ာဦးခေါင်းသာလျှင် ခမည်းတော် မင်းတုန်းမင်းကြီး၏ သားစစ်စစ်ဖြစ်ကြောင်း အထောက်အထားပြစရာရှိသည်။

ယခုအချိန်၌ လောင်းရှည်မိဖုရားသည် အသက်ကြီး၍ ရုပ်ရည်ရူပကာမရှိတော့သည့်တိုင် ယောက်ျားများနှင့် ရင်းနှီးကျွမ်းဝင်စွာနေသည်ဟု စုဖုရားလတ် သံသယဖြစ်နေသည်။ သို့ ဖြင့် နန်းမဗော်မိဖုရားသည် ထိုအကြောင်းကို ပရိယာယ်ဝေ၀စ်အမျိုးမျိုးဖြင့် နားတော်သွင်းသည်တွင် ကြာသော် မိမိ၏မယ်တော်သည် အစောင့်တစ်ယောက်နှင့် ကျွမ်းဝင်ရင်းနှီးနေကြသည်ဟူသော စကားကို သီပေါမင်းကိုယ်တိုင် ယုံကြည်လာခဲ့သည်။

ထို့ကြောင့် ထိုအစောင့်ကို ကွပ်မျက်စေပြီးသော် ဘုန်းတော်ကြီးသောဘုရားသည် မိမိ၏ဂုဏ်သိက္ခာကို ငဲ့ကွက်သည့်အနေဖြင့် မယ်တော်၏အဆောင်သို့ သွားရောက်လည်ပတ်ခြင်းမပြုတော့ဟု ကြေညာလိုက်၏။ အဘွားအိုတစ်ဦးမျှသာဖြစ်သည့် လောင်းရှည်မိဖုရားတွင် တွယ်တာစရာဆို၍ ဘာမှမကျန်တော့ပြီ။ လက်တွင် ခူနာပေါက်သည့်အခါ၌ လောင်းရှည်မိဖုရားသည် မည်သည့်ကုသမှုကိုမှ ခံယူခြင်းမပြုတော့ဘဲ သစ္စာရှိအပျိုတော် တစ်ဦးဖြင့် ဆင်းဆင်းရဲရဲနေသွားကာ ထိုအနာအဆိပ်ဖြင့်ပင် ကံကုန်ခဲ့သည်။

မယ်တော်ဆင်ဖြူမရှင်မှာ မိမိအား ယခင်နေရာအတိုင်း ပြန်လည်ထားရန် စုဖုရားလတ်ကို တိုက်တွန်းသည့်အခါတွင် စုဖုရားလတ်သည် သူ့ဆန္ဒကို လိုက်လျောလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သို့ရာတွင် သူ့ကို လိုက်လျောဟန်ပြခဲ့ခြင်းမှာ ခင်ခင်ကြီး၏ကိစ္စကို ဖြေရှင်းရာတွင် အကြံဉာဏ်လိုသဖြင့် ဟန်ဆောင်ခြင်းသာဖြစ်ကြောင်းကို ဆင်ဖြူမရှင် သိခဲ့လေပြီ။ နန်းမတော်ဖုရား၏စိတ်ထဲတွင်လည်း သူ့ရန်အပေါင်းကို အောင်နိုင်ခဲ့ပြီဟု ထင်မှတ်နေလေပြီ။ ယခုအချိန်မှစ၍ ရက်ထည်ပေါ်တွင် မိမိစိတ်တိုင်းကျ အဆင်အသွေးကို ရက်နိုင်တော့မည်ဟု ထင်မှတ်လျက်ရှိလေပြီ။

❋ ❋ ❋

ဆီလာမှာ မျက်နှာသာပေးခြင်း မခံရတော့ပြီကိုသိသည့်တိုင် ဖဲင်နီမှာလည်း ကိုယ့်ကိစ္စနှင့်ကိုယ်ဖြစ်နေ၍ ဆီလာ၏အန္တရာယ်ကို မစဉ်းစားနိုင်သေး။ သို့ရာတွင် မျက်နှာသာပေးခြင်းခံရသူမှအပ အခြားသူများက သူ့အတွက် စိုးရိမ်ကြောက်လန့် ခြင်းဖြစ်ရသည်မှာ ရွှေနန်းတော်ကြီးထဲတွင် ရိုးနေလေပြီ။ ဖဲင်နီမှာ သူ့အချစ်ကိစ္စဖြင့် စိတ်မအားနိုင်သောအောင် ဖြစ်နေသည်။ သူတို့နှစ်ယောက်သည် မည်သည့်နေရာတွင် မည်သို့မည်ပုံ တွေ့ဆုံကြရပါမည်နည်း။ မန္တလေးရွှေမြို့တော်တွင် အပ်ကျသည်ကအစ လူတိုင်းမသိချင်အဆုံးဖြစ်နေရာ အထူးသဖြင့် လူမျိုးခြားကုလားဖြူတစ်ယောက်အဖို့ဆိုသည်ကို တစ်ယောက်ယောက်က အမြဲစောင့်ကြည့်နေမည် မုချ။

---

သဝန်းရိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် အာရတွန်တို့အိမ်မှာလည်း ကံဆိုးမိုးမှောင်ကျလျက်ရှိရာ ဗွန်ဗိုင်ဆင်အနေဖြင့်လည်း ထိုအိမ်သို့ မကြာခဏလာ၍မသင့်။ အာရတွန်တို့အိမ်တွင် သူတို့နှစ်ဦးအတွက် ရိပ်ငြိမ်အေးချမ်းသည့် အချစ်ရိပ်မြုံကလေးဖြစ်သည်မှာ မှန်ပါ၏။ သို့ရာတွင် အာရတွန်တို့အိမ်တွင် တွေ့ရသည်မှာ ဂုဏ်နိမ့်သည်ဟု ထင်လျက်ရှိလေပြီ။

ဖဲင်နီသည် မြန်မာကပြားဖြစ်သည့်အလျောက် နှစ်ဖက်သဘောတူ၍ အရပ်ကအသိအမှတ်ပြုလျှင် ပုဆိုးတန်းတင် အကြင်လင်မယားအရာမြောက်ရန် ဘုရားသခင်၏ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုကြသော်လည်း မိမိတို့မှာမူ လူကြီးများရှေ့တွင် သစ္စာဆိုပြလိုက်ရုံဖြင့် ကိစ္စပြီးနိုင်၏။ သို့ရာတွင် ခက်သည်မှာ ဖဲင်နီအဖို့ ထိုအခွင့်အရေးကိုပင် မရလိုက်ခြင်းဖြစ်သည်။

ရွှေနန်းတော်တွင် ထုံးစံအရ မိန်းမဆောင်တွင်းသို့ အမျိုးသားများဝင်ခွင့်မရှိ။ အလားတူပင် မိမိတို့အနေဖြင့် အမျိုးသားများချည်းနေသည့် အဆောင်ဘက်သို့ ကူးခွင့်မရှိ။ အကယ်၍ ဗွန်ဗိုင်ဆင်ကို နန်းတော်ထဲသို့ ခိုးသွင်းလာနိုင်ခဲ့သည်ထားဦး။ မဏ္ဍပ်လို လေးဘက်ပွင့်နေသောအဆောင်များထဲ သူ့ကိုဝှက်ထားစရာ နေစရာမရှိ။

အဝင်ဝတွင် အစောင့်အကြပ်တို့ ထူထပ်စွာ စောင့်ကြပ်လျက်ရှိသဖြင့် လူမပြောနှင့် ဘုန်းတော်ကြီးသောဘုရားပင်လျှင် အထဲသို့ လူတစ်ယောက်ခေါ်လာရန် မလွယ်။ ယခင်အခါများကမူ ဂျူလီက သူ့ကို မျက်စိမှိတ်ပြလိုက်ကာ သူတို့နှစ်ဦးချိန်းတွေ့ရန် အချက်ပြခဲ့သည့်တိုင် အပေါ်ထပ်သို့ မေးငေါ့ပြသည့်တိုင် ယခုမူ ဂျူလီကလည်း အားပေးအားမြှောက်လုပ်ခြင်း မရှိတော့။

တောထဲတွင်ရှိသည့် သေနတ်ပစ်လေ့ကျင့်ရာ အိမ်ကလေးများတွင် ချိန်းတွေ့ရန် စဉ်းစားမိသေးသည့်တိုင် ဖဲင်နီကိုယ်တိုင်က မြွေပါးကင်းပါးကို ကြောက်တတ်သဖြင့်တစ်ကြောင်း၊ တောထဲသို့ လားစီး၍ သွားရခြင်းမှာ ပူလောင်အိုက်စပ်ကာ လမ်းကြမ်းသည့်အတွက်ကြောင့်တစ်ကြောင်း၊ သူတို့ နှစ်ယောက်ချင်းတွေ့ဖို့အရေးသည် ဝေးသည်ထက်ဝေးနေသည်။ သူတို့ချိန်းတွေ့စရာနေရာဆို၍ ဒါဗီရာတို့ မိသားစုအိမ်တစ်အိမ်သာ ကျန်တော့သည်။

ဗွန်ဗိုင်ဆင်မှာ ဒါဗီရာတို့အိမ်နောက်ဖေးခြံဝင်းထဲရှိ အိမ်ကလေးတစ်လုံးကို ပြင်ဆင်၍ ငှားနေလေရာ ဖဲင်နီအခါအခွင့်သင့်တိုင်း သူတို့အိမ်သို့ အလည်ရောက်လာလေ့ရှိသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ချောင်းကြည့်ကာ လူရှင်းသည်နှင့် ဖဲင်နီက ဒါဗီရာတို့ခြံမှနေ၍ ဗွန်ဗိုင်ဆင်တို့အိမ်သို့ ကူးသွားတတ်သည်။

ရိုးသားသည့် ဒါဗီရာတို့၏ သမီးငယ်များကမူ ဖဲင်နီနှင့် ဗွန်ဗိုင်ဆင်တို့မှာ လက်ထပ်ပြီးဖြစ်ကြောင်း၊ အိမ်တစ်ဆောင်မီးတပြောင်နှင့် အတူမနေကြသေးခြင်းမှာ နန်းမတော်ဘုရားက ဖဲင်နီအား သင့်လျော်လျောက်ပတ်သော ထောက်ပံ့ကြေးမြှင့်မှုမပေးသေး၍ဖြစ်ကြောင်း ထင်နေကြသည်။ ထို့ကြောင့် သူတို့နှစ်ဦးသည် နန်းမတော်ဖုရားမသိအောင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို လျှို့ဝှက်ထားခြင်းဖြစ်လျက် နန်းမတော်ဖုရားမှာလည်း စိတ်ကြီးသူတစ်ယောက် ဖြစ်သည့်အလျောက် ထိုသို့လျှို့ဝှက်ထားနိုင်မှ တော်ကာကျသည်ဟု မိန်းကလေးများ ထင်နေကြသည်။

ရွှေနန်းတော်ကြီးထဲတွင် တစ်ဦးတည်းသော ဥရောပတိုက်သူ အပျိုတော်ဖြစ်သည့် ဖဲင်နီအဖို့ ထိုသို့ နန်းမတော်ဖုရားအမျက်ရှိမည်ကို စိုးရိမ်ရန်မထိုက်သည်သာဟု ရိုးသားစွာ ယူဆထားသည်။ သို့တိုင်အောင် ကြာလာသည့်အခါတွင်မူ ခါတိုင်းကဲ့သို့ မကြာခဏ ချိန်းတွေ့နေကြ၍မဖြစ်တော့။ ထိုသို့မတွေ့ဖြစ်ကြခြင်းမှာ သူတို့နှစ်ယောက် အကြင်လင်မယားဖြစ်လာကြသည့်အခါတွင် ရိုးအီသွားမည်စိုးသောကြောင့်လည်း ဖြစ်နိုင်သည်။ အကြင်လင်မယားဖြစ်လာသည့်အခါတွင် လတ်ဆတ်မှု၊ ရင်ခုန်မှုတို့မရှိ။ ပျောက်သွားမည်စိုးသောကြောင့်လည်း ဖြစ်နိုင်သည်။ သို့ရာတွင် သူတို့နှစ်ယောက်၏အချစ်ရေးကို ဘေးလူအမြင်ဖြင့်ကြည့်လျှင် အရုပ်ဆိုးဆိုးပင်။

သူတို့နှစ်ဦး၏အချစ်ရေးသည် လှပသော ပုံပြင်တစ်ခုနှင့်မတူ။ တစ်ဘက်တွင် အချစ်ကို ထမင်းစားရေသောက်လိုသဘောထားကာ အိုင်တွေ့လျှင် ခြေဝင်ဆေးသည့် ဖယား သမားတစ်ဦး။ တစ်ဘက်တွင်မူ သူ့ကိုမြူဆွယ်ကာ သူလိုချင်ရာကို ပုံသွင်းယူလိုသည့် အကြံကြီးသော မိန်းကလေးတစ်ယောက်။

သူတို့နှစ်ဦး၏အချစ်ရေးသည် ထိုအမြင်ဖြင့်ကြည့်လျှင် အကျည်းတန်သောအချစ်၊ အကျည်းတန်သောပုံပြင် ဖြစ်နေသည့်တိုင် ဖဲင်နီအဖို့သော်မူ ထိုသို့စွန့်စားခြင်းသည် ဘဝတွင် အလှဆုံးသောအရာဟု မြင်နေသည်။ အက်ဂါသာသည် သူ့သဘောကိုသိလျှင် အလန့်တကြား ဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် ဖဲင်နီအဖို့သော်မူ အချစ်ကိစ္စသည် အက်ဂါသာတို့လို စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန်တွေး၍ ရွေးရသော အချစ်မျိုးထက် အများကြီးသာသည်ဟုယူဆသည်။ ထိုသို့ယူဆခြင်းမှာ ဖဲင်နီသည် သိက္ခာမရှိ၍မဟုတ်။ မြန်မာသွေးဖြင့်ပြောလျှင် မိမိနှင့် ဗွန်ဗွိုင်ဆင်တို့သည် အကြင်လင်မယားအရာ မြောက်ခဲ့ကြပြီဟု ရိုးရိုးသားသားယုံကြည်သောကြောင့်ဖြစ်သည်။

လက်တင်သွေးဖြင့် ကြည့်လျှင်လည်း သူ့တွင် ဖြေစရာရှိသည်။ သူတို့ ပြင်သစ်ထုံးစံအရဆိုလျှင် ယောကျ်ားပျိုတစ်ယောက်သည် အသက်နှစ်ဆယ့်ငါးနှစ် မပြည့်မချင်း မိဘသဘောတူညီချက်မရဘဲ လက်မထပ်ရဟုရှင်းပြသောကြောင့် ဖဲင်နီကျေနပ်နေခြင်းဖြစ်သည်။ အမှန်အားဖြင့် သူတို့နှစ်ယောက် စတင်ချစ်ကြိုက်သည့်အချိန်၌ ဗွန်ဗွိုင်ဆင်မှာ ငယ်ပုံပေါ်သေးသော်လည်း နှစ်ဆယ့်ငါးနှစ်တင်းတင်းပြည့်ခဲ့လေပြီ။

ဖဲင်နီစိတ်ကူး၌ ပြင်သစ်ပြည်ကြီးနှင့် အင်းဝရွှေနန်းတို့ နှစ်ပြည့်တစ်ပြည် ဖြစ်ကြသည့်အခါ ဗြိတိသျှကို မြန်မာနိုင်ငံမှဝေးရာသို့ ရှားပြီးသည့်အခါ ပြင်သစ်ပိုင်နယ်များဖြစ်သော တုန်ကင်းနှင့် အာနမ်နယ်များကို ဖြတ်သန်းကာ ပြင်သစ်စစ်တပ်များနှင့် ပြင်သစ်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများ မန္တလေးရွှေမြို့တော်သို့ရောက်လာသည့်အခါတွင် သူတို့နှစ်ဦးသည် အကြင်လင်မယားအဖြစ် ပျော်ရွှင်စွာ နေခွင့်ရကြတော့မည်ဟု ဖဲင်နီမျှော်လင့်နေသည်။ ဗွန်ဗိုင်ဆင်ကလည်း ထိုအတိုင်းပင်ပြောသည်။ သို့ဖြင့် ဖဲင်နီသည် စုဖုရားလတ်ကို အယုံသွင်းခြင်းဖြင့် ဗွန်ဗိုင်ဆင်၏လုပ်ငန်းကို အကူအညီပေးနိုင်သည်။ ဗွန်ဗိုင်ဆင်ကလည်း ထိုမျှော်လင့်ချက်ကိုပေးကာ ဖဲင်နီ့ကို အသုံးချနေခြင်းဖြစ်သည်။

❋ ❋ ❋

တစ်ခါသော် အခွင့်ရသဖြင့် မြန်မာဘုရင်၏မီးသင်္ဘောတော်ဖြင့် အညာသို့လိုက်သွားခဲ့သည်။

ထိုအချိန်က ဖဲင်နီမှာ အနည်းငယ် နေထိုင်မကောင်းဖြစ်လျက်ရှိသဖြင့် ဖဲင်နီသည် အနားယူရင်း လိုက်လာခဲ့ခြင်းဖြစ်၏။ ဆင်ဖြူမရှင်နှင့်လည်းကောင်း၊ သမီးတော် စုဖုရားလတ်နှင့်လည်းကောင်း၊ နှစ်ဦးစလုံး၏ အရေးပေးခြင်းခံရသည့် ဖဲင်နီသည် ဆင်ဖြူမရှင်နှင့်အတူလိုက်ပါလာခြင်းဖြစ်သည်။ သူတို့အဖွဲ့တွင် ပြင်သစ်အင်ဂျီနီယာကလေး ဗွန်ဗိုင်ဆင်လည်းလိုက်ပါလာခဲ့သည်။

မြန်မာဘုရင်ပိုင်သည့် မိုးကုတ်ကျောက်တွင်းများတစ်ဝိုက်တွင် သူလည်း ကျောက်တူးခွင့်လိုင်စင်လျှောက်လိုသဖြင့် အခြေအနေကို အကဲခတ်ရန် လိုက်ပါလာခဲ့ခြင်းဖြစ်၏။ တစ်ခါက စိတ်ကြမ်းသည့် ဆင်ဖြူမရှင်မှာ ငယ်ရာမှ ကြီးလာသူပီပီ ချစ်သူနှစ်ဦးတို့ကို လွတ်လပ်စွာ တွေ့ဆုံခွင့်ပေးထားခဲ့သည်။ ဖဲင်နီအဖို့သော်မူ ထိုခရီးသည် သူတို့နှစ်ယောက်၏ မင်္ဂလာဦးခရီးဟု ထင်နေသည်။

တောတောင်စုံမြိုင်ခြေတို့တွင် ပန်းတွေက ပွင့်လျက်။ ပန်းတွေဝေနေသည့် နွယ်ကိုင်းများတွင် မျောက်တို့က ကြိုးခွေသံပေးကာ ဟိုမှသည်မှ ခုန်ကူးလျက်။ ကြက်တူရွေးများက စိမ်းမြသောမီးလျှံများလို လူးလာပျံသန်းလျက်။ ထိုခရီးတွင် ဖဲင်နီသည် မြန်မာအဝတ်အစားကို ဝတ်လာခဲ့၏။ ရွှေနန်းတော်ကြီးထဲတွင် ရှိစဉ်ကမူ ဥရောပတိုက်သူအဝတ်အစားများကိုသာ ဝတ်ဆင်ထားသဖြင့် ဖဲင်နီသည် အခြားသူများနှင့်မတူ၊ ထင်းထင်းကြီးဖြစ်နေတတ်သည်။

ယခုမူ အဝတ်အစားသစ်များ နောက်ထပ်မချုပ်ရသေးသည့်အတွက် သူ့အဝတ်အစားများသည် နွမ်းစပြုနေလေပြီ။ ဆင်ဖြူမရှင်သည် သူ့အပျိုတော်များကို မြန်မာအဝတ်အစားများဖြင့်သာ မြင်ချင်သည်။ ထို့ကြောင့် လမ်းခရီးတစ်လျှောက်တွင် ထင်းထင်းကြီးမဖြစ်လိုသည့် ဖဲင်နီကလည်း မြန်မာအဝတ်အစားကို ဝတ်လာခဲ့သည်။ တစ်ညနေ ဧရာဝတီမြစ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကြီးက ဝင်လုဆဲနေရောင်ဖြင့် ရွှေရောင်လူးကာ အဝေးရှိတောင်တန်းကြီးများက မဟူရာသွေးလုစချိန် တွင် ဖဲင်နီသည် ရွှေဖလားရောင်နနထဘီ၊ ရွှေဖလားရောင်နန အင်္ကျီပေါ်တွင် ဖက်ဖူးရောင်ပဝါကိုချကာ ထွက်ခဲ့၏။

ဖဲင်နီ၏အဆင်အယင်သည် အခန့်ကြီးလည်းမဟုတ်၊ အနကြီးလည်း မဟုတ်သည့် အပြင် မို့မောက်သော ရင်အစုံတို့ကလည်း ရင်စည်းအင်္ကျီထဲမှ ခုံးထနေသကဲ့သို့ရှိကြ၏။

အင်္ကျီအရောင်နနကို ဝတ်ထားသဖြင့် ညိုဝါရွှေသောသူ့အသားသည် ထင်းထင်းကြီးပေါ်နေ၏။ သူ့ခန္ဓာကိုယ်သည် အပေါ်ယံအဖုံးအလွှမ်း၊ အဆင်အယင်တို့ကို မနစ်သက်သည့်နှယ် ဖဲင်နီသည် ပဝါကို ကိုယ်ပေါ်တွင်လွှမ်းခြုံခြင်းမရှိဘဲ လက်တွင်ကိုင်ထား၏။ ကုန်းပတ်ပေါ်တွင် ဖိနပ်မပါဘဲ လျှောက်လာသည့်အတွက် ချစ်စရာလှပသည့်ခြေအစုံသည်လည်းကောင်း၊ နင်းဆီရောင်သမ်းနေသည့် ခြေချောင်းလေးများသည်လည်းကောင်း၊ အောက်ခံကုန်းပတ်အဖြူပေါ် ထင်းထင်းကြီးပေါ်နေသည်။ နက်မှောင်သည့် ဆံထုံးပေါ်တွင် ဖဲင်နီသည် ပန်းနုရောင်တောပန်းတစ်ပွင့်ကို ပန်ထား၏။ ဖဲင်နီကို မြင်သည့်အခါတွင် ဗွန်ဗိုဂ်ဆင်သည် အသက်ကိုမျှ မရှူနိုင်အောင်ဖြစ်နေသည်။

ပါရီက ဝတ်စားဆင်ယင်ပုံကိုသာ မြင်နေကြဖြစ်သည့် ဗွန်ဗိုဂ်ဆင်သည် ဖဲင်နီ၏ အဝတ်အစားများကို သဘောမကျချေ။ ဖဲင်နီ၏ဂါဝန်သည် မည်မျှပုံဆန်းသည်ဖြစ်စေ မြန်မာအဝတ်အစားဖြင့်ကြည့်ရလျှင် ပိုကျက်သရေရှိမည်ဟု ဗွန်ဗိုဂ်ဆင်တွေးမိခဲ့ဖူးသည်။ သူ့အသားက ခပ်ညိုညို၊ သူ့နှာတံက ခပ်ပြားပြားဖြစ်သဖြင့် မြန်မာအဝတ်အစားဖြင့်ကြည့်လျှင် ပို၍လှမည်ဟု သူထင်ခဲ့ဖူးသည်။ ယခု သူ့အထင်သည် မှန်နေလေသည်။

ဖဲင်နီ့စိတ်သဘောထားသည် ရွှေနန်းတော်ကြီးထဲကဘဝနှင့် ဟပ်မိသည့်နည်းတူ သူ့ခန္ဓာကိုယ်သည်လည်း မြန်မာအဝတ်အစားနှင့် လိုက်ဖက်တင့်မောနေသည်။ သူ့ကိုကြည့်၍ သဘောကျနေမှန်း ဖဲင်နီလည်း သိလိုက်ရသဖြင့် ပြုံး၍ သူ့မျက်လုံးများကို ကြည့်နေသည်။ ဖဲင်နီသည် မင်းညီမင်းသားတစ်ဦးထံ အခစားဝင်သကဲ့သို့ ဗွန်ဗိုဂ်ဆင်ကို ဦးတင်ကာကုန်းပတ်ပေါ်တွင် ဝပ်စင်းနေရာမှ ဗွန်ဗိုဂ်ဆင်ကို ပြုံး၍ မော့ကြည့်လိုက်သည်။

"အမှန်ကတော့ ဖဲင်နီက ဒီလို အမြဲတမ်းဝတ်ဖို့ကောင်းတာ"

ဟု ဗွန်ဗိုဂ်ဆင်ကပြော၍ ဖဲင်နီက နှုတ်ခမ်းစူသည်။

"ဖဲင်နီကတော့ ဒီလို အဝတ်အစားကိုဝတ်ရရင် ပွဲတော်မှာ အပြောင်အပြက်လုပ်ဝတ်ရသလို စိတ်ထဲမှာထင်တာ။ ဒါပေမဲ့ ကြိုက်တယ်ဆိုရင် ဝတ်ပါ့မယ်"

"ဖဲင်နီကိုကြည့်ရတာ လူတစ်ယောက်နှင့် မတူဘူး။ လိုက်ကာပေါ်မှ ရေးထားတဲ့ ရွှေရေးယွန်းနတ်မိမယ်ကလေးတစ်ပါးနှင့် တူတယ်။ ဟုတ်တယ်လေ . . . ကိုယ့်အတွက် ယွန်းရုပ်နတ်မိမယ်လေးတစ်ပါး အသက်ဝင်လာတာပေါ့"

ဖဲင်နီသည် ထိုစကားမျိုးကိုသာနားလည်ပြီး ထိုစကားမျိုးကိုသာ သဘောကျတတ်သူဖြစ်သည်။ ထို့မှစ၍ ဖဲင်နီသည် ခရီးတစ်လျှောက်လုံး မြန်မာအဝတ်အစားများကိုသာ ဝတ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့၏။ ရွှေနန်းတော်ကြီးသို့ ပြန်ရောက်သောအခါတွင်လည်း ဖဲင်နီသည် မြန်မာအဝတ်အစားများကို မကြာခဏ ဝတ်လေ့ရှိ၏။ မြန်မာအဝတ်အစားကို ဝတ်ရသည်မှာ လွယ်ကူ၏။ အပျင်းထူသည့် ဖဲင်နီနှင့်မူ အံကိုက်ပင်။ ထို့မျှမက ဒါဗီရာတို့ခြံဘက်မှ ဗွန်ဗိုင်ဆင်၏ ခြံဘက်သို့ကူးလျှင်လည်း မြန်မာအဝတ်အစားများကို ဝတ်ထားသည့်အတွက် မသိသာလှ။

ဖဲင်နီသည် သူ့များအပျိုတော်တွေထက် ထူးခြားအောင် ဥရောပတိုက်သူဝတ်စုံကို ဝတ်နေရသည့်တိုင် ယခင်ကလောက် မဝတ်တော့ဘဲ မြန်မာအဝတ်အစားကိုသာ အဝတ်များလာခဲ့သည်။ ရောဝတီမြစ်ညာသို့ ခရီးသွားခြင်းသည် သူ့ဘဝကို တောက်ပပြောင်လက်သွားစေကာ ထိုအရောင်ထဲတွင် ထဘီသည်လည်း အရောင်တစ်ခုဖြစ်နေသည်။ အချစ်ရေးကိစ္စတွင် လှိုင်းအမြင့်ဆုံးအချိန်သို့ တက်နေပြီး လှိုင်းဖျားတွင် မူးမော်သွားတတ်သည့် အချိန်တိုကလေးတစ်ချိန်ရှိတတ်ရာ ဖဲင်နီသည်လည်း အယက်သို့ဆန်တက်နေသော မြန်မာဘုရင်၏ မီးသင်္ဘောတော်မှ သူ့အခန်းလေးထဲတွင် ထိုအမြင့်ဆုံးလှိုင်းကို စီးခဲ့ရသည်။

ယခုတစ်ခေါက် ရွှေနန်းတော်ကြီးသို့ ပြန်ရောက်လာသည့်အခါတွင် ဖဲင်နီသည် ခါတိုင်းထက် နောင်တရသလို ဖြစ်နေသည်။

သို့တိုင်အောင် ရွှေနန်းတော်ကြီးသည် သူ့အိုးသူ့အိမ်ဖြစ်သဖြင့် ရွှေနန်းတော်မှအပဖြစ်သော အခြားနေရာတို့သည် သူ့အိုးသူ့အိမ်မဖြစ်နိုင်ဟု ဖဲင်နီထင်နေသည်။ ဆောင်းတွင်းသို့ရောက်သည်နှင့် ဖဲင်နီလည်း အခြားသောအပျိုတော်များနှင့်အတူ ဥယျာဉ်တော်ထဲတွင်သာ အချိန်ကုန်ခဲ့သည်။ ရွှေနန်းတော်ကြီးထဲတွင်လည်း ငြိမ်သက်အေးချမ်းလျက်ရှိသဖြင့် မိဘများထံသွားရောက်နေသော ဆီလာကိုပင် မေ့သလိုလိုဖြစ်နေလေပြီ။ ရနောင်မင်းသားနှင့် ခင်ခင်ကြီးတို့၏ကိစ္စသည်လည်း အတိတ်တွင် ကျန်ရစ်ခဲ့ပြီ။ အရာရာသည် ခါတိုင်းကဲ့သို့ ပုံမှန်သွားမြဲသွားလျက်။ ထိုနေ့ညနေက စုဖုရားလတ်သည် မှီအုံးပေါ်တွင် တံတောင်ထောက်ကာ သီပေါမင်း၏မျက်နှာကို မော့ကြည့်လျက်ရှိ၏။

စုဖုရားလတ်မှာ တဘိယကလေးယေ်ကို ကိုယ်ဝန်ဆောင်ထားရသဖြင့် ပိန်ချုံးနေသည့်တိုင် မျက်နှာသည် ခါတိုင်းကဲ့သို့ ရွှင်လန်းထက်သန်လျက်ရှိ၏။ ကြီးမားပြူးကျယ်သော မျက်လုံးများသည် တောက်ပပြိုးပြက်လျက်ရှိကြ၏။ သီပေါမင်း၏ မျက်လုံးများသည် ဟိုဟိုသည်သည်ကို ကြည့်လျက်ရှိရာမှ နနယ်ပျို့မျစ်သော ရှမ်းအမျိုးသမီးကလေးတစ်ဦး၏ မျက်နှာသို့အရောက်တွင် ရပ်တန့်သွားသည်။ စုဖုရားလတ်သည် ထိုင်ရာမှ သေးသွယ်ညှို့မောင်းသည့် လက်နစ်ဖက်ဖြင့် လက်ခုပ်တီးလျက် . . .

"ပုံပြောသည်ကို နားဆင်တော်မူပါ မောင်မောင်ဘုရား၊ ဟဲ့ . . . ပုံပြောစမ်း"

ဟုဆိုကာ အမွေးထူမ မဖုန်းကို လှမ်း၍မိန့်သည်။

မဖုန်းသည် နဖူးပေါ်သို့ ဝဲကျနေသော ဖြူဖွေးသည့် ဆံပင်များနှင့်ထိအောင် လက်အုပ်ချီလိုက်လျက် . . .

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


"မှန်လှပါ အရှင်နန်းမတော်ဘုရား။ အကျွန်ပြောမည့် ပုံပြင်များမှာ မကြာခဏပြော ဖူးသည့် ပုံပြင်များဖြစ်ပါသည်ဘုရား။ ဘုန်းတော်ကြီးသော ဘဝရှင်မင်းတရားသည် ကတိပြု များမိသော သူငယ်အကြောင်းကို နားဆင်တော်မူလိုပုံ ရပါသည်ဘုရား"

ဟု အမွေးထူမ မဖုန်းက အခြားသူများထက်ချိုသာသော အသံဖြင့် လျှောက်ထား ၏။

သီပေါမင်းသည် စိတ်ပါဝင်စားစွာဖြင့် အမွေးထူမ မဖုန်းကို လှမ်း၍ရှုစားကာ . . .

"မယ်မင်းရဲ့ပုံဝတ္ထုက တော်တော်ရှည်သလား"

"ကွမ်းတစ်ယာ ညက်ခန့်လောက်သာ ကြာပါသည်ဘုရား။ တစ်ခါတုန်းက မြစ်ကမ်း ဘေးအနီးတွင် မောင်ရွှေပန်းဆိုသည့် သူငယ်တစ်ယောက် ရှိပါသတဲ့ဘုရား။ တစ်ခါတွင် မောင်ရွှေပန်းသည် အရောင်းအဝယ်ကိစ္စဖြင့် အောက်ပြည်သို့ စုန်တော့မည်ပြုသည့်အခါ တွင် သူ့ချစ်သူမိန်းကလေးအား ကတိအမျိုးမျိုး ပေးခဲ့မိပါသတဲ့ ဘုရား"

"အဲဒီမိန်းကလေးကကော ဘယ်သူတဲ့တုံး"

"စိတ်နှလုံးကောင်းရှိတဲ့အတွက် သူ့ကို မိမိတ်လို့ခေါ်ပါသတဲ့။ ခွဲခွာကာနီးမှာ ချစ်သူ နှစ်ဦးတို့ဟာ သစ္စာဆိုကြပါသတဲ့ဘုရား။ မိမိတို့နှစ်ဦးအနက် တစ်ဦးဦး သေလွန်ခဲ့သည်ရှိသော် တစ်ယောက်မလာမချင်း အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ခြင်းမပြုပါလို့ သစ္စာဆိုခဲ့ကြပါတယ် ဘုရား။ မောင်ရွှေပန်းဟာ အလုပ်ကိစ္စပြီးလို့ ဇာတိရပ်ရွာပြန်တဲ့အခါမှာ ဆိပ်ကမ်းမှာထိုင်နေ တဲ့ သူ့ချစ်သူကို တွေ့ရပါသတဲ့ဘုရား။ မောင်ရွှေပန်းတို့ လှေဆိုက်မယ်လို့လုပ်တော့ မိန်း ကလေးဟာ သူ့ကိုလက်ယပ်ခေါ်ပြပြီး သူ့အမေနဲ့ ရွာသူရွာသားများဟာ အထက်တစ်နေရာ ကို ပြောင်းရွှေ့သွားကြတဲ့အကြောင်း၊ ဒါကြောင့် အဲဒီကိုလိုက်သွားဖို့ ပြောပါသတဲ့ဘုရား။ ဒါနဲ့ မောင်ရွှေပန်းလည်း အထက်ကို ဆန်သွားပါသတဲ့ ဘုရား။

ရွာရောက်လို့ အမေနဲ့တွေ့တော့ အမေက မိမိတ်တစ်ယောက် ကွယ်လွန်အနိစ္စ ရောက်တဲ့အကြောင်းကို ငိုယိုပြောသတဲ့ဘုရား။ မိမိတ်သေလို့ အလောင်းကို မြှုပ်နှံဖို့လုပ် တော့ တလားဟာ အလွန်လေးပြီး မ,လို့မရအောင်ဘဲ ဖြစ်နေပါသတဲ့ဘုရား။ ဒီတင် တစ်ရွာ လုံးက မိမိတ်ဟာ စုန်းမဖြစ်လို့ ဒီလိုဖြစ်ရတာပဲဆိုပြီး ရွာမှာမနေကြတော့ဘဲ အထက်အညာ ကို တစ်ရွာလုံး ပြောင်းသွားကြပါသတဲ့ဘုရား။

ဒါပေမဲ့ မောင်ရွှေပန်းဟာ သူကိုယ်တိုင် မိမိတ်ကို ကမ်းပေါ်မှာမြင်ခဲ့ရလေတော့ အမေ့စကားကို မယုံနိုင်အောင် ဖြစ်နေပါသတဲ့ဘုရား။ ဒါနဲ့ မောင်ရွှေပန်းဟာ အမေအတန် တန်တားတဲ့ကြားက အမေ့စကားကိုနားမထောင်ဘဲ မိမိတ်ဆီကို ပြန်လာခဲ့ပါသတဲ့ဘုရား။ မိမိတ်ကလည်း သူ့ကို ဝမ်းသာအားရနဲ့ တဲကလေးထဲကိုခေါ်သွားပြီး ချစ်သူနှစ်ယောက်ဟာ မိုးချုပ်ချိန်အထိ စကားကောင်းနေကြပါသတဲ့ ဘုရား"

မိမိတ်ဟာ မောင်ရွှေပန်းကိုကြည့်ပြီး . . .

"ကိုရွှေပန်းရယ် . . . ကျွန်မသေတယ်ဆိုတော့ သေတာနဲ့ကော တူလို့လား"



www.burmeseclassic.com

www.burmeseclassic.com



လို့ မေးပါတယ်ဘုရား။ ဒါနဲ့ မောင်ရွှေပန်းဟာ ချစ်သူရဲ့မျက်နှာကို သေသေချာချာ ကြည့်ပြီး ချစ်ခတ်မြတ်နိုးလွန်းတဲ့အတွက် ပွေ့ဖက်ကျီစယ်ပါသတဲ့ဘုရား။ ပြီးတော့ ချစ်သူကို တေးလည်းဆိုပြမယ်ဆိုပြီး ပုလွေကိုထုတ်ပြီး မှုတ်ပါသတဲ့ဘုရား။ အတော်ကြီးမိုးချုပ်တော့ မိမိတ်ရဲ့နွားကိုယ်ကြီးဟာ ကြီးသည်ထက် ကြီးကြီးလာပါသတဲ့ဘုရား။

ဒီတင် မောင်ရွှေပန်းဟာလည်း သူ့အမေပြောတဲ့စကားဟာ အမှန်ဖြစ်ကြောင်းကို သဘောပေါက်လာပါသတဲ့ဘုရား။ လက်စသတ်တော့ သူ့ချစ်သူဟာ သရဲမကြီးဖြစ်နေတာကို တွေ့ရပါသတဲ့ဘုရား။ မောင်ရွှေပန်းဟာ ချွေးသီးချွေးပေါက်ကြီးတွေကျပြီး ကြောက်လန့်တုန်လှုပ်သည့်တိုင် သတိတော့မပျက်ဘဲ သတိထားနေပါသတဲ့ ဘုရား။

မောင်ရွှေပန်းဟာ ပုလွေကို ကြမ်းကြားထဲကနေ အောက်ပစ်ချလိုက်ပြီး အောက်ဆင်း ပုလွေကောက်ချေဦးမယ်ပြောတော့ သရဲမမိမိတ်က သူကောက်ပေးမယ်လို့ပြောပြီး ကြမ်းကြားထဲကနေပြီး လျှာကြီးနဲ့ ကောက်ပေးပါသတဲ့ဘုရား။ ဒီတင် မောင်ရွှေပန်းလည်း ကြောက်ကြောက်နဲ့ "အမေရေ ...အမေ" လို့ ခေါ်ပါသတဲ့ဘုရား။ သရဲမကလည်း သူခေါ်သလို လိုက်ပြီး "အမေရေ...အမေ" လို့ ခေါ်ပါသတဲ့ဘုရား။

ဒီတော့ မောင်ရွှေပန်းက "ငါတော့ပြေးမှဖြစ်တော့မယ်" လို့ စိတ်ထဲမှာတွေးတော့လည်း သရဲမက အသံထွက်ပြီး လိုက်ဆိုပါသတဲ့ဘုရား။ ဒီတော့ မောင်ရွှေပန်းက ငါလည်းအိပ်ချင်ပြီ။ အိပ်ရာခင်းထားပါ။ ငါတော့ အပြင်ကိုထွက်ပြီး ခြေထောက်တို့ လက်တို့ကို ဆေးကြောလိုက်ဦးမယ်လို့ ပြောပါသတဲ့ဘုရား။ သူရဲမကလည်း သဘောတူလိုက်ပါသတဲ့။ ဒါပေမဲ့ မောင်ရွှေပန်းရဲ့ခြေထောက်ကို အပ်ချည်ကြိုးနဲ့ ချည်လိုက်ပါသတဲ့။

မောင်ရွှေပန်းက တဲအောက်မှာ ခြေထောက်ဆေးနေတုန်း အပေါ်က တဒုန်းဒုန်း ထုရိုက်သံကြားလို့ ကြမ်းပေါက်ကြားက ချောင်းကြည့်လိုက်တော့ သရဲမမိမိတ်ဟာ အိပ်ရာလုပ်ဖို့ သူ့တလားကြီးက ပျဉ်စတွေကို ခွာနေတာ တွေ့ရပါတယ်ဘုရား။ မောင်ရွှေပန်းလည်း ကြောက်ကြောက်နဲ့ ခြေမကိုချည်ထားတဲ့ အပ်ချည်ကြိုးကိုဖြေ၊ တိုင်တစ်တိုင်မှာ ချည်ပစ်ခဲ့ပြီး အိမ်ကို ထွက်ပြေးလာခဲ့သတဲ့ဘုရား။ သရဲမ မိမိတ်ကလည်း မောင်ရွှေပန်း တော်တော်နဲ့ တက်မလာနိုင်လို့ အပ်ချည်ကြိုးကိုဆွဲကြည့်တော့ အပ်ချည်ကြိုး ပြတ်ပါလာတယ်ဘုရား။ ဒါနဲ့ မိမိတ်ဟာ အောက်ကိုဆင်းကြည့်တော့ မောင်ရွှေပန်းမရှိတော့ဘူးဆိုတာ တွေ့တာနဲ့ ခေါင်းကြီးကိုပိုက်ပြီး သူ့နောက်က လိုက်လာပါသတဲ့ ဘုရား။

ရွာအဝင်အဝနားရောက်တော့ သူ့ကိုမီလာတာနဲ့ တလားခေါင်းနဲ့ မောင်ရွှေပန်းကို လှမ်းပေါက်လိုက်တာ မောင်ရွှေပန်းခေါင်းကိုထိပြီး နေရာတင် လဲကျသေသွားပါသတဲ့ ဘုရား။ မောင်ရွှေပန်းရဲ့အမေနဲ့ ရွာသားတွေရောက်လာကြပြီး မောင်ရွှေပန်းရဲ့အလောင်းကိုယူဖို့ လာကြတော့ တလားကြီးနဲ့အတူ တလားထဲမှာရောက်နေတဲ့ မိမိတ်ရဲ့အလောင်းကိုလည်း တွေ့ ကြပါသတဲ့ဘုရား။ အဲဒီအခါကျတော့မှ အလောင်းကိုမ ကြည့်တော့ တလားဟာ



www.burmeseclassic.com

www.burmeseclassic.com


အလွယ်တကူနဲ့ မ.လို့ရပါသတဲ့ဘုရား။ အမေနဲ့ ရှာသူရှာသားတွေဟာ မိမိတ်တို့ကို အတူ သဂြိုဟ်ပြီး အတူမြှုပ်နှံလိုက်ကြပါသတဲ့ဘုရား"

အမွေးထူမ မဖုန်းသည် ပုံပြင်ကို အဆုံးသတ်လိုက်၏။ စုဖုရားလတ်၏ မျက်နှာမှာ ညှိုမှောင်လျက်ရှိလေပြီ။

"တော်ပြီ . . . မယ်မင်း။ သေတဲ့စကားတွေကို စုဖုရားမကြားချင်ဘူး။ ဘုန်းတော်ကြီး သောဘုရားကလည်း ဘုရင်ဇကရာဇ်တွေ အောင်ပွဲခံတဲ့အကြောင်းကိုသာ ကြားတော်မူလို တယ်"

အမွေးထူမ မဖုန်းသည် ရှက်ရှက်ဖြင့် ခေါင်းကိုညိတ်လိုက်၏။ ကြိမ်းမောင်းခြင်းခံရ သည့် ခွေးတစ်ကောင်ကဲ့သို့ ငြိမ်ကျသွားသည်။

ဤတွင် အပျိုတော်တစ်ဦးက သူကြားဖူးသည့် ပုံပြင်သစ်တစ်ခုကိုလျှောက်ရပြန် သည်။

ထိုအမျိုးသမီးကို နန်းမတော်ဖုရား၏ အပျိုတော်များက အရိုင်းအစိုင်းဟု သဘော ထားကြ၏။

"တစ်ခါတုန်းက ကျောပြင်ယားတတ်တဲ့ ဘုရင်တစ်ပါးရှိပါသတဲ့ဘုရား။ ဒါနဲ့ တစ်နေ့ ကျတော့ ဘုရင်က သူ့အပါးမှာ အမြဲခစားနေတဲ့ ချောမောလှပတဲ့ အပျိုတော်တစ်ယောက်ကို ခေါ်ပြီး ကျောပြင်ကို အယားဖျောက်ခိုင်းပါသတဲ့ဘုရား။ ဒါပေမဲ့ ဘယ်နေရာကယားတယ် ဆိုတာကိုတော့ မပြောပါဘူးတဲ့ဘုရား။ အပျိုတော်က ယားတဲ့နေရာကို ကုတ်ပေးလိုက်တော့ အယားပြေသွားပါသတဲ့ ဘုရား။ နောက်တစ်ခေါက်ယားလို့ အကုတ်ခိုင်းပြန်တော့လည်း နေရာအတိအကျကို အယားဖျောက်ပေးပါသတဲ့ဘုရား။

ဒီလိုမပြောဘဲနဲ့ ယားတဲ့နေရာကို အတိအကျသိနေလေတော့ ဘုရင်က . . .

"မယ်မင်းကို ငါအယားဖျောက်ခိုင်းပေမယ့် နေရာပြောတာ မဟုတ်ဘူး။ ဘာဖြစ်လို့ နေရာကို အတိအကျသိနေရသလဲ"

လို့ ဘုရင်ကမေးတော့ အပျိုတော်က . . .

"မှန်လှပါဘုရား၊ ဘုရင်တို့၏ အသားအရေသည် နူးညံ့ပျော့ပျောင်းလှပါတယ် ဘုရား။ ကျောပြင်ကို အနီကွက်တို့ ဘာတို့ထနေတာကို မြင်လိုက်ရရုံနဲ့ ဒီနေရာဟာ ယားယံ တဲ့နေရာဖြစ်ကြောင်း ခန့်မှန်းလို့ရပါတယ်ဘုရားလို့ လျှောက်တင်ပါသတဲ့ဘုရား။ ဒီတင် ဒီအပျိုတော်ဟာ ပညာဉာဏ်ရှိပေတယ်လို့ ဘုရင်ကချီးမွမ်းပြီး သူ့ကို မိဖုရားငယ်အရာမြှောက် ပြီး ကြွလေရာမှာ အမြဲတမ်းခေါ်သွားတတ်ပါသတဲ့ ဘုရား"

ထိုစဉ် အပျိုတော်၏ နီရဲသောပါးပြင်ပေါ်သို့ စုဖုရားလတ်၏ ဖိနပ်တစ်ဖက်ကျလာ ကာ ပါးပြင်မှမျက်ရည်တို့ စီးကျလာသည်။ အပျိုတော်သည် ပါးပြင်ကို လက်ဝါးဖြင့်အုပ်ကာ ငိုယိုလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ကိုနားထောင်နေသည့် သီပေါမင်းသည် မျက်နှာကို တစ်ဖက်သို့ ချက်ချင်းလွှဲလိုက်သည်။

"သဘောက်မရဲ့ ဒဏ္ဍာရီလားဟဲ့"

ဟု စုဖုရားလတ်က ခပ်လှောင်လှောင်ပြောသည်။ ဖင်နီက . . .

"မှန်လှပါ . . . နန်းမတော်ဘုရား။ ဘုရင်ဇကရာဇ်တို့အကြောင်းကို ကျွန်မတို့ ဆင်းရဲသားများ သိနိုင်ပါဘုရား။ တောင်ညာစ မဟေသီတို့သာလျှင် သိနိုင်ပါသည်ဘုရား"

စုဖုရားလတ်မျက်နှာ အနည်းငယ် ကြည်သာစပြုလာရာမှ . . .

"မင်းကောင်းမင်းမြတ်တို့အကြောင်းကို နင်တို့သိရမှာပေါ့။ မဟာဆီမဟာသွေး မင်းမျိုးမင်းနွယ်တို့မှာ ချစ်တာမှန်းတာတွေ မရှိကြရဘူးတဲ့။ တရားနှင့်အညီ စီရင်ဆုံးဖြတ်ပြစ်ဒဏ်ချမှတ်ရတာပဲရှိတယ်။ ဒီလိုမှမလုပ်ရင် တို့ကို ဘယ်သူက ခန့်ညားရှိသေခြင်းမရှိရင် တိုင်းပြည်ကို ဘယ်လိုအုပ်ချုပ်ပါ့မလဲ။ ဘုန်းတော်ကြီးသောဘုရားဟာ ကုလားဖြူအင်္ဂလိပ်တို့ကို မောင်းထုတ်နိုင်ခဲ့ခြင်းဟာ သူတို့က တို့အပေါ်မှာ ရှိသေခန့်ညားတဲ့အတွက် မောင်းထုတ်နိုင်ခဲ့ခြင်းဖြစ်တယ်။ လက်သည်းရှည်ပြီး ကုတ်ခြစ်နိုင်တဲ့ အန္တရာယ်ရှိရင် လက်သည်းကို ဖြတ်ပစ်ရမယ်။ နှုတ်သီးရှည်ပြီး ပေါက်မယ့်အန္တရာယ်ရှိရင် နှုတ်သီးကိုဖြတ်ပစ်ရမယ်။ အတောင်ပံရှည်ပြီး ပျံနိုင်တဲ့ ပျံမယ့်လက္ခဏာရှိရင် အတောင်ကို ဖြတ်ပစ်ရမယ်"

"မောင်တော်ဘုရား ဆာလည်းဆာလှပြီ။ ရေလည်းငတ်လှပြီ။ စုဖုရားပွဲတော်များ အဆင်သင့်မဖြစ်သေးဘူးလား"

ဟု သီပေါမင်းက လှမ်း၍မိန့်သည်။ ခဏကြာလျှင် ရှည်လျားသောအရိပ်များ ထိုးကျနေသည့် မြက်ခင်းပြင်ကိုဖြတ်လျက် တောက်ပစွာ ဝတ်ဆင်ထားသော မင်းနှစ်ပါးနှင့် အခြွေအရံတို့သည် ပွဲတော်တည်ဆောင်သို့ လှမ်းခဲ့ကြကာ မင်းနှစ်ပါးသည် ပွဲတော်တည်ကြ၏။ ထိုမင်းဆက်သမိုင်းတွင် စုဖုရားလတ်သည် ဘုရင်နှင့်အတူ ပွဲတော်တည်သည့် ပထမဆုံး မိဖုရားဖြစ်သည်။ စုဖုရားလတ်သည် ပွဲတော်တည်ရာမှ ပွဲတော်ကို ပြင်သစ်ပြည် ဝိုင်အရက်ဖြင့် သုံးဆောင်လျက်ရှိသော သီပေါမင်းကို စိုးရိမ်တကြီးဖြင့် လှမ်းကြည့်၏။

တစ်ခါတစ်ရံတွင် ဝိုင်အရက်သည် မိမိ၏ မဟာမိတ်ကြီးဖြစ်သည့်တိုင် အသောက်များသွားပါက သီပေါမင်းသည် မိမိကိုအာခံမည်ကို စုဖုရားလတ် စိုးရိမ်သည်။ ရနောင်မင်းသားနှင့် ခင်ခင်ကြီးတို့ကိစ္စဖြစ်စဉ်က သီပေါမင်းသည် ဝိုင်အရက်အရှိန်ဖြင့် မိမိအား လှံဖြင့်လိုက်ဖူးသည်ကို စုဖုရားလတ် မမေ့နိုင်သေး။ ထိုစဉ်က စုဖုရားလတ်က အနိုင်ရခဲ့သည့်တိုင် စုဖုရားလတ်သည် အမြဲသတိထားကာ သီပေါမင်း၏အခြေအနေကို စောင့်ကြည့်နေခဲ့သည်။ သီပေါမင်းသည် အရက်သေစာကို သောက်စားနေသည့်တိုင် မိမိသည် ထိန်းမရသိမ်းမရဖြစ်လောက်အောင်မဖြစ်သေးဟု သီပေါမင်း တစ်ခါတစ်ရံတွင် ယူဆသည်။ သို့တိုင် မိမိသည် ဗုဒ္ဓဘာသာဝင်တို့လိုက်နာအပ်သော လမ်းစဉ်မှ လွဲချော်နေပြီလောဟု တစ်ခါတစ်ရံတွင် သီပေါမင်း စဉ်းစားမိသည်။

---

လသန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ကြက်တွန်ချိန်တွင် သလွန်ထက်တွင် တစ်ယောက်တည်းလဲလျောင်းရင်း မိမိငရဲတစ်ညကို လွန်မြောက်ခဲ့လေပြီဟုတွေးကာ အမှုကိစ္စတို့ များမြောင်လှသော နေ့တစ်နေ့ကို ဖြတ်သန်းရဦးမည်ဟုတွေးကာ စိုးရိမ်နေတတ်သည်။ မကောင်းမှုပေါ်ပေါက်လာလျှင် ထိုမကောင်းမှုကို မပြန့်ပွားအောင် ကြိုးစားရ၏။ မကောင်းမှု မပေါ်ပေါက်သေးလျှင် ထိုမကောင်းမှုကို မပေါ်ပေါက်အောင် ကြိုးစားရ၏။ ကောင်းမှု မပေါ်ပေါက်သေးလျှင် ထိုကောင်းမှုပေါ်ပေါက်အောင် ကြိုးစားရ၏။ ကောင်းမှုပေါ်ပေါက်ခဲ့လျှင် ထိုကောင်းမှုကို ပြန့်ပွားအောင် ကြိုးစားရ၏။ ပိဋကတ်သုံးပုံကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သည့် ဘာသာတရားကိုင်းရှိုင်း၍ စာပေကျမ်းဂန်တတ်သော သီပေါမင်းသည် စက်ရာထက်တွင် လူးလိမ့်ကာ ဉယျာဉ်တော်ဘက်ဆီမှ ပျံ့လွင့်လာသော တေးသံတို့ကို နားထောင်ရင်း မိမိ၏ ညစ်ညမ်းလှသောဘဝကို ညည်းညူလျက်ရှိ၏။ သို့ရာတွင် စုဖုရားလတ်ကြားအောင် ညည်းညူခြင်း မပြုရဲချေ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၁ ]

မိမိထံသို့ အပျိုတော်လေးဦး တိတ်တဆိတ်ရောက်လာကာ စာတစ်စောင်ကို ပေးသည့်အတွက် နောက်တစ်နေ့မနက်တွင် ဖဲင်နီသည် အိပ်ရာမှ နိုးလာခဲ့သည်။ ပထမတော့ ဗွန်ဗိုုင်ဆင်ထံမှစာလောဟု ထင်လိုက်မိသည်။ သို့ရာတွင် မျက်လုံးကိုပွတ်၍ သေသေချာချာကြည့်လိုက်သည့်အခါတွင်မှ စာရွက်ပေါ်တွင် ထင်းထင်းကြီးရေးထားသော ဆီလာ၏လက်ရေးကို မြင်လိုက်ရသည့်အတွက် ဆီလာ့ဆီမှစာဖြစ်ကြောင်း သိလိုက်ရ၏။ ဆီလာ၏စာမှာ အောက်ပါအတိုင်းဖြစ်သည်။

*"ဖဲင်နီရေ . . . ကိုယ်တို့နှစ်ယောက်ဟာ ဒီတစ်သက်မှာ နောက်ထပ်တွေ့ချင်မှ တွေ့ရပါတော့မလားမသိဘူး။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဖဲင်နီဟာ ကိုယ်တို့ရဲ့ ချစ်ခင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ဖြစ်လေတော့ ကိုယ်ရယ်၊ ကိုယ့်ပါပါရယ်၊ မာမာရယ်၊ ကိုယ့်ညီမလေးနဲ့ ကိုယ့်အဒေါ်တို့အတွက်ရယ် အတတ်နိုင်ဆုံး ကြိုးစားကူညီမယ်လို့ မျှော်လင့်ပါတယ်။ ယုံလည်း ယုံကြည်ပါတယ်။ မင်းလည်း အညာသွားမယ်လို့ သင်္ဘောပေါ်တက်သွားရော နန်းမတော်ဘုရားရဲ့အမိန့်နဲ့ ကိုယ်နဲ့ကိုယ့်အဒေါ်ကိုဆင့်ခေါ်လို့ နန်းတော်ကြီးကို လိုက်သွားခဲ့ရတယ်။ ကိုယ်တို့ရောက်တော့ ဘုန်းတော်ကြီးသောဘုရားရော၊ တိုင်တားမင်းကြီးရော တခြားယောက်ျား၊ မိန်းမ အခြွေအရံတွေရော အားလုံးရှိနေကြတယ်။*

*ကိုယ်တို့လည်းရောက်ရော နန်းမတော်ဘုရားက ကိုယ့်အဒေါ်ဟာ မြို့သစ်န်ထောက်ရဲ့သမီးအပျိုတော် မကူးဆီက လျှို့ဝှက်စာတစ်စောင်ကို ကလကတ္တားမှာရှိတဲ့ ညောင်ရမ်းမင်းသားဆီကို ယူသွားတယ်။ ပို့ရောက်တော့ ကိုယ်တို့နှစ်ယောက်ဟာ ညောင်ရမ်း၊ ညောင်အုပ်မင်းသားညီနောင်နဲ့ ကိုယ်တိုင်တွေ့ပြီး အဲဒီစာကိုပေးခဲ့တယ်လို့ စွပ်စွဲတော့တာပဲ။ ကိုယ့်အဒေါ်က ဒီစွပ်စွဲချက်ကိုကြားရတော့ အံ့အားသင့်ပြီး မဟုတ်တဲ့အကြောင်းကို ငြင်းပါတယ်။*

---



www.burmeseclassic.com

www.burmeseclassic.com



မြို့သစ်ဝန်ထောက်သမီး မကူးက ရန်ကုန်မြို့ လိပ်တန်းမှာရှိတဲ့ ဆင်းရဲတဲ့ဆွေမျိုးတစ်ယောက်ကို ငွေသုံးဆယ်နဲ့ စာတစ်စောင်ပေးလိုက်လို့ ယူသွားခြင်းသာဖြစ်တဲ့အကြောင်း၊ ရန်ကုန်ရောက်တော့ မိန်းမနစ်ယောက်လာပြီး စာနဲ့ငွေကိုယူတဲ့အကြောင်း၊ ကိုယ်တို့ရှေ့မှာ ပဲဖွင့်ဖတ်တော့ စာထဲမှာ ကလေးတွေအတွက် သရေစာဖိုးအဖြစ် ငွေသုံးဆယ်ပေးလိုက်တဲ့အကြောင်းနဲ့ ကျန်းမာရေးကို မေးမြန်းတဲ့အကြောင်းလောက်သာပါတဲ့ အကြောင်းကို ရှင်းပြလျှောက်ထားတယ်။

ဒီတင် နန်းမတော်ဖုရားဟာ စိတ်ဆိုးပြီး ဒါတွေ သက်သက်လိမ်လည်ပြောတာဖြစ်တယ်လို့ ပြောပြီး ကိုယ့်အဖေ ကုလားဝန်ကြောင့် မန္တလေးမှာ ဗြိတိသျှသံကိုယ်စားလှယ်အဖွဲ့လာရောက်ခစားခြင်းဖြစ်တဲ့အကြောင်း၊ ကိုယ့်အဖေကုလားဝန်ဟာ ဗြိတိသျှတို့ရဲ့ လစာထောက်ပံ့မှုကိုယူနေတဲ့ ဗြိတိသျှသူလျှိုဖြစ်တဲ့အကြောင်း၊ ကုလားဝန်ရဲ့ နမရဲ့သမီး (ကိုယ်နဲ့ကိုယ့်အဒေါ်ဟာ မိမိရဲ့စရိတ်နဲ့ ကာလကတ္တားကိုရောက်ပြီး ညောင်းရမ်းမင်းသား၊ ညောင်အုပ်မင်းသားတို့နဲ့တွေ့ဆုံကာ ထီးနန်းကိုယူဖို့ တိုက်တွန်းတဲ့အကြောင်း၊ ဒီလိုသစ္စာမဲ့တဲ့သူများကို ဘယ်လိုစီရင်မလဲလို့ ဘုန်းတော်ကြီးသောဘုရားကို လျှောက်တင်တာပဲ။

ဒီတင် ဘုန်းတော်ကြီးသောဘုရားက ကိုယ်တို့နှစ်ယောက်ကိစ္စကို နန်းမတော်ဖုရားကြိုက်သလို ဆုံးဖြတ်နိုင်တဲ့အကြောင်း၊ ဒါကြောင့် ကုလားဝန်ကို အနှောင့်အယှက်မပေးဘဲယခု ဆက်လက်နေထိုင်ဖို့အကြောင်းကို တိုင်တားမင်းကြီးကို လှည့်ပြီး မိန့်တော်မူတယ်။ အဲဒီလိုမိန့်ပြီးရော ဘုန်းတော်ကြီးသောဘုရားကို အဆောင်ထဲက ကြွသွားတော့တာပါပဲ။ ဒီနေ့မနက်တော့ ကိုယ်တို့နှစ်ယောက် ရွှေနန်းတော်ကြီးထဲကို ထောင်သွင်းထားလိုက်ပြီး ပစ္စည်းတွေကို သိမ်းလိုက်တော့တာပါပဲ˝

ဘုန်းတော်ကြီးသောဘုရား ထွက်တော်မူသွားတာနဲ့ နန်းမတော်ဖုရားဟာ သူကိုယ်တိုင်လည်း ကိုယ်တို့တစ်တွေဟာ ညောင်ရမ်း၊ ညောင်ရမ်းမင်းသားနှစ်ပါးနဲ့ အဆက်အသွယ်ရှိတာကို မယုံတဲ့အကြောင်း၊ သို့သော်လည်း ကိုယ်တို့တစ်တွေဟာ ခင်ခင်ကြီးနဲ့အမျိုးတော်နေတဲ့အတွက် ကိုယ်တို့ကို ကြည်ဖြူခြင်းမရှိကြောင်း ပြောတော့တာပဲ။ ပြီးတော့ကိုယ်တို့နဲ့ ကိုယ့်အဒေါ်ကို ရွှေနန်းတော်ကြီးထဲမှာပဲ တစ်နေရာစီ ခွဲချုပ်လိုက်တော့တာပဲ။ အလျှင်မေးခွန်းကို မေးတော့တာပဲ။ ကိုယ်တို့ကလည်း ဟုတ်ပါတယ်မှန်ပါတယ်လို့ပဲ ဖြေလိုက်ကြရတယ်။ ဒီလိုမဟုတ်ဘဲ ငြင်းနေရရင် ရာဇမာန်ရှပြီး ကိုယ်တို့နှစ်ယောက်ကို ကွပ်မျက်တော့မှာကိုး။

ဒီလိုနဲ့ ကိုယ့်ကိုချုပ်ထားပြီးတဲ့ နောက်တစ်နေ့မနက် ငါးနာရီအချိန်လောက်မှာ ကိုယ့်ကို တစ်နေရာခေါ်သွားတယ်။ အဲဒီမှာ လက်ထိပ်တွေ၊ ခြေထိပ်တွေခတ်ထားတဲ့ ကိုယ့်အဖေကို တွေ့တော့တာပါပဲ။ အဖေ့ကို သံခြေချင်းတွေ၊ လက်ထိပ်တွေ ခတ်ထားတာကိုလည်း မြင်ရ၊ ဒီအထဲမှာ အဖေဟာ အဖျားရောဂါလည်း စွဲကပ်နေတာကိုတွေ့ရတော့ ကိုယ်ဘယ်လောက်စိတ်ညစ်ရသလဲဆိုတာ မင်းပဲ စဉ်းစားကြည့်ပါတော့ ဖဲင်နီ။ ဒီနေရာဟာ သူ့ကို လှောင်



www.burmeseclassic.com

www.burmeseclassic.com



ထားရာ အကျဉ်းတိုက်ဖြစ်ပြီး ဒီအကျဉ်းတိုက်ထဲကိုရောက်တာ သုံးရက်ရှိပြီလို့ အဖေကပြောပါတယ်။ ခဏကြာတော့ ကိုယ့်အဒေါ်လည်း ရောက်လာတယ်။ ကိုယ့်အမေနဲ့ အိမ်ထောင်ရှိတဲ့ အစ်မနှစ်ယောက်၊ အပျိုညီမလေးတစ်ယောက်နဲ့ မောင်ကတော့ အကျဉ်းတိုက်တစ်ခုထဲမှာ သီးခြားချုပ်ထားတယ်လို့ အဒေါ်ကပြောပါတယ်။

နောက်နှစ်ရက်မြောက်တဲ့နေ့ကျတော့ ကိုယ်တို့အားလုံးကို ရွှေနန်းတော်ကြီးရှေ့ သစ်တပ်ထဲက တဲကလေးတစ်တဲထဲကို ပို့ထားပြီး ကိုယ်တို့ကို မြင်းစာရေးကြီးလက်ကို လွှဲလိုက်တယ်။ မြင်းစာရေးကြီးဟာ ကိုယ်တို့ကို ရွှေဘိုကိုနယ်နှင်ရာမှာ လိုက်ပါပို့ဆောင်ရမယ်လို့လည်း သိရတယ်။ ကိုယ်တို့မှာ ခါးဝတ်ထားတဲ့ အဝတ်အစားပဲပါကြတယ်။ ကိုယ့်အဒေါ်ရဲ့ သမီးနဲ့သမက်က ကိုယ်တို့သတင်းကို ကြားတဲ့အတွက် လိုအပ်တဲ့အဝတ်အစားများ၊ အိမ်ရာလိပ်များ၊ မိုးကာရွက်ဖျင်များကို သင်္ဘောပေါ်ကို ကြိုပို့ထားတယ်လို့ သိရပါတယ်။ ရွှေမြို့တော်ကနေပြီး စစ်ကိုင်းကိုကူး၊ စစ်ကိုင်းကနေပြီး ရွှေဘိုကို လှည်းနဲ့သွားရမယ်လို့ သိရပါတယ်။

သစ်တပ်ထဲက ကတည်းက လမ်းထဲမှာရောက်နေတုန်း အမျိုးသမီးတွေကို ခတ်ဖို့ဆိုပြီး သံခြေချင်းကြီးတွေကို ယူလာတယ်။ ကိုယ့်မိဘနဲ့ ဆွေမျိုးသားချင်းတွေ ဒုက္ခရောက်တာကို မြင်ရလေတော့ ကိုယ်လည်း စိတ်ကိုမထိန်းနိုင်တော့ဘူးလေ။ ကိုယ်ကိုယ်တိုင်က ကြောက်တတ်တဲ့သူမဟုတ်လေတော့ သူတို့က သံခြေချင်းကြီးတွေကို ယူလာတယ်ဆိုရင်ပဲ ကိုယ်ဟာ ရှေ့ကိုထွက်လာပြီး ခြေထောက်တစ်ဖက်ကို ထိုးပေးရင်း . . .

"ရော့ . . . ကျွန်မကို အရင်ခတ်ကြစမ်း။ နန်းမတော်ဖုရားဟာ ကျွန်မတို့ကို ချစ်ခင်ကြင်နာတော်မူတယ်။ ကျွန်မတို့ကလည်း နန်းမတော်ဖုရားအပေါ် တစ်ခါမှ ကျေးဇူးမကန်းခဲ့ဖူးဘူး။ အမြဲတမ်းချစ်ခင်မြတ်နိုးပြီး အမြဲတမ်းသစ္စာရှိခဲ့တယ်။ မဟုတ်မမှန် ပြောဆိုခဲ့လို့ရှိရင် ကျွန်မကိုတစ်သက်လုံး သံခြေချင်းကြီးနဲ့ ခတ်ထားလိုက်ကြပါ"

လို့ပြောလိုက်တယ်။ လက်ပါးစေက ဒီစကားလုံးကို နန်းမတော်ဖုရားကို လျှောက်တင်သတဲ့။

နောက်တစ်ဖက်ကို ခတ်မယ်လုပ်တုန်းပဲ ရွှေနန်းတော်ကြီးကလူတစ်ယောက် ပြေးလာပြီး အမျိုးသမီးတွေကို သံခြေချင်းခတ်ခြင်းမပြုရန် အမိန့်တော်ပါကြောင်း ဖတ်ပြတော့တယ်။ ဒီတင် အာဏာသားတွေလည်း ကိုယ်သစ္စာရှိတာ၊ ကိုယ်မကြောက်မရွံ့တာကို လေးစားရပြီး ခုလိုဖြစ်တာ ဘုရားမတာပဲလို့ ပြောနေကြလေရဲ့။ ဟုတ်တယ်လေ . . .။ ဘုရားသခင်ဟာ ကိုယ်တို့ကို စောင်မတယ်ဆိုတာ ထင်ရှားသွားပြီပေါ့။ ဒါနဲ့ ကိုယ်တို့အားလုံးလည်း သံခြေချင်းအခတ်မခံရဘူးဆိုပါတော့။ ခုဆိုရင် ကိုယ်တို့တစ်တွေ လှည်းနှစ်စီးပေါ် ရောက်နေပြီ။ လှည်းမထွက်မီကလေးတင် ဒီစာကို မင်းဆီပေးလိုက်ပါတယ်။ ဒီစာမရောက်ခင် ကိုယ်တို့တစ်တွေ အသက်နဲ့ကိုယ် အိုးစားမကွဲပါစေနဲ့လို့ မျှော်လင့်ရတော့တာပဲ။

ခင်မင်သော

ဆီလာအာရတွန်

---

လဝန်းရိပ်စာပေ

www.burmeseclassic.com



ဆီလာသည် ပျော်ပျော်ရွှင်ရွှင် နေတတ်သူတစ်ယောက်ဖြစ်သည်။ ကုလားဝန်သည့်လည်း တစ်ဖက်သားကို သနားကြင်နာတတ်သူ တစ်ယောက်ဖြစ်သည်။ သူတို့နှစ်ယောက်သည် ယခုလောက်ဆိုလျှင် အကွပ်မျက်ခံရလေပြီလောဟု တွေးမိကာ စာရွက်ကိုထားသည့် ဖင်နီလက်များသည် တုန်ယင်နေကြသည်။ ရာဇမာန်ရှခြင်းခံရသူတို့အား မကြာခဏဆိုသလိုပင် တစ်ဖက်ကမ်းသို့ပို့ကာ အဝေးသို့ နယ်နှင်ဒဏ်ပေးမြဲဖြစ်၏။ လောင်းရှည်မိဖုရားနှင့် ချစ်ကျွမ်းဝင်မိသူတစ်ဦး၏ ကိစ္စတွင်လည်း ထိုအဖြစ်ကို သူတွေ့ခဲ့လေပြီ။

ယခု ဆီလာကို နယ်နှင်ဒဏ်ပေးလိုက်ပြီဆိုသည့်အခါတွင်မူ ဖင်နီသည် ပို၍ဆိုးလာ၏။ သို့တိုင် နောက်တွင်မူ ဆီလာ၏အကြောင်းကို မကြားရတော့ပြီ။ ဖင်နီသည် ဆီလာ့အကြောင်းကို မကြားရတော့ပြီ။ ဖင်နီသည် ဆီလာအကြောင်းကို ကြိုးစား၍ မေ့ဖျောက်ပစ်လိုက်သည်။ သို့ဖြင့် နေ့ရက်များသည်လည်း တစ်ရက်ပြီးတစ်ရက် ကုန်လွန်ခဲ့ကြ၏။

ဘုန်းတော်ကြီးသောဘုရားသည် မနက်ခင်းညီလာခံကြီးကျင်းပရာ ခန်းဆောင်သလွန်ပေါ်တွင် စံလျက်ရှိစဉ် မင်းမှူးမတ်တို့သည် လာရောက်၍ ခစားကြသည်။ ထိုအထဲတွင် အခစားဝင်မည့် ဗွန်ဗွိုင်ဆင်ကိုလည်း မကြာခဏတွေ့ရတတ်သည်။

ထိုမျှမက မြန်မာနိုင်ငံတွင်မွေးသဖြင့် နိုင်ငံသားဖြစ်နေကြကာ ဘုရင်၏ရေတပ်မတော်ကို လေ့ကျင့်ပေးနေသော အီတလီအရာရှိငယ်နှစ်ဦးကိုလည်း မကြာခဏ တွေ့ရတတ်သည်။ အီတာလျံအရာရှိများမှာ အလုပ်ကိုကြိုးစား၍ ရိုးသားသည့် လူငယ်များဖြစ်ရာ ၎င်းသည်မှာ ရတနာပုံမြို့တော်ရှိ ကုလားဖြူများထဲတွင် တွေ့ခဲ့ရသော အခြင်းအရာတစ်ရပ်ဖြစ်သည်။ သို့ဖြင့် ရှေးအစဉ်အဆက်တိုင်း ကျင်းပလာခဲ့သည့် ဗုဒ္ဓဘာသာဝင်တို့ ပူဇော်ပွဲတော်ကျင်းပချိန်သို့ ရောက်လာခဲ့သည်။

အစဉ်အလာအရ ပူဇော်ပွဲများကို ကျင်းပသည့်အခါတွင် မြန်မာနိုင်ငံအရပ်ရပ်မှ စော်ဘွား၊ စော်ခံ၊ မှူးမတ်အပေါင်းတို့သည် ရွှေဖဝါးတော်အောက်သို့ လာရောက်ပူဇော်ဦးခိုက်ခြင်း ပြုကြရသည်။

ထိုအခါမျိုး၌ကား ရတနာပုံရွှေမြို့တော်ကြီးတွင် ကကြိုးတန်ဆာစုံလင်စွာ ဆင်ယင်ထားသည့် ဆင်ကြီးများ၊ ရာထူးအဆင့်ဆင့်ရှိသော မှူးကြီးမတ်ရာသေနာပတိများ၊ မြင်းများ၊ အမြောက်များ၊ တပ်သားများ၊ လက်ပါးစေများ၊ ကိုယ်ရံတော်များ စသည်ဖြင့် လူမျိုးပေါင်းစုံတို့သည် တစ်ယောက်ကိုတစ်ယောက် တိုးကာဝှေ့ကာ အော်ကာဟစ်ကာဖြင့် ကုလားမြို့နှင့်တကွ ရတနာပုံရွှေမြို့တော်အနှံ့အပြားတွင် ပျားပန်းခပ်မျှ ကူးလူးသွားလာလျက်ရှိကြ၏။

ဘုန်းတော်ကြီးသောဘုရားသည် တိုင်းပြည်အခြေအနေအရပ်ရပ်တို့ကို သက်ဆိုင်ရာ မှူးမတ်ဝန်ကြီးများသို့ မေးမြန်းစုံစမ်းတော်မူ၏။ ဗွန်ဗွိုင်ဆင်အား တည်ဆောက်ရေးလုပ်ငန်းများအကြောင်းကို မေးမြန်းတော်မူ၏။ သို့မဟုတ်လျှင်လည်း ကော်မိုတိုအား မြစ်ကြောင်းတွင် ခံတပ်များတည်ဆောက်သည့်ကိစ္စကို မေးမြန်းတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



တန်ခူးလသို့ ရောက်သည့်အခါတွင် သင်္ကြန်တော်ခေါ်ပွဲကျင်းပသည်။ အရှင်နှစ်ပါးတို့သည် အခမ်းအနားဖြင့် ခေါင်းလျှော်မင်္ဂလာပြုကြပြီးနောက် ပြည်သူပြည်သားများသည် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကြသည်။ ကဆုန်လပြည့်နေ့ ညဆိုလျှင် ရွှေနန်းတော်ကြီးထဲတွင် ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပတော်မူမြဲဖြစ်သည်။ နယုန်လတွင် ပွဲတော်လေးခုမျှကျင်းပရိုးထုံးစံရှိသော်လည်း သီပေါမင်းကား လယ်ထွန်မင်္ဂလာကျင်းပခြင်းမပြုချေ။

ခမည်းတော် မင်းတုန်းမင်းကြီး လက်ထက်တော်မူက ကိုယ်တော်တိုင် နွားဖြူတစ်ရှဉ်းက.သည့် ထွန်တော်ဖြင့် လယ်ထွန်မင်္ဂလာကျင်းပကာ ကောက်ထွက်တိုးစေရန် လယ်စောင့်နတ်တို့အား ပသပူဇော်မြဲဖြစ်သည်။

သီပေါမင်းမှာကား အမြဲတမ်းလိုလိုပင် ရွှေနန်းတော်ထဲတွင် စံတော်မူကာ သီဟာသနပလ္လင်မှ ကြာရှည်စွာလေးမြင့်စွာ ခွဲရဲခြင်းငှာမစွမ်း။ အသက်ဘေးအန္တရာယ်ကို စိုးရိမ်ကြောင့်ကြဖြစ်လျက်ရှိနေသည်။

ကျုံးတော်တွင်းနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် လှေပြိုင်ပွဲများကို ထုံးစံအတိုင်း ကျင်းပမြဲ ကျင်းပလျက်ရှိသော်လည်း ဘုန်းတော်ကြီးသောဘုရားမှာ ထိုလှေပြိုင်ပွဲများသို့ ကြွရောက်ရှုစားခြင်းမရှိ။

တန်ဆောင်မုန်းလပြည့်ညသို့ရောက်လျှင် သံဃာတော်များအား ပရိက္ခရာရှစ်ပါးနှင့်တကွ ညတွင်းချင်း အပြီးရက်လုပ်သော မသိုးသင်္ကန်းတို့ကို ကပ်လှူပူဇော်မြဲဖြစ်၏။ မသိုးသင်္ကန်းကို မှန်နန်းအပျိုတော်များနှင့် ကတော်မယားများက ညတွင်းချင်း ရက်လုပ်ကြခြင်းဖြစ်သည်။

တစ်ခါသော် အရာရှိငယ်တစ်ဦး၏ ကတော်မယားတစ်ယောက်သည် ညတွင်းချင်းရက်လုပ်ရသဖြင့် ပင်ပန်းသောကြောင့် အသင့်ရက်ပြီး သင်္ကန်းတစ်ထည်ကို ခိုးသွင်းလာသည်တွင် အစောင့်တို့ မိသွားသဖြင့် ထိုကတော်များနှင့် သူ့ခင်ပွန်းအား ပြစ်ဒဏ်ပေးသည့်အနေဖြင့် မသိုးသင်္ကန်းတစ်ထည်ကို ခိုးသွင်းလာမိသည့် မိမိတို့၏အပြစ်ကို ဖွင့်ဟဝန်ခံ၍ တေးဆိုကပြစေရာ မသိုးသင်္ကန်းရက်သူများကို ထိုလင်မယားကိုကြည့်၍ တသောသော ရယ်မောပျော်ရွှင်ကြရသောဟူ၏။

ဘုန်းတော်ကြီးသောဘုရားသည် လယ်ထွန်မင်္ဂလာကို ဆင်ယင်ကျင်းမခြင်းမပြုသည့်တိုင် နတ်တော်လသို့ရောက်သည့်အခါတွင် ကောက်ဦးကောက်နှံတို့ကို မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ပူဇော်လေ့ရှိ၏။ ပြာသိုလသို့ရောက်လျှင် ရွှေနန်းတော်ကြီးအရှေ့ဘက် ကွင်းပြင်တွင် မြင်းခင်းသဘင်ကျင်းပလေ့ရှိပြီး ထိုပွဲစတင်ဖို့ အရှင်နှစ်ပါး တက်ရောက်ရှုစားကြသည်။ ထိုပွဲသဘင်တွင် ဆင်စီးချင်းထိုးပွဲများ၊ ဒုန်းစိုင်းနေသော မြင်းပေါ်မှစ၍ မြင်းစီးသူရဲတို့က လုံတံပစ်ပွဲများကို ပြသကြသည်။ သို့ဖြင့် ရွှေနန်းတော်တွင် အစဉ်အလာအရ လယ်ထွန်မင်္ဂလာတစ်ခုမှလွဲ၍ ကျန်ပွဲလမ်းသဘင်များကို အခါရာသီအလိုက် ကျင်းပတတ်သည်။

---

သခင်န်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လယ်ထွန်မင်္ဂလာသဘင်ကား အပေါ်ယံရွှေမှုန်ကြဲနေသော ရွှေနန်းတော်ကြီးဘဝနှင့် စပ်ဟပ်မိသောအရာမဟုတ်။ စုဖုရားလတ်တစ်ဦးတည်းသာလျှင် သီပေါ ကြဲသောမျိုးစေ့ကို ရှင်သန်ကြီးထွားအောင် လုပ်တတ်သူဖြစ်သည်။ နှစ်တိုင်းလိုလိုပင် စုဖုရားလတ်မှာ ကိုယ်လေးလက်ဝန်ရှိနေတတ်ပြီး စုဖုရားလတ်မှာ နောက်ထပ်ရှိသောကိုယ်ဝန်မှာ သမီးများကို ချည်းမွေးခဲ့သည်။ မီးဖွားခါနီး အပြင်းအထန် ကမ္ဗဇလေလှုပ်ရှားနေစဉ်မှာပင် . . .

"ဘုန်းတော်ကြီးသော ဘုရားကော ဘယ်မှာလဲ"

ဟု စုဖုရားလတ်မေးတတ်သည်။ သို့ တလိုက်သည်နှင့် သီပေါသည် အနားသို့ ရောက်နေလေပြီ။ စုဖုရားလတ်၏အလိုကို ဖြည့်ပြီးသား ဖြစ်နေလေပြီ။ ဘုန်းတော်ကြီးသော ဘုရားသည် မိဖုရားနှစ်ပါးသာရှိသည်ဟု ပြောကြမည်စိုးသည့်အတွက် စုဖုရားလတ်သည် သဘောကောင်း၍ ထုံထိုင်းသော စုဖုရားကလေးနှင့် သီပေါမင်းကို လက်ဆက်ပေးသည်။

သို့ရာတွင် စုဖုရားလတ်၊ စုဖုရားကြီးတို့ စုလျားရစ်ပတ်စဉ်ကကဲ့သို့ အခမ်းအနားဖြင့် မဟုတ်ချေ။ သရဖူကိုလည်း ဆောင်းခွင့်မရချေ။ စုဖုရားကလေးအား မိမိနှင့် သီပေါမင်းတို့ စံရာခန်းဆောင်အနီးတွင် အဆောင်တစ်ခု ပေးထားခြင်းသာဖြစ်ပြီး ညအိပ်သည့်အခါတွင် မိမိတို့ခန်းဆောင်အပြင်ဘက် တံခါးဝတွင် စောင့်ကြပ်အိပ်ရသည်။ သနားစရာကောင်းသည့် စုဖုရားကလေးသည် မည်သည့်အခါတွင်မှ မိဖုရားအရာကို မရခဲ့ချေ။ မယားအရာသို့ပင် မမြောက်ခဲ့ချေ။ သီပေါမင်းသား၏ထီးနန်းမွေကို ဆက်ခံရမည့်သူသည် စုဖုရားလတ်မှမွေးသော သားတော်သာဖြစ်ရပေလိမ့်မည်။ စုဖုရားလတ်တွင် သားတော်မရှိခဲ့လျှင် မည်သည့် မိဖုရားမှ မွေးသောသားတော် မွေးပိုင်ခွင့်မရှိ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၂၂ ]

အက်ဂါသာထံမှ စာမရောက်သည်မှာ အတော်ကြာသွားခဲ့လေပြီ။ ရောက်လာသည့်အခါတွင်လည်း ထိုစာများသည် ဖဲင်နီ့အဖို့ စိတ်ဝင်စားဖွယ်မကောင်းတော့။ စာထဲ၌ အက်ဂါသာ၏ဖခင် မစ္စတာလန်စဒင်မှာ ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ သာသနာပြုအကြောင်း၊ မိမိနှင့်ပရိုသီရိုးတို့တွင် သားယောက်ျားလေးနှစ်ဦးရသည့်အကြောင်း စသည်တို့ ပါဝင်သည်။

အက်ဂါသာ၏စာထဲတွင် စိတ်မကောင်းစရာသတင်းတွေ ပါသည့်တိုင် ဖဲင်နီအဖို့ သော်မှ ထိုအရာများသည် ဘာမျှအရေးမကြီးတော့။ သူ့အဖို့အရေးကြီးသည်မှာ ရွှေနန်းတော်ကြီးထဲတွင် နေထိုင်ရသည့်ဘဝနှင့် ဗွန်ဗို့ုင်ဆာ ်၏ ဘန်ဂလိုကလေးသို့သွား၍ သူနှင့် တိတ်တိတ်ချိန်းတွေ့ရသည့် ကိစ္စတို့လောက်သာဖြစ်သည်။ မိမိငယ်စဉ်ကတွေ့ခဲ့ရသည့် အိပ်မက်ဘဝကလေးကို အဘယ့်ကြောင့် မေ့လုမေ့ခင်ဖြစ်နေသည်ကို ဖဲင်နီလည်းမသိ။ အမှန်အားဖြင့်မူ ဘာကြောင့်မျှမဟုတ်။ ဖဲင်နီ၏ပင်ကိုစရိုက်သည် ထိုအတိုင်းသာ ဖြစ်နေသောကြောင့်သာ ဖြစ်သည်။

ရွှေနန်းတော်ကြီးတွင် အကွပ်အမျက်တို့ရှိသည့်တိုင် ဖဲင်နီအဖို့ ရိုးနေလေပြီ။ ထိုကိစ္စကို အဘယ်ကြောင့် ခေါင်းရှုပ်ခံ၍ စဉ်းစားနေရမည်နည်း။ မိမိသည် ကူညီသင့်သည်တို့ကို တတ်နိုင်သလောက် ကူညီခဲ့ပြီ။ ထို့နောက်တွင်မူ ဘာမျှစိတ်သောကရောက်စရာ မလိုတော့။ သို့ဖြစ်လျှင် ဖဲင်နီသည် ပျော်ပျော်ရွှင်ရွှင်နေရသည့်ဘဝတွင် နေသားကျသွားသောကြောင့် ထိုသို့ဖြစ်နေလေသလော။

---



www.burmeseclassic.com

www.burmeseclassic.com



သို့တည်းမဟုတ် ရွှေနန်းတော်ကြီးတွင် နေထိုင်ရသည်ကို ပျော်ပိုက်နေသဖြင့် ထိုသို့သောအရာများကို မစဉ်းစားခြင်းဖြစ်သလော။ ဤသို့လည်း မဟုတ်ချေ။ ဖဲင်နီသည် ကျေနပ်ရောင့်ရဲစွာနေရသဖြင့် မည်သည့်အပြောင်းအလဲကိုမျှ မတွေ့လိုသောကြောင့်ဖြစ်သည်။ သူချစ်သူနှင့်အတူ နစ်ကိုယ်အကြင်လင်မယားအဖြစ်နေဖို့ အရေးကလွဲလျှင် ကျန်အရာအားလုံးသည် ဖဲင်နီအဖို့ ကျေနပ်ရောင့်ရဲနိုင်သော အခြေအနေတွင်ရှိသည်။

မိမိချစ်သူပြောသည့် (မြန်မာပြည်နှင့်ပြင်သစ်ပြည်ကြီးကို တစ်ပြည်နှင့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်ရေးဟူသော) အနာဂတ်ကို မျှော်မှန်းနေရသည်နှင့် ဖဲင်နီသည် အခြားအရာများကို စိတ်မဝင်စားတော့ပြီ။ ယခုဆိုလျှင် ထိုအနာဂတ်သည် တဖြည်းဖြည်း ရောက်လာလေပြီ။ ဗွန်ဗို့ုင်ဆင်ပြောသကဲ့သို့ပင် ပြင်သစ်တို့သည် တုန်ကင်းနယ်တွေကို အကာအကွယ်ခံနယ်အဖြစ် သိမ်းပိုက်လိုက်လေပြီ။ ဖဲင်နီကလည်း စုဖုရားလတ်ထံ အခစားဝင်၍ ပြင်သစ်တို့၏ ဘုန်းမီးနေလတောက်ပပုံကို အခါအခွင့်သင့်တိုင်း လျှောက်တင်ခဲ့သည်။ သို့ဖြင့် မိမိတို့နှစ်ဦး၏လုပ်ငန်းနှင့် သီပေါမင်းထံတွင် အမှုထမ်းပြင်သစ်လူမျိုးတို့၏ အချို့လုပ်ငန်းသည် တဖြည်းဖြည်း အကောင်အထည်ပေါ်စ ပြုလာခဲ့လေပြီ။

ကင်းဝန်မင်းကြီးမှာလည်း တဖြည်းဖြည်း အရေးပေးခြင်းခံရသည့် အနေအထားသို့ ပြန်လည်ရောက်ရှိခဲ့လာလေပြီ။ ကင်းဝန်မင်းကြီးသည် ကမ္ဘာအနှံ့သို့ ရောက်ဖူးသူဖြစ်သည့်အလျောက် မိမိတိုင်းပြည် အင်အားတောင့်တင်းခိုင်မာလိုလျှင် ဥရောပနိုင်ငံများ၊ အထူးသဖြင့် ပြင်သစ်၊ အီတလီနှင့် ဂျာမနီ စသည့်နိုင်ငံများနှင့်သာ မဟာမိတ်အဖြစ် ခိုင်မြဲစွာဆက်ဆံဖို့ လိုကြောင်းကို ကင်းဝန်မင်းကြီး သဘောပေါက်ခဲ့သည်။ မိမိ၏အိမ်ကို ရက်ဖွဲ့လျက်ရှိသော ပင့်ကူတစ်ကောင်ကဲ့သို့ အိုမင်းလုပြီဖြစ်သော ကင်းဝန်မင်းကြီးသည်လည်း လွှတ်တော်ထဲတွင်လည်းကောင်း၊ နန်းမြို့တွင်းရှိ မိမိအိမ်တွင်လည်းကောင်း၊ ထိုင်ရင်း သူ့အကြံအစည်ကို အကောင်အထည်ဖော်ရန် စိတ်ကူးလျက်ရှိ၏။

မိမိတို့က ထိုတိုင်းပြည်များနှင့် မဟာမိတ်ဖွဲ့ထားနိုင်ခဲ့လျှင် ထိုတိုင်းပြည်များသည် ပူးပေါင်း၍ အင်္ဂလိပ်အား မြန်မာပြည်တွင် ခြေကုပ်မရနိုင်အောင် ဝိုင်းပယ်ထားနိုင်လိမ့်မည်ဟု ကင်းဝန်မင်းကြီး ယူဆသည်။ ကင်းဝန်မင်းကြီးသည် စုဖုရားလတ်နှင့် အမြဲတစေ နားယောင်တတ်သော သီပေါမင်းတို့ရှေ့တွင် မိမိ၏အကြံအစည်ကို လျှောက်တင်ခြင်းပြုသည်။ ကမ္ဘာအကြောင်းကို နားမလည်သည့် သီပေါမင်းနှင့် စုဖုရားလတ်တို့ကလည်း ကမ္ဘာလောကကြီးသည် ပရိယာယ်ဝေဝုစ်တို့ကို နားလည်ခြင်းမရှိသေးသည့် အဆင့်တွင်ပင် ရှိသေးသည်ဟု ထင်မှတ်သွားကြကာ ကင်းဝန်မင်းကြီးလျှောက်တင်သမျှကို လက်ခံသဘောတူခဲ့ကြသည်။

စုဖုရားလတ်အနီးတွင် ကွမ်းတော်ဆေးတို့ကို ဆက်နေသည့် ဖဲင်နီသည် ထိုစကားများကို နားထောင်ရင်း ယခုကိစ္စသည် သူတို့ထင်သလောက် မလွယ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများသည် အင်းဝရွှေနန်းတော်က ကစားသည်ကို အသာတကြည် နေရာရွှေ့ပေးကြမည့် အရုပ်ကလေးများမဟုတ်ကြောင်းကို သတိပြုမိသည်။ သို့ရာတွင် အကြောင်းကိုမူ သူ့ရာမရချေ။



www.burmeseclassic.com

www.burmeseclassic.com



အိုမင်းလှပြီဖြစ်သော ကင်းဝန်မင်းကြီး၏ လှုပ်ရှားမှုများကို စောင့်ကြည့်ရသည်မှာ လည်း စိတ်ဝင်စားစရာကောင်းလှသည်။ ကင်းဝန်မင်းကြီးသည် အခြားသူများနှင့်မတူ တစ်မူ ထူးခြားသည့် ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်းကို ဖဲင်နီသတိပြုမိ၏။ ကင်းဝန်မင်းကြီးသည် ရှေးအယူ အဆများနှင့် ထုံးတမ်းစဉ်လာတို့ လွှမ်းမိုးနေသည့်တိုင် အရေးကြီး၍ ကြံရည်ဖန်ရည်ရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်းကို ဖဲင်နီသတိပြုမိ၏။ ကင်းဝန်မင်းကြီးသည် နိုင်ငံခြားတိုင်း ပြည်များ၏ အခြေအနေကို ကောင်းစွာသိသည့်တိုင် ပါးရေတို့တွန့်နေသော သူ့မျက်နှာသည် ဉာဏ်အမြော်အမြင်ရှိခြင်း၊ အသိပညာရှိခြင်းတို့ကို ဖော်ပြလျက်ရှိသည်။

ကင်းဝန်မင်းကြီးသည် ရွှေနန်းတော်ကြီးသို့ အခစားဝင်လျှင် မောင်ရိုးဆိုသည့် စာရေးတစ်ယောက်ကို အမြဲခေါ်လာလျက်ရှိရာ မောင်ရိုးသည် ဖဲင်နီကို မကြာခဏ ကြည့်နေ တတ်သည်။ မောင်ရိုးသည် မိမိအား နှစ်သက်သဘောကျသည့် ယောက်ျားတစ်ဦးဖြစ် ကြောင်းကို သိလိုက်လေပြီ။ ဖဲင်နီသည် ဗွန်ဗို့ုင်ဆင်မှအပ အခြားသောယောက်ျားတို့ကို စိတ် ဝင်စားခြင်းမရှိခဲ့သည်မှာ ကြာခဲ့လေပြီ။

ယခုမူ မောင်ရိုးက သူ့အား စိတ်ဝင်စားနေသည်ကို မြင်သည့်အခါတွင် ဖဲင်နီသည် ကျေနပ်ခြင်းလည်းဖြစ်သည်။ စိတ်ကြီးလည်း ဝင်မိသည်။ မောင်ရိုးသည် သာမန်စာရေးတစ် ယောက်မဟုတ်။ ရန်ကုန်တွင် ပညာသင်ခဲ့ပြီး အင်္ဂလိပ်စကားနှင့် ပြင်သစ်စကားတို့ကိုလည်း ကျွမ်းကျင်စွာ ပြောဆိုနိုင်သည်။ မောင်ရိုးသည် ပြည်တွင်းဖြစ်ပုဆိုးကို ဝတ်လေ့မရှိ။ ဥရောပမှ ရက်လုပ်သော ဇရိကိတ်ဖဲပုဆိုးတို့ကိုသာ ဝတ်ဆင်လေ့ရှိသည်။ ဥရောပသူ အပျိုတော်ဖြစ် သော ဖဲင်နီ့အကြောင်းကိုလည်း ကြားဖူးထားသည်။

ယခုဖဲင်နီက မြန်မာလိုဝတ်ဆင်ထားသည့်အခါတွင် မောင်ရိုးသည် မနှစ်သက် ခြင်းမဖြစ်ရုံမျှမက ဖဲင်နီသည် လူမျိုးစုံယဉ်ကျေးမှုကို နားလည်ပေးသည်ဟု ပို၍ပင် အထင် ကြီးသွားပြန်သည်။ ဖဲင်နီသည် အင်္ဂလန်တွင်ကျောင်းနေခဲ့ပြီး သင်္ဘောကပ္ပတိန်တစ်ဦးနှင့် လက်ထပ်ခဲ့သည့်အကြောင်းကိုလည်း သူသိပြီးသားဖြစ်သည်။ အခွင့်အခါသင့်လျှင် ဖဲင်နီနှင့် တွေ့ဆုံကာ မိမိ၏ စိတ်ကူးမျှော်မှန်းချက်များ၊ မိမိ၏ ပညာရေးအဆင့်အတန်းနှင့်တကွ ကမ္ဘာ့ ရေးရာများတွင် မိမိနှံ့စပ်ပုံကို ပြောပြလိုက်ချင်သည်ကို မောင်ရိုးတောင့်တလိုက်မိသည်။

ကင်းဝန်မင်းကြီးသည် ခေတ်နောက်ကျနေပြီဟူသော သဘောဖြင့် ဖဲင်နီ့ကို မကြာ ခဏ လှမ်း၍ မျက်ရိပ်ပြတတ်ပြီး မောင်ရိုးသည် မိမိနှင့်ဖဲင်နီတို့နှစ်ဦးသား ခေတ်မီသူများဖြစ် ကြသည်ဆိုသည့်အကြောင်းကို ထိုနည်းဖြင့် အချက်ပြတတ်သည်။ ဖဲင်နီမှာ အကြီးအကျယ် ကျေနပ်လျက်ရှိလေပြီ။ မောင်ရိုးသည် ဖဲင်နီထက် တစ်နှစ်ကျော်ကျော်မျှ ငယ်ပေလိမ့်မည်။ ဖဲင်နီသည် မြန်မာစာရေးလေးကို အရာသွင်း၍ စဉ်းစားမည်မဟုတ်သည့်တိုင် မိမိအား ယခု ကဲ့သို့ အရေးတယူ အထင်ကြီးဖြင့် ဆက်ဆံခြင်းကို များစွာကျေနပ်လျက်ရှိ၏။ မောင်ရိုးမှာ ပါးစပ်ကျဉ်းကျဉ်း၊ မေးရိုးသေးသေးနှင့်ဖြစ်သည့်တိုင် ခန့်ညားသော ယောက်ျားပျိုတစ်ဦး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com


သည့်အလျောက် ဖဲင်နီသည် သူစိတ်ဝင်စားခြင်းကို မကျေနပ်ဘဲ မနေနိုင်ပြီ။ သို့ဖြင့် မောင်ရိုးနှင့်တွေ့ဆုံနေရခြင်း၊ ဗွန်ဗိုုင်ဆင်နှင့် နှစ်ကိုယ်ချင်း ချိန်းတွေ့နေရခြင်းတို့ကြောင့် ဖဲင်နီမှာ ကျေနပ်လျက်ရှိလေပြီ။

ပြင်သစ်တို့အတွက် အလုပ်လုပ်ပေးရသဖြင့်လည်း မိမိသည် အချည်းနှီးအကျိုးမဲ့ မဟုတ်ဟု ဖဲင်နီယူဆသည်။ မြန်မာဘုရင်သည် ကူးသန်းရောင်းဝယ်ရေးနှင့် သိပ္ပံပညာကိစ္စရပ်များကို အကြောင်းပြကာ ဥရောပသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်ရန် ဆုံးဖြတ်၏။ ထိုအကြောင်းများကို ဗြိတိသျှမြန်မာနိုင်ငံဆိုင်ရာ ဝန်ရှင်တော်မင်းကြီးချုပ်သို့လည်း သတင်းပို့ပြီးဖြစ်၏။ ကင်းဝန်မင်းကြီး၏အဆိုအရ ထိုကိုယ်စားလှယ်အဖွဲ့သည် ပြင်သစ်၊ ဂျာမနီနှင့် အီတလီနိုင်ငံများသို့ သွားရောက်မည်ဖြစ်ပြီး ပါရီသို့ ပထမဆုံးဝင်ရောက်မည်ဖြစ်သည်ဟု သိရသည်။ ပြင်သစ်သွားကိုယ်စားလှယ်အဖွဲ့ကို သီပေါမင်းထံတွင်အမှုထမ်းသည့် ပြင်သစ်အမှုထမ်းတစ်ဦးဖြစ်သူ ဒီထရီဗလီက ကြီးကြပ်သွားမည်ဟုလည်း သိရသည်။

ဒီထရီဗလီမှာ ဖဲင်နီ့ကို အထင်သေးဟန်ဆက်ဆံသည့်အတွက်ကြောင့် ဖဲင်နီကလည်း အလေးဂရုပြုသည်မဟုတ်။ သို့ရာတွင် ဗွန်ဗိုုင်ဆင်ကမူ ထရီဗလီမှာ မိတ်ဆွေရင်းချာတစ်ဦး ဖြစ်သည့်အလျောက် သူ့မိတ်ဆွေ ပြင်သစ်ပြည်သို့သွားမည့်အခါတွင် လုပ်ဆောင်စရာရှိသည်တို့ကို အများကြီး လုပ်ဆောင်နိုင်သည်ဟု ယူဆသည်။ ကိုယ်စားလှယ်အဖွဲ့ထွက်ခွာသွားသည့်အခါတွင် ရွှေနန်းတော်ကြီးထဲတွင် ခါတိုင်းကဲ့သို့ပင် အပြောင်းအလဲမရှိချေ။ သို့ရာတွင် ဖဲင်နီမှာမူ မောင်ရိုးထံမှ ဖဲင်နီ့ကို လေးစားအထင်ကြီးကြောင်း စာတိုစာရှည်များ မကြာခဏရနေသဖြင့် အကြီးအကျယ် ကျေနပ်နေသည်။

ဗွန်ဗိုုင်ဆင်၏ ဆက်ဆံပုံကမူ သဘောထားမကြီးသည့်ပုံ ဖြစ်နေသည်။ သူ့ကို ကာကွယ်စောင့်ရှောက်သူအဖြစ် အပေါ်စီးဖြင့် ဆက်ဆံချင်သည်။ ချိန်း၍ကတိပျက်လျှင် ဆူပူပြီး ကြိမ်းမောင်းချင်သည်။ ဗွန်ဗိုုင်ဆင်သည် သူ့ကို ချစ်သူလိုမဆက်ဆံဘဲ ကလေးတစ်ယောက်လိုဆက်ဆံသည်။ ဖဲင်နီက အကျိုးအကြောင်းပြောသည့်အခါတွင် ဗွန်ဗိုုင်ဆင်သည် စိတ်တိုနေလေပြီ။ ထိုအခါမျိုးတွင် ဖဲင်နီကလည်း တိတ်တိတ်ပင် နေလိုက်တော့သည်။

မောင်ရိုးသည် ပြင်သစ်တစ်ယောက်ဖြစ်ခဲ့လျှင် ဗွန်ဗိုုင်ဆင်သည် မည်မျှမနာလိုတိုရှည် ဖြစ်ရမည်နည်း။ သို့ရာတွင် ထိုအကြောင်းကိုမူ ဗွန်ဗိုုင်ဆင်အား ဖွင့်မပြောမိ။ မည်သို့ဆိုစေ ခြုံ၍ပြောရလျှင် ဖဲင်နီသည် သူရောက်နေသည့် အခြေအနေကို သူကျေနပ်သည်။ ရွှေနန်းတော်ကြီးထဲတွင် ပျော်ပျော်ပါးပါးဖြင့် အချိန်ကုန်သည်။ ဖဲင်နီသည် စိတ်ကူးတီထွင်ဉာဏ်မရှိသူဖြစ်ရာ သူ့အဖို့ထိုထက်လည်း ဘာမျှပို၍တောင့်တခြင်းမဖြစ်။ ယခုလောက် ပျော်ပျော်ရွှင်ရွှင် အပူအပင်ကင်းမဲ့စွာနေရလျှင်ပင် ကျေနပ်လေပြီ။

တစ်ခုမူရှိသည်။ ငယ်ရွယ်ပျိုမျစ်သောအရွယ်မှ ငယ်ရွယ်ပျိုမျစ်ခြင်းမရှိတော့သောအရွယ်သို့ ကူးပြောင်းစပြုလာသည့်အတွက်မူ ဖဲင်နီစိတ်ညစ်သည်။ ထိုအရွယ်သည် ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြန်၍ ဆန်းစစ်သောအရွယ်ဖြစ်သဖြင့် ဖဲင်နီသည် ထိုအရွယ်သို့ ကူးပြောင်းစဖြစ်နေသော သူ့ကိုယ်သူကြည့်၍ စိတ်မချမ်းမသာသလို ဖြစ်မိသည်။ သို့ဖြင့် သူ့ဘဝကို တင်းတိမ်ရောင့်ရဲနေသည့် ဖဲင်နီသည် ရွှေနန်းတော်ကြီးထဲမှ အပြောင်းအလဲများကို ကောင်းစွာသတိမထားနိုင်အောင် ဖြစ်လျက်ရှိ၏။

ရွှေနန်းတော်ကြီးထဲတွင်မူ ရက်ထည်ကိုရက်နေသည့် လွန်းများသည် မြန်သည်ထက်မြန်စွာ လှုပ်ရှားနေကြလေပြီ။ ရက်ထည်ကြီးထဲတွင် အနက်ရောင်အသွေးတို့သည် ပို၍ပို၍ရက်ဖောက်ကာ ရက်ထည်၏အရောင်သည် တဖြည်းဖြည်း မည်းနက်စပြုလာခဲ့လေပြီ။ ရွှေနန်းတော်ကြီးထဲသို့ နိုင်ငံခြားသားများ တဖွဲဖွဲရောက်နေခြင်း၊ လျင်မြန်သည့် စက်ယန္တရားကြီးတစ်ခုကဲ့သို့ မှန်မှန်မြန်မြန်ကြီး ခြေခွက်လှုပ်ရှားနေကြခြင်း စသည့်အဖြစ်အပျက်များသည် ရွှေနန်းတော်ကြီးထဲက ပျင်းရိငြီးငွေ့ဖွယ်ရက်များကို လျင်မြန်စွာ ကုန်ဆုံးလွန်မြောက်စေသကဲ့သို့ ဖြစ်နေသည်။ ကြီးမားသောအဖြစ်အပျက်ကြီးများ ပြောင်းလဲမှုကြီးများ ပေါ်ပေါက်လာတော့မည်ဆိုသည့် နိမိတ်လက္ခဏာများသည် ထင်ရှားစွာ ပြနေလေပြီ။

နိုင်ငံခြားသားများအား သရော်မော်ကားပြုခြင်း၊ နိုင်ငံခြားသားများကလည်း အံ့ဖွယ်ကောင်းလောက်အောင် ကျိတ်မှိတ်ခံနေကြခြင်းစသည့် ကိစ္စများရှိနေသည့်တိုင် စက်ယန္တရားကြီး မြည်သံနှင့်တူသော အသံကြီးကိုမူ နားထဲတွင် အမြဲတစေ ကြားနေရလေပြီ။ ယခုအချိန်၌ မန္တလေးမြို့တော်တွင် ကုလားအနည်းငယ်သာ ကျန်တော့သည်။ ဒါဝီရာသည် ရှိုးသားသူတစ်ယောက်ဖြစ်သည်။ သို့ရာတွင် သူလည်း မန္တလေးမှ ထွက်ခွာခဲ့လေပြီ။

လန်စဒင်နှင့်တကွ သာသနာပြုကျောင်းတွင်ရှိသည့် လူများသည်လည်း ရှိုးသားသူများဖြစ်၏။ ယခု သူတို့ကိုလည်း မြန်မာအစိုးရက ထွက်ခွာသွားရန် အမိန့်ပေးသဖြင့် ရန်ကုန်သို့ ထွက်သွားကြလေပြီ။ မိုရှိနီသည်လည်း ရှိုးသားသူတစ်ယောက်ဖြစ်၏။ ယခု သူလည်း ကွယ်လွန်အနိစ္စ ရောက်ခဲ့ရလေပြီ။ ဒီလန်ဖေးနှင့် ဂျူလီတို့သည် ရှိုးသားသူများဖြစ်ကြ၏။ ယခုတိုင် အသက်နှင့်ကိုယ် အိုးစားမကွဲသေးသည့်တိုင် သူတို့သည်လည်း သူတို့၏ အိုးအိမ်ရှိရာတွင်မနေနိုင်ဘဲ မန္တလေးရွှေမြို့တော်ကြီး၏ အဝန်းအဝိုင်းတွင် ရောက်လာသူတို့မှာ ရှောင်ကွင်းမရသည့် အာဏာသြဇာအောက်တွင် ရောက်နေလေပြီ။

သူတို့သည် ရွှေနန်းတော်ကြီးထဲတွင်ဖြစ်ခဲ့သည့် ကွပ်မျက်မှုများကို ခွင့်လွှတ်ခဲ့ကြရုံမက သူတို့ဘဝထဲသို့ ချင်းနင်းဝင်ရောက်လာခဲ့ကြသော အကျဉ်းထောင်နှင့် အကျဉ်းတိုက်ထဲမှ စော်ကားမှု၊ အနိုင်ကျင့်မှုတို့ကို သည်းခံခွင့်လွှတ်ခဲ့ကြသည်။ ဒီလန်ဖေးသည် အိုမင်းတွင်းဆုံးကျလုနီး သူအိုကြီးဖြစ်သည့်အလျောက် သူတစ်သက်လုံး တည်ဆောက်ခဲ့သည့် ရက်ကန်းကျောင်းကိုစွန့်ခွာရန် အားမရှိတော့သည့်အခြေအနေသို့ ရောက်နေလေပြီ။

ဂျူလီမှာလည်း တစ်နှစ်ထက်တစ်နှစ် အမြင်ကျဉ်းမြောင်းကာ လောကကြီးနှင့် ကင်းကွာလာခဲ့သည့်အတွက် သူ့ဘဝသည်လည်း ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာခဲ့လေပြီ။ မြန်မာဘုရင်ထံတွင် အမှုထမ်းသည့် ကုလားများအတွက် ထုတ်ပေးရန်လစာ



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းများ ကျန်သေးသည့်တိုင် သူတို့သည် ကစားသမားများသဖွယ် လောင်းကြေးကြီးကြီးဖြင့် ထပ်မံ၍ ကစားမြဲကစားလျက် ရှိနေကြသေးသည်။ သို့ရာတွင် ကုလားများထက် ကစားသမားဆန်သူများမှာ မြန်မာများကိုယ်တိုင် ဖြစ်နေကြသည်။

ဘုရင်အစိုးရဖွင့်လှစ်သည့် ထီများကြောင့် တစ်တိုင်းပြည်လုံးမှာ ဆင်းရဲသည်ထက်ဆင်းရဲလာခဲ့လေပြီ။ သို့တိုင်အောင် ဝတ်နေသူသည် သူ၏ နောက်ဆုံးငွေတစ်ပဲဖြင့် ထီလက်မှတ်တစ်စောင်ကိုဝယ်၍ ထိုးဖြစ်အောင် ထိုးလိုက်သေးသည်။ ကောက်ပဲသီးနှံ အထွက်လျော့သဖြင့် တစ်နိုင်ငံလုံးမှာလည်း အစာရေစာ ဆွဲ့ပါး၍နေလေပြီ။ (ဤသည်မှာ သီပေါမင်းလက်ထက် လယ်ထွန်မင်္ဂလာ ဆင်ယင်ကျင်းပခြင်း မပြုသောကြောင့်လည်း ဖြစ်နိုင်သည်။) လအနည်းငယ်အတွင်း လူနှစ်သိန်းကျော်လောက်သည် နယ်ခြားကိုကျော်ဖြတ်လာကာ ဗြိတိသျှလက်အောက်ခံများအဖြစ် ဝင်ရောက်ခိုလှုံကြသည်။

ရှမ်းစော်ဘွားများကလည်း ထောင်ထားခြားနားကြသည်။ သမီးတော်များကို ဆက်သရိုးထုံးစံရှိသော်လည်း စုဖုရားလတ်၏ရန်ကိုကြောက်သဖြင့် သမီးတော်များကို ဆက်သခြင်း မပြုကြတော့ပြီ။ ဘုရင်၏ ရွှေဖဝါးတော်အောက်သို့ လာရောက်၍ အထည်အုပ်များ၊ ရွှေခွက်များငွေခွက်များ၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်များကိုလည်း ပဏ္ဏာဆက်ခြင်း မပြုကြတော့ပြီ။ ကချင်တို့ ထောင်ထားခြားနားကြသဖြင့် ဗန်းမော်သို့လည်း မီးသင်္ဘောများ သွားလာနိုင်ခြင်းမရှိတော့ပြီ။ သို့ရာတွင် စည်းကမ်းသေဝပ်ခြင်းကင်း၍ ထူးဆန်းစွာ ဝတ်စားထားသည့်သီပေါမင်း၏တပ်များ သွားရောက်နှိမ်နင်းခဲ့သဖြင့် ကချင်အရေးမှာ မကြာခင်ပြီးပြတ်သွားခဲ့သည်။

တစ်ခါသော် ရန်ကုန်သို့ထွက်ပြေးသွားခဲ့သည့် အမေရိကန် နှစ်ခြင်းသာသနာပြုအဖွဲ့ဝင်များရောက်လာကာ အထက်မြန်မာပြည်တွင်ရှိနေသော မိမိတို့၏ခင်ပွန်းသည်များထံလိုက်သွားကြသဖြင့် ဖဲင်နီသည် သာသနာပြုအဖွဲ့ဝင်များကို ခဏတစ်ဖြုတ် တွေ့လိုက်သေးသည်။ သူတို့တစ်တွေ မန္တလေးသို့ရောက်သည့်အခါတွင် ဖဲင်နီသည် သင်္ဘောဆိပ်သို့ဆင်းကာ သူတို့နှင့် သွားရောက်တွေ့ဆုံခြင်းပြုသည်။ သူတို့ကို အမြင်သစ်ဖြင့် ကြည့်သည်။ ဖဲင်နီသည် သူတို့ကိုကြည့်၍ အားကျနေသည်။ မိမိသည်လည်း ဗွန်ဗွိုင်ဆင်နှင့်အတူနေထိုင်ကာ အလားတူ အန္တရာယ်များကို ရင်ဆိုင်ရပေလိမ့်မည်။

ဖဲင်နီသည် သာသနာပြုအဖွဲ့ဝင်တို့၏ အိမ်ထောင်ရေးကိစ္စတို့ကို နားမလည်သည့်တိုင် သူတို့၏ခင်ပွန်းများထံ အသက်စွန့် ၍ လိုက်သွားခြင်းကို နားလည်နိုင်သည်။ အသက်စွန့်၍ လိုက်သွားခြင်းမှာ ဘုရားသခင်၏ အလုပ်အတွက်ဖြစ်သည်ဆိုခြင်းကိုမူ ဖဲင်နီလက်မခံချင်။ ဓားပြများအဖြစ် ကူးပြောင်းသွားခြင်းမရှိသည့် မြန်မာတပ်သားတို့သည် နေပြည်တော်သို့ အငတ်ငတ်အပြတ်ပြတ်ဖြင့် ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

ကချင်တို့၏ရန်မှာ အေးငြိမ်းသွားသော်လည်း အခြားရန်သူများ ပေါ်ပေါက်လာခဲ့ပြန်သည်။ ပြည်ပကိုထွက်ပြေးသော ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားတို့က ထီးနန်း



www.burmeseclassic.com

www.burmeseclassic.com


ကိုလုယူရန် လက်နက်လူထု စုရုံးနေကြပြီဆိုသည့် သတင်းများသည်လည်း နားမဆံ့အောင် ဖြစ်နေသည်။ သီပေါမင်းမှာ ရာဇပလ္လင်တွင်ထိုင်ကာ ပုံပြင်တို့ကို တစ်ပုဒ်ပြီးတစ်ပုဒ် နားထောင်နေစဉ် စုဖုရားလတ်နှင့် တိုင်တားမင်းကြီးတို့သည် ခေါင်းချင်းရိုက်၍ စစ်တိုက်ရန် ဘုရင်ကို တိုက်တွန်းနေကြသည်။ နေ့စဉ်နှင့်အမျှဆိုသလိုပင် ကွပ်မျက်မှုများ၊ ကွပ်မျက်မည်ဟု ခြိမ်းခြောက်မှုများကို ကြားနေရသည်။

အပြောင်းအလဲကြီး ဖြစ်တော့မည်ဟူသော နိမိတ်လက္ခဏာများသည် ထင်ရှားလာရုံမျှမက အန္တရာယ်ကြီးတစ်ခု ဆိုက်ရောက်တော့မည်ဆိုသည့် လက္ခဏာရပ်သည် ထင်ရှားသည်ထက် ထင်ရှားလာခဲ့ပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးသည် မှန်တိုင်းမတိုက်မီ မည်းမှောင်လျက်ရှိသည်နှယ် မည်းမှောင်နေသည်ဟု ထင်ရတော့သည်။ သို့ဖြင့် ရက်ထည်ကြီးသည် လျင်မြန်သည်ထက် လျင်မြန်စွာ ရက်လုပ်လျက်ရှိလေပြီ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၂၃ ]

ထိုစဉ် ရက်ထည်ကြီးပေါ်တွင် နီမောင်းသော အကွက်ကြီးတစ်ကွက် ပေါ်ပေါက်လာခဲ့သည်။ ယင်းမှာ အခြားမဟုတ်၊ လွန်ခဲ့သော ငါးနှစ်ခန့်ကထက် ကြီးကျယ်သည့် ကွပ်မျက်မှုကြီးဖြစ်သည်။

ဖြစ်ပုံမှာ လွှတ်တော်ဝန်ကြီးများက မိမိတို့ကိုယ်စား တိုင်တားမင်းကြီးခေါင်းဆောင်သော ဝန်ကြီးအဖွဲ့တစ်ဖွဲ့ကို ဘုရင်ထံဝင်ရောက်ခစားရန် ဆုံးဖြတ်လိုက်သည်။ ရွှေနန်းတော်အကျဉ်းတိုက်ထဲတွင်ရှိသည့် အကျဉ်းသမားများက သီပေါမင်းကို လုပ်ကြံသတ်ဖြတ်ရန် စီစဉ်နေကြောင်း၊ ယင်းတို့ကို အပြင်ရှိအသိုင်းအဝိုင်းကလည်း ကူညီနေကြောင်းဖြင့် ဝန်ကြီးများက လျှောက်တင်ကြသည်ဟု ရွှေနန်းတော်ထဲတွင် အဆိုရှိသည်။

ရွှေနန်းတော်ကြီးထဲတွင် ဝန်ကြီးများ ဝင်လိုက်ထွက်လိုက် အလုပ်များနေကြခြင်း၊ စုဖုရားလတ်မှာလည်း ခါတိုင်းကဲ့သို့ ပန်းခုံတော်ထဲတွင် အပျိုတော်များနှင့် ကစားခြင်းမပြုတော့ဘဲ စန်းဆောင်ထဲတွင်အောင်းနေခြင်း စသည်တို့ကိုကြည့်၍ ဖဲင်နီမှာ ရင်တထိတ်ထိတ်ဖြစ်နေသည်။ လွန်ခဲ့သည့် မန္တလေးရွှေမြို့တော်တွင် ပို၍ ဆူညံကျယ်လောင်စပြုလာသည်။

ဖဲင်နီသည် ပစ္စည်းအချို့ကို အိတ်ကလေးတစ်လုံးတွင်ထည့်ကာ ဥယျာဉ်တော်ထဲသို့ထွက်လာပြီး အနောက်တံခါးမှနေ၍ ဗွန်ဗိုင်ဆင်၏ဘန်ဂလိုသို့ ထွက်လာခဲ့သည်။ မိမိသည် အခြားသူများ အသေဆိုးဖြင့်သေကြရသည်ကို တွေ့မြင်ဖူးခဲ့လေပြီ။ ယခုတစ်ကြိမ်တွင်မူ ဖဲင်နီသည် ယခင်တစ်ကြိမ်လောက် တုန်လှုပ်ခြင်းမရှိတော့ပြီ။ တင်းကြပ်သော ဗွန်ဗိုင်ဆင်၏လက်မောင်းများထဲတွင် ရောက်နေသည့်အတွက် ကွပ်မျက်မှုများသည် ယခုတစ်ကြိမ်တွင် ဘဝ၏အစိတ်အပိုင်းတစ်ခု ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖင်နီသည် သူတစ်ပါးဒုက္ခရောက်သည်ကို မကြည့်ရက်သူဖြစ်၏။ စိတ်ထားနူးညံ့သူဖြစ်၏။ သို့တိုင်အောင် မန္တလေးမြို့ ကြီးပေါ်တွင် မီးတောက်ကြီးတွေထိုးတက်ကာ ကောင်းကင်တစ်ပြင်လုံး နီရဲနေသည့်အချိန်၌ကား ဖင်နီသည် တိတ်ဆိတ်မှောင်မည်းသော ဘန်ဂလိုရှိ ဗွန်ဗိုဂ်ဆင်၏ရင်ခွင်ကြားထဲတွင် ရောက်နေကာ ထိုရှုခင်းကိုအရသာခံ၍ ကြည့်တတ်နေလေပြီ။

ထူးဆန်းသော ရမ္မက်တစ်မျိုးကို တွေ့နေလေပြီ။ ဗွန်ဗိုဂ်ဆင်သည်လည်း မီးတောက်ကြီးများကိုကြည့်ကာ ခါတိုင်းနှင့်မတူ ထက်သန်နေသည်။ လက်ရှိအခြေအနေသည် သူတို့နှစ်ယောက်၏ဘဝကို ပျက်စီးစေနိုင်သည်။ သူကိုယ်တိုင်လည်း ပျက်စီးခြင်းသို့ရောက်သွားစေနိုင်သည်။ ဗွန်ဗိုဂ်ဆင်တွင် အခြားချွတ်ယွင်းချက်တို့ ရှိကောင်းရှိမည်။ သို့ရာတွင် သတ္တိမနည်း။

အခြားယောက်ျားများအဖို့ အန္တရာယ်ကိုမြင်သည့်အခါတွင် လိုအင်ရမ္မက်တို့ ပြေပျောက်သွားသည့်တိုင် ဗွန်ဗိုဂ်ဆင်အဖို့မူ ထိုနေ့ညကတွေ့ရသော အန္တရာယ်သည် သူ့လိုအင်ရမ္မက်တို့ကို ပို၍ကြီးမားအောင် ဆွပေးလိုက်သကဲ့သို့ပင် ရှိနေသည်။ အရဏ်တက်အချိန်တွင်မှ သူတို့ရင်ထဲတွင် တောက်လောင်နေကြသည့် မီးလျှံများနှင့် မန္တလေးမြို့ကောင်းကင်ယံတွင် တောက်လောင်နေသော မီးလျှံများသည် အရှိန်သေသွားစပြုလေပြီ။

သူတို့နှစ်ယောက်သည် နွမ်းနယ်စွာ ကြည့်နေကြ၏။ ဖင်နီက ကြိုးစား၍ ပြုံးပြသည်။ ဗွန်ဗိုဂ်ဆင်က ပခုံးကိုချီပြကာ အစေခံကို ကော်ဖီဖျော်ခိုင်းလိုက်သည်။ ထိုအခါတွင်မှ ဗွန်ဗိုဂ်ဆင်၏စိတ်သည် ငြိမ်သွား၏။

ဒါဝီရာတို့အိမ်သို့လာကာ အကျိုးအကြောင်းမေးသော်လည်း အကျဉ်းထောင်ကို တိုင်တားမင်းကြီးအမိန့်အရ မီးတင်ရှို့လိုက်ကြောင်း၊ မသေမပျောက်ကျန်သော အကျဉ်းသားများမှာ ထွက်ပြေးရန်ကြိုးစားသည့်အတွက် ၎င်းတို့ကို ကွပ်မျက်လိုက်ကြောင်း စသည့် ကောလာဟလကလွဲ၍ ဘာမျှ ရေရေရာရာမပြောနိုင်ကြ။ ဂျူလီတို့အိမ်ရောက်၍ မျက်နာဖြူရော်လျက်ရှိသည့် ဆန်ဒရေနီကို တွေ့သည့်အခါတွင်မှ ထိုသတင်းမှာ အမှန်ဖြစ်ကြောင်း သူတို့သိရသည်။

တိုင်တားမင်းကြီးသည် ခါးတောင်းအောက်ပိုင်းကျိုက်ကာ လက်တွင်ဓားဆွဲလျက်အမှောင်ထဲမှပြေးထွက်လာသည့် လက်နက်မပါသည့်လူများကို ကိုယ်တိုင်ကြီးကြပ် ကွပ်မျက်ခဲ့သည်။ ထိုညက မီးတောက်မီးလျှံများထဲတွင် လဲပြိုကျကာ အော်ဟစ်နေကြသော လက်နက်မဲ့လူများ၏အလယ်တွင် ရပ်နေသည့် တိုင်တားမင်းကြီး၏ တင်းမာသောမျက်နှာအရောင်သည် ဖင်နီ၏ အာသာပြင်းပြသောမျက်လုံးမှ အရောင်ဖြာကျနေသည့် ဗွန်ဗိုဂ်ဆင်၏မျက်နှာပေါ်မှ ရမ္မက်မီးရောင်ထက်ပင် ပို၍ စူးရဲတောက်ပနေ၏။

နောက်ရက်အနည်းငယ်ကြာသည့်အခါတွင် ဖင်နီသည် ဂျူလီတို့အိမ်သို့ ရောက်လာခဲ့သည်။ မျက်စိရှေ့တွင် ကြောက်မက်ဖွယ်ရာတို့ ကြုံတွေ့နေရသဖြင့် ရမ္မက်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပျောက်ကွယ်သွားကြလေပြီ။ စုစုပေါင်း နှစ်ရာနှင့်သုံးရာကြားတွင်ရှိသည့် ယောကျ်ား၊ မိန်းမ၊ ကလေးတို့၏အလောင်းများကို နန်းမြို့တော်အနောက်ဘက်ရှိ သုသာန်သို့ထုတ်ကာ ဘုရင်ဧကရာဇ်အား အာခံသူဟူသမျှကို ထိုအပြစ်ဆိုးမျိုးနှင့် တွေ့ရစေမည်ဟု အများသိမြင်နိုင်အောင် ပြသထားရမည်ဟု သီပေါမင်းက အမိန့်တော်ထုတ်ပြန်လိုက်သည်။

သို့ဖြင့် အပိုင်းပိုင်းအတစ်တစ်ခုတ်ထစ်ထားသော အလောင်းများကြားတွင် တောခွေးများ၊ ဝက်များသည် အောင်သေအောင်သားကို စားနေကြသည့်နယ်ရှိပြီး ပုပ်ဟောင်နံစော်သော အနံ့ကြီးသည် ထိုနေရာတစ်ဝိုက်တွင် ထောင်းထောင်းထလျက်ရှိ၏။

ထိုအချိန်၌ကား (အင်္ဂလိပ်မြေရှင်တစ်ယောက်သည် မိမိ၏စာရင်းငှားများအတွက် ရဟတ်များ၊ ဒန်းများဆင်ပေးကာ ပျော်ပွဲကြီး ခင်းပေးသကဲ့သို့) မြန်မာဘုရင်၏ မီးသင်္ဘောတော်များသည် လူများကို အခမဲ့တင်ဆောင်ရန် ဧရာဝတီမြစ်အတွင်းတွင် စုန်ဆန်သွားလာကာ ညများတွင်လည်း ကချေသည်များ၊ သဘင်သည်များက နာရီမစဲ ကပြအသုံးတော်ခံလျက်ရှိလေရာ ပတ်ဝန်းကျင်တစ်ခုလုံးသည် မီးတောက်များ၏အရောင်ဖြင့် နီရဲလျက်ရှိသကဲ့သို့ ယခုလည်း ဆိုင်းသံ၊ ဗုံသံ၊ ခွက်ခွင်းသံတို့ ဖြင့် ဆူညံနီရဲလျက်ရှိပေသတည်း။

❋ ❋ ❋

ကံကောင်း၍ အသက်မသေ ကျန်နေသူတို့အဖို့ လူ့ဘဝကြီးသည် ပုံမှန်သွားမြဲ သွားလျက်ရှိ၏။ တစ်မနက်၌ ဖဲင်နီသည် ဂျူလီနှင့်အတူ ရွှေနန်းတော်ကြီးသို့သွားကာ မိမိတို့တာဝန်အသီးသီးကို ထမ်းဆောင်နေကြသည်။ ထို့နောက် ဖဲင်နီသည် သင်္ဘောဆိပ်သို့ ဆင်းသွားကာ စာပို့သင်္ဘောကြီးကို သွားရောက်စဉ် ဆန်ဒရေနိနှင့် ဇော်လင်ဆန်တို့သည် စိုးရိမ်တကြီးဖြင့် တစ်စုံတစ်ရာကို တိုင်ပင်လျက်ရှိသည်ကို တွေ့ရ၏။ ယခုအချိန်၌ သူတို့နှစ်ယောက်မှာ ပြန်လည်သင့်မြတ်လျက်ရှိလေပြီ။ ဆန်ဒရေနိသည် သည်းထိတ်ရင်ဖိုဖွယ်ရာများကို မြင်သည့်အခါတွင် တုန်လှုပ်ချောက်ချားလျက်ရှိကာ ဗြိတိသျှအစိုးရက ဝင်ရောက်စွက်ဖက်ရန် တိုက်တွန်းလျက်ရှိ၏။

သို့ရာတွင် ရန်ကုန်မှရောက်ရှိလာသည့် သတင်းများအရ သတ်ဖြတ်မှုများကြောင့် အစည်းအဝေးများခေါ်ကာ ကန့်ကွက်ရှုတ်ချကြသည့်တိုင်အောင် အိမ်နီးချင်းတိုင်းပြည်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသော ဆန္ဒမရှိဘဲဖြစ်နေသည်ဟုသိရ၏။ ရက်စက်ကြမ်းကြုတ်မှုများကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ လျစ်လျူရှုနေခြင်း၊ တစ်ပြိုင်တည်းတွင် နန်းလုဘက်မင်းသားများကို အိန္ဒိယပြည်တွင် ခိုလှုံခွင့်ပေးထားခြင်း၊ သို့ပါလျက် သီပေါမင်း



www.burmeseclassic.com

www.burmeseclassic.com



အား ရာဇပလ္လင်ထက်တွင် တင်မြှောက်ထားခြင်း စသည့်အခြင်းအရာတို့မှာ တော်တော်အဆင်မပြေသည့် ကိစ္စဖြစ်သည်။ ဗြိတိသျှ အိန္ဒိယအစိုးရအနေဖြင့် ထိုကိစ္စကို ကန့်ကွက်ခြင်းပြုလျှင် ထိုကန့်ကွက်ချက်နောက်တွင် ထိရောက်သည့် အလုပ်ပါရလိမ့်မည်။ ထိုသို့အလုပ်ပါရတော့မည်ဆိုလျှင် ကိုယ့်ဘက်က ထိုအလုပ်ကိုလုပ်ရန် အဆင်သင့်ဖြစ်နေရပေလိမ့်မည်။

ထို့ကြောင့် ဝန်ရှင်တော်မင်းကြီး ဘားနတ်က ကန့်ကွက်ရန် အကြံပေးခြင်းကို အိန္ဒိယအစိုးရက ပယ်ချလိုက်ခြင်းဖြစ်သည်။ ဤသည်တို့မှာ စာပို့သင်္ဘောကြီးပေါ်သို့ ဖဲင်နီရောက်စဉ် ကြားခဲ့ရသော သတင်းများဖြစ်၏။ ရွှေနန်းတော်ကြီးထဲတွင်မူ ထိုသို့သော ကောလာဟလသတင်းများသည် ဟိုတစ်စသည်တစ်စဖြင့် စုလာကာ ထုကြီးထည်ကြီး ဖြစ်၍လာခဲ့လေပြီ။ တိုင်တားမင်းကြီးသည် မိမိ၏နိုင်ငံရေး ရန်သူများအားလုံးကို ဖမ်းဆီးကာ ထောင်သွင်းအကျဉ်းထားကြောင်း၊ ယင်းတို့၏ရန်မှ ကင်းလွတ်ရန်အတွက် အားလုံးကို ကွပ်မျက်လိုက်ကြကြောင်းဖြင့် သတင်းများဖြစ်ပွားလျက်ရှိ၏။ ထိုကောလာဟလများသည် မှန်သင့်သလောက်မှန်ပုံရသည်။

ကင်းဝန်မင်းကြီးသည် အရာသို့ ပြန်ရောက်လာသည်တွင် တိုင်တားမင်းကြီးသည် ထိုအချက်ကို မနာလိုမရှုစိမ့် ဖြစ်နေဟန်ရှိသည်။ နောက်ဆုံး၌ ကင်းဝန်မင်းကြီးသည် မိမိအိမ်မှ အပြင်ထွက်သည်ကို မတွေ့ရတော့။ ရွှေနန်းတော်ကြီးထဲတွင်လည်း ကင်းဝန်မင်းကြီးနှင့် သူ့စာရေးတို့ကို ဖဲင်နီမတွေ့ရတော့ပြီ။ ထောင်သွင်းအကျဉ်းချထားသူများအား သတ်ဖြတ်ရန် ပြင်လျက်ရှိကြောင်းမှာ သံသယရှိဖွယ်မလိုတော့ပြီ။

ထောင်မှူးများသည် အချို့သောအကျဉ်းသားများ ထွက်ပြေးလွတ်မြောက်ရန်အတွက် သံခြေကျဉ်းများကို ချွတ်ပေးလိုက်ပြီး မျက်နှာလွှဲနေလိုက်ကြသည်။ အစောင့်များကလည်း အကျဉ်းသားများ၏ ရန်သူများထံမှ တံစိုးလက်ဆောင်များကို အကျဉ်းသားများ၏ မိတ်ဆွေများထံမှ တံစိုးလက်ဆောင်များ ဖြစ်လေဟန်ဆောင်ပြီးနောက် အကျဉ်းသားများကို လွှတ်လိုက်ကြသည်။

အကျဉ်းသားများမှာ မျှော်လင့်ချက်ကြီးစွာဖြင့် ထောင်မှူးနှင့်အစောင့်တို့ကပေးထားသော အဝတ်အစားများကို ရုပ်ဖျက်ဝတ်ကာ အပြင်သို့ထွက်ကြသည်။ ဤတွင် ထွက်လာသူများကို အစောင့်များက သေနတ်ဖြင့်ပစ်ခြင်း၊ ဓားဖြင့်ခုတ်သတ်ခြင်း ပြုလုပ်ကြကာ ထောင်ထသဖြင့် ဤသို့လုပ်ရကြောင်း သတင်းလွှင့်ကြသည်။ ထိုသတ်ဖြတ်မှုပြီးသည့်နောက်တွင်ကား ရွှေနန်းတော်ရာဇပလ္လင်ပေါ်တွင် စံနေသည့် ထိတ်လန့်တုန်လှုပ်နေသော ဘုရင်သည် မိမိအား ဖီဆန်လုပ်ကြံသူမှန်သမျှကို သတ်ဖြတ်ရန် အမိန့်ပေးလိုက်သည်။

အချို့သောအကျဉ်းသားများမှာ သတ္တိကောင်းသော မိတ်ဆွေများ၏ အကူအညီဖြင့် (ယင်းတို့မှာ အများအားဖြင့် အမျိုးသမီးမိတ်ဆွေများဖြစ်သည်။) မီးတောက်မီးလျှံများကြားမှ ဖြတ်သန်းကာ အကျဉ်းထောင်နောက်ဘက်မုတန်းများကို ကျော်တက်လွတ်မြောက်လာခဲ့ကြသည်။ ညောင်ရမ်းမင်းသား၏ အရီးတော်နှင့် ဝမ်းကွဲနမတော်နှစ်ဦးတို့မှာ အသတ်ခံသွား



www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။ (ဤမျှကြာရှည်လေးမြင့်စွာ အကျဉ်းထောင်ထဲတွင်နေရသဖြင့် လိုလိုချင်ချင်ဖြင့် အသတ်ခံသွားခြင်းဖြစ်နိုင်သည်။) မယ်တော်နှင့် နမတော်တို့အကြောင်းကိုမူ ဘာမျှသတင်း မကြားရချေ။ ထိုအတောအတွင်း၌ တရုတ်တို့က ဗန်းမော်ကို ဝင်ရောက်သိမ်းပိုက်ကြသည်။

သီပေါမင်းသည် ဗန်းမော်ကို ပြန်လည်သိမ်းရန်အတွက် မိမိတပ်များကို မလွှတ်ရဲ အောင်ဖြစ်နေသည်။ ထိုအခါတွင်မူ သာသနာပြုအဖွဲ့ဝင်များ၏ ဇနီးသည်များလည်း သူတို့ ခင်ပွန်းများကိုခေါ်၍ မန္တလေးသို့ ဆင်းလာခဲ့ကြသည်။ ရွှေနန်းတော်ကြီးအတွင်း၌ကား ဇာရစီ ဇာတ်ပွဲတွေ တခြိမ့်ခြိမ့်ခံလျက်။ ကချေသည်တို့က မျက်နှာချေလိမ်းကျံလျက်။ ကျစ်ဆံမြီး ကျစ်လျက်။ ကုလားမြို့တွင်မူ တိုင်တားမင်းကြီး၏လူများသည် ဆင်ကြီးများဖြင့် ဥဒဟို သွား လာနေကြကာ ကျာပွတ်သံတရွှမ်းရွှမ်းဖြင့် ပြည်သူအပေါင်းကို မြေကြီးတွင် ပြားပြားဝပ် ခညောင်းစေလျက်။ ဆိုင်းသံ၊ ဗုံသံတို့က ရွှေနန်းတော်ကြီးထဲတွင် ဆူညံစွာတီးလျက်၊ မှုတ် လျက်၊ မြည်လျက်၊ ကျူးလျက်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

တစ်ညနေ၌ ဖဲင်နီသည် မိမိစာများ ပါလိုပါငြား စာပို့သဘော်ပေါ် ရှိ ရော်လင်ဆန် ထံသို့ လာခဲ့သည်။ ရော်လင်ဆန်မှာ အကြီးအကျယ် စိတ်ညစ်လျက်ရှိနေသည်ကို တွေ့ရ၏။ ဖဲင်နီသည် ဗြိတိသျှစွက်ဖက်မှုများကို လိုလားသူမဟုတ်ကြောင်း၊ ဆန့်ကျင်သူဖြစ်ကြောင်း ကို မသိသေးသည့်အလျောက် ရော်လင်ဆန်က . . .

"မစ္စဘက်ရှောရေ . . . ကျွန်တော်တို့ကတော့ ဒီမှာ ကိစ္စတုံးပြီထင်တယ်ဗျ။ တော်တော်ကြောက်စရာကောင်းတဲ့အဖြစ်မျိုးနဲ့ကို တွေ့နေရပြီ။ ဒီလောက်ဆိုးတာမျိုးတစ်ခါမှ မတွေ့ဖူးသေးဘူး"

ဖဲင်နီသည် သူ့ကို တအံ့တဩဖြင့် စိုက်ကြည့်နေမိသည်။ ကျွန်တော်တို့ဆိုသည်မှာ ဗြိတိသျှလက်အောက်ခံများကို ဆိုလိုခြင်းဖြစ်ကြောင်း၊ သူကိုယ်တိုင်သည်လည်း ဗြိတိသျှ လက်အောက်ခံတစ်ဦးဖြစ်ကြောင်းကို ဖဲင်နီမေ့နေလေပြီ။

"ဟင် . . . ဘာဖြစ်လို့လဲ ကပ္ပတိန်ကြီး"

ဟု ဖဲင်နီက မေးလိုက်သည်။ ဖဲင်နီ့ခေါင်းထဲတွင် သူချစ်သူ ဗွန်ဗိုင်ဆင်ကို ချက်ချင်း ပြေး၍သတိရလိုက်ကာ စိုးရိမ်တကြီးဖြစ်သွား၏။

"ဂေါ်ဒွင်ရယ်လေ . . ."

"ဘာ . . . ဘယ်က ဂေါ်ဒွင်လဲ"

"ကျွန်တော်တို့ဗိုလ်ချုပ်ကြီး ဂေါ်ဒွင်ရယ်လေ။ ခါတွန်းတိုက်ပွဲမှာ ကျသွားပြီတဲ့ဗျ။ ခါတွန်းကလည်း ဆုတ်ပေးလိုက်ရပြီတဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ခါတွန်းသည် မည်သည့်နေရာတွင်ရှိကြောင်းကို ဖင်နီမမေးချင်။ သို့ရာတွင် ခါတိုင်းသည် ကဗူးလ်တို့၊ ကာ့စ္စန္ဒဥာဏတို့၊ မူရှာဘတို့လို ဗြိတိသျှပိုင်နက် မြို့တစ်မြို့ဖြစ်ကြောင်းကို မူ သူသိသည်။ ဗြိတိသျှတို့သည် နောက်ထပ်တိုက်ပွဲတစ်ပွဲတွင်လည်း အရေးနိမ့်ခဲ့ပြန်လေပြီ။

"ဒီမှာရှိနေတဲ့ ကျွန်တော်တို့ကို စာရင်းထဲတောင် ထည့်မှာမဟုတ်တော့ပါဘူးဗျာ။ သူတို့အဖို့ ဂေါ်ဒွင်ပဲ အရေးကြီးနေတာပါ"

ဟု ရော်လင်ဆန်က စိတ်ပျက်လက်ပျက်ဖြင့်ပြောသည်။

ရွှေရောင်တွေဝင်းနေသည့် မတ်လတစ်ညနေခင်း၌ ကျေးငှက်တို့တေးသီနေချိန်တွင် ဖင်နီနှင့်ဗွန်ဗိုုင်ဆင်တို့သည် ဗွန်ဗိုုင်ဆင်၏ဘန်ဂလိုထဲတွင် ရှိနေကြသည်။

ဗွန်ဗိုုင်ဆင်က ခါတိုင်းထက် ဆူပြီးအစ်စပြုလာသော ဖင်နီ၏မေးကလေးကို တို့လိုက်ကာ . . .

"ကဲ . . . ယွန်းခင်ခင်ရေ . . . ကိုယ်တို့တော့ စန်းထပြီလို့ အောက်မေ့ရတော့မှာပဲ။ မိုးကုတ်မှာ ကျောက်တွင်းတူးခွင့်လျှောက်ထားတာ ခုတော့ ခွင့်ပြုချက်ကျလာပြီ။ လက်မှတ်ထိုးဖို့ပဲကျန်တော့တယ်။ မလိုက်ချင်ဘူးလားဟင်"

ဖင်နီကလည်း ရတနာတွင်းလိုင်စင်ရလျှင် သူတို့ဘဝ မည်သို့ရှိမည်ကို တွေးမိပြီးသား ဖြစ်၏။ မိန်းမမြတ်တစ်ယောက်၏တန်ဖိုးသည် ကျောက်မျက်ရတနာတို့နှင့် မနှိုင်းယှဉ်သာ။ သို့ရာတွင် ကျောက်မျက်ရတနာများသည် ဖင်နီ့ကို မိန်းမမြတ်ဖြစ်အောင် လုပ်ပေးလိုက်သကဲ့သို့ရှိ၏။ ထိုအခါတွင် ဗွန်ဗိုုင်ဆင်၏မိဘများကို မိုခိုအားထားရသူတစ်ယောက်မဟုတ်တော့ရုံမျှမက မိဘများကိုထောက်ပံ့နိုင်သည့် အခြေအနေသို့ပင် ရောက်နေလေပြီ။ သူတို့က ထောက်ပံ့လျှင် မိမိကလည်း ဘာမျှသဝန်တိုစရာမလိုဟု ဖင်နီယူဆသည်။ ဖင်နီက နုထွေးသောဆံပင်များဖြင့် သူ့ပါးကိုတိုးဝှေ့ကာ မူနွဲ့သံလေးဖြင့် . . .

"အဲဒီစာချုပ်ကို ဖင်နီမကြည့်ရဘူးလားဟင်။ ဖင်နီကြည့်ချင်တယ်"

"စာချုပ်ကိုကြည့်ချင်တယ် ဟုတ်လား။ ဟောဒီကလေးမဟာ တော်တော်ကို တော်ပါကလား။ တကယ့်စီးပွားရေးသမားလေး ကျနေတာပဲ။ ဟုတ်ပါတယ်လေ။ ဖင်နီဟာ သွေးနှစ်မျိုးလုံးပါတယ်။ (မြန်မာ၊ အင်္ဂလိပ်နှင့် အီတလီသွေးကို ဆိုလိုခြင်းဖြစ်သည်။) ဒီစာချုပ်ရဲ့ သဘောကို ဖင်နီကောင်းကောင်းနားလည်ချင်မှ နားလည်မှာပါ"

"ဘာဖြစ်လို့ နားမလည်ရမှာလဲ။ ဖင်နီနားလည်ပါတယ်။ ကဲပါကွယ် . . . ပြစမ်းပါ"

ဖင်နီက စိတ်မရှည်သံလေးဖြင့် ပြောပြီးမှ ချော့မြူသည့်လေသံဖြင့် ပြောသည်။ ဗွန်ဗိုုင်ဆင်သည် ရယ်မောရင်း စာချုပ်ကို ထုတ်ပေးလိုက်၏။ ဖင်နီသည် စီးပွားရေးအမြင်ကျယ်သည့် လက်တင်နှင့် မြန်မာဦးနှောက်ဖြင့် စာချုပ်ကို သေချာစွာဖတ်ကြည့်သည်။ ဟုတ်သည်။ သူနားလည်သည်။ စာချုပ်ထဲတွင် ဗွန်ဗိုုင်ဆင်အင်ကုမ္ပဏီတဲ့။ (မည်မျှခမ်းနားလိုက်သည့် အမည်ပေနည်း။) မိုးကုတ်တွင် ပတ္တမြားတွင်းများ တူးဖော်ရန်အတွက် မြန်မာဘုရင်အစိုးရအား တစ်နှစ်လျှင် ငွေကျပ်သုံးသိန်းပေးဆောင်ရမည်။

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တွင်းကို ဗွန်ဗိုင်ဆင်အင် ကုမ္ပဏီမှအပ အခြားမည်သူမျှ လုပ်ခွင့်ပြုမည် မဟုတ်ဟုပါရှိသည်။ ကျောက်တူးရာတွင် ဆိုင်ရာမြန်မာအရာရှိများက လိုအပ်သည့် အကူအညီပေးမည်ဟုလည်း စာချုပ်တွင်ဖော်ပြထားသည်။ ကျောက်တွင်းတူးသည့် အင်ဂျင်နီယာများသည့် လုံခြုံရေးအတွက် သေနတ်အလက်နှစ်ရာ ကိုင်ဆောင်ခွင့်ရှိသည်။

ကျောက်တွင်းမှထွက်သော ရတနာကိုဘုရင်ထံ ဆက်သပြသရမည်။ ဘုရင်က ကြိုက်လျှင် ယင်းတို့ကို တန်ရာတန်ဖိုးပေး၍ ဝယ်ယူမည်။ ဘုရင်အား ဆက်သပြသပြီးနောက် ကျန်ကျောက်သံပတ္တမြားတို့ကို နိုင်ငံခြားသို့လည်းကောင်း၊ အခြားတစ်ဦးဦးသို့လည်းကောင်း အကောက်အခွန်မဲ့ လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။ ယခင်က ပတ္တမြားတွင်းများတွင် ဘုရင်တစ်ဦးတည်း လက်ဝါးကြီးအုပ်၍ လုပ်ကိုင်ခဲ့ရာ ယခုကဲ့သို့ ပြင်သစ်လူမျိုးတစ်ယောက်အား တူးဖော်ခွင့်ပေးလိုက်ခြင်းသည် ထူးခြားချက်တစ်ရပ်ဖြစ်နေသည်။ မြန်မာအစိုးရ၏ငွေတိုက်တော်သည် ဟောင်းလောင်းဖြစ်နေဟန်ရှိ၏။ ခြောက်နှစ်ကာလပတ်လုံး ပွဲလမ်းသဘင်များ ခင်းကျင်းခြင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းတို့ကြောင့် တစ်တိုင်းပြည်လုံးသည် ဝေါမွတ်ခေါင်းပါးကာ ပြဿနာများကို ကြုံတွေ့နေရလေပြီ။

ဗွန်ဗိုင်ဆင်သည် စာချုပ်မူကြမ်းကို အမှတ်မထင်ကောက်သိမ်း၍ လိပ်လိုက်ရင်း —

"ကိုယ်လည်း ပြင်သစ်ပြည်ကို ပြန်ရဦးမယ်"

ဟု ပြောလိုက်ပြီးနောက် ဖဲင်နီ၏ ထိတ်လန့်တုန်လှုပ်သွားသည့်မျက်နှာကို မြင်လိုက်ရသည်တွင် ဆက်၍ပြောလိုက်၏။

"သိပ်မကြာပါဘူး အချစ်ရယ်။ တစ်လလောက်ပါဘဲ။ သွားတာက တစ်လ၊ ဟိုမှာနေတာက တစ်လ၊ ပြန်တာက တစ်လဆိုတော့ စုစုပေါင်း သုံးလပေါ့။ ဘာမှကြာလိုက်မှာ မဟုတ်ပါဘူး။ မိဘနဲ့ပြန်တွေ့ပြီး အကျိုးအကြောင်းကို ပြောပြရဦးမယ်လေ။ ပြီးတော့ အဲ ... ကိုယ်ဒီကိုရောက်နေတာ သာမန်စီးပွားရေးလုပ်ဖို့ ရောက်နေတာသက်သက်တင် မဟုတ်ဘူး။ ဒီထက်အရေးကြီးတဲ့ ကိစ္စတွေရှိသေးတယ်။ သူတို့က ကိုယ့်ကို ဖယ်ရီနဲ့ တွေ့ပေးချင်နေကြတယ်"

"ဘယ်သူ ... ဖယ်ရီ ဟုတ်လား"

ဟု ဖဲင်နီက ဇဝေဇဝါဖြင့် မေးသည်။

"ဂျူးလ်ဖယ်ရီလေ ... ။ အညာတရ နလပိန်းတုံးလေးလေး။ တစ်ခါတလေ သူ့အကြောင်းကို ကိုယ်ပြောဖူးပါတယ်။ ကိုယ်တို့နိုင်ငံခြားရေးဝန်ကြီးလေ။ အမြော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်။ ကိုယ်တို့ပြင်သစ်နိုင်ငံကြီးကို အင်္ဂလိပ်အင်ပါယာကြီး တစ်ခုအဖြစ် တည်ဆောက်နေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်။ ကိုယ်တို့အင်ပါယာကြီးကို အင်္ဂလိပ်အင်ပါယာကြီးထင်ကြီးအောင် တည်ဆောက်မယ့် ပုဂ္ဂိုလ်"

---

သဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အိုး . . . သိတာပေါ့။ ဘာရယ် . . . အဲဒီပုဂ္ဂိုလ်ကြီးက ကိုယ့်ကိုတွေ့ချင်နေတယ် ဟုတ်လား"

"ဟုတ်တယ်။ ကိုယ်ဒီကိုရောက်ကတည်းက တစ်လျှောက်လုံး အလုပ်လုပ်နေခဲ့တာပဲ ဖဲင်နီ။ ထရေဗီလျံကတော့ မြန်မာသံကိုယ်စားလှယ်အဖွဲ့နဲ့ လိုက်သွားတယ်။ ကိုယ်က ဒီမှာ ချန်နေရစ်ပြီး လုပ်စရာရှိတာတွေကို လုပ်နေရတယ်။ ဟောဒီအတွက် သန်းချီကျတဲ့ ငွေတွေကို (စာချုပ်ကိုပုတ်ပြသည်။) ဆိုင်ရာက ပေးတာပေါ့။

ဒီအချိန်လောက်ဆို မြန်မာသံအဖွဲ့ကလည်း ပြင်သစ်ပြည်မှာ လုပ်သင့်တာလုပ်ပြီးပြီ။ ကိုယ်ကလည်း ဖဲင်နီနဲ့ နှစ်ယောက်ချင်းတွေ့တဲ့အချိန်ကလေးမှအပ ကျန်တစ်ချိန်လုံး လုပ်စရာရှိတာ လုပ်နေတာပဲ။ ပြင်သစ်လူမျိုးဆိုတာ အချစ်အတွက် ခွန်အားကို အတတ်နိုင်ဆုံး အသုံးချရမယ်လေ။ အချစ်အတွက်အသုံးချနိုင်မှ ခွန်အားကို အခြားကိစ္စတွေအတွက် အသုံးချနိုင်တော့မှာပေါ့။

အချစ်အတွက် ခွန်အားတွေကို အသုံးမချနိုင်ဘူးဆိုရင် အခြားအရာတွေအတွက်လည်း ဘယ်မှာ ခွန်အားရှိတော့ပါတော့မလဲ။ ကိုယ်တို့က အင်္ဂလိပ်တွေလိုမဟုတ်ဘူးလေ။ အင်္ဂလိပ်လူမျိုးက တစ်ချိန်မှာ အလုပ်တစ်ခုတည်းကိုသာ လုပ်တတ်ပြီး အမျိုးသမီးတွေကို လျစ်လျူရှုထားကြတာမဟုတ်လား။ ဘုရားသခင်က ကိုယ်တို့ကို အင်္ဂလိပ်လူမျိုးတွေထက် ပိုပြီး ခွန်အားတွေကို ပေးထားကြတယ်"

ဖဲင်နီက သူ့ရင်ခွင်တွင်မှီထားရင်း မြန်မာသံကိုယ်စားလှယ်အဖွဲ့သည် ဥရောပဆိုက်တွင် မည်သည့်လုပ်ငန်းတွေကို လုပ်နေသနည်းဟု မေးကြည့်သည်။

"ကိုယ်တို့သဘောကျရေးထားတဲ့ စာချုပ်တစ်ခုကို လက်မှတ်ထိုးပြီးပြီ။ အခုဆိုရင် ရောမမှာရောက်နေပြီး အီတာလျံတွေနဲ့ စာချုပ်ချုပ်နေတယ်။ ရောမမှာရှိတဲ့ သံအမတ်က တစ်ဆင့် ဂျာမနီနဲ့လည်း စာချုပ်ချုပ်ဆိုဦးမယ်။ ဒါပေမဲ့ အားလုံး ကုန်သွယ်ရေးစာချုပ်တွေချည်းပဲ။ အထူးအခွင့်အရေးပေး နိုင်ငံများအပိုဒ်တို့လည်း ပါမှာပေါ့လေ။ မနှစ်ကတင် ဂျာမန်ရိုက်စတက်(ဂျာမန်လွှတ်တော်)က ဘစ်စမတ်ရဲ့ကိုလိုနီနယ်ပယ်ချဲ့ထွင်ရေးဝါဒကို ဆန့်ကျင်ကန့်ကွက်လိုက်ပြီ။

အီတလီကလည်း သူ့ပြည်တွင်းရေးနဲ့သူ အလုပ်များနေတယ်။ ဒီတော့ မြန်မာနိုင်ငံမှာ ပြင်သစ်တစ်ဦးတည်းပဲ ဒိုင်ခံလုပ်နေရတော့မှာပေါ့။ ရထားလမ်းတွေ ဖောက်ပေးရမယ်။ ဘဏ်တိုက်တွေ ဖွင့်ပေးရမယ်။ မြန်မာ့တပ်မတော်ကို လေ့ကျင့်ပေးရမယ်။ သဘာဝအရင်းအမြစ်ပစ္စည်းတွေကို စီမံခန့်ခွဲပေးရမယ်။ စာချုပ်ထဲမှာ ဒီအချက်တွေပါမှာပေါ့"

ဖဲင်နီမှာ သူတို့မျှော်လင့်နေသည့် ရွှေဘုံကြီးလာပြီကို ကြားရသဖြင့် အပျော်ကြီး ပျော်သွားသည်။

---

လခန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သံကိုယ်စားလှယ်အဖွဲ့က အင်္ဂလိပ်နဲ့ ဘယ်လိုစာချုပ်တွေ ချုပ်ဆိုမှာတဲ့လဲ"

ဗွန်ဗွိုင်ဆင်က ရယ်လိုက်လျက် . . .

"ဘာမှ ရေရေရာရာချုပ်မှာ မဟုတ်ဘူး။ အရေးကြီးတဲ့အချက်ဆိုလို့ တစ်ပိုဒ်ကလေးတောင် ပါမှာမဟုတ်ဘူး။ အင်္ဂလိပ်က ဘေးရောက်နေပြီလေ။ မြန်မာသံကိုယ်စားလှယ်အဖွဲ့ဟာ ဘယ်ပြိတ်သျှရုံးကိုမှမသွားတာ နှစ်နှစ်လောက်ရှိနေပြီ။ ခု ရောမကိုထွက်ကာနီးတော့မှ ပါရီမှာရှိတဲ့ ပြိတ်သျှသံရုံးကို ဝင်သွားတာ။ အင်္ဂလိပ်တွေပြောတဲ့ စကားအတိုင်းပြောရရင် သူတို့မျက်နှာကို လာအရိုက်ခံရတာပေါ့။ တခြားလူမျိုးရန်ကိုသာ စိုးရိမ်ချင် စိုးရိမ်ရမယ်၊ အင်္ဂလိပ်တို့ ရန်ကိုတော့ မစိုးရိမ်ရတော့ဘူး။ ခုတလောမှာ အင်္ဂလိပ်ဟာ ဒုက္ခတွေနဲ့ချည်း တွေ့နေရတယ်။ အာဖဂန်နစ္စတန်မှာ၊ ဖူးလင်းမှာ၊ ထရန်စဘားလ်မှာ။ ခုလည်း အာရဗီပါရှားနဲ့ ပြဿနာဖြစ်နေပြီ။ ခါတွန်းမှာ သူတို့ ဗိုလ်ချုပ် ဂေါ်ဒွင်ကျသွားတဲ့ကိစ္စကတော့ အဆိုးဆုံးပဲ။

အခုတော့ အင်္ဂလန်တစ်ပြည်လုံး ဒီအကြောင်းကိုတွေးပြီး ဒီအကြောင်းကိုပဲ ပြောနေကြတာပဲ။ အင်္ဂလိပ်တစ်မျိုးလုံးဟာ (နန်းရင်းဝန်) ဂလက်စတုန်းကို ဝိုင်းအာနေကြပြီး ဂေါ်ဒွင်အတွက် ငိုကြွေးနေကြလေရဲ့။ သူတို့မှာ ရေရှည်အမြင်လည်း မရှိနိုင်တော့ဘူး။ အထက်မြန်မာနိုင်ငံအကြောင်းကိုလည်း မစဉ်းစားနိုင်ကြတော့ဘူး။ အယ်ဒိုလာဒိုအကြောင်းကိုလည်း မစဉ်းစားနိုင်ကြတော့ဘူး"

ဗွန်ဗွိုင်ဆင်က ဖင်နီကို နမ်းလိုက်၏။ ဖင်နီက အယ်ဒိုလာဒိုမှာ ဘာခေါ်သနည်းဟု မေးကြည့်သည်။

အတန်ကြာသည့်အခါတွင် ဖင်နီက ပြင်သစ်တွင်ချုပ်ဆိုသော စာချုပ်သည် အဘယ်ကြောင့် အခြားသောတိုင်းပြည်များ (ဥပမာ - အီတလီ၊ ဂျာမဏီစသည့်)တို့နှင့် ချုပ်ဆိုသောစာချုပ်များထက် ထူးခြားနေရသနည်းဟု မသိမသာမေးကြည့်သည်။ ဗွန်ဗွိုင်ဆင်က ခေါင်းယမ်း၍ ရယ်လိုက်ရင်း . . .

"ဒါတွေက လျှို့ဝှက်ချက်တွေလေ။ ခန်းဆီးလိုက်ကာတွေကြားထဲမှာ ရောက်နေတဲ့ ယွန်းခင်ခင် သိစရာမလိုတော့ပါဘူးကွယ်။ ပြီးတော့ ကိုယ်တို့နှစ်ယောက် မကြာခင်ပဲ လမ်းခွဲရတော့မှာ။ ဒီတော့ ဒီကိစ္စတွေကိုပြောပြီး အချိန်ကုန်မခံနိုင်ဘူး။ ခုဆိုရင် ပါရီကနေပြီး ပြင်သစ်ကောင်စစ်ဝန်တစ်ယောက် လွှတ်လိုက်ပြီတဲ့။ ပါရီမြို့ကြီးသားဆိုတော့ ယဉ်ကျေးရည်မွန်တာပေါ့။ သူနဲ့တွေ့ရင် ကိုယ့်ကိုတောင် မေ့ချင်မေ့သွားမှာပါ"

သည်တစ်ကြိမ်တွင် ဖင်နီက ခေါင်းယမ်းပြသည်။ ထို့နောက်တွင် သူဘာမျှမသိတော့။ သူချစ်သူ၏ ဝင်သက်ထွက်သက်တိုင်းသည် သူ့ဝင်သက်ထွက်သက်နှင့် အတူရောသွားသည်ကိုသာ သူသိလိုက်သည်။ သူ့သွေးကြောထဲတွင် သူချစ်သူ၏သွေးတွေ ရောယှက်စီးဆင်းသွားသည်ကိုသာ သူသိလိုက်သည်။ သူချစ်သူသည် အိပ်မက်ထဲမှာပင် ရှိနေသေး



www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုသည်ကိုသာ သူသိလိုက်သည်။ မကြာမီဆိုလျှင် သူသွားရတော့မည်။ ဖဲင်နီသည် ထိုကိစ္စအတွက် အထူးတလည် ဝမ်းနည်းခြင်းမဖြစ်မိ။ တစ်နေ့တွင် ထိုအတိုင်းဖြစ်ရမည်ဆိုသည်ကို သူသိပြီးသား။

မည်သို့ဖြစ်စေ ရွှေနန်းတော်ကြီးထဲတွင်မှု တောက်ပသော ရက်ထည်ကြီးသည် နေ့စဉ်နှင့်အမျှ ရက်လုပ်ပြီးဖြစ်ကာ တဖြည်းဖြည်း အတိုင်းအတာကြီးမားလာမည်သာ။ သို့ရာတွင် ခက်သည်မှာ ဘဝဟူသည် ဘာမှရေရာခြင်းမရှိ။ ဖဲင်နီသည် တွေး၍ ပူတတ်သူမဟုတ်။ သို့တိုင်အောင် ကံကြမ္မာလှည့်စားတတ်သည်ကို စဉ်းစားမိတိုင်း တစ်ကိုယ်လုံး အေးစက်သွားတတ်သည်။ အထူးသဖြင့် ရွှေနန်းတော်ကြီးထဲတွင် နေရသည်မှာ။ ထိုနေ့ညနေတွင် ဖဲင်နီသည် သူ့ကိုတွယ်ဖက်ကာ ပထမဆုံးအကြိမ်တွေ့ဖူးသကဲ့သို့ သို့မဟုတ် နောက်ဆုံးအကြိမ်တွေ့ရသကဲ့သို့ အငမ်းမရချစ်မိသည်။ သူသည် မိမိချစ်သူမျှသာမကတော့။ လင်ဖြစ်နေလေပြီ။ သူ့ဘဝဖြစ်နေလေပြီ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၂၅ ]

ပါရီရှိ ဗွန်ဗို့ဂျင်းဆင်ထံမှပို့လိုက်သည့် သေတ္တာကြီးတစ်ခုကို ရသည့်အခါတွင် ဖဲင်နီသည် စိတ်သက်သာရာရသွားသည်။ သေတ္တာထဲတွင် စုဖုရားလက်ထံဆက်သရန် လက်ဆောင်ပစ္စည်းများနှင့်တကွ သူ့အတွက်ပေးလိုက်သော ပါရီမှ နောက်ဆုံးပေါ် ဝတ်စုံနှင့် ဦးထုပ်တို့လည်းပါသည်။

စုဖုရားလတ်အတွက်မှ သူကြိုက်တတ်သည့် မုန့်တစ်ချပ်ပါသည်။ မုန့်ပေါင်မှာ စိမ်းပြာရောင်ကတ္တီပါကပ်ထားပြီး ထိုအပေါ်တွင် ပန်းခက်များနှင့် မြက်ပင်များ ပုံသဏ္ဍာန်ထိုးထားသည်။ အပေါ်ဆုံးပန်းပွင့်ပေါ်တွင် ရုပ်ကြွဖော်ထားသည့် ငှက်တစ်ကောင်ပုံပါရှိပြီး စက္ကူပန်းတစ်ပွင့်ကို နှုတ်သီးဖြင့်ထိုးဆွနေသည့်ပုံ လုပ်ထားသည်။ ကြိမ်ဖြင့် ရက်ထားသည့် စက္ကူအမှိုက်ခြင်းတစ်လုံးလည်း ပါသည်။ ခြင်းကို ကြေးနီရောင်ဖဲပြားကွပ်ထားသော ခြင်းတောင်းပတ်လည်တွင် ရွှေချည်ထိုး ကတ္တီပါပွင့်များကပ်ထားပြီး ထိုကတ္တီပါပွင့်များအောက်တွင် ရောင်စုံသိုးမွှေးလုံးကလေးများ တွဲလောင်းကျလျက်ရှိ၏။

အမှိုက်ခြင်းကလေးမှာ အလှအပ ပစ္စည်းအဖြစ် ကောင်းသည့်တိုင် ရွှေနန်းတော်ကြီးထဲတွင် အမှိုက်ခြင်းလုပ်ဖို့ သင့်တော်ခြင်းမရှိဟု ဖဲင်နီထင်သည်။ ရွှေနန်းတော်ကြီးထဲတွင် ဘူးခွံများ၊ အဝတ်စုတ်များ၊ စက္ကူစများ ထိုအတိုင်းနေရာတကာ စွန့်ပစ်ထားတတ်သဖြင့် မီးလောင်လျှင် မီးစာကောင်းကောင်းဖြစ်ပေလိမ့်မည်။ ယခုအချိန်၌ ဖဲင်နီသည် ရွှေနန်းတော်ကြီးထဲမှ အမှိုက်သရိုက်များကို ယည်ပါးနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်မှာ လက်ဆောင်များအတွက် များစွာ ကျေနပ်လျက်ရှိပြီး ဖဲင်နီမှာလည်း သူ့ဝတ်စုံနှင့် ဦးထုပ်ကိုကြည့်၍ သဘောကျလျက်ရှိ၏။ ဖဲင်နီမှာ မြန်မာအဝတ်အစားကို တစ်လျှောက်လုံး ဝတ်လာခဲ့သည့်အခါတွင် ကိုယ့်ချစ်သူဟောင်းကို ပြန်တွေ့ရသည့် မိန်းမတစ်ယောက်နယ် ရင်ခုန်လျက်ရှိ၏။ သို့ရာတွင် စက္ကူအိတ်ထဲမှ ဝတ်စုံကိုဖြန့် ၍ ထုတ်ကြည့်လိုက်သည့်အခါတွင် ဖဲင်နီသည် အလန့်တကြားဖြစ်သွား၏။ သူ့ဗရိုက်တန်တွင် ကျောင်းနေစဉ်က အဝတ်အစားများကဲ့သို့ အဖောင်းတွေ၊ အတွန့်တွေ၊ အပိုတွေ၊ အကွေးတွေ မပါတော့ဘဲ လုံးဝပြောင်းလဲသွားခဲ့လေပြီ။

ပါရီမှ အဝတ်အစားများသည် ခါးနှင့်ရင်တွင် ချပ်ချပ်ရပ်ရပ် ကပ်လျက်ရှိကာ အနောက်ပိုင်းတစ်ခုလုံးမှာလည်း ကျောဟူ၍မရှိတော့ဘဲ ဟာလာဟင်းလင်းဖြစ်လျက်ရှိသည်ကို တွေ့ရသည်။ သည်လိုအဝတ်အစားမျိုးကို တော်ရုံမိန်းမ မဝတ်ရဲကြဟု ဖဲင်နီထင်သည်။ ဖဲင်နီသည် ပန်းပွင့်ထဲမှ သံသေဒဇနတ်မိမယ်တို့ ထွက်လာသကဲ့သို့ အကွေ့အပိုက်တွေ၊ အဖောင်းအတွန့်တွေထဲမှ ခါးနှင့်ရင်တို့ ဖူးငုံထွက်လာသည့် အဝတ်အစားမျိုးကို ကြိုက်သည့်တိုင် လက်ဆောင်နှင့်အတူပါလာသည့် ကတ်တလောက်များကို ကြည့်ခြင်းဖြင့် ပါရီတွင် ထိုအဝတ်အစားမျိုးသည် တိမ်ကောသွားကာ ဖက်ရှင်အသစ်တွေပေါ်နေကြောင်းကို သိလိုက်သည်။

ယခုအချိန် ဂါဝန်များမှာ ဝှေကြီးတွေ၊ အတွန့်တွေ၊ အတက်တွေ၊ အဖောင်းတွေနှင့် ရှိနေကြသည့်တိုင် ပါရီတွင် ထိုအဆင်အယင်တို့ကို လုံးဝဖြုတ်လိုက်ကာ အသားနှင့်ကပ်အောင်ချုပ်ထားသည့် ပြောင်ဂါဝန်မျိုးတွေပေါ်နေသည်ကို သိရသည်။ သည်အဝတ်အစားမျိုးကို အထက်မြန်မာနိုင်ငံတွင် သူ ပထမဆုံးဝတ်ခြင်း ဖြစ်ပေလိမ့်မည်။ ချည်ထည်ပေါ်တွင် ပန်းရိုက်ထားသည့်အစကပင် သူ့အဖို့ အသစ်အဆန်းဖြစ်နေသည်။

ပါရီသူတွေကြိုက်သည့် မီးခိုးရောင်ဖျော့ဖျော့ အောက်ခံပေါ်တွင် ယမင်းရုပ်ကလေးများ၊ နဲ့ရုပ်ကလေးများ၊ ဗုံရုပ်ကလေးများနှင့် မျောက်ရုပ်ကလေးများကို ရောင်စုံလှလှကလေးများဖြင့် ရိုက်ထားသည်။ ဘော်ဒီမှာ ကြယ်သီးတပ်ထားပြီး ကြယ်သီးမှာလည်း ကျောက်ပွင့်ကလေးများကို မျက်လုံးအဖြစ် မြှုပ်ထားသည့် ခွေးခေါင်းကလေးများဖြစ်၏။ ခါးစည်းမှာခေါင်းတွင် ခွေးခေါင်းကလေးများတပ်ထားသည့် မီးခိုးရောင်ကတ္တီပါစည်းဖြစ်သည်။။

ဂါဝန်အနားမှာ အတွန့်ဖြစ်ပြီး အတွန့်ပေါ်တွင် ကလေးအရုပ်ကလေးများ၊ မျောက်ရုပ်ကလေးများသည် ဆော့ကစားနေကြသည်နယ်ဖြစ်လျက် အချို့မှာ ချုပ်ရိုးကြောင်းထဲသို့လည်းကောင်း၊ အတွန့်ထဲသို့လည်းကောင်း၊ ရောက်နေကြကာ ခေါင်း၊ လက်၊ ကိုယ်၊ ခြေထောက် စသည်တို့ပျောက်နေကြသည်။ တစ်နေရာတွင်မူ ဆံပင်ကောက်ကလေးများနှင့် ကလေးမအရုပ်ကလေးသည် မျောက်ကလေး၏ခြေထောက်ကြားတွင် ပျောက်ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ရ၏။ ကိုယ်နှင့်လက် အဆက်နေရာများတွင်လည်း ကလေးအရုပ်များ၊ မျောက်ရုပ်ကလေးများသည် ခြေပြတ်လက်ပြတ်ဖြစ်နေကာ ဂါဝန်ပေါ်မှကြည့်ရသည်မှာ အစုလိုက်အပြုံလိုက် အသတ်ခံရသည့် အရုပ်ကလေးများကို ရေးခြယ်ထားသည့်နှယ်ရှိသည်။

အရှေ့တိုင်းမျက်စိနှင့်ကြည့်လျှင် မလှသည့်တိုင် အသစ်အဆန်းကြိုက်သော အနောက်တိုင်းမျက်စိထဲတွင်မူ ထိုသို့အရုပ်ကလေးများ ခြေပြတ်လက်ပြတ်ဖြစ်နေကြသည့်ပုံကို ကြည့်၍ကောင်းနေသည်။ ဂါဝန်သစ်နှင့်အတူ ပို့လိုက်သည့် ဦးထုပ်ကလေးမှာ စာပို့သမားဦးထုပ်ဟုခေါ်ကြသော နောက်ဆုံးပေါ် ဦးထုပ်ဖြစ်ပြီး ရှေ့ပိုင်းတွင် ကြက်လျှာစွန်းလို အနားကလေးများချထားလျက် နောက်ပိုင်းတွင်မူ လုံးဝအနားမပါချေ။ ဘေးတွင် ပန်းနိုင်ကလေးများသဖွယ် ကြိုးကလေးများကို လိမ်၍ယှက်ထားသည့်အတွက် ဆောင်းလိုက်ပါက သရဖူတစ်ခုလို ခေါင်းပေါ်တွင် ခပ်မြင့်မြင့်ဖြစ်နေသည်။

ဖင်နီသည် ဦးထုပ်အနားပတ်တွင် ရေးထားသည့် ပန်းပွင့်တို့ကိုကြည့်၍ စိတ်ပျက်သွားသည်။ ပန်းပွင့်များမှာ စကားဝါပန်းများဖြစ်၏။ သာမန်မြင်နေကျ တွေ့နေကျပန်းတွေ။ မည်သို့ဖြစ်စေ ပန်းပွင့်များမှာ သူ့ဦးထုပ်ကလေးပေါ်တွင် တောက်တောက်ပပနှင့် ကြည့်၍ကောင်းသည်။ ဖင်နီသည် ဂါဝန်ကိုဝတ်ပြီးနောက် မှန်ရှေ့တွင်ရပ်ကာ ကိုယ်ကိုလှည့်ကြည့်၏။ ကြည့်ရင်း အလိုလို စိတ်အားငယ်သလိုဖြစ်သွားသည်။ မီးခိုးရောင်ဖျော့ဖျော့ကြောင့် သူ့အသားသည် ပို၍ဝါသွားသလော။ သို့မဟုတ် ညိုသွားသလော။ ကိုယ်တွင်ချပ်နေသည့် ဂါဝန်ကို ဝတ်လိုက်ခြင်းကြောင့် သူ့ခါးနှင့် သူ့ခန္ဓာကိုယ်၏ ခပ်ဖိုင့်ဖိုင့်သဏ္ဌာန်သည် ပို၍ ထင်ရှားလာသလော။ တောင့်တောင့်ကြီးဖြစ်နေသလော။ သူ့လည်ပင်းနှင့် သူ့မေးတို့သည် ခါတိုင်းလို သွယ်၍မနေတော့ဘဲ ခပ်ဆစ်ဆစ်ဖြစ်လာကြသလော။

ဖင်နီသည် လက်ကိုင်မှန်အပိုင်းကလေးကို ကြည့်ကာ စိတ်ပျက်သွားသည်။ အောက်စ်ဘော်ဒီမပါ၊ ဘာမပါဖြင့် မြန်မာအဝတ်အစားကို ကြာရှည်ဝတ်ဆင်ခဲ့သောကြောင့်လော။ သို့မဟုတ် မီးအုံးပေါ်တွင် လဲလျောင်းကာ ရွှေနန်းတော်ကြီးထဲတွင် ခြေကျင်လျှောက်သည်မှအပ အလှုပ်ရှားနည်းခဲ့သောကြောင့်လော။ သို့တည်းမဟုတ် ထမင်းနှင့် အချိုများကို ချည်း စားခဲ့သောကြောင့်လော၊ သူ့ကိုယ်ခန္ဓာအလှသည် မည်သို့ဖြစ်သွားလေသနည်း။ ငါ အသက်နှစ်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတာပဲ။ အသက်မကြီးသေးဘဲနဲ့ ဘာဖြစ်လို့ ဒီလိုအလှပျက်သွားရတာလဲဟု ဖင်နီတွေးသည်။

ထိုသို့ဖြစ်ခြင်းမှာ အဒိုမြန်သော မြန်မာသွေးဖြင့် အီတာလျံသွေးတို့ ပေါင်းစပ်ထားခြင်းကြောင့်ဖြစ်ကြောင်းကို ဖင်နီမတွေးမိ။ ကိုယ်ခန္ဓာအလှကို ထင်ထင်ရှားရှား ပေါ်နေသည်၊ နောက်ဆုံးပေါ် ဖက်ရှင်ကို ဝတ်လိုက်ခြင်းကြောင့် မျက်စိထဲတွင် တစ်မျိုးဖြစ်နေခြင်းသာဖြစ်လိမ့်မည်ဟု ဖင်နီထင်လိုက်သည်။

ဖင်နီ သူ့ခန္ဓာကိုယ် အလှပျက်ယွင်းစပြုနေသည်ကို သတိမပြုမိ။ သူ့တွင် အလှဆုံးဖြစ်သည့် သေးသွယ်ပျော့ပျောင်းမှုတို့ ပျောက်ကွယ်သွားကြပြီဖြစ်ကြောင်းကို ဖင်နီမတွေးမိ။



www.burmeseclassic.com

www.burmeseclassic.com


ဆင်စွယ်နှစ်ရောင်အသားသည် ဖြူဖျော့ဖျော့ ဖြစ်လာခဲ့ပြီ။ အသည်းပုံမျက်နှာလေးသည်လည်း ထောင့်စွန်းများ ခပ်ဆစ်ဆစ်ဖြစ်လာခဲ့ပြီ။ နှာခေါင်းပြားပြားသည်လည်း ပို၍ထင်ရှားလာခဲ့လေပြီ။

ဖင်နီသည် မှန်ထဲမှသူ့ရုပ်ကို တအံ့တသြကြည့်နေရာမှ ရင်သည် ပို၍လျင်မြန်စွာ ခုန်စပြုလာသည်။ သူ့ရုပ်ကို ဗွန်ဗိုင်ဆင်များမြင်လျှင် မည်သို့ရှိလေမည်နည်း။ ဖင်နီသည် သွယ်သွယ်သပ်သပ် ကျော့ကျော့မော့မော့ကလေးရှိနေသော သူ့ရုပ်ကို မျက်စိထဲတွင် မြင်နေကျဖြစ်သည့်အတွက် ယခုမှန်ထဲတွင် မြင်နေရသော သူ့ရုပ်ကို သူမယုံနိုင်အောင် ဖြစ်နေသည်။

ဖင်နီသည် ထိုရုပ်ကို ကြိုးစားဖျောက်ပစ်၏။ သူ့အဝတ်အစားများကို အခြားအပျိုတော်များက ဝိုင်းဝန်းချီးမွမ်းကြသည့်အတွက် မေ့ပျောက်၍လည်း ရသွားသည်။ ထို့ကြောင့် ဖင်နီသည် ထိုအဝတ်အစားကို ဗွန်ဗိုင်ဆင်ပြန်ရောက်တော့မှ ဝတ်တော့မည်ဟု သိမ်းထားလိုက်ပြီး မှန်ကိုလည်းမကြည့်ဘဲ နေလိုက်သည်။ သို့ရာတွင် ဖင်နီသည် မနက်အစောကြီး နိုးနိုးနေတတ်ပြီး ထိုသို့နိုးနေစဉ်တွင်လည်း မိမိ၏အလှသည် ပျက်ယွင်းစပြုနေလေပြီဟု တွေးမိကာ စိတ်မချမ်းမသာ ဖြစ်နေတတ်သည်။

သီပေါမင်းသည် စက်ရာထဲတွင် စက်၍မပျော်နိုင်ဘဲ သနားစဖွယ် ငိုကြွေးသံတို့ကို ကြားယောင်ကာ ညအမှောင်တွင် ခေါင်းပြတ်ကြီးများကို မြင်ယောင်နေသည့်နည်းတူ ဖင်နီမှာလည်း သူ့လည်ပင်းဖြိုးဖြိုး၊ ခါးတုတ်တုတ်နှင့် မေးအစ်အစ်တို့ကို မြင်ယောင်လျက်ရှိသည်။ နောက်တစ်နေ့တွင် ဖင်နီသည် အစားကိုလျှော့စား၏။ ညနေမှောင်ရီရီတွင် သူ့ရုပ်ကို မှန်ထဲတွင် အနီးကပ်ကြည့်သည်။ သူ့အသားအရေသည် သူထင်သလောက် ပျက်စီးခြင်းမရှိသေး။ သူ့အချိုးအဆက်တို့သည်လည်း သူထင်သလောက်မဆိုးသေး။

စင်စစ် ကြောက်မက်ဖွယ် အဖြစ်အပျက်များကို ကြုံတွေ့ခဲ့ရပြီး ကလေးတွေတစ်ယောက်ပြီးတစ်ယောက်မွေးခဲ့သည့် စုဖုရားလတ်ပင်လျှင် သူ့ခန္ဓာကိုယ်သေးသေးသွယ်သွယ်ကို ထိန်းသိမ်းထားနိုင်သေးလျှင် ထိုအဖြစ်အပျက်မျိုးတို့ကို ကြုံတွေ့ခဲ့ခြင်းမရှိသည့် မိမိသည်လည်း အဘယ့်ကြောင့် မထိန်းသိမ်းထားနိုင်ရမည်နည်း။ သို့ရာတွင် စုဖုရားလတ်သည် ယခင်ကကဲ့သို့ စူးရှထက်မြက်မှုမျိုး မရှိတော့ပြီဆိုသည့်အချက်ကိုမူ ဖင်နီ သတိမပြုမိ။ စုဖုရားလတ်၏အသွေးအသားတို့သည် စိုးရိမ်မှု၊ လောဘကြီးမှုတို့ လောင်မြိုက်သဖြင့် တဖြည်းဖြည်း ခန်းခြောက်လိုက်လာခဲ့လေပြီ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၆ ]

ဗွန်ဗွိုင်ဆင်ထွက်သွားပြီးနောက် တစ်လအကြာတွင် ဖဲင်နီသည် ဆန်ဒရေနိနှင့် လည်းကောင်း၊ သဘော်ာကပ္ပတိန်ရော်လင်ဆန်နှင့် လည်းကောင်းမကြာခဏ တွေ့ဆုံဖြစ်ခဲ့သည်။ ရော်လင်ဆန်ထံသို့ မကြာခဏရောက်ခြင်းမှာ စာပို့သဘော်ာဖြင့် ဗွန်ဗွိုင်ဆင့်ထံမှ စာများပါလိုပါငြား သွားရောက်စုံစမ်းရန်ဖြစ်၏။ သို့ရာတွင် ဗွန်ဗွိုင်ဆင်သည် စာရေးပျင်းသူတစ်ယောက်ဖြစ်ဟန်ရှိသည်။ စာလာလျှင်လည်းသူ့စာထဲတွင် မိတ်ဆွေများအားထုတ်ပြန်၍ ကြွားလောက်သည့် ကိုယ်ရေးကိုယ်တာကိစ္စဆို၍ ဘာမျှရေရေရာရာမရှိပါ။

ပြင်သစ်တို့သည် တုန်ကင်းပင်လယ်ကွေ့တွင် အရေးနိမ့်သွားခဲ့ရာ ထိုသတင်းကို ဗွန်ဗွိုင်ဆင်သိချင်မှ သိဦးမည်။ သို့ဆိုလျှင် ဗွန်ဗွိုင်ဆင်ထိုကိစ္စဖြင့် အလုပ်များနေသလောဟု ဖဲင်နီစဉ်းစားမိသည်။ မန္တလေးရွှေမြို့တော်တွင်မူ ဗွန်ဗွိုင်ဆင်ထွက်သွားပြီးနောက် ရရှိသည့်သတင်းများကြောင့် အကျော်ဇေယျ ဖြစ်လျက်ရှိ၏။ အစ်မကြီးဖြစ်သော ပြင်သစ်ပြည်ကြီး၏ တန်ခိုးဩဇာသည် ကြီးမားလှကြောင်း၊ ပြင်သစ်ပြည်ကြီးသည် အရှင်နှစ်ပါးတို့၏ ဘေးအန္တရာယ်များကို ကူညီဖြေရှင်းပေးလိမ့်မည်ဖြစ်ကြောင်းဖြင့် ဖဲင်နီသည် သီပေါမင်းနှင့် စုဖုရားလတ်တို့အားနည်းအမျိုးမျိုးနှင့် နှစ်သိမ့်အားပေးလျက်ရှိသည်။

ယခုတလောတွင် ဆန်ဒရေနို၏အပြုအမူကို ကြည့်ရသည်မှာနည်းနည်း ထူးဆန်းသည်။ သဘော်ာပေါ်တွင်တွေ့သဖြင့် ဗွန်ဗွိုင်ဆင်ပြောဖူးသော အီတလီနှင့်မြန်မာ စာချုပ်ချုပ်ဆိုသည့်ကိစ္စကို ဖဲင်နီက မသိမသာ တီးခေါက်ကြည့်၏။ ဆန်ဒရေနိုက စိတ်ပျက်လက်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပခုံးကို တွန့်ပြလိုက်ပြီး အကျိုးအကြောင်းကို ပြောပြလိုက်သည်။ သို့ပြောခြင်းမှာ ဖင်နီကို ယုံကြည်၍မဟုတ်။ ဖင်နီသည် အရေးမကြီးသည့် မိန်းကလေးတစ်ယောက်ဖြစ်သည့်အပြင် ပြောချင်ရာကို ပြောလိုက်ရသဖြင့် သက်သာရာရသွားသည့်အတွက် ပြောခြင်းဖြစ်သည်။

"အီတလီက အင်းဝရွှေနန်းနဲ့ စာချုပ်ချုပ်ဖို့စိတ်မကူးနိုင်ပါဘူးဗျား။ ကိုယ့်ကိစ္စနဲ့ ကိုယ်အလုပ်များနေတာပါ။ ဒီကိစ္စကို ခင်ဗျားကို ဗွန်ဗိုင်ဆင်က ပြောထားတယ်ထင်တယ်။ သူတို့ ပြင်သစ်ခေါင်းဆောင်ကြီး ဂျူးလ်ဖယ်ရီကတုန်ကင်းမှာ အရေးနိမ့်သွားတော့ ကျူနီးရှားကို အတင်းဝင်သိမ်းပိုက်လိုက်တယ်ခင်ဗျ။ ကျွန်တော်တို့အတန်တန် ကန့်ကွက်တဲ့ကြားက ဝင်သိမ်းပစ်လိုက်တော့ ကျွန်တော်တို့မှာလည်း သုံးနိုင်ငံမဟာမိတ်အဖွဲ့ထဲကို ဝင်လိုက်ရတော့တာပေါ့။ ဒါတွေကိုခင်ဗျားနားလည်မှာမဟုတ်ဘူးလေ။ ခုလောလောဆယ်မှာတော့ ကျွန်တော်တို့အီတလီမှာ အက်ဘီဇီးနီးယားကိစ္စတစ်ခုကိုပဲစိတ်ဝင်စားနေသေးတယ်။ ကျန်တဲ့အချိန်မှာတော့ ဝန်ကြီးအဖွဲ့ကို ပြုပြင်ဖွဲ့နေရတာနဲ့ အချိန်ကုန်နေတာပဲ။ ဘာဖြစ်လို့များအာဖရိကတိုက်နဲ့ပတ်သက်ချင်နေကြသလဲ မသိဘူး။ အမှန်ကတော့ အာဖရိကတိုက်နဲ့ ပတ်သက်ရတာကံဆိုးချင်လို့ခင်ဗျ။ အဲ . . . ကံကောင်းတာဆိုလို့ကျူးနီးရှားကို အလွယ်တကူ ရလိုက်တဲ့ ပြင်သစ်တစ်နိုင်ငံပဲရှိသေးတယ်"

သူ့ပါးစပ်မှ ထူးဆန်းသောနာမည်တွေတသီကြီးထွက်လာသည်။ ဖင်နီသည် ထိုအမည်များကို ခွဲခြားသတ်မှတ်ရန် ကြိုးစားခြင်းမပြုတော့။ သူ့စိတ်ထဲတွင် အရေးကြီးသည့် အချက်တစ်ချက်ကိုသာမှတ်လာခဲသည်။ ယင်းမှာ ဆန်ဒရေနိုသည် မန္တလေးရွှေမြို့တော်သို့ ပြင်သစ်တို့လာရောက်ခြင်းကို နှစ်သက်ခြင်းမရှိဟူသော အချက်ဖြစ်၏။ အဘယ့်ကြောင့် ထိုသို့ဖြစ်ရမည်နည်း။ မန္တလေးတွင် ပြင်သစ်တို့နှင့် အီတာလျံတို့သည် မည်သို့မည်ပုံခြေပုန်းခုတ်နေကြသနည်း။ ထိုအချက်များကို ဖင်နီစိတ်မဝင်စား။ သို့ရာတွင် ထိုအချက်သည် သူ၏ကျဉ်းမြောင်းသေးငယ်သောစိတ်ထဲတွင် သံမှိုနက်လိုက်သကဲ့သို့ကား စွဲမြဲသွားလေသည်။

ပြင်သစ်ပြည်တွင်နန်းရင်းဝန်ဖယ်ရီ၏ ဝန်ကြီးအဖွဲ့ ပြုတ်ကျသွားသည့်ဆိုသည့် သတင်း အတိုအထွာကိုသိရသည့်အခါတွင် ဖင်နီသည် ထိုအချက်ကိုသွား၍ သတိရပြန်သည်။ သူ့စိတ်ထဲတွင်မူ ထိုသို့ ပြုတ်ကျသွားခြင်းအတွက် ဘာမျှထူးခြားသည်မထင်မိ။ ပြင်သစ်တို့သည် တုန်ကင်းတွင် ယခင်ကကဲ့သို့ပင် ဆက်လက်လှုပ်ရှားနေမြဲ။ ပြင်သစ်ကောင်စစ်ဝန်မားစ်သည်လည်း ဟိတ်ဟန်အပြည့်ဖြင့် ရောက်လာကာ ရွှေနန်းတော်ကြီးထဲတွင် အရေးတကြီးပုဂ္ဂိုလ်တစ်ယောက်ဖြစ်နေမြဲ။ ကောင်စစ်ဝန်မားစ်သည် ပြင်သစ်ပြည်ရောက် မြန်မာသံအဖွဲ့နှင့်အတူ လိုက်ပါလာခဲ့ခြင်းဖြစ်သည်။ မြန်မာသံအဖွဲ့မှာလည်း သွားတုန်းကကဲ့သို့ပင် ထရေဗီလျံက ကြိုးကြပ်၍ ပြန်လာခဲ့သည်။ သူကြီးကြပ်သည့်အတွက် ရွှေနန်းတော်ကြီးသည် ပြင်သစ်တို့ကို ပို၍ မှီခိုလာခဲ့ခြင်းဖြစ်ပုံရသည်။

မြန်မာသံကိုယ်စားလှယ်အဖွဲ့သည် ပြင်သစ်ပြည်နှင့် အရေးတကြီး စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်တွင် (ယင်းစာချုပ်ကို ပါရီနှင့် အင်းဝရွှေနန်းတော်ကလည်း လိုလားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ဗွန်ဗိုင်ဆင်ကမိမိအား ပြောခဲ့ဖူးသည်မဟုတ်လော။) မြန်မာသံအဖွဲ့ပြန် လည်ရောက်လာခြင်းသည် အရေးကြီးသော ကိစ္စကြီးတစ်ရပ်ဖြစ်နေသည်မှာ သဘာဝလည်း ကျသည်။ သို့ရာတွင် မကြာမီတွင် အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့သည်။ ဘာမျှအရေးမကြီးသော ပြင်သစ်ကောင်စစ်ဝန်သည် ရွှေနန်းတော်ကြီးထဲတွင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ပြီး ရွှေနန်းတော်ကြီးထဲတွင်လည်း ပျော်ပွဲရွှင်ပွဲတွေ တမြိမ့်မြိမ့်နှင့် ဖြစ်နေသည်။ ကုလားဖြူများသည် လမ်းမတကာတွင် ခေါင်းမော့၍ လမ်းသလားနေကြသည်။ မြန်မာတို့၏ အထင်တွင်မူ မိမိတို့၏ပြဿနာများသည် ပြေလည်သွားတော့မည်ဟု ထင်ခဲ့ကြ၏။ ဒုက္ခတို့ ကင်းဝေးရာ အလျှံပယ်ကြွယ်ဝသောခေတ်ကြီးကို မကြာမီတွင် တွေ့ရတော့မည်ဟု မျှော်လင့် ခဲ့ကြ၏။

ရွှေနန်းတော်ကြီးထဲတွင်စားပွဲသောက်ပွဲများ၊ မင်းပွဲများသည် ကျင်းပမစဲဖြစ်နေကြ သည်။

ကောင်စစ်ဝန်မားစ်ကိုလည်းသံကိုယ်စားလှယ်နှင့်အတူ ညစာတည်ခင်းကျွေးမွေး ၏။ ပြင်သစ်ပြည်သို့သံကိုယ်စားလှယ်အဖွဲ့စေလွှတ်လိုက်ခြင်းသည် အရေးကြီးသလောက် အောင်မြင်မှုလည်း ရခဲ့ဟန်ရှိ၏။ ပြင်သစ်ကောင်စစ်ဝန်မားစ်မှာ ပိန်ပိန်ပါးပါး၊ အသားညိုညို နှင့် ဖြစ်ပြီး သူ့အတွက် အကျိုးမရှိသည့် ကိစ္စဆိုလျှင် မည်သည့်အရာကိုမျှ စိတ်ဝင်စားခြင်းမရှိ သည့်ပုံစံမျိုးဖြစ်သည်။ သူ့အကျိုးဆိုသည်မှာလည်း သူ့အမိပြင်သစ်နိုင်ငံကြီး၏ အကျိုးသာ ဖြစ်၏။

ဖဲင်နီသည် ယောကျ်ားများကို အကဲခတ်ရာတွင် သူတို့စိတ်ဝင်စားသည့်အရာကို တစ်ချက်တည်းနှင့် အကဲခတ်တတ်သူဖြစ်လေရာ မားစ်သည်လည်း သူ့တိုင်းပြည်ကိစ္စကို စိတ်အဝင်စားဆုံးဖြစ်သည်ဟု အကဲခတ်လိုက်မိသည်။ ပြင်သစ်ကောင်စစ်ဝန်မားစ်သည် စိတ်တစ်စိတ်တည်းရှိသူဖြစ်ပြီး ထိုစိတ်မှာလည်း တစ်လမ်းတည်းသွားသည့် စိတ်မျိုးဖြစ် လျက်အားလုံးချောမောလျက် အားလုံးချောမောအဆင်ပြေလျှင် ကိုယ့်ရည်ရွယ်ချက်လည်း ပန်းတိုင်ရောက်အောင် စိုက်လိုက်မတ်တပ်လုပ်တတ်သလောက် အဆင်မပြေဘဲ အဖု အထစ်တွေ တွေ့လာသည်နှင့် စိတ်ဓာတ်အကြီးအကျယ် ကျတတ်သူများဖြစ်သည်။ မန္တလေး ရွှေမြို့တော်ကြီးတွင် ပြင်သစ်ပြည်ကြီး၏စီမံကိန်းကို အကောင်အထည်ဖော်ရန် ထိုသို့လူစား မျိုးကို လွှတ်လိုက်လေပြီ။

ပြင်သစ်ကောင်စစ်ဝန်မားစ်သည် ဖဲင်နီ့ကိုလည်း ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံ သည်။ ထိုသို့ဆက်ဆံခြင်းမှာ မိမိကိုယ်စိတ်ဝင်စားခြင်းကြောင့်မျှမက မိမိသည် ရွှေနန်းတော် ကြီးမှ အခွင့်အရေးပေးခြင်းခံရသူတစ်ဦးဖြစ်သည့်ပြင် ပြင်သစ်တို့ကို လိုလားသူတစ်ဦးဖြစ် ကြောင်း သိခဲ့သောကြောင့်လည်း ဖြစ်မည်ဟု ဖဲင်နီယူဆသည်။ သူနှင့်တွေ့သည့်အခါတွင်မူ အပျိုတော်မဟုတ်တော့သည့်အတွက် ဖဲင်နီအနည်းငယ် စိတ်မချမ်းမသာဖြစ်နေမိသည်။ ဖဲင်နီသည် ပြင်သစ်ကောင်စစ်ဝန်မားစ်နှင့် မကြာခဏ တွေ့ဆုံလေ့မရှိ။ ကောင်စစ်ဝန်မားစ်



www.burmeseclassic.com

www.burmeseclassic.com



သည် လောကအကြောင်းကို တော်တော်နဲ့စပ်သည့်သူတစ်ဦး ဖြစ်ဟန်ရှိသည်။ ရောက်ပြီး မကြာမီတွင် ကောင်စစ်ဝန်မားစ်နှင့် ဆန်ဒရေနီတို့ ခပ်တန်းတန်း ဖြစ်သွားကြသည်။ ဤ အချက်မှာ ထင်ရှားသည်။

ကောင်စစ်ဝန်မားစ်သည် မန္တလေးမြို့သို့ရောက်သည့်အခါတွင် အီတာလျံကောင် စစ်ဝန်ကသူနှင့်အတူ ပူးပေါင်းလုပ်ဆောင်လိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ သို့ရာတွင် ဆန် ဒရေနီသည် သူထင်သကဲ့သို့မဟုတ်။ ယခုတလော ဆန်ဒရေနီမှာ အပြင်သို့ထွက်သည်မရှိဘဲ အိမ်ထဲတွင်ကုပ်လျက်ရှိကာ ရွှေနန်းတော်ကြီးထဲမှာ မျက်နှာသာပေးခြင်းကိုလည်း မခံရ တော့ပြီ။ ဆန်ဒရေနီသည် ဗြိတိသျှလိုလားသူဟု ရွှေနန်းတော်ကြီးက သံသယဖြစ်နေသည်။ ထိုသို့ရှိစဉ် ငြိုးငွေ့ဖွယ်ကောင်းသည့် ပြဿနာတစ်ရပ် ပေါ်လာပြန်သည်။ ယင်းပြဿနာမှာ ကျွန်းသစ်များကို ထုတ်လုပ်နေသည့် ဘုံဘေဘားမားကုမ္ပဏီ၏ ကိစ္စဖြစ်သည်။

ဆန်ဒရေနီမှာ မန္တလေးတွင် ဘုံဘေဘားမားကုမ္ပဏီ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီကိုယ်စား ဆောင်ရွက်စရာရှိသည်တို့ကို ပြတ်သားစွာ ဆောင် ရွက်တတ်သည်။

ဖြစ်ပုံမှာ ဘုံဘေဘားမားသစ်ကုမ္ပဏီသည် မိမိအားပေးစရာရှိသည့် သစ်ဖိုးများကို လိမ်လည်ကြောင်းဖြင့် သီပေါမင်းက စွပ်စွဲသည်တွင် သစ်ကုမ္ပဏီက ငြင်းဆိုသည်။ ဤတွင် ဘုရင် သို့မဟုတ် ဝန်ကြီးများက ဘုံဘေဘားမားသစ်ကုမ္ပဏီကို ဒဏ်ငွေဆောင်ရန် တောင်း ဆိုသည်။ ကုမ္ပဏီက ငြင်းသည်။ ဤသို့ဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အငြင်းပွားနေ ကြသည်။ ဖဲင်နီမှာ ထိုကိစ္စကို စိတ်ပါဝင်စားခြင်းမရှိလှ။ သစ်ကုမ္ပဏီ၏အရှုံးသည် ပြင်သစ်တို့ ၏အမြတ်ဖြစ်သည်ဆိုသည့်အချက်ကို ရှင်းပြမည့် ဗွန်ဗိုင်ဆင်ကလည်းမရှိ။ ပြင်သစ်ကောင် စစ်ဝန်မားစ်ကလည်း သူ့ဘာသာသူ ဘာတွေအလုပ်များနေသည်မသိ။ သို့ဖြင့် ဖဲင်နီသည် ဗွန်ဗိုင်ဆင် မန္တလေးရွှေမြို့တော်သို့ ပြန်လာမည့်ရက်ကိုသာ လက်ချိုးရေတွက်နေမိသည်။

နောက်ဆုံးတွင် ဗွန်ဗိုင်ဆင် ပြန်ရောက်နေပြီဆိုသည့်သတင်းကို ကြားရသည်။ ထို သတင်းကို စကားစပ်မိသဖြင့် အပျိုတော်တစ်ဦးက ပြောသွားခြင်းဖြစ်၏။ မနက်ခင်းညီလာခံ ကြီးတွင် အခစားဝင်နေသည်ကို တွေ့ခဲ့ရကြောင်းဖြင့် လက်ပါးစေတစ်ယောက်က ထိုအပျို တော်ကို ပြောဆိုခြင်းဖြစ်သည်။ ဖဲင်နီသည် ယခုလို အမှတ်မထင် ခပ်ပေါ့ပေါ့ဆက်ဆံခံရ သည်ကို ကြုံဖူးခဲ့လေပြီ။ ယခုမူ ဟင်းလင်းပြင်ကြီးထဲတွင် မျောပါသွားသကဲ့သို့ သူ့နှလုံးသား သည် ကြောက်ဖွယ် ဟာလာဟင်းလင်း ဖြစ်သွားခဲ့လေပြီ။ ထို့နောက် ထိုနှလုံးသားသည် တဖြည်းဖြည်းလွင့်၍လွင့်၍ ဝေးသွားခဲ့လေပြီ။ ထိုနှလုံးသားတစ်နေရာအရောက်တွင် တန့်ရပ် သွားကာ လည်ချောင်းထဲတွင် တစ်ဆို့လျက်ရှိ၏။ အသက်ကိုပင် ရှူ၍မရအောင် ဖြစ်နေ သည်။

မန္တလေးသို့ရောက်ပါလျက် မိမိထံသို့ စကားလက်ဆောင်ကလေးမျှပင် မပါးပါ ဘကား။ မိမိပေးသောစာများ မရောက်၍လော။ မည်သို့နည်း။ မိမိခန်းဆောင်သို့ပြန်ရောက်၍



www.burmeseclassic.com

www.burmeseclassic.com



အကျီနှင့်ထဘီကိုလဲနေစဉ် သူ့လက်များသည် တုန်နေကြသည်။ ထဘီနှင့်အကျီတို့ကို သူ မှန်းသွားလေပြီ။ ဖဲင်နီသည် ဗွန်ဗိုင်ဆင်ဝယ်ပေးသော ဝတ်စုံကို သေတ္တာထဲမှထုတ်ကာ ပြင်သစ်လုပ်ကြေးခုတင်ပေါ်တွင် ဖြန့်၏။ ထို့နောက် ပါရီသူများ အလှပြင်သကဲ့သို့သူ့မျက်နှာကို ကျကျနနလိမ်းခြယ်ကာ ခေါင်းပေါ်မှဆံထုံးကြီးကို ဖြေချ၍ ဆံပင်ကို နဖူးပေါ်သို့ချပြီး အတွန့်ကလေးတွေ အမောက်ကလေးတွေပြင်သည်။ မန္တလေးသို့ သူလာခဲ့စဉ်က ထားခဲ့သလို ပခုံးတစ်ချက်တွင် ဆံခွေကလေးတွေ ဖြန့်ထားသည့် ဖက်ရှင်မျိုးခေတ်စားလျှင် အကောင်းသားဟု သူတွေးမိ၏။

အဆင်အပြင်နှင့် အဝတ်အစားတို့ကို လုပ်ကိုင်ရသည့် ထိုနစ်ခုသည် တစ်ခုနှင့်တစ်ခုသည် လိုက်ဖက်ခြင်းမရှိလှ။ ဖဲင်နီသည် ဗွန်ဗိုင်ဆင်ပေးဖူးသည့် ပြင်သစ်ရေမွှေးကို ဆွတ်ဖျန်းပြီးနောက် သူပေးလိုက်သည့် ကလေးရုပ်ကလေးတွေ၊ မျောက်ရုပ်ကလေးတွေ၊ နဲရုပ်ကလေးတွေပါသည့် ဝတ်စုံကိုဝတ်သည်။ ဘော်ဒီကိုဝတ်ပြီးနောက် ခွေးခေါင်းပုံကြယ်သီးကလေးတွေကို ဆွဲစေ့တပ်လိုက်သည်။ ကော်လာကို ဆွဲစေ့သည့်အခါတွင် သူ့လည်ပင်းက တုတ်နေသဖြင့် မနည်းတပ်ယူရ၏။ ထို့နောက် ပန်းခိုင်ကလေးတွေတပ်ထားသည့် စာပို့သမားဦးထုပ်ကိုဆောင်းကာ လေးပုံသုံးပုံ လက်ရှည်ချထားသည့် မီးခိုးရောင်ဖျော့ဖျော့လက်အိတ်ကို စွပ်သည်။ ဖဲင်နီသည် သူ့ကိုယ်သူ မှန်ထဲတွင် ကြည့်နေသည်။ သူဘာလုပ်ရမည်နည်း။ သူချစ်သူကို မြန်မာဝတ်စုံကို ဝတ်လျက်မတွေ့ချင်။ သည်ဝတ်စုံဝတ်မှ ဖြစ်မည်။

မဆိုး။ ဝမှန်ထဲတွင် ကြည့်လိုက်သည့်အခါတွင် ထိုဝတ်စုံသည် သူနှင့်ကြည့်၍ကောင်းသည်။ စင်စစ်သူလည်း အသက်သိပ်မကြီးသေး။ ဝတ်စုံကလည်း လှလှ၊ ရေမွှေး၊ လက်အိတ်၊ အိတ်ကပ်နှင့်ဆိုလျှင် ပါရီသူတို့အဘယ်မှာ သူ့ထက်သာမည်နည်း။ မပြင်တတ်ပြင်တတ်ဖြင့် ပြင်ထားသည့် ဆံပင်ပေါ်တွင် စာပို့သမားဦးထုပ်လေးဖြင့်ဖုံးလိုက်သည်။ ဖိနပ်ကလည်း ပါရီမှပို့လိုက်သည့် ဖိနပ်အသစ်။ သူ့ထီးကဇာပိုးထီးအနက်ကလေး။ အနားတွင် ပန်းနုရောင်ကလေးကွပ်လျက်။ နေရောင်ထဲတွင် ဆောင်းလိုက်လျှင် မီးခိုးရောင်ဖျော့ဖျော့သည့် ပို၍ထင်းလာသည်။ ဖဲင်နီသည် ခန်းဆောင်ထဲမှလင်းနေသော ရွှေနန်းတော်စကြံဘက်သို့ ထွက်လာခဲ့သည်။ ဥယျာဉ်တော်ကိုဖြတ်၊စမ်းချောင်းကလေးများကိုကျော်ကာ နိမိတ်မကောင်းဟုဆိုကြသော အနောက်တံခါးအတိုင်း နန်းမြို့ပြင်သို့ထွက်လာခဲ့သည်။

ဖဲင်နီသည် ရွှေနန်းတော်ကြီးထဲသို့ တံခါးမရှိဓားမရှိ ဝင်စေထွက်စေ အမိန့်ရထားသူဖြစ်သည့်အတွက် အချိန်မရွေးထွက်နိုင်ဝင်နိုင်သည်သာ။ ခါတိုင်းလို ဒါဇီရာတို့ခြံထဲက မဖြတ်တော့ဘဲ ဗွန်ဗိုင်ဆင်၏ ဘန်ဂလိုသို့ တိုက်ရိုက်လာခဲ့သည်။ မြင်နေကျ ဘန်ကလိုအမိုးကလေးကိုမြင်လိုက်ရသည်နှင့် သူ့နှလုံးသားသည် လျင်မြန်စွာ ခုန်စပြုလာ၏။ အထဲတွင် မည်သူမျှရှိပုံမရ။ သို့ရာတွင် ကိစ္စမရှိ။ ခါတိုင်းလို အထဲသို့ဝင်သွားပြီး အေးအေးဆေးဆေး ထိုင်စောင့်လိုက်မည်ဟု စိတ်ကူးသည်။

---

လဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောရွက်တွေ မိုးနေသည့် လမ်းကလေးအတိုင်း ဝင်းထဲသို့ဆင်းလာခဲ့သည်။ ငှက်ပျောရွက်များက နေရောင်တော်က်ပသော ကောင်းကင်အောက်တွင် တလက်လက် တောက်လျက်။ လေပြကားထစ်များကို ခပ်သုတ်သုတ်တက်လာပြီး အသာလက်ခုပ်တီးလိုက်သည်။ မီးခိုးရောင် လက်အိတ်ကလေးမှာ ထောင့်တန်းပြဲသွားပြီ။ သို့ရာတွင် အထဲမှ ထူးသံမကြားရ။ လူသူမရှိသော အိမ်တစ်အိမ်၏ တိတ်ဆိတ်မှုမျိုးကြောင့် သူ့ရင်ထဲတွင် လေးသွားသည်။ ပြတင်းပေါက်ဆီသို့ သွားပြီး အထဲသို့ ချောင်းကြည့်လိုက်၏။ အခန်းက ဟာလာဟင်းလင်း။

ဖဝ်နီသည် ပြဲသွားသော လက်အိတ်ကလေးကိုပင်သတိမထားနိုင်ဘဲ ငူငူကြီးရပ်နေသည်။ တစ်ယောက်တည်း အဖော်မဲ့သလို ဖြစ်နေသောခံစားမှုသည် ရင်နှင့်အမျှပေါ်လာသည်။ ဘာမျှ ဖြစ်ဟန်မတူ။ ဘာမျှဖြစ်စရာအကြောင်းမရှိ။ အိမ်ပြောင်းသွားခြင်းသာ ဖြစ်ပေလိမ့်မည်။ ဗွန်ဗိုင်ဆင်သည် လူချမ်းသာတစ်ယောက်ဖြစ်နေပြီ။ ထို့ကြောင့်ဘန်ဂလိုကုပ်ကုပ်ကလေးနှင့် ကြည့်၍ မတင့်တယ်တော့။ သို့ရာတွင် သူ့ကိုမူ အသိပေးဖို့ကောင်းသည်။

ဖဝ်နီသည် လမ်းကလေးအတိုင်း လျှောက်လာခဲ့ကာဒါဗီရာတို့ပန်းခြံကိုဖြတ်ပြီး အိမ်သို့ လျှောက်လာခဲ့သည်။ ဒါဗီရာသမီးနှစ်ယောက်မှာ အိမ်တွင်ရှိနေကြပြီး သူ့ကိုမြင်သည့်အခါတွင် ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်ကြသည်။ သို့ရာတွင် မျက်နှာများက ခပ်ရှိန်းရှိန်းဖြစ်နေသည့်ဟန်။ သူ့စိတ်ထဲမှပင် ထင်နေ၍လောမပြောတတ်။

အစ်မကြီးက...

"ဖဝ်နီ့ကိုမျှော်နေတာ။ ဝင်ဇုံကလေးက လှလိုက်တာကွယ်။ တကယ့်ကို ဥရောပတိုက်သူပဲ"

"နို့...ဥရောပတိုက်သူကော မဟုတ်ဘူးလား။ ဗွန်ဗိုင်ဆင် ပါရီကပို့လိုက်တာလေ။ ခု သူ့ဆီသွားမလို့"

ညီအစ်မနှစ်ယောက်သည်တစ်ယောက်မျက်နှာကိုတစ်ယောက် လှမ်းကြည့်လိုက်ကြ၏။

"အိမ်သစ်ကို သွားမှာလား"

ဖဝ်နီသည် ချက်ချင်း သတိရသွားသည်။ ဗွန်ဗိုင်ဆင် အိမ်ပြောင်းသွားသည်ကို သူမသိဟုဆိုလျှင် ရှက်စရာကောင်းနေလိမ့်မည်။ သူဘာမှမသိဆိုသည့်အဖြစ်ကို သူတို့မသိစေချင်။ ဖဝ်နီသည် လှပသည့်ရှူးဖိနပ်ကို ငုံ့ကြည့်ရင်း...

"အစတုန်းကတော့ အိမ်သစ်ကိုသွားမလို့ဘဲ။ ဒါပေမဲ့ ဝေးတော့ ဖိနပ်ပေါက်တာနဲ့"

"အို ...ဖဝ်နီကလည်း၊ ဘယ်လောက်ဝေးတော့တာ မှတ်လို့။ အရင်သံတဲဟောင်း လောက်ပဲရှိတာ။ အိမ်ကြီးက သိပ်ကောင်းဆိုပဲ။ သံတဲထက်တောင် ကောင်းသေးသတဲ့။ သံတဲလိုပဲ ကုန်းပေါ်မှာဆောက်ထားပြီး ရွှေတချောင်းဘေးမှာ ကပ်လို့တဲ့။ ဒါပေမဲ့ သံတဲဝင်း ထက် ပိုပြီးလှသတဲ့။ တစ်အိမ်လုံး ပါရီကပစ္စည်းတွေနဲ့ချည်း ပြင်ထားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com


ဖင်နီ၏ရင် ထိတ်ခနဲဖြစ်သွား၏။ မိမိသည် ဘယ်လောက် နံလိုက်အလိုက်ပါသနည်း။ ဟုတ်ပြီ။ ဗွန်ဗို့ုင်ဆင်သည် သူတို့နှစ်ယောက်အတွက် အိမ်ကြီးတစ်လုံးကို အကျအနပြင်ဆင်ထားပြီ။ သူ့ကိုမှ အံ့သြသွားရအောင် နောက်ဆုံးမှ အသိပေးချင်ဟန်တူသည်။

"ကောင်စစ်ဝန်မားစ်ရဲ့အိမ်ကလည်း သံတဲထက် ပိုကောင်းတယ်"

ဖင်နီက ပြောမိပြောရာ ပြောလိုက်၏။ ညီအစ်မနှစ်ယောက်သည် သူ့ကို တအံ့တသြဖြင့် ငေးကြည့်နေကြသည်။

"ဖင်နီကလည်း ဘာတွေလျှောက်ပြောနေတာလဲ။ အဲဒီအိမ်ကို ပြောနေတာပေါ့။ ခု ဗွန်ဗို့ုင်ဆင်နဲ့ မားစ်နဲ့ အတူတူနေကြတာလေ"

ဖင်နီသည် ငိုင်ကျသွား၏။ သို့ရာတွင် ချက်ချင်း ဣန္ဒြေဆယ်လိုက်သည်။

ကောင်စစ်ဝန်မားစ်၏အိမ်မှာ အကြီးကြီး။ ထိုမျှကြီးသောအိမ်ထဲတွင် ကိုယ့်အပိုင်းနှင့်ကိုယ် သီးခြားနေနိုင်ကြမည်မဟုတ်လော။ ဖင်နီသည် ထိုင်ရာမှထကာ သူ့ဇာထီးနက်ကလေးကို ဖွင့်၏။ သူ့အမူအရာက မတော်တဆစ ကားပြောမှားသွားသည့်အတွက် အရေးမကြီးဟန်။ ခပ်တည်တည်ပင်။ ဖင်နီသည် သူတို့ကို ခပ်တည်တည်နှုတ်ဆက်သည်။ သူတို့နှစ်ယောက်သည် သူ့ဣန္ဒြေကောင်းပုံကိုကြည့်၍ အနေရခက်နေပေလိမ့်မည်။ အမှန်အားဖြင့်လည်း ညီအစ်မနှစ်ယောက်သည် ဖင်နီ့ကို ထိုအိမ်သို့မသွားစေချင်။ ဖင်နီ့ကို တစ်စုံတစ်ရာမေးမိမည်စိုးသည့်အတွက် သူတို့ထံတွင်လည်း ကြာကြာမနေချင်။ သူတို့တစ်တွေက မန္တလေးမှလွဲ၍ ဘယ်ကိုမျှ ရောက်ဖူးကြသည်မဟုတ်။ ခပ်ရိုးရိုး၊ ခပ်ကုပ်ကုပ်နေကြသည့် မိန်းကလေးတွေ။

သို့ ၊ ၊တွင် သူတို့ကိုကြည့်ရသည်မှာ နည်းနည်းတော့ ထူးခြားနေသည်ဟု ဖင်နီထင်သည်။ ကိစ္စမရှိ။ သူတို့သည် ဘာမျှအရေးမကြီး။ မိမိသာလျှင် အရေးကြီးသည်မဟုတ်လော။ မန္တလေးနေပြည်တော်တစ်ခုလုံးတွင် အရေးကြီးသူမှာ ဖင်နီ။ ဖင်နီသာလျှင် မဟုတ်လော။ ယခု သူ မည်သည့်နေရာကို သွားရမည်ကို သိပြီ။ ဖိနပ်အသစ်ကို စီးလာမိသဖြင့် ချော်လဲမည်စိုးသည့်အတွက် ဖင်နီသည် ဝတ်စုံကို မထားရ၏။

အိုမင်းယိုင်လဲစပြုနေသော သံတဲကို ကျော်လာသည့်အခါတွင် လှပခမ်းနားသည့် ကောင်စစ်ဝန်မားစ်၏အိမ်ကြီးကို လှမ်းမြင်ရသည်။ ဝရန်တာတွင် အမျိုးသမီးတစ်ယောက်ထိုင်နေသည်ကို မြင်လိုက်ရသဖြင့် ဖင်နီ အံ့သြသွား၏။ မိမိသိသလောက်ဆိုလျှင် ကောင်စစ်ဝန်မားစ်တွင် မိန်းမ မရှိ။ မားစ်သည် ဘယ်မိန်းမကိုမျှ စိတ်ဝင်စားသူမဟုတ်။ အနီးသို့ရောက်လာသည့်အခါတွင် ထိုမိန်းမမှာ ခပ်ငယ်ငယ်အမျိုးသမီးတစ်ယောက်ဖြစ်နေကြောင်းတွေ့ရသည်။ အမျိုးသမီးက ပိန်ပိန်ပါးပါး၊ သွယ်သွယ်နွဲ့နွဲ့၊ ခေါင်းငုံ့ပြီး အပ်ချုပ်နေသည်။ နှင်းဆီရောင်ဝတ်စုံတစ်ခု ခြေရင်းတွင်ပုံလျက်။ ခေါင်းတွင် ကတ္တီပါဖဲကြိုးအနက်ကလေးကို စည်းထားသည့်အတွက် သူ့မျက်နှာသည် ဖဲကြိုးအနက်အောက်တွင် ပုလဲလို ဖြူဖွေးနေသည်။


www.burmeseclassic.com

www.burmeseclassic.com


သူ့ကိုကြည့်ရသည်မှာ ဧည့်သည်နှင့်မတူ။ ကိုယ့်အိမ်မှာနေရသလို သက်သောင့်သက်သာ အေးအေးလူလူ။ ဖုန်တောထဲတွင်ရပ်နေသည့် ဖဲင်နီသည် သူ့ကိုသွား၍ အနောင့်အယှက်ပေးရာ ကျမည်လောဟု တွေးမိကာ ချီတုံချတုံဖြစ်နေသည်။

လမ်းမပေါ်မှရပ်ကြည့်နေစဉ် အခန်းထဲမှ လူတစ်ယောက်ထွက်လာကာ အမျိုးသမီးနားသို့လျှောက်လာပြီး နောက်မှနေ၍ မျက်လုံးကို လှမ်းပိတ်လိုက်ထားသည်။ အမျိုးသမီးမှာ အံ့သြဟန်လည်းမပြ။ စိတ်ဆိုးဟန်လည်းမရှိ။ သူ့မျက်စိကို ပိတ်လိုက်သည်တွင် တခစ်ခစ်ရယ်နေသည်။ ကိုယ့်ရင်ခုန်သံကြောင့် ဖဲင်နီ့နားထဲတွင် ဆူနေသည်။ ရင်ခုန်ခြင်းသာမရှိလျှင် ထိုရယ်သံတို့ကို ကြားရပေလိမ့်မည်။ ဟုတ်သည်။ ဗွန်ဗိုင်ဆင်စစ်စစ်။ ဖဲင်နီသည် အတွေးလည်းမရှိ။ လှုပ်ရှားမှုလည်းမရှိတော့ဘဲ ကြောင်ပြီး ရပ်နေသည်။ သူ့စိတ်ထဲတွင် ခံစားနေသမျှတို့သည် ဗွန်ဗိုင်ဆင်ထံသို့ ရောက်သွားပြီလော မပြောတတ်။

ဗွန်ဗိုင်ဆင်သည် မိန်းမပျိုလေး၏မျက်လုံးကို အုပ်ထားရာမှ မော်ကြည့်လိုက်သည်တွင် ဖဲင်နီကို မြင်သွားလေပြီ။ သူတို့နှစ်ယောက်သည် အတန်ကြာမျှ စိုက်ကြည့်နေသည်။ ဗွန်ဗိုင်ဆင်မှာ မတုန်မလှုပ်။ ဗွန်ဗိုင်ဆင်က မိန်းမပျိုကို ခပ်တိုးတိုးပြောလိုက်သည့်အခါတွင် မိန်းမပျိုသည် ကိုယ်ကိုလှည့်ပေးကာ မျက်နှာကိုအုပ်ထားသဖြင့် အခန်းထဲသို့ နှစ်ယောက်ဝင်သွားကြ၏။ သူတို့နှစ်ယောက်ကိုကြည့်ရသည်မှာ ကလေးနှစ်ယောက် ကစားနေကြသည့်နယ်။ သူတို့မရှိတော့သည့်အခါတွင် ဖဲင်နီသည် လှုပ်ရှားစပြုလာသည်။ ဒေါသစိတ်ကြောင့် မျက်နှာတွေထူပူကာ လမ်းမကြီးသည် သူ့ပတ်ပတ်လည်တွင် ချာချာလည်နေသည်ဟု ထင်ရသည်။ ဖဲင်နီသည် ရုက်ရုက်ဖြင့် ပန်းခြံဝဆီသို့ လျှောက်လာခဲ့သည်။ သို့ရာတွင် ရှေ့ဆက်မသွားနိုင်။

ဗွန်ဗိုင်ဆင်သည် သူ့ဦးထုပ်ကို ခေါင်းပေါ်တွင် ဖြစ်သလိုဆောင်းကာ နောက်မှခပ်သုတ်သုတ်လိုက်လာခဲ့ပြီး ဖဲင်နီ၏လက်ကို လှမ်းဆွဲလိုက်သည်။ လက်ဖမိုးကို နမ်းလိုက်ပြီးနောက် ဖြုန်းခနဲလွှတ်လိုက်လာပြီး ခပ်ကျယ်ကျယ်ဖြင့် . . .

"မဒမ် . . . ကျွန်တော်တို့အိမ်ကို လာတာလား။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့အိမ်မှာ ဧည့်သည်တွေကို လက်ခံတွေ့ဆုံဖို့ အဆင်သင့်မဖြစ်သေးတဲ့အတွက် ဝမ်းနည်းပါတယ်။ကျွန်တော် လိုက်ပို့ပါရစေ"

ဗွန်ဗိုင်ဆင်သည် သူ့လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်ကာ တံတောင်ဆစ်ကိုကိုင်၍ ရှေ့သို့ အတင်းတွန်းပို့နေသည်။ ခပ်စောစောက မိန်းမပျို၏မျက်နှာကို လက်ဖြင့် အုပ်သကဲ့သို့ ညင်သာခြင်းမရှိ။ ဖဲင်နီသည် တန်းလန်းဖြင့် ပါလာသည်။ သူ့ဂါဝန်အသစ်စက်စက်လေးကို ဖုန်တွေပေကုန်ပြီး ချို့တွေကျင်းတွေထဲကျသဖြင့် လဲတော့မည်ကဲ့သို့ ဖြစ်သွားသည်။ ဖဲင်နီသည် သူဘယ်သို့သွားနေသည်ကိုမသိ။ သူ့စိတ်ထဲတွင် ဝေနေသည်။ ကောင်စစ်ဝန်မားစ်၏ဇနီးထံမှ အဘယ်ကြောင့် သူ့ကို အတင်းပထုတ်နေကြောင်းကို သူနားမလည်နိုင်။ သို့ရာတွင် ဗွန်ဗိုင်ဆင်သည် ကောင်စစ်ဝန်မားစ်၏ဇနီးနှင့် ဖောက်ပြန်နေကြောင်း၊ သစ္စာမရှိ



www.burmeseclassic.com

www.burmeseclassic.com



သော လူတစ်ယောက်ဖြစ်ကြောင်း သူ့နှလုံးက ပြောနေသည်။ ဖဲင်နီသည် ခလုတ်တိုက်လဲမည်ပြု၏။ မျက်ရည်တွေက မျက်လုံးတွင်အပြည့်။ မိမိသည် မည်မျှမိုက်မဲလိုက်ပါသနည်း။ သည်မျှ ကြာကြာသွားနေသူတစ်ဦးသည် မိန်းမတစ်ယောက်မရနိုင်ဟု ထင်ခဲ့မိသည်မှာ မည်မျှန်လိုက်ပါသနည်း။

ဗွန်ဗွိုင်ဆင်က မျက်နှာထားတင်းတင်းဖြင့် . . .

"မင်း ရူးနေသလလား ဟင်။ ငါသေသေချာချာ စာရေးထားပါလျက်နဲ့ ဒီလိုလုပ်တာ ဘာကောင်းသလဲ"

ဖဲင်နီသည် သူ့ကို ကြောင်ကြည့်နေသည်။ ဘာစာမျှမရကြောင်းကို သူမပြောနိုင်။ သူ့လည်ပင်းသည် တင်းကျပ်ကာ စကားတစ်လုံးမျှမထွက်နိုင်ဘဲ ဖြစ်နေသည်။ ကြောင်၍ကြည့်နေသည့် ဖဲင်နီကို မြင်ရသည့်အခါတွင် ဗွန်ဗွိုင်ဆင်သည် လေသံအနည်းငယ် ပျော့ပျောင်းသွား၏။

"ကိုယ် မရက်စက်ချင်ပါဘူး ဖဲင်နီ။ ကိုယ့်မိန်းမနဲ့ တွေ့မပေးချင်လို့မဟုတ်ပါဘူး။ နောင်ကျမှ အေးအေးဆေးဆေး တွေ့မပေးလို့ပါ။ မင်းဟာ စဉ်းစားဉာဏ်ရှိတဲ့ မိန်းကလေးဆိုတော့ ကိုယ်အမြဲခင်နေမှာပါ။ ဒါပေမဲ့ လောလောဆယ်တော့ တွေ့မပေးတာကောင်းတယ်လို့ ထင်တယ်"

ဖြူဖွေးနေသော မန္တလေးနေပြည်တော်လမ်းမကြီးများ၊ အစိမ်းရင့်ရောင် သစ်ပင်အုပ်ကြီးများ၊ ကျဲကျဲတောက်ပူနေသော ကောင်းကင်ပြင်ကြီးနှင့်တကွ အရာအားလုံးသည် ဖဲင်နီ၏ခေါင်းထဲတွင် ချာချာလည်နေသည်ဟု ထင်ရသည်။ ဤသို့သော ရှုန်းရင်းဆန်ခတ်ဖြစ်မှုထဲတွင် ခိုင်မာသည့်အရာဆို၍ သူ့လက်မောင်းသာရှိသည်။ တွယ်မှီစရာဆို၍ သူ့လက်မောင်းသာရှိသည်။

ကမ္ဘာကြီးသည် ငြိမ်သွားရာမှ ပြန်၍ ချာချာလည်လာပြန်သည်။ ဖဲင်နီသည် သူ့လက်မောင်းကို ပြန်၍ တွန်းဖယ်ပစ်လိုက်၏။ ဗွန်ဗွိုင်ဆင်က သူ့ကို စိုးရိမ်တကြီးဖြင့် စိုက်ကြည့်နေသည်။

"ဘာ . . . ရှင့်မိန်းမဟုတ်လား။ ဒါဖြင့် ရှင်တို့လက်ထပ်ပြီးပြီပေါ့။ ရှင် ကျွန်မနဲ့လက်ထပ်ပြီးသား။ ဘယ်နယ့်လုပ်တာလဲ ဟင်။ ဘာရယ်တာလဲ။ ကျွန်မကို နောက်နေတာလား"

ဗွန်ဗွိုင်ဆင်သည် ခေါင်းကို နောက်သို့လှန်၍ ရယ်နေသည်။ ယခင်က သူ့ရယ်ပုံအတိုင်းပင်။ ထင်းနေသောမေးက ပြောင်ဝင်းလျက်။ သွားများက ဖြူဖွေးလျက်။

"မင်းနဲ့ လက်ထပ်တယ်ဟုတ်လား။ ဒါတော့ မင်းပိုပြီးသိပါတယ်လေ။ ကိုယ့်မှာ စေ့စပ်ထားတာ ကြာလှပြီ။ ဒါကလည်း အိမ်ကစီစဉ်ပေးတာပါ။ ဘယ့်နယ်လုပ် မင်းနဲ့လက်ထပ်လို့ရမှာလဲ။ ကိုယ့်မှာ အိမ်ကလူကြီးတွေ စီစဉ်ထားတဲ့အတိုင်း စေ့စပ်ထားတာကြာလှပြီ။ ခုတစ်ခေါက်ပြန်တော့ အချိန်ရတုန်း လက်ထပ်ရင်ကောင်းမယ်ဆိုပြီး လက်ထပ်ခဲ့ကြတာ။ နေစမ်းပါဦး . . . ကိုယ်ပေးလိုက်တဲ့စာ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစာမှမရဘူး။ ဒါကြောင့် ကျွန်မလာတာ"

ဗွန်ဗိုုင်ဆင်သည် စိတ်မကောင်းဟန်ဖြင့် ပြုံး၍ကြည့်ကာ . . .

"ဖြစ်မှဖြစ်ရလေ . . . ဖင်နီရယ်။ အေးလေ . . . ဒီစာဟာ မင်းဆီကို အချိန်မီ ရောက်မရောက်ဆိုတာ ကိုယ်သိဖို့ကောင်းတာပေါ့။ မနေ့ညကတင် အပျိုတော်တစ်ယောက်ရဲ့ညီမကလေးကို အပေးခိုင်းလိုက်တာ။ သူကနေတစ်ဆင့် မင်းဆီကိုပို့ပေးပါလို့ မှာလိုက်တာ"

"ရှင်ပြန်ရောက်နေတာ ဒီနေ့မှသိရလို့ အဝတ်အစားလဲပြီး လာခဲ့တာပဲ"

ဖင်နီသည် စက်ရုပ်ကြီးလို ပြောမိပြောရာ ပြောနေသည်။ သူပြောနေသော စကားများသည် ပြောဖို့မလိုသော စကားများ၊ ဖြေရှင်းချက်ထုတ်ဖို့မလိုသော စကားများသာဖြစ်၏။ ဖင်နီသည် သူ့ကို စိုက်ကြည့်နေသည်။ အဆိုးဆုံးအခြေအနေ လွန်မြောက်သွားပြီကို သိလိုက်သည်တွင် ဗွန်ဗိုုင်ဆင်သည် သူ့ကို ချော့မော့သောအပြုံးဖြင့် ကြည့်နေသည်။ ထို့နောက်တွင်ကာ မုန်တိုင်းကျလေပြီ။ မည်သည့်ဘာသာစကားမျိုးကိုမျှ ပြည့်စုံစွာ ပြောဆိုတတ်ခြင်းမရှိသော ကပြားမတစ်ယောက်၊ သွေးနှောသော ကပြားမတစ်ယောက်ပါးစပ်မှ တတ်သမျှမှတ်သမျှစကားလုံးတို့ကိုဖင်နီ ပြောဆိုခြင်းပြု၏။ သူ ဆဲရေးတိုင်းထွာသည့်စကားများထဲတွင် တိုင်းပြည်သုံးခုမှ ကျေးတောသူမတစ်ယောက်၏စကားတွေ အကုန်ပါ၏။ သောကရောက်နေသူ တစ်ဦးကို ဆက်ဆံရသည်နှင့်စာလျှင် ထိုသို့သောအခြေအနေမျိုးနှင့် ဆက်ဆံရသည်က ပို၍ လွယ်ကူသည့်အတွက် ဗွန်ဗိုုင်ဆင် ထွက်ပေါက်ရသွားသည်။

"ဘာမှမသိဘူးလို့ မပြောပါနဲ့ကွယ်။ ကလေးလေးမှမဟုတ်တာ။ မြန်မာနိုင်ငံမှာ ဒီလိုပဲ ဖြစ်နေကြတဲ့ဟာပဲ။ ပြင်သစ်လူမျိုးတစ်ယောက်ဟာ ဒီမှာ ဘယ့်နယ်လုပ် လက်ထပ်နိုင်ပါ့မလဲ။ ဒီက လက်ထပ်ရမယ့်သူက . . ."

သူ့ပါးစပ်က "တိုင်းရင်းသူ"ဟုလည်းကောင်း၊ "အမြောင်"ဟုလည်းကောင်း မထွက်ရက်။ မုန်သည့်တိုင် သောကရောက်နေသည့် ဖင်နီရှေ့တွင် ထိုစကားကို ပြော၍မထွက်နိုင်အောင် ဖြစ်နေသည်။ ဗွန်ဗိုုင်ဆင်သည် သူ့ကိုကြည့်၍ စိတ်မကောင်းဖြစ်နေသည်။ ဖင်နီသည် ထိုမျှလောက်ကလေးကိုပင် နားမလည်သလော။ သူတို့သည် တစ်ဖက်သားပေးနိုင်သည်ထက် ပို၍လိုချင်သူများဖြစ်သည်။ သို့တိုင်အောင် ဖင်နီ့ကို လက်ဆောင်ကောင်းတစ်ခုပေးမည်ဟု သူစိတ်ကူးထားခဲ့သည်။ သူ့စာကိုသာရခဲ့လျှင် အားလုံး အဆင်ပြေသွားပေလိမ့်မည်။ ပါရီတုန်းက စာရေးမည်ဟု စိတ်ကူးထားခဲ့သေးသည်။ သို့ရာတွင် လက်ထပ်သည့်ကိစ္စကြောင့် အလုပ်များနေသဖြင့် မရေးဖြစ်ခဲ့။ သည်လိုကိစ္စမျိုးဆိုသည်မှာ သည်လောက် အရှင်းရခက်သည်မဟုတ်။ အထူးသဖြင့် ဖင်နီ တိုင်းပြည်မရှိ ဘာမရှိသည့် မထင်မရှားမိန်းကလေးမျိုးနှင့် စာရင်းရှင်းရသည်မှာ ပို၍လွယ်ကူသည်။ သူကိုယ်တိုင်တွေ့ဆုံပြီး ဖင်နီကို ချော့မော့ပြောမည်။ နှစ်သိမ့်မည်ဟု သူ စိတ်ကူးခဲ့သေးသည်။

သို့ရာတွင် စိတ်ဆိုးပြီး အရေးကြီးသည့် နိုင်ငံရေးကိစ္စတွေ လျှောက်ပြောမည်စိုးသည့်အတွက် သူ မပြောရဲခဲ့။ မြန်မာပြည်တွင် သူလည်း လူတစ်လုံးသူတစ်လုံး နေသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့်အလျောက် ပါရီမှနေ၍ စာရေးမည်ဟုလည်း စိတ်ကူးခဲ့သေးသည်။ ချော့မော့လျှင် ဖဲင်နီသည် ကျေနပ်သွားလိမ့်မည်ဟုလည်း သူထင်ခဲ့သည်။ သို့ရာတွင် ဖဲင်နီသည် သူစီးပွားရှာမည့် တိုင်းပြည်တွင် စုဖုရားလတ်အပေါ် ဩဇာလွှမ်းမိုးနိုင်သူဖြစ်သည်။ အမှန်အားဖြင့်လည်း ကျောက်တွင်းတူးသည့်ကိစ္စသည် သူ့ကိုယ်ပိုင်လုပ်ငန်းမဟုတ်။ ပြင်သစ်အစိုးရ၏ လုပ်ငန်း ဖြစ်သည်။ အောင်မြင်လျှင် သူ့အဖို့ ရွှေတံဆိပ်တစ်ခုအပြင် အခြားဘာမှရစရာမရှိ။ ထို့ကြောင့် ထိုကိစ္စတွေ အပြင်သို့ ပေါက်ကြားမည်စိုးသည့်အတွက် စာတိုစာရှည်တွေ မရေးတော့ဘဲ ရောက်မှပင် ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သူတို့နှစ်ယောက်သည် စကားပြောရင်း ခြေဦးတည့်ရာသို့ လျှောက်လာခဲ့ကြရာ ကျုံးအနီးသို့ ရောက်လာခဲ့ကြ၏။ ကျုံးရေက စိမ်းမြလျက်။ ပသာဒနှင့် ဟာဒယကို အေးမြစေသည်။ ဖဲင်နီမှာ တိတ်ဆိတ်နေလေပြီ။ ဖဲင်နီသည် ဖြစ်သမျှအကြောင်း အကောင်းဟုသဘော ထားလိုက်ပုံရသည်။ သို့တိုင် ရင်ထဲတွင်ကား တနုံ့နုံ့ဖြစ်လျက်။ စာပို့လိုက်ကြောင်း၊ ထိုနေ့တွင် ဘန်ဂလိုသို့လာရန် စာထဲတွင် ချိန်းဆိုထားကြောင်း စသည်တို့ကိုပြောသည့်တိုင် နားမဝင် တော့ပြီ။ အမှန်တွင်လည်း ဘန်ဂလိုသို့ ထွက်မည်ပြုစဉ် သူရောက်လာခြင်းဖြစ်သဖြင့် ယခု အဖြစ်မျိုးနှင့် ကြုံရခြင်းဖြစ်သည်။

"ဒီလိုလုပ်ပါ . . . ဖဲင်နီ။ မင်းလည်း သဘောကျမှာပါ။ ဥရောပကို ကိုယ်အလည်ပို့ပေး ပါမယ်"

ဗွန်ဗိုုင်ဆင်က သူ့ကို တစေ့တစောင်း လှမ်းကြည့်လိုက်သည်။ မျက်နှာက နီမြန်း ကာ မျက်ရည်တို့ စိုစွတ်လျက်။ မီးခိုးရောင်ဖျော့ဖျော့ဝတ်စုံသည် ကိုယ်တွင် ချပ်ချပ်ရပ်ရပ် ကပ်နေသည်။ လက်ဒမောင်းနေရာက စိုစွတ်ကာ မည်းလျက်။ မျက်ရည်ကြောင့် မျက်နှာနီနေ သည့်တိုင် သူ့အသားက ဝါဖျော့ဖျော့။ စာပို့သဘော်ပေါ်တွင် ကုန်သည်တွေ ဘာတွေနှင့်များ အိပ်စက်ခဲ့လေသလော မဆိုနိုင်။ ယခုအချိန်ထိမူ ဖဲင်နီမှာ သိပ်ပြောင်းလဲခြင်း မရှိလှသေး။

ယောက်ျားနှင့်ခွဲပြီး ပြန်တွေ့သည့်အခါတွင် မိန်းမတစ်ယောက်၏ဇာတိသည် ဘွား ဘွားပေါ်လာတတ်သည်။ သူ့တစ်သက်တွင် ယောက်ျားတစ်ယောက်နှင့် တစ်ခါမျှ အတီး တည်းမနေခဲ့ဖူးသည့် ဖျော့တော့၍ အပြစ်မရှိသောဇနီးသည်ကို အမှတ်ရသွားကာ သနား သွားသည်။ ထို့ကြောင့် ဗွန်ဗိုုင်ဆင် စိတ်သက်သာရာရသွား၏။ ပြန်လှည့်လာရင်း နဖူးတွင်ရှိ နေသည့် ချွေးသီးချွေးပေါက်များကို ပိုးလက်ကိုင်ပဝါဖြင့် သုတ်သည်။ မိန်းမတွေနှင့် ဆက်ဆံ ရာတွင် ခိုင်မာပြတ်သားဖို့လိုကြောင်းကို သူသဘောပေါက်လာခဲ့သည်။

ဖဲင်နီသည် ရွှေနန်းတော်ကြီး၏ ထုံးစံအတိုင်း သူ့ဒေါက်ဖိနပ်ကို အသာကြွ၍ စီးလာ ကာ သူ့ခန်းဆောင်သို့ ပြန်လာခဲ့သည်။ စားပွဲကလေးတစ်လုံးပေါ်တွင် လေးထောင့်စာအိတ် ဖြူဖြူလေးတစ်လုံး မြင်လိုက်ရ၏။ စာထဲတွင်ပါမည့် အချက်အလက်တို့ကို သိပြီးဖြစ်သည့် တိုင် ဖဲင်နီသည် မျှော်လင့်ချက်ကြီးစွာဖြင့် အိတ်ကလေးကို ကောက်ကိုင်လိုက်သည်။ စာအိတ် ကိုမဖွင့်နိုင်ဘဲ လက်ထဲတွင်ကိုင်ထားရင်း အတန်ကြာ ထိုင်နေမိသည်။ စာထဲတွင်မူ သူသိခဲ့



www.burmeseclassic.com

www.burmeseclassic.com


သည်နှင့် ဘာမျှမထူး။ ပျော့ပျော့ပျောင်းပျောင်းရေးထားသည့်တိုင် သူ့စာက ပေါ့ပျက်ပျက်နှင့်။ သူ့အပေါ်တွင် ကြင်နာခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း၊ လိုအပ်သည့် အကူအညီမှန်သမျှကို ပေးရန်အသင့်ရှိကြောင်း၊ စိတ်မကောင်းခြင်းကြီးစွာဖြစ်မိကြောင်း၊ စာက လက်ထပ်ခဲ့သည့်မယားတစ်ယောက်ထံ ရေးသည့်စာနှင့် နည်းနည်းကလေးမျှမတူ။

သူတို့နှစ်ဦးသည် အကြင်လင်မယားအဖြစ် ဆက်ဆံခဲ့ကြောင်းကို ဖဲင်နီ၏ မြန်မာသွေးက ပြောနေသည်။ ဗွန်ဗိုုင်ဆင်ကလည်း သူတို့နှစ်ယောက် အကြင်လင်မယားလို နေခဲ့သည်ကို ငြင်းမည်မထင်။ သူ့အဖို့ ထိုကိစ္စကလေးသည် အသေးအဖွဲကလေးမျှသာ။ ထမင်းစား ရေသောက်ကိစ္စမျှသာ။ စာထဲတွင် မိမိနှင့် အတန်ကြာကတည်းက စေ့စပ်ထားခဲ့သော အမျိုးသမီးတစ်ယောက်ကို လက်ထပ်လိုက်ပြီဖြစ်ကြောင်း၊ သူတို့နှစ်ဦး၏ ပျော်စရာဇာတ်လမ်းကလေးကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း၊ သူတို့နှစ်ယောက်တွေ့ဆုံ၍ နှုတ်ဆက်စကားပြောလိုကြောင်း၊ မိမိတတ်နိုင်သော မည်သည့်အကူအညီမျိုးမဆို တောင်းခံနိုင်ကြောင်းဖြင့် ပါရှိသည်။ ဖဲင်နီသည် သူတို့နှစ်ဦးတွေ့ခဲ့ကြပုံကို ပြန်လည်အမှတ်ရနေကာ သူချိန်းထားသည့်အတိုင်း ဘန်ဂလိုတွင် တွေ့ဖြစ်ခဲ့လျှင် မည်မျှကောင်းမည်နည်းဟု စဉ်းစားနေမိသည်။ ထို့နောက် ဖဲင်နီသည် လွန်ခဲ့သည့်တစ်နာရီခန့်က မှန်ထဲတွင် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ခဲ့သည့်နည်းတူ မှန်ရှေ့တွင်ရပ်ကာ သူ့ကိုယ်သူ ပြန်ကြည့်သည်။ သူနှင့် မည်သို့မျှ မသက်ဆိုင်တော့။ ဘာမျှမဖြစ်တော့။

ဖဲင်နီသည် ပြင်သစ်ကြေးခုတင်ပေါ်တွင် လှဲချလိုက်ကာ တစ်နေ့လုံး အိပ်နေလိုက်သည်။ ခေါင်းကိုက်သည်ဟု အကြောင်းပြကာ ထမင်းလည်းမစားတော့။ မီးခိုးရောင်ဖျော့ဖျော့ဝတ်စုံကလေးမှာ အခန်းထောင့်တွင် ပုံလျက်သား။ ပြုံးရွှင်နေသော အရုပ်ကလေးများ၊ မျောက်ရုပ်ကလေးများနှင့် နွဲရုပ်ကလေးများသည် ထောင်ပေါင်းများစွာသော နေရာများတွင် တစ်ခုနှင့်တစ်ခု ဆက်စပ်ထိတွေ့လျက်။ အမှောင်ထုဒီရေကြီးလို အခန်းထဲသို့ရောက်လာသော ဆည်းဆာအောက်တွင် ထိုအရုပ်ကလေးများသည် တဖြည်းဖြည်း မှေးမှိန်သွားကြသည်။ ညီအစ်ကို မသိတသိအချိန်လောက်တွင်မှ ဖဲင်နီသည် အိပ်ရာမှလူးလဲထကာ မီးခိုးရောင်ဝတ်စုံပေါ်မှ အရုပ်ကလေးများသည် အမှောင်ထုနှင့် ရောသွားကြရာ ပန်းနရောင်သူ့လက်ထဲတွင် မီးခိုးရောင်ဖျော့ဖျော့ဝတ်စုံကလေးသည် အဝတ်ကလေး တစ်စမျှသာ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၇ ]

ရက်ထည်ကြီးမှာ တဖြည်းဖြည်း ကြီးမားသည်ထက် ကြီးမားလာခဲ့လေပြီ။ သနားစရာကောင်းသည့် ဖဲင်နီနှင့် သူ့အချစ်ရေးကိစ္စတို့ကိုလည်း အမှုမထားခဲ့။ ဖဲင်နီသည် သူ့ကိစ္စကြောင့် ပူဆွေးသောကရောက်နေသည့်တိုင် ခပ်ဝဝ ကပြားမလေးတစ်ယောက်၏ အချစ်ရေးကိစ္စထက် အရေးကြီးသောကိစ္စများသည် ဖြစ်ပေါ်လျက်ရှိ၏။ သူပြန်၍ အခြေကျသွားသည့်အခါတွင် သူ့ကိစ္စကို ဂရုမစိုက်အားလောက်အောင် သူတို့တစ်တွေ အလုပ်များနေကြသည်ကိုပင် ဖဲင်နီ ဝမ်းသာရသေးသည်။

ဗွန်ပွိုင်ဆင်နှင့် ကောင်စစ်ဝန်မားစ်တို့သည် ရွှေနန်းတော်ကြီးရှိ နံနက်ညီလာခံသဘင်ခန်းမသို့ နေ့တိုင်း အခစားဝင်ကြသည်။ ထိုညီလာခံခန်းမသို့ ဝင်ခွင့်မရသည်မှာ ဖဲင်နီအဖို့ ကံကောင်းသည်ဟု ဆိုရပေမည်။ ရွှေနန်းတော်ထဲတွင် ဘုံဘေဘားမားသစ်ကုမ္ပဏီ၊ အင်း၀၊ ရွှေနန်းတော်နှင့် အိန္ဒိယပြည်မအစိုးရတို့ စာသဝဏ်များ၊ အပြန်အလှန်ပေးနေသည့်ကိစ္စကိုသာ ပြောဆိုနေကြသည်။ ယခုအချိန်၌ ဆန်ဒရေနီနှင့် ပြင်သစ်လူမျိုးများမှာ ဆန့်ကျင်ဘက်ဂိုဏ်း ဖြစ်နေကြပြီ။

မြန်မာဘုရင်သည် အကြောင်းမဲ့သက်သက် ငွေတောင်းလျက်ရှိကြောင်း၊ ယခုကိစ္စသည် တမင်လုပ်ကြံဖန်တီးသည့်ကိစ္စဖြစ်ကြောင်း၊ ဘုံဘေဘားမားသစ်ကုမ္ပဏီကို အရေးယူခြင်းသည် စော်ကားခြင်းသာဖြစ်ကြောင်းဖြင့် ဆန်ဒရေနီသည် ရန်ကုန်သို့ စာတစ်စောင်ပြီးတစ်စောင်ရေးလျက်ရှိသည်။ မိုးရာသီဖြစ်သည့်တိုင် သာယာကြည်လင်သော ထိုနေ့မနက်၌ ဖဲင်နီသည် ဥယျာဉ်တော်ထဲသို့ ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာအဝတ်အစားကို ဝတ်ထားသဖြင့် ပါရီဝတ်စုံကြီးကို ဝတ်ထားသည်ထက် ပိုနေသည်ဟု ထင်ရ၏။ သို့ရာတွင် ဖဲင်နီသည် အပြောင်းအလဲကြီး ပြောင်းလဲခဲ့လေပြီ။ ပျော်ပျော်ရွှင်ရွှင်၊ အပူအပင်မရှိနေတတ်သည့် စရိုက်သည် ပျောက်ကွယ်သွားခဲ့လေပြီ။ စကားအမျှင်မပြတ်ပြောတတ်သည့် စွဲလမ်းနှစ်သက်စရာ ဖဲင်နီမဟုတ်တော့ပြီ။

သို့ရာတွင် ငြိမ်သွားသော မီးပုံတစ်ပုံ၏ အသက်ကင်းမဲ့ခြင်းမျိုးကား မဟုတ်။ မီးခဲပြာဖုံးနေသော မီးပုံတစ်ပုံ၏ ငြိမ်သက်ခြင်းမျိုးသာဖြစ်သည်။ သူ့မျက်နှာကလည်း တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားနေသည့်နှယ်။ အတူနေကြသော အပျိုတော်များကဲ့သို့ ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြွမရှိဘဲ လေးတိလေးကန်ဖြစ်လျက်။

ရက်အနည်းငယ်အတွင်း၌ ဖဲင်နီသည် မှန်ရီငေးငိုင်သွားခဲ့လေပြီ။ ဖျတ်လတ်တက်ကြွမှုမရှိတော့ပြီ။ ဖဲင်နီအခန်းအောင်းနေစဉ် စုဖုရားလတ်သည် စားသောက်ဖွယ်ရာများကို ပို့ပေးရာ တစ်နေ့တွင်မူ ကိုယ်တိုင်ပင် လာရောက်ကြည့်ရှုနေခြင်းပြုသည်။ သို့ရာတွင် ဖဲင်နီသည် သူ့ကို ဇဝေဇဝါဖြင့် ကြည့်နေသည်။ စုဖုရားလတ်သည် မိမိကဲ့သို့ အသက်ရှင်လှုပ်ရှားနေသော မိန်းမတစ်ယောက်နှင့်မတူဘဲ ရုပ်သေးစင်ပေါ်မှ ရုပ်သေးရုပ်တစ်ရုပ်နှင့် တူနေသည်။ ရွှေနန်းတော်ကြီးတွင် နေထိုင်ရခြင်းနှင့် နန်းတော်သူ နန်းတော်သားတို့သည် ယခင်က ပြောင်ပြောင်လက်လက်၊ တောက်တောက်ပပဖြင့် ရှိခဲ့ကြသည့်တိုင် ယခုမူ အိပ်မက်တစ်ခုနှင့်တူနေလေပြီ။

သူတို့ကို အပ်နှင့်ထိုးဆွလျှင်လည်း သွေးထွက်တော့မည်မဟုတ်ဟု ဖဲင်နီထင်နေလေပြီ။ သူတို့တစ်တွေ သွေးထွက်ကြသည်ကိုလည်း ဖဲင်နီ မြင်ခဲ့ဖူးလေပြီ။ ထိုအရာများအားလုံးသည် သူ့ကို ဗွန်ဗွိုင်ဆင်နှင့်ကွဲအောင် သူ့ကို နိုင်ငံခြားသူတစ်ယောက်မဖြစ်အောင် လုပ်ခဲ့သည့်အရာများဟု ဖဲင်နီ မြင်လေပြီ။ ဥယျာဉ်ထဲသို့ ဆင်းလာခဲ့သည့်နေ့၌ ဖဲင်နီသည် ခွင့်တောင်းကာ ဒါဗီရာတို့အိမ်သို့ ထွက်လာခဲ့သည်။ ပင်ပန်းနေသဖြင့် လှည်းယာဉ်ကလေးတစ်စီးဖြင့် လာခဲ့၏။

မိမိနှင့်ဗွန်ဗွိုင်ဆင်တို့ တွေ့ဆုံကြသည့် အိမ်နောက်ဖေးက ညောင်ပင်ကြီးအောက်တွင် မောင်ရိုးကိုတွေ့ရသည်။ မောင်ရိုးသည် သူ့ထံ ခပ်သုတ်သုတ်လျှောက်လာခဲ့ကာ လှည်းပေါ်မှ ကူချပေး၏။ မောင်ရိုးသည် တောင်ရှည်ပုဆိုးကိုဝတ်ထားကာ ခေါင်းတွင် ပဝါတစ်ထည်ကိုပေါင်းထားလေရာ တောက်ပသည့်မျက်နှာကို သရဖူဆောင်းထားပေးသည့်နှယ်ရှိသည်။ မောင်ရိုးသည် ဖဲင်နီ့ကို ကြည်နူးစွာ ကြည့်လျက်ရှိ၏။ ဖဲင်နီသည် သူ့အား ချိန်းတွေ့သည်ကို မယုံနိုင်အောင်ဖြစ်နေသည်။

ဖဲင်နီသည် ညောင်ပင်ကြီးအောက်တွင်ထိုင်ကာ မောင်ရိုးနှင့် အင်္ဂလိပ်လို အတန်ကြာမျှ ပြောဆိုနေကြသည်။ သူပြောသည့်စကားကို လေထဲတွင်ရှိသည့်နတ်များ ကြားမှာစိုးသည့်နှယ် မောင်ရိုးသည် နားထောင်ကာ အထိတ်တလန့်ဖြစ်နေ၏။ မဖြစ်နိုင်။ သူပြောသည့်



www.burmeseclassic.com

www.burmeseclassic.com



စကားများသည် လုံးဝမဖြစ်နိုင်။ မောင်ရိုးသည် ခေါင်းပေါင်းပေါင်းထားသည် ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း နားထောင်သည်။

ဖဲင်နီသည် ဆေးဆိုးထားသဖြင့် ပို၍ လှပနက်မှောင်နေသည့် မျက်လုံးများဖြင့် မောင်ရိုးကို အသနားခံသည့်နှယ် လှမ်းကြည့်သည်။ မည်မျှ အန္တရာယ်ကြီးလိုက်ပါသနည်း။ ဖဲင်နီသည် စာချုပ်ထဲတွင်ပါသည့် အချက်အလက်တို့ကို မသိတော့ပြီလော။ ထိုစာချုပ်အရ ပြင်သစ်တို့က မြန်မာနိုင်ငံတွင်လာရောက်၍ မီးရထားလမ်းဖောက်လုပ်ပေးရန် ဘဏ်တိုက်များဖွင့်ပေးရန် အခြားအရေးကြီးသော လုပ်ငန်းများလုပ်ရန် ပါသည်မဟုတ်လော။

ဖဲင်နီသည် ပြင်သစ်တို့၏ မိတ်ဆွေတစ်ဦးဖြစ်သည့်အလျောက် ထိုစာချုပ်ကို အကြောင်းသိခြင်းဖြင့် နှစ်နိုင်ငံအကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းကိုမူ မလုပ်တန်ရာ။ ထို့ပြင် ဖဲင်နီသည် နန်းမတော်ဘုရား၏ လူယုံတော်တစ်ဦးမဟုတ်လော။ သို့စဉ်းစားလျှင် ဖဲင်နီကိုပြ၍ ကိစ္စမရှိတန်ရာ။ ကင်းဝန်မင်းကြီးအိမ်တွင် ထိုင်၍ ထိုစာချုပ်များကို မြန်မာပြန်ရင်း ဖဲင်နီအတွက် မိတ္တူတစ်စောင်ကို ပေးလိုက်ရုံမျှသာ။

ထိုစာချုပ်နှင့်ပတ်သက်၍ နှစ်နိုင်ငံအစိုးရတို့ အပြန်အလှန်ပေးကြသည့် စာများကိုလည်း အလွယ်တကူ ကူးယူနိုင်သည်သာ။ မောင်ရိုးသည် အတန်ကြာမျှ ဆုပ်ဆိုင်းနေသည်။ သို့ရာတွင် ထိုစာချုပ်မိတ္တူများကို ပြသည့်အတွက် ကျေးဇူးဆပ်မည့်အရိပ်အယောင်ကို မြင်သည့်အခါတွင်မူကား မောင်ရိုးသည် ဆုတ်ဆိုင်းခြင်းမရှိတော့ပြီ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၂၈ ]

စာပို့သင်္ဘောကြီးဆီသို့ ဖဲင်နီဆင်းလာခဲ့သည့်နေ့က မိုးသည်းထန်စွာ ရွာလျက်ရှိ၏။ သူ့စာပါမပါကို သိလို၍မဟုတ်။ ဆန်ဒရေနီနှင့်တွေ့ဆုံရန် လာခဲ့ခြင်းဖြစ်သည်။ သူထင်သည့်အတိုင်းပင် ဆန်ဒရေနီသည် စိုးရိမ်တကြီး စောင့်မျှော်နေသည်ကို တွေ့ရ၏။ သူ့မျက်မှောင်သည် တွန့်လျက်ရှိကာ မိုးရေကြောင့်လည်းကောင်း၊ ချွေးသီးချွေးပေါက်များကြောင့်လည်းကောင်း နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ အောက်သို့ တွဲလျောင်းကျလျက်ရှိ၏။

ဆန်ဒရေနီသည် ဖဲင်နီကို ဝတ်ကျေတန်းကျေ ခေါင်းညိတ်နှုတ်ဆက်သည်။ ဖဲင်နီသည် ရွှေနန်းတော်ထဲမှ အာဏာရအစုနှင့်လည်းကောင်း၊ ပြင်သစ်တို့နှင့်လည်းကောင်း၊ တစ်ဂိုဏ်းတည်းဖြစ်သည်ဟု သူယူဆသည်။ ဖဲင်နီသည် ဆန်ဒရေနီစာရေးနေရာသို့ ရောက်လာပြီး ဘေးချင်းယှဉ်ရပ်ကာ လေသံလေးဖြင့် နှစ်ယောက်ချင်းစကားပြောချင်ကြောင်းပြောသည်။ ဆန်ဒရေနီသည် အနီးအနားပတ်ဝန်းကျင်ကို အလန့်တကြားဖြင့် လှမ်းကြည့်လိုက်ပြီး...

"ဒီသင်္ဘောပေါ်က ကပ္ပတိန်ရော်လင်ဆန်ရဲ့အခန်းထဲမှာ ပြောတာပေါ့။ ရှင် ပြောကြည့်ရင် ခွင့်ပြုမှာပါ"

ဖဲင်နီနှင့် မျက်နှာချင်းဆိုင်မိသည့်အခါတွင်မူ ဆန်ဒရေနီ၏ နှုတ်ခမ်းပေါ်မှ အပြုံးသည် ပျောက်ကွယ်သွား၏။ ဖဲင်နီဆိုသည့်သူငယ်မသည် သူ့ကို ဘာများအရေးတကြီး ပြောစရာတွေ ရှိနေသနည်း။ သတင်းထူးထူးဆန်းဆန်းများ ပေးစရာရှိသလော။ သည်လိုနိုင်ငံမျိုးတွင် သတင်းထူးတွေ အချိန်မရွေးရှိနိုင်သည်။ သူ့အသိထဲတွင် သတင်းထူးပေးနိုင်သူရှိသည်ဆိုလျှင် ဖဲင်နီတစ်ယောက်သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဒရေနိသည် ကုလားမြို့တွင်ဖြစ်နေသည့် ကောလာဟလတစ်ခုကို ချက်ချင်း သွား၍ သတိရသည်။ ဗွန်ဗိုင်ဆင်သည် ပြင်သစ်သူတစ်ယောက်ကို ယူ၍ ပြန်လာသည်ဟု သတင်းဖြစ်နေသည်မဟုတ်လော။ ဆန်ဒရေနိက မိမိနှင့်ဖဲင်နီတို့ စကားပြောစရာရှိသဖြင့် သူ့ အခန်းကို အသုံးပြုနိုင်ခြင်းရှိမရှိ ရော်လင်ဆန်၏အခန်းငယ်ကလေးထဲသို့ ဝင်လာခဲ့ကြ၏။

မျက်နှာကျက်တွင်ဆွဲထားသည့် ရေနံဆီမီးအိမ်မှ မီးရောင်သည် ရော်လင်ဆန်၏ အိပ်စင်ပေါ်သို့ ထိုးကျလျက်ရှိ၏။ ဖဲင်နီက ဘံခါးကိုပိတ်လိုက်ပြီး အိပ်စင်အစွန်းတွင် ဝင်ထိုင် သည်။ ခြေထောက်များက နွမ်းနယ်ကြသည့်တိုင် ဖဲင်နီ၏အသံကမူ ခိုင်မာပြတ်သားသည်။ အပြင်ဘက်တွင် မိုးစက်မိုးပေါက်များသည် သဘော်္ဘာနံရံကို ပက်နေကြသည်။ လေဝင်ပေါက် ကလေးများမှ လှမ်းကြည့်လိုက်သည့်အခါ မိုးစက်များသည် ရက်ကန်းစင်မှ ပိုးမျှင်များလို ဖွေ ဖွေစောင်းစောင်း ရွာကျလျက်ရှိသည်။

"ဘုံဘေဘားမား သစ်ကုမ္ပဏီကိစ္စနဲ့ပတ်သက်လို့ အင်္ဂလိပ်ဟာ မြန်မာဘုရင်ကို စစ် တိုက်တော့မယ်ထင်တယ်။ ရှင် ဘယ်လိုထင်သလဲဟင်"

ဖဲင်နီက ကောက်ကာငင်ကာ မေးသည်။ ဆန်ဒရေနိက ပခုံးကို တွန့်ပြလိုက်ကာ လက်နှစ်ဖက်ကို ဖြန့်ပြလိုက်သည်။

"ကျုပ်သိသလောက်တော့ ခင်ဗျားသိတာပဲ . . . မစ္စစ်ဘက်ရှောရယ်။ အင်္ဂလိပ်ဟာ တိုက်မယ်မထင်ပါဘူး။ ဒီမှာ သူ့အကျိုးစီးပွားဆိုလို့ ဘာမှရှိတာမှမဟုတ်တာ။ သူ့မှာ ထုံးစံ အတိုင်း ရုရှားနဲ့ ရင်ဆိုင်နေရတယ်မဟုတ်လား။ အင်္ဂလိပ်ဟာ အာဖဂန်နစ္စတန်မြောက်ပိုင်း ကိစ္စကိုပဲ ရင်ဆိုင်နေတာမဟုတ်လား။ သူတို့မှာ ပါရှားနဲ့လည်း ပြဿနာဖြစ်နေတယ်လေ"

ဆန်ဒရေနိက ရက်ရောစွာပြုံး၍ သူ့ကိုကြည့်သည်။

"ပြင်သစ်နဲ့ချုပ်ဆိုထားတဲ့ စာချုပ်မိတ္တူတစ်စောင်ကိုတွေ့ရင် အင်္ဂလိပ်ဝန်ရှင်တော် မင်းကြီး ဘယ့်နယ်နေမလဲ။ အိန္ဒိယအစိုးရကကော ဘယ့်နယ်နေမလဲ"

ဖဲင်နီက သူ့မျက်လုံးများကိုစိုက်ကြည့်ရင်း မေးသည်။ ဤတွင် ခပ်စောစောက သူ့ကို အထင်သေးဟန်ဖြင့် ပြုံးနေသော ဆန်ဒရေနိ၏အပြုံးသည် ချက်ချင်း ပျောက်ကွယ်သွားကာ သူ့ကို အလန့်တကြားဖြင့် ကြည့်လိုက်၏။

"ပြင်သစ်နဲ့ချုပ်တဲ့စာချုပ်က ကူးသန်းရောင်းဝယ်ရေးစာချုပ်မဟုတ်လား။ ပြင်သစ် ကို အထူးအခွင့်အရေးပေးနိုင်ငံအဖြစ် အသိအမှတ်ပြုပြီး ချုပ်ဆိုထားတယ်လေ။ ပါရီမှာရှိတဲ့ အင်္ဂလိပ်သံအမတ်က မေးမြန်းစုံစမ်းကြည့်တော့ ကူးသန်းရောင်းဝယ်ရေးစာချုပ်လို့ ပြော တယ်လို့ သိရတာပဲ။ ဝန်ရှင်တော်မင်းကြီးဘားနဒ်ကလည်း ကျွန်တော့်ကို ဒီစာချုပ်အကြောင်း စုံစမ်းခိုင်းထားတယ်။ ဒါပေမဲ့ ဘာမှမသိရသေးဘူး"

ဆန်ဒရေနိ၏ မျက်လုံးနက်နက်များသည် ဖဲင်နီ၏မျက်နှာမှ မခွာတော့။

"အီတလီနဲ့ကော ဒီလိုအထူးစာချုပ်မျိုး မချုပ်ဘူးလား"

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ဖဲင်နီက ကလေးတစ်ယောက် မပြောဖူးသည့်စကားကို ပြောသလို ခပ်လေးလေး ဖြင့်မေးသည်။

ဆန်ဒရေနိက ပြုံး၍ပြောသည်။ ဖဲင်နီကိစ္စနှင့်ပတ်သက်၍ သူ့တွင် ဖုံးကွယ်စရာ ဘာ အကြောင်းမှမရှိဟု ဆိုလိုသည့်နယ် သွားတွေပေါ်အောင် ပြုံးလိုက်၏။ သို့ရာတွင် ဆန်ဒရေနိ သည် အီတလီနိုင်ငံအတွက်ရော၊ မန္တလေးတွင်ရှိသည့် အင်္ဂလိပ်ကုမ္ပဏီများအတွက်ပါ အလုပ်လုပ်ပေးနေသူ ဖြစ်နိုင်သည်။

"ကျွန်တော်တို့မှာ အဘီဆီနီးယားနဲ့ ဖြစ်နေတဲ့အတွက်ပါ တခြားဘာကိုမှ စိတ်မဝင် စားနိုင်ပါဘူးဗျာ။ ကျွန်တော်တို့လည်း အင်္ဂလိပ်တွေလိုဘဲ အကြီးအကျယ် အထိနာနေတာ မဟုတ်လား ။ မြန်မာကိုယ်စားလှယ်အဖွဲ့ ရောမကိုရောက်လာတုန်းက အီတလီကူးသန်း ရောင်းဝယ်ရေးစာချုပ်ချုပ်ဖို့ ငြင်းလိုက်ပြီးပြီလေ။ ဒီမှာအလုပ်လုပ်နေတဲ့ အီတလီတွေ အတွက် လခနစ်နစ်စာတောင် မရသေးဘူး။ ဒါကြောင့် ကျွန်တော်တို့က ဘယ်သဘောတူညီ ချက်ကိုမှ သဘောတူမှာမဟုတ်ဘူး။ ဒါကို ကျွန်တော်တို့အစိုးရကသိတော့ ဘာစာချုပ်မှ မချုပ်ရတော့ဘူးပေါ့"

ဖဲင်နီသည် မြစိမ်းရောင်နောက်ခံတွင် ပန်းပွင့်ရိုက်ထားသည့် အင်္ဂလိပ်ဂါဝန်ကိုဝတ် ထား၏။ ဂါဝန်အိတ်ထဲမှ စာရွက်စာတမ်းအချို့ကို ထုတ်ယူလိုက်၏။ စာချုပ်များကို ပြန့်အောင် လုပ်နေရင်း ဆန်ဒရေနိ၏မျက်နှာကို အကဲခတ်နေသည်။

"မီးရထားလမ်းဖောက်ဖို့ ပြင်သစ်တွေကို ကန်ထရိုက်ပေးလိုက်ပြီဆိုတာ အင်္ဂလိပ် တွေ သိနေကြပြီလားမသိဘူး။ မြစ်ရိုးတစ်လျှောက်မှာ ပြင်သစ်တွေကို ပြေးဆွဲခွင့်ပြုတော့ မယ်ဆိုတာကိုရော ပြင်သစ်တွေကိုယ်တိုင် စီမံခန့်ခွဲတဲ့ ဘဏ်တိုက်တွေဖွင့်ပြီး အဲဒီဘဏ် တိုက်တွေက ငွေချေးမယ်ဆိုတာကိုရော ရှင်တို့သိရဲ့လား။ ဒါတင်မကသေးဘူးရှင့်၊ ပြင်သစ် နန်းရင်းဝန်ဖယ်ရီက ကင်းဝန်မင်းကြီးကိုလည်း စာတစ်စောင်ပေးလိုက်သေးတယ်။ ပြင်သစ် လက်နက်တွေကို တုန်ကင်းနယ်ကတစ်ဆင့် မြန်မာပြည်ထဲကို ပို့ပေးမယ်တဲ့"

ဆန်ဒရေနိသည် စာရွက်များကို လှမ်းဆွဲလိုက်သည်။ သို့ရာတွင် ဖဲင်နီက လက်နစ် ဖက်ကို နောက်တွင်ဝှက်ထားလိုက်၏။

"ဒါတင်မကသေးဘူးရှင့် . . . မိုးကုတ်က ပတ္တမြားတွင်းတွေကို တူးခွင့်လိုင်စင်တွေ ကိုလည်း ဗွန်ဗိုင်ဆင်ကို ထုတ်ပေးပြီးလို့ စာချုပ်ကိုတောင် လက်မှတ်ထိုးပြီးပြီ။ ဟောဒီမှာ . . . စာချုပ်"

"အင်း . . . ဒါတော့ကြားပါတယ်။ လွန်ခဲ့တဲ့တစ်လလောက်ကပဲ ဒီစာချုပ်မိတ္တူရလို့ ဆိုင်ရာကို ပို့လိုက်ပြီးပါပြီ။ ဒါပေမဲ့ လက်မှတ်ထိုးမထိုးတော့ မသိရသေးဘူးပေါ့"

"ထိုးပြီးပြီရှင့်။ ဟောဒီမှာ ပြင်သစ်ကောင်စစ်ဝန်မားစ်ဆီက ကင်းဝန်မင်းဆီကိုပေး လိုက်တဲ့ စာကစ်စောင်လည်း ရှိသေးတယ်။ ဘုံဘေဘားမားကုမ္ပဏီနဲ့ စာချုပ်ကို ဖျက်သိမ်း လိုက်ရင် အဲဒီသစ်ကွက်ကို သူတို့ငှားပြီးလုပ်မယ်လို့ ကမ်းလှမ်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ဒီအထိရေးထားတဲ့စာတောင် ခင်ဗျားဆီမှာရှိသလား"

ဆန်ဒရေနီသည် စိုးရိမ်ထိတ်လန့်သောလေသံဖြင့် ပြော၍ ဖြည်းညင်းစွာ ထိုင်ချလိုက်ကာ ထောင့်စွန်းတွင်ပန်းထိုးထားသည့် ညစ်ပတ်သောလက်ကိုင်ပဝါဖြင့် နဖူးကို သုတ်နေသည်။

"ဒီစာတွေအားလုံးကို ရန်ကုန်မှာရှိတဲ့ ဗြိတိသျှအာဏာပိုင်တွေဆီရောက်သွားရင် ပြင်သစ်တွေ ဘယ်လိုဖြစ်မယ်ထင်သလဲ"

ဆန်ဒရေနီသည် သူ့ကိုကြည့်ရင်း မည်သို့ဖြေရမည်မသိ ဖြစ်နေသည်။ သူတွေ့နေရသည့် ဖဲင်နီသည် ယခင်ကဖဲင်နီမဟုတ်။ ဘာမျှမသိသည့် မိန်းမတစ်ယောက်အဖြစ် ခပ်ပေါ့ပေါ့သဘောထား၍ မရတော့။ ထိုစာရွက်စာတမ်းများကို သူလိုချင်လျှင် အကျိုးအကြောင်းကို ဖဲင်နီအား ရှင်းပြရပေလိမ့်မည်။ ထိုစာရွက်စာတမ်းများကို သူလိုချင်သည်။ ထိုစာရွက်စာတမ်းများကို ဗြိတိသျှလက်သို့ရောက်အောင် ပို့နိုင်လျှင် ဘာမျှ မရေမရာနေရမည်မဟုတ်ဘဲ တင့်တောင့်တင့်တယ်ဖြင့် ဖိမ်ရှိရှိ နေနိုင်တော့မည်။

မိမိသည် ဇရာဝတီ ဖလိုတီလာမီးသင်္ဘောကုမ္ပဏီနှင့် ဘုံဘေဘားမားကုမ္ပဏီတို့၏ ကိုယ်စားလှယ်အဖြစ် ဆက်လက်နေခွင့်ရမည်။ သို့မဟုတ် ပြင်သစ်တို့က အင်းဝရွှေနန်းကို လွှမ်းမိုးခဲ့လျှင် မိမိသည် ထိုကုမ္ပဏီကြီးများ၏ ကိုယ်စားလှယ်အဖြစ်မှ ပြုတ်ဖို့သာရှိတော့သည်။ ရွှေနန်းတော်ကြီးက အာဏာရအုပ်စုသည် ချောက်ကမ်းပါးဆီသို့ အဟုန်ပြင်းစွာဖြင့် သွားနေလေပြီ။ သူတို့ကို ဘယ်သူမျှ ကယ်နိုင်မည်မထင်။

ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံသို့ အခြားဥရောပနိုင်ငံများ လွှမ်းမိုးသည်ကို ခွင့်မပြုနိုင်လျှင် ပြင်သစ်တို့ကိုလည်း ဟန့်တားထားဖို့လိုသည်။ ထိုသို့ ဟန့်တားခြင်းမပြုနိုင်ခဲ့လျှင် ပြင်သစ်တို့အနေဖြင့် အင်္ဂလိပ်နှင့်ရုရှားကြားတွင် မီးမွှေးပေးလိုက်ရုံသာရှိမည်။ အင်္ဂလိပ်တို့က မိမိတို့ရှိသမျှအင်အားကို အိန္ဒိယအနောက်မြောက်နယ်စပ်သို့ စုပြုံသွင်းနေချိန်တွင် သူတို့သိမ်းပိုက်ထားသည့် အောက်မြန်မာနိုင်ငံတွင် ဆူဆူပူပူဖြစ်အောင် လှုံ့ဆော်ရုံသာရှိသည်။

ထိုအခါတွင် ပြင်သစ်တို့က စီမံကိန်းချပေးကာ ပြင်သစ်တို့ကွပ်ကဲသည့် မြန်မာတို့၏ကျူးကျော်မှု ပေါ်ပေါက်လာပြီး အောက်မြန်မာနိုင်ငံကို အသာပြန်သိမ်းသွားသည်။ ထိုအခါ၌ ပြင်သစ်တို့သည် တုန်ကင်းကို ချင်ချိုင်းနားကျွန်းဆွယ်မှထွက်လာကာ ဘင်္ဂလားပင်လယ်အော်တစ်ဝိုက်ကိုပါ လွှမ်းမိုးသွားတော့မည်။

ဖဲင်နီက အတွင်းရေးကိစ္စများကို သူအားလုံးသိကြောင်း ခေါင်းညိတ်ပြသည်။ အရှေ့တိုင်းပါရီဟုခေါ်ကြသော ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့် ဆိုင်ဂုံသို့သွားရန် မျှော်မှန်းခဲ့ဖူးသည်။ ယခု ထိုမြို့သို့ ဘယ်တော့မျှရောက်မည်မထင်တော့။ အာနန်၊ တုန်ကင်းနှင့်ရတနာပုံရွှေမြို့တော်။ ထိုအရာများကို ပေါင်းစည်းထားသည့် ဘုံဗိမ္မာန်ကြီးတစ်ခုကို သူမျှော်လင့်ခဲ့



www.burmeseclassic.com

www.burmeseclassic.com


သည်။ ယခု ထိုဖိမ္မာန်ကြီးမရှိတော့။ သူသည် ထိုမျှော်လင့်ချက်ကို ရင်ဝယ်ပိုက်ထားခဲ့သည်။ ဆန်ဒရေနီသည် သူ့ကို မျှော်လင့်တကြီးဖြင့် စိုက်ကြည့်နေသည်။

မိန်းမဟူသည် တော်တော်ထူးဆန်းသည့်သတ္တဝါဖြစ်သည်။ ဗွန်ဗိုင်ဆင်က သူ့ကို စွန့်ခွာသွားသည့်တိုင် ဖဲင်နီသည် သူ့ကို ချစ်မြဲဖြစ်သေးသည်ဟုဆိုလျှင် မည်သို့လုပ်မည်နည်း။ ဗြိတိသျှတို့ကိုယ်တိုင် ထိုစာရွက်စာတမ်းများကို မြင်ရသည့်အခါ အထူးသဖြင့် ဘုံဘေဘားမားကုမ္ပဏီ၏ လိုင်စင်ကို ဖျက်သိမ်းလိုက်သည့်အခါတွင် ဗြိတိသျှအစိုးရသည် ထိုအတိုင်း လက်ပိုက်ကြည့်နေမည်မဟုတ်ကြောင်းကို သူမပြောရဲသေး။ နောက်ဆုံးတွင် ဆန်ဒရေနီသည် ပြတ်သားစွာ ဆုံးဖြတ်လိုက်သည်။ လက်ကိုဖြန့်၍ စာရွက်စာတမ်းများကို တောင်းသည်။

"ဒီမှာ . . . ဖဲင်နီ၊ ကျွန်တော်နဲ့ ရန်ကုန်မှာရှိတဲ့ ဗြိတိသျှအစိုးရအာဏာပိုင်တွေနဲ့ သီးသန့်အဆက်အသွယ်ရှိနေတာ ကြာပြီ။ ကျွန်တော့်ဆီက ခိုင်လုံတဲ့စာရွက်စာတမ်း၊ အထောက်အထားတွေ ရတာနဲ့တစ်ပြိုက်နက် အထက်မြန်မာပြည်ကို တက်သိမ်းမှာပဲ။ အထက်မြန်မာပြည်မှာ လူတွေကိုသတ်ဖြတ်နေတာ ကူးသန်းရောင်းဝယ်ရေး ရပ်ဆိုင်းပစ်တာတို့ကို အင်္ဂလိပ်အစိုးရဟာ သည်းခံကောင်းသည်းခံမယ်။ ဒါပေမဲ့ မြန်မာ့မြေပေါ်မှာ အခြားဥရောပတိုက်သား လာပြီးခြေချတာကိုတော့ ဘယ်နည်းနဲ့မှ သည်းခံမှာမဟုတ်ဘူး"

"ဒါပေမဲ့ ပြင်သစ်ကိုကောရင်။ ပြင်သစ်တွေနဲ့ စာချုပ်ချုပ်လိုက်ပြီဆိုပါတော့။ အဲဒီတော့ အင်္ဂလိပ်တွေက ဆက်ပြီးစာချုပ်နေဦးမှာလား။ ဥပမာ မိုးကုတ်က ကျောက်တွင်းတွေ ဆိုပါစို့"

"တကယ်လို့သာ အင်္ဂလိပ်တွေက ညောင်ရမ်းမင်းသားကို နန်းတင်ဖို့ကြိုးစားခဲ့သလို တခြားမင်းသားတစ်ပါးကို နန်းတင်ဖြစ်ခဲ့ရင်တော့ အရင်ဘုရင်လက်ထက်တုန်းက ချုပ်ဆိုခဲ့တဲ့ ကန်ထရိုက်စာချုပ်တွေကို ဆက်လက်ခွင့်ပြုထားရဦးမှာပဲ။ ဒါပေမဲ့ ခက်တာက ညောင်ရမ်းမင်းသားဟာ ကာလကတ္တားမှာပဲ ကံကုန်သွားပြီဆိုတဲ့သတင်းကို ကျွန်တော်တို့ မကြာခင်ကရခဲ့တယ်။ ဒါကြောင့် အင်္ဂလိပ်အနေနဲ့ ညောင်ရမ်းမင်းသားကို သူတို့ရဲ့အကာအကွယ်ခံ မင်းသားတစ်ပါးအနေနဲ့ နန်းတင်ဖြစ်ခဲ့တယ်။ ပြီးတော့ ခင်ဗျားဆီက ဆက်လက်လုပ်ခွင့်ပြုရမှာပေါ့။ အဲဒီအခါကျရင် စီးပွားရေးစာချုပ်တွေ ခွင့်ပြုထားရဦးမှာပဲ"

သူ့အထင်အားဖြင့်မူ ထိုသို့ပြုလုပ်ခြင်းသည် အဓိပ္ပာယ်မရှိ။ သို့ရာတွင် နန်းတွင်းသတ်ဖြတ်မှုများ ပေါ်ပေါက်ခဲ့ရစဉ်က ဝန်ရှင်တော်မင်းကြီး ဘားနဒ်ကိုယ်တိုင်က ထိုအတိုင်း ပင် ပြောခဲ့သည်။

"ဒါပေမဲ့ အင်္ဂလိပ်တွေကိုယ်တိုင်က အထက်မြန်မာပြည်ကို သိမ်းပိုက်တယ်ဆိုရင်တော့ ဒီစာချုပ်တွေကို ဘယ်မှာခွင့်ပြုရတော့မလဲ။ ဥပဒေသစ်တွေကို ပြဋ္ဌာန်းတော့မှာပေါ့။ ဒါကိုကောင်စစ်ဝန်မားစ်လည်း ကောင်းကောင်းသိတယ်။ ဒါကြောင့် ဥရောပကိုယ်စားလှယ်


www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့တစ်ဖွဲ့နောက်ထပ်လွှတ်ဖို့ တိုက်တွန်းနေတာပါ။ အင်္ဂလိပ်တွေကို ခံတိုက်ဖို့ တိုက်တွန်းနေတာပါ။ အင်္ဂလိပ်တွေကိုခံတိုက်ဖို့ မြန်မာတွေမှာ အင်အားမရှိဘူး။ ပြင်သစ်ကလည်း မတားနိုင်ဘူးဆိုတာသိတယ်လေ။

ဒီတော့ အီတလီနဲ့ ဂျာမနီတို့လည်း ပြင်သစ်နဲ့ပေါင်းပြီး အင်းဝရွှေနန်းကို ကြားနေနိုင်ငံတစ်နိုင်ငံဖြစ်အောင် စာချုပ်ချုပ်နိုင်ဖို့ မြန်မာအစိုးရကို အပြင်းအထန် တိုက်တွန်းနေတယ်။ အဲဒီနိုင်ငံကြီးသုံးနိုင်ငံကသာ ဒီလိုလုပ်လိုက်ရင် အင်္ဂလိပ်အဖို့ တော်တော်အကျပ်အတည်း တွေ့သွားနိုင်တယ်။ ဒီအစီအစဉ်တွေမပြီးခင်မှာ ရွှေနန်းတော်မှာရှိတဲ့ အာဏာအုပ်စုအနေနဲ့ အင်္ဂလိပ်တွေနဲ့ ပြတ်ပြတ်သားသား မဖြစ်စေချင်သေးဘူး။ ခုစာရွက်စာတမ်းတွေအတိုင်းဆိုရင် အင်္ဂလိပ်တွေကို အတင်းဝင်တိုက်အောင် လုပ်သလိုဖြစ်နေလိမ့်မယ်"

ဆန်ဒရေနီသည် စကားကိုဆက်မပြောသေးဘဲ ဖဲင်နီ၏မျက်နှာကို အကဲခတ်နေသည်။ ဖဲင်နီက နောက်တွင်ဝှက်ထားသည့် လက်ကိုကိုင်ကာ စာရွက်စာတမ်းများကိုဖတ်ရင်း ဆန်ဒရေနီ၏လက်များသည် တုန်နေကြသည်။ ဆန်ဒရေနီသည် သူ့ကိုယ်သူ စိတ်ချယုံကြည်ခြင်း ခံရသူတစ်ယောက်ဖြစ်သည်ကို သတိပြုမိသွား၏။ ထို့ကြောင့် ထူးခြားဆန်းကြယ်သော သတင်းပေးဒှာနကို သူလှမ်းကြည့်သည်။ ထို့နောက် လက်ထဲကစာကို ဖတ်ကြည့်သည်။

"လက်နက်အမျိုးမျိုး၊ ခဲယမ်းမီးကျောက်အမျိုးမျိုးနှင့် စစ်ဖက်အသုံးအဆောင်အမျိုးမျိုးတို့ကို တုံကင်းပြည်နယ်မှဖြတ်၍ မြန်မာပြည်တွင်းသို့ တင်သွင်းရေးနှင့်ပတ်သက်၍ တုံကင်းနယ်တွင် ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးရရှိသည့်အချိန်၌ မြန်မာအစိုးရနှင့် သဘောတူညီချက်ရနိုင်ပါသည်။ တုံကင်းပြည်နယ်တွင် တာဝန်ကျနေသော အရာရှိများက ထိုကိစ္စနှင့်ပတ်သက်၍ အန္တရာယ်မရှိနိုင်ကြောင်းဖြင့် . . ."

စာမှာ နန်းရင်းဝန်ဖယ်ရီကိုယ်တိုင် လွှန်ခဲ့သည့် ဇန်နဝါရီလ ၁၅ ရက်နေ့စွဲဖြင့် ရေးသားထားသော စာဖြစ်သည်။ ထိုစာမှာ ပြင်သစ်အစိုးရအနေဖြင့် ထိုအစီအစဉ်များကိုလုပ်ရန် ရည်ရွယ်ချက်မရှိဟု အင်္ဂလိပ်ဘုရင်ခံချုပ် လော်ဒ့်လစ်တန်ကို ကတိပေးပြီးနောက် ရေးလိုက်သည့်စာဖြစ်ကြောင်း တွေ့ရသည်။

အခြားတစ်စောင်မှာ ရတနာပုံနေပြည်တော်ရှိ ပြင်သစ်ကောင်စစ်ဝန် မားစ်ထံမှ ကင်းဝန်မင်းကြီးထံသို့ ပေးပို့သောစာဖြစ်သည်။

"ဝန်ကြီးအနေဖြင့် ဘုံဘေဘားမားသစ်ကုမ္ပဏီနှင့် စာချုပ်ဖျက်သိမ်းရန် အကြောင်းပြချက်ရရှိပါက ထိုသစ်ကွက်ကို ငှားရမ်းလုပ်ကိုင်ရန် ကျွန်ုပ်တို့ဘက်မှ အဆင်သင့်ရှိပါသည်"

ဟု ကောင်စစ်ဝန်မားစ်၏စာတွင် ပါရှိသည်။ ဘုံဘေဘားမားသစ်ကုမ္ပဏီ မရှိတော့သည့်နောက်တွင် မိမိတို့က သစ်ကွက်များကို ငှားရမ်းလုပ်ကိုင်မည်ဟု သာမန်မျှသာပြောရုံဖြင့် မြန်မာအစိုးရသည် အကြောင်းပြချက်ရှာ ကာဘုံဘေဘားမားသစ်ကုမ္ပဏီကို နှင်ထုတ်ရန်မှာ ထင်သလောက်လွယ်ကူသော ကိစ္စမဟုတ်ချေ။

---

သဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ပြင်သစ်တို့က လုပ်ကိုင်ခြင်းမရှိခဲ့လျှင် ထိုအဖိုးတန်သစ်ကွက်များကို မည်သူဝင်လုပ်မည်နည်း။ မြန်မာဘုရင်အဖို့ သစ်ကွက်များကို အလဟဿပစ်၍ ထားရပေလိမ့်မည်။ ထို့နောက်တွင်မှ မီးရထားဖောက်လုပ်ရေးနှင့် ဘဏ်များဖွင့်လှစ်ရေးစာချုပ်များ။ ဆန်ဒရေနီသည် စာချုပ်များကို ဟိုလှန်သည်လှန်ကြည့်၏။ သို့ရာတွင် ကြည့်လိုက်ရုံမျှဖြင့် ထိုစာချုပ်များသည် အခွင့်အရေးများစွာပေးထားသည့် စာချုပ်များဖြစ်ကြောင်းကို သိလိုက်သည်။

ယင်းမှာ ပြင်သစ်တို့က မြန်မာဘုရင်အား ငွေအမြောက်အမြား ချေးငှားထားသောကြောင့်ဖြစ်၏။ ဆန်ဒရေနီသည် ဖဲင်နီအနားတွင် ရှိနေသည်ကိုပင် သတိမထားတော့ဘဲ ရော်လင်ဆန်၏စားပွဲသို့သွားကာ ထိုစာချုပ်များကို ကူးနေသည်။ ဖဲင်နီက တံခါးကိုဖွင့်သံကြားလိုက်သည့်အခါများတွင် အခန်းထဲတွင် ဖဲင်နီရှိနေကြောင်းကို သူသတိပြုမိသည်။ ဆန်ဒရေနီသည် ကုလားထိုင်ကို နောက်သို့လှည့်ကာ ဖဲင်နီကို လှမ်းခေါ်သည်။

"ဒီမှာ . . . ဖဲင်နီ အင်္ဂလိပ်တွေရောက်လာရင် ဒီကိစ္စမှာ ကျွန်တော်တစ်ယောက်တည်းရဲ့စွမ်းဆောင်ချက်မဟုတ်ဘူး။ ခင်ဗျားစွမ်းဆောင်ချက်ဟာ အဓိကဖြစ်တယ်ဆိုတာ ကျွန်တော်ပြောပါ့မယ်"

အပြင်ဘက်မှ မိုးစက်မိုးပေါက်များလာမှန်သဖြင့် ဖဲင်နီတစ်ကိုယ်လုံး တုန်၍သွားသည်။

"ဟင့်အင်း . . . ဟင့်အင်း . . . ကျွန်မ ဒါတွေမလိုချင်ပါ ဘူး။ ပြောစရာလည်း မလိုပါဘူး။ ဒါကိုတော့ ကျွန်မကို ကတိပေးပါ"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၉ ]

"အဲလစ်၏ အံ့ဩဖွယ်တိုင်းပြည်" ဆိုသည့် စာအုပ်ထဲတွင် ဘုရင်မက မြန်မြန်ပြေး မြန်မြန်ပြေးဟုပြောသည့် စကားတစ်ခွန်းရှိသည်။ ဖဲင်နီသည် အဲလစ်အကြောင်း ရေးထားသည့်စာအုပ်များကို တစ်အုပ်မျှ မဖတ်ဘူး။ ဖတ်ဖူးခဲ့လျှင့်လည်း ထိုစကားများသည် အဓိပ္ပာယ်မရှိသည့်စကားများဟု ထင်မိပေလိမ့်မည်။

သူ့အဖို့ ထိုသို့သောအခြင်းအရာများသည် အံ့ဩဖွယ်မဟုတ်လော။ ရွှေနန်းတော်ကြီးတွင် နေ့စဉ်တွေ့နေရသော အခြင်းအရာများဖြစ်ကြသည်။ မြန်မြန်ပြေး၊ မြန်မြန်ပြေးဟု ဘုရင်ကဆိုသည်။ သို့ရာတွင် သူတို့အဖို့မူ မည်မျှမြန်မြန်ပြေးသည့်တိုင် ပြေးစရာမြေမရှိတော့ပြီ။ သူတို့အောက်မှမြေကြီးသည် တဖြည်းဖြည်း အိကျနေလေပြီ။ ရွှေနန်းတော်ကြီးထဲတွင် မည်သို့ဖြစ်နေသည်ကို ဖဲင်နီနားမလည်နိုင်။

ဘုန်းတော်ကြီးသောဘုရားသည် ဝန်ကြီးများနှင့် အမြဲမပြတ် စည်းဝေးတိုင်ပင်လျက်ရှိသည်။ ကောင်စစ်ဝန်မားစ်နှင့် ဗွန်ဗိုုင်ဆင်တို့မှာလည်း နေ့တိုင်း အခစားဝင်နေကြသည်။ သို့ရာတွင် ဖဲင်နီသည် သတင်းအစအနတို့ကို ဟိုတစ်စသည်တစ်စ စုဆောင်းကာ ရသမျှသတင်းဘို့ကို ဆန်ဒရေနိုထံ ပေးလျက်ရှိသည်။ လွန်ခဲ့သည့် ၃ နှစ်လောက်တုန်းကလည်း ဖဲင်နီသည် ထိုသို့ပင် ရွှေနန်းတော်ကြီးထဲမှ သတင်းတို့ကို ဗြိတိသျှတို့ထံသို့ ပေးခဲ့ဖူးသည်။

ဖဲင်နီသည် ကိုယ်ရေးကိုယ်တာကိစ္စကို အခြားကိစ္စများထက် ရှေ့တန်းတင်ခဲ့သဖြင့်သာ ထိုသို့သောသတင်းများကို ပေးနိုင်ခြင်းဖြစ်သည်။ သို့မဟုတ်လျှင် ထိုသို့တစ်မျိုးပြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



မျိုး ဘက်ပြောင်းရန် တော်တော်ခက်ပေလိမ့်မည်။ အမှန်အားဖြင့်မူ မိမိသည် မည်သည့် ဥရောပလူမျိုး၏ လက်အောက်ခံမျှမဟုတ်။ သို့ရာတွင် ရွှေနန်းတော်ကြီးထဲတွင် ထိုသို့ သဘောထား၍မဖြစ်။ ရွှေနန်းတော်ကြီးထဲတွင် မိမိအဖို့ ထောက်ထားစရာတွေရှိသည်။

ရွှေနန်းတော်ကြီးကို ပြုလဲအောင်လုပ်သည်ဆိုလျှင် မိမိဘဝကို ပြုဂဲအောင်လုပ်သည်နှင့် ဘာခြားနားသေးသနည်း။ သို့ရာတွင် ပြင်သစ်ကောင်စစ်ဝန် မားစ်လိုပင် ဖဲင်နီသည် တစ်ယူသန် တစ်လမ်းသွားနေသည့်လမ်းမှာ ကိုယ့်တိုင်းပြည်အကျိုးဆိုသည့် တံဆိပ်ကပ်ထားပြီး ဖဲင်နီသွားနေသည့်လမ်းမှာ ကိုယ်ကျိုးအတွက်ဆိုသည့် တံဆိပ်ကပ်ထားသည်။ ထို အချက်သာလျှင် ကွာသည်။

ဖဲင်နီသည် သူရွေးချယ်ထားသည့် လမ်းမှအပ တခြားဘာကိုမျှ စဉ်းစားခြင်းမရှိ။ သူရွေးသည့်လမ်းမှာ ဗွန်ပို့ုင်ဆင်ကို လက်စားချေရန်ဖြစ်သည်။ သူ့လက်ချက်ကြောင့် အင်းဝ ရွှေနန်းဆက်ပြုတ်ကျလျှင်လည်း မတတ်နိုင်ပြီ။ တိုက်ဆိုင်သမျှသာ ဖြစ်ပေလိမ့်မည်။ ဖဲင်နီ့ ခေါင်းထဲတွင် အရေးကြီးဆုံးမှာ ဗွန်ပို့ုင်ဆင်၏အကြံအစည် ပျက်ပြားသွားရေးပင်ဖြစ်သည်။ တစ်ခါတစ်ရံတွင်လည်း ဗြိတိသျှအိန္ဒိယအစိုးရသည် အိပ်ပျော်နေသလောဟု ဖဲင်နီတွေးမိသည်။ ဝန်ရှင်တော်မင်းကြီးဘားနဒ်သည် အခွင့်အရေးကောင်းတို့ကို လက်လွှတ်ပြန်ဦးမည်လောဟု ဖဲင်နီတွေးမိသည်။

အင်္ဂလိပ်နှင့် စစ်ဖြစ်ခြင်းသည် နန်းတွင်းအာဏာရအုပ်စု၏ နိဂုံးချုပ်ဖြစ်ကြောင်းကို သိသော ကင်းဝန်မင်းကြီးသည် မည်မျှငြိမ်းချမ်းသောဝါဒကို လက်ကိုင်ပြုသည့်တိုင် ဘုရင်နှင့်မိဖုရားသည် ပြင်သစ်တို့၏တန်ခိုးအာဏာနှင့် အင်းဝရွှေနန်းတော်တို့၏အင်အားကို ပိုတွက်ကာ ဗြိတိသျှတို့ကို စစ်ကြေညာတိုက်ခိုက်တော့မည်ဖြစ်ကြောင်းကို ဖဲင်နီသိသည်။ ထို့ကြောင့်သာလျှင် ဘုံဘေဘားမားသစ်ကုမ္ပဏီအား ပြုလဲပျက်စီးသွားစေနိုင်သည့် လျော်ကြေးဆယ်သိန်းကို တောင်းနေခြင်းဖြစ်သည်။ ထိုမျှသောလျော်ကြေးကို ပေးရမည်ဆိုလျှင် ဘုံဘေဘားမားသစ်ကုမ္ပဏီသည် ဖုန်းဖုန်းလဲရုံမျှသာ ရှိတော့သည်မဟုတ်လော။

စာပို့သင်္ဘောပေါ်တွင် ဆန်ဒရေနီနှင့် အပြေးအလွှားတွေ့ရသည့် အချိန်ကလေး အတွင်းတွင် ဆန်ဒရေနီထံမှ အခြေအနေအရပ်ရပ်တို့ကို ဖဲင်နီသိရ၏။ ဝန်ရှင်တော်မင်းကြီး ဘားနဒ်သည် ဘုရင်ခံချုပ်နှင့် ဆက်သွယ်လျက်ရှိပြီး အိန္ဒိယဘုရင်ခံချုပ်နှင့် ဆက်သွယ်လျက်ရှိပြီး အိန္ဒိယဘုရင်ခံချုပ်ကလည်း ယုံကြည်စိတ်ချရသော ဌာနများမှ အရေးကြီးသည့် စာရွက်စာတမ်းများကို ရရှိကြောင်းဖြင့် အင်္ဂလန်နိုင်ငံခြားရေးဝန်ကြီးထံသို့ အစီရင်ခံလျက်ရှိသည်။

ထိုစာရွက်စာတမ်းများအရ ပြင်သစ်ပြည်သည် အင်းဝရွှေနန်းနှင့် လျှို့ဝှက်စာချုပ်များကို ချုပ်ဆိုလျက်ရှိကြောင်း၊ ပြင်သစ်ပြည်ကိုယ်စားလှယ်များသည် ကူးသန်းရောင်းဝယ်ရေးကိစ္စများနှင့် မြန်မာဘုရင်နိုင်ငံတော်ရှိ ဘဏ္ဍာရေးကိစ္စအဝဝကို စီမံအုပ်ချုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ထိုသို့အပြုအမူများကို မိတ်ဆွေမဆန်သောအပြုအမူဟု မှတ်ယူရမည်



www.burmeseclassic.com

www.burmeseclassic.com



ဟု မြန်မာဘုရင်ထံအကြောင်းကြားရန် မိမိအားခွင့်ပြုစေလိုကြောင်း၊ တစ်ပြိုင်နက်တည်းတွင် ထိုအပြုအမူများကိုရပ်တန့်ရန် မြန်မာဘုရင်ထံ အကြောင်းကြားသင့်ကြောင်းဖြင့် အိန္ဒိယဘုရင်ခံချုပ်ထံ အစီရင်ခံလိုက်သည်။

ဝန်ရှင်တော်မင်းကြီး ဘားနဒ်ရိုက်လိုက်သော ကြေးနန်းသည် ပျော့ပျောင်းသော စာလုံးများကို သုံးနှုန်းထားသော်လည်း အမြဲတမ်းသတိကြီးစွာထား၍ အလုပ်လုပ်ပြီး ငြိမ်းချမ်းစွာနေတတ်သော ဝန်ရှင်တော်မင်းကြီး ဘားနဒ်၏အဖို့သော်မူ ခေတ်တစ်ခေတ်ကို ပြောင်းလဲစေမည့် ကြေးနန်းတစ်စောင်ပင်ဖြစ်သည်။

ပြင်သစ်နန်းရင်ဝန်ဖယ်ရီက ကင်းဝန်မင်းကြီးကို ပေးလိုက်သောစာသည် ပြဿနာများကို ရှုပ်ထွေးစေခဲ့သည်။ အထူးသဖြင့် မိမိတို့သည် အင်းဝရွှေနန်းမှ သာမန်ကူးသန်း ရောင်းဝယ်ရေး စာချုပ်ချုပ်ဆိုခြင်းဖြစ်သည်ဟု ပါရီရှိ ဗြိတိသျှသံအမတ်ကို ပြောဆိုနေချိန်တွင် ကင်းဝန်မင်းကြီးထံသို့ ထိုစာကိုပေးလိုက်ခြင်းကြောင့် ပြဿနာများသည် ပို၍ ရှုပ်ထွေးလာခဲ့သည်။

ထိုစာနှင့် ပြင်သစ်ကောင်စစ်ဝန်မားစ်က ဘုံဘေဘားမားသစ်ကုမ္ပဏီနှင့် ပတ်သက်၍ ရေးလိုက်သောစာကို ပေါင်းလိုက်သည့်အခါ၌ကား အခြေအနေသည် ပို၍ဆိုးသည်ထက် ဆိုးလာခဲ့လေပြီ။ ဘုံဘေဘားမားသစ်ကုမ္ပဏီကိစ္စသည် အပေါ်ယံအကြောင်းပြချက်မျှသာဖြစ်သည်ဟု ဆန်ဒရေနိုယူဆသည်။ အင်္ဂလန်သည် ပြင်သစ်နှင့် ထိပ်တိုက်ပဋိပက္ခ မဖြစ်စေလို။ ဖြစ်နိုင်သော အခြေအနေတွင်လည်းမရှိ။ ပြင်သစ်အဖို့လည်း ထိုနည်းအတိုင်းပင်။ အခြေအနေမကောင်းလျှင် ပြင်သစ်ကောင်စစ်ဝန်မားစ်ကို ဖြုတ်ပစ်ကောင်းဖြုတ်ပစ်လိမ့်မည်။ သံတမန်များသည် မအောင်မြင်လျှင် ထိုသို့ဓားစာခံလုပ်၍ အဖြုတ်ခံရတော့မည် မဟုတ်လော။

ထိုအချက်ကို ဆန်ဒရေနိုတွေးမိ၏။ ကောင်စစ်ဝန်မားစ်သည်လည်း ထိုသို့ပင် တွေးမိပေလိမ့်မည်။ အထူးသဖြင့် နိုင်ငံများတွင် ကိုလိုနီရေးရာနှင့်ပတ်သက်၍ အမှားအယွင်းတွေ့ခဲ့လျှင် (အထူးသဖြင့် လက်တင်နိုင်ငံများတွင် ) ဝန်ကြီးအဖွဲ့များသည်ပင်လျှင် ပြုတ်ကျစမြဲဖြစ်ရာ ဝန်ကြီးချုပ်အဖွဲ့က တာဝန်ပေးစေခိုင်းထားသူတို့အဖို့မူ ဆိုဖွယ်မရှိတော့။ သို့ဖြင့်အမှိုက်ပုံထဲသို့ရောက်သွားသော သံတမန်အရာရှိများသည် ဘယ်နှစ်ယောက်ရှိခဲ့ပြီနည်း။

သို့ဖြစ်ရကား မြန်မာအစိုးရနှင့် ဘဏ်တိုက်များဖွင့်ရန် ရထားလမ်းများ ဖောက်လုပ်ရန်၊ ရေကြောင်းသွားလာရေးကုမ္ပဏီများ တည်ထောင်ရန်၊ ငွေချေးရန်နှင့် လက်နက်များတင်ပို့ရန် ကိစ္စတို့နှင့်ပတ်သက်၍ ပြင်သစ်အစိုးရကလည်းကောင်း၊ လန်ဒန်ရှိ ပြင်သစ်အမတ်ကလည်းကောင်း အတိအလင်းငြင်းဆိုနေသည့်တိုင် ကောင်စစ်ဝန်မားစ်သည် ရှုံးမှန်းသိနေသည့်တိုင် တိုက်ပွဲကို တစ်ယောက်တည်း ဆက်၍တိုက်နေသည်။

ထိုအတောအတွင်း၌ ဘုံဘေဘားမား သစ်ကုမ္ပဏီကိစ္စနှင့်ပတ်သက်၍ မိမိတို့က အဆက်မပြတ် ပြန်ကြားနေသည့်တိုင် အိန္ဒိယအစိုးရက တုံ့ဏှိဘာဝေပြုနေသည့်အခါတွင်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာအစိုးရသည် စိတ်တိုသည်ထက် တိုလာခဲ့လေပြီ။ နောက်ဆုံးတွင် မြန်မာအစိုးရသည် ဘုံဘေဘားမားသစ်ကုမ္ပဏီကို သိမ်းပိုက်ပြီးနောက် သက်ဆိုင်သူတို့ကို ထောင်သွင်းအကျဉ်းချထားကာ ထုံးစံအတိုင်းပြုလုပ်ရန် စီစဉ်နေကြောင်း ဆန်ဒရေနိုက ဗြိတိသျှအာဏာပိုင်များထံ အစီရင်ခံလိုက်သည်။

ဝန်ရှင်တော်မင်းကြီးဘားနဒ်သည် စာလုံးတို့ကို သေချာစွာရွေးချယ်ကာ ပျော့ပျောင်း၍ ကျိုးကြောင်းညီညွတ်သော စာတစ်စောင်ကိုရေး၍ အင်းဝရွှေနန်းတော်သို့ ပို့လိုက်သည်။ ကြေးနန်းဖြင့်လည်း အကြောင်းကြားသည်။ သို့ရာတွင် အချည်းနှီးသာ။ ဗြိတိန်သည် ဘုံဘေဘားမား သစ်ကုမ္ပဏီကိစ္စကိုအကြောင်းပြုကာ မိမိတို့ကို တိုက်မည်မဟုတ်ဟု အင်းဝရွှေနန်းတော်ကြီးက ယူဆနေပုံရသည်။

ထိုထက်အရေးကြီးသော ကိစ္စများ၌ပင်လျှင် လေးနက်စွာ စဉ်းစားခြင်းမပြုခဲ့သည့် အင်းဝရွှေနန်းတော်ကြီးသည် ဗြိတိသျှတို့သည် ခပ်ထုံထုံ ခပ်ထိုင်းထိုင်းမျှသာဖြစ်လျက် ကန့်ကွက်ရုံသာ ကန့်ကွက်တတ်ပြီး ထို့နောက်တွင် မည်သည့်အခါမျှ လက်တွေ့လိုက်မလာဟု ယူဆနေပုံရသည်။ မည်သို့ဖြစ်စေ ဗြိတိသျှသည် အရေးကြီးသောရန်သူများမဟုတ်ဟု ယူဆနေပုံရသည်။

သို့ဖြင့် အရှေ့တိုင်းတွက်နည်းဖြင့် တွက်နေသော အင်းဝရွှေနန်းတော်သည် တိုင်းပြည်များကို အလုပ်ဖြင့်ဆုံးဖြတ်ကာ ဗြိတိန်ကို အထင်သေးနေသည်။ သို့ရာတွင် ပြင်သစ်ကောင်စစ်ဝန်မားစ်ကမူ အနောက်တိုင်း၏တွေးခေါ်နည်းကို သိနေသူဖြစ်သည့်အလျောက် ဗြိတိန်ကိုစိတ်မချနိုင်။ ဖဲင်နီသည် ပျာယီးပျာယာဖြင့် ဆန်ဒရေနိုထံ ရောက်လာခဲ့သည်။ ကောင်စစ်ဝန်မားစ်နှင့် ဗွန်ဖို့ဂ်ဆင်တို့သည် ဘုံဘေဘားမားသစ်ကိစ္စတွင် ကြားဖျန်ဖြေသူအဖြစ် ဝင်ရောက်ပေးမည်ဟု မြန်မာတို့ထံ ပြောဆိုနေကြောင်း၊ သူတို့၏ စာရွက်စာတမ်းများသည် ရန်ကုန်၊ ဆင်းမလားနှင့် လန်ဒန်သို့ရောက်နေခြင်းကို မသိသေးကြောင်းဖြင့် ဖဲင်နီက ပြောပြသည်။ ဆန်ဒရေနိုက ရယ်သည်။

မြန်မာတို့နှင့် စာချုပ်ချုပ်ဆိုခြင်းမှာ ပြင်သစ်အစိုးရ၏ တရားဝင်သဘောထားမဟုတ်ဘဲ တာဝန်မဲ့သော ပြင်သစ်ကုန်သည်တို့၏ လုပ်ရပ်မျှသာဖြစ်ကြောင်း ဗြိတိသျှအား ဖွင့်ပြောရန် ကိစ္စအားလုံးကို ကောင်စစ်ဝန်မားစ်တာဝန်ဖြစ်သည်ဟုလွှဲချရန် ပါရီတွင် စဉ်းစားလျက်ရှိလေပြီ။ ပြင်သစ်သည် တုံကင်းပြဿနာကို ဖြေရှင်းပြီးခဲ့ပြီ။ တရုတ်ပြည်နှင့် စစ်ဖြစ်နေသည့်ကိစ္စသည်လည်း ပြေလည်သွားလေပြီ။ သို့ရာတွင် မြန်မာပြည်ကို ဝင်ရောက်သိမ်းပိုက်ရန် အချိန်အခါ ရင့်မှည့်ခြင်းမရှိသေး။ ဤသည်ကို လူတိုင်းသိသကဲ့သို့ ပြင်သစ်တို့လည်း သိသည်။ ပြင်သစ်တို့အဖို့ ဘာမျှအရေးမကြီးဘဲ အင်္ဂလိပ်အတွက် အရေးကြီးသည့်ကိစ္စတစ်ခုနှင့်ပတ်သက်၍ နှစ်နိုင်ငံပြဿနာဖြစ်ကြမည်ဆိုလျှင် စိတ်မချမ်းမြေ့ဖွယ်သာ ဖြစ်တော့မည်ဟု ပြင်သစ်ရော အင်္ဂလိပ်ပါ ယူဆထားကြသည်။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း၌ကား ပြင်သစ်တို့နှင့်ချုပ်ဆိုထားသည့် စာချုပ်များကိစ္စကို လျှို့ ဝှက်ထားသည့်တိုင် သတင်းမှန်အချို့မှာ ဖုံးမရအောင်ပေါက်နေလေပြီ။ သဘောတူညီချက်၊ သဘောကွဲလွဲချက်တို့မည်သည်မှာ ဖုံးဖိ၍ ရနိုင်ခဲဘိခြင်း။ မိမိတို့သည် ကုန်သည်လူမျိုး (အင်္ဂလိပ်)နှင့် ဆက်ဆံနေရကြောင်းကို ပြင်သစ်တို့မေ့နေလေပြီ။ ထိုအတောအတွင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးအသင်းမှ အသံတစ်သံထွက်လာသည့်အတွက် ဆန်ဒရေးနီ စိတ် အေးသွားရ၏။

လွန်ခဲ့သောခြောက်နှစ်ခန့်က အောက်မြန်မာနိုင်ငံနှင့် အထက်မြန်မာနိုင်ငံနယ်စပ် တွင် တပ်စွဲထားရာမှ ဗြိတိသျှတပ်များကိုရုပ်သိမ်းရန် တဖွဖွတောင်းဆိုခဲ့သည့် ရန်ကုန်မြို့ ကုန်သည်ကြီးများအသင်းသည် လေသံပြောင်းသွားခဲ့သည်။ ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ အသင်းသည် မိမိတို့သဘောထားကို လန်ဒန်၊ ဟာလီဖက်၊ ကလပ်စကို၊ မက်ကယ်ဖီးနှင့် နော ဖော့ စသည့်မြို့များရှိ ကုန်သည်ကြီးများအသင်းဌာနချုပ်များသို့ ပေးပို့ခဲ့သည်။

၎င်းတွင် ကုန်သည်ကြီးများ၏အသင်းများက ပြင်သစ်တို့၏ခြိမ်းခြောက်မှုသည် ထင်ရှားနေပြီဖြစ်ကြောင်း၊ ဗြိတိသျှတို့အနေဖြင့် ထိုခြိမ်းခြောက်မှုများကို တားဆီးရန်လို ကြောင်းဖြင့် တစ်သံတည်း ထွက်လာကြသည်။ သံတမန်တို့၏ သတိဖြင့်ပြောသော စကားလုံး များနေရာတွင် ကုန်သည်တို့၏ ပွင့်လင်းပြောင်ကျသောစကားလုံးများ ရောက်လာကြသည်။ သို့ဖြင့် ဝန်ရှင်တော်မင်းကြီးဘားနဒ်သည် အင်းဝရွှေနန်းတော်သို့ ရာဇသံအဖြစ် နောက်ဆုံး စာတစ်စောင်ကိုပေးလိုက်သည်။ ထိုရာဇသံကို ဆွေးနွေးကြသည့်နေ့ကရှုခင်းကို ဖဲင်နီမမေ့ နိုင်တော့။ ထိုရှုခင်းဖြစ်သည့်အလျောက် သူ့စိတ်ထဲတွင် စွဲထင်နေသည်။

လွှတ်တော်ဝန်ကြီးများ၏ အစည်းအဝေးသဘင်ကို ချက်ချင်းကျင်းပသည့်တိုင် ထို စည်းဝေးသဘင်သည် ဟန်ဆောင်ပန်ဆောင်မျှသာ ဖြစ်သည်ဆိုသည်ကို ဖဲင်နီသိသည်။ စစ် တိုက်ရန် ဆုံးဖြတ်ပြီးပြီဆိုသည်ကိုလည်း ဖဲင်နီသိသည်။ လွန်ခဲ့သောရက်များအတွင်းက တပ် မတော်သားများကို ဘဘော်များဖြင့်တင်က နယ်စပ်သို့ စုန်ဆင်းသွားကြသည်ကို သူမြင်ခဲ့ရ သည်။ အရှေ့တံခါးတွင် စစ်ရေးခင်းကျင်းပြသသည်ကို သူမြင်ခဲ့ရသည်။ ဥယျာဉ်တော်ထဲမှ အပျိုတော်များအပါအဝင် လူတိုင်းသည် စစ်ပွဲကြီးအကြောင်းနှင့် စစ်ပွဲနှင့်ပတ်သက်သော ကောလာဟာလများကိုသာ ပြောဆိုလျက်ရှိကြသည်။

မိုးရာသီကုန်ဆုံးကာ တောက်ပကြည်လင်၍ ရွှေရောင်တောက်သောရာသီသို့ပင် ရောက်လာခဲ့လေပြီ။ ကောင်းကင်သည် အဖန်ဖန်ပွတ်ထားသကဲ့သို့ ပြာလဲ့ကြည်လင်လျက် ရှိသည်။ ဖဲင်နီသည်သူ့ပြင်သစ်ကြေးခုတင်လေးပေါ်တွင် လဲလျောင်းရင်း ဥယျာဉ်တော်ထဲမှ ရေစီးကျသံကို နားထောင်နေသည်။ ရာဇမတ်ကွက်များမှ ထိုးကျလာသော မနက်ခင်းနေ ရောင်ခြည်နနကိုကြည့်သည်။ သို့ဖြင့် ဖြစ်ပွားတော့မည့် စစ်ပွဲကြီးအကြောင်းကို တွေးရင်း ကြည်နူးနေသည်။ တစ်ခါတစ်ရံတွင် ဖဲင်နီသည် စည်းဝေးသဘင်ကျင်းပရာ ခန်းဆောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com


တွင် စုဖုရားလတ်နောက်ပါးမှ ခစားရင်း ကွမ်းဆေးစသည်တို့ကိုဆက်သရန် အသင့်စောင့်နေရသည်။

စင်မြင့်မြင့်နိမ့်နိမ့်ကလေးပေါ်တွင် ခင်းထားသည့် ကော်ဇောပေါ်တွင် ဝပ်စင်း၍ ခစားနေကြသော လွှတ်တော်ဝန်ကြီးများနောက်သို့ လှမ်းကြည့်လိုက်လျှင် အပြင်ဘက်မှ စိမ်းလဲ့သော မြက်ခင်းနှင့် ထိုမြက်ခင်းပေါ်တွင် ဖြတ်သန်းသွားသော အပျိုတော်များ၏ အရောင်အသွေးတောက်သော ထဘီတို့ကို မြင်လိုက်ရတတ်သည်။ တစ်ခါတုန်းကမူ ထိုသို့ အရောင်အသွေးစုံလင်သော ရွှေနန်းတော်ကြီးထဲကဘဝကို သူပျော်ခဲ့ဖူးသည်။ ထိုသို့ အမှတ်မထင်တွေးနေစဉ် ရွှေရောင်၊ မြရောင်တောက်နေသော ပတ်ဝန်းကျင်သည် မှုန်မှိုင်းဝေဝါးသွားကာ တိုင်တားမင်းကြီး၏ ညိုမောင်းသောမျက်နှာနှင့် တင်းမာသည့်အသံတို့ကို ကြားယောင်မြင်ယောင်လာသည်။ ညိုမောင်းသောသူ့မျက်နှာသည် တောက်ပနေသောပတ်ဝန်းကျင်တွင် သပ်ကြီးတစ်ချောင်း လျှိုသွင်းလိုက်သည့်နှယ်ရှိ၏။

ကုလားဖြူတို့ကို သူတို့လာရာပင်လယ်ထဲသို့ မောင်းချပစ်ရမည်။ စစ်တိုက်ရမည်။ ဘိုးတော်၊ ဘေးတော်တို့ ရွှေလက်ထက်တော်က သင်းတို့တစ်တွေ လုယူခဲ့ကြသော ရခိုင်၊ ပဲခူး စသည့်ပြည်နယ်များကို ပြန်၍သိမ်းရမည်။ ယခု သင်းတို့တစ်တွေသည် အင်းဝရွှေနန်းကိုပင် လုယူကြတော့မည်။ ဘုန်းတော်ကြီးသော ရွှေနန်းရှင်ဘုရားသည် သင်းတို့ကို အပြီးအပိုင်မောင်းထုတ်ကာ နိုင်ငံတစ်ဝှမ်း သိမ်းမြန်းစိုးစံတော်မူစေသတည်း။

စုဖုရားလတ်သည် တိုင်တားမင်းကြီးတင်လျှောက်သည့် စကားများကို နားထောင်နေသည်။ လှပသော သူ့မျက်လုံးများက တောက်ပလျက်။ ညိုမောင်းသေးသွယ်သည့် လက်များကိုဆုပ်လျက်။ လက်ထဲတွင် ဆေးပေါ့လိပ်မှ မီးငြိမ်းနေသည်ကိုပင် သတိထားခြင်းမရှိ။ ဘုန်းတော်ကြီးသောဘုရား၏ မျက်လုံးများသည်ပင်လျှင် တဖျပ်ဖျပ်တောက်နေကြသည်။ မိမိသောကများနှင့် ဆန္ဒများကို ထွက်ပေါက်ပေးလိုက်သည့်နှယ် ညညတွင် အိပ်မပျော်နိုင်အောင် ဖိစီးနိုပ်စက်ခဲ့သည့်အတွေးမှ သူ့ကိုလွတ်အောင် လုပ်ပေးသည့်နှယ်။

အရှင်နှစ်ပါး၏ နောက်ခပ်လှမ်းလှမ်းတွင် မယ်တော်ဆင်ဖြူရှင်သည် စကားမဆို။ တိတ်ဆိတ်စွာ ထိုင်နေ၏။ မှုန်မွဲသောသူ့မျက်လုံးသည် ကင်းဝန်မင်းကြီး၏ မျက်လုံးများနှင့် မကြာမကြာ အကြည့်ချင်းဆုံမိကြသည်။ ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးတို့သည် မကြာခဏ တွေ့ဆုံဆွေးနွေးကြကာ ရှောင်လွှဲ၍မရနိုင်သော ကိစ္စကြီးကို ရှောင်လွှဲရန် ကြိုးစားနေကြကြောင်းကို ဖဲင်နီကောင်းကောင်းသိသည်။ ဖဲင်နီသည် သူ့ကိုယ်သူ ကျေနပ်နေသည်။ မိမိသည် အညတရမိန်းမတစ်ယောက်မဟုတ်။ ကိစ္စတစ်ခုမှအပ အရာရာကိုတတ်နိုင်သော မိန်းမဖြစ်သည်။ တစ်ယောက်မှအပ ယောကျ်ားတို့၏အထာကို ကောင်းကောင်းသိသူဖြစ်သည်။

ကင်းဝန်မင်းကြီးသည် ရျှိသာပျော့ပျောင်းစွာ စကားပြောနေသည်။

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရာဇသံထဲတွင် ကုလားဖြူအင်္ဂလိပ်တို့တောင်းဆိုနေသည့် အချက်သည် မြန်မာပြည်ကို သိမ်းပိုက်ရေးမဟုတ်ကြောင်း၊ ဗြိတိသျှသံကိုယ်စားလှယ်ကို ပြန်လည်ထားခွင့်ပြုရန် ဖြစ်ကြောင်း၊ သံကိုယ်စားလှယ်အား အနုအရွဲကွဲသို့ မဟုတ်ဘဲ ဘုရင့်ထံ ဝင်စေထွက်စေ အခွင့်ပေးထားရန်ဖြစ်ကြောင်း၊ ဘုံဘေဘားမားသစ်ကုမ္ပဏီကိစ္စကို ခေတ္တရပ်ဆိုင်းထားရန် ဖြစ်ကြောင်း၊ ထိုသို့ရပ်ဆိုင်းနေစဉ် ပြင်သစ်ကောင်စစ်ဝန်မဟုတ်ဘဲ အခြားတစ်ဦး တစ်ယောက်ဖြင့် စေ့စပ်ဖျန်ဖြေရန်ဖြစ်ကြောင်း၊ နောင်တွင် အင်းဝရွှေနန်း၏ နိုင်ငံခြားဆက်ဆံရေးကိစ္စများတွင် အိန္ဒိယအစိုးရ၏ အကြံပေးချက်အတိုင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် အကာအကွယ်ခံ ဘုရင့်နိုင်ငံတစ်နိုင်ငံအဖြစ် ထားရှိရန်ဖြစ်ကြောင်းဖြင့် ကင်းဝန်မင်းကြီးက လျှောက်တင်သည်။

နောက်ဆုံးအချက်ကို ပြောရာတွင်မူ စကားအရာတွင်လိမ္မာသည့် ကင်းဝန်မင်းကြီးကိုယ်တိုင်ပင် ခပ်ဝါးဝါးပြော၍မရတော့ပြီ။ ဤသည်မှာ အင်္ဂလိပ်တို့၏ ရာဇသံပါအချက်အလက်များဖြစ်သည်။ အိန္ဒိယမှစစ်တပ်များကို အောက်မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းလျက်ရှိကြောင်းဖြင့်လည်း အထောက်တော်များထံမှ မြန်မာတို့ ကြားသိပြီးသားဖြစ်သည်။ စာ၏သဘောသည် ရာဇသံဖြစ်သည်။

သို့ရာတွင် ဗြိတိသျှတို့သည် မြန်မာဘုရင်အား အကာအကွယ်ခံဘုရင့်နိုင်ငံတစ်ခုအဖြစ် ထူထောင်ခွင့်ပေးထားသည်။ ပထမဆုံးသတ်ဖြတ်မှုများ ဖြစ်ပွားစဉ်ကတည်းက အက်ရှီဆန်နှင့် ဘရောင်းတို့က ထိုအတိုင်း တင်ပြခဲ့သည်။ ထိုအချက်ကိုလက်ခံလျှင် မြန်မာဘုရင်သည် သီဟာသနပလ္လင်ထက်တွင် စိုးစံခွင့်ဆက်ရှိဦးမည်။ ကင်းဝန်မင်းကြီးသည် ဖြည်းညင်းစွာ စကားရှည်ရှည်ပြော၏။ ကင်းဝန်မင်းကြီးက ဗြိတိသျှတို့၏တောင်းဆိုချက်ကိုလိုက်လျောရန် အကြံပေးသည်။

ယေဘုယျအားဖြင့် လက်ခံလိုက်လျှင် ကျန်အချက်များကို အချိန်ဆွဲ၍ ဆွေးနွေးနိုင်ကြောင်း၊ သို့ရာတွင် ခုခံ၍တိုက်မည်ဆိုလျှင် ရွှေနန်းတော်ကြီးရှိသူအားလုံး ဒုက္ခရောက်နိုင်ကြောင်းဖြင့် ကင်းဝန်မင်းကြီးက ထောက်ပြသည်။ ဖိင်နီ၏နားထဲတွင်မူ ကင်းဝန်မင်းကြီး၏ စကားများသည် ကျိုးကြောင်းညီညွတ်သည်ဟု ယူဆသည်။ ကင်းဝန်မင်းကြီး၏အသံသည် သူ့နားထဲမှ မထွက်တော့။

ထိုသို့လျှောက်နေစဉ် ကင်းဝန်မင်းကြီးနှင့် သဘောချင်းတိုက်ဆိုင်သွားသည့် အပါးတွင်ထိုင်နေသော ဆင်ဖြူရှင်က စုဖုရားလတ်၏လက်ကို လှမ်းဆွဲလိုက်၏။ စုဖုရားလတ်သည် လက်ကို ဆောင့်၍ရုန်းလိုက်ကာ အိုမင်းနေစဖြစ်သော ကင်ဝန်မင်းကြီးကို တစ်လှည့်ကြည့်ရင်း တင်းမာစူးရှသည့်အသံဖြင့် ပြောနေသည်။

"မင်းကြီးတို့နှစ်ယောက် ညားကြဖို့ကောင်းတယ်။ လိုက်လည်း လိုက်ပါပေရဲ့။ နှစ်ယောက်စလုံး လူကြောက်တွေချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ထိုစကားကြောင့် အထိတ်တလန့်ဖြစ်ကာ တိတ်ဆိတ်သွားကြသည်။ စုဖုရားလတ်က ဆက်ပြောသည်။

"အို . . . အမှန်ကတော့ မင်းကြီးက ယောကျ်ားတောင်မဟုတ်ဘူး။ မိန်းမထက်တောင် သူ့ရဲဘောကြောင်သေးတယ်"

ဟုဆိုကာ ဖဲင်နီဘက်သို့လှည့်ကြည့်ရင်း . . .

"မင်းကြီးဖို့ ထဘီနဲ့ယပ်တောင် ရှာပေးလိုက်စမ်း။ သွား . . . မိန်းမဆောင်မှာသွားနေဖို့ပဲ ကောင်းတော့တယ်"

မည်သည့်အမျိုးသမီးမျှ ယောကျ်ားတစ်ယောက်ကိုမျှ ဤသို့မပြောရဲကြ။ အထူးသဖြင့် ထိုယောကျ်ားသည် အများက ကြည်ညိုလေးစားခြင်းခံရသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်နေသည်။ မည်သည့်သမီးမျှလည်း ကိုယ့်အမေကို လူရှေ့သူရှေ့တွင် မပြောဖူးခဲ့။ စုဖုရားလတ်ဂိုဏ်းသားဖြစ်သည့် တိုင်တားမင်းကြီးပင်လျှင် ထိုစကားကို အထိတ်တလန့်ဖြစ်ကာ မျက်နှာမည်းလျက်ရှိလေပြီ။ မည်သူမျှ စကားမပြောရဲကြ။ စုဖုရားလတ်သည် ထက်မြက်သည့်မိန်းမတစ်ဦးဖြစ်ကြောင်းကို လူတိုင်းသိကြသည်။ ထို့ထက် ဓားထက်သည့်မိန်းမတစ်ဦးဖြစ်ကြောင်း ပို၍သိကြသည်။

ထို့နောက်တွင် ဝန်ကြီးများထဲမှ စကားတီးတိုးပြောသံများ ထွက်ပေါ်လာသည်။ ထိုတီးသံများသည် စုဖုရားလတ်စကားများကို ထောက်ခံသည့် တီးတိုးသံမှလွဲ၍ အခြားမဖြစ်နိုင်။ ကင်းဝန်မင်းကြီးသည် အိုမင်းတွင်းဆုံးကျကာ ဉာဏ်အမြော်အမြင်တို့ရှေ့တွင် ဘုန်းကျက်သရေတိုးမည့်ကာလကြီးကို မမြင်၊ နားမလည်နိုင်တော့ပြီ။

စစ်တိုက်ရမည်။ စစ်တိုက်ရမည်။ ကြီးမြတ်ခြင်းအပေါင်းနှင့် ဘုန်းကျက်သရေအပေါင်းတို့၏အရှင်သခင် ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင် ထိုမိစ္ဆာဒိဋ္ဌိတို့ကို မောင်းထုတ်တော်မူမည်။

ကင်းဝန်မင်းကြီးသည် အရှက်ရသည်ကိုလည်းကောင်း၊ အသက်ဘေးကိုလည်းကောင်း ဂရုမစိုက်နိုင်တော့ဘဲ နောက်တစ်ချီ လျှောက်တင်ခြင်းပြုပြန်သည်။

"ရန်သူတို့ကို မောင်းနှင်ထုတ်သည့်ကိစ္စမှာ အပြောလွယ်သလောက် အလုပ်ခက်လှပါသည်ဘုရား။ ရန်သူတို့ကို ကျွန်တော်မျိုးတို့ ဘယ်ပုံတိုက်မည်ကို ဘုန်းတော်ကြီးသောဘုရား ဆင်ခြင်တော်မူသင့်ပါသည်။ နိုင်ငံအခြေအနေကိုကြည့်လျှင် တစ်တိုင်းပြည်လုံးအစည်းပြေလျက်ရှိကာ အရှင့်အပါးတွင် လူသူခြွေရံသင်းပင်းတို့ နည်းနေချိန်ဖြစ်ပါသည်။ ကျွန်တော်မျိုး လျှောက်တင်ခဲ့ဖူးသော်လည်း အရှင်နားဝင်တော်မမူခဲ့ပါ။ ပြည့်ဝမ်းကိုမဖောက်ရာဟု ပြည့်ဦးကင်းကိုမနင်းရာ၊ ပြည့်မျက်လုံးကိုမဖောက်ရာ၊ ပြည်စွယ်ကိုမချိုးရာဟု လျှောက်တင်ခဲ့ပါသည်။ သူဌေးသူကြွယ်တို့သည် ပြည့်ဝမ်းများဖြစ်ကြပါသည်။ ယခု ထိုဝမ်းတို့ မရှိတော့ပါ။ ပြည့်ဦးကင်းနှင့်တူသည့် စစ်ဗိုလ်စစ်မှူးတို့လည်း မရှိကြတော့ပါ။ ပညာရှိရဟန်းရှင်လူတို့သည် ပြည့်မျက်စိသဖွယ် ဖြစ်ကြပါသည်။ သူတို့တွင်လည်း ပြောရေးဆိုခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရှိကြတော့ပါ။ ပြည်စွယ်နှင့်တူသည့် ဘုန်းတော်ကြီးသောဘုရား၏ ဆွေတော်မျိုးတော်တို့လည်း မရှိကြတော့ပါ"

ကင်းဝန်မင်းကြီးစကားသည် ရပ်သွား၏။ မှုးမတ်များထဲမှ တီးတိုးသံများ ပေါ်ထွက်လာပြန်သည်။ စစ်တိုက်ရမည်၊ စစ်တိုက်ရမည်။ အင်းဝရွှေနန်းမှ သာသနာတော်ကြီးနှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် (မည်သူမျှ မပြုံးရဲကြ။) ဤသို့သောစစ်ပွဲမျိုးကို တိုက်ရန်မှာ မင်းကောင်းမင်းမြတ်တို့၏ တာဝန်ဖြစ်သည်။ ကင်းဝန်မင်းကြီး၏ လျှောက်တင်ချက်ဆုံးသည့်အခါတွင် သီပေါမင်းသည် မလှုပ်မယှက် စံနေလျက်ရှိသည်။

သီပေါမင်းသည် ကမ္ဘာလောကကြီးအကြောင်းကို ဘာမျှမသိ။ သူ့တပ်တော်သားများ၊ သူ့ဝိုက်လေ့များ၊ ကူဗလိုင်ခန်တို့ခေတ်ကနည်းတူ ဆောက်လုပ်ခဲ့သည့် သူ့ခံတပ်မြို့များစသည်တို့သည် အနောက်တိုင်း၏ တိုက်ခိုက်မှုအောက်တွင် ဘာမျှအရာရောက်ခြင်းမရှိသည်ကို သီပေါမင်း သိတော်မမူ။ သီပေါမင်းသည် စစ်ရှုံးမည်ကို စိုးရိမ်ကြောက်ရွံ့နေခြင်းမဟုတ်။ အတိတ်က သူကျူးလွန်ခဲ့သော ပြစ်မှုများအတွက် လိပ်ပြာမလုံဖြစ်ကာ စိုးရိမ်ထိတ်လန့်နေခြင်းဖြစ်သည်။ သီပေါမင်းသည် ကင်းဝန်မင်းကြီးကိုကြည့်၏။ ကင်းဝန်မင်းကြီးသည် အသက်ကြီး၍ ပါးရေတွန့်နေလေပြီ။ ခမည်းတော်မင်းတုန်းမင်းကြီး၏ ရွှေလက်ထက်တော်က ယုံကြည်ကိုးစားခြင်းခံခဲ့ရသော သက်တော်ရှည်ဝန်ကြီးတစ်ပါးဖြစ်ခဲ့သည်ကို သီပေါမင်းသတိရသည်။

ထိုစဉ်က သူသည် ရွှေကျောင်းတွင် သာမဏေအဖြစ်သာရှိသေးသည်။ သည်တုန်းက လောကကြီးသည် အမှုပွေလှသော အရောင်ခြယ်ထားသည့် အိပ်မက်ကြီးတစ်ခုမျှသာဟု သူထင်ခဲ့သည်။ ဟုတ်သည်။ လောကကြီးသည် အမှုပွေလှသော ဆေးရောင်ခြယ်ထားသော အိပ်မက်ကြီးတစ်ခုမျှသာဖြစ်သည်။ သို့ရာတွင် ထိုလောကကြီးကို သူ မစွန့်ခွာနိုင်တော့ပြီ။ တရားဘာဝနာကို အားထုတ်ခြင်း မပြုနိုင်တော့ပြီ။ မိမိသည် မဂ္ဂင်ရှစ်ပါးတည်းဟူသော ကျင့်စဉ်မှ အတန်ကြာမျှ ဝေးခဲ့လေပြီ။ သီပေါမင်းသည် လှုပ်ရှားစပြုလာကာသက်ပြင်းကြီးတစ်ချက်ချ၏။

"နမတော်စုဖုရားနဲ့ ဝန်ကြီးများက စစ်တိုက်ရန်အကြံပေးကြသည်။ စစ်တိုက်ခြင်းဖြင့်သာလျှင် ငါ့နိုင်ငံတော်၏ဂုဏ်သိက္ခာကို ဆယ်ရာရောက်တော့မည်။ မျက်နှာဖြူအင်္ဂလိပ်တို့သည် မလျော်ကန်သောတောင်းဆိုချက်တို့ကို တောင်းဆိုကာ တရားမဲ့စွာ စစ်ရေးပြင်ဆင်နေကြသည်။ ယခုဆိုလျှင် ငါ့ပြည်သူပြည်သားများ၏ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် တကွ အကျိုးစီးပွားတို့ ထိခိုက်ခြင်းဖြစ်ရပြီ"

သီပေါမင်းသည် စကားမဆက်နိုင်သေးဘဲ ခြောက်သွေ့နေသော နှုတ်ခမ်းများကို လျှက်လျက်ရှိသည်။ ဖင်နီသည် သီပေါမင်း၏မိန့်ဆိုချက်ကို နားထောင်ရင်း ဘုန်းတော်ကြီးသောဘုရားသည် ယုံကြည်ရင်းစွဲရှိသည့်အတိုင်း ပြောဆိုနေခြင်းဖြစ်သည်ဟု ယူဆသည်။ တစ်သက်လုံး အလိမ်အညာကိုခံခဲ့ရသည့်အတွက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com


"စစ်အင်တို့ကို ခင်းကျင်း၍ တပ်တော်များချီတက်ရန် နေ့ကောင်းရက်သာကိုသာ ရွေးကြလေ"

သီပေါမင်းသည် စုဖုရားလတ်၏လက်ကို ဆွဲကိုင်လိုက်သည်။ စုဖုရားလတ်၏ လက်သည် ပူနွေးလျက်ရှိသော သူ့လက်ထဲတွင် မြဲမြဲခိုင်မာနေသည်။ အာရုံခြောက်ပါး၌ ဖောဋ္ဌဗ္ဗာ အာရုံ၏အတွေ့တွင် လက်ချင်းထိလိုက်ရုံဖြင့် အာသာဆန္ဒကို ပြေစေသည်ဖြစ်ရာ ယခုကဲ့သို့ ထိလိုက်သည့်အခါတွင် သူ့ကိုယ်သူ ယုံကြည်စိတ်တို့သည် ပြန်လည်ဝင်ရောက်လာခဲ့လေပြီ။ သီပေါမင်းသည် ငြိမ်သက်စွာ စံနေတော်မူလျက်ရှိရာ ဗိုဟ်တည်ငြိမ်နေသော အကြည့်သည်လည်း သူ့မျက်လုံးထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီ။

အားလုံး ငြိမ်သက်လျက်ရှိစဉ် စုဖုရားလတ်သည် သူ၏ ပန်းအိုးသဏ္ဌာန်ရှိသော ခန္ဓာကိုယ်ကို လက်နစ်ဖက်ဖြင့်ထိန်းလိုက်ရင်း ထလိုက်၏။ ထိုစဉ် သူ့ဝမ်းကြားတိုက်တွင် ကိန်းဝပ်လျက်ရှိသော သန္ဓေသားကို သတိရသည့်နှယ် သူ့ဝမ်းဗိုက်ကို လက်နစ်ဖက်ဖြင့် အသာကိုင်လိုက်သည်။ ယခုတစ်ကြိမ်တွင်မူ သီဟာသနပလ္လင်ထက်တွင် ထီးနန်းအရိုက်အရာကို ဆက်ခံရန် ရွှေနန်းတော်ကြီးတွင် အုပ်ချုပ်ရန်အတွက် သားတော်လေးတစ်ပါးကို မွေးရပေလိမ့်မည်။ စုဖုရားလတ်၏မျက်နှာသည် ဖြူဖျော့လျက်ရှိသည် ။ သို့ရာတွင် မျက်လုံးကမူ တောက်ပနေသည်။

ဘုန်းတော်ကြီးသော ဘုရားသည်လည်း ထိုင်ရာမှ အားယူထကာ အရှင်နစ်ပါးတို့သည် ခန်းဆောင်အပြင်သို့ ထွက်ခွာသွားကြသည်။ ဝန်ကြီးများသည်လည်း စကားကို ဆူညံစွာပြောဆိုကာ လွှတ်တော်ဘက်သို့ ထွက်လာခဲ့ကြသည်။ ကင်းဝန်မင်းကြီးမှာမူ စကားမဆိုနိုင်။ ဦးခေါင်းကို အောက်သို့ငုံ့ကာ ဖြည်းညင်းစွာ လျှောက်လာခဲ့သည်။ မောင်ရိုးက ခပ်လှမ်းလှမ်းမှ လိုက်ပါလာခဲ့သည်။ ဖဲင်နီကို လှမ်းကြည့်လိုက်သည့် သူ့မျက်လုံးထဲတွင် စိုးရိမ်သောကရောက်နေသည့် အရိပ်အယောင်တွေ လွှမ်းမိုးနေသည်။ မိမိတို့အခြေအနေသည် အားလုံးချောမောနေကြောင်း၊ အကောင်းဆုံးဖြစ်နိုင်ရန် မျှော်လင့်လျက် ကြိုးစားရတော့မည်ဖြစ်ကြောင်းကို စိတ်အေးချမ်းသည်။

သို့ရာတွင် မောင်ရိုးလည်း စိတ်မအေးနိုင်။ မိမိသည် ရန်ကုန်နှင့် အင်္ဂလိပ်တို့၏ သဘောထားကို ကောင်းစွာသိပြီးဖြစ်သည့်အလျောက် သူ့စိတ်ကိုမယုံရဲ။ ယခုကိစ္စတွင် မိမိနှင့် ဖဲင်နီတို့စနက်ကြောင့် ဖြစ်ရသည်ဆိုသည့်အချက်ကို သူမယုံချင်။

ဖဲင်နီသည်လည်း သူနှင့် မျက်လုံးချင်းမဆိုင်ရဲဘဲ ခေါင်းငုံ့နေသည်။ ဖဲင်နီသည် ဆင်ဖြူမရှင်ထွက်အလာကို စောင့်နေသည်။

"ဟဲ့ . . . ဖဲင်နီ၊ အစကို နင်မြင်ခဲ့တယ်မဟုတ်လား။ ဒီတော့ အဆုံးကိုလည်း နင်မြင်ရပေမှာပေါ့"

ဟု ဆင်ဖြူမရှင်က မိန့်သည်။

❃ ❃ ❃

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

အဖြစ်အပျက်များသည် လျင်မြန်စွာ ဖြစ်ပျက်နေကြသည်။ မြန်လွန်းသဖြင့် သူ့ခေါင်းတွင် အရောင်အသွေးစုံလင်သော ပိုးတိုးဝါးတားအရာကြီးတစ်ခု ဖြတ်သန်းသွားနေသည်ဟုပင် ဖဲင်နီထင်မိသေးသည်။ ညတိုင်း ဇာတ်ပွဲတွေတခြိမ့်ခြိမ့်။ ညတိုင်း ဂီတသံတွေတညံညံ။ ဆုံးပင်မဆုံးနိုင်တော့။ မြန်မာနိုင်ငံကြီးအား မင်းလုပ်အုပ်ချုပ်ရန် သီပေါမင်းကို ကူညီမည်ဆိုသည့် ပြင်သစ်များသည် ရွှေနန်းတော်ကြီးထဲမှ ရုတ်တရက် ပြေပျောက်သွားကြသည်။

ကောင်စစ်ဝန်မားစ်ကိုလည်း ကျန်းမာရေးမကောင်းဟုဆိုကာ ပြင်သစ်ပြည်သို့ ပြန်ခေါ်လိုက်လေပြီ။ မားစ်သည် စိတ်ဓာတ်ကျဆင်းသူတစ်ယောက်အဖြစ် ပြန်သွားခဲ့ရသည်။ ဗွန်ဗိုုင်ဆင်ကိုလည်း ရွှေနန်းတော်ကြီးထဲတွင် မမြင်ရတော့ပြီ။ ဖဲင်နီသည် လွမ်းသလိုလို၊ ဆွေးသလိုလို။ ဗွန်ဗိုုင်ဆင် မည်သို့များဖြစ်သနည်းဟု တွေးမိသည်။ သူ့ကိုလက်စားချေချင်သည့်စိတ်ဓာတ်တို့လည်း မရှိတော့ပြီ။

ထိုနေ့များတွင် နေထိုင်ရသည်မှာ မထိတ်သာမလန့်သာ ရှိလိုက်ပါဘိ။ ဝန်ကြီးများကလည်း တပ်တော်များ အောင်ပွဲခံနေသည့်အကြောင်းကို အရှင်နစ်ပါးအား လျှောက်နေကြသည်။ သို့ရာတွင် အိမ်တံခါးတွေပိတ်ကာ ခြောက်သွေ့နေသည့်ကုလားမြို့သို့ ရောက်သွားကြသည့်အခါတွင်မူကား ဗြိတိသျှတပ်တို့ လျင်မြန်စွာ ချီတက်လာနေကြောင်းကို ဆန်ဒရေနီနှင့် ရော်လင်ဆန်တို့ထံမှ သိရသည်။

သခင်မ်းခိုပိစာပေ

www.burmeseclassic.com



မင်းလှခံတပ်တွင် တိုက်ပွဲတစ်ပွဲဖြစ်လိုက်သော်လည်း ဘာမျှမကြာလိုက်။ မြန်မာတို့သည် မင်းလှတွင် အားတက်သရော ခုခံကြသည့်တိုင် ဆုတ်ပေးလိုက်ရသည်။ မင်းလှခံတပ်ကျသည်နှင့် တိုက်ပွဲပြီးသလောက် ဖြစ်နေလေပြီ။ မင်းလှခံတပ်ကို ဦးစီးကွပ်ကဲခဲ့သည့် မြန်မာတို့ဘက်မှ အီတလီလူမျိုးနှစ်ယောက်သည် လက်နက်ချအဖမ်းခံကြရသဖြင့် သူတို့ကို စစ်သုံ့ပန်းအဖြစ် ခေါ်ဆောင်လာခဲ့သည်။ အင်္ဂလိပ်တပ်သားများ စီးနင်းလိုက်ပါလာသည့် မီးသင်္ဘောတပ်ကြီးကြီးသည် မြစ်ကြောင်းအတိုင်း ဆန်တက်လာခဲ့၏။ သိမ်းပိုက်ပြီးနေရာများတွင် အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်ရန် မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ အရာရှိများကို ထားပစ်ခဲ့ကြသည်။

ဆန်ဒရေနီသည် မင်္ဂလာသတင်းကိုပြောရန် ဖဲင်နီကိုစောင့်နေသည်။ သို့ရာတွင် ဖဲင်နီသည် ရွှေနန်းတော်ကြီးသို့ ပြန်သွားခဲ့လေပြီ။ ဇာတ်ပွဲများရှိရာသို့ ပြန်သွားခဲ့လေပြီ။ စိုးရိမ်ထိတ်လန့်သော မျက်နှာများရှိရာသို့ ပြန်သွားခဲ့လေပြီ။ ဟန်ဆောင်ဖုံးကွယ်၍ မရတော့။ နိဂုံးဇာတ်သိမ်းခန်းသို့ ရောက်ခါနီးလေပြီ။ ပူနွေးသော နွေတောင်လေထဲတွင် အင်္ဂလိပ်တို့၏အမြောက်သံများသည် ရတနာပုံမြို့ကြီးဆီသို့ ရောက်လာ၏။ မင်းသားက အရှင်နစ်ပါး၏တပ်တော်များ အောင်ပွဲခံနေသည့်အကြောင်းကို ပြောနေစဉ် ဇာတ်ပွဲရပ်သွားကာ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

စုဖုရားလတ်က ဇာတ်ပွဲကိုဆက်ကရန် အချက်ပြသည်။ သို့ရာတွင် ကိုယ်တိုင်မှာမူ သီပေါမင်းနှင့်အတူ ဇာတ်ပွဲထဲမှ ထွက်သွားကြသည်။ အရှင်နစ်ပါးသည် ဝန်ကြီးများနှင့် စည်းဝေးရာ ယခုတစ်ကြိမ်တွင်မူ ကင်းဝန်မင်းကြီး၏စကားကို နားထောင်ကြသည်။ မိမိတို့သည် အင်္ဂလိပ်တို့ရာဇသံကို လက်ခံရတော့မည်။ သူ့ကျွန်ဖြစ်သည့်တိုင် ထိုနည်းဖြင့်သာ နိုင်ငံကိုမပျက်စီးအောင် ကယ်တင်နိုင်တော့မည်။

သို့ဖြင့် တက်လေးဆယ်ကျော်လှော်ခတ်သည့် တိုက်လှေကြီးသည် လက်နက်ချကြောင်းကို သတင်းပို့ရန် ပြောင်လက်နေသည့် မြစ်ပြင်သို့ ထွက်လာခဲ့သည်။ တိုက်လှေကြီးသည် အင်္ဂလိပ်ဗိုလ်ချုပ်ပရက်ဒါဂတ်စ်၏ အကြောင်းပြချက်ကို ယူဆောင်ကာ မန္တလေးသို့ ပြန်ကူးလာသည်။ အကြောင်းပြချက်မှာ အင်္ဂလိပ်တို့သည် စစ်ရပ်စဲရေးကိုမလုပ်နိုင်။ ဘုရင်နှင့် တကွ တပ်တော်တစ်ခုလုံးအကြွင်းမဲ့ လက်နက်ချရမည်ဟု တောင်းဆိုထားသည်။

နောက်တစ်နေ့ကား အရှင်နစ်ပါး ပါတော်မူသည့်နေ့ဖြစ်သည်။ အရုဏ်တက်ချိန်၌ ရွှေနန်းတော်ကြီးတစ်ခုလုံးသည် လှုပ်လှုပ်ရွရွဖြစ်နေလေပြီ။ စုဖုရားလတ်သည် ရေမိုးသန့်စင်ကာ  အဝတ်အစားလဲပြီးလေပြီ။ ယခုအချိန်၌ စုဖုရားလတ်သည် မဟေသီတို့သာဝတ်ဆင်ရသည့် ထဘီတို့ကို ဝတ်ဆင်ခြင်း ပြုမပြုဆိုသည်ကိုလည်း အပျိုတော်များက အရေးမထားကြတော့။ စုဖုရားလတ်ကိုယ်တိုင်လည်း ထိုအချက်ကို သတိမပြုနိုင်တော့ပြီ။

ဖဲင်နီသည် ကာလကြာရှည်စွာမဝတ်ဘဲ သိမ်းဆည်းထားသည့် ဥရောပအဝတ်များကိုထုတ်သည်။ သို့ရာတွင် ခြကိုက်ပိုးထိုး ဖြစ်ကုန်ကြလေပြီ။ တွန့်ကြေနေသည့် အစိမ်း



www.burmeseclassic.com

www.burmeseclassic.com


ရောင်ဂါဝန်ကို တွေ့ရသည်။ ထိုဝတ်စုံကို ဖဲင်နီမေ့ခဲ့သည်မှာ ကြာလေပြီ။ ဖဲင်နီသည် ဝတ်စုံကို စိုက်ကြည့်နေပြီးနောက် သေတ္တာထဲသို့ ပြန်သိမ်းလိုက်သည်။

ဖဲင်နီသည် အင်္ဂလိပ်တို့ကို ကြိုဆိုရန်အတွက် ဥရောပတိုက်သူအဝတ်အစားကိုလည်း ဝတ်ချင်သည်။ တစ်ဖက်ကလည်း နန်းကျမဖောသီဖြစ်နေသည့် စုဖုရားလတ်၏ မိတ်ဆွေမှန်းသိသာအောင် မြန်မာနန်းတွင်း အဝတ်အစားများကိုလည်း ဝတ်ချင်သည်။ ဤသည်မှာ ဖဲင်နီ၏စိတ်ထဲတွင် မဖြစ်ပေါ်ဖူးသေးသည့် စိတ်ဖြစ်သည်။

ဖဲင်နီသည် ထိုစင်ကြယ်သောစိတ်ကို သတိမပြုမိဘဲ တွေ့ရာထဘီတစ်ထည်ကို ကောက်၍လဲလိုက်သည်။ ထို့နောက် ထိုင်မသိမ်းအင်္ကျီအဖြူကို ဝတ်ဆင်ပြီးလျှင် စုဖုရားလတ်၏ခန်းဆောင်သို့ ထွက်လာခဲ့သည်။

ဥယျာဉ်တော်ထဲတွင်မူ အပျိုတော်များသည် မုန်တိုင်းကြီးမလာမီ သစ်ကိုင်းပေါ်တွင် ငှက်ကလေးများလို ကုပ်နေကြသည်။ မနက်ခင်းမှာ ငြိမ်းငွေ့ဖွယ်ရာဖြင့် ကုန်ဆုံးသွား၏။ စုဖုရားလတ်နှင့် တိတ်ဆိတ်နေသော ဖဲင်နီတို့သည် ကြောင်အိမ်လှေကားအတိုင်း နန်းမြင့်ပေါ်သို့ တက်လာခဲ့ကြကာ စစ်ကိုင်းတောင်ရိုးနောက်ခံ ဧရာဝတီမြစ်ပြင်ထဲတွင် ဆိုက်ကပ်ထားသည့် အင်္ဂလိပ်မီးသင်္ဘောများကို လှမ်းမျှော်ကြည့်ကြသည်။ ရန်သူတို့နှင့် ငြိမ်းချမ်းရေးစကားဆိုရန် ဆင်ဖြင့်သွားနေသော ကင်းဝန်မင်းကြီးကို မြင်ရသည်။ မန္တလေးမြောက်ဘက်ဆယ့်နှစ်မိုင်ခန့်အကွာတွင် အဖိုးတန်ရတနာများ၊ လက်နက်များအပြည့်တင်ကာ အရှင်နှစ်ပါးထွက်ခွာရန် စောင့်ဆိုင်းနေသော ဆင်အစီးလေးဆယ်တို့ကို သူတို့သတိရသည်။

သို့ရာတွင် ဝန်မင်းကြီးများ၊ မှူးမတ်များသည် အင်္ဂလိပ်တို့အမျက်ရှမည်ကို စိုးရိမ်သည့်အတွက် အရှင်နှစ်ပါးကို ရွှေနန်းတော်ကြီးထဲမှ ထွက်ခွာခွင့်မပေးကြ။ သီပေါမင်းအပါးတွင် မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။ အင်္ဂလိပ်တပ်များချီလာသည်ကို စုဖုရားလတ်နှင့်ဖဲင်နီတို့ မြင်နေရပြီ။ သူတို့တစ်တွေ ချီတက်လာသံကိုလည်း ကြားနေရလေပြီ။ မျက်နှာဖြူများလည်းပါသည်။ အိန္ဒိယစစ်တာရီများလည်းပါသည်။

အင်္ဂလိပ်စစ်တာရီတို့သည် မြစ်ဆိပ်မှ မြို့တွင်းသို့ဝင်သည့် လမ်းမကြီးလေးခုအတိုင်း တန်းစီချီတက်လာကြ၏။ လူထုများက လမ်းဘေးတစ်ဖက်တစ်ချက်မှ တိတ်ဆိတ်စွာ ဝိုင်းအုံကြည့်ရှုလျက်။ သူတို့ချီတက်သံများက မြန်မာ့တပ်မတော်တို့ ချီတက်သံလို ညီညီညာညာမဟုတ်။ ခြေကျမှန်လျက် တူတစ်လက်၏ထုနက်သံလို ဘယ်ညာဘယ်ညာ မှန်မှန်မြည်လျက်။

စုဖုရားလတ်သည် နောက်သို့လှည့်ကာ ကြောင်အိမ်လှေကားအတိုင်း ဆင်းလာခဲ့သည်။ ဖဲင်နီလည်း သူ့အပါးမှ လိုက်လာခဲ့သည်။ လှေကားရင်းသို့ ရောက်သည့်အခါတွင် သူ့ကိုနေရာဖယ်ပေးကာ ဝိုင်းအုံနေကြသည့် အပျိုတော်များအလယ်တွင် ရပ်ရင်း စုဖုရားလတ်မှာ ရှေ့တူရှုသို့ စိုက်ကြည့်နေသည်။ ဘယ်ညာဘယ်ညာအသံ နန်းမြို့အတွင်းသို့ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကာ ဘုရင်တို့၏ မင်္ဂလာတံခါးဖြစ်သည့် အရှေ့တံခါးဝနှင့် နီးသည်ထက်နီးလာလေပြီ။ တုထုသံသည် တဖြည်းဖြည်းကပ်လာသည်။ ဘယ်ညာဘယ်ညာတူထုသံ။

စုဖုရားလတ်သည် တစ်ချက်မျှအော်၍ မြေကြီးပေါ်သို့ ပစ်လှဲချလိုက်ပြီးနောက် ဆံထုံးကို ဖြေချလိုက်သည်။ ခေါင်းကို လက်ဖြင့်ထုသည်။ မည်သူမျှ သူ့အနီးသို့ မကပ်ရဲကြ။ ဖဲင်နီသည် အသက်ပင်မရှူနိုင်ဘဲ လည်ချောင်းထဲတွင် ဆို့နင့်နင့်ကြီးဖြစ်နေသည်။ ဤအမှုကိုပြုခဲ့သူမှာ အခြားသူမဟုတ်။ မိမိပင်ဖြစ်သည်။ လွန်ခဲ့သည့်ရက်များထဲက ဖဲင်နီသည် သူ့ကိုယ်ရေးကိုယ်တာမှအပ အခြားဘာကိုမှ မစဉ်းစားနိုင်ခဲ့။ ယခုမူ သူ့လိုအင်ဆန္ဒတို့သည် ချက်ချင်းပျောက်ကွယ်သွားကာ နောင်တကြီးစွာ ဖြစ်ခဲ့ရပြီ။ ပြီးခဲ့ပြီ။

သူ့မိတ်ဆွေ၊ သူ့သခင်၊ သူမျှော်မှန်းခဲ့သည့် စိတ်ကူးနတ်သမီးပုံပြင်၊ မဟာသွေး မဟာနွယ်တို့၏ သင်္ကေတဖြစ်ခဲ့သော စုဖုရားလတ်သည် ဖုန်တောထဲတွင် လူးလိမ့်လျက်ရှိလေပြီ။ ငိုကြွေးလျက်ရှိသော အရှေ့တိုင်းသူတစ်ယောက်သာ ဖြစ်ခဲ့လေပြီ။ ဘာမျှမကြာလိုက်။ စုဖုရားလတ်သည် မြေကြီးထဲမှလူးလဲထကာ ဆံထုံးကိုပြင်ထုံးသည်။ ထို့နောက် သူ့အပျိုတော်များကို ကြည့်သည်။ သူ့တွင် အခြွေအရံများများစားစားမကျန်တော့။ အချို့သည် မိဘများထံ ထွက်ပြေးကုန်ကြလေပြီ။ စုဖုရားလတ်သည် ကျန်ရှိနေသေးသော အပျိုတော်တစ်သိုက်ကိုကြည့်ကာ မဲ့ပြုံးပြုံးသည်။ မှန်တိုင်းထဲတွင်မိနေသော ကြောက်လန့်နေသည့် ငှက်ငယ်တစ်အုပ်နယ်။

စုဖုရားလတ်သည် အပျိုတော်များကို အပါးသို့ခေါ်ကာ ရွှေနန်းတော်ကြီးထဲသို့ ပြန်လာခဲ့သည်။ ထို့နောက် ရေချိုးသန့်စင်ကာ အကောင်းဆုံးဝတ်လဲတော်ကိုလဲ၍ ဖဲင်နီကို အခေါ်လွှတ်လိုက်သည်။ ဖဲင်နီဆုံးဖြတ်လိုက်ပြီ။ ဖဲင်နီသည် ပါရီမှဝတ်စုံကို အမြန်မီးပူတိုက်၍ဝတ်သည်။ ခေါင်းတွင် စာပို့သမားဦးထုပ်ကလေးကိုဆောင်းသည်။ ယခုအချိန်တွင် မိမိသည် ဥရောပတိုက်သူတစ်ယောက်နှင့် တူနေရမည်မဟုတ်လော။ နိုင်ငံရေးအရာရှိ ကာနယ်စလေဒင်၏အမည်ကို ဖဲင်နီမကြာခဏ ကြားဖူးပြီးသား။ သူ့အဖေ၏မိတ်ဆွေကြီး တစ်ဦးဖြစ်ကြောင်းကို ဆီလာမကြာခဏ ပြောဖူးသည်။ ယခု ကာနယ်စလေဒင်သည် နန်းမြို့တံခါးဝတွင် ရောက်နေပြီ။ နန်းမြို့တံခါးကိုဖြတ်ကာ ညီလာခံခန်းမကြီးထဲတွင် သီပေါမင်းနှင့် တွေ့ဆုံနေလေပြီ။

သီပေါမင်းသည် ကုန်းဘောင်မင်းအဆက်ဆက်တွင် စိုးစံခဲ့သော သီဟာသနပလ္လင်ထက်တွင် နောက်ဆုံးအဖြစ် စံမြန်းလျက်။ သူ့ဘေးတွင် စိန်ရွှေရတနာတို့ကို ညွတ်နေအောင်ဆင်ထားသည့် စုဖုရားလတ်နှင့် သူ့ကိုနန်းတင်ပေးခဲ့သည့် ဆင်ဖြူမရှင်တို့လည်း ရှိနေကြသည်။ ဝန်ကြီးများနှင့် မှူးမတ်များလည်း စုံနေကြပြီ။ ကင်းဝန်မင်းကြီးသည် ကာနယ်စလေဒင်ကို ရှေ့တော်သို့ သွင်းလာခဲ့သည်။ စလေဒင်သည် ရှူးဖိနပ်ကိုစီးလျက်။ ဓားလွယ်ကို ခါးတွင်ချိတ်လျက်။ နန်းတော်ထဲတွင် ဖိနပ်စီးခွင့် ရှိမရှိ ပြဿနာသည်လည်း မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက မင်းတုန်းမင်းကြီး၏ မိတ်ဆွေဖြစ်ခဲ့၍ သူကိုယ်တိုင်လည်း ခမ်းခမ်းနားနား နေတတ်သော ကာနယ်စလေဒင်သည် ရာဇပလ္လင်ပေါ်မှ ပြုတ်ကျသွားသော ကြီးမြတ်မှု တစ်ခုပေါ်တွင် ရက်ရောသဘောကြီးသည့်ဟန်၊ ကြီးမားသော ရာဇဣန္ဒြေကိုဆောင်လျက်။ မနက်ဖြန်တွင် ဗိုလ်ချုပ်ပရင်ဒါဂတ်စ်ထံ တရားဝင်လက်နက်ချမည်ဟူသည့် ခြွင်းချက်ဖြင့် စလေဒင်သည် သီပေါမင်းလက်နက်ချသည်ကို လက်ခံသည်။

ထို့နောက် တောင်းပန်ချက်အရ အမျိုးသမီးများအား အနောက်တံခါးမှ ထွက်ခွင့် ပေးရန် ဗိုလ်ချုပ်ပရင်ဒါဂတ်စ်ထံ အကြောင်းကြားပေးမည်ဟု ကတိပေးသည်။ အင်္ဂလိပ် အရာရှိတစ်ယောက်လည်းဖြစ်၊ လူကြီးလူကောင်းတစ်ယောက်လည်းဖြစ်သည့် မိမိသည် အမျိုးသမီးများအပေါ်တွင် မည်သို့လျှင် ကြမ်းကြုတ်ရိုင်းပျနိုင်ပါမည်နည်း။ ဤမေတ္တာရပ်ခံ ချက်မှာ ဝန်ကြီးများ၏ မေတ္တာရပ်ခံချက်ဖြစ်သည်။

အနှောင့်အယှက်ပေးခြင်းမရှိဘဲ အများအားဖြင့် အင်္ဂလိပ်တို့နှင့် ပူးပေါင်းလုပ်ကိုင် ရန် အဆင်သင့်ဖြစ်နေသည့် မောင်မင်းကြီးသားဝန်ကြီးများ တော်ရာကြပါပေသည်ဟု ကာနယ်စလေဒင်တွေး၏။ မနက်ဖြန်တွင် သီပေါမင်းအား လုံခြုံစွာပြောင်းပေးရန် ထိုဝန်ကြီး များပင် တာဝန်ယူကြရမည်မဟုတ်လော။ ဗိုလ်ချုပ်ပရင်ဒါဂတ်စ်သည် ထိုအချက်ကို သဘောမတူသည့်တိုင် နောက်ဆုံးတွင် ရုပ်ဖျက်၍ထွက်ပြေးလျှင် မည်သို့ပြုမည်နည်းဟု ထောက်ပြသည်။ သို့ရာတွင် သီပေါမင်းသား ထွက်ပြေးခြင်းမပြု။ စုဖုရားလတ်နှင့်အတူ ရွှေ နန်းတော်ကြီးထဲတွင် စံမြဲစံတော်မူသည်။ ထွက်ပြေးသည့်တိုင်အောင် သီပေါမင်းသည် ထိုမျှ ဝေးလံသောခရီးကြီးကို ဆင်စီး၍ ၂ွားနိုင်လောက်သည့် အခြေအနေမရှိတော့။

သို့ရာတွင် ရွှေနန်းတော်ကြီးထဲရှိ အပျိုတော်သုံးရာအနက် အများအပြားမှာ ည အချိန်တွင် အင်္ဂလိပ်အစောင့်များကြားထဲမှပင် မိမိတို့နီးစပ်ရာ ဆွေမျိုးသားချင်းများဆီသို့ ထွက်ကြလေရာ ရွှေနန်းတော်ကြီးထဲတွင် ဖဲင်နီနှင့် အမွေးထူမ မဖုန်းအပါအဝင် အပျိုတော် ဆယ့်ခုနစ်ယောက်တို့သာ ကျန်ခဲ့သည်။ ဖဲင်နီသည် ဥယျာဉ်တဲနန်းတစ်ခုတွင် ခေတ္တစံနေ သော အရှင်နှစ်ပါးမှာမူ တစ်ယောက်လက်ကိုတစ်ယောက်ကိုင်လျက် ရွှေနန်းဆောင်ကြီးထဲ တွင် လုယက်သောင်းကျန်းနေသံများကို နားထောင်နေကြ၏။ မနက်လင်းသည့်အခါ၌ကား ရွှေနန်းတော်အတွင်းဆောင်တစ်ခုလုံးသည် အပျက်အစီးပုံကြီး ဖြစ်နေလေပြီ။

ထိုညတွင် ရွှေနန်းတော်ကြီးထဲ၌ ဝမ်းအသာဆုံးသော မိန်းမနှစ်ဦးတို့မှာကား ညောင်ရမ်းမင်းသား၏မယ်တော်နှင့် နမတော်တို့ဖြစ်သည်။ သူတို့နှစ်ဦးသည် ပထမဆုံး အကြိမ် ဆွေတော်မျိုးတော်တို့အား သတ်ဖြတ်မှုကြီးထဲတွင်လည်းကောင်း၊ အဆိုးဆုံး ဖြစ် သော ဒုတိယသတ်ဖြတ်မှုကြီးထဲတွင်လည်းကောင်း၊ အကျဉ်းထောင်ကို မီးတိုက်ရာတွင် လည်းကောင်း မပါဘဲ အသက်မသေကျန်နေခဲ့ကြသည်။ နောက်ပိုင်းတွင် သူတို့အား အုတ် တိုက်အကျဉ်းထောင်ထဲသို့ ပြောင်းရွှေ့ချုပ်ထားလိုက်သောကြောင့်ဖြစ်သည်။

---

သဝန်းရိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခြောက်နှစ်ကြာမျှ မဝရေစာကို စားနေခဲ့ရခြင်း၊ အကျဉ်းတိုက်ထဲတွင် ခြေထိပ်လက်ထိပ် အခတ်ခံထားရခြင်းတို့ကြောင့် သူတို့တစ်တွေကို မသတ်ဘဲ ချန်ထားခဲ့ခြင်းဖြစ်သည်။ သို့တိုင် အမှောင်တိုက်ထဲမှလွတ်လာပြီး လက်ထိတ်ခြေထိတ်တို့ကို ဖြုတ်ပေးသည့် အခါတွင် မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြသည်။ သူတို့နှစ်ဦးအား ခရစ်ယာန်သီလရှင်ကျောင်းတစ်ကျောင်းသို့ ခေါ်သွားကာ မင်းမျိုးမင်းနွယ်များအဖြစ်လည်းကောင်း၊ ဒုက္ခရောက်လာသည့် အမျိုးသမီးများအဖြစ်လည်းကောင်း ကောင်းစွာ ပြုစုစောင့်ရှောက်ထားသည်ဟု ကြားရသည့်အခါတွင် (အတင်းအဖျင်းကို ဖြန့်ဖြူးရန် ပါးစပ်ပေါက်များများမရှိတော့သည့်တိုင် ) အရက်တက်လောက်အချိန်တွင် စုဖုရားလတ်၏အနားသို့ ရောက်လာ၏။ စုဖုရားလတ်သည် နာကျည်းစွာပြုံးလိုက်၏။ သို့ရာတွင် မည်သို့မျှ စကားမဆို။

စုဖုရားလတ်၊ သီပေါမင်း၊ ဆင်ဖြူမရှင်နှင့် သီလရှင်ဝတ်ရုံဝတ်ထားသည့် စုဖုရားကြီးနှင့် ဝိုင်းဝန်းသောမျက်နှာတွင် ကြောက်လန့်သည့်အမူအရာတို့ ပေါ်နေသည့် စုဖုရားကလေးတို့သည် ဉယျာဉ်ထဲမှ တဲနန်းကလေးတစ်ခုအတွင်းတွင် ယခုတိုင် ပိတ်လှောင်ခံရဆဲဖြစ်သည်။ ခဏတွင် သူတို့ကံကြမ္မာသည် မည်သို့ဖြစ်မည်ကို မည်သူမျှမပြောနိုင်။ သီပေါမင်းသည် မိမိ၏အတွင်းရန်သူများက မိမိအားလုပ်ကြံမည်ကို စိုးရိမ်သည့်အတွက် ဗြိတိသျှစစ်သည်တို့က အကာအကွယ်ပေးရန် တိုင်တားမင်းကြီးကို စေလွှတ်လိုက်သည်။

ထို့နောက် သူတို့ထံသို့ ကာနယ်စလေဒင်ရောက်လာသည်။ ဖဲင်နီသည် ပင်ပန်းနွမ်းနယ်နေသည့်ကြားမှပင် စစ်သားတစ်ဦး၏ဟန်အပြည့်ရှိသော ကာနယ်စလေဒင်ကို သဘောကျသည်။ ပါရီဝတ်စုံကိုဝတ်ထားသည့်တိုင် ကာနယ်စလေဒင်သည် မိမိအဖို့ နောက်ထပ် ဒန်းဖားစ်တစ်ယောက်ဖြစ်သည်ဟု တွေးနေသည်။ စလေဒင်သည် သူ့ဟန်အတိုင်း ကြောက်ရွံ့ခြင်းကင်းစွာဖြင့် သူတစ်ယောက်တည်း သူတို့အနီးသို့ လျှောက်လာသည်။ နေ့ခင်းကြောင်တောင်ကြီးမှာပင် ရွှေနန်းတော်ကြီးထဲတွင် ဆူညံသောင်းကျန်းလျက်။

ယောက်ျားကြီးများလို သန်မာကြမ်းတမ်းသော မိန်းမများ၊ တံငါသည်မိန်းမများ၊ မြစ်ဆိပ်မှ ပြည့်တန်ဆာမများသည် ဆူညံစွာအော်ဟစ်လျက်၊ ရယ်မောလျက်၊ နောက်ပြောင်လျက်ဖြင့် ရွှေနန်းတော်ထဲမှ ရွှေခွက်ကြီးများကို သွားယူကြသည်။ အချို့ကလည်း စိန်ဘယက်ကြီးများကို ဆွဲလာကြသည်။ ကြောက်ရွံ့ထိတ်လန့်နေသော အပျိုတော်များကို ကျော်နင်းကာ အော်ဟစ်ဆဲဆိုသွားကြသည်။ လူအုပ်ကြီးတစ်အုပ်ကို ဖက်ပုံ၍ လွှတ်လိုက်ခြင်းပေတည်း။

ဆိုင်ရာတို့က ရွှေနန်းတော်ခန်းဆောင်များတွင် အစောင့်များ ချထားလိုက်ပြီး သီပေါမင်း၊ မိဖုရားများ၊ ဖဲင်နီနှင့် သမီးတော်များအား နွေရာသီတွင်စံမြန်းသည့် ဉယျာဉ်တော်ရှိ တဲနန်းဆောင်တစ်ဆောင်သို့ ပို့လိုက်သည်။ အခြွေအရံများနှင့် ဝန်ကြီးများ ထွက်ပြေးခြင်းဖြစ်သည့်တိုင် သီပေါမင်းသည် ကင်းဝန်မင်းကြီး (ချွတ်ယွင်းချက်များရှိသည့်တိုင် မိမိအပေါ်တွင် သစ္စာရှိသည့်) တိုင်တားမင်းကြီးတို့နှင့်အတူ လက်နက်ချချိန်ရောက်သည်အထိ ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်စွာ စံနေတော်မူသည်။ ရွှေရုပ်များနှင့် ရွှေရေးဟင်္သာပဒါးခြယ်ထားသည့် ယမင်းအရုပ် အိမ်ကလေး အလုခံလိုက်ရသည့် ကလေးငယ်အဖို့သော်မူ ထိုနေ့သည် အမင်္ဂလာနေ့ကြီး ဖြစ်သည်။ သူတို့ရလိမ့်မည်ဟု မထင်ခဲ့သော ထူးဆန်းသည့် ကမ္ဘာလောကကြီးတစ်ခုသည် အနီးသို့ရောက်လာကာ သူတို့ကမ္ဘာကလေးကို ဖြိုခွဲချေမှုန်းပစ်လိုက်သည်။

သီပေါမင်းသည် အဖြူရောင်ပုဆိုးနှင့် အဖြူရောင်လက်ကျပ်အင်္ကျီကို ဝတ်ဆင် ထားပြီး ပန်းနုရောင်တွင် အဖြူရောင်ပြောက်ကျားကလေးများ ခတ်ထားသည့် ခေါင်းပေါင်း ကိုပေါင်းလျက် ကော်ဇောပေါ်တွင် ထိုင်နေသည်။ ဗိုလ်ချုပ်ပရင်ဒါဂတ်စ်သည် သီပေါမင်းကို ဦးညွှတ်အရိုအသေပြုပြီးနောက် လက်ဆွဲနှုတ်ဆက်၏။ ဤသည်မှာ အင်းဝရွှေနန်းတွင် မည် သူမှမရခဲ့ဖူးသော အခွင့်အရေးပေတည်း။ သီပေါမင်းသည် အချိန်ဆွဲရန် ကြိုးစား၏။ သို့ရာ တွင် နိဂုံးရောက်လေပြီ။

သီပေါမင်းသည် မိဖုရားများနှင့်အတူ ဥယျာဉ်တော်ကို ဖြတ်၏။ ရွှေရေးဟင်္သာပဒါး သုတ်စကြံများနှင့် ပလ္လင်ခန်းဆောင်ကို ဖြတ်၏။ ညီလာခံသဘင်ခန်းဆောင်ကို ဖြတ်၏။ ထို မှနေ၍ လှေကားအတိုင်းဆင်းကြွကာ ထာဝစဉ်ဖွင့်ထားလိုက်ပြီဖြစ်ကာ တံခါးနီမှ ထွက်လာ သည်။ နွားတပ်ဗီရိုလှည်းများသည် အဆင်သင့်စောင့်လျက်ရှိသည်။ ဗီရိုလှည်းကုပ်သည် အမြင်နပ်သည့်တိုင် ထို့ထက်သင့်လျော်သည့်ယာဉ် မရှိတော့ပြီ။ ထီးနန်းရှင်တို့သာ စီးလေ့ ရှိသော ဆင်ကြီးများဖြင့် ပါတော်မူအရှင်နှစ်ပါးကို ခေါ်ဆောင်သွားရန်မှာလည်း ခမ်းနားလွန်း နေသည်။

ဗီရိုလှည်းပေါ်သို့ တက်ခါနီးတွင် သီပေါမင်းသည် ရွှေနန်းတော်ကြီးကို နောက်ဆုံး ကြည့်ခြင်းအနေဖြင့် သမင်လည်ပြန်ကြည့်၏။ ထိုအချိန်တွင်ကား  နေသည်ဝင်လုနီးခဲ့လေ ပြီ။ ရွှေနန်းတော်စုလစ်မွမ်းချွန်တို့၏ အဖျားများသည် ဝင်လုဆဲနေရောင်အောက်တွင် မီး ရောင်ထွန်းထားသကဲ့သို့ရှိသည်။ သီပေါမင်းသည် ရွှေနန်းတော်ကြီးကို ကြည့်၏။ စကား တစ်ခွန်းမျှမဟ။ ဗီရိုလှည်းပေါ်သို့ တင်ရန်ခွင့်ပြု၏။ မင်းခမ်းမင်းနားအဖြစ် ထီးဖြူရှစ်စင်းကို ဗီရိုလှည်းပေါ်သို့ ဖြန့်မိုးထားသည်။ သို့ရာတွင် အင်းဝရွှေနန်းကို စိုးမိုးသူအဖြစ် ဆောင်းပိုင်ခွင့် ရှိသည့် နဝမဖြောက်ထီးတော်ကိုမူ မိုးအုပ်ထားခြင်းမရှိ။

ဖင်နီသည် အခြားသောအခြွေအရံများနှင့်အတူ အနောက်မှ လှည်းတစ်စင်းပေါ် သို့တက်သည်။ ယခုအချိန်၌ ဖင်နီတွင် ခံစားချက်ဟူ၍မရှိတော့။ ပကတိစိတ်၏ စေ့ဆော် ချက်အတိုင်း ပြုမူနေခြင်းသာဖြစ်သည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် စီတန်းနေသည့် လူအုပ်များကြားမှ မြစ်ဆိပ်သို့ အရောက်ဆင်းလာခဲ့ကြသည်။ အများအားဖြင့် တိတ်ဆိတ်နေ ကြသော်လည်း တစ်ခါတစ်ရံတွင်မူ မိန်းမတစ်ယောက်၏ငိုကြွေးသံသည် ပေါ်ထွက်လာကာ လမ်းတစ်လျှောက်တွင် ပဲ့တင်ထပ်သွားလေသည်။ သီပေါမင်းသည် မင်းကောင်းတစ်ပါး မဟုတ်သည့်တိုင် ရက်စက်ကြမ်းကြုတ်၍ မောက်မာဝင့်ကြွားသည့်တိုင် သူတို့ဘုရင်သည် သူတို့ဘုရင်သာ ဖြစ်သည်။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ဘဝရှင်မင်းတရားကြီးသည် အင်္ဂလိပ်စစ်သားများခြံရံလျက် ဗီရိုလှည်းကလေးထဲတွင် သူတို့ရှေ့မှဖြတ်သွားခဲ့သည်။ သူတို့ထံမှ သီပေါဘုရင်ကိုသာ ယူဆောင်သွားခဲ့သည်မဟုတ်။ သူတို့အား အသက်ရှင်စေလိုသည့် ယုံကြည်ချက်တစ်ခုကိုလည်း ယူဆောင်သွားခဲ့လေပြီ။ သူတို့အရှင်အတွက် အရိုးကြေကြေ၊ အရေခန်းခန်း၊ အမှုတော်ထမ်းရလျှင် ကောင်းရာသုဂတိသို့ ရောက်သည်ဟူသော ယုံကြည်မှုကိုလည်း ယူဆောင်သွားခဲ့လေပြီ။ ထိုယုံကြည်မှုသည် သူတို့၏ ရီဝေမှုန်မှိုင်းသော မျက်စိရှေ့မှောက်တွင် ဗီရိုလှည်းကလေးပါသွားခဲ့လေပြီ။ သူတို့သိသော ကမ္ဘာလောကသည် ချုပ်ငြိမ်းပျက်စီးခဲ့လေပြီ။ ထိုကမ္ဘာလောကနှင့်အတူ သူတို့၏ ကိုယ်အစိတ်အပိုင်းသည်လည်း ချုပ်ငြိမ်းသွားခဲ့လေပြီ။

သီပေါဘုရင်သည် သူတို့၏ဘဝဖြစ်သည်။ သူတို့၏ ယုံကြည်ချက်ဖြစ်သည်။ ယခုထိုဘုရင်၊ ထိုယုံကြည်ချက်သည် ပါတော်မူခဲ့ရပြီ။ ဆည်းဆာသည် မြစ်ယံပေါ်သို့ လျင်မြန်စွာ လျှောကျလာသည်။ မီးအိမ်များကို ထွန်းကြရသည်။ ခပ်မှိန်မှိန်မီးရောင်အောက်တွင် အရှင်နှစ်ပါးတို့သည် ဗီရိုလှည်းပေါ်မှ ဆင်းကြသည်။

အက်စ်အက်စီ သူရိယမီးသင်္ဘောကပ္ပတိန်နှင့် သင်္ဘောသားများ၏ ယဉ်ကျေးစွာ နှုတ်ခွန်းဆက်သမှုကိုခံယူရန် တာရိုးပေါ်တွင် ရပ်၍စောင့်နေသည်။ ထို့နောက် သင်္ဘောပေါ်သို့ တက်ကြသည်။ လွန်ခဲ့သည့် ခုနစ်နှစ်လုံးလုံး သီပေါမင်းကို ရှေ့ဆောင်ခဲ့သည့်နည်းတူ စုဖုရားလတ်သည် သင်္ဘောပေါ်သို့တက်ရာတွင်လည်း သီပေါမင်းကို ဦးဆောင်သွား၏။ ထိုသို့ ဦးဆောင်ခဲ့ခြင်းသည် မည်မျှမိုက်မဲ၍ မည်မျှအလိမ္မာနည်းကာ၊ မည်မျှရက်စက်ကြမ်းကြုတ်ရာရောက်ခဲ့သည်ကို စုဖုရားလတ် သတိမထားမိ။

သင်္ဘောပေါ်သို့ ရောက်ကြသည့်အခါတွင် သူတို့၏ရိုးအမှု၊ မောက်မာမှုနှင့် အဝေးဆုံးကျွန်းများပေါ်မှ ငှက်များပမာ ကမ္ဘာတွင် မည်သည့်နေရာတွင်မျှမတွေ့နိုင်သည့် ချစ်စရာမသိမနားလည်မှုတို့သည်လည်း ပျောက်ကွယ်သွားကြလေပြီ။ ဖဲင်နီသည် အရှင်နှစ်ပါးကို နှုတ်ဆက်စကားမဆိုမိခဲ့။ ထိုအချိန်၌ကား စုဖုရားလတ်သည် သီပေါမင်းအား ဖျောင်းဖျနစ်သိမ့်နေရသဖြင့် ဘာကိုမျှဂရုမထားနိုင်။

ပရိုသီရိုးနှင့် အက်ဂါသာတို့ ခရီးထွက်စဉ်ကလို မန္တလေးဖုန်မှုန့်တို့ကို မိမိတို့ဖိနပ်ကြားမှ ခါချကာ သံကိုယ်စားလှယ်အဖွဲ့ ထွက်ခွာသွားစဉ်ကလို ယခုလည်း ဖဲင်နီသည် တာရိုးပေါ်တွင် တစ်ယောက်တည်း ရပ်နေသည်။ ကြီးစွာသော အထီးကျန်ခံစားမှုသည် ဖဲင်နီတွင် ရင်နှင့်အပြည့် ပေါ်လာသည်။ ကျောင်းမှာနေစဉ်က နိုင်ငံခြားသားဟု တခြားမိန်းကလေးတွေ ခေါ်ခဲ့စဉ်ကပင် ထိုမျှလောက် အထီးကျန်ဖြစ်ခြင်းမရှိခဲ့။

ဖဲင်နီသည် မောလည်း မောပန်းလှပြီ။ ဖဲင်နီသည် ဗီရိုလှည်းတစ်စင်းပေါ်သို့တက်ကာ နန်းတော်ကြီးသို့ ပြန်လာခဲ့သည်။ ဘာကိုမျှမစဉ်းစားမိဘဲ နန်းတော်ကြီးသို့မောင်းရန် ပြောမိသည်။ အနောက်တံခါးသို့ ရောက်သည့်အခါတွင် ဗီရိုလှည်းပေါ်မှဆင်း၏။ စန္တရီများက သူ့ကိုတားထားကြသဖြင့် ဖဲင်နီသည် အတန်ကြာမျှရပ်ကာ သူတို့ကို ငေးကြည့်နေသည်။

---



www.burmeseclassic.com

www.burmeseclassic.com



စာပို့သမားဦးထုပ်ကလေးက တွန့်ကြေလျက်။ ဆံပင်တွေက ဖရိုဖရဲ။ သို့ရာတွင် ဖိုင်နီသည် ခေါင်းကိုမော့မြဲ။

"ကျွန်မ ဒီမှာနေတာပါ။ ကျွန်မက မစ္စစ်ဘက်ရှောပါ။ ဥရောပသူ အပျိုတော်ပါ"

"စုဖုရားလတ်ရဲ့အပျိုတော်တစ်ယောက် လာပြန်ပြီဟေ့"

ဟု စစ်သားတစ်ဦးက လှမ်းပြောသံကို ကြားလိုက်ရသည်။ အခြားစစ်သားသည် ပျောက်ကွယ်သွားကာ ခဏကြာလျှင် ဗိုလ်တစ်ယောက်ပေါ်လာ၏။ ဖိုင်နီက ခပ်စောစောက စကားကိုပင် ပင်ပန်းနွမ်းနယ်စွာပြောသည်။ အိပ်လည်း အိပ်ချင်လှပြီ။

စစ်ဗိုလ်ကလေးက ယဉ်ကျေးသိမ်မွေ့သည်။ သနားတတ်သည်။ သို့ရာတွင် ရွှေနန်းတော်ကြီးထဲသို့ ဝင်ခွင့်မပြုတော့။ အခြားသွားစရာ မိတ်ဆွေအပေါင်းအသင်းရှိမရှိ မေးသည်။

"နန်းတော်ထဲကို ခုနေသွားရင် ခင်ဗျားအဖို့ လုံခြုံမှုရှိမှာ မဟုတ်ဘူးထင်တယ်။ ဘာ . . . မစ္စဘက်ရှောဟုတ်လား။ အေးလေ . . . ခုလိုချိန်က မင်းပြောင်းမင်းလွဲဆိုတော့ ဘာမှ ပြောလို့မရဘူးပေါ့"

ဖိုင်နီသည် ပင်ပန်းနေသည့်ကြားမှ သွားစရာနေစရာကို စဉ်းစားကြည့်သည်။ ဒီလန်ဇေးတို့ဆီ သွားရမည်လော။ မဖြစ်သေး။ သူတို့က ပြင်သစ်တွေဖြစ်မည်။ သူတို့နှင့် မျက်နှာချင်းဆိုင်ရမည်ကို ရှက်သည်။ ဒါဗီရာတို့ညီအစ်မတစ်သိုက်ကမူ ပြင်သစ်နှင့်မတူ။ သို့ရာတွင် သူတို့အိမ်သို့လည်း မသွားချင်။ တစ်ခါတုန်းက မိမိသည် ရွှေနန်းတော်ကြီးထဲတွင် နေရသည်ကို ဂုဏ်ယူဝင့်ကြွားခဲ့ဖူးသည်။ အိုးမရှိအိမ်မရှိအဖြစ်ဖြင့် သူတို့ကို မျက်နှာမပြချင်။ စစ်ဗိုလ်ကလေးက သူ့ကိုအကဲခတ်နေသည်။ ရုပ်ချောချောကလေး။ နာမည်ကလည်း အင်္ဂလိပ်လိုလိုဟု ထင်နေပုံရသည်။

"သီလရှင်ကျောင်းတို့ဘာတို့ မရှိဘူးလား"

အို . . . ဟုတ်ပေသားပဲ။ ခိုလှုံရာ ရှိပေသားပဲ။ စိန့်ဂျိုးဇက်သီလရှင်ကျောင်းကို အမှတ်ရသည်။ သူမရောက်သည်မှာ ကြာလှပြီ။ ဖိုင်နီသည် သက်ပြင်းကြီးတစ်ချက်ချကာ ခေါင်းညိတ်ပြလိုက်သည်။

စစ်ဗိုလ်ကလေးက အသက်ခပ်ကြီးကြီး၊ ရည်မွန်သည့်စစ်သားတစ်ယောက်ကို သူနှင့်ထည့်လိုက်သည်။ မည်သည့်အဆင့်မှန်းကိုမူ သူမသိ။ ထိုစစ်သားကြီးက သီလရှင်များထံတွင် သူ့ကိုအပ်ခဲ့သည်။ သီလရှင်များမှာ ဖိုင်နီတစ်ယောက် ရွှေနန်းတော်ကြီးထဲ အပျော်ကြီးပျော်ခဲ့စဉ်က မရှိဆင်းရဲသူများကို ထိုသို့ပင် ကူညီနေကျမဟုတ်လော။ ဖိုင်နီသည် ပထမဆုံးအကြိမ်အဖြစ် ဆိုင်းသံဗုံသံတို့ကို မကြားရဘဲ ကောင်းစွာအိပ်ရသည်။ သို့တိုင် မြို့ထဲတွင် ဟိုမှသည်မှ သွားလာနေကြသော လူအုပ်များ၏ အုတ်အုတ်ကျက်ကျက်အသံကိုမူ ကြားနေရဆဲ။ နံနက်လင်း၍ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံများကို ကြားတော့မှပင် ဖိုင်နီ အိပ်ရာမှ နိုးတော့သည်။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နိုးသည့်အခါတွင် တစ်စုံတစ်ရာကို ဆုံးရှုံးသွားသလို ရင်ထဲတွင် ဟာလာဟင်းလင်းဖြစ်လျက်။ သူကျင်လည်ခဲ့သည့်ဘဝ၊ သူတွေ့ခဲ့ရသည့် အရာခပ်သိမ်းတို့သည် ဇာတ်လမ်းသွားခဲ့ကြလေပြီ။ ချုပ်ငြိမ်းသွားခဲ့ကြလေပြီ။ ရက်ထည်ကို ရက်ပြီးသွားလေပြီ။ ကြမ်းကြုတ်သော အနောက်တိုင်းဓလေ့များက ရွှေနန်းတော်ထဲမှ ပြိုးပြက်သော ရက်ထည်အရိုင်းကို ရက်ကန်းစင်မှ ဆုတ်ယူခဲ့လေပြီ။ လွန်းများသည် ကူးလူးသွားလာခြင်းမရှိတော့။ ခြေနင်းကငြိမ်သက်လျက်။ အဆင်အသွေးပေါ်လေပြီ။ ပြီးခါနီးပြီ။ သို့ရာတွင် နောက်ဆုံးချည်မျှင်ကလေးကို ရစ်ဖောက်မည်ပြုစဉ် သေခြင်းနှင့် ရှင်ခြင်း၊ ပျော်ခြင်းနှင့် ဝမ်းနည်းခြင်းစသည့်အသွေးတို့ရက်ဖောက်ထားသည့် ရက်ကြမ်းထည်ကြီးသည် ရန်သူလက်မှသိမ်းယူလာသော စစ်တံခွန်တစ်ခုနှယ် ဖုန်တောထဲတွင် တရွတ်ဆွဲလျက်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

## မနက်ဝတ်ပြုချိန်

ပန်းထိမ်ဖိုငှက်က တထိန်ထိန်ဖြင့် တူထုလျက်။ သူ့အသံက ကြည်လင်ပြတ်သားကာ သတ္တုသံပေါက်နေသည်။ နန်းမြို့တွင်းဉယျာဉ်များထဲမှ ရွှေရောင်နှင့် မြရောင်လွှမ်းသော ကမ္ဘာကြီးထဲတွင် သူ့အသံသည် အဆက်မပြတ်ပေါ်နေသည်။ ရွှေရေးပြဒါးသုတ် ညီလာခန်းဆောင်ထဲမှ မောင်းသံနှင့်လည်းတူသည်။

"အာမင်း တုံ... အာမင်း တုံ... အာမင်း တုံ"

"တပည့်တော်တို့ ပြုလုပ်သင့်သောအလုပ်များကို မလုပ်ခဲ့မိကြပါ ကိုယ်တော်အရှင်။ တပည့်တော်တို့ မလုပ်သင့်သောအလုပ်များကို လုပ်ခဲ့မိကြပါသည် ကိုယ်တော်အရှင်"

ဆရာမှတ် (ဒေါက်တာမတ်) က ဝန်ခံချက်ကို ရွတ်သည်။ ပရိုသီရိုးက လိုက်ဆို၏။ စစ်သားများနှင့် အရပ်သားများကလည်း လိုက်ဆိုကြသည်။ အာမင်း တုံ . . . တုံ။ အင်းဝရွှေနန်းသည် သွေးတစ်စက်မျှမကျရဘဲ ပြိုလဲသွားခဲ့လေပြီ။ ထိုသို့ပြိုလဲခဲ့သဖြင့် ထင်ရှားသော သာသနာပြုတစ်ဦးနှင့် ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် မိမိသည် ဗုဒ္ဓသာသနာထွန်းကားရာဒေသတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်တို့ကို ဖတ်ကြားနေရပြီဟု ဆရာမှတ်ထင်မိသည်။ ရန်ကုန်တွင် ဂိုဏ်းချုပ်အဖြစ် ခန့်အပ်ခြင်းမခံရသဖြင့် စိတ်ပျက်သည့်တိုင် ဆရာမှတ်သည် မိမိတို့သာသနာ ပြန့်ပွားလာသည့်အတွက် ကျေနပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော်အရှင် . . . ကိုယ်တော်သည် ကျွန်ုပ်တို့၏နှုတ်ခမ်းတို့ကို ပွင့်စေပါသလော"

"ကျွန်ုပ်တို့၏ပါးစပ်သည် ကိုယ်တော်တို့၏ဂုဏ်ကျေးဇူးကို ပြောဆိုပါအံ့"

မနီးမဝေးမှ ပန်းထိမ်ဖိုငှက်မှ တူထုသံကို ကြားရသည်။

ဒူးထောက်ထိုင်ရာမှ မျက်နှာကို လက်ဝါးဖြင့်အုပ်ထားသော အက်ဂါသာသည် ခံစားချက်ကြောင့် တစ်ကိုယ်လုံး တုန်နေသည်။ သူ့ခံစားချက်သည် ဝိညာဉ်အရ ခံစားချက် မဟုတ်။

အက်ဂါသာသည် မန္တလေးသို့ပြန်ရောက်ကတည်းက အတိတ်အကြောင်းများကို တွေးမိကာ စိတ်မကောင်းဖြစ်နေသည်။ သူ့အဖေလည်း ကွယ်လွန်ခဲ့ပြီ။ သူ၏ ပျိုမျစ်သော ဘဝသည်လည်း ကုန်လွန်ခဲ့ပြီ။ အက်ဂါသာသည် နှစ်ဆယ့်ရှစ်နှစ်သာရှိသေးသည့်တိုင် သား နှစ်ယောက်အမေဖြစ်ကာ နနယ်ပျိုမျစ်သည့်အရွယ်ကို လွန်မြောက်ခဲ့ပြီဟု ယူဆလျက်ရှိ သည်။ ပရိုသီရိုးမှာ ဘုန်းတော်ကြီးများဝတ်လေ့ရှိသော ဝတ်ရုံကိုဝတ်ကာ သုဓမ္မာဇရပ်ထဲ တွင် ထားနေကျမျက်နှာမျိုးဖြင့် တည်ငြိမ်သောဣန္ဒြေကို ဆောင်နေလေသည်။ ထိုအဝတ် အစား၊ ထိုမျက်နှာထားသည် သုဓမ္မာဇရပ်ထဲတွင် သင့်လျော်မည်ဖြစ်သည့်တိုင် နေ့စဉ်ဘဝ တွင် ထိုအဝတ်အစား၊ ထိုမျက်နှာထားမျိုးကို တွေ့ရခြင်းအတွက် အက်ဂါသာ စိတ်ညစ်ရ သည်။

ပရိုသီရိုးသည် ရန်ကုန်မှာလိုမဟုတ်တော့ဘဲ မန္တလေးခံစားမှု ပြန်လည်သက်ဝင် လျက်ရှိကာ သူတို့ငယ်စဉ် ချစ်သူဘဝကလို အဓိပ္ပာယ်ကင်းမဲ့သော ရက်တတ်ကြောက် တတ်သော၊ စိတ်ထိခိုက်လွယ်သော ချစ်သူတစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားဟန်ရှိ သည့်တိုင် မိမိ၏ ခင်ပွန်းဖြစ်ပြီဆိုသောအသိကြောင့် အက်ဂါသာတွင် ထိုခံစားချက်မပေါ်ဘဲ ဝေးနေသည်ဟုထင်ရသည်။ ပရိုသီရိုးသည် သူနှင့်အဝေးကြီးတွင် ရောက်နေပြီး အနုကြည့် မှန်ပြောင်းဖြင့် ပြောင်းပြန်ကြည့်မိသလို သူ့ကို ထင်ရှားကြည်လင်စွာ မြင်နေရသည်။

အက်ဂါသာသည် မျက်လုံးကို စုံမှိတ်ကာ မျက်နှာကို လက်ဝါးဖြင့် တင်းကျပ်စွာ အုပ်လိုက်ပြီးနောက် တကယ့်ဘဝနှင့် စိတ်ကူးထဲကဘဝတို့၏ ခြားနားပုံကို တွေးနေသည်။ တွေးခဲ့တုန်းကမူ ဘဝသည် ထူးဆန်း၍ လှပတင့်တယ်သည်ဟု ထင်ခဲ့သော်လည်း အဆုံး တွင်မူ သူ့ဘဝသည် ထူးဆန်း၍ သူ့ဘဝသည်လည်း အများသူငါ၏ဘဝနှင့် ဘာမျှခြားနား ခြင်းရှိကြောင်းကို အက်ဂါသာ တွေ့ခဲ့ရလေပြီ။ ပန်းထိမ်ဖိုငှက်၏ တူထုသံက တတုံတုံမြည် လျက်။

"ကျေးဇူးတော်ကို ချီးမွမ်း၍ ကိုယ်တော်အရှင်၏တံခါးဝသို့ ဝင်ရောက်ကြပါ၏။ ဂုဏ် တော်ကိုချီးကျူး၍ ကိုယ်တော်အရှင်၏ နန်းရင်ပြင်သို့ ဝင်ရောက်ကြကုန်"

အက်ဂါသာသည် လက်ချောင်းများကြားမှ ချောင်းကြည့်သည်။ ကုန်းဘောင်မင်း တို့စိုးစံရာ ဟသ်ပဒါးနှင့် ရွှေပိန်းချနန်းတော်တိုင်ကြီးများနှင့်တကွသော နန်းရင်ပြင်တို့သည်



www.burmeseclassic.com

www.burmeseclassic.com


သူ့မျက်စိထဲသို့ ဝင်ရောက်လာကြကာ မလှုပ်မယှက် ရပ်နေကြသည်။ နေရောင်ခြည်အမှုန်ကလေးများ၊ ဖုန်မှုန့်ကလေးများသည် အမွှေးတိုင်မှ မီးခိုးတန်းများသဖွယ် သူ့အနီးတွင် ပျံ့ဝဲနေကြသည်။ နေရောင်ထဲတွင် တင်းကျပ်စွာဝတ်ထားသော စစ်ဝတ်စုံကိုဝတ်ထားသည့် ကျောပြင်များ၊ နီရဲသောကုပ်ပိုးများ၊ နန်းတော်တိုင်လုံးကြီးများနှင့် ပရိုသီရိုး၏ ခါတိုင်းထက် ကြည်လင်ပြတ်သားသောမျက်နှာကို သူမြင်ရသည်။

"ကိုယ်တော်အရှင်၏ တပည့်သာဝကတို့အား ဖြောင့်မတ်မှန်ကန်မှုဖြင့် ချီးမြှင့်ပေးတော်မူပါ"

ပရိုသီရိုးက လေးနက်တည်ငြိမ်သောအသံဖြင့် . . .

"ကိုယ်တော်အရှင် ရွေးချယ်ထားသောလူတို့အား ပျော်ရွှင်ချမ်းမြေ့မှုကို ဖန်တီးပေးတော်မူပါ"

ဟု လိုက်ဆိုသည်။

အက်ဂါသာသည် အိမ်တွင်ပြောနေကျ ပရိုသီရိုး၏အသံကို မေ့သွားသည်။ ပရိုသီရိုးသည် စိတ်ထိခိုက်လွယ်သူတစ်ယောက်မဟုတ်။ တော်ရုံတန်ရုံကို ဥပေက္ခာပြုနိုင်သူဖြစ်သည်။ အက်ဂါသာသည် ထိုသို့ မတုန်မလှုပ် ဥပေက္ခာပြုတတ်ခြင်းကို စိတ်ညစ်ခြင်းဖြစ်သည်။

ပန်းထိမ်ဖိုငှက်၏ တူထုသံကတတုံတုံ။ အက်ဂါသာသည် ဘုရားဝတ်ပြုနေသည်ကိုပင် သတိမေ့သွားကာ ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်လာသည်။ တကယ်မှာ မိမိက အဖြစ်သည်းနေခြင်းမဟုတ်လော။

"အို . . . ကိုယ်တော်ရှင်။ ကျွန်ုပ်တို့ခေတ်တွင် ငြိမ်းချမ်းခြင်းကို ပေးပါလော့"

ဟု ဆရာမှတ်က ဖတ်ရွတ်သံတိုင်သည်။

"အကြောင်းမူ ကျွန်ုပ်တို့အား ကယ်မမည့်သူဟူ၍ ကိုယ်တော်တစ်ပါးမှ အခြားသူ မရှိသောကြောင့် ဖြစ်ပါ၏"

ဟု ပရိုသီရိုးက ဝတ်ရွတ်သံကို လိုက်သည်။

ငယ်ငယ်တုန်းကမူ ဘုရားဝတ်ပြုသည့်စာများကို ပရိုသီရိုး ကောင်းကောင်းနားမလည်၊ မှတ်လည်း မမှတ်မိ။ ယနေ့မနက်တွင်မူ ပရိုသီရိုးသည် မီးလျှံတောက်နေသော စစ်ရထားကြီးကို စီးနင်းလိုက်ပါလာသူကဲ့သို့ ဖြစ်နေသည်။ သာမန်အသေးအဖွဲ့ကိစ္စကလေးများကြောင့် စိတ်တုန်လှုပ်ခဲ့သည့် ပရိုသီရိုးသည်ပင်လျှင် ထိုအချိန်အခါသည် မင်္ဂလာအခါကြီးဟု ယူဆတားပုံရသည်။

သူ့ဘဝသည် ခရစ်ယာန်သာသနာ၏ အလုတရားပင်ဖြစ်ရာ ထိုနေ့မနက်၌ သူ့ဘဝသည် ပန်းကန်ပြားပေါ်တွင်တင်ထားသည့် အပြစ်ကင်းစင်သော ပုလဲတစ်လုံးဟု ထင်နေဟန်တူသည်။ ထိုနေ့မနက်၌ ခရစ်တော်သာသနာသည် လင်းထိန်လျက်ရှိသည်ဟု ယူဆ၏။ အနောက်တိုင်းလူမျိုးများ၏ ထုံးတမ်းစဉ်လာကျင့်ဝတ်တို့သည် သူ့အဖို့ ဘာမျှအရေးမကြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ခရစ်တော်၏ သာသနာမန္တလေးသို့ ရောက်လာခြင်းသည် တရားတော်၌ ယုံမှားသံသယဖြစ်သူတို့အတွက် ထင်ရှားသောသက်သေဖြစ်သည်ဟု သူယူဆလျက်ရှိသည်။

မန္တလေးမြို့တော်ကြီး၏အလှသည် သူ့ကို အမြဲစွဲလမ်းစေခဲ့သည်။ များစွာသော ပင်လယ်ဆိပ်ကမ်းမြို့များနည်းတူ အဖမဲ့သားနှင့်တူသော ရန်ကုန်မြို့ကြီးသည် သူ့ကို ဘယ်အခါမျှ ထိုသို့စွဲလမ်းမဖြစ်ခဲ့။ ယခုမူ ခရစ်ယာန်သာသနာတော်သည် မန္တလေးမြို့တော်တွင် သူ့ကိုစောင့်လျက်ရှိ၏။ တောတောင်များထဲတွင် တစ်ယောက်တည်း သာသနာပြုခရီးသွားခဲ့စဉ်ကလည်း သာသနာတော်သည် သူ့ကိုစောင့်လျက်ရှိခဲ့သည်။

ကိုယ်တော်၏ ခြေတော်အစုံတို့သည် လူသူမနီးသည့် တောတောင်များထဲတွင် အမြဲရှိသည်ဟု သူယုံကြည်သည်။ မိမိသည် အဘယ်ကြောင့်များ ရွှေပြားနှင့်သံဖြူပြားတို့ ရောစပ်ထားသည်နှင့်တူသော ဘဝမျိုးသို့ ရောက်နေလေရသနည်းဟု ပရိုသီရိုးတွေးသည်။ သို့ရာတွင် မူးယစ်ဆေးခတ်ထားသည့်နယ်ရှိသော ဓမ္မသံနှင့် ဆရာမှတ်ကြီး၏ တရားချသံဆုံးသွားသည့်အခါတွင်မူ ပရိုသီရိုး၏စိတ်သည် စောစောကလို ကြည်နူးခြင်းမဖြစ်တော့ပြီ။

မိမိတို့သည် ဘုရားသခင်၏ အလိုတော်အတိုင်းသာဖြစ်ရကြောင်း၊ ကိုယ်တော်အရှင်သည် ထူးဆန်းအံ့ဖွယ်သောနည်းများဖြင့် တန်ခိုးပြဒြိဟာကိုပြတတ်ကြောင်း များလှစွာသောလူများကို သတ်ဖြတ်သည့်ကိစ္စသည်ပင်လျှင် ကိုယ်တော်အရှင်ကြွရောက်လာခြင်းကို လျင်မြန်စေကြောင်း၊ ယခုကဲ့သို့ ဖြစ်ရခြင်းသည် ကောင်းသောအကျိုးအတွက်ဖြစ်ကြောင်းဖြင့် ဆရာမှတ်ကြီးက သာယာနာပျော်ဖွယ်ကောင်းသောအသံဖြင့် ရှင်းပြသည်။

ပန်းထိမ်ဖိုငှက် တူထုသံက တတုံတုံ။

ပရိုသီရိုးသည် မူလကတည်းကပင် သူ့စိတ်ထဲတွင် ထိုသို့ထင်နေခဲ့သည်။ ယခုဆရာမှတ်၏နှုတ်မှ ဓမ္မတရားအဖြစ် ထိုအချက်ကို သိရလေပြီ။ ထိုအသံသည် သူ့ပတ်ဝန်းကျင်ရှုခင်းမြင်ကွင်းများကို မြင်ရသလောက် သူ့စိတ်ထဲတွင်လှုပ်ရှားစေခြင်းငှာ မတတ်နိုင်တော့ပြီ။ ထိုအဖြစ်ကမူ ဆန်းသည်။ နှစ်ဖက်စလုံး သူနည်းနှင့်သူ မှန်သည်ဟူသော သူ့ကိုဒုက္ခပေးနေသောအသိသည် သူ့ရင်ထဲတွင် ပြန်၍ပေါ်လာပြန်သည်။ သူ့အထက်ဆရာကြီးများကမူ ထိုသို့သောအသိသည် မကောင်းသောအသိဖြစ်သည်ဟု ဆိုကြ၏။ ဓမ္မဆရာများက ထိုသို့သောအသိသည် "မာန"ဟု ဆိုကြသော်လည်း သူ့စိတ်တွင်မူ ကိုယ့်ကိုယ်ကိုယ် ရှို့ကျိုးနှိမ့်ချခြင်းဟု ထင်မိသည်။

"အို . . . အဖေ ဘုရားသခင်"

ဝတ်ပြုပြီးဖြစ်သဖြင့် အဝတ်ချင်းပွတ်သံ၊ မတ်တတ်ထသံတို့ကို ကြားရသည်။ ဖဲင်နီကား ခရစ်ယာန်ဘာသာတရားကို အလေးအနက်ထားသူမဟုတ်။ ထို့ကြောင့် မိမိနှင့်ဗွန်ပ္ပိုင်ဆင်တို့၏အချစ်ကိစ္စကြောင့် မန္တလေးသို့ ခရစ်ယာန်သာသနာ ရောက်လာခြင်းဖြစ်သည်ဟု သူထင်သည်။

---



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်ုပ်တို့သည် နှလုံးသားဖြင့်လည်းကောင်း၊ လက်ဖြင့်လည်းကောင်း၊ အသံဖြင့်လည်းကောင်း၊ ကိုယ်တော်အရှင်၏ ဂုဏ်တော်ကျေးဇူးတော်ကို ချီးမွမ်းကြပါ၏"

မမွှသီချင်းသံသည် ဟိန်းနေသည်။ သို့ရာတွင် ပီပီသသမရှိလှ။ ကိုယ့်အပြစ်ကို မလုံမလဲဖြစ်နေခြင်းကြောင့်တစ်ကြောင်း၊ ရှက်နေသောကြောင့်တစ်ကြောင်း ဖြစ်မည်ထင်သည်။ သို့ရာတွင် မည်သို့ဖြစ်စေ မမွှသီချင်းသံသည် တတုံတုံမြည်နေသော ပန်းထိမ်ဖိုင့က် တူထုသံကိုမူ ခဏတာ ဖုံးလွှမ်းသွားသည်။

ပရိသိရီးသည် သုမမွှာဇရပ်ထဲတွင်ရှိစဉ်က အခက်ဂါသာဘက်သို့ တစ်ချက်မျှ လှည့်မကြည့်ခဲ့။ ယခုမူ မျက်လုံးချင်း ဆုံခွင့်ရလေပြီ။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်မိကြရင်း ရင်ဖိုနေကြသည်။ နှလုံးခုန်ချက်အနည်းငယ်ကြားမှ သူတို့နှစ်ယောက်သည် လူငယ်ဘဝသို့ ပြန်ရောက်သွားကြသည်။ သို့ဖြင့် ငယ်ရွယ်စဉ်ဘဝကို အမှတ်ရခြင်း၊ အမျိုးဂုဏ်တက်ခြင်း၊ အဖြစ်အပျက်များ၏ အရောင်ပြန်ခြင်း သဘာဝလောကကြီး၏ လှပတင့်တယ်ခြင်းစသည်တို့သည် ရောထွေးသွားကာ ပရိသိရီး၏ ကြည်ညိုသဒ္ဓါစိတ်တို့သည် ပြန်၍ပေါ်ပေါက်လာကြလျက်။ ခရစ်ယာန်သာသနာတည်းဟူသော ပုလဲလုံးသည် သူ့မျက်စိထဲတွင် တောက်ပပြိုးပြက်လာပြန်သည်။

ဆရာမှတ်က ကျေးဇူးတော်ကို ချီးမွမ်းနေချိန်တွင် ပရိသိရီးသည် အများနှင့်အတူ ရောနှောဒူးထောက်ကာ နှစ်လိုဖွယ်ကောင်းသော မမွှတေးသံကို နားစိုက်ထောင်နေမိသည်။

"ကျွန်ုပ်တို့သည် ကိုယ်တော်အရှင်မြတ်နှင့်အတူ ရှိပါစေသတည်း . . . အာမင်း"

အပြင်ဘက်တွင် ပန်းထိမ်ဖိုင့က်၏ တူထုသံ တတုံတုံမြည်ဆဲ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[၃]

## အက်ဂါသာနှင့် ဆီလာ

ဝတ်ပြုသူများသည် ဥယျာဉ်ထဲသို့ ထွက်လာကြသည်။ လွန်ခဲ့သည့်သုံးပတ်ခန့်ကမူ ထိုနေရာသို့ အဝတ်အစား တောက်တောက်ပပ ဝတ်ထားကြသည့် နန်းတွင်းပျို့တို့သည် ထို ဥယျာဉ်ထဲတွင် ကူးချည်သန်းချည် ပြုခဲ့ကြသည်။ အကယ်၍သာ ရွှေနန်းတော်ကြီးသည် ဝိညာဏကအရာဖြစ်ဘိမူ ကာကီယူနီဖောင်းဝတ်ထားသည့် စစ်ဗိုလ်များနှင့် ခပ်ဖျော့ဖျော့ဝတ်စုံများကို ဝတ်ထားသည့် အင်္ဂလိပ်အမျိုးသမီးများကိုကြည့်ကာ ပန်းပေါင်းစုံကဲ့သို့ ပြိုးပြက်သော မြန်မာအဝတ်အစားတို့နှင့်စာလျှင် မွဲခြောက်ခြောက်နိုင်လှသည်ဟု အောက်မေ့မိပေလိမ့်မည်။

ပရိသတ်အများစုသည် ပဒုမသနပလ္လင်ဆောင်သို့ သွားကြသည်။ ထိုနေရာမှာ စုဖုရားလတ်၏ ညှော်ခန်းဆောင်ဖြစ်ပြီး ယခုအချိန်တွင် အရာရှိများ၏ကလပ်အဖြစ် ပြောင်းလဲထားသည်။ သို့ရာတွင် အက်ဂါသာကမူ ညီလာခံသဘင်ဆောင်မှ အရှေ့တံခါးဆီသို့ ဆင်းသွားသော လှေကားကြီးဆီသို့ လာခဲ့သည်။ အက်ဂါသာသည် ဘုန်းတော်ကြီးများနေရာခန်းမဆောင်အဖြစ် အသုံးပြုနေသော သီဟာသနပလ္လင်ဆောင်တွင် ဆရာမှတ်နှင့် ပရိသီရိုးထွက်အလာကို စောင့်နေခြင်းဖြစ်သည်။ ဆရာမှတ်မှာ ထိုအခန်းဆောင်ထဲတွင် ဗိုလ်ချုပ်ပရင်ဒါဂတ်စ်နှင့် နေ့လယ်စာစားမည်ဖြစ်၏။

အက်ဂါသာသည် အရှင်နှစ်ပါး ပါတော်မူသည်အချိန်တိုင် မည်သည့်မိန်းမမျှ နင်းခဲ့ဖူးခြင်းမရှိသည့် လှေကားကြီးထိပ်တွင် ရပ်နေသည်။ ထိုလှေကားထိပ်မှ ရပ်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဗဟိုရုံစည်နှင့် စွယ်တော်စင်တို့ကြားမှ ဖြတ်သွားသော လမ်းမကြီးထိပ် ဟင်းလင်းပွင့်နေသော အရှေ့တံခါးကြီးလို တိုးလျှိုပေါက် မြင်နေရသည်။ စိမ်းစိုသော သစ်ပင်ထိပ်ဖျားများနှင့် ပြာသာဒ်များကိုလည်းကောင်း၊ စေတီများကိုလည်းကောင်း၊ အဝေးတွင် မှိုင်းပြာသော ရှမ်းရိုးမတောင်တန်းကြီးများကိုလည်းကောင်း မြင်နေရသည်။ အက်ဂါသာသည် ထိုရှုခင်းကို ငေးကြည့်နေသည်။ ထိုစဉ် သူ့မျက်လုံးတွင် မျက်ရည်တွေဝဲလာ၏။ ကိုယ်ရေးကိုယ်တာ မဟုတ်ဘဲ မျက်ရည်ကျလောက်သည့် ခံစားချက်ကင်းမဲ့သည်မှာ ကြာခဲ့လေပြီ။

လင်ယောကျ်ားနှင့် သားသမီးများကို ပြုစုစောင့်ရှောက်ခြင်း၊ ပရိသိုးက သူ့ကို ကောင်းစွာနားလည်မှုမရှိခြင်း၊ မိမိယုံကြည်သောအရာတို့ကို မလုပ်နိုင်ဘဲ ကလေးများအား နို့ချိုတိုက် လက်သုတ်ပဝါလှမ်း စသည့်ကိစ္စများဖြင့် အချိန်ကုန်ခဲ့ရခြင်းစသည်တို့ကြောင့် ပတ်ဝန်းကျင်အလှအပတို့ကို မခံစားနိုင်ခဲ့သည်မှာလည်း ကြာခဲ့လေပြီ။

အက်ဂါသာသည် ရက်ရက်ဖြင့် မျက်တောင်ခတ်ကာ မျက်ရည်တို့ကို တိတ်အောင်လုပ်၏။ အရှေ့တံခါးဝမှ ရွှေနန်းတော်ကြီးထဲသို့ဝင်လာသော လှည်းယာဉ်ကလေး တစ်စီးကို မြင်လိုက်ရသည်။ လှည်းယာဉ်ပေါ်တွင် ဥရောပအဝတ်အစားတို့ကို ဝတ်ဆင်ထားသည့် မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်တို့ ပါလာသည်။ အမျိုးသမီးမှာ သာမန်ဖျတ်လတ်သလောက် အမျိုးသားမှာ သေးသေးညှက်ညှက်၊ ဖျော့တော့အားနည်းနေသည့် သဏ္ဍာန်ဖြစ်၏။

အမျိုးသမီးသည် အမျိုးသားကို သန်မာသောလက်တစ်ဖက်ဖြင့် လှည်းပေါ်မှတွဲချနေသည်။ သူတို့နှစ်ဦးသည် အစောင့်များနှင့်ပြောဆိုနေစဉ် စစ်ဗိုလ်ကလေးတစ်ယောက် ပေါက်လာသဖြင့် စစ်ဗိုလ်ကလေးနှင့် ပြောဆိုနေသည်ကို မြင်ရသည်။ စစ်ဗိုလ်ကလေးသည် သူတို့နှစ်ဦးကို ရွှေနန်းတော်လှေကားရင်းဆီသို့ ခေါ်လာခဲ့သည်။ အနီးရောက်၍ သေချာစွာကြည့်လိုက်သောအခါတွင် ဆီလာနှင့် သူ့ဖခင် ကုလားဝန် မစ္စတာအာရတွန်တို့ဖြစ်ကြောင်း တွေ့ရသည်။ ကုလားဝန် မစ္စတာအာရတွန်မှာ ပို၍ ရင့်ရော်အိုစာသွားကာ ပို၍ ပိန်ချုံးသွားခဲ့လေပြီ။ သူ့ဆံပင်များမှာလည်း အလွန်အမင်း မကျန်းမာသူတစ်ဦးကဲ့သို့ ဆွတ်ဆွတ်ဖြူလျက်ရှိ၏။ ဆီလာက မစ္စတာအာရတွန်၏လက်မောင်းကို တွဲ၍ခေါ်လာသည်။

"ဟော့ . . . ဆီလာ . . . ဆီလာ"

အက်ဂါသာက အားရဝမ်းသာ လှမ်းခေါ်သည်။ ထိုသို့ခေါ်လိုက်ရသဖြင့် သူသည် ပြန်ငယ်သွားကာ ဆီလာသည်လည်း ပြန်၍ငယ်သွားသည်ဟု စိတ်တွင် ထင်လိုက်မိသည်။ သူ့အသံကလည်းလှိုက်လှဲနေသည်။ မနက်ခင်းဝတ်တက်စဉ်နှင့် လှေကားထက်တွင်ရပ်လိုက်စဉ်က ပေါ်ပေါက်ခဲ့သည့် ငယ်ရွယ်နုနယ်သောစိတ်ကလေးကို ခံစားလိုက်ရသည့်အခါတွင်မှ မိမိ၏ပျို့ရွယ်နုနယ်သောဘဝကို ဆုံးရှုံးမှုသည် မည်မျှကြီးမားကြောင်းကို အက်ဂါသာ သဘောပေါက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟင် …အက်ဂါသာ၊ တွေ့ရတာဝမ်းသာလိုက်တာကွယ်။ ကြည့်စမ်း …ကံကောင်းလို့ ပြန်တွေ့ကြတာ"

"မင်းသတင်းကို ဘာမှမကြားရတော့ ကိုယ်ဖြင့် ရှိမှရှိသေးရဲ့လားလို့တောင် ထင်မိတယ်။ ဝမ်းသာလိုက်တာ ဆီလာရယ်"

ဆီလာသည် သူ့ကို အားရပါးရ လက်ဆွဲနှုတ်ဆက်သည်။ စစ်ဗိုလ်ကလေးမှာ ကာနယ်စလေဒင်ကိုရှာရန် ခပ်သုတ်သုတ်ထွက်သွား၏။ ဆီလာက ကျေနပ်စွာပြုံးသည်။

"သေမလိုဖြစ်တာတော့ အကြိမ်ကြိမ်ပဲ။ ဒါပေမဲ့ သေတော့မသေသေးပါဘူးကွယ်။ ကိုယ်တို့မှာ အန္တရာယ်တွေကို တွေ့ရ၊ ဒီအထဲမှာ ပါပါက ကောင်းကောင်းမကျန်းမာဆိုတော့ ဒုက္ခရောက်လိုက်တာ မပြောပါနဲ့တော့။ ခုတော့ အေးဆေးသွားပါပြီလေ။ မင်းလည်း နေလို့ ထိုင်လို့ကောင်းတယ်နော်။ မင်းခင်ပွန်းကော၊ ယဉ်ကျေးတဲ့အသိုင်းအဝိုင်းထဲ ပြန်ရောက်လို့ ဝမ်းသာလိုက်တာကွယ်။ ကိုယ်တို့မှာ သုံးနှစ်လုံးလုံး တောထဲနေခဲ့ရတာ။ ခု ကာနယ်စလေဒင်က အခေါ်လွှတ်လိုက်လို့ ပြန်လာတာ။ ဟော …ပြောရင်းဆိုရင်း လာနေပြီ။ ပါပါ …ဟိုမှာ ကာနယ်စလေဒင်ရယ်"

ဟုတ်သည်။ ကာနယ်စလေဒင်သည် ရင်ကော့ခေါင်းမော့လျက် လှေကားထိပ်မှ ခန့်ညားစွာ ဆင်းလာသည်။ ကုလားဝန် မစ္စတာအာရတွန်မှာ တောထဲတွင် နယ်နှင်ဒဏ်ခံထားရာမှ ရုတ်တရက်ရောက်လာရသဖြင့် ချက်ချင်းစကားမပြောနိုင်ဘဲ ကာနယ်စလေဒင်၏လက်ကို ဆုပ်ကိုင်ထားသည်။ ကာနယ်စလေဒင်က မစ္စတာအာရတွန်၏ပခုံးကို အသာပုတ်လျက်။

"ကဲ … ဘာမှ မစိုးရိမ်နဲ့တော့ မစ္စတာအာရတွန်။ အေးဆေးသွားပါပြီ။ နယ်နှင်ဒဏ်ပေးတာတို့ ကွပ်မျက်တာတို့ကို မတွေ့ရတော့ပါဘူး။ ကဲ … လာ၊ ဗိုလ်ချုပ်ပရင်ဒါဂတ်စ်နဲ့ သွားတွေ့ကြရအောင်။ မစ္စစ်ပရိုသီရိုး တစ်ဆိတ် ဆီလာနဲ့ စကားပြောပါဦး"

အက်ဂါသာမှာလည်း အရေးမကြီးသည့် အဖြစ်အပျက်များအကြားတွင် ရောက်နေသည်ကို သတိပြုမိကာ စိတ်ပါလက်ပါဖြင့် …

"ကောင်းပါပြီ …ကာနယ်။ ကဲ … ဆီလာ၊ သာသနာပြုကျောင်းလိုက်ပြီး ကိုယ်တို့နဲ့ နေ့လယ်ဖက်ရည်သောက်လှည့်ပါလား။ ခဏနေရင် ကိုယ့်အိမ်ကလူလည်း ထွက်လာတော့မှာ"

ဆီလာသည် စကြောသုံးထပ်မိုးထားသည့် သာသနာပြုကျောင်းသို့ နေ့လယ်လက်ဖက်ရည်သောက်ရန် လိုက်လာခဲ့သည်။ သူ့တွင် ပြောစရာစကားတွေလည်း အများကြီး။

"ကိုယ်တို့ နယ်နှင်ဒဏ်အပေးခံရတုန်းမှာ ဒုက္ခရောက်လိုက်တာတော့ မပြောပါနဲ့တော့ အက်ဂါသာရယ်။ ဒါပေမဲ့ ကိုယ်တို့ စိတ်ဓာတ်မကျပါဘူး။ နန်းမတော်ဖုရားက ကိုယ်


www.burmeseclassic.com

www.burmeseclassic.com


တို့ကို အစာရေစာ ကောင်းကောင်းမရနိုင်တဲ့ တကယ့်နေရာကိုမှ ရွေးပို့လိုက်တာ။ ကိုယ်တို့ သေရင်လည်း ကိစ္စပြီးတယ်ဆိုပြီး ပို့လိုက်တာပေါ့လေ"

"ဒါပေမဲ့ ကိုယ်တို့လည်း ကြိုးစားပြီး အသက်ရှင်အောင်နေတယ်လေ။ ကိုယ်တို့ အဒေါ်ကြောင့် အဲဒီဒေသကလူတွေကလည်း ကိုယ်တို့ကို လေးစားကြပါတယ်။ ကိုယ်တို့နဲ့ အတူ အညာကို မီးသဘော်နဲ့ဆန်တုန်းက ဥရောပတိုက်သူတွေထဲမှာပါလာတဲ့ ကိုယ့်အဒေါ်ကို မင်းမှတ်မိတယ်မဟုတ်လား။ ဟိုရောက်တော့ ကိုယ့်အဒေါ်က ဆေးကုပေးတယ်။ ခေါင်းကိုက်တာတို့၊ သွားနာတာတို့၊ ငှက်ဖျားတို့ကို ပျောက်အောင်ကုပေးတယ်။ ကိုယ်က လူမမာတွေကိုပြုစုတယ်။ ပိုက်ဆံမယူတော့ လူမမာတွေက ကိုယ်တို့ကို ဟင်းသီးဟင်းရွက်တို့၊ သစ်သီးတို့၊ ကြွဲနို့တို့၊ ဒိန်ခဲတို့ကို လာပို့တော့ ကိုယ့်တို့ ကောင်းကောင်းမွန်မွန်စားရပါတယ်။

"ဟိုရောက်တော့ ကိုယ်က ရက်ကန်းသင်ပေးပြီး ကိုယ်တို့ဝတ်ဖို့ အဝတ်ကိုလည်း ကိုယ်တိုင်ရက်တယ်။ ပြီးတော့ မင်းလိုပဲ ဟိုရောက်တော့ ကလေးတွေကို စာသင်ပေးတယ်။ ဟိုမှာ စာသင်ပေးနိုင်တဲ့သူဆိုလို့ တစ်ယောက်မှမရှိတော့ ကလေးမိဘတွေက ကိုယ်တို့ကို ကျေးဇူးတင်ကြတာပေါ့။ ကိုယ်တို့အဖြစ်ကိုကြည့်ပြီး စုဖုရားလတ်ကိုလည်း ဘီလူးမလို့ခေါ်ကြတယ်"

"ဘီလူးမဆိုတာဘာလဲ"

အက်ဂါသာက မေးသည်။ ဆီလာက အဓိပ္ပာယ်ကို ရှင်းပြသည်။

"ဟိုရောက်တော့ ကိုယ်တို့ကို လူချစ်လူခင်များတယ်လေ။ တခြားမကြည့်နဲ့၊ ဓားပြတွေကတောင် ရွာကို သူတို့လာပြီး ဓားပြတိုက်တော့မယ်ဆိုရင် ကိုယ်တို့ကို ကြိုပြီးသတိပေးတယ်။ ဒီလိုသတိပေးလို့ ကိုယ်တို့ရော ရွာသူရွာသားတွေရော ညညဆို ရှောင်အိပ်ပြီး မနက်လင်းမှ ရွာကိုပြန်လာကြရတယ်"

အက်ဂါသာက ရှင်လန်းဖျတ်လတ်နေဆဲဖြစ်သော ဆီလာကိုကြည့်ရင်း ...

"တောထဲမှာ နေထိုင်မကောင်းကော မဖြစ်ဘူးလား"

"သုံးခါတော့ အကြီးအကျယ်ဖျားလိုက်တာပဲ။ ဒါပေမဲ့ ဆရာဝန်တို့ဘာတို့မရှိတော့ ကိုယ်တို့အဒေါ်ဆေးတွေနဲ့ပဲ ပျောက်ရတာပေါ့။ ဘုရားဝတ်ပြုဖို့လည်း ကိုယ်တို့မမေ့ပါဘူး။ တနင်္ဂနွေနေ့တိုင်း ဝတ်ပြုတယ်"

ပရိုသီရိုးမှာ တောထဲတွင် စွန့်စားခန်းဖွင့်ခဲ့သည့် ဆွစ်မိသားစု ရော်ဗင်ဆန်ကို သတိရနေသည်။

"ဒီလိုနဲ့ တစ်နေ့တော့ ကိုယ်တို့ဆီကို အာမေးနီးယန်းလို့ရေးထားတဲ့ စာတစ်စောင် ရောက်လာတယ်။ စာက ဘီစကစ်ထုပ်တဲ့ စက္ကူစလေးပေါ်မှာရေးထားတယ်။ အာဏာပိုင်တွေမြင်ရင် အရေးကြီးတယ်လို့မထင်အောင် တမင်ရေးထားတာပေါ့ကွာ။ စာထဲမှာ အင်္ဂလိပ်တွေက မြန်မာမင်းကိုစစ်ကြေညာပြီး တိုက်နေပြီလို့ပါတယ်။ ကိုယ်တို့ပျော်လိုက်ပုံကတော့ ဘာပြောကောင်းမလဲကွာ။ အင်္ဂလိပ်တွေအောင်ပါစေဆိုတာ ဆုတောင်းရတာ အမောပဲ။


www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကိုယ်တို့နေတဲ့ရွာနားက လမ်းပေါ်မှာ လူတွေအများကြီးတွေ့လို့ ကိုယ်က ဘယ်သူတွေလဲ၊ ဘယ်ကလာကြသလဲလို့ မသိမသာ စုံစမ်းကြည့်တယ်။ မြန်မာဘုရင်ရဲ့ တပ်သားတွေတဲ့။ အိပ်ပျက်လို့ ကိုယ့်အိမ်ကိုယ်ပြန်လာကြတာတဲ့။ မန္တလေးမှာလည်း မင်းပြောင်းမင်းလွဲဖြစ်လို့ မင်းသစ်တွေတက်ပြီလာတဲ့။ ဒီတော့ နောက်တက်တဲ့မင်းက ဘယ်သူလဲလို့မေးတော့ အင်္ဂလိပ်သခင်တွေတဲ့။ သူတို့ကိုကြည့်ရတာ ပျော်လို့ပါးလို့ပဲ"

"မကြာပါဘူး။ နာရီဝက်လောက်ကြာတော့ ကိုယ့်ပါပါဆီက စာတစ်စောင်ရောက်လာတာပဲ။ စာထဲမှာ ရွှေနန်းတော်ကြီးထဲကို ကာနယ်စလေဒင်ရောက်နေပြီတဲ့။ ကိုယ်တို့ကို မန္တလေးပြန်ခေါ်တော့မယ်လို့ပါတယ်။ ကိုယ်တို့လည်း အဝတ်အစားတို့ ဘာတို့ကို ပြင်ဆင်ထုပ်ပိုးရတာပေါ့။ ကိုယ်တို့ပြန်တော့မယ်ဆိုတော့ ကိုယ်တို့ပျော်သလောက် ရွာကလူတွေက ငိုလိုက်ကြတာ မပြောပါနဲ့တော့"

ရွှေဘိုလည်းရောက်ရော ကိုယ်တို့ကို မန္တလေးရောက်အောင် ဆိုင်ရာတို့က ဖြစ်နိုင်တဲ့အကူအညီ ပေးရမယ်ဆိုတဲ့ အမိန့်ကြော်ငြာစာကို တွေ့ရတော့တာပဲ။ ခုမနက် မန္တလေးကိုရောက်တော့ ကိုယ်တို့လည်း ဆွေမျိုးသားချင်းတွေဆီကို အရင်သွားရတယ်။ ကိုယ်တို့မှာ ပိုက်ဆံတို့ဘာတို့လည်းမရှိတော့ အဝတ်အစားတွေဘာတွေ မဝယ်နိုင်သေးဘူးလေ။ ခု ဒီအဝတ်အစားတွေက ဆွေမျိုးတွေဆီက ငှားဝတ်လာရတာ"

ဆီလာသည် သူ့ကိုယ်သူ ငုံ့ကြည့်လိုက်ပြီးနောက် ကျေနပ်သွားဟန်ဖြင့် ပန်းရိုက်ချည်ထည်ဝတ်စုံကို ပွတ်နေသည်။ သူ့ခရီးသည် ပျော်ရွှင်ဖွယ်နိဂုံးချုပ်သို့ ရောက်ခဲ့လေပြီ။ နေ့လယ်လက်ဖက်ရည်သောက်ပြီးသည့်အခါတွင် အက်ဂါသာက နေ့ခင်းတရေးအိပ်နေသည့် သူ့သားကလေးများကို လိုက်ပြသည်။ ကလေးတွေက ချစ်စရာကလေးတွေ။ အမေ့လို အသားဖြူဖြူ။ ငွေရောင်ဆံပင်လေးတွေနှင့်။

ကလေးတို့ဘဝ နှစ်ခြိုက်စွာအိပ်ပျော်နေသည့် သူတို့ကလေးတွေကို ဆီလာသည် အမြတ်တနိုး ငုံ့ကြည့်နေသည်။ နှစ်ခါလည်သား အက်ဒီက သူ့အစ်ကိုလေးနှစ်သာ ဝွန်၏ဘေးတွင် ဖြူကောင်ကလေးတစ်ကောင်လို ခွေခွေကလေးအိပ်လျက်။ ဆီလာသည် သူတို့နှစ်ယောက်ကို ငုံ့ကြည့်နေရာမှ မျက်ရည်များဝဲကျလာသည်။

"ကလေးတွေက ချစ်စရာလေးတွေနော်။ မင်းယောက်ျားကတော့ လူကြီး လူကောင်းတစ်ယောက်ပါကွယ်။ စိတ်ထဲမှာတော့ သူ့ကို အမြဲလေးစားလျက်ပါ"

သူတို့နှစ်ယောက်သည် အခန်းပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။ အခန်းပေါက်သို့ အရောက်တွင် ဆီလာက တုံ့ခနဲရပ်လိုက်ရင်း ...

"ဖဲင်နီကိုကော မင်းတွေ့ပြီးပြီလား"

ဆီလာသည် ဖဲင်နီကို ချက်ချင်းသတိရလာသဖြင့် ကောက်မေးလိုက်သည်၊ အက်ဂါသာမှာ စိတ်မကောင်းလှ။ မန္တလေးကို သိမ်းပိုက်ပြီးသည့်နောက်မှစ၍ မည်သူမျှ ဖဲင်နီအကြောင်းကို အရေးတယူလုပ်၍ ပြောဆိုခြင်းမရှိကြတော့ပြီ။

---

သဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း...မတွေ့ရသေးဘူး။ သီလရှင်ကျောင်းတစ်ကျောင်းမှာရောက်နေတယ်လို့တော့ ကြားတာပဲ။ ရွှေနန်းတော်ထဲကို အင်္ဂလိပ်တပ်တွေဝင်တော့ သူလည်း သီလရှင်ကျောင်းကို ပြောင်းသွားတာပဲတဲ့။ ကိုယ်လည်း သူ့ကိုသွားတွေ့ရဦးမယ်။ ခုဆိုရင် တော်တော်လေး ဒုက္ခရောက်နေတာမလားမသိဘူး။ သူ့ခမျာ ယောက်ျားကလည်း ဘာမှ စားလောက်သောက်လောက်အောင် ချန်ပစ်ခဲ့တာမဟုတ်ဘူး။ ကိုယ်ကလည်း မန္တလေးကိုရောက်တာ နှစ်ရက်လောက်ပဲရှိသေးတော့ နေသားကျအောင် လုပ်နေရသေးတယ်"

"မန္တလေးက ဖုန်တော့သိပ်ထူတာပဲနော်"

ဆီလာက စကားလွှဲလိုက်သည်။

"အမလေး...ဖုန်ထူတာတော့ မပြောပါနဲ့တော့ ။ ဒါပေမဲ့ ဖုန်ကိုကြောက်မနေနိုင်ဘူးလေ။ ကိုယ့်မှာက မဒရာစီက အာယားမတစ်ယောက်လည်းပါတယ်။ ပြီးတော့ အစေခံတစ်ယောက်လည်း ခေါ်လာတယ်။ ဒါပေမဲ့ ကိုယ်က ကိုယ်တိုင်လုပ်ရမှ အားရတာ"

ဆီလာက ထိပ်တွင် နှင်းဆီပွင့်ကလေးများစိုက်ထားသည့် ဦးထုပ်ကို ပြင်ဆောင်းရင်း...

"ဟုတ်တယ် ... ။ ကိုယ်လည်း တောထဲမှာတုန်းက ဒီလိုပဲ။ ကိုယ်တိုင်လုပ်ခဲ့ရတာပဲ။ ကိုယ်ဖဲင်နီနဲ့သွားတွေ့ပြီး မင်းဆီကို လွှတ်လိုက်ရင်ကော"

အက်ဂါသာက သဘောတူသည်။ သူကိုယ်တိုင် သီလရှင်ကျောင်းသို့ သွားမတွေ့ချင်။ သူ့ကို ပရိုတက်စတင့် ဘာသာဝင်တစ်ယောက်အဖြစ် အထင်သေးသည့် ဇရင်ဂျီသီလရှင်ကျောင်းသို့ သူမသွားချင်။

"ဒီလိုဆိုရင်လည်း ပြောပေးပါကွယ်။ နို့ ...နေစမ်းပါဦး။ မင်းကော ရှေ့မှာဘယ်လိုစိတ်ကူးထားလဲ"

"ပါပါကတော့ ဗိုလ်ချုပ်ပရင်ဒါဂတ်စ်ရဲ့စကားပြန်လုပ်မယ်ထင်တယ်။ ကိုယ်တို့မှာ အင်္ဂလိပ်လက်အောက်ခံ ဆွေမျိုးသားချင်းတွေ အများကြီးရှိသားပဲကွယ်။ ခုလောလောဆယ်မှာတော့ ကိုယ်တို့ဘာသာပဲနေမယ်လို့ စိတ်ကူးထားသေးတယ်။ ဗိုပြီးလွှတ်လပ်တာပေါ့။ ကဲ...သွားမယ် အက်ဂါသာ"

ဆီလာသည် လှေကားမှဆင်းသွားသည်။ ပရိသီရိုးရှိရာအိမ်ထဲသို့ ဝင်လာခဲ့၏။ သို့ရာတွင် သူ့ကို လာမနှောင့်ယှက်နှင့်ဆိုသည့် မျက်နှာပေးဖြင့် စာဖတ်နေသည်။

အက်ဂါသာသည် သူတို့အခန်းထဲသို့ တက်လာခဲ့သည်။ အက်ဂါသာသည် ပရိသီရိုးအဖို့မှ မည်သည့်အခန်းကိုမဆို အိပ်၍ရသည်ဟု ထင်ဟန်ရှိသော်လည်း အက်ဂါသာစိတ်ထဲတွင်မူ သူတို့အိပ်ခန်းသည် သူနှင့်ပရိသီရိုးတို့၏ ရင်းနှီးမှုဖော်ပြသည့်နေရာ။လင်မယားတိုင်ပင်စရာရှိသည်တို့ကို တိုင်ပင်သည့်နေရာ။

လင်မယား တစ်ယောက်တစ်ခန်းစီခွဲအိပ်ဖို့ကို သူသဘောမတူနိုင်။ ပရိသီရိုးကမူ သူ့စာအုပ်ထဲတွင် စိတ်ဝင်စားမြဲ။ အက်ဂါသာသည် မှန်တင်ခုံဆီသို့ လာခဲ့၏။ စားပွဲပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပရိသီရိုး၏ ခေါင်းဖြီးသည့်ဘီးနှင့် သူ့မိန်းမအသုံးအဆောင်ပစ္စည်းများ ပြန့်ကြဲနေသည်။ အိမ်ထောင်ရှင်တို့၏ဘဝတွင် ထိုသို့ပင် လင်မယားပစ္စည်းများသည် ရောထွေးနေကြသည်သာ။ အက်ဂါသာသည် ပြန့်ကြဲနေသည့် ပစ္စည်းများထဲမှ သူ့လက်ကိုင်မှန်ကလေးကို ကောက်ကိုင်လိုက်သည်။ မှန်ထဲတွင် သူ့မျက်နှာကို ထောင့်ပေါင်းစုံမှကြည့်၏။ ပို၍ပိန်လာကာ ပို၍ အသားအရေဖြူဖပ်ဖြူရော်ဖြစ်လာပြီး မျက်လုံးနှင့် နှုတ်ခမ်းတစ်ဝိုက်တွင် အရေတွန့်စပြုပြီ။ သို့ရာတွင် သူ့မျက်နှာသည် စိတ်ဝင်စားစရာကောင်းနေဆဲ။ ပညာတတ်ဟန်ပါနေဆဲ။ သူ့ကိုမြင်လျှင် ...

"ဟိုအထက်တန်းကျကျမိန်းမ ဘယ်သူလဲ"

ဟု မေးကြလိမ့်မည်။

"သူ့ကိုကြည့်ရတာ ဘဝဒဏ်တော်တော်ခံထားရပုံပဲ"

ဟုပြောကြလိမ့်မည်။ ကလေးတွေအခန်းဆီမှ အက်ဒီလေး၏ငိုသံကို ကြားရသည်။ အက်ဂါသာသည် လက်ထဲမှမှန်ကိုချကာ ကလေးဆီသို့ ခပ်သုတ်သုတ်ထွက်လာခဲ့၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

## အင်္ဂါသာ၊ ဆီလာနှင့် ဖဲင်နီ

အင်္ဂါသာ မဖြစ်နိုင်။ ကြည့်ရသည်က ညိုးညိုးနွမ်းနွမ်း ပိန်ချုံးလျက်။ အသွေးအရောင်ဆို၍ နီရဲသော နှာခေါင်းဖျားလေးတစ်ခုသာ ကျန်တော့သည်။ အဝတ်အစားကလည်း မသပ်မရပ်။ အစာရေစာ ချို့ချို့ငဲ့ငဲ့။ အင်္ဂါသာသည် တစ်ခါမှ လှဖူးသည်မဟုတ်။ သို့ရာတွင် ယခုလောက် . . .။ ဖဲင်နီမဖြစ်နိုင်။ ကျော့ရှင်းသည့် ဖဲင်နီမဖြစ်နိုင်။ ဖဲင်နီသည်လည်း အလှကြီးလှသူမဟုတ်။

သို့ရာတွင် ယခုမြင်ရသည့် ဖဲင်နီကမူ ပုအိုင့်အိုင့်နှင့်။ ဝတ်စားထားသည့် အဝတ်အစားကြောင့် ထိုမျှ အဆင်မပြေဖြစ်နေရသည်လော။ အဝတ်အစားက ကလေးတွေအိပ်ခန်းထဲတွင် ကပ်ထားသည့် နံရံစက္ကူလို။ ကလေးမလေးတွေဝတ်လျှင် ထိုအဆင်သည် ကြည့်၍ကောင်းမည်။ သို့ရာတွင် ကလေးမလေးတွေမှာပင် ထိုမျှလောက် ထင်းထင်းကြီး၊ ကြောင်ကြောင်ကျားကျားကြီး ဝတ်ဖို့မကောင်း။ သူတို့နှစ်ယောက်သည် သာသနာပြုကျောင်းဝရန်တာတွင် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်နမ်းရှုပ်ကြသည်။

သူတို့နှစ်ယောက်သည် အာရှန်ဒယ်နံရံကပ် ပန်းချီစက္ကူများကပ်ထား၍ သံကိုယ်စားလှယ် မစ္စတာရှောနှင့် မစ္စတာလန်စဒင်တို့ တွေ့ဆုံ၍ နိုင်ငံရေးဆွေးနွေးရာ၊ ပရိုသီရိုးနှင့် အင်္ဂါသာတို့ ပြဟ္မစရိယသိက္ခာပုဒ်ကို စောင့်ထိန်းသင့်မစောင့်ထိန်းသင့် ဆွေးနွေးရာ၊ ယခု အင်္ဂါသာ၏ကလေးငယ်များ သစ်သားမြင်းရုပ်ကလေးများနှင့် ဆော့ကစားရာ ခန်းမဆောင်ထဲတွင် လက်ဖက်ရည်သောက်ကြသည်။ သူတို့နှစ်ယောက်သည် ဘယ်ကစ၍ စကားပြောရမှန်းမသိ။ ကလေးတွေ အနားတွင်ရှိနေသည်ကိုပင် ကျေးဇူးတင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


အက်ဂါသာက ရန်ကုန်မှ သာသနာပြုဝန်ထမ်းတို့အကြောင်းကို မပြောဘဲ ဂျင်မခါနာကလပ်အကြောင်း၊ ပဲခူးကလပ်အကြောင်း၊ ဝန်ရှင်တော်မင်းကြီးအကြောင်း၊ ပရိသီရိုးကို အပြင်မှာ လူများက မည်သို့ခင်မင်ကြသည့်အကြောင်းကို ပြောသည်။ ဖဲင်နီက ရွှေနန်းတော်ကြီးထဲက အကြောင်းများကို ပြောသည်။ သို့ရာတွင် ဘာကြောင့်မှန်းမသိ။ ပြော၍မရ။ လက်စားချေလိုသဖြင့် သူပြုမူခဲ့သည့်အမှုသည် ယခု သူ့ကို ပြန်၍လက်စားချေနေလေပြီ။ လက်စားချေမှုသည် သူ့ကို နှုတ်ဆိတ်အောင်လုပ်ခဲ့ပြီ။ စကားစတင်၍ မပြောရဲအောင်ပင် ဖြစ်နေသည်။

အိမ်ထောင်ရေးတွင် အဆင်ပြေနေဟန်ရှိသည့် အက်ဂါသာအား အရှက်တကွဲအကျိုးနည်းကာ အဆုံးသတ်ခဲ့ရသော မိမိ၏အချစ်ဇာတ်လမ်းကို မည်သို့ပြောရမည်နည်း။ သူ့အကြောင်းကို ပြောဖို့မဆိုထားနှင့် တွေးပင်မတွေးချင်တော့။ ဗွန်ဗိုင်ဆင်၏အကြောင်းကို တွေးသည်ထက် ရွှေနန်းတော်ကြီးအကြောင်းကို တွေးလိုက်မိလျှင် ရင်ထဲ နင့်ခနဲဖြစ်သွားသည်။

ဗွန်ဗိုင်ဆင်သစ္စာမဲ့သဖြင့် သူခံစားခဲ့ရသော သောက၊ သူလောက်မြိုက်ခဲ့ရသော ဒေါသ၊ သူအနိုင်ယူလက်စားချေသည့် လုပ်ရပ်တို့သည် သူ့ရင်ထဲမှအချစ်ကို အမြစ်ပါမကျန်အောင် နုတ်ယူသွားခဲ့လေပြီ။ သူ့ရင်ထဲတွင် ဆို့နင့်လျက်။ စိတ်ဓာတ်သည် ရွှင်လန်းခြင်းမရှိတော့။ အခြေအနေအရပ်ရပ် ပြောင်းလဲသွားခြင်း။ မျှော်လင့်ချက် ကုန်ဆုံးသွားခဲ့ရခြင်းတို့ကြောင့် ဖဲင်နီ၏ ခံစားချက်ဟူသမျှတို့သည် ကုန်ဆုံးသွားခဲ့လေပြီ။

ပါရီဝတ်စုံနှင့် စာပို့သမားဦးထုပ်တို့ကိုလည်း နောက်ထပ်ဝတ်စားခြင်း မပြုချင်တော့။ အင်္ဂလိပ်တို့ မန္တလေးသို့ဝင်သောနေ့က ထိုဝတ်စုံကို ဝတ်ခဲ့သည့်တိုင် ယခုမူ ထိုသို့သော ခေတ်ဆန်ဆန်အဝတ်အစားမျိုးကို စွန့်ပစ်ခဲ့သူမှာ သူတစ်ယောက်တည်းမဟုတ်။ အက်ဂါသာလည်း ရှိနေသေးသည်ကို တွေ့ရသည်။ ဖဲင်နီနှင့် အက်ဂါသာတို့သည် ပင်လယ်ကြီးခြားလျက်ရှိရာ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်မိသည်။

အက်ဂါသာ၏အတွက်သည် ဖဲင်နီလောက် မပြင်းထန်သေးသည့်တိုင် သူ့တွင် အချစ်ဟုကျန်သေး၏။ ဖဲင်နီ၏အချစ်ကား နစ်မြုပ်သွားခဲ့လေပြီ။ သူ့လိပ်ပြာတောင်တို့သည် ရေစိုရွှဲကာ ပျံသန်းနိုင်ခြင်းမရှိတော့ပြီ။ သူ့တစ်သက်တွင် တစ်ခါသာတွေ့ခဲ့ရသော အချစ်ရေးတွင် အရာအားလုံး နစ်မြုပ်ပျက်စီးသွားခဲ့လေပြီ။ ဖဲင်နီသည် မြေကြီးပေါ်တွင် တုံးလုံးပက်လက်လဲကာ ပြန်၍ နာလန်ထူနိုင်စရာမရှိတော့။ ဖဲင်နီသည် စိတ်ဆင်းရဲခြင်းကို ဘယ်တော့မျှ ကြာရှည်ခံစားခြင်းမရှိသည့်တိုင် ဘယ်တော့မျှ ပျော်ရွှင်ခြင်းမရှိနိုင်တော့ပြီ။

အက်ဂါသာသည် နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲနေရသည့်တိုင် ပရိသီရိုးနှင့် ဆက်ဆံရာတွင် အသေးအဖွဲကလေးများကို ကြုံတွေ့နေရသည့်တိုင် သူ့ဘဝတွင် ပျော်စရာဆို၍ မျှော်လင့်ချက်တွေရှိနေသေးသည်။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အက်ဂါသာသည် စကားအလုံတို့ကို ပြောနိုင်သေးသည့်တိုင် ဖဲင်နီမှာမူ ဘာမျှပြော စရာမရှိတော့၊ ဖဲင်နီသည် အရှေ့တိုင်းသားတို့၏ အတ္တမဆန်သော အတွေးအမြင်လည်းမရှိ တော့၊ လက်တင်လူမျိုးတို့၏ ပြင်းထန်ခြင်းလည်းမရှိတော့။ ဆက်ဂုံမျိုးနွယ်တို့၏ ကိုယ့်ကိုယ် ကိုယ်လှည့်စားနိုင်သော စွမ်းအားမျိုးလည်း မရှိတော့။ သူသည် တစ်ခါက မာယာပရိယာယ် များခဲ့သော ဖဲင်နီ၊ ယခုမူ ပိုင်ရှင်လည်းမရှိ၊ နေရာလည်းမရှိသော မုဆိုးမတစ်ယောက်သာ လျှင်ဖြစ်သည့် ဖဲင်နီဖြစ်ခဲ့လေပြီ။

ဂျွန်ကလေးက ကပ်လာပြီး ဂါဝန်ပေါ်မှ အရုပ်ကလေးများကို ယောက်ျား၊ မိန်းမ ခွဲခြားကြည့်နေရာမှ အနားသို့ကပ်လာပြီး ထိုအရုပ်ကလေးများကို လက်ဖြင့် လိုက်ထိနေ သည်။ သစ်သားမြင်းရုပ်နှင့်ဆော့နေသည့် အက်ဒီကလေးကလည်း စားပွဲအောက်သို့ဝင် လာကာ သူ့ဂါဝန်ပေါ်မှ အရုပ်ကလေးများကို လက်ဖြင့်လိုက်တို့နေသည်။ ဂါဝန်ပေါ်မှာရိုက် ထားသည့် မြင်းရုပ်က တော်တော်ဆန်းသည့်မြင်းရုပ်။ တူအောင်ဆွဲထားခြင်းမဟုတ်ဘဲ မြင်း ရုပ်ဟုသိသာရုံလောက်သာ ဆွဲထားသောအရုပ်။ ကိုယ်လုံးတွင် အပြာရောင်ကွင်းကလေး တွေ စွပ်လျက်။

ဂျွန်က ဂါဝန်ပေါ်မှ အရုပ်ကလေးတွေကိုကြည့်ပြီး သူ့ထုံးစံအတိုင်း တခစ်ခစ်ရယ် နေသည်။ အက်ဂါသာက ခပ်ထန်ထန် တစ်ချက်ငေါက်လိုက်ပြီး ဂျွန်ကို အနီးသို့ခေါ်၍ ဖက် ထားလိုက်၏။ အက်ဒီက နူးညံ့သောဆံပင်များနှင့် အမေ့ဒူးကိုတိုက်နေစဉ် အက်ဒီသည် အလိုက်သိတတ်သောကလေးဟု အက်ဂါသာ ကျိတ်၍ ကျေးဇူးတင်နေသည်။ ဂျွန်ကမူ အမေ့ရင်ခွင်ကြားမှနေ၍ ဖဲင်နီ၏ဂါဝန်ကို ကြည့်မြဲကြည့်နေသည်။ ဩော် . . . အက်ဂါသာ တစ်ယောက်တည်း ကလေးအမေကြီး ဖြစ်နေရှာပြီဟု ဖဲင်နီတွေးနေသည်။

"ဂျွန်က သူ့အဖေနဲ့တူတယ်။ အက်ဒီကတော့ ကိုယ်နဲ့တူတယ်"

အက်ဂါသာက ကြည်နူးစွာပြော၏။

"သူတို့ကိုကော သာသနာပြုတွေ ဖြစ်စေချင်သေးလား"

"ဘာရယ်လို့တော့ မပြောတတ်သေးပါဘူးကွယ်။ သာသနာပြုလုပ်ငန်းကတော့ အမြတ်ဆုံးလုပ်ငန်းကိုး။ ဒါပေမဲ့ ဆရာဝန်တို့ဘာတို့လည်း မြင့်မြတ်တဲ့ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းတွေပါပဲ။ သူ့အဖေလိုပဲ ဂျွန်ဟာ တိရစ္ဆာန်တို့ဘာတို့ ထိခိုက်ဒဏ်ရာရရင် တော်တော်စိတ်မကောင်းဖြစ်တတ်တယ်။ ဘာမှတော့ မလုပ်တတ်ဘူးပေါ့လေ၊ တိရစ္ဆာန် တို့ဘာတို့ နေထိုင်မကောင်းဖြစ်ရင် ခပ်ဝေးဝေးမှာနေပြီး သူပါ စိတ်ထိခိုက်နေတော့တာပါ ပဲ။ တကယ်ဆရာဝန်ဖြစ်မဖြစ်တော့ မပြောတတ်ဘူး။ သူ့အဖေကတော့ သူ့ကို ပန်းချီဆရာ ဖြစ်စေချင်သတဲ့လေ။ ဂျွန်က ပုံဆွဲတို့ဘာတို့ ဝါသနာပါတာကိုး။ ကိုယ်ကတော့ ပန်းချီဆရာ မဖြစ်စေချင်ဘူး။ ယောက်ျားလေးနဲ့ ဒီအလုပ်နဲ့ မကိုက်ဘူးလို့ ကိုယ်ထင်တယ်လေ။ အနုပညာ သည်ဆိုတာ အာရုံကလည်း ထွေပြားတတ်ပါဘိသနဲ့"



www.burmeseclassic.com

www.burmeseclassic.com


အက်ဒီက သူ့အမေရင်ခွင်ကို ခေါင်းဖြင့်ပွတ်နေသည်။ အက်ဂါသာက ဂျွန်ကို လွှတ်လိုက်ပြီး သားအငယ်ကို လက်နှစ်ဖက်ဖြင့်ပွေ့လိုက်ကာ ဆံပင်နနုကလေးများကို နမ်းနေ၏။

"သူကတော့ မအေ့သားပေါ့"

သူ့အသံသည် ဘက်လိုက်သည့်အသံမပါတော့။ အက်ဂါသာသည် နွေးထွေးသည့်အသံကို ကြားလိုက်ရသည့်အတွက် စိတ်တွင် ကြည်နူးသွားသည်။ ဂျွန်ကအနီးမှထွက်သွားကာ မြင်းရုပ်ကို တက်စီးနေ၏။ သူစီးနေသည်ကို မြင်သည့်အခါတွင် အက်ဒီသည် အော်၍ငိုကာ လက်ထဲမှ ရုန်းထွက်နေသည်။

"ခုထိ ကလေးလေးလို ဆိုးတုန်းရှိသေးတယ်"

အက်ဂါသာက သူ့ကိုလွှတ်ပေးလိုက်သည်။ သူတို့နှစ်ယောက်သည် စကားဆက်မပြောနိုင်ကြသေးဘဲ ရှေ့တွင်ရှိသည့် ကွက်လပ်ကြီးကို ငေးကြည့်နေမိကြသည်။

ထိုစဉ် ရှေးတုန်းကကဲ့သို့ပင် ဆီလာသည် သူတို့ဆီသို့ရောက်သည်။

"လက်ဖက်ရည်လား။ ကျေးဇူးပဲ ... အက်ဂါသာ၊ ကာနယ်စလေဒင်နဲ့တော့ သောက်ခဲ့ပြီးပါပြီ။ ဒါပေမဲ့ ထပ်သောက်ရင်လည်း ရပါတယ်။ သတင်းတွေက ထူးတယ်ဆရာ၊ ဘုရင်ခံချုပ် အထက်မြန်မာနိုင်ငံကို လာကြည့်မယ်တဲ့။ ကာနယ်စလေဒင်နဲ့ လွှတ်တော်ဝန်ကြီးတွေက ဘုရင်ခံချုပ်ကိုဧည့်ခံဖို့ ကိုယ့်ကိုရွေးလိုက်ကြတယ်။ ဘုရင်ခံချုပ်ကို မှန်နန်းဆောင်မှာ ဧည့်ခံမယ်တဲ့။ ဖဲင်နီကတော့ အိမ်ပြန်ရောက်ရသလို အောက်မေ့မှာပဲ။

ဧည့်ခံပွဲကိုဖိတ်ရမယ့် အမျိုးသမီးတွေရဲ့စာရင်းကို ကိုယ်နဲ့ကိုယ့်အဒေါ်ကို အရေးနိုင်းတယ်လေ။ ဖဲင်နီကိုလည်း ထည့်ရမယ်။ ဂျူလီနဲ့ ဒါဝီရာတို့ ညီအစ်မတစ်တွေကိုလည်း ဖိတ်ရမယ်။ ဒါပေမဲ့ လွှတ်တော်ကြီးတွေရဲ့ကတော်မယားတွေသာ ဘုရင်ခံချုပ်နဲ့ လက်ဆွဲနှုတ်ဆက်ရမယ်တဲ့။ ကျန်တဲ့လူတွေက ဦးညွှတ်ပြီး နှုတ်ဆက်ရမယ်တဲ့။ အမျိုးသမီးတွေထဲမှာ အဆင့်ခွဲရဦးမယ် ဆိုပါတော့ကွယ်။ ယင်းတော်မလေးရဲ့အငြိမ့်နဲ့လည်း ဧည့်ခံမယ်တဲ့။ ကိုယ်က ယင်းတော်မလေးဆိုတဲ့ သီချင်းတွေကို ဘာသာပြန်ပေးရမယ်တဲ့"

အက်ဂါသာမှာ ထိုသတင်းများကို ကြားသည့်အခါတွင် ပျော်နေသည်။ အိန္ဒိယဘုရင်ခံချုပ် လောဒ့်ဒပ်ဖရင်နှင့် လေဒီဒပ်ဖရင်တို့အကြောင်းကို သူတို့ မကြာမခဏ ကြားပြီးသားဖြစ်၏။ ယခုမူ ထိုသို့မဟုတ်တော့ပြီ။ ဘုရင်ခံချုပ်များ မြန်မာနိုင်ငံသို့ လျစ်လျူရှုထားခဲ့ကြသည်။ ဂျူလီထံသွားကာ ဝတ်စုံသစ်ချုပ်ရန်အတွက် အဆင်ဆန်းကလေးများကို သွားကြည့်ရဦးမည်ဟု အက်ဂါသာစိတ်ကူးရသည်။ ဖဲင်နီသည် သူတို့နှစ်ယောက်ကို နှုတ်ဆက်၍ ပြန်လာခဲ့သည်။ ဖဲင်နီသည် ကျုံးဘေးအတိုင်းလျှောက်ကာ သီလရှင်ကျောင်းသို့ ပြန်လာခဲ့ခြင်းဖြစ်၏။ စစ်သားများသည် အနီးပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်ကာ သူတို့ဘာသာ ရယ်မောနောက်ပြောင်လျက်ရှိကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သော ဗြိတိသျှစစ်တပ်များကဲ့သို့ ယဉ်ကျေးသည့် ကျူးကျော်ရေးစစ်တပ်ဟူ၍ တစ်ခါမျှမရှိစဖူး။ မြန်မာလူထုဘက်ကရော အင်္ဂလိပ်စစ်သားများဘက်ကပါ တစ်ဖက်ကိုတစ်ဖက် ရန်လိုခြင်းမရှိကြ။ တပ်နှင့်လူထု၏ ဆက်ဆံရေးသည် ချစ်ခင်ရင်းနှီးသည့်သဘောကို ဆောင်နေသည်။

မြန်မာလူထုသည် ကျွန်ဖြစ်ရသည်ကို သတိပြုမိဟန်မတူ။ မိမိတို့သည် ရခဲလှသော လူ့အဖြစ်ကို ရလာသည်ဆိုသည်ကို နားလည်လျက်ရှိကြပြီး ထိုအသိကို မည်သည့်အရာကမှ ချေဖျက်ခြင်းလည်း မပြုနိုင်။ သရက်ပင်များအောက်တွင်မူ အင်္ဂလိပ်စစ်သားများသည် မြန်မာတို့ထံမှ "ခင်ဗျား ... ကျွန်တော်" စသည့် အသုံးအနှုန်းများကို သင်နေသည်။ ခါတိုင်းလို "ဟဲလို ... ဂျွန်နီ" စသည့် အသုံးအနှုန်းများကို မသုံးရဟု ဆိုင်ရာက ညွှန်ကြားထားသောကြောင့်ဖြစ်သည်။ မန္တလေးရွှေမြို့တော်ကြီးမှာ ကချင်၊ ရှမ်း၊ ရှရား၊ အိန္ဒိယ စသည့် ကုန်သည်မျိုးစုံတို့ဖြင့် ပြည့်နှက်နေသည်။ ဝန်တင်လားတန်းတစ်ခုသည် ကျုံးဘေးတစ်လျှောက်တွင် ချူသံတချွင်ချွင်ဖြင့် သွားနေသည်။

သို့ရာတွင် ဖဲင်နီသည် ထိုအရာများအားလုံးကို သတိမပြုမိ။ ကျုံးဘေးမှ ဖုံထွက်သည့် လမ်းမကြီးသို့ရောက်လျှင် ဖဲင်နီသည် ရပ်လိုက်၏။ နီကြန်ကြန်မြို့ရိုးကြီးများ၊ ရေပေါ်တွင်ပေါ်နေသည့် ကြာပွင့်များနှင့် ဘုံခုနစ်ဆင့်ရှိသည့် ပြာသာဒ်စုလစ်မွမ်းချွန်များကို လှည့်ကြည့်သည်။ ရင်ထဲတွင်ဆို့သွားကာ မန္တလေးရောက်စနေ့ကို သွား၍သတိရသည်။ သည်နေရာတွင် သူ့အဖေက ကျုံးနှင့်မြို့ရိုးတို့ကို ပြခဲ့သည်မဟုတ်လော။ ပြန်တွေးလိုက်မိသည်နှင့် အတိတ်ရုပ်ပုံကားချပ်များသည် တစ်ခုပြီးတစ်ခု ပေါ်လာကြသည်။

သူတို့သားအမိနှစ်ယောက် ဆင်ဖြူမရှင်ထံ အခစားဝင်ခဲ့ကြပုံ။ ဇူးလူးလင်းတွင် အင်္ဂလိပ်တပ်တို့ မရှုမလှဆုတ်ခွာခဲ့ရသောသတင်းကို ကြားကြရပုံ။ ထိုသတင်းကိုကြားပြီး ရွှေနန်းတော်ကြီးသို့ပြန်လာစဉ် လမ်းတွင် ဗွန်ဗိုုင်ဆင်နှင့် တွေ့ခဲ့ကြပုံ၊ သူ့ဝတ်စုံသစ်နှင့် ဦးထုပ်သစ်တို့ကို ဝတ်ဆင်ပြီး ဗွန်ဗိုုင်ဆင်ထံမှ ပြန်လာခဲ့ပုံ။ ထိုရုပ်ပုံကားချပ်များကိုမြင်ကာ ရင်ထဲတွင် လှိုက်လာသည်။

ထိုနေ့မှစ၍ ဖဲင်နီသည် ဗွန်ဗိုုင်ဆင်နှင့် တစ်ခါမှ မတွေ့ကြတော့။ တွေ့လျှင်လည်း စကားမပြောဖြစ်ကြတော့။ တစ်ခါတွင်မူ ခပ်လှမ်းလှမ်းမှ မြင်လိုက်ရသည်။ ထိုစဉ်က သူက စာပို့သဘော်သို့အဆင်း။ သူတို့လင်မယားနှစ်ယောက်က မိုးကုတ်ကြပ်ပြင်သို့ အသွားဖြစ်သည်။ ယခုမူ ဗွန်ဗိုုင်ဆင်၏ အိပ်မက်ပုံဖောင်းတို့သည်လည်း ပေါက်ကွဲသွားခဲ့လေပြီ။ သက်တံရောင်စုံဖြာသော အရောင်တို့သည်လည်း လေထဲတွင် ပျောက်ကွယ်သွားခဲ့လေပြီ။

သူနှင့် မျက်လုံးချင်း ဆုံမိသည့်အခါတွင် ဖဲင်နီ၏မျက်နှာသည် တင်းမာသွားကာ ခံစားချက်ကင်းမဲ့နေသည်။ ထိုစဉ်က ဗွန်ဗိုုင်ဆင်၏မျက်နှာမှာလည်း ညှိုးမည်းကာ ဂနာမငြိမ်ဖြစ်နေသည်။ ဖဲင်နီသည် ထိုနည်းဖြင့် သူ့ကို အနိုင်ယူခဲ့သည်။ ဆန်ဒရေနီက ရိပ်မိသဖြင့် သူ့ကို မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။ ဖဲင်နီသည် ဆန်ဒရေနီကိုလည်း မျက်နှာထားတင်း



www.burmeseclassic.com

www.burmeseclassic.com



တင်းဖြင့်သာ ကြည့်နေသည်။ ထိုစဉ် ဖဲင်နီသည် သီလရှင်ကျောင်းမှ အပြင်သို့ ပထမဦးဆုံး အကြိမ် ထွက်ခြင်းဖြစ်သည်။ မောင်ရိုးနှင့် ဒုတိယအကြိမ် တွေ့သည့်အခါတွင်မူ မောင်ရိုးသည် ဖိုင်တွဲကြီးတစ်တွဲကိုကိုင်ကာ လွန်စွာအရေးကြီးသည့်ဟန်ဖြင့် ဝန်ရှင်တော်မင်းကြီးထံသို့ သွားတွေ့သည့်အချိန်ဖြစ်သည်။

ကင်းဝန်မင်းကြီးသည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသူဖြစ်သည့်အလျောက် မိမိအသိနှင့် တန်ခိုးသြဇာတို့ကို အစိုးရသစ်အသုံးလိုက အသုံးချခွင့်ပြုသည်။ မောင်ရိုးက သူ့ကို လှမ်းကြည့်ပြီး ရယ်သည်။ ဤအပြုအမူသည် ယဉ်ကျေးမှုအလို့ငှာ ခက်ခက်ခဲခဲ စကားရှာနေကြသည့် ဥရောပတိုက်သားတို့၏ အပြုအမူနှင့်စာလျှင် အများကြီးကောင်းပါသည်ဟု ဖဲင်နီယူဆသည်။

မောင်ရိုးသည် အရာကျနေသော ဝန်ကြီးတစ်ဦး၏ စာရေးမဟုတ်ဘဲ အစိုးရသစ်နှင့် ဆက်ဆံရေးကောင်းနေသော မြန်မာအုပ်ချုပ်ရေးအဖွဲ့ဝင် အရာရှိငယ်တစ်ဦး ဖြစ်နေလေပြီ။ ဖဲင်နီသည် မောင်ရိုး၏ အမြင်တွင် အဆန်းတကြယ်ပစ္စည်းမဟုတ်တော့။ ဖဲင်နီသည် တောက်ပမှု ကင်းခဲ့လေပြီ။ သို့တိုင်အောင် မောင်ရိုးသည် ဖဲင်နီ့အပေါ်တွင် ကျေးဇူးမကန်းခဲ့။

ဖဲင်နီသည် ရွှေရောင်တို့ဖြင့် ဝင်းနေသော ပြာသာဒ်ထဲတွင် မှုန်မှိုင်းသွားကာ ထိုအရာများသည် မီးတောက်များနှယ်ဖြစ်သွားကြပြီး သူ့မျက်လုံးများသည်လည်း ကျိန်းစပ်လာကြသည်။ ဖဲင်နီသည် အရိုက်ခံရသော ကလေးငယ်တစ်ယောက်နှယ် ရှိုက်၍ငိုလိုက်ပြီး နောက် ကျုံးဘေးတွင်ရပ်ကာ စကြဝဠာဗဟိုချက်မဟု သူတစ်ခါကထင်ခဲ့သော ရွှေနန်းတော်ကြီးကို မျှော်ကြည့်လျက်ရှိပေသတည်း။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[၅]

## လက်ဖက်ရည်စားပွဲ

အလောင်းဘုရားတည်ထောင်ခဲ့သည့် ကုန်းဘောင်မင်းဆက် ပြိုကွဲသွားသော်လည်း အရာရာသည် များစွာပြောင်းလဲခြင်းမရှိသေးဟု အက်ဂါသာထင်သည်။ ပြောင်းလဲသည်ဆိုလျှင် လက်ဖက်ရည်စားပွဲတွင် သူ့အဖေအစား ပရိုသီရိုးရောက်နေခြင်း၊ ခါတိုင်းလို သူတို့လက်ဖက်ရည်စားပွဲတွင် ဖင်နီလာမည့်အစား စစ်ဗိုလ်ကတော်ဖြစ်နေသည့် ဆီလာရောက်နေခြင်း စသည်တို့လောက်သာရှိသည်။ အက်ဂါသာက ခေတ်ကြီးပြောင်းပြန်ဖြစ်သွားသည်ဟု မထင်သော်လည်း ပရိုသီရိုးကမူ အစစအရာရာသည် ပြောင်းလဲသွားပြီဟုထင်သည်။ စိတ်ပျက်စရာကောင်းသော်လည်း ရှေးတုန်းကနေရသည့်ခေတ်ကို သူသတိရနေသည်။

လူမျိုးစုအသီးသီးမှ ခရစ်ယာန်ဘာသာဝင်များ မွေးထုတ်ရခြင်း၊ မှူးကြီးမတ်ရာများ ဆင်စီး၍ ထွက်လာခြင်း၊ အော်ဟစ်ငေါက်ငမ်းနေသော ရှေ့တော်ပြေးများ စသည့် ကုလားမြို့တွင် မြင်ရသည့်အရာများကို သူသတိရသည်။ အထိတ်ထိတ်အလန့်လန့်နေရပုံ၊ ဆူပူမှုများဖြစ်ပွားပုံ၊ ရွှေနန်းတော်အရာထမ်း၊ အမှုထမ်းတို့ မောက်မာဝင့်ကြွားကြပုံ၊ နတ်သမီးပုံပြင်ထဲကလို ရွှေနန်းတော်ကြီးထဲတွင် စည်းစိမ်ချမ်းသာတို့ အလျှံအပယ်ဖြစ်ပုံတို့ကို သူပို၍ သတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုခေတ်ပြောင်း၍ အစစအရာရာ တောက်ပတင့်တယ်ကာ စနစ်တကျ ရှိလာသော်လည်း ထိုအရာများကို သူမကြိုက်။ ပျင်းစရာကောင်းသည်ဟု ထင်သည်။ မန္တလေးရွှေမြို့တော်ကြီးတွင် အသည်းထိတ်စရာ စွန့်စားခန်းဟုဆို၍လည်း ဘာမျှမရှိတော့။ ထူးခြားဆန်းပြားသည့် အလိုရမ္မက်များနေရာတွင် ခေတ်နှင့်အညီ ကျင့်ကြံနေထိုင်ဖို့ သင်ခန်းစာသစ်တွေတိုးလာသည်။ ခရစ်ယာန်သာသနာပြုတစ်ယောက်အနေဖြင့် သူ့တာဝန်မှာ ထိုခရစ်ယာန်တရားများကို ဟောကြားရန်ဖြစ်သည်။

ပရိသိရိုးသည် လူတွေအကျင့်ပျက်ယွင်းသည့် အခါမျိုးတွင် ခရစ်ယာန်ကျင့်ဝတ်များအကြောင်းကို ဟောချင်ပြောချင်ကြသည်။ ထို့အတွက် သူမှားကောင်းမှားမည်။ သို့ရာတွင် စစ်ဗိုလ်ကလေးများ၊ အရပ်သားများ၊ စစ်သားများအမြင်၌ မန္တလေးမြို့ကို သိမ်းပိုက်လိုက်ခြင်းသည် ထိုမြို့ကြီးကို စိတ်ချလုံခြုံသည့်နေရာ၊ မွေ့လျော်ဖွယ်ကောင်းသည့် နေရာတစ်နေရာဖြစ်အောင်လုပ်ခြင်းဟု ထင်ကြမည်မှာ ဓမ္မတာ။

သို့ရာတွင် ထိုသို့လုပ်လိုက်သည့်အတွက်မူ တောက်ပပြိုးပြက်သော၊ ဆန်းကြယ်သော၊ စိတ်ညစ်ဖွယ်ကောင်းသော၊ စည်းကမ်းမဲ့သော မြို့ကြီးသည် ပျောက်ကွယ်သွားခဲ့လေပြီ။ အက်ဂါသာ့အမြင်တွင် ထိုအရာများသည် အကြောင်းမဟုတ်။ ယခင်တုန်းကအက်ဂါသာသည် သူ့ကိုယ်သူပြန်ကြည့်လျှင် မန္တလေးနောက်ခံဖြင့် ကြည့်သည်။ ယခုလည်း ထိုအတိုင်းပင်ကြည့်သဖြင့် သူ့အဖို့ မန္တလေးသည် ဘာမျှမပြောင်းလဲ။

ယခင်တုန်းကလိုပင် သူသည် အခန်းခပ်ရှည်ရှည်ထဲတွင် လက်ဖက်ရည်စားပွဲတွင် ထိုင်၍ လက်ဖက်ရည်ငှဲ့ပေးနေဆဲ။ ယခင်တုန်းကလိုပင် မြရောင်နှင့် ရွှေရောင်အတိ ခန်းဆောင်ထဲသို့ဖြာကျနေဆဲ။ ယခင်တုန်းကလိုပင် ကျေးငှက်တို့က တေးဆိုနေမြဲ။ယခင်တုန်းကလိုပင် ဧည့်သည်တွေလာစမြဲ။ ထိုဧည့်သည်များသည် သူတို့ကိုသူတို့ လူကြီးလူကောင်းများဟုထင်ကာ ပရိသိရိုးဘေးတွင် ဝိုင်းထိုင်၍ စကားပြောနေကြစမြဲ။ တစ်ခါတစ်ရံတွင်မူ လောကွတ်စကားတွေကြောင့် အက်ဂါသာစိတ်ပျက်သည်။

"ကျွန်တော်ပြောနေတဲ့စကားတွေကို နားထောင်ရတာ မစ္စစ်ပရိသိရိုးတစ်ယောက် ပျင်းများနေသလားမသိဘူးနော်"

ဆိုသည့်စကားမျိုး။

"ဒါနဲ့ပတ်သက်လို့ မစ္စစ်ပရိသိရိုးက ဘယ်လိုများ ယူဆပါသလဲ။ မိန်းမဆိုတာ ပကတိဉာဏ်ကောင်းတယ်မဟုတ်လား"

ဆိုသည့် စကားမျိုး။

ထိုစကားမျိုးတွေကို ကြားရတတ်သည်။ သူတို့က ဖိတ်ခြင်းမပြုလျှင် အက်ဂါသာသည် သူတို့ကို လက်ဖက်ရည်ပွဲပြင်ပေးပြီးနောက် သူ့နေရာတွင်ထိုင်ကာ အပ်ချုပ်ရင်း သူတို့စကားများကို နားထောင်နေရသည်။ အက်ဂါသာသည် သူ့ထင်မြင်ချက်ကိုလည်း ထုတ်ဖော်ပြောဆိုခြင်းမပြု။ သူ့ထင်မြင်ချက်များသည် ပရိသိရိုး၏ထင်မြင်ချက်များနှင့် ကွဲလွဲနေတတ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ထိုအကြောင်းကို လူသိမခံချင်။ ပရိသီရိုးကလည်း ဉာဏ်မမီဟု မထင်စေချင်။ ထို့ကြောင့်ပင်လျှင် သူ့ထင်မြင်ချက်ကိုမေးလာလျှင် ပရိသီရိုး၏ထင်မြင်ချက်နှင့် တစ်ထပ်တည်းဖြစ်အောင် ကြိုးစား၍ ဖြေတတ်သည်ချည်း။ သို့ရာတွင် စိတ်ထဲတွင်မူ ဤသို့ဖြစ်နေသည်ကို ဘဝင်မကျနိုင်။

အက်ဂါသာသည် သူနားလည်သလောက် ရိုးဖြောင့်အောင်ကြိုးစားရင်း သူသည် ပရိသီရိုးအတွက် ရှေ့သွားနောက်လိုက်ညီသည့် မယားတစ်ယောက်ဟု သူ့ယောက်ျားထင်စေချင်သည်။ သူသည် သူ့ယောက်ျားကဲ့သို့ ဝိညာဉ်အရ မြင့်မြတ်သူတစ်ယောက်ဖြစ်သည်ဟု အထင်ခံချင်သည်။ ရှေးခေတ်တုန်းကမူ သူ့အဖေနှင့် ထိုင်၍ စကားပြောသူများမှာ အေးစက်စက်နေတတ်သည်။ သံကိုယ်စားလှယ်ရှောနှင့် လူငယ်အရာရှိလေးဖယ်ယာတို့ ဖြစ်သည်။

ယခုမူ ပရိသီရိုးထံထင်မြင်ချက်ကို လာရောက်နားထောင်သူ၊ သူတို့၏ ထင်မြင်ချက်ကို လာရောက်ပြောကြားသူမှာ အုပ်ချုပ်ရေးဘက်ဆိုင်ရာ အရာရှိငယ်နှစ်ယောက်ဖြစ်သည်။

တစ်ခါတ▯စ်ရံတွင် ဆန်ဒရေနိုကိုယ်တိုင်ပင် လာရောက်တတ်သေးသည်။ ဆန်ဒရေနိုသည် ဗြိတိသျှတို့ကို စိတ်အားထက်သန်စွာ ထောက်ခံသူတစ်ဦးဖြစ်နေသည်။ ရှေးခေတ်တုန်းကလိုပင် အက်ဂါသာသည် အုပ်ချုပ်ရေးကိစ္စများ၊ နိုင်ငံရေးကိစ္စများကို ဝင်ရောက်ပြောဆိုခြင်းမပြု။ အညတရ မှဆိုးမလေးတစ်ယောက်ဖြစ်သည့် ဖဲင်နီကဲ့သို့ပင် အက်ဂါသာသည် သမိုင်းကိုဖန်တီးနေသည့် အရေးတကြီးပုဂ္ဂိုလ်များနှင့် အဝေးကြီးဝေးနေသည်။ ဖဲင်နီ့ဘဝမှာကဲ့သို့ အက်ဂါသာ၏ဘဝတွင်လည်း ဗိုလ်ချုပ်ပရင်ဒါဂတ်စ်၊ မစ္စတာဘားနဒ် စသူတို့သည် အရေးမကြီး။ ကာလပ်တွင် သို့မဟုတ် ဒင်နာပါတီများတွင်တွေ့လျှင် ပြုံး၍ နှုတ်ဆက်ရုံလောက်သာရှိသည်။

ခေတ်သည်သစ်များရောက်လာကာ ပရိသီရိုးနှင့် ရှေးဟောင်းနှောင်းဖြစ်များကို မေးမြန်းအကြံဉာဏ်တောင်းခြင်းတို့ကြောင့် ယခင်ကထက် သတင်းစုံကြားရသည်။ ထို့ထက်ဘာမျှမပို။ ဖဲင်နီမှာမူ ဘာသတင်းကိုမျှပင် မကြားရတော့။ သူ့အဖို့ မန္တလေးမြို့ကြီးတွင် ယခင်က ရွှေနန်းတော်အသိုင်းအဝိုင်းများတွင် နေခဲ့ရပြီး ယခုမူ ကုန်သည်များ၏အသိုင်းအဝိုင်းတွင် နေရခြင်းသာလျှင် ကွာခြားသည်။ ထိုမှလွဲလျှင် ဘာမျှပြောင်းလဲခြင်းမရှိ။

တစ်ခါက မန္တလေးမြို့ကြီး၏ မင်းစိုးရာဇာအထက်တန်းလွှာများဖြစ်ခဲ့သည့် စုဖုရားလတ်၏အသိုင်းအဝိုင်း၊ စုဖုရားလတ်၏ နောက်တော်ပါများသည် ယခုအချိန်တွင် အထည်ကြီးပျက်များ ဖြစ်နေလေပြီ။ ဂျူလီနှင့် သူ့အဖေတို့မှာမူ ယခင်ကဲ့သို့ပင် ရက်ကန်းအလုပ်ကို ဆက်လက်လုပ်ကိုင်လျက်ရှိကာ အိမ်တွင် တပည့်များကိုခေါ်၍ ရက်ကန်းကျောင်းတစ်ခုကို ထောင်ထားပြီး ထွက်သည့်ပိုးထည်များကို စစ်ဗိုလ်ကတော်များကို ရောင်းခြင်းဖြင့် စီးပွားဖြစ်နေကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူတို့သားအဖသည် ရွှေနန်းတော်ကြီး၏ အချစ်တော်များ မဟုတ်ကြတော့ဘဲ ကုန်သည်များဖြစ်နေကြလေပြီ။ တစ်ခါက ဥရောပတိုက်သူ နန်းတွင်းအပျိုတော်အဖြစ် တန်ခိုးထွားခဲ့သည့် ဖဲင်နီမှာမူ မထင်မရှား အညတရဖြစ်နေလေပြီ။ အက်ဂါလာမှာမူ ခရစ်ယာန်သင်းအုပ်ဆရာတစ်ယောက်၏ ဇနီးတစ်ယောက်အဖြစ် တင့်တောင့်တင့်တယ် နေနိုင်သည့်တိုင် အထက်တန်းလွှာအသိုင်းအဝိုင်းထဲတွင်မူ ဝင်ဆံ့ခြင်းမရှိတော့။ ယခုတစ်လောတွင် အရေးတကြီး ပြောဆိုနေကြသော အကြောင်းအရာများမှာ သိမ်းပိုက်ပြီးသော အင်းဝရွှေနန်းတော်ကို မည်သို့သဘောထားရမည်နည်းဆိုသည့် ပြဿနာဖြစ်သည်။

တစ်နည်းပြောရလျှင် အင်းဝရွှေနန်းအဖြစ် ဆက်လက်ထားမည်လော၊ သို့မဟုတ် ဗြိတိသျှမြန်မာနိုင်ငံအဖြစ် ထားမည်လောဆိုသည့် ပြဿနာဖြစ်သည်။ အတိုချုပ်ပြောရလျှင် အကာအကွယ်ခံဘုရင်စနစ်ဖြင့် ထားမည်လော။ ကိုလိုနီအဖြစ် သိမ်းပိုက်မည်လောဆိုသည့် ပြဿနာဖြစ်သည်။

သူခင်ပွန်း ပရိုသီရိုးက မည်သို့ဖြစ်စေချင်သနည်းဟု မေးလာလျှင် မြန်မာပြည်ကို သိမ်းပိုက်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု အက်ဂါလာဖြေမိပေလိမ့်မည်။ သို့ရာတွင် အက်ဂါလာ ထိုအကြောင်းကို ဆက်မပြောတော့ဘဲ အခြားစကားများကို လှီးလွှဲပြောဆိုနေသည်။ အောက်မြန်မာနိုင်ငံရှိ ဗြိတိသျှဝန်ရှင်တော်မင်းကြီး ဘားနဒ်ကမူ မြန်မာနိုင်ငံကို သိမ်းပိုက်ယူခြင်း မပြုသင့်ကြောင်း၊ ပြည်တွင်းအုပ်ချုပ်ရေး မငြိမ်မသက်ဖြစ်နေချိန်တွင် ကြားဝင်စွက်ဖက်ခြင်းစသည့် ကိစ္စမျိုးကိုပင် ရှောင်သင့်ကြောင်းဖြင့် အိန္ဒိယအစိုးရထံ အစီရင်ခံခဲ့သည်။

သီပေါမင်းသည် မဟာမိတ်ကောင်းတစ်ယောက်မဟုတ်သည့်တိုင် အင်္ဂလိပ်မဟာမိတ်တစ်ဦးပင်ဖြစ်ကြောင်း၊ ခမည်းတော် မင်းတုန်းမင်းကြီးလက်ထက် အင်္ဂလိပ်နှင့် ချုပ်ဆိုခဲ့သည့် စာချုပ်ကိုလည်း ဖောက်ဖျက်ခြင်းမရှိကြောင်း၊ သီပေါသည် ဆွေတော်မျိုးတော်တို့ကိစ္စတွင် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ခဲ့၍ ထိုအချက်များကြောင့် ဗြိတိသျှနှင့် ကုန်သွယ်ရေးကို ထိခိုက်စေခဲ့သည့်တိုင် ထိုအချက်များသည် မိမိအနေနှင့် ပြည်တွင်းရေးတွင် လက်နက်နှင့် ဝင်ရောက်စွက်ဖက်ရန် လုံလောက်သော အကြောင်းများ မဟုတ်ကြောင်းဖြင့် အကြောင်းပြကာ ဝန်ရှင်တော်မင်းကြီးဘားနဒ်သည် အိန္ဒိယအစိုးရ၏ ဆောင်ရွက်ချက်များကို ကန့်ကွက်လျက်ရှိ၏။

အမှန်အားဖြင့် ယခုဆိုက်နေသော အကျပ်အတည်းမှာ အခြားကြောင့်မဟုတ်။ ပြင်သစ်က အထက်မြန်မာပြည်ကို မိမိ၏ အကာအကွယ်စံနယ်တစ်နယ်အဖြစ်သို့ သွတ်သွင်းရန် ပြင်ဆင်နေသောကြောင့်သာဖြစ်သည်။ ပရိုသီရိုးကမူ ဗြိတိသျှတို့၏ ရည်ရွယ်ချက်သည် အတူတူပင်ဖြစ်ကြောင်း၊ ပြင်သစ်သည် အင်ဒိုချိုင်းနားကျွန်းနားကို ခြေကုပ်ယူထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာပြည်ကိစ္စနှင့် ပတ်သက်လာလျှင် ပြင်သစ်နှင့် ဗြိတိသျှတို့၏ရည်ရွယ်ချက်သည် အတူတူသာဖြစ်ကြောင်း၊ ထိုအတိုင်းဖြစ်နေသည့်အလျောက်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်သည် မိမိသိမ်းပိုက်ထားရာ နယ်စပ်တစ်လျှောက်တွင် မည်သည့် ဥရောပတိုင်းပြည်၏ လာရောက်လွှမ်းမိုးခွင့်ကိုမှ ခွင့်ပြုနိုင်မည်မဟုတ်ကြောင်းဖြင့် ပြောင်ပြောင်ပင်ပြော၏။

"ဒီတော့ ရှင်းရှင်းပဲပြောမယ်ဗျာ။ ကိုလိုနီထူထောင်ဖို့ သိမ်းပိုက်ရတယ်ဆိုတဲ့ ရည်ရွယ်ချက်ဟာ မှန်တယ်ဆိုလို့ရှိရင် အခြားဘယ်တိုင်းပြည်ကလာပြီး သိမ်းပိုက်တာကိုမှ ကျွန်တော်တို့ ခွင့်မပြုနိုင်ဘူး။ ကျွန်တော်တို့ကပဲ သိမ်းရမှာပဲ။ ဒီလိုခွင့်ပြုလိုက်တာဟာ ကျွန်တော်တို့ မိုက်မဲရာလည်းကျတယ်။ မြန်မာနိုင်ငံရဲ့အခြေအနေကို ဆိုးရွားသွားအောင် လုပ်ရာလည်းကျတယ်"

ထိုအခါကျမှ အက်ဂါသာသည် မိမိထင်သည်ထက် ပြင်းထန်နေသော ပရိုသီရီးစကားများကြောင့် စိတ်သက်သာရာရသွားသည်။ ဟုတ်သည်။ ကမ္ဘာတွင် အင်္ဂလိပ်လူမျိုးတို့သာလျှင် အခြားအခြားသောလူမျိုးများထက် အခွင့်အရေးကို ပိုမိုခံစားပိုင်ခွင့်ရှိသည်။ ဤသည်ကို အားလုံးသိပြီးသားဖြစ်သည်။ ပရိုသီရီးက စိတ်သက်သာရာ ရသွားဟန်ရှိသည့် အက်ဂါသာကိုလှမ်းကြည့်လိုက်ပြီး ဆက်ပြောပြ၏။

"ကျွန်တော်တို့ ဝန်ရှင်တော်မင်းကြီးဘားနဒ်ရဲ့အမြင်တွေဟာ ရှေးခတ်လစ်ဘရယ်အမြင်ရှိတဲ့ လော့ဒ်ရီပွန်ရဲ့အမြင်မျိုးတွေ ဖြစ်နေတယ်ဗျ။ ကိုလိုနီတွေမှာ ကိုယ်ပိုင်အစိုးရတည်ထောင်ပေးရမယ်လို့ ယူဆနေကြတယ်။ ဒါကြောင့်မို့ အိန္ဒိယပြည်မှာ ရီပွန်ဘုရင်ခံချုပ်ဖြစ်ခဲ့တုန်းက ဘားနဒ်ကို သူ့လူယုံတော်အဖြစ် ထားခဲ့တာပေါ့။ သူက အအုပ်စိုးခံတိုင်းပြည်ကလူတွေဘက်က သိပ်ကြည့်လွန်းနေတယ်။ ဒါကြောင့်မို့လည်း ကြာကြာမခံဘဲ လော့ဒ်ရီပွန်ပြုတ်သွားခဲ့တာပဲ။ သူ့ကို အင်္ဂလိပ်တွေက မုန်းတီးကြသလောက် အိန္ဒိယတိုင်းသူပြည်သားတွေက ကြည်ညိုလေးစားခဲ့တယ်။ ကျွန်တော်တို့ ဝန်ရှင်တော်မင်းကြီး ဘားနဒ်ကလည်း လော့ဒ်ရီပွန်နဲ့ ဘာထူးသေးလို့လဲ။ အတူတူပါပဲ"

အတွင်းဝန်ချုပ်က . . .

"ဟုတ်တယ် . . .။ ဒါပေမဲ့ ဘားနဒ်ဟာ စိတ်ကူးယဉ်တဲ့လူတစ်ယောက်ဖြစ်သလို အင်မတန် စိတ်ဓာတ်ကြံ့ခိုင်တဲ့လူတစ်ယောက်လည်းဖြစ်တယ်။ အပေါ်ယံဟန်ဆောင်တာတွေ၊ ဟန်ရေးပြတာတွေမျိုးကို မုန်းတယ်။ ပြီးတော့ ကိုယ့်ရာထူးဂုဏ်ရှိန်ကိုမထောက်ဘဲ လမ်းတကာမှာလျှောက်သွားချင် သွားနေတတ်တဲ့လူမျိုး။ တစ်ဖက်သားကိုဖိနှိပ်ဖို့ ဥပဒေကြမ်းတို့ ဘာတို့လည်း ဘယ်တော့မှလက်မှတ်ထိုးမယ့် လူစားမဟုတ်ဘူး"

ဤတွင် စိတ်ဓာတ်ပြင်းထန်သည့် ဗိုလ်မှူးတစ်ယောက်က . . .

"တော်ပြီခင်ဗျာ။ ကိုယ့်လက်အောက်ခံ တိုင်းသူပြည်သားတွေဟာ သူတို့ဘာသာအုပ်ချုပ်ပိုင်ခွင့်ရှိတယ်၊ ဘာဖြစ်တယ်ဆိုတဲ့ စကားတွေကိုကြားရတာ နားခါးလှတယ်။ သူတို့ဟာ ကလေးလောက်ပဲ ရှိကြသေးတာပဲ။ ဒီတော့ သူတို့ကို ဒီအတိုင်းပစ်ထားခဲ့လို့ ဘယ်ရမလဲ။ ကျွန်တော်တို့ကအုပ်ချုပ်မှ ဖြစ်မှာပေါ့။ နည်းနည်းဆူဆူပူပူလုပ်ရင်လည်း ခပ်စပ်စပ်လေး ဆုံးမပေးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးသည် ရှေ့ဆက်၍ ညစ်ညစ်ပတ်ပတ်ပြောတော့မည်လုပ်ပြီးမှ အက်ဂါသာ ရှိနေသည်ကို သတိရသွားသဖြင့် စကားကိုမဆက်တော့ဘဲ ဝီစကီနှင့်ဆိုဒါကို ရောချ၍ သောက်နေသည်။ ခပ်ငယ်ငယ် အတွင်းဝန်ကလေးတစ်ဦးက . . .

"အခြေအနေကတော့ တော်တော်ရှုပ်ထွေးနေတယ်ခင်ဗျ။ ကျွန်တော်တို့မှာ စစ်တပ်ကိုကွပ်ကဲဖို့ ဗိုလ်ချုပ်ပရင်ဒါကတ်စ်ပါလာတယ်။ အုပ်ချုပ်ရေးဘက်ကို ကိုင်ဖို့ ကာနယ်စလေဒင် ပါလာတယ်။ ဒီကြားထဲမှာ ဝန်ရှင်တော်မင်းကြီး ဘားနဒ်ရယ်၊ အိန္ဒိယ အစိုးရရယ်၊ နိုင်ငံခြားရေးဝန်ကြီးတို့က မြန်မာပြည်ကို ဘယ်လိုသဘောထားမလဲဆိုတာနဲ့ ပတ်သက်လို့ ဆွေးနွေးလို့ မပြီးပြတ်သေးကြသေးဘဲ ဖြစ်နေတယ်"

"ဒါပေမဲ့ အထက်ပိုင်း ဘာမှရေရေရာရာမရှိသေးဘဲနဲ့ ကျွန်တော်တို့ အောက်ကလူတွေက ဥပဒေတွေဘာတွေနဲ့ သူတို့မြန်မာမင်းတွေလုပ်ခဲ့တဲ့ အစဉ်အလာအတိုင်း လုပ်နေရတယ်။ ခုဆိုရင် မြန်မာလွှတ်တော်က ရှိမြဲရှိနေပြီး ဘုရင်နေရာမှာ ကာနယ်စလေဒင် ဝင်ပြီး ကြီးကြပ်နေရတယ်။ နယ်တွေဆီမှာဆိုရင်လည်း ကျွန်တော်တို့ရဲ့ အုပ်ချုပ်ရေးအရာရှိတွေက မြို့ဝန်နဲ့အတူ အုပ်ချုပ်နေရတယ်"

"ခုအတိုင်းကတော့ အလုပ်ဖြစ်နေပါသေးရဲ့။ ဒါပေမဲ့ ဒီအတိုင်း ရေရှည်သွားလို့ ဘယ်ဖြစ်မလဲ။ ဒီတော့ ဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်ရောက်လာရင်တော့ သူနဲ့အတွင်းဝန်တို့က တစ်ခုခု အဆုံးအဖြတ်ပေးမယ်ထင်တာပဲ။ ညောင်ရမ်းမင်းသားက မကွယ်လွန်ခဲ့ဘူးဆိုရင်လည်း ပြဿနာကရှင်းပါတယ်။ ခုတော့ . . ."

သို့ဖြင့် လော့ဒ်ဒပ်ဖရင်ရောက်လာလျှင် အင်းဝရွှေနန်းအတွက် အုပ်ချုပ်ရေးစနစ်သစ်တစ်ခု ပါလာလိမ့်မည်။ ဖဲင်နီတို့ အက်ဂါသာတို့နှင့် စစ်ဗိုလ်ကလေးများကလည်း သူတို့အတွက် ဝတ်စုံသစ်တွေ ပါလာလိမ့်မည်။ လွှတ်တော်ဝန်ကြီးများနှင့် ကတော်မယားများအတွက်လည်း အဝတ်အစားလက်ဆောင်တွေ ပါလာလိမ့်မည်ဟု မျှော်လင့်နေကြသည်။ သူနှင့်အတူ ချစ်စရာကောင်းသော လေဒီဒပ်ဖရင်ပါလာလျှင် ရွှေနန်းတော်ကြီးထဲတွင် ပျော်ပွဲရွှင်ပွဲတွေ တခြိမ့်ခြိမ့်ဖြင့် ရှိလိမ့်မည်။ ထိုအချိန်တွင် ဆီလာသည်လည်း ပွဲလယ်တင့်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

"ကိုယ့်တစ်ကိုယ်လုံးတော့ ပန်းရောင်တောက်နေမှာပဲ"

ဆီလာက ပြောသည်။ ထိုအချိန်၌ စကားကောင်းနေကြသော ယောက်ျားပိုင်းမှာ လူစုကွဲကာ နှုတ်ဆက်၍ ပြန်သူပြန်ကုန်ကြလေပြီ။ အက်ဂါသာမှာ ပန်းရောင်ကို လိုချင်သော်လည်း မရသဖြင့် စိတ်တိုနေသည်။

"ကိုယ့်ဝတ်စုံက အပြာကြီး။ အမှန်က အဝတ်အစားဝတ်ရင် အရောင်ကို မျက်လုံးအရောင်နှင့် ဆင်တူရွေးသင့်တယ်။ မျက်လုံးက ပြာတယ်ဆိုရင် ဝတ်စုံကလည်း အပြာရောင်ပေါ့ကွယ်။ အညိုဝတ်စုံကတော့ နည်းနည်းရင့်လွန်းတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အခြားသူတွေ ပြန်သွားကြသည့်တိုင် ဝရန်တာပေါ်တွင် ဆန်ဒရေးနီမှာ မပြန်နိုင်သေးဘဲ ပရိုသီရိုးနှင့် စကားကောင်းနေဆဲ။ စောစောက ဟန်ဆောင်နေရသော မျက်နှာပေါ်တွင် အီတလီလူမျိုးတို့၏ ရောင်ပြုံးလာလေပြီ။

"မြန်မာပြည်ကို ဗြိတိသျှတွေရောက်လာတဲ့အတွက် ဝမ်းတော့သာတယ်ဗျာ။ ခင်ဗျားလည်း ဒီအခွင့်ကောင်းကိုယူပြီး ကြီးပွားအောင်ကြိုးစားပေါ့။ ဒါပေမဲ့ ဒီအဖြစ်အပျက်ကြီးဟာ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက် ဝင်နှောက်လို့ဖြစ်ရတယ်ဆိုတာတော့ တော်တော်ရယ်စရာကောင်းတယ်"

ပရိုသီရိုးသည် သူ့ကိုလှမ်းကြည့်လိုက်၏။ သူ့နှာခေါင်းတွင် အရက်ခိုးတွေ ပြန်လာသည်ဟု သူ့စိတ်ထဲတွင် ထင်လိုက်သည်။ အမှန်အားဖြင့်မူ အရက်ကြောင့် သူ ဖဲင်နီအား ကတိပေးခဲ့သည်ကို နှုတ်မှထွက်သွားခြင်းဖြစ်သည်။ ဖဲင်နီလို မိန်းကလေးတစ်ယောက်ကို ကတိပေးခဲ့ရလျှင်ကော ဘာအရေးနည်း။ ဆန်ဒရေးနီသည် ပရိုသီရိုးကို တစ်ချက်လှမ်းကြည့်လိုက်၏။ နှုတ်ခမ်းမွေးများသည် ဘေးသို့ထောင်တက်သွားကြကာ အပြုံးသည် ထင်းခနဲပေါ်လာသည်။

"ခုလိုဖြစ်ရတဲ့ကိစ္စဟာ ဘုံဘေဘားမားသစ်ကိစ္စကြောင့် ဖြစ်ရတယ်လို့ ခင်ဗျားထင်သလား"

"ဟင့်အင်း . . . မထင်ပါဘူး။ ပြင်သစ်နဲ့ချုပ်ထားတဲ့ စာချုပ်ကို တစ်ယောက်ယောက် ကခိုးကူးပြီး ဆိုင်ရာကိုပို့လိုက်လို့ ဒီလိုဖြစ်ရတာလို့ ထင်တာပဲ။ အဲဒီပို့တဲ့သူကတော့ ခင်ဗျားလို့ပဲ ပြောကြတာ ဆန်ဒရေးနီ"

"ဟုတ်ပါတယ် . . . ။ တစ်နည်းအားဖြင့်တော့ ကျွန်တော့်လက်ချက်လို့ ယူဆနိုင်ပါတယ်။ ဒါပေမဲ့ ဒီစာချုပ်ရှိတယ်ဆိုတာကို သိတဲ့သူ၊ ဒီစာချုပ်ကို ကူးပေးတဲ့သူကိုကော ဘယ်သူလို့ထင်သလဲ"

" မပြောတတ်ဘူးလေ"

"ဖဲင်နီရယ် ခင်ဗျ"

"ဟင် . . . ဟုတ်လား။ ဒီလိုဆိုရင် မနာလိုတာရယ်၊ လက်စားချေချင်တာရယ်ကြောင့် လုပ်တာပေါ့"

ဆန်ဒရေးနီက မျက်တောင်ကို ခတ်နေသည်။

"နေစမ်းပါဦးဗျ။ ဘယ်သူက ဘာဖြစ်လို့"

"ဖဲင်နီဆိုတဲ့ ကောင်မလေး။ ခုတော့ ကောင်မလေး မဟုတ်တော့ပါဘူးလေ၊ တော်တော်အရေးကြီးတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်နေပြီဆိုပါတော့၊ ဖဲင်နီဟာ ပြင်သစ်အင်ဂျီနီယာ ဗွန်ဗိုင်ဆင်နဲ့ဖြစ်တယ်ဗျ။ ဗွန်ဗိုင်ဆင်က မိုးကုတ်မှာ ကျောက်တူးခွင့်လိုင်စင်ရပြီးတော့ ပါရီကို ခဏပြန်သွားတယ်။ ပြန်လာတော့ မယားတစ်ယောက်ယူလာခဲ့တယ်။ သူ့မိန်းကလေးက ခပ်ငယ်ငယ်။ ကျောင်းသူသာသာ ကောင်မလေးရယ်။ ဒီတင် . . . "



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဒရေနီက အနည်းငယ်ညစ်ပတ်နေသည့် သူ့လက်ဖြင့် ရွှေနန်းတော်ကြီးဆီသို့ လက်ကို ဝှေ့ယမ်းပြသည်။ ပရိုသီရိုး၏ ဇဝေဇဝါဖြစ်နေသည့်မျက်နှာကို မြင်သည့်ခါတွင် ရယ်သည်။

"ကင်းဝန်မင်းကြီးဆီမှာ စာရေးလိုက်နေတဲ့ ကောင်လေးတစ်ယောက်က သူ့ကို ကြိုက်နေတယ်။ ဒါနဲ့ အဲဒီစာချုပ်မိတ္တူကို စာရေးလေးကို အကူခိုင်းပြီး ကျွန်တော့်ဆီကိုယူလာတယ်။ ရလဒ်အဖြစ် မြန်မာပြည်ထဲက ပြင်သစ်တွေထွက်ပြေးရပြီး အင်္ဂလိပ်တွေဝင်လာတယ်။ ပွန်ဗွိုင်ဆင်ခမျာလည်း ချွတ်ခြုံကျဘဝကို ရောက်သွားရတယ်"

ပရိုသီရိုး စကားမပြောနိုင်။ ဖဲင်နီသည် ထိုမျှအရေးကြီးသော ကိစ္စများတွင် ပါဝင်နေသည်ဆိုခြင်းမှာ တကယ်လော။

"ဘာလဲ . . . ဒါမျိုးကို ဖဲင်နီလုပ်မှာမဟုတ်ဘူးလို့ ခင်ဗျားထင်နေသလား။ ဒီမှာ ပရိုသီရိုး . . . သူ့ကိုယ်ထဲမှာ အင်္ဂလိပ်သွေးတွေ ရှိနေတယ်ဗျ။ အဲဒီအင်္ဂလိပ်သွေးကခိုင်းတော့ သူလုပ်ရတော့တာပေါ့"

"မနာလိုလို့ လက်စားချေချင်လို့တော့ ဟုတ်ဟန်မတူပါဘူးခင်ဗျာ။ ဒါမျိုးတွေကြောင့်တော့ . . ."

ပရိုသီရိုးက ပြောသည်။

"ဘာလဲ . . . ဒါကြောင့်မဟုတ်ရင် သူ့ကိုယ်ထဲမှာရှိနေတဲ့ လက်တင်သွေးကြောင့်လို့ ပြောချင်သလား။ ဒီလိုဆိုရင်တော့ ခင်ဗျားမှားလိမ့်မယ်။ ကျွန်တော်တို့ လက်တင်သွေးပါတဲ့လူမျိုးတွေဟာ အချစ်ကို ဒီလောက်တန်ဖိုးထားနေကြတာမဟုတ်ဘူး။ မှန်ပါတယ်။ ကျွန်တော်တို့ဟာ ခင်ဗျားတို့တစ်တွေထက် အချစ်ကို ခံစားကြတယ်။ ခင်ဗျားတို့က အချစ်ကြောင့် တရားရုံးတက်နေတဲ့အချိန်မှာ ကျွန်တော်တို့က အချစ်ကြောင့် ကိုယ့်ကိုယ်ကိုယ်သတ်သေကောင်းသေမယ်။ သူများကိုလည်း သတ်ကောင်းသတ်မယ်။ ဒါပေမဲ့ အချစ်ကြောင့်တော့ အရေးကြီးတဲ့လုပ်ငန်းကြီးတစ်ခုကို အပျက်အစီးမခံဘူးဗျ။ အရေးကြီးတဲ့လက်တွေက ကိစ္စကြီးကို အဆုံးအရှုံးမခံဘူး။

ခင်ဗျားတို့ဟာ တော်တော် စိတ်ကူးယဉ်တဲ့လူတွေ။ ကျွန်တော်တို့ကတော့ စိတ်ကူးယဉ်မနေဘူး။ ခင်ဗျားတို့ကအချစ်ကို တန်ဆာဆင်နေကြတယ်။ သိပ်အရေးတကြီးထားနေကြတယ်။ ကိုယ့်အချစ်ရေးမှာ ကိုယ်ထင်ထားတဲ့အတိုင်း ဖြစ်မလာတဲ့အခါကျတော့ ဒီထက်အရေးကြီးတဲ့ ကိစ္စတွေအားလုံးကိုပါ ပျက်စီးအောင် လုပ်ပစ်လိုက်ကြတယ်။ ဘဝကိုတောင် အပျက်ခံကြတယ်။

ကျွန်တော့်အလိုတော့ အချစ်ဆိုတာ ကိုယ်ရေးကိုယ်တာကိစ္စ။ လူတစ်ယောက်ရဲ့ကိစ္စသတ်သတ်ပဲ။ ဟုတ်တယ်။ အချစ်တစ်ခုဟာ အသက်တစ်ခု ဘဝတစ်ခုလောက် အဖိုးတန်တယ်။ ကျွန်တော်တို့က ဘဝတို့၊ အသက်တို့ဆိုတာတွေကို ခင်ဗျားတို့လောက် တန်ဖိုးထားတဲ့လူတွေမဟုတ်ဘဲကိုး။ ဒါပေမဲ့ ကျွန်တော်တို့က ဘယ်တော့မှ စိတ်ကူးမယဉ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဒရေနီသည် စကားပြောခြင်းကိုရပ်၍ ပရိုသီရိုးကို တစ်ချက်လှည့်ကြည့်လိုက်၏။

"အေးလေ . . . ကျွန်တော်ပြောတာတွေကို ခင်ဗျားဝမ်းထဲမှာ ထားလိုက်ပါ။ ခင်ဗျားဇနီးကိုတောင် ပြန်မပြောပါနဲ့"

"မပြောပါဘူးဗျာ"

ပရိုသီရိုးက ခပ်တိုတိုဖြေ၏။ ဆန်ဒရေနီ ပြန်သွားသည့်အခါတွင် ပရိုသီရိုးသည် လှေကားထစ်ပေါ်တွင် ရပ်လျက် ကျန်ရစ်၏။ အက်ဂါသာနှင့် ဆီလာမှာ ဦးထုပ်ဆောင်း၊ လက်အိတ်စွပ်ကာ ဂျူလီဆီသို့သွား၍ အထည်ဆန်းများကိုကြည့်ရန် ထွက်လာကြလေပြီ။ ထွက်လာရင်း သူတို့အထည်သွားကြည့်မည်ဖြစ်ကြောင်း လှမ်းပြောသည်။

"ကလေးတွေကိုလည်း ကြည့်ထားလိုက်ဦးနော်။ စက်ချုပ်ဆိုင်ကလာရင် အထည်စတွေကို မနက်ဖြန်မှပေးမယ်လို့ ပြောလိုက်ပါ။ ဩော် . . . မေ့နေလိုက်တာ၊ ဖဲင်နီကတောင် စက်ချုပ်ဆရာလာရင် သူ့ကိုပြောဦးလို့ မှာထားသေးတယ်။ သူတို့ သီလရှင်ကျောင်းနားမှာ စက်ချုပ်ဆရာမရှိလို့တဲ့။ သူလည်း တစ်ထည်ချုပ်ချင်တယ်တဲ့။ စက်ချုပ်သမားကိုပြောလိုက်ပါ။ နှစ်စုံချုပ်မယ်လို့"

"ဖဲင်နီကတော့ ချုပ်ဦးမှာတဲ့လား"

"ချုပ်မှာပေါ့။ ဘုရင်ခံချုပ်ရဲ့ဧည့်ခံပွဲကို သူလည်းတက်မှာလေ။ ဘုရင်ခံချုပ် ဧည့်ခံပွဲရှိတယ်လေ။ မောင်ကလည်း ဒါမျိုး အဆန်းလုပ်လို့ မေးနေဖြန်ပြီ"

"ဩော် . . . ဘုရင်ခံချုပ်ဧည့်ခံပွဲအတွက် ဖဲင်နီကလည်း ဝတ်စုံချုပ်ဦးမှာကိုး"

သစ်ပင်များကြားတွင် ပျောက်ကွယ်သွားကြသော သူတို့နှစ်ယောက်၏ စီစီညံညံ အသံများကို ပရိုသီရိုးကြားနေရသည်။

"ကိုယ်ကတော့ ဒီပုံကြီးကို မကြိုက်ပါဘူးကွာ။ ရိုးရိုးကြီး။ ဒါပေမဲ့ အဲဒီပုံရိုးရိုးတွေက ပြန်ခေတ်စားနေပြန်ပြီ။ ဒီတော့ ကိုယ်ကလည်း ဒီဟာပဲပြန်ဝတ်ရဦးမှာပေါ့။ ခု ဖဲင်နီကလည်း ကိုယ့်စက်ချုပ်ဆရာနဲ့ ချုပ်ချင်လို့တဲ့"

"ဟုတ်လား"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[၆]

## ဖဲင်နီနှင့် ပရိသီရိ၊ အက်ဂါသာနှင့် ပရိသီရိ ပရိသီရိနှင့် ပရိသီရိ

ဘုရင်ခံချုပ်၏ ညေ့ခံပွဲကြီး ပြီးသွားခဲ့လေပြီ။ တစ်ခါက စုဖုရားလတ်နှင့်လိပ်ပြာမယ် အပျိုတော်များ သွားလာလှုပ်ရှားခဲ့သည့် နေရာများတွင် အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် ဖဲင်နီသည် ထိုမှဤမှ သွားလာကူးလူးနေသည်။ ပန်းနုရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် ဆီလာသည်လည်း ညေ့ခံပွဲတွင် လူးလာခပ်ကာ အမျိုးသမီးများကို လေဒီဒပ်ဖရင်နှင့် မိတ်ဆက်ပေးနေသည်။

လေဒီဒပ်ဖရင်မှာ အများမျှော်လင့်ထားသကဲ့သို့ပင် ချစ်စရာကောင်းနေသည်ကို တွေ့ရပါ၏။ ပါရီမှန်ကြီးများ၊ ရွှေပိန်းချပရိဘောဂများ၊ အိစက်သည့် ဆိုဖာထိုင်ခုံကြီးများနှင့် တကွ မြန်မာအမျိုးသမီးတို့ကြောင့် ထိုညေ့ခံပွဲရှုခင်းသည် ကြီးကျယ်ခမ်းနားလှကြောင်းဖြင့် နောင်တွင် ဆီလာကပြောသည်။

မြန်မာအမျိုးသမီးများမှာ စိန်နားပန်၊ စိန်လက်ကောက်၊ စိန်ဆံထိုးတို့ကို ဝတ်ဆင်ထားလျက် ပြုံးရွှင်နနယ်သည့် အမျိုးသမီးများဖြစ်သဖြင့် ဥရောပသူများကဲ့သို့ပင် ကြည့်၍ ကောင်းနေကြ၏။ ဆီလာသည် အရေးကြီးသည့် မြန်မာအမျိုးသမီးများကိုသာ ဘုရင်ခံချုပ် ဇနီးမောင်နှံနှင့် မိတ်ဆက်ပေး၏။ ဘုရင်ခံချုပ်နှင့် ဇနီးတို့ကလည်း သူတို့ကို လက်ဆွဲနှုတ်ဆက်ကြသည်။ အခြားသော အမျိုးသမီးတို့မှာ လက်အုပ်ချီပြီး ရှေ့မှ ဖြတ်သန်းသွားရုံမျှသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


ဥရောပဝတ်စုံသစ်ကို ဝတ်ဆင်ထားသည့်တိုင် ဖဲင်နီမှာ ဖြတ်သွားရသည့် အမျိုးသမီးများထဲတွင်ပါ၏။ ဖဲင်နီသည် သဘောၤကပ္ပတိန်တစ်ဦး၏ မုဆိုးမတစ်ယောက်မျှ မဟုတ်လော။ နန်းတွင်းအပျိုတော်ဟောင်းတစ်ဦးမျှသာ မဟုတ်လော။ မည်သည့်အဆင့်အတန်းဖြင့်ပင်ဖြစ်စေ ဖဲင်နီသည် ဘုရင်ခံချုပ်နှင့် လက်ဆွဲနှုတ်ဆက်ခွင့်ရနိုင်စရာ အကြောင်းမရှိ။

အက်ဂါသာသည် ဖဲင်နီအတွက် စိတ်မကောင်းဖြစ်မိ၏။ သို့ရာတွင် ထိုကိစ္စများကို သူစိစဉ်သည်မဟုတ်။ သူကိုယ်တိုင်မှာလည်း ခရစ်ယာန်သင်းအုပ်ဆရာတစ်ယောက်၏ ဇနီးအဖြစ် ဤတစ်ကြိမ်သာလျှင် အထက်တန်းလွှာသို့ ဝင်ခွင့်ရခဲ့သည်မဟုတ်လော။ ဆီလာမှာမူ ဘုရင်ခံချုပ်ကတော်၏လက်ဖြင့် လက်ဖက်ရည်လှမ်းပေးခြင်းကို ခံရသည့် အခွင့်အရေးရသူဆယ်ဦးအနက် တစ်ဦးဖြစ်သည်။ အခြားသူများမှာမူ အတူတူ လက်ဖက်ရည်သောက်ခွင့်ရသူများသာဖြစ်သည်။

လက်ဖက်ရည်ပွဲပြီးလျှင် ဇာတ်ပွဲကလေသည်။ ဖဲင်နီပျောက်သွားသည်ကို မြင်သည့်အခါတွင် အက်ဂါသာသည် အံ့သြခြင်းဖြစ်မိသည်ထက် စိတ်မကောင်းခြင်းဖြစ်မိ၏။ ဩော် . . . သနားစရာကောင်းလိုက်ပါသည့် ဖဲင်နီ။ ရွှေနန်းတော်ကြီးထဲတွင် ထည်ထည်ဝါဝါနေခဲ့ရပြီးနောက် ယခုလို သိမ်သိမ်ငယ်ငယ်ဖြင့်နေရလျှင် မည်မျှ စိတ်ဆင်းရဲရှာလေမည်နည်း။

ဇာတ်ပွဲများမှာ အမျိုးသမီးများအတွက် သီးခြားစီစဉ်သည့် ပွဲဖြစ်သည့်အလျောက် ပရိုသီရိုးသည် လက်ဖက်ရည်ပွဲပြီးသည်နှင့် ပြန်လာခဲ့ရာ ဖဲင်နီနှင့် ပက်ပင်းတိုးနေသည်။

ဖဲင်နီသည် ဂါဝန်ကို တစ်ဖက်ကမကာ ခေါင်းငိုက်စိုက်ဖြင့် လျှောက်လာနေသည်။ ရှေ့ပိုင်းတွင် ပန်းဝါဝါလေးထိုးထားသည့် မြက်ဦးထုပ်ကလေးဆောင်းထားသည့်ကို ပရိုသီရိုးအမှတ်မထင် သတိပြုလိုက်မိသည်။ ပရိုသီရိုးသည် ဖြစ်နိုင်လျှင် သူ့ကို ရှောင်သွားမိပေလိမ့်မည်။ သို့ရာတွင် ဖဲင်နီက သူ့ကိုမြင်သွားလေပြီ။ သူသည် ဦးထုပ်ကိုချွတ်၍ ဖဲင်နီ့ကို နှုတ်ဆက်၏။ ဖဲင်နီကလည်း အထိုက်အလျောက်ပြန်၍ နှုတ်ဆက်ကာ ဘာမျှလုပ်စရာမရှိသည့်အလျောက် သူတို့နှစ်ယောက် ဆက်လျှောက်လာခဲ့ကြသည်။

သူတို့နှစ်ယောက်သည် မြို့အနောက်တံခါးမှ ထွက်လာခဲ့ကြသည်။ ကုလားမြို့နားသို့ ကပ်လာပြီဖြစ်သဖြင့် ဖဲင်နီက ရုတ်တရက်ရပ်လိုက်ကာ သူ့ကိုလှမ်းကြည့်သည်။ ပရိုသီရိုးကလည်း ဘာပြောရမည်မသိဘဲ အတန်ကြာစဉ်းစားနေ၏။ ထို့နောက်မှ တိုင်တားမင်းကြီးအကြောင်းကို ကြားပြီးပြီလားဟု မေးသည်။ တိုင်တားမင်းကြီးကို ဗြိတိသျှတို့က ယုံကြည်ခြင်းမရှိသဖြင့် နယ်နှင်ဒဏ်ပေးထားကြောင်း ပြောပြ၏။

"တိုင်တားမင်းကြီးကို နယ်ခြားကိုပို့မယ်ဆိုပြီး လှည်းနဲ့ခေါ်လာတော့ ဒီနားမှာအသွားအလာတွေရှုပ်နေလို့ ခဏရပ်ထားရတယ်။ ဒီနေရာဟာ မင်းဆွေတော်မျိုးတော်တွေကို သူကိုယ်တိုင် သေတွင်းပို့ခဲ့တဲ့ နေရာဖြစ်ကြောင်းသိတော့ သူ့ကို အင်္ဂလိပ်အစိုးရက



www.burmeseclassic.com

www.burmeseclassic.com


အိန္ဒိယပြည်ကို ပြည်နှင်ဒဏ်ပေးမယ်ဆိုတာ မယုံနိုင်အောင်ဖြစ်နေသတဲ့။ ဟုတ်တာပေါ့လေ။ သူကိုယ်တိုင်က ဒီလိုလုပ်လာတော့ သူ့အလှည့်ကျတော့လည်း ဒီလိုထင်မှာပေါ့"

ဖဲင်နီသည် သူ့ကို ငေးတိငေးကြောင်ဖြင့် ကြည့်နေသည်။ တိုင်တားမင်းကြီးလိုလူမျိုးကို ဆယ်ကြိမ်ဆယ်ပြန်သတ်လျှင်လည်း အကြောင်းမဟုတ်ဟု သူထင်သည်။ထင်သည့်အတိုင်း ပါးစပ်မှလည်း ထွက်သွားသည်။

"တိုင်တားမင်းကြီးလိုလူမျိုးကို သတ်ပစ်ဖို့ကောင်းကောင်းတယ်။ သူ့တုန်းက လူတွေအများကြီး သတ်လာခဲ့တာပဲ။ ဩော် . . . ဒါထက် ထိပ်စုဖုရားကော ခုဘယ်မှာတဲ့လဲဟင်"

"စုဖုရားလတ်လည်း သီပေါမင်းနဲ့ အတူတူပါသွားမှာပေါ့။ သူတို့ကို အိန္ဒိယပြည်ကို အခြွေအရံတွေနဲ့အတူ ပို့လိုက်တယ်လေ။ ဟိုမှာ ပင်စင်တို့ဘာတို့လည်း ခံစားခွင့်ရှိပါတယ်။ အားလုံးအဆင်ပြေပါတယ်"

အဆင်ပြေပါတယ်ဟု ပြောလိုက်ရုံဖြင့် သူ့ကိုယ်သူ အပြစ်တင်ချင်သလိုဖြစ်သွားသည်။ ကမ္ဘာပေါ်တွင် စိတ်ထင်တိုင်းအုပ်စိုးခဲ့သည့် နောက်ဆုံးမင်းတစ်ပါးသည် ဘန်ဂလိုကလေးတစ်ခုထဲတွင် အစိုးရကပေးသော ပင်စင်ကလေးဖြင့် ရနေသည်ကို အဆင်ပြေသည်ဟု ပြောလိုက်မိပါပကော။ ဖဲင်နီသည် ဘာမျှမပြောနိုင်တော့။ သူ့စိတ်သည် ညစ်ထေးညှိုးမှိုင်းသွားသည်ဟု ထင်လိုက်ရသည်။ သူ့ကိုယ်သူ အတွက်ကြောင့်လော။ စုဖုရားလတ်အတွက်ကြောင့်လောဆိုသည်ကိုမူ ဝေခွဲ၍မရ။ မည်သို့ဖြစ်စေ ဖဲင်နီသည် ရွှေနန်းတော်ကြီးထဲမှ စုဖုရားလတ်၏ ရုပ်သွင်ကိုသာ မြင်ယောင်နေသည်။ သူတို့နှစ်ယောက်သည် ဆက်၍ လျှောက်လာခဲ့ကြသည်။ ပရိုသီရိုးက စ၍စကားပြော၏။

"ဖဲင်နီကော ရှေ့ရေးကို ဘယ်လိုများစိတ်ကူးထားသလဲ။ ဖဲင်နီဟာ ကိုယ့်မိန်းမရဲ့ မိတ်ဆွေရောင်းရင်းကြီးမဟုတ်လား။ ဒီတော့ ကိုယ်မေးတာကို ဘယ်လို့မှမအောက်မေ့နဲ့နော်။ ရှေ့လျှောက်ဘယ်လိုများ . . . "

ပရိုသီရိုးသည် စကားမဆက်နိုင်ဘဲ တန့်နေ၏။ ဖဲင်နီသည် အသည်းကွဲနေသူတစ်ဦးဖြစ်သည်ဆိုလျှင် သူရှေ့ရေးတွေကို ဘာကြောင့် မေးနေရဦးမည်နည်း။

ဖဲင်နီက နဖူးကို တွန့်လိုက်လျက် . . .

"ဖဲင်နီလည်း စဉ်းစားနေတုန်းပဲ။ ဖဲင်နီတို့မြှုပ်နှံထားတဲ့ အရင်းအနှီးတွေကလည်း (ဒါက ဖဲင်နီခင်ပွန်းရှိတုန်းက လက်ဝတ်ကလေးတွေဆိုပါတော့။) မင်းတုန်းမင်းကြီးနတ်ရွာစံပြီးနောက်မှာ သိပ်မကျန်ရစ်ခဲ့ဘူးလေ။ ဖဲင်နီကလည်း စီးပွားရေးတို့ဘာတို့ကို သိပ်လုပ်တတ်ကိုင်တတ်တာ မဟုတ်ဘူး။ ဆိုင်ကလေးတစ်ဆိုင်ဖွင့်ချင်ရင်တော့ လုပ်ပေးမယ့်သူရှိတယ်"

"ဘာဆိုင်လဲ"

"ဘုံဘေမှာ ရေးဟောင်းပစ္စည်းဆိုင်ကလေးတစ်ဆိုင် ဆိုပါတော့။ ဖဲင်နီတို့ ဗရိုတန်မှာရှိတဲ့ ရေးဟောင်းပစ္စည်းဆိုင်မျိုးကလေးတွေ ဖြစ်မှာပေါ့။ အင်္ဂလိပ်တွေက အဟောင်းအမင်းတို့ ဘာတို့ကို ဝါသနာပါကြတယ်။ မြန်မာတွေလို မဟုတ်ဘူးလေ။ မြန်မာတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



အသစ်ကိုပဲ သဘောကျကြတယ်။ ခုဆိုရင် မြို့ထဲမှာရှေနန်းတော်ကြီးထဲကယူလာကြတဲ့ ရှေးဟောင်းပစ္စည်းကလေးတွေ အများကြီးရောက်နေတယ်။ ဖဲင်နီက မြန်မာတော်တော်များများနဲ့လည်းသိလေတော့ သူ့ဆိုင်အတွက် ပစ္စည်းကလေးတွေဘာလေးတွေ ကောက်ပေးရမလားလို့ စိတ်ကူးနေပါတယ်"

ပရိုသီရိုးသည် အရိုးခံပြောနေသည့် ဖဲင်နီကို သနားသွားသည်။ အမှန်အားဖြင့် ထိုအလုပ်သည် သူလုပ်နိုင်သောအလုပ်ဖြစ်သည်။

"ဖဲင်နီလည်း ဒီမှာဆက်မနေသင့်တော့ဘူး။ တခြားကိုပြောင်းရင် ကောင်းမယ်လို့ ဖဲင်နီ့မိတ်ဆွေက ထင်တယ်လေ။ ဘုံဘေမှာ ကမ္ဘာလှည့်ခရီးသည်တွေကလည်းများတော့ အလုပ်အကိုင်လည်း ဟန်ကျမယ်လို့ထင်တာပဲ"

"ဖဲင်နီမိတ်ဆွေက ဘယ်လိုအမျိုးသမီးလဲ။ စိတ်နေစိတ်ထားကကော ကောင်းရဲ့လား။ အဆက်အသွယ်လုပ်ပြီးပြီလား"

"အမျိုးသမီးမဟုတ်ပါဘူး၊ အမျိုးသားပါ။ သူလည်းရန်ကုန်မှာဒီလိုဆိုင်မျိုး တစ်ဆိုင်ဖွင့်ထားပြီး ဟန်ကျနေတယ်။ ဘုံဘေမှာ ဆိုင်ခွဲတစ်ခုဖွင့်ချင်နေတယ်။ အဲဒီဆိုင်ခွဲမှာ ဖဲင်နီက ကြီးကြပ်ရမှာပေါ့"

"ဩော် ... ဒီလိုလား။ ဒါဖြင့် အဲ့ဒီလူကကော ဟန်ပါ့မလား"

"ကောင်းပါတယ်။ မစ္စတာရော်လင်ဆန်က မိတ်ဆက်ပေးထားတာ။ ဖဲင်နီ့ကို တတ်နိုင်သမျှ အကူအညီပေးပါလို့လည်း ပြောထားပါတယ်"

ခွဲခွာနီးတွင် ပရိုသီရိုးက လက်ကိုကမ်းပေး၏။ ဖဲင်နီက ဆိတ်ကလေးရေလက်အိတ်စွပ်ထားသည့် လက်ကလေးကို သူ့လက်ထဲသို့ ထိုးပေးသည်။

ဖဲင်နီသည် ပရိုသီရိုးကိုမော့ကြည့်ရင်း အက်ဂါသာကို မနာလိုဖြစ်နေသည်။

"ရှင်ဟာ ကြင်နာတတ်တယ်နော်"

ဟု လိုက်လဲ့စွာပြောမိသည်။ ပရိုသီရိုး၏ရင်ထဲတွင် ဆို့သွားသည်။ ဖဲင်နီ တစ်ယောက်ကောင်းစားခင်က တစ်ညနေကို သူသွား၍ အမှတ်ရသွားသည်။ ဆန်ဒရေနီ၏စကားများကိုလည်း သွား၍ အမှတ်ရသည်။ ပရိုသီရိုးသည် ဖဲင်နီ၏ဘဝတစ်ခုလုံးကို သိနေသည်ဟု ထင်လိုက်မိ၏။

"ဖဲင်နီ"

ပရိုသီရိုးသည် ဖဲင်နီ့လက်ကို ဆုပ်ကိုင်ထားရင်းက ဆို့နစ်နေသောအသံဖြင့် ခေါ်လိုက်သည်။ ဖဲင်နီကို ချစ်သည့်စိတ်၊ သနားသည့်စိတ်တို့သည် ရင်နှင့်အပြည့် ပေါ်လာကြသည်။ ထိုစဉ်က ဖဲင်နီ၏မျက်လုံးထဲမှ အကြည့်ကို သူမြင်လိုက်ရသည်။ အံ့ဩသည့်ကြားထဲမှ ပေါ်ထွက်လာသည့်အကြည့်။ ဖဲင်နီ၏ထုံးစံအတိုင်း ပြီတီတီအကြည့်။

ပရိုသီရိုးသည် ဖဲင်နီ၏လက်ကို ခပ်သွက်သွက်လှုပ်ယမ်းလိုက်ပြီးနောက် လွှတ်လိုက်သည်။ မဖြစ်။ မကောင်း။ ပရိုသီရိုးသည် သနားစရာကောင်းသည့်ဖဲင်နီကို ပို၍ ချစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပို၍ အကြင်နာတိုးလာသည်။ ယခုကဲ့သို့ သူ့ကို ပြီတီတီအမူအရာဖြင့် တုံ့ပြန်သည့်အခါတွင် ပို၍ပင် သနားချစ်ခင်လာသည်။ ဖဲင်နီမည်သည့်နည်းနှင့်မျှ နားလည်နိုင်မည် မဟုတ်။ ဖဲင်နီကမူ သူသည် "အမဲတစ်ကောင်" ကို ဖမ်းလိုက်မိလေပြီဟု ထင်ကောင်းထင်မည်လောမဆိုနိုင်။

ညစာစားကြစဉ် အက်ဂါသာက ပြော၏။

"ဒီနေ့ညနေက ဖဲင်နီ့အတွက် စိတ်မကောင်းလိုက်တာကွယ်။ သူ့ခမျာ သီပေါမင်းနဲ့ စုဖုရားလတ်ရှိတုန်းကတော့ မှန်နန်းအပျိုတော်ကြီးပေါ့။ ခုတော့ လူရာမဝင်နိုင်ရှာတော့ဘူး။ တစ်ခါတလေကျတော့ ဒါတွေဟာ တကယ်မဟုတ်တော့ဘဲ အိပ်မက်တွေလိုပဲနော်။ ဟုတ်တယ်။ အမှန်တကယ်မဟုတ်သလိုပဲ။ အက်ဂါသာတွေ့ရဆဲဘဝမှာ တွေ့နေကြတဲ့လူတွေ မဟုတ်သလိုပဲ"

"ကိုယ်တို့က ဘုရင်နဲ့မိဖုရားကိုတော့ ကောင်းကောင်းမသိလိုက်ပေမဲ့ ဖဲင်နီကိုတော့ သိတာပေါ့"

"အင်း . . . ဟုတ်မှာပေါ့။ အနုပညာမှာလိုပေါ့။ တရုတ်နဲ့ဂျပန်တွေကို ကြည့်ပါလား။ သူတို့အနုပညာဟာ ကမ္ဘာမှာ အကောင်းဆုံးအနုပညာပဲ။ ဘယ်လိုမှမမှားနိုင်တဲ့ အနုပညာ။ ဒါပေမဲ့ အနောက်တိုင်းနဲ့လည်း ထိတွေ့လိုက်ရော သူတို့အနုပညာမှာ အမှားတွေ တွေ့လာတော့တာပဲ"

"ကိုယ်တို့ ရန်ကုန်မှာတွေ့ခဲ့ရတဲ့ တရုတ်သူဌေးကြီးကိုပဲ ကြည့်လေ။ သူ့အိမ်မှာရှိတဲ့ အလှအပပစ္စည်းကလေးတွေဟာ တော်တော်ကောင်းတဲ့ တရုတ်လက်ရာကလေးတွေချည်းပဲ။ ဒါပေမဲ့ အနောက်နိုင်ငံကလုပ်ထားတဲ့ ကြွေထည်တွေနဲ့ရောထားလိုက်တာ မြင်လို့မကောင်းဘူး။ ဒီအထဲမှာ ချူနဲ့ဘတ်စ်တန်ထုတ်တဲ့ လက်နက်တွေကလည်း ချိတ်ထားလိုက်သေးတယ်။ ကျွန်းကွက်တုံးကလေးခင်းတားတဲ့ ဧည့်ခန်းမှာ အလှပြင်ထားတဲ့ သစ်ကုလားအုတ်ရုပ်ကြီးကလည်း အိမ်ထဲမှာ ထန်းပင်ကြီးတစ်ပင်ပေါက်နေသလို ငေါ်းစင်းစင်းကြီးနဲ့။ ဒီတော့ နဂိုအလှကလေးတွေ အကုန်ပျက်တော့တာပေါ့"

"မန္တလေးရွှေနန်းတော်ကြီးကို ကြည့်လိုက်တော့လည်း ဒီအတိုင်းပဲ။ ရွှေပေါင်းတပ်ထားတဲ့ မှန်ကြီးတွေကလည်း ပြူးတူးပြဲတဲ။ ဆိုဖာကြီးတွေကလည်း တစ်မျိုးပဲ။ အင်မတန်လှကဲ့ မြန်မာ့ပန်းပုတွေ၊ ပန်းကြွတွေ၊ ယွန်းအသုံးအဆောင်တွေထဲမှာ တော်တော်ကိုးရိုးကားရားနိုင်တယ်"

အက်ဂါသာသည် တရုတ်နှင့် ဂျပန်ပန်းချီကားများကို သဘောမကျလှသည့်တိုင် . . .

"ဟုတ်မှာပဲနော်။ မောင် စဉ်းစားကြည့်လေ။ တကယ်ပြောရရင် ဖဲင်နဲ့က အထက်တန်းစားအမျိုးကောင်းသမီးမဟုတ်ဘဲ နန်းတွင်းသူတို့ဘာတို့ ဖြစ်နိုင်စရာ အကြောင်းမရှိဘူး။ သူတင်မဟုတ်ပါဘူးလေ၊ ဒီနေ့ညစ်ခံပွဲကိုလာတဲ့ အမျိုးသမီးတွေထဲမှာလည်း အထက်တန်း



www.burmeseclassic.com

www.burmeseclassic.com



စား အမျိုးသမီးကောင်းဆိုလို့ တစ်ယောက်မှမပါပါဘူး။ ခင်တို့အမြင်နဲ့ ကြည့်လိုက်ရင် အောက်တန်းစားတွေထဲကချည်းပဲ မဟုတ်လား။ ဒီတော့ ဖဲင်နီခများလည်း ဒီလိုဗြည့်ခံပွဲကို တက်ရတာ ဘယ်မှာအသားကျပါ့မလဲ။ ပြီးတော့ တက္ကသိုလ်တို့ဘာတို့ကိုလည်း ရောက်ဖူးတာမဟုတ်တော့ မပြောတတ်မဆိုတတ်နဲ့။ သူတင်မကပါဘူးလေ။ ဝန်ကြီးကတော်တွေလည်း ဒီအတိုင်းပါပဲ"

ပရိုသီရိုး မည်သို့မျှမပြော။ အက်ဂါသာ အိပ်ရာထဲသို့ ဝင်သွားသည့်အခါတွင် သူလည်း မကြာမီအိပ်တော့မည်ဟုသာ ပြောလိုက်သည်။ ခဏတစ်ဖြုတ်လောက်မှ တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်သည်။ အနောက်တိုင်း၏ စက်ယန္တရားလို တိကျသော ချေဖျက်မှုထဲတွင် ရုတ်တရက် ကြွေမွပျက်စီးသွားသည့် လှပသောမြန်မာတို့ကို ကြည့်တတ်သောအမြင်မျိုး အက်ဂါသာတွင်မရှိဟု သူတွေးမိသည်။ သို့ရာတွင် အက်ဂါသာဆိုလိုသည့်သဘောကိုမူ သူနားလည်လိုက်၏။

သို့ရာတွင် ကလေးကစားစရာဆန်သော အဆောင်အယောင်တို့သည် အသားညိုညို မြန်မာလူမျိုးငယ်ကလေးတစ်ရပ်လုံး နလုံးသားပင်မဟုတ်လော။ သူတို့သည် အောင်နိုင်သူ မျက်နှာဖြူများလောက်မှ အရေးမကြီးတော့ပြီလော။ အက်ဂါသာသည် ထိုအချက်ကို သဘောပေါက်ခဲ့လျှင် အထိတ်တလန့် ဖြစ်ကောင်းဖြစ်လိမ့်မည်။ သို့ရာတွင် မိမိစိတ်ထဲတွင်မူ အရေးကြီးသည်ဟုပင်ထင်သည်။ ဘုရားသခင်၏ ရှေ့တော်မှောက်၌ ဝိညာဉ်တိုင်းသည် အတူတူပင်ဖြစ်ကြသည့်အလျောက် သူတို့၏ ဝိညာဉ်များသည်လည်း မျက်နှာဖြူအနောက်တိုင်းသားတို့၏ ဝိညာဉ်များနှင့် တန်းတူအရေးကြီးသည်ဖြစ်သည်။

သို့ရာတွင် ဘာကိုမျှမသိသည့် ဘဝအမှားနှင့် ယဉ်ကျေးမှုအမှားကို တွေ့ခဲ့သည့် အသားညိုညိုလူမျိုးငယ်ကလေး၏ ပျော်ရွှင်ချမ်းမြေ့မှုသည် ပီအင်အိုကုမ္ပဏီ သင်္ဘောကြီးများဖြင့် ဘိလပ်သို့ ခေါက်တုံ့ခေါက်ပြန်သွားနေသော သူတို့သားများကို ဘိလပ်ရှိ အလွတ်ပညာသင်ကျောင်းများတွင်ထားနေသော မီးရထားနှင့် ပဋိညာဉ်ခံဝန်ထမ်းတို့အကြောင်းကို သိသော (အင်္ဂလိပ်)ကွန်ဆာဗေးတစ်သို့မဟုတ် လစ်ဘရယ်များ၏ ပျော်ရွှင်ချမ်းမြေ့မှုလောက် အရေးကြီးနိုင်မည်မဟုတ်ချေ။

ဤအချက်ကို စိတ်ကလက်မခံသည့်တိုင် သဘောအားဖြင့် လက်ခံရတော့မယောင်ဖြစ်နေလေပြီ။ စိတ်၏ချမ်းမြေ့ပျော်ရွှင်မှုသည် ဘုရားသခင်က ပေးသနားတော်မူသော ကောင်းချီးမင်္ဂလာဟူသည့်အယူအဆကို အလယ်ခေတ်တုန်းက လူများကဲ့သို့ပင် ပရိုသီရိုးလည်း လက်မခံချင်။ ထိုမျှမက ပရိုသီရိုးသည် ချမ်းမြေ့ပျော်ရွှင်မှုကိုပင် ကောင်းစွာ နှစ်သက်ယုံကြည်ခြင်း မပြုလိုတော့။ သူတွေးတောနေသော အရာမှာမြန်မာလူမျိုး သို့မဟုတ်အခြားသော လူမျိုးတစ်မျိုး၏ ပျော်ရွှင်ချမ်းမြေ့မှုမဟုတ်။ သူ့အတွေးသည် ထို့ထက်ပို၍ လေးနက်သည်။

---



www.burmeseclassic.com

www.burmeseclassic.com



သူတွေးတောနေသောအရာမှာ အနောက်တိုင်းလက်နက်နိုင်ငံကြီးနှင့် အရှေ့တိုင်းနိုင်ငံငယ်များအကြောင်းဖြစ်သည်။ ထိုအချက်သည် သူ့ခေါင်းထဲတွင် တရစ်ဝဲဝဲပေါ်နေသည်။ ထိုနေ့မနက်က သီဟာသနပလ္လင်ခန်းဆောင်ထဲတွင် မနက်ဝတ်တက်ခဲ့စဉ် ဓမ္မသီချင်းတို့ကို ရွတ်ဆိုစဉ်ကရခဲ့သည့် ပီတိတို့သည်လည်း သူ့ရင်ထဲတွင် မရှိကြတော့။ တောက်ပခမ်းနားခြင်း၊ အောင်မြင်ခြင်း၊ မိမိတစ်သက်လုံး ယုံကြည်သက်ဝင်ခဲ့သည့် ခရစ်ယာန်သာသနာကြီး အောင်မြင်ခြင်း စသည့်အရာများသည် မိမိအားထိုနေ့က အတွေးသစ်များကို ပေါ်စေခဲ့သည်။ အမြင့်သို့ မြှင့်တင်ခဲ့သည်။ အတွေးနယ်ကျယ်စေခဲ့သည်။ သူ့ဝိညာဉ်ထဲတွင် အလင်းရောင်တစ်ခုကို ထွန်းညှိပေးခဲ့သည်။

သို့ရာတွင် လူဆိုသည်မှာ လင်းယုန်ငှက်၏ မြင့်မားသောသိုက်မြုံထက်တွင် အစဉ်သဖြင့် နားနေခြင်းမပြုနိုင်။

ပရိုသီရိုးသည် သာသနာပြုခရစ်ယာန်တို့ အသိုင်းအဝိုင်းမှ မနာလိုမှုကလေးများ၊ ကျေနပ်ကြည်နူးမှုကလေးများကြားထဲတွင် သူ့ရတနာကို လုခဲ့သကဲ့သို့ ယခုလည်း နေ့စဉ်ဆောင်ရွက်ဖွယ်ကိစ္စများ၊ အောင်နိုင်သူ အင်္ဂလိပ်အရာရှိကလေးများ၏ အပျော်အပါးကိစ္စများ၊ ကျေနပ်ရောင့်ရဲမှုများ၊ နောက်ပြောင်ကျီစယ်မှုများကြားတွင် သူ့ရတနာကို လုခဲ့မိပြန်ပြီ။

အမှန်အားဖြင့် မိမိသည် ကောင်းသူတစ်ယောက်မဟုတ်။ တစ်ယောက်တည်းနေသည့် အချိန်များမှအပ ကျန်အချိန်များတွင် မိမိသည် စိတ်တန်ခိုးသတ္တိရှိသူမဟုတ်။ ကိုယ့်စိတ်ကို နိုင်နင်းသူတစ်ယောက်မဟုတ်ဟုသူ့ကိုယ်သူ အပြစ်တင်မိသည်။ ပရိုသီရိုးသည် လက်တွေ့ကျ၍ အမှန်တရားကို မြတ်နိုးသူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် မြန်မာတို့ကို တိုက်ရိုက်ကျွန်ပြုခြင်းမရှိဘဲ သူတို့ဘာသာ နေခွင့်ပေးသင့်သည်ဟူသော စိတ်ကူးယဉ်သမားတို့နှင့် သဘောတူကောင်းမှတူမည်။ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းယူခြင်းသည် မြန်မာတို့၏ သက်သာချောင်ချိရေးကို ဖြစ်စေသည့်အတွက် တိုက်ခိုက်သိမ်းယူခြင်းသည် လောလောဆယ်တွင် ပိုကောင်းသည်ဟု သူယူဆသည်။

သို့ရာတွင်လောက၌ ကိုယ်ခန္ဓာအားဖြင့် သက်သာအေးချမ်းရုံ၊ ထိုမျှမက စိတ်အားဖြင့် သက်သာအေးချမ်းရုံမျှနှင့် ကိစ္စမပြီးသေး။ ထို့ထက်အရေးကြီးသော အရာတစ်ခုရှိသေးသည်ဟု သူယူဆသည်။ မှန်သည်။ မြန်မာပြည်တွင် သရော်ခိုင်းခြင်း၊ ရောဂါထူပြောခြင်း၊ ကိုယ်ရေပြားရောဂါဖြစ်ပွားခြင်း စသည်တို့ကို ပပျောက်အောင် လုပ်ကောင်းလုပ်နိုင်မည်။ ခြောက်ခန်းသွားအောင် သွေးစုပ်ခြင်းမဟုတ်ခဲ့လျှင် မြန်မာတို့အား ပိုမိုကောင်းမွန်အောင် အုပ်ချုပ်နိုင်ခဲ့သည့်ဆိုလျှင် ပို၍ကောင်း မည်။ သို့ရာတွင် . . .

မိမိကိုယ်မိမိ ပိုင်ဆိုင်လိုသောသဘောဖြင့်ကြည့်လျှင် ပရိုသီရိုးသည် သူ့ကျွန်ဖြစ်ခဲ့ရသော လူတစ်မျိုးအား စာနာစိတ်ထားနိုင်ပါ၏။ အင်္ဂလိသာသည် မိမိအား ပြုစုစောင့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်၏။ မိမိ၏အဝတ်အစားတို့ကို ပြုပြင်ဖာထေးပေး၏။ မိမိအား ကောင်းစွာလုပ်ကျွေး၏။ မိမိအား ဆေးပေးမီးယူ ပြု၏။ မိမိအား စောင့်ရှောက်၏။ သို့ရာတွင် . . . သို့ရာတွင် . . .

အင်းဝရွှေနန်းသည် ဗြိတိသျှတို့၏ ကျွန်သဘောက်ဘဝသို့ လျှောကျခဲ့ရသည့်နည်းတူ မိမိသည်လည်း အက်ဂါသာနှင့် အိမ်ထောင်ပြုခြင်းဟူသော ညွှတ်ကွင်းထဲသို့ လျှောကျခဲ့လေသလောဟု ပရိုသီရိုး တစ်ခါတစ်ရံတွေးမိသည်။ မိမိသည် အက်ဂါသာအပေါ်တွင် တစ်ရံတစ်ဆစ်မျှ စိမ်းကားရက်စက်စွာဆက်ဆံခြင်း မပြုစဖူး။ သို့ရာတွင် တစ်ခါတစ်ရံ ထိုသို့ စိမ်းကားရက်စက်စွာ ဆက်ဆံခဲ့လျှင် ကျားသစ်နှစ်ကောင်ကဲ့သို့ တစ်ဦးကိုတစ်ဦး မုန်းတီးကြောက်ရွံ့ခြင်း ဖြစ်ခဲ့ကြလျှင် ပို၍များကောင်းလေမည်လောဟု ပရိုသီရိုးတွေးမိသည်။ တစ်ညနေတုန်းက ကျုံးဘေးတွင် မြန်မာမိန်းမတို့ အရေးပါအရာရောက်ပုံနှင့် ပတ်သက်၍ သူနှင့် ဒေါက်တာမတ်(ဆရာမတ်ကြီး) တို့ ဆွေးနွေးခဲ့ကြသည့် စကားများကို သူပြန်၍အမှတ်ရနေသည်။ ထိုစဉ်က မြန်မာမိန်းမတို့သည် အရေးပါလွန်းသည့်နေရာတွင် ရောက်ရှိနေကြကြောင်း၊ ထိုအဖြစ်ကို သူစိုးရိမ်ကြောင်းဖြင့် သူပြောခဲ့ဖူးသည်။

အင်းဝရွှေနန်းသည် ထီးကြီးစိုး၍ ကျဆုံးခဲ့ရသည့်နည်းတူ ပရိုသီရိုးသည်လည်း ထီးကြီးမှုကို ခံနေရလေပြီ။ အင်းဝရွှေနန်းကို သိမ်းပိုက်ခဲ့သူများမှာ စစ်တပ်နှင့် မြို့ပြဘက်ဆိုင်ရာ မင်းမှုမင်းထမ်းယောကျ်ားလေးများ ဖြစ်ခဲ့ကြသည့်တိုင် မန္တလေးတွင် ဖြစ်ပျက်ခဲ့သည့် ကိစ္စဟူသမျှသည် ရွှေရေးနောက်ခံတွင် ရောင်မျိုးစုံခြယ်ထားသော မိန်းမတို့၏ အကပန်းချီကားကြီးတစ်ချပ်ကို ကြည့်ရသည့်နှယ် ရှိနေသည်ဟု ပရိုသီရိုးထင်မိသည်။ ထိုပန်းချီကားကြီးထဲမှ ရုပ်ပုံများကလည်း ဆန်းဆန်းကြယ်ကြယ်။ ပုံသဏ္ဍာန်တို့သည် ယင်းတို့၏ စရိုက်လက္ခဏာကို ဆောင်လျက်ပေါ်လာကြသည်။

သေးသွယ်ပျော့ပျောင်း၍ ဖဲကြိုးတွေဝေနေအောင်ပန်ထားကာ မျက်လုံးကို ထောင့်ကပ်ကြည့်နေသည့် ဖဲင်နီ။ ပျော့ပျောင်းသောခါးပေါ်တွင် ပိုးထဘီကိုရစ်ပတ်ကာ လှပသေးသွယ်သော လက်ချောင်းများကို ဖြန့်၍ဖြန့်၍ စကားပြောတတ်သည့် အသားညိုညို၊ ပိန်ပိန်ပါးပါး စုဖုရားလတ်။ ခပ်စောစောတုန်းက ရွှေနန်းတော်တွင် မားထက်ခဲ့သလောက် နောက်ပိုင်း အသက်ကြီးလာသည့်အခါတွင် ညှိုးမှိန်ကာ ခပ်ကုတ်ကုတ်နေရသည့် ဆင်ဖြူမရှင်။ ဦးညွှတ်ကာ အစဉ်ပြုံးရွှင်နေသည့် မှန်နန်းအပျိုတော်ကလေးများ၊ အကွပ်မျက်ခံရသည့် မိဖုရားများနှင့် သမီးတော်များ၏အရိပ်များ။ ထို့နောက် မျက်လုံးတွင် မှုန်မှိုင်းလျက်ရှိသည့် အတိုင်း ရှေ့သို့ အစဉ်စူးစိုက်လျက်ရှိသည့် ဂျူလီ။ ပန်းရိုက်ဂါဝန်ကလေးတလွှားလွှား၊ မျက်နှာဝိုင်းဝိုင်းပေါ်တွင် ဦးထုပ်ကလေးကို တစောင်းဆောင်းထားရင်းမှ မြင်းမကလေးတစ်ကောင်လို စုန်ပျံနေသည့်ဆီလာ။ အဖြူရောင်ဝတ်ရုံကြီးကိုဝတ်ကာ ခေါင်းခြုံမည်းမည်းကြီးများကို ခြုံထားလျက် လက်ပိုက်ကာ ပါးစပ်မှ ဓမ္မတေးတို့ကို ရွတ်ဆိုနေတတ်သည့် ဗရင်ဂျီသီလရှင်များ၊ အမေရိကန်နှစ်ခြင်းအဖွဲ့ဝင် အမျိုးသမီးသာသနာပြုများ။ ဂါဝန်ရှည်ရှည်ကို ဝတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လျက် ခါးမတ်မတ် ဝိန်ဝိန်ပါးပါး အင်္ဂလိပ်အမျိုးသမီးလေးအက်ဂါသာ။ နွတ်ခမ်းကိုတွန့်ကာ မိမိမသိသော ကမ္ဘာလောကကြီးထဲတွင် မိမိအတွက် ရတနာလေးတစ်ပါးသဖွယ် ဖြစ်နေသော အက်ဂါသာ။ ကာနယ်စလေဒင်က သူ့ဇာတိရပ်ရွာသို့ ပြန်လွှတ်လိုက်သဖြင့် ခေါင်းငိုက်စိုက်ဖြင့် ရွာသို့ပြန်သွားရသည့် အမွေးထူမ မဖုန်း။

ထိုကပွဲကြီးကို သွက်လက်လျင်မြန်အောင် တစ်နည်းတစ်လမ်း လုပ်ပေးခဲ့သည့် ပြင်သစ်သတို့သမီးကလေး။ ထို့နောက်တွင်မှ ဖင်နီ။ လူတန်းကြီးထဲတွင် ကခုန်လိုက်ပါလာသည့် ဖင်နီ။ ခပ်ဖိုင့်ဖိုင့်ကိုယ်လုံးဖြင့် ကြီးစွာကခုန်နေသည့် ဖင်နီ။ ပန်းပွင့်ဝါဝါကလေးတွေ ပန်ထားသည့် ဦးထုပ်အောက်မှ ဆံပင်နက်နက်တို့ဝဲကျနေသည့် ဖင်နီ။ စည်းချက်ကို ပို၍ မြန်မြန်တီးနေသည့် ဖင်နီ။ ကကွက်များကို ရုတ်တရက်ရပ်တန့်သွားအောင် ခြေထောက်များကို ဖွတ်အတင်းအရွေ့လှုပ်ရှားခိုင်းနေသည့် ဖင်နီ။

ထိုခြေထောက်များသည် နောက်တွင် ဘယ်တော့မျှ ကခုန်ခြင်းပြုကြတော့မည် မဟုတ်။ ဖုန်ထူသောလမ်းတစ်လျှောက်တွင် တိတ်ဆိတ်စွာ တရွတ်ဆွဲ၍ လျှောက်နေကြတော့မည်။ ထိုနေ့က ဖင်နီသည် ဘုရင်ခံချုပ်၏ညှိခံပွဲသို့ တက်ခဲ့ရသည့်တိုင် မန္တလေးမြို့သစ်၏အသိုင်းအဝိုင်းမှ ပျောက်ကွယ်သွားခဲ့လေပြီ။ ရှေးဟောင်းပစ္စည်းရောင်းသည့် သူ့မိတ်ဆွေကကော။ အက်ဂါသာသည် ဖင်နီဘာလုပ်မည်ဆိုသည်ကို လုံးဝစိတ်မဝင်စားကြောင်းကို သူလည်း သဘောပေါက်ပေလိမ့်မည်။ (သူ့အကြောင်းကို အက်ဂါသာအား တစ်ခါမျှမပြောဖူးသော)ဖင်နီသည် သူ့ဘာသာသူကျိတ်၍ ဘဝသစ်တစ်ခုကို ထူထောင်ရန် ကြိုးစားလျက်ရှိ၏။ သူတည်ဆောက်ခဲ့သည့်ဘဝသည် တစ်ခါမျှ မတွေ့ခဲ့ဖူးသေးသည့်ဘဝဖြစ်သည်။

ဖင်နီသည် သူ့ဝုံးစံအတိုင်း ထိုဘဝသစ်ကိုလည်း လူတစ်ယောက်ကို မဏ္ဍိုင်ပြု၍ တည်ဆောက်ခြင်းဖြစ်သည်။ ဖင်နီ၏မိတ်ဆွေဟောင်းများသည်လည်း ဖင်နီ့ကို ယောင်၍မျှ လှည့်မကြည့်ကြတော့ပြီ။ ဖင်နီကိုမြင်လျှင် အဝေးက ရှောင်ကွင်းကြလေပြီ။ အခန်းတစ်ခန်းထဲတွင် မလွှဲသာမရှောင်သာ ပက်ပင်းတိုးကြလျှင်လည်း ခပ်ဝေးဝေးမှာပင် နေကြတော့သည်။

ပရိုသီရိုးသည် ထိုအချက်ကို သတိပြုမိသည်။ ဖင်နီသည် လုံးဝအရေးပါခြင်းမရှိသူတစ်ယောက် ဖြစ်နေခြင်းအတွက် ဖင်နီ၏ပတ်ဝန်းကျင်တွင် အပေါင်းအသင်းဟူ၍လည်း မရှိကြတော့။ သူ့ကို မည်သူမျှလည်း ဂရုမစိုက်ကြတော့။ သူ့ကို ဂရုစိုက်သူဆို၍ ရှေးဟောင်းပစ္စည်းရောင်းသည့်သူတစ်ဦးသာ ရှိတော့သည်။ တစ်နေ့တွင်မူ သူနှင့် လက်ထပ်ဖြစ်ကောင်းဖြစ်မည်လောမဆိုနိုင်။ ပြဇာတ်ကြီးထဲတွင် ပါဝင်ခဲ့ကြသူများသည် မရှိကြတော့ဟု ပရိုသီရိုး တွေးမိသည်။

အီတလီလူမျိုးတို့၏စိတ်ဓာတ်သည်လည်း မိန်းမယောက်ျားအပေါင်းတို့ကို ဆွဲဆောင်နိုင်ခြင်းမရှိတော့ပြီ။ ကင်းဝန်မင်းကြီးသည် အရာမှ ပြုတ်မကျသေးသည့်တိုင် သူ



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း ပြိတ္တာသူ့တို့ထဲတွင် အမှုထမ်းနေရလေပြီ။ ကင်းဝန်မင်းကြီး၏ မျက်လုံးများသည် လွန်စွာ ကြေကွဲသည့်အသွင်ကို ဆောင်လျက်ရှိရာ လူတစ်ယောက်၏မျက်နှာပေါ်တွင် ထိုမျှ ကြေကွဲဖွယ်ကောင်းနေသော မျက်လုံးများကို သူတစ်ခါမျှ မမြင်ဖူးသေး။

ရှုံ့တွဝါကြင်သော သစ်ရွက်ခြောက်နှင့်တူသည့် သူ့မျက်နှာပေါ်တွင် သူ့မျက်လုံး များသည် မျောက်အိုတစ်ကောင်၏ မျက်လုံးများကဲ့သို့ သနားစရာကောင်းနေသည်။ သို့ရာ တွင် ကင်းဝန်မင်းကြီးသည် ယခုတိုင် အသက်ရှင်နေဆဲဖြစ်၏။ စုဖုရားလတ်သည်လည်း ယခုတိုင်အသက်ရှင်နေဆဲဖြစ်ကာ နောင်တွင်လည်း ရှိနေဦးမည်သာဖြစ်၏။

သူတစ်ပါးအမုန်းခံရသည့် စဉ်းစားဉာဏ်နည်းသော လက်ဖွာသူတစ်ဦးအဖြစ် ဆက်လက်ရှိနေဦးမည်သာဖြစ်၏။ သီပေါမင်းသည်လည်း အရက်ကို ဆက်လက်သောက်ကာ မှုန်ကုပ်လျက် မိမိငယ်စဉ်ကလိုက်စားခဲ့သော စာပေကျမ်းဂန်များကို ပြန်လည်သတိရဦး မည်သာဖြစ်၏။ ဖဲင်နီသည်လည်း မျက်နှာဖုံးကို မဖုံးနိုင်တော့သည့်တိုင် ဆိုင်ပိုင်ရှင်ကလေး အဖြစ် စခန်းသွားနေဦးမည်သာဖြစ်သည်။

မိမိနှင့် အက်ဂါသာတို့အဖို့မူ အလှပဆုံးသော ဘဝ၏ဥယျာဉ်တစ်ခု ပျောက်ဆုံး သွားသည့်အတွက် ဝမ်းနည်းပူဆွေးခြင်း ဖြစ်နိုင်ကြတော့မည်မဟုတ်။ ဝမ်းနည်းနေ၍လည်း မဖြစ်။ မိမိတို့သည် ဂုဏ်ပကာသနတို့ကို မက်မောသူများ မဟုတ်ကြသည့်အလျောက် ဘဝ တွင် ကျရာနေရာမှာ နေတတ်သွားကြသူများဖြစ်သည်။ ယခုလည်း ထိုအတိုင်း နေသွားကြ မည်သာမဟုတ်လော။ လူများသည် သည်လိုပင် နေသွားခဲ့ကြသည် မဟုတ်လော။ ထိုအရာ သည် ဘဝမဟုတ်လော။ လောကတွင် ထိုအတိုင်းသာ နေသွားကြရမည်မဟုတ်လော။

ဘယ်လောက်ပင်ရှုံးရှုံး ဘဝတွင် အညွန့်တုံးကာ ငုတ်တုတ်ခြောက်သွားရိုးထုံးစံ မရှိ။ သူတို့ထဲတွင် အရှုံးကြီးရှုံးခဲ့ရသည့် ဖဲင်နီသည်ပင်လျှင် ဘဝတွင် အညွန့်တက်အောင် လုပ်နိုင်သေးသည် မဟုတ်လော။ ပြန်၍ရှင်သန်အောင် လုပ်နိုင်ခဲ့သေးသည် မဟုတ်လော။ မိမိသည် အက်ဂါသာကို လက်မထပ်ခဲ့မိလျှင် သည်လိုအဖြစ်မျိုးကို ရောက်နိုင်ဖွယ်မရှိ။

သို့ရာတွင် မန္တလေးကဲ့သို့ မိန်းမကြီးစိုးသောနေရာမျိုးတွင် မိမိသည် အဘယ်မှာ လျှင် လွတ်အောင်ရှောင်နိုင်ပါမည်နည်း။ အမွေးပါသည့်တိုင် ပိန်းနေအောင်ရွှေချည်ထိုးထား သကဲ့သို့ရှိသော စောင်တစ်ထည်နှင့်တူသည့် မိန်းမကြီးစိုးမှုကို မိမိသည် အဘယ်မှာလျှင် လွတ်အောင် ရုန်းထွက်နိုင်ပါမည်နည်း။ ပရိုသီရိုးသည် အက်ဂါသာကို နာကျည်းနေခြင်း မဟုတ်။ မိမိ၏အားနည်းချက်ကို နာကျည်းရာမှ ထိုနာကျည်းချက်အပေါင်းကို အက်ဂါသာ့ အပေါ်သို့ ပုံချလိုက်ခြင်းသာဖြစ်သည်။ မိမိသည် မိမိကိုယ်သော်မှ တည့်မတ်အောင် မထိန်း သိမ်းနိုင်ခဲ့ပါကား။

ပရိုသီရိုးသည် တရားမျှတစွာ စဉ်းစားတတ်သူဖြစ်သည့်အလျောက် ကံကြမ္မာကို အပြစ်မတင်မိ။ သို့ရာတွင် မိန်းမနှင့်ယောက်ျားတို့အကြောင်းကို သင်ကြားမပေးခဲ့သည့် သူ့ မိဘများနှင့် သူ့ဆရာဘုန်းကြီးကိုမူ အနည်းငယ် အပြစ်ဆိုမိသည်။ ထို့ထက် သူ့ကိုယ်သူ ပို၍



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဆိုမိသည်။ လူတို့၏ အားနည်းချက်၊ အားကောင်းချက်တို့မည်သည် ဒုစရိုက်မျှသာ တကားဟုယူဆသော၊ ပင်ကိုဩကပင် ဘာသာတရားကိုင်းရှိုင်းသောသူမျိုးဖြစ်သည့် သူ့ကိုယ်သူသာ အပြစ်တင်နေမိသည်။ ထိုအရာများသည် အခြားသူတို့အဖို့တွင် မှန်ကောင်း မှန်နိုင်သည်။ သို့တိုင် မိမိအဖို့သော်မှု မှားသည်ဟု သူထင်နေသည်။

အလို . . . မိမိသည် ဘာတွေကို တွေးနေမိလေသနည်း။ ယခုအချိန်ကျမှ ထိုအရာများကို ပြန်တွေးလျှင်လည်း ဘာအကျိုးထူးဦးမည်နည်း။ ထိုအရာများသည် ပြောင်းလဲ၍ မရတော့ပြီ။ သုံးဆယ်ကျော်လေးဆယ်အတွင်းသို့ရောက်မှ ထိုအကြောင်းများကို ပြန်တွေးနေလျှင်လည်း အကျိုးမထူးတော့ပြီ။

မစ္စတာလန်စဒင်တို့ ဖဲင်နီတို့ကမူ ထိုသို့ ပြန်တွေးကောင်းတွေးမိလိမ့်မည်။ သို့ရာတွင် သူ့ဇနီးအက်ဂါသကမူ ထိုအကြောင်းများကို ပြန်လှန်တွေးတောကာ နောင်တရခြင်း မပြုတော့။ ငါဟာငါပဲ။ အက်ဒွပ်ပရိုသီရိုးဆိုတဲ့ လူတစ်ယောက်ပဲ။ ငါဟာ အရေးကြီးတဲ့လူ တစ်ယောက်မဟုတ်တော့ဘူး။ ငါဟာသာသနာပြုတစ်ဦး။ အင်္ဂလိပ်သာသနာပြုဘုန်းကြီး တစ်ဦး။

ငါဟာ အရင်တုန်းက အရေးပါတဲ့လူတစ်ယောက်ဖြစ်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ဂိုဏ်းက ဘုန်းတော်ကြီးတွေ အရေးပေးခံရတဲ့မြို့တော်မှာ ငါနေခဲ့တာကိုး။ အဲဒီငါဟာ ငါကိုး။ ငါက ဥပမိရှပ်လည်းကောင်းတယ်။ အဲဒီတုန်းကတော့ မျှော်လင့်ချက်ကြီးတွေ ရှိခဲ့တယ်။ စိတ်အားထက်သန်ခဲ့တယ်။ ကိုယ့်ယုံကြည်ချက်၊ ကိုယ့်လုပ်ငန်းတွေအတွက် ရှင်သန်ခဲ့တယ် ခုတော့ ဒါတွေ ဘယ်ရောက်ကုန်ပြီလဲ။ ခုတော့ ငါဟာ အိမ်ထောင်ရှင်တစ်ယောက်။ ကလေးအဖေ။ ငါ့ကိုယ်မှာလည်း ကလေးအနီးစော်နံနေပြီ။ နို့မှုန့်စော်နံနေပြီ။ အိမ်မှုကိစ္စတွေနဲ့ လုံးချာလိုက်နေပြီ။ ငယ်ငယ်တုန်းကတော့ ဟုတ်တာပေါ့။ ဒါတွေဟာ ပျော်စရာကောင်းတာပေါ့။ ကိုယ့်ဇနီးသည်က မီးဖိုပေါ်မှာ ရေနွေးကျိုလို့။ သူ့ကိုယ်က ကလေးလိမ်းတဲ့ ပိုင်အိုလက်ပေါင်ဒါနံ့လေးသင်းလို့။ သူ့အသားက နူးညံ့ချိုမွေးလို့။ ခုတော့ ဒီလိုမဟုတ်ပါပဲလား။ တစ်ခါတလေ လာတဲ့ဧည့်သည်တို့ မိခင်ပျိုကိုချစ်တတ်တဲ့ လူစိမ်းကိုမြင်ရတော့ ဟုတ်တာပေါ့။ မိခင်ပျိုက ကလေးငယ်ကို ရေချိုးပြီး အနီးကလေးတွေနဲ့ထွေးလို့၊ ဘယ်လောက်ကြည်နူးဖို့ကောင်းလိုက်ပါလဲ။ ခုဆို အသားကျလာတဲ့အခါမှာတော့ ဒီလို မဟုတ်တော့ဘူးလေ။ နေ့စဉ် အိမ်မှုကိစ္စတွေမှာ လုံးချာလည်နေတာကို ငြီးငွေ့လှပြီ။ အထူးသဖြင့် အပူပိုင်းတိုင်းပြည်တွေမှာ နေရရင် ပိုပြီးတောင်ဆိုးသေးတယ်။

ဘယ်မှာပျော်စရာကောင်းလို့တုံး။ အနံ့အသက်တွေကလည်း မကောင်း။ ပတ်ဝန်းကျင်ညစ်ပတ်ပါဘိသနဲ့။ ကလေးတွေကလည်း ရောဂါမြန်မြန် ရလွယ်လိုက်သေးတယ်။ တစ်ခါတလေမြင်တာကတော့ ကြည်နူးစရာပဲ။ ဒါမှမဟုတ်ရင်လည်း ဧည့်သည်အဖြစ်မြင်ရရင်တော့ သာယာချမ်းမြေ့တဲ့ အိမ်ထောင်ကလေးတစ်ခုပါပဲ။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နေ့စဉ်တွေ့ကြုံနေရတဲ့ အိမ်ထောင်ရှင်တစ်ယောက်အဖြစ်နဲ့ကျတော့ ဒါတွေဟာ ငြီးငွေ့စရာကောင်းလှတယ်။ အချစ်ရဲ့သာယာကြည်နူးမှုတွေကကော၊ လူတွေဟာ ဘာကြောင့်များ အချစ်မှာ သာယာကြည်နူးစရာကောင်းနေတယ်ဆိုတဲ့အသိနဲ့ ကြီးပြင်းလာကြရတာလဲ။ စာအုပ်တွေကကော၊ လူ့ဘဝဟာ ဘာဖြစ်လို့ ပျော်စရာကောင်းတယ်လို့များ သင်ကြားကြရတာလဲ။ တကယ်တော့ လူ့ဘဝဆိုတာ စာအုပ်ထဲက လိုချောမွေ့နေတာ မဟုတ်ပေဘူး။ ရယ်စရာကောင်းတဲ့ ပုံသဏ္ဌာန်တွေကို ဆောင်လာကြတာပဲ မဟုတ်လား။

ပရိသီရိုးသည် မှန်အိမ်ကိုကောက်ကိုင်ကာ အိပ်ခန်းဆီသို့ လာခဲ့၏။ သူ့ကို လှောင်ပြောင်သည့်နှယ် အိမ်မြှောင်တစ်ကောင်၏ စုပ်ထိုးသံ ပေါ်လာ၏။ ပရိသီရိုးသည် ချောမောဖြောင့်ဖြူးနေသော အချစ်တွင်ပျော်မွေ့နေသည့် ဖဲင်နီကို အားကျနေသည်။ ဖဲင်နီသည် မကြာခင်မှာပင် ဘဝသစ်၊ ပတ်ဝန်းကျင်သစ်တွင် နေသားကျသွားပေလိမ့်မည်။

ဖဲင်နီကဲ့သို့ ရိုးစင်း၍ ခံစားချက်ပြင်းထန်သူများသည် အလွယ်တကူပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားတတ်ကြသည်မဟုတ်လော။ မိမိလို အစဉ်းစားကြီးသူများတွင်သာ တနုံ့နုံ့ခံစားနေကြရသည်မဟုတ်လော။ အစဉ်းစားကြီးသူတို့တွင် အစစအရာရာ အဖုအထစ်တွေချည်း ဖြစ်နေတတ်သည်မဟုတ်လော။သို့ရာတွင် သူ့တွင် စာအုပ်တွေရှိနေသေးသဖြင့် တွေးစရာတွေရှိနေသေးသဖြင့် တော်သေးသည်ဟုကား တစ်ဖက်က ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်မိသည်။ ဖဲင်နီတွင်ဆိုလျှင် ထိုသို့ဖြေသိမ့်စရာ ဘာမျှမရှိ။ ပရိသီရိုးသည် သက်ပြင်းကြီးတစ်ချက်ကိုချကာ အိပ်ခန်းထဲဝင်လာခဲ့သည်။ အက်ဂါသာသည် ဒူးထောက်၍ ဘုရားဝတ်ပြုလျက်ရှိ၏။

ထိုအချိန်၌ကား ဖဲင်နီသည် သီလရှင်ကျောင်းဆောင်ရှိ အိပ်ရာထဲတွင် လူးလိမ့်ရင်းဖြင့် ဘုံဘေသို့ရောက်လျှင် တည်းခိုဆောင်တွင် မည်သို့နေထိုင်၍ရမည်ကို စဉ်းစားလျက်ရှိ၏။ သီလရှင်ကျောင်းများတွင်မူ စည်းကမ်းကြီးလွန်းသဖြင့် နေ၍မဖြစ်တော့ပြီ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[၇]

# ကလပ်တွင်

အခြေအနေကိုစုံစမ်းရန် ပရိုသီရိုးသည် ရွှေနန်းတော်ကြီးသို့ လာခဲ့၏။ အနည်းငယ် ကွဲလွဲကြသည့်တိုင် အခြေခံအချက်အလက်များမှာ အတူတူပင်ဖြစ်သည်။ ဘုရင်ခံချုပ်နှင့် ပြည်သိမ်းတပ်မှူးတို့သည် စည်းဝေးလျက်ရှိကြ၏။ အစည်းအဝေးနှင့်ပတ်သက်သည့် သတင်းများမှာ ပြောသူကိုလိုက်၍၊ ဖောက်သည်ချသူကိုလိုက်၍ အနည်းငယ် အရောင်ကွဲပြားနေသည်ကို တွေ့ရသည်။ သို့ရာတွင် ဖောက်သည်ချသတင်းများမှာ မမှားနိုင်သော သတင်းများဖြစ်၏။ ပရိုသီရိုးသည် မြန်မာလူမျိုးတို့၏သဘောကို သိပြီးဖြစ်သည့်အလျောက် ထိုသတင်းများကို အမှန်ဟု လက်ခံလိုက်၏။

ဖွဲ့စည်းမည့်အုပ်ချုပ်ရေးသည် မည်သည့်အုပ်ချုပ်ရေးမျိုးဖြစ်ကြောင်းကို မြန်မာလူမျိုးတို့ စိတ်ဝင်စားခြင်းမရှိ။ မိမိတို့လုံခြုံရေးကို အာမခံနိုင်လျှင် မည်သည့်အုပ်ချုပ်ရေးကိုမဆို လက်ခံရန်အသင့်ရှိကြောင်းဖြင့် ဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်ပြောသည့်စကားသည် မှန်ကန်ကြောင်းကို တွေ့ရသည်။ သို့ရာတွင် မြန်မာအများစုကြီးသည် မြန်မာဘုရင်ကို အလွန်ကြည်ညိုလေးစားမြဲ လေးစားလျက်ရှိကြပြီး မင်းမျိုးမင်းနွယ်တစ်ပါးပါးကသာ ခေါင်းဆောင်လျှင် မည်သည့်မင်းသားက ခေါင်းဆောင်သည်ဖြစ်စေ သူ့နောက်သို့ လိုက်ကြမည်ဖြစ်၏။

အကယ်၍သာ ဘာသာတရားကိုင်းရှိုင်း၍ ဉာဏ်အမြော်အမြင်ရှိသည့် ညောင်ရမ်းမင်းသားသာရှိခဲ့သေးလျှင် မည်သည့်လမ်းကို ရွေးချယ်ရမည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍



www.burmeseclassic.com

www.burmeseclassic.com



ဘာမျှစဉ်းစားစရာမလိုတော့။ သို့ရာတွင် ကျန်ရှိနေသေးသည့် မင်းသားများမှာ ပြစ်မှုမကင်းသော မင်းသားများဖြစ်ရုံမျှမက အချို့ဆိုလျှင် ပြင်သစ်နှင့်ပူးပေါင်းနေသည့် မင်းသားများဖြစ်နေကြသည့်အခါတွင်ကား ညောင်ရမ်းမင်းသားတွင် သားတော်လေးတစ်ပါး ကျန်ရစ်ခဲ့သည်မှာ မှန်၏။ သို့ရာတွင် သူ့ကို နန်းတင်လိုက်ပြီးလျှင် ဗြိတိသျှတို့သည် အရွယ်ရောက်လာသည်အထိ တိုင်းပြည်ကို အုပ်ချုပ်ပေးနေရပေလိမ့်မည်။

မကွယ်မထောက်ပြောရလျှင် ဒုက္ခခံရပြီး ဘာမျှအကျိုးအမြတ်မရှိဘဲ ဖြစ်နေလိမ့်မည်။ သီပေါမင်း နန်းတက်ချိန်မှစ၍ တိုင်းပြည်သည် ကသောင်းကနင်းဖြစ်ကာ လုယက်ထကြွမှုများ အနှံ့အပြား ပေါ်ပေါက်လျက်ရှိသည့်အတွက် အင်္ဂလိပ်တို့အနေဖြင့် ထိုဆူပူမှုများကို နှစ်ပေါင်းများစွာကြာအောင် နှိမ်နင်းရပေလိမ့်မည်။ မန္တလေးသည် သေနတ်တစ်ချက်မျှမဖောက်ရဘဲ အလိုလိုကျဆုံးခဲ့ပြီးဖြစ်၏။ သို့ရာတွင် ခေတ်နောက်ကျသော တောင်ပေါ်ဒေသ၌ ရာဇဝတ်ကောင်များ သို့မဟုတ် ရာဇဝတ်မှုများ မလွှဲမရှောင်သာ ကျူးလွန်ဖြစ်ခဲ့ကြသူများသည် ခိုလှုံသောင်းကျန်းလျက်ရှိကြ၏။ ၎င်းတို့ကို နှိမ်နင်းရေးလုပ်ငန်းသည် ရှည်ကြာ၍ စရိတ်စက အကုန်အကျများသည့် လုပ်ငန်းဖြစ်သည်။

ထို့ပြင် သဘောထားကြီး၍ တိုက်တိုင်းအောင်သော "တိုက်ပွဲပျော်ကြီး" မိုလ်ချုပ်ပရင်ဒါဂတ်စ်က မြန်မာစစ်သားတို့အား ၎င်းတို့၏သေနတ်များကို ယူဆောင်ခွင့်ပေး၍ အိမ်ပြန်ခွင့်ပြုလိုက်ခြင်းမှာလည်း ဖြေရှင်းဖို့မလွယ်သည့် ကိစ္စတစ်ရပ်ဖြစ်နေသေးသည်။ လုပ်ဆောင်ချက်ကြောင့် အချို့မှာ မျက်နှာကိုမဲ့ကာ စိတ်ပျက်လက်ပျက်ဖြင့် လေချွန်ကောင်း လေချွန်ကြလိမ့်မည်။

၎င်းတို့ကို ထိုသို့ သေနတ်များဖြင့် အိမ်သို့ပြန်လွှတ်ခြင်းအတွက် လပေါင်းများစွာ သို့မဟုတ် နှစ်ပေါင်းများစွာ နေရာအနှံ့တွင် လုယက်သောင်းကျန်းမှုများ၊ ဆူပူမှုများရှိလာနိုင်သည့်အရေးကိုလည်း စဉ်းစားရဦးမည်။ ထိုသို့ တပ်သားများကို လက်နက်မသိမ်းဘဲ လွှတ်လိုက်ခြင်းမှာ မန္တလေးနန်းတွင်းကြီးကို သိမ်းသည့်ညက အမျိုးသမီးများအား နန်းတော်ထဲသို့ အတားအဆီးမရှိ ဝင်ထွက်ခွင့်ပေးလိုက်သည့်ထက်ပင် ကြီးကျယ်သည့်အမှားဖြစ်သည်။

အတိုချုပ်ပြောရလျှင် ဘားနဒ်သည် မူအရသော်လည်းကောင်း၊ ဒပ်ဖရင်သည်လည်း အလုပ်နှင့်တာဝန်တွေ များလှသည့်အတွက်ကြောင့်လည်းကောင်း၊ ဗြိတိသျှတို့က အကာအကွယ်ပေးထားသည့် မြန်မာဘုရင်မင်းဆက်တစ်ဆက်ကို တင်ချင်ကြသည့်တိုင် သူတို့ကာကွယ်စောင့်ရှောက်ပေးရမည့် ဘုရင်မျိုးကို ရှာ၍မတွေ့နိုင်ကြ။

ထို့ကြောင့် မြန်မာပြည်ကို သိမ်းပိုက်အုပ်စိုးခြင်းမှအပ အခြားလမ်းမရှိတော့ပြီ။ သူတို့နှစ်ဦးသည် အမျိုးမျိုးကို စဉ်းစားကြသည့်တိုင် နောက်ဆုံးတွင် ထိုဘူတာသို့သာ ပြန်၍ဆိုက်ကြရ၏။ ပြင်သစ်ဗရင်ဂျီခင်ကြီးတစ်ပါးဖြစ်သည့် ဘီဂန်းဒတ်ကလည်း သူတို့ပြင်သစ်လူမျိုးတို့၏ စဉ်းစားဉာဏ်နှင့်အညီ မြန်မာပြည်ကို ငြိမ်းချမ်းစေလိုလျှင် သိမ်းပိုက်သည့် နည်း



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ခုတည်းသာရှိကြောင်း၊ အခြားတစ်ပါးသော နည်းလမ်းတစ်ခုခုသည် အကျိုးနည်းမည့် နည်းလမ်းသာဖြစ်ကြောင်းဖြင့် ဒပ်ဖရင်ကို အကြံပေးခဲ့သည်။

မြန်မာပြည်ကို တိုက်ခိုက်သဖြင့် ဘေးမှထိုင်၍ ဝေဖန်ကန့်ကွက်နေကြသူများသည် ဘာမှ လုပ်ကိုင်ပေးဖော်မရသည့်တိုင် တာဝန်ရှိသူများမှာ မြန်မာပြည်၏ အနာဂတ် အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ဘုရင်ခံချုပ်ထံသို့ တင်ပြနိုင်ရန် နည်းလမ်းများကို စဉ်းစားကာ စီမံကိန်းတစ်ရပ်ကို ရေးဆွဲလျက်ရှိကြသည်။

နောက်တစ်ပတ်နှစ်ပတ်ခန့် ကြာသည့်အခါတွင် ၎င်းတို့တင်ပြသည့် စီမံကိန်းကို နိုင်ငံခြားရေးဌာနမှ အတည်ပြုလိုက်ပြီဖြစ်ကြောင်း၊ ထိုစီမံကိန်းအရ ဘုရင်ခံချုပ်၏ တစ်ဦးတည်းအာဏာများ၊ တစ်ချက်လွှတ်အာဏာများကို ပယ်ဖျက်ကာ တရားဥပဒေအရ အာဏာ အပ်နှင်းမည်ဖြစ်ကြောင်း သတင်းကြားရ၏။

မြန်မာပြည်သိမ်းတိုက်ပွဲစဉ်တစ်ခုလုံးကိုလည်း ဆိုင်ရာတို့က အတည်ပြုလိုက်ကြသည်။ ဗြိတိသျှတို့ဘက်မှ လေးယောက်သာကျပြီး ခုနစ်ယောက် ဒဏ်ရာရခဲ့၍ အိန္ဒိယစစ်တာရီဆယ်ဦးသာ ဒဏ်ရာရခဲ့သည်ကိုလည်း ဆိုင်ရာတို့က အတည်ပြုလိုက်ကြသည်။ အိန္ဒိယ အရာရှိတစ်ဦးမျှ ကျဆုံးခြင်းမရှိ။

မြန်မာပြည်ကို သိမ်းပိုက်လိုသူများအတွက်မှ ၎င်းဝသည် အခြေအနေနှင့် လိုက်လျောအောင်နေတင သည့် လက္ခဏာလည်းမရှိ။ ကြားခံနယ်မြေတစ်ခုအဖြစ် ထားရန်လည်း အင်အားတောင့်တင်းခြင်းမရှိသည့်အတွက် အချိန်မရွေး ပြင်သစ်နှင့် တရုတ်တို့၏ ကျူးကျော်မှုကို ခံရနိုင်သည်ဟု ယူဆကြသည်။

ရုပ်သေးဘုရင်တစ်ပါးကို နန်းတင်ထားခြင်းသည် စရိတ်စကလည်း အကုန်များ၍ အရှုပ်အထွေးလည်း အများကြီးဖြစ်နိုင်သည်ဟု ယူဆကြသည်။ သို့ဖြင့် ဒပ်ဖရင်နှင့် ဘားနဒ်တို့သည် မြန်မာရာဇပလ္လင်ပေါ်တွင် အခြားမင်းတစ်ပါးကို တင်ထားချင်ကြသည့်တိုင် အခြေအနေမပေးသဖြင့် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရကြောင်းကို မည်သူမျှ သိကြမည်မဟုတ်။ အထူးသဖြင့် အင်္ဂလိပ်ရေဒီကယ်များနှင့် ပြင်သစ်များ သိကြမည်မဟုတ်ဟု ပရိသီရိုးကြားပြီးဖြစ်၍ သူတို့အကြောင်းကို သူကောင်းကောင်းသိသည်။ အထူးသဖြင့် မြန်မာပြည်တွင်းမင်းဆက်ပြတ်သွားသည့်အတွက် ဒပ်ဖရင်သည် များစွာစိတ်မကောင်းခြင်းဖြစ်ရကြောင်းကို သူကောင်းကောင်းသိသည်။

အလောင်းဘုရားဆက်၏ ဂုဏ်သတင်းသည် (အမှန်အားဖြင့် ထိုမင်းဆက်တွင် အကျင့်သိက္ခာနှင့် ပြည့်စုံသော မင်းဆို၍ မင်းတုန်းမင်းတစ်ပါးသာရှိပါသည်။) မြန်မာပြည်တွင် အရှိန်အဝါကြီးမားဆဲဖြစ်ရာ ဒပ်ဖရင်သည် ထိုအရှိန်အဝါကို ပျောက်မသွားစေချင်။ မြန်မာပြည်ကို ယခင်ကအတိုင်း ငြိမ်းချမ်းသာယာလှပစေဖို့အတွက် ထိုအရှိန်အဝါကို အသုံးပြုကာ တိုင်းပြည်တွင် ငြိမ်ဝပ်ပိပြားအောင်လုပ်ချင်သည်။

---

သဝန်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ မလွှဲမရှောင်သာသော အကြောင်းများကြောင့် မြန်မာတို့နှင့် မြန်မာပြည်၏ အလှအပတို့သည် ပျောက်ကွယ်ခဲ့ကြလေပြီ။ ရွှေနန်းတော်ကြီးသည် ခိုင်ခံ့ပါသေး၏။ သို့ရာတွင် စွန့်ပစ်ထားသည့် အမှိုက်သရိုက်များသည် ရွှေနန်းတော်ကြီး၏ ရွှေရေးဆောင်များထဲတွင် မြင်မကောင်းအောင် စုပုံနေလေပြီ။ ရက်စက်သလောက် ပျော်ရွှင်တတ်သော လေးစားဖွယ် ဗြိတိသျှတပ်များအကြားတွင် ရွှေနန်းတော်ကြီးကို မြင်ရသည်မှာ ချစ်စရာ၊ မက်မောတွယ်တာစရာ၊ အလှအပကြည်နူးစရာဆို၍ ဘာမျှမရှိတော့။

သို့ရာတွင် ပျောက်ဆုံးသွားသည့် ရွှေနန်းတော်အလှအပ၊ ကျက်သရေတို့နေရာတွင် အသစ်များရောက်နေသည်ကို တွေ့ရ၏။ ပဒုမ္မာသနပလ္လင်ဆောင်ထဲရှိ သက္ကလတ်စိမ်းစိမ်းအုတ်သင်ပုန်းကြီးတစ်ချပ်ပေါ်တွင် ဗိုလိုပြိုင်ပွဲစာရင်းများကို ချိတ်ထား၍ စားပွဲရှည်ကြီးတစ်လုံးပေါ်တွင် အင်္ဂလိပ်ရုပ်စုံသတင်းစာ၊ မဂ္ဂဇင်းများက ပြန့်ကြဲလျက်။ ဟင်္သပဒါးသုတ် နံရံကြီးပေါ်တွင် ဗိတိုရိယဘုရင်မကြီးပုံကို ချိတ်ဆွဲထားသည်ကိုလည်း မြင်နိုင်သည်။

ရွှေနန်းတော်ကြီးသည် ယခင်ကဲ့သို့ပင် တန်ဖိုးမရှိလှသော်လည်း ထိုအကြောင်းကို ယခင်က မသိခဲ့ကြ။ မင်းတို့သည် သူတို့နန်းတော်ကြီးများကို ကျောက်ဖြူသားဖြင့် ဆောက်ခဲ့ကြ၏။ မြန်မာဘုရင်ကိုကာ သစ်များဖြင့်သာ ဆောက်လုပ်ခဲ့ကြ၏။ ပါရှန်မင်းတို့သည် သူတို့နန်းတော်တိုင်များကို စိန်ဖြင့်စီခြယ်ထားသော်လည်း မြန်မာတို့က ဖန်တု၊ မှန်တုများဖြင့်သာ စီခြယ်ထားကြ၏။

ယခင်က အရှေ့တိုင်းဖြစ်ကော်ဇောများကိုသာ သုံးကြတော့လည်း ယခု အော်ဘူဆန်ပြင်သစ်ကော်ဇောများနှင့် ဝက်စမင်စတာ အင်္ဂလိပ်ကော်ဇောများကိုသာ သုံးကြတော့သည်။ မြန်မာတို့ကား ပစ္စုပ္ပန်အတွက်သာနေကြပြီး အိမ်များကိုလည်း သစ်များ၊ သွပ်များဖြင့် ပစ္စုပ္ပန်အတွက်သာ ဆောက်ကြသည်။ တံစက်မြိတ်များကို အပြီးမသတ်ဘဲထားပြီး ရွှေရေးသုတ်ထားကြသည်။

မင်္ဂလာပွဲများတွင် စံမြန်းတော်မူသည့် ဘမယာသနပလ္လင်၊ နိုင်ငံခြားသံတမန်များလက်ခံတွေ့ဆုံရာ ရဟာန်းတို့ကို လစဉ် ဆွမ်းခဲဖွယ်ပစ္စည်းလေးပါးတို့ လှူဒါန်းရာ အရှင်နှစ်ပါးတို့ကိုယ်တော်တိုင် ဆင်မြင်းစစ်သည်ဗိုလ်ပါတို့ကို ဗိုလ်ရှုခံရာ၊ ထို့နောက်၌ ဘဝမင်းတရားကြီးကိုယ်တော်တိုင် စံမြန်းတော်မူရာ သီဟာသနပလ္လင် စသည့်နေရာများတွင် အာဏာပိုင်အသစ်တို့သည် ဝင်လိုက်ထွက်လိုက် အလုပ်များလျက်ရှိကြကာ ယခင်က ပွဲသဘင်များကျင်းပလေ့ရှိသော်လည်း ယခုမူ ကွန်ဖရင့်များ၊ အရာရှိတို့၏ အစည်းအဝေးများနှင့် များပန်းခပ်မျှ ရှိနေကြသည်။

မိဖုရားတို့စိုးစံရာ ပဒုမာသန ပလ္လင်အနီးတွင်မူ အရာရှိငယ်တို့သည် စားပွဲများပေါ်တွင် ခြေထောက်တင်ကာ စုဖုရားလတ်အကြောင်းကို နောက်ပြောင်ပြောဆိုနေကြသည်။ ပါတော်မူခဲ့ပြီးသော မြန်မာဘုရင်တို့ကို လှောင်ပြောင်ရေးသားထားသည့် ပန့်ချ်မဂ္ဂဇင်းမှ ကာတွန်းတို့ကိုဖတ်၍ ရယ်ပွဲဖွဲ့နေကြသည်။ အင်္ဂလိပ်အမျိုးသမီးများသာမက ခရီးသည်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် လိုက်ပါလာကြသည့် အမေရိကန်အမျိုးသမီးများပင်လျှင် မိဖုရားလို နေဖူးသည်ရှိအောင်ဟုဆိုကာ ပဒုမာသနပလ္လင်ပေါ်တွင် တက်ထိုင်သူက ထိုင်နေကြသည်။ သူတို့လုပ်ပုံကြောင့် ပလ္လင်များသည်ပင်လျှင် အပေါ်စားဆန်ကာ တန်ဖိုးမဲ့နေကြသည်။ ပလ္လင်များပေါ်တွင် ထွင်းထုထားသည့် ပန်းကြွလက်ရာများကြောင့်သာလျှင် နဂိုအလှတို့မပျက်စီးကြခြင်းဖြစ်၏။

မှလက တပ်ဆင်ထားသည့် ခန်းဆီးကန့်လန့်ကာ၊ ကုလားထိုင်ဖုံး၊ မီးအုံးဖုံးတို့သည်လည်း တွန့်ကြေပောင်းနွမ်းနေကြလေပြီ။ သို့ရာတွင် လန်ဒန်မြို့တွင် ဖိမ်ဖြင့် ထိုင်အရုပ်ရေးနေကြသည့် ကာတွန်းဆရာများ၊ စာရေးဆရာများရေးသလောက်တော့ မစိုးဟု ပရိုသီရိုးထင်သည်။ သူတို့ရေးသည့် ကာတွန်းများ၊ ပြက်လုံးများသည် သူ့အတွက် ရယ်စရာမကောင်း။ ယုတ်ညံ့သိမ်ဖျင်းသည်ဟုပင် သူထင်လိုက်မိသေးသည်။

တစ်နေ့သ၌ ပရိုသီရိုးသည် ပဒုမာသနပလ္လင်ခန်းရှိ စားပွဲရှည်ကြီးတစ်လုံးတွင် ထိုင်ရင်း ပန့်ချ်မဂ္ဂဇင်းကို လှန်လှောကြည့်နေမိသည်။ အင်္ဂလိပ်သတင်းစာများထဲတွင် မြန်မာပြည်ကို သိမ်းပိုက်သည့်ကိစ္စနှင့်ပတ်သက်၍ အရေးတယူရေးထားသည်ကိုမတွေ့ရ။ ခါတွန်းမြို့ကျသည် ကိစ္စလောက်မျှပင် ရေးသားဖော်ပြခြင်းမပြုကြ။

သို့ရာတွင် ပရိုသီရိုးသည် သူဖတ်လိုက်သည့် သတင်းတစ်ပုဒ်ကြောင့် ကိုယ့်လူမျိုးအစား ကိုယ်ရှက်မိသည်။ ဥပမာအားဖြင့် "သီပေါမင်း၏ နေ့စဉ်မှတ်တမ်း" ဆိုသည့် ဆောင်းပါးတစ်ပုဒ်ဖြစ်သည်။

"တနင်္လာနေ့ . . . အားလုံး ချောမောအဆင်ပြေသွားသည့်အတွက် ဝမ်းသာသည်။ နောက်တစ်ပတ်တွင် ဗိုလ်ရှုသဘင်ကျင်းပရန် စီစဉ်ထားသည့်ကြားထဲမှ မန္တလေးရွှေမြို့တော်ကြီးနှင့် တပ်တော်ကြီးကို ပေးအပ်လိုက်ရသဖြင့် များစွာ စိတ်နှလုံးကြေကွဲခြင်းဖြစ်ရသည်။ ယခုမူ ကုလားဖြူတို့ ဝင်ရောက်တိုက်ခိုက်သဖြင့် ငါ၏အစီအစဉ်အားလုံး ပျက်စီးရလေပြီ။ ကုလားဖြူတို့သည် တိုင်းပြည်ကို မည်သို့အုပ်ချုပ်ရမည်ကိုမသိကြ။ ယခု သင်းတို့သိမ်းပိုက်ထားသည်မှာ နှစ်ဆယ့်လေးနာရီရှိပြီဖြစ်သည့်တိုင် မည်သူ့ကိုမျှ သတ်ဖြတ်ခြင်းမပြုကြသေး။ ငါ၏ဝန်ကြီးချုပ်ကိုပင် ကားစင်သို့ မတင်ကြသေး"

"အင်္ဂါနေ့ . . . ကုလားဖြူတို့သည် ငါကိုယ်တော်တိုင်နှင့်တကွ ငါ၏ လုပ်ကိုင်ဆောင်ရွက်ပုံများကို တဖြည်းဖြည်း နားလည်လာကြလေပြီ။ ယနေ့မနက်တွင် မြွေအရှင်ကို ချက်စားရာ များစွာ ခံတွင်းတွေ့လှ၏။ ကုလားဖြူအကြီးအကဲနှင့် ယနေ့တွေ့ဆုံသည်။ ယဉ်ကျေးပျူငှာရှိသည့်တိုင် ငါ့သက်တော်ရှည်ဝန်ကြီးအား ရေနွေးဖြင့်လောင်းသတ်ခြင်းပြုရန် ငြင်းဆိုနေကြသည်။

သီပေါမင်းသည် လူများစွာကို ညှဉ်းပန်းသတ်ဖြတ်ခဲ့သည်မှာ မှန်၏။ သီပေါမင်း၏ အုပ်ချုပ်မှုသည်လည်း ဆိုးရွားခဲ့သည်မှန်၏။ သို့ရာတွင် ယခုကဲ့သို့ ရေးခြင်းမှာကား ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com


ကိုယ် အထင်ကြီးသလောက် ဘစ်ဖက်သားကို ချိုးချိုးနှိမ်နှိမ် ရေးရာရောက်သည်ဟု ပရိသီရိုး ထင်သည်။

ပရိသီရိုးသည် စိတ်ပျက်လက်ပျက်ဖြင့် ပြန်လာခဲ့၏။ လမ်းတွင် ဘင်ဂျိုတစ်လက်ဖြင့် သီချင်းဆိုတီးမှုတ်နေသည့် အရာရှိကလေးများကို တွေ့ရသည်။ သူတို့ဆိုနေသည့် သီချင်းမှာ ‘ကဗျာတစ်ပုဒ်ကို အသံသွင်းထားခြင်းဖြစ်၏။ ကဗျာအဆုံးတိုင်းတွင် "ဘုရင်မင်း အဖြစ်မှ သက်ဆင်းရမည်" ဆိုသည့် စာသားကလည်း အမြဲပါသည်။

"သီပေါဘုရင်သည် စိတ်ပျက်စရာမင်းဖြစ်သည်။

မူးယစ်သောက်စား ပျော်ပါးလွန်ကဲသည်။

ဘုရင်မင်းအဖြစ်မှ သက်ဆင်းရမည်"

ဘင်ဂျိုတီးနေသည့် အရာရှိလေးသည် ထိုအပိုဒ်ကို စိတ်ပါလက်ပါတီးပြီးနောက် ခဏရပ်လိုက်ပြီးလျှင် စားပွဲပေါ်မှ အရက်ခွက်ကိုယူ၍ မော့လိုက်သည်။ ထို့နောက် ဆက်ပြီး တီးပြန်သည်။

"သီပေါဘုရင်သည် နီရှိသီရိုးထက်ပင် ရက်စက်သည်

ကျားတစ်ကောင်လို ခုန်အုပ်လိမ့်မည်

သူ့ရဲကောင်းလည်းမဟုတ်ပြီ

ဘုရင်အဖြစ်က သက်ဆင်းရမည်"

ဘင်ဂျိုတီးနေသည့်အရာရှိက စိတ်ပါလက်ပါဖြင့် တီးနေပြီး အခြားအရာရှိငယ်များက သံပြိုင်လိုက်ဆိုကြသည်။

"ယခင်ဗြိတိသျှတို့နှင့် ကုန်သွယ်မှုမပြုတော့ပြီ

ဆင်းရဲမွဲတေ ကြေပျက်ခဲ့ပြီ တန်ဆာလက်မှတ်ပျောက်ရသူတို့ မွဲတေကြပြီ"

ဘာတန်ဆာလက်မှတ်လဲ။ သင်္ဘောပေါ်သို့တက်သည့်အခါတွင် လက်ခံရရှိကြောင်းပြသည့် ပြေစာစာရွက်စုတ်ကလေးကို ပြောခြင်းဖြစ်မည်ဟု ပရိသီရိုးတွေးသည်။

"ဘုရင်မင်းအဖြစ်က သက်ဆင်းရတော့မည်"

နောက်ဆုံးအပိုဒ်ကို ဆက်ဆိုပြန်သည်။

"သူ့လက်အောက်ခံများသည်

ဗြိတိသျှတို့လက်အောက်သို့ ခိုလှုံကြပြီ

သီပေါမင်းကို စွန့်ခွာကုန်ကြပြီ

ဘုရင်မင်းအဖြစ်မှ သက်ဆင်းရတော့မည်"

ပရိသီရိုးသည် ထိုသီချင်းကို ကြားရသည့်အခါတွင် ဒေါသလည်းထွက်၊ စိတ်လည်း ပျက်လျက် ခပ်သွက်သွက်လျှောက်လာခဲ့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

## ပျောက်ဆုံးသွားသော ရွှေတိဂုံမြင်ကွင်း

ဖဲင်နီတစ်ယောက် ရှေးဟောင်းပစ္စည်းရောင်းသူနှင့် လက်ထပ်တော့မည်ဟု ဆီလာ့ထံမှ ကြားရသည့်အခါတွင် အက်ဂါသာက . . .

"အံ့ပါရဲ့ကွာ . . . လင်ကို ထည်လဲနဲ့များ ယူနေသလားမသိဘူး။ ပြီးတော့ ယူတဲ့ လင်ကလည်း ကုလားတဲ့"

ဟု မဲ့ရွဲ့ကြသည်။

ဆီလာက အုပ်အုပ်ဆိုင်းဆိုင်းလေသံမျိုးဖြင့် . . .

"ကုလားတော့ မဟုတ်ပါဘူးကွယ်။ ဇေဒပါရီပါ။ အမေက ဗမာပါ"

"ဒါကုလားမဟုတ်လို့ ဘာလဲကွ။ အတူတူပေါ့"

ဆီလာ မရယ်ဘဲမနေနိုင်တော့။

"ဖဲင်နီက မစ္စတာဘက်ရှောနဲ့ လက်ထပ်တုန်းက ကိုယ့်ကိုလှောင်ခဲ့တာ မင်းမှတ်မိသေးလား။ ကိုယ့်ကို ကပြားနဲ့တူတယ်တဲ့။ ကျီးကန်းတောထဲမှာ ပျော်နေတယ်တဲ့။ ခုတော့ သူယူမယ့် မာဘုဆိုတဲ့ကုလားက ဗမာထက်တောင်ဆိုးသေးတယ်။ မည်းလိုက်တာကလည်း ကျီးကန်းကတောင် အစ်ကိုကြီးခေါ်ရလိမ့်မယ်။ သူပြောတာ မှတ်မိသေးရဲ့လားဆိုပြီး မေးချင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မည်သူမျှ ဖဲင်နီအား ထိုအကြောင်းကိုမေးရန် အခွင့်အရေးမရလိုက်ပါ။ ဖဲင်နီသည် ရန်ကုန်သို့ဆင်းသွားသည်ဟုသာ ကြားလိုက်ရသည်။ သူတို့ကိုပင် နှုတ်ဆက်စာလေးတစ်စောင် ရေးမပစ်ခဲ့၊ ရန်ကုန်သို့ရောက်လျှင်မူ မစ္စတာမာဘုဆိုသည့် ကုလားနှင့် လက်ထပ်ပေလိမ့်မည်။ မာဘုသည် ကျီကျီတက်မချမ်းသာသည့်တိုင် လူကောင်းတစ်ယောက်သာဖြစ်သည်ဟု ရော်လင်ဆန်က ပြောပြဖူးသည်။ တစ်ခါက ရွှေနန်းတော်ကြီး၏ အသိုင်းအဝိုင်းတွင် ကျက်စားခဲ့သည်ဟု ကြားရဖူးသည်။ ထိုသတင်းများအရ ဖဲင်နီသည် ဘုံဘေသို့အသွားတွင် မဒရပ်သို့ ခေတ္တဝင်ရောက်ကာ သီပေါမင်းနှင့် စုဖုရားလတ်တို့ကို ဖူးမြော်သွားသည်ဟု သိရ၏။

ဖဲင်နီသည် မည်သူ့ထံမှ စာရေးခြင်းမပြု။ ဖဲင်နီသည် ထိုအသိုက်အဝန်းမှ စုံးစုံးမြုပ်သွားကာ ပျောက်ခြင်းမလှ ပျောက်တော့သည်။ စုဖုရားလတ်သည်ပင်လျှင် ထို့အတူ အခြေအနေတို့ အပြောင်းလဲကြီး ပြောင်းလဲသွားလေပြီ။

ပိတောက်ပင်တို့ပေါ်တွင် ရွှေပွင့်ရွှေစက်တွေ အကြိမ်များစွာ ဖူးပွင့်ခဲ့ကြလေပြီ။ မိုးတိမ်များတွင်လည်း မိုးစက်မိုးပွင့်တွေ၊ ငွေစက်ငွေပွင့်တွေကို ကြိမ်ဖန်များစွာ ဖူးပွင့်ခဲ့ကြလေပြီ။ မြန်မာနိုင်ငံတစ်ဝန်းတွင် သောင်းကျန်းနေကြသော လူဆိုးဓားပြတို့ သောင်းကျန်းမှုတို့ကလည်း ထိုသောင်းကျန်းမှုကာလတွင် ပီယာပါပွန်နှင့် ဖယ်ယာတို့ ဆုံးခဲ့ကြ၏။

အင်္ဂလိပ်တို့သည် မြန်မာပြည်ကိုသိမ်းပိုက်ခဲ့စဉ်ကထက် တိုင်းပြည်ကို ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းတွင် ပို၍ကြာရှည်စွာ လုပ်ဆောင်ခဲ့ရပြီး ပို၍အသက်ပေးခဲ့ကြရ၏။ မြန်မာလူမျိုးသည် ကမ္ဘာပေါ်တွင်ရှိသည့် လူမျိုးများအနက် အကြင်နာတတ်ဆုံးဖြစ်ပြီး ရက်စက်စရာရှိလျှင် အရက်စက်ဆုံးဖြစ်၏။ ခရီးသွားတစ်ရံဆံတို့ကို တတ်နိုင်သလောက် စောင့်ရှောက်သော်လည်း စိတ်မထင်လျှင် လုယက်သတ်ဖြတ် ညှဉ်းပန်းတတ်ကြ၏။ မြန်မာတို့သည် သေခြင်းနှင့် နာကျင်ခြင်းတို့ကို ထီမထင်ကြသော်လည်း သေနတ်တစ်ချက်ပစ်ဖောက်သံကြားလျှင် ထွက်ပြေးတတ်ကြ၏။

မြန်မာတို့၏စိတ်ဓာတ်တွင် ကိန်းအောင်းနေသည့် ထူးဆန်းသော ထီမထင်စိတ်ဓာတ်သည် ရာဇဝတ်မှုကျူးလွန်ခြင်းသို့ လျင်မြန်စွာ ကူးပြောင်းသွားတတ်ကြ၏။ သို့မဟုတ်လျှင်လည်း ကုသိုလ်ကောင်းမှုပြုသည့်ဘက်သို့ အလွယ်တကူ ကူးပြောင်းသွားနိုင်၏။ ဘာသာတရားကို ကိုင်းရှိုင်းကြသည့်တိုင် လောင်းကစားခြင်းပြုကြ၏။ ပျော်ပျော်နေတတ်ကြ၏။ သူတို့ကိုယ်သူတို့ အထင်ကြီးတတ်ကြ၏။

သို့ရာတွင် ဘဝဟူသည် အရိပ်ပြပွဲနှယ်တကားဟု သက်ဝင်သော ခရစ်ယာန်ဘာသာဝင်တို့သည်လည်း ထို့အတူမျှသာဖြစ်သည်ဟု ပရိုသီရိုးတွေးမိသည်။ မြန်မာတို့သည် အလွန်အယူသီးသူများလည်းဖြစ်၏။ သို့ရာတွင် ခရစ်ယာန်များသည်လည်း ဘာခြားနားသေးသနည်း။ မြန်မာတို့သည် ဗုဒ္ဓခြေတော်ရာကို ယုံကြည်သက်ဝင်သည့်နည်းတူ ခရစ်ယာန်တို့သည်လည်း ထရီဗီဝတ်ရုံကို ကိုးကွယ်ကြသည်သာ မဟုတ်လော။



www.burmeseclassic.com

www.burmeseclassic.com



ပရိုသီရိုးသည် လူ့ဘဝအကြောင်းကို မြန်မာပြည်ရောက်မှ သိရှိနားလည်ခဲ့ရခြင်း ဖြစ်၏။ အထူးသဖြင့် မန္တလေးသို့ရောက်မှ သိခဲ့ရခြင်းဖြစ်၏။ သူသည် အိမ်ထောင်သည်ဘဝနှင့် ကလေးတို့၏ဖခင်ဘဝကို သိခဲ့ရ၏။ သူသည် ခရစ်ယာန်သာသနာကို သက်ဝင်ယုံကြည်သည့်တိုင် အခြားသောဘာသာများတွင်လည်း သူနည်းနှင့်သူ ကောင်းသောအရာများရှိသည်ဟု ယုံကြည်လာခဲ့၏။

စင်စစ်ခရစ်ယာန်ဘာသာသည် အခြားဘာသာများထက် ဘာမျှမသာ။ လက်တွေ့ကျသည့်ကိစ္စကို ဆောင်ရွက်ရာတွင် သာခြင်းဖြစ်သည်ဟု ပရိုသီရိုး ယူဆသည်။ ဗုဒ္ဓဘာသာဝင်သည် ငြိုးခြံကျင့်သုံး၍ တစ်ဦးတည်း သံသရာမှလွတ်မြောက်ရန်ဆိုသည့် ရည်မှန်းချက်သက်သက်ရှိရုံမျှဖြင့် မေတ္တာကရုဏာရှိမည်ဟု အမိပ္ပာယ်မထွက်။

မြန်မာလူမျိုးတို့သည် ကြင်နာသနားတတ်သော လူမျိုးဖြစ်သည်။ လူမျိုးတကာတွင် အလှူဒါနရက်ရောသော လူမျိုးတစ်မျိုးဖြစ်ရုံမက ဗုဒ္ဓဘာသာသည် အလှူဒါနပြုခြင်းကိုဟော၍ ရက်စက်ကြမ်းကြုတ်ခြင်းကို တားမြစ်၏။ သို့ရာတွင် ကရုဏာကို လက်တွေ့ကျင့်သုံးခြင်းနှင့် ရက်စက်ကြမ်းကြုတ်မှုကို လက်တွေ့ရှောင်ကွင်းခြင်း ကိစ္စတို့သည် တခြားစီသာဖြစ်၏။ သူ့သားငယ် ဂျွန်။ သူ့သားငယ်ဂျွန်သည် တစ်နေ့တွင် မည်သို့များဖြစ်လာလေမည်နည်း။ အယ်ဒီကမူ သူ့ကိုယ်သူထိန်းနိုင်သည်။

သို့ရာတွင် ဂျွန်က ထိုသို့မဟုတ်။ သူ့သားငယ်သည် သူ့လို သူ့အဘိုး မစ္စတာလန်စဒင်လိုပင် တစ်နေ့တွင် လူလားမြောက်လာရတော့မည်။ ပရိုသီရိုးသည် ထိုသို့တွေးရင်း သူနှင့် စိတ်သဘောချင်းတိုက်ဆိုင်တတ်သော သူ့ယောက္ခမ မစ္စတာလန်စဒင်ကို သွား၍သတိရသည်။ အက်ဂါသာမှာကား သူတို့နှစ်ယောက်နှင့် နည်းနည်းမှမတူ။

သူက သူ့သားကြီးဂျွန်ကို အနုပညာသည် ဖြစ်စေချင်သည်။

သို့ရာတွင် အက်ဂါသာကမူ . . .

"ကလေးတွေကို အလွတ်ပညာသင်ကျောင်း ကောင်းကောင်းမှာထားရမယ်။ အက်ဒီကိုတော့ ဆင်းဒတ်စ်ကိုပို့ရမယ်။ အက်ဒီက စစ်သားဗီဇပါလာပြီးသား"

ကလေးတွေကို ဘိလပ်သို့ပို့၍ ပညာသင်ကြားရတော့သည်။ ပရိုသီရိုးတွင်လည်း ငှက်ဖျားရောဂါ စွဲကပ်နေပြီ။ သို့ရာတွင် အရှေ့တိုင်းတွင် ကာလကြာရှည်စွာ နေထိုင်ခဲ့သူများဖြစ်လေ့ရှိသည့် ထုံးစံအတိုင်း ပရိုသီရိုးသည် အနောက်တိုင်းသို့ ပြန်ရမည်ကို စိတ်ပျက်နေသည်။သို့ရာတွင် မပြန်၍ မဖြစ်။ သူတို့လင်မယားသည် အင်္ဂလန်သို့ ပြန်ရလိမ့်မည်။ ချယ်တယ်ဟန်မှာပဲနေရမလား၊ ဒါမှမဟုတ် တခြားစိတ်ပျက်စရာကောင်းသည့် တစ်နေရာမှာပဲနေရမလားဟု ပရိုသီရိုးစိတ်ပျက်စရာ တွေးမိသည်။ သူ့ကို ချီချက်စကားအနီးက ရွာကလေးတစ်ရွာတွင် သာသနာပြုအလုပ်ပေးခဲ့စဉ်က ငြင်းခဲ့မိသည့်အတွက် သူနောင်တရသည်။

ယခုဆိုလျှင် သူ့သားငယ်များ ကြီးပြင်းလာသည့်အခါတွင် ဘုရားရှိခိုးကျောင်းကောင်းကောင်းရှိသည့် လန်းဟင်းတွင် ထားရမည်။ အက်ဂါသာမှ မကြာခဏ လန်ဒန်သို့



www.burmeseclassic.com

www.burmeseclassic.com


တက်ကာကလေးငယ်များ၏ အကယ်ဒမီကျောင်းဖြစ်သော ပူနားအသင်းတိုက်သို့သွားကာ အစည်းအဝေးကို မကြာခဏတက်နိုင်တော့မည်။ မည်သို့ဆိုစေ သူသည် မြန်မာပြည်မှခွဲခွာ ရတော့မည်။

အင်္ဂလိပ်တို့ မြန်မာပြည်ကို သိမ်းပိုက်လိုက်သည့်အခါတွင် ပရိုသီရိုးသည် ထိုသို့ ပင် တွေးမိသည်။ ကုန်းဘောင်မင်းဆက်နှင့် ရွှေနန်းတော်ကြီးသည် သူ့ဘဝတွင် ဘယ်တုန်း ကမျှ မရှိဖူးသည့်နှယ် သဘောထားလိုက်ရတော့မည်။ ဤသို့စဉ်းစားရသည်မှာ ရယ်စရာ တော့ကောင်းသည်။ သို့ရာတွင် သူသည် ငယ်စဉ်ကတည်းက မန္တလေးသို့ရောက်လာခဲ့ကာ မင်းတုန်းမင်းကြီးလက်ထက်တော် တစ်ချိန်လုံးနှင့် သီပေါမင်းနန်းတက်စ အန္တရာယ် အများ ဆုံးအချိန်များတွင် တစ်လျှောက်လုံးနေခဲ့ရသည်။ ထို့ကြောင့် မြန်မာစိတ်သည် သူ့အရိုးထဲ သို့ ရောက်ကာနေလေပြီ။ မြန်မာကို သူချစ်သည်။

သူ့ဘဝတွင် ပီတိကို ထိုစဉ်ကသာလျှင် ခံစားခဲ့ရဖူးသည်။ တစ်ညနေခင်း အက်ဂါ သာနှင့် ကျုံးဘေးတွင် လမ်းလျှောက်စဉ်က ထိုပီတိမျိုးကိုပင် သူပထမဆုံး ခံစားခဲ့ဖူးသည်။ ယခုပြန်တွေးလျှင် ထိုအဖြစ်အပျက်သည် ရယ်စရာကောင်းချင် ကောင်းနေပေလိမ့်မည်။ အမှန်စင်စစ် ထိုပီတိသည် တံလျှပ်ကိုရေထင်၍ လိုက်မှားမိခဲ့သော ရွှေသမင်၏ ပီတိမျိုးသာ ဖြစ်သည်ကို သူသိလေပြီ။ မည်သို့ဖြစ်စေ ပီတိသည် ပီတိသာဖြစ်၏။ ယခင်တုန်းကမူ ပီတိ ဆိုသည်မှာ ဘာသာတရားတွင်သာ တွေ့နိုင်သည့်အရာဟု သူထင်ခဲ့သည်။ ထို့နောက် လူလူ ချင်း တစ်ဦးကိုတစ်ဦး ချစ်ခင်မြတ်နိုးမှုထဲတွင်သာ တွေ့နိုင်သည့်အရာဟု သူထင်ခဲ့သည်။

ယခုအချိန်တွင် လူအများက ထိုအရာများကို ဝိုးတိုးဝါးတားဖြစ်နေကြသည့်တိုင် ပရိုသီရိုး ကောင်းကောင်းသိသည်။ ပရိုသီရိုး နမြောတသ လွမ်းဆွတ်ခြင်းမှာ အင်းဝရွှေနန်း မဟုတ်။ အတိတ်ကို လွမ်းဆွတ်ခြင်းဖြစ်သည်။ ဖဲင်နီ၏ခံစားချက်မျိုးကို ကိုယ်ချင်းစာနာနား လည်နိုင်သူမှာ မန္တလေးတစ်မြို့လုံးတွင် သူတစ်ယောက်တည်းသာရှိသည်ဟုလည်း သူထင် သည်။

အမှန်အားဖြင့် ဖဲင်နီသည် သူ့လိုပင်တွေးလိမ့်မည်ဟု အထင်ကြီးသည်မှလွဲလျှင် ပရိုသီရိုး၏အထင်သည်လည်း မှန်ပါသည်။ ထိုသို့ထင်ခြင်းမှာ သူနှင့်အတူ အခြားသူများ သည်လည်း ဖဲင်နီနှင့် စုဖုရားလတ်တို့ကို တသသ လွမ်းဆွတ်အောက်မေ့နေကြလိမ့်မည်ဟု ထင်းခြင်းကြောင့်မဟုတ်။ တစ်ခါက ကြီးကျယ်သည်ဟုထင်ခဲ့ရသော အဖြစ်အပျက်တစ်ခု သည် ကာလကြာသည့်အခါတွင် သေးငယ်သွားတတ်ကြသည်သာ မဟုတ်လော။

သို့ရာတွင် အင်္ဂလန်သို့ပြန်ကာနီး ရန်ကုန်သို့ဝင်၍ ဆီလာနှင့်တွေ့သည့်အခါတွင်မူ အတိတ်ကအကြောင်းတို့သည် သူ့မျက်စိထဲတွင် တရေးရေးပြန်ပေါ်လာခဲ့သည်။ သူရောက် စဉ်က ဆီလာမှာသူနှင့် ဆွေမျိုးနီးစပ်တော်သည့် အရပ်ထောင်းထောင်းမောင်းမောင်း အား မေးနီးယန်းအမျိုးသားတစ်ဦးနှင့် လက်ထပ်တော့မည့်ဆဲဆဲဖြစ်၏။ နောက်များမကြာမီ



www.burmeseclassic.com

www.burmeseclassic.com



ဆီလာသည် ထိုသူနှင့် အင်္ဂလိပ်ဘုရားရှိခိုးကျောင်းတစ်ကျောင်းတွင် လက်ထပ်လိုက်ကြ၏။ သာသနာပြုမိတ်ဆွေများလည်း သူတို့ကို လာရောက်နှုတ်ဆက်ကြ၏။

ပရိုသီရိုးသည် သူတို့တစ်တွေ ဂရုတစ်စိုက် လာရောက်နှုတ်ဆက်ဖော်ရသဖြင့် ဝမ်းသာသည်။ သို့ရာတွင် သူတစ်ယောက်တည်း အေးအေးဆေးဆေးထိုင်ကာ အတိတ် အကြောင်းကို ပြန်တွေးချင်သဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဧရာဝတီမြစ်ထဲမှ ဝါကြန့်ကြန့်ရေမြှုပ်များက ငါးမန်းယက်ကြီးထဲမှ လက်ထွက်လာသည့်အခါ၌ အက်ဂါသာ သည် သင်္ဘောလက်ရန်းကိုမှီကာ ကမ်းသို့ လှမ်းကြည့်လိုက်သည်။

သို့ရာတွင် သူ့မျက်လုံးများသည် ရွှေရောင်တွေ ပြိုးပြိုးပြက်ပြက်တောက်နေသော ရွှေတိဂုံစေတီတော်ကြီးကို မြင်လိုက်ရသည့်အခါတွင် စေတီတော်ကြီးသို့ စူးစိုက်ကြည့်ရင်း မှ အတိတ်သို့ ပြန်ရောက်သွားသည်။ ထိုရွှေတိဂုံစေတီတော်ကြီးကို သူနှင့်ဖင်နီတို့ သင်္ဘော ပေါ်မှ ဖူးမြော်ခဲ့ကြသည်မှာ မနေ့တစ်နေ့ကပင် ထင်နေသေးသည်။ သြော် . . . ဖင်နီတစ် ယောက် ဘယ်ဆီသို့ ရောက်နေလေပြီမသိ။ တစ်ခါက ရွှေနန်းတော်ကြီးတွင် မော်ကြွားခဲ့ဖူး သည့် ဖင်နီသည် ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်သည့် အချိန်မှစ၍ ပျောက်ကွယ်သွားသည့်တိုင် သူ့ရုပ်သွင်ကိုမူ တရေးရေးမြင်နေရဆဲ။

တစ်နေ့ရာတွင် ခပ်ဝဝခပ်ဖိုင့်ဖိုင့် ဖင်နီသည် လှုပ်ကုလားထိုင်ပေါ်တွင်ထိုင်ကာ ကုလားဟင်းကို စားနေပေလိမ့်နည်း။ သို့ရာတွင် ထိုဖင်နီသည် အက်ဂါသာနှင့်အတူ ဘရိုက် တန်မှ မန္တလေးသို့လာခဲ့သည့် ဖင်နီ မဟုတ်တော့ပြီ။ စိတ်ကူးထက်ထက်မြက်မြက်မရှိသည့် အက်ဂါသာ၏စိတ်ထဲတွင်မူ မန္တလေးရွှေနန်းတော်ကြီး၏ ထူးဆန်းသော နန်းတွင်းရေးဘဝ နှင့် ဖင်နီတို့သည် အင်္ဂလိပ်လေပြင်းတိုက်ခိုက်မှုကြောင့် လောကမှ တစ်ချိုးတည်း ပျောက် ကွယ်သွားပြီဟုသာ ထင်မှတ်လျက်ရှိပေသတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

ထိုအတိုင်းပင် ဖြစ်လာခဲ့သည်။ ပရိသီရိုးသည် သာသနာ့ဝန်ထမ်းတစ်ဦးဖြစ်၏။ အက်ဂါသာမှာ ပျော်နေသည်။ ချီချက်စတာဆိုသည့် မြို့ကလေးကလည်း အေးအေးဆေးဆေး ဘာသာတရားကိုင်းရှိုင်းသည့် မြို့ကလေးဖြစ်ပေသည်။ ပရိသီရိုး သာသနာ့ဝန်ထမ်းတစ်ဦးအဖြစ် အသိအမှတ်ပြုကြသည်။ သားငယ်နှစ်ယောက်မှာလည်း လန်စဒင်ကျောင်းသို့ ရောက်လာကြလေပြီ။ အက်ဒီဇ စာတော်သည်။ ဂျွန်ကမူ ခပ်ဖျင်းဖျင်းပင်။ သူတို့ဖခင် သာသနာ့ဘောင်သို့တက်သည့်အခါတွင် သားနှစ်ယောက်၏အခြေအနေသည် ထိုအတိုင်းသာ ရှိနေကြသည်။

ပြန်ရောက်လာခါစက အက်ဂါသာသည် အင်္ဂလန်ကို တယ်မကြိုက်ချင်လှ။ ဗြိတိသျှအုပ်စိုးမှုအောက်တွင် မန္တလေးသည် ဖဲင်နီအဖို့ တစိမ်းတစ်ရံဆံမြို့ကြီးဖြစ်နေသည့်နည်းတူ ၁၉၈၀ ခုနှစ်တစ်ပိုက်က လန်ဒန်မြို့သည်လည်း အက်ဂါသာအဖို့ သူစိမ်းတစ်ရံဆံမြို့တစ်မြို့ဖြစ်နေသည်။ အော်စကာဝိုင်းလ်၊ စာအုပ်ဝါ၊ အလွန်ဆူညံသည့် ပြဇာတ်ဆရာ အော်ဗရာသီးယားစလေ၊ မစ္စတာပီနာရိုစသည့်တို့သည် အက်ဂါသာအဖို့ စိတ်ရှုပ်စရာတွေချည်းဖြစ်နေသည်။

ဖဲင်နီသည် မန္တလေးကို လာရောက်သိမ်းပိုက်သည့် အင်္ဂလိပ်များဖြစ်သည့် ဘားနဒ်နှင့် ပရင်ဒါဂတ်စ်တို့အနီးတွင် နေသားမကျဘဲ ဖြစ်နေသည့်နည်းတူ အက်ဂါသာသည်လည်း ပင်းဘရုတ်စကွဲယားပန်းခြံအနီးတွင် ထိုင်နေကာ ရေတပ်နှင့်ကုန်းတပ်မှ ဘုန်းတော်ကြီးများအနီးတွင် နေသားမကျနိုင်ဘဲ ဖြစ်နေသည်။ သို့ရာတွင် စာပေဗဟုသုတအလို့ငှာ "စထရင်းမဂ္ဂဇင်း" ကို ဖတ်နေရသည်။ ထိုမျှ စိတ်ညစ်ညူးဖွယ်ကောင်းသော ပတ်ဝန်းကျင်မှ လွတ်မြောက်ထွက်ပြေးရန်အတွက် အခြားလမ်းလည်း မရှိတော့ပြီ။

---

လဝန်းဒိုပ်ံစာပေ

www.burmeseclassic.com



အက်ဂါသာသည် တစ်ခါတစ်ရံတွင် စိန့်ကူးဗတ်ဘုရားရှိခိုးကျောင်း စသည်တို့သို့ သွား၍လည်းတတ်၏။ တစ်ခါတစ်ရံတွင်လည်း တော်တော်ဝေးသော ဘုရားရှိခိုးကျောင်းများသို့ သွားလည်တတ်၏။ ပရိုသီရိုးကမူ ဂျော့ဟားဗတ်ဘုရားရှိခိုးကျောင်းသို့ သွားတတ်၏။ ထိုဘုရားရှိခိုးကျောင်းမှာ သပ္ပာယ်သောအလှကို ဆောင်ရုံမျှမက အင်္ဂလိပ်ဆန်သည်ဟုလည်း သူယူဆသောကြောင့် ဖြစ်သည်။

ဆပ်ဆက်ပြည်နယ်သည်လည်း ပင်ဘရုတ်ပန်းခြံရပ်ကွက်နှင့် ဘာမှမထူးခြားလှဟု အက်ဂါသာယူဆသည်။

"မြန်မာပြည်မှာ ကျွန်မတို့နေတုန်းက . . ."

ဟုအစချီလျှင် မည်သူမျှ ထိုစကားကို နားမလည်ကြ။

"မြန်မာပြည်မှာ ကျွန်မတို့နေတုန်းက၊ ကျွန်မတို့ ငယ်ငယ်တုန်းက၊ ခု ရှင်တို့တွေ နေတာတွေထက် ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်အပျက်တွေကို တွေ့ခဲ့တုန်းက၊ ကျွန်မတို့တစ်တွေက အိပ်ရာထဲမှာအိပ်နေရင်း ဖမ်းပြီးအသတ်ခံရတော့မယ့်ဆဲဆဲတုန်းက၊ ရှင်တို့ ခုတွေ့နေရတာတွေက ဘာဟုတ်သေးလို့တုန်း။ ကျွန်မတို့ မန္တလေးမှာနေ ခဲ့ရတုန်းကမှ . . ."

ထိုစကားများကို သွားပြောနေ၍ ဘာမျှအကျိုးမထူး။ ထိုစကားများကို သူတို့ နားမလည်ကြ။ ထို့နောက်တွင်မူ ကြားရဖန်များလာသည့်အတွက် ထိုနယ်မှလူများသည် ချီချက်စတာမြို့ကလေးအနီး လင်းမ ်းဘုရားရှိခိုးကျောင်းရှိ ဘုန်းတော်ကြီး၏ဇနီး မစ္စပိုရှိနီစကားကို အနည်းငယ် စိတ်ဝင်စားစပြု ဟာသည့်အချိန်တွင် ဘိုးဝါးစစ်ပွဲကြီးဖြစ်လာခဲ့သည်။ ထို့နောက်တွင် အဖြစ်အပျက်များစွာတို့ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာခဲ့သည်ကို အက်ဂါသာ မှတ်မိသည်။

စစ်ပွဲများ တစ်ပွဲပြီးတစ်ပွဲ ရှုံးနေခြင်း၊ ဝိတိုရိယဘုရင်မကြီး နတ်ရွာစံခြင်း (နောင်အခါတွင် ကမ္ဘာကြီးတစ်ခုလုံး အတိဒုက္ခရောက်တော့မည်ဟု ထင်ခဲ့ကြသည်။) သားတော်က ထီးနန်းကိုဆက်ခံကာ တိုင်းပြည်ကိုစွတ်ကို စီမံခန့်ခွဲခြင်း၊ ထို့နောက်တွင် မင်းသားတွင် ရောဂါစွဲကပ်ခြင်း၊ ထိုမင်းသားသည် "သရဖူဆောင်းသောဘုရင်အဖြစ်သို့ မည်သည့်အခါမှ မရောက်တော့" ဟု ပြောဆိုကြခြင်း၊ "သတ္တမမြောက် အက်ဒွက်ဘုရင် ဘိသိက်သွန်းချိန်တွင် ဆဋ္ဌမမြောက်အက်ဒွက်၏ သရဏဂုံတင်ပွဲကို ကျင်းပကြရလိမ့်မည်" ဟု ပြောဆိုကြရင်း စသည့် ကောလာဟလများထွက်ခဲ့သည်။

အဓိပ္ပာယ်မှာ သာသနာ့ဝန်ထမ်းများကို တောင့်တနေကြသည့် အက်ဒွက်ဘုရင် လက်ထက်တော်က ကျမ်းစာကို ပြန်လည်ထုတ်ဝေကာ ဘုရားရှိခိုးကျောင်းများတွင် အသုံးပြုခွင့်ပေးတော့မည်ဟုဆိုသည့် သဘောဖြစ်သည်။ သို့ရာတွင် သတ္တမမြောက် အက်ဒွက်ဘုရင် နန်းတက်၍သာလာခဲ့သည်။ ဆဋ္ဌမမြောက် အက်ဒွက်ဘုရင်၏ ဘုရားရှိခိုးကျမ်းစာ ဘယ်တော့မျှ ထွက်ပေါ်မလာတော့ပါ။

---

လဝန်းခိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ပရိုသီရိုးသည် သိက္ခာတော်အရ ဆရာတော်တစ်ပါးဖြစ်လာခဲ့၏။ ဂျွန်သည် တက္ကသိုလ်ကိုစွာခဲ့ကာ ပါရီသို့သွား၍ ပန်းချီဆရာအလုပ်လုပ်မည်ဟုဆို၏။ အက်ဒီသည်လည်း စစ်ထဲသို့မဝင်တော့ဘဲ လန်ဒန်သို့ပြောင်းမည်ဟု ပြောနေ၏။

ထိုခေတ်တွင် ငွေသည် အရေးကြီးနေလေပြီ။ မော်တော်ကားတွေ ပေါ်လာ၏။ များမကြာမီဆိုလျှင် လူတိုင်း မော်တော်ကားကိုယ်စီနှင့် ဖြစ်နေကြတော့မည်။

သို့ရာတွင် မော်တော်ကားစီးဖို့ဆိုသည်မှာ ပိုက်ဆံရှိဖို့လိုသည်။ ဂျွန်သည် ပိုက်ဆံကို သည်လောက်ဂရုစိုက်သူမဟုတ်။ အက်ဂါသာနှင့် ပရိုသီရိုးတို့ လက်ထက်တုန်းကလိုပင် ဂျွန်သည်လည်း ပိုက်ဆံကို သည်လောက်အရေးထားသည်မဟုတ်။ ထိုကိစ္စကို သည်လောက်အရေးတကြီးမထားကြ။ နောက်ပိုင်းတွင် မျိုးဆက်တစ်ခုလုံးသည် ထိုကိစ္စကို သူတို့လိုပင် အရေးတကြီးထားခြင်းမရှိကြ။ ဆယ်ရာစုနှစ်စုသည် နှစ်ဆယ်ရာစုနှစ်အတိုင်းပင် ရှိနေရမည်မဟုတ်လော။

မြန်မာနိုင်ငံနှင့် မန္တလေးတို့သည်လည်း ဘယ်ဆီသို့ရောက်နေကြပြီနည်း။ သူတို့ဆီသို့ရောက်လာသည့် မိတ်ဆွေများ၏ စာများထဲတွင်သာ မြန်မာပြည်နှင့် မန္တလေးကို မြင်ရတော့သည်။ ပရိုသီရိုးသည် အေးချမ်းစွာ နေရသည့်တိုင် သူ့ဘဝကို ပျော်ပိုက်ခြင်းမရှိ။ စိတ်ပျက်လက်ပျက်ဖြင့် ဆပ်ဆက်နယ်က တောလမ်းကလေးထဲတွင် လမ်းလျှောက်ထွက်တတ်သည်။ တစ်ခါတစ်ရံတွင်လည်း တောင်ကုန်းထိပ်သို့တက်ကာ နိမ့်ဆင်းသွားသည့် တောတောင်ရေမြေတို့ကို လှမ်းမျှော်ကြည့်နေတတ်သည်။

တောင်ကုန်းအောက်ခြေတွင် တောရိပ်သည်ပါးသွားကာ သစ်ပင်များထိပ်ဖျားကို မြင်ရသည်။ ဒီရေအကျတွင် တင်ကျန်ခဲ့သည့် ဆားပွင့်များသည် နေရောင်ထဲတွင် ငွေရောင်တောက်လျှက်။ ဖျော့တော့သည့် အသွေးအရောင်၊ ကျယ်ပြန့်သည့် ကွင်းပြင်ကြီးများကို မြင်တိုင်း ပရိုသီရိုးသည် ဧရာဝတီမြစ်ကြီးထဲကို မျက်စိထဲတွင် သွား၍မြင်လိုက်မိသည်။

ဆပ်ဆက်နယ်၏ ဖျော့တော့သော နောက်ခံအရောင်တွင် ဟသ်ပဒါးရောင်၊ ရွှေရောင်တို့ဖြင့် တောက်ပနေသော ရတနာပုံနေပြည်တော်ကြီးကို မြင်မိသည်။ အက်ဂါသာသည်လည်း ထိုတောက်တောက်ပပ အရောင်အသွေးတို့ကို မြင်နေသည်။ သို့ရာတွင် သူ့မြင်ပုံနှင့် ပရိုသီရိုးမြင်ပုံတို့သည် မတူကြ။ သူ့အဖို့မူ ထိုအရာတို့သည် ပျောက်ဆုံးသွားသော အလှအပမျှသာမက ပျောက်ဆုံးသွားသော အတ္တသဖွယ်ဖြစ်နေသည်။

အင်းဝနေပြည်တော်ကြီးသည် သူ့ကို လူ့စိတ်ဝင်စားဖွယ်ဖြစ်အောင် အရေးတကြီးလူတစ်ယောက်ဖြစ်အောင် လုပ်ပေးလိုက်သည့် နောက်ခံပတ်ဝန်းကျင်ဖြစ်သည်။ ယခု အင်္ဂလန်သို့ရောက်၍ မြေပုံပေါ်တွင် မြန်မာပြည် ဘယ်နားရှိသည်ကိုပင် မသိသည့်လူများနှင့် တွေ့ရသည့်အခါ၌ကား အကြီး အကျယ်လည်း ဝမ်းနည်းသည်။ အံ့အားသင့်ခြင်းလည်းဖြစ်သည်။ မြန်မာပြည်သိမ်းတိုက်ပွဲတွင် သားဆုံးလင်ဆုံးဖြစ်ခဲ့ကြရသည့် မုဆိုးမများနှင့် အမေတချို့သာလျှင် သူ့စကားကို နားလည်ကြသည်။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အက်ဂါသာသည် အသက်လည်းကြီးလှပြီ။ (ဘယ်မျှ အရုပ်ဆိုးအကျည်းတန်သည့်တိုင်) မိန်းမတိုင်း သဘောကျနှစ်သက်ကြသော စွဲလမ်းနှစ်သက်ဖွယ်တို့သည် မရှိကြတော့။ အဝေးသို့ ထွက်သွားကြသောသားများနှင့် ကံကြမ္မာက (သူ့ခြေရင်းသို့မဟုတ်သည့်တိုင်) သူ့ဘေးသို့ ပို့ဆောင်ပေးလိုက်သော လင်ယောက်ျားကို လုပ်ကျွေးခြင်းဖြင့် သူ့ကိုယ်သူ ဖြေသိမ့်ရတော့သည်။

ယောက်ျားများ၌ရှိသော ရိုင်းစိုင်းကြမ်းကြုတ်သည့်အရာတစ်ခုကို သူကြောက်ခဲ့သော်လည်း ဘာသာတရားနှင့် ဘဝက သင်ကြားပေးလိုက်သည့်အတွက် (ထိုအရာနှစ်ခုသည် တစ်ခုနှင့်တစ်ခု ခြားနားကြသည့်တိုင် ရလဒ်ကိုပေးပုံခြင်းမှာ အတူတူပင်ဖြစ်ပါသည်) ယခုမူစိတ်အေးသက်သာဖြင့် နေထိုင်ကာ ရုပ်သေးပွဲတွင် ပွဲကြည့်အဖြစ် အေးအေးလူလူ နေနိုင်သော အခြေသို့ရောက်နေလေပြီ။ ထိုအတောအတွင်း ဖဲင်နီထံမှ စာတစ်စောင်ရောက်လာသည့်အတွက် အက်ဂါသာပျော်သွားသည်။ ဖဲင်နီ၏စာမှာ တိုတိုတုတ်တုတ်ပင်။ ဆီလာထံမှ စာလို ဖွဲ့ဖွဲ့နွဲ့နွဲ့မရှိလှ။

ဘုံဘေသည် စီးပွားရေးလုပ်ငန်းအကြောင်း၊ သို့ရာတွင် မပျော်ကြောင်း၊ မြန်မာပြည်သို့ ပြန်သွား၍လည်း မပြန်လိုတော့ကြောင်း၊ ထို့ကြောင့် အင်္ဂလန်သို့ပြောင်းရန် စီစဉ်လျက်ရှိကြောင်း၊ အမျိုးကောင်း၍ ဈေးချိုသော အိန္ဒိယနှင့် မြန်မာရှေးဟောင်းပစ္စည်းများကို ဆိုင်ဖွင့်ရောင်းမည်ဟုစိတ်ကူးကြောင်း ရုပ်ပွားတော်များ၊ ယွန်းထည်များ၊ ပိုးထည်များ၊ ဟင်္သပဒါးနှင့် ရွှေရည်သုတ်သေတ္တာများ၊ ဈေးပေါသည့် ပတ္တမြားများ၊ နီလာများနှင့် ငွေထည်များကိုရောင်းရန် စိတ်ကူးထားခြင်းကြောင်းဖြင့် ပါရှိသည်။

ရှေးဟောင်းပစ္စည်း ရောင်းသည်ဆိုလျှင် ဖဲင်နီစိတ်ထဲတွင် ပထမဆုံးပေါ်လာသည့်နေရာမှ ဘရိုက်တန်မြို့ကလေးဖြစ်၏။ အရှေ့လမ်းမတော်မှ ဆိုင်တစ်ဆိုင်မှာ ရှေးဟောင်း ပစ္စည်း တော်တော်ရောင်းရသည်ဟုကြားသည်။ ဖဲင်နီက ဆိုင်ထိုင်ရောင်းမည်။ သူ့ယောက်ျားမာဘုက ကုန်သည်သဘောဖြင့် အရှေ့တိုင်းနှင့် အင်္ဂလန်ကို ကူးသည်ခေါက်သည်ကူးကာ ရှေးဟောင်းပစ္စည်းတို့ကိုရှာမည်။

အိန္ဒိယကလူများသည် ဂျွန်ကုမ္ပဏီခေါ် အရှေ့အိန္ဒိယကုမ္ပဏီက ပစ္စည်းဟုထင်လျှင် အမြတ်တနိုးဝယ်၍ စုတတ်သည်။ ထိုအတောအတွင်းတွင် ပထမကမ္ဘာစစ်ကြီး ဖြစ်လာခဲ့သည်။ စစ်ကြီးဖြစ်လာသည့်အခါ၌ အက်ဂါသာအဖို့ပင် မြန်မာနိုင်ငံကိစ္စသည် သေးငယ်သွားသည်။ အခြားအရာဟူသမျှတို့သည်လည်း အသေးအဖွဲကလေးတွေ ဖြစ်သွားကြသည်။

ဂျွန်က လေတပ်ထဲသို့ဝင်သည်။ အက်ဂါသာက မိခင်များထုံးစံအတိုင်း သူတို့သားတွေ ချောချောမောမော ပြန်ရောက်ပါစေ။ ဘေးမသီ ရန်မခပါစေနှင့်ဟု ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့်သာ အချိန်ကုန်သည်။ စုဖုရားလတ်သည် မင်းတုန်းမင်းကြီး၏ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



သခင်ထံ ဆုတောင်းခြင်းဖြင့်သာ စတေးသည့်နည်းတူ အက်ဂါသာသည်လည်း သူ့သားတွေ အတွက်လျှင် ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသည့် ကလေးများကို စတေးကောင်းစတေးပေလိမ့် မည်။

ဝေးလံသော မြန်မာပြည်တွင်မှ ဆီလာသည် အားမေးနီးယန်း ဒုက္ခသည်များအဖွဲ့ နှင့် ရန်ကုန်မြို့ရှိ ကလေးအသေပျောက်နှုန်းတိုက်ဖျက်ရေးတို့တွင် အမှုဆောင်လူကြီးတစ်ဦး အဖြစ် ဆောင်ရွက်လျက်ရှိ၏။ ဉရောပတွင် ကလေးအသေအပျောက်နှုန်းသည် ကြီးထွားနေ သည့်အတွက် အရိုက်တန်သို့ရောက်လာ၍ ဆိုင်ဖွင့်နေကြသည့် ဖဲင်နီနှင့် မာဘုတို့ လင် မယားမှာ မငတ်ရုံတမည်သာ ရှိကြသည်။ သို့ရာတွင် အငတ်ဒဏ်ကို ညည်းညူခြင်းမရှိ။

တဖြည်းဖြည်းနှင့် အလုအပပစ္စည်းတို့သည် အခြေခံစားသောက်ကုန်တို့ထက် အရေးကြီးသည်ဆိုသည့် တန်ဖိုးထားမှု ပြန်လည်ပေါ်ပေါက်လာသည့်အခါတွင် သူတို့ဆိုင် ကလေးလည်း အတော်အရောင်းအဝယ် ပြန်ကောင်းလာခဲ့သည်။ စစ်ဖြစ်စ ပထမနှစ်ပိုင်း တွင်ပင် ဂျွန်သည် ခြေထောက်တစ်ဖက် ဖြတ်ပစ်လိုက်ရ၏။ မျက်လုံးနှင့်လက်တို့ကို မထိ ခိုက်သေးသဖြင့် တော်သေးသည်ဟုပင် ဆိုရဦးမည်။ အက်ဒီမှာ ကြီးပွားသွားကာ ပြင်သစ် ပြည်၊ ဟားဗ်မြို့ကလေးတွင် ခပ်ပျက်ပျက်မိန်းမတစ်ယောက်နှင့် ရနေသည်။

သူ့မယားပေါ်ပီကို မြင်လိုက်သည်နှင့် အက်ဂါသာသည် အပြစ်မရှိသည့်တိုင် သူ တို့လင်မယား ကွဲပါစေဟုပင် ဆုတောင်းမိသည်။အက်ဒီသည် သူ့အမေကို ကင်နွန်းကား သစ်လေးဖြင့် ဘရိုက်တန်ရှိ ဖဲင်နီထံသို့ လွှတ်လိုက်သည်။ စစ်ကာလအတွင်းတွင် အက်ဂါ သာသည် ဖဲင်နီထံသို့ သွားရောက်တွေ့ဆုံသင့်သည်မှန်၏။ သို့ရာတွင် အလုပ်ကိစ္စကြောင့် မသွားဖြစ်ခဲ့။ တစ်ခါတစ်ရံတွင် ဂဲလ်ဂိုက်ခေါ် ရှေ့ဆောင်လူငယ်တို့ကို အုပ်ထိန်းသည့်အလုပ် ကို လုပ်နေရသည်။ တစ်ခါတစ်ရံတွင်လည်း လူနာတွေအတွက် ပတ်တီးတို့၊ ဂွမ်းတို့ကို လုပ် ပေးနေရသည့်။ တစ်ခါတစ်ရံတွင်လည်း သားတွေအိမ်သို့ ခွင့်ပြန်လာသည်နှင့် ကြုံနေသဖြင့် မအားလပ်ရအောင်ဖြစ်နေသည်။

ထိုအတောအတွင်း၌ ဖဲင်နီတစ်ယောက် ဘယ်လိုနေ၊ ဘယ်လိုထိုင်သည်ကိုမသိ။ သူ့အကြောင်းကို အက်ဂါသာ ဘာမှမကြားရ။ ရွှေနန်းတော်ကြီးတွင် နေစဉ်ကထက်ပင် သတင်းအစအနများ ပျောက်နေသည်။ ဖဲင်နီသည် သူတို့ဈေးဆိုင်ပိုင်ရှင်များ လုပ်လေ့ရှိ သည့် ထုံးစံအတိုင်း ဖဲတို့ဘာတို့များ ကစားနေလေသလော။ သူကြားရသည့် သတင်းအစ အနများအရမူ ဖဲင်နီသည် ထိုပွဲများတွင်ရောက်နေသည်ဟု ကြားရသည်။

မာဘုအသားမည်းသည့် ကိစ္စသည်လည်း သူ့အဖို့ စိတ်ကူးယဉ်စရာကောင်းနေ သည်ဟု ဆို၏။ ဖဲင်နီသည် ဂျူလီတို့ရက်ကန်းစင်မှ ယက်ပေးသည့် ဖဲကြိုးပြားကလေးတွေ စည်းထားစဉ်အရွယ်က ရတနာပုံတော်ရွှေမြို့တော်ကြီးထဲတွင် နေထိုင်ခဲ့ရပုံတို့ကို အမှတ်မှ ရဦးမည်လော။ ထိုအကြောင်းတို့ကိုလည်း အက်ဂါသာ မသိနိုင်တော့ပြီ။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် စစ်ကြီးပြီးလာ၍ နေသားကျသွားသည့် တစ်နေ့ သူ့သားအက်ဒီကလည်း သူ့မယားနှင့် မက်ထရိုပိုလီတယ်တွင် တည်းခိုနေစဉ် ဖဲင်နီထံမှ စာတစ်စောင်ရောက်ရှိလာသည်တွင် အက်ဂါသာသည် သူ့သူငယ်ချင်းဖဲင်နီကို တွေ့ချင်လာသည်။ အက်ဒီသည် သူ့ကားကလေးဖြင့် ရောက်လာကာ အဖေနှင့်အမေတို့ကို အလည်လာခေါ်၏။ သူတို့သားအမိတစ်သိုက်သည် နေ့လယ်စာစားကြ၏။ အက်ဂါသာသည် စားပွဲတွင်ထိုင်ရင်း သူ့ချွေးမကို ကြည့်ကာ သူတို့ခေတ်တုန်းကသာ မိန်းကလေးတွေ ယခုလို ဝတ်ကြစားကြလျှင် မည်သို့နေမည်နည်းမသိဟု တွေးနေမိသည်။ ပရိုသီရိုးကမူ သူ့ချွေးမအကြောင်းကို သိသည့်တိုင် သဘောကျ၏။ သူ့ချွေးမသည် အရက်လည်းသောက်သည်။ သူတို့သားနှင့် ရခဲ့စဉ်ကလည်း အပျိုမဟုတ်တော့။ အနေအထိုင်ကလည်း ဗိုင်းကောင်းကျောက်ဖိထဲကမဟုတ်။ သို့ရာတွင် ဘာကြောင့်မှန်းမသိ ပရိုသီရိုးသည် သူ့ချွေးမအပေါ်တွင် အပြစ်မမြင်ချင်။

နေ့လယ်စာ စားပြီးသည်နှင့် သူ့ချွေးမပေါ်ပီသည် တစ်ရေးလောက်အိပ်ဦးမည်ဆိုကာ လူကြီးတွေကို ထားပစ်ခဲ့ပြီး အပေါ်ထပ်သို့တက်သွား၏။ သူတို့လင်မယားနှစ်ယောက်တည်း ဘရိုက်တန်မြို့ထဲသို့ လျှောက်လည်ကြရသည်။

အက်ဂါသာက သူနေခဲ့သည့်ကျောင်း စသည်တို့ကို လိုက်ပြသည်။ ထို့နောက် သူတို့လင်မယားသည် လက်တွဲကာ လမ်းမတော်သို့ ချီးခဲ့ကြသည်။

အက်ဂါသာသည် ဆံပင်ပြင်သည့်ဆိုင်ထဲမှ မှန်ထဲတွင် သူတို့လင်မယား၏နှစ်ယောက်၏ပုံကို လှမ်းမြင်လိုက်ရသည်။ အက်ဂါသာနှင့် ပရိုသီရိုးတို့ မဖြစ်နိုင်။ သူတို့လင်မယားနှစ်ယောက် မဖြစ်နိုင်။

သည်လင်မယားက အဘိုးကြီး အဘွားကြီးတွေ။ ပရိုသီရိုးနှင့်အက်ဂါသာ ခပ်ရွယ်ရွယ်တွေမဟုတ်လားဟု တွေးနေသည်။ ဦးထုပ်က မနှစ်က တင်ဆိုင်တတ်လမ်းမကြီးပေါ်မှာ ဝါဝယ်လာခဲ့တဲ့ ဦးထုပ်။ သူတို့ကပြောတော့ ပါရီဖက်ရှင်တဲ့။ ဦးထုပ်ကတော့ မဆိုးပါဘူး။ လှသားပဲ။ ခုနေ ဖဲင်နီတစ်ယောက်လည်း ဘယ်လိုများနေသေးလဲ မသိပါဘူးဟု အက်ဂါသာ တွေးလာသည်။

အက်ဂါသာသည် ဆံပင်တွေဖြူကာ အဘွားကြီးဖြစ်နေလေပြီ။ ဖဲင်နီကလည်း အသားညိုညို၊ ခပ်ဖိုင့်ဖိုင့်၊ နာခေါင်းပြားပြားပေါ်တွင် ရွှေကိုင်းမျက်မှန်တပ်လျက်။ သူ့ကိုကြည့်ရသည်မှာ ဖားပြုတ်ကို မျက်မှန်တပ်ထားသည်နှင့် တူသည်။ အသားမည်းမည်း သူ့ယောကျ်ား က(ဆီလာကမူ ကျီးကန်းဟုခေါ်သည်။) သူ့နောက်မှ ပြုံး၍ ချိုသာစွာ လိုက်ပါလာတတ်သည်။

ပရိုသီရိုးကမူ ရှေးဟောင်းပစ္စည်းဆိုင်ထဲတွင် စတတ်ဖို့ ရှိုင်းယားအရုပ်များ၊ ရှစ်ပင်ဒေး ပရိဘောဂအတုများ၊ မှန်စီရွှေချ မြန်မာပစ္စည်းများ၊ မန္တလေးပိုးထည်များ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ သစ်သားနှင့် ကြေးဆင်းတုများရောင်းနေသည့် မာဘုကိုသာ မြင်ယောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်သိုက်သည် ဆိုင်နောက်ဘေးခန်းလေးထဲတွင် လက်ဖက်ရည်သောက်ကြ၏။ သူငယ်ချင်းနှစ်ယောက်သည် စကားတွေဖောင်ဖွဲ့အောင် ပြောကြ၏။ အများဆုံးပြောသူမှာ အက်ဂါသာဖြစ်ပြီး ပရိုသီရိုးမှာမူ တစ်ခွန်းတစ်လေသာပြောသည်။

မာဘုကလည်း အင်္ဂလန်တွင် ရာသီဥတုအအေးကြောင်းလောက်သာပြောပြီး ဘာမျှ မပြောတော့။ အက်ဂါသာကမူ သူနှင့် အလိုက်အထိုက်သာ ပြော၏။ အက်ဂါသာသည် လက်ဖက်ရည်ဝိုင်းတွင် ခပ်စိမ်းစိမ်းနှင့်တွေ့လျှင် အလိုက်အထိုက်သာ ပြောတတ်သည်။ လူစိမ်းက ကိုယ့်ထက် အဆင့်အတန်းနိမ့်သူဆိုလျှင် လက်ဖက်ရည်တစ်ခွက်ကုန်အောင် စကားပြော လေ့မရှိ။ သို့ရာတွင် ဖဲင်နီနှင့်တွေ့ရသည့်အခါတွင်မူ တော်တော်ပျော်ပုံရသည်။

ပရိုသီရိုးသည် သူ့မိန်းမအကြောင်းကို သိပြီးဖြစ်၏။ တို့ဟာ တို့အကြောင်းကိုပဲ စိတ်ဝင်စားနေကြသလားဟု ပရိုသီရိုးတွေးသည်။ မိတ်ဆွေချင်းပြန်တွေ့တာမဟုတ်ပဲ ကိုယ့်ဘာသာကိုယ် ပြန်တွေ့တာများလားဟု ပရိုသီရိုးတွေးမိသည်။ အက်ဂါသာသည် ဖဲင်နီနှင့် ပြန်တွေ့သည့်အခါတွင် သူငယ်စဉ်ဘဝကို ပြန်တွေ့နေခြင်းမျှသာ မဟုတ်လော။ သူလည်း ထို့အတူမဟုတ်လော။ သူတို့သွားကြသည့် အတောအတွင်းတွင် ဖဲင်နီသည် ယခင်ကထက် စကားနည်းသွားသည်ကို တွေ့ရ၏။

ဤအချက်ကမူ ထင်ရှားသည်။ မှန်သည်။ မန္တလေးကျပြီးသည့်နောက်တွင် ဖဲင်နီ သည် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့သည်။

ထိုမှစ၍ ယခင်ကလို အာစလျှာစမရှင်တော့။ ယခုလောလောဆယ်တွင် အပြောင်းအလဲများကို ကြုံတွေ့ခဲ့ရခြင်း၊ ရွှေနန်းတော်ထဲတွင် ထည်ထည်ဝါဝါ ခမ်းခမ်းနားနား နေခဲ့ရာမှ ယခုကဲ့သို့ မထင်မရှားနေရခြင်းတို့ကြောင့် ဖဲင်နီသည် ယခုအခိုက်အတန့်တွင် နှုတ်ဆွံ့နေခြင်း ဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် စကားများ၍ အတင်းအဖျင်းပြောတတ်သည့် ဖဲင်နီသည် တစ်သက်လုံး ထိုသို့ စကားနည်းလိမ့်မည်ဟုကား မထင်မိ။ ယခုတွေ့သည့်အခါ တွင် စကားပြောသည့်တိုင် အသုံးမပြု၍ သံချေးတက်နေသော သော့ခလောက်တစ်ခုကဲ့သို့ ဖဲင်နီ၏စကားထဲတွင် သံချေးတက်သည့်သဘော ဆောင်နေသည်။ ဖဲင်နီသည် စကားလုံးတို့ ၏ သဘောကိုပင် နားမလည်ပါလောဟု တွေးမိ၏။

ဆီလာထံမှလာသော စာထဲတွင် ထိုအကြောင်းပါလာသဖြင့် သူတို့ကို ဖဲင်နီက ဖောက်သည်ချခြင်း ဖြစ်သည်။ ဖဲင်နီသည် ရွှေကိုင်းမျက်မှန်တပ်လျက်ကို စာကို အသံထွက် ဖတ်ပြသည်။ ဂျူလီမှာ ယခုအခါတွင် မျက်စိကွယ်နေပြီဟု သိရသည်။ ဂျူလီသည် ရက်ကန်း အလုပ်ကိုပင် ဆက်လက်လုပ်ကိုင်ကာ အိမ်မှာပင် ပိုးထည်ဆိုင်ကလေးတစ်ဆိုင် ဖွင့်ထား သည်။ ခါတိုင်းထက် ပို၍ ဘာသာတရားကိုင်းရှိုင်းလျက်ရှိသည်ဟုပါ၏။ အက်ဂါသာသည် ကုလားထိုင်တွင်မှီကာ လက်နှစ်ဖက်ကို ပေါင်ပေါ်တွင်တင်ထားရင်း စာဖတ်ပြသည်ကို နား ထောင်နေသည်။ အခန်းကလေးထဲတွင် မှောင်စပြုလာပြီ။ သို့ရာတွင် မည်သူမျှ ထ၍ မီး မထွန်းကြ။

---

လဝန်းရိပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်စအချိန် မှောင်ရီထဲတွင် ဗုဒ္ဓရုပ်ပွားတော်များသည် တင့်တယ်သော အသရေဖြင့် ပယ်လျက်ရှိ၏။ အက်ဂါသာနှင့် ပရိုသီရိုးတို့သည် မျက်လုံးကွယ်လျက်က သူ့ရက်ကန်းသည်ကလေးတွေရက်ပေးသည့် ပိုးထည်စများကို လက်ချောင်းများဖြင့် စမ်းသပ်နေသော ဂျူလီကို မျက်စိထဲတွင် မြင်ယောင်နေသည်။ သို့ဖြင့် ဂျူလီသည် အမှောင်တည်းဟူသော မျှော်စင်ကြီးပေါ်တွင် တစ်သက်လုံး ပိတ်လှောင်ခံနေရရှာတော့မည်။ ဆီလာကမူ သူပြောသည့်အတိုင်း တရုတ်ကြွေပန်းကန်များ၊ ပန်းချီကားများ၊ မိတ်ဆွေများထံမှပို့သော နာတာလူးကတ်ပြားများဖြင့် ဆင်ယင်ထားသည့် ဘန်ဂလိုလေးထဲတွင် အလုပ်များနေပေလိမ့်မည်။

ထိုသို့မြင်ယောင်နေစဉ် သူတို့စာထဲတွင် ပါသည့်အတိုင်း သူတို့သည် တတိယရုပ်ပုံလွှာတစ်ခုကို မြင်ယောင်လာကြ၏။ ထိုရုပ်ပုံလွှာမှာ စုဖုရားလတ်၏ ရုပ်ပုံလွှာဖြစ်သည်။

သီပေါမင်း နတ်ရွာစံပြီးနောက် စုဖုရားလတ်သည် ရန်ကုန်သို့ပြန်ရောက်လာခဲ့ကာ ကန်တော်ကြီးအနီးအိမ်တစ်ဆောင်တွင် နေထိုင်ရင်း မြန်မာပြည်တွင်ခေါင်းချရန် ပြင်ဆင်နေပေလိမ့်မည်။

"နန်းမတော်ဖုရားဆီကို အခစားဝင်ဖို့ ကိုယ့်ကိုတိုက်တွန်းကြတယ်လို့ ကြားရရင် မင်းတို့များ အံ့သြနေကြမလား မသိဘူး"

ဟု ဆီလာ၏စာထဲတွင် ပါသည်။

"သီပေါမင်းနတ်ရွာစံတော့ မိဖုရားခေါင်ကြီးအတွက် ရန်ကုန်မှာ အိမ်တစ်ဆောင်ပေးထားတယ်။ ဂျူလီကတော့ မျက်စိကွယ်နေတဲ့ကြားကတောင် မန္တလေးကဆင်းလာပြီး မိဖုရားခေါင်ကြီးဆီကို ရောက်ခဲ့တယ်။ ကိုယ်သွားတာကတော့ ရည်ရွယ်ချက်နှစ်ခုနဲ့ပါ။ တစ်ခုကတော့ ကိုယ်တို့အစိုးရအတွက် အကျိုးရှိလို့ရှိငြားဆိုပြီးသွားတာ။ နောက်တစ်ခုကတော့ ကိုယ်တို့တစ်တွေ ဘယ်လောက် ဒုက္ခသုက္ခရောက်ခဲ့ရတယ်ဆိုတာကို သူသိအောင် ပြန်ပြောဖို့ပါ။

မိဖုရားခေါင်ကြီးဖို့ သစ်သီးတွေနဲ့ပန်းတွေလည်း လက်ဆောင်အဖြစ် ယူသွားပါတယ်။ မိဖုရားကြီးနေတဲ့အိမ်က ဝင်းကြီးခြံကြီးနဲ့ အိမ်ကြီးအိမ်ကောင်းထဲကပါ။ ပရိဘောဂတွေဆိုရင်လည်း ရိုးကုမ္ပဏီက ပရိဘောဂပစ္စည်းတွေချည်းပဲ။ ဆိုဖာအနီကြီးတွေနဲ့ ရွှေပေါင်ကွပ်မှန်ကြီးတွေနဲ့ ပုလိပ်မင်းကြီးကပေးထားလို့ အိပ်ရတာကလည်း အကောင်းစားကြေးခုတင်ကြီးနဲ့။ အိမ်တစ်အိမ်လုံးနဲ့ ခြံဝင်းတစ်ခုလုံးကတော့ နန်းတော်ကြီးမှာတုန်းကလို ညစ်ညစ်ပတ်ပတ်ပဲ။ ဘာမှသန့်ရှင်းခိုင်းဟန်မရှိဘူး။

သူ့အလုပ်က ဘုန်းကြီးတွေကို ဆွမ်းလောင်းတယ်။ ပြီးတော့ ခွေးတွေကိုကျွေးတယ်။ နေ့တိုင်း သံဃာတော်တွေကို ဆွမ်းပင့်ဖိတ်ကျွေးပြီး ပရိက္ခရာရှစ်ပါးကပ်လှူတယ်။ အစိုးရကလည်း မိဖုရားခေါင်ကြီးရဲ့ကြွေးတွေကို ဆပ်ပေးပြီးပါပြီ။ ဒါပေမဲ့ သိပ်ပြီး အသုံးအစွဲကြီးတာပဲ။ ခုတော့ ဘာသာရေးကိစ္စမှာ ကုန်နေတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သွားတုန်းကတော့ အရေးတော်ပေါ်တုန်းက ကိုယ်တို့အပေါ်မှာ သူပြုမူဆက်ဆံခဲ့ပုံတွေကို ပြောပြပြီး ရန်တောင်ဖိုသွားခဲ့တာပဲ။ ဒါပေမဲ့ တွေ့တော့လည်း သနားတာနဲ့ မပြောရက်တော့ဘူးလေ။ မိဖုရားခေါင်ကြီးဟာ တော်တော်ကို စိတ်ကျသွားပြီ။ အေးအေးဆေးဆေး ချိချိသာသာပဲ။ တော်တော်အိုစာကျသွားပြီး သွားတွေလည်း တစ်ချောင်းမှမရှိတော့ဘူး။ မားထက်တုန်းကတော့ တခြားစီပဲ။

ကိုယ့်မျက်စိထဲမှာ သွယ်သွယ်နွဲ့နွဲ့ မျက်လုံးတွေကလည်း ပေါက်တော့မယ့် မြွေတစ်ကောင်ရဲ့မျက်လုံးတွေလို တဖျပ်ဖျပ်တောက်နေတဲ့ မျက်လုံးတွေနဲ့ သူ့ကိုဆန့်ကျင်မယ့်သူကို ဝါးစားတော့မလို ကြည့်တာတွေ၊ အမိန့်ဩဇာကိုပေးဖို့ လှမ်းကြည့်တာတွေကို မြင်ယောင်နေတယ်။ ဒါပေမဲ့ ဟိုရောက်လို့ မိဖုရားခေါင်ကြီးကို မြင်လိုက်တာနဲ့ ကိုယ့်ဒေါသတွေလည်း ပျောက်သွားပြီး သူ့ကိုသနားသွားတယ်။

ခုဆိုရင် မိဖုရားခေါင်ကြီးဟာ ထဘီဖြူ၊ အင်္ကျီဖြူနဲ့ ပဝါဖြူတို့ကိုပဲ ဝတ်တော့တယ်။ ဘုရားတရားကိုလည်း သိပ်ကိုင်းရှိုင်းတယ်။ ကိုယ်တို့ ဗရင်ဂျီဘာသာဝင်များလို ပုတီးကို တစ်နေ့လုံးစိပ်တယ်။ ကိုယ်ရောက်သွားတော့ ကိုယ့်ကိုစိုက်ကြည့်ပြီး "ငါက နင်တို့အားလုံးသေပြီး နင့်ညီမအငယ်ဆုံးသာ ကျန်တော့တယ်လို့ ထင်နေတာ" လို့ပြောတော့ ကိုယ်ကလည်း "မဟုတ်ပါဘုရား။ ကျွန်မတို့ညီအစ်မတွေအားလုံး သေပြီး ကျွန်မတစ်ယောက်ပဲကျန်တာပါ" လို့ ပြောလိုက်တယ်။ ဒီတော့မှ အံ့အားသင့်တဲ့ပုံပျောက်သွားပြီး တွေ့ရလို့ ဝမ်းသာတဲ့အကြောင်း ပြောလိုက်တယ်။

ဒီနောက်တော့ ရွှေနန်းတော်ကြီးထဲမှာ နေခဲ့ရတုန်းကအကြောင်းတွေကို ပြောမိကြတယ်။ အရင်တုန်းက သူ့မှာ မနာလိုဝန်တိုမှုတွေ ရှိခဲ့တဲ့အကြောင်း၊ သူကလည်း ဝိတိုရိယဘုရင်မကြီးလို ဝတ်စားဆင်ယင်မှု၊ အပြောအဆိုအနေအထိုင်တို့မှာ အောက်တန်းကျတာတွေ၊ ယုတ်ညံ့တာတွေကို တားဆီးပိတ်ပင်ခဲ့တဲ့အကြောင်းကို ပြောပြတယ်။ ကိုယ့်ခင်ပွန်းဘာလုပ်သလဲလို့မေးတော့ ကိုယ်က ကိုယ့်ခင်ပွန်းဟာ အစိုးရလခကောင်းကောင်းရပါတယ်လို့ဖြေလိုက်တယ်။ ဒီတော့ သူက ဘာပြောတယ်ထင်သလဲ။ နင်တို့က သူဌေးတွေပဲ။ ငါ့ကိုပိုက်ဆံချေးစမ်းတဲ့။ မိဖုရားခေါင်ကြီးဟာ သိပ်အသုံးအစွဲကြီးပြီး အမြဲတမ်းလိုလို ပိုက်ဆံလိုနေတာပဲ။ ဒါကတော့ ဟိုတုန်းကအတိုင်းပဲ။ ကိုယ်ကလည်း ကိုယ့်စကားနဲ့ကိုယ် ဖြစ်နေလေတော့ မနည်းရှောင်ယူရတယ်။

ကိုယ့်ယောက်ျားမှာ ဆင်းရဲတဲ့သူ့ဘက်က ဆွေမျိုးတွေကို ထောက်ပံ့နေရတဲ့အကြောင်း၊ ပြီးတော့ ကိုယ်တို့ပစ္စည်းတွေကိုလည်း အရေးတော်ပေါ်တုန်းက အသိမ်းခံခဲ့ရကြောင်း ပြောပြီး မနည်းရှောင်ယူရတယ်။

ဒီတော့ သူက အံ့အားသင့်ပြီး ဘယ်သူသိမ်းတာလဲလို့မေးတယ်။ ကိုယ်က နန်းမတော်ဖုရားရဲ့ဝန်ကြီးတစ်ပါးဖြစ်တဲ့ တိုင်တားမင်းကြီးက အရှင်နန်းမတော်အမိန့်နဲ့ သိမ်းတယ်လို့ပြောကြောင်း ပြန်ပြောလိုက်တယ်"

---

လဝန်းရိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပရိုသီရိုးက ထိုစကားကို သဘောကျ၍ရယ်သည်။ မာဘုကလည်း ဟက်ဟက် ပက်ပက်ရယ်၏။ အက်ဂါသာကမူ မရယ်မိ။ သူ့စိတ်သည် အတိတ်သို့ ပြန်ရောက်နေသည်။ ဖဲင်နီသည် ကုလားထိုင်ပေါ်တွင် ကိုယ်ကိုကျုံ့၍ ထိုင်လိုက်၏။ မီးထွန်းလိုက်သည့်အခါ၌ မီးရောင်ထဲတွင် ဖဲင်နီ၏မျက်နှာသည် ရုပ်တုများ၏မျက်နှာကဲ့သို့ ဟာလာဟင်းလင်းဖြစ်နေ သည်။

အက်ဂါသာက ချီချက်စတာသို့ အလည်လာရန် ပြောသည့်အခါတွင်လည်း ဖဲင်နီ အဖြေမပေး။

"ရာသီဥတုကောင်းရင်တော့ ပျော်စရာပဲ"

ဟု တစ်ခွန်းမျှသာ ပြောသည်။

ဖဲင်နီသည် ဖဲကြိုးပြားကြီးများကို ထုတ်ပြ၏။ ပရိုသီရိုးက အက်ဂါသာရွေးထားသမျှ ကို ငွေချေရသည်။ ဖဲင်နီသည် သူတို့ကို အပေါက်ဝအထိလိုက်ပို့၏။

နှုတ်ဆက်သည့်အခါတွင် ဖဲင်နီသည် စိတ်ထိခိုက်သွားဟန်တူ၏။

"သွားတော့ . . . အက်ဂါသာရေ၊ ကိုယ်လည်း သွားတော့မယ်။ ကိုယ်တော့ လာဖြစ် တော့မှာ မဟုတ်ပါဘူးကွယ်။ တွေ့ရလို့ ဝမ်းသာတယ်ကွယ်။ တကယ်ပဲ"

"ဘယ်ကိုသွားမလို့လဲ"

"စုဖုရားလတ်ဆီကိုလေ။ ကိုယ့်ကို အခေါ်လွှတ်လိုက်တယ်"

"ဟင် . . . ဟုတ်လား၊ ဒါဖြင့် ဆိုင်ကိုကော . . ."

"ရောင်းပစ်ခဲ့မယ်လို့ စိတ်ကူးတာပဲ။ ဒါမှမဟုတ်ရင်လည်း ကိုယ့်ယောက်ျားကို ထားပစ်ခဲ့ရမှာပေါ့"

ဟု အနီးတွင် သူ့ယောက်ျားမရှိသည့်နှယ် ပြောနေသည်။ မာဘုက . . .

"ဖဲင်နီဟာ မိဖုရားခေါင်ကြီးအပေါ်မှာ သိပ်ပြီးကြည်ညိုတယ်။ မိဖုရားခေါင်ကြီးမှာ ဘိလပ်လာဖို့စရိတ်မရှိတာ သိပ်နာတာပဲ။ ကျွန်တော်တို့မှာလည်း ခုတလော အကုန်အကျ သိပ်များနေတော့ ခရီးသွားရင်တောင် တတိယတန်းနဲ့သွားရမှာ။ ဘယ်တုန်းကမှ တတိယ တန်းနဲ့ သွားဖူးတာမဟုတ်ဘူး။ ဒီအထဲမှာ ရန်သူရေငုပ်သင်္ဘောရန်လည်း ကြောက်ရသေး တယ်။ ဒါပေမဲ့ ဖဲင်နီက သိပ်သွားချင်နေတော့ မတတ်နိုင်ဘူးလေ။ သွားရမှာပဲ"

"ခင်ဗျားတို့သွားဖြစ်လို့ ဆိုင်ကိုရောင်းရင် ကျွန်တော့်ကို အသိပေးပါခင်ဗျာ။ ကျွန် တော်တို့လည်း အိမ်သစ်ကိုပြောင်းတော့မလို့ အိမ်ပြောင်းရင် ပရိဘောဂတို့ဘာတို့လဲမှာ"

ဖဲင်နီတို့လင်မယားက ယဉ်ကျေးစွာ ဦးညွှတ်ကြသည်။ အက်ဂါသာနှင့် ဖဲင်နီသည် တစ်ယောက်ကိုတစ်ယောက် ဖက်ရမ်း နမ်းမိကြ၏။ စတွေ့စဉ်က လက်ဆွဲနှုတ်ဆက်ရုံမျှသာ နှုတ်ဆက်မိကြသည်။ ကားဖြင့်ထွက်လာသည့်အခါတွင် ပရိုသီရိုးသည် သူတို့ဆီမှာ ပြန်လာ ခဲ့ရသဖြင့် ရင်ထဲတွင် ပေါ့ပါးသွားသည်။ ပရိုသီရိုးသည် ကားပေါ်တွင် မှီ၍ ထိုင်လိုက်လာရင်း



www.burmeseclassic.com

www.burmeseclassic.com


အိမ်သို့ပြန်လာရသည့်အတွက် ဝမ်းသာနေသည်။ မှောင်ပိန်းနေသော ညကောင်းကင်ပြာကြီးဆီနှင့် ခြံစည်းရိုးတန်းများပေါ်တွင် အတိတ်၏ရုပ်ပုံကားချပ်များကို မြင်ယောင်နေသည်။

တောက်ပစွာ ဝတ်ထားရသည့်အရာများ၊ သဏ္ဍာန်များသည် နဖူးစည်းပန်းကြွပေါ်တွင် ထုထားသည့် အရုပ်များနှယ် သူ့မျက်စိထဲတွင် ပေါ်လာကြသည်။ အတိတ်ကိုတသရင်း ကျဉ်းမှောင်သည့် အခန်းကလေးထဲမှ ထွက်လာခဲ့ရပြီးနောက် သူ့မျက်နှာကို လတ်ဆတ်သည့် အင်္ဂလိပ်လေပက်ဖျန်းလိုက်သဖြင့် ဝမ်းသာသည်။ အင်း၀ရွှေနန်း၏ ကြေးကွဲဖွယ်ပုံပြင်သည် သူ့နှလုံးသားကို နောက်တစ်ကြိမ် ဖုံးလွှမ်းသွားခဲ့သည် မဟုတ်လော။

မှန်သည်။ အင်း၀ရွှေနန်း၏ ကြေကွဲဖွယ်ပုံပြင်သည် အပေါ်ယံမျက်နှာပြင်တွင်ရှိသည့် ကြေကွဲဖွယ်တစ်ခုမျှသာဖြစ်သည်။ တောက်ပသော ဆေးရောင်စုံများ၊ ကြမ်းတမ်းသော ရွှေခြည်ထိုးလက်ရာများဖြင့် ပြည့်နက်နေသော အပေါ်ယံမျက်နှာပြင်မှ ကြေကွဲဖွယ်တစ်ခုသာဖြစ်သည်။ သို့ရာတွင် အောက်ခြေအနက်အရှိုင်း စုဖုရားလတ်နှင့် ဖဲင်နီတို့၏ မနာလိုဝန်တိုမှု အနက်အရှိုင်းမှလွဲလျှင် ကျန်သောအောက်ခြေတို့ကား ပြောင်းလဲခြင်းမရှိကြ။

ဉာဏ်အမြော်အမြင်ကြီး၍ ဝမ်းနည်းတတ်သည့် အဘိုးအိုကြီးတစ်ယောက်ဖြစ်သော ကင်းဝန်မင်းကြီးသည်ပင်လျှင် ဖြစ်သမျှအကြောင်း အကောင်းဟူသော တရားသဘောကို နှလုံးသွင်းတတ်လွန်းသည့်အတွက် ကြေကွဲဖွယ်အသွင်ကို မဆောင်တော့။ ကလေးဆိုးများကို ပြုစုပျိုးထောင်ရ ကလေးဆောင်၏ ကြေကွဲဖွယ်ကြီး ပြီးဆုံးသည့်နောက်တွင် သွေးထွက်သံယိုမှုမရှိသော သိမ်းပိုက်မှုတစ်ခု ပေါ်ပေါက်လာခဲ့သည်။

ထိုသိမ်းပိုက်မှုသည် ရုပ်ဝတ္ထုဆိုင်ရာ အသိပညာက အသိခေါင်းပါးမှုကို ရင်ဆိုင်သည့်ပွဲဖြစ်ရာ ထိုပွဲ၌ အသိတရားခေါင်းပါးမှုသည် ဆုံးရှုံးရမည်သာဖြစ်သည်။ အသက်ရှိသော ကလေးကစားစရာ စစ်သားများနှင့် ကလေးများသည် သောင်းကျန်းသည်ထက် သောင်းကျန်းလာကြသောအခါတွင် လူကြီးတွေက ဝင်ရောက်အုပ်ထိန်းပေးရမည်သာ ဖြစ်သည်။ အမှန်အားဖြင့် အင်း၀ရွှေနန်း ကျဆုံးရသည့်ကိစ္စသည် ကြေကွဲဝမ်းနည်းဖွယ်တစ်ရပ်မဟုတ်။ ရောင်စုံဖဲချပ်များကို အသစ်ပြန်၍နေရာချသည့် ကိစ္စတစ်ခုမျှသာဖြစ်၏။

ထိုအရာများသည် အိပ်မက်များလားဟု ပရိုသီရီး တစ်ခါတစ်ရံတွင် တွေးမိသည်။ အဲလစ်ပုံပြင်ထဲကလို တောက်ပစွာဝတ်စားထားသည့် ကစားသူများသည် ဖဲချပ်များအဖြစ် အသွင်ပြောင်းသွားကာ သူ့ခေါင်းပေါ်သို့ ကြွကျနေသည်ဟုပင် ထင်မိသည်။ ထိုဖဲကစားသူများသည် အရုပ်များမဟုတ်ဘဲ တကယ့်သက်ရှိလူများဖြစ်သည်ဟု ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံသိမြင်ခဲ့ရသော သူ့အတွက်ပင်လျှင် မန္တလေးတွင်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များသည် ရောင်စုံအရိပ်ပြပွဲတစ်ခုကို ကြည့်နေသည့်နှယ်ဖြစ်နေသည်ဟု ထင်နေသည်။ ထိုအဖြစ်အပျက်တစ်ခုလုံးသည် ကလေးကစားစရာတစ်ခုသဖွယ် သနားစရာကောင်းနေသည်။

---

လဝန်းရိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းထဲသို့ တက်၍ နလုံးဆို့ရလောက်အောင် ကြောက်ဖွယ်ကိစ္စကြီးတစ်ရပ်ဖြစ်သည့်တိုင် အန္တရာယ်ကို မေ့ခဲ့ကြသည်။ အကြောင်းမူ မြန်မာလူမျိုးသည် ကြေကွဲဝမ်းနည်းတတ်သော လူမျိုးမဟုတ်သောကြောင့်ဖြစ်သည်။ မြန်မာလူမျိုးတို့သည် အပျော်အပါးကြိုက်သည်။ အေးအေးဆေးဆေးနေတတ်သည်။ အပူအပင်ကင်းသည်။ စိတ်ရှည်လွန်းသည်။ ဘဝင်မြင့်လွန်းသည်။ သူတို့သည် မဟာဗေဒင်များကဲ့သို့ ပြင်းထန်ခြင်းမရှိ။ ဟိန္ဒူများကဲ့သို့လည်း ကြိမ်မီးအုံးကဲ့သလို တဖြည်းဖြည်းတောက်လောင်ခြင်းမရှိ။ တရုတ်များကဲ့သို့လည်း နားလည်ရခက်ခြင်းမရှိ။ သူတို့စိတ်မရှည်ပုံသည် ထိုလူမျိုးများ စိတ်မရှည်ပုံနှင့်မတူ။ ပရိုတက်စတင့် ဘာသာဝင်များကဲ့သို့ နိုင်နိုင်မြဲမြဲ ခေါင်းမာခြင်းလည်းမဟုတ်။ဗုဒ္ဓဘာသာဝင်များကဲ့သို့ အယူဝါဒတွင်လည်း ထက်သန်ခြင်းမရှိ။

သူတို့တွင် သူတို့ကစားစရာ အရုပ်များကို ကိုင်ထားမြဲ။ သူတို့မိသားစုကို သူတို့ခင်တွယ်မြဲ။ သူတို့အရောင်အဝတ်အစားများကို ဝတ်ဆင်မြဲ။ သူတို့ကိုယ်သူတို့ အမျိုးမြတ်သည်ဟု အထင်ရှိမြဲ။ သူတို့ဝိညာဉ်မှ တောက်ပသော ပူဖောင်းကလေးများသည် ဆည်းဆာရွှေချည်ထိုးကျ၍ ရောင်စုံသမ်းနေသော ကောင်းကင်ပြာကြီးထဲတွင် လွင့်ပျံနေကြဆဲ။ မြန်မာလူမျိုးသည် ချီသာ၍ စိတ်ဓာတ်ပြင်းထန်သော ကလေးများနှင့်တူသည်။ ထို ကလေးများကြားတွင် အရှေ့တိုင်း၏ "လျှို့ဝှက်ဆန်းကြယ်မှု" ဟု ခေါ်တတ်ကြသောအရာသည် မရှိ။ မိန်းမတို့တွင် သူတို့ဇီဇအရ လျှို့ဝှက်ဆန်းကြယ်မှုသည် ထို့ထက်ဘာမျှမပို"

မိန်းမတဲ့။

စိတ်ထဲတွင် မကျေမနပ်ဖြစ်နေသည့် ပရိုသီရိုးသည် ထိုအကြောင်းသို့ပင် ပြန်၍ စိတ်ရောက်သွားသည်။ အင်းဝရွှေနန်းအကြောင်းကို တွေးလျှင် ထိုအကြောင်းကို စိတ်မရောက်၍မဖြစ်။

မိန်းမ။

မိန်းမဆိုသောသတ္တဝါသည် သူ့ကိုအောင်နိုင်ခဲ့သည့်နည်းတူ အင်းဝရွှေနန်းတွင်လည်း လွှမ်းမိုးအောင်နိုင်ခဲ့ဖူးသည်။

အက်ဂါသာသည် သူ့ဘဝကို လွှမ်းမိုးထားသည့် ရုပ်ဆောင်နေသော ဝိညာဉ်တစ်ခုဖြစ်၏။ ဦးနှောက်မရှိသော ကပြားမလေးတစ်ယောက်ဖြစ်သည့် ဖဲင်နီသည် ဘုရင့်နိုင်ငံတစ်ခု၏ရာဇဝင်ကို ပြောင်းပစ်ခဲ့၏။ ပရိုသီရိုးသည် ထိုအကြောင်းကို အက်ဂါသာအား တစ်ခါမှ မပြောဖူးခဲ့။ နောင်တွင်လည်း ပြောမည်မဟုတ်။ ဆန်ဒရေနိုက ထိုအကြောင်းကိုမပြောရန် ပြောခဲ့သည့်အတိုင်း ပရိုသီရိုးကလည်း ကတိပေးခဲ့ပြီးဖြစ်၏။ သို့ရာတွင် ချီသာမှုန်ရီသော ဆပ်ကပ်နယ်တော်လမ်းကလေးပေါ်တွင် ကားစီးလိုက်ပါရင်း ဖဲင်နီအကြောင်း သူတွေးမိသည်။ နောက်ထပ် ပြန်လည်ဆုံတွေ့စရာမရှိတော့သော ဖဲင်နီအကြောင်း သူတွေးမိသည်။

ဖဲင်နီသည် သစ္စာဖောက်ခဲ့သည့်တိုင် ယခုတိုင်ရနေသော သစ္စာစောင့်သိမှုအတွက် ဖဲင်နီကို သူချီးကျူးသည်။ သစ္စာစောင့်သိတတ်ခြင်းသည် ဖဲင်နီ၏စရိုက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


အနည်းဆုံး ဖဲင်နီသည် မြန်မာပြည်ရှိ ဗြိတိသျှများကို ဒူးထောက်ခြင်းမပြုခဲ့။ ဦးညွတ်ခြင်းမပြုခဲ့။ ဒပ်ဖရင်၏ခြည့်ခံပွဲတုန်းကမူ ယဉ်ကျေးသမှုအနေဖြင့် ဒူးထောက်ဦးညွတ်ခဲ့ရခြင်းရှိမည်။ သို့ရာတွင် ထိုအချက်ကို ထည့်တွက်၍မရ။ ဖဲင်နီသည် သူတစ်ခါကောင်းခဲ့ပြီး ယခု ညှိုးညှိုးငယ်ငယ် နေရမည့်နေရာမျိုးတွင်နေချင်ပုံမရဟု အက်ဂါသာကပြောခဲ့သည်။ သို့ရာတွင် ဖဲင်နီသည် ထိုအကြောင်းလောက်မျှဖြင့် မနေလိုခြင်း ဟုတ်ဟန်မတူ။ အခြားအကြောင်းများ ရှိပေလိမ့်ဦးမည်ဟု ပရိုသီရိုးယူဆသည်။

နန်းကျသော စုဖုရားလတ်၏တစ္ဆေနှင့် ဖဲင်နီ အတူမနေနိုင်။ အသက်ရှင်နေသော စုဖုရားလတ်နှင့်အတူ နေနိုင်ကောင်းနေနိုင်လိမ့်မည်။ မြန်မာဘုရင်၏ ကျဆုံးသွားသော သင်္ကေတဖြစ်သည့် စုဖုရားလတ်ကြောင့်ပင်လျှင် ဖဲင်နီသည် ရန်ကုန်သို့ပြန်ရတော့မည် မဟုတ်ပါလော။ စိတ်ပျက်အားငယ်နေသော (ဥရောပတိုက်သူများကဲ့သို့ပင်)ခါးကိုင်း၍ မျက်နှာမှုန်ကုပ်ကာ မြည်တွန်တောက်တီးနေသော စုဖုရားလတ်ကို သူမြင်ယောင်သည်။ ဘာသာတရားကိုင်းရှိုင်းကာ အသုံးအစွဲကြီးပြီး မိတ်ဆွေများနှင့် အစိုးရထံ ပိုက်ဆံတောင်းနေသော စုဖုရားလတ်ကို သူမြင်ယောင်သည်။

မန္တလေးမြို့က ပြင်သစ်အိမ်အဟောင်းကြီးထဲတွင် သူ့အထည်တွေအရည်အသွေးကောင်းရန် ကြိုးစားရင်း အလုပ်သမားတွေကို မယုံသင်္ကာဖြစ်နေသည့် အိုမင်း၍ မျက်စိကွယ်နေသော ဂျူလီကို သူမြင်ယောင်သည်။ သူတို့တိုင်းပြည်အတွက် ပစ္စည်းတွေ အဆင်တန်ဆာတွေဆင်ထားသော ဘန်ဂလိုထဲတွင် ကျေနပ်ရောင့်ရဲနေသော ဆီလာကို သူမြင်ယောင်လာသည်။ သူတို့အပေါ်တွင် စုဖုရားလတ်သည် သူတို့ကို အောက်မေ့သတိရမြဲဖြစ်သည်ဟု သိရသည့်အခါတွင် သူတို့ဂုဏ်ယူသည်။

ထို့ကြောင့်ပင်လျှင် ဂျူလီသည် မန္တလေးမှ ရန်ကုန်သို့ ဆင်းလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ဖဲင်နီသည် သူတို့လင်မယားထူထောင်ခဲ့သည့် လုပ်ငန်းကိုင်ငန်းအားလုံးကို စွန့်ပစ်ကာ မြန်မာပြည်သို့ ပြန်လာခဲ့ခြင်းဖြစ်သည်။ စုဖုရားလတ်သည် သူတို့ဘဝတွင် အလှ၏သင်္ကေတ ဖြစ်ခဲ့သည့်မဟုတ်လော။

အက်ဂါသာသည် သူတို့လို ရွှေနန်းတော်ကြီးအကြောင်းကို ထဲထဲဝင်ဝင်သိခဲ့လျှင် သူသည်လည်း သူတို့ကဲ့သို့ပင် ခံစားမိလိမ့်မည်ဟု ပရိုသီရိုးယူဆသည်။ သို့ရာတွင် သူတို့ လောက်မှ စိတ်ကူးယဉ်ကောင်းမှ ယဉ်ပေလိမ့်မည်။ သို့တိုင်အောင် ထိုည အိပ်ရာသို့ ဝင်ခဲ့ကြသည့်အခါတွင် အက်ဂါသာသည် စကားတစ်လုံးမျှ ပြောဆိုခြင်းမရှိဘဲ ငြိမ်သက်လျက်ရှိခြင်းကို သူသတိပြုမိသည်။ ပရိုသီရိုးကမူ မိမိအခန်းထဲမှထွက်လာကာ စုဖုရားလတ်နှင့် ဖဲင်နီ တို့အကြောင်းကို အမျှင်မပြတ်ပြောနေမိသည်။

ရက်အနည်းငယ် ကြာသည့်အခါတွင် အက်ဂါသာသည် သူတို့ မြို့ကလေးမှ စာပို့သမားနှင့်တွေ့၏။

---

သဝန်းဒိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စာပို့သမားသည် သူ့လက်ထဲသို့ ပို့စ်ကတ်လေးတစ်စောင်ကို လာရောက်ပေးသွားလေသည်။

"ကိုယ်တို့ ဗမာပြည်ကိုသွားတုန်းက မာဂါထရွိုက်ဆိုတဲ့အဘွားကြီးက ကမ်းပေါ်တက်ပြီး ပစ္စည်းဝယ်ခွင့်မပေးတာကို မင်းမှတ်မိသေးလား"

, ဟု ကျောင်းသူလက်ရေးမျိုးဖြင့် ပို့စ်ကတ်ပေါ်တွင် စာကလေးတစ်ကြောင်း ရေးပေးလိုက်သည်။ အက်ဂါသာ မှတ်မိသည်။ ထိုအဖြစ်အပျက်ကလေးကို ဘယ်တော့မျှ မေ့မည်မဟုတ်တော့။ နှင်းတို့မှုန်နေသည့် ထိုနေ့မနက်က ထုံးစံအတိုင်း ဈေးသို့ထွက်လာခဲ့စဉ် အက်ဂါသာသည် ရေးခေတ်ထုံးစံအတိုင်း တစ်စုံတစ်ရာကို အလိုမကျသည့်နှယ် သူ့မျက်နှာသည် သုန်မှုန်လျက်ရှိ၏။ သို့ရာတွင် အလိုမကျဖြစ်ခြင်းမဟုတ်။ စိတ်ထဲတွင် တစ်မျိုးဖြစ်နေခြင်းဖြစ်သည်။ သို့ဖြစ်ရခြင်းမှာ ဖဲင်နီကို အားကျခြင်းလည်းမဟုတ်။ (ထိုသို့အားကျနေ၍ကော ဘာအဓိပ္ပာယ်ရှိဦးမည်နည်း) သူ့စိတ်ထဲတွင် ဟာတာတာဖြစ်နေ၍သာ ဖြစ်မည်။

မြန်မာလူမျိုးတို့ကဲ့သို့ပင် ဘုံခုနစ်ဆင့်ရှိသည့် ရွှေနန်းပြာသာဒ်ကြီးသည် အက်ဂါသာအဖို့ စကြဝဠာကြီး၏ ဗဟိုချက်မပင် ဖြစ်နေပေလိမ့်မည်။ ထိုရွှေနန်းပြာသာဒ်ကြီးသည် မိမိအား အညာတရလူတစ်ယောက်အဖြစ်မှ အထက်လွှာ ပုဂ္ဂိုလ်တစ်ဦးဖြစ်အောင် မွေးထုတ်ပေးလိုက်သည့် ထူးဆန်း ြားသည့် အရာတစ်ခုအဖြစ် ကျန် ှိနေလိမ့်ဦးမည်။

အင်းဝရွှေနန်းကို သူလွမ်းနေခြင်းမှာ သာသနာပြုတစ်ဦးအနေဖြင့် လွမ်းခြင်းမဟုတ်။ စိတ်ကူးယဉ်သူတစ်ဦးအနေဖြင့် လွမ်းနေခြင်းသာ ဖြစ်သည်။ သို့ရာတွင် ထိုအချက်ကို သူသတိမပြုမိ။ ပရိုသီရှိလည်း မသိ။ အက်ဂါသာသည် ထိုအခိုက်တွင် ငယ်စဉ်က ပရိုသီရှိကို သွား၍သတိရနေသည်။

ထိုသို့ သတိရခြင်းမှာလည်း ယခုကြီးလာ၍ ကုပ်ကုပ်နေတတ်သည့် လင်ယောက်ျား၊ သက်ကြီးရွယ်အို လင်ယောက်ျားတစ်ဦးဖြစ်လာခြင်းကြောင့် မဟုတ်။ ထိုအခိုက်လေးတွင် သူတို့နှစ်ဦးစလုံးသည် ရွှေနန်းတော်ကြီးကို ပြန်ပြောင်းသတိရနေသောကြောင့်သာဖြစ်သည်။ သားနှစ်ဦးသည် ဂျွန်နှင့် အက်ဒီတို့သည်လည်း ငယ်ငယ်တုန်းကလို သူ့ရင်ခွင်ပေါ်တွင်ထိုင်၍ တွတ်တီးတွတ်တာပြောနေသည့် ကလေးငယ်များမဟုတ်တော့ပြီ။ ထိုဘဝသို့ ပြန်မရောက်နိုင်ကြတော့ပြီ။ ကလေးဘဝကိုချစ်ရသည်မှာ အခြားအကြောင်းမဟုတ်။ သူတို့၏ကလေးဘဝသည် ကိုယ့်ဘဝဖြစ်နေသောကြောင့် ဖြစ်သည်။ ယခုမူ ရှီချက်စတာသည် မန္တလေးကို လွမ်းသည့်အလွမ်းထဲတွင် မေးမှိန်သွားလေပြီ။

ဆပ်ဆက်နယ်ထဲက ထိုးထိုးထောင်ထောင် မြင်ကွင်းတွေကြားထဲတွင် မန္တလေး၏ အိပ်မက်သည် သေးငယ်နေသည်ဟု ထင်ရသည့်တိုင် ထိုအရိပ်သည် ထာဝရနေရောင်အဖြစ် တောက်ပနေပေတော့မည်။ ထူးခြားဆန်းကြယ်၍ ရွှေရောင်တောက်နေသော ထိုအရိပ်မြို့တော်ကြီးထဲတွင် ဖဲင်နီသည် ခွဲခွာ၍မရစကောင်းသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ခဲ့သည်။

---

သခင်းခိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


စုဖုရားလတ်သည် ထိုအချက်ကိုသိသောကြောင့် ဖဲင်နီကို လှမ်း၍ခေါ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ စုဖုရားလတ်သည် ဖဲင်နီကိုခေါ်ခဲ့သည်။ အိမ်သို့သုတ်သုတ်ပျာပျာလာစဉ် ဓားအိမ်မှ ဓားကြီးတစ်ချောင်း ထုတ်ထားသကဲ့သို့ မိုးသို့တက်နေသော ဘုရားရှိခိုးကျောင်းကြီးမှ စုလစ်မွမ်းချွန်တို့ကို အက်ဂါသာမြင်သည်။ ဖဲင်နီသည် ဆည်းဆာနေခြည်ထဲတွင် ရွှေရည်ဝင်းလဲ့ကာ ဝိညာဉ်၏နားကို ချိုမြစေသည့်ဆည်းလည်းသံကို တဝေဝေဖြစ်နေသည့် ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြင်ရပေတော့မည်။ သို့ရာတွင် အက်ဂါသာအဖို့သော်မူ ထိုရွှေတိဂုံစေတီတော်ကြီးကို ဘယ်သောအခါမှ ဖူးမြင်ရတော့မည်မဟုတ်တော့။

❖ ❖ ❖

မြသန်းတင့်

www.burmeseclassic.com

## ဗမှာမဟုတ်သော အမှာ
## ယွန်းခင်ခင်တို့ခေတ်က မန္တလေး

ဤဆောင်းပါးကို ရေးနေစဉ်အတောအတွင်း၌ ကျွန်တော်သည် အင်္ဂလိပ်စာရေးဆရာမကြီး တင်နီဆင်ဂျက်ဆီ၏ "သည်လက်ခါးလေဒီ" ခေါ် "ယွန်းခင်ခင်" ဝတ္ထုကို ဖတ်မိလျက်သား ဖြစ်နေသည်။ ဖတ်ရင်း "ယွန်းခင်ခင်" တို့ခေတ်က မန္တလေးကို ကျွန်တော်မြင်ယောင်နေမိသည်။ တင်နီဆင်ဂျက်ဆီသည် "ယွန်းခင်ခင်" မန္တလေးကို လွမ်းစရာကောင်းအောင် ဖွဲ့ထား၏။

ဝတ္ထုထဲက မင်းသမီးဖြစ်သူ ဖဲင်နီ ခေါ် "ယွန်းခင်ခင်" တစ်ယောက် မန္တလေးသို့ရောက်သည့်အခါတွင် သူငယ်ချင်းဖြစ်သူ အက်ဂါသာက မန္တလေးတောင်ပေါ်သို့ ခေါ်သွား၍ မန္တလေးမြို့ကြီးရှုခင်းကို ပြသည်။ မြို့ရိုးနှုတ်ခမ်းများတွင် အနားကွပ်ထားသော ငွေရောင်၊ မြို့ရိုးမှ နှင်းဆီနီရောင်၊ သစ်ပင်တို့မှ မြစိမ်းရောင်၊ နန်းပြာသာဒ်များမှ ရွှေရောင်၊ နန်းဆောင်များမှ ဟသ်ပဒါးရောင်၊ စေတီများမှ အဖြူရောင်တို့ဖြင့် ရတနာပုံနေပြည်တော်ကြီးကို ဆေးစုံခြယ်သည်။ ထို့နောက် ဘုံခုနစ်ဆင့်ပြာသာဒ်၊ အတုမရှိကျောင်းတော်ကြီး၊ စစ်ကိုင်းတောင်ရိုးနှင့် ဧရာဝတီမြစ်တို့ကို မြင်ရသည်။ အက်ဂါသာက . . .

"ကြည့်စမ်းပါဦး . . . ဖဲင်နီရယ်၊ ဘယ်လောက်လှသလဲ။ မိစ္ဆာနတ်ဆိုးက အဘဘုရားသခင်ကို တောင်ထိပ်ခေါ်သွားပြီး လောကတစ်ခွင်မှာရှိတဲ့ ဘုံဗိမ္မာန်တွေကို ပြတယ်ဆိုတာ ဒီလိုနေမှာပဲနော်"

ဟုပြောသည်။

---

သဝန်းခိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားများဖြင့် စာရေးဆရာမကြီး တင်နီဂျက်ဆင်သည် မန္တလေး၏အလှကို အနှစ်ချုပ်၍ ဖော်ပြလိုက်လေသည်။ သူ့စာကိုဖတ်ရသည့်အခါတွင် "ဝေဇယန္တာနန်းဘုံ၊ မြမန်းလေးဖေယျာုံ" ဆိုသော ပြင်စည်းမင်းသား၏ မန္တလေးဘွဲ့ယိုးဒယားကို လွှမ်းကဲသည်ဟု ဆိုစရာမရှိတော့ပါ။

ကျွန်တော်သည် တင်နီဆင်ဂျက်ဆီ၏ "ယွန်းခင်ခင်" ကို ကျောင်းသားဘဝတည်းက ဖတ်ခဲ့ဖူး၏။ သို့ရာတွင် ဝတ္ထုဇာတ်လမ်းကို သိရုံမျှသာ ဖတ်ခြင်းဖြစ်ပါ၏။ သမိုင်းအမြင်၊ သမိုင်းအတွေးဖြင့် ဖတ်ခဲ့ခြင်းမဟုတ်ပါ။

"သည်လက်ခါးလေဒီ" ခေါ် "ယွန်းခင်ခင်" ဝတ္ထုသည် ၁၉၂၉ ခုနှစ်က ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်၏။ တင်နီဆင်ဂျက်ဆီသည် ထိုစဉ်က ဘုရင်ခံဆာဟာကုတ်ဘတ်တလာ၏ ဧည့်သည်တော်အဖြစ် မြန်မာပြည်သို့ ရောက်လာခဲ့ကာ ဝတ္ထုရေးရန် အချက်အလက်များကို ရှာဖွေခဲ့သည်။ တရားလွှတ်တော်တွင် ဝတ်လုံလိုက်ခဲ့ပြီး မန္တလေးရွှေနေအသင်းကို စတင်တည်ထောင်ခဲ့သည့် ရောဝေးဆွင်းဟိုးဆိုသူနှင့်တွေ့ကာ သူ့ထံမှ ဝတ္ထုဇာတ်လမ်းကို ရခဲ့သည်။

ပထမတွင် ဆွင်းဟိုး ထိုဇာတ်လမ်းကို သူကိုယ်တိုင် ဝတ္ထုအဖြစ်ရေးရန် စိတ်ကူးထားသော်လည်း ရေးချိန်မရသဖြင့် ထိုဇာ ်လမ်းကို တင်နီဆင်ဂျက်ဆီအား ပေးလိုက်ခြင်းဖြစ်သည်ဟုဆိုသည်။ တင်နီဆင်ဂျက်ဆီသည် ဆွင်းဟိုးထံမှ ဇာတ်လမ်းကိုရပြီးနောက် ကုလားဝန်သမီး မစွက်ဟိုဆန်နာမန္တတ်၊ ပြင်သစ်ရက်ကန်းဆရာကြီးသမီး ဒင်နီဂရီးနှင့် စုဖုရားလတ်၏အပျိုတော်တစ်ဦးဖြစ်ခဲ့သည့် ကာလိုဂရီဒီတို့နှင့် တွေ့ဆုံမေးမြန်းသွားခဲ့သည်။

မြန်မာ့နန်းတွင်းတွင် အမှုထမ်းခဲ့ကြသော သူတို့သုံးဦးထံမှ နန်းတွင်းရေးများကို သိရှိသွားခဲ့သည်။ တင်နီဆင်ဂျက်ဆီ၏ ဝတ္ထုထဲတွင် ကုလားဝန်သမီး မစွစ်မန္တတ်သည် ထိုခေတ်က ကုလားဝန်သမီး ဆီလာအာရတွန်ဖြစ်လာသည်။ ဒင်နီဂရီးသည် ရက်ကန်းဆရာကြီးသမီး ဂျူလီဖြစ်လာသည်။ စုဖုရားလတ်၏ အပျိုတော်ဖြစ်သည့် ကာလိုဂရီးသည် ဝတ္ထုထဲမှ ဇာတ်လိုက် ဖဲင်နီဖြစ်လာခဲ့သည်။

ဝတ္ထုထဲမှ ဇာတ်လိုက်ဖဲင်နီသည် အဖအီတလီလူမျိုး၊ အမေမြန်မာအမျိုးသမီးတို့မှ ပေါက်ဖွားလာသော အီတလီ-မြန်မာ ကပြားမလေးဖြစ်သည်။ ဖဲင်နီသည် ဘိလပ်သို့သွား၍ ပညာသင်ပြီးနောက် မြန်မာပြည်သို့ ပြန်ရောက်လာကာ မင်းတုန်းမင်းလက်ထက်တွင် ဆင်ဖြူမရှင်၏ နန်းတွင်းအပျိုတော်အဖြစ် ခစားရသည်။ ထိုသို့ခစားနေစဉ် ဆင်ဖြူမရှင်၏ သမီးတော် စုဖုရားလတ်နှင့် ခင်မင်ရင်းနှီးလာခဲ့ကာ နောင် စုဖုရားလတ်မိဖုရားဖြစ်လာသည့်အခါ၌ လက်စွဲတော် လူယုံတော်တစ်ဦးဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖင်နီသည် စုဖုရားလတ်အနီးတွင် အပျိုတော်အဖြစ် ခစားနေစဉ် ပြင်သစ်ကုန်သည် (အထောက်တော်) တစ်ဦးဖြစ်သူ ဗွန်ဗွိုင်ဆန်ဆိုသူ (ပြင်သစ်ကုန်သည်၏ မှုရင်းအမည်မှာ ဗွန်ဗီလျှံဖြစ်သည်။) နှင့် ချစ်ကြိုက်နေကြသည်။ ဗွန်ဗွိုင်ဆန်သည် မြန်မာနှင့်ပြင်သစ်ကို မီးရထားလမ်းဖောက်လုပ်ရန်၊ ကျောက်တွင်းတူးရန်နှင့် ဘဏ်တိုက်များဖွင့်ရန် စီစဉ်နေသည်။

သူ့နောက်တွင် ပြင်သစ်အစိုးရရှိနေပြီး ပြင်သစ်အစိုးရသည် အင်ဒိုချိုင်းနားမှ တစ်ဆင့် အထက်မြန်မာပြည်ကို ထိုးဖောက်ရန် စီစဉ်နေသည်။ မန္တလေးတွင်ရှိသည့် ပြင်သစ်ကောင်စစ်ဝန်သည်လည်း အထက်မြန်မာပြည်ကို ပြင်သစ်အင်ပါယာကြီးထဲသို့ သွတ်သွင်းရန် စီမံကိန်းချလျက်ရှိသည်။ ထိုအတောအတွင်း ဗွန်ဗွိုင်ဆန်သည် ပါရီသို့ပြန်သွားကာ ပြင်သစ်သူတစ်ယောက်နှင့် လက်ထပ်လာခဲ့သည်။

ဤတွင် ဗွန်ဗွိုင်ဆန်၏ တိတ်တိတ်ပုန်းမယားဖြစ်ခဲ့ရသော ဖင်နီသည် ဗွန်ဗွိုင်ဆန်ကို စိတ်နာသွားကာ သူ့ကိုလက်စားချေရန် အမျိုးမျိုး ကြံစည်ခဲ့သည်။

နောက်ဆုံး၌ ဖင်နီသည် ကင်းဝန်မင်းကြီး၏ ဘာသာပြန်စာရေးကလေးတစ်ဦးကို ကပ်ကာ ပြင်သစ်နှင့်မြန်မာတို့ လျှို့ဝှက်ချုပ်ဆိုသော စာချုပ်မိတ္တူနှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် မြန်မာအစိုးရတို့ အပြန်အလှန် ပေးပို့ဆက်သွယ်ကြသော လျှို့ဝှက်စာမိတ္တူများကို ရအောင်ယူခဲ့ပြီးနောက် ထိုမိတ္တူများကို ဗြိတိသျှသူလျှို အထောက်တော်တစ်ဦးဖြစ်သော အီတလီကောင်စစ်ဝန် ဆန်ဒရေနီဆိုသူလက်သို့ အပ်လိုက်သည်။ ဆန်ဒရေနီသည် ထိုစာမိတ္တူများကို အောက်မြန်မာပြည်ရှိ အင်္ဂလိပ်တို့ထံပို့လိုက်ရာတွင် အင်္ဂလိပ်တို့က ပြင်သစ်တို့ ထိုးဖောက်ဝင်ရောက်ခြင်းမပြုမီ အထက်မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာဘုရင်နှင့်တကွ မြန်မာပြည်သည် အင်္ဂလိပ်တို့၏လက်သို့ ကျရောက်ခဲ့ရသည်။

မန္တလေးကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် ဖင်နီသည် အိမ်ထောင်သစ်ထူကာ ဘိလပ်သို့ပြန်သွားပြီးနောက် ရှေးဟောင်းပစ္စည်းရောင်းသည့် ဆိုင်ကလေးတစ်ဆိုင်ကိုဖွင့်နေသည်။ အရှင်နှစ်ပါးတို့မှာလည်း ရတနာဂီရိသို့ ပို့ခြင်းခံခဲ့ကြရသည်။ များမကြာမီ ဖင်နီထံသို့ စာတစ်စောင်ရောက်လာ၍ ဖတ်ကြည့်လိုက်သည့်အခါ ရန်ကုန်သို့ ပြန်ရောက်နေသော စုဖုရားလတ်ထံမှစာဖြစ်နေသည်ကို တွေ့ရသည်။

မြန်မာကပြား အမျိုးသမီးတစ်ဦးဖြစ်သည့် ဖင်နီသည် ဘိလပ်တွင်နေရသည့်တိုင် ပျော်ပိုက်ခြင်းမရှိ။ မန္တလေးကိုသာ လွမ်းနေသည်။ နောက်ဆုံးတွင် ဖင်နီသည် စုဖုရားလတ်ရှိရာ ရန်ကုန်သို့ ပြန်လာခြင်းဖြင့် ဝတ္ထုကို အဆုံးသတ်ထားသည်။

စာရေးဆရာမ တင်နီဆင်ဂျက်ဆီသည် ဝတ္ထုဇာတ်လမ်းကို ဆွင်းဟိုးဆီမှရသော်လည်း ရွှေနန်းတွင်း အဖြစ်အပျက်များနှင့် ထိုစဉ်က နန်းတွင်းရေးတို့ကိုမူ စုဖုရားလတ်ထံတွင် အပျိုတော်အဖြစ် အမှုထမ်းခဲ့ကြသော မစွစ်မနွတ်၊ ဒင်နီဂရီးနှင့် ကာလိုဂရီဒီတို့မှ မေးမြန်းခဲ့ရခြင်းဖြစ်သည်။

---

လဝန်းဒိုပ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တင်နီဆင်ဂျက်ဆီ၏ " ယွန်းခင်ခင် " ကို ယခုတစ်ခေါက် ပြန်ဖတ်ရသည့်အခါတွင် ကား ကျွန်တော်သည် ဝတ္ထုကိုလည်း သတိထားမိသည်။ သမိုင်းအတွေး၊ သမိုင်းအမြင်ကို လည်း သတိပြုဖတ်မိသည်။ သူ့ဝတ္ထုထဲတွင် ကဗျာကိုလည်း တွေ့ရသည်။ သမိုင်းကိုလည်း တွေ့ရသည်။ ဇာတ်လမ်းကိုလည်း တွေ့နိုင်သည်။ လူ့သဘာဝအဖွဲ့များကိုလည်း တွေ့နိုင် သည်။

မန္တလေး၏အလှ၊ မန္တလေး၏ပတ်ဝန်းကျင်၊ မန္တလေးနန်းတော်ကြီး၏ အလှတို့ကို ဖွဲ့ရာတွင် သူ့ဝတ္ထုသည် ကဗျာတစ်ပုဒ်လို လှနေသည်။ ထို့ကြောင့် သူ့ဝတ္ထုထဲတွင် ကဗျာကို တွေ့နိုင်သည်ဟု ပြောရခြင်းဖြစ်၏။ ဖဲင်နီနှင့် ဗွန်ဗိုင်ဆန်တို့ အချစ်ဇာတ်လမ်း၊ ဖဲင်နီနှင့် အီတလီကောင်စစ်ဝန် ဆန်ဒရေနိတို့၏ ဆက်ဆံရေး စသည်တို့သည် "ယွန်းခင်ခင်" ဝတ္ထု၏ မဏ္ဍိုင်ဖြစ်သည်။ ထိုဇာတ်လမ်းကို သူရက်ဖောက်သွားပုံမှာ လှပသိမ်မွေ့သည်။

တင်နီဆင်ဂျက်ဆီ၏ လူ့သဘာဝအဖွဲ့များထဲတွင် ဖဲင်နီ၏စရိုက်အဖွဲ့၊ စုဖုရားလတ်၏ စရိုက်အဖွဲ့တို့သည် ကြွနေကြသည်။ သူတို့နှစ်ဦးသည် မျှော်မှန်းချက်ကြီးရာတွင်လည်း ကောင်း၊ ပြတ်သားရာတွင်လည်းကောင်း၊ လျှို့ဝှက်ကြံစည်မှုတို့၌ ဝါသနာထုံရာတွင်လည်း ကောင်း တူနေကြသည်။ ထိုမျှမက ကင်းဝန်မင်းကြီးနှင့် တိုင်တားမင်းကြီးတို့နှစ်ဦး၏ စရိုက် အားပြိုင်မှုတို့ ကိုဖွဲ့ရာတွင်လည်း တင်နီဆင်ဂျက်ဆီသည် ရုပ်လုံးပေါ်လာအောင် ဖွဲ့နိုင်သည်။

တင်နီဆင်ဂျက်ဆီသည် ကင်းဝန်မင်းကြီးကို အမြော်အမြင်ကြီးသူ၊ စဉ်းစားနိုင်း ချိန်တတ်သူ၊ ကြင်နာသနားတတ်သူအဖြစ်ဖွဲ့ပြီး တိုင်တားမင်းကြီးကို အမြင်ကျဉ်းသူ၊ ရက် စက်သူ၊ အမျက်ကြီးသူအဖြစ် ဖွဲ့ထားသည်။ သူ့ဝတ္ထုထဲတွင် ဆွေတော်မျိုးတော်တို့၏ အရေး တော်ကိုလည်း အကျယ်တဝင့် ရေးသားထားသည်ကို တွေ့နိုင်သည်။ ပြင်သစ်၊ အီတလီနှင့် အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံတွင် ခြေပုန်းခုတ်နေကြပုံကိုလည်း တွေ့နိုင်သည်။

သူ့စာအုပ်ထဲတွင် တွေ့ရသော သမိုင်းအချက်အလက်များမှာ မြန်မာသမိုင်းကျမ်း များနှင့် အင်္ဂလိပ်လူမျိုးတို့ရေးသော သမိုင်းကျမ်းများတွင်လည်းကောင်း၊ အင်္ဂလိပ်စစ်ဗိုလ် များနှင့် အရာရှိများရေးသည့် မှတ်တမ်းများတွင်လည်းကောင်း၊ သမိုင်းဝတ္ထုများတွင်လည်း ကောင်း ပါပြီးသားအချက်အလက်များ ဖြစ်ကြသည်။ သို့ရာတွင် ရွှေနန်းတော်ထဲတွင် ကိုယ် တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ရသော အပျိုတော်များက ပြန်ပြောပြသဖြင့် ပို၍အချက်အလက်စုံ လင်သည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် သူ့ဝတ္ထုထဲတွင် သမိုင်းအချက်အလက်များကို တွေ့ရ သည်ဟု ပြောခြင်းဖြစ်သည်။

သို့ရာတွင် သူ့သမိုင်းအမြင်မှာကား စဉ်းစားစရာကောင်းလှသည်။ သူ့ကို ဇာတ် လမ်းပေးလိုက်သူ ဝတ်လုံတော်ရ ဆွင်းဟိုးက" အင်္ဂလိပ်တို့ အထက်မြန်မာပြည်ကို သိမ်း လိုက်ရခြင်းသည် ဘုံဘေဘားမား သစ်ကုမ္ပဏီကိစ္စကြောင့်မဟုတ်၊ ဖဲင်နီ၏ အချစ်ဇာတ် လမ်းကြောင့်သာဖြစ်ကြောင်း" ဖြင့် တင်နီဆင်ဂျက်ကို ပြောလိုက်သည်။ စာရေးဆရာမ တင်နီဆင်ဂျက်ဆီကလည်း ထိုအတိုင်းပင် လက်ခံပုံရသည်။

လဝန်းနိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းအရ ဖဲင်နီသည် ပြင်သစ်လူမျိုးအထောက်တော် ဗွန်ဗိုင်ဆင်ကို လက်စားချေလိုသောကြောင့် ပြင်သစ်နှင့် မြန်မာတို့၏ လျှို့ဝှက်စာများ၊ လျှို့ဝှက်စာချုပ်များကို ခိုးယူ၍ ဗြိတိသျှသူလျှိုတို့ကို ပေးလိုက်ကြောင်း၊ ဤတွင် ဗြိတိသျှတို့က ပြင်သစ်တို့ ဩဇာလွှမ်းမိုးမည်စိုးသဖြင့် ခြေမြန်လက်မြန် ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခြင်းဖြစ်ကြောင်း ပြောလိုပုံရသည်။

ထိုအဖြစ်အပျက်သည် ဇာတ်လမ်းအဖြစ် ရေးထားခြင်းလော၊ တကယ်လောဆိုသည်ကိုမူ ကျွန်တော်တို့မသိနိုင်။ တကယ်ဆိုလျှင်မူ " အထက်မြန်မာပြည်ကို ဗြိတိသျှတို့ သိမ်းပိုက်ရခြင်းမှာ ဘုံဘေဘားမား သစ်ကုမ္ပဏီကိစ္စကြောင့်မဟုတ်၊ ဖဲင်နီ၏ အချစ်ကိစ္စကြောင့်ဖြစ်သည် " ဆိုသည့်စကားသည် သာမန်လွယ်လွယ် ပြောလိုက်ခြင်းလော၊ လေးနက်စွာပြောလိုက်သည့် သမိုင်းအမြင်တစ်ခုလောဟု ထပ်မံစဉ်းစားစရာ ဖြစ်လာသည်။

လွယ်လွယ်ပေါ့ပေါ့ပြောလိုက်သော စကားဖြစ်သည်ဆိုလျှင်ကား ဘာမျှမဟုတ်။ သို့ရာတွင် သမိုင်းအမြင်တစ်ခုအနေဖြင့် ပြောလိုက်ခြင်းဖြစ်သည်မူ ထိုစကားသည် ဘာမျှ အဓိပ္ပာယ်မရှိ။ မော်စကိုမြို့တံခါးဝမှ ဘိုရိုဒီနိုတိုက်ပွဲ ရှုံးရခြင်းသည် ထိုတိုက်ပွဲမတိုင်မီညက နပိုလီယန်အအေးမိသောကြောင့် ရှုံးရခြင်းဖြစ်သည်ဆိုသည့် စကားကဲ့သို့လည်းကောင်း၊ စိန့်ဘာသိုလိုမျူးအရပ်တွင် လူအများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းမှာ ပြင်သစ်ပြည် နဝမမြောက်ချားလ်ဘုရင် လေနာထသောကြောင့်ဖြစ်သည်ဟု ပြောခြင်းသကဲ့သို့ လည်းကောင်း အဓိပ္ပာယ်ကင်းမဲ့နေလိမ့်မည်။ သမိုင်းအဖြစ်အပျက်များတွင် လူတစ်ဦးတစ်ယောက်၏အခန်းကဏ္ဍသည် ဘာမျှပြောပလောက်သည်မဟုတ်။

တင်နီဆင်ဂျက်ဆီ၏ ဝတ္ထုထဲမှ ဇာတ်လိုက်ဖြစ်သည့် ဖဲင်နီ (အပြင်တွင် စုဖုရားလတ်၏ အပျိုတော်ဖြစ်ခဲ့သည့် ကာလိုဂရီဒီ )၏ အချစ်ကိစ္စ မပေါ်ခဲ့လျှင်လည်း အင်္ဂလိပ်တို့သည် အထက်မြန်မာပြည်ကို သိမ်းပိုက်မည်သာဖြစ်လေသည်။ ၁၈၇၈ ခုနှစ်တွင် မင်းတုန်းမင်း နတ်ရွာစံပြီးနောက် ဆွေတော်မျိုးတော်များ အရေးအခင်းဖြစ်ပြီး မကြာမီ ၁၈၇၉ ခုနှစ်၊ အောက်တိုဘာလတွင် အင်္ဂလိပ်သံကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမှ ရုပ်သိမ်းသွားခဲ့သည်။

ဘုံဘေဘားမားသစ်ကုမ္ပဏီကို မြန်မာအစိုးရက ဒဏ်ရိုက်လိုက်သည့်အခါ၌ ၁၈၈၅ ခု၊ အောက်တိုဘာလထဲတွင် အင်္ဂလိပ်က ရာဇသံပေးပို့ခဲ့သည်။ ထိုရာဇသံပါ အချက်အလက်များအားလုံး လိုက်နာရမည်ဖြစ်ကြောင်းဖြင့် ထိုရာဇသံတွင်ပါရှိသည်။ မြန်မာတို့က ရာဇသံကို ပယ်ချလိုက်ပြီးနောက် နိုဝင်ဘာ ၁၄ ရက်နေ့တွင် အင်္ဂလိပ်တပ်များသည် နယ်စပ်ကိုဖြတ်ကျော်လာခဲ့ကြကာ နှစ်ပတ်အတွင်းတွင် မန္တလေးကို သိမ်းပိုက်ကြသည်။

ထိုအဖြစ်အပျက်သည် သမိုင်းလမ်းကြောင်း ဖြစ်လေသည်။ တင်နီဆင်ဂျက်ဆီနှင့် ဆွင်းဟိုးတို့ပြောသလို ဖဲင်နီ( ကာလိုဂရီဒီ )က ပြင်သစ် -မြန်မာ လျှို့ဝှက်စာချုပ်ကို ခိုးပေး



www.burmeseclassic.com

www.burmeseclassic.com


သည့်အတွက် မန္တလေးကို သိမ်းပိုက်လိုက်ရသည်ဆိုသည်မှာ သမိုင်းအမြင်ဖြင့်ကြည့်လျှင် သေးဖွဲလွန်းနေသည်။ ဖင်နီသည် ထိုလည်ပတ်နေသော သမိုင်းယန္တရားကြီးထဲမှ ဝက်အူကလေးတစ်ခုသာလျှင်ဖြစ်သည်။ ထိုနေရာတွင် ဖင်နီမရှိလျှင်လည်း တစ်ဦးဦးပေါ်လာဦးမည်သာဖြစ်သည်။ ထိုအကြောင်းပြချက် မရှိလျှင်လည်း အင်္ဂလိပ်သည် အထက်မြန်မာပြည်ကို အကြောင်းတစ်ခုခုရှာ၍ သိမ်းပိုက်ဦးမည်သာဖြစ်သည်။ သမိုင်းအဖြစ်အပျက်ကြီးတစ်ခုပေါ်ပေါက်လာရခြင်းမှာ တစ်ခုတည်းသောအကြောင်းကြောင့် မဟုတ်နိုင်။ မဖြစ်နိုင်။ ရာပေါင်းများစွာသောအကြောင်းများ ဆုံစည်းတိုက်ဆိုင်ရာမှ ပေါ်ပေါက်လာရခြင်းသာ ဖြစ်ပါသည်။

တင်နီဆင်ဂျက်ဆီ၏ "ယွန်းခင်ခင်" ကို နောက်တစ်ခေါက် ပြန်ဖတ်သည့်အခါ တွင် ကျွန်တော်သည် သမိုင်းအမြင်၊ သမိုင်းအတွေးဖြင့် ဖတ်တတ်လာခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ တင်နီဆင်ဂျက်ဆီ၏ "ယွန်းခင်ခင်" သည် ဝတ္ထုတစ်ပုဒ်အနေဖြင့် ဆွဲဆောင်မှုရှိသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။

ကျွန်တော်သည် သူ့ဝတ္ထုကိုဖတ်ရင်း ယွန်းခင်ခင်တို့ခေတ်က မန္တလေးကို မြင်ယောင်နေမိသည်။ မြို့ရိုးအနောက်တံခါးတည့်တည့်မှ ထွက်သွားလျှင် နိုင်ငံခြားသားများနေသော ကုလားမြို့သို့ ရော က်သည်ဆိုရာ ထိုနေရာသည် မည်သည့်နေရာဖြစ်လိမ့်မည်ကို ကျွန်တော် မှန်းကြည့်သည။ ကုလားမြို့တွင်နေသည့် နိုင်ငံခြားသားများမှာ ကုန်သည်များဖြစ်ကြသည်။ သူတို့ထဲတွင် ကသည်း၊ တရုတ်၊ အိန္ဒိယ၊ အာမေနီယန်၊ တူရကီ၊ ပေါ်တူဂီ၊ ပြင်သစ်၊ အင်္ဂလိပ်၊ အမေရိကန်၊ အီတလီ၊ ဂရိ စသည့်လူမျိုးတွေ စုံနေသည်။ အနောက်တိုင်းသားအများစုမှာ ရန်ကုန်မှ ရာဇဝတ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်လာကြသူများ ဖြစ်သည်ဟု တင်နီဆင်ဂျက်ဆီက ဆိုသည်။

ကျွန်တော့်မျက်စိထဲတွင် ချုံသံတချွင်ချွင်၊ ကြိမ်သံတရှမ်းရှမ်းဖြင့် မောင်းရီဖျိုးဖျတွင် ကုလားမြို့အတွင်းသို့ဝင်လာသော တရုတ်လားဝန်တင်တန်းတစ်တန်းကို မြင်နေသည်။ သူတို့နှင့်အတူ တရုတ်ပြည်ဖြစ် ကုန်ပစ္စည်းများအပြင် ဘိန်းစသည့် မူးယစ်ဆေး ဝါးတွေ ပါလာပေလိမ့်မည်။ တစ်နေရာတွင် အာမေနီယန်တို့သည် မောင်နိုကာ မိုးကုတ်ကျောက်အရောင်းအဝယ် လုပ်နေကြပေလိမ့်မည်။

အင်္ဂလိပ်သံတဲဝင်းတွင် အင်္ဂလိပ်အရာရှိများနှင့် ကုန်သည်များသည် ဝီစကီနှင့် ဆိုဒါကိုသောက်ရင်း ရွှေနန်းတော်ထဲရှိ အထောက်တော်များထံမှကြားရသော သတင်းတို့ကို ဖလှယ်နေကြလိမ့်မည်။ သူတို့ဇနီးများသည် လက်ဖက်စားပွဲတွင် ထိုင်၍ တက်တင်းထိုးရင်း စုဖုရားလတ်နှင့် နန်းတော်သူတို့၏ အတင်းအဖျင်းကိုပြောကာ ရယ်ပွဲဖွဲ့နေကြပေလိမ့်မည်။ ကုလားမြို့ရှိ ချောင်ကျသော အိမ်တစ်ဆောင်ထဲတွင် အဖိုးတန်ရှေးဟောင်း ရွှေဆင်းတုတစ်ဆူကို ခိုးထုတ်လာပေလိမ့်မည်။

---

သဝန်းရှိင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ကုလားမြို့သည် နိုင်ငံရေးခြေပုန်းခုတ်မှု၊ လျှို့ဝှက်ကြံစည်မှု၊ အကောက်ကြံမှု၊ စီးပွားရေးသောင်းကျန်းမှု၊ ကိလေသာညစ်ညမ်းမှု၊ နိုင်ငံခြားသူလျှိုတို့၏ ခြေရှုပ်မှုတို့ဖြင့် ပြည့်နေသည့် ဒုစရိုက်မြို့တစ်မြို့ ဖြစ်နေပေလိမ့်မည်။

ကျွန်တော်သည် တင်နီဆင်ဂျက်ဆီ၏ "သည်လက်ခါးလေဒီ" ကိုဖတ်ရင်း ယွန်းခင်ခင်တို့ခေတ်က မန္တလေး၏ရုပ်ပုံလွှာကို ထိုသို့ မြင်ယောင်နေမိသည်။

[ တောင်သမန်ရွှေအင်းက လေညင်းဆော်တော့ စာအုပ်စာမျက်နှာ ၁၅ မှ ၂၀ အထိ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။]

❋ ❋ ❋

မြသန်းတင့်

www.burmeseclassic.com